
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ။ ။

BURMESE CLASSIC

# သရဏဂုံ


မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၆)
၂၀၁၅ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ




### ဘာသာရေးဆောင်းပါးများ


၅ သတိဉာဏ်ရှင် သမ္မဇဉ်စကား
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**
၆ အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော လောကပါလ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**


၁၃ တရားဦးမှစကားဦး
**ချောင်းဆုံအုန်းသွင်**
၁၇ ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်
တော်မှ ထင်ရှားကျော်ကြား စေတီ
ဘုရားများ အမှတ်(၁၆)
**ကံဝင်း**
၂၄ မေတ္တာရန့်သင်းတဲ့ဩဝါဒပန်းခင်း
**အရှင်ဥဇ္ဇယ**
၂၉ ဆံတော်ရှင်ဇိနမာရ်အောင်(ဦးဇိန)
စေတီတော်သမိုင်း
အမှတ်(၁)
**နိုင်ခင်မောင်လေး**
၃၈ မြင်းဝန်တောင်ဘုရားကြီး
**စောထွီးသျှင်(မြောက်ဦး)**
၄၁ သထုံသက္ကတောင်
အလံတစ်ရာဆရာတော်ကြီး
အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**
၅၁ နိမိတ်အလင်းဖြင့် လူပြည်၊ နတ်ပြည်
ဘုရားစုံဖူးရာ အပြည်ပြည်ဆိုင်ရာ
ဗောဓိအေးငြိမ်းရိပ်သာ
**အောင်သာကျော်**
၆၂ ရှင်ပင်မဟာဒက္ခိဏာသာခါ
နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရား
**အဏ္ဏဝါလှိုင်း**
၇၃ လွမ်းဖွယ်စုံညီ ဆဒ္ဒန်လိုဏ်ဂူတော်ဆီ
သို့ရောက်ခဲ့စဉ်က
**စောမိသွင်(ရန်ကုန်)**
၇၉ နိဗ္ဗာန်သွားလမ်းမြတ်ပဋ္ဌာန်း
အစွမ်းထက်ပါသည်
**ကောင်းသော်**
၈၅ မြွေဟောက်ဖြူကြီးနှစ်ကောင် နိမိတ်ပြ
သော မော်တင့ တဝဂူသိမ် ရေပေါင်း
စေတီတော်
**မောင်စိမ်းထွေး(ထားဝယ်)**
၉၀ ဆရာကြီးဦးဆန်းထွန်း
(မန်းတက္ကသိုလ်) ၏
ကဝိလက္ခဏာဝိသောဓနီကျမ်း
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**
၉၂ ဂါထာကိုအကျိုးများအောင်ရွတ်ကြ
**မဟာထွန်း**
၉၅ အလောင်းတော်ကဿပနာယက
ဖိုလ်ဝင်တောင်ဆရာတော်ကြီး၏
နောက်ဆုံးခရီး
**ကံဝင်း**
၁၀၁ ဘုရားရှင်ဟောကြား ကြီးပွားချမ်းသ
ရေးတရားတော်များ
**ဦးထွန်းချို (LL.B)**
၁၀၅ သီဟိုဠ်သာသနာနဲ့ဝတ်မှုန်ကူးထား
မွန်သာသနာ
**ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)**
၁၂၅ လေသာတောင်မှ
ထူးခြားသောစေတီတော်
**တက္ကသိုလ်ဝင်းမြင့်**
၁၂၉ မဟာစည်ဆရာတော်ဘုရားကြီး၏
ကဗျာဉာဏ်ရည်
**နေပြည်တော်ကျော်ကျော်စိုး**
၁၃၂ သဘာဝဓမ္မ
**ချောင်းဆုံအုန်းသွင်**
၁၃၅ ပေါ်တော်မူမြဗုဒ္ဓဘုရားရှင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၁၃၈ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**
၁၄၄ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘု
ကြီးမိန့်ကြားသော ဗုဒ္ဓဘာသာဝင်
**မြဝင်း(ဓဿန)**
၁၄၆ ဗုဒ္ဓဘာသာကို ဤသို့နားလည်ပါ
**အရှင်သုဓမ္မသာရ**
၁၄၉ ထိုင်းနိုင်ငံမှ ရဟန္တာဟုကျော်ကြားသေ
ဆရာတော်ပျံလွန်တော်မူပြီးနောက်
ဓာတ်တော်များကြွင်းကျန်
**ကျော်နိုင်ခန့်**
၁၅၇ ဘုန်းကံကြီးမားမင်းဧကရာဇ်များနှ
အစီအရင်အဆောင်ဂါထာများ(၆)
**သစ္စာဝါဒီ-ဦးမြင့်အောင်**
၁၆၅ စလင်းကန်လည် ဆရာတော်ဘုရာ
၏အပျင်းဖျောက်နည်း
**ဦးစန္ဒိမ(စလင်း)**


### သုတရသဆောင်းပါး


၃၅ သက်ရှည်ကျန်းမာလူချမ်းသာ
**ဖျာပုံတင်နိုင်ဝင်း**
၄၈ အညာမြေက မောင်းထောင်ရွာ
**သစ်ထူးအိမ်**
၅၉ မှတ်သားဖွယ်ရာသုတအဖြာဖြာ(၃)
**ဉာဏ်လွင်မြင့်**


www.burmeseclassic.com

www.burmeseclassic.com










ဇတ်ရုပ ဒေသဝါသောစ
**ဆွေဝင်းမြင့်**
ခိုင်ဂန္ဓာရီပညာရှင်သျှင်မြဝါ
သို့မဟုတ် ရခိုင်အာဇာနည်သျှင်မြဝါ
**ချမ်းရှိန်အောင်**
ဇတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်
ဘတ်မီကမ်အဆိပ်သင့်ခြင်း. သို့မဟုတ်
အီတိုင်းအီတိုင်းရောဂါ
**ခွန်ထက်နောင်**
ကိုလိုနီခေတ်
မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**
ညဝတီမြို့ဟောင်းနယ်မြေ
မှခ်ဦးကုန်း
**သန်းချိုထူးလှ**
**(ရှေးဟောင်းသုတေသန)**
မြန်မာ့ရိုးရာနတ်ယုံကြည်မှုခလေ့ (၇၁)
**မောင်သန်းဆွေ(ထားဝယ်)**
ကျောင်းရှင် စစ်ကွင်းဆရာတော်ကြီး၏
ဘပည့် မဟာပထမံပညာ၏ မြေပြင်
ဒီထိုးချုပ် ပါရမီပညာရှင် ဆရာကြီး
ဦးထွန်းမြိုင် (၃)
**ထေမံဆရာဦးအေးရွှေ**
မြှသင့်သောအရာများ
**ဆရာဦးစိန်လှိုင် (ကျိုက်ထတ်)**
ဒီလ်ချုပ်ကိုယ်တိုင်ပါဝင်ခဲ့ပြီး
ဒီရိုက်တာဦးနရိက်ကူးခဲ့သည့်
သမိုင်းဝင် ဘွိုင်ကော့တာရုပ်ရှင်
**ထိုတိုး(ရန်ကင်း)**
ပျောက်ဆုံးနေသောပုရောဟိတ်
**ထုမိုး(ပညာရေး)**
ကျွန်တော်သေရမှာကြောက်ပါတယ်
**မောင်ပွင့်ဉာဏ်(မောရ)**
ဗြိတိသျှမြန်မာနိုင်ငံ
ဆိပ်ကမ်းသာဟိုတယ်၏
နောက်ဆုံးညစာစားပွဲ
**ချမ်းထက်**

## သုရဿဝတ္ထုတို

၁၇၀ ပြောင်းပြန်စီးသောမြစ်နှင့်
ဂမ္ဘီရဆန်သောငါးများ
**မျိုးမြင့်(ဂန့်ဂေါ)**
၁၈၂ သရဲခြောက်သောအိမ်ကြီး
**နေဝန်းနီ**
၁၈၉ ဝင့်ဟုခိုရာဝယ်
**ကိုသန်းလွင် (လှျပ်စစ်)**
၂၀၆ မှော်ဝင်ည
**နန္ဒဝင်းကျော်ခေါင်(ခတ္တ-လှူပြည်)**
၂၁၄ ကျည်ပွေ့နှင့်ကံကြမ္မာ
**မင်းဟိန်းထိဝ်**
၂၂၂ အသက်သခင်ကျေးဇူးရှင်
ငှက်ကလေးမောင်ညို
**မောင်လင်းခိုင်**
၂၂၆ ကြောက်စရာကောင်းသော
အာဏ္ဍဝကာဘီလူးအင်း
**မောင်မင်းသူ(ကိုးဆူ)**
၂၇၁ ဖိုးကံကောင်းဟုခေါ်ချင်သည်
**အောင်ငြိမ့်မိုး**
၂၇၄ ဝိညာဉ်ကပေးသောလက်ဆောင်
**ဝင်းဇော်(သုံးဆယ်)**
၂၈၆ ဝင့်ကြမ္မာကျည်ဖူးများ
**ရာမည-သွေးမွန်**
၃၁၀ ချစ်ရာမရောက်
နှစ်ရာရောက်ရှာလေပြီထင့်
**အောင်မြင့်ထွန်း(မသုံးလုံး)**
၃၁၈ ရသေ့ကြီးဦးခန္တီရဲ့ငွေလုပ်တဲ့စက်
**မောင်သင်းထုံ(ကျောက်မဲ)**
၃၂၂ စိန်ပြာကြီးနှင့်
၉-ကုဋေရတနာသိုက်
**မင်းနန္ဒိရှိန်**
၃၂၈ အောက်လမ်းဆရာဦးဘဂျမ်းနဲ့
ဓားစမ်းတဲ့သူ
**ဝင်းထွန်းအောင် (စစ်/ဆေး)**
၃၃၄ သချိုင်းဟောင်းကအလည်လာသူ
**မောင်မောင်မိုးအောင်**
၃၅၈ နတ်ပြည်၊ မြောက်ကျွန်း၊ စကြဝဠာ
နှင့်အိပ်မက်ဆန်းများ
**ကိုဆောင်းဦး**
**(အလိန်လည်ကျေးရွာ)**
၃၇၀ ရက္ခစိုးပုံပြင်
**သန့်ဇင်**

## သုရဿအခန်းဆက်ဝတ္ထုရှည်

၂၃၀ နှစ်ခါမရသောအခွင့်အရေး(၁)
**ရွှေပြည်စိုး(မိုးကုတ်)**
၂၉၈ ပညာရှင်(၈)
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

## သုရဿတိုင်းရင်းဆေး

၂၈ ဆားဝက်ခြံအတွက်
**နတ်မောက်မှတ်ကျောက်**
၈၂ လေနာအတွက်ဆေးတစ်ခွက်
**နေပြည်တော်ကျော်ကျော်စိုး**
၈၃ ယခုထိတိုင်အစွမ်းထက်နေဆဲပါ
**ဦးကိုကိုကြီး(စစ်ဆေးရေး)**
၁၃၇ ကလေးသူငယ်
ကျောပူခေါင်းပူထသော်ကုထုံး
**နတ်မောက်မင်းချစ်နော်**
၂၆၉ အစာလည်းဆေး ဆေးလည်းအစာ
ရောဂါလည်းပျောက်
လျှာလည်လောက်သည့်
ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ
(၆)
**ရွှေနဝင်း(ပုသိမ်)**
၂၇၃ အလွန်ဝမ်းသွားသော
ဝမ်းရောဂါပျောက်ဆေးနည်း
**ဂျူးနီ(ကြို့ပင်ကောက်-လယ်တီ)**
၃၁၇ အထက်လုန် အောက်လျှောဝေဒနာနှင့်
အပူလောင်နာ အနာရောဂါအမျိုးမျိုး
ပျောက်ကင်းသောဆေးနည်းကောင်းများ
**ရောမြေ-ကျော်ဝေ**
၃၅၅ ပေနင့်ဖျဉ်း
**နေပြည်တော်ကျော်ကျော်စိုး**


www.burmeseclassic.com

www.burmeseclassic.com





## သုရဇ္ဇ ပညာရပ်


၂၄၅ ဆိုးသွမ်းပောဟ့ရမ်း ရာဟုဂြိုဟ်ကြမ်း ဂြိုဟ်အိပ်ဂြိုဟ်စားသတိထား
**ဗြိရတနာ-ဆရာဇေယျာလင်း (ကဏ္ဍီဗိနပ်စီး၊ ရွှေထီးဆောင်း)**
၂၄၉ မြန်မာတို့နှင့်အတိတ်နိမိတ်များ(၂)
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၅၀ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**
၂၅၆ လက်တို့ပြီးတော့ပြောရဦးမယ် သို့မဟုတ် တားရှေ့ပုံပြင် (၃)
**ဆရာစိုး-ရွှေအာရုဏ်ဦး (တားရှေ့သုတေသီ) မိုးကောင်း**
၂၉၂ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင် (သုဝဏ္ဏ)**
၂၉၆ ရွှေထုံးလမ်းစဉ်
**ရွှေနဝင်း(ပုသိမ်)**
၃၄၆ လှူရန်သင့်လျှင်
**မင်းပြည့်**
၃၄၉ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာနယ်အတွင်းမှ စမွာနဝအင်းများ
**ဗြိရတနာ-ဆရာဇေယျာလင်း (ကဏ္ဍီဗိနပ်စီး၊ ရွှေထီးဆောင်း)**
၃၇၆ သရောဒယခရီးသည်(ဂ)
**သရောဒယခရီးသည်**
၃၇၉ အလွယ်လေ့လာလက္ခဏာပညာ
**ဆရာမော်**
၃၈၂ ဝိဇ္ဇာရေမြန်မာ့အင်္ဂရတ်ပညာ
**ဆရာဦးဆက်ထွန်းလင်း (အာယုဗ္ဗေဒ)**


## သုရဇ္ဇလက်တွေ့အသုံးချ


၇၂ ၂၀၁၅ ခုနှစ်၊ ဇွန်လအတွက် ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂဏ္ဍိရ)**
၁၄၂ နေ့ချင်းညချင်းမှချအကျိုးပေးသည့် ဓမ္မစက္ကပ္ပဝတ္တနသုတ်အဓိဋ္ဌာန်
**ဘုန်းခေါင်**
၁၄၈ ၂၀၁၅ ခုနှစ်၊ ဇွန်လ အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**
၁၆၇ ကာယ-လာဘသိဒ္ဓိနှစ်ပါးပြည့်စုံသော စမအဆောင်
**ပညာကျော်**
၁၈၁ ပစ္စည်းပျောက်မှာ ဆပွတ်နဲ့ရှာ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၂၅ ပစ္စည်းပျောက်သော် ဗြိ-စတုအသုံးပြု
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**
၂၄၃ ရေးမှုမပျက်အစွမ်းထက်သည့် အင်းလက်ဖွဲ့နှစ်မျိုး
**ရောမြေ-ကျော်ဝေ**
၃၂၇ ၂၀၁၅ ခုနှစ်၊ မေထုန်ရာသီပြောင်း မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**
၃၄၄ ရောင်းဝယ်ပွဲစား စီရင်ဆောင်ထား
**နတ်မောက်မင်းသန့်နိုင်**
၃၆၅ ၂၀၁၅ ခုနှစ်၊ ဇွန်လအတွက် စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**
၃၉၀ ၂၀၁၅ ခုနှစ်၊ ဇွန်လ ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**
၃၉၂ ၂၀၁၅ ခုနှစ်၊ ဇွန်လ ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**
၃၉၅ ၂၀၁၅ ခုနှစ်၊ ဇွန်လအတွက် ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**
၃၉၈ အဆင့်ဆင့်မြင့်တက်စေခြင်းအတွက် သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိခိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလဲ့လဲ့ထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(မြ-၀၄၃၂၉)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဇ္ဇစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (မြ-၀၅၁၃၁)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁- ၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းမြေ့ကျော်၊ အိမွန်ထွန်း
နှင်းသဉ္ဇာကျော်

**ရုံးအဖွဲ့**
တင်မိုးခိုင်၊ သဲယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နန်း၊ ဖြိုးရတနာ၊ စန်းထွန်းမြင့်
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၉၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
စာမူနှင့်ကြော်ငြာ -၀၁- ၂၄၀၆၉၀
**မဂ္ဂဇင်း**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကြီး**-ဂင်္ဂါနဒီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ဟင်္သာတ**-တာလေးမောင်၊ ရွှေမောင်
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လူထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ဖြူး ( ၂၇[illegible] ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## သတိဉာဏ်ယှဉ် သမ္မာဇဉ်ကား

- အလုပ်တစ်ခု ပြုတော့မည်ဆို
  တင်ကြိုသတိ ဉာဏ်မျက်စိဖြင့်
  ကျိုးရှိ၊ မရှိ မြင်အောင်ကြည့် ရှိမှပြုကျင့်ပါ။
- အလုပ်တစ်ခု ပြုမည့်ဆဲဆဲ
  ခွဲခြမ်းတတ်အပ် ဉာဏ်စားမြတ်ဖြင့်
  အပ်၏မအပ် ကိုယ်ချင်းစပ် အပ်မှပြုကျင့်ပါ။
- အလုပ်တစ်ခု ပြုလုပ်နေစဉ်
  ကိုယ်ဝင်ကျက်စား သူ့အထားသို့
  စိုက်အားအပြည့် သမာဓိဖြင့်
  မိ၏ မမိ သုံးသပ်ကြည့် မိမှဆက်လုပ်ပါ။
- ဆိုပြီးလေးလီ သင့်ဉာဏ်ရည်ကား
  လောကီ လောကုတ် အလုပ်မှန်သမျှ အသုံး
  ကျ၏
  ကင်းပအပြစ် ပွားသစ်အကျိုး
  မညိုးမညို ပန်းထိုထိုကို
  ပန်လိုသူများ လက်ကိုင်ထားကာ ကြိုးစားရာ
  သည်
  မေတ္တာရှင်၏အမှာတော်။

(၁၃၆၃ ခုနှစ်၊ ပြာသိုလပြည့်နေ့၊
ပဋ္ဌိပတ်တောကျောင်း)

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး





www.burmeseclassic.com

www.burmeseclassic.com



အနန္တကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသော

# လောကပါလ

www.burmeseclassic.com

www.burmeseclassic.com

အမည်မှာ၊ အဟိရိကာတိ - အဟိရိက တူ၍ . . . ၊ ဒီသတိ - ထင်ရှားပါအံ့။

ဩတ္တပ္ပနမကော - ဩတ္တပ္ပအမည် ရှလည်း အနောတ္တပ္ပတိန ဩတ္တပ္ပ တူ၍၊ ဒီသတိ - ထင်ရှားလာပါအံ့။ ။

ာအဓေအမေနှင့်တူသော အပြုနှစ်ပါး

ဆင်စီး၍ မြင်းရုံသည်ကိုသာ မြင် [illegible] မိမိရင်သွေးငယ် အပျို့ [illegible] လူပျိုရွယ်လေးများကို . . . [illegible] လေးများအဖြစ်ဖြင့် ဘဝတော် [illegible] အောင်ပန်းပန်ဆင်၍၊ [illegible] ပညာရှင်လေးများအဖြစ် [illegible] ပွဲသယ်တင့်ရန်ရည်၍ [illegible] ချိုသာစွာ [illegible] မျှဉ်းချပေး၏။ [illegible] ပါ၏။ ကိုယ် [illegible] တွက်တည်။

ဤ၌ စိတ်နှင့် ချိတ်တို့၏ [illegible] အလုပ်လုပ်နေပုံ နမူနာအပြ [illegible] ပြပါဦးအံ့။

လူတစ်ယောက် (ဤ၌ [illegible] တိုင် ပါဝင်ခဲ့ဖူး၏) အရက်သောက်ရာ၌ . . . ပထမ လူက အရက်ကိုသောက် သည်။ သည့်နောက် အရက်က လူကို ပြန်သောက်သည် ဆိုရိုးစကားရှိ၏။ သို့ရှိရာတွင် အရက်၌ပါဝင်သော အခိုး အရှိန်များက အစာအိမ်အတွင်းလောက် တွင်သာ အမြစ်စိုက်နေရပြီး သွေးလည် ပတ်ရာတို့၌ကား အရှိန်သွားအားနည်း နေ [illegible] ချိန်ဆိုက လူက အရက်ကို သော [illegible]။ (သို့) [illegible] ဆဲ. . . ။


ထိုမှ [illegible] ရက်အခိုးအငွေ့ များ အစာ [illegible] ပြည်တည်မိ [illegible] မက သွေးကြောလေး [illegible] အတွင်း သို့ပါ ထိုးဖောက် [illegible] လည်ပတ်လျက်ရှိသော [illegible] နှင့် သွားတတ္တ၊ လာ [illegible] (ဆင [illegible] တက်အတူတူ) [illegible] သော [illegible] . . . သည့်အချိန် [illegible] မသောက်ရမနေနိုင်။

ထိုအခါ အရက်ခိုးအားနည်းလာ သည်ကိုသာသိတတ်ခြင်း၊ အရက်သောက် ရမည်ကိုသာ သိတတ်ခြင်း၊ အရက်ထဲ အစွဲနာခြင်းဆိုသော ဉာဉ်စရိုက် [illegible] ဆိုသော အရက်အတွက် [illegible] ရာ အပိုင်ရထားလိုက်ပြီ . . . ။ ယင်း သည် အခိုးသတ္တိက သွေးနှင့်ရော၍



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးတစ်ဘဝ ရယူလိုက်ခြင်းတည်း။

သည့်အတူ ကလေးငယ်လေးများ၏ ဓာတ်သွေးမပြု အဖြူသက်သက်မျှသော သွေးများအတွင်း မိခင်၏သာသာ ညင်းညင်း ပျံ့သင်းသော အရှက်တရားစကားဆိုခြင်းများကလည်း . . . ပထမပုံ၌ စိတ်ဝင်စားခြင်းဖြင့် သန္ဓေရှိ စိတ်နှင့်ကိုယ်တို့၌တည်စေပါမည်။ သည့်နောက်မနောမှတစ်ဆင့် သွေးတို့၏အစုန်အဆန်သွားရာလမ်းတစ်လျှောက် တကောက်ကောက်လှမ်း တတန်းတန်းလိုက်ပါနေပါမည်။ သို့ဖြင့် အချို့ကလေးများ ရာဂမာန်မထွက်ခင်ကပင် ရှက်တတ်နေကြပါသည်။ ထိုသည့်အရှက် -

(က) မိခင်မေတ္တာ၌ ယုံကြည်သောသဒ္ဓါ၊

(ခ) မိမိအသိကရရှိလာသောပညာ၊

သည်နှစ်ပါးတို့မှ ဖြစ်ပွားလာသောကြောင့် မကောင်းရာ၌သာ ရှက်တတ်ပါသည်။ ကောင်းရာ၌ကား မရှက်တတ်ကြပါ။

သို့ဖြင့် သင်းကလေးတို့ကို မိခင်က (အချို့ အဘွားက) ဆယ်နှစ်သက်တမ်းသို့တိုင် အိပ်ရာခွင်ဝယ် မိမိရင်ခွင်ကြားထားလျက်က ပုံပြင်များဖြင့်အရှက်တရားကိုလည်း သင်ကြားပေးကြပါသည်။ ပုံပြင်များဖြင့်ပင် အကြောက်တရားကိုလည်း သင်ကြားပေးကြပါသည်။ နှလုံးသား နုနယ်၍ ရွှံ့သားနှယ်ဖြစ်သော ထိုကလေးများသို့ ရေဖြင့်ကိုင်၍ မင်းသမီးပုံ၊ မင်းသားပုံ ပုံဖော်ပေးသော မိခင်မေတ္တာကြောင့် (သို့) မိခင်မေတ္တာဓာတ်ရှိသည် အိပ်ရာဝင်တိုင်းစိမ့်ဝင်နေတော့ရာ. . . ဒင်းကလေးများ အတွေးဖြင့် ရှက်တတ်၊ ကြောက်တတ်နေတတ်ကြပါပြီ။

ထိုမှတစ်ဆင့် ဒုတိယ (၁၀) နှစ်တန်း (၁၁မှ ၂၀) သို့ ခြေလှမ်းစဝင်လာကြသောအခါ. . . ဇီဇကလည်း ကာလသားဘာဝ၊ ကာလသမီးဘာဝ အမည်ရသော အပျိုဘော်သွေး၊ လူပျိုဘော်သွေးများ နိုးထလာသည်နှင့်အတူ သတ္တိစမ်းချင်ချင်ဖြစ်လာနေ၊ ပတ်ဝန်းကျင်ကလည်း ရှေ့သွားလှမ်းပြ ကာလသား၊ ကာလသမီးကြီးလုပ်များကလည်း သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအဖြစ် သင်တန်းပြနေ. . .။ သို့ကြောင့် ကာလသားကလည်း ကာလသားအလျောက် မရောက်ဘူး၍ ရောက်ဘူးချင်နေသောအခန်း ခြေလှမ်းပြင်နေချေပြီးသည့်အတူ ကာလသမီးကလည်း ကာလသမီးအလျောက်ပင် မရောက်ဘူး၍ ရောက်ဖူးချင်နေသောအခန်း (သို့) သွေးကလက်ညှိုးထိုးပြနေသောအခန်း လှမ်းချင်နေသည်။

သည်အချိန်နှင့်သည်အရွယ်သည် အဖေ အထောက်အပံ့ဖြင့် ကြောက်လန့်စေရသောအရွယ်များပင်ဖြစ်ကြရာ. . . အဖေသည် အကြောက်ကို ဦးစားပေးကာ သွေးသွင်းပေးပါအံ့။ အရှက်ကားလူလားမြောက်လာကြပြီ ဖြစ်သဖြင့် (လူသားတစ်ယောက် လူလိုသိတတ် ခံစားတတ်လာသောအရွယ်သို့ ရောက်လာပြီဖြစ်သဖြင့်) အထူးကြပ်မတ်ပေးစရာမလိုလှပါ။ သွေးထကြွမ်း၍ ရမ်းတတ်လာသူလောက်သာလိုပါမည်။

သည်အဖေ၏ အကြောက်တရားကား . . . ဖခင်ကပေးမည့်ဒဏ်ကိုကြောက်ရွံ့စေခြင်းက ပထမ။ ဝန်းကျင်ကပေးမည့် လောကဓံကို ကြောက်ရွံ့စေခြင်းက ဒုတိယ။ နောင်သံသရာ အတွံ့မိ၍ အဖိခံရမည်ကို ကြောက်စေခြင်းက တတိယ။ ထို ကြောက်သုံးချက် မပျက်မကွက် သွေးသွင်းပေးမည်။ ဘာ့ကြောင့်ဆိုသော်. . . ဤအရွယ်များသည် ခန္ဓာတွင်းနေ သွေးသားမှအစ ဦးနှောက်၊ ခြင်ဆီအားများအထိ ပြည့်ဝလာခြင်း၊ ဓာတ်အားများ လုတက်လာနေကြခြင်း၊ နောက်တော်ပါ ဉာဉ်၊ ဝါသနာ၊ ဇများထကြွလာကြရာမှ . . .

ရာဂထန် မာန်အဖြစ်သို့ တိုးဝင်လာကြခြင်းကြောင့်၊

ဒေါသထန် မာန်အဖြစ်သို့ တိုးဝင်လာကြခြင်းကြောင့် . . . သည်အတိုင်းသာ လွှတ်ပေး သားလေးတို့၊ သမီးလေးတို့အရေး စိတ်မအေးစရာ။

**ရာဂဒေါသမှ ဂါရဝ နိဝါတသို့ လမ်းခွဲ**

ဤ၌ အရှေ့တိုင်း၊ အနောက်တိုင်းတို့၏ လူနေမှုစနစ်ခြားနားပုံများကို တစ်စိတ်တစ်ပိုင်းမျှ ပိုင်းဝေပြသပါဦးအံ့။

ယနေ့ အနောက်ကမ္ဘာ (အောက်ကမ္ဘာ) အမည်ရနေကြသော ဥရောပ၊ အမေရိကတိုက်တို့၏ လူနေမှုစနစ်သည် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ဌာပနာထားသောမလေ့ (ဓာတ်အလေ့) များ ဖြစ်ကြ၏။ သူတို့အား သွေးထိုးပေးနေသော ဥတုက သီတတေဇော အမည်ပေါက်သောအအေးခိုးများ ကြီးစိုးနေ၏။ သူတို့စားသုံးသော အစားအစာများကလည်း ပျော့၍ကြေလွယ်သောအစာများဖြစ်ကြ၏။ သို့ကြောင့် အတက်ပြ အရွယ်ပိုင်ရှင်လေးများ၏ သွေးများသည် အေးအေးငြိမ်သက်စွာ စုန်ဆန်စီးပြေးနေကြရာ



www.burmeseclassic.com

www.burmeseclassic.com

. . .

မျောက်ချင်းတူသော်မှ အာရှမျောက်က အာဖရိကမျောက်များလောက် မသောင်းကျန်းကြပါ။ သည်သို့ဥတုအေး အစာပျော့တို့ သွင်းပေးထားသည့် ခန္ဓာပိုင်ရှင် အရွယ်တက်ကလေးများတို့ . . . လွတ်သာပေး တဏှာသန်သန်သလောက် အဆန်းမွေနှောက်ရှာပေးကြမည်။ လွတ်သာပေး မာနထန်ထန်သလောက် အဆန်းတွင် သူတင်၊ ငါတင် ကြိုးစားပေးကြမည်။ လွတ်သာပေး ဒိဋ္ဌိဖန် ဖန်သလောက် သူဟာမှန်သရွေ့ ကိုယ့်ဟာဘက် ရွေ့ပို့ပေးကြမည်။ သို့ဖြင့် အနောက်ကမ္ဘာသားတို့ယနေ့ အထက်တက်ပြနေကြပြီ။

ခေတ်သည် အချိန်နှင့်ဖက် စက္ကန့်မလပ် ရွေ့လျားနေ၏။

ရွေ့လျားပုံ အခြေပြဇယားကား ၁၀-နှစ်တစ်ခါ ပုံဖော်ပေးနေ၏။

ယနေ့ ဒုတိယ ဒသကအရွယ်ထဲဝင်လာကြသော အသက် ၁၅ - နှစ်မှ ၂၀-နှစ်အတွင်းရှိ ကလေးများနှင့် သန္ဓေတည်ရာကာလသည် လွန်ခဲ့သော ၁၅-နှစ်၊ ၂၀-နှစ်တို့ကဖြစ်ကြရာ. . .

ထိုခေတ်က ရာသီဥတု၊ အစားအစာတို့မှ ပြုပြင်ပေးလိုက်သော ကံ၊ စိတ်တို့၏ တိုးတက်နှုန်း (ဆုတ်ယုတ်နှုန်း) များကို သည်အရွယ်များကျမှ သိခွင့်ရကြ၏။ ပထမ ဒသက မွေးစမှ ဆယ်နှစ်အတွင်းတန်းက (မူငယ် ဒသက) မသိနိုးနားလည်သာ ရှိနေကြသေး၍ အစွမ်းမပြသာနိုင်ကြပါ။

သို့ကြောင့် ဤ အသက် ၁၅-နှစ်မှ အသက် ၂၀ အတွင်းရောက် ကလေးများ၏ စိတ်ကူးစိတ်သန်းဖြင့် ပြုပြင်စီရင်မှုနှင့်သမျှတို့သည် သူတို့ဝင်ရောက်လာခဲ့ကြသော ကာလကို ညွှန်ပြနေခြင်းကြောင့် ကာလသား၊ ကာလသမီးလေးများဆိုရသည်။ သည်သို့ ထိုကလေးများသူတို့စနစ်ဖြင့် သူတို့ခေတ်ညွှန်းကိန်း ပြခဲ့ကြရာ. . .

ကျောက်ခေတ်မှသည် သံခေတ်သို့ ပြောင်းလဲပေးနိုင်ခဲ့ကြပါပြီ။ တစ်ဖန် . . . သံခေတ်မှာပင် ရိုးရိုးသံမှ စက်သံသို့ ပြောင်းလဲပေးနိုင်ခဲ့ကြပါပြီ။ တစ်ဖန် . . . စက်သံခေတ်မှာပင် မြေဝဲ၊ ရေဝဲသံများမှ ကောင်းကင်ဝဲသံများသို့ ပြောင်းခဲ့ကြပါပြီ။ တစ်ဖန် . . . ကောင်းကင်ဝဲသံမှာပင် တိုက်ချင်းကူးမှ ဂြိုဟ်ချင်းကူးသို့ ပြောင်းလဲပေးခဲ့ကြပါပြီ။ သည်သို့ အနောက်ကမ္ဘာသားတို့၏ အံ့မခန်းပြောင်းလဲပေးနိုင်ခြင်းမှာ မြှောက်ပေးတိုင်း ထိုးတက်စေသော အဆိပ်မဲ့မာန်များ ဖြစ်နေကြ၍။ ယင်းကို ဥပမာပေးရသော် မလိုင်နုတ်ထားသောနို့ဆီဟူ၍သာ။

သူတို့၌ ရာဂထန်၍ မာန်တက်ပြကြ၏။ သို့သော် သွေးအေးအုပ်စု ဖြစ်နေကြ၏။ သူတို့၌ ဒေါသထန် မာန်တက်ပြကြ၏။ သို့သော် အစာပျော့ကြောင့် မိုင်လွန်မပြနိုင်ကြ။ ဤနည်းဖြင့် ဆုတ်ခေတ်ကို အနောက်ကမ္ဘာက ဦးဆောင်နေပါမည်။ ဆုတ်သည်. . .၊ နေဒဏ်ကြောင့် ကမ္ဘာ့မြေဆီ အနှစ်တစ်ရာလျှင် ၁-လက်မဆုတ်သည်။ အစာ၌ အဆီမပြည့်ဝမှုကြောင့် လူတို့အရပ်အမောင်း အနှစ်တစ်ရာလျှင် ၁-လက်မဆုတ်သည်။ အရပ်နိမ့်တိုသွားရာမှ ဥတုဒဏ်မခံနိုင်ခြင်းကြောင့် အသက်လည်း တစ်ရာလျှင် ၁-နှစ်ကျဆုတ်မည်။

ဤအဆုတ် ထိုအဆုတ်တို့ ခန္ဓာမှ ဆုတ်ခွာသွားကြသောအခါ လူအများစုသည် စိတ်မရှည်နိုင်တော့ခြင်း၊ ဇွဲမရှိတော့ခြင်း (ပျင်းရိလာခြင်း) စသည် စိတ်အနုလက္ခဏာများကပါ ပွံ့ပိုးလာကြခြင်းကြောင့် . . . တစ်ယောက်အတွင် တစ်ကမ္ဘာလုံးက ဝင်စားပစ်ကြတော့သည်။ တစ်ယောက်အဆန်း တစ်ကမ္ဘာလုံးကပင် ဝင်ငမ်းပေးနေကြတော့သည်။

အဆုတ်သည် အနုတ်၏ လက္ခဏာ။

တစ်ဖန် အနုတ်သည်လည်း အဆုတ်၏လက္ခဏာ။

သည်သို့ အဆုတ်နှင့် အနုတ်တို့ သူ့လက်ကုတ်၊ ကိုယ့်လက်ကုတ်တို့ဖြင့် လူတို့အား သယ်ဆောင်နေကြရာ. . . ကမ္ဘာသူကမ္ဘာသား ဘယ်မှာရပ်နားကြမည်နည်း။ ကမ္ဘာသူကမ္ဘာသားဘယ်မှာ လမ်းဆုံးကြမည်နည်း။

**□ အဆိပ်ရှိသော မို၊ မျှစ်၊ ငါး သည်အတိုင်းစားမရပါ**

တစ်ဖန် အနောက်တိုင်းပြီး အရှေ့တိုင်း ခရီးဆက်လှည့်ကြည့်လိုက်. . . အရှေ့တိုင်းသည် ကမ္ဘာ့အထက်ပိုင်း ဖြစ်နေသဖြင့် နေနှင့်နီး၏။ အပူကြီး၏။

နေပူဒဏ် အချိန်မလပ် ခံနေရခြင်းကြောင့် . . . လူမဆိုထားဘိ သစ်ပင်သစ်သီးများသည်ပင် တိုပူ၍ မာကျစ်နေကြရ၏။ ဥတုသည် ဥဏှတေဇော အမည်ရသော အပူခိုး ထိုးမျိုးဖြစ်၏။ အစာများသည် မြေမာလေထန်ရာအကြားမှ ပေါက်ဖွားလာသည်များဖြစ်ခြင်းကြောင့် ဓာတ်သတ္တိအလုံးစုံအကုန်ထန်နေ၏။ ချက်ချင်းစားချက်ချင်းထိရောက်နိုင်၏။

သို့ဆိုသော် အရှေ့တိုင်းသားများ၏ ကိုယ်အောင်းစိတ်ဓာတ်များသည် ရာဂထန်၍ မာန်တက်လာလျှင်လည်း အတော်နှင့် အခဲကျေလိမ့်မည် မဟုတ်ချေ။ ဒေါသထန်၍ မာန်တက်လာလျှင်လည်း အတော်နှင့် အခဲကျေလိမ့်မည် မဟုတ်ချေ။ သို့ကြောင့် အရှေ့ရှိ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် အဆိပ်ကဲ့သို့ ပြင်းထန်ကြမည်။

အရှေ့တိုင်းသားများလက်ဝယ်ရှိ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ အမည်ရနေကြသော တစ်ဖက်ဖျက်ဆီးပစ်လိုခြင်း၊ တစ်ဖက်မလိုလားခြင်း၊ တစ်ဖက် မရှုဆိတ်နိုင်ခြင်း၊ ကိုယ့်ကိုယ်ကိုယ်အပြစ်တင်ခြင်းများကလည်း အဆိပ်များအရာဝင်ကြမည်။

တစ်ဖန် . . .

(က) ရာဂထန် မာန်လွန်ရာမှထဖြစ်သော မရှက်တော့ခြင်း၊
(ခ) ဒေါသထန် မာန်မွန်ရာမှထဖြစ်သော မကြောက်တော့ခြင်း၊
(ဂ) ခန္ဓာနှင့် သွေး၊ လေအပူကဲရာမှ စိတ်ပျံ့လွင့်သွားခြင်း၊
(ဃ) စိတ်အေးတစ်ချီ၊ ပူတစ်လှည့်ဖြစ်နေတော့၍ အာရုံ၌ ဆုပ်လိုက်၊ လွှတ်လိုက်လုပ်မိနေခြင်း၊
(င) အာရုံချင်းတိုက် ခန္ဓာချင်းလုယက်သိမ်းပိုက်ကြရင်းက အပူလွန်ခန္ဓာနှမ်းစိတ်ပါ မခံ့ကျန်းတော့၍ အိပ်မောကျကာလသို့အပို့ခံရခြင်း . . . များက အဆိပ်စုဘူးကြီးပမာ အဆိပ်အားလုံးတို့ကို သိမ်းထားပါမည်။

အဆိပ်သင့်ထိုကလေးများ အချိန်တန် အရွယ်ရောက် လူသိသိလာကြပြီး လူလိုခံစားလိုခြင်းပြင်းလာသည့် လူလားမြောက်ချိန်တွင်ကား . . . သူတို့ကို အတိုင်းလွှတ်ထားကြည့် ရာဇဝတ်မှုဘက်ကိုသာ ခေါင်းလှည့်ကြမည်။ သူတို့ကို အတိုင်းလွှတ်ထားကြည့် ဘဝပျက်၍ မနမဲ့ဘက် ခရီးထွက်ကြမည်။ သည်လိုတော့မည်သည့် (သားရှင်၊ သမီးရှင်) မိဘကမျှ အဖြစ်မခံနိုင်ကြပါ။ သို့အဖြစ်မခံနိုင်ကြသော် ဘာလုပ်ကြမည်နည်း။

အဖေတို့က သားသမီးဘို့၏ အဆိပ်သင့်မာန်ကို ဖြိုချဖျက်ဆီးပေးကြရပါမည်။ မိဘအားချစ်၊ ကြောက်၊ ရိုသေ




www.burmeseclassic.com

www.burmeseclassic.com

တတ်ကြဖို့လမ်းပြပေးကြရပါမည်။ အဆိုးစိုက်ပျိုး ဆိုးကျိုးကိုပင် စားသုံးရမည်ကို မြင်အောင်ပြတတ်ကြရပါမည်။

၁။ မိဘနှင့်သားသမီး အားချင်း မယှဉ်ပြိုင်အပ်ကြပါ။

၂။ ဆရာနှင့်တပည့်များလည်း အားချင်း မယှဉ်ပြိုင်အပ်ကြပါ။

၃။ လင်နှင့် မယားများလည်း အားချင်း မယှဉ်ပြိုင်အပ်ကြပါ။

ယှဉ်ပြိုင်နေသော် နေ့စဉ်ရက်ဆက် တကျက်ကျက်နှင့် ကြာသော် ကွဲအက် ပျက်စီးတတ်ပါသည်။ တစ်ဖန် မပြိုင်ချင်သဖြင့် မိဘက အရှုံးပေး၍ သားသမီး ရှေ့ပြေးအဖြစ်ထားခဲ့သော် -

သွေးအေး၍ ညဉ်ယဉ်နေသူများကား တိုးတက်ဖို့သေချာသည်။

သွေးဆူ၍ ညဉ်ရိုင်းဖြစ်နေပါမူကား ပျက်ဖို့ဘက်က သေချာမည်။

သည့်အတူ ဆရာနှင့်တပည့်၊ လင်နှင့်မယားများတွင်လည်း သွေးလေဖြန်း၍ ခေတ်စမ်းဝင်ချင်နေသူတပည့်၊ သွေးကြွ၍ ကာမဘက်၌သာ စိတ်ညွတ်နေသော မယားတို့၏ အလို ချိုချိုသာသာ လိုက်မိခဲ့သော် တက်ရန်ကား မသေချာ၊ ပျက်ရန်ကား သေချာလှပါသည်။

ဤ၌ အပူပိုင်းဒေသ လူဖြစ်လာကြရသူတို့၏ ခန္ဓာအစိတ်အပိုင်းများသည် ဓာတ်ပူ၊ ဇာတ်ပူတို့ကသာ ဖုံးလွှမ်းနေကြတော့ရာ . . . ပူအိုက်ရာမှ ထပေါက်သော မှို၊ မျှစ်တို့ပမာဆင်၏။ ပင်လယ်တွင်းဝယ် အဆိပ်အိတ်ဝမ်း၌ လွယ်၍ ဆော့နေသော ငါးပူတင်းပမာလည်းဆင်၏။ ပိုးများတွယ်ကပ်နေသော ပန်းဥယျာဉ်ပမာလည်း ဆင်၏။ ထိုအခါ အဆိပ်တက် မှို၊ မျှစ်ဖြစ်က ရေနွေးပူဖြင့် အဆိပ်နုတ်ပစ်ပေးရ၏။ အဆိပ်ရှိ ငါးပူတင်းဆိုက အဆိပ်အိတ် ထုတ်ပစ်ပေးရ၏။ တစ်ဖန် ပိုးကျဥယျာဉ်ဖြစ်နေခဲ့သော် ကပ်ပိုးများ သုတ်သင်ပစ်ရ၏။

ဤတာဝန်ကို ဖခင်က ဝင်ရောက်ယူရပါသည်။ ဖခင်ဆိုသော အကြောက်ရှိမှသာ သားသမီးများရှိ အတွေးသည် အတွေးနှင့်သာ ပြီးဆုံးပါသည်။ ဖခင်၏ အရှိန်အောက် ခိုလှုံမိမှသာ သားသမီးတို့၏ စိတ်သည် ကြံ့ခိုင်ရသောစိတ် ဖြစ်ကြပါမည်။ မိခင်သည် သားသမီးများကို . . . နို့ကိုရေဖြင့်ပုံသွင်းသည့်ပမာ. . .။ ဖခင်သည် သားသမီးများကို . . . ဖယောင်းမီးသင်းဖြင့် ပုံသွင်းသည့်ပမာ . . .။

ဤခေတ်တွင် ဆရာတို့လက်ဝယ် တုတ်မရှိကြတော့သဖြင့် တောနယ်ရှိ သားသမီးများသာ စောင်း(ဇောင်း)ကျိုးပါမည်။ မြို့နေများကား စောင်း(ဇောင်း)ဖွားဖွားနှင့်သာ။ တစ်ဖန် ကျောက်သားစိုနှက်ပုံသွင်းနည်းကိုကား ရာဇဝတ်မှုဖြင့် ထောင်သွင်း အကျဉ်းချခံထားရသူများလောက်သာရှိပါဒတော့သည်။

ထိုဆုံးမနည်းအားလုံးသည် ဩတ္တပ္ပအမည်ရသော အကြောက်အလန့်ထားမိမိထံ မာန်တက်တိုင်း သူတစ်ဖက်ဆီ ထွက် မရက်စက်မိရန် တားဆီးပေးကြခြင်းပင်။ သားသမီးမကောင်း မိဘခေါင်းဖြင့် စကားရည်အလောင်းမခံရရန်တည်း။ တပည့်မကောင်း ဆရာ့ခေါင်းဖြင့် စကားရည်အလောင်းမခံရရန်တည်း။

ဩတ္တပ္ပဖြင့် ဘဝခရီးလမ်းလျှောက်လှမ်းကြရာတွင် . . .

(က) မိခင်က အိပ်ရာဝင်ပုံပြင်ဖြင့် အတွေးမှနေ ကြောက်တတ်ရန် သွေးသွင်းပေးခဲ့သည်။

(ခ) ဖခင်က အရွယ်ရောက်လာချိန် အတွေ့ကနေ ကြောက်တတ်ရန် သွေးသွင်းပေးနေသည်။

(ဂ) မိမိကိုယ်တိုင်ကား အတွေ့စုံအကြုံကြားမှနေ ကြောက်တတ်ရန် ဉာဏ်သွင်းပေးရပါမည်။

သည်သို့သာ အဆင့်ဆင့်သင့်တင့်သော နှလုံးသွင်းဖြင့် သွေးစီးကြောင်းအတွင်း ကြောက်ရှိန်၊ လန့်ရှိန်များသွင်းနိုင်ကြပါမူ ကာလသား၊ သမီးတို့၏ခေတ်ကြေးမုံသည် လက်လက်ပြေး ဖွေးဖွေးလှစ် သူတကာ ကြည့်ချင်စရာဖြစ်တော့သည်။

## ◻ ရှက်၊ကြောက်သည် မြောင်းဖော်ပေါက်တူး

ခန္ဓာရှိ ဓာတ်သက်ဝင် စိတ်ကို ဓာတ်ဉာဉ်မှဖြစ်သော စေတသိက်တို့က ကြိုးကိုင်သည်။ ထိုစဉ် . . . ဓာတ်တည့်က တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ထိန၊ မိဒ္ဓတို့က စိတ်ကိုကြိုးကိုင်၏။ ဓာတ်မတည့်က ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စတို့က ကြိုးကိုင်၏။ ဓာတ်မွှန်သွားက မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ ဝိစိကိစ္ဆာတို့ဝင်လာကြ၏။ ဤ ၁၄ - လုံးတို့က ခန္ဓာရှိ ပုထုဇဉ်သတ္တဝါတိုင်းတို့အပေါ်၌ စိုးမိုးနေကြ၏။

တစ်ဖန် အညသမန်း ၁၃-လုံးတို့က ဘဝရှိ သတ္တဝါတိုင်းတို့၏အပေါ်ဝယ် ကြီးစိုးနေကြ၏။ သို့ဖြင့် ဘဝနှင့်ခန္ဓာကို သယ်ဆောင်ကာလှည့်လည်နေကြရသော ပုထုဇဉ်တိုင်းတို့သည် ထို ၂၇-လုံးသော ကြိုးထုံးကြီးများဖြင့် စိတ်ကိုချည်နှောင်ခံထားကြရရာ အောက်အောက်ဘုံများသို့သာ လှည့်ပတ်ခွင့်ရနေကြပါသည်။ ယင်းကို . . . သတိအရိုးတပ်ထားသော ဟိရိ ရှက်စိတ်ဖြင့် မြောင်းဖော်ပေးမှသာ၊ သတိအရိုးတပ်ထားသော ဩတ္တပ္ပ ကြောက်စိတ်ဖြင့် မြောင်းဖော်ပေးမှသာ. . .

တဏှာမှ သဒ္ဓါဘက် သွေးကြည်ရေဦးသက်စေကြပါမည်။ တစ်ဖန် . . .

ဒေါသမှ ပညာဘက် သွေးကြည်ရေစီး စီးပြေးစေပါသည်။ တစ်ဖန်လည်း . . .

မောဟမှ သမ္မာဒိဋ္ဌိဘက် (သမ္မာဝိတက်ဘက်) သွေးကြည်ရေညိုကပ်စေကြပါမည်။

ယင်းတာဝန်ကို သံဃာနှင့် ဆရာတို့က ဝင်ရောက်ထမ်းဆောင်ပေးကြရာ . . . သင်အံလေ့ကျက်စေခြင်းဖြင့် ဓာတ်သက်ကို လူသက်သို့ပြောင်းပို့ပေးကြပါသည်။ ကျင့်ကြံအားထုတ်စေခြင်းဖြင့် ဓာတ်ဉာဉ်မှ လူညာဏ်သို့ ပြောင်းပို့ပေးကြပါမည်။ ဓာတ်ရှိန်သုဉ်း လမ်းဆုံးရောက်စေခြင်းဖြင့် ယုတ်ဖြစ်စဉ်မှ မြတ်ဖြစ်စဉ်သို့ ပြောင်းပို့ပေးကြပါသည်။

ဤသည်မှာ အရှေ့နှင့်အနောက်တို့၏ လမ်းခွဲ . . .။

ဤသည်မှာ အထက်နှင့်အောက်တို့၏ သရုပ်ခွဲပွဲ . . .။

ထို့စဉ် အနောက်ကမ္ဘာ (အောက်ကမ္ဘာ) သားတို့က ရေခဲ၊ မြေခဲအေး၍ အေးသောသွေးဖြင့် ခန္ဓာကို တည်ဆောက်ခံထားသည် မှန်သော်လည်း ဓာတ်သက်ကို ပြောင်းလဲပစ်စေသော ကျင့်နည်းမသုံးကြသဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သူတို့၏ လူနေမှုစနစ်ကို တည်ဆောက်ထားကြသည်။

တစ်ဖန် အရှေ့ကမ္ဘာ (အထက်ကမ္ဘာ) သားတို့ကား ရေခံ၊ မြေခံပူလွန်းလွန်းပြီး ဆူပူသောသွေးတို့ဖြင့် ကိုယ်ခန္ဓာ တည်ဆောက်ခံထားရသည်မှန်သော်လည်း ဓာတ်သက်ကိုဖျက်၍ လူသက်သို့ ပြောင်းပေးနိုင်စွမ်းသောကျင့်နည်းကို အသုံးချကြသဖြင့် သဒ္ဓါ၊ ပညာ၊ သမ္မာ၊ ဒိဋ္ဌိတို့ဖြင့် လူနေမှုစနစ် တည်ဆောက်နိုင်ခဲ့ကြပြီ။ သို့ကြောင့် အရှက်တရား၊ အကြောက်တရားတို့သည်



www.burmeseclassic.com

www.burmeseclassic.com

မြောင်းဖောက် ပေါက်ပြားနှစ်လက်နှင့်တူသည်။

- ရှက်ကြောက်နှစ်တန် အဖြူခံ ပူဒဏ်ကိုလေကန်ထုတ်သည်။ ရှက်ကြောက်မဲ့ပြန် အမဲ(မည်း)ခံ ပူဒဏ်ကိုလေ စုပ်ယူသည်။

တစ်ဖန် ဤအရှက်တရား၊ အကြောက်တရားနှစ်ပါးကို လောကပါလတရားနှစ်ပါးဟုလည်း ဆိုကြသေး၏။ သူတို့ကြောင့် သူတစ်ဖက်သားများသို့ ဒုစရိုက်တရားများ မပြန့်ပွားစေခဲ့။ သူတို့ကြောင့် ကိုယ့်ကိုယ်နှင့်ကိုယ့်စိတ်သို့လည်း ဒုစရိုက်တရားများ မချဉ်းကပ်ဝံ့ခဲ့။ သို့ကြောင့် ရှက်ကြောက်နှစ်ပါးသည် လူသားများအားထားရာဖြစ်ခဲ့ပြီ။

ခွေးသည် မရှက်တတ်ပါ။ ထိုသည့်ခွေးရှက်ဖို့နေနေသာသာ ရှက်ရကောင်းမှန်းပင် မသိတတ်ကြပါ။ သို့ဖြင့်ပင် ခွေးသည် ခွေးချေးချင်းရှေ့မှာလည်း မကောင်းမှု လွန်ကျူးပြသလေ့ရှိပါသည်။ အခြားအခြားသော တိရစ္ဆာန်များရှေ့မှာလည်း မကောင်းပုံ အစုံလုပ်ပြလေ့ရှိပါသည်။ လူရှေ့သူရှေ့မှာပင် တွေ့မရှောင် ဖြောင်သုံပြလေ့ရှိပါသည်။

သည့်အတူ လူကျင့်နှင့်ကန့်လန့်ကျင့်သဖြင့် တိရစ္ဆာန်. . .၊ မှက်၊ ဖိုလ်မမှီးအချည်းနှီးအကျင့် ကျင့်နေတတ်သဖြင့် တိရစ္ဆာန်. . . အမည်ပေါက် ကြက်၊ ဝက်သည် တိရစ္ဆာန်အားလုံးလည်း မရှက်တတ်ကြပါ။

တစ်ဖန် မီးမျှော်ညှော်ခံ ပိုးဖလံတို့သည် မကြောက်တတ်ကြပါ။ သို့ဖြင့်ပင် မီးတွေ့အတင်းဝင်၊ မီးမြင်လျှင် ဖက်နမ်း လောင်ကျွမ်းခံသွားကြပါသည်။

သို့တစေလည်း ဤမီးမျှော်ပိုးလေးများသည် သေးငယ်သော မီးခွက်၊ ဖယောင်းတိုင်များမှ ထတောက်သော မီးညွန့်လေးများကိုသာ ညှစားကြပါ၏။ အလင်းဖိုထားသည့် မီးလင်းဖိုကြီးများ၏ အညွန့် သူတို့ မဝံ့ကြပါ။ ချက်ပြုတ်ရန် ဖိုထားသည့် ချက်ဖိုကြီးများ၏အညွန့် သူတို့မဝံ့ကြပါ။

ရာဂထန် မာန်တက် အရှက်ပျက်သွားသူ လူသားတို့သည် လည်းကောင်း၊ ဒေါသထန် မာန်မောက် အကြောက်ပျောက်သွားသူ လူသားတို့သည် လည်းကောင်း၊ မောဟမွှန် ကျွံတက် မရှက်မကြောက်ဘက် ယက်ထွက်လာသူ လူသားတို့သည်လည်းကောင်း ဒေဝဒတ်နှင့်အပေါင်းပါတို့သည် ဘုရားကိုလျှင် ရှောင်ကြတော့ပါ။

ခွေးနှင့် လူ ဘယ်သူပို၍မိုက်သနည်း။

တစ်ဖန် အရှင်မောဂ္ဂလာန်ကို သတ်သော ခိုးသားများ . . .

အရှင်ကုဏ္ဍမိတ္တကို သတ်သော ခိုးသားများ. . .၊ ယင်းတို့သည် ရဟန္တာများကိုပင် 'ရမည်ဆို ဘာနဖူး သိုက်တူးသူများ' ပမာ ဆိုရပါမည်။

ခွေးနှင့် လူ ဘယ်သူပို၍မိုက်သနည်း။

သည့်အတူ မြန်မာတို့၏ ရှေ့ပြေးမြန်မာများဖြစ်ကြလေသော ပျူခေတ်၊ ပုဂံခေတ် စသည်များတွင်လည်း. . . အဖေသတ်၍ နန်းရပ်လုယူသောမင်း၊ အမေတော်ကောက် မိဖုရားမြှောက်သောမင်း၊ မောင်ရင်းနှမချင်း လင်ဇာတ်၊ မယားဇာတ်ခင်းကျင်းသောမင်း. . .၊ ထိုမင်း ဤမင်းများနှင့်တကွ အမည်မပေါ်လွင်သော သူယုတ်မာ လူတွင်ကျယ်များသည်လည်း ခွေးအောက်မကျသော်မှ ခွေးနှင့်တန်းတူကား လိုက်နေကြပါသည်။

မင်းတွင် မာန+မာန်တွင် ရာဇမာန်ပါ ထပ်တင်ထားပါသည်။

မင်းတွင် ကာမရမ္မက်အပြင် ရာဇအမျက်ပါ ထပ်ပိုးထားပါသည်။

- ရှက်ကြောက်နှစ်တန် အဖြူခံ ပူဒဏ်ကိုလေကန်ထုတ်သည်။ ရှက်ကြောက်မဲ့ပြန် အမဲ(မည်း)ခံ ပူဒဏ်ကိုလေ စုပ်ယူသည်။

သို့ဖြင့် လူသားတိုင်း၌ မိခင်နှင့်တူသော အရှက်တရားထားသင့်ကြပါသည်။ လူသားတိုင်း၌ ဖခင်နှင့်တူသော အကြောက်တရားထားသင့်ကြပါသည်။

**မိဘစုံမှ ဂုဏ်ရှိစွ**

လူတွင် အမိသာရှိ၍ အဖမဲ့နေသော် မျက်နှာငယ်ကြရ၏။ တစ်ဖန်. . . အဖသာရှိနေပြီး အမိမဲ့နေခဲ့သော် မျက်နှာငယ်ကြရ၏။ တစ်ဖန်. ... မိမဲ့၊ ဖမဲ့ဖြင့် လောကထဲ ဝဲလည်ကျန်နေခဲ့လျှင်လည်း မျက်နှာငယ်ရပြန်၏။ ပမာ . . .

ရာဂအားနည်း၍ အရှက်ကားရှိနေ၏။ သို့သော် ဒေါသကြီးနေသဖြင့် အကြောက်အလန့် ကင်းမဲ့နေခဲ့သော် . . . သည့်အတူ ဒေါသနည်း၍ရာဂကြီးနေသူ၊ ရာဂဒေါသနှစ်ပါးစလုံးကြီးနေသူများသည်လည်း ယင်းတို့ သွေးတိုးပေး၍ အမှုတစ်ခုခု ကျူးလွန်ပြီးစီးသွားလေတိုင်း. . .

ကျူးလွန်ခံလိုက်ရသူ (သို့) သူ့အသိုင်းဝိုင်းများရှေ့ မျက်နှာမဖော်ဝံ့ပါ။ တာဝန်အရ အုပ်ချုပ်သူ အရေးယူရသူများ၏ ရှေ့တွင်လည်း မျက်နှာမဖော်ဝံ့ပါ။ ထိုအကြောင်းကို သိနေကြသူ ပတ်ဝန်းကျင်တို့၏ ရှေ့တွင်လည်း မျက်နှာမဖော်ဝံ့ပါ။

- ရှက်သင့်ရာရာ မရှက်လာ မျက်နှာငယ်ရ တတ်ပါသည်။ ကြောက်သင့်ကြောက်ရာ မကြောက်လာ မျက်နှာငယ်ရ တတ်ပါသည်။

ဤအရှက်မဲ့၊ အကြောက်မဲ့များကို မိမဆုံးမဖမဆုံးမသားသမီးများဆိုရပါမည်။ ထိုသူများ ဘာသာအသီးသီးမှ ဘာသာဝင်များချည်းဖြစ်ကြရာ . . . သူတို့၏ မိဘဆရာများက ရှက်တတ်၊ ကြောက်တတ်ကြရန် သွန်သင်ပေးပြီးသားများဖြစ်ကြရပါမည်။သို့တစေလည်း မိမိခန္ဓာအိမ် ဓာတ်သွေး (ဗီဇသွေး) မှ ပါလာကြသော ရာဂ၊ ဒေါသအယုတ်တရားနှစ်ပါး၊ မိမိမျက်စိရှေ့၊ နားရှေ့ အတွေ့ဖြင့် လှေ့သွင်းနေကြသော ပတ်ဝန်းကျင်၊ သူတို့တရား နာကြားမိခြင်းကြောင့် ထိုအရှက်နှင့် ထိုအကြောင်းတို့ကို မျက်ကွယ်ပြုမိခြင်းဖြစ်ရာ သူတို့မဆုံးမ၍ကား မဟုတ်ကြပါ။

ဤ၌မေးစရာ . . .

သွေးအေးသော မိဘက မေတ္တာဖြင့် ဆုံးမနေချိန်တွင် သွေးဆူနေသောအဖော်က ရာဂဖြင့် လှုံ့ဆော်၍လှော်မည်။ ခေါ်မည်။ ထိုသည့်ကလေး မည်သည့်နောက်ပါမည်နည်း။

တစ်ဖန် သွေးပူနေသည့်မိဘက ကရုဏာဖြင့်ပြောဆိုကြိမ်းမောင်းနေချိန် အကြိုက်တူအယူမျှနေသောအဖော်က သွေးအေးအေးဖြင့် မြူဆွယ်မည်။ သိမ်းသွင်းမည်။ ထိုသည့်ကလေး မည်သူ့ဘက် လက်ဆက်ပါမည်နည်း။

ဤ၌ ငါတို့ တောစကားဖြင့် ပြောကြားလိုသေး၏။

တို့တောဝယ် တို့ခေတ်က နွားများအုပ်လိုက်မွေးထားကြ၏။ စားကျက်လည်း ကျယ်ဝန်း၏။ မုဆိုးမဖြစ်သော ငါတို့မိခင်၌ပင် နွားအကောင်ပေါင်း (၃၀) ကျော် ရှိ၏။ ထိုမှပင် ခိုင်းနွားများထွန်းကားလာ၏။ ထိုမှပင် မျိုးဆက်လက်တန်းများ ထွန်းကားလာ၏။

ထိုစဉ် နွားငယ်များ အပျိုဖြန်း၊ လူပျိုဖြန်း အရွယ်ရောက်ချိန် အရိုင်းစိတ်များဝင်လာကြရာ သူတို့ကြောင့်

www.burmeseclassic.com

အခြားနွားများ ကောင်းကောင်းမစားကြရတော့ပါ။ ထိုအခါ ဤနွားရိုင်းများကို ခွဲထားကျောင်းနည်းဖြင့် နွားကျောင်းသားတစ်ဦးက တာဝန်ယူ၍. . . နံနက်ခြံမှ လွှတ်ထုတ်လျှင်လည်း စောစောလွှတ်ပေးရ၏ (နွားရိုင်းလွှတ်ချိန် အမည်တွင်၏) ညနေ ခြံသွင်းရာ၌လည်း စောစောသွင်းပေးရ၏။ (နွားရိုင်းလွှတ်ချိန် အမည်တွင်၏။)

သည့်အတူ ဗီးချိန်သင့်သဖြင့် (နွားသိုးများက) ဗီးပွင့်ပွင့်စေလိုသော စေတနာတို့ဖြင့် ဖွင့်ပေးရန် ကြိုးစားကြပါသည်ကို အကြည်အသာ မခံလိုကြသော နွားမသည် ရိုင်းစိုင်းစွာ လှည့်ပတ်ပြေးနေ၏။ နွားသိုးတို့ကလည်း အရိုင်းမပြေရာနောက် ရိုင်းစိုင်းစွာ အလုအယက် လိုက်နေကြ၏။ ယင်းတို့လည်း နွားရိုင်းအုပ်အရာဝင်၏။ လွှတ်ပေးချိန်၊ ပြန်သွင်းချိန် စောရ၏. . . ။ ပမာ. . .

လောကအလယ် လူရယ်လို့ ဖြစ်တည်လာကြသော ကလေးများကိုလည်း မိခင်၏ရင်ခွင်ဝယ် အရွယ်ငယ်ငယ်ကတည်းက စောစီးစွာ ပုံပြောပေးသော အလေ့၊ အတွေးဖြင့် ရှက်တတ်ကြောက်တတ်သောအလေ့များ ပေးထားသင့်ကြပါသည်။ တစ်ဖန် အသားကျစ်၊ သွေးပေါ၊ အကြောမာ၊ ရိုးတွင်းခြင်ဆီများပါ ပြည့်ဝလာသောအချိန်တွင် သုက်ဓာတ်များ ပန်းပြလာကြကာ ဘာဝသွေးဖြန်းအမူရာလေးများ ဆန်းလာတတ်ကြပါသည်။

ထိုစဉ် ဖခင်၏ မျက်လုံးဒေါက်ထောက် နားရွက်ငေါက်တောက်ကြည့်ကြားနည်းများဖြင့် စောစီးစွာ ကြိုတင်သတိပေးခြင်းအလေ့ အတွေ့ဖြင့် ထိန်းကျောင်းထားသင့်ကြပါသည်။ ဤအချိန် နွားရိုင်းသွင်းချိန်နှင့်အတူတူ။

တစ်ဖန် ပညာသင်ရင်း၊ အလုပ်လုပ်ကိုင်ရင်းမှပင် (လူပျိုထွားထွား၊ အပျိုဖားဖားကြီးများဖြစ်လာသည့်အလျောက်) အရိပ်ကြည့်ရာမှ ချိတ်မိလာကြ၏။ တစ်ဖန် စိတ်ချင်းချိတ်မိရာမှထွက် ကိုယ်ပါ ဆက်မိလာကြ၏။

ဤ၌ ကြားဝင်လိုသေး၏။ အချို့မိဘများတွင် အမေက သားသမီးများကို သူငယ်ချင်းကဲ့သို့ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံရေးလမ်းဖွင့်ပေးထားတတ်ကြ၏။ အချို့မိဘများတွင်ကား အဖေက အလိုလိုက် အတွင်းလူကဲ့သို့ ဂရုစိုက်လေ့ရှိ၏။ ဤသည်သို့ သားသမီးများနှင့် လက်ပွန်းတတီး ခရီးခြေတူ တွဲလျှောက်ပေးထားကြသူများ . . . ယခု အပျိုသမီး၊ လူပျိုသားတို့၏ ကြင်ဖက်ရွေးဖို့အရေး ဆွေးနွေးခွင့်ရလာကြပြီ။ ရံတစ်ခါ အဖေနှင့်သား တီးတိုးတီးတိုး ပြောကြားတိုင်ပင်သံများ. . .၊ ရံတစ်ခါ အမေနှင့်သမီး တိုးတိုးတိတ်တိတ် ကြိတ်ကြိတ်ခဲခဲ ဆွေးနွေးပွဲ. . . ။

ထိုသည့်နောက်တွင်ကား . . . သားဖြစ်သူက သူယူမည့်မိန်းကလေး အိမ်ခေါ်လာကာ မိဘနှင့်ဆုံပေး။ သမီးဖြစ်သူက သူ့လာဆက်သည့် အမျိုးသား အိမ်ခေါ်လာကာ မိဘနှင့်အရင်ထား။ ထိုအခါ မိဘတို့သည် အကဲဖြတ်ဒိုင်လူကြီးနေရာယူ၍ ဝေဖန်ပေးကြ၏။ သာကွက်၊ ဟာကွက်တို့ကို ထောက်ပြကြ၏။ ဟာကွက်ဒဏ် ခံနိုင်၊ မခံနိုင် သားသမီးဖြစ်သူအား တစ်ဖန် ပြန်စဉ်းစားခိုင်းကြ၏။ ဤအချိန်ကား နွားရိုင်းလွှတ်ချိန်နှင့် အတူတူပင်။ သို့ဖြင့်. . .

အချို့အတွဲများ သီရိဂေဟာနေရာရသွားကြလေပြီ. . .

အချို့အတွဲများလည်း အိမ်ထောင်ကျဖြစ်သွားကြလေပြီ. . . ။

လင်နေမယားထားအလုပ်သည် ကန်တွင်း ငါးနှိုက်ရသည်နှင့် တူလှ၏။ ကန်တွင်း ငါးဆင်းနှိုက်ကြရာ၌ (မှန်းနှိုက်ကြရသည်ကြောင့်) အချို့ လက်ထဲ ငါးခူ၊ ငါးရံ့ ကြီးကြီးမားမား ဆုပ်မိကိုင်မိကြ၏။ အချို့ လက်ထဲ အဆိပ်ဝင်မြွေကြီးများ လည်ပင်းဆုတ်မိလျက်သား ပါလာကြ၏. . . ။ ပမာ . . . လင်နေမယားထားများ၏ တွေ့စနှင့် ချစ်ရက်ကြာလာချိန် မတူတတ်ကြ။ တွေ့စတွင် အညင်သာဆုံး ယုယမှုများနှင့် အချိုသာဆုံး စကားများ ကြားရတတ်ကြ၏။ ချစ်သက်ရှည်တွင်ကား အမင်တစ်ပိုင်း၊ ညဉ်တစ်ပိုင်းဖြင့် အရိုင်းဖောက်လာတတ်ကြ၏။

သူ့ကိုယ်ရှိ ညဉ်ရိုင်းများ သည် နေရာဖောက်မလာကြသေးသော်မှလည်း ပေါင်းသက်ကြာ၍ ကလေးအချောင်းချောင်း ရောက်လာသောအခါများတွင်ကာ သူ့အပေါ် ကိုယ်အားမရ၊ ကိုယ့်အပေါ် သူအားမရဖြစ်လာကြတော့ရာ သူ့ရှိဇ သူကလည်းအစွမ်းကုန် အကုန်ထုတ်ပြတော့သည်သာ။ ကိုယ်ကလည်း ကိုယ့်ရှိဇ မီးကုန်ယမ်းကုန် ထုတ်ပြတော့သည့်သာ. . . ။

အိမ်ထောင်ကျွဲ ဝန်ပိ အားမတန်မာန်ဖိ ခံရချိန် စီးပွားဘက် လက်ယွင်းသူ့ကြောင့်၊ ငါ့ကြောင့် အငြင်းပွားချိန်၊ လောကဓံ လှိုင်းအပုတ် ခြေလက်များ ပြုတ်မတတ်ခံရချိန် ဤအချိန်များသည်လည်း မိမိတို့မြုပ်ထားသော ပစ္စည်းများ (ညဉ်၊ ဇများ) ထုတ်သုံးသောအချိန်များပင် ဖြစ်ကြပါသည်။ သို့ကြောင့် လူသားများသည် နုနုငယ်ငယ် အရွယ်များနှင့် အပျိုသင်စေဟာအရွယ်များတွင် ဗီဇသွေးသွင်းပေးကြသော မိဘနှစ်ပါးတို့၏ စကား လိုက်နာကြရပါမည်။ တစ်ဖန် ကိုယ့်ဘဝ ကိုယ်အခြေတည် ကိုယ့်ကိုယ်ကိုယ်ပြန်မှီရသောအရွယ်များတွင်ကား . . . ရှက်၊ ကြောက်နှစ်ပါး မိဘအရာထား၍ ယင်းတို့ သဘောထား လေးစားကြရပါမည်။

အရှက်ထားခြင်းဖြင့် လက်ငင်း မကောင်းဒဏ် အခံရလွှတ်ပါမည်။

အကြောက်ထားခြင်းဖြင့် နောင်မကောင်းဒဏ် တွန်းလှန်ပြီးသား ဖြစ်ပါမည်။

တစ်ဖက်ခြံက ကြက်တစ်ကောင်ကို ခိုးဖမ်း၍ သတ်လိုးမိပြီဆိုပါစို့. . . ပစ္စက္ခတွင် ထိုပိုင်ရှင်နှင့် အမှုရင်ဆိုင်ရပါတော့အံ့။ သံသရာတွင် ထိုကြက်၏ ပြန်လည်တောင်းခံကြွေး ပေးရပါတော့အံ့။ သို့ကြောင့် အရွယ်ရ၍ အိမ်ထောင်သားကျ ပြန်လည်မှီခိုစရာ သားသမီးတို့ရလာချိန်၊ မိမိတို့လည်း သွေးအတက်မပြ အကျမဖြစ်သေးသော အရွယ်လယ်ထဲ ဝင်လာချိန်၊ ထိုအချိန်များတွင် . . .

သံယာနှင့်ဘာသာရေးဆရာသမားများ၏ တရားစကား နာကြားရန် မမေ့သင့်ကြပါ။ နာကြားပြီးတရား ကိုယ်တိုင်လိုက်နာကျင့်သုံးရန်လည်း မမေ့သင့်ကြပါ။ ကိုယ်တွေ့တရား ငယ်နှောင်းသူတို့အား ပြန့်ပွားပေးခြင်းဖြင့် တစ်ပိုင်တစ်နိုင် သာသနာပြုရန်လည်း မမေ့သင်ကြပါ။

ယနေ့အတွက်တော့ ခရီးရောက်လာကြပြီ။ နက်ဖြန်အတွက် ခရီးဆက်ရန် ကျန်သေး။ ထိုခရီး ခြေလျင်သွားကြမှာလား၊ ယာဉ်စီး၍သွားကြမှာလား။ ယာဉ်စီးသွားပြီဆိုပါစို့ . . . ကိုယ်ပိုင်ယာဉ်စီးမှာလား၊ အငှားယာဉ်စီးမှာလား။ ကိုယ်ပိုင်ယာဉ်ပဲဆိုပါစို့. . . ယာဉ်ပေါ်တွင် အိပ်ပြီးလိုက်မှာလား၊ နိုးလျက်သားနှင့် စီးလိုက်ကြမှာလား . . . ။

(ဆက်ရန်)

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအုန်းဆွင်

## တရားဦးမှစကားဦး

ဒီကနေ့ ဆွေးနွေးခြင်းဟာ ကျွန်တော်ရဲ့(၁၅)ကြိမ်မြောက်ဆွေးနွေးခြင်း ဖြစ်ပါတယ်။ စကားစပ်လို့ဖြစ်စေ၊ လိုအပ်လို့ဖြစ်စေ၊ မေ့လျော့လို့ဖြစ်စေ ဆွေးနွေးတင်ပြပြီးခဲ့တာတွေ ပြန်ပါလာပါမယ်။ အထပ်ထပ်အဖန်ဖန်ကြားနာသင့်တဲ့စကားတွေပဲလို့ ယောနိသောမနသိကာရဖြင့် သင့်တင့်စွာ နှလုံးသွင်းကြပါလို့ ရှေးဦးစွာ မေတ္တာရပ်ခံချင်ပါတယ်။

ဒီနေ့ ကျွန်တော် ဆွေးနွေးမယ့် ခေါင်းစဉ်ကို တရားဦးမှ ဇကားဦးလို့ အမည်ပေးပါမယ်။

တရားဦး ဆိုတာကိုတော့ ယောဂီများအားလုံးသိထားကြတဲ့အတိုင်း ဘုရားပွင့်ပြီးနောက် ရှေးဦးစွာဟောတဲ့တရားဟာ ဓမ္မစကြာတရားပါပဲ။ ဓမ္မစကြာတရား ဆိုတာ သစ္စာလေးပါးကိုပြဆိုရာတရားဖြစ်ပါတယ်။ သစ္စာလေးပါးမှာ အဦးဆုံးစကားက ဒုက္ခသစ္စာပါ။ မြတ်စွာဘုရားဟာ ဒုက္ခကို အရင်ဆုံး ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ သတ္တဝါတွေအတွက် တစ်ခုတည်းသော အဆိုးဆုံးတရားဟာ ဒုက္ခပါပဲ။ ပြီးခဲ့တဲ့အပတ်က ကျွန်တော်ပြောခဲ့ပါတယ်။ ကျွန်တော်တို့ဘဝရဲ့ အနှစ်သာရဟာ ဒုက္ခပါပဲလို့။

ဒုက္ခကို ဆင်းရဲခြင်းလို့ အားလုံးသိကြပါတယ်။ ဆင်းရဲခြင်းရဲ့ဆန့်ကျင်ဘက်က ချမ်းသာခြင်းပေါ့။ ချမ်းသာခြင်းဆိုတာ လိုချင်စရာအရာပဲ။ လိုချင်စရာ၊ နှစ်သက်စရာကို ပါဠိလို ဣဋ္ဌာရုံလို့ခေါ်တယ်။ သုခလို့လည်း ခေါ်တယ်။ မလိုချင်စရာ၊ ရွံမုန်းစရာ၊ မနှစ်သက်စရာကို အနိဋ္ဌာရုံလို့ခေါ်တယ်။ အဲ - ဒုက္ခဆိုတာ အနိဋ္ဌာရုံပဲ။

အပြည့်အစုံပြောရရင် -

ဒုက္ခဆိုတာ ရွံမုန်းစရာကောင်းပြီး ကိုယ်လိုချင်တာဘာမှမရ၊ ဖြစ်ချင်တာ ဘာမှမဖြစ်တဲ့တရားတဲ့။ မလိုချင်တာအစုံ အနိဋ္ဌာရုံအစုအပုံကြီးဟာ ဒုက္ခပဲပေါ့။ ဒီဒုက္ခကို ဘယ်သူက ထုတ်လုပ်ပေးသလဲဆိုရင် အကုသိုလ်တရားက ထုတ်လုပ်ပေးတယ်။ အကုသိုလ်ဆိုတာ ဘာလဲဆိုတော့ -

အပြစ်ရှိပြီး ဆင်းရဲခြင်းကိုဖြစ်စေတဲ့အမှုဖြစ်ပါတယ်။ပါဠိလိုတော့ သဝဇ္ဇ ဒုက္ခဝိပါကလို့ ပြောပါတယ်။ ဒီတော့ အပြစ်ဆိုတာဘာလဲလို့ သိဖို့လိုလာပြန်ပါတယ်။ အပြစ်ဆိုတာ နစ်နာခြင်းကိုဖြစ်စေသောအမှုလို့ အဓိပ္ပာယ်ရပါတယ်။ ဘယ်လိုနစ်နာခြင်းကိုဖြစ်စေသလဲဆိုရင် (၁) ပြုလုပ်သူကိုယ်တိုင် ကိုယ်ကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးခြင်း၊ (၂) အပြုခံရသူမှာ (အများမှာ) နစ်နာဆုံးရှုံးခြင်းနဲ့ (၃) နှစ်ဦးနှစ်ဖက်စလုံးမှာ နစ်နာဆုံးရှုံးခြင်း ဖြစ်ပါတယ်။ အဲဒီနစ်နာဆုံးရှုံးခြင်းဟာ ချမ်းသာမှုဆုံးရှုံးခြင်း၊ ဆင်းရဲခြင်းပဲ။ အဲဒီတော့ -

ဒုက္ခကို ဖန်တီးထုတ်လုပ်သူက အကုသိုလ်ပေါ့။

အကုသိုလ်ကို ဘယ်သူကဖန်တီးထုတ်လုပ်သလဲဆိုပြန်တော့ -

အကုသိုလ်ကိုဖန်တီးထုတ်လုပ်သူဟာ တဏှာပဲ။ တဏှာသုံးပါးရှိတာ အားလုံးသိပါတယ်။ ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာတဲ့။ လူချမ်းသာ၊ နတ်ချမ်းသာ စတဲ့ ချမ်းသာတွေမှာ ပျော်မွေ့စရာ၊ နှစ်သက်စရာ၊ ခံစား၊ စံစားစရာ ကာမဂုဏ်အာရုံတွေကို ခံစား၊ စံစားလိုတာက ကာမတဏှာ။ အသျှင်ဩဘာသာဘိဝံသပြုစုတဲ့ သုတေသန သရုပ်ပြ အဘိဓာန်မှာ တဏှာသုံးပါးကို -

အာရုံဒိဋ္ဌိအားဖြင့် ကွဲပြားလာသော လောဘသဘောတရား (၃) ပါး။

(၁) **ကာမတဏှာ** - ကာမဂုဏ်အာရုံတွေကို တွယ်တာနှစ်သက်နေမှု။

(၂) **ဘဝတဏှာ** - ကာမဂုဏ်အာရုံတွေကိုမြဲ၏ဟု ယူဆနေသော သဿတဒိဋ္ဌိခေါ် ဘဝဒိဋ္ဌိနှင့်အတူဖြစ်သောတဏှာ။

(၃) **ဝိဘဝတဏှာ** - ကာမဂုဏ်အာရုံတွေကို ပြတ်စဲ၏ဟု ယူဆစွဲလမ်းမှု၊ နတ္ထေဒိဋ္ဌိခေါ်ဝိဘဝဒိဋ္ဌိနှင့်အတူဖြစ်သောတဏှာရယ်လို့ ဖော်ပြထားပါတယ်။

ဒီတဏှာမှာ လောဘနဲ့ ဒိဋ္ဌိလို့တွေ့ရမယ်။ ဒိဋ္ဌိဆိုတာ စွဲလမ်းတာပဲ။ ဒါကြောင့် ဒီခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာလို့ခေါ်တာ။ စွဲလမ်းလို့ရလာတဲ့ခန္ဓာပဲ။

အဲဒီတဏှာကို ဘယ်သူထုတ်လုပ်သလဲဆိုတော့ တဏှာကိုထုတ်လုပ်သူက အဝိဇ္ဇာပဲ။ အဝိဇ္ဇာပစ္စယာသင်္ခါရကို ပြတယ်မဟုတ်လား။ သင်္ခါရဆိုတာ တဏှာ+ဥပါဒါန်+ကမ္မဘဝပေါင်းထားတာပဲ။ အဝိဇ္ဇာရဲ့လှည့်စားမှုနဲ့ ဘဝတစ်ခု

www.burmeseclassic.com

ကို လိုချင်စွဲလမ်းပြီး ထိုဘဝရအောင် ပြုလုပ်တဲ့အတွက် ရလာတာ မဟုတ်လား။ သင်္ခါရပစ္စယာ ဝိညာဏံသင်္ခါရကြောင့် ဝိညာဏ်နာမ်ရုပ်ကိုရလာတာ။ ဝိညာဏ်နာမ်ရုပ်ကိုရတာ ဘဝကိုရတာပဲ။ ဒါကြောင့် -

◻ အကုသိုလ်အားလုံးရဲ့ အစဟာ အဝိဇ္ဇာ -

လို့ပြောတာ။ အဝိဇ္ဇာကို ကိလေသာဆယ်ပါးမှာ 'မောဟ' လို့ ပြတယ်။ ကိလေသာဆယ်ပါးကို အားလုံးသိပြီးမို့ ထပ်မပြောတော့ဘူး။ အဲဒီမှာ လေးပါး ထပ်ပေါင်းပြီး စိတ်ကိုညစ်ညူးပူလောင်စေသောတရားလို့ အမည်ပေးတယ်။ အဲဒီလေးပါးက-

၁။ အဘိဇ္ဈာ - သူတစ်ပါးပစ္စည်းကို မိမိပစ္စည်းဖြစ်လိုခြင်း၊
၂။ ဗျာပါဒ - သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊
၃။ ကုက္ကုစ္စ-နောင်တပူပန်စိုးရိမ်ခြင်း၊
၄။ ဣဿာမစ္ဆရိယ - မနာလိုခြင်း၊ ဝန်တိုခြင်းတို့ ဖြစ်ပါတယ်။

အားလုံးရဲ့အချုပ်ကတော့ -

လောဘ၊ ဒေါသ၊ မောဟပါပဲ။

အဲဒါ အကုသိုလ်တရားများရဲ့ ရေသောက်မြစ်ပဲ၊ ဒုက္ခရဲ့ရေသောက်မြစ်ပဲ။ ဒုက္ခ(ဆင်းရဲခြင်း)အမျိုးအစားတွေက အများကြီးပေါ့။ ချုပ်လိုက်ရင် ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းပေါ့။ ဝေဒနာသုံးပါးစလုံးဟာ ဒုက္ခ (ဆင်းရဲခြင်း) ပဲ။ ဝေဒနာသုံးပါးကိုအားလုံးသိကြပါတယ်။ သုခ၊ ဒုက္ခကြား ဆိုတာ ချမ်းသာ၁၊ ဆင်းရဲ၂၊ မချမ်းသာ - မဆင်းရဲ၃ရယ်လို့ပေါ့။ ဆင်းရဲတာကို ဒုက္ခ၊ ချမ်းသာတယ်လို့ထင်ရတဲ့ ဝေဒနာဟာလည်း မမြဲလို့ ဝိပရိနာမဒုက္ခတဲ့။ ချမ်းသာမဟုတ်၊ ဆင်းရဲမဟုတ်ကိုတော့ သင်္ခါရဒုက္ခတဲ့။ အားလုံးဒုက္ခချည်းပဲပေါ့။ ဓမ္မစကြာဒေသနာတော်မှာ မြတ်စွာဘုရားက -

ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ အိုရခြင်းဆင်းရဲ၊ နာရခြင်းဆင်းရဲ၊ သေရခြင်းဆင်းရဲ၊ မချစ်မနှစ်သက်တဲ့သတ္တဝါသင်္ခါရတို့နဲ့ အတူတကွ ပေါင်းသင်း ယှဉ်တွဲမှီဝဲနေထိုင်ရခြင်းဆင်းရဲ၊ ချစ်ခင်နှစ်သက်တဲ့ သတ္တဝါသင်္ခါရတို့နဲ့ ကွေ့ကွင်းရခြင်းဆင်းရဲ၊ အလိုရှိတာမရခြင်းဆင်းရဲလို့ဆိုပြီး ဆင်းရဲမျိုးတွေကိုပြပါတယ်။ ဒီမှာ ပဋိသန္ဓေနေရခြင်းဆင်းရဲ(ဇာတိဒုက္ခ)ကို ကျွန်တော်တို့က အမိဝမ်းတွင်းမှာ ကိုးလဆယ်လကျဉ်းကျဉ်းကျပ်ကျပ်နေ၊ အမိစားသမျှ မနိုင်မနင်းစားရ၊ စပ်ရ၊ အမိသောက်သမျှ ပူရ၊ အေးရနဲ့ခံရတဲ့ ဒုက္ခလောက်ကိုပဲ မြင်ကြ၊ ပြောကြခြင်း ဖြစ်ပါတယ်။ တကယ်တော့ အခုဇာတိပဋိသန္ဓေက ဒီဘဝသေတဲ့အထိရမယ့်၊ ခံရမယ့် ဒုက္ခရဲ့အစပါပဲ။ ဒုက္ခအားလုံးရဲ့ မူလအရင်းအမြစ်ပေါ့။ ဘဝကိုစရတဲ့ဇာတိကစရင်တော့ သံသရာတစ်လျှောက်လုံးမှာ ခံရတဲ့ဒုက္ခရဲ့အစပဲပေါ့။ အဲဒီလိုလေးနက်ပါတယ်။

အိုရခြင်းဆင်းရဲဆိုတာကို လူငယ်တွေက သိပ်မသိကြပါဘူး။ သိပ်ပြီးတော့လည်း အလေးအနက်မထားကြပါဘူး။ ကျွန်တော်တို့ အပါအဝင်ပေါ့။ အဘိုးအဘွားများ ကယောင်ချောက်ချားပြောမိ၊ လုပ်မိရင် ရယ်တောင်ရယ်ကြသေးတယ်။ အခု ကျွန်တော်တို့အားလုံးဟာ (၇၀) ကျော်၊ (၈၀) ကျော်တွေချည်းပဲဆိုတော့ ဇရာဒုက္ခဆိုတဲ့ အိုရခြင်းဆင်းရဲကို အားလုံးသိကြပါပြီ။ ကိုယ့်ခြေကိုယ့်လက်တောင် ကိုယ့်စကားနားမထောင်တာတွေ့ရပြီ။ ကျော်ရင်မလွတ်ဘူး၊ ကိုင်ရင်မမြဲဘူး။ အိုတယ်ဆိုတာက ဇာတိဆိုကတည်းက ဇရာကဆက်ပါလာတာပဲ။ ခန္ဓာအတွက်ဖြစ်လာတာမှန်သမျှ အချိန်က အကုန်စားပစ်တာပဲ။ ကာလောဃသတိတဲ့။ အချိန်က လူကိုလည်းစားတယ်။ သူ့ကိုယ်သူလည်းပြန်စားတယ်။

ဒါပေမယ့် စောစောပိုင်းက ဖြည့်ဆည်းပေးတဲ့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေက လုံလောက်နေလို့ သိပ်မသိသာဘူး။နောက်ပိုင်းမှာ ထောက်ပံ့ဖြည့်ဆည်းမှုအားနည်းလာတော့ အချိန်ရဲ့အစားခံရတာ သိသာလာတယ်။ အချိန်က ပျို့မျစ်နုနယ်မှုမှန်သမျှကိုစားတယ်၊ ကာယအား၊ ဉာဏအားတွေကိုစားတယ်။ အလေးမချန်ပီယံဆိုသူဟာလည်း အိုလာတော့ ကိုယ့်ကိုယ်ကအရိုးကိုတောင် ကိုယ်မသယ်နိုင်တော့ဘူး။ သားရေဖုံးနေတဲ့ အရိုးပဲရှိတာကိုတောင် မ,မနိုင်၊ မထနိုင်၊ မသယ်နိုင်လို့ ထူကြပါဦး၊ တွဲကြပါဦး လုပ်ရတော့တာပဲ။ ခုကြားပြီး၊ ခုပြောပြီး တော်တော်ကြာမေ့သွားတယ်။ နောက်ဆုံး သတိလည်းကင်း၊ အိပ်ရာမှာ ဟိုဘက်သည်ဘက်တောင်မလှည့်နိုင်တော့ဘူး။ ဒါဟာ အိုရခြင်းဆင်းရဲရဲ့ သရုပ်တွေပဲ။

နာရခြင်းနဲ့ သေရခြင်းဆင်းရဲကတော့ အရွယ်မရွေးတွေ့နေရတာမို့ အထူးပြောစရာမလိုတော့ဘူး။ မြတ်စွာဘုရားက နောက်ဆုံးအချုပ်အားဖြင့် -

ခန္ဓာငါးပါး၊ ရုပ်-နာမ်တရားတို့ဟာ ဆင်းရဲပဲလို့ ချုပ်ပြီး ဟောတော်မူပါတယ်။

ကျွန်တော်တို့မှာ အမြဲဖိစီးနှိပ်စက်နေတာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းပဲ။ အကြောင်းအားလျော်စွာပေါ်လာတဲ့ဆင်းရဲက လေးမျိုးရှိသေးတယ်။ အချုပ်ကိုပြောတာနော်။ အကြောင်းအားလျော်စွာဆိုပေမယ့် သူကလည်း အမြဲအကြောင်းအားလျော်နေတာပဲ။

အဲဒါတွေက -

သောက(စိုးရိမ်ပူပန်ခြင်း)၊ပရိဒေဝ (သောကထက် ပြင်းထန်သည့် အပူမီးတောက်လောင်ခြင်း)၊ ဒုက္ခ (ကိုယ်၏ဆင်းရဲခြင်း)၊ ဒေါသမနဿ (စိတ်၏ဆင်းရဲခြင်း၊ ဥပါယာသ (အပြင်းထန်ဆုံးဆင်းရဲ)တို့ပဲဖြစ်ပါတယ်။

သူတို့ဖြစ်ပုံကို ရွှံကုန်သည်ဇာတ်လမ်းနဲ့ဥပမာပေးပြီး ကျွန်တော်ပြောခဲ့ပါပြီ။

အကုသိုလ်တရားတွေက ထုတ်လုပ်လိုက်တဲ့ ဒုက္ခတွေဟာ ခန္ဓာကိုယ်ထဲကို မြစ်ကြီးလေးသွယ်ကနေ အဆက်မပြတ် စီးဝင်တယ်။ မြစ်ကြီးလေးသွယ်က -

(က) ကာမဂုဏ်အာရုံမှာ တွယ်တာစွဲလမ်းခြင်း ဆိုတဲ့ ကာမောဃ၊

(ခ) ဘဝမှာတွယ်တာစွဲလမ်းခြင်းဆိုတဲ့ ဘဝေါဃ၊

(ဂ) ထင်ရာမြင်ရာအယူအဆတွေမှာ တွယ်တာစွဲလမ်းခြင်းဆိုတဲ့ ဒိဋ္ဌောဃ၊

(ဃ) အမှားကိုအမှန်ထင်၊ အမှန်သိ၊ အမှန်ကိုအမှားထင်၊ အမှားသိခြင်းဆိုတဲ့ အဝိဇ္ဇောဃတို့ပဲဖြစ်တယ်။

သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက်မှာ ဒီဩဃတရားတွေဟာ မပြတ်စီးဝင်နေတဲ့အတွက် သူတို့ဟာ အလျဉ်ရနေတဲ့ စိမ်ရည်အိုးကြီးလိုဖြစ်နေတယ်။ အမြဲမပြတ် ယစ်မူးပြန်တော့တာပေါ့။ မူးနေတဲ့အမူးသမားဟာ စိတ်လည်းပုံမှန်မဟုတ်ဘူး။ ကိုယ်လည်းပုံမှန်မဟုတ်ဘူး။ ကိုယ်က ယိုင်ထိုးပြီး ဆောက်တည်ရာမရဖြစ်နေသလို စိတ်ကလည်း ကောင်းမှုမှာ တည်ငြိမ်အောင် ဆောက်တည်ဖို့ အလွန်ခဲယဉ်းတာပေါ့။ ရဟန္တာမှတစ်ပါး သတ္တဝါတိုင်းမှာ ဒီအာသဝတရားတွေဟာ မပြတ်စီးဝင်နေတယ်။ အမူး-အရူးဆိုတဲ့စကားရှိတယ်မဟုတ်လား။ အရူးဟာ စိတ်ကပုံမှန်မဟုတ်လို့ ကိုယ်လည်း ဂနာမငြိမ်၊ ပုံမှန်မဟုတ်သလို အမူးသမားဟာလည်း

www.burmeseclassic.com

စိတ်လည်းပုံမှန်မဟုတ်၊ ကိုယ်လည်းပုံမှန်မဟုတ်ဘူး။ ပုထုဇဉ်မှန်သမျှ ဒီစိမ်ရည်တွေ ကိုယ်ထဲကို စီးဝင်စွဲမြဲနေတာပဲ။ သံသရာမှာ ရှည်ကြာလာလေ စွဲမြဲလေ၊ အမှုးမပြေလေ မူးလေပေါ့။ ဒါကြောင့် ပုထုဇဉ်ကို အရူးလို့ပြောတာ။

လောကီအာရုံ ကာမဂုဏ်တွေကို ခုံမင်စွဲလမ်းတဲ့အာသဝတွေ၊ ကာမဂုဏ်အာရုံတွေနဲ့တကွ ဘဝကိုစွဲလမ်းနေတဲ့ အာသဝတွေ၊ ယုံကြည်မှုအပေါ် စွဲလမ်းနေတဲ့အာသဝတွေ -

ယုံကြည်မှုအပေါ် စွဲလမ်းတဲ့ အာသဝက ဒိဋ္ဌာသဝပေါ့။ ကာမသဝနဲ့ ဘဝါသဝက လောဘပေါ့။ လောဘဆိုတာ ကော်စေးလိုစေးကပ်တယ်။ အခုခေတ်ပေါ်နေတဲ့ ဆူပါဂလူးဆိုတာမျိုးပေါ့။ ဆူပါဂလူးပေနေတဲ့လက်နဲ့ အခြားအရာဝတ္ထုကို မကိုင်မိဖို့ အလွန်သတိထားရတယ်။ ကိုင်မိရင် ကပ်ပြီးခွာလို့မရတော့ဘူး။ အသားကိုလှီးထုတ်မှရမယ်။ လောဘဆိုတာလည်း ဒီလိုပဲ။ သူလိုချင်တပ်မက်တဲ့ ကာမဂုဏ်အာရုံနဲ့ လောဘစိတ်ဟာ ဆူပါဂလူးနဲ့ကပ်ထားသလိုကပ်နေတယ်။ သာမန်နည်းနဲ့တော့ ခွာလို့မရဘူး။

'ဒိဋ္ဌိ'ကျတော့ စွဲကိုက်ထားတယ်။ မြွေက ဖားကို ဖမ်းကိုက်ထားတဲ့အခါမှာ ဖားတာ ဘယ်လိုမှ ရုန်းထွက်လို့မရနိုင်သလို ယုံကြည်စိတ်ဟာ အမြင်၊ အယူ၊ ယုံကြည်မှုကို စွဲစွဲမြဲမြဲကြီးကိုက်ထားတတ်တယ်။ စွဲမြဲယုံကြည်ထားတဲ့ ယုံကြည်ချက်တစ်ခုကို စွန့်လွှတ်ဖို့ဆိုတာ အလွန်ခက်ခဲပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ သာသနာကို ကြည်ညိုပြီး ရဟန်းဝတ်လာတဲ့ ရဟန်းတစ်ပါးဟာ အတ္တဝါဒကို ယုံကြည်နေတယ်။ ဒါကို မြတ်စွာဘုရားက မှားယွင်းကြောင်း နည်းမျိုးစုံနဲ့ ရှင်းပြတာ လက်မခံဘူး။ သူ့ယုံကြည်ချက်ကို သူမစွန့်လွှတ်နိုင်ဘူး။

လောကမှာ အမြင်၊ အယူ၊ ယုံကြည်ချက်အမျိုးမျိုးနဲ့ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးရှိတယ်။ ခေတ်ကာလကြီးတိုးတက်လာတာနဲ့ အချို့အမြင်၊ အယူ ယုံကြည်ချက်တွေဟာ အဓိပ္ပာယ်မရှိဖြစ်သွားတယ်။ ဒါကိုသိပေမယ့် မစွန့်လွှတ်နိုင်သူတွေများနေတယ်။

တစ်ခါက ကျွန်တော် ဘာသာမဲ့တစ်ယောက်နဲ့ တွေ့ဖူးတယ်။ ပြောမနာဆိုမနာ အလွန်ရင်းနှီးသူပဲ။ သူက ဘာသာရေးဆိုတာ မသိနားမလည်သူတွေကို ယုတ္တိမရှိတာတွေကို နားမလည်နိုင်ဘဲ ယုံအောင်ပြောပြီးညာစားတာပဲလို့ ပြောတယ်။ ကျွန်တော်က ခင်ဗျား ဗုဒ္ဓဘာသာကို လေ့လာဖူးသလားလို့ မေးတော့ သူက ကျွန်တော် မလေ့လာရဲဘူး။ ဗုဒ္ဓဘာသာက တခြားဘာသာတွေနဲ့မတူဘဲ သဘာဝယုတ္တိရှိတယ်တဲ့။ လေ့လာလိုက်ရင် ကျွန်တော့်ဘာသာမဲ့ ယုံကြည်ချက်ကို စွန့်လွှတ်မိမှာစိုးလို့ ဆိုပြီး ဖြေတယ်။ အကြောင်းအမျိုးမျိုးကြောင့် အမြင်၊ အယူ၊ ယုံကြည်ချက်အမျိုးမျိုးဟာ လူအမျိုးမျိုးမှာ မြွေက ဖားကိုကိုက်ထားသလို စွဲမြဲနေတယ်။ အလွန်ဖြုတ်ရခက်တယ်။ ဒါကဒိဋ္ဌာသဝ။

နောက်တစ်ခုက အဝိဇ္ဇာသဝပဲ။ သူကတော့ သိတဲ့အတိုင်းပဲ။ အကုသိုလ်တရားအားလုံးမှာ သူပါတယ်။ သူ့လက်ချက်လွတ်တာမရှိဘူး။ သံသရာကို သူနဲ့စတယ်။ဆုံးတော့လည်း သူနဲ့ပဲဆုံးတယ်။ အစအဆုံး သူ့လက်ချက်ပဲပေါ့။ သတ္တဝါတွေကို သံသရာထဲမှာ ကြိုး(၁၀)ချောင်းနဲ့တွဲထားတယ်။ နောက်ဆုံးကြိုးကလွတ်ရင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ပြီး သံသရာက လုံးဝလွတ်ပြီ။ အဲဒီနောက်ဆုံးကြိုးဟာ အဝိဇ္ဇာပဲ။ သံယောဇဉ်ကြိုး (၁၀) ချောင်းအကြောင်းကို ရှေ့ကပြောခဲ့ပြီ။ နောက်လည်းပြောရဦးမယ်။

ခုပြောခဲ့တဲ့ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ ဆိုတဲ့ အာသဝေါလေးပါးကို ကိလေသာ(၁၀) ပါးထဲထည့်ရင် လောဘနဲ့မောဟနှစ်ပါးပဲ။ ရှေ့သုံးပါးက လောဘ၊ နောက်ဆုံးက မောဟပဲ။

သူတို့ဟာ လူ့ခန္ဓာ(သတ္တဝါ)မှာ အမြဲစီးဝင်နေတဲ့အတွက် အာသဝေါလေးပါးနဲ့ပြည့်နေတဲ့ လူ့ခန္ဓာကြီးဟာ သမုဒ္ဒရာကြီးပဲ။ သမုဒ္ဒရာမှအလွန်ကြောက်မက်ဖွယ်ကောင်းတဲ့သမုဒ္ဒရာပါ။ အဲဒီလို လှိုင်းတံပိုးထပြီး ကြောက်မက်ဖွယ်ကောင်းတဲ့ သမုဒ္ဒရာနဲ့အတူ အခြားကြောက်မက်ဖွယ်ရာတွေလည်း ရှိသေးတယ်။ အဲဒါတွေက ဩဃတဲ့။ သူက အင်မတန်သန်တဲ့ ရေစီးကြောင်းပဲ။ သူ့အထဲရောက်သွားရင် ရပ်တည်ရာမရနိုင်အောင်မျောပါတတ်တယ်။ တောင်ပေါ်က အရှိန်ပြင်းစွာနဲ့ကျလာတဲ့တောင်ကျရေဟာ လမ်းကြောင်းတစ်လျှောက်မှာရှိတဲ့ ရွာတွေနဲ့အရာတွေကို သိမ့်ခနဲတိုက်မျောသွားသလိုလိုပဲ။ လွန်ခဲ့တဲ့နှစ်(၄၀)ကျော်လောက်က မြန်မာပြည်အထက်ပိုင်းမှာ တစ်ခါကြုံဖူးတယ်။ ရွာပေါင်း(၄၀)ကျော်ဟာ အဲဒီရေစီးသန်တဲ့တောင်ကျရေစီးကြောင်းထဲ ဖက်ရွက်ပစ်ချလိုက်သလိုပါသွားတယ်။ အဲဒီလို တိုက်မျောရုံမကဘူး၊ ဆွဲမြှုပ်လည်းပစ်တတ်သေးတယ်။ မြစ်၊ ပင်လယ်၊ သမုဒ္ဒရာတွေထဲမှာ ဝဲဆိုတာကိုကြားဖူးကြတယ် မဟုတ်လား။ ရေက ဝဲကတော့ကြီးလိုဖြစ်ပြီး လည်နေတယ်။အဲဒီအထဲရောက်သွားတဲ့ လှေ၊ သင်္ဘောများဟာ အဲဒီဝဲကတော့က အောက်ကိုစုပ်ဆွဲနှစ်မြှုပ်လိုက်တယ်။ အလွန်ကြောက်ဖို့ကောင်းတယ်။ ကျွန်တော်တို့ဆီမှာရှိတဲ့ ကိလေသာတွေဟာလည်း ကျွန်တော်တို့ကို ဒီသံသရာသမုဒ္ဒရာထဲကမထွက်နိုင်အောင် တိုက်မျောပြီး ဆွဲမြှုပ်ခြင်းတို့နဲ့ အမြဲနှိပ်စက်နေတယ်။

နောက်တစ်မျိုးက -

ယောဂတဲ့။ ယောဂဆိုတာ ချည်နှောင်ခြင်းကိုဆိုတာ။ ပစ္စည်းတစ်ခုနဲ့တစ်ခုကွဲမသွားအောင်၊ တွဲနေအောင် ကြိုးနဲ့ ချည်ထားတာမျိုးပေါ့။ သတ္တဝါဆိုရင်လည်း နွားတစ်ကောင်နဲ့တစ်ကောင် စသည်ဖြင့်ပေါ့ (ကွဲမသွားအောင်) နွားနဲ့ချည်တိုင် (လွတ်မသွားအောင်) ချည်ထားသလိုပေါ့။ ဒီဘဝကို နောက်ဘဝနဲ့ ချည်နှောင်တယ်။ ဘဝက လွတ်ထွက်မသွားအောင်ပေါ့။ ကံနဲ့ ကံရဲ့အကျိုးကို ချည်နှောင်ထားတယ်။ ရဟန္တာမှလွဲရင် ကံလုပ်သမျှ ကံရဲ့အကျိုးဖြစ်တာချည်းပဲ။ သတ္တဝါနဲ့ ဆင်းရဲခြင်းကို ကွဲမသွားအောင် ချည်နှောင်ထားတယ်။

နောက်တစ်မျိုးက -

ဂန္ထတဲ့။ ဂန္ထဆိုတာ ထုံးဖွဲ့ခြင်းလို့ အဓိပ္ပာယ်ရတယ်။ မြန်မာစကားမှာ ချည်နှောင်ထုံးဖွဲ့ ဆိုတာ ရှိတယ်မဟုတ်လား။ ရိုးရိုးချည်နှောင်တာမဟုတ်ဘဲ ထုံးဖွဲ့ပြီးချည်နှောင်ထားတာ။ ရိုးရိုးချည်ထားတာက ချည်ထားတဲ့ကြိုးစကိုမြင်ရတယ်။ ဘယ်လိုချည်ထားသလဲ၊ တစ်ကြော့ချည်လား၊ နှစ်ကြော့ချည်လား၊ ကွင်းလျှောလား၊ ဘုလက်သီးလား၊ ခေါက်တုပ်လားဆိုတာကို မြင်ရတယ်။ အစနဲ့ ချည်ပုံကိုမြင်ရတော့ ဖြေဖို့နည်းလမ်းရှိတာပေါ့။ ခက်တာနဲ့ လွယ်တာပဲကွာမယ်။

ထုံးဖွဲ့ထားတယ်ဆိုတာ ကြိုးစရှာမတွေ့ဘူး။ ထုံးထားတဲ့အလုံးကြီးဖြစ်နေတယ်။ ဘယ်ကစကိုင်ရမှန်းမသိဘူး။ ရုပ်နဲ့နာမ်ကို ခွဲမရအောင် ထုံးဖွဲ့ထားတယ်။ ကာလသုံးပါးကိုထုံးဖွဲ့ထားတယ်။ အင်မတန်ဖြေရခက်တာပေါ့။

နောက်တစ်မျိုးက -

ဥပါဒါန်တဲ့။ ဥပါဒါန်အကြောင်း

www.burmeseclassic.com

တို ပြောခဲ့ပြီးပြီ၊ အားကို မြွေမျိုးခြောက်မျိုး ဖမ်းကိုင်ထားသလို စိတ်နဲ့ အာရုံကိုခွဲလို့မရအောင် တွဲချည်ထားတယ်။ စိတ်ဟာ အာရုံမရှိဘဲ မရပ်တည်နိုင်ဘူး။ မျက်စိမြင်သူဟာ ကြိုးတန်းကိုဆွဲပြီးလမ်းလျှောက်ရသလိုပဲ။ ကြိုးတန်းမရှိရင် လမ်းလျှောက်လို့မရဘူး။ ဒီလိုပဲ စိတ်ဟာလည်း အာရုံမရှိဘဲမနေနိုင်ဘူး။ ဒါကြောင့် အာရုံကို မလွှတ်တမ်း မြဲမြဲကြီးဆွဲထားတယ်။

နောက်တစ်မျိုးက -

နီဝရဏတဲ့။ နီဝရဏဆိုတာ ဆို့ပိတ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ တရား၊ အသိဉာဏ်ဆိုတဲ့ အလင်းရောင်ဝင်လာမယ့်အပေါက်ကို နီဝရဏတရားက ဆို့ပိတ်ပြီး မှောင်အတိဖြစ်စေတယ်။ အသိဉာဏ်အလင်းမရအောင်တားသည့် ဆို့ပိတ်တဲ့တရားပဲ။ နီဝရဏတရားငါးပါးရှိတယ်။ အဲဒါတွေက -

(၁) **ကာမစ္ဆန္ဒ** - အာရုံငါးပါးကာမဂုဏ်တရားတို့ကိုသာ ခံစားလိုခြင်းလောဘ။

(၂) **ဗျာပါဒ** - ပြစ်မှားခြင်းအမျက်ဒေါသ။

(၃) **ထိနမိဒ္ဓ** - ထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း၊

(၄) **ဥဒ္ဓစ္စ၊ ကုက္ကုစ္စ** - စိတ်မတည်ကြည်ခြင်း၊ စိတ်ပျံ့လွင့်ခြင်း၊ စိုးရိမ်ကြောင့်ကြ ပူပင်သောကဖြစ်ခြင်း။

(၅) **ဝိစိကိစ္ဆာ** - ရတနာသုံးပါး၏ဂုဏ်ကျေးဇူးနှင့် မိမိကျင့်ကြံအားထုတ်နေသောတရားများအပေါ် သို့လောသို့လောဖြင့် အယုံမှားသံသယဖြစ်ခြင်းတဲ့။

ဒါတွေအားလုံးဟာ အကောင်းကို အကောင်းမှန်းမသိအောင်၊ အဆိုးကို အဆိုးမှန်းမသိအောင်၊ ဒုက္ခကို ဒုက္ခမှန်းမသိအောင်၊ အသိဉာဏ်ပညာကို အားပျော့အောင်၊ အားနည်းအောင် ပိတ်ဆို့ထားခြင်းဖြစ်ပါတယ်။

နောက်တစ်မျိုးက -

အနုသယတဲ့။ အနုသယဆိုတာက မိမိသန္တာန်မှာ အမြဲကိန်းနေတဲ့ ကိလေသာအနုစားကလေးပေါ့။ မွေးရာပါပဲ။ ဘဝစဉ်ဆက်လိုက်ပါတယ်။ နိုးကြားထကြွလာဖို့ အကြောင်းမပေါ်သေးရင် ငြိမ်နေတယ်ပေါ့။ အကြောင်းပေါ်မှ ထကြွလာတာ။ အကြောင်းပေါ်လာရင် အဆင့်နှစ်ဆင့်နဲ့ထကြွတယ်။ ပထမအဆင့်က ဆူပွက်တယ်၊ ဒုတိယနဲ့နောက်ဆုံးအဆင့်က လောင်ကျွမ်းတယ်။ လောဘ၊ ဒေါသဖြစ်စရာအာရုံနဲ့မတွေ့သေးတဲ့အခါ ငြိမ်သက်နေတယ်။ တွေ့ရင် ပထမ မနေနိုင်အောင် ပြောချင်လုပ်ချင်တယ်။ နောက်တကယ်မနေနိုင်ဖြစ်ပြီး ပြောပြီး၊ လုပ်ပြီး ဒုက္ခရောက်ပြီး ဖြစ်တယ်။ ဒါကို (၁) လောင်ကျွမ်း (၂) ဆူပွက် (၃) မျိုးမပျက် သုံးချက်ကိလေသာလို့စကားစဉ်ရှိတယ်။ အဆုံးကနေ အစကိုပြန်ပြောတာပေါ့။ မျိုးမပျက်ဆိုတာ ဘဝဆက်တိုင်းပါပြီး အစဉ်ကိန်းနေတာကို ပြောတာပဲ။

နောက်တစ်မျိုးက -

သံယောဇဉ်တဲ့။ ပြင်းပြင်းထန်ထန်၊ တင်းတင်းကျပ်ကျပ်ချည်နှောင်ထားတဲ့ သံယောဇဉ်ကြိုး(၁၀)ချောင်းအကြောင်းကို ကျွန်တော် ပြောခဲ့ဖူးပါတယ်။ ဒါပေမယ့် ထပ်ပြောပါဦးမယ်။

(၁) သက္ကာယဒိဋ္ဌိတဲ့။ သက္ကာယဒိဋ္ဌိအကြောင်း ပြီးခဲ့တဲ့အပတ်က တင်ပြခဲ့ပြီးဖြစ်လို့ ထပ်မတင်ပြတော့ဘူး။ သူက နိယတမိစ္ဆာဒိဋ္ဌိလို ကိန်းသေအပါယ်ကျတာမဟုတ်ဘူးဆိုတာရယ်၊ ကံ-ကံရဲ့အကျိုးကိုပယ်တဲ့၊ အကြောင်းအကျိုးကိုပယ်တဲ့၊ ကုသိုလ်-အကုသိုလ်ကိုပယ်တဲ့ နိယတမိစ္ဆာဒိဋ္ဌိမျိုးသာ သုဂတိဘုံတားကြောင်း၊ အပါယ်လားကြောင်းဆိုတာရယ်ကိုပဲ ထပ်ပြီးမှတ်ဖို့ပါ။ (၂) ဝိစိကိစ္ဆာတဲ့။ နီဝရဏတရားမှာပါခဲ့ပြီဖြစ်လို့သိပြီးသားဖြစ်နေပြီ။ (၃) သီလဗ္ဗတပရာမာသတဲ့။ ခွေးလို၊ နွားလိုကျင့်ရင် သံသရာက လွတ်မြောက်နိုင်တယ်လို့ယူတဲ့ အယူအကျင့်မျိုးကို ပြောတာ။ ဒီသုံးမျိုးဟာ အပါယ်လည်းကျနိုင်တယ်။ (၄) ကာမာဆန္ဒတဲ့။ အတိုက လောဘပဲ။ နောက် (၅) ဗျာပါဒတဲ့။ သူက ဒေါသပေါ့။ ဒီနှစ်မျိုးနဲ့ကတော့ အပါယ်မကျနိုင်ဘူး။ (ရိုးရိုးပြောတာ။ အပါယ်ကျအောင် မဖြစ်ရင်ပေါ့။ မလုပ်ရင်ပေါ့။) ဒါကို အပါယ်ကြိုးငါးချောင်းလို့ ခေါ်တယ်။

နောက် -

(၆) ရူပရာဂ၊ (၇) အရူပရာဂ၊ (၈) မာန၊ (၉) ဥဒ္ဓစ္စ၊ (၁၀) အဝိဇ္ဇာတို့ဖြစ်ပါတယ်။ ပြဟ္မာ့ဘုံများနဲ့ ကျန်သုံးပါးကို အထက်ကြိုးငါးချောင်းလို့ ခေါ်ပါတယ်။ အဝိဇ္ဇာမှာဆုံးနေတာကို သတိပြုမိမှာပေါ့။ စတော့လည်း အဝိဇ္ဇာကပဲ မဟုတ်လား။ အဝိဇ္ဇာဟာ ရဟန္တာဖြစ်မှ ပြတ်တယ်။ သံသရာတစ်လျှောက်လုံး ကပ်ပါတာ။

အခုပြောခဲ့တဲ့ တရား(၉)ပါးဟာ သံသရာမှာ ကျွန်တော်တို့ကျော်ဖြတ်နေတဲ့ ကြောက်မက်ဖွယ်ရာအခက်အခဲကြီးတွေပဲ။ ဝါးတောင်နဲ့တူတယ်၊ မီးတောနဲ့တူတယ်၊ သမုဒ္ဒရာနဲ့တူတယ်၊ လှိုင်းပုတ်တယ်၊ ဝဲစုပ်တယ်၊ ရေစီးသန်တဲ့ ရေစီးကြောင်းထဲ တိုက်မျှောခံရတယ်။ ဒုက္ခကြီးပေါ့။ ဒီဒုက္ခဖြစ်ကြောင်းက တဏှာပေါ့။

တစ်ခါတစ်ရံ ကမ်းနားဘက်ကပ်လာပြီး ကမ်းဘေးမှာပေါက်ပြီး ရေထဲကို ကိုင်းထွက်နေတဲ့ သစ်ကိုင်းတွေ တွေ့ရတတ်တယ်။ ဒါပေမယ့် ဝေးလွန်းရင် မတွေ့ရဘူး။ လက်လှမ်းမီလောက်အောင် မနီးရင်လည်း မြင်ရုံပဲမြင်လိုက်ရတယ်။ လက်လှမ်းမီပေမယ့် မဆွဲလိုက်မိရင် လက်လွတ်ဆုံးရှုံးသွားပြန်ရော။

အဲဒါ ဘုရားပွင့်တာနဲ့ ဘုရားသာသနာနဲ့ကြုံတာကိုပြောတာ။ ဘုရားနဲ့၊ ဘုရားသာသနာနဲ့ကြုံပြီး ကျွန်တော်တို့ အထက်ပါ လက်လွတ်နည်းတွေနဲ့ ဘယ်နှခါလွတ်ခဲ့ပြီလဲမသိဘူး။ အခုကြုံပြီ။ မဝေးဘူး။ လက်လှမ်းမီနေတယ်၊ ဖမ်းဆွဲလိုက်ရုံပဲ။ ဆွဲမိပြီးပြီဆိုရင်တော့ ကြိုးစားရင် တဖြည်းဖြည်း ကမ်းပေါ်ရောက်မှာပဲ။ အခုကျွန်တော်တို့ဆွဲမိထားကြပါပြီ။ ကြိုးစားပြီး ကမ်းပေါ်တက်ကြဖို့ပါပဲ။

အဲ - အရေးကြီးတာ ပြန်လွတ်မသွားဖို့ဘဲ။ ပုထုဇဉ်တွေဟာ ဂတိမမြဲဘူးဆိုတာ သုဂတိ၊ ဂတိကိုချည်းပြောတာ မဟုတ်ဘူး။ အခုကျွန်တော်တို့ဗုဒ္ဓဘာသာဖြစ်နေတယ်။ ဗုဒ္ဓနဲ့တရားတော်ကို ယုံကြည်ပြီး ကျင့်ကြံအားထုတ်နေတယ်။ တကယ်လို့ ပေါ့ပေါ့တန်တန်နဲ့ သေသွားပြီး ဒီကုသိုလ်နဲ့ (ဒါန၊ သီလ၊ ကုသိုလ်) နဲ့ လူ့ချမ်းသာဘဝကို ပြန်ရတယ်ဆိုပါစို့။ တခြားဘာသာအသိုင်းအဝိုင်းမှာသွားဖြစ်ရင် အဲဒီအယူကိုပဲယူမှာ။ သောတာပန်ဖြစ်မှ အယူမပြောင်းဖို့ စိတ်ချရတာတဲ့။ ဒါပေမယ့် ဝိပဿနာတရားကို အပတ်အကုတ်ကြိုးပမ်းအားထုတ်ခဲ့လို့ ပါရမီအထောက်အပံ့ပေးနိုင်ရင် အဲဒီမှာသွားဖြစ်ပေမယ့်ဖောက်ထွက်လာနိုင်တယ်တဲ့။ အခုအခြားဘာသာက ဗုဒ္ဓဘာသာကို ကူးပြောင်းလာသူများလိုပေါ့။ ဒါကြောင့် အပတ်တကုတ်အားထုတ်ကြပါစို့လို့ အားပေးဆော်ဩရင်း ဒီအပတ်အတွက် ဒီတင်နားကြပါစို့။ မဂ်ပေါက်ဖိုလ်ပေါက်အားထုတ်နိုင်ကြပါစေ။

ယောဂီများ သာဓု၊ သာဓု၊ သာဓု။

ချောင်းဆုံအုန်းမွှင်

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ အစဉ် သူရဇ္ဇမဂ္ဂဇင်းကြီး၌ ရေးသားလာသည်မှာ ယခုအခါ (၁၅) ဆူ ပြီးမြောက်ခဲ့ရောက်ခဲ့ပါပြီ။ ဆက်လက်ပြီးတော့လည်း ရေးသားတင်ဆက်ရန် ဘုရားစေတီများရှိပါသေးသည်။ စူဠာမဏိစေတီတော်၊ မယ်မင်းဘုံဘုရား၊ ပြဒါးရှင်ဘုရား၊ စ-ဓ-ဗ-ဝစေတီတော်၊ ရှင်မထီးဘုရား၊ မျက်ရှင်ဘုရား၊ ချမ်းသာကြီးဘုရား စသည်ဖြင့် ဘုရားများစွာ ကျန်ရှိပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အထက်ပစ္စယံမှာတည်ရှိ တဝဂ္ဂုပတ္တမြားမျက်ရှင်ဘုရားအား ဘုရားစေတီများ စုံစုံစေ့စေ့တင်ပြပြီးမှ နောက်ဆုံးပိတ်ဘုရားအဖြစ် ရေးသားတင်ပြမည်ဟု မူလပထမ အစပိုင်းက စိတ်ကူးစီစဉ်ထား

ကံဝင်း

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

တန်ခိုးတော်ကြီးမား

အမှတ်(၁၆)

# တဝဂ္ဂုပတ္တမြားမျက်ရှင်ဆုတောင်းပြည့်ဘုရား


## ထူးထူးခြားခြား စေတီတော်ကြီးပန်းဆွဲအောက်မှ စဓပဝအမှတ်အသား



အပေါင်းသော ပဋ္ဌာန်းရွတ်ဖတ်ပူဇော်သောည
ရွှေတိဂုံထီးတော်ထိပ်ဆုံးမှာ
ရောင်ခြည်တော်လွှတ်တော်မူပုံ



ဆုတောင်းပြည့်ပတ္တမြားမျက်ရှင်တော်



အောင်မြေမှဖူးမြော် ရွှေတိဂုံစေတီတော်




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးတော်ပေါ်မှ ဖူးတွေ့ရသော နောင်တော်ကြီးစေတီ



ဒေါင်မြေပုဖူးမြော်
စဓပဝအမှတ်လက္ခဏာတော်



မိုးညှင်းဆရာတော်ဘုရားကြီး၏
စဓဗဝ စမအမှတ်တော်



အဘပထမံဘိုးဘိုးအောင်ပုံ

သော်လည်း တဝဂူပတ္တမြားမျက်ရှင် ဘုရားဆောင်းပါးကို ယခုလမှာပင် ရေးသားဖြစ်ခဲ့ပါသည်။ အကြောင်းရင်းမှာ ရွှေတိဂုံစေတီတော်မြတ်ကြီးလုံးတော်ပြည့်ရွှေစင်ရွှေသားများကပ်ရန် ရွှေတိဂုံဂေါပကအဖွဲ့ကြီးမှ နှိုးဆော် ဆော်ဩသောအခါ မြန်မာပြည်အရပ်ရပ်မှ သဒ္ဓါကြည်လင် ပါရမီအလှူရှင်များ ရွှေစင်ရွှေပြားများ သဒ္ဓါဖွေးဖြူ ရွှေတိဂုံဘုရားများသို့ သွားရောက် လှူဒါန်းတော်မူကြပါသည်။ တပေါင်းပွဲတော်ကြီးကျင်းပစဉ်ကာလဖြစ်သည့်အားလျော်စွာ ဘုရားဖူးများဖြင့် အထူးစည်းကားလှပါသည်။

ထိုသို့ သဒ္ဓါကြည်ဖြူ ရွှေပြားရွှေသင်္ကန်းကပ်လှူရာတွင် စာရေးသူတို့ ရှုရွှမဂ္ဂဇင်းကြီး၏ စာတည်းမှူးချုပ် ဦးသာစုလည်း ရွှေစင်ရွှေသား (၆) ကျပ်သားရွှေပြားကို သဒ္ဓါဖွေးဖြူ ကပ်လှူပူဇော်ကြပါသည်။ ဂေါပကလူကြီးများ၏ သတ်မှတ်ထားသောစည်းကမ်းများအရ ငြိမ်းဆင်ထားသော ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အလှူရှင်များကိုယ်တိုင် တက်ရောက် ကုသိုလ်ယူ ကပ်လှူဒါန်းခွင့်ပေးထားပါသည်။

စာတည်းမှူးချုပ် ဦးအောင်မြတ်ကိုယ်တိုင် ဦးဆောင်တက်ရောက် လှူဒါန်းခဲ့ရာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရာဟုထောင့်ပန်းဆွဲအောက်တွင် ထင်ရှားကျော်ကြားလှပါသော စမအမှတ်အသား 'စ-မ-ဗ-ဝ'ကို အနီးကပ် နဖူးဖြင့်ဦးတိုက်ဦးခိုက်ပူဇော်ခွင့်ရခဲ့ပါသည်။ ထိုစဉ်က စာရေးသူမှာ ရေစကြိုမြို့နယ် ဟသ်ာကျွန်းစေတီတော်ရေစက်ချအခမ်းအနားသွားရောက်နေသည်ဖြစ်၍ လိုက်ပါခွင့်မရ။ အနီးကပ်ဖူးမြော်ခွင့်မရခဲ့ပါ။

စာရေးသူ ရန်ကုန်ပြန်ရောက်၍ မဂ္ဂဇင်းတိုက်သို့ သတင်းပို့သောအခါ စာတည်းမှူးချုပ်မှ စာရေးသူအား



www.burmeseclassic.com


www.burmeseclassic.com



တန်ခိုးကြီးလေးဆူဓာတ်ပုံရွှေတံဂုံစေတီတော်ပန်းဆွဲအောက်မှ ဖဖဖ အမှတ်အသား

www.burmeseclassic.com

www.burmeseclassic.com



မြွေစေတီကျောက်စာတိုက်နှင့် ကျောက်စာများ



ရွှေတိဂုံဘုရားပန်းဆွဲအောက်မှ ထူးထူးခြားခြား 'စ-မ-ဗ-ဝ' အမှတ်သားဆောင်းပါး ဖောင်မပိတ်မီ ရေးသားပါရန် အာဝန်ပေးလိုက်ပါသည်။ စာရေးသူသည် 'စ-ဓ-ဗ-ဝ' အမှတ်သား ထူးခြားချက်များရေးသားဖို့ ကျမ်းစာအုပ်တွေ အနှံ့ရှာဒီရှာလုပ်ရပါသည်။ ကျမ်းစာအုပ်များတွင် ရာဟုထောင့် ပန်းဆွဲအောက်မှ ထင်ရှား 'စ-ဓ-ဗ-ဝ'အမှတ်သားဖြစ်ပေါ်ပုံရှာမရခဲ့ပါ။ လေ့လာမှုအားနည်းတဲ့ စာရေးဆရာဟု ပြောလည်းခံယူပါသည်။ သို့သော်လည်း အချက်အလက်အချို့ကိုတော့ ရှာဖွေတွေ့ရှိခဲ့ပါသည်။ ရွှေတိဂုံစေတီတော်ရာဟုထောင့်ပန်းဆွဲအောက်မှ 'စ-ဓ-ဗ-ဝ' အမှတ်အသားအကြောင်း ရေးဖွဲ့ပါလျှင် အထက်ပစ္စယံမှ ထင်ရှားကျော်ကြား တဝဂုပတ္တမြားမျက်ရှင်ဘုရားသမိုင်းကို ချန်လှပ်ထားခဲ့၍မရဖြစ်သည်မို့ ယခင်က နောက်ဆုံးပိတ်မှ ရေးသားမည်ဟု ဆုံးဖြတ်စီစဉ်ထား ပတ္တမြားမျက်ရှင်ဘုရား ဆောင်းပါးကို ယခုလတွင်ပင် ကြိုတင်တင်ဆက်လိုက်ရပါတော့သည်။

**တဝဂူ ပတ္တမြားမျက်ရှင် ဆုတောင်းပြည့်ဘုရား**

လွန်ခဲ့သောနှစ်ပေါင်း(၂၂၀)ကျော် ခရစ်နှစ် ၁၇၉၂ ခုနှစ်တွင် အဘ ပထမံဘိုးဘိုးအောင်မှ ရွှေတိဂုံစေတီတော် အထက်ပစ္စယံတွင် တည်တော်မူခဲ့သောဘုရားဖြစ်ပါသည်။ တည်တော်မူရာတွင် ရှေးမင်းဆက် (၉) ဆက်၏ အမြတ်ဆုံးပတ္တမြား (၉) လုံး အပါအဝင် ပြဒါးရှင်နှင့်အတူ ရတနာကျောက်သံပတ္တမြားစုစုပေါင်း (၉) မျိုး ဌာပနာတော်မူ၍ လောကီအစီအရင်များဖြင့် အထက်ပစ္စယံအရှေ့ဘက်တည့်တည့်တွင် တည်ထားတော်မူခဲ့ကြောင်း သိရပါသည်။ တဝဂူ ဆုတောင်းပြည့်ဘုရားဟု ဘွဲ့အမည်တော်မှည့်ခေါ်တော်မူပါသည်။ ရုပ်ပွားဆင်းတုတော်မြတ်ကြီး၏ ထူးခြားမှုမှာ မျက်လုံးတော်သည် ပကတိမြတ်စွာဘုရားမျက်လုံးတော်ကဲ့သို့သက်ဝင်နေသည်မှာ အထူးထင်ရှားပါသည်။ နောင်သောအခါ မျက်ရှင်တော်ကိုအကြောင်းပြု၍ ကြည်ညိုလွန်းအားကြီးသူများက ပတ္တမြားမျက်ရှင်ဘုရားဟု ခေါ်တော်မူကြပါသည်။ ရှေးမီနောက်မီလူကြီးများက သက်တော်ထင်ရှားနှင့်မခြား ဆုတောင်းအလွန်ပြည့်ဝသည်ဖြစ်၍ 'ပတ္တမြားမျက်ရှင်မြတ်စွာဘုရား' ဟု ခေါ်တော်မူကြပါသည်။

တဝဂူ ဆုတောင်းပြည့် မြတ်စွာဘုရားသည် တန်ခိုးကြီးတော်မူခြင်းကြောင့် ဆုတောင်းပြည့်သည်ဟု အလွန်




www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံအောင်မြေမှာ ဆုတောင်းနေကြသူများ



အောင်မြေမှာ အဓိဋ္ဌာန်ပုတီးစိပ်ကြသူများ



ရာဟုထောင့်အောင်မြေမှ ဘုရားဖူးများ

ယုံကြည်ကြပါသည်။

**▫မသိသူကျော်သွား သိသူဖော်စား**

ရွှေတိဂုံဘုရားအထက်ပစ္စယံပေါ်သို့ ရှေးအခါက ဘုရားဖူးများအရောက်အပေါက်နည်းကြ၏။ တချို့သောဘုရားဖူးများက အထက်ပစ္စယံတနင်္လာထောင့်တွင်တည်နေတော်မူသော ပတ္တမြားမျက်ရှင်တဝဂူဆုတောင်းပြည့်ဘုရားကို သတိမပြုမိကြ။ တည်တော်မူထားသည်ကို မသိသူကများလှ၏။ အထက်ပစ္စယံပေါ် အမျိုးသမီးများမတက်ရဟု စာရေးထားသည့်အမြင် အထက်ပစ္စယံအပေါက်ဝလှေကားတွင် လုံခြုံရေးများနေ့ညမပြတ်စောင့်ကြပ်နေခြင်းကြောင့်လည်း စစ်ဆေးမေးမြန်းခံရမှာ စိုးရွံ့သော၊ ရိုးသားသောရှေးလူများ မတက်ဖြစ်ခဲ့ကြ။ အထက်ပစ္စယံသို့ လွယ်ကူစွာ မတက်ရ၍ အရောက်အပေါက်နည်းသည်ဟုဆိုရပါလိမ့်မည်။

ယနေ့ယခုခေတ်မှာပင် အထက်ပစ္စယံတက်၍ ပတ္တမြားမျက်ရှင်ဘုရားဖူးရန် မလွယ်ကူလှပါ။ ဂေါပကအဖွဲ့ထံ သတ်မှတ်ထားစည်းကမ်းချက်နှင့်ဓာတ်ပုံ (၃) ပုံလျှောက်လွှာရေးလျှောက်ထားရပါသည်။ စိစစ်ပြီး စည်းကမ်းချက်များနှင့် ကိုက်ညီသူများကိုသာ အထက်ပစ္စယံတက်ခွင့်ကတ်ပြားနှင့် တက်ခွင့်ရကြပါသည်။ တချို့သောဘုရားဖူးများကလည်း အထက်ပစ္စယံ၏အောက်တွင် ဆံတော်၊ ဓာတ်တော်၊ မွေတော်များ ဌာပနာထားသည်ဖြစ်၍ မတက်ဖြစ်ကြပါ။ အထက်ပစ္စယံအရှေ့ဘက် တနင်္လာထောင့်တွင် တည်ရှိ အဘပထမံဘိုးဘိုးအောင်တည်ထား တဝဂူ ဆုတောင်းပြည့် ပတ္တမြားမျက်ရှင်ဘုရားသည် သီလ၊ သမာဓိ၊ သိက္ခာ၊စရဏအားများသောသူတော်စင်များ တက်ရောက် ကြည်ညို ကုသိုလ်ယူ၍ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြပါလျှင် အလွန်တရာ ဆုတောင်းပြည့်ဝလှကြောင်း ကြားသိရပါသည်။ ဝိဇ္ဇာမရေ ဂမ္ဘီရပညာရပ်များလိုက်စား သူတော်စင်များ၊ သာသနာတော် (၅၀၀၀) ပြည့်ချိန် ရောင်တော်ပြန်လွှတ်ပွဲ ဆင်နွှဲလိုသော ဝိဇ္ဇာမိုရ်များ၊ အသက်ရှည်ကြာ နှစ်များစွာနေ၍ သာသနာပြုလိုသူ ဘိုးဘိုးကြီးများသည် ရွှေတိဂုံစေတီတော်အထက်ပစ္စယံမှာတည်ရှိ တဝဂူပတ္တမြားမျက်ရှင်ဘုရားတွင် ကတိသစ္စာတည်ကြည်စွာဖြင့် အဓိဋ္ဌာန်စခန်းဝင် အောင်ပွဲဆင်နိုင်ခဲ့ကြ၏။ ဆုတောင်းပြည့်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ရှေးအခါက မင်းညီမင်းသား မင်းမှူးထမ်းများသည် တဝဂူ ပတ္တမြားမျက်ရှင်ဘုရားရှေ့တော်မှောက်အရောက်သွား၍ ကန်တော့ပွဲကပ်လှူ၊ ဘာဝနာပွားများ သစ္စာရွတ်ဆို စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြသောအခါ လိုရာပြီးမြောက်အောင်မြင်ရောက်ကြ၏။ ထီးနန်းအရိုက်အရာ အလိုရှိရာ ဩဇာအာဏာရရှိပြီးသကာလ ထီးရိပ်နန်းရိပ် ထီးဖြူလုယူကြလေ၏။ ထီးနန်းအုပ်ချုပ် မင်းလုပ်ကြလေ၏။ အာဏာလုယူပြိုင်ပွဲဆင်နွှဲကြ၍ သတ်ကြဖြတ်ကြသည်အထိဖြစ်ကြရ၏။နောင်သောအခါ အချင်းချင်းသတ်ဖြတ်နန်းလု၊ အာဏာလုမဖြစ်ကြစေရန် ကြိုးစဉ်ငယ်ထိတ် မင်းလုပ်ကြစေရန်ရည်ရွယ်၍ မင်းညီမင်းသား မင်းမှူးထမ်းများ တဝဂူ ဆုတောင်းပြည့်ဘုရားသို့ သွားရောက်ဖူးမြော်ခြင်းမပြုရဟု အမိန့်စာချွန်တော်ထုတ်၍ တားမြစ်ရသည်အထိ ဖြစ်တည်ခဲ့ပါကြောင်း ခိုင်လုံသော အထောက်အထားများအရ ရေးသား တင်ပြအပ်ပါသည်။

နှစ်ပေါင်းများစွာ ရာချီပြောင်းလဲလာခဲ့ပြီဖြစ်သော ယနေ့ခေတ်တွင် စိတ်ကြံသမျှအဓိဋ္ဌာန်ပြုပုံခြင်းများကွာခြားသွားပြီဖြစ်ရာ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေးနှင့် ဘဝခရီးလမ်းဖြောင့်တန်းသာယာရေးဦးစားပေးကြလျက် အထက်ပစ္စယံ တဝဂူ ပတ္တမြားမျက်ရှင် ဆုတောင်းပြည့်ဘုရားတွင် သက်သတ်လွတ်စား၊ ပုတီးစိပ်ပွားများကြလျက် ဘဝအဆင့်အထက်တန်းတက်လှမ်းနိုင်ရေးအတွက် ကြိုးပမ်းနေကြလေပြီ။ စာရှုသူ ဓမ္မမိတ်ဆွေများအနေဖြင့်လည်း ဘဝခရီးလမ်းမှာအောင်မင်းတလူလူနှင့် အောင်ဆုတွေယူလိုပါလျှင် မသိသူကျော်သွား သိသူဖော်စား ဟောနှင့်အညီ ဆုတောင်းအလွန်ပြည့်ကြောင်းကို သိကြရပြီမို့ ယနေ့ပင်လျှင် ရွှေတိဂုံဘုရားအထက်ပစ္စယံသို့အရောက်သွား၍ တဝဂူ ပတ္တမြားမျက်ရှင်ဘုရားသခင်ရှေ့မှာ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုနိုင်ပါကြောင်း တိုက်တွန်း နှိုးဆော်အပ်ပါသည်။

**စာကြွင်း** - အမျိုးသမီးများတက်ရောက်ခွင့်မရ၍ စိတ်မပူကြပါနှင့်။ ယခုအခါ ဘုရားလူကြီးများမှ ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမဘုရား တန်ဆောင်းများတွင် ပတ္တမြားမျက်ရှင်ဘုရား TV ကြီးများဖြင့် တိုက်ရိုက်ထုတ်လွှင့်ထားပြီဖြစ်၍ ထိုရုပ်ပွားပုံတော်ရှေ့နားတွင် သစ္စာဆို အဓိဋ္ဌာန်ပြုနိုင်ကြပါကြောင်း။

**□ ထူးထူးခြားခြား ရာဟုထောင့် ပန်းဆွဲအောက်မှ စ-ခ-ဗ-ဝအမှတ်အသား**

အဘပထမံဘိုးဘိုးအောင်သည် တဝဂူဆုတောင်းပြည့်ရုပ်ပွားမြတ်ဘုရားအား အောင်မြင်စွာ တည်တော်မူပြီးနောက် အောင်မြင်ခြင်းအထိမ်းအမှတ်အနေဖြင့် လည်းကောင်း၊ (၇) ရက်သားသမီးများ ရာဟုဖွား (ဗုဒ္ဓဟူးနေ့ ၁၂ နာရီနောက်ပိုင်းမွေး) များ အပါအဝင် လေးဆူဓာတ်ပုံဘုရားရွှေတိဂုံသို့ ဘုရားဖူးရောက်လာသူများ၊ ဘုရားရှိသေ တရားပွားများ သံဃာကြည်ညိုကြသူအပေါင်း လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးတွေ ရရှိစေခြင်းငှာ ရွှေတိဂုံစေတီတော်ရာဟုထောင့်ပန်းဆွဲအောက် တည့်တည့်တွင် စ-ခ-ဗ-ဝစမ(၄)လုံးကို ဝိဇ္ဇာဓရဂုဏ်ရှိရပညာရပ်အစီအရင်များဖြင့် စီရင်တော်မူခဲ့ပါသည်။

**□ ပန်းဆွဲအောက် စ-ခ-ဗ-ဝအမှတ်အသား အာရုံပြု ပူဇော်ဆုတောင်းနည်း**

စ-ခ-ဗ-ဝဟူသောအမှတ်အသားသည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူခဲ့သော ဘုရားရှင်များ၏ အမှတ်လက္ခဏာတော်ဖြစ်တော်မူပါသည်။ ထိုစမ(၄)လုံးအမှတ်အသား မျက်နှာမူရာတည့်တည့်နေရာသည် ရာဟုထောင့်လွင်ပြင် ချမ်းသာကြီးတန်ဆောင်းအနီးမှာ တည်ရှိသည်။ ထို 'အောင်မြေ' နေရာမှ စေတီတော်ပန်းဆွဲအောက် စခဗဝ စမ (၄) လုံး အမှတ်အသားတော်ကို မမှိတ်မသုန် အာရုံပြုပြီး ဆုတောင်းပါက အလိုပြည့်စုံသည်ဟု အဆိုရှိပါသည်။

ထင်ထင်ရှားရှား စေတီတော်ကြီး ရာဟုထောင့်ပန်းဆွဲအောက်မှ စခဗဝ အမှတ်အသားတော် မျက်နှာမူရာတည့်တည့် ရာဟုထောင့်လွင်ပြင်ရှိ အောင်မြေဟုသတ်မှတ်ထား အဝန်းအဝိုင်းအတွင်းမှနေ၍ -

၁။ ဆီးမီးအမွှေးတိုင်ပူဇော်ပြီး နမောတဿ (၃) ကြိမ်ဘုရားကန်တော့ပါ။
၂။ သရဏဂုံ(၃)ပါးဆောက်တည်ပါ။
၃။ ငါးပါးသီလ ခံယူဆောက်တည်ပါ။ (တချို့က ၉ ပါး)
၄။ ပဋ္ဌာန်း ၂၄ - ပစ္စည်း ရွတ်ဆိုပါ။
၅။ အလိုရှိသောဆု တစ်ခုတည်း တောင်းပါ။
၆။ မေတ္တာများများပို့ပါ။
၇။ ဂုဏ်တော်ပုတီး(၉)ပါး (၉)ခေါက် စိပ်ပါ။
၈။ ယနေ့ပြုသောကုသိုလ် သစ္စာဆို ဆုတောင်းပါ။
(က) မတ်တတ်ရပ် လက်အုပ်ချီ စ-ခ-ဗ-ဝအမှတ်အသားမြင်အောင်ကြည့်၊ မမှိတ်မသုန် အာရုံစိုက်ပြီးကြည့်ပါ။
(ခ) သစ္စာဆို၊ ယနေ့ယခု အောင်မြေမှာပြုခဲ့သောဒါနမှု၊ သီလမှု၊ ဘာဝနာမှုကုသိုလ်အစုစုတို့ကြောင့် ဥပမာ ထီပေါက်ပါစေ၊ရာထူးတိုးပါစေ၊စီးပွားတိုးပါစေ၊ ကုန်ပစ္စည်းရောင်းထွက်ပါစေ၊ အိမ်မှဆင်းသွားသူပြန်လာပါစေ . . . စသည်ဖြင့် ဆုတောင်းကြပါလေ။ စေတီတော်ကြီး၏ ပန်းဆွဲအောက်မှ စ-ခ-ဗ-ဝအမှတ်အသား၏ သိဒ္ဓိစွမ်းအား စွမ်းပကားများဖြင့် အစစအရာရာ အောင်မြင်ခြင်း အဖြာဖြာနှင့် ပြည့်စုံခြင်းသို့ ရောက်ပါစေသော်။
၉။ ဤသို့ပြုရ မြတ်ပုညကို . . . (၇) ရက်သားသမီးများ ပါပါစေ . . . အမျှ (၃) ကြိမ်ဝေ၊ သာခုခေါ်၊ တစ်ရက်အောင်ပြီ။ (၉) ရက်လုပ်ကြည့်။ အသင်သိသာပါလိမ့်မည်ဟု ရွှေတိဂုံဘုရားကြီးပေါ်သို့ နှစ်ပေါင်း (၆၀) တိုင် ဝတ်မပျက်တက်ရောက်ခဲ့သော သစ္စာဒီပကာ ဆရာဟန်ဟုခေါ်သော အဘိုးက စာရေးသူအား ပြောပြခဲ့သည်ကို ရေးသား တင်ပြလိုက်ပါသည်။

စာရှုသူဓမ္မမိတ်ဆွေများအနေဖြင့်လည်း ရွှေတိဂုံဘုရားအောင်မြေသို့သွား၍ ရာဟုထောင့်ပန်းဆွဲအောက်မှ အဘပထမံဘိုးဘိုးအောင် စီရင်ထား ထူးခြားသော ဘုရား(၄)ဆူအမှတ်တံဆိပ်တော် စ-ခ-ဗ-ဝ အမှတ်အသားတော်အား ဆယ်ဖြာလက်အစုံ ကြာပဒုံဖြင့် ဦးထိပ်တင်မိုး ရှိခိုးကန်တော့ စိတ်ကြံသမျှ အဓိဋ္ဌာန်ပြုကြည့်ပါ၊ စ-ခ-ဗ-ဝသိဒ္ဓိစွမ်းအားတို့ဖြင့် အသင်ထူးခြားလာပါလိမ့်မည်။

မေတ္တာများစွာဖြင့်

ကံဝင်း



www.burmeseclassic.com

www.burmeseclassic.com

▫ ကုသိုလ်စုံမှအကျိုးပေးစုံ

ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ လူငယ်တွေဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ မိသားစုစားဝတ်နေရေးတွေ တစ်ဖက်ကလုပ်ရင်း ကျွဲကူးရေပါဆိုသလို ဒါန၊ သီလ၊ သမထ၊ ဝိပဿနာအလုပ်တွေပါ တွဲဖက်ပြီး လုပ်သင့်တယ်။ လုပ်ရမယ်။ ဒါမှ ကုသိုလ်စုံပြီး အကျိုးပေးစုံမှာဖြစ်တယ်။

နံနက်လင်းလာပြီဆိုရင် အိမ်ဦးခန်းက ဘုရားရှင်ကိုတစ်ခုခုလှူလိုက်ပါ။ ဒါနကုသိုလ်ပြုဖြစ်သွားပြီ။

နေ့ခင်းအချိန်မှာ ငါးပါးသီလမြဲအောင်မစောင့်နိုင်ရင် ညအိပ်ရာဝင်ခါနီးအချိန်မှာ ငါးပါးသီလခံယူဆောက်တည်ပြီးမှအိပ်ပါ။ အိပ်ပျော်နေချိန်မှာ ငါးပါးသီလမြဲတဲ့ကုသိုလ်တွေရနေပါပြီ။

ကျောင်းသွားရင်း၊ ဈေးသွားရင်း၊ ရုံးသွားရင်း၊ စားနေချိန်၊ သောက်နေချိန်၊ အညစ်အကြေးစွန့်နေချိန်တွေမှာ သတ္တဝါတွေ ကျန်းမာချမ်းသာစေဖို့ မေတ္တာပို့ပေးပါ။

အရဟံ - ကိလေသာကင်းတော်မူသောမြတ်စွာဘုရားလို့ စိတ်ထဲကဆိုပြီး ဗုဒ္ဓဂုဏ်ကိုပွားပေးပါ။ သမထကုသိုလ်တွေရသွားပါပြီ။

အလုပ်ပင်ပန်းလို့ ခဏအနားယူနေတဲ့အချိန်မှာ စိတ်ကို နှာသီးဖျားမှာ သတိနဲ့ကပ်ထားပြီး လေတိုးဝင်သွားတာ၊ လေတိုးထွက်သွားတာကို ရှုမှတ်ပေးပါ။ လေက ရုပ်၊ ဝင်တာထွက်တာကို သိတာကစိတ်၊ ရုပ်နဲ့စိတ်ဟာဖြစ်ပြီးတော့ ပျက်နေကြတယ်။ မမြဲပါလား၊ အနိစ္စ။ ဟောဝိပဿနာကုသိုလ်တွေ ရသွားပါပြီ။

ဒါနကုသိုလ်က ဖြစ်လေရာဘဝမှာ စားဝတ်နေရေးအတွက် မပူပင်ရဘူး။ ပြည့်စုံစေတယ်။

သီလကုသိုလ်က ဖြစ်လေရာဘဝမှာ အသက်ရှည်စေတယ်။ ကျန်းမာရေးနဲ့ ပြည့်စုံစေတယ်။

သမထကုသိုလ်က ဖြစ်လေရာဘဝမှာ စိတ်ချမ်းသာခြင်းနဲ့ ပြည့်စုံစေတယ်။

ဝိပဿနာကုသိုလ်က ဖြစ်လေရာဘဝမှာ ပညာဉာဏ်နဲ့ပြည့်စုံစေတယ်။ ဉာဏ်ရင့်သွားရင် နိဗ္ဗာန်အထိရောက်စေနိုင်တယ်။

ကုသိုလ်စုံမှအကျိုးပေးစုံဆိုသလို ဗုဒ္ဓဘာသာဝင်လူငယ်တိုင်း ကုသိုလ်မျိုးစုံပြုလုပ်နိုင်ကြပါစေ။ ကောင်းကျိုးမျိုးစုံခံစားစံစားနိုင်ကြပါစေ။

# အရှင်ဥဒ္ဒယ

## မေတ္တာရနံ့သင်းတဲ့ ဩဝါဒပန်းခင်း





www.burmeseclassic.com

www.burmeseclassic.com

### ◻ မနေ့ကငါနဲ့ ဒီနေ့ငါ

မနေ့ကငါနဲ့ ဒီနေ့ငါ ဘာသာသလဲ တွေးမိရဲ့လား၊ စိစစ်ကြည့်ရဲ့လား။ တွေးမိ၊ စိစစ်ကြည့်သင့်တယ်။

မနေ့ကငါထက် ဒီနေ့ငါက ပညာ သာစေရမယ်။

မနေ့ကငါထက် ဒီနေ့ငါက ဥစ္စာ သာစေရမယ်။

မနေ့ကငါထက် ဒီနေ့ငါက စိတ် ကောင်းသာစေရမယ်။

မနေ့ငါထက် ဒီနေ့ငါက အများ အကျိုးပြုလုပ်ငန်းသာစေရမယ်။

မနေ့ကငါထက် ဒီနေ့ငါက ကုသိုလ်လုပ်တာသာစေရမယ်။

အဲဒီလို ကောင်းတာတွေသာနေမှ ကိုယ့်ဘဝဟာ မြင့်သထက်မြင့်လာမယ်။ အောင်မြင်သထက်အောင်မြင်လာမယ်။ စိတ်ချမ်းသာမှုတွေတစ်နေ့တခြားတိုးပွား လာမယ်။

ကိုယ့်ဘဝအတွက် ကိုယ်ကိုယ် တိုင် အဆင့်မြင့်လာအောင် တည် ဆောက်နိုင်ပါစေ၊ အောင်မြင်မှုသရဖူ ဆောင်းနိုင်ကြပါစေ။

### ◻ အချိန်ကိုဘယ်လိုသုံးမှာလဲ

အချိန်က လူကိုမစောင့်၊ လူက အချိန်ကို စောင့်နေတယ်။

အို၊ နာ၊ သေ ရောက်မလာခင် လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ခပ်သွက်သွက် ခပ်မြန်မြန်လုပ်ထားပါ။ နောက်ခါကျမှ ငါမလုပ်လိုက်ရလေခြင်းလို့ နောင်တတစ်ဖန် မပူပန်ရအောင် ပြင်ဆင်သင့်တာ ပြင်ဆင်ထားပါ။

ငွေရှိရင် ရွှေဝယ်လို့ရပေမယ့် အချိန်ကိုတော့ ဝယ်လို့မရပါဘူး။

ကိုယ်ရရှိထားတဲ့ ပစ္စုပ္ပန်အချိန်ကို တန်ဖိုးရှိအောင် ကိုယ့်အတွက်၊ အများ အတွက် အသုံးချနိုင်ပါစေ။ အပျော် အပါးအတွက် အသုံးမချကြပါနဲ့။

### ◻ လှည့်စားမှုတွေကွန်ရက်ထဲကလူသား

လူတွေဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ အတွေးအကြံ တွေကို ခံစားနိုင်ဖို့အတွက် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ရဲ့အလို တို့ ဖြည့်ဆည်းပေးနေကြရတယ်။

အဆင်းလှလှလေးက သူ့ကိုကြည့် ပါ သူ့ကိုနှစ်သက်ပါ၊ သူ့ကိုချစ်ပါဆိုလို့ သူရှိရာကိုသွားရတယ်၊ သူရောက်လာ အောင် ကြိုးစားရတယ်၊ သူကိုယ့် နားမှာရှိနေအောင် လုံးပန်းရတယ်။ သူ့ကြောင့် လူတွေဟာမောနေကြပြီ။ မောနေပေမယ့် မောပျော်ကြီးဖြစ်နေကြ တယ်။ သူ့ကြောင့် ဆင်းရဲခြင်းမျိုးစုံ ကြုံ တွေ့ခဲ့ပြီ။ အသေဆိုးနဲ့သေပွဲဝင်ခဲ့ရတာ လည်း အကြိမ်ကြိမ်ပါပဲ။

အသံကောင်းကောင်းရဲ့ဆွဲဆောင် မှုကြောင့် အသံကိုသာယာတပ်မက်နှစ် သက်စွာ ခံစားနိုင်ဖို့ ပင်ပင်ပန်းပန်းနဲ့ ငွေ ရှာရတယ်။ ဒီအသံကိုထပ်တလဲလဲခံစား နိုင်ဖို့ ကြိုးစားရတယ်။ ဒီအသံအာရုံ ကြောင့် လူတွေဟာ စိတ်ဆင်းရဲခဲ့ရ တယ်၊ ကိုယ်ဆင်းရဲခဲ့တယ်။ ဒီအသံအာရုံ ကြောင့် အသေဆိုးနဲ့သေခဲ့ရတာလည်း မနည်းတော့ပါဘူး။

ကျွန်တဲ့အနံ့၊ အရသာ၊ အတွေ့အ ထိ၊ အတွေးအကြံတွေကြောင့် လူတွေ ဟာ မကောင်းတဲ့စိတ်ဆိုး၊ စိတ်မိုက်၊ စိတ် ရိုင်းတွေဖြစ်ပြီး မရှုမလှ သေခဲ့ရတဲ့ဘဝ တွေများခဲ့ပါပြီ။

မသိမှုကြောင့် အာရုံ (၆) ပါးကို လိုချင်နေကြတယ်။ လိုချင်မှုကြောင့်ရရှိ အောင် ရှာဖွေရတယ်။ ရရှိပြန်တော့ သူ့ အတွက်နဲ့ ပင်ပန်းရတယ်။ ခံစားမှုက နည်းနည်း ဆင်းရဲမှုကများများ၊ ဖတ်ဖတ် ကိုမောလို့။ ဒါကိုပဲ လူတွေက ကျေနပ် နှစ်သက်နေကြတယ်။

ခွေးက မစင်ကိုနှစ်သက်သလိုမျိုး နှစ်သက်နေကြတယ်။ လောက်က မစင် တွင်းထဲမှာ ပျော်နေသလိုမျိုးပျော်နေကြ တယ်။ လင်းတက ခွေးသေကောင်ပုပ်ကို တပ်မက်တဲ့ တပ်မက်မှုမျိုးနဲ့ တပ်မက်နေ ကြတယ်။

အာရုံ(၆)ပါးရဲ့လှည့်စားမှုကွန်ရက် အတွင်းက လွန်မြောက်ချင်တယ်ဆိုရင် တော့ ကိုယ့်ဘဝအဖြစ်မှန်ကို သိဖို့လိုပါ တယ်။ သိဖို့အတွက် သတိ၊ သမာဓိ၊ ပညာ၊ ဝီရိယတွေ ရှိဖို့လိုပါတယ်။ ဒါတွေ နဲ့ ကိုယ့်ဘဝထဲက ရုပ်နဲ့စိတ်ကို စောင့် ကြည့်မယ်ဆိုရင် သူတို့ရဲ့မမြဲသဘော ဆင်းရဲအမှန် အနှစ်အသားမရှိကြောင်း တွေကို ဟုတ်တိုင်းမှန်စွာ သိလာပါလိမ့် မယ်။ ဒီလိုသိလာပြီဆိုရင် အာရုံ(၆)ပါး ရဲ့ လှည့်စားမှုနယ်မြေကနေ လွန်မြောက် သွားမှာ အမှန် ပါပဲလေ။

အာရုံ (၆) ပါး ခံစားနေဆဲမှာ ချမ်းသာတယ်လို့ ထင်နေကြတယ်။ အဲဒီအထင်မှားတွေကို အမြင်မှန် ဆင်းရဲ ပါလားလို့ သိနိုင်ကြပါစေ။ အသိအား တွေကောင်းလို့ ချမ်းသာစစ်ကို တွေ့မြင် နိုင် ကပါစေ။

### ◻ ဘုရားရှင်ချီးမွမ်းသူဖြစ်ပြီလား

ငါဟာ ဒါနကုသိုလ်တွေပြုထား ပြီးပြီ။ ဒီကုသိုလ်တွေက ကောင်းတဲ့ဘဝ ကို ပို့ဆောင်ပေးမှာပဲဆိုပြီး ကိုယ့်ဘဝကို ကျေနပ်နှစ်သိမ့်မနေပါနဲ့။ ဒါနကုသိုလ် ကလည်း အပါယ်ဘဝမကျအောင် အာမခံချက်အပြည့်မပေးနိုင်သေးပါဘူး။

**အသဒိသ** - ပြိုင်ဘက်ကင်းတဲ့ ကုသိုလ်ပိုင်ရှင် မလ္လိကာဒေဝီဟာ ငရဲမှာ (၇) ရက်ကျခံခဲ့ရပါသေးတယ်။

ငါဟာ သီလကုသိုလ်တွေပြုထား ပြီးပြီ။ ဒီကုသိုလ်တွေက လူ့ဘဝ၊ နတ် ဘဝကို ပို့ဆောင်ပေးမှာပဲဆိုပြီး ကိုယ့် ကိုယ်ကိုယ်ကျေနပ်နှစ်သိမ့်မနေပါနဲ့။

သီလကုသိုလ်ကလည်း အပါယ် ဘဝမကျအောင် အာမခံချက်အပြည့် ပေးနိုင်တဲ့ကုသိုလ်မျိုး မဟုတ်ပါဘူး။

ဘုရားရှင်လက်ထက်က ရဟန်း သီလ အထူးစင်ကြယ်ခဲ့တဲ့ အရှင်တိဿ ဟာ ပျံလွန်ခါနီးမှာ သင်္ကန်းအသစ်က လေးကို စွဲလမ်းခဲ့တဲ့အတွက် သန်းပြိတ္တာ ဖြစ်ခဲ့ရပါသေးတယ်။

ငါဟာ ပိဋကသုံးပုံဆောင်ရဟန်း ပဲဆိုပြီး ကျေနပ်နှစ်သိမ့်မနေပါနဲ့။ ဒီကုသိုလ်တွေကလည်း အပါယ်ဘဝ မကျအောင် အာမခံချက်အပြည့်ပေး နိုင်တဲ့ ကုသိုလ်မျိုး မဟုတ်သေးပါဘူး။

ကဿပဘုရားရှင်လက်ထက်တုန်း က ပိဋကသုံးပုံဆောင် ရဟန်းတစ်ပါးရှိ ခဲ့တယ်။ ဒီရဟန်းဟာ ငါစာတတ်တယ် ဆိုပြီး စာမာန်တွေထကြွသောင်းကျန်း ခဲ့တယ်။ စာမတတ်တဲ့ထေရ်ကြီးဝါကြီး ရဟန်းတွေကို မရိုမသေဆက်ဆံခဲ့တယ်။ ဒီအကုသိုလ်ဆိုးကြောင့် ပင်လယ်ထဲမှာ ရွှေရောင်ငါးကြီးဖြစ်ခဲ့ပါတယ်။ ရဟန်း တွေကို ဝစီကံနဲ့ပြစ်မှားခဲ့လို့ သူ့ပါးစပ်က အပုပ်နံ့တွေတထောင်းထောင်းနဲ့ နံစော် နေပါတယ်။ ငါးဘဝမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေပြီး ငရဲကျသွားပါတယ်။

ငါဟာ သမထကုသိုလ်တွေပြု ထားပြီးပြီ။ ဒီကုသိုလ်တွေက ဗြဟ္မာဘဝ ကို ပို့ဆောင်ပေးမှာပဲဆိုပြီး ကိုယ့်ကိုယ် ကိုယ် ကျေနပ်နှစ်သိမ့်မနေပါနဲ့။

ဗြဟ္မာဘဝကလည်း ခန္ဓာငါးပါးရှိ သူဖြစ်လို့ အိုရ၊ နာရ၊ သေရဦးမယ်။ ဆင်းရဲခြင်းတွေစုနေတဲ့ဘဝပါပဲ။ ဒီဘဝ က သေခဲ့လို့ရှိရင် ပုထုဇဉ်ဘဝမှာပဲရှိ နေသေးရင် 'ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စားကျင်းမှာတရှုပ်ရှုပ်' ဆိုသလို အပါယ်ဘဝကိုကျနိုင်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါဟာ သောတာပန်ပဲဆိုပြီး ကျေနပ်နှစ်သိမ့်မနေပါနဲ့။ နောင်အနာဂတ် ခုနစ်ဘဝမှာ အိုရ၊ နာရ၊ သေရဦးမယ်။ ဒုက္ခသစ္စာနယ်က မလွတ်သေးပါဘူး။

ငါဟာ သကဒါဂါမိဖြစ်ပြီဆိုပြီး ကျေနပ်နှစ်သိမ့်မနေပါနဲ့။ နောင်အနာဂတ်မှာ ဘဝဖြစ်ရလိမ့်ဦးမယ်။ ဘဝရှိရင် ဒုက္ခရှိတာဖြစ်လို့ ဆင်းရဲခြင်းနယ်မြေက မလွတ်မြောက်သေးပါဘူး။

ငါဟာ အနာဂါမိဖြစ်ပြီဆိုပြီး ကျေနပ်နှစ်သိမ့်မနေပါနဲ့။ ဗြဟ္မာဘဝကြီးက ဆီးကြိုနေပါသေးတယ်။ ဗြဟ္မာဘဝကို တပ်မက်နှစ်သက်တဲ့ တဏှာတွေရှိနေပါသေးတယ်။

ဘုရားရှင်က သတ္တဝါတွေကို ရဟန္တာဖြစ်တဲ့အထိ ကြိုးစားကြဖို့ ဆုံးမဟောကြားခဲ့ပါတယ်။ ရဟန္တာဖြစ်ရင် သေပြီးတာနဲ့ နိဗ္ဗာန်ချမ်းသာကို ခံစားရမှာဖြစ်ပါတယ်။ ဆင်းရဲခြင်းနယ်မြေက အပြီးတိုင် လွတ်မြောက်သွားပါပြီ။ ဒီလိုအဖြစ်မျိုးကိုသာ ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်။

ဒါကြောင့် ရဟန်း၊ သာမဏေ၊ သီလရှင်၊ လူယောဂီအပေါင်းတို့ ဘုရားရှင် ချီးမွမ်းတဲ့စာရင်းထဲ ပါဝင်အောင်၊ သီလ-သမာဓိ-ပညာတွေပြည့်စုံအောင် ကြိုးစားနိုင်ကြပါစေ။ ကြိုးစားတဲ့အတိုင်း ကိလေသာတွေကုန်ခန်းပြီး ချမ်းသာစစ် နိဗ္ဗာန်နန်းကို စံမြန်းနိုင်ကြပါစေ။

## ❑ ဥစ္စာပေါများမိတ်ဆွေများသူဖြစ်ချင်ရင်

လူ (၄) မျိုးရှိတယ်။

ကိုယ်တိုင်လှူပြီး သူတစ်ပါးလှူဖို့ မတိုက်တွန်းသူ၊

ကိုယ်တိုင်မလှူ သူတစ်ပါးလှူဖို့ တိုက်တွန်းသူ၊

ကိုယ်တိုင်လည်းမလှူ သူတစ်ပါးကိုလည်းလှူဖို့ မတိုက်တွန်းသူ၊

ကိုယ်တိုင်လည်းလှူ သူတစ်ပါးကိုလည်းလှူဖို့ တိုက်တွန်းသူ။

ကိုယ်တိုင်လှူတဲ့သူက ဖြစ်လေရာဘဝမှာ ဥစ္စာပေါများတယ်။ သူတစ်ပါးလှူဖို့ မတိုက်တွန်းတဲ့အတွက် သူငယ်ချင်း၊ မိတ်ဆွေ၊ သားသမီးမရှိဖြစ်တတ်တယ်။

ကိုယ်တိုင်လည်းမလှူ၊ အများလှူဖို့လည်း မတိုက်တွန်း ဒီလိုလူမျိုးဟာ ဥစ္စာနည်းပါးပြီး အခြွေအရံပရိသတ်မရှိဖြစ်တတ်တယ်။

ကိုယ်တိုင်လည်းလှူ၊ အများလှူဖို့ တိုက်တွန်း ဒီလိုလူမျိုးက ဖြစ်လေရာဘဝမှာ ဥစ္စာပေါများ၊ အခြွေအရံပရိသတ်ပေါများဖြစ်ရတယ်။

ဖြစ်လေရာဘဝမှာ ဥစ္စာပေါများမှု စားဝတ်နေရေးအတွက် မပူရလို့ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာတယ်။ သူငယ်ချင်း၊ မိတ်ဆွေ၊ သားသမီး ပေါများလို့ အထီးကျန်ဖြစ်တဲ့ဝေဒနာကင်းရှင်းတယ်။

ဒါကြောင့် နိဗ္ဗာန်မရသေးမီ ကြားဘဝတွေမှာ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ၊ အထီးကျန်ဝေဒနာ ကင်းရှင်းစေဖို့အတွက် ကိုယ်တိုင်လည်းလှူ၊ အများကိုလည်း လှူနိုင်အောင် တိုက်တွန်းနှိုးဆော်နိုင်သူတွေဖြစ်ကြပါစေ။

## ❑ ဘယ်ကလာပြီးဘယ်ကိုသွားမှာလဲ

အမှောင်ကလာပြီး အလင်းသို့သွားသူ၊

အလင်းကလာပြီး အမှောင်သို့သွားသူ၊

အမှောင်ကလာပြီး အမှောင်သို့သွားသူ၊

အလင်းကလာပြီး အလင်းသို့သွားသူ။

ငယ်စဉ်ဘဝမှာ ပစ္စည်းဥစ္စာချို့တဲ့ဆင်းရဲတယ်။ စားဝတ်နေရေးအတွက် ပင်ပင်ပန်းပန်းရှာဖွေစားသောက်ရတယ်။ ဒီလိုလူမျိုးဟာ အတိတ်က ကုသိုလ်နည်းပြီး အကုသိုလ်များခဲ့သူဖြစ်တယ်။ သူဟာ အမှောင်ကလာသူပါပဲ။

ဒီလို အမှောင်ကလာတဲ့သူဟာ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းမိပြီး ကုသိုလ်မျိုးစုံပြုလုပ်တယ်။ သေလွန်တဲ့အခါ နတ် ပြည်ကိုရောက်သွားခဲ့တယ်။ ဒါဟာ အလင်းသို့သွားတာပါပဲ။

အတိတ်က ကုသိုလ်ကံကြောင့် လူချမ်းသာဖြစ်ရတယ်။ လူချမ်းသာဖြစ်တဲ့ဘဝမှာ ကုသိုလ်တွေမပြုလုပ်ဘဲ အကုသိုလ်တွေပြုလုပ်ခဲ့တယ်။ သေလွန်တဲ့အခါ အပါယ်ဘုံကိုကျသွားခဲ့တယ်။ ဒီလိုလူမျိုးဟာ အလင်းကလာပြီး အမှောင်သို့သွားသူဖြစ်ပါတယ်။



အတိတ်ကအကုသိုလ်ကံကြောင့် လူအဆင့်အတန်းမမီတဲ့လူဆင်းရဲဖြစ်ခဲ့ရတယ်။ ကိုယ်ဖြစ်တဲ့ဘဝမှာ ဖြစ်သလိုနေခဲ့တယ်။ အကုသိုလ်မျိုးစုံလည်း ကျူးလွန်ခဲ့တယ်။ သေလွန်တဲ့အခါမှာ အပါယ်ဘုံကိုကျသွားခဲ့တယ်။ ဒီလိုလူမျိုးဟာ အမှောင်ကလာပြီး အမှောင်သို့သွားသူ ဖြစ်ပါတယ်။

အတိတ်က ကုသိုလ်ကံရဲ့ပို့ဆောင်ပေးမှုကြောင့် လူ့ဘဝမှာ လူချမ်းသာလာဖြစ်ရတယ်။ ပညာတတ်၊ ရုပ်ချော၊ စိတ်ကောင်းရှိသူဖြစ်ခဲ့ရတယ်။

ကိုယ်ဖြစ်တဲ့ဘဝမှာ ဖြစ်သလိုမနေဘဲ မကောင်းမှုရှောင်၊ ကောင်းမှုတွေဆောင်နိုင်ခဲ့တယ်။ သေလွန်တဲ့အခါ နတ်ပြည် သို့မဟုတ် လူ့ပြည် သို့မဟုတ် နိဗ္ဗာန်ရောက်သွားခဲ့တယ်။ ဒီလိုလူမျိုးဟာ အလင်းကလာပြီး အလင်းသို့သွားသူဖြစ်ပါတယ်။

အမှောင်ကလာပြီး အလင်းသို့သွားသူ ဖြစ်ကြပါစေ။

အလင်းကလာပြီး အမှောင်သို့သွားသူ မဖြစ်ကြပါစေနဲ့။

အမှောင်ကလာပြီး အမှောင်သို့သွားသူ မဖြစ်ကြပါစေနဲ့။

အလင်းကလာပြီး အလင်းသို့သွားသူတွေ ဖြစ်ကြပါစေ။

## ❑ သေပြီးတဲ့နောက် ကောင်းတဲ့ဘဝရောက်စေတဲ့နည်း

အရိယာနယ်မြေသို့မရောက်သေးတဲ့ ပုထုဇဉ်အရှူးလူသားတွေဟာ အခုဘဝမှာ ကုသိုလ်မျိုးစုံ ပြုလုပ်ထားပေမယ့် သေခါနီးကာလအချိန်မှာ ဟိုးအတိတ်ဘဝတွေက ပြုလုပ်ခဲ့တဲ့ အကုသိုလ်တွေက ဝင်ရောက်အကျိုးပေးတဲ့အတွက် သေပြီးတဲ့အခါ မကောင်းတဲ့ အပါယ်ဘဝကို ကျရောက်နိုင်ပါသေးတယ်။

ငါတော့ ဒီဘဝမှာ စိတ်ကောင်းလည်းထားတယ်၊ ဘာအကုသိုလ်မှမလုပ်ဘူး၊ ကုသိုလ်မျိုးစုံအချိန်မရွေးလုပ်နေတာပဲ။ ငါသေရင် ကောင်းတဲ့ လူ့ဘဝ၊ နတ်ဘဝရောက်မှာပဲဆိုပြီး ကျိန်းသေတွက်ဆလို့ မရသေးပါဘူး။

အချို့လူတွေဟာ အခုဘဝမှာ စိတ်ကောင်းမရှိကြပါဘူး။ ကုသိုလ်လည်း ဘာမှမလုပ်ကြပါဘူး။ အကုသိုလ်တို

www.burmeseclassic.com

တော့ အချိန်မရွေးစုံအောင်လုပ်ကြပါတယ်။ ဒီလူတွေသေရင်တော့ သေချာပေါက် အပါယ်ဘဝရောက်မှာပဲလို့ သတ်မှတ်ဆထားလို့ မရသေးပါဘူး။

ဒီလူသေခါနီးအချိန်မှာ အတိတ်က ပြုလုပ်ခဲ့တဲ့ကုသိုလ်ကံက ဝင်အကျိုးပေးတဲ့အခါ ဝင်လာတဲ့ကုသိုလ်နိမိတ်ကို မြင်ယောင်ပြီး သေသွားခဲ့ရင် လူ့ဘဝ၊ နတ်ဘဝရောက်နိုင်ပါသေးတယ်။

ကိုယ်က ပုထုဇဉ်အဖြစ်က လွန်မြောက်အောင် မရုန်းထွက်နိုင်သေးဘူးဆိုရင် သေခါနီးအချိန်မှာ ကုသိုလ်နိမိတ်၊ အာရုံကောင်းတွေ ထင်ဟပ်လာစေနိုင်ဖို့အတွက် နေ့စဉ်ပုံမှန်ကုသိုလ်ကျင့်ဝတ်တစ်ခုခုကို စွဲမြဲနေအောင်၊ အကျင့်ရနေအောင်၊ အထုံရနေအောင် ပြုလုပ်ထားဖို့ လိုအပ်ပါတယ်။

မြတ်စွာဘုရားကို နေ့စဉ် ဆွမ်း၊ ရေချမ်း ကပ်လှူတဲ့ကုသိုလ်၊ ညအချိန် အလင်းရောင်၊ နံ့သာတိုင်ကပ်လှူတဲ့ကုသိုလ်၊ ပန်းတွေညှိုးနွမ်းနေရင် အသစ်လဲပေးတဲ့ကုသိုလ်။

ညအချိန် ငါးပါးသီလခံယူပြီး မေတ္တာဘာဝနာ ပွားတဲ့ကုသိုလ်၊ ဗုဒ္ဓဂုဏ်တော်ပွားတဲ့ကုသိုလ်၊ ဝင်လေ၊ထွက်လေ ရှုမှတ်တဲ့ကုသိုလ်။

နီးစပ်ရာ ဘုရား၊ ကျောင်း၊ အိမ်၊ ဝန်းမှာ ခွေး၊ ကြောင်၊ စာကလေး၊ ခိုများကို နေ့စဉ် အစာကျွေးတဲ့ကုသိုလ်။

သင်္ကြန်အချိန်အခါရောက်တိုင်း သူငယ်ချင်းတွေနဲ့ ရေကစားမထွက်ဘဲ၊ အသေစုံသို့ အပျော်ခရီးမထွက်ဘဲ ကိုယ်နဲ့နီးစပ်ရာ ရိပ်သာတစ်ခုခုသို့ဝင်ရောက်ပြီး သမထ၊ ဝိပဿနာပွားများတဲ့ကုသိုလ်၊ ဝေယျာဝစ္စပြုလုပ်တဲ့ကုသိုလ်၊ တရားနာတဲ့ကုသိုလ်။ ဒီကုသိုလ်မျိုးစုံကို ပြုလုပ်ထားမယ်ဆိုရင် သေခါနီးကာလမှာ ကောင်းတဲ့နိမိတ်အာရုံတွေ ထင်ဟပ်လာပြီး ကောင်းတဲ့ဘဝတွေကို ရောက်မှာ သေချာပါတယ်။

အကောင်းဆုံးကတော့ ဝိပဿနာတရားကို သောတာပန်ဖြစ်တဲ့အထိ ကြိုးစားအားထုတ်ပါ။ ဒါဆိုရင် အပါယ်ဘဝကို လုံးဝမရောက်တော့ပါဘူး။

သောတာပန်ဖြစ်အောင် အားမထုတ်နိုင်သေးဘူးဆိုရင် စူဠသောတာပန်ဖြစ်အောင် အားထုတ်ပါလေ။ စူဠသောတာပန်ဖြစ်ရင် ကိုယ်ရှုမှတ်နေကျ ဝိပဿနာတရားကို ရှုပွားပြီး သေလွန်ခဲ့မယ်ဆိုရင် သေချာပေါက် ကောင်းတဲ့ဘဝကိုရောက်မှာ မလွဲတော့ပါဘူး။

## ◘ အမည်းလူနဲ့ အဖြူလူ

လူလောကမှာ လူမိုက်နဲ့ လူလိမ္မာဆိုပြီး လူနှစ်မျိုးရှိတယ်။ အမည်းလူနဲ့ အဖြူလူပေါ့။ လူမိုက်က အမည်းလူ၊ လူလိမ္မာက အဖြူလူပေါ့။ လူမိုက်က အကုသိုလ်ပြုတယ်။ လူလိမ္မာက ကုသိုလ်ပြုတယ်။

လူမိုက်နဲ့လူလိမ္မာ ပြော၊ ပြု၊ ကြံ မတူညီကြပါဘူး။ ပြဒါးတစ်လမ်းသံတစ်လမ်းပါပဲ။

လူမိုက်နဲ့ လူလိမ္မာ ခန္ဓာ (၅) ပါး ရုပ်ပုံချင်း တူညီပါတယ်။ ဆင်းရဲခြင်းအစုတွေရတာချင်းတူညီတယ်။ အိုရ၊ နာရ၊ သေရတာလည်း တူညီပါတယ်။

လူမိုက်တစ်ဦးကြောင့် ပတ်ဝန်းကျင်ကလူတွေ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ကြရတယ်။

လူမိုက်ရဲ့လုပ်ပုံကိုင်ပုံ၊ ဆိုပုံ၊ ကြံစည်ပုံ၊ အကျင့်ဆိုးတွေကို ဓာတ်ခံဆိုးရှိတဲ့ မကောင်းချင်စိတ်ရှိတဲ့၊ မိုက်ချင်စိတ်ရှိတဲ့ အချို့လူငယ်တွေက အတုလိုက်ကာ ပြုကျင့်ကြတယ်။ ဒါကြောင့် လူမိုက်တစ်ဦးရှိနေတာနဲ့ မျိုးဆက်သစ်လူမိုက်လေးတွေ တိုးပွားလာနိုင်တယ်။

လူမိုက်တွေတိုးပွားလာရင် သူတို့ရဲ့အကုသိုလ်ကံတရားကြောင့် ပတ်ဝန်းကျင်ရေမြေတောတောင်တွေဟာ အဆိုးဘက်ကိုပြောင်းလဲလာခဲ့တယ်။ ဒီပြောင်းလဲမှုကြောင့် လူအများဟာ ကိုယ်ဆင်းရဲစိတ်ဆင်းရဲဖြစ်ကြရတယ်။ သတ္တဝါတွေလည်း သေကျေပျက်စီးကြရတယ်။

လောကကြီးမှာ လူမိုက်မရှိရင် ကောင်းမှာပဲလို့ တောင်တကြပေမယ့် လောကရဲ့သဘာဝအရ အကောင်း၊ အဆိုးတွဲဖက်နေတဲ့အတွက် ဆိုးမိုက်တဲ့ လူတွေကတော့ ရှိစမြဲရှိနေမှာပါပဲလေ။

လူမိုက်တွေရှိနေတဲ့အတွက် လူလိမ္မာတွေဟာထင်ရှားလာတယ်။ တန်ဖိုးထားရမှန်း၊ လေးစားရမှန်း၊ ကောင်းတုဦးရမှန်း သိလာကြတယ်။ လူမိုက်ဟာ လူလိမ္မာတွေ ထင်ရှားပေါ်လွင်စေဖို့ အတွက် အဆိုးဘက်ကနေ တစ်နည်းတစ်ဖုံ ကျေးဇူးပြုနေပြန်ရော။

လူလိမ္မာတွေကြောင့် ပတ်ဝန်းကျင်ကလူတွေ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်ကြရတယ်။

လူလိမ္မာရဲ့လုပ်ပုံကိုင်ပုံ၊ ပြောဆိုပုံ၊ ကြံစည်ပုံ၊ အကျင့်ကောင်းတွေကိုဓာတ်ခံကောင်းတဲ့၊ ကောင်းချင်စိတ်ရှိတဲ့ လိမ္မာချင်စိတ်ရှိတဲ့လူငယ်အချို့က အတုလိုက်ကာ ပြုကျင့်ကြတယ်။ ဒါကြောင့် လူလိမ္မာတစ်ဦးရှိနေတာနဲ့ မျိုးဆက်သစ် လူလိမ္မာလေးတွေ တိုးပွားလာနိုင်တယ်။

လူမိုက်သေရင် အပါယ်လေးဘုံကို ကျရောက်နိုင်တယ်။

လူလိမ္မာသေရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်၊ နိဗ္ဗာန်အထိရောက်နိုင်တယ်။

စတုတ္ထအဆင့် လူလိမ္မာသေရင် လူ့ပြည်ရောက်တယ်။

တတိယအဆင့် လူလိမ္မာသေရင် နတ်ပြည်ရောက်တယ်။

ဒုတိယအဆင့် လူလိမ္မာသေရင် ဗြဟ္မာပြည်ရောက်တယ်။

ပထမအဆင့် လူလိမ္မာသေရင် နိဗ္ဗာန်ရောက်တယ်။

စတုတ္ထအဆင့်၊ တတိယအဆင့်၊ ဒုတိယအဆင့် လူလိမ္မာတွေဟာ လိမ္မာကြပေမယ့် အပြီးတိုင်မလိမ္မာကြသေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲတွေ ရှိနေသေးလို့ပဲ။

ပထမအဆင့် လိမ္မာသူသာလျှင် လိမ္မာမှုအဆင့်မြင့်ဆုံး၊ ဂိတ်ဆုံးလိမ္မာသူ ဖြစ်ပါတယ်။

ဆယ့်တစ်မီးငြိမ်းတဲ့ ပီတိချမ်းသာ၊ ငြိမ်းအေးခြင်းချမ်းသာ၊ မခံစားရခြင်း ချမ်းသာ၊ မရှုတဲ့ချမ်းသာရရှိသူ အလိမ္မာဆုံးလူဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

## ◘ ဘယ်ကံကိုထူထောင်ကြမှာလဲ

အဖြူကံ၊ အမည်းကံ၊ အဖြူအမည်း ရောတဲ့ကံ၊ အဖြူအမည်းမရောနှောတဲ့ ကံဆိုပြီး ကံ (၄) မျိုးရှိတယ်။

အဖြူကံ ဆိုတာ ကုသိုလ်ကံကို ခေါ်တယ်။ အမည်းကံဆိုတာ အကုသိုလ် ကံကိုခေါ်တယ်။ အဖြူ အမည်းရောတဲ့ ကံဆိုတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံ ရောနှောပြီး ပြုတဲ့ကံကို ခေါ်တယ်။ အဖြူ အမည်းမရောနှောတဲ့ကံဆိုတာ ကတော့ ဝိပဿနာအားထုတ်လို့ရရှိတဲ့ မဂ်ကံကိုခေါ်ပါတယ်။

အဖြူကံက လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကို အကျိုးပေးပါတယ်။

အမည်းကံကတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ကို အကျိုးပေးပါတယ်။

အဖြူ အမည်းရောနှောတဲ့ကံက တော့ ဘုရင့်နန်းတော်မှာ ဆင်ဖြူတော်ဖြစ်တာမျိုး၊ သူဌေးအိမ်မှာ ကြောင်က

www.burmeseclassic.com

လေး၊ ခွေးကလေးဖြစ်တာမျိုး အကျိုးပေးပါတယ်။

အဖြူအမည်းမရောနှောတဲ့မင်္ဂကံကတော့ နိဗ္ဗာန်ကို အကျိုးပေးပါတယ်။

ဝဋ်ဒုက္ခအပေါင်းမှ ကင်းလွတ်နိုင်တဲ့ အဖြူ အမည်း မရောနှောတဲ့ကံမင်္ဂကံကိုရရှိအောင် ဝိပဿနာအလုပ်တွေ ပြုလုပ်နိုင်ပါစေ။

**□ အသားအရေ**
**ဝါဝင်းစိုပြည်နူးညံ့စေတဲ့နည်း**

ဘုရားရှင်ရဲ့ အသားအရေဟာ ဝါဝင်းစိုပြည်ပါတယ်။ ဘာဖြစ်လို့ ဝါဝင်းစိုပြည်ရသလဲဆိုရင် ဘုရားရှင်ဟာ နှစ်ဦးဘဝတွေတုန်းက မွန်မြတ်တဲ့ အစားအစာ၊ မွန်မြတ်တဲ့ အဝတ်အထည်တွေ ပေးလှူခဲ့တယ်။ တံမြက်စည်းလှည်းတဲ့ ကုသိုလ်တွေ ဖြည့်ကျင့်ခဲ့တယ်။ ဒေါသနည်းပါးအောင်ကျင့်သုံးခဲ့တယ်။

အသားအရေ နူးညံ့ချင်ရင်တော့ ကိုယ်မသိတဲ့ အကြောင်းအရာတွေကို ပညာရှိတွေထံမှာ မာန်မာနကိုနှိမ့်ချပြီး မေးမြန်းရပါတယ်။ ဘုရားရှင်ဟာ ပါရမီဖြည့်စဉ်ကာလတုန်းက ဒီကျင့်ဝတ်တွေ ဖြည့်ကျင့်ခဲ့တဲ့အတွက် ဘုရားရှင်ရဲ့ အသားအရေဟာ နူးညံ့ချောမွေ့ပါတယ်။

လူတိုင်းဟာ ရုပ်လှချင်ကြတယ်။ အသားအရေနူးညံ့ပြီး ဝါဝင်းစိုပြည်ချင်ကြတယ်။ ဒါဆိုရင်တော့ မာန်မာနကို နှိမ့်ချပြီး မေးခွန်းတွေမေးတတ်ပါစေ၊ မွန်မြတ်ကောင်းမွန်တဲ့အစားစာ၊ အဝတ်အထည်တွေ ပေးလှူကြပါလေ။ တံမြက်စည်းလှည်းတဲ့ကုသိုလ်၊ နေရာထိုင်ခင်းသန့်ရှင်းတဲ့ကုသိုလ်တွေ ပြုကျင့်ကြပါလေ။

ပြုကျင့်ကြမယ်ဆိုရင် အခုဘဝမှာလည်း ရုပ်ရည်အဆင်းကြည်လင်မယ်၊ ဖြစ်လေရာဘဝမှာလည်း အသားအရေစိုပြည်နူးညံ့မှာဖြစ်ပါတယ်။ ဒါကြောင့် တင်ပြခဲ့တဲ့ကုသိုလ်တွေ ပြုကျင့်နိုင်ကြပါစေ။

**□ ဘေးနှစ်မျိုး**

လူတွေမှာ ဘေးနှစ်မျိုး၊ အန္တရာယ်နှစ်မျိုးရှိကြတယ်။ အပြင်ဘေးနဲ့ အတွင်းဘေးတို့ဖြစ်ကြတယ်။

ပထမဘေးက ရေဘေး၊ လေဘေး၊ မီးဘေး၊ သူခိုးဓားပြဘေး၊ မင်းဘေး၊ သားဆိုး၊ သမီးဆိုးဘေးတို့ဖြစ်ကြတယ်။ ဒါတွေက အပြင်ကလာတဲ့ ဘေးအန္တရာယ်တွေပေါ့။

ဒီဘေးတွေ မဖြစ်ပေါ်လာအောင် နည်းမျိုးစုံနဲ့ကာကွယ်လို့ရတယ်။ သားသမီးတွေဖြစ်ပေါ်လာရင် မိဘတွေက ကယ်တင်ပေးလို့ရတယ်။ မိဘတွေမှာ ဒီဘေးတွေသင့်နေရင် သားသမီးတွေက ကယ်တင်ပေးလို့ရတယ်။ ဆိုင်ရာဆိုင်ရာ လူမှုရေးအသင်းတွေက ဘေးသင့်သူတွေကို ပြုစုစောင့်ရှောက်ပေးလို့ရတယ်။

ဒီဘေးတွေမဖြစ်ပေါ်လာအောင် ကြိုတင်ကာကွယ်ပေးလို့ရသလို ဖြစ်ပေါ်ပြီးတဲ့အချိန်မှာလည်း သင့်သလို အခြေအနေကြည့်ပြီး စိတ်ချမ်းသာကိုယ်ကျန်းမာအောင် ဆောင်ရွက်ပေးလို့ရတယ်။

လူတွေမှာ အတွင်းဘေးဆိုတာရှိတယ်။ ဒါက ဒုတိယဘေးပေါ့။ ဒီဘေးတွေဟာ လူတိုင်း၊ သတ္တဝါတိုင်း အမေ့ဝမ်းက မွေးဖွားလာကတည်းက ပါလာကြတယ်။

ဘာဘေးတွေလဲဆိုရင် ဇရာဆိုတဲ့ အိုဘေး၊ ဗျာဓိဆိုတဲ့ မကျန်းမမာတဲ့ဘေး၊ မရဏဆိုတဲ့ သေရမယ့်ဘေးတွေဖြစ်ပါတယ်။

ဒီဘေးသုံးမျိုး သားသမီးတွေကျရောက်လာရင် မကျရောက်အောင် မိဘတွေက နည်းအမျိုးမျိုးနဲ့ ကာကွယ်တားဆီးပေးလို့ မရပါဘူး။

မိဘတွေမှာ ဒီဘေးသုံးမျိုးကျရောက်လာရင်လည်း သားသမီးတွေက ကာကွယ်တားဆီးပေးလို့ မရပါဘူး။

အိုဘေး၊ နာဘေး၊ သေဘေးတွေရဲ့နှိပ်စက်ခြင်းက ကင်းဝေးချင်တယ်ဆိုရင် ဝိပဿနာအကျင့်ကိုကျင့်သုံးပါ။

မကျင့်သုံးနိုင်သေးဘူးဆိုရင် ဒါန၊ သီလ၊ သမထကုသိုလ်တွေ ပြုလုပ်တိုင်း အိုဘေး၊ နာဘေး၊ သေဘေးကကင်းဝေးအောင် ဆုတောင်းကြပါ။

အိုဘေး၊ နာဘေး၊ သေဘေးတွေကို တိုက်ရိုက်ကာကွယ်တဲ့နည်းက ဝိပဿနာ၊ သွယ်ဝိုက်ကာကွယ်တဲ့နည်းက ဒါန၊ သီလ၊ သမထ။

အပြင်ဘေးအန္တရာယ်မျိုးစုံတို့မှ သတ္တဝါတွေ ကင်းဝေးကြပါစေ။ အတွင်းဘေးအန္တရာယ်တွေမှလည်း ကင်းဝေးကြပါစေ။

(ဆရာတော်မျိုးစုံ ဟောကြားတဲ့ တရားမျိုးစုံကို နာကြားပြီး စာရေးသူ ရေးတတ်သလို ပြန်လည် တင်ပြရေးသားခြင်းဖြစ်ပါတယ်။)

အရှင်ဥဇ္ဇယ

## သားဝက်ခြံ အတွက်

လူပျို၊ အပျိုဖော်ဝင်စ မျက်နှာမှာ ဝက်ခြံဖုလေးတွေထွက်လာတတ်ပါတယ်။ ဟော်မုန်းအပြောင်းအလဲကြောင့်ဖြစ်တာလို့ သုတေသနဆေးပညာရှင်အချို့က ဆိုပါတယ်။ သနပ်ခါးလိမ်း၊ ရေများများသောက်ပေးရုံနဲ့ အလွယ်အသာပျောက်ကင်းသွားနိုင်ပါတယ်။ သို့မဟုတ် အချိန်တန်ရင်ပျောက်သွားပါမယ်။ ဘာမှစိုးရိမ်စရာမရှိပါဘူး။

စိုးရိမ်စရာရှိတာကတော့ 'ဆားဝက်ခြံ' ပဲ ဖြစ်ပါတယ်။ မျက်နှာပြင်အရေပြားကို မည်းနက်ပြီး မဆိုစကောင်းအနာကြီးရောဂါသည်၊ အရေပြားရောဂါသည်လို့ထင်ရလောက်အောင် အရုပ်ဆိုးအကျည်းတန်ကာ မလှမပနဲ့ သိပ်စိတ်ညစ်စရာကောင်းပါတယ်။

မစိုးရိမ်ပါနဲ့၊ နည်းသိရင် လွယ်ပါတယ်။ မခက်ပါဘူး။

သဘော်သီးမှည့်မှည့်ပျော့ပျော့ရှာဝယ်ပါ။

သဘော်သီးမှည့်ကို ထက်ခြမ်းခွဲ၊ အစေ့ပြောင်စင်အောင်ဖယ်ပြီး အတွင်းသားကို ဇွန်းနဲ့ခပ်ယူပါ။ ကြွေပန်းကန်လုံးထဲမှာ သဘော်သီးမှည့်အသားများ ဟင်းသောက်ဇွန်း(၄)ဇွန်းရရင် ညက်အောင်၊ ပျော်အောင်ပေါက်ပေးပါ။ သဘော်သီးမှည့်အသားများညက်ပြီးပျော်လည်နေပြီဆိုရင် ဆန်မှုန့်ဟင်းသောက်ဇွန်းတစ်ဇွန်းထည့်မွှေပါ။ သမပြီဆိုမှ ဆားဝက်ခြံပေါက်နေတဲ့ မျက်နှာနဲ့ ဆေးကြောလိုက်ပါ။ ရေကိုသုတ်မပစ်ပါနဲ့။ သူ့အလိုလို မျက်နှာမှာရေခြောက်သွားပြီဆိုရင် ထပ်မံပြီး သဘော်သီးမှည့်နဲ့ ဆန်မှုန့်ဖျော်ကို ထပ်မံပြီးပွတ်သပ်လိမ်းပေးပါ။ ယခင်လိုပဲ (၅) မိနစ်ခန့် ပွတ်သပ်ပြီးပြီဆိုရင် ရေနွေးဖျူနဲ့ ဆေးပေးလိုက်ပါဦး။

အဲဒီလို တစ်ပတ်မှ ဆယ်ရက်လောက်လုပ်ပေးပါ။ သဘော်သီးမှည့်ကို ထမင်းလျက်နဲ့လည်းပေါက်စားပေးပါ။ ရေအေးလည်းများများသောက်ပါ။ ဒါဆိုရင် မျက်နှာမှာ ဆားဝက်ခြံများကင်းရှင်းချောမွေ့ပြီး ဖြူစင်ဝင်းပကျက်သရေပြည့်ဝတဲ့ မျက်နှာအလှပိုင်ရှင်လေးဖြစ်လာပါလိမ့်မယ်။

နတ်မောက်မှတ်ကျောက်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခင်မောင်လေး

# ဆံတော်ရှင်ဝိနယမာရ်အောင်(ဦးဝိနု) စေတီတော်သမိုင်း

သက္ကရာဇ် ၁၁၁ ခု၊ မြတ်စွာ ဘုရား ရှစ်ဝါရချိန်တွင် ဂဝံပတိရဟန္တာ ...ထားချက်အရ မြတ်စွာဘုရား ...ဏ္ဏဘူမိ သထုံပြည်သို့ ကြွရောက်ခဲ့ ၏။ ထိုသို့ကြွလာစဉ်က နောက်လိုက် နောက်ပါ ရဟန္တာငါးရာ ပါလာ၏။ ပဲခူး ရွှေမော်ဓောကျောက်စာတွင် ရဟန္တာ နှစ်သောင်း ပါလာသည်ဟု ဆို၏။ ထိုစဉ်က သုဝဏ္ဏဘူမိကို သီဟသုဓမ္မ ရာဇာ (သူရိယစန္ဒာမင်း) နန်းစံနေ၏။

သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရား ကြွလာစဉ်က ရှေးဦးစွာ ခြေချသော တောင်မှာ မြသပိတ်တောင် ဖြစ်၏။ ထိုမြသပိတ်တောင်မှ တောင်ဆွယ် လေးခုဆုံရာ ကေလာသတောင်သို့ ကြွ

ပထမနေ့တွင် ဆံတော်ရရှိသော ရသေ့များမှာ -

| စဉ် | ရသေ့တွဲတော် | သီတင်းသုံးရာအရပ် | ဆံတော်ဌာပနာသည့်စေတီ |
|---|---|---|---|
| ၁။ | တိဿကုမာရ | ဂစ္ဆဂိရိ(ဇင်းကျိုက်) | ဇင်းကျိုက်ဆံတော်ရှင် |
| ၂။ | သီမာကုမာရ | ပန္နဝဂိရိ (ဒွဲကပင်) | ဒွဲကပင်ဆံတော်ရှင် |
| ၃။ | တိလရသေ့ | ဒိုးခလွန်း(ကေလာသတောင်) | ကေလာသဆံတော်ရှင် |
| ၄။ | ဒိဗ္ဗစက္ခုဘာယရသေ့ | ဒိုးတမော့ခကွဲဂလိုင်(ကျိုက်ထီးရိုးတောင်) | ကျိုက်ထီးရိုးဆံတော်ရှင် |


နောက်တစ်နေ့တွင် ဆံတော်ရသော ရသေ့များမှာ -


| စဉ် | ရသေ့တွဲတော် | သီတင်းသုံးရာအရပ် | ဆံတော်ဌာပနာသည့်စေတီ |
|---|---|---|---|
| ၁။ | ကပ္ပရသေ့ | မွတ်လအိတ်တောင် | မွတ်လအိတ်ဆံတော်ရှင် |
| ၂။ | ဝါဂရူရသေ့ | လမိုင်းကေလာသတောင် | လမိုင်းကေလာသဆံတော်ရှင် |
| ၃။ | ကပ္ပိန္ဒရသေ့ | ကျိုက်ဒေယျုတောင် | ကျိုက်ဒေးယျုဆံတော်ရှင် |
| ၄။ | အလကပ္ပရသေ့ | ဆောင်ခဲ(ကျိုက်တဲ)တောင် | ကျိုက်တဲဆံတော်ရှင် |




www.burmeseclassic.com

www.burmeseclassic.com











၏။ ထိုအရပ်တွင် မင်းနှင့် ပြည်သူတို့အား တရားရေအေး တိုက်ကျွေး၏။ ရှင်ရသေ့များသည်လည်း မြတ်စွာဘုရားအား ဖူးမြော်ရန် ရောက်လာကြ၏။ ရှင်ရသေ့များ လျှောက်ထားသဖြင့် ဆံတော်များ ပေးသနားချီးမြှင့်ခဲ့၏။

ထို့အပြင် ဈာန်အဘိညာဉ်ရ ရသေ့များက အစိဋ္ဌာန်ပြု၍ပွားလာသော ဆံတော်ပွားများလည်းရှိကြောင်း ဓမ္မစေတီမင်း ရေးထိုးခဲ့သည့် ယင်း ကေလာသတောင်ကျောက်စာတွင်ဖော်ပြထာ၏။ ဓမ္မစေတီမင်း၏ ကေလာသ ကျောက်စာမှာ ချောက်ထဲကျနေသဖြင့် တိမ်မြုပ်ပျောက်ကွယ်နေ၏။ လွန်ခဲ့သည့် ၂၀၁၀ ပြည့်နှစ်က ကျိုက်ထီးဆောင်း ဆရာတော်က ရှာဖွေတွေ့ရှိပြီး ပြန်လည်စိုက်ထူထား၏။ ယင်းကျောက်စာတွင် ဘုရင်မကြီး ရှင်စောပုနှင့် ဓမ္မစေတီမင်း လက်ထက် ဟံသာဝတီခေတ်လယ် မွန်စာအရေးအသားဖြင့် တိလရသေ့ဟူသော စာလုံးနှင့် 'ကေလာသပဝ်' ဟူသော စာလုံးများကို ထင်ထင်ရှားရှား တွေ့ရှိရ၏။ ဓမ္မစေတီမင်း၏ ကေလာသ ကျောက်စာတွင် ဆံတော်ရရသေ့ (၉)ပါးကိုသာ ဖော်ပြထား၏။ ကျောက်စာတွင် မပါသော်လည်း အခြားဆံတော်ရရသေ့များရှိသေးကြောင်း တွေ့ရှိရ၏။

ကေလာသစေတီနားတွင် စိုက်ထူထားသည့် မွန်ဘာသာဖြင့် ရေးထိုးထားသည့် ကေလာသကျောက်စာရှိ၏။

ယင်းကျောက်စာအရ -

www.burmeseclassic.com

www.burmeseclassic.com


ဆံတော်ရရှိထားသည့် ရသေ့များ အနက် တိဿရသေ့သည် ဂစ္ဆဂီရိတောင် (ဇင်းကျိုက်) တောင်တွင် ကျော်ဖြ နှာ် (ဇင်းကျိုက်တောင်) စေတီကို လည်းကောင်း၊ ဗန္ဓုဝဂီရိတောင်မှ သီဟကုမာရ ရသေ့သည် ကျော်ဖြကွင် (ဖွဲကပင်စေတီ) ကို လည်းကောင်း၊ ဒိုးခလွန်တောင်မှ ရသေ့၊ ကုသိနာရုံတောင်မှ ရသေ့တို့ သည် မိမိတို့ရရှိထားသော ဆံတော်များ ကို ဒိုးကမော့ခတွံဂလိုင်မှ ဗုဒ္ဓဉာဏ ရသေ့ထံအပ်ထား၏။ ဗုဒ္ဓဉာဏရသေ့က တစ်ဆူကို ကျိုက်ထီးရိုးစေတီတွင် လည်း ကောင်း၊ တစ်ဆူကို ကေလာသစေတီနှင့် ကျန်တစ်ဆူကို တိုက်ကုလား ကျိုက်တဲ စေတီတွင် လည်းကောင်း အသီးသီး ဌာပနာ၍ စေတီတည်ထား ကိုးကွယ် ခဲ့၏။

ထို့အတူ မဲလံတောင်ရသေ့သည် မဲလံစေတီ၊ ဆောင်ခဲတောင်မှ အလကပ္ပ ရသေ့သည် တောင်စွန်းတောင်ရှိ စေတီ တစ်ဆူကို လည်းကောင်း မွတ်လအိတ် တောင်မှ ရသေ့သည် မွတ်လအိတ် တောင်တွင်လည်းကောင်း၊ မွတ်လအတ် တောင်မှ နရဒရသေ့သည် မွတ်လအတ် တောင်တွင် လည်းကောင်း၊ ဒိုးခလွန် တောင်မှ ရသေ့သည် ကျိုက်ဒိုးခလွန် စေတီကို လည်းကောင်း၊ နတ်ဘီလူး ညီနောင်တို့သည် ဇုတ်သုတ်ရှိကျော်က လော်ဒက် (ကျိုက်ထီးဆောင်း) စေတီကို လည်းကောင်း၊ ကျိုက်ကွမိမှ ရသေ့သည် ကျိုက်ကမွမိရှိ ကျောက်ဖျာပေါ်တွင် လည်းကောင်း မိမိတို့ ရရှိထားသည့် ဆံတော်ကို အသီးသီးဌာပနာ၍ စေတီ တည်ထား ကိုးကွယ်ခဲ့ကြ၏။ ကျိုက်ထီး ဆောင်းစေတီကိုတည်စဉ်က နတ်ဘီလူး ညီနောင်၏ သမီးနှစ်ယောက်သည် မိမိ တို့ဆံပင်ကို ကြိုးသဖွယ်ကျစ်ပြီး ဌာပနာ သဖြင့် ထိုဘုရားကို မွန်ဘာသာဖြင့် ကျာ်ဇုက်သော် (ဇုတ်သုတ်ဘုရား) ဟု ခေါ်၏။ နောက်ပိုင်း ယင်းဘုရား၏ထီး သည် တစ်ဖက်သို့ အနည်းငယ်စောင်း လာသဖြင့် ကျိုက်ထီးစောင်း၊ ထိုမှ ကျိုက်ထီးဆောင်းဖြစ်လာ၏။

ထို့နောက် မွတ်လအိတ်တောင်မှ သုဂန္ဓိရသေ့သည် မြတ်စွာဘုရားထံမှ ဆံတော်(၃)ဆူ ရရှိလာ၏။ သုဂန္ဓိရသေ့ နှင့် မွန်ဘုရင် ပြဟ္မသောကရာဇာမင်းတို့









www.burmeseclassic.com









သည် ပွန်စလိုင်ကျွန်း (ခေါင်းဆေးကျွန်း) ဆုတောင်းပြည့်စေတီတော်ကို တည်၍ ဆံတော်တစ်ဆူ ဌာပနာခဲ့၏။ ထို့ပြင် ကျွန်း၏ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင် စေတီ တစ်ဆူစီတည်ထားခဲ့ပြီး ဆံတော်တစ်ဆူစီ ဌာပနာခဲ့၏။ ထိုစေတီ (၃) ဆူစလုံးကို ကဆုန်လဆန်း ၂ ရက်တွင် ဆံတော် ဌာပနာ၍ ဥမင်အနက်ကိုလည်း တညီတညွတ်တည်း ထူထားခဲ့၏။ ယင်း ဥမင်သည် ဒီရေအတက်၊ အကျကိုလိုက်၍ ရေအမြဲရှိနေစေရန် ဖန်တီးထား၏။ ဆံတော်ကို ပတ္တမြားကြုတ်ထဲထည့်ပြီး ရွှေသင်္ဘောဖြင့်ရေပေါ်တွင် မျှောထားခဲ့၏။ ထို့နောက် ကျွန်း၏အနောက်တောင်ထောင့်ရှိစေတီသည် ဉာဏ်တော်အမြင့် တစ်တောင်ရှိ၏။ စေတီများတွင် ဂဝံကျောက်ထီးတိုင်များ စိုက်ထူထား၏။ ပွန်စလိုင်တွင် ဆုတောင်းပြည့် ဆံတော်ရှင် (သစ္စာမဏ္ဍိုင်) စေတီအပြင် သမိုင်းဝင် ဆံတော်ရှင် (၁၂) ဆူ ရှိ၏။

ပွန်စလိုင် (ခေါင်းဆေးကျွန်း) တွင် သုဂန္ဓိရသေ့နှင့် ဖြဟ္မာသောကရာဇာမင်းတို့ ဆံတော်များဌာပနာ၍ စေတီတည်ထား ကိုးကွယ်ခဲ့သလိုဆိုခဲ့၏။ ရမ္မာဝတီကောင်းစားစဉ်က မွန်မင်းများ အုပ်ချုပ်စိုးစံရာ မုပွန်မြို့မှ မင်းများသည်လည်း ခေါင်းဆေးကျွန်းတွင် ဆံတော်ဌာပနာ၍ စေတီ တည်ထား ကိုးကွယ်ခဲ့၏။

ဗြာဇမင်းသည် သိမ်အနီးရှိ စေတီ၊ ဗြသံကေမင်းကလည်း သိမ်အနီးရှိစေတီ၊ ကြက်ထောရသေ့ ရလာသော ဆံတော်ကို ဗညားလေမင်းက သိမ်အရှေ့ဘက်စေတီ၊ ကပ္ပိလရသေ့ ဆောင်ယူလာသော ဆံတော်ကို ဗညားတိုက်ယိုက်မင်းက ကျွန်းအရှေ့တောင်ထောင့်ရှိ စေတီ၊ ဂမာန်ရသေ့ဆောင်ယူလာသည့်ဆံတော်ကို ဖိတ်ကံကောင်းမင်းက ကျွန်း၏ အရှေ့မြောက်ထောင့်ရှိစေတီ၊ ပိဏ္ဍကုမာရရသေ့ဆောင်ယူလာသည့် ဆံတော် တစ်ဆူကို ကျိုက်ပဥ္စလောင်းပြာသာဒ်၏ တောင်ဘက်ရှိစေတီ၊ အင်္ဂဇေယျရသေ့ ယူလာသည့် ဆံတော်တစ်ဆူကို ဗညားပရန်ဒွိပမင်းက အထက်ပါ စေတီနှင့် အနည်းငယ်ကွာနေရာများတွင် အသီးသီး စေတီ တည်ထား ကိုးကွယ်ခဲ့၏။ ယင်း စေတီများသည် ကြီးကြီးမားမားစေတီ



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်၊ အနိမ့်ဆုံးစေတီမှာ ဉာဏ်တော် (၃) တောင်၊ လက် (၁) သစ်ရှိ၍ အမြင့်ဆုံးစေတီမှာ ဉာဏ်တော် (၄) တောင်၊ လက် (၄) သစ်ရှိ၏။

ရှေးအခါက အိန္ဒိယဘုရင်များသည် ခေါင်းဆေးမင်္ဂလာပြုခြင်း၊ သကြန်ရေကစားခြင်း၊ ဘိသိက်ခံခြင်းပြုလုပ်ရာတွင် ဘိသိက်ရေအဖြစ် ဂင်္ဂါ၊ ယမုံနာ၊ အိရာဝတီ၊ မဟီ၊ သရဘူ မြစ်ငါးသွယ်ဆုံရာအရပ်ရှိ ရေကို အသုံးပြုခဲ့ကြ၏။ ထိုရေမျိုးကို ရာမညမွန်ဘုရင်နှင့် မြန်မာဘုရင်တို့ ရှာဖွေကြသောအခါ ပွန်စလိုင်တွင် တွေ့ရှိရ၏။ ဇေယျသင်္ခယာ ရေးသားပြုစုခဲ့သည့် 'ရွှေဘုံနိဒါန်း' တွင် 'အရှေ့ဘက်သို့၊ ရွှေ့စက်ပြောင်ဝင်း၊ ထိန်ထိန်လင်းမျှ၊ မြစ်မင်းယှဉ်ပြိုင်၊ ပွန်စလိုင်ဟုငါးဆိုဆုံကြ ပင်လယ်ဝကို' ဟူ၍ စပ်ဆိုခဲ့၏။ ပွန်စလိုင်မှ ပွန်စသည် ပဉ္စမှလာ၏၊ ငါးခုဟု အဓိပ္ပာယ်ရ၏။ ယင်းမြစ်ငါးမြစ်ကား သံလွင်၊ ဂျိုင်း၊ အတ္ထရံ၊ ဟောင်သရော၊ ဒုံသမိများ ဖြစ်ကြ၏။

တွေ့ရှိသည့် မှတ်တမ်းများအရ အနော်ရထာမင်း၊ မွန်ဘုရင် ရာဇာဓိရာဇ်၊ ရှင်စောပုဘုရင်မ၊ အလောင်းမင်းတရားဦးအောင်ဇေယျနှင့်သာသနာ့အာဇာနည် ရသေ့ကြီး ဦးခန္တီတို့သည် ပွန်စလိုင်တွင် ခေါင်းဆေးမင်္ဂလာပြုခဲ့ကြသူများ ဖြစ်၏။ အချို့ ခမာဘုရင်၊ ထိုင်းဘုရင်များသည်လည်း ပွန်စလိုင်သို့ကူးလာပြီး သကြန်တော်ခေါ် လေ့ရှိ၏။ ခေါင်းဆေးမင်္ဂလာပြုလေ့ရှိ၏။

မြတ်စွာဘုရား သထုံဘို့ရောက်ရှိပြီး သထုံမှအခြားနေရာသို့ကြွမသွားခင် သထုံဘုရင် သီဟမွေရာဇာက ဆံတော်ကို ပေးသနားရန် တောင်းခံ၏။ မြတ်စွာဘုရားရှင်က ဘုရင်အား ဆံတော်ချီးမြှင့်တော်မမူဘဲ ကိုယ်ပွားတော်တစ်ဆူပေးသနားတော်မူ၏။ ထို့နောက် မြတ်စွာဘုရားရှင်သည် ဓညဝတီ၊ ကဿဝတီ၊ ပုပ္ပဝတီ၊ ဟံသာဝတီ၊ ရမ္မာဝတီ၊ ကာရနရဋ္ဌဝတီ၊ ကျောက်ဖျာမြို့တို့တွင် သာသနာအစွန့်ရှည်ကြာ ထွန်းလင်း တောက်ပမည်ကို သိရှိတော်မူ၏။ ထို့ကြောင့် ယင်းဒေသများသို့ ဒေသစာရီကြွချီတော်မူ၏။

ရှေးဦးစွာ ကျောက်ဖျာမြို့ခေါ် မုတ္တမမြို့သို့ကြွတော်မူ၏။ ထို့နောက် ဇင်းကျိုက်တောင်သို့ ကြွတော်မူပြီး ဆံတော်တစ်ဆူ ပေးသနားတော်မူ၍ စေတီတစ်ဆူ တည်ထားကိုးကွယ်စေ၏။ ယင်းစေတီကို စူဠာမဏိဘုရားဟု ခေါ်၏။ ထိုမှတစ်ဖန် အသကံနဒီခေါ် သံလွင်မြစ်ကိုကျော်ပြီး ကျိုက္ကမိသို့ကြွတော်မူ၏။ ရှေးအခါက သံလွင်မြစ်ကို အသကံနဒီဟု ခေါ်၏။

ထိုမှတစ်ဖန် အစဉ်အတိုင်းကြွပြန်ရာ မုဒုံကန်ကြီးသို့ရောက်၏။ ယင်းနေရာ မြတ်စွာဘုရား ဆောင်တော်မူသော ရွှေယပ်တော်ကိုဌာပနာ၍ စေတီတစ်ဆူ တည်ထား ကိုးကွယ်ခဲ့၏။ ယင်းစေတီကား မုဒုံကန်ကြီးစေတီ ဖြစ်၏။

သည့်နောက် မြတ်စွာဘုရားသည် ရမ္မာဝတီမြို့သို့ ရောက်ရှိလာ၏။ ရမ္မာဝတီမြို့ဆိုသည်ကား မြတ်စွာဘုရား ပွင့်တော်မမီ နှစ်ပေါင်း (၅၀) ခန့်က မွန်တိုင်းရင်းသားများ အခြေချနေထိုင်ခဲ့၏။ ထိုသို့ နေထိုင်ရာတွင် သံလင်တောင်ခြေ၌ ရွာတည်၍ စုဝေးနေထိုင်ကြ၏။ ထိုရွာသူကြီး၏ဇနီးမှ သားတစ်ယောက်မွေးဖွားရာ မျက်ရှင်နှင့်တူသောမှဲ့တစ်လုံး မျက်ခုံးနှစ်ခုကြားတွင် ပါရှိလာသောကြောင့် ယင်းသူငယ်ကို 'မတ်ပိ' မွက်ပိဟု အမည်မှည့်၏။ မြန်မာဘာသာအားဖြင့် မျက်စိသုံးလုံးဟု အဓိပ္ပာယ်ရ၏။

ထိုသူငယ် အရွယ်ရောက်သော် ရွာသူကြီးမှာ အနိစ္စရောက်သွား၏။ ထို့ကြောင့် ရွာသူရွာသားများက သံလင်တောင်ခြေရှိ ရွာဟောင်းကို တိုးချဲ့ပြီး မြို့ရိုး၊ တံတိုင်း၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်တား စသည်တို့ကို စနစ်တကျ ပြုလုပ်ပြီး မြို့တစ်မြို့တည်ထောင်၏။ ထိုမြို့ကို အုပ်ချုပ်ရန် မတ်ပိသူငယ်အား 'မွတ်ပိရာဇာ' ဟူသောဘွဲ့ဖြင့် ဘုရင်တင်မြှောက်၏။ မြို့တော်ကိုလည်း ရမ္မာဘူရ ဟူ၍ ခေါ်ဝေါ်ခဲ့ကြ၏။ ယခု မော်လမြိုင်မြို့ကို ဆိုလို၏။ ဤကား (မွန်) မြန်မာ၊ ရခိုင်ရာဇဝင်ချုပ်အလိုဖြစ်၏။

စစ်ကဲဦးရွှင်နော်၏ မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ်အလိုအရ သက္ကရာဇ် ၁၁၁ ခု မြတ်စွာဘုရား ကြွလာစဉ်က မင်းသား(၁၀)ပါးတို့ ဆံတော်တစ်ဆူရပြီး အဓိဋ္ဌာန်ပြုသောအခါ (၁၀) ဆူပွားလာ၏။ ယင်း ဆံတော်(၁၀)ဆူကို ဌာပနာ၍ မော်လမြိုင်မြို့၏ အထက် မြစ်မကြီးနှစ်ကွေ့ခွဲအကွာနားရှိ တောင်ထိပ်တွင် စေတီတစ်ဆူတည်ထားခဲ့၏။ ဆံတော် (၁၀) ဆူ ဌာပနာခဲ့သည်ကို အကြောင်းပြု၍ ယင်းစေတီကို မွန်ဘာသာဖြင့် ကျိုက်ဒသဟု ခေါ်၏။ ကာလရွေ့လျားလာခဲ့သော့အခါတွင် ကျိုက်ဓမ္မသဖြစ်လာ၏။

မင်းသား (၁၀) ပါးတို့သည်လည်း မိမိတို့ကိုးကွယ်သည့်စေတီကို နေ့စဉ်နှင့်အမျှ ဖူးမြော်နိုင်ရန် အနီးအနားတွင် မြို့တည်ထောင်ပြီး အစ်ကိုအကြီးဆုံးက ထီးနန်းစိုးစံ၏။ ယင်းမြေသည် ပထမ ရမ္မာပူရ (ဝါ) ပထမရမ္မာဝတီဟု ခေါ်၏။ ထိုမြို့၏ တည်နေရာကား ယခု ကရင်ပြည်နယ် ကော့ဘိန်းရွာ ဖြစ်၏။

သာသနာတော်နှစ် ၁၅၇ ခုနှစ် မွန်ဘုရင် မွတ်ပိရာဇာမင်းလက်ထက် ပထမရမ္မာဝတီမြို့သည် ချောင်ကျ၍ ရောဂါဘယလည်းထူပြော၏။ ထို့ကြောင့် သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်၊ ဟောင်သရောမြစ်၊ သောင်ရင်းမြစ်တို့ ဆုံရာ ပွန်စလိုင်း(ခေါင်းဆေးကျွန်း)အဝနားသို့ ပြောင်းရွှေ့ပြီး မြို့ပြတည်ထောင်လျှင်ကောင်းမည်ဟု မှူးမတ်များနှင့် တိုင်ပင်၏။ မှူးမတ်တို့က သဘောတူညီသဖြင့် ထိုနေရာသို့သွားပြီး ထီးနန်းစိုက်၏။ မြို့အမည်ကိုလည်း ရမ္မာပူရ (ဝါ) ရမ္မာဝတီဟု သမုတ်၏။ ဒုတိယရမ္မာဝတီမြို့သည် ယခုလက်ရှိ မော်လမြို့ပင် ဖြစ်၏။ ဒုတိယရမ္မာဝတီဘုရင်ကို မွတ်ပိ





www.burmeseclassic.com

www.burmeseclassic.com

ရာဇာဟု ဖော်ပြထား၏။

ဒုတိယရမ္မာပူရဘုရင် မွတ်ပိရာဇာသည် နဖူးတွင် မှဲ့အရှင်တစ်လုံးရှိ၏။ မှဲ့ရှင်ကြောင့် တန်ခိုးအာနုဘော်ကြီး၏။ ထိုင်းဘုရင်ကလည်း ရုပ်ဆင်းရူပကာ တင့်တယ်သောကျွန်မ၏သမီးကို လိုအပ်သည်များသင်ကြားပြီး ဘုရင့်သမီးတော်အဖြစ်လေပန်ကို မွတ်ပိရာဇာမင်းထံ ဆက်သ၏။ မွတ်ပိရာဇာလည်း ဇာတိအမှန်ကို မသိသဖြင့် မိဖုရားမြှောက်၏။ ထိုင်းဘုရင်နှင့် ကျွန်မတို့၏ မကောင်းကြံမှုကြောင့် မကြာခင် မွတ်ပိရာဇာမင်း၏မှဲ့ရှင်တော်ကွယ်လေ၏။ ဤသည်ကိုအကြောင်းပြု ထိုမြို့ကိုမွန်ဘာသာဖြင့် 'ချမတ်မလို'၊ 'ဗုံမွတ်မလိန်း' ဟု ခေါ်၏။ မျက်စိကွယ်သောမြို့ 'မွတ်မလိန်'မှ မော်လမြိုင်ဖြစ်လာသည်ဟု ဆို၏။

ဤအဆိုအရ မြတ်စွာဘုရားရှင် (၈) ဝါမြောက်ကြွလာစဉ်က ရမ္မာပူရသည် မရှိသေးဟု ယူဆရ၏။ သို့သော် သက္ကရာဇ် ၁၁၁ ခုနှစ် မြတ်စွာဘုရားသုဝဏ္ဏဘူမိသို့ကြွလာစဉ်က ရခိုင်ရာဇဝင်ချုပ်အလိုအရ ရမ္မဝတီ၊ ဟံသာဝတီ၊ ဓညဝတီမြို့များတွင် သာသနာထွန်းကားမည်ကိုမြင်သဖြင့် ထိုမြို့များသို့ ကြွရောက်လာကြောင်း ဖော်ပြထား၏။ သည့်ကြောင့် မြတ်စွာဘုရားပွင့်တော်မမူမီ နှစ် (၅၀) ခန့်က ရမ္မာဝတီမြို့ကြီး တည်ရှိနေပြီ ဟူသောအဆိုကို အမှန်ယူရန်သာရှိ၏။

သီဟိုဠ်ကျွန်းမှတစ်ဆင့် သထုံသို့ ကြွလာရာတွင် မြတ်စွာဘုရား သုဝဏ္ဏဒီပခေါ် စုမတြားကျွန်း၊ မလေးကျွန်းဆွယ်၊ ကမ္ဗောဇတိုင်း၊ ဒွါရဝတီနှင့် ရာမညဒေသဖြစ်သော ထားဝယ်၊ ရေး၊ လမိုင်း၊ ဝါခရု (ကျိုက္ခမီ)၊ ဘီလူးကျွန်း၊ ဇယား၊ မော်လမြိုင်၊ မုတ္တမ၊ သထုံ(သုဓမ္မဝတီ) စသည့် မြို့ရွာများသို့ ရောက်ရှိခဲ့၏။

ဆိုခဲ့သည့်အတိုင်း မြတ်စွာဘုရား ရမ္မာပူရမြို့သို့ရောက်စဉ် မြို့ဦးမြို့ထိပ်ကိုဖြတ်သောအခါ သံလင်တောင်ထိပ်တွင် ရပ်တော်မူ၏။ ထိုသို့ ရပ်နားစဉ် ယင်းတောင်၌ ဆံတော်တစ်ဆူ ပေးသနားခဲ့၏။ ထိုဆံတော်ကိုရသည့် ရသေ့ကစေတီတည်ကာ ဌာပနာခြင်းမပြုဘဲ မိမိ၏ ဆံကျစ်တော်တွင် သိမ်းဆည်းထား၏။ ယင်းဆံတော်ကို အဆက်ဆက်ထိန်းသိမ်းလာခဲ့ရာ ခင်ကြီးဦးဉာဏလက်ထက်သို့တိုင် ရောက်ရှိလာ၏။

ထိုစဉ်က နာဂစိ[illegible]စခန်းတွင် ဇိနရသေ့အား ဆံတော်(၇)ဆူ ပေးသနားသည့်တိုင် ဇိနရသေ့ကြီးသည် မိမိရရှိထားသည့် မြတ်စွာဘုရားရှင်၏ဆံတော်များကို မိမိ၏ ဒေါက်ခြာထဲ၌ထားရှိကာ အမြတ်တနိုး ကိုးကွယ်ခဲ့၏။ ကာလကြာညောင်း၍ ရသေ့ကြီး အသက်အရွယ်ကြီးရင့်အိုမင်းလာချိန်တွင် မြေကျောက်ပုံပြီး ဆံတော်မြတ်ကို ဌာပနာထည့်ကာ ဆက်လက် ကိုးကွယ်တော်မူခဲ့၏။ 'နောင်ကာလတွင် ပါရမီရှင်များ ပေါ်ပေါက်ပြီး စေတီအဖြစ် ဆက်လက် တည်ထားကိုးကွယ်နိုင်စေရန်' လည်း အဓိဋ္ဌာန်ပြုဆုတောင်းခဲ့၏။ သို့သော် ထိုဇိနရသေ့၏ မြေကျောက်စေတီနေရာမှာ ကာလရှည်ကြာသော် ချုံနွယ်ပိတ်ပေါင်းများကြားတွင် ကာလအတန်ကြာ တိမ်မြုပ်ပျောက်ကွယ်နေ၏။ ထို့ကြောင့် ယင်းစေတီကို လူများမတွေ့ရှိခဲ့။ ဤအဖြစ်မျိုးသည် မြတ်စွာဘုရား၏ သွားတော်များ ဌာပနာထားသည့် စေတီ (၃၃) ဆူနှင့် တူညီနေ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဂဝံပတိမထေရ်က မြတ်စွာဘုရား၏ သွားတော် (၃၃) ဆူကို သထုံဘုရင် သီရိမာသောကအား ပေးအပ်လိုက်၏။ သီရိမာသောကလည်း သွားတော်တစ်ဆူစီတစ်ဆူစီဌာပနာ၍ စေတီ (၃၃) ဆူ တည်ထားခဲ့လေ၏။ သို့သော် နှစ်ပေါင်းကြာသောအခါ ,ယင်းစေတီများသည် ဇိနဆံတော်ရှင်ဘုရားကဲ့သို့ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းပြီး တိမ်မြုပ်ပျောက်ကွယ်နေခဲ့၏။

သာသနာနှစ် ၂၃၅ သို့ ရောက်သော် ပါဋလိပုတ်ပြည်မှ မောဂ္ဂလိပုတ္တိဿမထေရ်သည် ကိုးတိုင်းကိုးဌာနသာသနာပြုခဲ့၏။ ထိုအခါ ရှင်သောဏနှင့် ဥတ္တရမထေရ်သို့ သထုံသို့ကြွရောက်ခဲ့၏။ ရဟန္တာအရှင်မြတ်နှစ်ပါးက သီရိမာသောကမင်းကြီး ဌာပနာခဲ့သည့် သွားတော် (၃၃) ဆူ စေတီတော်ကို စူဠသီရိမာသောကမင်းအား ပြ၏။ မင်းကြီးကသွားတော်ကို ဖော်ယူပြီး အရပ်ဒေသ (၃၃) ဌာနတို့တွင် စေတီ(၃၃)ဆူတည်၏။ ဓမ္မစေတီမင်းကြီးလက်ထက် ထိုစေတီဟောင်းများကို ပြုပြင်ပြီး မူလဘုရားသမိုင်းနှင့်တကွ ကမ္ပည်းထိုးခဲ့၏။ ကမ္ပည်းစာအရ ရွှေစာရံစေတီတော်အရှေ့စောင်းတန်းတောင်ဘက် ဤစေတီတော်ကြီး၌ မြတ်စွာဘုရားသွားတော် ဌာပနာထားသည်ဟု ပါရှိ၏။ သည့်ကြောင့် ဓမ္မစေတီမင်း၏သွားတော် (၃၃) ဆူ ကျောက်စာအရ ရွှေစာရံစေတီတော်ကြီးတွင် သွားတော်တစ်ဆူကိန်းဝပ်လျက်ရှိကြောင်း သိရှိရ၏။

စူဠသီရိမာသောကမင်းလက်ထက် တည်ထားခဲ့သော သွားတော် (၃၃) ဆူ စေတီများမှာ အောက်ပါအတိုင်းဖြစ်၏။

၁။ ရွှေစာရံစေတီ
၂။ ကေလာသစေတီ
၃။ ဇုတ်သုတ်စေတီ (တောင်စွန်း)
၄။ ကျိုက်ယပ်မားစေတီ (ယပ်မားမြို့)
၅။ ကျိုက်ကလံဇန်(စစ်တောင်း)
၆။ ကျိုက်ဇရစ်စေတီ (ဘီးလင်းနယ် - စရစ်)
၇။ ကျိုက်သလွန်စေတီ (သလွန်မြို့)
၈။ ကျိုက်သူရဲစေတီ (သူရဲမြို့)
၉။ ကျိုက်တလင်စေတီ (ကျောက်မော်မြို့)
၁၀။ ကျိုက်လောထွက်စေတီ (ကျောင်ပြာမြို့)
၁၁။ ကျိုက်မုခလစေတီ (ကောလိယ)
၁၂။ ကျိုက်မုပွန်စေတီ (မောရဃွယ-မော်လမြိုင်)
၁၃။ ကျိုက်ခွက်စေတီ (ခွင်မဲ-ဒိန်မယ်-ပဲခူး)
၁၄။ ကျိုက်ငုတ်စေတီ (အခရိန်)
၁၅။ ကျိုက်မုခိုင်စေတီ (ကဟော့ဒွတ်)
၁၆။ ကျိုက်ဇုတ်ကနုတ် (ဇုတ်ကနုတ်)
၁၇။ ကျိုက်သလွံစေတီ (မော်လမြိုင်)
၁၈။ ကျိုက်မူးနန်းစေတီ (ဘီလူးကျွန်း)
၁၉။ ကျိုက်ပိုင်ကြုံစေတီ(ဇာသပြင်)
၂၀။ ကျိုက်တမော့-မြသိန်းတန်စေတီ (မုတ္တမ)
၂၁။ ကျိုက်ငေါ်စေတီ (ကျိုက်ငေါ်မြို့)
၂၂။ ကျိုက်ကာစေတီ (ကျိုက်ကာမြို့)
၂၃။ ကျိုက်ရှိစေတီ (ကျိုက်ရှိမြို့)
၂၄။ ကျိုက်တင်စေတီ (တင်စီမြို့)
၂၅။ ကျိုက်သထုံစေတီ (မုပွလင်မြို့)
၂၆။ သေကုတ္တရစေတီ (ဘီးလင်းမြို့)
၂၇။ ကျိုက်မိုးညက်စေတီ (မိုးညက်မြို့)
၂၈။ ကျိုက်မိုးနိုင်စေတီ (မိုးနိုင်မြို့)
၂၉။ ကျိုက်ထိုစေတီ (ကျိုက်ထိုမြို့)
၃၀။ ကျိုက်ကဒူးစေတီ (မုတ္တဒူးမြို့)
၃၁။ ကျိုက်ကော်စေတီ (ကျိုက်ကော်မြို့)
၃၂။ လက်ခလစ်စေတီ(ရွှေဂွန်းမြို့)
၃၃။ မဓဝါစေတီ - ရွှေမော်ဓောစေတီ (ပဲခူးမြို့)

စသည်တို့ ဖြစ်ကြ၏။

(ဆက်ပါဦးမည်။)

နိုင်ခင်မောင်လေး



www.burmeseclassic.com

www.burmeseclassic.com



၁

# ဖျော်ပုံတင်နိုင်ဝင်း

## သက်ရှည်ကျန်းမာလှူချမ်းသာ

လောက၌ လူတို့သည် အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ခွန်အားဗလပြည့်စုံ ခြင်းစသည်တို့ကို အလိုရှိကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ တစ်နည်းဆိုရ သော် လောကလူသားတို့သည် သက်ရှည် ကျန်းမာလှချမ်းသာအဖြစ်ဖြင့် တင့်တယ် စွာနေလိုတတ်ကြပေသည်။ ထို့ကြောင့် လည်း ခေတ်အဆက်ဆက် လူသားတို့ သည် အသက်ရှည်ခြင်း၊ အဆင်းလှ သော ကောင်းမြတ်ခြင်းများရရှိနိုင်ရေး အတွက် အမျိုးမျိုးကြံဆတီထွင်ကြိုးပမ်း ခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းတီထွင်ကြ ရာတွင် အများအားဖြင့် လောကီဉာဏ် ပညာကိုသာအခြေခံ၍ လုပ်ဆောင်ခဲ့ကြ သောကြောင့် အမှန်နှင့်အတူ အမှားများ လည်းမကင်းခဲ့ကြသဖြင့် ကောင်းကျိုး အပြင် ဆိုးကျိုးများကိုပါ တွေ့ကြုံခံစား ခဲ့ရပါသည်။

ဗုဒ္ဓဘုရားရှင် ပွင့်တော်မူသော အခါ သာမန်လောကီဉာဏ်ထက်များစွာ သာလွန်သော သဗ္ဗညုတဉာဏ်တော် ကို ရရှိတော်မူခဲ့သဖြင့် အမှားကင်းစင် သော အမှန်တရားသစ္စာချည်းကိုသာ ထုတ်ဖော်ဟောပြညွှန်ကြားတော်မူနိုင်ခဲ့ ပါသည်။ ဤသို့ ဟောပြခဲ့သော သစ္စာ တရားများအနက် လောကလူသားတို့ အလိုရှိကြကုန်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသည့်ကောင်းမြတ်ခြင်း တရားများကိုလည်း ဒေသနာတော် အဖြစ် ဟောဖော်ညွှန်ပြတော်မူခဲ့ပါ သည်။

ဒေသနာတော်တစ်ခုတွင် အသက် သိက္ခာဂုဏ်ရှိန်ဝါကြီးမြတ်သောသူတို့ကို အမြဲတစေအရိုအသေပြုခြင်း၊ ရှိခိုးပူဇော် ခြင်းပြုထရှိသောပုဂ္ဂိုလ်အား အာယု -

www.burmeseclassic.com

အသက်ရှည်ခြင်း။ **ဝဏ္ဏော** - အဆင်းလှခြင်း၊ **သုခံ** - ချမ်းသာခြင်း၊ **ဗလံ** - ခွန်အားကြီးခြင်း ဟူသည့် အကျိုးတရားလေးပါးတို့ တိုးပွားကုန်၏ ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် အသက်ရှည်ခြင်း စသော ကောင်းမြတ်ခြင်းတို့နှင့် ပြည့်စုံစေရန် ရတနာသုံးပါး၊ အနန္တောအနန္တငါးပါး စသည့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်မြင့်မြတ်သူတို့အား အရိုအသေပြုရှိခိုးခြင်း၊ လှူဒါန်းပူဇော်ခြင်းပြုလုပ်အပ်ပေသည်။ သို့မှသာ သဒ္ဓါစွမ်းရည်မြင့်မားလာပြီး စိတ်ဓာတ်ခွန်အားများတိုးပွားကာ ခန္ဓာကိုယ်လည်း ကြံ့ခိုင်သန်မာလာမည် ဖြစ်သည်။

ထို့ပြင် ဗုဒ္ဓမြတ်စွာသည် အသက်ရှည်ခြင်းအကြောင်းတရားငါးပါးကိုလည်း ဟောကြားတော်မူခဲ့ပါသည်။ •

ငင်းတို့မှာ -

၁။ မိမိနှင့် သင့်တင့်လျောက်ပတ်သော အစာအဟာရကိုသာ သင့်တော်ရုံ မျှတစွာစားသောက်ခြင်း၊

၂။ မိမိဝမ်း (အစာအိမ်) နှင့် ချင့်ချိန်၍ မလွန်မကဲ စားသုံးခြင်း။

၃။ ကြေလွယ်သော အစားအစာကိုသာ စားသုံးခြင်း။

၄။ ဥတုခြောက်ပါးနှင့် ကာလအားလျော်စွာ သွားလာနေထိုင်ခြင်း။

၅။ ငါးပါးသီလနှင့်တကွ ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်း၍နေခြင်းတို့ ဖြစ်သည်။

မိမိနှင့် သင့်တင့်လျော်ပတ်သော အစာအဟာရဆိုသည်မှာ မိမိနှင့်တည့်သော၊ မိမိစိတ်ရင်းက ချင်ခြင်းတပ်၍ စားလိုစိတ်ပြင်းပြသော အစားအစာမျိုးကို ဆိုလိုသည်။ ရာသီအလိုက်စားရမည့် ရာသီစာများလည်း ပါဝင်သည်။ မိမိခန္ဓာကိုယ်အတွက် အာဟာရဓာတ်ပြည့်စုံရန် သားငါး၊ အသီးအရွက်များစုံလင်အောင် စားသုံးပေးရမည်။ အရည်နှင့်အဖတ်လည်း မျှတအောင်သုံးဆောင်ရမည်ဖြစ်သည်။ ဤသို့ အစာအဟာရကိုသင့်တင့်မျှတအောင် နေ့စဉ်ပုံမှန်စားသုံးမည်ဆိုပါက ကျန်းမာရေးကို အထောက်အကူပြု၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရမည် ဖြစ်သည်။

ထို့အပြင် အစားအသောက်များ စားသုံးကြရာတွင် မိမိ၏ဝမ်းနှင့်ချင့်ချိန်တိုင်းထွာ၍ စားသောက်ရပေမည်။ အစားအသောက်ကို ချင့်ချိန်မှုမရှိပါက လွန်ကဲစွာ စားသောက်မိသဖြင့် ရောဂါဝေဒနာများ ဖြစ်ပေါ်လာမည့်အပြင် အသက်အန္တရာယ်ကိုပါ ထိပါးလာနိုင်ပါသည်။ ဥပမာ အဆီအဆိမ့်၊ အချို၊ အငန်၊ အရသာများဖြစ်သော ဝက်သား၊ အမဲသား၊ သကြားနှင့် အချိုဓာတ်ပါသော မုန့်ပဲသရေစာများ၊ ဆား၊ ငါးပိ စသည့် ငန်သော အစားအစာများကို နေ့စဉ်နှင့်အမျှ လွန်လွန်ကဲကဲစားသုံးပါက ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါများ ဖြစ်ပွားလျက် အသက်တိုတက်၏။ ထို့ကြောင့် ပညာရှိသူသည် ထိုစားသော အာဟာရကို လွန်ကဲစွာ စားသောက်ခြင်းကိုသာလျှင် စွန့်ပယ်ပစ်ရာ၏ဟု ဟောတော်မူခဲ့၏။ ထို့ကြောင့် ကျန်းမာစွာ အသက်ရှည်လိုသူများအဖို့ အစားအသောက်ကို နေ့စဉ် တာရှည်လွန်ကဲစွာ မစားသောက်မိစေရန် ဆင်ခြင်ရမည် ဖြစ်သည်။

ထို့ပြင် ကြေညက်ခဲသော အစားအစာများစားသုံးခြင်းသည်လည်း ရောဂါဝေဒနာကိုဖြစ်စေ၍ အသက်ကိုတိုစေတတ်ပါသည်။အချို့အစားအစာတို့သည် မိမိအတွက် အစာမကြေဖြစ်တတ်ပါသည်။ ထိုအစားအစာမျိုးကို နေ့စဉ်စားသုံးနေပါက ရောဂါဝေဒနာကိုဖြစ်စေနိုင်ပါသည်။

ဤသည်နှင့်ပတ်သက်၍ ဘုရားရှင်က ယခင်စားပြီးသော အစာအဟာရတို့မကြေညက်မီ နောက်ထပ်စားခြင်းသည် အဆိပ်မည်၏။ မကောင်းသဖြင့် ရရာ (မလတ်ဆတ်ခြင်း၊ ပုပ်သိုးခြင်း) တို့ကို စားသုံးမိသော အာဟာရသည်လည်း အဆိပ်မည်၏။ အဆင်အခြင်မရှိသော သူတို့၏ စားသောက်သော အာဟာရသည်လည်း အဆိပ်မည်၏ဟူ၍ အဆိပ်သုံးပါးအာဟာရတရားတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် အသက်ရှည်ကျန်းမာရောဂါ ဝေဒနာကင်းလိုသူများအဖို့ -

၁။ ကြေလွယ်ညက်လွယ်သော အစာအဟာရကို သုံးဆောင်ရမည်။

၂။ အစားအသောက်ကို ဆင်ခြင်တိုင်းထွာ၍ စားသုံးရမည် ဖြစ်သည်။

ထို့ပြင်တဝ အစားအသောက်အာဟာရနှင့် ပတ်သက်၍ သတိတရားရှိခြင်း၏ အကျိုးကျေးဇူးကိုလည်း ဟောညွှန်တော်မူခဲ့ပါသည်။

ဘုရားရှင်က အခါခပ်သိမ်း သတိရှိသောအဖြစ်ဖြင့် ရအပ်သော ဖျော်ရည် အစာအဟာရကို မိမိဝမ်းနှင့်သင့်တော်ရုံအတိုင်းအရှည်ကိုသိ၍ စားသုံးသော ထိုသူအား (၉၆) ဖြာ ဝေဒနာတို့သည် ခေါင်းပါးကုန်၏ (ဝါ) ရှားပါးကုန်သည် ဖြစ်၏။ အသက်ကိုလည်း စောင့်ရှောက်သည်ဖြစ်၍ ဖြည်းဖြည်းနှေးနှေးအိုမင်းရလေ၏ (ဝါ) ကျန်းမာစွာ အသက်ရှည်ရလေ၏ဟုဟောတော်မူခဲ့၏။ ထို့ကြောင့် ကျန်းမာ၍အသက်ရှည်လိုသူများအတွက် အစာအာဟာရမှီဝဲရာ၌ သတိရှိရန်အထူးလိုအပ်လှပါသည်။

ငင်းအပြင် အပူ၊ အအေးရာသီဥတုသည်လည်း သင့်လျော်မှုမရှိပါက မိမိတို့အတွက် ရောဂါဝေဒနာကိုဖြစ်စေတတ်ပါသည်။ အေးလွန်းသောရာသီ၌ အအေးပတ်ခြင်း စသော ရောဂါများ၊ ပူလွန်းသောရာသီ၌ မူးဝေခြင်း စသော ရောဂါဝေဒနာများဖြစ်ပေါ်တတ်ပါသည်။ အချို့ရာသီ၌ တုပ်ကွေး စသော ရာသီအလိုက်ဖြစ်တတ်သည့်ရောဂါများလည်း ရှိတတ်ပါသည်။ အချို့ရောဂါများသည် သူ့အချိန်ကာလလွန်သော် အလိုလိုပျောက်ကျွီးသွားတတ်သည်။ မိမိတို့အနေဖြင့် ရာသီဥတု၊ အချိန်ကာလနှင့်ပတ်သက်၍ ဆင်ဆင်ခြင်ခြင် နေထိုင်စားသောက်ကြမည်ဆိုလျှင် ရာသီဥတုကပေးသောရောဂါဝေဒနာများမှ ကင်းလွတ်၍ အသက်ရှည်စွာနေကြရမည် ဖြစ်သည်။

ကျမ်းစာတို့၌ ဆင်ခြင်အပ်သော 'ယမဒါဠာ-ရက်'ဟူသည်ရှိ၏။ တန်ဆောင်မုန်းလမကုန်မီရှစ်ရက်နှင့် နတ်တော်လ၏ ပထမအစရှစ်ရက်တို့ကို ယမဒါဠာရက်ဟုခေါ်ကြောင်း ဒဗ္ဗဂုဏပကာသနီကျမ်း၌ ဖော်ပြထားပါသည်။ ယမဒါဠာဆိုသည်မှာ ပါဠိပုဒ်ဖြစ်၍ သေမင်း၏အစွယ်ဟု အဓိပ္ပာယ်ရသောကြောင့် ငင်းနေ့ရက်များသည် သေမင်း၏အစွယ်နှင့်တူသောရက်များဖြစ်ကြောင်း ဆိုလိုပါသည်။

ဥတုဘောဇနသင်္ဂဟကျမ်းတွင်မူ သရဒဥတုနှင့် ဟေမန္တဥတုအကြားဖြစ်သော သီတင်းကျွတ်လနောက်ဆုံးရှစ်ရက်နှင့် တန်ဆောင်မုန်းလ၏အစပထမဦးဆုံး ရှစ်ရက်တို့ကို ပြဆိုထား၏။ ငင်း (၁၆)ရက်တို့သည် ယမဒါဠာရက်များဖြစ်၍ အစားအသောက်အနေအထိုင်တို့ကို အထူးဂရုပြု၍ ဆင်ခြင်နေထိုင်အပ်၏။ အဆိုပါရက်များ၌ ရောဂါအန္တရာယ်ကျရောက်ပါက ဆေးကုရာ၌ ခက်ခဲ၍ ဆုံးပါးတတ်လေသည်။ ငင်းရက်များတွင် နေ့အခါ၌ အိပ်စက်ခြင်း၊ သေရည်သေရက်သောက်စားခြင်း၊ အမဲသား၊ ဝက်

www.burmeseclassic.com

သား မတ်ပဲ၊ ပုံးရည်၊ ဒံပေါက်ထမင်း၊ အဆီအဆိမ့်များသော အစားအစာ၊ အစေးဓာတ်မရှိသော အစားအစာ၊ သေတိုပွားစေတတ်သော အစားအစာ တို့ကို ရှောင်ကြဉ်အပ်၏။ ယပ်ခတ်လွန်း ခြင်း လေပန်ကာဖွင့်၍အအေးခံခြင်း၊ ခေါင်းပေါ် ဆီးနှင်းအကျခံခြင်း၊ အငန် အစပ်အလွန်အကဲစားသုံးခြင်း စသည် တို့ကိုလည်း ဆင်ခြင်တိုင်းထွာပြုလုပ် ဆောင်အပ်၏။

ထို့ပြင်တစ်လီ အသက်ရှည် ကျန်းမာ စိတ်ချမ်းသာလိုသူများသည် ငါးပါးသီလ၊ ရှစ်ပါးသီလ စသည့် သီလ တို့ကို စောင့်ထိန်းရမည်။ သီလစောင့် ထိန်းခြင်း၏အကျိုးကား အသက်ရှည် ခြင်း အဆင်းလှခြင်း၊ ဥစ္စာပေါခြင်း၊ ဉာဏ်ပညာနှင့် ခွန်အားဗလကြီးခြင်း၊ လူနတ်တို့၏ချစ်ခင်မှုကို ရရှိခြင်းစသည် တို့နှင့် ပြည့်စုံစေ၏။ ဘုရားရှင်ဟော ကြားခဲ့သော ငါးပါးသီလစသည်တို့၌ မြဲမြံ ခြင်းသည် အခြေခံကျသော ကျန်းမာ အသက်ရှည်နည်း ဖြစ်သည်။ ငါးပါး၊ ရှစ်ပါးသီလများကို နေ့စဉ် စောင့်ထိန်း ဆောက်တည်၍ သီလ၊ သမာဓိ၊ သတိ၊ ပညာနှင့်အရာရာကိုဆင်ခြင်၍သွားခြင်း၊ ထိုင်ခြင်း၊ရပ်ခြင်း၊လဲလျောင်းခြင်းဟူသော ဣရိယာပုတ်လေးပါးနှင့် ညီမျှအောင် နေထိုင်ခြင်းသည် ကျန်းမာရေးအတွက် ကောင်းစွာ အထောက်အကူပြုလျက် အသက်ကိုရှည်စေပါသည်။ ထို့ကြောင့် ဘုရားရှင်က အသက်ရှည်ကြောင်းကို နှိုသေသောသူသည် ငါးပါးသီလကို ကောင်းစွာခံယူဆောက်တည်၍ နေ့တိုင်း နေ့တိုင်း၌သတိရှိသည်။ ပညာရှိသည်ဖြစ် ၍ ခပ်သိမ်းသော ဣရိယာပုတ်လေးပါး တို့ကို ညီမျှအောင်ပြု၍ ကျင့်ရာ၏ဟု ဆုံးမတွန်းတော်မူခဲ့၏။

အခြားဒေသနာတော်တို့၌လည်း (အသက်ရှည်လိုသောသူသည်) -

၁။ ရေစစ်အလှူ၊
၂။ ကျောင်း၊ ဇရပ်၊ သစ်ပင်အရိပ် အလှူ၊
၃။ ဆေးဝါးအလှူ၊
၄။ ကျောင်းအိုး ဇရပ်အို စသည်တို့ကို ပြုပြင်သောအလှူ၊
၅။ လမ်းတံတားအလှူ၊
၆။ အစာအဟာရအလှူ၊
၇။ ရေအလှူ၊

စသည်တို့ကိုလှူဒါန်းအပ်ကြောင်း မိန့်ကြားခဲ့သည့်အပြင် အသက်ရှည်လို သူသည် ထိုဒါနမှတစ်ပါး ငါးပါးသီလ ခံယူဆောက်တည်ခြင်းကိုပြု၍ ထိုငါးပါး သီလကို ကောင်းစွာ စောင့်ရှောက်အပ် ၏။ ထို့အပြင် ဥပုသ်နေ့၌ ဥပုသ်သီလ ဆောက်တည်ခြင်းကိုလည်းပြုအပ်၏ဟု ဟောညွှန်ခဲ့ပါသည်။

ထို့အပြင် ရေကိုပုံမှန်သောက်ခြင်း သည်လည်း အနာရောဂါကင်းရှင်း၍ အသက်ကိုရှည်စေတတ်၏။ ရေသည် ခန္ဓာကိုယ်တွင်း၊ ကိုယ်ပြင်သန့်ရှင်းရေး အတွက် မရှိမဖြစ်သောအရာတစ်ခုဖြစ် သည်။ ၎င်းအပြင် ခန္ဓာကိုယ်အပူချိန် မျှတစေရန်အတွက်လည်း ရေကိုများ များသောက်ပေးရပါမည်။ ထိုသို့ ရေများ များသောက်၍လမ်းလျှောက်ခြင်း၊ ကိုယ် လက်လှုပ်ရှားခြင်း ပြုလုပ်ပေးပါက ရောဂါကိုဖြစ်စေမည့် ခန္ဓာကိုယ်တွင်း အညစ်အကြေးများသည် ချွေးအဖြစ် လည်းကောင်း၊ ဆီးအဖြစ်လည်းကောင်း ခန္ဓာကိုယ်ထဲမှ စိမ့်ယိုထွက်သွားပြီး လူ ကို ကျန်းမာစေပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်က ရေမသောက်ရလတ်သော် ရေငတ်မွတ် သောကြောင့် ခဏချက်ချင်း အသက်တို့ မှ ကင်းလွတ်တတ်၏ (ဝါ) သေတတ် ၏။ ထို့ကြောင့် အလုံးစုံသော အခိုက် အတန့်အချိန်အခါတို့၌ (ဝါ) အချိန်တိုင်း လိုလို ရေငတ်၊ ရေဆာသောသူအား ရေ ကို မချွတ်မယွင်း ပေးသွင်းအပ်၏ဟု ညွှန်ကြားတော်မူခဲ့ပါ သည်။

ရေအေးကို လည်းကောင်း၊ နွားနို့ ကို လည်းကောင်း၊ ပျားရည်ကို လည်း ကောင်း၊ ထောပတ်ကို လည်းကောင်း တစ်ပါးစီဖြစ်စေ၊ နှစ်ပါး၊ သုံးပါးဖြစ်စေ၊ လေးပါးစလုံးဖြစ်စေ နံနက်စောစော အခါ၌ စားသောက်သည်ဖြစ်အံ့။ ပျိုပျစ် သောအဖြစ်ကိုပေးတတ်၏ဟုဟောကြား သောကြောင့် နံနက်စောစော၌ အထက် ပါ အာဟာရလေးမျိုးကို နေ့စဉ်ပုံမှန် သောက်သုံးခြင်းအားဖြင့် အနာရောဂါ ကင်း၍ တစ်သက်တာပျိုပျစ်နုနယ်သော အဖြစ်ကို ရရှိကြမည် ဖြစ် သည်။


ထို့အပြင် ဘုရားရှင်၏အသက် ရှည်ကြောင်း လမ်းညွှန်ချက်တစ်ခုတွင် ကျန်းဂန်နှင့်အညီ လျော်တန့်စွာကျင့်ခြင်း သည် လည်းကောင်း (ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ကျင့်ကြံနေ ထိုင်ရန်) စိတ်၏တစ်ပါးသောအာရုံသို့ မလိုက်ခြင်းသည် လည်းကောင်း (အခြား တစ်ပါးသော အပျော်အပါး၊ ကာမဂုဏ် အာရုံများသို့ စိတ်မပျံ့လွင့်စေဘဲ စိတ်ကို မိမိခန္ဓာပေါ်၌သာတည်ငြိမ်စွာထားရန်) ပညာ၏မချော်မချွတ်သောအကျိုးသည် လည်းကောင်း (ကျန်းမာခြင်း၊ အသက် ရှည်ခြင်းအကျိုးကျေးဇူးများမချွတ်မချော် ရရှိအောင် ပညာဖြင့် ဆင်ခြင်တိုင်းထွာ နေထိုင်ရန်) ဤသို့ လိုက်နာဆောင်ရွက် ပါက ဤဆောင်ရွက်ချက်တို့သည် အသက်ရှည်ကျန်းမာသော ရသာယန ဆေးမည်၏။ တစ်နည်းအားဖြင့် အသက်ကိုတိုးပွားစေ၏ဟု ပြဆိုထားပါ သည်။ ထို့အပြင် ကိုယ်၌မဖြစ်ကုန်သေး သော အနာရောဂါတို့၏မဖြစ်ခြင်းငှာ လည်းကောင်း၊ ဖြစ်ဆဲဖြစ်ကုန်သော အနာရောဂါတို့၏ ဆုတ်ယုတ်ကင်းလွတ် ခြင်းငှာ လည်းကောင်း အကြင်ရသာ ယနဆေးအစီအရင်ကိုပြုအပ်၏။ ထို အစီအရင်ကား ချမ်းသာကိုအလိုရှိသော သူသည် ဆေးနှင့်အစာကို (မျှတစွာစား သုံးခြင်းဖြင့်) ကောင်းစွာကျင့်ရာ၏ဟူ၍ လမ်းညွှန်တော်မူခဲ့ရာ လိုက်နာဆောင် ရွက်သူများအတွက် ကောင်းကျိုးကေန် ရရှိကြမည်သာ။

ကျန်းမာ သန်စွမ်းခြင်းသည် ကြီးမြတ်သောလာဘ်တစ်ပါး ဖြစ်သည်။ ကျန်းမာမှ အလိုရှိအပ်၊ တောင့်တအပ် သော လောကီ၊ လောကုတ္တရာအကျိုး စီးပွားတို့ကို သယ်ပိုးဆောင့်ရွက်နိုင်မည် ဖြစ်သည်။ ထို့အပြင် အသက်ရှည်စွာနေ ရပါမှ အမျိုးဘာသာ၊ သာသနာအကျိုး ကို တာရှည်စွာ ထမ်းဆောင်နိုင်မည်ဖြစ် သည်။ ထို့ကြောင့် မိမိအကျိုး၊ သူတစ်ပါး အကျိုး၊ ဒေသနာတော်အကျိုးတို့ကို သန်စွမ်းစွာတာရှည်ကြာမြင့်ထမ်းဆောင် နိုင်ရန်အတွက် ကျန်းမာ၍ အသက်ရှည် ရန် လိုအပ်ပါသည်။ ဘုရားရှင် ညွှန်ပြ တော်မူခဲ့သော အထက်ပါနည်းလမ်းများ အတိုင်း ဆင်ခြင်တိုင်းထွာကျင့်ကြံနေ ထိုင်စားသောက်ခြင်းအားဖြင့် ကျန်းမာ အသက်ရှည်စွာ အကျိုးပြုလုပ်ငန်းများ ကြိုးစားဆောင်ရွက်ရင်း လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၏ အထောက်အပံ့ကောင်းများဖြစ်နိုင်ကြပါ စေသတည်း။

ဖျာပုံတင်နိုင်ဝင်း

မှီငြမ်းကိုးကား -

အောင်သစ်၏
လောကဓမ္မနှင့်ဘဝ၏အနှစ်သာရ
စာအုပ်



မြင်းဝန်တောင်စေတီတော်အား ဖူးမြော်ရပုံ

စာထွေးချင်(မြောက်ဦး)

# မြင်းဝန်တောင်ဘုရားကြီး

ကျွန်တော်သည် ကျွန်တော့်သားငယ် မောင်စောမြတ်ထွန်းနှင့်အတူ ၈-၁-၂၀၁၅ နေ့ နံနက် (၇) နာရီတိတိ အချိန်တွင် ဆိုင်ကယ်တစ်စီးနှင့် မြင်းဝန်တောင်ဘုရားသို့ ဘုရားဖူးထွက်ခဲ့ကြလေသည်။ မြင်းဝန်တောင်ဘုရားသည် နန်းတော်ကန်းမှ အနောက်တောင်ဘက်၌ တည်ရှိပြီး (၆) ဖာလုံခန့်အကွာတွင်ရှိပါသည်။ ကျွန်တော်တို့သည် ကျွန်တော့်နေအိမ် ဝါဈေးတွက်မှစတင်၍ ခရီးထွက်ခဲ့ကြသည်။ ထိုမှတစ်ဖန် မြင်းစိုင်းပြင်ရပ်ကွက်၊ တောင်ရပ်လမ်းသစ်ကို ဖြတ်ကျော်ခဲ့ကြပါသည်။ ယင်းမှတစ်ဖန် မင်းထွက်ဆည်တံတား၊ ပြီးလျှင် ဗန္ဓုလရပ်ကွက် စသည်တို့ကို အစဉ်အတိုင်း ဖြတ်ကျော်ခဲ့ကြပြီး မောလိပ်ကန်ကြီးတို့ကို ဖြတ်ကျော်ကြပါသည်။ မောလိပ်ကန်လွန်ပြီးသည်နှင့် မြင်းဝန်တောင်ဘုရားတည်ရှိရာတောင်သို့ ဆိုက်ရောက်ခဲ့ကြလေ၏။

မြင်းဝန်တောင်ဆိုသည်မှာ အဘယ်ဖြစ်သည်ကို သုတေသနပြုရပါဦးမည်။ ဆင်ဝန်ဆိုသည်မှာ မြောက်ဦးမြို့မှ (၂) မိုင်ခန့်အကွာ ဘောင်းဒွတ်ကျေးရွာ၌ ဆင်များကို ကြီးကွပ်အုပ်ချုပ်ရသော ဆင်ဝန်တောင် ဟူ၍ရှိလေသည်။ ထိုမှတောင်ဘက်တွင် ဆင်ဝန်တောင်ဟူ၍ တောင်ကုန်းတစ်ခုရှိပါသည်။ ထိုတောင်ကုန်းပေါ်၌ ဘုရားကြီးတည်ထားခဲ့လေ၏။ ဆင်ဝန်တောင်ဘုရားကြီးဟူ၍ ခေါ်ဆိုခဲ့ကြလေသည်။

မြင်းဝန်တောင် ဆိုသည်မှာကား မြောက်ဦးခေတ် ဒုတိယခါသမယကနန်းတွင်းညီလာခံသဘင်သို့တက်ရောက်ခွင့်ရကြသော မင်း၊ မိဖုရား၊ အိမ်ရှေ့ ဥပရာဇာ၊ ဘုရင့်သားတော်၊ သမီးတော်များ၊ ပညာရှိသုခမိန်၊ မှူးကြီးမတ်ရာ၊ စစ်သေနာပတိ စသော ပုဂ္ဂိုလ်များ၏ ဘွဲ့ထူးဂုဏ်ထူးများ၏ အမည်နာမများပင် ဖြစ်ကြပါသည်။

ယင်းတို့မှာ -

နရာဓိပတိ၊ ဥပရာဇာ၊ သေနာပတိထွပ်မင်း၊ ပြည်စိုးကြီးနရီ၊ ကိုယ်ရံကြီးလက်ပန်၊ ဆင်ကဲကြီးအမတ်၊ ဟဇရာကြီး၊ ယွန်းမိဇ္ဇာကြီး၊ ဒါးပိုင်ကြီးတာနော၊ ဇုန္ဒတ်လက်ျာပျံချီ၊ မုဇ္ဇာကြီး၊ စလင်ကာသူ၊ လောသကွပ်ဦးစီး၊ တုရင်ကာသိန်၊ ကုလားအတွင်းစစ်ချီ၊ ဝင်းဟုန်(မှူး)၊ ဦးစီးနောက်သဲရောခင်၊ လက်ယာမြန်၊ လက်ဝဲမြန်၊ ဆင်ခွန်အဇီခံမြက္ကတုံး၊ ဒေါလော




မြင်းဝန်တောင်ဘုရားကြီးနှင့် အစုံနှစ်ပါးအား ဖူးမြော်ရပုံ

www.burmeseclassic.com



မြင်းဝန်တောင်စေတီတော်ရှိ ဆင်းတုတော်အား ဖူးမြော်ရပုံ



မြင်းဝန်တောင်ဘုရားကြီးအား ဖူးမြော်ရပုံ



ရဟန္တာအား ဖူးမြော်ရပုံ

ဦးစီး ဆတ္တာခတ်၊ နန္ဒာဇူးတိုး၊ လက်သမားသွေးဖျိုင်းထောင်၊ လက်သမားသူကြီး၊ သခ်ယာ၊ မတ်တော်မှုဒိန်း၊ ရေသကြိုန်၊ မတ်တော်မနုဟာ၊ ဒိုင်းဝန်၊ သမိုင်းဝန်၊ အဇီခံအမတ်၊ နာရီပိုင်အမတ်၊ ချေတော်ခံ၊ ဝင်းစားမီးကာ၊ မော်စလိပ်၊ အတွေ့၊ တံခါးမင်း၊ တံခါးရွှေသံခံ၊ စာတိုင်တော်၊ တံခါးသူကြီး၊ သင်းတော်ဆွေ၊ မင်းကိုယ်လုပ်၊ သူငယ်တော်ရွှေ ဆေး ရှိစာတော်ဖတ်၊ ဟူးရားသွေး ဟူ၍ ရှိကြပါ၏။ ဤနေရာ၌ ဆင်၊ မြင်းများ နှင့်ပတ်သက်၍ ကြီးကြပ်အုပ်ချုပ်ရသူ များ၏ တာဝန်ဝတ္တရားများကို အနည်း ငယ် ဖော်ပြလိုပါသည်။

လောသကွပ်ဦးစီး ။ ဘုရင့်တပ်မ တော်၌ ရာထူးခန့်ထားရေးနှင့် မြင်းခင်း သဘင်၌ ထူးချွန်သော သူရဲကောင်းများ တို့ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ရန် စိစစ်ရွေး ချယ်အကဲဖြတ်ရသောပုဂ္ဂိုလ်။

ဆင်ကဲကြီးအမတ် (သို့) ဝန် ။ ။ ဘုရင်၏ စီးတော်ဆင်နှင့် ဆင်ထိန်း၊ ပေါက်ထိန်းတို့ကို ကြီးကြပ်ရပြီး ဘုရင့် တပ်တစ်ခုလုံးကို အုပ်ချုပ်ကွပ်ကဲ ပြည် ထိန်းမင်းတိုင်ပင်အမတ်။

တံ့ရင်ကာသိန် ။ ။ မြင်းတပ်မတော် ကို ဦးစီးကွပ်ကဲရသောစစ်သူကြီး။

ဆင်ခွန်အဇီခံမြကွတုံး ။ ။ ဆင်တပ်၊ မြင်းတပ်အတွက် စားနပ်ရိက္ခာများဖြည့် ဆည်းပေးရသောပုဂ္ဂိုလ်။


ကျွန်တော်တို့သည် နံနက် (၇)နာရီ (၉) မိနစ်အချိန်တွင် ရောက်ကြ ပြီး ယင်းဘုရားသို့ လှေကားအတိုင်း တက်လာကြရာ (၇) နာရီ၊ (၁၁) မိနစ် အချိန်၌ ထိုမြင်းဝန်တောင်ဘုရားကြီးသို့ ရောက်ကြပါလေ၏။ ဘုရားကြီးကား မြောက်ဦးဒုတိယခေတ်လက်ရာဟန် ဖြစ် ပါသည်။ ဘုရားကြီးတွင် လက်ဝဲရံ လက်ယာရံဟူ၍ ကျောက်ဆင်းတု(၂)ဆူ ရှိပါသည်။ ကျွန်တော်တို့သည် ပါလာ သောဆီမီးတိုင်များဖြင့် ထွန်းညှိပူဇော်ကြ ပြီး ဓာတ်ပုံများရိုက်ကူးကြပါ၏။ ဆင်းတု တော်၏အတိုင်းအတာများမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

(၁) ဉာဏ်တော်အမြင့် (၄) ပေ၊ (၅) လက်မ၊
(၂) ခါးတော်ပတ်လည် (၃) ပေ၊ (၄) လက်မ၊
(၃) လက်မောင်းတော်ပတ်လည် (၂) ပေ၊ (၆) လက်မ
(၄) ဒူးစွန်းနှစ်ဖက်အကျယ် (၃) ပေ၊ (၁) လက်မ -
တို့ ဖြစ်ကြပါသည်။


## ◘ မြင်းဝန်တောင်ဘုရား၏ လက္ခဏာတော်ကြီးငယ်များ

ဤမြင်းဝန်တောင်ဘုရားဆင်းတု တော်မှာ ခြေထပ်တင်ပျဉ်ခွေပဇင်မှုဒြာ ပုံတော်မျိုးဖြစ်ပြီး မျက်လွှာတော်ချထား လျက် ဈာန်သမာပတ်ဝင်စားနေဟန်ဖူး တွေ့ရပါသည်။ မျက်လုံး၊ မျက်အိမ်၊ မျက်ရစ်၊ မျက်ဝန်း၊ မျက်မှောင်တော်၊ မျက်လွှာ၊ နှာတံ၊ နှာသီး၊ နှုတ်ခမ်း၊ မေးချိုင့်၊ ဆံလိပ်၊ ဆံခွေဆံရစ်များဖြင့် ဆင်းတုတော်မှာ အလွန်ပြတ်သား ပေါ်လွင်လှပါဘိသည်။ ထိုင်နေတော်မူ ဟန်မှာ လက်ဝဲဘက်ခြေပေါ်သို့ လက် ယာခြေတော်တင်၍ လက်ဝဲခြေဖဝါးကို လှန်လျက် ဝီရာသနထိုင်တော်မူဟန်ဖြစ် ၏။ ဤသည်မှာ မဂ္ဂင်ရှစ်ပါးတရားတော် ကိုဟောပြဟန်နှင့် မိစ္ဆာ ဟူသောတရား တို့ကို နှိမ်နင်းချေဖျက်တော်မူဟန်အနက် ကိုဆောင်သည်။ လက်ယာဘက်ခြေ

www.burmeseclassic.com



တောင်ပေါ်မှနေ၍
ရခိုင်တန်ဆောင်ဘုရားအား ဖူးမြော်ရပုံ



တောင်ပေါ်မှနေ၍ အနောက်ဘက်သို့မြင်ကွင်း



စာရေးသူနှင့် ရဟန္တာရုပ်တုအား ဖူးမြော်ရပုံ



ရတ်ယထပ်ရှိ ဘုန်းတော်ကြီးကျောင်းပုံ

သည် သမ္မာ ဟူသောအနက်ကိုဆောင်၍ လက်ဝဲဘက်ခြေသည် မိစ္ဆာဟူသောအနက်ကိုဆောင်သည်။ ထိုကဲ့သို့ဟန်ပန်မှာ မဟာမြတ်မုနိဆင်းတုတော်ပုံစံမျိုး ထုလုပ်ထားခြင်းဖြစ်သည်။ မျက်နှာတော်မှာ မေးတော်ကားပြီး နဖူးကျယ်သည်။ ဆံစုတော်နှင့် လည်ပင်းတော်အဝန်း၊ ဦးတော်အဝန်း၊ ခါးတော်အဝန်း၊ ထက်ဝယ်ဖွဲ့သည့်အကျယ်နှင့် ဥဏ္ဏာလုံမွေးရှင်တော်တို့၏ ခာတ်နေရာအမြင့်တို့သည် အချိုးညီစွာဖူးတွေ့ရသည်။

ဖမိုးတော်နှစ်ဖက်ဖြိုးခြင်း၊ ပခုံးတော်နှစ်ဖက်ဖြိုးခြင်း၊ လည်တော်ဖြိုးခြင်း၊ လက်တော်နှစ်ဖက်ဖြိုးခြင်း စသောအဖြိုးအမောက် အင်္ဂါရပ်များနှင့်အညီ ရခိုင်သတ္တုရုပဗိသုကာကျမ်းလာအတိုင်း ထုဆစ်ထားသော မြောက်ဦးခေတ်ပန်းတဉ်းပညာရှင်တို့၏အံ့မခန်းလက်ရာကို ဖူးမြော်တွေ့နိုင်ပါပေသည်။

□ မြင်းဝန်တောင်ပေါ်ရှိဘုရားစေတီတော်

ကျွန်တော်တို့သည် တောင်ဘက်ရှိ ဘုရားစေတီသို့တက်လာကြရာ ရှေးဦးစွာ ရဟန္တာရုပ်တုများရှိရာသို့ရောက်ရှိကြသည်။ ကျွန်တော်တို့သည် ထိုရုပ်တုများကို ရှေးဦးစွာ ဦးချကန်တော့ပြီး ဓာတ်ပုံများရိုက်ကြ၏။ ထိုမှတစ်ဆင့် တောင်ထိပ်ရှိဘုရားစေတီရှိရာသို့ဆက်၍တက်လာကြရာ ပေ(၂၀)ခန့်မြင့်သောနေရာ၌ စေတီတစ်ဆူကိုဖူးတွေ့ကြရ၏။ ကျွန်တော်တို့သည် မြောက်ဘက်မှနေ၍ စေတီတော်ကို ဓာတ်ပုံရိုက်ကြလေ၏။ ဓာတ်ပုံ(၂)ပုံရိုက်ပြီး စေတီတော်ရှိဘုရားငယ်တစ်ဆူကို ဖူးမြော်ကြရလေသည်။ ထိုဘုရားကိုလည်း ဓာတ်ပုံ(၂)ပုံရိုက်ကြလေသည်။ ဘုရားဆင်းတုတော်မှာ စေတီရှိ ဂူသွင်းဘုရားဖြစ်၍ များများစားစားမကြီးလှပါ။

၁။ ဘက်တော်အမြင့်မှာ (၂) ပေ (၆) လက်မ၊
၂။ နားတော်မှာ (၅) လက်မ၊
၃။ လက်မောင်းတော်ပတ်လည်မှာ (၁) ပေ (၁) လက်မ၊
၄။ ရင်အုပ်မှာ (၁) ပေ (၁) လက်မ၊
၅။ မျက်နှာတော်မှာ (၈) လက်မ၊
၆။ ဒူးစွန်းနှစ်ဖက်အကျယ်မှာ (၂) ပေ (၅) လက်မ၊
၇။ ပလ္လင်အမြင့်မှာ (၁၀) လက်မ သာသာခန့်သာရှိပေသည်။

ကျွန်တော်သည် ဘုရားစေတီမှ အနောက်ဘက်သို့ ဓာတ်ပုံရိုက်ကြလေ၏။ မြို့သစ်ရှိ ရခိုင်တန်ဆောင်ဘုရားစေတီကို ခပ်သေးသေးသာ မြင်ကြရသည်။ ထို့နောက် သဘော်ဆိပ်ဘက်သို့ ဓာတ်ပုံရိုက်ကြလေ၏။

ထို့နောက် ကျွန်တော်တို့သည် နံနက် (၈) နာရီ (၄၅) မိနစ်တွင် တောင်အောက်ရှိ ဘုန်းကြီးကျောင်းသို့ဝင်၍ နှုတ်ဆက်ပြီး အိမ်သို့ပြန်လာကြလေသတည်း။

စာပေမေတ္တာသစ္စာဖြင့်

စောထွီးသျှင် (မြောက်ဦး)

ကျမ်းကိုး -

၁။ ဦးဦးသာထွန်း (ရခိုင် - မြန်မာပဏ္ဍိတ်) ရေး 'ဗောင်းတော်လေးဆယ်၊ စလွယ်ကိုးပါး' ဆောင်းပါး (ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ ၁၉၆၀-၆၁ ခု)
၂။ တက်ထွန်းနီ (မြောက်ဦး) ရေး 'ကျောက်စာကပြောသော ရခိုင်ဘွဲ့ထူး၊ ဂုဏ်ထူးများ' ဆောင်းပါး (စစ်တွေကောလိပ်မဂ္ဂဇင်း၊ ၁၉၈၁-၈၂)
၃။ ဆရာဦးကျော်ကျော်လှ၏ 'သမိုင်းမှတ်စုများ'
၄။ စောမင်းနွယ် (မြောက်ဦး) ရေး 'ကဗျာလင်္ကာများက ဖော်ညွှန်းပြသော မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှုများ'
၅။ စာရေးသူ၏ ကွင်းဆင်းလေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com

# သထုံသက္ကတောင်

## အလံတစ်ရာဆရာတော်ကြီးအမှတ်တရ

တင်အောင်(ဝက်မွှတက္ကသိုလ်)

ဒ သာသနာအစ သထုံက - ဟု ပညာရှိ သူတော်ကောင်းတို့ ဆိုခဲ့သည်။


သက္ကရာဇ် ၁၀၇ ခုနှစ် ဘုရားရှင် …တော်ထင်ရှားရှိစဉ် ငါးဝါအရတွင် …ပတိရဟန္တာသာမဏေပင့်လျှောက်၍ …ရှင်ကြွရောက်တော်မူလာခဲ့သည်။ …၌ အရှင်ဂဝံပတိမထေရ်နှင့် သထုံ …သီဟရာဇာ (သထုံရွှေစာရံဘုရား …၌ သူရိယစန္ဒာ) မင်းတို့ စတင် … သာသနာပြုတော်မူခဲ့ကြသည်။ …သနာ ၂၃၅ ခုနှစ်တွင် တတိယ …ယနာတင်ပြီး အရှင်မဟာမောဂ္ဂလိ …တိဿမထေရ်နှင့် အသောကမင်း …ကြီးတို့ စီစဉ်ခဲ့သော ကိုးတိုင်းကိုး … သာသနာပြုစီမံကိန်းတွင် သုဝဏ္ဏ …(သထုံ) သည် တစ်ဌာနအပါအဝင် …လေသည်။

၁၂၇၅ ခုနှစ်တွင် မူလမင်းကွန်း …ဝန် ဆရာတော်ဘုရားကြီးသည် …တက်အညာအရပ်ဒေသမှ သထုံသို့ ကြွရောက် သီတင်းသုံး သာသနာပြုတော်မူပါသည်။ ထိုနှစ်၌ပင် သက္ကတောင် အဘိဓေ အလံတစ်ရာ ဆရာတော်ကြီး မွေးဖွားတော်မူခဲ့သည်ဖြစ်ရာ တိုက်ဆိုင်လွန်းလှသည်ဟု ဆိုရပေမည်။ ထိုစဉ် ကျိုက်ထိုနှင့် ပေါင်မြို့များသည် သထုံခရိုင်အတွင်း၌ ပါဝင်ခဲ့သည်ဖြစ်ရာ ၁၂၅၉ ခုနှစ်တွင် သေကျှတောင်ဆရာတော် ဦးတိလောကသည် အထက်မုံရွာ လယ်တီတောရမှ ကျိုက်ထို သေကျှတောင်တောရသို့ ပြောင်းရွှေ့ကြွလာကာ သာသနာပြုတော်မူခဲ့သည်။ ၁၂၈၈ ခုနှစ်မှစ၍ ပေါင်မြို့ ကျုံကရွာကို ဂေါစရဂံပြုသော သပိတ်အိုင်တောရ သပိတ်အိုင်ဆရာတော် ဦးကိတ္တိ သာသနာပြုတော်မူခဲ့ပါသည်။

ထိုစဉ်က သထုံနှင့် ဘီးလင်းကြား ရှိ ရွှေရောင်ပြတောရဆရာတော်ဘုရားကြီးသည် သပိတ်အိုင်တောရဆရာတော်ကြီးထက် ပို၍ အချိန်စောစွာ သာသနာပြုတော်မူခဲ့သည်။ မဟာစည်ဆရာတော်ဘုရားကြီးပင် ကမ္မဋ္ဌာန်း



…ကျွန်းတော်အရ ဒုတိယဆံတော်ရှင် သက္ကစေတီ



အလံတစ်ရာစေတီတော်ကြီး (၁၃၁၄ ခုနှစ်)

www.burmeseclassic.com



အလံတစ်ရာဆရာတော်ကြီး သက်တော်(၇၀)ပြည့်ပုံတော်

www.burmeseclassic.com

www.burmeseclassic.com

နည်းနာ ခံယူတော်မူခဲ့ရပေသည်။ ထိုအချိန် ရွှေရောင်ပြတောရ၌ ရဟန်းရှင်ငယ် (၃၀)ခန့် ပရိယတ္တိစာပေသင်ယူကြရင်း ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ကြရပြီး စာပေမသင်ယူနိုင်တော့သော ရဟန်းကြီးများမှာ မူတင်ဆောင်ရင်း ကမ္မဋ္ဌာန်းတရားကို ဇောက်ချကြိုးစား အားထုတ်တော်မူခဲ့ကြသည်။ ဆရာကြီးလယ်တီဦးလှတင် (လယ်တီပဏ္ဍိတ) ကိုယ်တိုင် စာချပုဂ္ဂိုလ်ဖြစ်ခဲ့ရသေးသည်။

ရန်ကုန်-မော်လမြိုင်ရထားလမ်း၊ ကားလမ်းမများပေါ်မှ သထုံမြို့အနီးတွင် မိုးမခတောင်တန်းကြီးကို နောက်ခံပြု၍ ထီးထီးမားမားကြီးတည်ရှိနေသောစေတီတော်ကြီးတစ်ဆူကို လှမ်းမျှော်ဖူးမြော်ကြည်ညိုနိုင်ပါသည်။ ထိုစေတီကြီးဘွဲ့တော်မှာ 'အလံတစ်ရာစေတီတော်ကြီး' ဖြစ်ပါသည်။ (၁၀) ပါးသော ပါရမီကို ရည်စူး၍ (၁၀) နှစ်သားယောကျ်ားလေး၏ လက်အလံဖြင့် အလံပေါင်း (၁၀၀) ပြည့်မီအောင် တည်ဆောက်ထားသဖြင့် 'အလံတစ်ရာစေတီတော်ကြီး'ဟုခေါ်တွင်ပါသည်။ စေတီတော်ကြီး၏ ဉာဏ်တော်အမြင့်မှာ (၃၇၅) ပေ ရှိပြီး စိမ်းလန်းစိုပြည်သော တောင်တန်းကြီးနှင့် 'မနီးမဝေးလွန်း (၅) ဖာလုံခန့်အကွာတွင် ဖူးမြော်ကြည်ညိုရလေသည်။ ထိုအလံတစ်ရာစေတီတော်ကြီးကို နှစ်ပေါင်း (၂၀)ကြာ (ပြီးစီးအောင်မြင်သည်အထိ) ဦးဆောင်၍တည်ဆောက်ခဲ့သော ဆရာတော်ကို 'အလံတစ်ရာဆရာတော်' ဟု ခေါ်တွင်လာရခြင်း ဖြစ်ပါသည်။

အလံတစ်ရာစေတီတော်ကြီးမတိုင်မီကာလများတွင် ကျောက်စက်တောရနှင့် မိုးမခတောရတို့တွင် သီတင်းသုံးနေထိုင်ကြတော်မူခဲ့သဖြင့် ကျောက်စက်ဘုန်းကြီးကလေး၊ မိုးမခဘုန်းကြီးကလေးဟု ခေါ်တွင်ခဲ့ကြပြီး အလံတစ်ရာစေတီတော်ကြီး ထင်ရှားလာသောအခါ မိုးမခတောရ၌ပင် သီတင်းသုံးသာသနာပြုနေခဲ့သော်လည်း မိုးမခ ဟူသော အမည်ကိုလွှမ်း၍ 'အလံတစ်ရာဆရာတော်' ဟူ၍သာ ထင်ရှားလာခဲ့ပေတော့သည်။

**ဆရာတော်ကြီး၏လောကီလူ့နယ်လောင်းလျာငယ်**

ဆရာတော်ကြီးအလောင်းအလျာကို သထုံမြို့နယ် ကျိုက္ကော် (သိမ်ဆိပ်) တောင်ဘက် ထီးပုံးစုရွာတွင် ၁၂၇၅ ခုနှစ် တပို့တွဲလဆန်း ၉ ရက်၊ အင်္ဂါနေ့ နံနက် (၈) နာရီအချိန်၌ မီးရှူးသန့်စင်ဖွားမြင်ခဲ့ပေသည်။ ခမည်းတော်ဦးမောင်တော(ပအိုဝ်)နှင့် မယ်တော်ဒေါ်နန်းစားခေါ် ဒေါ်မယ်ခင်တို့၏ တစ်ဦးတည်းသော သားမြတ်ရတနာပင် ဖြစ်သည်။ ခမည်းတော်မှာ ကျိုက္ကော်သိမ်ဆိပ်မြောက်ဘက် မိုးကောင်းရွာဇာတိဖြစ်ပြီး မိဘရိုးရာ မုန့်စီရွှေချလုပ်ငန်းဖြင့်အသက်မွေးဝမ်းကျောင်းခဲ့၏။ မယ်တော်မှုကား ဆရာတော်ကြီးလောင်းလျာ မွေးဖွားသန့်စင်ရာ ထီးပုံးစုရွာဇာတိဖြစ်ပြီး မိဘရိုးရာ လယ်ယာကိုင်းကျွန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းခဲ့သူ ဖြစ်သည်။

ဦးမောင်တောတွင် ပထမအိမ်ထောင်မှ ဦးရွှေဝနှင့် ၊ ဒေါ်သင်းထုံ ဟူသော သားသမီးနှစ်ဦး ထွန်းကားခဲ့ပေသည်။ ငယ်မည်ကား မောင်ဆိုင်ဟုတွင်သည်။ ခမည်းတော်နှင့်မယ်တော်တို့ အကြောင်းပါပြီးစ မိုးကောင်းကျေးရွာ၌သာ နေထိုင်လုပ်ကိုင်စားသောက်ပြီး မယ်တော်ကိုယ်ဝန်အရင့်အမာဖြစ်လာချိန်မှသာ မိခင်ကြီးရှိရာ ထီးပုံးစုရွာပြန်၍ ဆရာတော်ကြီးလောင်းလျာအား မီးရှူးသန့်စင်ဖွားမြင်ခဲ့သည်။ ဆရာတော်ကြီးအလောင်းအလျာ ပဋိသန္ဓေခိုဝင်ချိန်တွင် 'ကောင်းကင်ပေါ်မှ လပြည့်ဝန်းကြီးကို မိမိ၏ ရင်ခွင်၌ ပွေ့ပိုက်ရသည်' ဟု မယ်တော်ကြီး အိပ်မက်မက်သည်။

ဆရာတော်ကြီးလောင်းလျာအား မွေးဖွားစဉ်ကပင် လက်ယာပါးရိုးပေါ်တွင် မှဲ့ရှင်တစ်လုံးထင်ရှားစွာပါရှိလာခဲ့သည်။ ထိုမှဲ့ရှင်ရှိသူသည် အများတကာ၏ ချစ်ခင်လေးစားမှုကို ခံယူရမည်။ ကြံစည်သမျှ အောင်နိုင်မည်။ ဘုန်းကံကြီးမားသည်ဟု အင်္ဂဝိဇ္ဇာဆရာတစ်ဦး ဟောခဲ့ဖူးလေသည်။ ဆရာတော်ကြီးလောင်းလျာ ဖွားမြင်လာပြီးနောက်ပိုင်း ခမည်းတော်၊ မယ်တော်များသည်လည်း နေ့ချင်းညချင်း စီးပွားဥစ္စာတိုးတက်၍ လာခဲ့သည်။ လယ်ဧက (၂၀) ကိုပင် ထပ်မံဝယ်ယူနိုင်ခဲ့ပေသည်။ (၅) နှစ်သားတွင် ခမည်းတော် ကွယ်လွန်၍ (၈) နှစ်သားတွင် ထီးပုံးစုရွာ (ထိုခေတ်က လောကမာတ်ကျောင်း) ဟု ခေါ်သော စာသင်ကျောင်း၌ စတုတ္ထတန်းအထိ ပညာသင်ကြားခွင့်ရခဲ့သည်။ ဆရာတော်လောင်းလျာ (၁၂) နှစ်သားတွင် (ဖခင်အတူမအေကွဲ) အစ်ကိုကြီး ဦးရွှေဝ၊ ဇနီးဒေါ်နန်းမူတို့၏ ပစ္စယာနုဂ္ဂဟတို့ခံယူ၍ မိုးကောင်းကျောင်းတိုက်၌ ရှင်သာမဏေအဖြစ် သာသနာ့ဘောင်သို့ ပထမဦးဆုံး အကြိမ် ဝင်ရောက်ခဲ့ပါသည်။ ဥပဇ္ဈာယ်ဆရာတော်မှာ ထိုကျောင်းဘုန်းတော်ကြီး ဦးသုမနဖြစ်သည်။ ဘွဲ့အမည် ရှင်စန္ဒနဝံသ။ ကလေးငယ်အရွယ်ကပင် ဆရာသမားတို့၏ ဆုံးမဩဝါဒကို လေးစားလိုက်နာခြင်း၊ ဝတ်ကြီးဝတ်ငယ် ဆောင်ရွက်ရာ၌ ပိုရိကျေပွန်ခြင်း၊ ရှင်သာမဏေတို့၏ ကျင့်ဝတ်သိက္ခာ စာပေများကို သင်ကြားပို့ချသမျှ လိုလိုလားလားသင်ယူပြီး လေးလေးစားစား လိုက်နာကျင့်သုံးခြင်းတို့ကြောင့် ဆရာသမားတို့၏ ချီးမြှောက်မှုကို ခံယူခဲ့ရလေသည်။ ဤသို့ အရွယ်နှင့်မမျှ ထူးခြားမှုရှိနေတတ်သည်မှာ ဗီဇဓာတ်ခံ ရင့်သန်တော်မူသည့် ထိုထိုပုဂ္ဂိုလ်မြတ်တို့၏ အရည်အသွေးပင် ဖြစ်သည်။

ဝါးကပ်ချိန်နီးလျှင် ဘွားအေနှင့် မယ်တော်ရှိရာဇာတိ ထီးပုံးစုရွာကျောင်းသို့ ပြန်ကြွဝါကပ်တော်မူရာ ထိုစဉ်က စည်းကမ်းကြီးသည်၊ သန့်ရှင်းမှုကြိုက်သည် တော်ရုံလူ အတူမနေနိုင် စသည်ဖြင့် ရွာနီးဒကာ၊ ဒကာမများကပင် မပြောမနေနိုင်ဖြစ်ရသော ထီးပုံးဘုန်းတော်ကြီးက ရှင်စန္ဒန လှုပ်ရှားလုပ်ကိုင်သမျှကို ပြုံးစိစိဖြင့် ခေါင်းတညိတ်ညိတ်ဖြစ်တော်မူရသည်။

ထိုထီးပုံးစုကျောင်းဘုန်းတော်ကြီးနှင့် ထီးပုံးစုရွာအကြောင်းကို အနည်းငယ် တင်ပြလိုသည်။ ထိုထီးပုံးစုရွာကယခင်က (ပအိုဝ်အခေါ်) နောင်လောင်း (မြန်မာအခေါ် ရွာကြား) ကျေးရွာကို အမှီပြု၍ နောင်လောင်းဟုသာလိုက်၍ ခေါ်ကြသည်။ ထိုအချိန်တွင် ရှမ်းပြည်နယ်တောင်ပိုင်း ထီးပုံးစုရွာဇာတိ ထီးပုံးဆရာတော်ကြီးမှာ ယခု သက္ကစေတီအနောက်တောင်ထောင့် ပိဋကတ်တိုက်အတက် တောင်စောင်းတွင်ရှိသည့် ညောင်ပင်ကြီးအနီး၌ သီတင်းသုံးတော်မူခိုက် ဖြစ်သည်။ ဆရာတော်ကြီး ပထမဦးစွာ သထုံမြို့ ထီးပုံးကျောင်းနှင့် ညောင်ပိုင်းကျောင်းများကို စတင်တည်ထောင်တော်မူခဲ့ပါသည်။ ယခုအခါ သထုံမြို့၏ ကျက်သရေဆောင် ဓမ္မမေဒနီစာသင်တိုက်ကြီးနှင့် ညောင်ပိုင်းကျောင်းတိုက်ကြီးများပင်တည်း။

နယ်ချဲ့ဗြိတိသျှလက်ထက် ကျောင်းပတ်ဝန်းကျင်တွင် ဘာသာခြားများက အလိုက်ကန်းဆိုးမသိ ကြက်၊ ဝက်၊ ဘဲ၊ နွားသတ်ဖြတ်ခုတ်လှီးမှုပေါ်များလာသဖြင့် ယင်းအနိဋ္ဌာရုံများမှ ကင်းဝေးစေရန် ယခု မဥတောင်ခေါ် ကဿပတောင်စောင်း၌ အေးအေးဆေးဆေးပြောင်းရွှေ့

www.burmeseclassic.com

သီတင်းသုံးတော်မူသည်။ ပဒိုဝ်ဘာသာ ထီးပုံးဆိုသည်မှာ စိမ့်စမ်းရေစီးထွက်ရာ အဓိပ္ပာယ်ရပြီး ရှမ်းအခေါ် အဝေါ်နှင့်လည်း တူညီလျက်ရှိပေသည်။ ရှမ်းပြည်နယ်ရှိ 'ဟိုပုံး၊ ထီးပုံး၊ ပုံးချို့သီ' စသည်တို့မှာလည်း အလားတူအမည်များပင် ဖြစ်တန်ရာသည်။ ထိုထီးပုံးဆရာတော်ကြီးကို အမှီပြု၍ပင် ထိုအချိန်မှစ၍ 'ထီးပုံကျောင်း၊ ထီးပုံးစု ရွာ' ဟူ၍ ခေါ်တွင်လာခဲ့ကြသည်။

**□ ရှင်လိင်ပြန်လူပျို့အရွယ်ဘဝ**

သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး တစ်မိုးတစ်ခါသာ ရှင်သာမဏေဘဝဖြင့်နေ၍ သီတင်းဝါလကျွတ်သောအခါ မယ်တော်ကြီးနှင့် ဘွားအေကြီးတို့အား ပြုစုလုပ်ကျွေးရန် ရှင်လိင်ပြန်ခဲ့ပါသည်။ ဆယ်ကျော်သက်အရွယ် လူငယ်ဘဝတွင် မိမိဒေသရှိ ဉယျာဉ်ခြံမြေလုပ်ငန်းများလုပ်ကိုင်၍ ရံဖန်ရံခါ အစ်ကိုကြီး ဦးရွှေဝနှင့်အတူ မိုးကောင်းဘက်၌ လယ်ကိုင်းကျွန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းရပါသည်။ အနုပညာဗီဇ ဝါ●သနာအထုံပါလာသဖြင့် ရပ်ရွာတွင် တယောထိုးနာမည်ရခဲ့သည်။

ဆရာတော်ကြီးလောင်းလျာသည် ငယ်စဉ်ကပင် နူးညံ့အေးဆေးသော စရိုက်ရှိသည်နှင့်အမျှ ဒုစရိုက်တရားရှောင်ရှားရာတွင် ယနေ့လူငယ်များ စံထားအတုယူသင့်လှပေသည်။ ဆရာတော်လောင်းလျာ လူပျို့ဘဝက သူငယ်ချင်း ဦးလှအေး (နောင်ကုလားရွာကြီး) နေအိမ်သို့ အလည်သွားရာ ညအိပ်ရာဝင်သောအခါ အိပ်ရာတွင် ကြမ်းပိုးများစွာရှိသဖြင့် တစ်ကောင်စီကောက်ယူ၍ အဝေးသို့ လွှင့်ပစ်နေလေသည်ကို အိမ်ရှင်များက အံ့ဩဖွယ်ရာ တွေ့မြင်ကြရသည်။ အရက်သေစာနှင့်စပ်လျဉ်း၍လည်း 'တစ်ချိန်တစ်ခါမျှပင် လျှာပေါ်မတင်ဖြစ်ခဲ့ဖူးကြောင်း' ရင်းနှီးသည့် ဒကာများအား စကားစပ်မိသည့်အခါ မိန့်ကြားတော်မူခဲ့ဖူးပါသည်။ သူတော်ကောင်းတို့၌ သေးငယ်သော ကုသိုလ်၊ အကုသိုလ် ဟူ၍ မရှိချေတကား။

**□ ကြုံတွေ့ရသာ ဘဝ အိမ်ထောင်ရှင်**

ဆရာတော်ကြီးအလောင်းအလျာ အသက် (၁၇) နှစ်တွင် မယ်တော်ကြီး ကွယ်လွန်ခဲ့ပြန်ရာ တစ်ခဏမျှဖြင့် တိုလွန်း●●သော လူ့ဘဝသက်တမ်းအပေါ် သံဝေဂဉာဏ်ဖြစ်ပေါ်လာကာ သာသနာ့ဘောင်ဝင်ရန် ကြံစည်ခဲ့ပါ



သည်။ တစ်ယောက်တည်းကျန်ရှိသော ဘွားအေကြီးကိုငဲ့သဖြင့် ထိုအကြံအစည်လည်းပျက်ခဲ့ရသည်။ သို့နှင့် ဘွားအေကြီးကို ပြုစုလုပ်ကျွေးခဲ့ရာ အသက် (၂၁) နှစ်ရောက်သောအခါ မိုးကောင်းကျေးရွာ အစ်ကိုကြီးဦးရွှေဝ၏ နေအိမ်အနီးရှိ ဦးဖိုးဒင်၊ ဒေါ်မမဲတို့၏ သမီးပျိုမစောခင်နှင့် အကြောင်းပါလေသည်။ ထိုအချိန်မှစ၍ အစ်ကိုကြီး ဦးရွှေဝ နေအိမ်အနီး၌ပင် အိမ်တစ်ဆောင်ဆောက်၍ သီးခြားနေထိုင်ကြတော့သည်။ ဘွားအေကြီးလည်း ထီးပုံးစုရှိ မိမိနေအိမ်နှင့် မိုးကောင်းရွာရှိမြေးလေး (ဆရာတော်လောင်းလျာ) နေထိုင်ရာတို့၌ အခါအားလျော်စွာ တစ်လှည့်စီနေထိုင်ခဲ့ရတော့သည်။

**□ ရေခန်းငါးများဟောသောတရား**

ကျေးလက်တောရွာလယ်ယာလုပ်သားတို့၏ဓလေ့မှာ အိမ်ရှင်ယောကျ်ားတို့ လယ်တောမှပြန်လာကြလျှင် သား၊ ငါး၊ ပုစွန် စသည်များ ပါလာကြစမြဲဖြစ်ရာ ပင်ကိုဗီဇ သီလ၊ မေတ္တာ၊ ကရုဏာဓာတ်ခံရင့်သန်သူဆရာတော်ကြီးလောင်းလျာအတွက် အခက်တွေ့နေရပေသည်။ ထိုကိစ္စကြောင့် မီးဖိုချောင်ဝင် အိမ်ရှင်မ၏ဖျစ်တောက်ဖျစ်တောက်ဖြစ်နေသံကိုလည်း မကြာခဏကြားနေရသည်။

**□ ၁၂၉၉ ခုနှစ်၊ တန်ဆောင်မုန်းလ၏ နေ့တစ်နေ့**

လယ်လုပ်သား တောင်သူကြီးများက အလုပ်ရှုပ်နေကြလေသည်။ ကောက်ရိတ်သိမ်းချိန်ရောက်ရှိပြီဖြစ်၍ လယ်ကွင်းပြင်၌ အရိပ်ခိုအနားယူရန် ●●●တဲနှင့် အဆွယ်အဖီမဏ္ဍပ်များ ဆောက်တည်ကြရသည်။ အခြားလယ်လုပ်သားနည်းတူ ဆရာတော်ကြီးလောင်းလျာနှင့်သူရင်းငှားတို့ကလည်း လယ်တဲဆောက်ကြရသည်။ သူရင်းငှားလယ်လုပ်သားအချို့မှာ လယ်ကွက်မှ ရေခန်းငါးများကို ပလိုင်းနှင့်အပြည့် ဖမ်းယူခဲ့ကြသည်။

"ကိုဆိုင်၊ အရင်ပြန်နှင့်လေ။ ကျန်နေသေးတဲ့ ဒီကအလုပ်တွေ ကျုပ်တို့ပဲ ပြီးအောင်လုပ်လိုက်ပါ့မယ်။ ဒီကပြန်ရင် အဆင်သင့်စားရအောင် ဒီပလိုင်းထဲက ဟာပါ ယူပြန်ပြီး ချက်ထားခိုင်းနှင့်ပါ"

ဟု သူရင်းငှားတို့က အရေးဆိုလာသဖြင့် ငါးပလိုင်းကြီး ကောက်လွယ်ကာ ပြန်လာခဲ့ရသည်။

လမ်းခုလတ်တွင် ရေငတ်လာ၍ ရေအိုင်တစ်ခုသို့ သွားရောက်ရေဆင်းသောက်ရာ အရှင်လတ်လတ်ဖြစ်နေသော ငါးများက ရေသံကြား၍ ပလိုင်းထဲတွင် ခုန်ဆွခုန်ဆွဖြစ်နေကြသည်။ မိမိတို့ အသက်ရှင်နေနိုင်ရေးအတွက် အားကုန် ရုန်းကန်လှုပ်ရှားနေကြရသော ရေခန်းငါးတို့၏အဖြစ်ကိုကြည့်၍ အကြင်နာတရားသနားကရုဏာဖြစ်လာသဖြင့် ပလိုင်းထဲရှိ ငါးများကို ရေထဲသို့ သွန်ချပစ်လိုက်သည်။

ရေထဲသို့သက်ဆင်းလွတ်မြောက်သွားသော ငါးများကိုကြည့်၍ ဘဝတစ်ခုကလေးမျှအတွက်ပင် အစိုးမရပုံ၊ ဘဝတစ်ခုရလာရာ၌ သက်သောင့်သက်သာ ချမ်းချမ်းသာသာဖြင့် ဇာတ်သိမ်းသွားနိုင်ရန်မှာ ခဲယဉ်းလှပုံ၊ ဘဝခန္ဓာကြီး တစ်ခု၌ မွေးဖွားလာသည်မှ သေဆုံးသည်အထိ ဒုက္ခဆင်းရဲမျိုးစုံ စုပုံခံစားနေကြရပုံ၊ မိမိလူမမယ်ကလေးဘဝကပင် သေမင်းက တရွတ်တိုက်ဆွဲခေါ်သွားခဲ့သော ဖခင်ကြီးအဖြစ်၊ အထီးကျန် မိမိတို့ မြေးအဘွားနှစ်ယောက်ကို လှည့်ကြည့်လှည့်ကြည့်နှင့်ပင် မလိုက်ချင်ဘဲ လိုက်ပါသွားခဲ့ရသော မိခင်ကြီးအဖြစ်စသော ဘဝခန္ဓာ၏ ချမ်းသာမရှိ ဆင်းရဲအတိဖြစ်နေပုံများကို တွေးမြင်ကြောက်ရွံ့ထိတ်လန့်လာကာ သတိသံဝေဂကြီးစွာဖြစ်နေလေတော့သည်။

ရိုးစင်းလှသော အဖြစ်အပျက်ပင်ဖြစ်လင့်ကစား ထူးခြားသောအသိဉာဏ်ရှိသူတို့အတွက် လမ်းဟောင်းမှ ခွဲထွက်၍ တစ်မျိုးမြင်နေတတ်သည်။ ဆရာတော်ကြီးလောင်းလျာအား ရေခန်းငါးများက တရားဟောလိုက်သဖြင့် ဘဝအပေါ် တွေးတောသုံးသပ်နေမိသည် မည်မျှကြာသွားသည်မသိ။ ●●ပြန်

www.burmeseclassic.com

ရောက်သောအခါ မိမိ၏ သူရင်းငှား ယ်လုပ်သားတို့ ရောက်နှင့်နေကြလေ ပြီး အကျိုးအကြောင်း မေးမြန်းသိရှိကြ သည့် အားလုံးပင် 'ဟင်း'ချကြလေသည်။ မယား၊ ယောက္ခမများပါ မကျေမနပ် ဖြစ်ကြကာ ဝိုင်း၍အပြစ်တင်ကြ သည်။

အပြစ်တင်စကားများတွင် -

"ဒီလောက် သူတော်ကောင်းလုပ် ချင်ရင် ရဟန်းဝတ်ပါတော့လား"

ဟူသော ဇနီးမယား၏ ငေါ့သံ ကြီးမှာကား ဆရာတော်လောင်းလျာ၏ နားထဲတွင် ထင်၍ကျန်နေခဲ့ပေသည်။

ရေခန်းငါးများ ဟောပေးလိုက် သည့် တရားပေါ်တွင် ဇနီးမယားက ရဟန်းဝတ်ရန်အတွက် တပ်ပေးလိုက်ရာ ဆရာတော်လောင်းလျာ၏ သာသနာ့ ဘောင်ဝင်လိုသည့်စိတ်မှာ အထွတ်အ ထိပ်သို့ရောက်သွားကာ ဆုံးဖြတ်ချက် တစ်ခုကိုချလိုက်ပါသည်။ တစ်နှစ်တာ လယ်လုပ်ငန်းပြီးစီးသည်အထိ လုပ်ကိုင် ပေးခဲ့ပြီး မိမိ၏ရွာသို့ ပြန်လာကာ ငယ် ဆရာဖြစ်သော ထီးပုံးကျောင်းဆရာ တော် ဦးသုဝဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရှင် သာမဏေအဖြစ် ခံယူလိုက်လေသည်။

အချိန်ကား ၁၂၉၉ ခုနှစ်၊ နွေဦး အစ တပေါင်းလ။

အရှည်ဝါသီတောရမ်

ဆရာတော်ကြီးအလောင်းအလျာ (ရှင်စန္ဒန) သည် ငယ်စဉ်ကပင် နေကွမ် ရှောသယ (ပတ်ဝန်းကျင်နှင့်ကင်းကွာလို မှု တောထွက်လိုစိတ်) ထက်သန်လှ သည်ဖြစ်ရာ ရှင်သာမဏေတို့ ကျင့်ဝတ် သိက္ခာစာပေများနှင့် ကမ္မဋ္ဌာန်းကျင့်ပွား နည်းလိုရင်းကို လေ့လာသင်ယူပြီး ဆရာ ဘုန်းကြီးထံ ခွင့်ပန်၍ ထီးပုံးစုရွာအရှေ့ ဘက်တောအုပ်သို့ ကြွရောက်ကာ ပဋိ ပတ်လုပ်ငန်းခွင်ဝင်လေတော့၏။ ယခု ကျောက်စက်တောရတောအုပ်ပင်တည်း။

အချိန်ကား ၁၃၀၀ ပြည့်နှစ်၊ ဒါမငင်မိနှစ်ဦးပိုင်း။

(နယ်ချဲ့အစိုးရလက်ထက် လမ်း ခင်းကျောက်များ ထုတ်လုပ်သည့် ကျောက်ခွဲစက်များထားရှိခဲ့၍ ထိုအရပ် ကို ကျောက်စက်ဟု ခေါ်တွင်ခြင်း ဖြစ် သည်။)

ကိလေသာမာရ်မင်းနှင့် စစ်ခင်း ရာဝယ် ဓုတင်ပဋိပတ်အကျင့်မြတ်နှင့် ညီသော လက်နက်ကောင်းမရှိနိုင်ပေ။ ဝါဝင်ရက်နီးကပ်လာလေရာ ထိုအချိန် သထုံ၊ ဘီးလင်း၊ ဘားအံနယ်တို့၌ ပဋိပတ်အရာတွင် ကျော်ကြားလှသော ရွှေရောင်ပြဆရာတော်ဘုရားကြီး ဖြစ် သော ဦးအာလောက (ဘုန်းတော်ကြီး ဦးအုံးခိုင်) သီတင်းသုံးတော်မူရာ ရွှေရောင်ပြတောရသို့ ကြွရောက် ဝါကပ် တော်မူသည်။

## ☐ ရွှေရောင်ပြဆရာတော်နှင့်ရှင်စန္ဒနဝံသ

ရွှေရောင်ပြဆရာတော်ကြီးထံသို့ ဆရာတော်လောင်းလျာ ရှင်စန္ဒနဝံသ ရောက်ရှိလာချိန်တွင် ဆရာတော်ဘုရား ကြီး၏သက်တော်ရွယ်တော်နှင့် ကျန်းမာ ရေးအခြေအနေတို့မှာ နေဝင်ဖျိုးဖျ ဆည်းဆာချိန်ရောက်နေပေပြီ။ ရှင်စန္ဒန ဝံသ၏ ပါရမီဓာတ်ခံကို သိမြင်တော်မူ သော ဆရာတော်ဘုရားကြီးသည် နှစ် ပေါင်းများစွာ ခွဲခွာနေရသော သားငယ် ကို ပြန်လည်ဆုံတွေ့ရသော မိခင်ကဲ့သို့ အားရဝမ်းသာ ကြိုဆိုလက်ခံတော်မူ သည်။ ထို့နောက် မိမိကိုယ်တော်တိုင် ကျင့်သုံးရှုပွားလာခဲ့သော ဓုတင်ပဋိပတ် အကျင့်မြတ်နှင့် ကမ္မဋ္ဌာန်းတရား ရှုပွား နည်းများကို စနစ်တကျ ကျင့်ကြံအား ထုတ်နိုင်ရန် လမ်းညွှန်မိန့်ကြားတော်မူ သည်။ ပါရမီဓာတ်ခံရင့်သန်လှသော ရှင်စန္ဒနဝံသသည် ဆရာတော်ဘုရားကြီး လမ်းညွှန်ချက်အတိုင်း လက်တွေ့လိုက် နာကျင့်ကြံ ပွားများလေရာ အချိန် အနည်းငယ်အတွင်း၌ပင် ဆရာနည်းကျ (အာစရိယမုဋ္ဌိ) ရရှိခဲ့လေသည်။

ရှင်စန္ဒနဝံသထံ သာသနာ့ဝန်ထုပ် ကြီးကို ပခုံးပြောင်းတာဝန်ထမ်းရန် အတွက် ခိုင်မာသော အုတ်မြစ်ကြီးချ ထားပေးခဲ့ပြီးသော ရွှေရောင်ပြဆရာ တော်ဘုရားကြီးသည် 'သာသနာတော် ကြီးအတွက် မိမိ၏တာဝန် ကျေပွန်ပေ ပြီ' ဟု နှလုံးပိုက်တော်မူလေရော့သလား မသိ မကြာမီ စုတိကမ္မဇရုပ် ချုပ်ငြိမ်း တော်မူသည့်အချိန်ကား ၁၃၀၀ ပြည့်နှစ် ဝါခေါင်လဆန်း ၇ ရက်၊ အင်္ဂါနေ့နံနက် (၉) နာရီအချိန်။

ရှင်စန္ဒနဝံသအား ဓမ္မသံဝေဂရရှိ စေသောအဖြစ်များက ထပ်၍ဖြစ်ပေါ် လာပြန်သည်။ အကြောင်းကား ဆရာ တော်ဘုရားကြီးနှင့် မရှေးမနှောင်းပင် ဇာတိရွာ၌ ကျန်ရှိသော အဘွားအိုသည် လည်း ထိုလ၌ ကွယ်လွန်အနိစ္စရောက် ပြန်သောကြောင့်တည်း။

၁၃၀၀ ပြည့်နှစ်၏ သီတင်းဝါ ကင်းလွတ်သောအခါ အဖော်သမဂ္ဂ ရှင်သာမဏေတစ်ပါးနှင့်အတူ သာသနာ နှစ် ၃ ရာစု တတိယသင်္ဂါယနာ၏အသီး အပွင့်များဖြစ်ကြသည့် သုဝဏ္ဏဘူမိ သာသနာပြုဓမ္မဒူတအရှင်သောဏဥတ္တရ ထေရ်တို့ ပရိနိဗ္ဗာန်စံတော်မူရာဟု အသိ အမှတ်ပြုခဲ့ကြသော ဘီးလင်းမြို့အနီး ကုသိနာရုံသို့ကြွရောက်တရားအားထုတ် သည်။ ထိုမှအပြန် အဟုန်းဝခဲကန်ဝါး တောင်နှင့် ယင်းဒေသရှိ လမ်းသင့်ကြုံ ရာ သုသာန်များသို့ဝင်ရောက်၍ ကမ္မ ဋ္ဌာန်းတရား ပွားများအားထုတ်သည်။ ဇင်းကျိုက်တောင်၌ တရားအားထုတ်ရာ မှက်၊ ခြင်များ အလွန်ပေါများလှသည်ဟု မိန့်တော်မူဖူးလေသည်။

၁၃၀၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၉ ရက်၊ အင်္ဂါနေ့ နံနက် (၉) နာရီတွင် မုံကောင်းမြောက်ဘက် ဗိုလ်ခင်းကွင်းရွာ ရွှေမင်းဒင်ကျောင်း ခဏ္ဍသိမ်၌ ကဿပ မဝိုင်းစုကျောင်းဆရာတော် ဦးသာသန ကိုဥပဇ္ဈာယ်ပြု၍ ရဟန်းခံသည်။ ငယ်စဉ် (၁၂) နှစ်အရွယ် ရှင်သာမဏေပြုစဉ်က သာသနာ့ဒကာခံခဲ့သော အစ်ကိုဦးရွှေဝ နှင့် ဇနီးဒေါ်နန်းမူ (အလံတစ်ရာရသေ့မ ကြီးဖွားသုစာရ ကွယ်လွန်) တို့၏ပစ္စယာ နုဂ္ဂဟကို ဒုတိယအကြိမ် ခံယူ၍ ရဟန်း ဘောင်သို့ရောက်တော်မူသည်။

ဆရာတော်လောင်းလျာသည် မိမိ ၏ငယ်ဆရာ ရွှေရောင်ပြဆရာတော်ကြီး အရှင်အာလောက (ဘုန်းတော်ကြီး ဦးအုံးခိုင်) ကဲ့သို့ တောမှီရှင်ပြုး သီတင်း သုံးသည့်အလေ့ကို နှစ်သက်သဖြင့် ကျောက်စက်တောအုပ်၌ ဒါယကာ ဦးချစ်လှ၊ ဒေါ်ဗျိုင်းတို့ ဆောက်လုပ် လှူဒါန်းသည့် ဝါးကျောင်း၌ သီတင်းသုံး သည်။ ကျောက်စက်တောရကား နယ်ချဲ့ တို့ အုပ်စိုးစဉ်ကာလအတွင်း လမ်းခင်း ကျောက်များ ထုတ်လုပ်ရာ၌ ထိခိုက် ဒဏ်ရာရရှိကြပြီး လူအသေအပျောက် များလှသဖြင့် နာနာဘာဝ၊ ပေတ စသော ပရလောကသားများကြောင့် တောအလွန် ကြမ်းလှသည်။ ထိုနေရာ၌ ကြွရောက် သီတင်းသုံးရာတွင် နေ့ခင်းကြောင်တောင် ကြီးပင် တျောင်းကိုလာ၍ လှုပ်ယမ်း ကစားကြသည်။ သီလ၊ မေတ္တာ စသော အင်အားများဖြင့်သာ ယဉ်ကျေးစေ၊ ရှောင်တိမ်းစေနိုင်သည်။ ယင်းသည်ပင် သူတော်ကောင်းတို့ထုံး ဖြစ်သည်။ ကျောက်စပ်တောရကျောင်းကလေးမှာ အနောက်ဘက်သို့ မျက်နှာမူနေသည်။ ကျောင်း၏လှေကားအုတ်ခုံအောက်ဆင့် တွင် လုံးပတ် (၂) ထွာခန့်ရှိ မြွေကြီး

www.burmeseclassic.com

တစ်ကောင်နှင့် သမင်တစ်ကောင်တို့မှာ ညစဉ်လို လာရောက်အိပ်လေ့ရှိကြောင်း ကျောင်းဒါယကာမကြီး ဒေါ်တျိုင်းအား မိန့်ကြားတော်မူဖူးသည်။

ဆရာတော်သည် ၁၃၀၇ ခုနှစ်တွင် ကျောက်စက်တောရမှ ဝါထွက်ပြီး မိုးမခတောင်ခြေသို့ ကြွရောက်ကာ သီတင်းသုံးတော်မူသည်။ မိုးမခတောင်သည်ကား ရှေးအခါကပင် အရိယာသူတော်စင်ကြီးများ တရားဘာဝနာပွားများကျင့်ကြံရာဒေသဖြစ်ခဲ့သည်။ မိုးမခလျှိုမြောင်သို့ဦးတည်စီးဆင်းလာခဲ့သော စမ်းချောင်းကို သူတော်ချောင်းဟု ယနေ့တိုင်ခေါ်ဝေါ်သုံးစွဲနေကြောင်းကို ၁၂၇၅ ခုနှစ် မော်လမြိုင် မောရဝတီပုံနှိပ်တိုက်ရိုက် သထုံ ရွှေစာရံဘုရားသမိုင်းတွင် ဖော်ပြည့်အစုံပါရှိသည်။ ထို့ကြောင့်လည်း ဆရာတော်သည် မိုးမခတောင်ကို သာသနာပြုလုပ်ငန်း ဆောင်ရွက်ရန် ဒေသအဖြစ်ရွေးချယ်ခဲ့ဟန်တူပေသည်။

၁၃၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် ဆရာတော်ကြီးသည် မဇ္ဈိမဒေသသို့ကြွရောက်လိုသော်လည်း ဖြစ်မြောက်တော်မမူပါချေ။ အကြောင်းကား နိုင်ငံကူးလက်မှတ်ကို လူကိုယ်တိုင် အစစ်အဆေးခံယူနိုင်မှုရနိုင်သဖြင့် လူသူပရိသတ်ကြားသို့ ကိုးဖွေကြွဝင်တော်မမူလိုသော ဆရာတော်သည် မဇ္ဈိမဒေသကြွလိုသည့် ဆန္ဒကို လျှော့ချတော်မူလိုက်သည်။ ထိုအချိန်၌ ပြည်တွင်းဆူပူသောင်းကျန်းမှုပြင်းထန်သော သထုံဒေသ၌ သာသနာပြုရန် ဆန္ဒနည်းပါးတော်မူသော ဆရာတော်သည် ရန်ကုန်၊ မန္တလေး၊ ပဲခူးကဲ့သို့သောမြို့ကြီးများ၌ သာသနာပြုလုပ်ငန်းဆောင်ရွက်ရန် သထုံမှ ရန်ကုန်သို့ ကြွရောက်ခဲ့သည်။ သို့ရာတွင် ဆရာတော်နှင့်ဝမ်းကွဲအစ်ကိုဖြစ်တော်မူသည့် သထုံပေါ်တော်မူရွာမှ ဦးဒွန်းက သထုံနယ်အတွင်းသင့်တော်မည့်နေရာတစ်ခု၌သာ သာသနာပြုတော်မူပါရန် ရန်ကုန်သို့အရောက်လိုက်၍လျှောက်ထားတောင်းပန်ရာ ဆရာတော်သည် ဦးဒွန်း၏ လျှောက်ထားမှုကို လက်ခံပြီး သထုံသို့ ပြန်ကြွလေသည်။

၁၃၁၃ ခုနှစ် မိုးမခတောရ၌ သီတင်းသုံးနေစဉ် မိုးရာသီဖြစ်သော်လည်း မိုးသက်လေပြင်းကင်းရှင်းနေ၍ ညဉ့်ဦးယံအချိန်ဖြစ်သည်။ အရညဝါသီ အရှင်မြတ်များ ဘုရားဝတ်ပြုပြီးစအချိန်၊ ဆရာတော်လည်း ဘုရားဝတ်ပြုပြီး လေညင်းခံ စင်္ကြံလျှောက်ရင်း မိုးမခ



တောရတောင်ကုန်းပေါ်မှ အနောက်ဘက် (ယခုအလံတစ်ရာစေတီကြီးတည်ဆောက်မည့်ကုန်းမြေ) အရပ်သို့ လှမ်းမျှော်၍ကြည့်လိုက်ရာ ကွမ်းသီးလုံးမှ သပိတ်လုံးပမာဏအထိ အရွယ်အစားအမျိုးမျိုးရှိ ရောင်စုံမီးလုံးမီးလျှံများတက်ချည်သက်ချည်ကွန့်မြူးနေသည်များကို ဖူးတွေ့ကြည်ညိုရသည်။ ရက်အနည်းငယ်ခြားပြီး နောက်နေ့များ၌ ဖူးတွေ့ကြည်ညိုရသည်မှာ ပို၍ထူးခြားလာသည်။ ဆလိုက်မီးမောင်းထိုးလိုက်သည့်ပမာ အထက်ကောင်းကင်သို့ထိုးဖောက်၍ ထွန်းလင်းတောက်ပနေသည့်အလင်းရောင်ကြီးများကို ထင်ရှားစွာ ဖူးတွေ့ရသည်။ မှားမကြာမီ အလံတစ်ရာစေတီတော်ကြီး တည်ဆောက်မည့် ကုန်းမြေအရပ်မှ အရှေ့တောင်ဘက် နောင်ကုလားတောင်ထိပ်ဆုတောင်းပြည့်စေတီသို့ လည်းကောင်း၊ ဆုတောင်းပြည့်စေတီမှ အလံတစ်ရာစေတီ တည်ဆောက်မည့်နေရာသို့ လည်းကောင်း အထက်ကောင်းကင်ယံ၌ပင် လူးလာခေါက်တုံ့ပျံသန်းကွန့်မြူးနေသည့် ရောင်စုံအလင်းရောင်ကို တွေ့မြင်ရ၏။

ဤသို့ ရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ယခင်ကလည်း ဆရာတော် ဖူးတွေ့ခဲ့ရဖူးသည်။ ဤရက်များအတွင်း ကွန့်မြူးနေကြပုံမှာ ပို၍ထူးခြားလှ၍ တောချုံအတိဖြစ်သော ရောင်ခြည်တော် ကွန့်မြူးရာနေရာသို့ ကြွရောက်ကြည့်ရှုတော်မူကြရာ လေးဖက်လေးတန် ဆင်ခြေလျှောမြေနိမ့်ပိုင်းနှင့် အလယ်ဗဟို၌ (၁၀) လံပတ်လည်ခန့်ရှိ လိပ်ခုံးသဏ္ဍာန် ကုန်းမို့မို့မြေနေရာကို ထူးခြားစွာ တွေ့မြင်ကြရသည်။ ရှုစပ်သေချာစွာ လေ့လာ ကြည့်ရှုတော်မူကြ

ပြန်ရာ ထိုကုန်းမို့မို့မြေနေရာ၏ အလယ်ဗဟိုဝန်းကျင်တွင် သစ်ပင်ချုံပုတ်များ အုပ်ဆိုင်းဖုံးကွယ်ထားသော စေတီငုတ်တိုဟောင်းအပိုင်းအစကို တွေ့မြင်တော်မူကြရသည်။ ထိုအခါကျမှ ရောင်စုံမီးလုံးမီးလျှံများကွန့်မြူးနေကြသည်မှာ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ကွန့်မြူးတော်မူကြခြင်းဖြစ်ကြောင်း သံသယကင်းစွာ ဆုံးဖြတ်ချက်ချနိုင်ပါတော့သည်။

၁၃၁၄ ခုနှစ်၊ တပေါင်းလတွင် အလံတစ်ရာစေတီတော်ကြီး အုတ်မြစ်ချပြီးမကြာမီ မိုးဦးရာသီဝင်လာပါသည်။ မိုးမခတောရရှိ ကံ့ကော်ညီနောင်ကို အခြေခံ၍ ပွင့်တော်မူလတ္တံ့သော မေတ္တေယျဘုရားရှင်အား ရည်မှန်းလျက် ကံ့ကော်ပင်များ စိုက်ပျိုးထားရလျှင် ကောင်းမည် ဟူသောအကြံမှာ ဆရာတော်၌ပေါ်လာသည်။ ထို့ကြောင့် အလံတစ်ရာစေတီကြီးပတ်လည်တွင် ကံ့ကော်ပင်တန်းများကို ဆရာတော်ကိုယ်တိုင် စိုက်ပျိုးခဲ့၏။ ကံ့ကော်ပင်များမှာ စေတီပုံသဏ္ဍာန်များချည်း တစ်ပုံစံတည်း အပြိုင်အဆိုင် ရှင်သန်ကြီးထွားလာကြသည်။ အလံတစ်ရာကုန်းမြေ၏ရှုခင်းကိုလည်း ပို၍သာယာကြည်နူးစေသည်။

၁၃၁၆ ခုနှစ် နွေရာသီ၌ စေတီတော်ကြီး၏ အရှေ့ဘက် (၂) ဖာလုံခန့်တွင် ညာဏ်တော်အမြင့်အတောင်(၂၀)ရှိ စေတီငယ်တစ်ဆူ တည်ထားတော်မူသည်။

၁။ လွမ်းစေတီ
၂။ နေစက်၊ လစက်စေတီ

ဟူ၍ ဘွဲ့မည်တော်နှစ်မျိုးပေးခဲ့ကြသည်။

'လွမ်းစေတီ' ဆိုသည်မှာ အလံတစ်ရာစေတီတော်ကြီး ပြီးစီးအောင်မြင်၍ စေတီတော်ကြီး၏ဝန်းကျင်၌ လူသူများပြားစည်ကားလာချိန်ဝယ် အလံတစ်ရာကုန်းတော်ပေါ်၌ ခေါင်းချသွားကြရသောသူများကို လွမ်းဆွတ်သတိရသည့်အထိမ်းအမှတ်စေတီဖြစ်ကြောင်း အဓိပ္ပာယ်ဆောင်သည်။

'နေစက်၊ လစက်စေတီ' ဆိုသည်မှာ မြတ်စွာဘုရားသာသနာတော် နေအထောင်၊ လအထောင်မက ထွန်းလင်းတောက်ပစေလိုသော စေတနာသမှာဆန္ဒမွန်ဖြင့် ဤသာသနာပြုလုပ်ငန်းရပ်ကြီးကို ကြိုးပမ်းဆောင်ရွက်တော်မူကြောင်း အဓိပ္ပာယ်ရရှိပေသည်။ ယင်းစေတီကို အကြောင်းပြု၍ နေ၊ လ အမှတ်အသားပါသော အလံတော်ကို



www.burmeseclassic.com


www.burmeseclassic.com

...ည်း အလံတစ်ရာ ဘေးမဲ့သာသနာပြု ...ခေါ် အလံတော်အဖြစ် အသုံးပြုလာ ...သည်။ ကျေးဇူးရှင် သာမညတောင် ...ရာတော်ဘုရားကြီး ထင်ရှားကျော် ...ကြားလာသောအခါ၌လည်း ထိုနေ၊ လ ...ပါးတော်ကိုပင် ဆက်လက်၍ အသုံး ...ပြုခဲ့ကြသည်ကို တွေ့မြင်ရပါသည်။

အလံတစ်ရာ စေတီတော်ကြီး ...တော်မြစ်ချပြီး (၄) နှစ်အကြာတွင် ...သာသနာတော် ၂၅၀၀ ပြည့်နှစ်ကြီးနှင့် ...ကြတ်လေရာ ဘုရားရှင်၏သာသနာ ...တော်မြတ်ကြီးအပေါ် အတိုင်းမသိ ...တရား ကြီးမားထက်သန်တော်မူ ...သော ဆရာတော်သည် မိမိစွမ်းအားရှိ ...သ သာသနာတော်ကို ပူဇော်လိုက် ...သည်။

အလံတစ်ရာ စေတီတော်ကြီးကို ...ပေါင်းများစွာ အချိန်ယူ၍ ဦးဆောင် ...ည်ဆောက်တော်မူခဲ့ရသည်မှာ ဆရာ ...တော်ကြီး၌ သာမန်လူတို့ မသိမမြင်နိုင် ...သော အကြောင်းများစွာ ငုပ်ကွယ်လျက် ...ရှိလိမ့်မည်။ ကျွန်ုပ် ဉာဏ်မီသမျှ ...တွေး၍ သိမြင်ရသည်မှာ နယ်ချဲ့ ...တို့နှင့် စစ်တွင်းကာလတို့၏ အမွေ ...ဆက်ခံရစ်အဖြစ် စစ်ပြီးခေတ်လူသား ...တို့ ကိုယ်ကျင့်သီလ စသော ကိုယ်ပိုင် ...သာသနာခေါ် အဇ္ဈတ္တိကသာသနာ ...အား နည်းပါးဆုတ်ယုတ်စဖြစ်လာ ...သည် အလံတစ်ရာစေတီတော်ကြီး ...ည်ဆောက်မှုတည်းဟူသော ဗုဒ္ဓါရမ္မ ...ကာယဝေယျာဝစ္စဒါန ကုသိုလ် ...ငန်းကြီးကို ဗဟိုပြု၍ အခြေခံ ပဋိ ...သာသနာခေါ် ကိုယ်ကျင့်သီလကို ...ဘာဝရစောင့်ထိန်းစေခြင်း၊ ညစဉ် ...ဘာဝနာတရား ပွားများအား ...စေခြင်း စသော ဘက်စုံသာသနာ ...ပ်ငန်းကြီးကို ကြိုးပမ်းတော်မူခဲ့ ...ကြောင်း ထင်ရှားလှ၏။

၁၉၆၆ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ ...င် အဖေ ဦးရန်အောင်နှင့် ကျွန်တော် ...သည် အလံတစ်ရာစေတီတော်ကြီးတည် ...ဆောက်ရေးလုပ်ငန်းခွင်၌ (၃) ရက်ကြာ ...အားပေးခဲ့ကြသည်။ စေတီတော် ...ဦးစီးအောင်မြင်ရန် လာရောက်၍ ...အားကုသိုလ်ယူသူတိုင်း နံနက် (၄) ...ဘုရားဝတ်ပြု မေတ္တာပွားပို့ပြီးမှ ...ငန်းခွင်ဝင်ကြရပြီး ညနေ (၅) နာရီ ...ဝတ်ပြု မေတ္တာပွားပို့ပြီးမှသာ ...ငန်းသိမ်းကြရပါသည်။ နေ့ခင်းနား ...မှာ ထမင်းစားချိန်သာ ဖြစ်သည်။ ...သတ်လွတ်ဟင်းဖြင့်သာ ထမင်း



စားကြရသည်။

ဆရာတော်ကြီး သာသနာပြုလုပ်ငန်းများဆောင်ရွက်ရာ အလံတစ်ရာကုန်းတော်နှင့် သက္ကတောင်ဖွင့် လူဝတ်ကြောင်အမျိုးသားကို ဥပါသကာဟုခေါ်ကြပြီး အမျိုးသမီးကို ယောဂီမ ဟူ၍ ခေါ်ဝေါ်ကြသည်။ မိမိကိုယ်ကိုပြန်ပြောသောအခါ 'ကျွန်တော်/ ကျွန်မ' အစား 'တပည့်တော်/တပည့်တော်မ' ဟု ခေါ်ဝေါ်သုံးနှုန်းကြပြီး တစ်ဖက်လူအား 'ခင်ဗျား/ညည်း' အစား 'အရှင်/အရှင်မ' ဟူ၍ ပြောဆိုသုံးနှုန်းကြသည်။ အိမ်ထောင်သည်များအဖို့ 'လင်ယောကျ်ား' ကို 'အိမ်ရှင်/ ဥပါသကာ' ဟု ခေါ်ပြီး မယား(မိန်းမ) ကို 'အိမ်ရှင်မ/ယောဂီမ' ဟူ၍ ခေါ်ဝေါ်ကြသည်။ 'သား/ သမီး' ကို 'သံယောဇဉ်' ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။

၁၃၃၆ ခုနှစ်တွင် အလံတစ်ရာစေတီတော်ကြီး ရွှေထီးတော်တင်လှူနိုင်ခဲ့သည်။ အလံတစ်ရာစေတီတော်ကြီး စတင်တည်ဆောက်စ (၁၀) နှစ်အတွင်း၌ ဓမ္မသဘင်ကျင်းပဟောပြောခြင်းမရှိသေးသော်လည်း သာသနာပြုလုပ်ငန်းသက်တမ်း (၁၀) နှစ်ကျော်လာသောအခါ လုပ်ငန်း၏ တောင်းဆိုချက်အရ ၁၃၂၅ ခုနှစ်မှစ၍ ဓမ္မသဘင်ကို စတင်ပြုလုပ်၍ တရားဓမ္မဟောပြကျင့်ကြံတော်မူစေခဲ့ပါသည်။ ဆရာတော်ဟောကြားတော်မူသည်မှာ ပထမပိုင်းတွင် ဒါနကထာ၊ သီလကထာများဖြစ်ပြီး နောက်ပိုင်း၌ ဘာဝနာကထာကို ဟောကြားတော်မူပါသည်။ ဘာဝနာကထာ၌လည်း ဗုဒ္ဓါနုဿတိနှင့် အာနာပါနကံမှ ဋ္ဌာန်းအကြောင်း ဟောကြားတော်မူကာ မိနစ် (၂၀)၊ မိနစ် (၃၀) စသည်ဖြင့် လက်တွေ့ ရှုမှတ်စေတော်မူပါသည်။ ရှုမှတ်ပြီးသည့်အခါ မိမိ၏ ကမ္မဋ္ဌာန်းနိမိတ်များကို လျှောက်ထားစေပြီး နည်း

စနစ်ကျအောင်လမ်းညွှန်ဟောပြပါသည်။

ဆရာတော်ကြီးနောက်ဆုံးသီတင်းသုံးခဲ့သော သက္ကတောင်တွင် အရိယာစေတီတော်တည်ဆောက်ရာ၌ ၁၂-၃-၉၀ ရက်နှင့် ၁၆-၃-၉၀ ရက်နေ့ လုပ်သားသတင်းစာတို့တွင် ကြော်ငြာစာထည့်သွင်း၍ နှိုးဆော်ခဲ့ပါသည်။ ၁၃၅၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္ဂနွေနေ့တွင် ဘားအံသို့ကြွပြီး လပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့တွင် သာမညတောင်ဆရာတော်ဘုရားကြီးထံသို့ ဆရာတော်ကြီး ကြွရောက်ဖူးတွေ့ခဲ့သည်။ ဆရာတော်ကြီးသည် အလံတစ်ရာစေတီတော်ကြီးပတ်ဝန်းကျင်တွင် စေတီပေါင်း မြောက်မြားစွာ တည်ခဲ့သည်။ အရိယာစေတီ၊ ဆံတော်ရှင်သက္ကစေတီ၊ ရွှေလသာကျောင်းတော်အနီးရှိ စူဠာမဏိစေတီ၊ ဆုတောင်းပြည့်စေတီ၊ ဓမ္မသီရိကမ္ဘာအေးစေတီ (မြိုင်ကလေး)၊ ရွှေရောင်ပြဆရာတော်ဘုရားကြီး၏ အရိုးအုတ်ဂူစေတီ၊ မိုးမခမဟာဆုတောင်းပြည့်စေတီ၊ စွယ်ပလောင်တောင်ကုန်းရှိ အောင်တော်မူစေတီ၊ ကိုးနဝင်းစေတီ (အလံတစ်ရာကုန်းတော်) စသည်တို့ဖြစ်ကြသည်။

ဆရာတော်ကြီးသည် သက်တော် (၈၀) ၌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့ကိုရရှိတော်မူသည်။ ၁၃၅၇ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၃ ရက်၊ သက်တော် (၈၂) နှစ်တွင် ခန္ဓာဝန်ချတော်မူသည်။

(ဤဆောင်းပါးဖြင့် အလံတစ်ရာဆရာတော်ဘုရားကြီးနှင့် အဖေ ဦးရန်အောင်တို့အား ဦးခိုက်လျက်)

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး

၁။ သက္ကတောင် အလံတစ်ရာဆရာတော်ကြီး၏ ထေရုပ္ပတ္တိ၊ ဦးခွန်ဉာဏ်ဦး (ဓမ္မိက) ရေးသား ပူဇော်သည်။ ပထမအကြိမ်၊ ၁၉၉၄ခုနှစ် ဖေဖော်ဝါရီလ။ ထုတ်ဝေသူ ဦးအောင်ကြီး၊ ရွှေပုရပိုက်စာပေ၊ အမှတ် (၅)၊ တင့်ဆန်းလမ်း၊ ဂွတ္တာလစ်။ ပုံနှိပ်သူ ဒေါ်လှလှ၊ မိုးကုတ်ပုံနှိပ်တိုက်၊ အမှတ် ၂၂၊ (၄၀) လမ်း။

၂။ ဆရာမောင်ပန်းမွှေး (တက္ကသိုလ် မြန်မာစာဆရာ) ၏ ပြောပြချက်များ။



www.burmeseclassic.com

www.burmeseclassic.com

# အညာမြေက
# မောင်းထောင်ရွာရာဇဝင်

**ဆယ်စုအုပ် (ဆောင်းစာရေး) ?**

စာစု (၁)


- ငွေရည်အရောင်၊
  *မောင်းတစ်ထောင်ဖြင့်၊*
  *မင်းခေါင်စည်သူ၊ သမိုင်းယူလျက်*
  *ဇမ္ဗူမြန်ဘောင်၊ ညီတန်ဆောင်သို့၊*
  *မောင်းထောင်ဟူသည်၊*
  *ခေါ်မည်သာယာ။*

[*တွင်းသင်းမင်းကြီးဦးထွန်းညို၏ မုဒုလက္ခဏပျို့မှ*]

မောင်းထောင်ရွာသည် မြန်မာပြည်အထက်ပိုင်း အောက်ချင်းတွင်းဒေသ အညာဝန်းကျင်ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင်ပါဝင်၍ မုံရွာမြို့မှမြောက်ဘက် (၂၈) မိုင်ဝေးကာ ဘုတလင်မြို့မှ (၈)မိုင်ကွာတွင်တည်ရှိသော ကျေးရွာအုပ်စုရွာကြီးတစ်ရွာ ဖြစ်သည်။ ယခင် မြန်မာမင်းများလက်ထက်က ဗဒုံမြို့ (ယခုအလုံမြို့) တွင် ပါဝင်သော တိုက်နယ်ကျေးရွာကြီး ဖြစ်ပေသည်။ အင်္ဂလိပ်ခေတ်အခေါ်အားဖြင့် အောက်ချင်းတွင်းခရိုင်တွင် ပါဝင်သည်။

အိမ်ခြေ (၁၅၀၀) ကျော်ရှိ၍ ပရိယတ္တိစာသင်တိုက်များ အပါအဝင် ဘုန်းကြီးကျောင်းပေါင်း (၁၆) ကျောင်း ရှိသည်။ ထင်ရှားသော ဘုရားစေတီ (၆) ဆူနှင့်အတူ ရွာဦးတွင် တောင်၊ မြောက်တန်းစီ၍ ဘုရားစေတီပေါင်း (၃၀၀) ခန့် တည်ရှိသည်။ ထင်ရှားသော စေတီတော်များ မှာ ကန်ဆုံဘုရား (၀ါ) ဆုံတန်ဘုရား၊ မြကွမ်းတောင်စေတီကြီး၊ မိုးကောင်းဘုရား၊ ရွှေဘုံသာဘုရား၊ လေတင်ကျောင်းဘုရား၊ ရွှေသိမ်တော်ဘုရား၊ ငါးဆူဘုရား၊ စေတီလှဘုရား၊ သုံးဆူဘုရား၊ ရတနာမဥ္ဇူစေတီတော်၊ သခင်ကိုယ်တော်မှိုင်းကြီး၏ ရှင်ပင်သာဒွန်းဦးဘုရားတို့ ဖြစ်သည်။

မောင်းထောင်ရွာကြီးတွင် ဆေးရုံ ဆေးပေးခန်း၊ နာရေးကူညီမှုအသင်း၊ စာကြည့်တိုက်၊ အထက်တန်းကျောင်း၊ မူလတန်းကျောင်းတို့ရှိသည်။ ရွာဈေးနှင့်အတူ ကုန်စုံဆိုင်များရှိသည်။ ဆီစက်၊ ဆန်စက် အလုံး (၂၀) ခန့်ရှိ၍ ဆေးလိပ်ခုံ (၄၀) ခန့်ရှိသည်။ မုံရွာနှင့်ပြေးဆွဲနေသော လိုင်းကားများ၊ ကုန်တင်ကားများရှိသည်။ ကွန်ပျူတာနှင့်ပုံနှိပ်စက်ရှိသည်။ ရိုးရာ ဆိုင်းဝိုင်းနှင့် ခေတ်ပေါ် တီးဝိုင်းလည်းရှိသည်။ သံထည်များနိုင်နင်း၍ ပန်းပဲ၊ ပန်းထိမ်၊ ယွန်းထည်လုပ်ငန်းများရှိသည်။ အများစုမှာ တောင်သူလယ်သမားများ ဖြစ်ကြသော်လည်း ကုန်သည်ပွဲစားအစရှိသော လူတန်းစားစုံလင်စွာရှိသလို ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အဖွဲ့များ၊ သွေးအလှူရှင်အဖွဲ့နှင့် ပညာရေးမြှင့်တင်သင်ကြားရေးစေတနာအဖွဲ့များရှိ၍ စုံလင်စည်ကားလှသောရွာကြီး ဖြစ်ပေသည်။



မောင်းထောင်ကျေးရွာမှ သမိုင်းဝင် ဘုရားတစ်ဆူ



မောင်းထောင်ရွာမှ အလှူရှင်များ၏ စိန်ဖူးတော်တစ်ဆူ



မောင်းထောင်ကျေးရွာတွင် ကျင်းပနေသော ဗုဒ္ဓပူဇနီယပွဲတော်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

စာစု (၂)

*ကျောင်းအတိတ်ရယ်က၊ မောင်းမိသံ*
*သဲရုံတစ်ထောင်နှင့်၊*
*ချောင်ပုံတန်ကာဆိုင်းပါလို့ သမိုင်း*
*ရာဇဝင်ရှိခဲ့၊*
*ငြေးမကီစည်သူတဲ့၊ တည်တော်မူ*
*ခဲ့၍ထား၊*
*မျိုးဒါတွေသွေမနှောင့်နိုင်ဘူး၊ မောင်း*
*ထောင့်နောက်မျက်နှာ . . .*

[သံချိုဆရာကြီးဦးကျော်လှ၏
အဆိုမှဆရာတော်ဂုဏ်ပြုပွဲသံချိုမှ]

မောင်းထောင်ရွာသည် မောင်းမတစ်ထောင်က ငွေမောင်းတစ်ထောင် ဆောင်တီးခတ်၍ ရွာတည်ခဲ့သော ကြောင့် ဟူ၍ လည်းကောင်း၊ မောင်းမ ထောင် ထွက်ရှိရာအရပ်ဖြစ်၍ ကောင်း ခေါ် ဆိုခဲ့သည်ဟု တမ်းများက ပြဆိုသည်။ မြန်မာနှစ် ပြည့်တွင် မင်္ဂစည်သူ (အလောင်း စည်သူ) မင်းကြီး တိုင်းခန်းလှည့်လည် မှ မဟာစေတီလှဘုရားကြီးအား တော်တင်ခြင်း၊ ဘုရားပုထိုးစေတီ ကျောင်းတန်များ ပြုပြင်ခြင်း၊ အသစ်တည် သဖြင့် ရွာကြီးကို အသစ်တစ်ဖန် တည်ထောင်ခဲ့ခြင်းဖြစ်ဟန်ရှိပါ သည်။

သို့သော် မောင်းထောင်ရွာမှာ ကျောင်းတန်ရွာကြီးကဲ့သို့ ကြေးခေတ်၊ ကျောက်ခေတ်မှစတင်ခဲ့သောရွာကြီးဖြစ် သည်ဟု ဆိုသင့်ပါသည်။ မြန်မာတို့၏ နိုင်ငံခေတ်ဖြစ်သော တကောင်း၊ လင်း၊ ကလေးရာဇဂြိုဟ်၊ ပြည်သရေ ရွာ၊ ပန်ထွာ၊ လယ်ကိုင်း၊ ပျူခေတ် ရွာများရှိစဉ်ကပင်ရှိခဲ့ပေလိမ့်မည်။ ကြောင်းဆိုသော် ယနေ့အထိ ပျူပုတီး၊ ထောင်း၊ ပျူအသုံးအဆောင်များ ဒေသတွေ့ရှိရသောကြောင့် ဖြစ်ပေ သည်။ ပုဂံခေတ်မတိုင်ခင် ပျူခေတ်က မောင်းထောင်ရွာမှာ စည်ကားစွာ တည်ရှိလာခဲ့ခြင်း ဖြစ်ပေမည်။

မောင်းထောင်ရွာကြီးသည်ကား ဝင်၊ မော်ကွန်းဝင်ဖြစ်သလို မြန်မာ ဗုဒ္ဓသာသနာကို ဦးဆောင်ထိန်း စောင့်ရှောက်ခဲ့သောမောင်းထောင် သာသနာပိုင်ဆရာတော်ကြီးနှစ်ပါးနှင့် ပညာရှိ လူပညာရှိများထွက်ရှိရာ ထူးကဲသောရွာကြီးပင် ဖြစ်ပေ သည်။

ဆရာတော်ဦးဗုမ်နှင့် မဲထောန် (၁၂)ပါးတို့ထွက်ရှိရာ ကြေးခေတ်၊ သံခေတ်တို့၏ ပြယုဂ်ဖြစ်သော ညောင် ကန်ရွာကြီးနှင့် (၃) မိုင်ခန့်အကွာတွင် လည်းကောင်း၊ အဂ္ဂမဟာသေနာပတိ စစ်သူကြီးမဟာဗန္ဓုလနှင့် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရဆရာ တော်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ် သော ငပယင်းရွာကြီးနှင့် (၄) မိုင်ခန့် အကွာတွင် တည်ရှိသည်။

ထို့ပြင် မြဝတီမင်းကြီးဦးစ၏ ဖခင်ရပ်ရွာဖြစ်သော မောက်တက်ရွာ နှင့် (၁၂) မိုင်ခန့်အဝေးတွင် တည်ရှိသလို စာရေးဆရာ၊ သတင်းစာဆရာကြီး သိန်းဖေမြင့်၏ ယုန်လေးကုန်းရွာနှင့် (၈) မိုင်ခန့်အဝေးတွင်ရှိသည်။ စာရေး ဆရာ ဓမ္မာစရိယဦးဌေးလှိုင်၏ ဇာတိရွာ ရေကန်စုရွာ၊ စာရေးဆရာမောင်အံ့ (မဟာဝိဇ္ဇာဘုံဘေ)၏မွေးရပ်မြေ ငါးရေ ဝင်ရွာ၊ စာရေးဆရာ မုံရွာစန်းမောင်၏ ဇာတိမြေဖြစ်သော ဝန်တုံရွာ၊ အင်္ဂလိပ် ကိုတော်လှန်ခဲ့သော ဗန္ဓကရသေ့ထွက် ရှိရာ ဘီသျှူးရွာတို့သည် သမိုင်းဝင် မောင်းထောင်ရွာကြီး၏ ရွာနီးချုပ်စပ် ဖြစ်၍ အလှမ်းမဝေးသောဒေသများ၊ ကျေးရွာများ ဖြစ်ပေသည်။

ဤကား ရာဇဝင်မော်ကွန်းပြောင် သော မောင်းထောင်ရွာကြီး၏ဂုဏ်ရည် အကျဉ်းသာ ဖြစ်ပေသည်။

စာစု (၃)

- *ဂုဏ်ဌေးမက်မပြေ၊ ကျော်လွှန်မြေနှံ့ ကဝေပဏ္ဍိတ်၊*
  *မဆိတ်ဘယ်ခါ၊ ပေါ်ထွန်းစွာသား၊*
  *တိုင်းကားပြည်ရွာ၊ သာသနာကျိုး*
  *လွှန်သည်ပိုးကြ၊ မညှိုးဂုဏ်လင်း၊*
  *တဝင်းဝင်း။ ။*

[ခုံမင်းကြီးဦးနိုး၏ကဗျာတစ်ပုဒ်မှ]

မောင်းထောင်ရွာတား ရေရှား ရပ်ဝန်းမိုးခေါင်ဒေသ ဖြစ်သော်လည်း ချင်းတွင်းမြစ်နှင့် မဝေးလွန်း၊ မနီးလွန်း သောအရပ်ဖြစ်၍ ရေခံမြေခံကောင်း သည့် လှပသော ရွာကြီးတစ်ရွာ ဖြစ် သည်။ ရှင်ဘုရင်တည်သောရွာဖြစ်၍ တိုင်းပေါက်ပြည်ပေါက်ဖြစ်ခဲ့လေသည်။ မင်းမိဖုရား ထွက်ရှိရာရွာကြီးဟုလည်း မှတ်တမ်းများက ပြဆိုထားသည်။

ကုန်းဘောင်ဘုရင် ဘိုးတော်မင်း တရားကြီးလက်ထက်တော်က မြန်မာ ကေရာဇ်၏ သာသနာပိုင်ဖြစ်ခဲ့သော ပထမမောင်းထောင်ဆရာတော်ဘုရား ကြီး(၁၁၁၅-၁၁၇၅)သည် ဉာဏာဘိဝံသ ဓမ္မသေနာပတိမဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ် တော် (၄) ကြိမ်တိုင်ရရှိ၍ လူထွက်သော အခါတွင်လည်း မဟာဓမ္မသင်္ကြိုဟ်ဘွဲ့ဖြင့် မင်းတိုင်ပင်အမတ်ကြီးအဖြစ် ထင်ရှားခဲ့ သည်။ ကျမ်းပေါင်း (၅၁) ကျမ်း ပြုစုခဲ့ သည်။

သာယာဝတီမင်းမှသည် မင်းတုန်း မင်းလက်ထက်တော်အထိ သာသနာပိုင် ဖြစ်တော်မူခဲ့သော ဥ ယျဓမ္မာဘိမုနိဝရ ဉာဏကိတ္တိသီရိဓဇဓမ္မသေနာပတိမဟာ ဓမ္မရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှစ် ကြိမ်ရ ဒုတိယမောင်းထောင်ဆရာတော် လည်း နေလိုလလို ထင်ရှားခဲ့၍ ကျမ်း ပေါင်း (၁၆) ကျမ်း ပြုစုခဲ့သည်။

ဉာဏာဘိလင်္ကာရမဟာဓမ္မရာဇ ဂုရုဘွဲ့တံဆိပ်တော်ရ မောင်းထောင် ဂိုဏ်းအုပ်ဆရာတော် အရှင်စန္ဒသာရ မထေရ်မြတ်၊ ၎င်းနောက် ထပ်မံကျော် ကြားသော တတိယမောင်းထောင်ဆရာ တော်၊ ပညာသာမိသီရိကဝိဓဇမဟာဓမ္မ ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်ရ ကျမ်း ပေါင်း (၁၉) ကျမ်း ပြုစုတော်မူခဲ့သော အရှင်ပညာသာမိမထေရ်မြတ်၊ ပညာ ဘိဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ် တော်ရကျမ်းပြုဆရာတော် ရှင်ပညာ မထေရ်မြတ်၊ ဝိမာလာ လင်္ကာရ ကဝိဓဇ မဟာရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ကျမ်းပြုဆရာတော်မထေရ်မြတ် ဝေသ ဝဏ္ဏာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ကျမ်းပြုဆရာတော် မထေရ်မြတ် ဆရာတော်ရှင်ကေသရ မထေရ်မြတ်၊ ဆရာတော် ရှင်ပညာ မထေရ်မြတ် စသော ရဟန်းပညာရှိများ သည် မောင်းထောင်ကျေးရွာကြီးမှ ထွန်း တောက်ခဲ့ကြသောသာသနာ့အာဇာနည် များ၊ ဘာသာရေးခေါင်းဆောင်ဆရာ တော်မထေရ်မြတ်ကြီးများပင် ဖြစ်ပါ သည်။

ထို့အပြင် မြန်မာနိုင်ငံ၏နိုင်ငံရေး လောကတွင် လည်းကောင်း၊ စာပေ လောကတွင် လည်းကောင်း ကျော်ကြား လှသည့် ဆရာကြီး ဦးလွန်းခေါ် ဆရာ ကြီး သခင်ကိုယ်တော်မှိုင်းသည်လည်း မောင်းထောင်အဆက်အနွယ် ဇကန် စင်စစ် ဖြစ်ပါသည်။ ဆရာကြီး၏မိဘ များဖြစ်ကြသော အဘဦးစံဒွန်းနှင့် အမိ ဒေါ်အုန်းတို့မှာ မောင်းထောင်ရွာဇာတိ များဖြစ်ပြီး ဘိုးဘွားများသည်လည်း မောင်ထောင်ကျေးရွာတွင် မွေးဖွားကြီး ပြင်းခဲ့ကြခြင်း ဖြစ်ပေသည်။

စာစု (၄)

- *ကုန်းဘောင်ရာဇဝင်သမိုင်းစာကြည့်မှ*



www.burmeseclassic.com

www.burmeseclassic.com

*နှိုင်းစရာမရှိ ရွာသောင်းထောင်၊*
*တိုင်းကမ္ဘာသိစာခေါင်းဆောင်သည်။*
*(ပြော် - တိုင်းကမ္ဘာအသိ သာသနာ*
*ခေါင်းဆောင်သည်)၊*
*ရွာမောင်းထောင်သမိုင်းတွင်လွန်း။*

*[မွှာစရိယဦးဌေးလှိုင်၏*
*ရှစ်ဆယ်ပေါ်တေးထပ်ဂုဏ်ပြုလွှာမှ]*

လူပညာရှိများလည်း မောင်းထောင်ကျေးရွာအုပ်စုကြီးတွင် ဝင်းဝင်းမြမြ ထွန်းထွန်းပပ ပေါ်ထွက်ခဲ့ကြပါသည်။ ၎င်းတို့ကို အကျဉ်းရုံး၍ တင်ပြရမည်ဆိုလျှင် ကုန်းဘောင်ခေတ် စာဆိုတော်ကြီးစိန္တကျော်သူဦးဩအား မောင်းထောင်ရွာမှ အဘဦးဇေယျ - အမိ ဒေါ်ပုတို့မှ ၁၀၉၈ ခုနှစ်တွင် မွေးဖွားခဲ့သည်။

တွင်သင်းမင်းကြီး ဦးထွန်းညိုမှာ ဦးဩ၏မိခင် ဒေါ်ပုနှင့် မောင်နှမတော်သည်။ ၁၀၈၈ ခုနှစ်တွင်ဖွားး၍ ဘိုးတော်မင်းလက်ထက်တွင် မဟာအသဒ်ယာဘွဲ့ဖြင့်ကျီဝန်ရာထူးရရှိကာ ငါးရံမင်းပျို့၊ မုဒုလက္ခဏပျို့၊ ဘလ္လာတိယပျို့တို့နှင့် အတူ ပျို့ပေါင်းများစွာ ရေးသားခဲ့၍ နာမည်ကျော်ကြားသည်။ ဘလ္လာတိယပျို့မှ ဘလ္လာတိယကန်တော်ကြီးမှာ ယခုချိန်ထိ မောင်းထောင်ရွာတွင်ရှိပါသည်။

ထို့ပြင် မင်းဘွဲ့၊ မယ်ဘွဲ့၊ မေတ္တာဘွဲ့များကို ရေးသားခဲ့သော စာဆိုတော်ဦးခွေး၊ သံချိုရေးစာဆိုတော်ဦးရွှေအေး၊ (၁၂)ရာသီခွန်းထောက်၊ ရတု၊ တေးထပ်တို့ကို ရေးသားခဲ့သော စာဆိုတော်ဦးဆုသာ၊ သံချိုစာဆိုတစ်ဦးဖြစ်သော ဦးအုံကြီး၊ ခုံမင်းကြီးစာဆိုတော်ဦးနီး၊ သံချိုဆရာဦးမြတ်ဝင်းတို့သည် ရှေးစာဆိုတော်များဖြစ်၍ ကုန်းဘောင်ခေတ်နောက်ဆုံးအချိန်နှင့် ကိုလိုနီခေတ်ကာလကကျော်ကြားခဲ့သော သံချိုဆရာကြီး ဦးကျော်လှ (၁၂၀၃-၁၂၈၁) သည်လည်း မောင်းထောင်ရွာတွင် မွေးဖွားကြီးပြင်းခဲ့သော စာဆိုကျော်ကြီးဖြစ်ပါသည်။

ထို့ပြင် စာရေးဆရာကြီးများဖြစ်ကြသောမွှာစရိယဦးဌေးလှိုင်၊ မောင်အုံ (မဟာဝိဇ္ဇာ-ဘုံဘော)၊ မုံရွာစန်းမောင်၊ တတ်ဘုန်းကြီးသိန်းဖေခေါ် သတင်းစာဆရာကြီး သိန်းဖေမြင့်၊ ကဗျာဆရာဘုတလင်ချစ်လေး စသော ဆရာကြီးများသည် မောင်းထောင်ကျေးရွာတွင် နေဖူးခဲ့ကြသော၊ စာပေသင်ကြားဖူးခဲ့ကြသော မောင်းထောင်အဆက်အနွယ်များဖြစ်ကြလေသည်။

ယနေ့ခေတ်တွင်လည်း စာပေသမားများဖြစ်ကြသော လယ်တီဦးလှပိုင်၊ ဆရာကြီးဦးမိုးမောင်သိန်းလွင်(ဒိတ်ဒိတ်)၊ ဘုတလင်မောင်ကြည်ရှင်၊ စာရေးဆရာနဝရတ်၊ စစ်ကိုင်းမင်းရှိန်၊ ဦးသန်းဖေ (ဘုတလင်)၊ မင်းဇော်ငွေ (ဗုတလင်)၊ ညွန့်အောင်ချစ် (ဘုတလင်)၊ ဘုတလင်သစ်နီ၊ မင်းသုဟန်၊ မောင်ရန်နည် (ဘုတလင်)၊ ဂျာမြင့်မိုး (ဗန္ဓုလမြေ)၊ မောင်နီ (ငပယင်း)၊ မောင်သာဖန် (ငပယင်း)၊ စိတ်မိုး၊ ကျော်ဇောဟိန်း (မောင်ခင်မောင် - ငပယင်း)၊ သန့်ဇင် (မောင်းထောင်)၊မောင်ဖုန်းကြွယ်(မောင်းထောင်ကျေးရွာ၊ ဦးထွန်းဝေ (ဟန်ဇော်စိုး)၊ ဦးလှမြင့် (ခိုင်စံပယ်-မောင်းထောင်)၊ မောင်ကူသစ်(ဗန္ဓုလမြေ)၊ကျော်သောင်း (ဘုတလင်)၊ မောင်ကြည်နွယ် (ဘုတလင်)၊ ဆရာဦးကြည်စိန် စသော ပုဂ္ဂိုလ်များသည်လည်း မောင်းထောင်ကျေးရွာမောင်းထောင်ကြေးမုံပြင်တွင် အရိပ်ထင်သရုပ်ဝင်နေကြသော စာရေးဆရာ၊ စာပေသမားများသာ ဖြစ်ကြပေသည်။ မောင်းထောင်အဝန်းအဝိုင်းက အပြိုင်းအရိုင်းဖြင့် လှပလွန်းလှပေသည်။

## စာစု (၅)

□ *သုံးဆယ်ကျော်ဂေဟာအပေါင်းတို့၊*
*ရွာမောင်းရွှေထောင်ကထွက်ခဲ့၊*
*အောက်နတ်သံနယ်ကတိုးက၊*
*ဆယ့်ကိုးအိမ်ပြောင်းလာရွှေ့ပေလို့။*

*[မောင်းထောင်သံချိုဦးကျော်လှ၏*
*ရှားပါးသံချိုတစ်ပုဒ်မှ]*

ပထမမောင်းထောင်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ဥဩမည်လာထိုချိန်ခါ မြတ်စွာကွမ်းတောင်တည်ဆိုသည့်အတိုင်း သာသနာနှစ် ၂၃၃၆ ခုနှစ်၊ မြန်မာနှစ် ၁၁၅၄ ခုနှစ်၊ တပို့တွဲလဆန်း၄ရက်၊ အင်္ဂါနေ့တွင် မြကွမ်းတောင်စေတီတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခဲ့သည်။

မောင်းထောင်ရွာကား သာသနာထွန်းလင်း တောက်ပခဲ့သော ရွာကြီးတစ်ရွာဖြစ်သည်မှာ ထင်ရှားပါသည်။ ထို့ပြင်တဝ ရတု၊ တေးထပ်၊ ကဗျာသံချိုစပ်ဆိုခဲ့သော စာဆိုအကျော် စာဆိုတော်များလည်း ထွန်းကား ပေါက်ဖွားခဲ့ကြသည်မှာလည်း ဧကန်အမှန်ဖြစ်ပါသည်။

အများက ထင်ကြပေလိမ့်မည်။ သူရသတ္တိအရာထွန်းပြောင်ကျော်လွှားတော်လှန်ရေးသမားများမရှိဟု ထင်ကြပေလိမ့်မည်။ ဤအထင်ကား မှားပေမည်။ အလောင်းမင်းတရားခေတ်ကပင် ဘုတလင်သား မင်္ဂလာဗိုလ်သည် တတိယမြန်မာနိုင်ငံကြီးတည်ဆောက်ခဲ့သောသူရဲကောင်းများတွင် တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါသည်။

စစ်သူကြီးမဟာဗန္ဓုလသည်လည်း ကုန်းဘောင်ခေတ်က နယ်ချဲ့အင်္ဂလိပ်တို့ကို အသက်စွန့်ကာကွယ်တိုက်ခိုက်ခဲ့သော မောင်းထောင်ရွာအနီးမှ နယ်သားတစ်ဦး (ငပယင်းရွာသား) ဖြစ်သည်။ ကိုလိုနီခေတ်တွင် ဗြိတိသျှအုပ်ချုပ်ရေးကို တတပ်တအားတော်လှန်တိုက်ခိုက်ခဲ့သော ဗန္ဓကရသေ့ဟူသော တော်လှန်ရေးခေါင်းဆောင်မှာလည်း မောင်းထောင်ရွာအနီး ဘီသျှူးရွာမှပင် ဖြစ်သည်။

ထို့ပြင် အလုံ၊ ဘုတလင်၊ ညောင်ကန်၊ ငပယင်း၊ ကင်းစမ်း၊ ရဲထွက်၊ ဘီသျှူးရွာ စသောရွာများမှ တော်လှန်ရေးသမားများ၊ ဗိုလ်၊ သွေးသောက်၊ အကြပ်၊ တပ်မှူးများထွက်ပေါ်လာသလို မောင်းထောင်ရွာမှ ရွာအုပ်မင်းဦးဟန် (သူကြီးမင်း) နှင့် ဗိုလ်ဝက်၊ ဗိုလ်လှဦး စသည့်ပုဂ္ဂိုလ်များသည် နယ်ချဲ့အင်္ဂလိပ်တို့ ကုပ်သွေးစုပ်ဖိနှိပ်အုပ်ချုပ်မှုတို့ကို အသက်စွန့်၍ တော်လှန်ပုန်ကန်တိုက်ခိုက်ခဲ့သည်မှာ သမိုင်းတွင်အထင်အရှားရှိခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းပင်လျှင် မောင်းထောင်ရွာသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ ချီးမြှင့်ခဲ့ဖူးလေသည်။ ထိုအချိန်တ ဗိုလ်ချုပ်နှင့်အတူ ဦးသိန်းဖေမြင့်၊ ဦးကျော်ငြိမ်း၊ ဗိုလ်ခင်မောင်ကလေး မောင်းထောင်ဆရာတော် ဦးစန္ဒာသီရိနှင့် မန္တလေးရဟန်းအချို့ပင် ပါဝင်ခဲ့သည်ဟု သိရသည်။ ဗိုလ်ချုပ်တို့အဖွဲ့သည် မောင်းထောင် ဖဆပလအမတ် သခင် ကျော်ဇေယျနှင့် ဗိုလ်မြဒင်အိမ်တွင် တည်းခိုခဲ့ကြသည်ဟု မှတ်တမ်းစာ မှတ်တမ်းပန်းချီများတွင် တွေ့ရှိခဲ့ပါ သည်။

ဤသည်မှာ ရာဇဝင်မရိုင်းသည့် မောင်းထောင်ရွာသမိုင်းအကျဉ်းဖြစ်တာ ဂုဏ်ယူဖွယ်အတိပင်ဖြစ်ပါတော့သည်။

သစ်ထူးအိမ်

**ကျမ်းကိုး -**


၁။ ဦးကုလားမဟာရာဇဝင်တော်ကြီး (ပ၊ ဒု၊ တ)၊ ၂၀၀၆၊ ဩဂုတ်လ
၂။ မုံရွာစန်းမောင် - မောင်းထောင် ဝန်းကျင်ကြေးမုံပြင်၊ ၁၉... ဒီဇင်ဘာ။
၃။ ကျော်ဝင်းမောင် (ကလေးမ)၊ ... ကျော်ဇောဟိန်းမှတ်စုများ(၁၉... ၂၀၁၄)

www.burmeseclassic.com

ပရိဘောက်ကားကလေးသည် ဘောက်ကြန့်ကို ကျော်လာကတည်းက ပို့သွက်လာသည်။ ဦးတည်ပြေး နေမိဖြစ်သည်က လှည်းကူးမြို့နယ် ဆီသို့ပင် ဖြစ်သည်။ လမ်းယာဘက် ရှိ သစ်ပင်များက ကားလေးနောက် အမောတကောပြေးလိုက်လာနေကြ သည့်အလား ထင်မှတ်မှားရသည်။ ကုန်မြို့အထိ တိုးဂိတ်ငွေကောက်ခံ သည့်ကောင်တာအနီး ရပ်တန့်လိုက် သည်။ ဖြတ်သန်းခ အခွန်ငွေပေးဆောင် ပြီးသည်နှင့် ကားလေးသည် မူလအရှိန် အတိုင်းပင် ဆက်လက်ပြေးလွှားပြန် သည်

ကားလေးပေါ်တွင် စာရေးသူနှင့် အတူ ရေးပေါ်ရေးဖက်များဖြစ်ကြသည့် ဆရာကိုမိုး (ရွှေပြည်သာ)၊ ဆရာနိုင်ခင် ရွှေ၊ ဆရာမင်းနရိန္ဒာနှင့် ဆရာသားစိန် ဒိုင်တို့ စီးနင်းလိုက်ပါလာဖြစ်ခဲ့ကြသော် လည်း စကားမပြောမိဖြစ်ကြဘဲ ပတ်ဝန်း ကျင်တစ်ခွင်ကိုသာ ငေးမောကြည့်ရှုနေ မိဖြစ်ခဲ့ကြ သည်။

လှည်းကူးမြို့နယ်အတွင်း စတင် ဝင်ရောက်မိစဉ်မှာပင် ဆရာမင်းနရိန္ဒာ က -

"ဆရာကျော်ရေ၊ မနေ့က ဆရာ တော် အရှင်ဇကလာသ ပေးလိုက်လို့

## နိမိတ်အလင်းဖြင့် လှူပြည်-နတ်ပြည်ဘုရားစုံဖူးရာ

## အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာ


အောင်သာကျော်



...နိုင်သာမျှော်ရုံအတွင်းရှိ ဆင်းတုတော်



နဂါးရုံဆင်းတုတော်



ရောင်ခြည်တော်ကွန့်မြူးခဲ့သော ဓာတ်တော်မွေတော်များ ဌာပနာသည့် စေတီတော်



www.burmeseclassic.com

www.burmeseclassic.com





အရှင်ကေလာသကျောင်းအတွင်း




ကျေးဇူးရှင်အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
မောင်းထောင် မြေဇင်းတောရ
ဆရာတော်ဘုရားကြီး



ကျွန်တော် ခင်ဗျားကို ပေးထားတဲ့ စာအုပ်လေးတွေဖတ်ဖြစ်လား"

ဟု မေးလာသည်။

စာရေးသူ ခေါင်းညိတ် အဖြေပေးလိုက်မိရင်း ဆရာတော်အရှင်ကေလာသ၏အကြောင်းများကိုပြန်ပြောင်းတွေးတောနေမိဖြစ်တော့သည်။

ဆရာတော် အရှင်ကေလာသ သာသနာဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ မြို့ကြီးကုန်းရပ်ကွက်တွင် တည်ရှိသည့် မောင်းထောင် မြေဇင်းတောရ တိုက်ခွဲ၌ သီတင်းသုံးနေတော်မူသည့် ဆရာတော်တစ်ပါးပင် ဖြစ်သည်။ ဆရာတော်၏တရားပြသမှု ရှင်းလင်းပြတ်သားကာ ထိရောက်မှုရှိလှသည့်အတွက် လာရောက်ကာ တရားတန်းဝင်မိဖြစ်ခဲ့ကြသူများ၏ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ယခုအခါ နိုင်ငံခြားသားများပင် လာရောက်တရားစခန်းဝင်နေကြပြီဖြစ်သည့်အတွက် အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာဆရာတော် အရှင်ကေလာသအဖြစ် ထင်ရှားကျော်ကြားလျက်ရှိနေခြင်းပင် ဖြစ်သည်။ ဆရာမင်းနရိန္ဒာမှာ ဦးဝင်းနိုင် အင်ဂျင်နီယာအဖြစ် လုပ်ငန်းများလက်ခံဆောင်ရွက်လျက်ရှိနေခဲ့ရာမှ ဆရာတော်အရှင်ကေလာသ၏ ကျောင်းဆောက်လုပ်မှုတွင်ဦးစီးဦးဆောင်ပြုရသည့် တာဝန်ကျ အင်ဂျင်နီယာအဖြစ် ရောက်ရှိခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာတည်နေရာသည် လောကုတ္တရာ အောင်လမ်းပွင့်ထွန်းရာနေရာမှန်တည်နေရာဖြစ်သလို ဂမ္ဘီရဆန်သော ဖြစ်ရပ်များ



www.burmeseclassic.com


www.burmeseclassic.com



ဆရာကြီးမဟာစရိယဦးဌေးလှိုင်၊ တောဓိအေးငြိမ်းဆရာတော်နှင့် မြေဇင်းတောရ၏ ကမ္မဋ္ဌာနာစရိယဆရာတော်



မြေဇင်းတောရဆရာတော်ဘုရားကြီးအား အရှင်ကေလာသ ကန်တော့စဉ်



ဗန်းမော်ဆရာတော်ဘုရားကြီးအားကန်တော့၍ ကမ္မဋ္ဌာနာစရိယဘွဲ့ခံစဉ်



ဆရာတော်၏ကျောင်း

...ပေါ် လျက်ရှိခဲ့သည့်နေရာတစ်နေရာ ...ည်း ဖြစ်သည်။

ဆရာတော်အရှင်ကေလာသနှင့် ...တ်သက်ဆက်နွှယ်နေသည့်အကြောင်း ...ကို သိခွင့်ရခဲ့သည်မှာ ဆရာတော် ...ာင်းလျာကို ၁၉၆၆ ခု၊ ဒီဇင်ဘာလ ၁၂ ရက်၊ တနင်္လာနေ့တွင် ဘုတလင် ...နယ် မြောက်တောအုပ်စု နေပူစုရွာ၌ ...ည်းတော် ဦးဌေးလွင်း၊ မယ်တော် ...မိငြိမ်းကို့မှ ဖွားမြင်ခဲ့သည်။ ၁၉၇၈ ...စ် မတ်လ၌ စတုတ္ထတန်းစာမေးပွဲကို ...ုတလင်မြို့နယ် မြောက်တောအုပ်စု ...တန်းကျောင်းမှအောင်မြင်ခဲ့ပြီးနောက် ...ာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ...ာင်းထောင် ယွန်းဆက်ကျောင်း၊ ပဲခူး ...ို့ သာသနာ့မဏ္ဍိုင် ကြခတ်ဝိုင်းကျောင်း၊ ...တန့်ဝိသုဒ္ဓါရုံ၊ မန္တလေးတိုင်းဒေသကြီး ...ိုးမိတိုက်သစ်တို့တွင် ပရိယတ္တိစာပေ ...ာကို သင်ယူတော်မူခဲ့သည်။ ၁၉၉၃ ...နှစ်တွင် သာသနာ့ဓဇမ္မာစရိယဘွဲ့ကို ...ခဲ့ကာ ၁၉၉၄ ခုနှစ်မှစတင်၍ ၁၉၉၈ ...နှစ်အထိ တပည့်သံဃာတော်များကို ...ချပေးတော်မူခဲ့သည်။

၁၉၉၉ ခုနှစ်တွင် ရန်ကုန်တိုင်း ဒေသကြီး ရန်ကုန်မြို့ရှိ မဟာစည်ဌာန ...ျိုတွင် တရားများကျင့်ကြံပွားများအား ...ုတ်သမှုပြုပြီးနောက် ညောင်ကန်အေး ...ာသနာ့ရိပ်သာ၌ ပညာသင်ကာ သတိ ...ဋ္ဌာန်ကမ္မဋ္ဌာန်းတရားများကိုသုံးနှစ်ကြာ ...ောတော်မူခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ...တိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတ ...လင်မြို့နယ် မောင်းထောင်မြေဇင်းတောရ

www.burmeseclassic.com



အရှင်ကေလာသကျောင်းအတွင်း



ဆရာတော်နှင့် စာရေးသူများ



တရားထိုင်ယောဂီများ

ကျောင်း မြေဇင်းတောရဆရာတော် ဘုရားကြီးထံတွင် မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း သမထဝိပဿနာတရားများကို ပြသတော်မူလျက်ရှိနေပါသည်။

ဆရာတော်သည် ကန္တီနည်း သမထဝိပဿနာစာအုပ်၊ ယောဂီတို့၏ ကိုယ်တွေ့ခံမှုရသများအား စုစည်းထားသောရှာအဝင်လမ်းစာအုပ်၊ အရတော်စွလ္မောဘဝစာအုပ်၊ စေလိုရာစေအလင်းတွေ စာအုပ်၊ တစ်ပွင့်သာပိုင်ပိုင်ပန်ချင်တယ် စာအုပ်၊ အရွှယ်မလွန်ခင် သိစေချင် စာအုပ်တို့ကို ရေးသားပြုစု ထုတ်ဝေထားရှိသည်။

ဆရာတော်အရှင်ကေလာသနှင့် ပတ်သက်နေသည့် ကိုယ်ရေးအကြောင်းအရာများ စာရေးသူ၏ရင်ထဲရိုက်ခတ်မိလျက်သားရှိနေဆဲမှာပင် ပရိုဘောက်ကားလေးသည် လှည်းကူးဈေးရှေ့သို့ဝင်နေပြီပင် ဖြစ်သည်။ ဈေးရှေ့ရောက်သည်နှင့် မြောက်စူးစူးသို့ ထိုးကွေ့ကာ ရပ်ကွက်ငယ်တစ်ခုအတွင်း ဖြတ်သန်းဝင်ရောက်ခဲ့ရာ အချိုးအကွေ့လေးသုံးခုခန့်ကြုံရပြီးသည်နှင့် လူနေအိမ်ခြေများနှင့် ကိုက် (၅၀၀) ခန့် ခြားနားလျက်ရှိသည်။ အုပ်အုပ်ဆိုင်းဆိုင်းတောအုပ်ငယ်တစ်ခုကို လှမ်းမြင်တွေ့ရသည်။ ကွင်းထီးထီးကို ဖြတ်သန်းလာခဲ့ရရာက စိမ်းစိုအုပ်မှိုင်းနေသည့် တောအုပ်ငယ်လေးကို တွေ့လိုက်ရသည်တွင် ရင်ထဲဝယ်အေးမြချမ်းမှုရသလှိုင်းတို့က ထိရောက်ခတ်လာတော့သည်။ မောင်းထောင်မြေဇင်းတောရတိုက်ခွဲဖြစ်သည့်အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်းရိပ်သာကျောင်းဝင်းအတွင်းသို့ရောက်ရှိခဲ့ပြီ ဖြစ်သည်။ ကျောင်းဝင်းအဝင်ဝနားတွင် ဦးဝင်းနိုင် (ဆရာမင်းနရိန္ဒာ ဦးစီးဦးဆောင်ပြုတာ ဆောက်လုပ်နေဆဲဖြစ်သည့် နှစ်ထပ် တိုက်ကျောင်းကြီးကို တွေ့ရသည်။)

ကားပေါ်မှ ဆင်းပြီးသည်နှ အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိ ရိပ်သာ ဆရာတော် အရှင်ကေလာ သီတင်းသုံးတော်မူရာ တစ်ထပ်တို ကျောင်းရှိရာသို့ ဦးဝင်းနိုင်လမ်းညွှန် အတိုင်း လျှောက်သွားမိဖြစ်ကြသ ဆရာတော် သီတင်းသုံးရာကျော တောင်ဘက်အနီးတွင် မဟာဗောဓိ တစ်ပင်ရှိနေသည်ကိုတွေ့ရပြီး ကျေ ၏မျက်နှာစာအနီးတွင် ရိပ်သာတစ် ကို ရေပေးဝေမှုပြုနိုင်ရန် ရေမ လှောင်ထားသည့်အုတ်ရေလှောင်

www.burmeseclassic.com

မြင့်မြင့်မားမား ရပ်တည်လျက်ရှိသည်ကို တွေ့ရသည်။ ရိပ်သာဝင်းအတွင်း နေရောင်ခြည်ပင် ထိုးဖောက်မဝင်နိုင်လောက်အောင် ထိုးမြောက်ရောက်လျက်ရှိသော သစ်ပင်ကြီး၊ ငယ်တို့က ကာမိုးထားသဖြင့် ရိပ်သာအတွင်းဝယ် အေးချမ်းမှုအပြည့်အဝရှိနေသည့်အပြင် တိတ်ဆိတ်ငြိမ်သက်မှုအလည်း လွှမ်းခြုံထားလျက်ရှိနေသည်။ ယောဂီများနားနားနေနေတရားကျင့်ကြံပွားများအားထုတ်နိုင်ရန်အတွက် တစ်ဦးနေတိုက်ပုလုံးချင်းငယ်များ ရိပ်သာဝင်း၏ တောင်၊ မြောက်တန်းကာ ဆောက်လုပ်ထားရှိသည်သာမက တိုက်ငယ်အလုံးတိုင်းတွင် ရေချိုးခန်းနှင့် သန့်စင်ခန်းတို့ပါ တွဲလျက်သားပါရှိသည်ကိုတွေ့ရသည်။

ဆရာတော်၏ကျောင်းအတွင်းသို့ ဝင်မိလိုက်သည်နှင့် ဆရာတော်က စာရေးသူတို့အဖွဲ့အား နှစ်လိုဖွယ်သော အကြည့်ဖြင့်ကြည့်ရင်း သက်သောင့်သက်သာနေကြရန် မိန့်တော်မူသည်။ ဆရာတော်အား ထိခြင်းငါးပါးအပြည့်ဖြင့် ဦးချကန်တော့နေကြစဉ်မှာပင် ဆရာတော် အားကိုးအားထားပြုသည့် တပည့်ဒကာတစ်ဦးဖြစ်သူ ကိုအောင်ထွန်းဝင်း ကျောင်းအတွင်းသို့ ဝင်လာသည်။ ကိုအောင်ထွန်းဝင်းမှာ ရိပ်သာသို့ ဝင်ရောက်တရားအားထုတ်ကြသည့် နိုင်ငံခြားသားများနှင့် ဆရာတော် အရှင်ကေလာသအကြား စကားပြန်အဖြစ်နှင့် ဆောင်ရွက်ပေးနေသည့် ကမ္ဘာ့ဌာနာစရိယတစ်ဦးပင် ဖြစ်ပါသည်။

ဆရာတော်အား စာရေးသူ သိလိုသမျှ လျှောက်ထားမေးမြန်းနေမိဖြစ်သည်။ ဆရာတော်က မြေဇင်းတောရဆရာတော်ဘုရားကြီး ကျင့်ကြံပွားများအားထုတ်ကာ အောင်လမ်းသို့ မြန်းကြွသွားတော်မူနိုင်ခဲ့သည့် ကမ္မဋ္ဌာန်းနည်းနှင့်ပတ်သက်၍ ကျင့်ကြံပွားများအားထုတ်မှုပိုင်းဆိုင်ရာများ ရှင်းလင်းမိန့်ဇတော်မူသည်။

မြေဇင်းတောရဆရာတော်ဘုရားကြီးအား (၁၇) နာရီကြာမျှ မီးသဂြိုဟ်တော်မူရာတွင် ဓာတ်တော်မွေတော်များ ကြွင်းကျန်ရစ်ခဲ့ပါသည်။ ၄-၂-၂၀၀၇ တနင်္ဂနွေနေ့ ညနေ (၆) နာရီမှ (၇) နာရီ မိနစ် (၂၀) အထိ ဦးခေါင်းခွံတော်နှင့် စွယ်တော်တို့မှ အထက်၊ အောက်ရောင်ခြည်တော်များ ကွန့်မြူးခဲ့ပါသည်။

မြေဇင်းတောရဆရာတော်ဘုရားကြီး ဩဝါဒကထာကလည်း လွန်စွာ


ရိပ်သာတွင်းမြင်ကွင်းများ


ငြိမ်းရိပ်ချောင်း


ကျွဲရဆန်သော နွယ်ဓနိ





www.burmeseclassic.com

www.burmeseclassic.com



တရားထိုင်သံဃာတော်များအတွက် တိုက်ခန်းငယ်များ





သောက်ရေစင်များ

အလေးအနက်ထားသင့်သည့် ဩဝါဒ ကထာပင် ဖြစ်သည်။ မြေဇင်းတောရ ဆရာတော်ဘုရားကြီး မိန့်တော်မူခဲ့ သည်မှာ -

"ဂေါတမမြတ်စွာဘုရားက သတ္တဝါ တွေကို သနားလို့ သာသနာ (၅၀၀၀) ထားခဲ့တာ အခု (၂၅၀၀) ကျော်သွားပြီ။ အကုန်များပြီးအကျန်နည်းသွားပြီ။ ကျန် တဲ့ဟာလည်း ကိုယ့်ဉစ္စာလို့ပြောလို့မရ ဘူး။ ကိုယ်လုပ်သလောက်ကိုယ်ရမှာပဲ။ ဆုတ်ကပ်ကြီးဆိုတော့ အစစအရာရာ ဆုတ်ကုန်တာပဲ။ သိရှိရင် နှမြောစရာ အလွန်ကောင်းလှတယ်။ နှမြောတယ် ဆိုတာ တန်ဖိုးသိမှ နှမြောတာ။ ဘုရား ရှင်က သတ္တဝါတွေ ကို သနားတော်မူလို့ လေးအသင်္ချေနဲ့ကမ္ဘာတစ်သိန်း ကျင့်ကြံ အားထုတ်ပြီး ဘဝပေါင်းများစွာ စတေး ပြီးမှပေးခဲ့ရတဲ့တရားတွေကိုအခုလူတွေ မယုံကြတော့ဘူး။ ဧဝံ ဗုဒ္ဓါ အစိန္တိယျာ ကြံစည်လို့မရနိုင်ဘူး။ ဒီတော့ လူတွေ အားမထုတ်ကြဘူး။ အားမထုတ်တော့



ဗောဓိပင်



ရေစင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာရင်း ဦးအောင်ထွန်းဝင်း



မသိတော့ဘူး။ မသိတော့မယုံကြည်ဘူး။ ကြည့်လေ။ ကိုယ့်ကိုသနားလို့ ပေးခဲ့တဲ့ တရားကိုပဲ။ သာသနာပရယ်၊ သာသနာတွင်းရယ်လို့ ဝေဖန်ကြတာ မခက်ဘူးလား။ ဘုရားရှင်က သမထတရားတွေကို သာသနာပမှာပဲကျင့်ရမယ်၊ သာသနာတွင်းမှာမကျင့်ရဘူးလို့ မပြောခဲ့ဘူးဗျ။ ဘုရားအဆူဆူဟာ ဒီအာနာပါနကို ကျင့်ပြီးမှပွင့်ကြတာပါဗျ။ မြေလျှိုးမိုးပျံနိုင်တဲ့ရဟန္တာတွေလည်း အာနာပါန သမထဝိပဿနာကျင့်လို့ ဖြစ်ကြတာဗျ။ သမထမပါတဲ့ရဟန္တာတွေ ဒီလိုမရကြဘူး။ ဒီတော့ သူများပြောတိုင်း နားမယောင်နဲ့။ သာသနာဆုတ်တယ်ဆိုတာ ဒီလိုပဲ။ ဒီလိုနဲ့ ဗုဒ္ဓရဲ့ တရားတော်တွေ ကွယ်ပျောက်သွားမှာနှမြောစရာကောင်းလှတယ်"

ဟုပင် ဖြစ်သည်။

မြေဇင်းဆရာတော်ဘုရားကြီး၏ ဩဝါဒကထာကို အလေးအနက်ထားကြသည့်ဆရာတော်ဘုရားကြီး၏တပည့်သံဃာတော်များက ဂေါတမမြတ်စွာဘုရားရှင်၏သာသနာတော်အရှည်တည်တံ့ထွန်းလင်းတောက်ပနေစေရေးအတွက် ကြိုးပမ်းကာ မြေဇင်းဆရာတော်ဘုရားကြီး ကျင့်ကြံပွားများ အားထုတ်တော်မူခဲ့သော ကန္တီနည်းသမထဝိပဿနာကျင့်စဉ်များကို ဖော်ထုတ်ညွှန်ကြားကာ နည်းပေးလမ်းပြပြုတော်မူကြလျက်ရှိနေသည်။

ထိုအထဲတွင် ရေဇင်းဆရာတော်ဘုရားကြီး၏ တပည့်ရင်းတစ်ဦးဖြစ်ခဲ့သူ အရှင်ကေလာသ သာသနဓဇ မဟာစရိယ ကမ္မဋ္ဌာနာစရိယသည်လည်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့ကြီးကုန်းရိပ်သာရပ်ကွက်တွင် အပြည်ပြည်ဆိုင်ရာ ဇောတိအေးငြိမ်းရိပ်သာ၌ မြေဇင်းတောရဆရာတော်ဘုရားကြီး၏ ကန္တီနည်းသမထဝိပဿနာကျင့်စဉ်များကို ဟောဖော် ညွှန်ပြပေးလျက်ရှိနေသည်ပင် ဖြစ်သည်။

မြေဇင်းတောရတရားနည်းဗျူဟာမှာ လူအတော်များများ စိတ်ဝင်တစားရှိနိုင်စေသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

*၁။ ရှင်၊ လူအများ တရားဝင်လျှင် မြေဇင်းတောရ နည်းပြသွန်သင် နိမိတ်များ ရငြားသင့်တွင် ဘုရားများ ဖူးသွားကုန်အစင်။*

*၂။ ရှင်၊ လူအများ တရားဝင်လျှင် မြေဇင်းတောရ နည်းပြသွန်သင် နိမိတ်များ ရထားချိန်တွင် ခန္ဓာညစ်ဖြစ်ပျက်ကုန်အစင်။*

ထိုဗျူဟာများအတိုင်းပင်လျှင် လက်တွေ့ ရိပ်သာဝင်ဖြစ်သူများ တရားနိမိတ်များရရှိကြကာ ရရှိလာကြသော တရားနိမိတ်များကို အသုံးချပြီး ပြည်တွင်း၊ ပြည်ပရှိ ဘုရားစေတီများကိုသာမက နတ်ပြည်၊ နတ်နဂါးပြည်ရှိ ဘုရားစေတီများကိုပါ ကြည်လင်ပြတ်သားစွာဖူးမြော်နိုင်ခွင့်ရကြသည်ဟု သိရသည်။ ဘုရားစုံဖူးတွေ့ခွင့်ရကြသူများ၊ ကောင်းသောနိမိတ်အလင်းရကြသူများက သူတို့ကိုယ်တိုင် အပြည်ပြည်ဆိုင်ရာဇောတိအေးငြိမ်းရိပ်သာတွင် ရိပ်သာဝင်ကာ တရားဓမ္မကျင့်စဉ်များကို ကျင့်ကြံပွားများကြရင်း ထိတွေ့ခံစားသိရှိရသမျှကို ဖော်ကျူးရေးသားထားသည့် အခိုင်မာအထောက်အထားများအဖြစ် 'တစ်ပွင့်သာပိုင်ပိုင်ပန်ချင်တယ်၊ စေလိုရာစေအလင်းတွေ၊ ရှာအဝင်လမ်း' စသည့်စုပေါင်း တင်ပြထားသည့် စာအုပ်လေးများတွင် အထင်အရှား တွေ့ရသည်။

ကန္တီနည်းသည် သမထဝိပဿနာကျင့်စဉ်ဖြင့် ပွားများအားထုတ်ရသောနည်းလမ်းပင် ဖြစ်သည်။ အာနာပါနကျင့်စဉ်ဖြင့် အလင်းနိမိတ်ရရှိအောင်ကျင့်ဆောင်ကာ ဘုရားစုံဖူးနိုင်စေခြင်း၊ မိမိကျင့်ကြံအားထုတ်လိုသော အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းကိုင်နိုင်မိအောင် စွမ်းဆောင်နိုင်ကြမည်ပင် ဖြစ်ပါသည်။ နိမိတ် ဆိုသည်မှာ ပါဠိစကားပင် ဖြစ်သည်။ မြန်မာစကားဖြင့် ပြောမည်ဆိုပါက ကမ္မဋ္ဌာန်း၏ အကြောင်း၊ ကမ္မဋ္ဌာန်း၏အာရုံပင် ဖြစ်သည်။ နိမိတ်သည် လူရုပ်၊ နတ်ရုပ် စသည့်သဏ္ဍာန်ပညတ်ကို ဆိုလိုခြင်း မဟုတ်။ အလှင်းရောင်နိမိတ်၊ ကမ္မဋ္ဌာန်းဘာဝနာသမာဓိ

www.burmeseclassic.com

စွမ်းအားကြောင့် ဖြစ်ပေါ်လာသည့် အလင်းရောင်ပင် ဖြစ်သည်။ ပထမတွင် မီးခိုးတိမ်တိုက် ခပ်ညစ်ညစ်မည်းမည်း ဝါဂွမ်းစကဲ့သို့ ထင်ဟပ်ကာ ပေါ်လာမည်ဖြစ်ပြီး သမာဓိအားကောင်းမွန်လာလေ လင်းလေဖြင့် လင်းလာမည်ဖြစ်သည်။ တစ်ခါတစ်ရံ နေပူထဲတွင် ချထားသော မှန်ကဲ့သို့ မကြည့်နိုင်လောက်အောင် ဝင်းဝင်းတောက်အလင်းလည်း တွေ့လာနိုင်ကြမည် ဖြစ်သည်။ ထိုသို့ သမာဓိကြောင့် ထင်လာသောအလင်းကို အလင်းနိမိတ်ဟု ဆိုပါသည်။

အလင်းနိမိတ် ရရှိလာအောင် အာနာပါနကျင့်စဉ်ကို အားထားကာ ကျင့်ကြံပွားများ အားထုတ်သည့်နည်းလမ်းကိုသုံးရသည်။ မဟာရဟုလောဝါဒသုတ်တွင် အာနာပါနကျင့်ကြံပွားများအားထုတ်ခြင်းဖြင့် ရရှိနိုင်ကြသော အကျိုးငါးမျိုးကို ဤသို့ဖော်ပြထားသည်ကို တွေ့ရသည်။

၁။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ပါမူ ယခုခေတ် ယခုကာလ ယခုဘဝ၌ပင်လျှင် ရဟန္တာအဖြစ်သို့ရောက်နိုင်၏။

၂။ အကယ်၍ အသက်ရှိစဉ် ရဟန္တာအဖြစ်သို့ မရောက်သေးပါမူ သေခါနီးကာလ၌ သမသီသိရဟန္တာအဖြစ်သို့ရောက်နိုင်သေး၏။

၃။ အကယ်၍ သမသီသိရဟန္တာမဖြစ်နိုင်သေးပါမူ နတ်ပြည်သို့ရောက်သောအခါ ဓမ္မကထိကနတ်သား တရားသံကို ကြားနာရ၍ ရဟန္တာအဖြစ်သို့ ရောက်ရှိနိုင်၏။

၄။ အကယ်၍ နတ်ပြည်၌ ရဟန္တာမဖြစ်သေးပါမူ အရိမေတ္တေယျဘုရားမပွင့်မီ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်နိုင်သေး၏။

၅။ အကယ်၍ ပစ္စေကဗုဒ္ဓါမဖြစ်သေးပါမူ ပွင့်တော်မူလတ္တံ့ကုန်သော အရိမေတ္တေယျ အစရှိကုန်သော ဘုရားရှင်ကိုယ်တော်မြတ်ခြေတော်ရင်း၌ ဒါရုစိရိယမထေရ်ကဲ့သို့ ခိပ္ပါဘိညရဟန္တာဖြစ်ရတော့သည်။

အပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်ရိပ်သာတွင် အလင်းနိမိတ်ရရှိလေအောင် အာနာပါနကို အဓိကထားကျင့်ကြံကြိုးပမ်းအားထုတ်ရန် လမ်းညွှန်ပြထားခဲ့ချက်ကို လိုက်နာ ကျင့်သုံးခြင်းပင် ဖြစ်သည်။ ရိပ်သာအား ဦးစီးဦးဆောင်ပြုကာ ကမ္မဋ္ဌာနာစရိယအဖြစ် ဆောင်ရွက်တော်မူနေသည့် ဆရာတော်အရှင်ကေလာသမှာ နိုင်ငံကျော် ဓမ္မာသုတ၊ ရသများရေးသားခဲ့သည့် စာရေးဆရာကြီး ဦးဌေးလှိုင်၏ တူတော်စပ်သည်ဟု သိရပြီး မြေဖင်းတောရဆရာတော်ဘုရားကြီးနှင့် ဓမ္မာစရိယဦးဌေးလှိုင်တို့မှာ ညီအစ်ကိုဝမ်းကွဲတော်ကြောင်း သိရသည်။

ရိပ်သာ တည်ထောင်ဖြစ်ခဲ့သည့် အကြောင်းရင်းကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ ယခုလက်ရှိ ပဓာနနာယကဆရာတော်ဖြစ်သော အရှင်ကေလာသနှင့် ဒကာအရင်းဖြစ်လာခဲ့ရသည့် ကိုအောင်ထွန်းဝင်းတို့ မြေဖင်းတောရ (မောင်းထောင်မြေဖင်းတောရ) တွင် တရားစခန်းဝင်ကြစဉ် အာရုံနိမိတ်အလင်းများရခဲ့ကြသည်။ အာရုံနိမိတ်အလင်းဝယ် ယခုအပြည်ပြည်ဆိုင်ရာ ဗောဓိအေးငြိမ်ရိပ်သာ တည်ထောင်ရမည့် နေရာအကွက်အကွင်းများ နှစ်ဦးစလုံး၏အလင်းနိမိတ်ဝယ် အထင်အရှားပေါ်လာခဲ့သည်။ နှစ်ဦးစလုံး၏ နိမိတ်အလင်းဝယ် ချောင်းတစ်ချောင်း၏ အသွင်အပြင် အထင်အရှားပေါ်လာခဲ့သည်။ ချောင်း၏အရှေ့ဘက်ကမ်းတွင် စိမ်းစိုအုပ်ဆိုင်းနေသည့်တောအုပ်လေးတစ်ခု အထင်အရှားရှိနေပြီး တောအုပ်လေးအတွင်းမှ ထွက်ပေါ်နေသည့် အလင်းတန်းများက တောက်ပလွန်းလှသည်။

ထိုအလင်းနိမိတ်ရခဲ့ပြီးနောက် နှစ်အတော်ကြာတွင်မှ ရိပ်သာအတွက် အလှူဒကာပေါ်လာခဲ့ရာ မြန်မာပြည်အနှံ့ နေရာလိုက်လံရှာမိဖြစ်သည်။ နောက်ဆုံးတွင် ယခု ရိပ်သာတည်ရာ လှည်းကူးမြို့နယ်သို့ ရောက်လာခဲ့သည်တွင် အလင်းနိမိတ်ဖြင့် တွေ့မြင်ထားသည့်နေရာကို တွေ့ရတော့သည်။ ရိပ်သာအရှေ့ဘက်ကမ်းတွင်ရှိနေသည့် သချိုင်းကုန်းနှင့် ရိပ်သာကို အလယ်မှ ငမိုးရိပ်ချောင်းက ဖြတ်သန်းစီးဆင်းနေလေရာ အနောက်ဘက်ကမ်း ယခုရိပ်သာတည်ရှိနေသည့်နေရာမှာ နိမိတ်အလင်းက ပြညွှန်းခဲ့သောနေရာပင် ဖြစ်နေခဲ့ရသည်။

ရိပ်သာတည်ရာ တောအုပ်ငယ်သည် မူလက ပရလောကသားတို့ ပျော်ပါးကျက်စားခဲ့သည့်နေရာတစ်နေရာပင် ဖြစ်သည်။ ရိပ်သာတည်ထောင်ခါစက ရိပ်သာဝင်းအတွင်းရှိ နွှံ့ချို့ကုက္ကိုကြီးအား ခုတ်ပိုင်းရှင်းလင်းခဲ့ရာ ပရလောကသားများ အနှောင့်အယှက်ဖြင့် သစ်ပင်ခုတ်သူ၏မိသားစုတို့ အတိဒုက္ခမျိုးစုံဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ရိပ်သာ၏အရှေ့ဘက် ငမိုးရိပ်ချောင်းစပ်နားတွင် ဧရာမနွယ်ပင်က ဒန်းတစ်ခုအလား တည်ရှိနေသည်။ ရိပ်သာတွင် တရားဝင်သူတို့ကို အနှောင့်အယှက်မပေးသော်လည်း လပြည့်၊ လကွယ်ညများတွင် ဖြူဖြူဖွေးဖွေးသဏ္ဌာန် အမျိုးသမီးတစ်ဦး ဒန်းစီးနေသည်ကို တွေ့ကြရတတ်သည်။

ပရလောကသားတို့ကျက်စားခဲ့ရာ နယ်မယ်တွင် တည်ထားသည့် ရိပ်သာဖြစ်သော်လည်း နိမိတ်အလင်းများဝေဖြာလေ့ရှိသည့် ကျင့်ကြံကြိုးပမ်းအားထုတ်ကြသူများ၏စွမ်းပကားတို့ကြောင့်ပင် ပရလောကသားတို့က အနှောင့်အယှက်မပေးဘဲ သာဓုအကြိမ်ကြိမ်ခေါ်ဆိုကာ ကျွတ်လွတ်နိုင်ဖို့ ကြိုးစားလျက်ရှိနေကြဟန်တူပါသည်။

ရိပ်သာအတွင်း သူတော်စင်တို့ တရားအားထုတ်ရာ ဓမ္မာရုံတော်ကြီးအတွင်းတွင်ကား ဆိတ်ငြိမ်မှုက လွှမ်းခြုံထားသည်။ ကြည်ညိုဖွယ်ကောင်းလှသည့်ဆင်းတုတော်ကြီးတစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေသည့် ရိပ်သာအတွင်းရှိ ထမင်းစားဆောင်အနီးတွင် နဂါးရုံဆင်းတုတော်တစ်ဆူ သီတင်းသုံးတော်မူလျက်ရှိနေသည်။

မည်သို့ပင်ဆိုစေ ဆရာတော်အရှင်ကေလာသ (သာသနဓဇ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ) ရေးသားတော်မူသည့် ‘အရွယ်မလွန်ခင်သိစေချင်’ စာအုပ်ပါအချက်များက အရွယ်မလွန်ခင် ရိပ်သာသို့ တစ်ခါတစ်ခေါက်အရောက်လာရန် ဖိတ်ခေါ်နေသည်ဟု ဆိုပါရစေ။ တစ်ခါတစ်ခေါက် ရိပ်သာဝင်ရုံမျှနှင့် ဘုရားစုံဖူးခွင့်ရကြမည့်အပြင် မိမိတို့မျှော်လင့်တောင့်တကြရာ အောင်လမ်းအတွက် အောင်ပန်းအသီးသီးဆွတ်ခူးရရှိနိုင်ကြမည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

□ ရိပ်သာဝင်လိုပါလျှင် -

**အရှင်ကေလာသ**

**ဖုန်း - ၀၉၂၀၃၃၃၄၄၊**
**၀၉၇၃၀၃၅ ၇၅၇၊**

*တစ်ခါတစ်ခေါက် ရောက်ခွင့်ကြုံကြပါစေ*

**အောင်သာကျော်**

www.burmeseclassic.com



# ဉာဏ်ကလွင်မြင့် မှတ်သားဖွယ်ရာ သုတအဖြာဖြာ(၃)

■ ပညာအတတ်၊ ကျေးဇူးမြတ်နှင့်၊
ဂုဏ်သတ္တိမှာ၊ ဘယ်ဥစ္စာမျှ၊ နှိုင်းရာ
မတူ။ ။
ခိုးသားမှုလည်း၊ မယူနိုင်ရာ၊ မြဲမြဲ
စွာ၏။ ။
ပညာမြော်မြင်၊ အတတ်လျှင်ကား၊
ဆွေခင်ပွန်းစစ်၊ မှီရာဖြစ်၏။ ။
အသစ်ဘဝ၊ ပြောင်းလေကလည်း၊
သုခဝဟာ၊ မြတ်ချမ်းသာကို၊ ကောင်း
စွာလျှောက်ပတ်၊ ဆောင်ပေတတ်
၏။ ။
သုတမည်ကား၊ မစည်မပင်၊ မတွင်
မကျယ်၊ အနည်းငယ်ဟု၊ စိတ်ဝယ်
ဤသို့၊ မမှတ်တို့နှင့်၊
သေသေချာချာ၊ တတ်လိမ္မာက၊
ဝိဇ္ဇာသိပ္ပ၊ တစုမျှလည်း၊ ဆုံးစတတ်
မြောက်၊ သက်မွေးလောက်၏။ ။
[သားရွှေဥဆုံးမစာ]

အထက်ပါ စာဆော်ပြင်ဦးပုည၏ ဆုံးမစာအဆိုအမိန့်အတိုင်းပင် အသိအလိမ္မာဉာဏ်ပညာများကို လေ့လာဖတ်ရှု မှတ်သား ဆည်းပူးခြင်းအားဖြင့် လောက၊ တမလွန် နှစ်တန်သောအကျိုးစီးပွားကိုဆောင်နိုင်သည်ဆိုသဖြင့် သုတလိုလား အမျိုးကောင်းသားတို့အတွက် ရည်ရွယ်လျက် မှတ်သားဖွယ်ရာ သုတအဖြာဖြာကို လေ့လာဖတ်ရှု ဆည်းပူး မှတ်သားကြရန် အောက်ပါအတိုင်း ရေးသားလိုက်ပါသည်။

**၁။ သင့်တင့်လျှောက်ပတ်သောအရပ်**

န ပစ္စတော နပုရတော၊
နာပိ အာသန္န ဒူရတော၊
န ကစ္ဆာ နော ပဋိဝါတေ၊
န စာပိ ဩနတုန္နတေ။
[မင်္ဂလသုတ်အဋ္ဌကထာ]

■ ရှေ့နောက်ကျလွန်း၊နီးဝေးလွန်းနှင့်၊
ဒူးစွန်းနှင့်နီး၊ လက်ကတီးကပ်ကာ၊
လေညာလေတင်၊ ထက်ခွင်စွင့်စွင့်၊
မြင့်သောမြင့်လွန်း၊ နိမ့်လွန်းအောက်
လျှိုး
နေပြစ်မျိုးကို၊ ရှောင်ရှိုးစဉ်လာထုံးစံ
တည်း။

အပြစ်ခြောက်ပါး၊ အပြစ်ရှစ်ပါး (၂) မျိုးရှိရာတွင် ယခု အပြစ် (၈) ပါးကို တွေ့ရသဖြင့် မှတ်သားထားသည်။ (ဆရာဆန်းထွန်း (မန်းတက္ကသိုလ်) ရေး 'သရဏာထေရ်'ဝတ္ထု၊ မြတ်ဆုမွန် အတွဲ (၁)၊ အမှတ် (၅) ၂/ ၈၉)

**၂။ မလျှောသင့်သောအရာများ**

■ မပြုသင့်ချေ၊ ကျမ်းလာထွေကား
တနင်္ဂနွေသား၊ လျှော့ငြားတမူ၊
ကျောက်ဖြူဆင်းတု၊ မပြုစရာ။
တနင်္လာမှန်၊ ရေကန်၊ ရေတွင်း၊
မပြုလျှင်းနှင့်။ ဂြိုဟ်မင်းသီဟာ၊
မြတ်စွာဓာတ်တော်၊ မလျှော်လေ
ဘူး။ ဗုဒ္ဓဟူး - ထီး၊ တံခွန်ကြီးနှင့်။
အပြီးမသင့်။ တစ်ဆင့်ဂုရု၊ ဆောက်
မှုကျောင်းကန်ဝေးလံပါစေ၊ တစ်ထွေ
ဘာရဂု၊ မပြုနှင့်တုံ၊ ကြာငုံရွှေပွင့်။
ထို့ပြင်တခြား၊ စနေသားမူ၊ တံတား
ဇရပ်၊ မလှူအပ်သည်၊ ပညတ်
စကား၊ ဆို၍ထား။
[လောကီသဂြိုဟ်ကျမ်းအလို။
ရဝေထွန်းရေး၊ မြတ်ဆုမွန် ၂/ ၈၉
ဆောင်းပါး]

**၃။ အဆုံးအမတော်ကြီး (၁၃) ပါး**

ဩဝါဒပါတိမောက်မှာ ဂါထာ(၃) ဂါထာမျှသာဖြစ်ပြီး ရှင်ရောလူပါကျင့်သုံးနိုင်သော အဆုံးအမတော်ကြီး (၁၃) ပါး ပါဝင်ပါသည်။ မြန်မာမှုသက်သက်မျှဖြင့် အနှစ်ချုပ် မှတ်သားရလွယ်ကူစေရန် မဟာစည်ဆရာတော်ကြီးက(နှုတ်ဆောင်ရလွယ်အောင်) ဓမ္မဂီတကဗျာကို အောက်ပါအတိုင်း ရေးသားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

**အဆုံးအမတော်ကြီး (၁၃) ပါး**

၁။ သည်းခံကျင့်သုံး၊ အမြတ်ဆုံးပေ၊
၂။ နိဗ္ဗာန်မြတ်လှ၊ ဗုဒ္ဓမိန့်ပေ။
၃။ ရဟန်းမုန်လျှင်၊ မညှဉ်းတတ်ပေ၊
၄။ ညှဉ်းဆဲက၊ သမဏမဟုတ်ချေ။

□

၅။ မကောင်းမှုများ၊ ရှောင်ရှားပယ်လေ၊
၆။ ကုသိုလ်တရား၊ ဖြစ်ပွားစုံစေ၊
၇။ မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူစေ၊
ဤ (၇) ပါး ဘုရားဆုံးမပေ။

□

၈။ သူတို့စွပ်စွဲ၊
၉။ ညှဉ်းဆဲကင်းစေ၊
၁၀။ ကိုယ်ကျင့်သီလ၊ လုံးဝလုံစေ၊
၁၁။ အစာ၌လည်း၊ အမြဲတိုင်းရှည် (ရွေ)
၁၂။ လူသူဆိတ်ကောင်း၊ တောကျောင်းမှာနေ၊
၁၃။ စိတ်မြတ်လုပ်ငန်း၊ ကြိုးပမ်းပါလေ၊
ဤခြောက်ပါး၊ ဘုရားဆုံးမပေ။

**၄။ ရတနာ ဟူသည်**

□ စိတ္တီကတံ မဟဂ္ဃ၊ အတုလံဒုလ္လဘဒဿနံ၊
အနောမသတ္တဘောဂ၊ ရတနာတေန ဝုစ္စတိ၊
မြတ်နိုးဖိုးတန်၊ တုပဲ့ဟန်နှင့်၊
တွေ့ရန်ခဲကတ်၊ သူမြတ်တို့သာ၊
သုံးဆောင်ရာ၊ ရတနာအနက်ငါး။

**ရတနာ-သဒ္ဒါသည် ပါဠိစကားတည်း။**

၁။ နှစ်သက်မွေ့လျော်ခြင်းကို ဖြစ်စေတတ်သောအနက်၊
၂။ အလေးအမြတ်ပြုအပ်၏ ဟူသောအနက်၊
၃။ အဖိုးများစွာ ထိုက်တန်၏ဟူသောအနက်၊
၄။ အလွန်ရခဲ၏ဟူသောအနက်၊
၅။ မြင့်မြတ်သူတို့၊ အထက်တန်းလူတို့၏အသုံးအဆောင်ဟူသောအနက်ကို ဟော၏။

[အရှင်ဇနကာဘိဝံသ၏
ရတနာ့ဂုဏ်ရည်ကျမ်း]

**၄။ ခေတ်(၄)ခေတ်**

၁။ ကတယုဂ်၊
၂။ တြေတြာယုဂ်၊
၃။ ဒွါပရာယုဂ်၊
၄။ ကလိယုဂ်
ဟူ၍ ခေတ် (၄) ခေတ်ရှိသည်။

**၁။ ကတယုဂ် ဟူသည်**

လူ (၄) ယောက်ရှိလျှင် လူ (၄) ယောက်စလုံး တရားစောင့်သည်။ ဒီကတ ဆိုသည် အစက (စတု) ကလာသည်။ စတုကနေ (ကျတု)၊ ကျတုကနေ (ကျတ) ကျတနေ(ကတ)ဖြစ်လာသည်။ လူ (၄) ဦးစလုံး တရားစောင့်ကြသတဲ့။ နှစ်ပေါင်း (၁၇၂၈၀၀၀) ရှိ၏။

**၂။ တြေတြာယုဂ်**

လူ(၄) ယောက်ရှိလျှင် (၃)ယောက် တရားစောင့်သေးသည်။ တစ်ယောက်သာ အကျင့်ပျက်သေးသတဲ့။ ဒီယုဂ်က နှစ်ပေါင်း (၁၂၉၆၀၀၀) ရှိသည်။

**၃။ ဒွါပရာယုဂ်**

လူ(၄)ယောက်ရှိလျှင် (၂)ယောက်ပဲ တရားစောင့်တော့သည်။ (၂)ယောက် အကျင့်ပျက်နေပြီ။ ဤဒွါပရာယုဂ်၌ နှစ်ပေါင်း (၈၆၄,၀၀၀) ရှိသည်။

**၄။ ကလိယုဂ်**

ဤကလိယုဂ်တွင် လူ(၄)ယောက်ရှိလျှင် (၁) ယောက်သာ တရားစောင့်တော့သည်။ ကျန်လူ (၃) ယောက် အကျင့်ပျက်ကြသည်။ ယခုခေတ်ကို ကလိ ယုဂ်ခေတ်ဟု ခေါ်သည်။ (ဝါ) ဆုတ်ခေတ်ဟု ခေါ်သည်။ နှစ်ပေါင်း (၄၃၂, ၀၀၀) ဖြစ်သည်။

[ဘဒ္ဒန္တဒေဝိန္ဒာဓိပတိ၏
ဓမ္မဗျူဟာ အတွဲ (၃၅)၊
အမှတ် (၂) မှ]

**၅။ နဝရတ်ကိုးပါး**

□ နီလာ၊ စိန်၊ ကြောင်၊ ထိန်ပြောင်၊
ပတ္တမြား၊
မြသားဂေါ်မုတ်၊ ဥဿဖရား၊ သန္တာ၊
ရတနာ့ပုလဲ၊ ထူးကဲမှန်မြတ်၊
နဝရတ်ကိုးပါး၊
ကျော်ထင်ရှားသည်
မှတ်သားအစဉ်ခေါ်ရိုးတည်း။

**၆။ ကျီးသဲလေးထပ်ဆရာတော်အဆိုအမိန့်**

□ သန်လျက်ဖြစ်ငြား၊
မသွေးထားသော်၊
ချင့်ဓားလိုခါ၊ မတုံးလား။

ဟူ၍ ဓမ္မခန်းဖတ်စာစာမျက်နှာ (၂၃) ၌ ဆိုမိန့်ထားသည်ကို မှတ်သားရသည်။

**၇။ ခေတ် (၄) ခေတ်နှင့် မဃဒေဝလင်္ကာ**

ဤခေတ်(၄)ခေတ်နှင့် ပတ်သက်၍ မန်လည်ဆရာတော်ကြီးက မဟာသုတကာရီ မဃဒေဝလင်္ကာသစ် အပိုဒ် (၅၅၄)၌ အောက်ပါအတိုင်း စပ်ဆိုတော်မူသည်ကိုလည်း မှတ်သားရပါသည်။

၁။ လေးတန်ယုဂ၊ ထိုလောက်မျှတွင်၊ ကတနှစ်တွင်း၊ လူခပင်းတို့၊ မကြွင်းဥဿုံ၊ လုံးစုံသမ္မာ၊ မှန်သစ္စာ၏။ (ကတယုဂ်)။
၂။ တြေတြာတုံ၊ လေးပုံပုံငြား၊ သုံးပုံအားဖြင့်၊ တရားတည်ကြ၊ တပုံပ၏။ (တြေတြာယုဂ်)။
၃။ ဒွါပရစက်၊ ထိုယုဂ်သက်၌၊ တစ်ဝက်ကောင်းဆိုး၊ နှစ်မျိုးညီဘိ။ (ဒွါပရာယုဂ်)၊
၄။ ယုဂ်ကလိကား၊ အသိအယူ၊ အမူကောင်းစွာ၊ သတ္တဝါ၊ နည်းလှ၊ တဘို့မျှဖြင့်၊ သုံးဆချွတ်ယွင်း၊ တရားကင်း၏။ (ကလိယုဂ်)။
ယင်းကလိယုဂ်၊ သမုတ်လူ့ဘောင်၊ နှစ်ယခေါင်တွင်၊ နှစ်ထောင်ကျော်ထ၊ ငါးရာ့ခုနစ်ဆယ်၊ ပြည့်ကယ်တုံလျက်၊ ဆန်းလွန်တက်မူ၊ ရာသက်ကာလ၊ ယာယနဒ္ဒ၊ သကျသီဟ၊ ဂေါတမဟု၊ လောကထွတ်ထား၊ မြတ်ဘုရားလျှင် ထင်ရှားလူ့ရွာ၊ ဖြစ်ပွင့်လာ၍ -
ဟု စပ်ဆိုတော်မူ၏။

**၈။ (၁၂) မှုမင်းတိုင်းဟူသည်**

၁။ တမာစေး၊
၂။ လျှော်၊
၃။ အုံတုံ၊
၄။ ဥသျှစ်၊
၅။ တင်လဲ၊
၆။ မုရိုးမီးသွေး၊
၇။ စာရေးရန်ထန်းဖူး၊
၈။ မန်ကျည်းမှည့်၊
၉။ ရေနံ၊
၁၀။ အင်တွဲ၊
၁၁။ လဲဝါ၊
၁၂။ ကွဲကော်တို့ကို ဆက်သရသည်။

မြန်မာနှစ် ၉၆၁ တွင် နန်းတက်သော ညောင်ရမ်းမင်းလက်ထက်တွင် လက်နက်ကိုင်အမှုထမ်းတို့က အသည်တို့သည်လည်း သင့်ရာအမှုတော်ကိုထမ်းရွက်သင့်ကြောင်း လျှောက်ထားကြသဖြင့် မင်းတရားကြီးက အသည်တို့ကို (၁၂) မှုမင်းတိုင်းကို ထမ်းရွက်စေအမိန့်ထုတ်ပြန်ခဲ့ကြောင်း ရွှေနန်းသုံးအဘိဓာန်၌ ဖော်ပြထားသည်။ ဤ (၁၂) မှုမင်းတိုင်းကို ကင်းဝန်မင်းကြီးက လင်္ကာရေးထား၏။

□ တမာစေး[၁]၊ လျှော်[၂]၊ ကော်[၃]၊ အုံတုံ[၄]လဲ[၅]၊ တင်လဲ[၆]၊ ဥသျှစ်[၇]၊ မုရိုး



www.burmeseclassic.com

www.burmeseclassic.com

စစ်မီးသွေး[၈]၊ ရေးရန် ထန်းဖူးစည်း[၉]၊ မန်ကျည်းမှည့်တစ်ထွေ[၁၀]၊ ရေနံ[၁၁]၊ ပွဲလျက်[၁၂]၊ ဆယ်နှစ်ချက်ကို၊ သန်လျက်ခုံကမ်း၊ ညောင်ရမ်းမင်းကြား၊ ပြဋ္ဌာန်းထား၏။ တခြားထိုမှ၊ နော ဋ္ဌယုယု၊ သုံးခုတွင်ဘက်၊ တံမြက်လွန်ဆန်၊ ဖန်ခါးမှန်ဟုကွဲပြန်သော်လည်း၊ ရှေးနည်းသာခိုင်၊ အသည်ဆိုင်ရှင့် -

ဟု တွေ့ရသည်။

[၁၃ - ၂ - ၂၀၀၀ နေ့ထုတ် ရတနာပုံသတင်းစာအချပ်ပို (က) ဆောင်းပါးအမှတ် (၁၀၄) နတ်မောက်ထွန်းရှိန်ဆောင်းပါး]

**၉။ နဝရတ် (၉) ပါး**

နဝရတ်ကိုးပါး ဟူသည် ကျောက်မျက်ကိုးပါးကို ခေါ်သည်။ ဤနေရာ၌ နဝရတ်ကား ပညာရှိကြီး (၉) ဦးကိုလည်း ခေါ်သေးကြောင်း တွေ့ရသည်။ ယင်းပညာရှိကြီး (၉) ဦးကိုကား လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) ကျော်ခန့်က ပေါ်ပေါက်ခဲ့သည့် ဘုန်းပညာအာဏာတန်ခိုးကြီးသော ကြဝိက္ကာဒါတ်မည်သော မင်းလက်ထက်၌ ပေါ်ပေါက်ခဲ့သည့် ပညာရှိကြီး(၉)ဦးပင်ဖြစ်ပါသည်။

ယင်းတို့ကား -

၁။ ဓန္ဓန္တရီ၊
၂။ ချပဏကာ၊
၃။ အမရသီဟ၊
၄။ သင်္ကု၊
၅။ ဝေတာလဘဋ္ဋ၊
၆။ ယဋ္ဋကပ္ပရ၊
၇။ ကာလီဒါသ၊
၈။ ဝရဟာမိဟိရ၊
၉။ ဝရရုစိ ဟူသော ပညာရှိကြီး(၉)ဦး ပင်တည်း။

**၁၀။ ကာမဏ္ဍကီကျမ်းလာနဝရတ် (၉)ပါး**

၁။ ပြည်၏ ဦးခေါင်း/ဦးကင်း-မှူးကြီး၊ မတ်ကြီး၊ သေနာပတိ။
၂။ ပြည်၏တံခွန် - ရဟန်းသူတော်သူမြတ်များ။
၃။ ပြည်၏မျက်စိ- ဗေဒင်သမားဟူးရားများ။
၄။ ပြည်၏နား - သူလျှိုများ၊
၅။ ပြည်၏အစွယ် - မင်းညီမင်းသား၊ မင်းဆွေမျိုးများ။
၆။ ပြည်၏မျက်နှာ - မိန်းမပျိုများ။
၇။ ပြည်၏ဝမ်း - သူဌေးသူကြွယ်၊ ကုန်သည်များ။
၈။ ပြည်၏ခြေ - စစ်သည်သူရဲများ။
၉။ ပြည်၏လက်-လက်နက်ခဲယမ်းများ။

ဤနဝရတ်ပုဂ္ဂိုလ်ကြီးများကို ရာဇဝံသပျို့၌ အောက်ပါအတိုင်း စပ်ဆိုထားသည်ကိုလည်း မှတ်သားရပါသည်။

❑ နဝရတ်ကိုးသွယ်၊ ဆင်စလွယ်ကား- တိုင်းကျယ်ပြည်ရေး၊ မှုရှုပ်ထွေးကို၊ ဆွေးနွေးတိုင်ပင်၊ ပြီးကုန်တွင်သည်၊ ရောက်ဝင်ထံနီး၊ မှူးမတ်ကြီးတို့၊ ရွှေထီးရွှေပြည်၊ ဦးကင်းမည်၏။ စင်ကြယ်သီလ၊ အာစရနှင့် ဓမ္မပွင့်လန်း၊ ထေရ်ရဟန်းကား၊ ရွှေနန်းဆောက်တည်၊ တံခွန်မည်၏။ တိုရှည်နီးဝေး၊ မှုခွင့်ရေးကို၊ ထောက်တွေးစာနာ၊ လိမ္မာမြော်မြင်၊ ဗေဒင်ဟူးရားသမားကောင်းသည်၊ မျက်စိမည်၏[၃]။ တစ်ပြည်တစ်မြို့၊ ထိုရပ်သို့လျှင်၊ ဝိုက်ကြို့ချောင်းချောင်း၊ သူလျှိုကောင်းကား၊ ကျိုးကြောင်းဖွေနည်း၊ ပြည့်နားမည်၏[၄]။ ပတ်လည်လှည့်ပတ်၊ ရန်ညွန့်ဖြတ်သည့်၊ မင်းမှတ်မင်းသား၊ မင်းညီများနှင့်၊ ဆွေဝါးမျိုးမည်၊ ပြည့်စွယ်မည်၏[၅]။ ရွှေရည်စံသီး၊ ရှုမငြီးသား၊ သမီးလုလင်၊ ဆင်းလှပြင်တို့၊ ပြည်တွင်စံတည်၊ မျက်နှာမည်၏[၆]၊ ဖြိုးစည်မြင့်အေး၊ ကြွယ်သူဌေးတို့၊ စာရေးဝတ်ရာ၊ ပြည့်စုံစွာ၍ ရင့်မာခိုင်ကြည်၊ ပြည့်ဝမ်းမည်၏[၇]။ ဇာနည်ရဲစွမ်း၊ မှုတော်ထမ်းသား၊ ကြိုးပမ်းအားထုတ်၊ သူရဲစုကား၊ မြဲမှုဆောက်တည်၊ ပြည်ခြေမည်၏[၈]။ နှစ်မည်နှိုင်းချက်၊ သိကြားစက်သို့၊ လက်နက်တန်ဆာ၊ ကိရိယာကား၊ မှီရာလှမ်းသည်၊ ပြည့်လက်မည်၏[၉]။ မည်သည့်ဤယင်း၊ မျက်ကိုးထွင်းတွင်၊ ဦးကင်းမလွန်[၁]၊ တံခွန်မညိ[၂]၊ မျက်စိမဖောက်[၃]၊ နားဖောက်မပယ်[၄]၊ အစွယ်မခွာ[၅]၊ မျက်နှာမလွှမ်း[၆]၊ ရင်ဝမ်းမမွေ[၇]၊ အခြေမပျက်[၈]၊ အလက်မဖြတ်[၉]၊ ကျင့်နိုင်တတ်မှ၊ နဝရတ်ကိုးဖြာ၊ ဆင်စရာသည်၊ အောင်ချာပြည်မံ၊ မှုထမ်းတည်း။'

[ရာဇဝံသပျို့]

ထို့အတူပင် ဤနဝရတ်ကိုးပါးကို မဟာသုတကာရီ မဃဒေဝလင်္ကာသစ်အပိုဒ် (၁၈၀) ၌လည်း မန်လည်ဆရာတော်ဘုရားကြီးက အောက်ပါအတိုင်း စပ်ဆိုတော်မူသည်ကို တစ်မျိုးမှတ်သားရပါသည်။

❑ *နန်းထီးသခင်၊ ပြည်ကြီးရှင်တို့၊ ဝတ်ဆင်အပ်ရာ၊ မြတ်တန်ဆာဟု၊ ရတနာမည်မှတ်၊ နဝရတ်ကိုးသွယ် ဆင်စလွယ်သည် ကြီးငယ်ပြည်ရေး၊ မြော်တွေးနိုင်စွာ၊ သိလိမ္မာသည့်၊ သေနာပတိ၊ မတ်ဘုန်းရှိကား၊ ပြည်၏ဦးကင်း[၁]၊ သီတင်းကျင့်မွန်[၂]၊ ဂုဏဝန်နှင့်၊ သီလဝန်မည်၊ မဟာထေရ်ကား၊ တိုင်းပြည်တံခွန်[၂]၊ ဝေဒလ်ပိဋကတ်၊ တတ်မှတ်ကျော်ထိတ်၊ ပရောဟိတ်ကား၊ အတိတ်၊ နာဂတ်၊ ဆုံးဖြတ်မြင်သိ၊ ပြည့်မျက်စိတည့်[၃]၊ ထိုပြီးတခြား၊ တိုင်းတစ်ပါးသို့၊ ရောက်သွားဝင်ထွက်၊ လျှို့ဝှက်ထဲသံ၊ သူ့အကြံကို နာခံထိုထို၊ ကြားကြောင်းဆိုသည့်၊ သူလျှိုယောက်ျား၊ သူကောင်းသားကား၊ ပြည့်နားမည်၏[၄]၊ ဇာတိမန္တ၊ ရဲသူရနှင့်၊ ဝံသမဟာ၊ ဂုဏ်ဝါသိဂ္ဂီ၊ ရွှေစံမီသို့၊ မင်းညီမင်းသား၊ ဆွေတော်များမူ၊ ပြည့်သွား၊ ပြည်စွယ်[၅]၊ တင့်တယ်ရောင်ညီ၊ ရှုမငြီး သား၊ သမီးကညာ၊ ရတနာကား၊ ကြော်ငြာသတင်း၊ တပြည်ချင်းအောင်၊ ကျော်ခြင်းထွန်းစည့်၊ ဝင်းထိန်မှည့်သား၊ ရွှေပြည့်မျက်နှာ[၆]၊ မဟာဂဟပတိ၊ သေဋ္ဌိရတနာ ဥစ္စာပေါယယ်၊ ဌေးသူကြွယ်ကို၊ ပြည်ဝမ်းဆိုရှင့်[၇]၊ ရဲဗိုလ်မှုထမ်း၊ ရဲစွမ်းသတ္တိ၊ အထူးရှိသား၊ ဟတ္ထိ-အဿ၊ ထိုမျှတထွေ၊ ပြည့်ခြေခေါ်ရိုး၊ လက်နက်မျိုးမှာ၊ ပြည်ရွာ၏လက်၊ စဉ်မပျက်ဖြင့်၊ ပြိုးပြက်နဝရတ်၊ ကိုးချက်မှတ်သား၊ မွန်မြတ်ဥစ္စာ၊ ရတနာတည့်၊ သေချာမှတ်သွင်း၊ ပြည့်ဦးကင်းကို၊ သားမင်းမနှိမ်[၁]၊ ဂုဏ်သိမ်မြင့်လွန်း၊ ပြည့်တံခွန်ကို၊ သားမွှန်မချ[၂]၊ နေ့ညမြင်သိ၊ ပြည့်မျက်စိကို၊ မထိမပါး[၃]၊ ပြည်နားမပယ်[၄]၊ ပြည်စွယ်မချိုး[၅]၊ မညှိုးမျက်နှာ[၆]၊ မနာပြည့်ဝမ်း[၇]၊ သန်စွမ်းခြေလက်[၈][၉]၊ ပယ်မဖျက်ဘဲ၊ အမျက်ကိုးကွင်း၊ ဆင်နိုင်လျှင်း၍၊ ထွန်းဝင်းဂုဏ်ရောင်၊ တပြောင်ပြောင်သည် မိုးခေါင်ထိုးဖောက်စေဘိလော့*'

**၁၁။ အက္ခရာတို့၏ကောင်းကျိုးဆိုးပြစ်**

❑ *အက္ခရာပျက်၊ ယွင်းသွေကွက်၊*
*အနက်ချွတ်တိမ်းရာ၊*
*အနက်မဖြောင့်၊ နည်းယူမှောင့်၊*
*ယွင်းဖောက်ကျင့်မူရာ၊*
*အကျင့်ပေါက်ပြ၊ နိဗ္ဗာန်လွဲ၊*
*ငရဲလားဖို့သာ။*
*အက္ခရာမှန်၊ ယင်းအပြန်၊*
*နိဗ္ဗာန်မလွဲရာ။ ။*

[မဓုသာရတ္ထ-သတ်ပုံကျမ်း]

ဉာဏ်လင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ကျောက်ပန်းတောင်းမြို့သို့ ဆောက်လုပ်ရေးလုပ်ငန်းတာဝန်ဖြင့် ရောက်ရှိနေပါသည်။ အဆောက်အအုံဆောက်ရာတွင် အုတ်က အရေးကြီးသည်။ အုတ်ကို ငွေးချိုရွာနားမှရရှိပါသည်။ အတိအကျဆိုရပါမူ ဇီးပွားရွာမှ အုတ်ကိုမှာယူ၍ ဆောက်လုပ်ရ၏။ ဇီးပွားရွာမှ ကိုဝင်းနိုင်နှင့် ခင်မင်ရင်းနှီးခဲ့ရသည်။ ကျွန်ုပ်မှာဘာသာရေးလိုက်စားသူဖြစ်၍ ကျွန်ုပ်အား များစွာကြည်ညိုလေးစားပါသည်။ မိမိတို့ရွာတွင် တန်ခိုးကြီးဘုရားတစ်ဆူရှိကြောင်း ဘုရားဖူးလိုက်ခဲ့ပါရန် အမြဲမပြတ် ဖိတ်ခေါ်လေသည်။ ကျွန်ုပ်လည်းဘုရားဖူးလိုက်ခဲ့မည်ဟု ကတိပေးပြီး ဇီးပွားသို့အရောက်သွားခဲ့ပါသည်။

ကျောက်ပန်းတောင်းမှ ရေနံချောင်း၊ ချောက်သို့သွားရာလမ်းဆုံ ငွေးချိုသို့ (၈) မိုင် ကွာဝေးပါသည်။ ငွေးချိုသည် လမ်းဆုံရွာလေး ဖြစ်သည်။ ညာဘက်သို့သွားပါက ချောက်သို့ (၁၇) မိုင်ဝေး၏။ ဘယ်ဘက်သို့သွားပါက ရေနံချောင်းသို့ (၂၇) မိုင်ဝေး၏။ ဇီးပွားရွာမှာ ငွေးချိုရွာမှ ရေနံချောင်းဘက်သို့ (၁) ဖာလုံခန့်အကွာ ဘယ်ဘက်သို့ချိုးကွေ့ဝင်ရသော မြေလမ်းခွဲသို့ရောက်ပါသည်။ ဇီးပွားရွာမုခ်ဦးရှိပါသည်။ ထိုမုခ်ဦးမှ မြေလမ်းအတိုင်းသွားပါက (၁) မိုင်အကွာတွင် ဇီးပွားရွာသို့ရောက်ပါသည်။

ကျွန်ုပ်လည်း တန်ခိုးကြီးဘုရားကိုဖူးချင်တာကြာပါပြီ။ ကျွန်တော့်တပည့် လွင်ညီဦးသည် အိမ်ထောင်ကျပြီး သားသမီးမထွန်းကားပါ။ ကလေးလိုချင်တာ အရှုးတစ်ပိုင်းဖြစ်နေသည်။ ခေတ်မီဆေးရုံသို့ လင်မယားနှစ်ယောက်သွားပြီး ဆေးစစ်ကြသည်။ ကလေးရနိုင်ကြောင်း၊ မည်သူ၏ချို့ယွင်းချက်မှုမရှိကြောင်းသိရ၏။ ဆေးထိုး၊ ဆေးစားပြီး ကြိုးစားသော်လည်း အချည်းနှီးသာဖြစ်ခဲ့၏။ ယခုတော့ သားတစ်ယောက်၊ သမီးတစ်ယောက်ရ၍ ပျော်ရွှင်မဆုံးတပြုံးပြုံးဖြစ်နေကြလေပြီ။ မေးကြည့်သောအခါ ဇီးပွားရွာမှ ဆုတောင်းပြည့်ဘုရားထံ သားဆုပန်ခဲ့၍ သားသမီးထွန်းကားခဲ့ကြောင်း သိရလေသည်။ ထိုဆုတောင်းပြည့်ဘုရားသည် သားဆုပန်ဘုရားဟူ၍လည်းကောင်း၊ မိုးကောင်းဘုရား ဟူ၍လည်းကောင်း ထင်ရှားကျော်ကြားလေတော့သည်။

ကျွန်ုပ်သည် ဇီးပွားသို့ရောက်သောအခါ ကိုဝင်းနိုင်အိမ်ကို မေးပြီးကားဖြင့်ဝင်သွားပါသည်။ ကိုဝင်းနိုင်တို့ ဇနီးမောင်နှံမှ လှိုက်လှိုက်လှဲလှဲကြိုဆိုပြီး ရွာထုံးစံ ရေနွေးကြမ်း၊ ထန်းလျက်တို့ဖြင့် ဧည့်ခံပါသည်။ ခဏနားပြီးဘုရားဖူးရန် ကျောင်းသို့ ဆက်လက် ထွက်ခွာလာပါသည်။ ကိုဝင်းနိုင်နှင့် သူ့တပည့်တစ်ဦး ကျောင်းသို့ လိုက်ပို့ပါသည်။ ဆရာတော်မှာ ရွာထဲကြွသွားသဖြင့် ဘုရားမဖူးရသေးပါ။ ဘုရားမှာ ဆရာတော်၏



# ရှင်ပင်မဟာအကျိုးလာသောခါ
# နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရား

အဏ္ဏဝါလှိုင်း





www.burmeseclassic.com

www.burmeseclassic.com

ကျောင်းထဲတွင် သီတင်းသုံးပါသည်။ ဆရာတော်မရှိလျှင် သော့ခတ်၍ထားသဖြင့် မဖူးရပါ။ ဆရာတော်အားစောင့်ရင်း တောင်ပေါ်သို့တက်၍ ဘုရားစေတီကို ဖူးမြော်ခဲ့ပါသည်။ တောင်မှာ ပေ (၃၀၀) ခန့်မြင့်မည်ဟု ထင်ပါသည်။ ပြေပြစ်သော လှေကားထစ်များဖြင့် တဖြည်းဖြည်းတက်ခဲ့ရာ မောရပန်းရမှန်းမသိ တောင်ထိပ်သို့ရောက်သွားလေသည်။ တောင်ထိပ်တွင်လည်း ရင်ပြင်တော်မှာ အတော်ကျဉ်းသည်။ ရင်ပြင်ပတ်လည် အုတ်တံတိုင်းခတ်ထားပြီး အဝင်၊ အထွက်တံခါးကို သော့ခတ်ထားလေသည်။ ကျောင်းမှ ကပ္ပိယကြီးပေးလိုက်သောသော့ဖြင့်ဖွင့်ပြီး ဘုရားကုန်းထိပ်ရင်ပြင်ပေါ်သို့ရောက်ရှိခဲ့၏။ အာရုံခံတန်ဆောင်းများပတ်လည်ဆောက်လုပ်ထားပြီး အလယ်တွင် (၉) တောင်ပြည့်စေတီ (၂) ဆူ တည်ထားပါသည်။

၁။ ရှင်ပင်လာဘမုနိစေတီတော်
၂။ ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်စေတီတော်တို့ဖြစ်သည်။

ရှင်ပင်လာဘမုနိစေတီတော်မှာ ထီးတော်အသစ် ပြန်တင်ထားတာကို တွေ့ရ၏။ ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်စေတီမှာ အင်္ဂတေများကွာပြီး ထီးတော်မှာ ဟောင်းနွမ်းနေသည်။ စေတီတွင် မုခ်ဦးတစ်ခုရှိပြီး သံတံခါးနှစ်ထပ်ကာရံထားကာ သော့ခတ်ထား၏။ မုခ်ဦးထဲတွင် ဘုရားတစ်ဆူ ရှိလေသည်။

"ကိုဝင်းနိုင်၊ ဆုတောင်းပြည့်ဘုရား



www.burmeseclassic.com

ဆိုတာ ဒီဘုရားလား"

"စေတီကတော့ ဟုတ်တယ်။ ဘုရားကတော့ တောင်ခြေကကျောင်းမှာ သီတင်းသုံးတယ်"

"ဒါဖြင့် ဒီထဲကဘုရားကကော"

"ဒါအစားထိုးထည့်ထားတာ။ လူတွေ ကိုးကွယ်လို့ရအောင်လို့"

"ဘာလို့သော့တွေအထပ်ထပ်ခတ်ထားရတာလဲ။ ကျွန်တော်တော့သိပ်နားမလည်ဘူး"

"သော့ခတ်ထားရတာက လုံခြုံမှုမရှိလို့ သော့ခတ်ထားရတာ"

"ဘုရားကိုခိုးမှာစိုးလို့လား"

"ဟုတ်တယ်၊ အခိုးခံရတာ(၃)ကြိမ်ရှိပြီ"

"ဩော် - ဒါကြောင့်ကိုး"

ကျွန်ုပ်သည် ရှင်ပင်မဟာဒက္ခိဏာသာခါ နန်းဦးဆုတောင်းပြည့် မြတ်စွာဘုရားအား အမွှေးတိုင်၊ အလင်းတိုင်များ စေတီပတ်လည်အပြည့်ထွန်းညှိပူဇော်ပါသည်။ ဘုရားကို ငါးပါးသီလခံယူပြီး ပဋ္ဌာန်း-၂၄ပစ္စည်း အကျယ်နိဒ္ဒေသကို ပူဇော်ပါသည်။ အမျှဝေပြီး မေတ္တာပို့ပါသည်။ ပြီးမှ လိုရာဆုတောင်းပြီး စိတ်ရွှင်လန်းစွာ တောင်ပေါ်မှ ပြန်ဆင်းလာခဲ့ကြပါသည်။ အဆင်းမှာ တစ်လမ်းဖြစ်သည်။ အဆင်းတစ်လမ်း၊ အတက်တစ်လမ်းကို အမိုးများ၊ စောင်းတန်းများဖြင့် ဆောက်လုပ်ထားပါသည်။တောင်အောက်သို့ရောက်သောအခါ ဆရာတော် ရွာထဲမှပြန်ရောက်နေပြီဖြစ်၍ ကျောင်းပေါ်သို့ တက်ရောက်ခဲ့ကြပါသည်။ ဆရာတော်ကိုဝတ်ချပြီး လှူဖွယ်ဝတ္ထုများကိုလှူဒါန်းခဲ့ပါသည်။

"ဆရာတော်၊ တပည့်တော်က မိတ္ထီလာကပါဘုရား။ စာရေးဆရာ အဏ္ဏဝါလှိုင်းပါဘုရား"


"အေး၊ အေး - ကောင်းပါပြီ။ ဘုရားလာဖူးတာလား"

"ဒီဇီးပွားကကိုဝင်းနိုင်က ဘုရားဖူးဖိတ်လို့ရောက်လာတာပါ ဘုရား"

"ဘုရားကကျောင်းပေါ်မှာသီတင်းသုံးတယ်။ တက်ပြီးဖူးကြပါဦး"

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့သည် ကျောင်းပေါ်သို့ တက်ပြီး ဒက္ခိဏာသာခါဘုရားအား ဖူးမြော်ကန်တော့ကြ၏။ ဘုရားမှာ ဉာဏ်တော် တစ်တောင်နှစ်မိုက်ရှိ၏။ ပြုံးတော်မူပြီး အလွန်ကြည်ညိုဖွယ်ကောင်း၏။ ဘုရားဂုဏ်တော်ကို အာရုံပြု၍ သက်ရှိထင်ရှား သဗ္ဗညုမြတ်စွာဘုရားအား ဖူးမြော်ရသလို အားရပါးရ ဖူးမြော်ကန်တော့ပါ၏။ ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ်တော်(၉)ပါးကို ပုတီးစိပ်၏။ အမျှဝေ၊ မေတ္တာပို့ပြီး မိမိအလိုချင်ဆုံးဆုတစ်ဆုကို တောင်းခံခဲ့ပါသည်။ ဤတောင်းခံသောဆုပြည့်ပါက ကျောင်းသို့ နောက်တစ်ခေါက် ပြန်လာဦးမည်ဟု အာရုံပြု၍ ကျောင်းအောက်သို့ ဆင်းလာခဲ့ကြ၏။ ဘုရား၏ရှေ့ဘာ[illegible]သပိတ်



ဧွးချိုတောင်ထိပ်ရှိ စေတီတော် (၂) ဆူ




ဇီးပွားရွာကျောင်းဆရာတော် ဦးတေဇောသာရ



ဘုရားသီတင်းသုံးရာတောင်ပေါ်သို့တက်သော စောင်းတန်း

www.burmeseclassic.com



ရှင်ပင်မဟာဒကျိ ဏသာခါ နန်းဦးဆုတောင်းပြည့်ဘုရား

ထဲတွင် အပ်ချည်လုံးများအပြည့်ရှိနေကြောင်း သတိပြုမိပါသည်။ ဆရာတော်မှ ညွှန်ခဲ့သော စားဖွယ်များ၊ လက်ဖက်ရည်ချိုများကို သုံးဆောင်မိုဝဲပြီး ဆရာတော်အား သိလိုသမျှ မေးမြန်းလျှောက်ထားပါသည်။

"ဆရာတော်ဘွဲ့က ဘယ်လိုခေါ်ပါသလဲ ဘုရား"

"ဦးတေဇောသာရပါ"

"ဒီဘုရားကြီးကို ဆရာတော်အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့တာပေါ့ ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ ပုဂံခေတ်အလောင်းစည်သူမင်းတည်ခဲ့တဲ့ဘုရားပဲ၊ ပုဂံခေတ်က ဆရာတော်တွေရဲ့ဘွဲ့ကိုရှေ့က 'ခင်ကြီး' လို့ တပ်ခေါ်ရတယ်။ ခင်ကြီး (၉) ဆက်တိတိ ထိန်းသိမ်းခဲ့တယ်"

"ခင်ကြီး (၉) ဆက်ပြီးတော့ကော ဘုရား"

"ခင်ကြီး (၉) ဆက်ပြီး ဦးတပ်ခေါ်တဲ့ ဆရာတော်သံဃာတော် (၄) ဆက်က ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြတယ်"

"တင်ပါ့ ဘုရား၊ အမိန့်ရှိပါဦး ဘုရား"

"သံဃာတော် (၁၂) ဆက်မြောက် ဆရာတော်ကတော့ ဦးကဝိန္ဒဖြစ်တယ်"

"ဦးကဝိန္ဒက ဘယ်ခုနှစ်လောက်မြောက် ထိန်းသိမ်းစောင့်ရှောက်ပါသလဲ ဘုရား"

"ဦးကဝိန္ဒဆရာတော်က ဦးပဥ္စင်းရဲ့ ဥပဇ္ဈာယ်ဆရာတော် ဖြစ်တယ်။ ၁၂၉၁ ခုနှစ်မှ ၁၃၄၇ ခုနှစ်အထိ စောင့်ရှောက်ခဲ့တယ်။ ၁၃၄၇ ခုနှစ်ကယနေ့ထိ ဦးပဥ္စင်းပဲ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်"

"အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြတဲ့ ဆရာတော်သံဃာတော်တို့ကို တပည့်တော် ကြည်ညို လေးစားမိပါတယ် ဘုရား။ သာသနာအတွက် များစွာဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ် ဘုရား။ ဒီငွေးချိုဘုရားက နာမည်ကြီးကျော်ကြားနေတာကြာပြီဘုရား။ ဘုရားက ဘယ်လိုဆုတောင်းပြည့်တာလဲဆိုတာ အမိန့်ရှိပါဦး ဘုရား"

"ဘုရားဘွဲ့က ရှင်ပင်မဟာဒကျိဏသာခါနန်းဦးဆုတောင်းပြည့်ဘုရားလို့ခေါ်တယ်"

"နောက် ဘုရားရဲ့ဘုန်းတန်ခိုးကြောင့် သားဆုပန်ဘုရား၊ မိုးကောင်းဘုရားလို့ အမည်နာမထင်ရှားတယ်"

"ဆုတောင်းပြည့်တာနဲ့ ပတ်သက်လို့ မိုးကောင်းဘုရား၊ သားဆုပန်ဘုရားလို့အမည်သစ်ထပ်ရလာတာပေါ့ဘုရား"

"ဟုတ်တယ် ဒကာကြီး"

□ မိုးကောင်းဘုရားဖြစ်ပေါ်လာပုံ

"မိုးကောင်းဘုရားလို့ ဘာလို့ကျော်စောပြီးထင်ရှားလာတာလဲ သိပါရစေဘုရား"

"မိုးကောင်းဘုရားလို့ ထင်ရှားလာတာက ကောဇာနှစ် ၁၃၂၇ ခုနှစ်ကဖြစ်မယ်။ မြန်မာပြည်အနှံ့ မိုးခေါင်ပြီး လူတွေ အတော်ဒုက္ခရောက်ကြတယ်။ အထူးသဖြင့် ပုပ္ပားမှာသစ်ပင်တွေခြောက်ပြီး ရေထွက်တွေခန်းခြောက်ကုန်တယ်။ ပုပ္ပားရေကို ပုပ္ပားတင်မက ကျောက်ပန်းတောင်းမြို့ကပါ မှီခိုအားထားနေရတာ"

"တင်ပါ့ဘုရား"

"ကျောက်ပန်းတောင်းမြို့က လူကြီးတွေ၊ မြို့မိမြို့ဖတွေစုဝေးတိုင်ပင်ကြတယ်။ မိုးရွာအောင်လွှန်ဆွဲပွဲတွေလုပ်ကြတယ်။ ငါးရံ့မင်းပရိတ်တွေရွတ်ကြတယ်။ ဒါပေမယ့် မိုးမရွာဘူး။ ဒါနဲ့ သိတဲ့လူကြီးတစ်ယောက်က ငွေးချိုတောင်ပေါ်မှာ သိကြားမင်းဆက်သတဲ့ဆုတောင်းပြည့်ဘုရားရှိတယ်။ ဘုရားပင့်ပြီး ဘုရားပူဇော်ပွဲလုပ်ကြရင်ကောင်းမယ်လို့ အကြံပေးတယ်"

"လာပင့်ကြသလားဘုရား"

"ဦးပဥ္စင်းဦးကဝိန္ဒလက်ထက်မှာ လာပင့်ကြတယ်။ ဆရာတော်ကလည်း သတ္တဝါတွေဒုက္ခရောက်နေကြတာသနားလို့ ခွင့်ပြုလိုက်တယ်။ ဘုရားကိုအနီးကပ်စောင့်ရှောက်ဖို့ ဦးပဥ္စင်းကို တာဝန်ပေးတယ်"

"ဆက်ပြီးအမိန့်ရှိပါဦးဘုရား"

"ကျောက်ပန်းတောင်း၊ ပုပ္ပားက လူတွေ ကားကြီးကားငယ်အသွယ်သွယ်နဲ့ တခမ်းတနား ဘုရားပင့်ကြတယ်။ ဘုရားကို သိကြားတွေ၊ နတ်ပွေ့ခြံရံပြီး ထီးဖြူတွေဖွင့်ပြီး မင်းခမ်းမင်းနားနဲ့ ဂီရိ



www.burmeseclassic.com

www.burmeseclassic.com

သေသေ ပင့်ဆောင်ကြတယ်။ 'တပည့်တော်တို့နယ်မှာ မိုးခေါင်လို့ သတ္တဝါတွေ ဒုက္ခရောက်နေပါတယ် ဘုရား။ မဟာကရုဏာရှင် မြတ်စွာဘုရား၊ တပည့်တော်တို့အပေါ် သနားငဲ့ညှာသောအားဖြင့် ဒေသစာရီ ကြွရောက် သီတင်းသုံးတော်မူပါဘုရား' လို့ ရိုရိုသေသေ လျှောက်တယ်။ဘုရားကို စည်တော်ယိမ်းအဖွဲ့၊ ခမ္မစကြာအဖွဲ့၊ ဒေဝါဝင်း၊ ရာဇာဝင်းတို့နဲ့ ပင့်ဆောင် ပူဇော်ကြတယ် ဒကာကြီး"

"ဘုရားပင့်တာကိုပဲ ကြည်ညိုဖွယ်ဖြစ်ပါတယ်ဘုရား"

"ဘုရားပင့်အဖွဲ့ ငွေချိုက ကျောက်ပန်းတောင်းကိုရောက်တယ်။ ကျောက်ပန်းတောင်းမှာ ခေတ္တခဏရပ်နားပြီးပူဇော်ခဲ့တယ်။ ကျောက်ပန်းတောင်းတစ်မြို့လုံးအုတ်အုတ်ကျက်ကျက် ပူဇော်ကန်တော့ကြတယ်။ ကျောက်ပန်းတောင်းက ပုပ္ပားကို ဆက်လက် ပင့်ဆောင်လာကြတယ်။ ဘုရားပင့်တာ (၃)ထပ်လမ်းလည်းရောက်ရော ရွာလိုက်တဲ့မိုး တအုန်းအုန်းနဲ့ ရေတွေဖွေးသွားတာပဲ"

"ဘုရားရဲ့တန်ခိုးတော်ကို အလွန်ကြည်ညိုမိပါတယ် ဘုရား"

"ပုပ္ပားမြို့ပေါ်ကိုရောက်လာတော့ အပူဇော်ခံမဏ္ဍပ်တွေအကုန် မိုးသက်လေပြင်းကျပြီး လေနောက်ပါသွားကြတယ်။ မိုးကလည်း အဆက်မပြတ်ရွာချနေတော့ ဘုရားပင့်အဖွဲ့၊ မြို့သူမြို့သားတွေလိုချင်သောဆန္ဒ၊ တောင့်တသောဆုက ချက်ချင်းပြည့်ကြလို့ ပျော်နေကြတာ။ မိုးရွာထဲ ကကြခုန်ကြနဲ့ ပျော်မဆုံးနိုင်ဘူး။ ဘုရားပူဇော်ဖို့ မဏ္ဍပ်မရှိတော့ ဘုန်းကြီးကျောင်းမှာပြောင်းပြီး ပူဇော်ကြရတယ်။ (၉) ရက်ပူဇော်ပြီး ငွေချိုကို ပြန်ပင့်လာခဲ့တယ်"

"ဘုရားက အတော်တန်ခိုးကြီးတာပဲ။ မိုးရွာတာနဲ့ တိုက်ဆိုင်တာလို့ရော ပြောလို့မရဘူးလား"

"တိုက်ဆိုင်တာလို့တော့ပြောလို့မရဘူး။ တစ်ကြိမ်ဆိုရင်တော့ တိုက်ဆိုင်တာလို့ ပြောလို့ရပေမယ့် နှစ်ကြိမ်ဆက်တိုက် ဆုတောင်းပြည့်တယ်ဆိုရင်တော့ ဒါ တိုက်ဆိုင်တာလို့ပြောလို့မရဘူး"

"မှန်ပါ့ဘုရား၊ သေချာအောင်မေးရခြင်းဖြစ်ပါတယ် ဘုရား။ ဘုရားတန်ခိုးတော်ကို မယုံကြည်လို့မဟုတ်ပါဘုရား။ နောက်တစ်ကြိမ် မိုးရွာပုံကိုလည်း ဆက်အမိန့်ရှိပါဦးဘုရား"

"နောက်တစ်ကြိမ်ပင့်တာက မကွေးကပင့်တာ။ ခုနှစ်ကတော့ မမှတ်မိတော့ဘူး။ မကွေးမြို့ဟာ မြန်မာပြည်ရဲ့ ဆီအိုးကြီးလို့ တင်စားရလောက်အောင် နှမ်းတွေ၊ မြေပဲတွေထွက်တယ်။ သဲပြင်ကြီးဟာ မြန်မာပြည်အလယ်ပိုင်းမှာ အကျယ်ပြန့်ဆုံးလွင်ပြင်ကြီးပဲ။ မြေပဲတို့၊ နှမ်းတို့ စိုက်ပျိုးဖို့ အကောင်းဆုံးမြေအမျိုးအစားပဲ။ သဲမြေဆိုတော့ မိုးများတာကြိုက်တယ်။ မိုးခေါင်ရင်တော့ အသေမြန်တယ်"

"တင်ပါ့ဘုရား"

"တစ်နှစ် မိုးလေဝသခေါင်လို့ မကွေးနယ်တစ်ခွင် နှမ်းတွေ၊ မြေပဲတွေ သေဖို့ကြုံလာတယ်။ တစ်ပတ်အတွင်း မိုးမရွာရင် အကုန်သေကုန်တော့မယ့် အခြေအနေဆိုက်ရောက်လာတယ်"

"ဆက်အမိန့်ရှိပါဦး ဘုရား"

"မကွေးမြို့ပေါ်က ကုန်သည်ကြီးများအသင်းက ဦးဆောင်ပြီး မြို့မိမြို့ဖတွေ၊ လူကြီးလူကောင်းတွေ စုဝေးတိုင်ပင်ကြတယ်။ အဓိကမိုးရွာရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြတယ်။ ပုပ္ပားမှာ ဒီဆုတောင်းပြည့်ဘုရားပင့်လို့ မိုးရွာတဲ့သတင်းကို ကြားသိကြရပြီ။ ဒါကြောင့် ဘုရားပင့်ဖို့ တိုင်ပင်ကြတယ်။ ဘုရားပင့်တာက ကုန်သည်ကြီးများအသင်းက ဦးဆောင်ပင့်မယ်။ အပူဇော်ခံဖို့မဏ္ဍပ်ကို မြို့မိမြို့ဖတို့က တာဝန်ယူကြတယ်။ နတ်မောက်နဲ့ ရေနံချောင်းလမ်းဆုံ ကံပြားမှာ အပူဇော်ခံမဏ္ဍပ်ထိုးပြီး (၉) ရက် ပူဇော်ခံမယ်။ မကွေးမြို့လယ်မှာ မဏ္ဍပ်ထိုးပြီး (၉) ရက်ပူဇော်ခံမယ်လို့ ညှိနှိုင်းတိုင်ပင်ကြတယ်"

"ဇာတ်ရှိန်မြင့်လာပြီ၊ ဆက်အမိန့်ရှိပါဦး ဘုရား"

"ဘုရားကို ကုန်သည်ကြီးများအသင်းက ခမ်းခမ်းနားနား ပင့်ဆောင်ပူဇော်ကြပါတယ်။ ဘုရားပင့်ကြတဲ့အဖွဲ့က ကား (၁၀) စီးရှိပါတယ်။ ခမ္မစကြာအဖွဲ့တွေကလည်း ရွှတ်ဖတ်ပူဇော်ကြပြီး တဖြည်းဖြည်းတရွေ့ရွေ့ပင့်ဆောင်သွားကြတာ ရေနံချောင်းမြို့ပေါ်မှာ ခေတ္တခဏ ရပ်နားပူဇော်ခံတယ်။ နောက် မကွေးကို ဆက်လက် ပင့်ဆောင်ကြတယ်။ ကြိုဆိုရေးမဏ္ဍပ်ကလူတွေကလည်း လှုပ်လှုပ်ရှားရှားနဲ့၊ လည်ပင်းတရှည်ရှည်နဲ့ ဘုရားကြီးကို စောင့်ဖူးနေကြတာပေါ့။ ရပ်နီး၊ ရပ်ဝေးမှ ရွာသူရွာသားတွေကလည်း မိုးမျှော်နေကြသူဖြစ်ကြလို့ ဘုရားကြီးပင့်ဆောင်ပူဇော်ရာမှာ အားတက်သရော လာရောက်ဖူးမြော်ကြတာပေါ့"

"တင်ပါ့ဘုရား"

"ဘုရားပင့်တဲ့အဖွဲ့ ကံပြားလည်း ရောက်ရော မိုးသက်လေပြင်းကျပြီး ရွာလိုက်တဲ့မိုး အုန်းအုန်းထနေတာပဲ။ လေပြင်းကျပြီး အပူဇော်ခံမဏ္ဍပ်ကြီးလည်း တစ်စစီပျက်စီးပြီးလေနောက်ပါသွားကုန်တယ်။ အဆက်မပြတ်ရွာတဲ့ မိုးရေတွေကြားမှာ လူတွေပျော်ကြရွှင်ကြတာပေါ့။ ဒါနဲ့ အပူဇော်ခံမဏ္ဍပ်မရှိတော့လို့ မကွေးမြို့လယ်က အပူဇော်ခံမဏ္ဍပ်ကို ဆက်လက် ပင့်ဆောင်ခဲ့ကြတယ်"

"မကွေးမြို့လယ်က မဏ္ဍပ်ကော ဘာဖြစ်သေးလဲ ဘုရား"

"ဘုရားလည်း မကွေးမြို့ထဲကို ရောက်ရော လေပြင်းကျ၊ မိုးတွေလည်း သဲသဲမဲမဲ ရွာချကုန်တယ်။ ဒီမြို့လယ်က မဏ္ဍပ်လည်း လေထဲပါသွားနေတယ်။ ဘုရားကို မြို့နယ်သံဃနာယကကျောင်းကိုပင့်ပြီး ပူဇော်ခံရတယ်။ တစ်မြို့လုံး တစ်နယ်လုံး ပျော်မဆုံးဖြစ်ကြတာ။ ဒီတော့မှ ဘုရားကို မိုးကောင်းဘုရားလို့ အမည်မှည့်ခေါ်ကြတယ်"

"ဘုရားရဲ့ တန်ခိုးတော်ကတော့ အံ့ဩလောက်တယ် ဘုရား။ မိုးကောင်းဘုရားလို့ အမည်ရတာလည်း ကိုက်ညီတော်မူပါတယ် ဘုရား။ ဒါနဲ့ ဘုရားရှေ့မှာ အပ်ချည်လုံးတွေက ဘာလုပ်တာလဲ ဘုရား။

## ▫ သားဆုပန်ဘုရားဖြစ်ပေါ်လာပုံ

"ဒကာကြီး၊ အဲဒါသားဆုပန်တာ"

"သားဆုပန်ဘုရားလို့ ဘွဲ့တော်ပေါ်လာတာလည်း အမိန့်ရှိပါဦးဘုရား"

"သားဆုပန်ဘုရားလို့ ထင်ရှားလာတာကတော့ သီပေါမင်းက စတာပဲ"

"အမိန့်ရှိပါဘုရား"

"ကောဇာနှစ် ၁၂၄၅ ခုနှစ်မှာ သီပေါမင်းတရားကြီးရဲ့ တောင်နန်းစံမိဖုရားခေါင်ကြီး သားရတနာမရလို့ စိတ်ညစ်နွမ်းတော်မူတယ်။ သီပေါမင်းကသိလို့ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား တန်ခိုးကြီး ဆုတောင်းပြည့်ဘုရားကို နန်းတော်ကို ပင့်ဆောင်ပူဇော်ရမယ်လို့ အမိန့်တော်ခွေတယ်။ ပညာရှိအမတ်များက နန်းစဉ်မှတ်တမ်း၊ စာပုရပိုက်များအရ စလေမြို့အပိုင် ငွေချို ဇီးပွားရွာ ငွေချိုတောင်ထိပ်တွင် အလောင်းစည်သူမင်းကြီးကို သိကြားမင်းဆက်သတဲ့ ဆုတောင်းပြည့်ဘုရားတစ်ဆူကြောင်း

www.burmeseclassic.com

သီလဖြူစင်ပြီး ယုံကြည်လေးနက်စွာ ဆုတောင်းပါက ဆုတောင်းပြည့်ကြောင်း လျှောက်ထားကြတယ်"

"တင်ပါ့ ဘုရား၊ ဆက်မိန့်ပါဦး ဘုရား"

"သီပေါမင်းကြီးက နန်းဦးဆရာတော်ကိုပင့်ပြီး ဘုရားပင့်ဆောင်ပေးဖို့ အကူအညီတောင်းခံလျှောက်ထားတယ်။ နန်းဦးဆရာတော် ဦးဆောင်ပြီး အတွင်းဝန်နဲ့ ဘုရားပင့်ဆောင်ရေးအဖွဲ့ဟာ ငလေမြို့အပိုင် ငွေးချိုကိုရောက်လာကြတယ်။ ဒီတုန်းက ဒီဘုရားကိုစောင့်ရှောက်တာက ခင်ကြီးဘူတာဆရာတော် ဖြစ်တယ်။ခင်ကြီးဘူတာထံဝင်ပြီး သီပေါမင်းတရားကြီးမှ ဘုရားပင့်ခိုင်းကြောင်း လျှောက်ထားကြတယ်။ ခင်ကြီးဘူတာကလည်း ခွင့်ပြုတော်မူပါတယ်"

"အမိန့်ရှိပါဦး ဘုရား"

"ဘုရားပင့်ဆောင်ရေးအဖွဲ့ ငွေးချိုတောင်ထိပ်ကိုတက်ပြီး ဆုတောင်းပြည့်ဘုရားကို ပင့်ကြရာမှာ ဘုရားကပင့်လို့မရဘူး"

"ဘယ့်လိုပင့်လို့မရတာလဲဘုရား"

"ဘုရားသီတင်းသုံးရာ လိုဏ်ဂူမုခ်ဦးက ဂူပေါက်ကို မဆံ့ဘူး။ ဘုရားက ကြီးထွားလာတယ်။ ဒါနဲ့ ဘုရားပင့်လို့ မရဘူးဆိုတော့ နန်းဦးဆရာတော်ကို လျှောက်တယ်။ ဆရာတော်က ဘုရင်ရဲ့ ပင့်တဲ့ စာချွန်တော်မပါလို့ ပင့်မရတာလို့ အမိန့်ရှိတယ်"

"တော်တော်ထူးတာပဲဘုရား"

"မြေမြန်တော်တွေ စေလွှတ်ပြီး သီပေါမင်းထံ လျှောက်ထားကြတယ်။ သီပေါမင်းရဲ့အမိန့်စာကိုယူလာကြတယ်။ ဒီအမိန့်ပင့်လျှောက်လွှာကို အတွင်းဝန်က ဖတ်ကြားလျှောက်ထားပါတယ်။ ဒီတော့မှ ဘုရားကိုပင့်လို့ရတာ"

"ဘုရင်ခေတ်က ဘုရားပင့်တာ ဘယ်လိုပင့်ဆောင်ပါသလဲ ဘုရား"

"ဘုရားပင့်တာက ဘုရားညအိပ်ရပ်နားမယ့် မြို့တွေ၊ ရွာတွေကို စခန်းထောက်အဖြစ် သတ်မှတ်ပြီး ပူဇော်ခံပွဲတွေလုပ်တယ်။ သဲဖြူခင်း၊ ရာဇမတ်ကာတယ်။ ငှက်ပျောပင်တွေစိုက်တယ်။ ဘုရားတစ်ညသီတင်းသုံးမယ့် ရွာမြို့စခန်းထောက်တွေမှာ ရုပ်သေးကပွဲတွေက လိုက်ကပြကြရတယ်။ လူတွေက ဘုရားလည်းဖူးရတယ်၊ ရုပ်သေးလည်းကြည့်ရတယ်"

"မှတ်သားစရာပဲ ဘုရား"

"ဘုရားကြီးကို နေပြည်တော်က ဘုရင့်အမိန့်နဲ့ လာပင့်တာဆိုတော့ ဘယ်သူမှမပြောရဲဘူးပေါ့။ ဒါပေမယ့် ဒီနားရွာနီးချုပ်စပ်ကလူတွေက ဘုရားကြီးကိုနှမြောနေကြတယ်။ မပေးချင်ကြဘူး။ ဘာမှမတတ်နိုင်လို့ လက်မှိုင်ချနေရတယ်။ ရင်ထဲမှာမကောင်းကြဘူးပေါ့"

"ဒီအနီးအနားက ရွာတွေရှိသေးလားဘုရား"

"ရှိတယ် ဒကာကြီး။ ငွေးချို၊ ဇီးပွား၊ ရှားပင်၊ မကျည်းဆောက်၊ ဘိုထွင်း၊ ပန်းပဲ၊ မင်းကဲ၊ ဆင်သတ်ကုန်း၊ ကန်နကြီး၊ မန်ကျည်းပင်စု၊ ဇီးချိုပင်၊ ဆားတောင်(အရှေ့)၊ဆားတောင်(အနောက်) စတဲ့ရွာတွေရှိကြတယ်။ ဘုရားကြီးကို တောင်ပေါ်ကပင့်လာပြီး တောင်ခြေ တစ်ညစခန်းချတယ်။ ညဘက်မှာ ဘုရားကို ပူဇော်ပွဲလုပ်တယ်။ ရုပ်သေးအဖွဲ့ကလည်း ညဘက်မှာ ကရတယ်။ ည (၁၀) နာရီထိုးတော့ ဘုရားကြီးက ရောင်ခြည်တော်ကွန့်မြူးတယ်။ ဘုရားရောင်ခြည်တော်ဟာ သီတင်းသုံးခဲ့တဲ့ ငွေးချိုတောင်ထိပ်ထိ ဆက်စပ်နေတယ်။ ငွေးချိုကနေ မြင်းခြံထိပင့်တယ်။ စခန်းထောက်မြို့ရွာတွေမှာ ညစဉ် (၁၀) နာရီဆိုရင် ဘုရားက ရောင်ခြည်တော် ကွန့်မြူးတာ ငွေးချိုတောင်ထိပ်အထိ ဆက်သွယ်နေတယ်။ ဒီတော့မှ ရွာသူရွာသားတွေရင်ထဲမှာအေးပြီး စိတ်ချမ်းသာမှုရကြတယ်"

"ဘာလို့လဲ ဘုရား"

"ဘုရားကြီးသာ ကြွသွားတာ။ တန်ခိုးတော်တွေ ဒီတောင်ပေါ်မှာကျန်နေတယ်လို့ ယူဆကြတယ်လေ။ ဘုရားကြီးရှိသကဲ့သို့ ပူဇော်လို့ရတာပေါ့"

"မှန်ပါ့ ဘုရား၊ ရှင်းပါပြီ ဘုရား"

"မြင်းခြံအထိပဲ ရောင်ခြည်တော် ကွန့်မြူးတယ်။ မြင်းခြံကျော်သွားတော့ ရောင်ခြည်တော်ကွန့်မြူးတာ ငွေးချိုတောင်အထိ ရောက်မလာတော့ဘူး။ အဆက်ပြတ်သွားတယ်။ ဒါနဲ့ မန္တလေး မင်းနေပြည်တော်ရောက်တယ်။ တောင်နန်းစံဒေဝီမိဖုရားခေါင်ကြီးက ဝမ်းသာအားရတော်မူတယ်။ ဘုရားကို သီလစင်ကြယ်အောင် စောင့်ထိန်းပြီး သားဆုပန်တယ်။ ဆုပန်တဲ့အတိုင်း သားရတနာဖွားမြင်တယ်"

"ဒါကြောင့် ဒီဘုရားကို သားဆုပန်ဘုရားလို့ အမည်တွင်လာတာကိုး"

"ဟုတ်တယ်၊ သီပေါမင်းကစပြီး သားဆုပန်တာပြည့်လို့ သားဆုပန်ဘုရားလို့ အမည်ပေးကြတာ ယခုထိ သားဆုပန်ကြဆဲပဲ"

"မန္တလေး မင်းနေပြည်တော်က ပင့်သွားတာ။ အခု ဇီးပွားရွာကို ဘယ်လို ပြန်ပင့်ကြတာလဲ ဘုရား"

"သီပေါမင်း ပါတော်မူသွားပြီး မန္တလေးနန်းတွင်းကို အင်္ဂလိပ်တွေအုပ်ချုပ်နေတယ်။ အစောင့်တွေက ကုလားတွေ"

"မှန်ပါ ဘုရား"

"ဒီဇီးပွားရွာ ရွှေချိုးတောင်မှာ ခင်ကြီးဘူတာဆရာတော်ကျောင်းထိုင်တယ်။ ဆရာတော်ကို အိပ်မက်ပေးတယ်"

"ဘယ်ခုနှစ်လောက်ကလဲဘုရား"

"ကောဇာနှစ် ၁၂၅၃ ခုနှစ်၊ တန်ခူးလလောက်ပဲ။ ဆရာတော်ကို အိပ်မက် (၃) ကြိမ် မြင်မက်တော်မူတယ်"

"ဘယ်လိုမြင်မက်တာလဲ ဘုရား"

"ဆုတောင်းပြည့်မြတ်စွာဘုရားက ရွှေနန်းတော်မှာမပျော်ဘူး။ ရွှေနန်းတော်မှာ သီတင်းမသုံးလိုဘူး။ ဇီးပွားရွာ ရွှေကျိုးတောင်ထိပ်ဘုရားလိုဏ်ဂူထဲမှာပဲ သီတင်းသုံးလိုတယ်လို့ မြင်မက်တယ်"

"တော်တော်ထူးဆန်းတယ်။ အိပ်မက်အရ ဘုရားပင့်ဆောင်ပုံလည်း သိပါရစေဘုရား"

"ခင်ကြီးဘူတာဆရာတော်က ရွာသူရွာသားနယ်သူနယ်သားတွေကို အကျိုးအကြောင်းပြောတော့ ဘုရားပင့်ဖို့အရေး တိုင်ပင် ဆွေးနွေးကြတယ်။ ငွေကြေးအလှူခံတာ ငွေဒင်္ဂါး (၁၀၀) ကျပ်ရတယ်"

"တင်ပါ့ဘုရား၊ အမိန့်ရှိပါဦး ဘုရား"

"စကားအရာမှာ ပြောတတ်ဆိုတတ်ပြီး မန္တလေးနေပြည်ကို ရောက်ဖူးတဲ့ ဒကာမောင်ကြွင်ဦးကို တာဝန်ပေးစေလွှတ်တယ်"

"တင်ပါ့ဘုရား"

"ဒကာမောင်ကြွင်ဦးက ဆရာတော်ရဲ့တာဝန်ပေးချက်အရ ဘုရားပင့်ဆောင်ဖို့ မန္တလေးမြို့ကိုသွားတယ်။ နန်းတွင်းထဲက တိုက်ရိုက်မဝင်ရဲဘူး"

"ဘယ်လိုဆက်သွယ်ရတာပါလဲ ဘုရား"

"မန္တလေးရောက်တော့ ခင်မကန်တိုက်ကိုအရင်သွားတယ်။ခင်မကန်တိုက်က ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားတယ်။ ဆရာတော်က မန္တလေးမှာ အနေကြာတော့ အခြေအနေကို အကဲခတ်တတ်တယ်။ ခုချိန်

www.burmeseclassic.com

နန်းတွင်းကို ကုလားတွေ စောင့်နေတာ။ ဘုရားကို တန်ဖိုးရှိမှန်းမသိဘူး။ ဒါနဲ့ အစောင့်ကုလားတွေကို ငွေဒင်္ဂါး (၁၀၈) ပေးပြီး ဘုရားပင့်ဆောင်ရေးဆောင်ရွက်ကြတယ်"

"ဟိုခေတ်ကလည်း လာဘ်ထိုးရတာပဲ"

"ကုလားက ပိုက်ဆံရတော့ ဘုရားပင့်တာ လက်ခံတယ်။ ဒါပေမယ့် ဒက္ခိဏသာခါဘုရားဆင်တူတွေက အများကြီးပဲ။ ဘယ်ဘုရားကကိုယ့်ဘုရားလဲဆိုတာ ခွဲဖို့ခက်နေတယ်"

"မှန်ပါ့၊ စိတ်ဝင်စားဖို့ကောင်းလာပြီ ဘုရား။ ဘယ်လိုခွဲပြီးပင့်ဆောင်ရတာလဲ ဘုရား"

"ဘုရားက တန်ခိုးကြီးတဲ့ဘုရားပဲ။ ဆရာတော်ကမိဋ္ဌာန်လိုက်တယ်။ သစ္စာပြုမိဋ္ဌာန်လိုက်ပြီးပင့်တော့ ဘုရားကို လွယ်လွယ်ကူကူ ရှာလို့ရတာပေါ့။ ဥပမာ 'ငွေချိဘုရားကို သိသာထင်ရှားစွာပြတော်မူပါဘုရား' လို့ သစ္စာပြုမိဋ္ဌာန်တာပေါ့။ ဘုရားအများကြီးထဲမှာ အခုဆုတောင်းပြည့်ဘုရားက ပြုံးတော်မူတယ်။ ဒါနဲ့ ဘုရားမများမယွင်းဘဲ ပင့်ဆောင်နိုင်တယ် ဒကာကြီး"

"ဆက်အမိန့်ရှိပါဦး ဘုရား"

"ဘုရားကို ရေကြောင်းနဲ့ပင့်ဆောင်တော်မူတယ်။ မန္တလေးနန်းတော်မှ ဂေါဝိန်ဆိပ်ကို ဆက်လက်ပင့်ဆောင်လာတယ်။ ဂေါဝိန်ဆိပ်ကိုရောက်တော့ ဘုရားပင့်ဖို့ဖောင်တော်အသင့်စောင့်နေတာတွေ့ရတယ်။ ဖောင်ပေါ်မှာ ပိုင်ရှင်မိသားစု (၅) ယောက်တိတိရှိတယ်"

"ဘုရားပင့်ဖို့ကြိုတင်ချိန်းဆိုမထားဘဲ ဒီဖောင်ကဘယ်လိုရောက်လာတာလဲ ဘုရား"

"ဘုရားတန်ခိုးတော်ပဲ။ နတ်သိကြားတွေက မနေနိုင်ကြဘူး။ လူယောင်ဆောင်ပြီး ဘုရားပင့်ဖို့ ဖောင်ဖွဲ့ပြီးစောင့်နေကြတာ"

"ဩော်-တော်တော်ထူးဆန်းတာပဲ"

"ဒီလိုနဲ့ ဂေါဝိန်ဆိပ်က ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာကြတယ်။ စလေရောက်တော့ ခင်ကြီးဘူတာဆရာတော်ဦးစီးကြိုဆိုရေးအဖွဲ့တွေ၊ နယ်သူနယ်သားတွေ ကမ်းလုံးပြည့်ကြိုဆိုကြတယ်။ သံဃာတော်အရှင်မြတ်တွေလည်း သင်္ကန်းရောင်တွေ ဝါဝါထိန်သွားတာပဲ"

"ဟိုဖောင်နဲ့ မိသားစုကကော ဘုရား"

"စလေရောက်တော့ ဖောင်မိသားစုကို ငွေဒင်္ဂါးတွေချီးမြှင့်ကြတယ်။ သူတို့က ငွေလိုချင်လို့ပင့်ဆောင်ပေးတာ မဟုတ်ပါဘူး။ ကုသိုလ်ဖြစ် ပင့်ဆောင်ပေးတာပါလို့ပြောပြီး မြစ်လယ်ကို လှော်ခတ်သွားကြတယ်။ မြစ်လယ်ရောက်တော့ ဖောင်ရောလူပါရေမှာမြုပ်ပြီး ပျောက်ကွယ်သွားကြတယ်ကွယ့်"

"တင်ပါ့ဘုရား"

"စလေမှာ ခုနစ်ရက်ပူဇော်ခံပြီး ဇီးပွားရွာ ရွှေကျိုးတောင်ထိပ်ဘုရားရဲ့ လိုဏ်ဂူထဲမှာ သီတင်းသုံးတော်မူတယ်"

"မှန်လှပါဘုရား၊ တပည့်တော် တောင်ထိပ်ပေါ် ရောက်ခဲ့ပြီဘုရား။ ဒီဆုတောင်းပြည့်ဘုရားက တောင်ထိပ်မှာမရှိဘဲ ကျောင်းပေါ်မှာ ဘာလို့ ပြောင်းရွှေ့သီတင်းသုံးရတာလဲ ဘုရား"

**● တန်ခိုးကြီးဘုရားအခိုးခံရခြင်း**

"ဒီဘုရားက တန်ခိုးကြီးတော့ ရွှေအစစ်တွေနဲ့ ကပ်လှူပူဇော်ကြတယ်။ ဘုရင်က ပင့်ဆောင်ပူဇော်တာဆိုတော့ ရတနာအစစ်တွေနဲ့ ဆင်ယင်ပူဇော်ကြမှာပေါ့"

"တင်ပါ့ဘုရား"

"မသမာသူတွေ အစဉ်အဆက်ရှိကြတယ်။ သူ့ခေတ်သူ့အခါအလိုက် မကောင်းတဲ့သူရှိစမြဲပဲ"

"တင်ပါ့ဘုရား"

"ဘုရားက တောင်ထိပ်မှာ သီတင်းသုံးတယ်။ ဘုရားကို လုံခြုံရေးသော့တွေ အထပ်ထပ်ခတ်ထားကြတယ်။ ဘုရားဂေါပကအဖွဲ့တွေကလည်း နေ့ညမပြတ် ခုနစ်ယောက်စီ စောင့်ကြပ်နေကြတယ်။ လူဆိုးသူခိုးတွေဟာ လက်နက်ကိုယ်စီနဲ့ တောင်ပေါ်တက်လာပြီး အစောင့်တွေကို အနိုင်ကျင့်ကြတယ်။ လက်နက်အားကိုးနဲ့ လူတွေကိုချုပ်နှောင်ထားကြတယ်။ အစောင့်ထံက သော့ကိုယူပြီးဖွင့်တယ်။ ဘုရားကိုပင့်ပြီး အစောင့်တွေကို ဘုရားလိုဏ်ဂူထဲမှာထည့်ပြီး အပြင်က သော့ခတ်ခဲ့ကြတယ်။ ဘုရားကြီးကိုခိုးယူသွားကြတာပေါ့"

"ဖြစ်မှဖြစ်ရလေဘုရား"

"သူခိုးတွေက ဘုရားကိုပင့်ကာ ပူဇော်ဖို့မဟုတ်ဘူး။ တောထဲမှာ ဘုရားရဲ့ရွှေတွေကို ခွာတယ်။ ရတနာတွေခွာယူပြီး ဘုရားကိုဒီအတိုင်းထားခဲ့ကြတာ"

"ဘယ်လိုပြန်တွေ့ရတာလဲဘုရား"

"နောက်သုံးရက်လောက်ရှိတော့ ဘုရားက အိပ်မက်ပေးတယ်။ ဘယ်တောစပ်မှာရှိတယ်။ လာပင့်ပါလို့ အိပ်မက်ပေးလို့ ရွာသူရွာသားတွေ စုဝေးပြီး သွားပင့်ကြတာပေါ့။ အိပ်မက်ပေးတဲ့နေရာမှာပြန်တွေ့ပြီး တောင်ပေါ်ပြန်ပင့်လာကြတယ်"

"တင်ပါ့ဘုရား"

"နောက်နှစ်ပေါင်း (၅၀) ကြာတော့ ဘုရားကြီး ထပ်မံ ပျောက်ဆုံးသွားတယ်။ တံခါးနှစ်ထပ်ကို သံဖြတ်လွှနဲ့ဖြတ်ပြီးခိုးသွားကြတာပဲ။ ဘုရားမှာရှိတဲ့ ရွှေတွေ ခွာယူပြီး ဒီလိုပဲထားသွားတာပဲ။ ဘုရားက အိပ်မက်ပေးပြီး တစ်ခါသွားရှာပြန်တယ်။ အိပ်မက်ပေးတဲ့နေရာမှာ တွေ့ပြီး ပြန်ပင့်လာကြတယ်။ အခုလို အခိုးခံရတာ သုံးကြိမ်သုံးခါရှိတော့ ဘုရားကို တောင်ပေါ်မှာမထားရဲတော့ဘူး။ ဆရာတော်ကျောင်းမှာ ပြောင်းရွှေ့သီတင်းသုံးစေတာပါပဲ"

"နောက်ဆုံးအခြေအနေကိုလည်း အမိန့်ရှိပါဦး ဘုရား"

"ဒီဘက်ခေတ်ထဲမှာ ဘုရားကြီးကို ကျောင်းမှာသီတင်းသုံးပြီး ဘုရားပွဲရက်နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် (၂) ရက်နဲ့ (၃) ရက်နေ့တွေမှာ ကျင်းပကြတယ်။ ဘုရားပွဲရက်မှာ ဘုရားကို တောင်ပေါ် ပင့်ဆောင် ပူဇော်ကြတယ်။ သင်္ကြန်ရက်တွေမှာလည်း တောင်ပေါ် ပင့်ဆောင် ပူဇော်ကြတယ်။ (၁) နှစ်မှာ (၂) ကြိမ်တောင်ပေါ် မှာပင့်ပြီး ပူဇော်ကြတယ်။ သင်္ကြန်ရက် (၅) ရက်မှာ ဘုရားကို တောင်ပေါ်ပင့်ပူဇော်ပွဲ ကျင်းပနေကြတယ်။ တောင်ခြေဘုန်းကြီးကျောင်းမှာလူစုပြီး ဘုရားပူဇော်ပွဲကျင်းပဖို့ အလှူငွေကောက်ခံခြင်း၊ ကျွေးမွေးခြင်း၊ အလှူလုပ်ခြင်းများကို ဆွေးနွေးတိုင်ပင်နေကြတုန်း တစ်ခါပျောက်ပြန်တယ်။ မကြာဘူး၊ အိပ်မက်ပေးလို့ပြန်ပင့်ရတာပဲ"

"ဘုရားက သိဒ္ဓိဝင်နေတယ်ထင်တယ်။ သက်ရှိဆိုရင် စကားပြောပြီ။ စကားမပြောသော်လည်း အိပ်မက်ပေးပြီး လာပင့်ခိုင်းတာတို့၊ ဘယ်မှာသီတင်းသုံးချင်တာတို့က သက်ရှိဘုရားလိုဖြစ်နေတယ် ဘုရား"

"ဘုရားကတော်တော်တန်ခိုးကြီးတာ။ဆုတောင်းရင်ပြည့်တယ်။ အစောင့်အရှောက်တွေလည်းရှိတယ်ထင်တယ်"

"ဘုရားခိုးတဲ့သူတွေကော ဘာဖြစ်ကြသေးလဲ။ သွေးအန်ပြီးသေတာတို့ နူပြီး လူ့တောထဲမဝင်နိုင်တာတို့ ဖြစ်ကြသေးလား ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူတွေက ခိုးတယ်ဆိုတာ သိရတော့ သူတို့ဘာဖြစ်တယ်ဆိုတာ သိရဘူးပေါ့"

"တင်ပါ့၊ ကျေးဇူးလည်းတင်ပါတယ်ဘုရား။ ဒါထက် ဘုရားရှေ့မှာ အပိတ် (၂) လုံးအပြည့် အပ်ချည်လုံးတွေ တွေ့ရတယ်ဘုရား။ ဘာလုပ်တာလဲ သိပါရစေဘုရား"

"အဲဒါ သားဆုပန်ကြတာပဲ"

"သားဆုပန်တာနဲ့ အပ်ချည်လုံးနဲ့က ဘယ်လိုဆက်စပ်လို့လဲဘုရား"

"ဒီဘုရားမှာ သားဆုပန်ကြတာက မိန်းကလေးတွေဆိုတော့ ဦးပဥ္စင်းနဲ့ အဟာဇာတမဖြစ်ဘူး။ ရွာထဲက ခေါ်ခင်ဘုတ်ဆိုသူက သားဆုပန်ပေးတယ်"

"ဒါဆိုရင် ကလေးလိုချင်တဲ့ မိခင်လောင်းတွေဟာ ဇီးပွားရွာထဲက ခေါ်ခင်တုတ်နဲ့ ဆက်သွယ်ရတာပေါ့။ ဒီအဒေါ်ကြီးက လိုအပ်တာတွေ စီမံပေးပြီး သားဆုပန်ပေးတာလို့ဆိုလိုတာလား ဘုရား"

"ဟုတ်တယ် ဒကာကြီး"

"သားဆုပန်ဖို့ဘာအချက်အလက်တွေ ပြည့်စုံဖို့လိုသလဲ ဘုရား"

"ကလေးမွေးနိုင်တဲ့ အသက်အရွယ်ရှိရမယ်။ လင်ယောကျ်ားရှိပြီး ကျန်းမာသန်စွမ်းရတယ်။ ဘုရားမှာ သစ္စာပြုမိဋ္ဌာန်တင်ရတယ်"

"ဘယ်လိုအမိဋ္ဌာန်တင်ရတာလဲ ဘုရား"

"ကိုယ်ကလိုချင်ရင် အရင်ဆုံးပေးမှရတယ်"

"မရှင်းဘူးဘုရား"

"ဘုရားထံမှ သားဆုလိုချင်ရင် ဒီအတိုင်း ဆုတောင်းရုံနဲ့တော့ မပြည့်စုံနိုင်ဘူး။ ကိုယ့်ဘက်က အကျင့်သီလနဲ့ ပြည့်စုံဖို့လိုတာပေါ့"

"ဘယ်လိုမိဋ္ဌာန်ရတာလဲ ဘုရား"

"အရှင်ဘုရား၊ တပည့်တော်သည် ငါးပါးသီလကို ခံယူဆောက်တည်ပါ၏ ဘုရား။ ဘုရားကိုယုံကြည်ပါ၏။ တရားကိုယုံကြည်ပါ၏။ သံဃာကိုယုံကြည်ပါ၏ ဘုရား။ သရဏဂုံသုံးပါးကို နေ့စဉ် ပုတီး (၉) ပတ်စိပ်ပါမည်ဘုရား။ တစ်လ မိဋ္ဌာန်ပြု၍ ငါးပါးသီလနှင့် သရဏဂုံသုံးပါးကို ပုတီး (၉) ပတ် ဝတ်မပျက်စိပ်ပါမည်ဘုရား။ ဤမှန်ကန်သော သစ္စာပါရမီမိဋ္ဌာန်တို့ကြောင့် ဘုရားတပည့်တော်အလိုရှိသော သားဆုကိုပြည့်စုံရပါလို၏ အရှင်ဘုရားလို့ ဆုတောင်းရတယ်"

"အပ်ချည်လုံးကကော ဘယ်လိုဆက်စပ်တာလဲ ဘုရား"

"ဒီလို မိဋ္ဌာန်ပြုဆုတောင်းပြီးရင် ဆုတောင်းပြည့်၊ မပြည့် အပ်ချည်ကြိုးနဲ့ တိုင်းတာပဲ ဒကာကြီး။ ဆုတောင်းသူက တပည့်တော်၏ ဆုတောင်းပြည့်ပါက ဒီအပ်ချည်ကြိုးသည် စပါးစေ့တစ်ထောက် ပိုရှည်ထွက်ပါစေသားလို့ လျှောက်ရတယ်"

"တင်ပါ့ဘုရား"

"ဆုတောင်းသူက ပထမအပ်ချည်ကြိုးနဲ့ မိမိလက်တစ်တောင်တိတိတိုင်းပြီး ဖြတ်ထားရတယ်။ ဒီတစ်တောင်ရှည်တဲ့ အပ်ချည်ကြိုးကို ဆုတောင်းပြည့်ရင် စပါးစေ့တစ်ထောက် ပိုရှည်ထွက်ပါစေလို့လျှောက်ပြီး ဒုတိယအကြိမ်ပြန်တိုင်းရတယ်။ သားဆုပန်လို့ပြည့်တဲ့သူကတော့ စပါးစေ့တစ်ထောက်ပိုရှည်ထွက်နေတာ တွေ့ရတယ်"

"ဒီဘုရားမှာ သားဆုပန်လို့ ဆုတောင်းပြည့်တဲ့သူတွေကော မှတ်တမ်းတင်ထားသေးလား ဘုရား"

"မှတ်တမ်းမှတ်ရာတော့ တိတိကျကျမရှိပါဘူး။ ဒီလိုပဲ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ကြားပြီး လာဆုတောင်းကြတာပဲ"

"တပည့်တော်ရဲ့သူငယ်ချင်းတော့ မိန်းမရပြီး ကလေးမရလို့ ဒီဘုရားမှာ သားဆုပန်တာ ခုတော့ ပြည့်စုံသွားသော တွေ့ရတယ် ဘုရား"

**၁ ဘုရားသမိုင်းအကျဉ်းချုပ်**

"ဆရာတော်ဘုရား အမိန့်ရှိတာတွေ တော်တော်ပြည့်စုံပါပြီ ဘုရား။ တပည့်တော် နားလည်တာကတော့ ဒီဘုရားမှာ ထူးထူးခြားခြား (၃) မျိုးရှိတာကို တွေ့ရတယ် ဘုရား။

၁။ မိုးကောင်းဘုရားလို့ အမည်ရအောင် တန်ခိုးတော်ပြခြင်း။

၂။ သားဆုပန်၍ ပြည့်စုံအောင် တန်ခိုးတော်ရှိခြင်း။

၃။ ဘုရားကြီး အကြိမ်ကြိမ်အခိုးခံရသော်လည်း အိပ်မက်ပေး၍ မိမိနေရာသို့ ပြန်ပင့်နိုင်ခြင်းတို့ပဲ ဘုရား။

ဒီလောက်ထူးခြားပြီး တန်ခိုးရှိတာဟာ သာမန်ဘုရားတော့ မဟုတ်ဘူး ဘုရား။ သမိုင်းကိုသိပါရစေဘုရား"

"ဒီဘုရားက အလောင်းစည်သူမင်းကြီးကို သိကြားမင်းက ဆက်သတာ။ အလောင်းစည်သူမင်းကြီး နန်းဦးမှာ ကိုးကွယ်လို့ နန်းဦးဘုရားလို့ခေါ်တာ။ ဒါကြောင့် 'ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်ဘုရား' လို့ ခေါ်တာပေါ့။ ဒကာကြီး ဘုရားသမိုင်းအပြည့်အစုံ သိချင်တော့ ဒီမှာ စာအုပ်တစ်အုပ်ရှိတယ်။ ဒကာကြီး ဖတ်ကြည့်ပါ"

"ကျေးဇူးတင်ပါတယ် ဘုရား"

ဆရာတော် ဦးတေဇောသာရ ယခုတွေ့ရှိသော ဆရာတော်စီစဉ်ပူဇော်သည့် 'ရှင်ပင်မဟာဒက္ခိဏသာခါနန်းဦးဆုတောင်းပြည့် မြတ်စွာဘုရားသမိုင်းကျမ်းနှင့် ဗုဒ္ဓဘာသာအခြေပြုကျမ်း' စာအုပ်တစ်အုပ် ရရှိခဲ့၏။ စာအုပ်ကိုဖတ်ပြီး ဘုရားသမိုင်းအကျဉ်းချုပ်အားမိမိနားလည်သလို ဖော်ပြပါမည်။

ပုဂံရာဇဝင်ကို စတင်တင်ပြပါမည်။ ပုဂံဟုဆိုလျှင် အနော်ရထာမင်းကြီးကို လူတိုင်းသိကြသည်။ ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့၏။ မြန်မာနိုင်ငံကို ထေရဝါဒဗုဒ္ဓဘာသာဖြစ်အောင်ဆောင်ရွက်ပေးသော သာသနာပြုမင်းလည်း ဖြစ်၏။ အနော်ရထာဘုရင်ပြီးနောက် သားတော် ကျန်စစ်သားမင်းနန်းတက်၏။ ခမည်းတော်၏ အရိုက်အရာကို ဆက်ခံ၏။ သာသနာကို အစွန့်ရှည်အောင် ဆောင်ရွက်ခဲ့၏။ ထူးခြားသည်မှာ သားတော် ရာဇကုမာရကလည်း ထောင်ထားခြားနားပုန်ကန်ခြင်းမရှိဘဲ ခမည်းတော် နတ်ရွာစံခါနီး ဘုရားတည်ပြီး ကောင်းမှုကုသိုလ်တို့ကို ဝေမျှခံစားစေပါသည်။

ကျန်စစ်သားမင်းကြီးသည် သမီးတော် ရွှေအိမ်စည်မှရသည့် မြေးတော်ကို အိမ်ရှေ့အရာအပ်နှင်းခဲ့၏။ ထီးမွေနန်းမွေပေးခဲ့၏။ ထိုမြေးတော်သည် မွေးစကပင် စည်များ၊ ဗုံများအလိုလိုမြည်သဖြင့် အလောင်းစည်သူဟူ၍ အမည်မှည့်တော်မူ၏။

အလောင်းစည်သူမင်း နန်းတက်သောအခါ ဖောင်စကြာကို ပိုင်ဆိုင်တော်မူသည်။ ဖောင်စကြာဖြင့် အလိုရှိရာသို့ ညွှန်၍သွားတော်မူသည်။ ဖောင်စကြာဖြင့် ပုဂံမှ သီဟိုဠ်ကျွန်းသို့ကြွတော်မူ၏။ သီဟိုဠ်ကျွန်းတွင် ဇမ္ဗူသပြေပင်ရှိရာအရပ်သို့ကြွတော်မူပြီး ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူသော ဘုရားရှင်လေးဆူတို့ သီတင်းသုံးတော်မူသော ပုလဲကျောက်ဖျာကို မြင်တော်မူ၏။ အလောင်းစည်သူမင်းသည် ထိုပုလဲကျောက်ဖျာပေါ်သို့ ထိုင်ချင်စိတ်ဖြစ်ပေါ်လာသဖြင့် မင်းဆရာ ပုဏ္ဏားပြ



www.burmeseclassic.com

www.burmeseclassic.com

ပုဏ္ဏားညီတို့ကို မေးမြန်းတော်မူ၏။

“မြတ်သောမင်းကြီး၊ ဤပုလဲကျောက်ဖျာသည် ဘုရားရှင်လေးဆူ သီတင်းသုံးရာနေရာအရပ်ဖြစ်၍ သီတင်းသုံးထိုင်တော်မူရန် မသင့်ပါကြောင်း”

လျှောက်ထားလေသည်။

“မယုံကြည်ပါက အရှင် မင်းကြီး၏ ခေါင်းပေါင်းတော်ကို ကျောက်ဖျာပေါ်သို့တင်ကြည့်တော်မူပါ”

ဟု လျှောက်ထားကြလေသည်။

မင်းကြီးလည်း သူ၏ဦးပေါင်းတော်ကို ကျောက်ဖျာပေါ်သို့ တင်လိုက်သောအခါ ကြက်မွေးအတောင်ကို မီးကျီးခဲရဲရဲပေါ်သို့ တင်လိုက်သလို တစ်ခဏချင်း လောင်ကျွမ်းသွားလေသည်။ ဤအခြင်းအရာကို မြင်တွေ့ရသော ဘုရင်မင်းမြတ်သည် ဘုရားရှင်တို့ အမှန်သီတင်းသုံးခဲ့သောနေရာဖြစ်ကြောင်း သိရှိတော်မူလေသည်။ ဘုရားရှင်တို့၏ လက္ခဏာတော်ကို အာရုံပြု၍ ရှိခိုးပူဇော်လေသည်။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်အာရုံကို အာရုံပြု၍ အကြိမ်ကြိမ်ရှိခိုးပူဇော်လေသည်။ ဘုရားရှင်ဟောကြားခဲ့သော ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၏ ဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးကန်တော့လေသည်။ ဘုရားရှင်ဟောကြားခဲ့သော တရားတော်တို့ ကျန်ရှိနေသေး၍ လူတို့ တရားနာခွင့်၊ တရားကျင့်ခွင့်ရှိကြပြီး ဝိမုတ္တိယုဂ္ဂ ဟူသော ကျွတ်တမ်းဝင်မည့်ပုဂ္ဂိုလ်များပေါ်ထွန်းလာပေဦးမည်။ သောတာပန်ပုဂ္ဂိုလ်၊ သကဒါဂါမ်ပုဂ္ဂိုလ်၊ အနာဂါမ်ပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်တို့ ပေါ်ထွန်းပေဦးမည် စသည့်အကျိုးများအားကြီးသော တရားဂုဏ်တော်တို့ကို ရှိခိုးပူဇော်လေသည်။

မြတ်စွာဘုရား၏ တပည့်သားသံဃာတော်တို့ရှိကြသဖြင့် သာသနာတော်ကြီး ကွယ်ပျောက်ခြင်း၊ ပပျောက်ခြင်းမရှိဘဲ ဆက်လက် တည်တံ့နေခြင်းဖြစ်ပေသည်။ ထေရ်သံဃာအဆက်ဆက်လက်ဆင့်ကမ်း၍ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာတော်ကြီး စည်ပင်ဝပြောအောင် စောင့်ရှောက်တော်မူခဲ့ကြ၏။ ထိုသံဃာ့ဂုဏ်တော်ကို အာရုံပြု၍ ရှိခိုးပူဇော်လေသည်။ ထိုသို့ ရှိခိုးပူဇော်ရုံနှင့်အားမရပေ။ အမွှေးနံ့သာ၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဘုရားရှင်လေးဆူ၏ဂုဏ်ကို အာရုံပြု၍ ပူဇော်လေသည်။ ဘုရားအပေါ်ထားသော သဒ္ဓါတရားသည် အလွန်ကြီးမားနေသဖြင့် ဖူးမြော်ကန်တော့ရတာ အားရခြင်း၊ တိုင်းတိမ်ခြင်းမရှိပေ။ ဘုရားရှင်လေးဆူ သီတင်းသုံးခဲ့သော ကျောက်ဖျာကို မမှိတ်မသုန် အာရုံပြု၍နေ၏။ တစ်နေ့လည်းမပြီး၊ တစ်ရက်လည်း အားမရ ဘုရားဖူးနေသည်မှာ (၇)လတိုင်တိုင် ကြာသွားလေသည်။

မင်းကြီး၏ သဒ္ဓါတရားကြောင့် သိကြားမင်း၏ပဏ္ဍုကမ္ဗလာမြကျောက်ဖျာမှာ တင်း၍လာ၏။ လူ့ပြည်ကိုမျှော်ကြည့်လိုက်သောအခါတွင် အလောင်းစည်သူမင်းကြီး၏ ဘုရားကြည်ညိုသော သဒ္ဓါတရားကို တွေ့မြင်ရလေသည်။ နတ်ပြည်မှ လူ့ပြည်သို့ ဆင်းသက်လာလေသည်။ ထိုသို့ ဗိုလ်ရှုခံတော်မူနေသည့် မင်းကြီးထံ သိကြားမင်းချဉ်းကပ်လာ၏။

ဤမင်းတရားသည် သာသနာတော်ကို အလွန်ကြည်ညိုတော်မူသည်။ မင်းကြီး၏ သဒ္ဓါတရားကို မြင်တော်မူသောအခါ သာသနာတော်ကို စောင့်ရှောက်မည်ဟု ခံယူထားသော သိကြားမင်းကြီးသည် အခွင့်ကြုံပြီဟု နှလုံးသွင်းလျက် ကျွန်းဦးသပြေပင်အောက်တွင် လူ့ဗိုလ်ခြေ၊ နတ်ဗိုလ်ခြေ၊ လူ့ပရိသတ်၊ နတ်ပရိသတ်တို့ ခြံရံလျက် မင်းကြီးအား ဘွဲ့တော် ချီးမြှင့်တော်မူလေသည်။ သိကြားမင်းပေးသော ဘွဲ့အမည်မှာ သီရိတြိ၊ ဘဝနာ၊ ဒိတျ၊ ပဝရ၊ ပဏ္ဍိတ၊ သုဓမ္မရာဇ၊ မဟာဓိပတိ၊ နရပတိစည်သူဟုခေါ်ပါသည်။ အလွယ်နည်း၊ အတိုနည်းဖြင့် နရပတိစည်သူဟု လူသိများပါသည်။

ထိုသို့ ဘွဲ့တော်ချီးမြှင့်ပြီး သိကြားမင်းသည် ပုလဲကျောက်ဖျာထက်ပေါ်တွင် ပုလဲရုပ်ရှင်တော်မြတ်တစ်ဆူကို ထုလုပ်၍တင်တော်မူပြီး မင်းကြီးကိုးကွယ်ရန် အပ်နှင်းတော်မူ၏။ ဘုရား၏ ဘွဲ့ကို ‘ရှင်ဖြူ’ ဟု ပေးတော်မူ၏။ ဇမ္ဗုသပြေပင်၏ အကိုင်း၊ အခက်ကို ထုလုပ်ထားသော ဒက္ခိဏသာခါဘုရားတစ်ဆူကို ထုလုပ်ပြီး သိကြားမင်းက ဆက်သပြန်သည်။ ထိုဘုရားဘွဲ့တော်ကို ‘ရှင်လှ’ ဟု အမည်ပေးတော်မူသည်။

သိကြားမင်းဆက်သသော ရှင်ဖြူ ရှင်လှ (၂) ဆူကို ဖောင်စကြာတွင် မြတ်သောပလ္လင်ထက်၌တင်ပြီးကိုးကွယ်တော်မူလေသည်။ ထို့နောက် ဖောင်စကြာဖြင့် မြင်းမိုရ်တောင်သို့သွားရောက်တော်မူလိုပြန်သည်။ သိကြားမင်းက ထိုသို့ကြွခြင်းသည် အကျိုးစီးပွားမရှိကြောင်း၊ သာသနာတော်ကို မပြုစုနိုင်ကြောင်း လျှောက်ထားတော်မူလေသည်။

သိကြားမင်းက လူ့အပေါင်း အကျိုးစီးပွားများစေခြင်းငှာ ယူဇနာတစ်ရာအဝန်းမျှ မွှေးကြိုင်သော သရက္ခန်သားကို ဘုရားထု၍ပေးတော်မူပြန်သည်။ ဘုရားရှင်၏ မွေတော်ဓာတ် (၁၂) ဆူကို မင်းကြီးအား ပေးအပ်တော်မူ၏။ ထိုမွေတော်ဓာတ် (၁၂) ဆူကို အဖိုး(၁)သိန်းတန်သောရွှေခွက်ဖြင့် ခံယူတော်မူ၏။ သရက္ခန်သား (၅) ပိုင်းကို ဘုရား(၅)ဆူ ထုတော်မူ၏။ ဇမ္ဗုသပြေသား (၅) ပိုင်းကိုလည်း ဘုရား (၅) ဆူထုလုပ်တော်မူ၏။ ဝိသကြုံနတ်သားသည် ဇမ္ဗုသပြေသားရုပ်တု(၁)ဆူအတွင်းသို့ သရက္ခန်ရုပ်တုတစ်ဆူစီနှင့် မွေတော်ဓာတ်(၁)ဆူစီထည့်သွင်းတော်မူလေသည်။ ထိုသို့ ဘုရားထုလုပ်ရာတွင် ကြွင်းကျန်သော ဆောက်စာအစအနများစုပေါင်း၍ ဘုရားရုပ်တု(၁)ဆူပြုလုပ်တော်မူပြန်သည်။ ထိုဘုရားဆင်းတုတွင် ဘုရားရှင်၏မွေတော်ဓာတ်တော်များထည့်သွင်းပြီး သိကြားမင်းကိုယ်တိုင် ဆက်သလေသည်။ ထိုဘုရားကို မြတ်ပေါင်းမဉ္ဇူ ဟူ၍ လည်းကောင်း၊ ရတနာမဉ္ဇူဟူ၍လည်းကောင်း ဘွဲ့တော်မှည့်ခေါ်တော်မူလေသည်။

အလောင်းစည်သူမင်း၏ ဖောင်စကြာတွင် သိကြားမင်း ဆက်သသော ရှင်ပင်၊ ရှင်လှဘုရား (၂) ဆူ၊ သရက္ခန်ဘုရား (၅) ဆူ၊ မြတ်ပေါင်းမဉ္ဇူဘုရား (၁) ဆူ၊ သီဟိုဠ်မင်းဆက်သသော သစ်ကနက် (သက်န်းနက်) (၁) ဆူနှင့် ရှင်မဟာကဿပ ရဟန္တာမြတ်ရုပ်တု (၁) ဆူ၊ ပုဂံပြည်မှပါလာသော ကိုယ်အလေးချိန်နှင့်ညီမျှသောရွှေဖြင့် သွန်းလုပ်ထားသည့် စကြာဦးဘုရား (၁) ဆူ၊ စုစုပေါင်း (၁၀) ဆူ ရှိလေသည်။ ဖောင်စကြာဖြင့် နေပြည်တော်သို့ ပြန်ကြွလာလေသည်။ မလ္လာယုကျွန်းသို့ ရောက်သောအခါ ဘီလူးများက နံ့သာအမျိုးမျိုးဖြင့် ပူဇော်ကြလေသည်။ ဘီလူးများသည် နံ့သာဖြူ၊နံ့သာနီ၊ကရမက်စသည့် အမွှေးနံ့သာတုံးများကို ပေးလှူတော်မူလေသည်။

အလောင်းစည်သူမင်းကြီးသည် ထိုနံ့သာတုံးများကိုရခြင်းထက် ဘုရားပွင့်ရာ မဟာဗောဓိပင်မှ သစ်သားဖြင့် ထုလုပ်ထားသော ဒက္ခိဏသာခါ မဟာဗောဓိကို လိုချင်တပ်မက်နေပြန်သည်။ သိကြားမင်းကြီးသည် မင်းကြီး၏ အလိုဆန္ဒကို သိတော်မူသဖြင့် သီဟိုဠ်ကျွန်းသို့သွားပြီး ပါဋလိပုတ်ပြည့်ရှင်ဘုရင်



www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ၁။ ရှင်ဖြူရှင်လှ | (၂) ဆူ (စစ်ကိုင်းတောင်) |
| ၂။ သရက္ခန် | (၅) ဆူ (ယခုအခါ) |
| (က) ကျွန်းရှာဦ | (၁) ဆူ |
| (ခ) ပခန်းတွင် | (၁) ဆူ |
| (ဂ) ရှင်မတောင်တွင် | (၁) ဆူ |
| (ဃ) ဆင်ကြိုရွှေကူတွင် | (၁) ဆူ |
| (င) အညာသီဟတောတွင် | (၁) ဆူ |
| ၃။ မြတ်ပေါင်းမညျ | (၁) ဆူ (ယခုအခါ ပခန်းကြီး) |
| ၄။ သစ်ကနက်(သက်န်နက်) | (၁) ဆူ (ပခုက္ကူမြို့၊ သီဟိုဠ်ရှင်ဘုရား) |
| ၅။ ဖောင်တော်ဦးဆင်းတုတော် | (၁) ဆူ (ပခုက္ကူမြို့ ဖောင်တော်ဦးဘုရား) |
| ၆။ မဟာဗောဓိပင်မှဒက္ခိဏသာခါဘုရား | (၁) ဆူ (ယခု ငွေးချိုရွာ) |

ဓမ္မာသောကမင်းကြီးက သီဟိုဠ်ကျွန်းကို အစိုးရသော ဒေဝါနံပီယတိဿမင်းကြီးအား ဆက်သပေးကမ်းသော အနုရာဓမြို့အနီး ဗောဓိညောင်ပင်မှ ကြီးထွားသောသစ်ကိုင်းကို ဆေးဒန်းမြင်းသီလာဖြင့်ရေးသား၍မိဋ္ဌာန်ပြုကာ ပင့်ဆောင်တော်မူလေသည်။

သိကြားမင်းသည် မဟာဗောဓိသားကို ရတနာပန်းတောင်းသို့တင်ပြီးလျှင် ကောင်းကင်ခရီးဖြင့် ပင့်ဆောင်တော်မူလေသည်။ ထိုအခါ များစွာသောနတ်အပေါင်းတို့က ကောင်းကင်၌ မြတ်စွာဘုရား, ကြွတော်မူသောအခါကဲ့သို့ ပူဇော်ကြလေသည်။ သိကြားမင်းသည် ဒက္ခိဏသာခါ မဟာဗောဓိတော်ကို သီဟိုဠ်ကျွန်းရှင်ဘုရင်အား ဆက်သပြီး ဘုရားထုလုပ်ရန် အပ်နှံလေသည်။ သီဟိုဠ်ဘုရင်သည် သိကြားမင်းအပ်နှံသော ဗောဓိသားကို ဘုရားဆင်းတုတော် ထုလုပ်တော်မူလေသည်။ ထိုဒက္ခိဏသာခါ ဘုရားဆင်းတုတော်ကို သိကြားမင်းယူဆောင်ပြီး အလောင်းစည်သူမင်းအား ဆက်သပြန်သည်။

အလောင်းစည်သူမင်းကိုးကွယ်ခဲ့သော ဖော်ပြပါဘုရား (၁၁) ဆူမှာ ယခုအခါ အမြို့မြို့အနယ်နယ်တွင် ပျံ့နှံ့သီတင်းသုံးတော်မူကြလေသည်။

စုစည်း၍တင်ပြရသော် -

အလောင်းစည်သူမင်းကြီးသည် သိကြားမင်းဆက်သသော ဘုရားရုပ်ပွားတော်များကို ဖောင်စကြာတွင် ရတနာထီးပါးနှင့် စီရင်ထားသော ကြီးကျယ်ခမ်းနားမြတ်သည့်ပလ္လင်များဖြင့် ပင့်ဆောင်၍ သာသနာပြုတော်မူလေသည်။ မြန်မာပြည်အနှံ့ အလောင်းစည်သူမင်းကြီးတည်ခဲ့သောဘုရားပုထိုးများ ယခုထိကျန်ရှိနေပါသည်။

မဟာဗောဓိပင်မှရသော ဒက္ခိဏသာခါ ဗုဒ္ဓရုပ်ပွားတော်ကို နန်းဦးတွင် ကိုးကွယ်တော်မူလေသည်။ ထိုရုပ်ပွားတော်မှာ ဉာဏ်တော်တစ်တောင်နှစ်မိုက်ရှိ၏။ ရုပ်ပွားတော်ဟုဆိုသော်လည်း သက်ရှိထင်ရှားဘုရားရှင်၏ဓာတ်တော်မွေတော်များကိန်းဝပ်တော်မူခြင်း၊ ဘုရား၏ ဖွားဖက်တော် ဗောဓိသားနှင့် ထုလုပ်ထားခြင်း၊ သိကြားမင်းကိုယ်တိုင် စီရင်ဆောင်ရွက်တော်မူခြင်းကြောင့် အိပ်မက်ပေး၍ စကားပြောတော်မူလေသည်။

'ငါဘုရားရှင်သည် မင်းကြီး၏ရွှေနန်းတော်တွင် သီတင်းသုံးနေထိုင်ခြင်းမပြုလို။ မကိန်းဝပ်လိုတော့ပါ။ ငါဘုရား သီတင်းသုံးချင်တာက ပုဂံမြို့တူရွင်းတောင်တန်း၏အဆုံး ငါဘုရားလောင်း ချီးမင်းဘဝက နေခဲ့ဖူးသောရွှေဂျီးတောင်ပင် ဖြစ်သည်။ ၎င်းရွှေဂျီးတောင်သို့ ပြောင်းရွှေ့ သီတင်းသုံးလိုကြောင်း'

အိပ်မက်ပေးတော်မူလေသည်။

အလောင်းစည်သူမင်းကြီးသည် နံနက်လင်းသောအခါ ညီလာခံကျင်းပပြီး ညက အိပ်မက်ကို ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား မေးမြန်းတော်မူလေသည်။ ဘုရားရှင်၏ ဆန္ဒအရ ရွှေဂျီးတောင်သို့ ပင့်ဆောင်၍ ကိုးကွယ်သင့်ကြောင်း လျှောက်ထားလေ၏။ ဘုရင်မင်းမြတ်က အမိန့်တော်မှတ်ပြီး ရွှေဂျီးတောင်ကို ရှာဖွေခြင်း၊ တောင်ထိပ်တွင် ဘုရားတည်ခြင်း၊ ဘုရားကိန်းဝပ်ရန် စီမံဆောင်ရွက်တော်မူလေသည်။

ယခု ငွေးချိုတောင်ထိပ် ဆင်နှာမောင်းနှင့်တူသော တောင်တွင် မြေပြန့် (၄၀×၂၀) ပေမျှသာကျယ်ပြီး ကိုးတောင်ပြည့်စေတီတစ်ဆူ တည်တော်မူ၏။ စေတီတော်လိုဏ်ထဲတွင် ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရားအား ပင့်ဆောင် ပူဇော်ခဲ့ကြလေသည်။

မြန်မာနှစ် ၄၇၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၃) ရက်နေ့တွင် စေတီတော်တည်၍ ပြီးဆုံးလေသည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်ကျော် ၃ ရက်နေ့ကို ဘုရားပူဇော်ပွဲကျင်းပကြခြင်း ဖြစ်ပါသည်။

ယခု ငွေးချိုကောင်သည် ဘုရားလောင်း ချီးမင်းဘဝက အိပ်တန်းပြုလျက် နေထိုင်ခဲ့သောတောင် ဖြစ်သည်။ ဖောင်အရှေ့ဘက်တွင် တောင်တစ်လုံးရှိသည်။ ရန်သူများလာလျှင် တိမ်းရှောင်ခဲ့သောတောင် ဖြစ်သည်။ ထိုတောင်ကို ရန်ကင်းတောင်ဟု ခေါ်ပါသည်။ ချီးမင်းစားသော စားကျက်မြေကို ဂျီးစားခင်းဟု ယနေ့တိုင် အမည်မပြောင်း ကျန်ရှိနေသေးသည်။ အင်္ဂလိပ်မင်းလက်ထက် မြန်မာပြည်မြေပုံပေါ်တွင် 'ဂျီးစားကွင်း' ဟု မြေပုံအမည်ရေးထိုးထားပါသည်။ ချီးမင်းသောက်သောကန်ကို 'ဂျီးစာကန်' ဟုခေါ်ပါသည်။ ဂျီးစာကန်မှာလည်း ယခုထိရှိနေပါသည်။ ကျောက်ပန်းတောင်းမြို့နယ် အနောက်ဘက် စလေမြို့နယ်အစပ်တွင် တည်ရှိပါသည်။

ထိုကန်၏ထူးခြားချက်မှာ -

(က) ကုန်းမြင့်မှာဖြစ်သော်လည်း ရေနေ၏။

(ခ) မြက်မပေါက်ပါ။

(ဂ) နှစ်ကာလပြောင်းသော်လည်း မူရင်းအမည်မပြောင်းပါ။

ဘုရားဗုဒ္ဓဝင်နှင့်ဆက်စပ်လျက်ရှိသော၊ ဘူမိနက်သန်မှန်ကန်သော မဟာမြေမြတ်တွင် သိကြားမင်းကိုယ်တိုင်စီရင်ဆက်သသော 'ရှင်ပင်မဟာဒက္ခိဏသာခါ နန်းဦးဆုတောင်းပြည့်မြတ်စွာဘုရား' အား ဦးချကန်တော့ပြီး အလိုချင်ဆုံးဆုကိုတောင်းခဲ့ပါသည်။

နောက်တစ်ပတ်ကြာသောအခါ မိမိဆုတောင်းပြည့်နေကြောင်း အံ့ဩဖွယ်ကြုံတွေ့ရပါသည်။ အိမ်ရှင်ဇနီးအား ပြောပြသဖြင့် မိသားစုများ ဒုတိယအကြိမ် ငွေးချိုတောင်သို့ ဘုရားဖူးရောက်ခဲ့ရပြန်သည်။

ဓမ္မမိတ်ဆွေ သူတော်ကောင်းအပေါင်းတို့သည် ထိုသို့ ထူးခြားသော ဘူမိနက်သန်မဟာမြေမြတ်တွင် သီတင်းသုံးတော်မူသောဆုတောင်းပြည့်မြတ်စွာဘုရားအား လာရောက် ဖူးမြော်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အဋ္ဌဝါလှိုင်း



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဇွန်လအတွက်

# မနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

### ရှိန်းအောင်(ဂမ္ဘီရ)

မနသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနသိဒ္ဓိနက္ခတ်လဂ်ဖြတ်ချိန်၊ မနသိဒ္ဓိနက္ခတ်မွန်းတည့်မျဉ်းဖြတ်ချိန် ဇင်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးအပါအဝင် မနလာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မလွဲကေန်ဖြစ်ပါသည်။

စန်းသည် မနသိဒ္ဓိနက္ခတ်သို့ နံနက် (၄း၄၆း၃၀) နာရီမှ ၈-၆-၂၀၁၅ နေ့နံနက် (၂း၅၂း၃၇) နာရီအတွင်း ဝင်ရောက်နေမည်ဖြစ်ပြီး (၇-၆-၂၀၁၅) နေ့ ညနေ (၃း၅၁း၃၆) နာရီမှာ စန်းနှင့်မနသိဒ္ဓိနက္ခတ်တို့ယှဉ်နေမည်ဖြစ်သည်။ ၇-၆-၂၀၁၅နေ့ ညဉ့်(၂၂း၃၄း၅၂)နာရီမှ (၂၃း၀၁း၁၄ )နာရီအထိတွင် ဥဒယလဂ်နှင့် မနသိဒ္ဓိနက္ခတ်တို့ယှဉ်မည်ဖြစ်လျက် ၇-၆-၂၀၁၅နေ့ နံနက်(၄း၁၆း၅၁)နာရီမှ (၅း၁၉း၁၁)နာရီထိတွင် မနသိဒ္ဓိနက္ခတ်နှင့်မွန်းတည့်မျဉ်းတို့ ယှဉ်တွဲနေမည်ဖြစ်သည်။

| လဂ်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | ထွက်ခွာချိန် | စဉ် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၂၂း ၅၈း ၂၈ | ၂၃း ၂၅း ၄၆ | ၁ | ၄း ၄၀း ၂၇ | ၅း ၄၃း ၄၇ |
| ၂ | ၂၂း ၅၄း ၃၂ | ၂၃း ၂၁း ၅၀ | ၂ | ၄း ၃၆း ၃၁ | ၅း ၃၉း ၅၁ |
| ၃ | ၂၂း ၅၀း ၃၆ | ၂၃း ၁၇း ၅၈ | ၃ | ၄း ၃၂း ၃၅ | ၅း ၃၅း ၅၅ |
| ၄ | ၂၂း ၄၆း ၄၀ | ၂၃း ၁၃း ၀၂ | ၄ | ၄း ၂၈း ၃၉ | ၅း ၃၁း ၅၉ |
| ၅ | ၂၂း ၄၂း ၄၄ | ၂၃း ၀၉း ၀၆ | ၅ | ၄း ၂၄း ၄၃ | ၅း ၂၇း ၀၃ |
| ၆ | ၂၂း ၃၈း ၄၈ | ၂၃း ၀၅း ၁၀ | ၆ | ၄း ၂၀း ၄၇ | ၅း ၂၃း ၀၇ |
| ၇ | ၂၂း ၃၄း ၅၂ | ၂၃း ၀၁း ၁၄ | ၇ | ၄း ၁၆း ၅၁ | ၅း ၁၉း ၁၁ |
| ၈ | ၂၂း ၃၀း ၅၆ | ၂၂း ၅၇း ၁၈ | ၈ | ၄း ၁၂း ၅၅ | ၅း ၁၅း ၁၅ |
| ၉ | ၂၂း ၂၇း ၀၀ | ၂၂း ၅၃း ၂၂ | ၉ | ၄း ၀၈း ၅၉ | ၅း ၁၁း ၁၉ |
| ၁၀ | ၂၂း ၂၃း ၀၄ | ၂၂း ၄၉း ၂၆ | ၁၀ | ၄း ၀၄း ၀၃ | ၅း ၀၇း ၂၃ |
| ၁၁ | ၂၂း ၁၉း ၀၈ | ၂၂း ၄၅း ၃၀ | ၁၁ | ၄း ၀၀း ၀၇ | ၅း ၀၃း ၂၇ |
| ၁၂ | ၂၂း ၁၅း ၁၂ | ၂၂း ၄၁း ၃၄ | ၁၂ | ၃း ၅၆း ၁၁ | ၄း ၅၉း ၃၁ |
| ၁၃ | ၂၂း ၁၁း ၁၆ | ၂၂း ၃၇း ၃၈ | ၁၃ | ၃း ၅၃း ၁၅ | ၄း ၅၅း ၃၅ |
| ၁၄ | ၂၂း ၀၇း ၂၀ | ၂၂း ၃၃း ၄၂ | ၁၄ | ၃း ၄၉း ၁၉ | ၄း ၅၁း ၃၉ |
| ၁၅ | ၂၂း ၀၃း ၂၄ | ၂၂း ၂၉း ၄၆ | ၁၅ | ၃း ၄၅း ၂၃ | ၄း ၄၇း ၄၃ |
| ၁၆ | ၂၁း ၅၉း ၂၈ | ၂၂း ၂၅း ၅၀ | ၁၆ | ၃း ၄၁း ၂၇ | ၄း ၄၃း ၄၇ |
| ၁၇ | ၂၁း ၅၅း ၃၂ | ၂၂း ၂၁း ၅၄ | ၁၇ | ၃း ၃၇း ၃၁ | ၄း ၃၉း ၅၁ |
| ၁၈ | ၂၁း ၅၁း ၃၆ | ၂၂း ၁၇း ၅၈ | ၁၈ | ၃း ၃၃း ၃၅ | ၄း ၃၉း ၅၅ |
| ၁၉ | ၂၁း ၄၇း ၄၀ | ၂၂း ၁၃း ၀၂ | ၁၉ | ၃း ၂၉း ၃၀ | ၄း ၃၁း ၅၉ |
| ၂၀ | ၂၁း ၄၃း ၄၄ | ၂၂း ၀၉း ၀၆ | ၂၀ | ၃း ၂၅း ၄၃ | ၄း ၂၇း ၀၃ |
| ၂၁ | ၂၁း ၃၉း ၄၈ | ၂၂း ၀၅း ၁၀ | ၂၁ | ၃း ၂၁း ၄၇ | ၄း ၂၃း ၀၇ |
| ၂၂ | ၂၁း ၃၅း ၅၂ | ၂၂း ၀၁း ၁၄ | ၂၂ | ၃း ၁၇း ၅၁ | ၄း ၁၉း ၁၁ |
| ၂၃ | ၂၁း ၃၁း ၅၆ | ၂၁း ၅၇း ၁၈ | ၂၃ | ၃း ၁၃း ၅၅ | ၄း ၁၅း ၁၅ |
| ၂၄ | ၂၁း ၂၈း ၀၀ | ၂၁း ၅၃း ၂၂ | ၂၄ | ၃း ၀၉း ၅၉ | ၄း ၁၁း ၁၉ |
| ၂၅ | ၂၁း ၂၄း ၀၄ | ၂၁း ၄၉း ၂၆ | ၂၅ | ၃း ၀၆း ၀၃ | ၄း ၀၇း ၂၃ |
| ၂၆ | ၂၁း ၂၀း ၀၈ | ၂၁း ၄၅း ၃၀ | ၂၆ | ၃း ၀၂း ၀၇ | ၄း ၀၃း ၂၇ |
| ၂၇ | ၂၁း ၁၆း ၁၂ | ၂၁း ၄၁း ၃၄ | ၂၇ | ၂း ၅၈း ၁၁ | ၃း ၅၉း ၃၁ |
| ၂၈ | ၂၁း ၁၂း ၁၆ | ၂၁း ၃၇း ၃၈ | ၂၈ | ၂း ၅၄း ၁၅ | ၃း ၅၅း ၃၅ |
| ၂၉ | ၂၁း ၀၈း ၂၀ | ၂၁း ၃၃း ၄၂ | ၂၉ | ၂း ၅၀း ၁၉ | ၃း ၅၁း ၃၉ |
| ၃၀ | [illegible] ၁၄း ၂၇ | ၂၁း ၂၉း ၄၆ | ၃၀ | ၂း ၄၆း ၂၃ | ၃း ၄၇း [illegible] |



www.burmeseclassic.com

www.burmeseclassic.com



လျောင်းတော်မှ

လွမ်းပွယ်ရီသီ

# ဆဒ္ဒန်လိုဏ်ဂူတော်ဆီသို့ရောက်ခဲ့စဉ်က

စောမိသွင်(ရန်ကုန်)

**ဆဒ္ဒန်လိုဏ်ဂူတော်တည်နေရာ**

ဆဒ္ဒန်လိုဏ်ဂူတော်သည် ကရင်ပြည်နယ် ဘားအံမြို့နှင့် မိုင် (၂၀) ခန့်အကွာ ဇွဲကပင်တောင်မှ ဆက်သွယ်သွားသော တောင်စဉ်တောင်တန်းများ၏ အစွန်ဆုံးသော ကျောက်ဆောင်ကြီးထဲတွင် ဆဒ္ဒန်လိုဏ်ဂူတော်ဟုခေါ်သော ဂူကြီးရှိသည်ဟု ကြားဖူးထားရာ ယခုတော့ တကယ်ရောက်ရှိရတော့မည်။ ကားက တရိပ်ရိပ်ပြေးနေသည်။ အဝေးရှုခင်းများကသာယာလှပသည်။ တံတားများကို လမ်းကြေးများပေးကာ ကျော်ဖြတ်မောင်းနှင်ပြီး ဘားအံသို့ရောက်ရှိခဲ့သည်။

**တွေးတောမိသည့် ဆဒ္ဒန်ဆင်မင်းအကြောင်း**

ဆဒ္ဒန်ဂူသို့မရောက်မီ ဆဒ္ဒန်ဆင်မင်းအကြောင်းကို တွေးနေခဲ့မိပါသည်။ ဟိမဝန္တာတောအတွင်း ဆဒ္ဒန်အိုင်ကိုမှီ၍ နေကြကုန်သော ဆဒ္ဒန်ဆင်မျိုးရှစ်ထောင်တို့၏မင်းဖြစ်သော ဆဒ္ဒန်ဆင်မင်းတွင် မဟာသုဘဒ္ဒနှင့်စူဠသုဘဒ္ဒမိဖုရားနှစ်ပါးရှိရာ စူဠသုဘဒ္ဒသည် ဆင်မင်းက သူ့ကိုပေးသောပန်းတွင် ခါချဉ်ပါသည်ကို ရန်ငြိုးထားကာ ကြာစွယ်ကြာရင်းတို့ကို ရှင်ပစ္စေကဗုဒ္ဓကိုလှူဒါန်းပြီး လိုရာဆုကိုတောင်းကာ စိတ်ဝေဒနာဖြင့် သေလွန်ခဲ့ပါသည်။

ထိုအကြောင်းကိုတွေးမိရင်း စလေဦးပုညရေးသည့် ဆဒ္ဒန်ဆင်မင်း ဝတ္ထုမှ ဆဒ္ဒန်ဆင်မင်းနှင့် သောနုတ္တရမုဆိုးတို့ ပြောဆိုကြသောစကားတို့ကို ပြန်သတိရကာ စိတ်ထဲမှရွတ်ဆိုမိပါသည်။



ဆဒ္ဒန်ဂူမုခ်ဝ



www.burmeseclassic.com

www.burmeseclassic.com

"အချင်းမုဆိုး၊ လူမျိုးတကာ ကြံ့ဌာမရဲ ကြံဝံ့ခဲ့သောအကြံကိုကြံ၍ ငါ့ထံရောက်ဝင် ငါသို့ဆင်ကို အရှင်လတ်လတ် သင်သတ်သည့် အကြောင်းကားဘယ်အကျိုးထူး ကျေးဇူးကြီးမား သင်၌ပွားမည့်အကြောင်း ငါ့အား သင်သတ်ရက်သနည်း"

ဟုမေးတော်မူရာ -

မုဆိုးလည်း -

"ဆင်မင်းထိပ်ခေါင်တင်၊ လူအိုမုဆိုး ကျွန်တော်မျိုးကား ကိုယ်ကျိုးဆန္ဒကိုယ့်ကိစ္စကြောင့်သတ်ရသည်မဟုတ်ပါ။ ကာသိမင်း၏ သက်နှင်းတောင်ညာ သုဘဒ္ဒါဟု အဆာကျယ်လှ ရှင်ဘုရင်မကြီးက မြမရှား စိန်မရှား အလွန်ပင်များလှသည်ကို နားလေးလေဟန် ဆင်စွယ်မှပန်လိုသည်။ သာမန်ဂုဏ်ငယ် ဆင်နက်စွယ်များကိုလည်း နားဝယ်လက်မခံ ညီစော်နံသည်ဟု ရွံသတဲ့ဘုရား။ ထိပ်ထားဘုန်းမော် ဆင်မင်းကျော်၏ စွယ်တော်နှစ်ချောင်း ခြောက်ရောင်မောင်းကိုသာ နားတောင်းပွတ်၍ ဆင်ဝတ်တော်မူလိုသည်။ ဆဒ္ဒန်ဘုန်းကြွယ်ကိုယ်တော်မြတ်အစွယ်ကို နားဝယ်လှလှ မဆင်ရလျှင် စိတ်ချပေရော့ သူသေပါတော့မည်ဟု ရွှေနန်းကြော့ရှင် သူချစ်လင်၏ ရင်ခွင်ကြားမှာခေါင်းထား၍ အသော့ငိုပါရော့ဘုရား။

ပင်ပန်းလိုက်ဖို့ သူမယားငိုတည့်လျှင် ဟိုလူကြီးက ပျာယီးပျာယာ ပဇာအရေး မတွေးမမျှော် ကျွန်တော်ကိုခေါ်ပြီးလျှင် ဟဲ့နေ့ာ်လုဒ္ဒက ဆင်စွယ်ကိုမရလျှင် ဇီဝနတ္ထိ နင်သေမည်သိစုံဟု မင်းသမီးမာန်ဖွဲ့နှင့် အံခဲ၍မိန့်ရာတွင်



ဂူတွင်းရှိဘုရား



ဂူနံရံမှ ကျောက်စိုင်ကျောက်သားများ



ဂူအဝင်အစခရီးမှဘုရားများ



www.burmeseclassic.com

www.burmeseclassic.com



ဂူတော်မှဘုရား



ဆဒ္ဒန်ဂူသို့အတက်ခရီး



ဆင်ပုံသဏ္ဍာန်ကျောက်ပန်းဆွဲ

စေခိုင်းသူ မင်းဧကရာဇ်၊ လေးပစ်သူ ဘုရားကျွန်တော် ကြံဖော်ကြံဖက် သုံးယောက်သားအနက်တွင်မှ ကံကွက်ကျား၍ ငမိုက်သားမုဆိုးလေ နှင့်ချည်းပင်သေပေတော့ဟု ငွေတောင်ကြီးအပါန် ဆဒ္ဒန်မင်းမြတ် ကျွန်တော့်အားသတ်လျှင်လည်း မလွတ်နိုင်ရာ သေရပါတော့မည်”

ဟူသောအပြောကို အလွန်သဘောကျမိပါသည်။

**□ ဆဒ္ဒန်လိုဏ်ဂူတော်သို့သွားသည့်လမ်း**

ယခင်က ဆဒ္ဒန်လိုဏ်ဂူတော်သို့ သွားသည့်လမ်းသည် တောင်ခြေမရောက်မီ ကိုက် (၃၀၀) ခန့်မှာ မြေနိမ့်ပိုင်းဖြစ်ပြီး မိုးအခါရေများရှိနေ၍ လှေ၊ ဖောင်တို့ဖြင့် ဖြတ်ကျော်သွားရသည်။ သက္ကရာဇ် ၁၃၅၇ ခုနှစ်တွင် ဆရာတော် ဦးနန္ဒမာလာ ဦးဆောင်သည့် ကျေးရွာဒကာ၊ ဒကာမတို့၏ လုပ်အားဒါနဖြင့် လူသွားလမ်းတာတမံကြီးဖို့တင်ကြ၏။ ဖို့တင်ထားသောလမ်းတမံ ခိုင်ခံ့ရေးအတွက် ဘေးတစ်ဖက်တစ်ချက်တွင် အမြစ်တွယ်ကောင်းသော သစ်ပင်ကြီးများစိုက်ပျိုးထားကြသည်။ ဆက်လက်၍ ၁၉၉၅ ခုနှစ်တွင် လိုဏ်ဂူတော်သို့ရောက်သည်အထိ ကားလမ်းပြုပြင်ဖောက်လုပ်ခဲ့ရာ ယခုအခါ တောင်ခြေအထိ ကားဖြင့် သွားရောက်နိုင်ကြောင်း သိရပါသည်။

**□ ဆဒ္ဒန်လိုဏ်ဂူတော်သို့ သွားနိုင်သည့်လမ်းများ**

လိုဏ်ဂူတော်သည် ကော့မူးတာကျေးရွာအုပ်စု ကော့ဝါးဆူးရွာအနီးတွင် တည်ရှိ၍ ဇွဲကပင်တောင်အရှေ့ဘက် ကားလမ်း အိန္ဒုရွာမှတစ်ဆင့်သွားလျှင်လည်းရသည်။ ဇွဲကပင်တောင်အနောက်ဘက် ဘားအံ-ဒုံရင်းကားလမ်းမှ လည်းကောင်း၊ မွန်ပြည်နယ်မှ ဂျိုင်း(ဇာသပြင်)တံတားကိုဖြတ်ကျော်၍ ရွှေပြည်တောင်အပါယ်ပိတ်ဘုရားလမ်းခွဲမှလည်း သွားရောက်နိုင်ပါသည်။

ဇွဲကပင်တောင် အရှေ့ဘက်ကားလမ်းတွင် ဘားအံမြို့မှ (၁၃)မိုင်ကွာဝေးသော အိန္ဒုရွာကြီးသို့သွားရောက်ပြီး ထိုရွာကြီးလမ်းခွဲမှ ကော့စိန်ဘန်အထက်ရွာ လာလမလိန်းရွာ၊ ကော့သိန်းခီးရွာတို့ကို ဖြတ်ကျော်ပြီးသွားရောက်နိုင်လေသည်။

ဇွဲကပင်တောင် အနောက်ဘက်ကားလမ်းတွင် ဘားအံမြို့မှ (၁၁)မိုင်ကွာဝေးသော ကော့ထမလိန်းရွာသို့ သွား

ခုသေမလောက် ကျွန်တော်မျိုးကြောက်လှ၍ ဓားအောက်ကသာ အနိုင်နိုင်ခွာပြီးမှ တောမှာပင်သေသေ ဖြစ်လိုရာဖြစ်စေဟု မသွေမဖောက်ဆက်ပါမည်လျှောက်သည်တွင် နှစ်ယောက်စလုံး တပြုံးပြုံးနှင့် အသုံးကံကျွေး ငါးရွာစားပေးပြီးလျှင် ကျေးဇူးရှင်မ သူကိုယ်တိုင်လမ်းပြ၍ ဘုန်းဘုရားစွယ်တော်မြတ်ကို အဖြတ်ကျွန်တော်ရောက်ပါသည်။

အစွယ်ကိုလိုသူမိဖုရား၊ အသွား

www.burmeseclassic.com

ရောက်ပြီး ထိုရွာမှ ဒုံသို့ရွာ၊ ကော့သလို့ရွာ၊ တော့မူးတာရွာကို ဖြတ်ကျော်ပြီး သွားရောက်နိုင်ပါသည်။ ဆဒ္ဒန်လိုဏ်ဂူတော်သို့မရောက်မီ လမ်းမကြီးမှအဝင်တွင် ဆင်ရုပ်ငယ်နှစ်ရုပ်ကို မုခ်ဦးအဖြစ်တွေ့ရသည်။ ရွာလမ်းတွေကိုဖြတ်ကျော်ကာ သွားရသည်။ ကားကိုမြင်တော့ ကလေးများက အိမ်ခြံဝင်းထဲဝင်ပြေးကြသည်။ ရွာလမ်းဆုံတို့တွင် သွားရမည့်နေရာမများရန် လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ထားပါသည်။ ဆဒ္ဒန်ဂူသို့သွားသော တောလမ်းလေးမှာ သစ်ပင်တို့ဖြင့် စိမ်းစိုလှပနေပါသည်။ ဘယ်နေရာကြည့်ကြည့် တွေ့ရှိရသည့် နွား၊ ဆိတ်တို့မှာ ထိုနေရာတွင် မြက်တို့၊သစ်ပင်တို့က စိမ်းလန်းစွာပေါက်နေကြ၍ သူတို့အတွက် အစားအစာပေါ၍ထင့် ဝဖြိုးနေကြသည်။ လမ်းခရီးတွင် အရိပ်အာဝါသကောင်းမွန်၍ ခရီးထွက်ရသည်မှာ အေးချမ်းလှပါသည်။

**□ ဆဒ္ဒန်ဂူအဝမှ ဆင်ဖြူတော်**

ဆဒ္ဒန်လိုဏ်ဂူတော်အဝသို့ရောက်သည်နှင့် မော့၍ကြည့်ရသည့် ဆဒ္ဒန်ဆင်မင်းပုံတူဆင်ဖြူတော်(၂)စီးကို တွေ့ရပါသည်။ ဆင်ဖြူတော်(၂)စီးမှာ အမြင့်ပေ (၁၂) ပေရှိလျက် ကြီးမားခံ့ညားလှသည်။ ထိုဆင်ဖြူတော်ရုပ်တုများကို ဆရာတော် ဦးနန္ဒမာလာလက်ထက်က ထုလုပ်ခဲ့ပြီး မြန်မာနှစ် ၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်နေ့က ဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း လေ့လာသိရှိခဲ့ရသည်။ ဆင်ကြီးများ၏နှာမောင်းမှာ လှုပ်ယမ်းနေသလို ထင်ကြရသည်။

ဆဒ္ဒန်လိုဏ်ဂူတော်အဝမှနေ၍ မြင့်မားလှသော ဆဒ္ဒန်လိုဏ်ဂူကို မြင်ရသည်။ သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်နေကာ ထိုတောင်တော်ပေါ်တွင် တရုတ်စံကားပန်းများပွင့်သော စံကားပင်တောကြီးရှိကြောင်း အဘပြော၍သိရသော်လည်း တောင်တော်ကိုမော့ကြည့်ရာ မြင့်မား၍မတွေ့ရပါ။ အုတ်လှေကားအရှေ့ဘက်တောင်စောင်းနှင့်တောင်ခြေရှိ ပြိုပျက်နေသော အုတ်ရိုးဟောင်းတို့တွင် အုတ်ချပ်ဟောင်းကြီးများကို တွေ့ရှိခဲ့ရသည်။

မုခ်ဦးမှစတက်ကြရပါလာသူများကို အလုပ်ပေးရသည်။

"အုတ်လှေကားအထစ်တွေကိုရေပေးကြပါဦး၊ ဘယ်နှထစ်ဆိုတာ။ ဓာတ်ပုံတွေလည်းကူရိုက်ပေးကြဦးနော်။ ဘယ်ပုံ


ဂူတွင်းမှကျောက်စွယ်များ


ကျောက်ဆူးရွဲ


ဂူတွင်းမှကျောက်ပန်းဆွဲများ


ဂူကြမ်းပြင်မှတောင်ဝှို့သဏ္ဌာန်ကျောက်တိုင်

www.burmeseclassic.com

www.burmeseclassic.com

တွေ့တာထူးဆန်းတာဆို အကုန် ...နော်။ နောက်တစ်ခါလာဖို့ဆိုတာ ...တာမဟုတ်ဘူး။ မလိုချင်တဲ့ပုံတွေ၊ ...နေတဲ့ပုံတွေ ကွန်ပျူတာထဲကျမှဖျက် ...မယ်"

အုတ်လှေကားကို တစ်ထစ်၊ ...ထစ်ဟု တပျော်တပါးရေတွက်ပြီး ...ခဲ့ကြသည်။ လိုဏ်ဂူတော်ဝသို့ ...ရန် အုတ်လှေကားသုံးဆင့်လုပ် ...သည်ကို တွေ့ရပါသည်။ အကျယ် ...ခန့်ရှိသော ပထမလှေကားအကန့် ... လှေကား (၉) ထစ်၊ ဒုတိယအကန့် ... လှေကား (၉) ထစ်နှင့် တတိယ ...တွင် လှေကား(၁၉)ထစ်ရှိသည်။

"မွန်ပြည်နယ်၊ ကရင်ပြည်နယ်က ...တွေက တောင်တွေချည်းတက်ရ ... ဒီထက်အသက်ကြီးရင်မလွယ်ဘူး။ ...နိုင်မှာမဟုတ်ဘူး။ အခုတောင် ...တက်ကြရတာ"

ပြောပြောဆိုဆိုတက်လိုက်ကြရာ ...တော်ဂူဝသည် အမြင့် (၅၀) ပေ ...တွင်တည်ရှိနေသည်။ မုခ်ဦးလှေကား ...တက်လာကြပြီး လှေကားအဆုံးတွင် ...တ်ကမ်းပါးယံမှထိုးထွက်နေသော ...ကျောက်ငူစွန်းတစ်ခုရှိရာ ထိုကျောက်ငူ ...ပေါ်တွင် လျောင်းတော်မူတစ်ဆူကို ...ထားရာ လျောင်းတော်မူဆိုသော် ... ညာဘက်လက်တော်တံတောင် ...ကို ထောက်ထားတော်မူပြီး မျက်နှာ ...မှာ ရှေ့ကိုလှည့်ထားပြီး မတ်မတ် ...ထိုင်ရှုနေဟန် ဖြစ်သည်။ ကိုယ်လုံး ...ပိုင်းမှာ လျောင်းတော်မူဟန်ရှိပြီး ...တော်ထောက်၍ မတ်မတ်ကြီးရှု ... ညာဏ်တော်အမြင့်မှာ(၂၀)ပေခန့် ...။ ရှုတော်မူဟုလည်းခေါ်ကြောင်း ...ရပါသည်။ ရှုတော်မူမြတ်စွာဘုရား ...တော်နှင့်ပတ်သက်၍ ကျောက်ပြား ...ချပ်တွင် ကမ္ပည်းမော်ကွန်းစာရေး ...ထားရာ -

'ရှုတော်မူမြတ်စွာဘုရား မန္တလေး ... အမိ ဒေါ်အမာ၊ ဘားအံမြို့နယ် ...ဝါးဆူးရွာနေ အဖ ဦးအဖူး + အမိ ... ရှောက်ထွေးတို့ကို အမှူးထား၍ ...လေးမြို့ ချမ်းအေးသာဇံမြို့နယ် ...ကောက်ရပ်ကွက် ရွှေယဉ်မွန်ရပ်နေ ...ဒါယကာကြီး ဦးထွန်းနိုင်၊ ဘုရား ...တာမ အဒေး (ခ) ဒေါ်မလေး ...စုကောင်းမှု' ဟူ၍ ဖြစ်ပါသည်။

ဂူအတွင်းသို့မဝင်မီ မုခ်ဦးထိပ်ဈေး ...မှ ဂူအတွင်းတွင်မှောင်၍ လက်နှိပ် ...မှဖြစ်မည်ဆို၍ လက်နှိပ်ဓာတ်မီး ငှားခဲ့ကြသည်။ ဂူအတွင်းမဝင်မီ လိုဏ်ဂူတော်အတွင်း၌ မီးပူဇော်ရန် အလှူငွေ ငါးထောင်သွားလှူကြပါသည်။

ရှုတော်မူရုပ်ပွားတော်တည်ထားရာအနီး မြောက်ဘက် ကျောက်နံရံအမြင့်ကြီးပေါ်တွင် ရှေးဟောင်းကျောက်ကပ်အုတ်ခွက်ဘုရားများ ကပ်လှူထားသောအရာများသာပေါ်နေပြီး အပေါ်အမြင့်ဆုံးနေရာတွင်သာ အုတ်ခွက်ဘုရားများကို ဖူးတွေ့ရပါသည်။

**□ လိုဏ်ဂူတော်ဝဲ၊ ယာရှုခင်း**

ဆဒ္ဒန်လိုဏ်ဂူတော်သည် အကန့်နှစ်ကန့်ရှိကြောင်း တွေ့ရှိရပါသည်။ ပထမအကန့်တွင် လိုဏ်ဂူတော်အဝင်ဝမှ လျောင်းတော်မူရုပ်ပွားတော်ကြီးတည်ရှိရာနေရာအထိတစ်ကန့်နှင့် ထိုလျောင်းတော်မူရုပ်ပွားတော် ခြေတော်ရင်းဘေးမှနေ၍ အနောက်ဘက်အတွင်းသို့ဝင်ကြရာ ဂူအတွင်း တိုးလျှိုပေါက်အထိဝင်၍ရသော အကန့်ရှည်ကြီးအဖြစ် တည်ရှိသည့် တိုးလျှိုပေါက်ဂူကြီး ဖြစ်ပါသည်။ လိုဏ်ဂူတော်၏အဝင်ဝမျက်နှာစာသည် အကျယ်ပေ (၁၀၀) ကျော်ခန့်နှင့် အမိုးအမြင့်မှာ ပေ (၁၀၀) ကျော်ခန့်မြင့်ပါသည်။

"လျောင်းတော်မူရှိတဲ့နေရာအထိဘဲ အလင်းရောင်ရတာ။ လက်နှိပ်မီးမပါဘဲ အထဲကိုဝင်ကြည့်ဖို့မလွယ်ဘူးနော်။ အခု ဘုန်းတော်ကြီးက မီးထွန်းပေးထားလို့သာသွားနိုင်ကြတာ၊ ချော်လဲဦးမယ် သတိထားသွားကြဦး"

တစ်ယောက်နှင့် တစ်ယောက် သတိပေးကြရင်း ဂူတွင်းဝင်ကြရာ လှပဆန်းကြယ်သောပုံစံအမျိုးမျိုး အတွန့်အလိပ် အဖုအထစ်များကို နံရံပေါ်တွင်လည်းကောင်း၊ ဂူအောက်ခြေတွင် လည်းကောင်း၊ ဂူနံဘေးဘက်တွင် လည်းကောင်း ရှုမဆုံးအောင်ပင် မြင်နေကြရသည်။ တချို့နေရာများကား ရေများရှိ၍ ရေထဲဆင်းလျှောက်ကြရပြီး တချို့နေရာများကား အောက်သို့တွဲလောင်းကျနေသော ထုံးကျောက်များအောက်သို့ငုံ့ဝင်ရာ လျှောက်ကြရသည်။ ဂူကြီးကား ကျယ်ဝန်းလှပါသည်။ ကျယ်ဝန်း၍ ရှည်လျားသလို အောက်ခြေသည် ချောနေ၍ လဲမကျအောင် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲကာ လျှောက်ကြရသည်။

**□ ဂူအတွင်း၏ရှုခင်းအစုံစုံ**

ဆဒ္ဒန်လိုဏ်ဂူတော်သည် ထုံးကျောက်တောင်ဖြစ်၍ ထုံးကျောက်ကိုပင်လယ်ရေတိုက်စားရာမှ မညီမညွတ်ဘဲ အတွန့်အလိပ်များ၊ ပန်းဆွဲများ၊ အနီရောင်တောင်ပို့ကဲ့သို့ ပုံသဏ္ဌာန်များ၊ ကျောက်တိုင်များ ပုံစံအမျိုးမျိုးပေါ်ပေါ်နေသောနံရံ၌ တွဲလွဲချိတ်နေသည့် ကျောက်စိုင်ကျောက်သားများကို ခရီးတစ်လျှောက်မြင်ရသည့်အပြင် ဂူအောက်ကြမ်းမြေပေါ်တွင် အနိမ့်၊ အမြင့်မညီမညာဘဲ တချို့သွားရသည့်လမ်းများက ခက်ခဲလှသည်။

လိုဏ်ဂူတော်အတွင်း သဘာဝအတိုင်းတည်ရှိနေသော ကျောက်တုံး၊ ကျောက်ဆောင်၊ ကျောက်ပန်းခက်များသည် ထူးခြားလှပြီး အချို့သော ကျောက်မိုးမျှော်၊ ကျောက်ပန်းဆွဲတို့မှာ ဆင်ခေါင်း၊ ဆင်နှာမောင်းတို့နှင့်တူသယောင်ယောင်ထင်မှတ်ရသည်။ လိုဏ်ဂူအမိုးမျက်နှာကြက်တို့တွင် ဖြူဖွေးသောအရောင်အဆင်းရှိသည့် သဘာဝကျောက်ဆောင်ကျောက်တုံး၊ ကျောက်ပန်းဆွဲများ တွဲလဲခိုနေကြပြီး တချို့ကျောက်ပန်းဆွဲများမှာ မီးရောင်မှိန်မှိန်တွင် အလင်းရောင်များတောက်ပနေသည်။ ဂူအမိုးပေါ်မှကျောက်စက်ရေသည် တစိမ့်စိမ့်ကျနေခဲ့သည်။ ဂူကြမ်းပြင်ပေါ်တွင် ကျောက်မှိုပွင့်များသည် ပျားအုံသဏ္ဌာန်ရှိနေပြီး အရောင်များထွက်နေကြသည်။

ကျောက်သွေးတွင်းအရှေ့တောင်ဘက် ပေ(၁၀၀)ခန့်အကွာတွင်ရှိသော ကျောက်ဆောင်ကြီးတစ်ခုမှာ ဘီလူးခေါင်းသဏ္ဌာန်ပေါ်နေ၍ ဘီလူးခေါင်းတောင်ဟု ခေါ်ကြလေသည်။ ထိုမှဆက်သွားသည့်အခါ မညီညာသော ဂူကြမ်းပြင်တွင် တစ်ပေခန့်အမြင့်ရှိ ကျောက်ငုတ်ချွန်များ တစ်ခုနှင့်တစ်ခု နွယ်ယှက်နေသည်။ လိုဏ်ဂူကျောက်နံရံတစ်နေရာတွင်တော့ ဖြူဖွေးသောကျောက်ဆောင်ကြီးတစ်ဆောင်ကို တွေ့ရသည်။ အမြင့် (၁၅) ပေခန့်ရှိပြီး ထိုတောင်ကြီးမှာ တဖျပ်ဖျပ်အရောင်များထွက်ပြီးလင်းနေပါသည်။ ထိုတောင်ကို စိန်တောင်ဟုခေါ်ကြပြီး အမှောင်ထဲတွင် တဖိတ်ဖိတ်လင်းလက်နေပါသည်။

စိန်တောင်မှ ပေ (၅၀) ခန့်အကွာသို့ရောက်သည့်အခါ အုတ်လှေကားထစ်အတိုင်း ပေ (၃၀) ခန့်ဆင်းရပြီး ထိုလှေကားမှ ပေ (၆၀) ကျော်သို့ရောက်လျှင် ဂူကြမ်းပြင်မှာ ကြမ်းတမ်း၍ ညီညာခြင်းမရှိဘဲ ပျစ်ချွဲချွဲနှင့်ချောနေ၍ ချော်မလဲ

www.burmeseclassic.com

စေရန် တစ်ဦးနှင့်တစ်ဦးတွဲလျှောက်ကြရသည်။ နိမ့်သောနေရာများတွင် ခေါင်းငုံ့ခါးကိုင်းပြီးဝင်ကြရသည်။ လိုဏ်ဂူအနိမ့်ပိုင်းကျသောနေရာ ကျောက်ကမ်းပါးယံကိုမှီ၍ လှေကြီးတစ်ချောင်းဒေါင်လိုက်ထောင်ထားသည်နှင့်တူသော ကျောက်ဆောင်တစ်ခုရှိရာ အမြင့်ပေ (၁၂)ပေခန့်ရှိပြီး အသွား(၁၁)ချောင်းရှိလေသည်။ အောက်ခြေကားပြီး အထက်သို့ရှူးသွားသည့် ကျောက်လှေကြီးရှိသောနေရာသို့ရောက်ရှိပါသည်။ ဤလှေကြီးသည် သောနုတ္တိုရ်မုဆိုးက အလောင်းတော်ဆဒ္ဒန်ဆင်မင်းအစွယ်တော်ကို ဖြတ်ယူသောလှေကြီးဖြစ်သည်ဟု ဆိုကြပါသည်။

ကျောက်လှေကြီးရှိသောနေရာမှ ပေ(၅၀)ခန့်အကွာတွင် ဂူအမိုးမှာ (၈)ပေခန့်သာမြင့်ပြီး ဂူအကျယ်မှာ ပေ(၃၀)ခန့်သာရှိကာ တော်တော်မှောင်ပါသည်။ ထိုနေရာမှဆက်လျှောက်ကြရာ ပေ(၈၀)ခန့်သို့အရောက်တွင် အလင်းရောင်တန်းတစ်ခုသည် အထက်ပေ (၁၀၀) ခန့်မှဝင်လာနေသည်။ မိုးတည့်ပေါက်ဟုခေါ်သော မုဆိုးမြားပေါက်ဟု အမည်ပေးထားသည့် အပေါက်ဝိုင်းရှိနေသည်။ အပေါ်သို့ တက်ကြည့်၍ရသော်လည်း မတက်တော့ဘဲ ခရီးဆက်ခဲ့ကြသည်။

မုဆိုးမြားပေါက်မှ ပေ (၁၅၀) ခန့်အကွာတွင်တော့ ဂူပေါက်ကြီးနှင့်ကပ်လျက် ဂူပေါက်ငယ်တစ်ခုရှိရာ ထိုဂူပေါက်ငယ်မှ ပေ (၅၀) ခန့်ဝင်သွားလေလျှင် ကျောက်ဆောင်ကျောက်သားများ အရောင်တောက်နေသော သမီးတော်ဂူရှိလေသည်။ သမီးတော်ဂူအတွင်းရှိ ကျောက်ဆောင်ကျောက်သားများမှာ နီညိုရောင်၊ ပတ္တမြားရောင်၊ ဆင်စွယ်ကဲ့သို့ဖြူဖွေးသောအရောင်များလည်းရှိပါသည်။

သမီးတော်ဂူမှပြန်ထွက်ကြပြီး ပေ(၂၀)ခန့်အကွာတွင် အလိပ်လိပ်အတွန့်တွန့်ဖြစ်နေသော ကျောက်ကြောရှည်မျောမျောများက ကျောက်ပြားတစ်ချပ်ပေါ်တွင် ပုံလျက်သားမြင်ရသည်။ ထိုအရာဝတ္ထုများကို အလောင်းတော်ဆင်မင်း၏ အူများပုံဟု ဆိုကြပါသည်။ အလောင်းတောင် ဆင်မင်းသည် သောနုတ္တိုရ်မုဆိုးက မြားနှင့်ခွင်း၍ ဝမ်းဗိုက်တော်ပေါက်ပြီး အူများထွက်ကျရာ မသေဆုံးမီ သမီးတော်ခိုအောင်းရာဂူသို့အရောက်ပြန်ခဲ့ရာ ဤနေရာတွင် အသက်ခန္ဓာကြွေခဲ့သည့်အူခွေများပြုတ်ကြွေသောနေရာကို ကျောက်အူခွေဟု အမည်ပေးထားလေသည်။

သမီးတော်ဂူမှ ပေ(၈၀)ခန့်အကွာသို့ရောက်သောအခါ -

"ဒီမှာ ဂဝံကျောက်ဖြုန်းလေးတွေ စပါးစေ့လေးတွေနဲ့တူလို့ ဒီနေရာကို စပါးကျီတောင်လို့ခေါ်ကြတာ။ စပါးကျီထဲကို ကျောက်ဖြုန်းလေးလက်တစ်ဆုပ်လောက်ထည့်ထားရင် ပိုးမကျဘူးတဲ့။ စီးပွားလည်းတက်တယ်တဲ့"

ရောက်ဖူးသူက ရှင်းပြနေစဉ် ဂူအမိုးနှင့်ကျောက်ကမ်းပါးယံတို့၌ လင်းနို့ငှက်များ အတောင်ခတ်သံ၊ ဂူအတွင်းဆူညံသံများကြားရပြီး လင်းနို့ချေး၏ အနံ့အသက်ဆိုးဝါးစွာနံ၍ အလင်းရောင်ရှိသောနေရာသို့ရောက်ရန် အမြန်လျှောက်ကြရသည်။ လင်းနို့ငှက်များရှိသောနေရာမှ ပေ(၅၀)ခန့်ဆက်လျှောက်လျှင် ဆင်ကြီးတစ်ကောင်နှာမောင်းထောင်နေသောသဏ္ဍာန်ပေါ်နေသည့် ကျောက်ရိုးပုံတိုင်ကြီးခြေရင်းသို့ ရောက်လေသည်။ ကျောက်စက်ကျရေမှ ကျောက်မိုးမျှော်အဖြစ် တည်လာပြီး ဂူအမိုးပြင်နှင့်ထိဆက်ကာ ဂူအမိုးကိုထောက်ထားသကဲ့သို့ တည်ရှိနေသည်။ ရှေ့ဆက်သွားကြရာ ပေ(၃၀)ခန့်အကွာတွင် အမြင့် (၅)ပေခန့်ရှိ တောင်ကုန်းကိုတက်ကြရသည်။ ပင်ပန်းလေစွ။

ထိုမှဆက်သွားသည့်အခါ ကုန်းမြင့်လေးအထက်ရှိ ကုန်းထိပ်ကျသောနေရာတွင် ကျောက်တုံးကြီးတစ်တုံးရှိရာ ထိုကျောက်တုံးကြီးပေါ်တွင် မျက်နှာပြင်အကျယ်က သုံးပေခန့်ရှိမည်ဖြစ်သော ခမောက်တစ်ချပ် မှောက်ထားသည့်ပုံရှိသော ကျောက်တုံးရှိလေသည်။ မုဆိုးခမောက်ဟု ခေါ်သည်တဲ့လေ။

မုဆိုးခမောက်မှ ရှေ့ (၁၀) ပေခန့်အကွာတွင် ကြေမွနေသောကျောက်စိုင်ကျောက်ခဲများ မြေ၌စိုက်ဝင်နေသည်။ ထိုအရာဝတ္ထုများသည် အလောင်းတော်မိမိ၏ အစွယ်တော်ကို ကိုယ်တိုင်ဖြတ်ပေးရာ နာကျင်လွန်း၍ အံကြိတ်ပြီး အံသွားများပြုတ်ကြွေသောနေရာဟု ဆိုပါသည်။ အံသွားတော်နေရာမှ ရှေ့ပေ (၅၀) ခန့်တွင် မုဆိုး၏ဒုတိယမြားပေါက်နေရာကိုရောက်ရှိသည်။

"ဒီနေရာကတော့ အလင်းရောင်ကောင်းကောင်းရတယ်နော်။ ကျောက်တိုင်ကြီးကလည်း ကြီးလိုက်တာ ပေ(၃၀)လောက်မြင့်မယ်ထင်တယ်"

"အဲဒါကို ကျောက်မိုးမျှော်တိုင်လို့ခေါ်တယ်။ ဆင်တိုင်လို့လည်းခေါ်တယ်၊ အလောင်းတော် ဆဒ္ဒန်ဆင်မင်း ရေချိုးရေကစားပြီးတိုင်း ကိုယ်ပေါ်မှာတင်ကျန်ရစ်တဲ့ရေကို ပွတ်တဲ့တိုင်လို့ပြောကြတယ်လေ"

ကျောက်မိုးမျှော်ဆင်တိုင်တော်ထိပ်တွင် စေတီတစ်ဆူတည်ထားသည်ကို ဖူးတွေ့ရသည်။ ဆင်တိုင်မှရှေ့ကိုက် (၅၀) ခန့်တွင် တစ်ဖက်သို့ထွက်သောဂူဝပေါက်ကို ရောက်ရှိတော့သည်။ ထိုဂူအဝမှ လှေကားထစ်ပေါင်းများစွာကိုဖြတ်ကျော်ပြီးဆင်းခဲ့ရရာ ပေ (၁၀၀) ကျော်ခန့်တွင် တောင်အောက်မြေပြင်သို့ရောက်ရှိသည်။ မြေပြင်တွင် ကိုးတောင်ပြည့်စေတီတစ်ဆူတည်ထားသည်ကို ဖူးတွေ့ရသည်။

**□ ဆဒ္ဒန်ဂူမှအပြန်ခရီး**

အပြန်တွင် လာလမ်းအတိုင်း ဂူတွင်းဝင်ပြီးမှ ပြန်မထွက်ကြတော့ဘဲ စတက်ခဲ့သော ဆဒ္ဒန်ဂူဝသို့အရောက် လှေဖြင့်ပြန်ခဲ့ကြသည်။ တကယ်တော့ ဆဒ္ဒန်ဂူသည် ဆဒ္ဒန်ဆင်မင်းပျော်စံရာ ရွှေဂူနှင့်စိုးစဉ်းမျှတူ၍ ဆဒ္ဒန်ဂူဟု အမည်ပေးခဲ့ကြောင်း၊ ကရင်ရာဇဝင်တွင် ပအာဝနပြည့်ရှင် ဘုရင်လုဒ္ဒယောရောဇာ ဘုရင်မဖြစ်မီ မုဆိုးဘဝက နားနေခိုအောင်းရာဂူကြီးဖြစ်ခဲ့သည်ဟုဆိုသည်။ ဆဒ္ဒန်လိုဏ်ဂူတော်ကြီးကို ထန့်ကဓာခမိုက်လိုဏ်ဂူတော်ဟုလည်း ခေါ်ဆိုကြောင်းသိခဲ့ရပါသည်။ ဆဒ္ဒန်လိုဏ်ဂူတော်သည် အလျား (၄) ဖာလုံခန့်ရှည်လျားပေသည်။

လိုဏ်ဂူတော်အတွင်း သဘာဝအတိုင်းပေါ်နေသော ပုံသဏ္ဍာန်တို့ကိုအစွဲပြု၍ နှောင်းလူတို့က ဆဒ္ဒန်ဂူဟုခေါ်တွင်လာခြင်း ဖြစ်ပါကြောင်းနှင့် ဘားအံသို့ရောက်ရှိ၍ ဆဒ္ဒန်ဂူသို့သွားမည်ဆိုပါက ရောက်ဖူးသောသူများနှင့်သွားပါမှ အဆင်ပြေပြီး ဘယ်နေရာကဘာဆိုသည်ကိုရှင်းပြပါမှ ပို၍ဗဟုသုတရမည် ဖြစ်ပါသည်။ လိုဏ်ဂူတော်ကပြန်လာခဲ့သော်လည်း ဆဒ္ဒန်ဆင်မင်း၏လွမ်းဖွယ်ကောင်းသော အကြောင်းအရာများနှင့်တူသောထူးဆန်းသည့်ပုံများကို သတိရနေမိပါတော့သည်။

စောမိသွင် (ရန်ကုန်)

ကျမ်းကိုး -

စလေဦးပုည၏
ဆဒ္ဒန်ဆင်မင်းဝတ္ထု
မန်းသင့်နောင်-ကော့ကရိတ်၏
ဆဒ္ဒန်ဂူတော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ မဟာမြတ်ပဋ္ဌာန်း ဆိုသည် အလွန်တန်ခိုးအာနုဘော်ကြီးမား ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်းသိပြီးဖြစ် သည်။ ယုံယုံကြည်ကြည်နှင့် ရွတ်ဖတ် ခြင်းဖြင့် အကျိုးထူးခံစားရပုံများကို ကြားရ၊ ဖတ်ရှုရ၊ မှတ်သားရသည်မှာ မကုန်နိုင်အောင်ရှိခဲ့ပါသည်။ မြတ် ပဋ္ဌာန်း၏ဂုဏ်ရည်မှာ ရေးသား၍မကုန် အောင်ရှိပါသည်။ ယုံကြည်ရိုသေ၊ ရွတ် ဆိုလေ၊ ဘေးရန်ငြိမ်းပျောက်၊ တန်ခိုး ထက်လျက်၊ လင်းလက်ကောင်းကျိုး ချမ်းမိမ်အနန္တတို့ကို ဖွံ့ဖြိုးတိုးတက် ဆည်တုံနိုင်သော ပဋ္ဌာန်းပါဠိတော်ဟူ၍ ကျော်ကြားလှပါသည်။ အလွန်တန်ခိုး ကြီးပါသည်ဟု ကြားရမှတ်သားရသော် လည်း ကိုယ်တိုင်မြင်တွေ့လိုက်ရသော အခါ အလွန် ထူးခြားဆန်းကြယ်သော မြတ်ပဋ္ဌာန်း၏အစွမ်းကို ကြားရသည် ထက် ပိုမိုခံစားခြင်းကြောင့် မရေးသား ဘဲမနေနိုင်အောင် ဖြစ်ပေါ်ရသဖြင့် အားလုံးသိရှိစေရန် တင်ပြလိုက်ရပါ သည်။

ကျန်းမာရေး၊ ပညာရေးနှင့် လိုအင်ဆန္ဒ များပြည့်ဝကြောင်း တွေ့ရမြင်ရပါသည်။

ယခုမိတ်ဆွေတစ်ဦး၏အဖြစ်မှာ အလွန်ပင်အံ့သြစရာကောင်းလှပါသည်။ ဆေးကုသ၍မရနိုင်သော၊ အသက်ရှင် ရန် အခွင့်အရေးမရှိတော့သော၊ အားလုံး က လက်လျှော့ထားသော ဝေဒနာကို ခံစားနေရပြီး ပဋ္ဌာန်း၏တန်ခိုးတော်ဖြင့် အသက် ပြန်လည် ရှင်သန်လာသည်ကို မျက်ဝါးထင်ထင် တွေ့လိုက်ရသဖြင့် ပဋ္ဌာန်း၏ဂုဏ်ရည်ကို ယုံကြည်ကြစေ ချင်လွန်းသောဆန္ဒကြောင့် ရေးသား တင်ပြလိုက်ရပါသည်။

မိတ်ဆွေဦးမောင်မောင်ကြီးသည် အငြိမ်းစားယူပြီးနောက် ကျောကုန်းတွင် ဘုတစ်ခုထွက်လာသည်။ ဘုမှာ တစ်စ တစ်စကြီးလာပါသည်။ ဆီးသီးလောက် အရွယ်မှ လိမ္မော်သီးအရွယ်လောက် ဖြစ် လာသည်။ ပက်လက်အိပ်၍မရသဖြင့် ဒုက္ခရောက်ရသဖြင့် အရိုးကုဆေးရုံသို့ တင်လိုက်ရပါသည်။ ဆရာဝန်များက အစွမ်းကုန်ခွဲစိတ်ကုသပေးသော်လည်း မိပါသည်။ လပြည့်နေ့တွင် ဝေဠုဝန် ကျောင်းတွင် ဆွမ်းကျွေးရှိသဖြင့် အဖေ က ဖိတ်ခိုင်းလိုက်ကြောင်း ပြောပြီးပြန် သွားပါသည်။ ဦးမောင်မောင်ကြီးကိုယ် တိုင် အလှူလုပ်မည်ဖြစ်၍ မဖြစ်မနေ သွားခဲ့ရသည်။ ဦးမောင်မောင်ကြီးကို မည်သည့်ပုံစံဖြင့် တွေ့ရမည်ကို စိုးရိမ် စိတ်ဖြင့်သွားခဲ့ရသည်။

ဝေဠုဝန်ကျောင်းသို့ဝင်လိုက်သည် နှင့် အလွန်ပင် အံ့သြဝမ်းသာမိပါသည်။ ဦးမောင်မောင်ကြီးကိုယ်တိုင် စာရေးသူ ကိုထွက်ပြီးကြိုဆိုကာ လက်ကိုဆွဲ၍ ကျောင်းထဲသို့ဝင်ခဲ့ရသည်။ ဦးမောင် မောင်ကြီးမှာ လူကောင်းပကတိ ကျန်းကျန်းမာမာ လန်းလန်းဆန်းဆန်း သွက်သွက်လက်လက် တွေ့လိုက်ရပါ

# ကောင်းသော

## ပြန်သွားလမ်း မြတ်ပဋ္ဌာန်း အစွမ်းထက်ပါသည်



မြတ်ဗုဒ္ဓသည် ပဋ္ဌာန်းကျမ်းကို ဆင်ခြင်တော်မူစဉ် ကိုယ်တော်မှ ရောင် ခြည်တော် (၆) သွယ်တို့ ကွန့်မြူးခဲ့သည်။ အဆုပ် (၈) မျက်နှာ အပိုင်းအခြားမရှိ ထွန်းလင်းတောက်ပကာ အနှိုင်းမဲ့ သဗ္ဗ ညုတဉာဏ်ကွန့်မြူးခဲ့သည်။ မြတ်ဗုဒ္ဓ သည် နတ်ပြည်တွင် ဝါတွင်းသုံးလ ကာလ နတ်ဗြဟ္မာတို့ကို ပဋ္ဌာန်းကျမ်း အား ဟောကြားခဲ့သည်။ ပဋ္ဌာန်းကျမ်း ကို ဟောကြားအပြီး စကြဝဠာတိုက် တစ်သောင်းမှ နတ်ဗြဟ္မာကုဋေပေါင်း နှစ်သောင်းကျော် ကျွတ်တမ်းဝင်ခဲ့ကြ သည်။ သောတာပန်၊ သကဒါဂါမိတည် ကြတုန်သည်။ မြတ်ဗုဒ္ဓ၏ ထိုပဋ္ဌာန်းကို ရွတ်ဆိုပူဇော်သူတိုင်း ကောင်းကျိုးချမ်း သာရကြသဖြင့် နေရာအနှံ့ ပဋ္ဌာန်းရွတ် သံများ ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲခဲ့ကြသည်။ မြို့တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်း ရွတ်ကြ သည်။ စာရေးသူကိုယ်တိုင်လည်း ယုံယုံ ကြည်ကြည် ရွတ်ဆိုခဲ့သဖြင့် အောင်မြင် မှုများ ရရှိခံစားခဲ့ဖူးပါသည်။ ရွတ်ဆို ပူဇော်ကြသူတိုင်းလည်း စီးပွားရေး၊

ဝေဒနာမသက်သာခဲ့ပါ။ မြစ်ပွားနာဟု သိလိုက်ရသဖြင့် တစ်အိမ်သားလုံး ငိုယို နေကြသည်။ နောက်ဆုံးတွင် ဆရာဝန် က လူပြည်တွင် နေရဖို့ရက်မရှိတော့ ကြောင်းနှင့် ထိုင်းနိုင်ငံသို့ သွားရောက် ကုသမှုခံယူသင့်ကြောင်း အကြံပေးကြပါ သည်။ ဦးမောင်မောင်ကြီးကလည်း သူ ၏ ဝေဒနာကိုသူရိပ်မိသဖြင့် ဆေးရုံမှ ဆင်းရန်ပြောပြီး အိမ်သို့ပြန်ခေါ်ခဲ့ကြ သည်။ စာရေးသူလည်း ဦးမောင်မောင် ကြီးထံမသွားနိုင်ခဲ့သဖြင့် သတင်းကိုသာ မေးနေရသည်။ အများပြောချက်အရ နေ့လား၊ ညလားအထိပင် စိုးရိမ်ရ ကြောင်း သိရသဖြင့် မိုးလင်း၍ သတင်း စာလာတိုင်း နာရေးကြော်ငြာကို ဂရု စိုက်ဖတ်နေရသည်။ သတင်းဆိုးကို ဘယ်နေ့ကြားရလေမလဲဟု ရင်တထိတ် ထိတ်ရှိနေရပါသည်။ တစ်ပတ်လည်း သတင်းမထူး၊ တစ်လလည်း သတင်း မထူးနှင့်ခြောက်လခန့်ကြာသွားပါသည်။

တစ်နေ့ ဦးမောင်မောင်ကြီး၏ သား အိမ်သို့ရောက်လာသဖြင့် ရင်ထိတ်



www.burmeseclassic.com

www.burmeseclassic.com

သည်။ဦးမောင်မောင်ကြီးက သူကျန်းမာလာကြောင်း ပြောပြပါသည်။

"ငါ မသေဘူး၊ ရေကူးတတ်တယ်လို့ ပြောရတော့မယ်။ တစ်လောကလုံးက သေမယ်လို့ပြောကြပေမယ့် ငါမသေဘူး။ တကယ်တော့ ငါ့အသက်ကို ကယ်လိုက်တာ ဒီစာအုပ်ပဲ။ ဒါကြောင့် ဒီနေ့ ငါ့မွေးနေ့မှာ ဆွမ်းကျွေးလာသမျှလူတွေကို စာအုပ်ဓမ္မဒါနပေးတယ်။ ရော့ - မင်းအတွက် စာအုပ်ထဲမှာပါတဲ့အတိုင်း အဓိဋ္ဌာန်လုပ်ပါကွာ။ အဓိဋ္ဌာန်လုပ်ရင် မင်းရဲ့ဆန္ဒတွေအားလုံး ပြည့်စုံသွားလိမ့်မယ်"

ဦးမောင်မောင်ကြီး ပေးသည့် စာအုပ်မှာ အလျား (၁၂) လက်မ၊ အနံ (၈) လက်မရှိ ပဋ္ဌာန်းပါဠိတော်စာအုပ်ဖြစ်သည်။ ပစ္စယဥဒ္ဒေသပစ္စယနိဒ္ဒေသဟု အဖုံးတွင် ရေးသား ဖော်ပြထားပါသည်။ အတွင်းစာသားများမှာ စာလုံးကြီးများဖြင့် ရိုက်နှိပ်ထားသဖြင့် မျက်မှန်သမားများအတွက် မျက်မှန်လွတ်ဖတ်နိုင်ပါသည်။ ဦးမောင်မောင်ကြီးက ဆက်၍ပြောပါသည်။

"ဒီစာအုပ်က ကြည့်ရင်တော့ ပဋ္ဌာန်းပါဠိတော်ပဲ။ ထူးခြားတာက အဓိဋ္ဌာန်နဲ့ရွတ်ဖို့ လမ်းညွှန်ထားတယ်။ အဓိဋ္ဌာန်နဲ့ ရွတ်ဆိုသူတိုင်း အောင်မြင်မှုရကြတယ်။ ဒီစာအုပ်ကိုပေးတဲ့ ဆရာတော်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာအရှင်ဘဒ္ဒန္တကုမရာရဲ့ တပည့်ရင်းပဲ။ ဗန်းမော်ဆရာတော်ကြီးကိုယ်တိုင် အဓိဋ္ဌာန်ပြီးပြီ။ သူ့ရဲ့ကျောင်းဟောင်းကြီးကို ပြင်ဆင်ချင်လို့ ပဋ္ဌာန်းပါဠိတော်ကို အဓိဋ္ဌာန်နဲ့ ရွတ်ဆိုခဲ့တာ အဓိဋ္ဌာန်အောင်မြင်ပြီး ကျောင်းကြီးပြင်ဆင်ပြီးတဲ့အပြင် လိုအင်ဆန္ဒမှန်သမျှအားလုံး ပြည့်စုံသွားပြီလို့ ဆရာတော်က အမိန့်ရှိလိုက်တယ်။ ငါဒီဝေဒနာခံစားနေရတော့ အသက်ရှင်မယ်လို့ ဘယ်သူကမှ မပြောတော့ဘူး။ ဆရာဝန်တွေက လက်လျှော့လိုက်ကြပြီ။ အိမ်သားတွေမှာ မျက်ရည်နဲ့မျက်ခွက်ပဲ။ အဲဒီအချိန် ငါ ကိုးကွယ်တဲ့ဆရာတော်ဆီ ရောက်သွားတော့ ဆရာတော်က ဒီစာအုပ်ပေးလိုက်တယ်။ စာအုပ်ဖတ်ပြီး သဘောကျတာနဲ့ စာအုပ်ထဲကအတိုင်း တစ်လ အဓိဋ္ဌာန်ပြီး ပဋ္ဌာန်းရွတ်လိုက်တယ်။ ဘယ်လိုမှမသွားတော့ဘူး။ ဘယ်ဆရာကိုမှ မပြတော့ဘူး။ သေချင်သေပါစေ၊ ပဋ္ဌာန်းကိုပဲရွတ်ရင်း သေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တစ်လ အဓိဋ္ဌာန်ရွတ်တာနဲ့ ဝေဒနာသက်သာတယ်။ နောက်တစ်လ ဆက်ပြီး အဓိဋ္ဌာန်တယ်။ အများကြီးသက်သာတယ်။ တစ်လပြီး တစ်လ ဆက်ဆက်ပြီး အဓိဋ္ဌာန်နဲ့ပဋ္ဌာန်းရွတ်လိုက်တာ ခြောက်လကြာတော့ အနာက ရှာမတွေ့အောင် ပြားချပ်ပြီး ပျောက်သွားတယ်။ အခုဆို သွားနိုင်လာနိုင်စားနိုင်သောက်နိုင်ဒေါင်ဒေါင်မြည်ပဲ။ ဒါကြောင့် လူတိုင်း လိုအင်ဆန္ဒ ပြည့်ဝစေဖို့ ဒီစာအုပ်ကို ဓမ္မဒါနပေးဝေလိုက်တာပဲ"

စာရေးသူအလွန်ကြည်ညိုရသော ဗန်းမော်ဆရာတော်ဘုရားကြီးကိုယ်တိုင် အဓိဋ္ဌာန်အောင်မြင်ခဲ့သည်ဆို၍ စိတ်ဝင်စားမိခဲ့ရာ ဦးမောင်မောင်ကြီးကို ကျန်းမာစွာ ပြန်လည်တွေ့လိုက်ရသဖြင့် အလွန်အားရကျေနပ်ရပါသည်။ စာအုပ်ကိုလည်း လေးလေးစားစားဖတ်ကြည့်ရာ ပဋ္ဌာန်းပါဠိတော်ကို တစ်လအဓိဋ္ဌာန်ရန် ဖော်ပြထားပြီး အဓိဋ္ဌာန်ရာတွင် အဓိက အချက် (၁၁) ချက်ကို တွေ့ရသည်။ မိမိအလိုဆန္ဒရှိရာတစ်မျိုးကို အဓိဋ္ဌာန်ပြီး ဆုတောင်းက ပြည့်ဝကြောင်းသိရပါသည်။ အဓိဋ္ဌာန်ကို သတ်မှတ်ထားသောအချက်များအတိုင်း မပျက်မကွက် ဆောင်ရွက်နိုင်ရန် အောက်တွင် ဖော်ပြလိုက်ပါသည်။ လိုအင်ဆန္ဒကိုတစ်ကြိမ်အဓိဋ္ဌာန်ပါက တစ်ခုသာတောင်းခံ၍ ပဋ္ဌာန်းပါဠိတော်ကို နေ့စဉ် မပျက်မကွက်ရွတ်ဆိုပူဇော်ရမည် ဖြစ်ပါသည်။

၁။ ပဋ္ဌာန်းရွတ်ဆိုရာတွင် စံချိန်ကိုက် ရွတ်ဆိုပူဇော်ရမည်။ တစ်လတိတိ မပျက်မကွက်ရွတ်ဆိုမည်ဟု အဓိဋ္ဌာန်ရမည်။

၂။ ပဋ္ဌာန်းမရွတ်ဆိုမီ တစ်ကိုယ်လုံး ကိုယ်ရောစိတ်ပါ သန့်ရှင်းစွာထားရမည်။

၃။ သစ္စာပြုရန်နှင့် တရားနာမည့်သူများကို ပင့်ဖိတ်ရမည်။

ပဋ္ဌာန်းမရွတ်မီ သစ္စာပြုရာတွင် ယနေ့မှစ၍ ပဋ္ဌာန်းပါဠိတော်ကို နေ့စဉ် မပြတ် တစ်လတိတိ ရွတ်ဆိုပူဇော်ရန် အဓိဋ္ဌာန်ပါသည်။ ယခုအချိန်မှစ၍ မြတ်ဗုဒ္ဓကို ပဋ္ဌာန်းပါဠိတော် ရွတ်ဆိုပူဇော်တော့မည်ဖြစ်၍ ကိုယ်စောင့်နတ်၊ နေရာစောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရပ်ကွက်စောင့်နတ်၊ မြို့စောင့်နတ် အစရှိသော နတ်ဒေဝါအပေါင်းတို့သည်လည်းကောင်း၊ ဤနေရာ၊ ဤဌာန၊ ဤဝန်းကျင်အတွင်း ရှိသမျှသော နတ်ဒေဝါအပေါင်း၊ ဥစ္စာစောင့်၊ သိုက်နန်းရှင်၊ ဘုမ္မိရပ်ပုဂ္ဂိုလ်အပေါင်း၊ အမနုဿပေတ၊ ယက္ခတစ္ဆေ မြေဖုတ်ဘီလူးမှစ၍ အားလုံး မကျွတ်မလွတ်ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် လည်းကောင်း၊ ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ၊ ကုဝေရနတ်မင်းကြီးလေးပါးစသည်ဖြင့် (အခြားဖိတ်သင့်သူများရှိပါက နာမည်တပ်၍ဖိတ်ရန်) ပဋ္ဌာန်းတရားတော်ကို လာရောက် နာကြားကြရန် ဖိတ်ခေါ်အပ်ပါသည်။ ပဋ္ဌာန်းပစ္စယုဒ္ဒေသပစ္စယနိဒ္ဒေသပါဠိတော်ကို ကောင်းမြတ်သောအချိန်အခါဖြစ်သည့် ယခုအချိန်မှစ၍ ဟေတုပစ္စယောမှ စတင်ရွတ်ဆိုပါမည်။ ရွတ်ဆိုပြီးပါက အားလုံးကို အမျှပေးဝေမှာ ဖြစ်ပါသည်။

၄။ နတ်ပြဟ္မာများကို ပါဠိဘာသာဖြင့် ဖိတ်ကြားရပါမည်။

က။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ခ။ သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တုဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ သုဏန္တု သဂ္ဂ မောက္ခဒံ။

ဂ။ ဓမ္မဿဝနကာလောအယံဘဒန္တာ (သုံးခေါက်ရွတ်ရန်)

ဃ။ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၅။ မေတ္တာသုတ်ကို တစ်ခေါက် အစ အဆုံးရွတ်ရမည်။

၆။ ပဋ္ဌာန်းပါဠိတော်ကို ပစ္စယုဒ္ဒေသနှင့် ပစ္စယနိဒ္ဒေသပါဠိတော်ကို အစမှအဆုံးအထိ ရွတ်ဆိုရမည်။

၇။ ပဋ္ဌာန်းပါဠိတော် ရွတ်ဆိုပြီးပါက ဆုတောင်းမေတ္တာပို့ရမည်။
ဘဝတု သဗ္ဗမင်္ဂလံ
ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါ နုဘာဝေန၊
သဗ္ဗဓမ္မာ နုဘာဝေန၊
သဗ္ဗသံဃာ နုဘာဝေန၊
သဒါသုခီ ဘဝန္တုတေ။
သဒါသုခီ ဘဝန္တုမေ။

၈။ မေတ္တာသုတ်တော်လာ မေတ္တာပွား နည်း (၁၁) နည်းဖြင့် မေတ္တာပို့ရ မည်။
လုံးစုံများစွာ သတ္တဝါ ချမ်းသာ ကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်အေး ငြိမ်း အေးကြပါစေ။



www.burmeseclassic.com

www.burmeseclassic.com

ကြောက်တတ်၊ မကြောက်တတ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဝေးနေ၊ နီးနေ နှစ်ထွေများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဘဝဇာတ်ဆုံး မဆုံးများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ရှည်တိုအလတ်သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ကြီးငယ်အလတ် သုံးရပ်ခန္ဓာ သတ္တဝါချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

ဆူကြုံအလတ် သုံးရပ်ခန္ဓာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ။

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ။

အထင်သေးခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။

ဆင်းရဲလိုခြင်းအချင်းချင်း ကင်းရှင်းကြပါစေ။

၉။ အမျှဝေရမည်။

ဤသို့ပြုရ မြတ်ပုညကို၊ ကြီးထမြင့်ခေါင် မြင့်မိုရ်တောင်ဦး၊ မကကြူသား၊ ကျေးဇူးအရှင် မွေးမိခင်နှင့် ဖခင်တို့အား၊ ရခြားပါစေ အမျှဝေ၏။

မိတ္တဆွေညာ၊ ဆရာသမား၊ ဘိုးဘွားတစ၊ ယမရာဇာ ဒေဝါယက္ခ၊ ကုန္တဘုမ္မာ၊ အာကာသနတ်၊ အထူးမှတ်၍၊ မပြတ်ညာ ကုသလကို၊ ရကြပါစေ အမျှဝေ၏။

သဗ္ဗေသတ္တာ သတ္တဝါဟု၊ နာနာလောကအနန္တတွင် မပြတ်စဉ်ကာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ ဝေနေယျအား၊ အမျှကုသိုလ် ပေးဝေလို၏၊

ထိုကုသလဤပုညကို အမျှရကြသည် ဖြစ်စေသော်ဝ်။

ဝသုန္ဓရေ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှုတည်စေသော်ဝ်။

အားလုံး ကြားကြားသမျှ အမျှအမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု၊ သာဓု၊ သာဓု။

သုံးကြိမ် အမျှပေးရမည်။

၁၀။ အဓိဋ္ဌာန်အတွက် ဆုတောင်းရမည်။

ပဋ္ဌာန်းပါဠိတော်ကို ယနေ့အဓိဋ္ဌာန်အဖြစ် ရွတ်ဆိုပူဇော်ခဲ့ပြီးပါပြီ။ ဤစကားသည် မှန်ကန်သောစကားဖြစ်ပါသည်။ ဤသစ္စာစကားကြောင့် လည်းကောင်း၊ ပဋ္ဌာန်းပါဠိတော်၏ တန်ခိုးရှိန်စော်အာနုဘော်ကြောင့်လည်းကောင်း ရွတ်ဖတ်ပူဇော်ရသောကုသိုလ်၊ နာကြားရသောကုသိုလ်ကြောင့် တပည့်တော်၏ (×××)လိုအင်ဆန္ဒပြည့်ဝရပါလို၏ အရှင်ဘုရား။ (မိမိလိုသောဆုကိုတောင်းခံရန်) ဖြစ်ပါသည်။

၁၁။ ဖိတ်ကြားထားသူများကို ပြန်ပို့ရမည်။

နတ်ပြဟ္မာများနှင့် မိမိပင့်ဖိတ်၍ တရားနာကြားရန် ရောက်လာသူများကို လူတို့၏ ဘုံဗိမာန်နေရာ ဌာနအသီးသီး ပြန်လည်ကြွကြပါရန် မေတ္တာရပ်ခံရမည်။

ဧတ္တာဝတာစ အမှေဟိ၊
သမ္ဘတံ ပုညသမ္ပဒံ၊
သဗ္ဗေ ဒေဝါ နုမောဒန္တု၊
သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။
ဒါနံ ဒဒန္တု သဒ္ဓါယ၊
သီလံရက္ခန္တု သဗ္ဗဒါ။
ဘာဝနာဘိရတာဟောန္တု၊
ဂစ္ဆန္တု ဒေဝတာဂတာ။

အထက်ပါ အဓိဋ္ဌာန်ကို သာမန်ရွတ်ဆိုခြင်းမျိုးမဟုတ်ဘဲ အဓိဋ္ဌာန်အောင်မြင်ပြီး မိမိ၏ လိုအင်ဆန္ဒ မုချပြည့်ဝရမည်ဟု ခိုင်မာသော ယုံကြည်ချက်ဖြင့် ရွတ်ဖတ်ပူဇော်ရမည်။ အကယ်၍ ချို့ယွင်းမှုရှိခဲ့၍ တစ်လနှင့်အဓိဋ္ဌာန်မအောင်မြင်သေးပါက တစ်လပြီးတစ်လ ဆက်လက်ကြိုးစားပါက မုချအောင်မြင်မည် ဖြစ်ပါသည်။ အထက်ပါ (၁၁) ချက်နှင့် စံချိန်ကိုက် ရွတ်ဆိုပူဇော်ပါက မအောင်မြင်သူမရှိပါ။ ရာနှုန်းပြည့်အောင်မြင်ကြောင်းသိရပါသည်။ ပဋ္ဌာန်းပါဠိတော်ကို နေ့စဉ်ရွတ်ဆိုခြင်းဖြင့် အောက်ပါအကျိုးထူးများ ခံစားရရှိနိုင်ပါသည်။

၁။ ရင်ဆိုင်တွေ့ကြုံနေရသည့် ဘေးအန္တရာယ်အသွယ်သွယ်မှ လွတ်မြောက်နိုင်ခြင်း။
၂။ ကျရောက်လတ္တံ့သော ဘေးအန္တရာယ်အပေါင်းမှကင်းဝေးနိုင်ခြင်း။
၃။ အပြစ်ကင်း၍ ကောင်းကျိုးပွားသည့် ဆောင်ရွက်ချက်ကိစ္စအဝဝတို့ ပြီးစီးအောင်မြင်ခြင်း။
၄။ အပြစ်ရှိ၍ မကောင်းကျိုးဖြစ်စေမည့် ကျူးလွန်ခြင်းတို့မှ ရှောင်လွှဲနိုင်ခြင်း။
၅။ အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်သို့ မျက်မှောက်ပြုရခြင်း။

ရရှိမည့်အကျိုးကျေးဇူးများတွင် အမှတ်စဉ် (၁) မှ (၄) အထိသည် လောကီကောင်းကျိုးများဖြစ်ပြီး အမှတ်စဉ်(၅)သည် လောကုတ္တရာကောင်းကျိုးဖြစ်ပါသည်။ ပဋ္ဌာန်းပါဠိတော်ကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အထက်ပါ ကောင်းကျိုးများအပြင် နိဗ္ဗာန်အထိရောက်နိုင်ကြောင်း ဗန်းမော်ဆရာတော်ကြီး၏ ကျမ်းစာအုပ် ထုတ်နုတ် တင်ပြလိုပါသည်။ ပဋ္ဌာန်းပါဠိတော်နှင့်ပတ်သက်၍ အဆင့်(၄)ဆင့်ကို ဖော်ပြထားပါသည်။

**ပထမအဆင့်။** ။ နားကိစ္စဖြစ်သည်။ ပဋ္ဌာန်းရွတ်သံကြားက နားထောင်ရပါမည်။ နားနှင့်ကြားနာရုံဖြင့် အကျိုးရှိနိုင်ပါသည်။

**ဒုတိယအဆင့်။** ။ ပါးစပ်ကိစ္စဖြစ်သည်။ ပါးစပ်နှင့် ကိုယ်တိုင်ရွတ်ဆိုပူဇော်ပါက ပိုမိုအကျိုးရှိနိုင်ပါသည်။

**တတိယအဆင့်။** ။ စိတ်ကိစ္စဖြစ်သည်။ စိတ်ဖြင့် အဖန်ဖန်စဉ်းစားဆင်ခြင်ခြင်းဖြင့် အကျိုးဖြစ်စေပါသည်။

**စတုတ္ထအဆင့်။** ။ ပညာကိစ္စဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ပညာဉာဏ်ဖြင့် မြင်အောင်ရှုကြည့်ရန် ဖြစ်ပါသည်။

အထက်ပါ အဆင့် (၄) ဆင့်ဖြင့် နိဗ္ဗာန်သို့ရောက်ရှိရန်အတွက် အောက်ပါဉာဏ်လေးပါးကို ရရှိမည်ဖြစ်ပါသည်။

၁။ နာမရူပပရိစ္ဆေဒဉာဏ် -
ရုပ်တရား၊ နာမ်တရားတို့ကို ခွဲခြားသိမြင်သောဉာဏ် ဖြစ်သည်။

၂။ ပစ္စပရိဂ္ဂဟဉာဏ် -
အကြောင်းတရားကြောင့် အကျိုးတရားဖြစ်နေကြောင်း ထင်ရှားအောင်

www.burmeseclassic.com

# လေနာအတွက်ဆေးတစ်ခွက်

(၆၂) ကြိမ်မြောက် မဟာစည်သြဝါဒခံယူပွဲကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာမှာ ဦးမွတ်တားနဲ့ ကျွန်တော်ရောက်ဖြစ်သလို ခုတစ်ခါ ၂၀၁၃၊ ဒီဇင်ဘာမှာ ကျင်းပတဲ့ (၆၄) ကြိမ်မြောက် မဟာစည်သြဝါဒခံယူပွဲကို ဦးမွတ်တားနဲ့ ရောက်ခဲ့ခြင်းပါ။ ဦးမွတ်တားက ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) နေပြည်တော် အောင်ဇမ္ဗူ (ပြန်ကပြေး)မှာရှိစဉ်ကတည်းက ဝတ်ကြီးဝတ်ငယ်ပြုစုတဲ့ ငယ်တပည့်ရင်းဖြစ်တော့ကာ သြဝါဒခံယူပွဲကို ရောက်ဖြစ်တာ နှစ်ပေါင်း (၂၀) ကျော်ရှိပြီလို့သိရပါတယ်။

ညောင်ပင်ကြီးစုအုပ်စုနဲ့ဓမ္မဗိမာန်ကြီးမြေညီထပ်မှာ ညပိုင်းထပ်ဆုံချိန်တော့ ကိုဝင်းရွှေက လေနာဆေးနည်းကို ထပ်ပြောပြပြန်ပါတယ်။

"ဆရာကြီးလေနာဖြစ်ဖူးလား"

"မဖြစ်ဖူးပါဘူး"

"လေနာဆိုတာ အတော်နဲ့အမြစ်မပြတ်တတ်ဘူးဗျ။ လေနာရှိတဲ့လူဟာ လေနာထပြီဆိုရင် အလွန်ကြောက်စရာကောင်းအောင်နာတာ။ ကျွန်တော်တို့ညောင်ပင်ကြီးစုရွာက ကိုတင်မောင်ဆိုရင် လေနာထတိုင်းအထိမခံနိုင်အောင်နာတယ်လို့ သိရတယ်ဗျ။ ကျွန်တော်နဲ့တော့ မတိုက်ဆိုင်ပါဘူး။ ကျွန်တော်ကြားဖူးထားတဲ့ လေနာပျောက်တဲ့ဆေးနည်းတော့ရှိတယ်။ ဒါပေမယ့် အခုခေတ်လို တိုးတက်နေတဲ့ခေတ်ကြီးမှာ လူအများစုက အင်္ဂလိပ်ဆေးကို အားကိုးကြတာကိုး။ ဒီတော့ လူချင်းရင်းနှီးနေပေမယ့်လည်း မပြောရဲဘူးဗျ

တစ်နေ့မှာတော့ တိုက်တိုက်ဆိုင်ဆိုင်ဆိုတာလို သူတို့အိမ်ဘက်အရောက်မှာ ကိုတင်မောင် လေနာထနေတာနဲ့ သွားကြုံတယ်။ 'အောင်မလေး' တောင် မအော်နိုင်ရှာဘဲ ချွေးတွေပြန်ပြီး လေးဖက်ဝပ်အနေအထားနဲ့သက်သာအောင်နေနေတာတွေ့ရတယ်။ ဒီတော့ သူ့မိန်းမကို ဘာဆေးတိုက်ပြီးပြီလဲမေးတော့ မတိုက်ရသေးဘူးဆိုတာနဲ့ ကျွန်တော်က 'ငါ့မှာ လေနာပျောက်ဆေးနည်းရှိတယ်။ သောက်မှာလား' လို့ မေးတော့ တင်မောင်က ခေါင်းညိတ်ပြတာနဲ့ ကျွန်တော် အိမ်အမြန်ပြန်ပြီး အဲဒီလေနာဆေးအတွက် ပစ္စည်းတွေ အသင့်ဆောင်ထားတော့ကာ ခဏနဲ့ဖော်ယူလာပြီး တင်မောင့်ကို တိုက်ကျွေးလိုက်ပါတယ်။

သိပ်မကြာပါဘူး၊ ခဏရယ်ပါ။ တင်မောင်ထထိုင်နိုင်လာပြီး ကျေးဇူးတင်ကြောင်းပြောတယ်ဗျ။ ဒီကောင်ကျုပ်ရဲ့မြန်မာ့ဆေးမြီးတိုကို အတော်ယုံသွားတယ်။ လေနာဆိုတာ သေလုအောင်နာတာဆိုတော့ ဝေဒနာပျောက်တော့ ဝမ်းမသာရှိမလားဗျာ။ ဒါနဲ့ ဆေးနည်းတောင်းတာနဲ့ ကျွန်တော်ပေးလိုက်တယ်။

ဆေးနည်းက ဘာခက်တာမှတ်လို့။ လက်ညှိုး၊ လက်မလောက် ကျွန်းသားမီးသွေး(၇)ခဲ၊ ကုလားအော်ငရုတ်သီးအစို(၇)တောင့်ကို ငရုတ်ဆုံနဲ့ညက်အောင်ထောင်းပြီး ပန်းကန်ထဲထည့်၊ ပျားရည်စစ်စစ်ကို အတော်အသင့်လောင်းထည့်ပြီးမွှေ။ အဲဒီဆေးကို သောက်လိုက်ရုံပဲ။ တင်မောင်ဆိုရင် အခုလေနာလုံးဝမရှိတော့ဘူး။ စားချင်တာစားလို့ရသွားပါပြီ။ ဆရာကြီး၊ ဆေးနည်းလည်းမှတ်ထားဦးနော်"

"ဩော်-ကိုဝင်းရွှေကလည်း၊ စာနဲ့ကို လိုက်ရေးမှတ်နေတာဗျ"

လို့ ကျွန်တော်က ဆိုတဲ့အခါ အောင်ဇမ္ဗူအလယ်ပိုင်းမှာနေတဲ့ ကားအုံနာ ဦးမြအောင်က ဝင်ထောက်ပါတယ်။

"ဒီမယ် ကိုကျော်စိုး၊ ဒီဆေးနည်းမှာ ကျွန်းသားမီးသွေးဆိုတာက တောရွာတွေမှာ လွယ်ကူပေမယ့် မြို့ပြတွေ၊ အညာဒေသတွေမှာ အခက်အခဲရှိနိုင်တယ်။ ကျွန်းသားမီးသွေးရနိုင်ဖို့ မလွယ်ဘူး။ ကျွန်တော် အရွယ်ကောင်းတုန်းက လေနာဖြစ်ဖူးတယ်။ အဲဒါ ဟောဒီကိုဝင်းရွှေပြောပြနေလို့ သတိရသွားတာ။ ကျွန်တော်လေနာဖြစ်တော့ ကုလားအော်ငရုတ်သီးအစို(၇)တောင့်ကို ညက်အောင်ထောင်း၊ ပျားရည်နဲ့ဖျော်သောက်ပြီး ပျောက်ခဲ့တာဗျ။ ကျွန်းသားမီးသွေးမပါလည်း လေနာလောက်တော့ပျောက်ပါတယ်ဗျာ။ အဲဒါကျွန်တော့်ကိုယ်တွေ့ပါ"

လို့ ထောက်ခံပြန်ပါတယ်။

"ကျေးဇူးတင်လိုက်တာ ကိုမြအောင်ရာ"

ဆိုပြီး ကျေးဇူးတင်စကားဆိုရပြန်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဘာမဆို အမှတ်တမဲ့မနေတတ်တာမို့ ဒီလို မဟာစည်သြဝါဒခံယူပွဲမှာ ကုသိုလ်လည်းရ၊ ဗဟုသုတလည်းရခဲ့တာကြောင့် အလွန်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်းပါ။ နောင်နှစ်တွေကျန်းမာနေရင်လည်း ဒီနှစ်လိုမဟာစည်သာသနာ့ရိပ်သာမှာ ဆွမ်းပဒေသာပင်သွားစိုက်ဦးမှာပါ ခင်ဗျား။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

*(ကိုဝင်းရွှေ၊ ကိုမြအောင်တို့သို့ ကျေးဇူးတင်လျက်)*

---

သိသည့်ဉာဏ် ဖြစ်သည်။

၃။ သမ္မသနဉာဏ် -

လောကထဲရှိ တရားများသည် ဒါတွေပါလားဟု နာမ်တရား ရုပ်တရားကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သုံးသပ်ဆင်ခြင်သည့်ဉာဏ် ဖြစ်သည်။

၄။ ဉဒယဗ္ဗယဉာဏ် -

ဖြစ်လိုက်၊ ပျက်လိုက်ကို အစဉ်အတိုင်းသိပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိသည့်ဉာဏ် ဖြစ်သည်။


အထက်၌ တင်ပြခဲ့သည့်အတိုင်း ပဋ္ဌာန်းပါဠိတော်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဆိုပူဇော်ခြင်းဖြင့် လောကီရေးရာကိစ္စများ အောင်မြင် ပြီးမြောက်သည်သာမက နိဗ္ဗာန်သို့ ဝင်ရောက်နိုင်ကြောင်း သိရှိနိုင်ပါသည်။ ပဋ္ဌာန်းပါဠိတော်ဆို ဆရာတော်ကြီးများကိုယ်တိုင် ရွတ်ဆိုအောင်မြင်ခဲ့သဖြင့် ယုံကြည်မှုရှိသူများက အဓိဋ္ဌာန်ရွတ်ဆိုခဲ့ရာမှ အောင်မြင်ကြသဖြင့် နေရာအနှံ့ရွတ်ဆိုနေကြပြီ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို ယုံကြည်သူတိုင်း လိုရာဆန္ဒများပြည့်ဝပြီး နိဗ္ဗာန်သို့တိုင်ရောက်ရှိနိုင်သဖြင့် လူတိုင်း ရွတ်ဆိုပူဇော်သင့်ကြောင်း တင်ပြလိုက်ရပါသည်။

ကောင်းသော်



www.burmeseclassic.com

www.burmeseclassic.com



ယနေ့ထိတိုင်အောင် မေတ္တာရှင်၊ ကရုဏာရှင် နယ်ခြားတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရအား ကျွန်ရစ်သူ ဒကာ၊ ဒကာမများမှ အောက်မေ့သတိရ တမ်းတနေကြရသလို ဆရာတော်ကြီး၏ တရားတော်များနှင့် အစွမ်းထက်လှစွာသော ဂုဏ်တော်ကွန်ချာတို့အားလည်း စာရေးသူတို့တစ်တွေ နာကြားနေကြဆဲ ဖြစ်ကြပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မမူခင်က -

"ငါသည် တောကျောင်းမှာလည်း မပျံလွန်၊ မြေမှာလည်း မပျံလွန်၊ ရေမှာလည်း မပျံလွန်"

မိန့်ကြားခဲ့ဖူးပါသည်။

ဆရာတော်ကြီးမိန့်ခဲ့သည့်အတိုင်း ဆရာတော်ကြီးသည် လေယာဉ်ပျံပေါ်၌သာလျှင် ပျံလွန်တော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ စကားသည် မှန်လေစွတကား။

စာရေးသူသည် ဆရာတော်ကြီးသာ ပျံလွန်တော်မူသွားခဲ့ပါသည်။ လုံးဝမမြင်ဘူးခဲ့ပါ။ ဆရာတော်ကြီး၏ ကက်ဆက်မှအသံ၊ TV မှ ရုပ်သံတို့ကိုသာ ကြားနာမြင်ဖူးပါသည်။

ဆရာတော်ကြီးမျက်နှာအား TV တွင် ဖူးမြော်မြင်တွေ့ရုံမျှဖြင့်ပင် မိမိ၏ ရင်ကို အေးမြစေသော မေတ္တာကရုဏာရှင်ကြီး ဖြစ်ပါသည်။

ဆရာတော်ကြီး ရေးသားခဲ့သော စာအုပ်များဖတ်ရသည်ကလည်း မိမိရင်၌ ပီတိအဟုန်များ တိုးပွားမှုရစေပါသည်။

တောတောင်အတွင်းနေထိုင်စဉ်က ဆရာတော်ကြီး၏ မေတ္တာတန်ခိုးကြောင့် ကျားသစ်များက ရန်မမူကြသလို အင်မတန်အဆိပ်ပြင်းသည့် မြွေများကပင် မတုပ်ပါ။

ချင်းတိုင်းရင်းသားတစ်ယောက်က ဆရာတော်ကြီးအား တူမီးသေနတ်ဖြင့် ပစ်ခတ်သော်လည်း ကျည်ဆန်မထိခဲ့ပါ။

ချင်းတိုင်းရင်းသားများ တောပစ်ရန်သွားလျှင်လည်း ဆရာတော်ကြီး မေတ္တာပို့နေသောကျားကို ပစ်၍မရပါ။

တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီများ ဆရာတော်ကြီးထံ လာရောက် ဖူးမြော်ကြပါသည်။

ဆရာတော်ကြီး၏ ကရုဏာအားကောင်းလှသဖြင့် ညဘက်တွင် ဆရာတော်ကြီးကျောင်းမှ မီးမထွန်းဘဲနှင့် အလင်းရောင်များ ဖြာထွက်နေသည်ကို ဝေးကွာလှသောရွာများမှပင် မြင်နိုင်သည်ဟု ဆိုပါသည်။

ဆရာတော်ကြီး၏ တောင်ဝှေးသည်ပင်လျှင်လည်း ရောဂါရှင်တို့အား တောင်ဝှေးနှင့် ထောက်ပေးပါက ရောဂါများ ပျောက်သွားကြပါသည်။

ဆရာတော်ကြီးသည် ဧရာဝတီတိုင်းဒေသကြီးမှ ကမ်းပါးပြိုသော မြို့ရွာများသို့သွားကာ ကမ်းပါးမပြိုအောင် မေတ္တာဖြင့် ကယ်မခဲ့ဖူးလေသည်။

ဆရာတော်ကြီး၏ ပရိတ်ရွတ်သောနေရာများ မီးဘေးမှ ကင်းလွတ်ခဲ့ကြသည်။

သူပုန်များဝင်စီးမည့်ရန်မှလည်း ကယ်မခဲ့ပါသည်။



(စစ်ဆေးရေး)

# ဦးကိုကိုကြီး

## ယခုထိတိုင်အစွမ်းထက်နေဆဲပါ



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီး၏ မေတ္တာစရဏ စွမ်းအားတို့ကြောင့် ပရိတ်ရေတို့ပင် ဆူပွက်လာရပါသည်။

ထို့ကြောင့် 'ရေဆူဆရာတော်ကြီး' ဟု လူသိများကျော်ကြားခဲ့လေသည်။

ထိုပရိတ်ရေတို့ဖြင့် မြန်မာနိုင်ငံတော်ကြီး ဘေးဆိုး၊ ရန်ဆိုးများ မကျရောက်နိုင်အောင် ကယ်မခဲ့သလို ပရိတ်ရေဖြင့် ရောဂါဘယပေါင်းများစွာ ပျောက်ကင်းစေခဲ့ပါသည်။

ဆရာတော်ကြီး၏မေတ္တာ၊ စရဏ စွမ်းအား တန်ခိုးတော်များအကြောင်း ရေးပြရပါလျှင် မဂ္ဂဇင်းစာအုပ်တစ်အုပ် ကုန်အောင်ရေးတောင် ကုန်နိုင်မည် မထင်ပါ။

❑

စာရေးသူသည် ဆရာတော်ကြီး၏ ပရိတ်တန်ခိုးများ ယနေ့ထိတိုင် အင်မတန်မှ စွမ်းအားထက်ပုံအကြောင်း စာရေးသူကိုယ်တိုင် ကိုယ်တွေ့ကြုံရသည်အား ရေးသားတင်ပြရမည်ဆိုပါလျှင် -

မရိုမသေစကားဖြစ်သည်မို့ စာရှုသူများအနေဖြင့် စာရေးသူအား ခွင့်လွှတ်ပေးပါရန် ကန်တော့ပန်းဆင်အပ်ပါသည်။

စာရေးသူ၏ ညာဘက် ကပ်ပယ်အိတ်မှာ လက်ဖက်ရည်အချိုပန်းကန်တစ်လုံးစာမျှကြီးကြီးလာသဖြင့် သူငယ်ချင်းအပေါင်းအသင်းမိတ်ဆွေများအား ပြောပြရာ သူတို့ပြောပြချက်အရ ဆေးမြီးတိုပေါင်းစုံနှင့်ကုသရာ ကပ်ပယ်အိတ်သည် သေးသွားခြင်းမရှိဘဲ ပို၍ပင်ကြီးလာပါသည်။

မပျောက်သည့်အဆုံး ရှက်ရှက်နှင့်ပင် စက်ရုံဆေးခန်းသို့ သွားရောက်ပြသရပါသည်။

စာရေးသူ ရှက်နေမှန်းသိ၍ ဒေါက်တာမမှ စက်ရုံ၏အပြင်ဆေးခန်းလာပြရန် ချိန်းလိုက်ပါသည်။

အပြင်ဆေးခန်းရောက်သောအခါ စာရေးသူအား ဆရာဝန်မမှ သီးသန့်အခန်းသို့ခေါ်၍ နပ်(စ်)မတစ်ယောက်နှင့်အတူ စစ်ဆေးရန်ပြင်လေသည်။

စာရေးသူမှာ အိမ်ထောင်သည်ဖြစ်သော်လည်း ရှက်လွန်းသဖြင့် ချွေးများပင်ပြန်လာပါသည်။ သည့်နောက် ဒေါက်တာမမှ နပ်(စ်)မအား ဆေးထိုးပိုက်နှင့်အပ် ယူခိုင်းလိုက်ပါသည်။

ထို့နောက် ဆရာဝန်မသည် ဆေးထိုးအပ်ဖြင့် ညာဘက်ကပ်ပယ်အိတ်အား ထိုးဖောက်ချလိုက်ပါသည်။

ရှက်၍ ချွေးပြန်နေရသည့်အထဲ အပ်နှင့် ထိုးဖောက်လိုက်သည့်အခါ အသည်းဆတ်ဆတ်ထိမက နာကျင်နေရပါလေသည်။

ကပ်ပယ်အိတ်မှအရည်ကို ပိုက်နှင့်စုပ်ယူပြီး အပ်အားဆွဲထုတ်လိုက်ပါသည်။ ထို့နောက် စုပ်ယူလိုက်သော အရည်အား သေချာကြည့်ပြီး -

"ရှင် မနက်ဖြန် ဆေးရုံတက်ပါ။ ခွဲစိတ်ရမယ်"

ဟု ဆရာဝန်မမှ မှတ်ချက်ပေးပြီး သီးသန့်ခန်းထဲမှထွက်သွားလေသည်။

ယခုလို စစ်ဆေးရုံမျှနှင့် စာရေးသူ စိတ်ညစ်ရသလို ခွဲစိတ်မည်ဆိုပါက စာရေးသူ ခံစားနိုင်မည်မဟုတ်ပါ။

သည်လိုနှင့် စာရေးသူ ဆေးခန်းမှ အိမ်သို့ပြန်ခဲ့လေသည်။

အိမ်ရောက်တော့လည်း ပက်လက်ကုလားထိုင်ပေါ် ထိုင်၍ တမှိုင်မှိုင်ဖြစ်နေရလေသည်။

ဇနီးဖြစ်သူမှာလည်း စာရေးသူ၏ အဖြစ်ကိုကြည့်ကာ စိတ်မကောင်းဖြစ်နေရှာလေသည်။

ဆရာဝန်မှ နောက်တစ်နေ့ဆေးရုံတက်ရန်ပြောသော်လည်း စာရေးသူ ကြောက်လွန်းသဖြင့် ဆေးရုံမတက်ဘဲ အိမ်မှာပဲ ဟိုတွေးဒီတွေးနှင့်နေမိလေတော့သည်။

သည်လိုနှင့် တစ်ပတ်ခန့်အကြာ စာရေးသူ၏ဇနီး ချစ်ညိုသည် ဈေးမှ ပြန်လာပြီး -

"အစ်ကိုရေ အစ်ကို့အတွက် တောင်တန်းသာသနာပြုဆရာတော်ကြီးရဲ့ ပရိတ်ရေရခဲ့တယ်။ အဲဒီပရိတ်ရေကို ပွားပြီးသောက်ကြည့်စမ်း။ လိမ်းလည်းလိမ်းပေါ့။ ကျွန်မသူငယ်ချင်း မခင်စောဝင်းကပေးလိုက်တာ စွမ်းတယ်လို့ပြောတယ်"

ဟု ပြောပြီး လက်လေးလုံးခန့်ရှိ ပုလင်းသေးသေးလေးနှင့်လာပေးပါသည်။

စာရေးသူလည်း ထိုနေ့မှစ၍ ဆရာတော်ကြီးအကြောင်းလည်းကြားဖူးပြီးသားဖြစ်၍ ယုံကြည်စွာဖြင့် ရိုးရိုးရေကို မသောက်တော့ဘဲ သောက်ရေအိုးထဲသို့ ပရိတ်ရေ လေး၊ ငါးစက်မျှထည့်ပြီး ထိုရေကိုပဲသောက်ပါတော့သည်။

ရောဂါဖြစ်သည့်နေရာကိုလည်း သီးခြားခွက်ထဲတွင်ထည့်၍ ဂွမ်းစလေးနှင့် လိမ်းပေးပါသည်။

စက်ရုံအတွင်းသို့ တာဝန်ထမ်းဆောင်ရန်သွားလျှင်လည်း ပုလင်းထဲ ထည့်၍ ပရိတ်ရေအား ယူသွားပြီး သောက်လေသည်။

(၂) ပတ်မျှအကြာတွင် သိသိသာသာကြီး အရောင်လျော့ကျသွားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ဆက်ပြီး သောက်ခြင်း၊ လိမ်းခြင်းတို့နှင့်အတူ ရေချိုးလျှင်တောင် ပရိတ်ရေထည့်ချိုးခြင်းတို့ကိုပါ ပူးတွဲလုပ်ဆောင်လိုက်ပါသည်။ ထိုသို့ပြုလုပ်၍ (၁) လပြည့်သည့်အခါ လုံးလုံးပျောက်ကင်းသွားခဲ့ပါသည်။

ထူးဆန်းလိုက်ပါဘိ စာရှုသူတို့ရယ်။ အံ့သြမဆုံးအောင်ဖြစ်ခဲ့ရပါသည်။

ဆေးခန်းတွင် ခွဲစိတ်ကုသရမယ့် ရောဂါသည် ဆေးထိုး၊ ဆေးသောက်ခြင်းမရှိဘဲ ပျောက်ခြင်းမလှပျောက်သွားပြီး နဂိုအတိုင်းပြန်ဖြစ်သွားခဲ့ပါသည်။

ထိုအဖြစ်အပျက်သည် စာရေးသူ၏ ကိုယ်တွေ့ကြုံခဲ့ရသော ဖြစ်ရပ်မှန်ဖြစ်ပါသည်။

ဆရာတော်ကြီး ပျံလွန်တော်မူသွားပြီးတာတောင်မှ ဆရာတော်ကြီး၏ ပရိတ်ရေတို့သည် အစွမ်းထက်ဆဲ ဖြစ်နေသည်ကို လက်တွေ့ကြုံလိုက်ရသဖြင့် ဆရာတော်ကြီးအား ပို၍ပင် ကြည်ညိုမဆုံး ဖြစ်ရပါသည်။

ယခုထိတိုင်ပင် စာရေးသူသည် ဆရာတော်ကြီး၏ပရိတ်ရေအားပွားထားပြီး ဘုရားကျောင်းဆောင်တွင် ပုလင်းဖြင့် တရိုတသေ သိမ်းထားဆဲဖြစ်သလို ပရိတ်ရေဖြင့် ကလေးများ လန့်ခြင်းဖျားခြင်း၊ ပယောဂနှောင့်ယှက်ခြင်းများကြုံလာလျှင်လည်း ပရိတ်ရေတိုက်ခြင်း၊ ဆွတ်ဖျန်းပေးခြင်းများ အသုံးပြုလျက်ရှိရာ အစွမ်းထက်ဆဲဖြစ်ပါကြောင်း စာဖတ်ပရိသတ်များအား လေးစားစွာဖြင့် ဆရာတော်ကြီး၏ ပရိတ်စွမ်းပကားအား တင်ပြအစီရင်ခံလိုက်ရပါသည်။

ဆရာတော်ကြီး၏ မေတ္တာပို့နည်းအတိုင်း -

စာဖတ်ပရိသတ်များနှင့်တကွသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေဟု ဆန္ဒပြုရင်း -

သူရဇ္ဇမဂ္ဂဇင်းကြီးနှင့်တကွ
စာဖတ်ပရိသတ်များအား
အစဉ်လေးစားလျက်

ဦးကိုကိုကြီး (ရှမ်းဆေးရေး)



www.burmeseclassic.com

www.burmeseclassic.com

ထားဝယ်မြို့ပေါ် မြိတ်လမ်းတော့ကော်မော်ရပ် မော်တငူတွင် တဝဂူသိမ် ရှေးဟောင်းဘုရား ဆုတောင်းပြည့်စေတီတော်မြတ်ကို ဖူးမြော်ကြည်ညိုနိုင်ပါသည်။ မော်တငူ (မော်တန်းငူ) ဟူသည် ရေပတ်လည်ဝိုင်းနေသောနေရာ၌ ကုန်းတန်းကြီးဖြစ်တည်ထိုးထွက်နေသည့် အငူအစွန်းကို ဆိုလိုရင်းဖြစ်သောကြောင့် ရှေးအခါက ပင်လယ်ရေတိမ်ဖုံးလွှမ်းနေရာဖြစ်မည်ဟု တထစ်ချမှတ်ယူရပေသည်။ အမှန်တကယ်လည်း မော်တငူသည် မြေပြင်အနေအထားမျက်မြင်အရ မို့မောက်လျက်ရှိသည့်ကုန်းစောင်းဖြစ်ပြီး မိုးတွင်းအချိန် ပင်လယ်နှင့်ဆက်စပ်နေသော ပေါက်တိုင်းချောင်းဒီရေကြောင့် ထိုနေရာအနီးတစ်ဝိုက်အနိမ့်ပိုင်းကွင်းတစ်ခုလုံး ရေကြီးရေလျှံလေ့ရှိသည်မှာ ယခုထိဖြစ်သည်။

တဝဂူသိမ်တောင်ဘက်ရှိ အရံစေတီလေးဆူ ဝန်းရံလျက်ရှိသော ဆုတောင်းပြည့်စေတီကို မဖျှိမဒေသပါဠိလိပုတ်ပြည့်ရှင် တတိယသင်္ဂါယနာတင်တော်မူသော သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော် ညောင်ရမ်းရပ်ကြက်မင်း (ကြက်သံဒိုင်း) စေတီတော်မြတ် တည်ထားကိုးကွယ်မှုခဲ့သည့်ကာလနှင့် မရှေးမနှောင်း တည်ထားခဲ့သည်ဟု

# ဖြူပောက်ပြုကြီးနှစ်ကောင်နိမိတ်ပြသော
# မော်တငူ တဝဂူသိမ် ရှေးဟောင်းစေတီတော်


မောင်စိမ်းထွေး(ထားဝယ်)



အရှေ့ဘက်အရံစေတီ (၂) ဆူ



အနောက်ဘက်အရံစေတီ (၂) ဆူ



မော်တငူ (မော်တန်းငူ) ဆုတောင်းပြည့်စေတီတော်ရှေးဟောင်းဘုရားအား ဖူးမြော်ရစဉ်




www.burmeseclassic.com

www.burmeseclassic.com



မော်တင့ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိစေတီအား ရှုမြော်ရစဉ်



ဆင်းတုတော်အား အနီးကပ်ကြည်ညိုရစဉ်

အဆိုရှိသည်။ ဉာဏ်တော် (၁၃ ၁/၂) ပေ မြင့်၍ စေတီဖိနပ်တော် (၂၇ပေ× ၂၇ပေ) အတိုင်းအတာရှိသည်။ ရှေးယခင်က မော်တင့ဘုရားငါးဆူ ဆိုသော်လည်း သုံးဆူမှာ ခြေရာလက်ရာအစအန မကျန်တော့ပေ။ လက်ရှိ မော်တင့ဘုန်းတော်ကြီးကျောင်းပရိဝုဏ်အတွင်း စေတီတစ်ဆူနှင့် တဝဂ္ဂုသိမ်ဘုရားဝတ္တကမြေ အတွင်း ဆုတောင်းပြည့်စေတီတစ်ဆူတို့သာ အထင်ကရကျန်ရှိတော့သည်။

ဆုတောင်းပြည့် စေတီတော်မြတ်ကို ကြည်ညိုသဒ္ဓါစိတ် ယိုဖိတ်မှုတည်၍ ကျောက်မော်ရပ် ဦးစုသား - ဒေါ်မိနော် မိသားစုက မြန်မာနှစ် ၁၂၄၃ ခုနှစ်တွင် တဝဂ္ဂုဘုရားသိမ်ကို ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ တဝဂ္ဂုသိမ်အတွင်း (၁)ပေ၊ (၅)လက်မဉာဏ်တော်ရှိ မံဘုရားရုပ်ပွားဆင်းတုတစ်ဆူကို မြောက်အရပ်သို့တူရူမျက်နှာမူပူဇော်ထားသည်။ ဆင်းတုတော်ဦးခေါင်း၏ မဏိတော်နှင့် ဦးတော်တွင် ပိန္နဲစုများ တွေ့ရှိရသည်။ မျက်နှာတော်သွယ်သည်။ လေးကိုင်းသဏ္ဌာန်မျက်ခုံးနှင့် နှာယောင်တော်ပေါ် လွင်သည်။ မျက်လုံးတော်ဖွင့်လျက်ရှိပြီး နှုတ်ခမ်းတော်ပြုံးယောင်ယောင်ဖူး တွေ့ရသည်။ မျက်နှာတော်၊ လည်ပင်းတော်၊ ပခုံးတော်၊ လက်တော်တို့ပြည့်ဖြိုး သည်။ သိမ်မုခ်ဦးတွင် 'ဘုရားငါးဆူ မော်တန်းငူ၊ မြောက်သို့တူရူ၊ တဝဂ္ဂု' ကမ္ပည်းစာတမ်းကို ဖတ်ရှုရသည်။

လွန်ခဲ့သောနှစ်ပေါင်း (၁၃၄) နှစ်ခန့်က ဦးမောင်မောင်ဆိုသူသည် စေတီတောင်ဘက်မြေကွက်လပ်၌ ဝါးကျောင်းတစ်ဆောင်ဆောက်လုပ်ပြီး အနီးအနားရပ်ကွက်တွင်းနေ ကလေးသူငယ်တို့ကို စေတနာထား စာသင်ကြားပေးသည်။ မင်းဘူးဇာတိ ဦးမောင်မောင်သည် ထားဝယ်-ကျောက်မော်သူ ဒေါ်ဝမ်းနှင့် အိမ်ထောင်ကျသည်။ အညာသား ဦးမောင်မောင်ကို ဖိုးဂံဟု လူသိများ၏။ (အထက်အရပ်ဒေသမှသူတို့ကို ထားဝယ်က ပုဂံ=ဂံ ဟုခေါ်ကြသည်) ဖိုးဂံကိုအစွဲပြု၍ လူကြီးသူမတို့က တဝဂ္ဂုသိမ်ကို ဂံဘုရားသိမ်အမည်တွင် ခေါ်စမှတ်ပြုကြ၏။ သိမ်အလှူရှင် ဒေါ်မိနော်မှာ ဖိုးဂံ-ဖွားဝမ်းတို့၏သမီးဖြစ်၍ ညီအစ်ကိုမောင်နှမ (၅) ဦးရှိကြောင်း မြေးဖြစ်သူ ဦးသိန်းပို၏ ပြောကြားချက်အရ သိရှိရသည်။

ပထမ အင်္ဂလိပ် - မြန်မာစစ်ပွဲ အဆုံးအဖြတ်ဖြင့် ခရစ်နှစ် ၁၈၂၄ ခုနှစ်



www.burmeseclassic.com


www.burmeseclassic.com



တဝဂ္ဂုသိမ်ဘုရားဆင်းတုတော်အား ဖူးတွေ့ရပုံ

တော်တင်ဘာလ ၈ ရက်နေ့တွင် နယ်ချဲ့ အင်္ဂလိပ်တို့က ထားဝယ်ကို သိမ်းသွားသည်။ ထားဝယ်နယ်ကို နယ်ချဲ့ကိုလိုနီ အစိုးရအုပ်ချုပ်နေစဉ် ဦးစုသား-ဒေါ်မိနော်တို့က နိုင်ငံရပ်ခြား အိုင်ယာလန်ထီပေါက်သဖြင့် ငွေဒင်္ဂါး (၁) ကျပ်တန် (၄၀၀၀)၊ အချိန်အတွယ်အားဖြင့် ငွေဒင်္ဂါး(၄)ပြည်ကိုဆွတ်ခူးရရှိသောကြောင့် ငွေသားအားလုံးကို တစ်ပြားတစ်ကျပ်မကျန် တဝဂ္ဂုဘုရားသိမ်ဆောက်လုပ်လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။

အိုင်ယာလန်ထီပေါက်မိ(၂)ရက်၊ (၃) ရက်ခန့်အလို ကျောက်မော်ရပ်မြိတ်လမ်း ယခုလက်ရှိ ဦးသက်နှင်း-ဒေါ်မေသန့်မိသားစု နေထိုင်လျက်ရှိ



ယန်းနွယ်ပန်းခက်နှင့်ဘုံအဆင့်ဆင့်ပံ့ထံတဲတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝသုန္ဓရေရုပ်တု



ဘုရားမြေအတွင်းရှိ အရိုးအိုးများ၊



ဘုရားမြေအတွင်း၊ ပန်းပင်ကလေးများ ဝေဝေဆာဆာ

သည့်မြေနေရာတွင် ရှေးခေတ်အခေါ် ငှက်ကြီးတောင်အိမ် တစ်ထပ်အိမ်နိမ့်တွင် နေထိုင်သော ဦးစုသား-ဒေါ်မိနော်အိမ်ရှေ့ ဈေးဆိုင်ခုံတန်းရှည်အောက်ရှိ အရောင်းပစ္စည်းထည့်သေတ္တာအတွင်း မြွေဟောက်ဖျူကြီး (၂)ကောင် ထူးဆန်းစွာ ရောက်ရှိဝင်ခွေလျက် နိမိတ်ပြခဲ့၏။ အိမ်နီးနားချင်း လူအများ သောသောညံ ဝိုင်းအုံကြည့်ရှုကာ တစ်ယောက်တစ်ပေါက် အမျိုးမျိုးထင်ကြေးပေးပြောဆိုကြသော်လည်း အိမ်ရှင်ဒေါ်မိနော်ကမူ ငယ်သားငယ်မြေးများ အမှားအယွင်းရှိပါက အန္တရာယ်မပြုဖို့ တောင်းပန်ခြင်း၊ ရွှေရည်၊ ငွေရည်၊ နံ့သာရည်ပက်ဖျန်း၍ မ,ပါစ,ပါဆုတောင်းခြင်း၊ ပေါက်ပေါက်ကြဲခြင်း၊ အမွှေးနံ့သာတိုင်၊ ဆီမီး ထွန်းညှိပူဇော်ခြင်း၊ မကျွတ်မလွတ်ဘုံမှ ကျွတ်လွတ်ပြီး ကောင်းရာမွန်ရာဘုံသို့ရောက်စေကြောင်း ကြေးစည်ထု အမျှဝေပေးခြင်း စသော ကုသိုလ်အမှုပြုလုပ်သည်။ နောက်တစ်နေ့ မနက်ပိုင်း၌ ၎င်း မြွေဟောက်ဖျူကြီး (၂) ကောင် လူမသိသူမသိ အလိုလိုပျောက်ကွယ်သွားပေရာ နတ်မြွေဟောက်ကြီးများ ဖြစ်သည်ဟု အများယုံကြည်ကြ၏။

ထိုသို့ မြွေဟောက်ဖျူကြီး (၂) ကောင်နိမိတ်ပြပြီး နောက်(၂)ရက်၊ (၃) ရက်အကြာ၌ ဦးစုသား-ဒေါ်မိနော်တို့ထံ အိုင်ယာလန်ကက်စမ်းထီပေါက်ကြောင်းကို သက်ဆိုင်ရာမှအကြောင်းကြားလာသည်။ နတ်မြွေဟောက်ဖျူကြီး(၂)ကောင်သည် ဆုတောင်းပြည့်စေတီမှအစောင့်အရှောက်များဖြစ်ကြောင်း အိပ်မက်အရ ယူဆပြီး ဆုတောင်းပြည့်စေတီရင်ပြင်၌ တဝဂ္ဂဘုရားသိမ်ကို ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်သည်ဟု ဘိုးဘွားအမွေဆက်ခံသော ဘုရားဒါယကာဖြစ်သောဦးသိန်းပို (မြေစာရင်း-ငြိမ်း) က မှတ်မှတ်သားသား ပြောဆိုပါသည်။

ရှေးပဝေသဏီက တည်ထားကိုးကွယ်ခဲ့သော ဆုတောင်းပြည့်စေတီတော်အား ယုံကြည်လေးစားစွာ ကြည်ညိုဆည်းကပ်ခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လိုအင်ဆန္ဒပြည့်ဝသည့် အကျိုးထူးအကျိုးမြတ်ကို လက်ငင်းခံစားရသူတို့အနက် ထောင်ကျအကျဉ်းသားတို့လည်း ပါဝင်သည်။ အကျဉ်းဦးစီးပိုင်လယ်လုပ်ငန်းခွင်သို့ သွားရာလမ်းကို ဘုရားမြေအုတ်တံတိုင်းအပြင်ဘက်ကပ်၍ဖောက်ထားသဖြင့် သွားရင်းလာရင်း စေတီတော်အား ဖူးမြော်ဆုတောင်းခဲ့ရာ လွတ်ရက်မစေ့ရောက်ခင် ထောင်မှလွတ်ငြိမ်းချမ်းသာခွင့်ရသည်ဟုယုံကြည်ကြသည်။ထောင်ထွက်အများစုတို့ စေတီတော်ခြေရင်း ဦးစွာဝပ်တွားလေ့ရှိသည်ကို မြင်တွေ့ရပါသည်။ ထိုစေတီတွင် အစောင့်အရှောက်နတ်ကောင်းနတ်မြတ် ရှိသဖြင့် ကောင်းသူကယ်၊ မကောင်းသူ ပယ်ကြောင်း ရှေးမီနောက်မီသူတို့စကား ကို မှတ်သား ကြားနာဖူးပါသည်။

လူတစ်ရပ်ကျော် အုတ်တံတိုင်း ခတ်ကာရံထားသော (၄၀ ပေ×၆၀ ပေ) ဘုရားမြေ၏ တောင်ဘက်၌ လူသွား လမ်းရှိသောကြောင့် အနည်းငယ်ကျဉ်း ရွဲ့စောင်းနေပြီး လမ်းတစ်ဖက်၌ မော်တင် ဘုန်းတော်ကြီးကျောင်းရှိသည်။ စေတီ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် ထန်းပင်နှစ်ပင်ကို စာရေးသူတို့ ငယ်စဉ် ကမြင်တွေ့ရသော်လည်း ယခုမရှိတော့ပါ။ သို့သော် ထုပါစိုက်အရိုးအိုးများ တန်းစီလျက်ရှိသည်ကိုတော့ ယခင်က အတိုင်း မပျက်မယွင်း တွေ့ရှိရပေသေး သည်။


တဝဂ္ဂသိမ်ဘုရား၏ လက်ျာ လက်ယာတွင် မှန်စီပလ္လင်တော်နှင့် ဘု ဖဿမုဒြာစကျင်ကျောက်ဆင်းတုတော်





www.burmeseclassic.com

www.burmeseclassic.com



တဝဂ္ဂုသိမ်အား ဖြိတ်လမ်းမှ မြင်တွေ့ရပုံ



မော်တင့်စေတီပြုပြင်ရာမှရရှိသော ရှေးဟောင်းအုတ်ချပ်ကြီး

ဆုကို ဖူးတွေ့ရပြီး အနီး၌ ဝသုန္ဒရေ တကိုလည်း တွေ့ရ၏။ ဂူဂင်ပေါက် ပေါ်နံရံ၌ ပန်းနွယ်ပန်းခက်နှစ်ထပ် သုံးထပ်လိမ်ပြီး တိရစ္ဆာန်ဘုံ၊ လူ့ဘုံ၊ ဘုံ ဗြဟ္မာ့ဘုံနှင့် ထိပ်ဆုံးတွင် စေတီ တော်တင်ထားသော ဘုံဆင့်ပါမံတံကဲ ကြီးကိုလည်း စိတ်ဝင်စားဖွယ်ရာ လာ တွေ့ရှိရသည်။ တံကဲတော်ကြီး ရွှေချထားသည်။ တံကဲတော်ကြီး ယ်တွင် ၁၂၈၀ ပြည့်နှစ် ပထမ ဆိုလကို အပြီးသပ်၏။ ဒါရကာ သား-မနေ့ာ် နိဗ္ဗာန ပစ္စယော ဟော ဝယ် ဦးမှာ ဟူသော စာတန်းဖော်ပြ သည်။ (မူရင်းသတ်ပုံအတိုင်းဖော်ပြ ပါသည်။) အရှေ့မြောက်ထောင့်ကွေ့ အချိုးသိမ်နံရံ၌ (၂) တောင်၊ (၁) ထွာခန့် ကလတက်တစ်လုံး တွဲလောင်းချိတ်ဆွဲ ထားသည်။

၁၃၄၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်နေ့တွင် ဒါယကာ ဦးသိန်းပိုနှင့် မိသားစု ဦးစီးပြီး ဆုတောင်းပြည့်စေတီ ထပ်မံပြုပြင်သည်။ ထိုနှစ် တန်ခူးလပြည့် ကျော် ၂ ရက်၊ စနေနေ့တွင် ဘုရား အနေကဇာတင်သည်။ စေတီပြုပြင်စဉ် က ရရှိသော (၁၃၁/၂) ပေ× (၆၁/၂) ပေ× (၂) ပေ၊ အလေးချိန် (၄) ပိဿာရှိ ရှေးဟောင်းအုတ်တစ်ချပ်ကို တခုတ် တရ သိမ်းဆည်းထားသဖြင့် ဝမ်းမြောက် မိသည်။

၁၃၅၀ ပြည့်နှစ်၊ တပေါင်းလပြည့် နေ့တွင် ဦးသိန်းပိုမိသားစုမှပင် ဦးစီး၍ ပဉ္စ သံဃာ (၂၇) ပါးဖြင့် ထီးတော်တင် လှူခဲ့ပါသည်။ ထီးတော်ချပြုပြင်သူ ပန်းပညာသည် ဦးဖြူဒေါင်းကို ထီးတော် မတင်လှူမီညတွင် စေတီပရိဝုဏ်ရှိ မာလကာပင် (ထားဝယ်အခေါ် မှော်နီး ပန်) အောက်၌ ရွှေအိုးမြှုပ်ထားသည်ဟု သူတော်တစ်ဦးအိပ်မက်ပေးသည်ဆို၍ လော်ဘဇောတိုက် တူးဆွရှာဖွေပါသော် လည်း မတွေ့ဘဲ မှောက်မှောက်မှားမှား ဖြစ်ကာ ထီးတော်တင်လှူပွဲသို့ မလာ ရောက်နိုင်သည့်အဖြစ်အပျက်အား တအံ့ တသြ နားထောင်သိခွင့်ရပေသည်။

တစ်ခေတ်တစ်ခါက မော်တင့် တဝဂ္ဂုသိမ်ဆုတောင်းပြည့်စေတီမှတော် မြတ်ကြီးသည် ထီးတော်မှစ၍တစ်ဆူလုံး အဖြူထည်ငွေရောင်ခဲပြားသက်န်းတော် ဖြင့် ငွေရောင်သန်းခဲ့ပါသည်။ နှစ်ကြာ လာသည်နှင့်အမျှ စေတီတော်ကြီးမှာ ပျက်စီးချို့ယွင်းလာသောကြောင့် အသစ် တစ်ဖန် မွမ်းမံပြုပြင်ပြီး ကပ်လှူပူဇော် ထားသည့် ရွှေဝါရောင်ကြွေသက်န်း တော်နှင့် သပ္ပာယ်စွာ ကြည်ညိုဖူးမြော်ရ ကြောင်း စေတနာဖြင့် လေ့လာရေးသား ရပါသည်။

မောင်စိမ်းထွေး (ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာစာပေသမိုင်းတွင် ကဝိလက္ခဏာသုံးကျမ်းတွဲသည် ကုန်းဘောင်ခေတ်မှသည် ခေတ်အဆက်ဆက်၏ မြန်မာစာပေပညာရှင်များ အထူးမြတ်နိုး တန်ဖိုးထားခဲ့သော ဂန္ထဝင်ကျမ်းတစ်စောင်ဖြစ်သည်။

ကဝိလက္ခဏာသုံးကျမ်း ဟူ၍ ဝိသေသပြုခေါ် ဆိုခဲ့ခြင်း၏ အကြောင်းရင်းမှာ ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း၊ ကဝိလက္ခဏာဒီပနီကျမ်းနှင့် ကဝိလက္ခဏာဝိသောဓနီကျမ်း ဟူသော လောကီ၊ လောကုတ္တရာအဖြာဖြာ အဆီအနှစ်စာပေများစုစည်းရေးဖွဲ့ထားသောကြောင့် ဖြစ်သည်။ ယင်းကဝိလက္ခဏာသုံးကျမ်းတွဲ၏ မူရင်းအခြေခံကျမ်းမှာ ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း ဖြစ်သည်။

ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းကို ကုန်းဘောင်ခေတ်ဦးပိုင်း အလောင်းဘုရား (ဦးအောင်ဇေယျ) လက်ထက်၌ လက်ရုံးရည်နှင့် နှလုံးရည် စွယ်စုံပြည့်စုံသော စာဆို စိန္တကျော်သူ ဦးဩသည် အသက် (၁၅) နှစ်အရွယ် မြန်မာနှစ် ၁၁၁၃ ခုနှစ်၌ ရောင်ခြည်ခြောက်သွယ်၊ ဘဝင်ကယ်၊ အံ့ဘွယ်ဆယ့်ရှစ်ဖြာ' အစချီသော ကဝိလက္ခဏာသတ်ပုံသံပေါက်ပေါင်း (၁၇၉၃) ပုဒ်ကို ရေးသားပြုစုခဲ့သည်။ စာဆို စိန္တကျော်သူ ဦးဩ၏ ကဝိလက္ခဏာသတ်ပုံသံပေါက်များသည် သတ်ပုံကျမ်းသက်သက်သာမက ဆန်းအလင်္ကာ၊ သဒ္ဒါ၊ ဗျာကရုဏ်း၊ ရှေးထုံးပုံပြင်၊ ရာဇဝင်၊ မော်ကွန်းစသော လောကီကျမ်း၊ လောကုတ္တရာကျမ်းများ၏ အကြောင်းအရာ မှတ်သားလိုက်နာဖွယ်ရာများကို ကွယ်ဝှက်သော အဓိပ္ပာယ်များဖြင့် ရေးသား ပြုစုခဲ့ခြင်းဖြစ်သည်။

စိန္တကျော်သူဦးဩ၏ကဝိလက္ခဏာသတ်ပုံသတ်ပေါက်ကျမ်းကြီးသည် ကုန်းဘောင်ခေတ်ဦးပိုင်း အလောင်းဘုရားလက်ထက်မှသည် ကုန်းဘောင်ခေတ်နှောင်းမန္တလေး(ရတနာပုံ)ခေတ် မင်းတုန်းမင်းလက်ထက်အထိ ခေတ်အဆက်ဆက်၏ ဂန္ထဝင်သတ်ပုံသံပေါက်ကျမ်းတစ်ဆူအဖြစ် တန်ဖိုးထားခဲ့ကြသည်။ ကုန်းဘောင်ခေတ်နှောင်း မန္တလေး (ရတနာပုံ)ခေတ်တွင် မင်းတုန်းမင်းသည် ကဝိလက္ခဏာသတ်ပုံပေါင်း (၁၇၉၃) ပုဒ်အနက် မိမိအသေးစိတ်သိရှိလိုသော သတ်ပုံသံပေါက်ပေါင်း (၇၂)ပုဒ်၏အနှစ်သာရအကြောင်းအရာများကို အမှာတော်ရေး မင်းလှဇေယျသူအား မေးမြန်းတော်မူခဲ့သည်။ထို့ကြောင့် ပညာရှိအမှာတော်ရေး မင်းလှဇေယျသူက ကဝိလက္ခဏာဒီပနီကျမ်း ဟူသော အမည်ဖြင့် မင်းတုန်းမင်းကြီး သိရှိလိုသော ကဝိလက္ခဏာသတ်ပုံ (၇၂) ပုဒ်ကို လောကဓမ္မ၊ ရာဇရေးရာများ၊ လောကီနှင့် လောကုတ္တရာအနှစ်သာရတို့ဖြင့် အပြေကျမ်းပြုစုရေးသားခဲ့သည်။ ထို့ကြောင့် မန္တလေး (ရတနာပုံခေတ်) မင်းတုန်းမင်းလက်ထက်၌ ကဝိလက္ခဏာသတ်ပုံကျမ်းနှင့် ကဝိလက္ခဏာဒီပနီကျမ်း ဟူသော ကျမ်းကြီးနှစ်စောင်ပေါင်းထွက်ခဲ့သည်။ မြန်မာစာပေ့လောကနှင့်

# လှမြင့် (ရန်ကုန်တက္ကသိုလ်)

# ဆရာကြီးဦးသန်းထွန်း(မန်းတက္ကသိုလ်)၏ ကဝိလက္ခဏာဝိသောဓနီကျမ်း





www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့စာပေသမိုင်းအတွက် စာပေဂန္ထဝင်ကျမ်းအဖြစ် ရပ်တည်ခဲ့သည်။

စာဆိုစိန္တကျော်သူဦးဩ၏ ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်းမှ ကျန်ရှိနေသော အနက်အဓိပ္ပာယ်အကျယ်ချဲ့၍ ဒီပနီအဖြစ် ရေးသားခြင်းမပြုရသေးသော ကဝိလက္ခဏာသတ်ပုံသံပေါက်များအနက် မျက်မှောက်ခေတ် မြန်မာ့စာပေလောက၏ မြန်မာပညာရှိကြီးအဖြစ် စာပေပညာရှင်အားလုံး၏ လေးစားကြည်ညိုခြင်းဂုဏ်နှင့် ပြည့်စုံစေသော ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) သည် မြန်မာနှစ် ၁၃၂၃ ခုနှစ် (ခရစ်နှစ် ၁၉၆၁ ခုနှစ်) လွတ်လပ်ရေးခေတ်၌ မူရင်းကဝိလက္ခဏာသတ်ပုံသံပေါက်များအနက်မှ ဒီပနီဖွင့်ဆိုရေးသားရန် ကျန်ရှိနေသည့် သတ်ပုံသံပေါက် (၃၄)ပုဒ်ကို ကဝိလက္ခဏာဝိသောဓနီကျမ်းအမည်ဖြင့် လောကီနှင့် လောကုတ္တရာရှုထောင့်စုံမှ မှတ်သားနာယူဗဟုသုတဖြစ်ဖွယ်ဝိသောဓနီပြု၍ ရေးဖွဲ့တင်ပြခဲ့သည်။ မျက်မှောက်ခေတ် ရှေးဟောင်းစာပေ၏အခန်းကဏ္ဍတွင်'ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း၊ ကဝိလက္ခဏာဒီပနီကျမ်း၊ ကဝိလက္ခဏာဝိသောဓနီကျမ်း' ဟူသော ကျမ်းကြီးသုံးစောင်အပေါင်းအစုကို 'ကဝိလက္ခဏာသုံးကျမ်းတွဲ' ဟူ၍ ဝိသေသပြုခဲ့ကြသည်။

ဆရာကြီးဦးဆန်းထွန်း (မန်းတက္ကသိုလ်) ၏ ကဝိလက္ခဏာဝိသောဓနီကျမ်းကြီးတွင် လောကီ၊ လောကုတ္တရာအဖြာဖြာနှင့် လောကဓမ္မရာဇအကြောင်းများမှ အနှစ်သာရအကြောင်းခြင်းရာများနှင့် ပြည့်စုံ၍ ဗဟုသုတဖြစ်ဖွယ်ရာသတ်ပုံသံပေါက် (၃၄) ပုဒ်ကို လက်ရွေးစင်ရွေးချယ်ကာ ကဝိလက္ခဏာဝိသောဓနီဟူသော အမည်ဂုဏ်ဒြပ်နှင့်အညီ လိုက်ဖက်စွာ ရေးသား ပြုစုခဲ့သည်။

'သလေးကောက်သွယ်၊ နွားနှင့်နယ်၊ ရွှေနွယ်တသီတာ' ဟူသော ကဝိလက္ခဏာ သတ်ပုံသံပေါက်၏ အနှစ်သာရကို အကျယ်ဖွင့်ဆိုဖြေဆိုရေးသားရာ၌ ဆရာကြီးဦးဆန်းထွန်းသည် မြန်မာ့နိုင်ငံစိုက်ပျိုးရေးရာ ဗဟုသုတအဖြစ် (၁) ကောက်ကြီး အစရှိသော ခြေစပါးမျိုး၊ (၂) မုယောဂျုံအစရှိသော ကုဓြေစပါးမျိုး၊ (၃) ပဲသီးပဲနောက်အစရှိသော သမိဓြေစပါးမျိုး ဟူ၍ အခြေခံစပါးမျိုး (၃)ပါးရှိကြောင်း၊ (၁) ကောက်ကြီးစပါးမျိုး (ခြေစပါးမျိုး) ၌ သာလိကာမည်သော ကောက်ကြီး (သလေးစပါး) မျိုး၊ (၂) ဝီဟိမည်သော ကောက်လတ်စပါးမျိုး၊ (၃) သဋ္ဌိကမည်သော ကောက်လျှင်စပါးမျိုး ဟူ၍ (၃)မျိုးရှိကြောင်း တင်ပြသည်။

ကောက်ကြီးစပါးမျိုး စုစုပေါင်း (၁၂၆) မျိုး၊ ကောက်လတ်စပါးမျိုးစုစုပေါင်း (၁၀) မျိုး၊ ကောက်လျှင်စပါးမျိုး စုစုပေါင်း (၁၁) မျိုးနှင့်အတူ မုရင်း (၆) မျိုး၊ ကောက်ညှင်းဆန် (၃၄) မျိုး စုစုပေါင်း (၁၈၇) မျိုးရှိကြောင်းကို စာဆိုဒုတိယနဝဒေး (ဝက်မစွတ် နဝဒေး) ၏ မဟာအဓိကရမော်ကွန်းလာ -

ပတွက်ယူမှန်စွာ၊ ကောက်ကြီးမှာသော်၊ တစ်ရာကမောက်၊ နှစ်ဆယ့်ခြောက်တည့်၊ ကောက်လတ် တစ်ဆယ်၊ တသွယ်ကောက်လျှင်၊ ဆယ့်တစ်ပင်တည့် ခြောက်လျှင်မုရင်း၊ ကောက်ညှင်းသုံးဆယ်၊ စွန်းကယ်လေးခုံ -

ဟူသော အဖွဲ့အနွဲ့အကိုးအကားပြုလျက် စိုက်ပျိုးရေးဗဟုသုတကိုပေးခဲ့သည်။

'သုံးဘုံသူလုံး၊ ညွတ်ခရုံး၊ လပုံးမြို့ထိပ်ပန်း'ဟူသော ကဝိလက္ခဏာသတ်ပုံသံပေါက်ကို ဖြေဆိုရှင်းလင်းမှုပြုရာတွင်လည်း ဆရာကြီး ဦးဆန်းထွန်းသည် 'လပုံးဘုရား'သည် သိကြားမင်းအကွရာတံဆိပ်တော်ရဘုရား (၂၈) ဆူအနက် 'အ၊ စိ၊ န္တေ၊ ယျ' ဟူသော တံဆိပ်တော်ရဘုရားဖြစ်သည်ဟုဖွင့်ဆိုလျက် သိကြားတံဆိပ်တော်ရဘုရား (၂၈) ဆူ ဘွဲ့အမည်များကို မင်းတိုင်ပင်အမတ်ကြီးမဟာဇေယျသင်္ကြံ၏ အဆိုအမိန့်များကိုကိုးကားရင်း -

(၁) ပုဂံရွှေစည်းခုံ (အာ-သော-လာ-ဝ)၊ (၂) ပုဂံစူဠာမဏိ (တာ-ဝ-ဂု-ဏာ)၊ (၃) ပင်းယရွှေစည်းခုံ (သ-သ-သံ-သေ)၊ (၄) အဝရွှေစည်းခုံ (သု-ခါ-ဝ-ဟံ)၊ (၅) သီဟတော (သ-မ္ဗု-ဒ္ဓေ-ယ)၊ (၆) ရွှေစာရံ (ဘော-မိ-စိ-န္တာ)၊ (၇) ရွှေမင်းဝံ (ဥ-မှာ-ဝ-ပ)၊ (၈) ရွှေသာလျောင်း (ဝိ-ရူ-ဟော-န္တု)၊ (၉) ရွှေယင်မြော် (ဥ- ဝ-ဟ-နိ)၊ (၁၀) ပခန်းစည်သူရှင် (ဝ-ဝ-ဇာ-ဂံ)၊ (၁၁) ကွမ်းရွာရွှေတန့်တစ် (ထိ-ထ-မ-စဲ)၊ (၁၂) လယ်ကိုင်းကျောင်းတော်ရာ (ပု-ည-ခေ-တ္တံ)၊ (၁၃) အထက်စက်တော်ရာ(ကေ-လာ-ဝ-ဟ)၊ (၁၄) အောက်စက်တော်ရာ (န-န္တ-ဂုံ-ဏေ)၊ (၁၅) ပြည်ဆံတော် (သု-သု-ဇာ-ဂံ)၊ (၁၆) မြတ်စောညီနောင် (ဘော-မိ-သေ-ဋ္ဌံ)၊ (၁၇) ရွှေတိဂုံ (ဗု-ဒ္ဓ-စိ-န္တာ)၊ (၁၈) ရွှေမော်ဓော (ဝ-ရ-ဂု-ဏ)၊ (၁၉) ကျိုက်ပွန် (အ-ဟံ-ဘ-န္တော)၊ (၂၀) ကျိုက္ခမီ (စ-ဘ-က-သ)၊ (၂၁) ကျိုက်ထီးရိုး (က္က-အ-မ-ချာ)၊ (၂၂) မုတ္တမမြသိန်းတန် (ဝေ-ဒါ-ဒ-ယ)၊ (၂၃) ဇင်းကျိုက်ဘုရား (စေ-အာ-မာ-သော)၊(၂၄) ဇင်းမယ် လပုံးဘုရား (အ-စိ-န္တေ-ယ)၊ (၂၅) တရုတ်ပြည်စွယ်တော် (မာ-မံ-ဟု-ဟာ)၊ (၂၆) ယိုးဒယားပြည်ဆံတော် (ဧ-ဝံ-မာ-ဟ)၊ (၂၇) ထားဝယ်ပြည်ဆံတော် (မံ-သွဏ်-သု-သံ)၊ (၂၈) ရခိုင်ဘုရားကြီး (ဗု-ဒ္ဓ-ဂု-ဏ) ဟူ၍ မှတ်တမ်းတင်ဖော်ပြ ခဲ့သည်။

'ဆယ်ပါးနက်စံ၊ ရာဇဓံ၊ တရံမဖောက်လဲ' ဟူသော သတ်ပုံကို ရှင်းလင်းဖြေဆိုရာ၌ မင်းကျင့်တရားဆယ်ပါးကို ရာဇနီတိကျမ်းအကိုးအကားဖြင့်-

ဒါနံ-အလှူပေးခြင်း၊ သီလံ- သီလဆောက်တည်ခြင်း၊ ပရိစ္စာဂံ- စွန့်ကြဲပေးကမ်းခြင်း၊ အဇ္ဇဝံ-ဖြောင့်မတ်ခြင်း၊ မဒ္ဒဝံ-နူးညံ့ခြင်း၊ တပံ- ဥပုသ်ဆောက်တည်ခြင်း၊ အက္ကောဓံ - အမျက်နည်းခြင်း၊ အဝိဟိံသဉ္စ - မညှဉ်းဆဲခြင်း၊ ခန္တိ - သည်းခံခြင်း၊ အဝိရောဓံ - မဆန့်ကျင်ဘဲ လိုက်လျော၍ ကျင့်ကြံခြင်းတို့ဖြင့် ကျင့်ကြံရန် ဗဟုသုတဖြစ်ဖွယ် သာဓကများဖြင့် ရှင်းလင်း တင်ပြခဲ့သည်။

မြန်မာစာပေကို မြတ်နိုးချစ်ခင်နှစ်သက်လေးစားကြသော ပညာရှင်များသည် ကဝိလက္ခဏာသတ်ပုံသံပေါက်ကျမ်း(စိန္တကျော်သူဦးဩ)၊ ကဝိလက္ခဏာဒီပနီကျမ်း (အမှုတော်ရေး မင်းလှဇေယျသူ)၊ကဝိလက္ခဏာဝိသောဓနီကျမ်း (ဆရာကြီး ဦးဆန်းထွန်း-မန်းတက္ကသိုလ်) တို့ ရေးသားပြုစုခဲ့သော ကဝိလက္ခဏာသုံးကျမ်းတွဲ မြန်မာ့စာပေအဆီအနှစ် ဂန္ထဝင်ကျမ်းကို အထူးတန်ဖိုးထား ဘော့လာဆည်းပူးကာ လောကီနှင့် လောကုတ္တရာ ဗဟုသုတအဖြာဖြာကို ရှာဖွေစုဆောင်းကြပါသည်။

(ရည်ညွှန်းချက် - ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်) ၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ (၆) ရက်နေ့တွင် ကျရောက်မည့် နှစ် (၁၀၀) ပြည့် မွေးနေ့ကို ဦးခိုက်ပူဇော်ပါသည်။)

လှမြင့် (ရန်ကုန်တက္ကသိုလ်)

ကျမ်းကိုး -

ကဝိလက္ခဏာသုံးကျမ်းတွဲ၊
မြန်မာစာပေသမိုင်း
(ဦးဖေမောင်တင်)



www.burmeseclassic.com

www.burmeseclassic.com

# မဟာထွန်း

## ဂါထာကိုအကျိုးများအောင်ရွတ်ကြစို့

ဂါထာ၊ မန္တန်များ ရွတ်ပွားလျှင် အကျိုးများသည်ကို လူတိုင်း၊ ပုဂ္ဂိုလ်တိုင်းပင် သိကြသည်။ ထို့ကြောင့်လည်း ရွတ်ပွားကြသည်။ ရွတ်ပွားသောကြောင့်လည်း အကျိုးများကြသည်။

မည်သို့ပင် ရွတ်ပွားသည်ဖြစ်စေ၊ ထိုက်သင့်သောအကျိုးကို ရရှိကြမည်သာ ဖြစ်သည်။ အကျိုးကို လိုလား၍လည်း ရွတ်ပွားကြခြင်း ဖြစ်သည်။

ဂါထာ၊ မန္တန်ဟူရာ၌လည်း သရဲကြောက်သော ဂါထာမန္တန်၊ လာဘ်ပေါ်သော ဂါထာမန္တန်၊ အန္တရာယ်အပေါင်းမှ ကင်းဝေးသော ဂါထာမန္တန် စသည်ဖြင့် ခွဲ၍ရွေး၍ ရွတ်ပွားကြသေးသည်။ ရွတ်ပွားသည့် ဂါထာ၊ မန္တန်အလျောက် အကျိုးလည်းပေးသည်။

သို့သော် ဤ၌ စဉ်းစားဖွယ်ရှိသည်ကို တွေ့ရသည်။ အကျိုးပေးခြင်း အနည်းနှင့်အများကွာခြားနေတတ်ခြင်းကိုပင် ဆိုလိုခြင်းဖြစ်သည်။

ဝိပဿနာဓမ္မနှင့်ဆိုရလျှင် အတ္တပါခြင်းနှင့် မပါခြင်းကို ကြည့်သင့်သည်။ တရားရှုမှတ် ပွားများရာ၌ အတ္တ၊ ပညတ်ပါနေလျှင် ဝိပဿနာမဖြစ်၊ ဝိပဿနာမဖြစ်လျှင် မဂ်ကိုမရနိုင်၊ မဂ်ကိုမရလျှင် နိဗ္ဗာန်ကို မရောက်နိုင်ပေ။

ထို့ကြောင့် ဂါထာ၊ မန္တန် ရွတ်ပွားကြသောအခါတွင်လည်း အတ္တကို ဖြုတ်ထားပြီး ရွတ်ပွားလျှင် သာ၍အကျိုးများလိမ့်မည်။ နိဗ္ဗာန်တိုင်အောင် အကျိုးပေးလိမ့်မည်ဟုလည်း ကြည်ညိုနိုင်ကြမည်ဖြစ်သည်။

ဤ၌ သူတော်ကောင်းများ လေ့လာ နှိုင်းယှဉ်ကြည့်နိုင်ကြစေရန်အတွက် ဝိသုဒ္ဓိမဂ်မှ ဂါထာတစ်ပုဒ်ကို ထုတ်ပြလိုသည်။

၂ယသကာမတာယ ပဝတ္တိတံ ဟီနံ၊
ပုညဖလ ကာမတာယ ပဝတ္တိတံ မဇ္ဈိမံ၊
ကတဗ္ဗမေဝိဒန္တိ အရိယဘာဝံ
နိဿာယ ပဝတ္တိတံ ပဏီတံ။

၁။ **ယသကာမတာယ-** အကျော်အစောကို လိုလားသောစိတ်ဖြင့်၊ **ပဝတ္တိတံ -** ပြုလုပ်ဖြစ်စေအပ်သော ကုသိုလ်သည် **ဟီနံ -** အယုတ်။

၂။ **ပုညဖလ ကာမတာယ -** ကုသိုလ်၏အကျိုးကို လိုလားငဲ့ကွက်၍၊ **ပဝတ္တိတံ -** ပြုလုပ်ဖြစ်စေအပ်သော ကုသိုလ်သည်၊ **မဇ္ဈိမံ -** အလယ်အလတ်။

၃။ **ကတဗ္ဗမေဝိဒန္တိ -** ဤအမှုကို ပြုသင့်ပြုထိုက်၏ဟု၊ **အရိယဘာဝံ -** အရိယာတို့၏အနွယ်ကို၊ **နိဿာယ-** မှီ၍၊ **ပဝတ္တိတံ-**ပြုလုပ်အပ်သောကုသိုလ်သည်



www.burmeseclassic.com

www.burmeseclassic.com

သာလျှင်၊ **ပဏီတံ** -အမြင့်အမြတ်တည်း။

ဤသို့ ဆိုထား၏။

ဤအဆိုကို ကုသိုလ်ဒါနမပြတ်ပြုလုပ်နေကြသော ဗုဒ္ဓဘာသာဝင်အားလုံးတို့သည်ပင် အလေးအနက်ထားသင့်၏။

အထက်တွင်ဆိုခဲ့သောအကြောင်းအရာ (၃) မျိုးလုံးသည်ပင် ပါဠိကို ညွှန်ပြီး အနက်ပေးထား၍ လူငယ်လူရွယ်များ အဓိပ္ပာယ်အရှင်းမလင်းရှိကောင်းနိုင်သောကြောင့် ထပ်မံဂဏန်းထိုးပြီး ရှင်းပြပါဦးမည်။

၁။ အကျော်အစော လူသိထင်ရှားမောက်ကြွား ပလွှားလိုသောစိတ်ဖြင့် ပြုလုပ်သော ကုသိုလ်မျိုးသည် အနိမ့်ဆုံး ရလဒ်မှာသာရှိသည်ဟု ဆိုထား၏။ ပြုလုပ်သော ကုသိုလ်ကောင်းမှုသည် ပမာနချင်း တူမျှသော်လည်း အကျိုးပေးသောအခါ အနိမ့်ဆုံးမှာသာရှိသည်ဟု ဆိုလို၏။ နိဗ္ဗာန်နှင့် မဆက်စပ်သေးဟုလည်း ဆိုရ၏။

၂။ ကုသိုလ်၏ ရလဒ်ကို လိုလားတောင့်တ၍ ပြုလုပ်သော ကုသိုလ်မျိုးသည်လည်း အလယ်အလတ်အဆင့်မှာသာရှိသေးသောကြောင့် နိဗ္ဗာန်နှင့်မဆက်စပ်သေးပေ။

၃။ ဤအမှုသည် ပြုသင့်ပြုထိုက်သော အမှု၊ ကိစ္စ၊ အလုပ်ဟု စိတ်မှာစွဲ၍ သဒ္ဓါတရားဖြင့် အရိယာအရှင်မြတ်တို့ အဆွယ်တော်ကိုလိုက်၍ ပြုလုပ်သော ကုသိုလ်သည်သာလျှင် အမြင့်မြတ်ဆုံးဖြစ်၍ အမြင့်အမြတ်မှာသာရှိသောကြောင့်သာ ကုသိုလ်ဗိုလ်၊ ကုသိုလ်ဥက္ကဋ္ဌကြီးဖြစ်နေသဖြင့် အကျိုးပေးရာတွင်လည်း အမြင့်ဆုံး၊ အမြတ်ဆုံးပေး၏၊ သို့မှ နိဗ္ဗာန်နှင့်လည်းစပ်လေ၏။

အဓိပ္ပာယ်ကို သာ၍ရှင်းအောင်ဆိုရပါမူ မိမိအတွက်ရလဒ်ကို မမျှော်ကိုးဘဲ လုပ်သင့်လုပ်ထိုက်သည်ကိုသာလုပ်သည်ဟု ဆိုလိုခြင်းဖြစ်၏။

လုပ်သင့်လုပ်ထိုက်သောအလုပ်ဟုရာ၌လည်း ဗုဒ္ဓဘာသာတိုင်းသည် ဒါနကိုပြုလုပ်၏။ သီလကိုစောင့်ထိန်း၏။ ဘာဝနာတရားတော်ကို ပွားများ၏။ ဤသည်မှာ ဗုဒ္ဓဘာသာဝင်တိုင်း၏ လုပ်သင့်လုပ်ထိုက်သောအလုပ်များ ဖြစ်၏။

ထိုသို့ ဒါန၊ သီလ၊ ဘာဝနာတရားတော်များကို ပြုလုပ်ကြရာ၌ မိမိ၏ ဒါနဝတ္ထုသည် အလှူခံပုဂ္ဂိုလ်၏ လက်ထဲသို့ ရောက်သွားလျှင် ဒါနပြုခြင်းနှင့်ပတ်သက်၍ လုံလောက်ပြီ။

သီလခံယူဆောက်တည်ရာတွင်လည်း မိမိစောင့်ထိန်းထားသော သီလလုံခြုံလျှင် လုံလောက်ပြီ။ ဘာဝနာပွားများရာ၌လည်း ထိုနည်းလည်းကောင်း၊ ဝိပဿနာဘာဝနာကို ပွားများအားထုတ်နေလျှင် လုံလောက်ပြီ။

ထိုကဲ့သို့သာ ဝမ်းမြောက်ဝမ်းသာဖြစ်၍နေရ၏။ ငါပြုလုပ်သောဒါနကုသိုလ်၏အကျိုးကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ပါစေ။ သီလဆောက်တည်စောင့်ထိန်းရသောအကျိုးကြောင့်လည်း လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ပါစေ။ ထိုနည်းလည်းကောင်း တရားဘာဝနာကို ပွားများရသော အကျိုးကြောင့်လည်း လူချမ်းသာ၊ နတ်ချမ်းသာဖြစ်ပါစေ စသည်ဖြင့် မိမိပြုလုပ်သောအကျိုးကို လောကီကိစ္စမျှဖြင့် မလဲသင့်ပေ။

ထိုကဲ့သို့ ပြုလုပ်ပြီး လဲလှယ်ဆုတောင်း၍မရလားဟုမေးလျှင် ရ၏။ သို့သော် မိမိပြုလုပ်သော ကုသိုလ်တရားများသည် လောကီကိစ္စမှာသာ ကုန်ဆုံးလေပြီဖြစ်သောကြောင့် နိဗ္ဗာန်နှင့်မစပ်တော့ပေ။ ပြည်တန်သောပတ္တမြားကို ကလေးသူငယ်တို့ မုန့်မြောက်နှင့်လဲပြီး စားလိုက်သကဲ့သို့သာ ဖြစ်သွားရလေသည်။

စင်စစ်တွင် မိမိပြုလုပ်သော ကုသိုလ်သည် လောကီအရာတွင် စစ်သူကြီးဖြစ်လိုကလည်း ဖြစ်နိုင်၏။ ရှင်ဘုရင်ဖြစ်လိုကလည်း ဖြစ်နိုင်၏။ ရဟန္တာ၊ ပစ္စေကဗုဒ္ဓါ၊ သဗ္ဗညုမြတ်စွာဘုရား စသည်ဖြင့်လည်း ဖြစ်နိုင်သေး၏။

ဤ၌ ဆောင်းပါးတိုလေးတစ်ပုဒ်မျှသာဖြစ်၍ ကျမ်းကြီးကျမ်းခိုင်များထဲက အကြောင်းအရာများကို နှိုက်မပြတော့ပေ၊ တစ်နေရာမှ ဆိုခဲ့သည့် ပါဠိတိုလေးတစ်ပုဒ်သည်ပင် ပြည့်စုံနေပြီဖြစ်၍ အခြား လိုအပ်သော အထောက်အထားများကိုသာထုတ်ပြပေတော့မည်။ ထိုသို့ ထုတ်ပြလျှင်လည်း လုံလောက်မှုရှိပေသည်။

ဇောတိကဇာတ်တော်ကို ဗုဒ္ဓဘာသာဝင်တိုင်းပင် ကြားဖူး၊ သိဖူးကြသည်။ ဇောတိကဖြစ်လာမည့်အလောင်းအလျာသည် ဝိပဿီမြတ်စွာဘုရားရှင်မပွင့်ပေါ်မီ ကြံခင်းလုပ်ညီနောင်နှစ်ဦးဖြစ်ခဲ့ဖူး၏။ ဇောတိကမှာ ညီဖြစ်၏။

တစ်နေ့သောအခါတွင် ဈာန်သမာပတ်မှထတော်မူသော ပစ္စေကဗုဒ္ဓတစ်ပါးအား ကြံရည်ဆွမ်းလောင်းလှူဖူး၏။

အစ်ကိုဖြစ်သူက -

"တပည့်တော်သည် ဤကောင်းမှုကြောင့် အရှင်ဘုရားသိတော်မူသောတရားတော်ကို အလွယ်တကူသိရပါလို၏"

ဟု ထပ်တောင်းလိုက်သေး၏။

ဝိပဿီဘုရားရှင်ပွင့်တော်မူလာသောအခါ ညီအစ်ကိုနှစ်ယောက်လုံးပင် သူကြွယ်များဖြစ်ကြ၍ အစ်ကိုဖြစ်သူက တရားတစ်ကြိမ်နာရရုံဖြင့်ပင် အကျွတ်ရ၍ ရဟန္တာဖြစ်သွား၏။

ညီဖြစ်သူ ဇောတိကလောင်းလျာသည်ကား နိဗ္ဗာန်ဆုနှင့်ဝေး၍သူတောင်းခဲ့ဖူးသော လောကီဆုမှာသာ ငြိနေတင်နေသောကြောင့် အကျွတ်မရနိုင်ဘဲ သူဌေးသူကြွယ်ကြီးအဖြစ်ဖြင့် ကျောင်းဒကာကြီး၊ ဒါနရှင်ကြီးလုပ်၍သာနေရလေ၏။

ထိုမှ ကာလရှည်ကြီးအတိုင်း စီးမျောပြီး လူချမ်းသာ စသော ဘဝများကို ခံစားလာခဲ့ရာ ငါတို့မြတ်စွာဘုရားရှင်လက်ထက်တွင် သူဌေးကြီးဇောတိကဟုလာဖြစ်ပြန်သည်။

ထိုအခါ အဇာတသတ်မင်းကသူ၏စည်းစိမ်များကိုလာတိုက်ခိုက်ရာမှ သတိသံဝေဂရသွားခဲ့၏။ စည်းစိမ်ဥစ္စာဟူသည်မှာ ရန်သူများဝိုင်းအုံ၍နေတတ်သည်ဟုလည်း အမှန်ကိုမြင်သွားခဲ့၏။

အမှန်ကိုမြင်မှအမှားပျောက်သဖြင့် စည်းစိမ်ဥစ္စာများကိုစွန့်လွှတ်ကာ ဘုရားရှင်၏အထံတော်၌ ရဟန်းပြုပြီး တရားကျင့်၍ အရဟတ္တမဂ်တိုင်အောင်ဆိုက်သွားလေ၏။

ဤသည်မှာ နိဗ္ဗာန်ကို သမ္ပတ္တိနှင့် ရောတောင်းမိ၍ဖြစ်၏။ သမ္ပတ္တိဟူသည်မှာ ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိကို ဆိုလိုခြင်း ဖြစ်၏။ ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လူချမ်းသာ၊ နတ်ချမ်းသာဟု အနက်ဆိုရ၏။

အစ်ကိုဖြစ်သူမှာ နိဗ္ဗာန်တရားတစ်ခုတည်းကိုသာ ဆုတောင်းသွား၏။ ပစ္စေကဗုဒ္ဓါအရှင်အား 'ဤကုသိုလ်ကောင်းမှုကြောင့် အရှင်ဘုရားသိသော တရားတော်ကို တပည့်တော်သည် အလွယ်တကူသိရပါလို၏' ဟု တောင်းခြင်းသည် အတ္တကင်း၏။ အတ္တကင်းလျှင် အနတ္တဖြစ်၏။

အတ္တစွဲကြီးဖြင့် နိဗ္ဗာန်ကိုမရောက်နိုင် ပေ။ ထို့ကြောင့် နိဗ္ဗာန်ကို ရလို၊ ရောက် လိုသူသည် အတ္တကို ဖြုတ်နိုင်ရ၊ ဖြုတ်တတ်ရ၏။ အတ္တကိုဖြုတ်ပြီးမှ ပြု

www.burmeseclassic.com

လုပ်သော ဒါန၊ သီလ၊ ဘာဝနာသည် အနုတ္တာဖြစ်လျက်ရှိသောကြောင့် နိဗ္ဗာန်နှင့်စပ်ပြီးဖြစ်သွား၏။

ထိုသို့သဘောရှိ၍ ဂါထာမန္တန်များကို ရွတ်ပွားကြရာတွင်လည်း လောကီသမ္ပတ္တိကိုဖြတ်ပြီးမှသာ ရွတ်ပွားသင့်၏။

သမ္ပတ္တိကိုဖြတ်ပြီး လာဘ်ပေါသောဂါထာ၊ မီးကွင်းသောဂါထာ၊ အန္တရာယ်အမျိုးမျိုးကင်းပြတ်သောဂါထာစသည်ဖြင့် ရွတ်ပွားလျှင်လည်း လာဘ်ပေါမည်၊ မီးကွင်းမည်၊ အန္တရာယ်ကင်းမည်သာ ဖြစ်၏။ နိဗ္ဗာန်နှင့်လည်း စပ်၏။ ရလဒ်သည် နှစ်မျိုးလုံးပြည့်စုံ၏။

လောကီသမ္ပတ္တိမျှကိုသာ အာရုံထားပြီး ရွတ်ပွားလျှင် အကျိုးပေးခြင်းသည် လောကီမှာပင် ရပ်ဆိုင်းလျက်ရှိပြီး နိဗ္ဗာန်နှင့် မစပ်တော့ပေ။ လောကီသမ္ပတ္တိကိုလွှတ်ပြီး ရွတ်ပွားလျှင် သာ၍ပင် အကျိုးပေးကြီးလေ၏။ မျက်မှောက်လက်ငင်းပင် အကျိုးပေးတတ်လေ၏။

စာရေးသူ၏အဘိုး မျက်မှောက်လက်ငင်းအကျိုးပေးခဲ့ဖူးသည့်အကြောင်းကို အကျဉ်းမျှတင်ပြလိုက်၏။

ဂျပန်များ စစ်ရှုံး၍ ဆုတ်ခွာစအချိန်သည် အုပ်ချုပ်မှုကင်းလွတ်လျက်ရှိ၏။ ထိုအချိန်၌ ဂျပန်များထားခဲ့သည့် လက်နက်များဖြင့် အုပ်စုဖွဲ့ပြီး ဗိုလ်ကျနေကြသော လူဆိုးလည်း မနည်းပေ။ ထို့ကြောင့် လူဆိုးများသည် လူကောင်းများအား အလွန်အမင်းအနိုင်ကျင့်လျက်ရှိနေကြ၏။

ထိုအချိန်က အဘိုးသည် မြစ်ဘက်ကမ်း (၁၀) မိုင်ခန့်လှမ်းသော ယောက္ခမလယ်ကို တစ်ယောက်ဘည်းသွားလုပ်ပြီးရသမျှ စပါးများကို ရောင်းချ၍ ငွေ (၁၆၀) ဖြင့်လာနေသည်ကို နာမည်ကြီးဓားပြအဖွဲ့က သိသွား၏။

အဘိုးကလည်း ဓားပြများ ကူးတို့ဆိပ်က စောင့်ဆိုင်းပြီး တိုက်ခိုက်သတ်ဖြတ်ရန်စောင့်နေကြသည့်သတင်းကိုရ၏။ ထို့ကြောင့် မူလ ကူးတို့ဆိပ်ကမကူးရဲတော့ဘဲ မူလကူးတို့ဆိပ်နှင့် (၃) မိုင်မျှလှမ်းသော မိတ်ဆွေတစ်ယောက် နေရည်ခံနေသည့်နေရာမှ အကူအညီတောင်းပြီး လှေဖြင့်ပို့ခိုင်း၏။

သို့မှ ဓားပြအဖွဲ့နှင့်တည့်တည့်တိုးလေသည်။ အဘိုးလမ်းကြောင်းပြောင်းသွားသည်ကို ဓားပြများလည်းသိ၍ တမင်တကာ ကြိုပြီးစောင့်နေကြခြင်းဖြစ်၏။

အဘိုး လှေပေါ်တက်ပြီးနောက် လှေလည်း ကမ်းမှခွာ၊ အဘိုးလည်း ခပ်သုတ်သုတ်ရှေ့ကိုဆက်လျှောက်မှ ဓားပြအဖွဲ့ကြီးကို မြင်၏။ ထိုနေရာသည် တောင်ချိုင့်ကြားဖြစ်၏။

ဓားပြများတွင် တချို့က မယ်ဒလင်တီးပြီး သီချင်းဆိုနေကြ၏။ တချို့က ဘိန်းရှူနေကြ၏။ တချို့က ဖဲရိုက်နေကြ၏။

အဘိုးမှာလည်း ပေါက်သည့်နဖူး မထူးတော့။ ငယ်စဉ်ကပင် ဆရာတော်သင်ပေးထားသော သရဏဂုံကိုသာ စိတ်ထဲမှတွင်တွင်ရွတ်ပြီး ရှေ့ကိုတိုးလျှောက်ရလေသည်။

ကင်းစောင့်ဓားပြမှစ၍ အဘိုးကို အသေချာပင်မကြည့်ကြပေ။ တချို့ဓားပြများကမူ -

"အဘွားကြီးတစ်ယောက်ဒီနေရာကို ဘာလာလုပ်တာလဲ၊ သေချင်တယ်ထင်တယ်"

ဟု ဆိုကြ၏။

တချို့ကမူ -

"အဘွားကြီးမို့လို့ သက်သာရာရလေရဲ့"

ဟု ဆိုကြ၏။

တချို့ကလည်း ဘာမကြီးညာမကြီး စသည်ဖြင့် အယုတ္တအနုတ္တဆဲဆိုကြ၏။

ထို့ကြောင့် အဘိုးမှာ သူ့နောက်မှ အဘွားအိုတစ်ယောက်များ ပါလာလေသလားဟုအထင်ဖြင့် နောက်ဘက်ကိုပင်အကြိမ်ကြိမ်လှည့်ကြည့်မိ၏။သို့သော်



မည်သည့်အဘွားအိုမျှ မပါပေ။ ဓားပြများသည် အဘိုး၏မျက်နှာကိုကြည့်ပြီးသာ ဆဲဆိုကြိမ်းနေကြခြင်း ဖြစ်၏။

အဘိုးမှာ ဓားပြများ၏ အဆဲအဆိုကိုခံပြီး တောင်ချိုင့်အကြားတွင် ဘိန်းရှူ ဖဲရိုက်နေကြသောဓားပြများကိုသာ ကျော်ခွပြီးသွားနေရ၏။ ဓားပြအုပ်စုကိုကျော်လွန်၍ ပေ (၄၀၀) ခန့်လယ်ကွင်းလေးကိုရောက်မှ ဆဲဆိုပြီးပြုံလိုက်လာကြသံကို ကြားရလေ၏။

"ဟာ - ဟိုက်ကောင်တွေ၊ အဲဒါအဘွားကြီးမဟုတ်ဘူး။ တို့စောင့်နေတဲ့လူပဲကွ။ လိုက်ကြကွ၊ ပစ်ကြခတ်ကြကွ"

အဘိုးလည်း ရှာဘက်ဆီသို့ သုတ်ခြေတင်လေ၏ ။ ထို့ကြောင့် ဆဲဆိုပစ်ခတ်သံ၊ လိုက်လာကြသံများ နောက်တွင် ကျန်နေခဲ့လေသည်။

အမှန်မှာ ဤ၌ အဘိုးဟု ဆိုရသော်လည်း ထိုအချိန်က အဘိုး၏အသက်မှာ (၃၀) ဝန်းကျင်မျှသာရှိသေးသည်ဟု ပြောပြခဲ့ဖူးသဖြင့် လူအိုကြီးတစ်ယောက်မဟုတ်သလို အဘွားအိုကြီးတစ်ယောက်နှင့်လည်း တူရန်အကြောင်းမရှိပေ။

အဘိုးရွတ်ဆိုပွားများလာခဲ့သော သရဏဂုံက အကျိုးပေးလိုက်ခြင်းသာဖြစ်၏။ ဂါထာမန္တန်ကို နေ့စဉ်မှန်မှန်ရွတ်ဆိုနေ၍ ရန်သူနှင့်တွေ့ရသောအခါ ယောက်ျားမှ မိန်းမအသွင် (ခေတ္တခဏ၊ အမြင်) ပြောင်းသွားဖူးသော ဇာတ်တော်တစ်ခုလည်းရှိ၏။

အဘိုးသည်လည်း ငယ်စဉ်ကျောင်းသားအရွယ်ကပင် သရဏဂုံကို အိပ်ရာဝင်၊ အိပ်ရာထ ရွတ်ပွားပူဇော်လေ့ရှိပြီး ခရီးသွားလျှင်လည်း ထိုနည်းလည်းကောင်း ရွတ်ဆိုပူဇော်လေ့ရှိသည့်အကြောင်းကို ပြောပြခဲ့ဖူးသည်။

ငါးပါးသီလခံယူရာတွင်ပါဝင်သော သရဏဂုံ၊ ပရိတ်ရွတ်ရာတွင် ထည့်ပြီးရွတ်ဆိုလေ့ရှိသော ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ် စသော ဂုဏ်တော်များတွင် အတ္တ/ ဆုတောင်း မပါရှိပေ။ ထို့ကြောင့်ပင် အကျိုးထက်မြက်ခြင်းရှိသည်ဟု ကြည်ညိုရ၏။

ထို့ကြောင့် နိဗ္ဗာန်နှင့်စပ်သည်အထိ အကျိုးပေးထက်မြက်သောဂါထာ၊ မန္တန်ရွတ်နည်းဖြင့်သာ ရွတ်ပွားကြလေ သူတော်ကောင်းတွေတို့။

မဟာထွန်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ဟလာသောအလောင်းတော်ကဿပ ဂူတံခါးအတွင်းမှ ထူးခြားသောပုံတော်စေတီ

# ကံဝင်း
# အလောင်းတော်ကဿပနာယက
# ဖိုလ်ဝင်တောင်ဆရာတော်ကြီး၏နောက်ဆုံးခရီး



နောက်ဆုံးခရီး ပင့်ဆောင်တော်မူလာစဉ်



ဖိုလ်ဝင်တောင်ဆရာတော်ကြီးရုပ်ကလာပ်တော်အား ပင့်ဆောင်လာစဉ်

"တစ်ခါတစ်ရံမှာ တောဆင်ရိုင်းအုပ်တွေနဲ့တွေ့ရင် တောထဲမှာ နှစ်ည၊ သုံးညအိပ်ပြီးမှ ခရီးဆက်ရတယ်"

လွန်ခဲ့သောနှစ်ပေါင်း(၅၀)ခန့်က အလောင်းတော်ကဿပသွားအတွေ့အကြုံများကို အခါအခွင့်သင့်တိုင်း ဖိုလ်ဝင်တောင်ဆရာတော်ဘုရားကြီးက စာရေးသူ အပါအဝင် တပည့်များကို ပြောပြလေ့ရှိ၏။

"တစ်ခေါက်တည်းလား ဆိုတော့ မဟုတ်ဘူး၊ အခေါက်ခေါက်အခါခါပေါ့။ တစ်လတည်းနှင့်ပင် နှစ်ခေါက်၊ သုံးခေါက် ဘုရားဖူးတွေပို့ရတယ်။ အခုလို ကားလမ်းမပေါက်သေးတော့ အတော်လျှောက်ရတယ်။ ဘုန်းကြီးကလည်း အရွယ်ကောင်းတုန်းဆိုတော့ အပင်ပန်းခံနိုင်တယ်။အလောင်းတော်ကြီးကျောက်ဂူရောက်ပြီဆိုလျှင်ဖြင့် ပန်းသမျှအမောပြေပြီ။ လန်းဆန်းသွားတဲ့ အရသာက ဘာနဲ့မှမလဲနိုင်ပါဘူး။ ကျောက်တောင်သုံးလုံးခြားမှာ ဘုရားအာရုံပြု တရားထိုင်ရတာ ကောင်းမှကောင်းပေါ့။ နောက်ပိုင်း နှစ်တွေကြာလာတော့ အလောင်းတော်ကဿပသာသနာတော်ကြီးပွင့်လာတယ်ပြောရမှာပါပဲ။ ဘုရားဖူးတွေကလည်းများလာတယ်။ ဒါနဲ့ ဒေသဆိုင်ရာ



www.burmeseclassic.com


www.burmeseclassic.com

အာဏာပိုင်တွေနဲ့ ညှိနှိုင်းပြီး လမ်းကြမ်း ဖောက်နိုင်ခဲ့တယ်။ တော်ရုံတန်ရုံ ကား တော့ မရသေးဘူးပေါ့၊ သစ်လုပ်ငန်းက တီအီးကားတွေ၊ သစ်တင်ချက်ပလက် ကားတွေ၊ လော်လီကားကြီးတွေနဲ့ပေါ့၊ အဲဒီလို အပင်ပန်းခံပို့ခဲ့တာ နှစ် (၅၀) လောက်ရှိပြီ။ အခုတော့လည်း ကားကြီး၊ ကားလေး၊ နောက်ဆုံးပေါ်ကားတွေပါ မကျန် ပွင့်လင်းရာသီမှာ သွားရောက် ဖူးမြော်နိုင်ကြပြီ"


တပည့်ယောဂီတွေဖိုလ်ဝင်တောင် အလောင်းတော်ကဿပကို အံ့နှင့်ကျင်း နှင့်လာဖူးကြ၊ ဖိုလ်ဝင်တောင်ဆရာတော် ကိုဝင်ဖူးကြနှင့် ထိုစဉ်က ဆရာတော်ကြီး သီတင်းသုံးနေသည်က အလောင်းတော် ကဿပတောင်တော်တောင်ပေါ်မှ တစ် ထပ်ကျောင်းလေးမှာ အထက်ပါအတိုင်း မိန့်ကြားခဲ့ဖူးပါသည်။


"အလောင်းတော် ကဿပ သာသနာတော်ကြီး ပွင့်ထွန်းလာတာနဲ့ အညီ နှစ်စဉ် အထူးသဖြင့် တပို့တွဲလ ပြည့်နေ့နဲ့ အဖိတ်နေ့တွေမှာ ဂူတံခါး ကြီး‌ပွင့်ဟ၊ တန်ခိုးပြ၊ ရောင်ခြည်တော် တွေကလည်း ထူးထူးကဲကဲ အံ့သြစွာ ဖူးရပါတယ်။ စာရေးဆရာတို့လည်း မျက်မြင် ဖူးတွေ့ရ။ စာရေးဆရာရေးတဲ့ ဂူပွင့်မှတ်တမ်းပုံတွေနဲ့တကွ ဂျာနယ်၊ မဂ္ဂဇင်းတွေကလည်း ရေးကြဆိုတော့ မြန်မာပြည်အနှံ့အပြားမှ လာဖူးလိုက် ကြတာ တစ်နေ့တည်း ခုနှစ်သောင်း လောက်လာဖူးတယ်။ နေ့ချင်းဖူးပြန်တွေ များတယ်။ ညဥ့်အိပ်ညဥ့်နေတွေက ဇရပ် ကြီးအလုံး(၄၀)အကုန်ပြည့်။ သစ်ပင်ပျို၊ သစ်ပင်အိုတွေကြားမှာ ယာယီသစ်ခက် တဲနန်း စောင်အမိုးတွေလုပ်ပြီး ကြိုးစား ပမ်းစား အလောင်းတော်ကြီးလာဖူးတာ ဘုန်းကြီးပီတိဖြစ်မိတယ်"

အထက်ပါ မိန့်ကြားစကားက ၁၃၇၀ ပြည့်နှစ်က ဝန်ဆောင်အဖွဲ့ အတွင်းရေးမှူး လမ်းမတော် ဦးမောင် မောင်ဌေးတို့ ဘုရားဖူးအဖွဲ့နှင့်အတူ စာရေးသူတို့ သွားရောက်၍ ဆရာတော် ကြီးအား ဖူးမြော်စဉ် မိန့်တော်မူခဲ့ပါ သည်။ ဖိုလ်ဝင်တောင်ဆရာတော်ကြီး ပျံလွန်တော်မူမည့် (၁) နှစ်အလို ၁၃၇၅၊ တပို့တွဲလ၊ အဖိတ်နေ့ညနှင့် လပြည့်နေ့ နံနက်ပိုင်းမှာ ဂူပွင့်ဟသတင်းဓာတ်ပုံ အမိအရ ရိုက်ကူးယူနိုင်ပြီးနောက် ဖိုလ်ဝင်တောင် ဆရာတော်ဘုရားကြီး အား လမ်းမတော်ဦးမောင်မောင်ဌေးနှင့် ဝင်ရောက် ဖူးမြော်စဉ်က မိန့်ကြား



ဈာပနမဏ္ဍပ်ကြီး








www.burmeseclassic.com


www.burmeseclassic.com



ဈာပနမြင်ကွင်း



ရုပ်ကလာပ်တော်အား တပည့်များက ပင့်ဆောင်စဉ်



ဆောက်ထားတဲ့သင်္ချိုင်း ဖိုလ်ဝင်တောင်ကို ဈာပနအခမ်းအနားမပြုလုပ်ရှေ့မှ မြင်ရပုံ

မှာစကားပြောခဲ့ပြန်ပါသည်။

"စာရေးဆရာ၊ ဘုန်းကြီးဒီနှစ်ပိုင်းမှာ ချူချာလှတယ်။ ကျန်းမာရေးသိပ်မကောင်းဘူး။ အလောင်းတော်ကဿပသွားမြေကြီးလမ်းကို ကွန်ကရစ်အပြီးခင်းချင်လှတယ်။ ဒီနှစ် ဘုရားဖူးရာသီကုန်တာနဲ့ မဟူတောင်၊ နတ်တောင်ဘက်ခြမ်းမှာ ကွန်ကရစ်စခင်းတော့မယ်"

ထို မိန့်ကြားမှာကြားတော်မူပြီးတစ်နှစ်ခန့်အကြာ၊ အလောင်းတော်ကဿပတောင်ပေါ်ကားလမ်းကွန်ကရစ်လမ်းခင်းခြင်းကိစ္စရပ်များ မနေမနားဆောင်ရွက်တော်မူရင်း ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

ထိုနေ့ကား -

၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော်၃ ရက်။

၇-၁-၂၀၁၅ နေ့၊ နံနက် (၁) နာရီ(၂၅) မိနစ်။

**ထူးခြားစံပြု ဖြစ်ရပ် (၂) ခု**

၁။ ကျေးဇူးတော်ရှင် အလောင်းတော်ကဿပဖိုလ်ဝင်တောင်ဆရာတော်ဘုရားကြီးမပျံလွန်မီ (၃)ရက်အလိုတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သာသနာပြုအမြင့်ဆုံးဘွဲ့ 'အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ' ဘွဲ့တံဆိပ်တော်ဆက်ကပ်တော်မူခြင်း။

၂။ ပြင်ဦးလွင်မြို့နယ် ခုတင် (၇၀၀) တပ်မတော်စစ်ဆေးရုံမှ ဖိုလ်ဝင်တောင်သို့ ရုပ်ကလာပ်တော်ပင့်ဆောင်၍ စံကျောင်းတွင်ထားရှိစဉ် ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့နံနက်စောစော၌ ဆရာတော်ကြီးသာသနာပြုခဲ့သော အလောင်းတော်ကဿပတွင် ကျောက်ဂူတံခါးသည် ထူးကဲစွာ ပွင့်ဟ၍အတွင်း၌ စေတီတော်တစ်ဆူကိုတပည့်ဒကာများ ထူးထူးခြားခြားဖူးမြော်ခွင့်ရခဲ့ခြင်း စသည့် ထူးခြားမှု (၂) ခုကို ဤဆောင်းပါးတွင်ပူးတွဲ ထည့်သွင်း မှတ်တမ်းတင်ပါသည်။

**နိဂုံးချုပ်သံဝေဂ**

*ဘယ်လောက်ပဲ ကျော်ကျော်*
*ဘယ်လောက်ပဲ တော်တော်*
*ဘယ်လောက်ပဲ လှလှ*
*ဘယ်လောက်ပဲ မြင့်မြင့်*
*သေမင်းနှင့် တွေ့လို့ကတော့*
*အကျော်၊ အတော်၊ အလှ၊ အမြင့်*



www.burmeseclassic.com

www.burmeseclassic.com

*ပိုင်ဆိုင်ခွင့်ရှိသမျှဆုံး*
*အရှုံးနှင့်ရင်ဆိုင်*
*ကိုယ်ပြုတဲ့ကံသာပိုင်ကြောင်း*
*ကောင်းကောင်းသိကြပါစို့။*

*ဆရာတော်ဘုရားကြီးအား*
*ဦးခိုက်လျက်*
တပည့်ရင်း
မောင်ကျောက်ကြည်
ဆေးမှူး(ငြိမ်း)

**▫ ဖွားရာဌာနမိနှင့်ဖ**

မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇတွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဘဒ္ဒန္တသုမန မဟာထေရ်၏ မျက်မှောက်ဘဝ လူဖြစ်ရာဌာနသည်ကား ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် တကောင်းကျေးရွာအုပ်စု ပန်းပဲစုကျေးရွာ ခမည်းတော်ဦးဘိုးကွန်း၊ မယ်တော် ဒေါ်လှဝိုင်းတို့မှ ၁၂၉၅ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ သောကြာနေ့တွင် အမြိတ္တာစုတ်စန်းယှဉ်လျက် သားလှရတ္တနာကို မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။

**▫ သာသနာ့အစရှင်ဘဝ**

(၅)နှစ်ချိန်ခါရွယ်ရောက်လာသော် မိဘများမှ ဝါးကာမဏိကျေးရွာ ရွာဦးကျောင်းဆရာတော်ဦးဓမ္မဝံသထံ အပ်နှင်း၍ ယဉ်ကျေးလိမ္မာစာပေများကို အပ်နှံသင်ကြားစေခဲ့ပါသည်။ ထို့နောက် ဆရာတော်လောင်းလျာကို ၁၃၀၈ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဝါးကာမဏိကျေးရွာ ရွာဦးကျောင်းဆရာတော် ဦးဓမ္မဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝကို **ရှင်သုမန** ဘွဲ့အမည်ဖြင့် ရောက်ရှိခဲ့ပါသည်။

**▫ မြင့်မြတ်ထက်တန်း မြတ်ရဟန်း**

၁၃၁၅၊ တန်ခူးလဆန်း ၁၅ ရက်၊ သောကြာနေ့ နံနက် (၉း၁၅) မိနစ်တွင် ဒိုက်ဦးမြို့ ဒရယ်မီးရပ်ကွက် စက်ကျောင်းတိုက် ခဏ္ဍသိမ်၌ ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဝါးကာမဏိရွာဦးကျောင်းဆရာတော် ဦးဓမ္မဝံသကို ဥပဇ္ဈာယ်ပြုလျက် ဒိုက်ဦးမြို့နယ် မြို့သူကြီး ဦးမြိုင်၊ ဒေါ်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**▫ ပညာရည်နို့သောက်စို့ခဲ့ရာများဌာန**

အရှင်သုမနသည် ရွာဦးကျောင်းဆရာတော် ဦးဓမ္မဝံသထံ၌ အခြေခံပိဋကတ်စာပေများကိုသင်ယူပြီး မိတ္ထီလာမြို့ အင်ကြင်းစုကျောင်းဆရာတော် ဦးနေမိန္ဒထံတွင် ပရိယတ္တိစာပေများကို သင်ကြား လေ့လာ၍ စာမေးပွဲဖြေဆိုခဲ့ရာ အစိုးရပထမငယ်တန်းကို အောင်မြင်ခဲ့ပါသည်။ ထို့နောက် မန္တလေးမြို့ မိုးကောင်းတိုက်သို့ ပြောင်းရွှေ့ကာ ညောင်ရမ်းပါဠိတက္ကသိုလ် ညောင်ရမ်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တရေဝတ အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တ သဇ္ဇနာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဘဒ္ဒန္တ ဉာဏောဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု) စသော စာချအကျော် ဆရာတော်များထံ၌ ပရိယတ္တိစာပေများကို သင်ယူပြီး အစိုးရ ပထမလတ်တန်း၊ အစိုးရပထမကြီးတန်းအဆင့်ဆင့်တို့ကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

**▫ အလောင်းတော်ကဿပသာသနာပြုခြင်း**

မိမိ၏ဆရာ ပုပ္ပားသာသနာပြုဆရာတော် ဦးကုမာရ စတင်သာသနာပြုခဲ့သည့် အလောင်းတော်ကဿပကို ၁၃၃၀ ပြည့်နှစ်မှစ၍ မိမိ၏နောင်တော်ဖြစ်သော ဆရာတော် ဦးကဝိန္ဒ (ပုပ္ပား) နှင့်အတူဆက်လက်၍ ဘုရားဖူးပရိသတ်များ ပို့ဆောင် သာသနာပြုခဲ့ပါသည်။ ထိုသို့ သာသနာပြုရာ၌ ရွှေဘိုမြို့ ကင်းဗျားရွာ ရန်ကြီးအောင်ဆရာတော်၊ မန္တလေးမြို့ ငွေချိုတိုက်စည်သူဘုရင်ကျောင်းဆရာတော်၊ စစ်ကိုင်းတောင်ရိုး



ဂူသွင်းတော်မူစဉ်



ဂူပေါက်ကို ပိတ်လိုက်ကြစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရှာပနအခမ်းအနားကျင်းပစဉ်



ဒေဝါဝင်းအဖွဲ့နှင့် ပရိသတ်များ



လိုက်ပါပို့ဆောင်သူ တပည့်ဒကာ၊ ဒကာမများ


ဒီပါအေးမြဆရာတော်တို့နှင့်တကွ ပုပ္ပား ဖိုလ်ဝင်ခရီးဆက်သာသနာပြုအဖွဲ့နှင့် ဆက်နွယ်သည့် ဦးပဏ္ဍိစ္စ(ထောက်ကြန့်)၊ ဦးပဏ္ဍိစ္စ (ပုပ္ပား)၊ ဦးဇဝန (မန္တလေး)၊ ဦးထေရာဝံသ (မန္တလေး)၊ ဦးဇောတိကာဘိဝံသ(မန္တလေး)၊ ဦးတိက္ခ(တောင်ကြီး) ဘိုးဘွားရိပ်သာဆရာတော်၊ ဦးတိက္ခ (ထန်းဇလုပ်)၊ ဦးပညာသာမိ (ပုပ္ပား)၊ ဦးဝါယာမိန္ဒ (ကနီ)၊ ဦးသုမန (ရွှေသမင်)၊ ဦးသုနန္ဒ(မတောင်းတ)တို့လည်း လိုက်ပါ၍ သာသနာပြုပေးတော်မူကြပါသည်။

နောင်တော်ကြီးဦးကဝိန္ဒ အသက်အရွယ်ကြီး၍ မလိုက်နိုင်သောအခါ မိမိနှင့်ကျန်ပုပ္ပားဖိုလ်ဝင်ခရီးဆက်သာသနာပြုအဖွဲ့နှင့် ဆက်နွယ်သည့် ပုဂ္ဂိုလ်များဖြင့် ဆက်လက်၍ အလောင်းတော်ကဿပကိုသာသနာပြုခဲ့ရာ သာသနိကအဆောက်အအုံပေါင်းများစွာ တိုးတက်လာခဲ့ပါသည်။

**၂ သာသနာအတွက်ထမ်းဆောင်ရွက်**

ဆရာတော်သည် ဖိုလ်ဝင်တောင်၊ ရွှေဘတောင်၊ စဖိုလ်တောင်၊ ဖန်ခါးတောင်၊ လေသာတောင်၊ အင်ကြင်းတောင်ရှိ ဘုရားပုထိုး၊ စေတီ၊ ဂူကျောင်းများကို ဘက်စုံပြုပြင် ထိန်းသိမ်း တည်ဆောက်ခြင်း၊ ဖိုလ်ဝင်တောင်၊ စဖိုလ်တောင်သို့ဆက်သွယ်သော စောင်းတန်းများ၊ လှေကားများနှင့် ပေါင်းကူးတံတားများ တည်ဆောက်ခြင်း၊ ရဟန်း (၁၀၀) ပြုပွဲများကျင်းပပေးလှူခြင်း၊ ဖိုလ်ဝင်ပောင်တော်မြတ်၌ လျှပ်စစ်မီး၊ တယ်လီဖုန်း၊ သောက်သုံးရေရရှိရေးတို့အတွက် ရေတွင်း၊ ရေကန်၊ ရေပိုက်များတပ်ဆင်ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ပညာဒါနအဖြစ် ကျေးရွာမူလတန်းကျောင်းဆောက်လုပ်ခြင်း၊ ကျောင်းသားကျောင်းသူများ ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာတိုက်နယ်ဆေးရုံအတွက် ပံ့ပိုးလှူဒါန်းခြင်း၊ ယင်းမာပင်မြို့ ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်ခန်း၊ ချွဲစုပ်စက်အစရှိသည်များ လှူဒါန်းခြင်း၊ ယင်းမာပင်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ လူမှုကူညီရေးအသင်းတည်ထောင်ပေးခြင်း၊ ယင်းမာပင်မြို့နယ် မီးသတ်ဌာနသို့ မီးသတ်ကားများ ပြည့်စုံအောင် ပံ့ပိုးလှူဒါန်းခြင်း၊ လမ်းတံတားများပြုပြင်ဆောက်လုပ်ပေးခြင်း၊ ဆရာတော်၏ ဇာတိ မွေးရပ်မြေတွင် ရှင်သာမဏေများအား စာသင်တိုက်ကြီးများသို့ ပို့ဆောင်

www.burmeseclassic.com



**ဂူတံခါးဟာလာပုံ (ဗီဒီယိုမှ ဓာတ်ပုံကူးပါသည်)**

ပေးခြင်း၊ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ပေးခြင်း၊ နာရီစင်နှင့် ဆေးခန်းများ အတွက် ထောက်ပံ့လှူဒါန်းခြင်း၊ ဒိုက်ဦး မြို့နယ်လုံးဆိုင်ရာ ဘာသာစာရိတ္တ သာသနာပြုအဖွဲ့ကြီး၏ နာယကအဖြစ် ကြီးမှူး၍ ဆောင်ရွက်တော်မူခဲ့ခြင်း၊ ယင်းမာပင်မြို့နယ် သံဃာ့နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ် ထမ်းဆောင်တော်မူရင်း သာသနာရေးကိစ္စအဝဝများ၊ ပရိယတ္တိစာမေးပွဲများ ဦးစီးဆောင်ရွက်တော်မူခဲ့ပါသည်။

## ❑ အလောင်းတော်ကဿပအတွက် ဆောင်ရွက်ချက်

ဆရာတော်သည် အလောင်းတော်ကဿပသာသနာ့နယ်မြေတွင် ဂန္ဓကုဋိစံကျောင်းတော်သစ်ကြီး တည်ဆောက်ခြင်း၊ ကိုးနဝင်းစေတီတော်၊ နဂါးရုံဘုရား၊ နတ်ထိပ်ဇမ္ဗူတစ်ခွင်စေတီတော်နှင့်ဘုရားများ၊ ကြေးစည်ဆောင်၊ နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်နှင့် နာယကကျောင်းဆောင်များ၊ ဘုရားဖူးပါရမီရှင်များ အေးချမ်းစွာ တည်းခိုနားနေနိုင်ရန် နားနေဆောင်နှင့် ဇရပ်များ၊ ကမ္မဋ္ဌာန်းကျောင်းဆောင်များ၊ ရေတွင်း၊ ရေကန်များ၊ ရေသန့်စက်များ၊ လျှပ်စစ်မီး၊ အင်ဂျင်စက်များ ပြည့်စုံလုံလောက်အောင်စီမံဆောင်ရွက်တော်မူပြီး လိုဏ်ဂူတော်အဆင်းလမ်း စတီးလက်ရန်းတပ်ဆင်ခြင်း၊ အလောင်းတော်ကဿပ ဘုရားဖူးလမ်း အဆင့်မြှင့်တင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ တံတားများစွာ တည်ဆောက်ခြင်းလုပ်ငန်းအဝဝကို စိတ်စေတနာထက်သန်စွာဆောင်ရွက်တော်မူခဲ့ပါသည်။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီးအား နိုင်ငံတော်မှ ၁၃၆၉ ခုနှစ်၊ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခဲ့ပါသည်။ မြန်မာနှစ် ၁၃၇၆ ခုနှစ်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကို ထပ်မံ ဆက်ကပ်ပူဇော်ခဲ့ပါသည်။

## ❑ တစ်ဘဝခန္ဓာချုပ်ငြိမ်းရာ

ဆရာတော်သည် သက်တော်ကြီးရင့်ပြီး ကျန်းမာရေးချို့ယွင်းလာသည့်တိုင် သာသနာ့တာဝန်များကို မနားမနေ ထမ်းဆောင်တော်မူရင်း ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်နေ့ နံနက် (၁း၂၅) နာရီအချိန်တွင် သက်တော် (၈၂) နှစ်၊ သိက္ခာတော်(၆၂)ဝါအရတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ တပ်မတော်ဆေးရုံကြီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ သို့ပါသောကြောင့် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်းတိုက်တွင် ဆရာတော်၏ ရုပ်ကလာပ်တော်ကို ၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇) ရက်၊ (၈) ရက်နေ့များတွင် အန္တိမဈာပနပူဇာ ဆင်ယင်ကျင်းပခဲ့ပါသည်။

*(မှတ်ချက်-အထက်ပါထေရုပ္ပတ္တိအကျဉ်းကို အန္တိမဈာပနာပွဲ၌ ဓမ္မဒါနဝေငှသောစာစောင်၊စာအုပ်များမှစုစည်းတင်ပြခဲ့ခြင်း ဖြစ်ပါသည်။)*

## ❑ ဆရာတော်ကြီးဖောက်သောလမ်း ဆက်လက်လျှောက်လှမ်းကြပါစို့

ဖိုလ်ဝင်တောင်ဆရာတော်ကြီး၏ နောက်ဆုံးခရီးအမီ စာရေးသူသည် အန္တိမဈာပနကျင်းပရာသို့ အရောက်လာခဲ့ပါသည်။ ဆရာတော်ကြီး၏ တပည့်ရဟန်းများစွာလည်းရောက်လာပါသည်။ တပည့်ဒကာ၊ဒကာမများကိုလည်း တွေ့ရပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တိုင်းမှူး၊ တပ်မမှူးများလည်း ကြွရောက် ပူဇော်ကန်တော့ကြသည်ကို တွေ့ရပါသည်။ ဆရာတော်ကြီး၏ အပူဇော်ခံမဏ္ဍပ်ကြီးကို ဖိုလ်ဝင်တောင်နှင့် ရွှေဘတောင်နှစ်ခုကြားတောင်ကုန်းမြင့်မှာ ထားရှိ ပူဇော်ကြပါသည်။

၁၁-၁-၂၀၁၅နေ့ ညနေ (၃)နာရီတွင် တပည့်သံဃာတော်အရှင်မြတ်များ ဦးဆောင်ပြီး ဒေဝါဝင်း၊ ရာဇာဝင်းဝင်းခင်းလျက် အထူးစီမံ နတ်ဗိမာန်အလား ဖန်ဆင်းထားသည့် ပြာသာဒ်တွင်ခေါ် ဂူဗိမာန်တော်ကြီးသို့ စည်ကားသိုက်မြိုက်စွာ ပင့်ဆောင် ပူဇော်ကြပြီး ဂူတံခါးအခိုင်အမာပိတ်ကာ အန္တိမဈာပန ပူဇော်သဘင် အောင်မြင်စွာ ဆင်ယင် ကျင်းပနိုင်ခဲ့ပါ၏။

ယခုအခါ ဖိုလ်ဝင်တောင်ဆရာတော်ဘုရား မရှိတြားသော်လည်း ဆရာတော်ကြီးဖြစ်ချင်သော ဆန္ဒအာသီသ၊ ဆရာတော်ကြီး ဦးဆောင်ဖောက်ခဲ့သောလမ်း အလောင်းတော်ကဿပသွားခရီးလမ်းကို ကျေးဇူးရှင်မြတ်သို့ ကျေးဇူးဆပ်သောအားဖြင့် ကွန်ကရစ်အပြည့်ခင်းပြီးမြောက်ခရီးရောက်အောင် ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်တော်မူရင်း. . .။

*မေတ္တာများစွာဖြင့်*

•

ကံဝင်း

*ကျေးဇူးတင်လွှာ ။ ။ ဆရာတော်ကြီးနောက်ဆုံးခရီးသို့ သွားရောက်ပူဇော်ရာတွင် အစစအရာရာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြသော ဆရာတော်ဦးဇောတိကာဘိဝံသ၊ မတောင်းတဆရာတော်၊ ဦးသုနန္ဒ၊ ရွှေသမင်ဆရာတော်၊ ဦးသုမနလေး၊ ကနီဆရာတော် ဦးဝါယမိန္ဒ၊ (စာရေးဆရာ လှသိန်းဝင်း) ဝန်ဆောင်အဖွဲ့ ဦးမောင်မောင်ငွေ ဦးကျောက်ကြည် (ဆေးမှူး-ငြိမ်း) ကိုဆွေဦး (ဖိုလ်ဝင်တောင်) တို့အား ကျေးဇူးဥပကာရ အထူးပင်တင်ရှိကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ဦးထွန်းချို (LL.B)

## ဘုရားရှင်ဟောကြား ကြီးပွားချမ်းသာရေးတရားတော်များ



ဘုရားရှင်သည် (၄၅)ဝါပတ်လုံး လူ နတ်၊ ဗြဟ္မာသတ္တဝါတို့အား လောကုတ္တရာရေး၊ လောကီရေးတရားတော်များကို ဟောကြားခဲ့ပေသည်။ ယင်းတို့မှာ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင် တို့၌ များပြားလှသော တရားတော်များ ဖြစ်ပေသည်။ တရားတော်များသည် မွေးပွန်၊ သံသရာနှစ်ခုလုံးအတွက် အား အကိုးထိုက်ဆုံး အာနန္တိအာနန္တအားဆေး များနှင့်တူလှပါသည်။ စိတ်ဦးဆောင်သော ရုပ်လောကအား ပြုပြင်တည့်မတ် ထိန်းသိမ်း စောင့်ရှောက်ပေးနိုင်သော အရာမှာ တရားတော်မှတစ်ပါး အခြား မရှိနိုင်ပါ။ ဇာတိဉာဏ်အား အရင်းတည် လျက် ပဝတ္တိဉာဏ်ကို အဖော်ပြုကာ ယောဂ သမ္ပတ္တိအားဖြင့် ကံ၊ ကံ၏ အကျိုးကို ယုံကြည်ကာ သံသရာခရီး သွားရန် တရားတော်မှ ညွှန်ပြအလင်း ဆောင်ပေးထားသည်မှာ လွန်စွာအားရှိ စရာဖြစ်ပါသည်။ ထိုများပြားလှသော တရားတော်များမှ ဘုရားရှင်၏ ကြီးပွား ချမ်းသာရေးတရားတော်များကို လက် လှမ်းမီသရွေ့ ဖော်ပြ လိုပါသည်။

သုတ္တန်ပိဋကတ်မှာ အုပ်စိုးသူ၊ အုပ်စိုးခံ၊ ခေါင်းဆောင်၊ ဆရာ၊ တပည့်၊ လင်ယောကျ်ား၊ မယား၊ မိတ်ဆွေစသည့် ကျင့်ဝတ်များ၊ စီးပွားရှာနည်း၊ အမျိုးသား ညီးလုံးညီညွတ်ရေး၊ စစ်အောင်နိုင်ရေး၊ ငြိမ်းချမ်းရေးစသည်ဖြင့်စုံလင်လှပါသည်။

ကြီးပွားချမ်းသာရေးတရားတော် များမဖော်ပြမီ သုတ္တန်တရားတော်မှ လောကနှင့်ဆိုင်သောတရားတော်အချို့ အား ဖော်ပြလိုပါသည်။

သုတ္တန်နိပါတ် နာလကသုတ်၌ ပြည့်သောအိုးသည် ဘောင်ဘင်ခတ် သကဲ့သို့ လူယုတ်လူညံ့များသည် နေရာ တကာ၌ လူတွင်ကျယ်လုပ်ချင်ကြသည်။

ဟု ဖော်ပြထားပါသည်။

အင်္ဂုတ္တိုရ် အဝဇာနာတိသုတ်၌ လူညံ့လူယုတ်များသည် တစ်ဖက်သား ကို မထေမဲ့မြင်ပြုတတ်ကြသည်။ လူချင်း ရင်းနှီးလာသောအခါဖြစ်စေ သူ့ထံမှ အကူအညီတစ်ခုခု လက်ခံဖူးလျှင်ဖြစ် စေ မထီမဲ့မြင်ပြုတတ်သည်။ တစ်ဖက် သား၏ ဂုဏ်သိက္ခာကို မလေးစားတော့ ချေ။စိတ်အပြောင်းအလဲမြန်တတ်သည်။ အမှား၊ အမှန်မခွဲခြားဘဲ အလျင်ပြော သူစကားကိုသာယုံတတ်သည်။

ဟု ဖော်ပြထားပါသည်။

လူ့ဗာလများသည် အကျိုးရှိမည့် အလုပ်တစ်ခုကို သူတစ်ပါးမကြိုက်လျှင် လက်မခံလျှင် မလုပ်ရဲချေ။ လူတော်လူ ကောင်းများသည် မည်သူမကြိုက်စေ ကာမူ အကျိုးရှိက လုပ်ရဲကြသည်ဟု ထပ်မံဖော်ပြထားသည်ကိုတွေ့ရပါသည်။

သပ္ပုရိယသုတ်၌ လူညံ့များသည် သူတစ်ပါးအပြစ်ကို မမေးလည်းပြော တတ်သည်။ မေးသည့်အခါ ချဲ့ကား၍ ပိုပြောတတ်သည်။ သူတစ်ပါးကောင်း သတင်းကိုမူ မေးသူရှိသော်လည်းမပြော ချေ။ မိမိဂုဏ်ကိုမမေးဘဲပြောချင်သည်။ မေးပါမူ ချဲ့ကား၍ပြောတတ်သည်။ လူ တော်လူကောင်းများသည် သူတစ်ပါး ဂုဏ်ကိုချီးကျူးတတ်ပြီး မိမိဂုဏ်ကိုဖော် ထုတ်ရန်ရှက်ကြသည်ဟု ဖော်ပြထားပါ သည်။

ထပ်မံ၍ လူတော်လူကောင်းများ သည် ပညာကို အားကိုး၍ လူ့ဗာလများ သည် အင်အားကို ရှေ့တန်းတင်လိုကြ သည်ဟု ဖော်ပြထားပါသည်။

သုတ္တန်အာဠာဝကသုတ်၌ ခေါင်း ဆောင်အင်္ဂါလေးချက်ကို ဖော်ပြထားပါ သည်။ ကတိသစ္စာတည်ခြင်း၊ တရား ဥပဒေလမ်းကြောင်းအတိုင်းကျင့်သုံးခြင်း၊ တုန်လှုပ်ချောက်ချားမှုမရှိခြင်း၊ တည်ငြိမ် ၍ အသက်စွန့်ရန်အသင့်ရှိခြင်းတို့ဖြစ် သည်။

စိတ္တသုတ်၌ အရသာအားလုံးတို့ တွင် သစ္စာတရားသည် အချိုမြိန်ဆုံးဖြစ် သည်ဟု ဖော်ပြထားသည်။

မဟာဟံသသုတ်၌ အုပ်ချုပ်သူ များ လိုက်နာရမည့် တရားများမှာ ရက်ရောစွာပေးကမ်းခြင်း၊ ကိုယ်ကျင့် သိက္ခာရှိခြင်း၊ အသက်ကိုစွန့်ခြင်း၊ ဖြောင့်မှန်ခြင်း၊ ကိုယ်နှုတ်အမူအရာ သိမ်မွေ့ခြင်း၊အများပြည်သူနှင့်မဆန့်ကျင် ခြင်း စသည်တို့အပြင် ပြည်သူ့ခံစားချက် သိနိုင်ရန် လူထုအတွင်း စနည်းနာခြင်း၊ နှစ်ဦးနှစ်ဖက်ကြားနာပြီးမှ တရားစီရင် ခြင်း စသည်တို့ ပါဝင်သည်။ အုပ်ချုပ်ရာ ၌ ပျော့ညံ့လွန်းပါက . အများပြည်သူ စည်းကမ်းပျက်၍ အကြမ်းနည်းတစ်ခု တည်းကိုသုံးပါက ပြည်သူ့ချဉ်ဖတ်ဖြစ် မည်ဟုလည်း ဖော်ပြထားသည်ကို တွေ့ ရပါသည်။ ထို့ကြောင့် မကြမ်းလွန်း၊ မနူ လွန်းသောနည်းသာ ကျင့်သုံးသင့်သည် ဟု ပါရှိပါသည်။

အချင်းချင်း ရန်ငြိုးဖွဲ့၍ တိုက်ခိုက် နေပါက ပျက်စီးတတ်ပြီး စည်းလုံးညီ ညွတ်မှုပြိုကွဲပါက သူတစ်ပါးအောက်သို့ ကျရောက်တတ်ကြောင်း ပန္ဒဇာတ်နှင့် မဟာပရိနိဗ္ဗာနသုတ် တို့၌ ဘုရားရှင်မှ ဟောကြားထားပါသည်။

သီဟသုတ်၌ ကေသရာဇာခြင်္သေ့ မင်းများသည် ဆင်ပြောင်ကြီးနှင့် ယုန် သူငယ်ကို တန်းတူခွန်အားစိုက်ထုတ်၍ ဖမ်းဆီးလေ့ရှိသကဲ့သို့ လူတို့မှလည်း အလုပ်လုပ်ရာ၌ အကြီး၊ အသေးမခွဲခြား ဘဲ တန်းတူအားထုတ်လုပ်ကိုင်သင့် ကြောင်း ဖော်ပြထားသည်။ လုံ့လဝီရိယ မှာ အကျိုးရှိသဖြင့် နောက်တစ်ဖန်ပူပန် ခြင်းမှကင်းဝေးနိုင်ပါသည်။ အလုပ်မှန် သမျှ ကြိုတင်ပြင်ဆင်လုပ်ကိုင်ထားရပါ မည်။

အများအကျိုး ဆောင်ရွက်ရန် ပရာဘဝသုတ်၌ သစ်ပင်စိုက်ခြင်း၊ တံတားဆောက်ခြင်း၊ ဇရပ်ဆောက်ခြင်း၊ လမ်းပြင်ခြင်း၊ လမ်းဖို့ခြင်း၊ ရေတွင်းရေ ကန်တူးဖော်ခြင်းများဖြင့် မိမိဥစ္စာစီးပွား များကို တစ်ဦးတည်း မသုံးဆောင်ဘဲ အများအား ခွဲဝေသုံးဆောင်ရန် ဖော်ပြ ထားသည်။

ဆက်လက်၍ လူနာကိုပြုစုလုပ် ကျွေးခြင်းသည် ငါဘုရားကိုပြုစုလုပ် ကျွေးခြင်းမည်သည်ဟု ဟောကြားခဲ့ပါ သည်။

သူနာပြုအင်္ဂါများမှာ -

၁။ ဆေးဖော်ဆေးစပ်တတ်ကျွမ်းရ မည်။

၂။ အစားအစာသင့်၊ မသင့် ရွေးချယ် ကျွေးမွေးရမည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ ငွေကြေးလာဘ် မငဲ့ကွက်ဘဲ လူနာအပေါ် မေတ္တာထားရမည်၊
၄။ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ အန်ဖတ်များကိုမရွံ့တတ်ရ။
၅။ လူနာစိတ်ဓာတ် တက်ကြွအောင် အားပေးစကားပြော ကြားတတ်ရမည် -

ဟု ဖော်ပြထားသည်။

ကျန်းမာရေးနှင့်ပတ်သက်၍ လမ်းလျှောက်ခြင်းဖြင့် ခရီးရှည်သွားနိုင်ခြင်း၊ ထကြွလှုံ့လရှိ၍ပျင်းရိမှုမရှိခြင်းဖြင့် အနာရောဂါကင်း၍ အစာကြေလွယ်၏။ စိတ်ဓာတ်တည်ငြိမ်၍ သမာဓိရ၏။ သွားတိုက်ခြင်းဖြင့် မျက်စိကြည်လင်၏။ ပါးစပ်အနံ့ကောင်း၏။ အရသာကြောများစင်ကြယ်၍ အရသာတွေ့၏။ သလိပ်မကပ်ခြင်း၊ ထမင်းမြိန်ခြင်းများဖြစ်ကြသည်။ မီးလှုံခြင်းကြောင့် မျက်စိမကြည်လင်ခြင်း၊ အားနည်းခြင်း၊ အသားအရေအဆင်းမလှခြင်းတို့ ဖြစ်ကြရသည်။

ထို့ပြင် လူ့ဘဝအသက်မွေးမှုနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးတို့အတွက် လယ်ကောင်းလက္ခဏာ(၈)ပါး၊ လယ်ညံ့လက္ခဏာ (၈) ပါး၊ နွားမွေးမြူရေး၌ လိုက်နာရန်အချက် (၁၁) ချက်၊ အောက်ထစ်ဆုံးခိုးဆိုးစားသူများပင်လျှင် သက်ဆိုးရှည်လိုပါက လိုက်နာရမည့် စည်းကမ်း (၈) ချက်ပါ မခြွင်းချန်ဟောတော်မူခဲ့ပေသည်။

အထက်ဖော်ပြပါ သာဓကတို့မှာ ဘုရားရှင်သည် တမလွန်ချမ်းသာရေးသာမက လက်ငင်းပစ္စုပ္ပန်ကာလချမ်းသာပြီး မိမိနှင့်သူတစ်ပါးအကျိုးရှိရာရှိကြောင်းတရားတော်ပေါင်းမြောက်မြားစွာမှ အနည်းငယ်သာဖော်ပြခြင်း ဖြစ်ပါသည်။

ကြီးပွားရေး၊ စီးပွားရေးနှင့် ပတ်သက်၍လည်း ဘုရားရှင်မှ များစွာဟောကြားခဲ့ပါသည်။ လူ့ဘဝတွင် ချမ်းသာလေးမျိုးရှိပါသည်။

ဧင်းတို့မှာ -

၁။ ပစ္စည်းဥစ္စာပေါများကြွယ်ဝခြင်း၊
၂။ ထိုပစ္စည်းဥစ္စာများကိုခံစားရခြင်း၊
၃။ ကြွေးမြီကင်းရှင်းသဖြင့်ချမ်းသာခြင်း၊
၄။ ရာဇဝတ်ဒုစရိုက်ပြစ်မှုကင်းသဖြင့် ချမ်းသာခြင်းတို့ ဖြစ်၏။

ပစ္စည်းဥစ္စာကုံလုံကြွယ်ဝမှုကို ရရှိလိုပါက ပညာရှိကိုမှီဝဲဆည်းကပ်ရခြင်း၊ မိမိလုပ်ငန်းနှင့်သင့်တော်မည့်အရပ်ဒေသ၌နေထိုင်ခြင်း၊ အလုပ်ကိုကြိုတင်ပြုလုပ်ထားခြင်း၊ မိမိ၏ကိုယ်နှုတ်စိတ်များကို ထိန်းသိမ်းနိုင်ခြင်းစသည်များကို ပြည့်စုံအောင်ကြိုးစားရမည်ဟုဟောကြားထားပေသည်။

ဒီဃဇာဏုသုတ်တော်တွင်လည်း အောက်ပါအတိုင်း ဟောကြားထားပါသည်။ ဥစ္စာစီးပွားရှာဖွေရာ၌ သမ္ပဒါတရားလေးပါးနှင့်ကိုက်ညီအောင်ဆောင်ရွက်ရပေမည်။ ဧင်းတို့မှာ ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ ကလျာဏမိတ္တသမ္ပဒါ၊ သမဇီဝိတသမ္ပဒါတို့ ဖြစ်သည်။

ဥဋ္ဌာနသမ္ပဒါ ဆိုသည်မှာ အချိန်ဒေသလုပ်ငန်းမရွေးလုပ်ကိုင်ရန် အဆင်သင့် ထကြွလုံ့လဝီရိယရှိနေခြင်း ဖြစ်သည်။ အာရက္ခသမ္ပဒါဆိုသည်မှာ ရလာသည့် ဥစ္စာစီးပွားများကို မပျက်စီးမဆုံးရှုံးမပျောက်ပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ဖြစ်သည်။ ကလျာဏမိတ္တသမ္ပဒါဆိုသည်မှာ အရင်းအနှီး အကြံဉာဏ်ကိုယ်နှုတ်ဖြင့်စောင့်ရှောက်ပေးမည့် မိတ်ဆွေကောင်းများရှိရန်လိုအပ်ခြင်း ဖြစ်သည်။ သမဇီဝိတသမ္ပဒါဆိုသည်မှာ ဝင်ငွေနှင့်ထွက်ငွေတို့အားမျှတအောင် ချင့်ချိန်သုံးစွဲရေးပင်ဖြစ်သည်။ ဤသမ္ပဒါလေးပါးတို့မှာ ဥစ္စာဝင်လမ်းဖြစ်၏။ ဝင်လမ်းကိုဖွင့်၍ ထွက်လမ်းကိုပိတ်ရပါမည်။ မိန်းမလိုက်စားခြင်း၊ အရက်သေစာလွန်ကျူးစွာသောက်စားခြင်း၊ လောင်းကစားခြင်း၊ အကျင့်ပျက်သူများနှင့် ပေါင်းသင်းခြင်းတို့မှာ ဥစ္စာထွက်လမ်းလေးခု ဖြစ်ပါသည်ဟု ဟောကြားခဲ့ပါသည်။

ထို့နောက် ဆက်လက်၍ ပစ္စည်းဥစ္စာယိုပေါက်ထွက်ပေါက်များကိုလည်း ထပ်မံဟောကြားထားပါသည်။ယိုပေါက်ခြောက်ခုမှာ ပျင်းရိခြင်း၊ မေ့လျော့ပေါ့ဆခြင်း၊ အလုပ်မကျွမ်းကျင်မှုနှင့်ခိုကတ်ခြင်း၊ စည်းကမ်းမရှိခြင်း၊ အိပ်ချိန်၊ အလုပ်နားချိန်များလွန်းခြင်း၊ အလုပ်ကိုအချိန်မီမပြီးခြင်းတို့ ဖြစ်သည်။

ကုလသုတ်၌ စီးပွားပျက်ကြောင်းတရားများကို ဟောကြားထားပါသည်။

၁။ ပျောက်သောပစ္စည်းကို ရှာလေ့မရှိခြင်း၊
၂။ ကျိုးပဲ့ဟောင်းနွမ်းစုတ်ပြတ်သည်ကို ပြင်ဆင်လေ့မရှိခြင်း၊
၃။ အစားအသောက်၌ အတိုင်းအဆမရှိသုံးဖြုန်းခြင်း၊
၄။ အကျင့်ပျက်သူက လုပ်ငန်းကို စီမံကွပ်ကဲခြင်းတို့ ဖြစ်၏။

စီးပွားရှာရာ၌ အရှက်အကြောက်လူ့ဂုဏ်သိက္ခာကင်းမဲ့လျက် အရှူးကဲ့သို့ကျင့်သဖြင့် ဥစ္စာရခြင်းမျိုးနှင့် မတရားအမြတ်ကြီးစားရောင်းဝယ်မှုများကို ကဲ့ရဲ့အပြစ်တင်ထိုက်သည်ဟုလည်း ဟောကြားခဲ့ပါသည်။

ဘုရားရှင်သည် မဟာကရုဏာမေတ္တာတော်ဖြင့် (၃၈) မျိုးသော ကြီးပွားချမ်းသာရေးတရားတော်များကို ဟောကြားခဲ့ပါသည်။ ထိုတရားတော်များကို သုံးသပ်ကြည့်လျှင် ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး၊ အမျိုးဘာသာသာသနာရေးကိစ္စအားလုံး ပါဝင်ပြီးလိုက်နာဆောင်ရွက်ပါက လူမျိုးဘာသာမရွေး အကျိုးများလှသော တရားတော်များ ဖြစ်ပါသည်။

ထိုတရားတော်များကို အရှင်အာနန္ဒာမှ ဘုရားရှင်၏ဟောကြားချက်များအား ရှင်မဟာကဿပမထေရ်မြတ်သို့ လျှောက်ထားသော တရားတော်ဖြစ်ပါသည်။ မဟာကဿပမထေရ်မှမေး၍ အရှင်အာနန္ဒာမှ ဖြေကြားတော်မူပါသည်။

အခါတစ်ပါး၌ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌သီတင်းသုံးနေတော်မူစဉ် နှစ်လိုဖွယ်ရှိပြီး မထင်ရှားသော နတ်သားတစ်ပါးသည် ညသန်းခေါင်ကျော်အချိန် ကိုယ်ရောင်ကိုယ်ဝါ တောက်ပလင်းထိန်စေလျက် လျှောက်ထားပါသည်။

များစွာသောလူတို့သည် ကြီးပွားချမ်းသာသောတရားများအား အလိုရှိကြပါသဖြင့် ကောင်းမြတ်သော မင်္ဂလာတရားတော်များ ဟောကြားပေးပါရန် လျှောက်ထားပါသည်။ ထိုလျှောက်ထားတောင်းပန်ချက်အရ မြတ်စွာဘုရားမှ အောက်ပါမင်္ဂလာတရားတော် (၃၈) ပါးကို ဟောတော်မူခဲ့ပါသည်။

**၁။ အသေဝနာစဗာလနံ** - လူမိုက်များနှင့် မပေါင်းသင်းရဟု ဆိုပါသည်။ မိမိနှင့် သူတစ်ပါးအကျိုး စီးပွားပျက်စီးအောင် ပြောဆိုလုပ်ကိုင်တတ်သောသူကို လူမိုက်ဟု ခေါ်ပါသည်။

**၂။ ပဏ္ဍိတာနဉ္စသေဝနာ** - ပညာရှိလူလိမ္မာများနှင့်ပေါင်းသင်းရမည်။ မိမိနှင့် သူတစ်ပါးအကျိုးရှိအောင် ပြောဆိုလုပ်ကိုင်တတ်သူကို ပညာရှိလူလိမ္မာဟုခေါ်သည်။

**၃။ ပူဇာစပူဇနေယျာနံ** - ရတနာသုံးပါး၊ မိဘ၊ ဆရာ၊ မိမိထက်အသက်



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်သိက္ခာကြီးသူများကို ပူဇော်ရမည်။

**၄။ ပတိရူပဒေသဝါသော** - ကုသိုလ်၊ ပညာ၊ ဥစ္စာရရာ သင့်တော်သောအရပ်၌နေရမည်။

**၅။ ပုဗ္ဗေစကတပုညတာ** - ရှေးရှေးကာလကပြုခဲ့သောကောင်းမှုရှိရမည်။

**၆။ အတ္တသမ္မာပဏိဓိစ** - မိမိကိုယ်ကို အဝတ်အစား၊ ဆင်ယင်ထုံးဖွဲ့မှု၊ စိတ်နေစိတ်ထားများယဉ်ကျေးသိမ်မွေ့အောင်နေရပါမည်။

**၇။ ဗာဟုသစ္စဉ္စ** - လောကီ၊ လောကုတ္တရာဗဟုသုတများအောင်လုပ်ရမည်။

**၈။ သိပ္ပဉ္စ** - စက်မှုလက်မှုအတတ်ပညာများတတ်အောင်သင်ရပါမည်။

**၉။ ဝိနယောစသုသိက္ခိတော** - မိမိကိုယ်ကို ယဉ်ကျေးသိမ်မွေ့အောင် သတ်မှတ်ထားသော ရဟန်းကျင့်ဝတ်၊ လူ့ကျင့်ဝတ်၊ တပည့်၊ ဆရာ၊ မိတ်ဆွေ၊ လင်မယားကျင့်ဝတ်များကို သင်ယူလိုက်နာကျင့်သုံးရပါမည်။

**၁၀။ သုဘာသိတာစယာဝါစ** - ကောင်းသော၊ မှန်သော၊ ချိုသာသော၊ နူးညံ့သော၊ ကုန်းမတိုက်သော၊ သူတစ်ပါးအကျိုးရှိသောစကားများ ပြောဆိုရမည်။

**၁၁။ မာတာပိတုဥပဋ္ဌာနံ** - မိဘများ စားဝတ်နေရေးဆောင်ရွက်ပေးခြင်း၊ မိဘများအသက်ရှည်ရန် ဝတ်ကြီးဝတ်ငယ်များပြုလုပ်ရပါမည်။

**၁၂။ ပုတ္တဒါရဿသင်္ဂဟော** - ဇနီးမယားတို့အား လင်ဝတ္တရားငါးပါး၊ သားသမီးတို့အား မိဘဝတ္တရားငါးပါးတို့ဖြင့် စောင့်ရှောက်ရပါမည်။

**၁၃။ အနာကုလာစကမ္မန္တာ** - သူတစ်ပါးကို မထိခိုက်သောအသက်မွေးမှုပြုရမည်။

**၁၄။ ဒါနဉ္စ** - လှူဒါန်းပေးကမ်းစွန့်ကြဲရမည်။

**၁၅။ ဓမ္မစရိယာစ** - သုစရိုက်တရားဆယ်ပါးကို လိုက်နာကျင့်သုံးရပါမည်။

**၁၆။ ဉာတကာနဉ္စသင်္ဂဟော** - ဆွေမျိုးတို့အားပေးကမ်းခြင်း၊ ချစ်ဖွယ်သောစကားကိုဆိုခြင်း၊ ကိုယ်နှင့်ထပ်တူထားခြင်း သင်္ဂဟတရားလေးပါးနှင့်အညီအမ်ဘက်၊ အဖဘက်မခွဲဘဲ ထောက်ပံ့ရမည်။

**၁၇။ အနဝဇ္ဇာနိကမ္မာနိ** - သီလစောင့်ခြင်း စသော မိမိအကျိုးနှင့် ရပ်ရွာတိုင်းပြည်သာသနာဘာသာအကျိုးများဆောင်ရွက်ရပါမည်။

**၁၈။ အာရတိ(ပါပါ)** - မကောင်းမှုများအား ကြိုတင်ဆုံးဖြတ်ရှောင်ရပါမည်။

**၁၉။ ဝိရတိ (ပါပါ)** - ကျူးလွန်ခွင့်ကြုံပါလျက် မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်းဆိုရာ၌ သူ့အသက်သတ်ခြင်း ၊ သူ့ဥစ္စာခိုးခြင်း၊ ကာမဂုဏ်တို့၌ မှားစွာကျင့်ခြင်း၊ လိမ်ညာပြောဆိုခြင်း လေးမျိုးကို'ပါပ'ဟုခေါ်သည်။ ထိုကဲ့သို့မကောင်းမှုပါပမှ ကြိုတင်ရှောင်ခြင်းသည် အာရတီ (ပါပါ)မည်၏။ ကျူးလွန်ခွင့်ကြုံလျက် မကျူးလွန်ဘဲ ကိုယ်နှုတ်တို့ဖြင့်ရှောင်ခြင်းသည် ဝိရတိ(ပါပါ)မည်၏။ ထိုရှောင်ခြင်းနှစ်မျိုးဖြင့်ရှောင်ရပါမည်။

**၂၀။ မဇ္ဇပါနစသံယမော** - ဘိန်းဘင်း၊ ကစော်၊ လှော်စာ၊ အရက်၊ ဘိန်းဖြူ ဖန်စီဒိုင်း စသော မူးယစ်ဆေးဝါးများသောက်စားခြင်းမှရှောင်ရမည်။

**၂၁။ အပ္ပမာဒေါစဓမ္မေသု** - ဒါန၊ သီလ၊ ဘာဝနာနှင့် လောကီ၊လောကုတ္တရာကုသိုလ်တရားများအား မမေ့ပျောက်ဘဲနေရမည်။

**၂၂။ ဂါရဝေါစ** - ရိုသေထိုက်သူတို့ကို လေးစားရိုသေရပါမည်။ ရိုသေထိုက်သူများမှာ သံဃာ၊ ဆရာ၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ အစ်ကို၊ အစ်မနှင့် မိမိထက်ဂုဏ်သိက္ခာကြီးသူများဖြစ်၏။

**၂၃။ နိဝါတောစ** - မမှန်သော အမြင်ကြောင့် ဖြစ်ပေါ်လာသောစိတ်သည် စိတ်နေမြင့်ခြင်းသဘောဖြစ်သည်။ ကိလေသာတွင် ပါဝင်သော မာနစိတ်မထားဘဲ မိမိ၏ကိုယ်၊ နှုတ်၊ စိတ်များအား နှိမ့်ချထားရမည်။

**၂၄။ သန္တုဋ္ဌိစ** - ကြီးပွားချမ်းသာရေးအတွက် အစွမ်းကုန်ကြိုးစားရမည်ဖြစ်သော်လည်း အခြေအနေပေးသလောက် ရသမျှနှင့် ရောင့်ရဲကျေနပ်ရပါမည်။

**၂၅။ ကတညုတာစ** - မိမိအပေါ်သူတစ်ပါးပြုဖူးသော ကျေးဇူးအား ပြန်လည်ပေးဆပ်ရမည်။

**၂၆။ ကာလေနဓမ္မဿဝနံ** - လောကီ၊လောကုတ္တရာကြီးပွားကြောင်းတရားများ နားထောင်နာယူခြင်းဖြစ်ပါသည်။

**၂၇။ ခန္တီစ** - သူတစ်ပါးတို့၏ ရိုင်းပျစွာ ဆဲဆိုဆက်ဆံခြင်းကို အခဲမကျေလက်စားချေရန်မဖြစ်ဘဲ သည်းခံခြင်းဖြစ်ပါသည်။

**၂၈။ သောဝစဿတာ** - ဆရာ၊ မိဘ၊တတ်သိနားလည်သူတို့မှ မိမိအကျိုးရှိအောင်ပြောဆိုဆုံးမလျှင် မငြင်းဆန်ဘဲ နာယူလွှယ်ရပါမည်။

**၂၉။ သမဏာနဉ္စဒဿနံ** - သံဃာတော်တို့အား ရှိခိုးလှူဒါန်းခွင့်မရသည့်တိုင် ဖူးမြင်ရရုံဖြင့် စိတ်ကြည်လင်ချမ်းသာမှုဖြစ်ပြီး ရောဂါပျောက်၍ ကုသိုလ်တရားပွားများမှုဖြစ်သည်။

**၃၀။ ကာလေနဓမ္မသာကစ္ဆာ** - လောကီ၊ လောကုတ္တရာတရားများ အခါအားလျော်စွာ အချင်းချင်းဆွေးနွေးခြင်းဖြင့် မသိသေးသည်ကိုသိရခြင်း၊ သိပြီးတရားများခိုင်မြဲခြင်း၊ ယုံမှားသံသယကင်း၍ အယူဖြောင့်မှန်ခြင်း ဖြစ်သည်။

**၃၁။ တပေါစ** - အကုသိုလ်စိတ်များမဝင်အောင် ခြိုးခြံထက်သန်စွာကျင့်ရခြင်း ဖြစ်သည်။

**၃၂။ ဗြဟ္မစရိယဉ္စ** - မဂ်ဖိုလ်ရအောင် သီလ၊ သမာဓိ၊ ပညာ၊ သမထ၊ ဝိပဿနာအကျင့်များကျင့်ခြင်း ဖြစ်ပါသည်။

**၃၃။ အရိယာသစ္စာနဒဿနံ** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဟူသည့် အမှန်တရားများသိခြင်းဖြစ်သည်။

**၃၄။ နိဗ္ဗာနသစ္ဆိကိရိယာစ**-ရဟန္တာဖြစ်ရခြင်းသည်၊ နိဗ္ဗာန်ကိုအထွတ်အထိပ်ပြု၍ မျက်မှောက်ပြုရခြင်းသည် ယခုလက်ရှိဘဝ၌ နိဗ္ဗာန်ချမ်းသာရရှိခံစားခြင်းဖြစ်သည်။

**၃၅။ ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿ** - လောကဓံဟူသည် **လာဘော**= ဥစ္စာပစ္စည်းရခြင်း၊ **အလာဘော** = ဥစ္စာပစ္စည်းမရခြင်း၊ **ယသော** = အခြွေအရံပေါခြင်း၊ **အယသော** = အခြွေအရံမရှိခြင်း၊ **နိန္ဒာ** = ကဲ့ရဲ့ခံရခြင်း၊ **ပသံသာ**= ချီးမွမ်းခံရခြင်း၊ **သုခံ**= ချမ်းသာခြင်း၊ **ဒုက္ခံ**= ဆင်းရဲခြင်းတို့ ဖြစ်သည်။ ထိုလောကဓံတရားရှစ်ပါးသည် လောကလူသားတိုင်းမကင်းနိုင်ဘဲ အမှန်တွေ့ကြုံကြရသဖြင့် မတုန်လှုပ်ဘဲ ခံနိုင်ရည်မွေးရန်ထားရန်လိုအပ်ပါသည်။

**၃၆။ အသောကံ** - ရဟန္တာပုဂ္ဂိုလ်များ၏စိတ်သည် စိုးရိမ်မှုကြောင့်ကြမှုမရှိတော့ပါ။

**၃၇။ ဝိရာဇံ** - ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်သည် တပ်မက်၊ တွယ်တာ၊ ရာဂ၊ ဒေါသ၊မောဟမြူမှုန်ကင်းရှင်းပေသည်။

**၃၈။ ခေမံ** - ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်သည် ကိလေသာရန်ဟူသမျှ ကင်း



www.burmeseclassic.com

www.burmeseclassic.com

ရှင်းပါသည်။

အထက်ဖော်ပြပါ (၃၈) ပါးတို့မှာ လောကလူတို့ ကြီးပွားချမ်းသာစေကြောင်း မင်္ဂလာတရားများ ဖြစ်ကြပါသည်။

နတ်အပေါင်းတို့သည် သတ္တဝါတို့၏ ကြီးပွားချမ်းသာကြောင်းတရားတို့ကို နာကြားပြီးနောက်တစ်နေ့တွင် သတ္တဝါတို့ပျက်စီးဆုတ်ယုတ်ကြောင်းတရားတော်အား ဟောကြားပေးပါရန်လျှောက်ထားသဖြင့် မြတ်စွာဘုရားမှ ပရာဘဝသုတ်တော်ကို ထပ်မံ ဟောကြားတော်မူခဲ့ပါသည်။

**ပရာဘဝသုတ်လာ ဆုတ်ယုတ် ပျက်စီးကြောင်းတရား (၁၂) ပါးမှာ -**

၁။ ဒုစရိုက်(၁၀)ပါးကို ပြုကျင့်ခြင်း၊
၂။ မိစ္ဆာအယူရှိခြင်းနှင့် သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်း၊
၃။ အလွန်အကျွံအိပ်ခြင်း၊ အပေါင်းအဖော်၌ မွေ့လျော်ပြီး အချိန်ဖြုန်းခြင်း၊ ထကြွမှုမရှိပျင်းရိခြင်း၊ ဒေါသကြီးခြင်း၊
၄။ ရဟန်းနှင့် သူတောင်းစားတို့ကို လှူမည်ဟု ဝန်ခံထားပြီး လှူဒါန်းပေးကမ်းမှုမရှိခြင်း၊
၅။ မိဘတို့ကို ကျွေးမွေးပြုစုနိုင်ပါလျက် မကျွေးမွေးမပြုစုခြင်း၊
၆။ ပစ္စည်းဥစ္စာ ကြွယ်ဝပါလျက် အခြားသူများသို့ မဝေငှဘဲ မိမိတစ်ဦးတည်း သုံးဆောင်ခံစားခြင်း၊
၇။ မာန်မာနတက်ကြွမောက်မာခြင်း၊
၈။ ကာမဂုဏ် အပျော်အပါးလိုက်စားခြင်း၊ လောင်းကစားခြင်းနှင့် မူးယစ်ဆေးဝါးသုံးဆောင်ခြင်း၊
၉။ ပြည့်တန်ဆာ၊ သူတစ်ပါးသားမယားတို့ကို ပြစ်မှားကျူးလွန်ခြင်း၊
၁၀။ အသက်ကြီး အရွယ်လွန်ဖြစ်ပါလျက် ငယ်ရွယ်သူအမျိုးသမီးနှင့် အိမ်ထောင်ပြုခြင်း၊
၁၁။ အဝတ်အစားမက်လွန်းသူ၊ အသုံးအစွဲမတတ်သူကို အကြီးအကဲအရာ၌ ခန့်ထားခြင်း၊
၁၂။ မိမိနှင့်မတန်သောအရာကို အလိုရှိခြင်းတို့သည် ဥစ္စာအကျိုးစီးပွားပျက်စီးစေသော အကြောင်းများဖြစ်ကြပါသည်။

တစ်ဖန် မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ နေ့စဉ်သာဝတ္ထိပြည်အတွင်းသို့ဆွမ်းခံရာ၌ အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီးအား အကြောင်းပြု၍ သူယုတ်မာဖြစ်ကြောင်း တရားတော်ကို ဝသလသုတ်အား ဟောတော်မူပါသည်။

၁။ အမျက်ကြီးသူ၊ ရန်ငြိုးဖွဲ့သူ၊ သူတစ်ပါး၏ ဂုဏ်ကျေးဇူးအားချေဖျက်သူ၊ မိစ္ဆာဒိဋ္ဌိအယူရှိသူ၊ မိမိအပြစ်ကိုဖုံးကွယ်၍ လှည့်စားတတ်သူ၊
၂။ သတ္တဝါတို့အားသတ်ဖြတ်သူ၊
၃။ မြို့ရွာတို့ကို တိုက်ခိုက်ဖျက်ဆီးသူ၊
၄။ သူတစ်ပါးအကြွေးအား ပြန်မပေးသူ၊
၅။ သူတစ်ပါးပစ္စည်းအားခိုးသူ၊
၆။ လူသတ်၍ပစ္စည်းယူသူ၊
၇။ မတရားသက်သေထွက်ဆိုသူ၊
၈။ သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်သူ၊
၉။ မိဘတို့အား လုပ်ကျွေးမှုမပြုသူ၊
၁၀။ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ယောက္ခမတို့ကို ကိုယ်နှုတ်တို့ဖြင့် နှိပ်စက်ညှဉ်းဆဲနေသူ၊
၁၁။ သူတစ်ပါးအကျိုးစီးပွား ရှိရာရှိကြောင်းကိုမေးပါလျက် အကျိုးမဲ့ကိုပြောသူနှင့် အကျိုးစီးပွားရှိကြောင်းနည်းလမ်းကိုမေးပါသော်လည်း မေးသူမသိနိုင်အောင်ပြောခြင်း၊
၁၂။ မိမိ၏မကောင်းမှုများကို ဖုံးကွယ်ထားခြင်း၊
၁၃။ သူတစ်ပါးအိမ်၌ စားသောက်ပြီး မိမိအိမ်၌ ဧည့်ဝတ်မပြုခြင်း၊
၁၄။ ဖိတ်ကြားဝန်ခံထားသူ အလှူခံပုဂ္ဂိုလ်နှင့် သူတောင်းစားတို့ကို မလှူဒါန်းမပေးကမ်းခြင်း၊
၁၅။ ဆွမ်းခံလာသောရဟန်းအား ဆွမ်းမလောင်းဘဲ ကြမ်းတမ်းစွာပြောခြင်း၊
၁၆။ သူတစ်ပါးပစ္စည်း ရယူလိုသဖြင့် မဟုတ်မမှန်လှည့်ပတ်ပြောခြင်း၊
၁၇။ မိမိဂုဏ်မြှင့်တင်ပြီး သူတစ်ပါးအား နှိမ့်ချပြောဆိုခြင်း၊
၁၈။ သူတစ်ပါးကိုရန်ရှာခြင်း၊ မိမိကိုယ်တိုင် မလှူဒါန်းဘဲ သူတစ်ပါးလှူဒါန်းသည်ကို တွန့်တိုသူ၊ မိမိမှာမရှိသော ဂုဏ်သိက္ခာဖြင့် ချီးမွမ်းခံလိုသူ၊
၁၉။ ရတနာသုံးပါး ဆည်းကပ်သူကို ရှုတ်ချပြောသူ၊
၂၀။ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟု ဝန်ခံသူ စသူတို့မှာ လောက၌ သူယုတ်မာများဖြစ်ကြပါသည်ဟု ဟောကြားခဲ့ပါသည်။

ထို့နောက် သင်္ဂဟတရားလေးပါးကိုလည်းဟောကြားခဲ့ပါသည်။ ၎င်းတို့မှာ **ဒါန** - ပေးကမ်းခြင်း၊ **ပေယျဝဇ္ဇ** - ချစ်ဖွယ်သောစကားပြောခြင်း၊ **အတ္ထစရိယာ**- သူ့အကျိုးပြီးမြောက်အောင်ဆောင်ရွက်ခြင်း၊ **သမာနတ္တတာ** - ကိုယ်နှင့်ထပ်တူပြုမှုဆက်ဆံခြင်းတို့ဖြစ်သည်။ တရားဂုဏ်တော်တွင် **သန္ဒိဋ္ဌိကော** - ကျင့်ဆဲ၌ပင်ခံစားရခြင်း၊ **အကာလိကော** - အခါမလင့်ကောင်းကျိုးချမ်းသာရခြင်း၊ **ဧဟိပဿိကော** - လာပါ ကျင့်ပါဟုဖိတ်ခေါ်သောတရားဖြစ်ခြင်း၊ **ဩပနေယျိကော** - ထာဝရဆောင်ထားရသောတရားဖြစ်ခြင်း၊ **ဝိညူဟိ** - ပညာရှိသူများ သိမြင်ခံစားရသောတရားများဖြစ်၍ သိသူများလိုက်နာ၍ ဖော်စားသင့်လှပါသည်။

ဗုဒ္ဓဟောကြား ကြီးပွားချမ်းသာရေးတရားတော်များမှာ ဆောင်ရန်၊ ရှောင်ရန်၊ ကျင့်ကြံရန် များလှပါသည်။ ကျင့်ကြံ လိုက်နာသူများသည် ပစ္စုပ္ပန်ကာလအတွက် ဧကန်ကောင်းကျိုးချမ်းသာမင်္ဂလာများရပါမည်။ ပစ္စုပ္ပန်ကိုလွန်သော် အတိတ်ကောင်းများကျန်ရစ်စေပြီး အနာဂတ်မှာလည်း လှပလာမည်မှာ မြေကြီးလက်ခတ်မလွဲနိုင်သဖြင့် လိုက်နာကျင့်ကြံရန်သာ အရေးကြီးလှပါသည်။ ကိုယ်ပြုသောကံ ကိုယ်ထံပြန်လာပါမည်။ ပစ္စုပ္ပန်အကျင့်အကြံကောင်းသူတိုင်း အတိတ်၊ အနာဂတ် ဆိုသော ကာလသုံးပါးစလုံး ကောင်းရသည်မှာ ဓမ္မသဘာဝတစ်ခုသာဖြစ်သည်။

ဘုရားရှင်သည် သတ္တဝါအားလုံးအပေါ် မဟာမေတ္တာရှင်၊ ကရုဏာရှင်ဖြစ်သည်နှင့်အညီ လောကုတ္တရာအကျင့်မြတ်လမ်းစဉ်များသာမက ပစ္စုပ္ပန်လောကီချမ်းသာအမျိုးမျိုး ခံစားစံစားကြစေရန်များလှသော လောကီချမ်းသာကြီးပွားတိုးတက်ရေးတရားတော်များကို ဟောဖော်ညွှန်ပြခဲ့ပါသည်။ ၎င်းတို့မှာ ကုသိုလ်ရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ စားဝတ်နေရေး၊ အိမ်ထောင်ရေး၊ ပေါင်းသင်းဆက်ဆံရေး၊ ကျန်းမာရေး၊ အမျိုးဘာသာသာသနာရေးကိစ္စအားလုံးပါဝင်နေပေသည်။ ထိုဖော်ပြပါ တရားတော်များအား ပြုကျင့်လိုက်နာသူတို့သည် အရာရာ ရန်ဟူသမျှ အရှုံးမရှိ အနိုင်ရ၍ မည်သည့်အရပ်ဒေသ၌မဆိုချမ်းသာအမျိုးမျိုး ဧကန်ရရှိနိုင်ပါသည်။

သဒ္ဒါသံပါကာဓမ္မ
ဦးထွန်းချို (LL.B)



www.burmeseclassic.com

www.burmeseclassic.com





သထုံမြို့နယ်က ရွှေစာရံဘုရားနဲ့ နန်းဦးဘုရားဆင်းတုတော်

ကိုအေးမြင့်(မဟာဝိဇ္ဇာ ရှေး-သု)

# သိဟိုဠ်သာသနာနဲ့ဝတ်မှုန်ကူးအားတဲ့ မွန်သာသနာ


ဒီနှစ်တွေအတွင်းမှာ ရာမညတိုင်းကို မကြာခဏရောက်ဖြစ်နေရဲ့။ စစ်တောင်းတံတားကိုကျော်တော့ မွန်ပြည်နယ်ထဲကို တစ်ခါရောက်ခဲ့ပြန်ပေါ့ တွေးလိုက်မိတယ်။ တောင်ထန်းပင်များနဲ့ စိမ်းစိုလှပတဲ့ မွန်တို့ဌာနီရာမညဟာဖြင့် ဘယ်နှခါရောက်ရောက် မရိုးနိုင်အောင်ဘဲ ညှို့ငင်နေရဲ့။

၁၀ - ၇ - ၁၄၊ ကြာသပတေးနေ့ မနက် (၆) နာရီလောက်မှာ 'ပေါင်' (ပေါင်မြို့) က ကိုမိုးဇော်တို့ အမေ့အိမ်မှာ ဝါဆိုသင်္ကန်းကပ်သွားဖို့ ကမာရွတ် ဘန်ရိပ်သာလမ်းအိမ်ကနေ ကားနဲ့ထွက်ခဲ့ကြပေါ့။ မနက်စောစောစာကိုတော့ ကလာဒုံ့ရဲ့စခန်းဘေးက သပြေရိပ်မှာ နန်းပြားသုပ်ဝင်စားခဲ့ကြတယ်။

ဘုရားကြီး၊ ဝေါမြို့နဲ့ ကြံ့တူဘုရားတွေကိုဖြတ်ခဲ့ကြပြီး စစ်တောင်းတံတားကိုအရောက်မှာ ဟိုတုန်းက ကျိုက်ထီးရိုးဘုရားဖူးသွားရင်း တံတားထိပ်မှာရောင်းတဲ့ ငါးသလောက်ဥကင်သီတံကြီးတွေကို သတိရမိတယ်။ ခုတော့ လွမ်းစရာဖြစ်နေပေါ့။ တံတားပေါ်ကနေ ဗိသုကာအသွင်ထူးတဲ့ ကျိုက္ကလွန်ပွန်းစေတီရှည်မျော်မျော်ကို လှမ်းဖူးလိုက်ရတယ်။

ကျောက်ခွဲစက်တွေ လမ်းဘေးမှာ အများအပြားတွေ့ရတယ်။ လိပ်သည်းကျောက်ပုံကြီးတွေကလည်း ဟီးလို့ပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်အမြင်နဲ့ကြည့်ရင် အန္တရာယ်ကင်းပါရဲ့လား။

ကိုယ်ချစ်တဲ့ တလိုင်းအိမ်လေးတွေနဲ့ ရွာတန်းတွေကို ဆက်တိုက်မြင်လာရတယ်။ အိမ်ရှေ့မှာ လေသာဆောင်ဝရန်တာ၊ အိမ်ဘေးမှာ အတက်လှေကားနဲ့ ခပ်မြင့်မြင့်သစ်သားအိမ်လေးတွေ။ ကိုယ်တို့မွေးရပ်မြေ မြောင်းမြက ရှေး





ပေါင်မြို့နယ်က ပေါ်တော်မူဘုရား



www.burmeseclassic.com

www.burmeseclassic.com



သထုံ-နေမိန္ဒရတောင်တော်ဘုရား




ဟောင်း မွန်ရွာကြီးမှာရှိတဲ့ ကိုယ့်အိမ်လေးကို သတိရမိပြန်တယ်။ ဒါ့အပြင် စတီးလက်တန်းတွေ၊ ကြွေပြားတွေကပ်ထားတဲ့ နောက်ပိုင်းခေတ် တိုက်အိမ်လေးတွေလည်း အများကြီးပါလား။ ဩော် - ခေတ်တွေပြောင်းခဲ့ပြီကိုး။

ကိုယ့်ကို တစ်လမ်းလုံး ဒေသန္တရဗဟုသုတတွေ အလျဉ်းသင့်သလိုပြောပြပေးလာတဲ့ ကိုမိုးဇော်အမေ အစ်မကြီး ဒေါ်ခင်သန်းရီဟာ (၇)တန်းကျောင်းသူဘဝတည်းက ဟိုးခေတ်က တိုင်းရင်းမေဂျာနယ်မှာ 'ရွှေမှိုင်-သက်မာ' ကလောင်နာမည်နဲ့ ဝတ္ထုတိုတွေ အပုဒ်(၂၀)လောက်ရေးခဲ့တဲ့ကလောင်ရှင်ပါ။ အဲဒါကြောင့်လည်း စာသမားချင်း သတင်းလွှလွှပေါင်းဖက်တွေ့ပြီး ကိုယ့်အတွက်ကုန်ကြမ်းတွေလည်း အများကြီးရခဲ့ပါတယ်။



ဝေါမြို့နယ်အဆုံး ရင်းငြိမ်နဲ့စပြီး သထုံနယ်ကို ဝင်ရောက်သွားခဲ့တယ်။ ရင်းငြိမ်ချောင်း ကြားကဖြတ်စီးနေလို့ တောင်နဲ့မြောက်နှစ်ပိုင်းကွဲနေတဲ့ရင်းငြိမ်ဟာ တစ်ပိုင်းနဲ့တစ်ပိုင်းလည်းမတည့်ကြဘူးဆိုဘဲ။ ရင်းငြိမ်နဲ့ ပတ်သက်လို့ 'ချောင်းကန့်လန့် - လူကန့်လန့်' ဆိုတဲ့ ဆိုရိုးစကားလည်း ပေါ်လာခဲ့တယ်။ ရင်းငြိမ်ချောင်းကလည်း အနောက်ဘက်ကို ပြောင်းပြန်စီးနေတဲ့ ထူးခြားတဲ့ ချောင်းကလေးပါ။ ရင်းငြိမ်မှာ 'ရင်းငြိမ်သခင်မ' ဆိုတာလည်း ရှိသေးသတဲ့။ ဒီဒေသတစ်ဝိုက်ကတော့ တကယ့်ကိုဂမ္ဘီရဆန်ပြီး ရင်ခုန်စိတ်လှုပ်ရှားစရာတွေဖြစ်စေတဲ့အရပ်ပါပဲလား။



ပေါင်မြို့နယ်က ပေါ်တော်မူဘုရား



www.burmeseclassic.com

www.burmeseclassic.com







ဓော်လမြိုင်မြို့မှ ဦးဇီနတောင်တော်ဘုရား



## စိမ်းလဲ့တင်၊ အော်ဂဲနစ်စိုက်ခင်းများနဲ့ ရွှက်လှမြို့တော်

နောက်တော့ စိမ်းလဲ့တင်သဘာဝ အပန်းဖြေစခန်းနဲ့ တည်းခိုဆောင်လေး တွေ့ စိမ်းလဲ့တင် - တိရစ္ဆာန်ဥယျာဉ်၊ အော်ဂဲနစ်စိုက်ခင်းတွေကိုဖြတ်သန်းလာ ခဲ့ပြန်တယ်။ ဘိုက်ကားကျေးရွာ၊ ဖူးဖူး လေးဥယျာဉ်ခြံ၊ နောက်တော့ ကျိုက်ထို ကိုရောက်လာပေါ့။ တံတားကိုကျော်တာ နဲ့ တပည့်မလေး 'စမ်းစမ်း'တို့ရဲ့ 'ဘုရင်မ အပ်ချုပ်ဆိုင်' ကို လမ်းဘယ်ဘက်မှာ တွေ့လိုက်ရတယ်။ ပြီးတော့ ယိုစုံဆိုင် တွေတန်းစီလို့။ ရွှက်လှ(Garden croton) ပန်းပင်တွေကို သိသိသာသာ များများ …းလေးမြင်ရလို့ ကျိုက်ထိုမြို့လေးကို သဘောကျမိတယ်။ တချို့ ရွှက်လှပင် တွေဟာ ပန်းချုံအဆင့်ကိုတောင်ကျော် သစ်ပင်ကြီးတွေလိုဖြစ်နေရဲ့။နှစ်ပေါင်း ဆယ်လောက်အကြာကတည်းက ဒီရွှက် လှပင်တွေကို စိုက်ထားခဲ့ကြတာပါလိမ့်။

ရွှက်လှပန်းပင်တွေကို အမျိုးမျိုး






သော အပြောက်အပြိန်းတွေနဲ့ လော်ရယ်ပင် (Variegated Laurel) လို့လည်း ခေါ်ပါတယ်။ "Laurel" ဆိုတာကတော့ အနောက်တိုင်းမှာ ကိုယ်တို့ဆီက သပြေ လိုပဲ အောင်ပန်းအဖြစ်သုံးတဲ့ အမြဲစိမ်း လန်းသော ခြုံစည်းရိုးပင်တစ်မျိုးပေါ့။ အရောင်စုံ အဆင်စုံတဲ့ အရွက်တွေနဲ့ အပင်ပါ။ ရွှက်လှရဲ့ ရုက္ခဗေဒအမည်က Codiaeum variegatum ဖြစ်ပြီး မျိုးရင်း (Family) ကတော့ "Euphorbiaceae" ဖြစ်တယ်။ ရွှက်လှပင်တွေမှာ များပြားလှ စွာသောကွဲပြားမှုတွေအရ တောက်ပတဲ့ အရောင်၊ ချောမွေ့ပြီး ကြွေရောင်လက် နေမှု၊ သားရေလိုမာကြမ်းပျင်းတွဲမှုတွေ




www.burmeseclassic.com

www.burmeseclassic.com








မော်လမြိုင်မြို့-ကျိုက်သာလန်ဘုရား





မော်လမြိုင်မြို့-ကျိုက်သာလန်ဘုရား


ရှိတဲ့ အရွက်တွေနဲ့အတူ ချုံဒါမှမဟုတ် ပန်းအိုးနဲ့စိုက်တဲ့အပင်ငယ်အဖြစ် ရှင်သန်နေကြပါတယ်။ ဇာတိရင်းကတော့ မလေးရှားနဲ့ပစိဖိတ်ဒေသတွေပါ။ အပင်အဖြစ်နဲ့ ရွက်လှတွေဟာ ၆ မီတာ (ပေ ၂၀) လောက်အမြင့်ထိရောက်အောင် ကြီးထွားမြင့်မားနိုင်ရဲ့။ အရွက်ရဲ့အရောင်တွေဟာ အများအားဖြင့် အရွက်ထဲမှာပါတဲ့ အင်သိုဆိုင်ရာနင် (Anthocyanin) ကြောင့် ဖြစ်ပေါ်လာတာပါ။ တစ်ရောင်တည်းသက်သက် ဒါမှမဟုတ် အစိမ်း၊ အဝါ၊ အဖြူ၊ လိမ္မော်၊ ပန်းရောင်၊ အနီ၊ ကြက်သွေးရောင် (crimson) နဲ့ ခရမ်းရောင်တွေ ရောနှောနေတတ်ရဲ့။ (၁၀) - (၁၅) စင်တီမီတာ (၄-၆လက်မ) အရွယ်အရွက်တွေဟာ အမျိုးအစားကိုလိုက်ပြီး ခပ်ရှည်ရှည်နဲ့လုံးသွားပုံသဏ္ဌာန်ကနေ ဘဲဥပုံ၊ အရစ်အဝိုက်တွေနဲ့ပုံ၊ အရွက်ရှည်ရှည်ဖားဖားကြီးတွေ၊ အရွက်ဝိုင်းကြီးတွေ၊ အရွက်ချွန်၊ အရွက်လိမ်ရသေ့ဒေါက်ခြာလိုအရွက်တွေ၊ သည်းလျက်

www.burmeseclassic.com
















ပေါင်မြို့လယ်၊ ကဒါရပ်က ကမ္ဘာအေးစေတီ

ရွက်တွေ၊ အရွက်မျှင်မျှင်ဖြာဖြာတွေ အောင်ပဲ ခြားနားစွာ ဖြစ်ပေါ်နေကြ ယ်။

ရွက်လှမျိုးရင်းမှာပဲ အခြား ဆင်ဆင်အပင်တစ်မျိုးလည်း ရှိသေး ပေမယ့် မျိုးစု (Genus) တော့ မတူပါဘူး။ သူကတော့ ကနခို (Croton) အစစ် ခပ်သန့်သန့် (Croton tiglium) ဖြစ်ပြီး အပင်ငယ်လေးပါ။သူ့အစေ့ကနေ ကနခို အဆီ(Croton oil)ကို ထုတ်ယူကြတယ်။

ဇာတိရင်းကတော့ အရှေ့တောင်အာရှမှာပါ။

မွန်ပြည်နယ်တစ်ဝှမ်းမှာတော့ ရွက်လှဆိုတဲ့အတိုင်း လှလိုက်တဲ့အရွက်တွေ။ အရောင်တွေကလည်းစုံပဲ့ါ။ စိမ်း၊ ဝါ၊ ဖြူ၊ ညို၊ မိတ်ကပ်ရောင်၊ ပန်းရောင်၊ နီညိုရောင်၊ ကြက်သွေးနဲ့ ခရမ်းရောင်။ ရွက်လှပန်းရဲ့ အရွက်ပုံတွေကလည်း အမျိုးမျိုးပါပဲ။ မင်းသားကြီး ခေါင်းပေါင်းတို့၊ ရသေ့ဒေါက်ခြာတို့၊ နဂါးလိမ်တို့၊ သနပ်ခါးစက်တို့ စသဖြင့်လည်း ရွက်လှနာမည်တွေ၊ အမျိုးအစားတွေက များပြားလှရဲ့။

ရွက်လှပန်းပင်တွေကို အရှေ့တောင်အာရှနိုင်ငံတွေဖြစ်တဲ့ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား စတဲ့ တိုင်းပြည်တွေမှာ အများအပြား ဖောဖောသီသီမြင်တွေ့နိုင်ပါတယ်။ အိန္ဒိယနဲ့ သီရိလင်္ကာမှာလည်း ရွက်လှပင်တွေ ပေါက်ရောက်ပါတယ်။ နိုင်ငံတော်က ဦးစီးပြီး မွန်ပြည်နယ်မှာ အမျိုးသား ရွက်လှပန်းဥယျာဉ်ကြီးတစ်ခု တည်

www.burmeseclassic.com

ဆောက်နိုင်ရင်ကောင်းမှာပဲလို့ တွေးမိရင်း စိတ်ကူးယဉ်မိတာလည်း အကြိမ်ကြိမ်ပါပဲ။


ဆရာချစ်(ချစ်ဦးညို)ရဲ့ 'နှင်းကေသရီချစ်တဲ့သူ့ရဲကောင်း' ဝတ္ထုရှည်ကြီး၊ နှင်းပုလဲရွာ-လမ်းခွဲ၊ နှင်းပုလဲဟာ မွန်နာမည်တစ်စုံတစ်ရာကို အသံဖလှယ်ထားတာလား။ နှင်းပုလဲဟာ ဂဝံယဉ်ကျေးမှုနယ်မြေဖြစ်တဲ့ 'ဝင်းက'၊ 'အရက်သမ'တွေနဲ့လည်း နီးသတဲ့။

လမ်းဘေးဝဲယာမှ စိမ်းမြမြအရွက်ကားကားကြီးတွေနဲ့ တောင်ထန်းတောတွေ တန်းစီနေတာ မြင်လာရပါပြီ။ တောင်ထန်းပင်လေးတွေဟာ အရွက်ဖားဖား ထိုးထိုးထောင်ထောင်နဲ့ လှပလို့ ပန်းခြံ၊ ပန်းဥယျာဉ်တွေမှာ အလှဆင်စိုက်ပျိုးရင် အတော်လှမယ့် ပဒေသာပင်မျိုးပါ။ ရိုးရာအစဉ်အလာအတိုင်း ထန်းရွက်အမိုးတွေ၊ ထန်းရွက်ဖျာတွေ ရက်လုပ်ရောင်းချတဲ့ အိမ်ဆိုင်တွေကလည်း လမ်းဘေးတစ်လျှောက်မှာ အစီအရီပေါ့။

ပအိုဝ်တိုင်းရင်းသားတွေ အများဆုံးနေထိုင်တယ် ဆိုတဲ့ 'အလူးရွာ' ကို ဖြတ်ကျော်ခဲ့တယ်။ အဲဒီနောက်တော့ ဇုတ်သုတ်ရွာထိပ်က သုဝဏ္ဏဘူမိအဝင်ဂိတ်ဝဖြစ်တဲ့ ဂဝံကျောက်နဲ့လုပ်ထားတဲ့












ပေါင်မြို့လယ်၊ ကဓါရုဝ်က ကမ္ဘာအေးစေတီ




www.burmeseclassic.com


www.burmeseclassic.com







ပေါင်မြို့က ကျိုက်ပေါင်စေတီတော်


ပေါင်မြို့





...ကြီးက ဟီးထလို့။ ဘီးလင်းမြို့နယ်
...ရောက်လာပါပြီ။


ကျိုက်ကော်-တံတားလေးခြားပြီး
...၊ အဲဒီမှာ ဒူးရင်းသီးတွေပေါ
...၊ ဆိုင်တွေလည်း လမ်းဘေးမှာ
...ကြီးပဲ။ စွန်ပဒတ်သီးလည်းရှိရဲ့။


ပအိုဝ်တိုင်းရင်းသားတွေနေထိုင်
... သာမညဆရာတော်ကြီးရဲ့ဇာတိ
...င်ကုလားရွာ၊ အလံတစ်ရာဘုရား
...ပြီးတော့ သထုံမြို့ကိုဖြတ်ခဲ့ရပါပြီ။
...မြို့ထဲကိုဝင်ရောက်ဖြတ်သန်းတော့
...ရဲ့စေတီတော်ကြီးဘေးကသွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com





သထုံ-ဓာတ်တော်တိုက်စေတီ

တယ်။ နောက်ပြီး ဘုရားငါးဆူတောင်၊ ပေဘာလတောင်၊ နေမိန္ဒယတောင် (အဲဒီနားမှာ သထုံမြို့ဟောင်းရဲ့ မြို့ရိုးတွေရှိသတဲ့) တွေကို လှမ်းမြင်ခဲ့ရပေါ့။

မြို့ထဲကထွက်ပြီး အတော်လှမ်းလာတော့ လမ်းဘေးဘယ်ဘက် လယ်ကွင်းတွေရဲ့အလွန် တောင်ခြေရင်းမှာ ထီးထီးရှိကြီးရှိနေတဲ့ အဆောက်အအုံကြီးကို မြင်လိုက်ရတယ်။ သထုံကွန်ပျူတာတက္ကသိုလ်ကြီးဆိုပါလား၊ ဘုရားရေ။

ရင်ငန်းတောင်ကျောင်း၊ တော်ကူး၊ ဂျုံးဂျုံးကျ စသဖြင့် အစ်မကြီးက တတွတ်တွတ်ပြောပြလာတော့ ဒီနာမည်တွေနဲ့ မစိမ်းလှဘူးလို့ခံစားရတယ်။

"ဒီနေရာတွေမှာ ရဟန္တာပုဂ္ဂိုလ်တွေ အများအပြားထွက်ပေါ်ခဲ့တာပေါ့" လို့ အစ်မက သူတို့ဒေသကို ဂုဏ်



သထုံ-ဓာတ်တော်တိုက်စေတီ



နာမည်ကျော် ဇင်းကျိုက်ရေတံခွန်




တည်းဒိုဆိမ့်နားက ဟိန္ဒူဘုရားကျောင်း

www.burmeseclassic.com

www.burmeseclassic.com








ယူစွာပြောပြတယ်။ ဓမ္မာစရိယ-ဦးဌေးလှိုင်ရဲ့ 'စံတော်ဝင်ပုဂ္ဂိုလ်ထူးများ' စာအုပ်ထဲမှာပါတဲ့ ဒေးဗရိန်းဆရာတော်နဲ့ပတ်သက်တဲ့အဖြစ်တွေကလည်း ဒီဒေသမှာပဲ ဖြစ်ပေါ်ခဲ့တာပါ။ ခုတော့ တောင်စွန်းမှာလည်း ဓမ္မဒူတတရားစခန်းရှိနေပါတယ်။

'ဗညားဒလစာကြည့်တိုက်' ဆိုတဲ့ဆိုင်းဘုတ်လေးကို လမ်းဘေးတစ်နေရာမှာ တွေ့လိုက်မိသလိုပါ။ ကိုယ်ကတော့ စာကြည့်တိုက်ဆိုတာလေးတွေရှိတဲ့နေရာတိုင်းကို မီးအလင်းရောင်တွေ ဖြာဝေနေတဲ့အရပ်လို့ အမြဲတမ်းမြင်ယောင်မိပြီး ကြည်နူးတတ်တယ်။ ဥရောပခရီးစဉ်မှာ အီတလီနိုင်ငံ ဖလောရင့်မြို့ရောက်တော့ သူတို့တစ်မြို့တည်းမှာ စာကြည့်တိုက် (၃၀၀၀)ကျော်ရှိတယ်ဆိုလို့ ကိုယ်တို့နဲ့နိုင်းပြီး 'ဟုတ်ပါ့မလား မောင်ကာဠုဒယ်' လို့ လမ်းညွှန်ကိုပြောမိသေးပေါ့။ ကိုယ်တို့မဟာရန်ကုန်မှာ စာကြည့်တိုက်ဘယ်နှခုရှိပါသလဲ၊ အမျိုးသားစာကြည့်တိုက်ကကော ဘယ်အရပ်မှာလဲလို့လည်း ကမန်းကတန်းစဉ်းစားလိုက်သေးရဲ့။

ဟောဟိုရွာကတော့ မဖဲဝါရဲ့နယ်မြေရွာကလေးတဲ့။ အဲဒီက သုသာန်ကို



ကျိုက်သာလန်စေတီဘေးက စိန်တုံးမိဖုရားကျောင်း



ပေါင်မြို့က ကျိုက်ပေါင်စေတီတော်









www.burmeseclassic.com

www.burmeseclassic.com









ပေါင်မြို့က ကျိုက်ပေါင်စေတီတော်နဲ့ ဘုရားဖူးလာသူ

ညဘက်ဖြတ်ရင် မဖဲဝါကဆံပင်ဖားလျား ချပြီးလိုက်သတဲ့။ တော်ကူး၊ ဖအောက် (ဖားအောက်) ဆရာတော်က ပရိတ်တွေ ရွတ်ပေးပြီး ဆုံးမခဲ့ရတာလို့ ကိုမိုးဇော်က ပြောပြတော့ ကိုယ့်ငယ်ဘဝကိုလွမ်းမိပြီး စိတ်လှုပ်ရှားစွာ ပျော်သွားခဲ့ပါတယ်။ ကိုယ်တို့လည်း မြစကြာရဲ့ တစ္ဆေသရဲ စာအုပ်တွေဖတ်ပြီး ဒါမျိုးတွေ ခံစားဖူး တာပေါ့။

ဒူးရင်းသီးတွေ ခင်းကျင်းထားတဲ့ လမ်းဘေးသစ်သီးဆိုင်လေးတွေ မြင်လာ ရတယ်။ ဒူးရင်းသီးထွက်တဲ့အရပ်မို့ လတ်လတ်ဆတ်ဆတ် ဈေးသက်သက် သာသာနဲ့စားနိုင်ကြမှာပေါ့။ ဒူးရင်းသီး ကြိုက်သူများအတွက်တော့ ပွဲတော်တမျှ ပါ။

ရှေးမီနောက်မီဖြစ်တဲ့အစ်မကြီးက ဒီဒေသရောက်တုန်း နယ်မြေနဲ့လိုက်တဲ့ ကျော်ကြားလှတဲ့ တစ်ခါက ချစ်ဇာတ် လမ်းတစ်ပုဒ်ကို ပြောပြတယ်။ တိုင်းရင်း သားသူပုန်တစ်ဦးဖြစ်ခဲ့တဲ့. လင်းထင်နဲ့ မယ်ဘွဲ့ရ တိုင်းရင်းသူ မိန်းမချောလေး နော်လီဇာဘင်ဆင်တို့ရဲ့ လွမ်းမောဖွယ် အချစ်ဇာတ်လမ်းပေါ့။ လင်းထင်ဟာ အတော်ချောမောပြီး သန့်ပြန့်တဲ့ရုပ်ရည် ရှိလို့ ထင်ရှားလှပါတယ်။ အဲဒီခေတ် အခါက သူပဲဝတ်နိုင်တဲ့ စပို့ရှပ်ရောင်စုံ နဲ့ လင်းထင်ဟာ အတော့်ကိုစမတ်ကျ သတဲ့။ သူနဲ့ နော်လီဇာများ လေညင်းခံ ထွက်လာရင် ကြည့်ကောင်းလွန်းလို့ လူ တိုင်းငေးမောနေကြရသတဲ့။ လင်းထင် ဟာ ဥပမိရုပ်ကောင်းသလောက် မြာစွံ့ သူလည်းဖြစ်ရဲ့။ နော်လီဇာက သူ့ရဲ့ စတုတ္ထမယားဖြစ်ပြီး နော်လီဇာနဲ့ သမီး လေးတစ်ယောက်မွေးခဲ့ပေမယ့် မသန် မစွမ်းလေးမို့ ငယ်ငယ်ရွယ်ရွယ်မှာပဲ ဆုံးပါးသွားခဲ့တယ်။

လက်နက်ချ၊ အပေးအယူလုပ်ပြီး ပေမယ့် တိမ်တောင်သဖွယ်အရေးကျယ် ခဲ့လို့ လင်းထင်နဲ့ အဲဒီတုန်းက အစိုးရ ကြား ပြဿနာတွေဖြစ်ခဲ့ပြီး နောက်ဆုံး မှာ လင်းထင်ရဲ့ရုပ်အလောင်းဟာ မြစ်ထဲ မျောခဲ့ရတယ်။ ရုပ်ရှင်မင်းသမီးလည်း ဖြစ်ခဲ့တဲ့ နော်လီဇာနဲ့ သူ့ချစ်သူ ကိုလူ ချောကြီးရဲ့ ပိတ်ကားအပြင်က ဇာတ် လမ်းဟာ ရုပ်ရှင်ကားတွေထက်တောင်မှ ပိုလို့ဆန်းပြားနေပါသေးရဲ့။

သထုံကျော်ပြီးတဲ့အခါ ဇင်းကျိုက် ကို ရောက်လာတယ်။ မောင်ညိုမှိုင်း (ဇင်းကျိုက်) ဆိုတဲ့ ကလောင်အမည်ကို သတိရလို့ မေးကြည့်တော့ အစ်မက သူ့မိတ်ဆွေလည်းဖြစ်၊ ရေးဖော်ရေးဖက် လည်းဖြစ်ပြီး ခုမရှိရှာတော့ဘူးလို့ လွမ်း မောဖွယ်ပြောပြတယ်။

"ဇင်းကျိုက်မြို့က ရေတံခွန်ကို



www.burmeseclassic.com

www.burmeseclassic.com

ရောက်တုန်းရောက်ခိုက်ကြည့်သွားပါဦး။ အပြန်ကျရင် ဝင်ခွင့်ရချင်မှရမှာ”

လို့ အစ်မကြီးကပြောပြီး ရေတံခွန်သွားဖို့ လမ်းမကြီးကနေ ဘယ်ဘက်ကို ချိုးဝင်စေခဲ့တယ်။

မော်တော်ဆိုင်ကယ်တွေ အများကြီးရပ်ထားတဲ့ကွင်းထဲမှာ ကားရပ်ခဲ့တယ်။ လာရောက်တဲ့လူငယ်တွေကြည့်ရတာ ပျော်ပွဲစားထွက်သလိုလို၊ သကြန်ကျသလိုလို ပျော်ပြက်ပြက်ဖြစ်နေကြတယ်လို့ ခံစားရတယ်။ အတော်များများက မူးနေကြရဲ့။ ဘောင်းဘီဝတ်မိန်းကလေးတွေကလည်း အများကြီးပါ။ ဆိုင်ကယ်တွေမောင်းတာကြမ်းလို့ အန္တရာယ်ကြီးလှချည်ရဲ့။ လူဇန်းမြို့ကနေ ဂျာမနီဘက်ကို ခရီးဆက်ရင်း လမ်းဘေးတစ်နေရာက နာမည်ကျော်ပြီးလှပလွန်းတဲ့ ရှ-ဖောင်းဇင်း (Schaffhausen) ရေတံခွန်ကို ဝင်ကြည့်ခဲ့ကြတာ အမှတ်ရမိသွားတယ်။ သူတို့မှာတော့ မြေယာအခင်းအကျင်းတွေ လုပ်တတ်ကြပြီး အမှတ်တရဆိုင်တွေ၊ စားပွဲရုံတွေ၊ ယာဉ်ရပ်နားစခန်းတွေနဲ့ အတော်လေးသပ်ရပ်လှရဲ့။ လာရောက်လည်ပတ်သူတွေကလည်း သဘာဝအလှအပကို တည်တည်ငြိမ်ငြိမ် ဖိမ်ရှိရှိခံစားကြလို့ပါ။

ဗရုတ်ဗရက်မြင်ကွင်းကနေ စိတ်နှလုံးချမ်းမြေ့စရာမြင်ကွင်းတစ်ခုကို ကားလမ်းမကြီးပေါ်ပြန်ရောက်တော့မြင်လိုက်ရလို့ တော်ပါသေးရဲ့။ ဝတ်စုံအဖြူတွေဆင်တူဝတ်ထားတဲ့ ဥပါသကာတွေ ကြေးစည်လေးတွေထုပြီး အလှူခံနေတဲ့မြင်ကွင်းပါ။ ဝတ်စုံဖြူတွေဝတ်ပြီး သီဟိုဠ်မှာ စွယ်တော်ဖူးခဲ့ကြတာကို သတိရမိသေးတော့။

ဒီမှာက တောဖိတ် (၁၃ ရက်နေ့)နဲ့ မြို့ဖိတ် (၁၄ ရက်နေ့) ဆိုပြီး အဖိတ်နေ့နှစ်မျိုးရှိတယ်။ ဝတ်ဖြူစင်ကြယ်နဲ့ ဥပါသကာတွေဟာ တောဖိတ်ရက်အမီလို့ ဖိနပ်မစီးဘဲ အလှူခံထွက်နေကြတာဟာ ရိုးရာအစဉ်အလာပါတဲ့။

**ထန်းပင်တန်း၊ စွယ်တော်ဆင်နဲ့ ပေါင်မြို့**

ထန်းပင်တွေ ဝဲ၊ ယာမှာ တန်းစီပေါက်နေတဲ့လမ်းလေးကိုဝင်ပြီး ပေါင်မြို့ဆီကိုလှမ်းခဲ့ပါပြီ။ ဟိုတုန်းက အစိုးရအုတ်ပြက္ခဒိန်တွေ၊ စာရေးစက္ကူကတ်တွေရဲ့မျက်နှာဖုံးမှာ မင်းသမီးတွေနဲ့အမြင် နေရာယူခဲ့တဲ့ ထန်းပင်တန်းရှုခင်းပေါ့။ ကျိုက္ခမီမှာနဲ့ ဒီနေရာနှစ်ခုတည်းမှာသာ ထန်းပင်တွေက စုစုဝေးဝေး ပေါက်ပြီး သိသိသာသာ ထင်ထင်ရှားရှား လှလှပပရှိသတဲ့။

ဒါပေမယ့် ထန်းပင်လှလှလေးတွေရဲ့ပင်စည်ညိုညိုမှာတော့ ဓာတ်မြေဩဇာကြော်ငြာတွေကို သံစွဲပြီးရိုက်ချိတ်ထားတာက အတော့်ကို ရုပ်ဆိုးလှရဲ့။ ကြော်ငြာကလည်း တစ်ခုတလေမကဘဲ တန်းစီလို့။ ကြော်ငြာချိတ်ဆွဲခွင့်ကို ထိန်းချုပ်သင့်သလား၊ စီးပွားရေးလုပ်ငန်းရှင်တွေကကော တိုင်းပြည်ရဲ့သဘာဝအလှအပတွေကို စုပေါင်းပြီးပါဝင်မထိန်းသိမ်းသင့်ဘူးလား။


မွန်စာတွေနဲ့ ကမ္ပည်းထိုးထားပြီး ဟင်္သာရုပ်တွေနဲ့ တန်ဆာဆင်ထားတဲ့ မုခ်ဦးတွေတပ်ထားတဲ့ ဘုန်းတော်ကြီးကျောင်းတွေ တွေ့လာရတယ်။ မွန်ပြည်နယ်ထဲကိုရောက်ကတည်းက ပြည်နယ်ရဲ့ အမှတ်တံဆိပ် လိုဂို (Logo) ဖြစ်တဲ့ ဟင်္သာရုပ်တွေကို တွေ့တွေ့နေရတော့-

“လေးလေး၊ ကျွန်တော်တို့ဆီက မွန်တွေရဲ့ဟင်္သာဟာ အတောင်ပံလေးက ခပ်ကားကားနဲ့ပါ။ အဲဒါက ပဲခူးက ဟင်္သာရုပ်နဲ့ ကွာခြားချက်ပါပဲ”


လို့ ကိုမိုးဇော်က ပြောပြတယ်။

ဇင်းကျိုက်တောင်တက်လမ်းအဝမှာလည်း မုခ်ဦးကြီးတစ်ခုရှိရဲ့။ တောင်တက်လမ်းအဝရဲ့ ပေါင်မြို့ဘက်ခြမ်း၊ ညာဘက်မှာ ပန်းကုန်းကျောင်းရှိတယ်။ ပေါင်မြို့ထဲကို ဝင်လာပါပြီ။ မြို့ဝင်လမ်းတစ်လျှောက်ဟာ မြေယာအခင်းအကျင်းတွေ၊ လမ်းဘေး လမ်းလယ်ကျွန်းအလှဆင်စိုက်ပျိုးမှုတွေနဲ့ လှပစိမ်းမြပြီး ဒေသပေါက်ပင်တွေက ပွင့်ဖူးလို့ပါ။

ပေါင်မြို့ကို သူတို့မြို့ခံတွေကတော့ အရပ်အခေါ် အဝေါ် အတိုင်း ‘အပေါင်’ လို့ ခေါ်ဝေါ်သုံးနှုန်းကြပါ








သထုံမြို့က နီးဘုရားအသစ်ကြီး




www.burmeseclassic.com

www.burmeseclassic.com







ပေါင်မြို့ ဇင်းကျိုက်တောင်အတက်လမ်းဘေးမှ စမ်းချောင်းလေးနဲ့တောရကျောင်း

တယ်။ ပေါင်ကို ရန်ကုန်ဘက်ကနေ ကားလမ်းအတိုင်းဝင်ခဲ့ရင် စွယ်တော်ကျောင်းကိုဖြတ်ရတယ်။ လမ်းရဲ့ ဘယ်ဘက်ခြမ်းမှာ ယပ်တောင်နှစ်ခုကိုဖြန့်ပြီး ထောင်ထားသလို ကျောက်တုံးခပ်ပြားပြားကြီးနှစ်တုံးရှိတယ်။ အဲဒါကို လွန်ခဲ့တဲ့ နှစ်(၅၀)လောက်ကမှ အနည်းငယ် ပြုပြင်လိုက်ရုံနဲ့ လမ်းပေါ်ကကြည့်ရင် ရပ်နေတဲ့ ဆင်ကြီးနှစ်ကောင်ပုံ မြင်လာတယ်။ ဆင်ကြီးရဲ့ကျောပေါ်မှာလည်း စေတီလေးသုံးဆူတည်ထားတော့ ဆင်နဲ့ ဘုရားပင့်လာသလိုပါပဲ။ ဒီနားကရွာကိုလည်း စွယ်တော်ရွာလို့ ခေါ်ကြတယ်။ သီရိလင်္ကာ ကန္ဒီမြို့က ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ပွဲကို သတိရလိုက်ပါဘိတော့။

အခု ပေါင်မြို့ရှိနေတဲ့အရပ်မှာ ဗုဒ္ဓရဲ့ဆံတော်နှစ်ဆူကို ပေါင်းလိုက်လို့ 'ပေါင်း'ဆိုတဲ့မြို့အမည် ဖြစ်လာတယ်။ နောက်တော့ 'ပေါင်း'ကနေ ကာလရွေ့လျောလာတော့ အသံပြောင်းပြီး 'ပေါင်' ဖြစ်သွားတာလို့ ကိုမိုးဇော်က ရှင်းပြတယ်။ ပေါင်ဘူတာနားက သူတို့အိမ်ရှိတဲ့ ရပ်ကွက်အမည်ကလည်း ပေါင်းရပ်ကွက်ပဲလေ။ အဲဒါကြောင့် ကာလရွေ့လျားတာချင်းအတူတူ ရပ်ကွက်အမည်ကတော့ ခုထိ 'ပေါင်း' လို့ မပြောင်းမလဲ တွင်နေတုန်းပဲရှိနေရတာပါလိမ့်။

**ကျိုက်ထီးရိုးသမိုင်း၊ နန်းကြာဟဲတို့ရွာနဲ့ လွမ်းည**

တွေးနေရင်းမှာပဲ တည်းခိုမယ့် အစ်မဒေါ်ခင်သန်းရီတို့အိမ်ရှိရာ ပေါင်ဘူတာနားကရပ်ကွက်ကိုရောက်ခဲ့ပေါ့။ ပေါင်ဘူတာက အလယ်မှာဖြစ်ပြီး မော်လမြိုင်ဘက်မှာ ကျွဲခြံဘူတာ၊ ရန်ကုန်ဘက်မှာ ဇင်းကျိုက်ဘူတာရှိပါတယ်။ ကျွဲခြံဘူတာရှိရာ ကျွဲခြံရွာကတော့ ကျိုက်ထီးရိုးသမိုင်းမှာ ဇာတ်လိုက်မင်းသမီးဖြစ်တဲ့ နန်းကြာဟဲတို့ရွာပါ။ ကျွဲခြံက သူကြီးသမီး နန်းကြာဟဲပေါ့။ အဲဒီမှာ 'လွမ်းည' ဆိုတဲ့ နာမည လှလှလေးနဲ့ရွာလည်း ရှိသေးရဲ့။

တည်းခိုအိမ်မှာ ခဏနားပြီး မိုးရွာထဲမှာပဲ ဘုန်းကြီးဆီကို အလှူပင့်ဖို့သွားကြတယ်။ ဒီဒေသက မွန်တွေရဲ့ဓလေ့မှာ ဘုန်းကြီးပင့်ဖို့ ကျောင်းကိုသွားရင် ဖယောင်းတိုင်တစ်တိုင်ကိုင်ပြီး သွားရတယ်။ ဒါလေးလှူပြီးမှ ဆရာတော်ကို ပင့်ဖိတ်ကြရတယ်။ ဒါမှလည်း ဘုန်းကြီးတွေက ဝိနည်းနဲ့အညီ ကြွလာနိုင်ကြ



www.burmeseclassic.com

www.burmeseclassic.com

တာပါ။ အဲဒါကြောင့် ရှေးရိုးရာဓလေ့တွေကို မပျက်မကွက်မပြေမငြင်လိုက်နာတတ်တဲ့ အစ်မကြီးဟာ ခြေနာနာ၊ ခါးနာနာနဲ့ပဲ အမလေးတ,ရင်း သူ့ခန္ဓာကိုယ်ကိုသယ်ယူကာ မိုးထဲလေထဲမှာ ဖယောင်းတိုင်တစ်ထုပ်နဲ့ ကျောင်းလှေကားတွေကို ကြိုးစားတက်ခဲ့ရတာပေါ့။

ညနေစောင်းတော့ ဖားအောက်တောရထွက် ဦးပဉ္စင်းလေးတစ်ပါးရဲ့ကျောင်းကို ဆွမ်းဟင်းတွေသွားလှူကြတယ်။ ပလတ်စတစ်ရေခဲဘူးတွေနဲ့ထည့်ပြီးသွားပို့ကြတာပါ။ ကျောင်းကကျောင်းသစ်ဖြစ်ပြီး ဇင်းကျိုက်တောင်အတက်လမ်းရဲ့ ညာဘက်မှာရှိပါတယ်။ တောင်ပေါ်ကကျလာတဲ့ စမ်းချောင်းလေးဘေးမှာတည်ထားတဲ့ကျောင်းပါ။ ဆောက်လုပ်ဆဲကျောင်းဆောင်တွေလည်းရှိရဲ့။ ဆရာတော်ကို စမ်းချောင်းအလယ်မှာတိုင်တစ်လုံးစိုက်ပြီးတည်ထားတဲ့ကျောင်းသခ်မ်းသေးသေးလေးမှာ သွားဖူးကြတယ်။ အလွန်အေးငြိမ်းတဲ့ ဘုန်းကြီးလေးပါ။ ဒီအရပ်မှာ တောတောင်တွေထူလွန်းတော့ တရားထိုင်လို့ကလည်းကောင်းလှပြီး၊ သူတော်စင်ရဟန္တာတွေအထွက်များလှတာပဲထင်ပါရဲ့။

ဒီကျောင်းမှာ စာသင်သား ကိုရင်လေးတွေ၊ အညိုရင့်ရင့်မှောင်မှောင်ဝတ်ဆင်ထားတဲ့သီလရှင်တွေလည်း တွေ့ရတယ်။ ဦးပဉ္စင်းနဲ့ ကိုရင်လေးတွေကစမ်းချောင်းထဲက ကျောက်တုံးကြီးတွေမှာ သင်္ကန်းတွေလျှော်ကြ၊ ရေချိုးကြနဲ့ပေါ့။ စမ်းရေဟာ မိုးတွင်းကာလမို့ ရေပေါပေါနဲ့ တဝုန်းဝုန်းစီးဆင်းနေရဲ့။ သစ်သားကျောင်းဘေး တောင်တက်လမ်းနံရံများမှာတော့ သဘာဝကျောက်တုံးလေးတွေကိုစီထားတာ ကိုရီးယား၊ ဂျပန်ရှုခင်းတွေမှာလိုပါပဲ။ စမ်းချောင်းတွေက ဖေဖော်ဝါရီလလောက်မှ ခန်းခြောက်တတ်လို့ ကိုယ့်ရဲ့အိမ်ရှင်နဲ့ အပေါင်းအဖော်တွေက ရေလှောင်ကန်တွေလည်း လှူထားကြတယ်။

ညနေစာမှာတော့ ကြာစွယ်တွေကို ငါးနဲ့ချက်ထားတဲ့ ဆီနည်းနည်းတောင်းလေးတစ်ခွက်ပါတယ်။ ဒေသဖြစ်အစားအစာမို့ အရမ်းပဲစားလို့ကောင်းတယ်။

နောက်နေ့မနက် တည်းခိုအိမ်မှာ ငါးဆီသင်္ကန်းကပ်ပြီး နို့စိမ်းခေါက်ဆွဲနဲ့သည်း တစ်နေကုန်ပဲ လမ်းသွားလမ်းလာတွေကို စတုဒိသာကျွေးရင်း ဧည့်ခံသူသိုလ်ယူပါတယ်။ ဥပုသ်နေ့မို့ ဆွမ်း



ပေါင်မြို့သို့အဝင်လမ်းမှ ထန်းရိပ်တန်းနဲ့၊ ပေါင်မြို့ဦးမှ သဘာဝကျောက်သားဆင် (၂) ကောင်





စတုဒိသာကျွေးရင်း ပျောပျောနဲ့ထိုင်နေကြတဲ့ ကိုမိုးဇော်နဲ့ မမေငယ်



www.burmeseclassic.com

www.burmeseclassic.com

ဗျပ်တွေခေါင်းထက်မှာရွက်ပြီး ဘုန်းကြီးကျောင်းကိုသွားကြတာ တွေ့ရတယ်။ ဗျပ်ထဲမှာတော့ ဆွမ်းနဲ့ ဆွမ်းဟင်းတွေ၊ လှူဖွယ်ပစ္စည်းတွေ ထည့်ထားကြရဲ့။ အမျိုးသမီးတွေသာမက အမျိုးသားတွေကပါ ကိုယ့်ခြံထဲကထွက်တဲ့ ပန်းလေးတွေကို အုန်းလက်သီတံနဲ့သီပြီး လက်မှာကိုင်ဆောင်ကာ ဘုရားကျောင်းကန်ကို သွားကြတယ်။ အမျိုးသားတွေမှာလည်း ပဝါ (တဘက်) ကို ပခုံးပေါ်တင်လို့ပါ။

မနှစ်က ဒီလိုနေ့မှာ ကိုမိုးဇော်တို့သားသမီးတွေ မိဘအိမ်မှာ ဝါဆိုသင်္ကန်းလာကပ်ပြီး' ရန်ကုန်အပြန် လမ်းမှာပဲရှိနေတုန်း မနက်ကအကောင်းကြီးရှိခဲ့တဲ့ အစ်မကြီးရဲ့ခင်ပွန်းဦးလေးမြင့်ဟာ ပေါင်အိမ်မှာပဲ ရုတ်တရက်ဆုံးပါးသွားခဲ့ပေါ့။ ခုတော့ ဖခင်ကြီးနှစ်ပတ်လည်နဲ့ သင်္ကန်းကပ်လှူပွဲကို ပေါင်းလုပ်ရပြီ။ လာမယ့်နှစ်တွေမှာလည်း ဝါဆိုတိုင်းဟာ သူတို့အတွက် အမှတ်တရနဲ့ လွမ်းစရာလေးတွေဖြစ်နေမှာပါပဲ။ ကိုယ်လည်း အာဇာနည်နေ့ပြီး နောက်တစ်ရက်မှာ အဖေမမျှော်လင့်ဘဲဆုံးခဲ့သူမို့ ဇူလိုင်လတိုင်းဟာ မျက်ရည်ဝေ့နေရသူပါ။


အလှူမှာစည့်ခံတဲ့ ပေါင်ခေါက်ဆွဲဟာ ဆန်ခေါက်ဆွဲပါ။ အချဉ်ဖောက်ထားတာမဟုတ်ပါဘူး။ ဆန်သားမို့ သိပ်မစေးတော့ မုန့်ဖတ်ကလည်း နည်းနည်းကြီးပါတယ်။ ခပ်ဝါဝါမို့ တို့ဟူးတွေကို ရှည်ရှည်လှီးထားသလိုပါပဲ။ ဒေသအစားအစာစားရတာကြိုက်တတ်တဲ့ ကိုယ်ကတော့ နှစ်သက်စွာပဲ မြိန်မြိန်ရှက်ရှက်အားပေးလိုက်ပါတယ်။ ဂေါ်ဖီဖတ်တွေနံနံပင်တွေများများလှီးထည့်ပေးထားလို့ ဟင်းသီးဟင်းရွက်ပါစားရတာမို့ ကျန်းမာရေးအတွက်လည်း ကောင်းလှရဲ့။

အချို့ပွဲမှာ ဒူးရင်းသီးလည်းပါတော့ သူတို့ ဒေသမှာရှိနေတဲ့အသီးမို့ ဘယ်သူများစားကြသလဲ စောင့်ကြည့်တော့ အားလုံးကပဲ ကြိုက်နှစ်သက်စွာ ခုံခုံမင်မင်စားနေကြရဲ့။ ဒူးရင်းသီးကြိုက်သူများအစစ်ပါပဲ။ 'ရန်ကုန်-အကြွားမော်လမြိုင်-အစား' ဆိုတဲ့ ဆိုရိုးစကားကိုတော့ ယုံလိုက်ရပါပြီ။

**ထာဝရငြိမ်းချမ်းရေးနဲ့တက်လမ်းကျောင်း**

သချိုင်းဟောင်းနေရာမှာ တည်ထားတာဆိုတဲ့ တက်လမ်းကျောင်းကို ပေါင်မုန့်တီသွားပို့ကြတယ်။ (သုမင်္ဂလ) တက်လမ်းသာသနာ့ရိပ်သာကျောင်းပါ။ ဆရာတော်ဦးဥတ္တမသာရက သက်တော် (၄၀) ဝန်းကျင် ခပ်ငယ်ငယ်ပဲရှိပါသေးတယ်။ တက်လမ်း (ပေါင်) ကလောင်အမည်နဲ့ ဘာသာရေးစာအုပ်တွေရေးသား ထုတ်ဝေခဲ့တဲ့ စာပေသမားသာသနာ့ဝန်ထမ်းတစ်ဦးပေါ့။ မဂ္ဂဇင်းတွေမှာလည်း ဆောင်းပါးတွေရေးခဲ့ပါသတဲ့။ ဆရာတော်က ကိုယ့်ကို ကျောင်းတိုက် ငါးနှစ်ပြည့်အမှတ်တရထုတ်ဝေတဲ့ သူ့လက်ရာ 'ထာဝရငြိမ်းချမ်းရေးလမ်းစဉ်ကျမ်း' စာအုပ်ကို ဓမ္မလက်ဆောင်အဖြစ်ပေးပါတယ်။ ကိုယ်က နည်းနည်းထပ်ကွန့်ပြီး ဆရာတော့်လက်မှတ်ပါထိုးပေးပါလားဘုရားလို့ တောင်းဆိုပြန်တော့ ချက်ချင်းပဲ စာအုပ်အဖုံးကိုလှန်ကာ ကောက်ရေးပေးပါတယ်။ ဒါကတော့ ဘုန်းကြီးနဲ့ ဒကာတို့ရဲ့ ဆရာ - ဒကာ ဆက်ဆံရေးမဟုတ်တဲ့ စာရေးသူအချင်းချင်းအနေနဲ့ပါ။

ဒီနေ့မနက်စာမှာတော့ ကဒတ်ဟင်းရည်ခပ်ချွဲချွဲလည်းပါရဲ့။ တစ်ချိန်သောကာလ ဆိုရှယ်လစ်ခေတ်တုန်းက ဥက္ကဋ္ဌကြီးဦးနေဝင်းကြိုက်ခဲ့တယ်လို့ကြားဖူးခဲ့တဲ့ ကဒတ်ပေါ့။ ခပ်ချွဲချွဲပါ။ တို့စရာအဖြစ်စားကြရတဲ့ မျှစ်သေးသေးမျှင်မျှင်လေးတွေက နူးညံ့ပြီးချိုလှရဲ့။ ငါးငါးပိရည်ကျိုကလည်း မမေ့နိုင်အောင်ကောင်းပါတယ်။ သစ်တိုသီးနဲ့ ဝက်သားချက်ကလည်း ကြားဖူးထားတာကြာပြီး ခုမှစားဖူးတဲ့ဟင်းပေမယ့် ကျော်လောက်အောင်ပဲ ကောင်းလှချည့်။ သစ်တိုသီးကို နှစ်ပေါက်အောင် ဆားနည်းနည်း[illegible]နဲ့





ပေါင်မြို့က ရိုးရာဟန် တလိုင်းအိမ်များ




www.burmeseclassic.com

www.burmeseclassic.com



ပေါင်-တက်လယ်းကျောင်းဆရာတော်နဲ့စာအုပ်စင်



မ်ထားနိုင်တယ်လို့သိရတယ်။လယ်သူမတွေအတွက် ဆင်းရဲသားဟင်းမှာ အဓိကပါတဲ့ သစ်တိုသီးဟာ ပေါပေါများများ ရနိုင်ပေမယ့်လည်း လူကြိုက်များနေတာပေါ့။

နေ့လယ်တော့ ကိုမိုးဇော်က အိမ်အနီးမှာပဲရှိတဲ့ မိကျောင်းပါးစပ်ရေတံခွန်ရှိရာကို လိုက်ပို့ပေးတယ်။ ဘုန်းကြီးကျောင်းဘေးမှာပါ။ တောင်ပေါ်ကကျလာတဲ့ရေတွေဟာ သဘာဝကျောက်တုံးတွေကိုဖြတ်စီးရင်း ရေတံခွန်တွေ၊ စမ်းချောင်းတွေကိုဖြစ်ပေါ်စေရဲ့။ ကျောက်တုံးကြီးတစ်ခုက မိကျောင်းလို ဟ,နေလို့ အဲဒီထဲကိုဖြတ်ပြီးရေတွေစီးသွားတယ်။ ငယ်ငယ်ကတော့ ကျောက်မိကျောင်းပါးစပ်ထဲကို ရေစီးနဲ့အတူ လျှောပြီးဝင်ခဲ့ကြဖူးပါသတဲ့။ နည်းနည်းအန္တရာယ်ရှိလို့ လူကြီးတွေက ဆူကြပါတယ်။ အဲဒီစမ်းချောင်းကရေတွေဟာ သူတို့အိမ်နောက်ဘက်အထိ စီးဆင်းနေပါတယ်။

ရေက သန့်ပြီးဖွေးနေပေမယ့် ခုတော့ ဘုန်းကြီးကျောင်းနဲ့ ရေတံခွန်ကြားမှာ ကျူးကျော်တဲတွေ ၁လေး၊ ငါးလုံးရှိပြီး ဝက်မွေးကြ၊ အိမ်သာတွေကို စမ်းချောင်းကမ်းပါးမှာဆောက်ကြနဲ့မို့ စိတ်မသတီစရာပါ။ အိမ်တွေကို နေရာပေးကာ ရှင်းပစ်ပြီး သေသေချာချာ မြေယာပြုပြင်လိုက်ရင် ရေတံခွန်၊စမ်းချောင်းနဲ့ကျောက်တုံးဥယျာဉ်တို့ဟာ လှလိုက်မယ့်ဖြစ်ခြင်းပေ့။ တရားဓမ္မလေ့လာလိုက်စားနေကြတဲ့ ရဟန်းတော်များအတွက်လည်း ဆိတ်ငြိမ်အေးချမ်းတဲ့ဝန်းကျင်တစ်ခု ဖြစ်လာမှာပါ။

အဲဒီကနေ မြို့သစ်ဘက်ကိုထွက်ခဲ့ကြတယ်။ စွန့်ပစ်ထားတဲ့ပလတ်စတစ်အိတ်တွေ ပလူပျံနေတဲ့ လမ်းဘေးတွေကလွဲလို့ မိုးများရာအရပ်မို့ ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်ဟာ စိမ်းစိုလှပနေရဲ့။ လယ်ကွင်းတွေမှာလည်း စပါးခင်းတွေနဲ့ စိမ်းမြလို့။ ကားလမ်းဘေးမှာလည်း မြောင်းကြီးတွေဖောက်ထားတာ ပဲ့ချိတ်စက်လှေလေးတွေတောင် မောင်းလို့ရတယ်။ ကားရပ်ပြီးဓာတ်ပုံရိုက်ကြတယ်။ ဇင်းကျိုက်တောင်ကြီးကို မြူခိုးပဝါတွေ ရစ်ပတ်လျက်တွေ့ရတယ်။ လှလိုက်တာ။ ကုလားမတောင်ကြီးကိုလည်း လှမ်းမြင်ရရဲ့။

ကုလားမကြီးတစ်ယောက် ပက်လက်လှန်ပြီး လဲလျောင်းနေပုံနဲ့တူတဲ့ ကုလားမတောင်။ ကုလားမကြီး ဆံပင်ဖြန့်ထားပုံနဲ့ ကုလားမကြီးရဲ့ နှာခေါင်းချွန်ချွန်ကြီးပါ ဟိုတုန်းကတော့ အထင်အရှားမြင်ရအောင် ပုံပေါ်နေခဲ့ပါသတဲ့။ ဒေသခံလူထုနှုတ်ဖျားမှာစွဲနေပြီး ပုံပန်းသဏ္ဌာန်အရလည်း ပီပီပြင်ပြင်ရှိနေတဲ့ ဒီတောင်ရဲ့အမည်ကိုကော ရွှေညာဏ်တော်စူးရောက်ပြီး ပြောင်းဖို့မကြိုးစားကြဘူးလားလို့မေးမိတော့ ကိုမိုးဇော်က ရယ်နေတယ်။

ကိုမိုးဇော်ရဲ့ မွန်တို့ဒေသ ရာမညနဲ့ သူ့ဇနီး သံတွဲသူ မေငယ်ရဲ့ ရခိုင်တို့ ဓညဝတီဟာ ရာသီဥတုချော မိုးများတာ၊ ပင်လယ်နဲ့တောင်တန်းတွေကြားမှာ တည်ရှိကြတာ၊ ဟင်းသီးဟင်းရွက်နဲ့ သားငါးပေါတာ၊ ဘာသာတရားကိုင်းရှိုင်းရှိုသေကြတာတွေမှာ အတော်တူကြရဲ့။ ကွာခြားတာကတော့ ရေမြန်-မနီပါပဲ။ ဒီမှာက ဝဝံမြေမို့မြေနီပါတယ်။

နောက်နေ့မနက်မှာတော့ ဇည့်ဝတ်ကျေလှတဲ့ အစ်မကြီးဒေါ်ခင်သန်းရီက မနေ့က အုန်းနို့ခေါက်ဆွဲဆန်ဆန်နို့စိမ်းခေါက်ဆွဲစားခဲ့ပြီးပြီမို့ ပေါင်မုန့်တီကျွေးပါတယ်။ ပေါင်မုန့်တီမှာ ငှက်ပျောမြစ်ဆုံကိုသုံးပြီး ရန်ကုန်မှာလို ငှက်ပျောအူအဖတ်တွေမသုံးလို့ ဟင်းရည်ကမပြောပါဘူး။ ပေါင်အသုပ်ကလည်း နာမည်ကြီးလို့ ညနေမှာ သွားဝယ်ပြီး ကျွေးပြန်သေးရဲ့။

ပေါင်ကနေ မိုင် (၂၀) ကျော်လေးပဲဝေးတဲ့ မော်လမြိုင်ကိုလည်းလိုက်ပို့ကြပါတယ်။ သံလွင်တံတားဖြတ်တာနဲ့ ခဏတွင်းမှာ ရောက်သွားတာပါ။ ရောက်ရောက်ချင်း ကျိုက်သာလန်ဘုရားကို ဓာတ်လှေကားနဲ့တက်ပြီး ဖူးမြော်ခဲ့ကြတယ်။ ဘုရားပေါ်ကနေ မော်လမြိုင်အကျဉ်းထောင်ကြီးကိုလှမ်းပြီး စီးမြင်ရတာ ထူးဆန်းတဲ့မြင်ကွင်းပါ။

ဘုရားပေါ်က အာရုံခံဇရပ်တစ်ဆောင်ရဲ့အင်မှာ ပန်းချီဆရာကြီးဦးစောမောင် (မောင်စောမောင်-မန္တလေး) ရဲ့ ပန်းချီကားကြီးကို မြင်ခဲ့ရတယ်။

www.burmeseclassic.com

ဒီပန်းချီကားကြီးကို နိုင်ငံတော်က ထိန်းသိမ်းထားသင့်တယ်ထင်ရဲ့။ အဲဒီမှာ ခေတ်ပြိုင်ဝတ်စားဆင်ယင်မှုတွေ၊ ဆံပင်ထုံးဖွဲ့မှုတွေကိုမြင်ရတော့ ဆရာတော် 'ရွှေကိုင်းသား' ကို သတိရမိရဲ့။

အဲဒီဇရပ်ရှေ့ ဘုရားခြေရင်းမှာ စာတွေပါတဲ့ခေါင်းလောင်းတစ်ခုကိုတွေ့ရတယ်။ 'သက္ကရာဇ် ၁၂၀၈ ခု၊ မဟာသပ္ပာမင်း လှူဒါန်းသည့် ဇေဇရေယျာ ခေါင်းလောင်းတော်' လို့လည်း ခေါင်းလောင်းစင်မှာ အညွှန်းစာရေးထိုးထားပါတယ်။


အဲဒီကအပြန်မှာ သထုံ နှီးဘုရားကြီးကို မိုးသည်းသည်းထဲမှာဝင်ဖူးကြသေးတယ်။ နှီးဘုရားကြီးဟာ ရက်လုပ်ပြီးစအသစ်၊ စံမြန်းရာကျောင်းဆောင်တော်ကလည်းအသစ်ပါ။ ဆင်းတုတော်ကြီးဟာ ဓမ္မစက္ကမုဒြာဟန်နဲ့ အချိုးကျလှပတင့်တယ်ပြီး လက်ရာမြောက်လှသလို ကျောင်းတော်ရဲ့ဗိသုကာကလည်း ဆင်းတုတော်ပုံသဏ္ဌာန်နဲ့ အံဝင်ခွင်ကျရှိလှတဲ့ ခေတ်မီတည်ဆောက်မှုပါ။ စံကျောင်းတော်နေရာကလည်း အလွန်အကွက်အကွင်းကျလှရဲ့။

နေမိန္ဒရတောင် လေးကျွန်းရန်အောင်စေတီ၊ရွှေစာရံဘုရား၊မာတ်တော်တိုက် (ဒုတိယမဟာစေတီ) ဘုရားတွေကိုလည်း မိုးထဲလေထဲမှာပဲ ဆက်လက်ဖူးပြီးမှ ပြန်ခဲ့ကြပါတယ်။ မုဒြာပုံမျိုးစုံရှိတဲ့ ပေါ်တော်မူဘုရားကိုလည်း အပြန်လမ်းမှာ ဝင်ရောက်ဖူးမြော်ခဲ့ကြပါတယ်။

**အပြန်အပြန် အပြန်လားဟေ့**

၁၃-၇-၁၄ (တနင်္ဂနွေနေ့) အပေါင်အိမ်ရဲ့ လွမ်းစရာမနက်စာထမင်းဝိုင်းမှာတော့ ကြွက်သားမျှင်တွေနဲ့တူတဲ့ ငအူမြှင်းခြောက်မီးဖုတ်ပြီး ဆီဆမ်းထားတာလည်းပါရဲ့။ ငအူမြှင်းကို မီးဖုတ်လိုက်တော့ အမဲသားခြောက်နဲ့ အတော်တူတာပဲ။

ဒီနေ့ အချိန်တန် အိမ်ပြန်ရမှာမို့ ဟိုနားဒီနားလမ်းထွက်လျှောက်သွားရင်း ပေါင်က ဘုရားတွေကို တစ်ယောက်တည်းပဲ မပြန်ခင် အချိန်ရသလောက်မှာ အနီးအပါးက ဘုရားစေတီတွေကို ဖူးရပါတယ်။ လမ်းမှာရှားရှားပါးပါးဖြစ်လာနေတဲ့တလိုင်းအိမ်လေးတွေမြင်ရပါသေးတယ်။ သစ်သားထည်သက်သက်မို့ ကွမ်းသီးပင်တွေကြားမှာ ရိုးရာမပျက်လှနေရဲ့။ တစ်အိမ်ကတော့ ပေါင်က အိမ်တိုင်းရဲ့ခေါင်းရင်းခန်းမှာ အပြင်ထုတ်ပြီး



ပေါင်မြို့ရဲ့မနက်ခင်းက ဆွမ်းလောင်းခလေ့





ပေါင်မြို့ပြင်က လယ်ကွင်းများနဲ့ချောင်းကလေး



www.burmeseclassic.com

www.burmeseclassic.com





ပေါင်-နတ်စင်ကျောင်းနဲ့ သုသာနကရေတဲ့ခွန်



လွမ်းစရာ ပေါင်ဘူတာကလေး

တပ်ဆင်ထားတာမြင်ရလေ့ရှိတဲ့ ဘုရားကျောင်းဆောင်လေးတွေလုပ်ရောင်းတဲ့ အိမ်ပါ။ ထောင့်ငါးထောင့်ချိုးပြီး ပန်းကွက်ဖော် မှန်ရောင်စုံလေးတွေတပ်ဆင်ထားတဲ့ ဘုရားဆောင်လေးတွေပါ။ ဒီရပ်ဒီရွာရဲ့အစဉ်အလာအရ သုံးလာပုံရတဲ့ ကျောင်းဆောင်လေးတွေပေါ့။ အိမ်တိုင်းလိုလိုရဲ့ရှေ့မှာ လှူစရာပစ္စည်းတွေ၊ ဆွမ်းတွေအသင့်ပြင်ပြီး ဆွမ်းခံကြွလာမယ့် ရဟန်းသံဃာတွေကိုလှူဖို့ အသင့်စောင့်နေကြတဲ့ လူကြီး၊ လူငယ်၊ ကျား-မမရွေး အရွယ်စုံကိုလည်း မြင်နေရတယ်။

ပထမဆုံး ပေါင်မြို့ ကဒါရပ်ကွက်က ကမ္ဘာအေးစေတီတော်ကို ဝင်ဖူးပါတယ်။ ပေါင်ကို အဝင်ကတည်းက မြို့လမ်းအကွေ့လေးနားမှာ ဖူးမြင်ခဲ့တဲ့ ဘုရားပါ။ ဘုရားအတက်ကတန်ဆောင်းထဲမှာတော့ မြို့ခံဘုရားလူကြီးတွေ လက်ဖက်ရည်ကြမ်းဝိုင်းနဲ့ ဆွေးနွေးတိုင်ပင်နေကြရဲ့။ မွန်လိုပြောနေသံတွေကို ကြားလိုက်ရတယ်။

စေတီတော်ရဲ့ပတ်လည်မှာ မှန်စီရွှေချမုခ်ကပ် (Nitch) တွေနဲ့ ဆင်းတုတော်မျိုးစုံကို ထည့်သွင်း ပူဇော်ထားပါတယ်။ ဆင်းတုတော်တစ်ဆူမှာတော့ ညာဘက်လက်တော်ကို ရင်အုံတော်ရှေ့မှာထားပြီး လက်ညှိုးနဲ့ လက်ခလယ်တော်တွေကို ပူးထောင်ပြထားရဲ့။ ဘာမုဒြာပါလိမ့်။ အညွှန်းစာများရှိမလားလို့ ရှာပေမယ့်လည်း မတွေ့ရတော့ ပဟေဠိဖြစ်ခဲ့ပေါ့။ နောက်တစ်ဆူမှာလည်း လက်တော်နှစ်ခုလုံးကို ရင်ဘတ်တော်ရှေ့မှာ ဖြန့်ကားထားကာ ညာလက်ညှိုးကို ဘယ်လက်လက်မနဲ့လက်ညှိုးကညှပ်ပြီး ကိုင်ထားပုံပါ။ ထူးဆန်းလှချည့်။ မုဒြာပညာရှင် ဆရာကြီးစဝ်ထွန်းမှတ်ဝင်းကို သေရာကနိုးပြီး မေးလိုက်ချင်မိပါတော့တယ်။

တစ်နေရာမှာတော့ ဘုရားသမိုင်းကို ယနေ့ခေတ်စာလုံးများနဲ့ ရေးသားဖော်ပြပြီး မှန်ပေါင်သွင်းထားတာတွေ့ရပါတယ်။ အလားတူပဲ မူရင်းကမ္ပည်းစာကိုလည်း ကြေးပြားပေါ်မှာ ထွင်းထုပြီး ကပ်ထားရဲ့။ အဲဒါကတော့-

**ပေါင်မြို့ ကဒါရပ်ကွက်၊**
**ကမ္ဘာအေးစေတီတော်သမိုင်းမှတ်တမ်း**

*ဘိုးတော်အဋ္ဌနမင်းကြီး၊ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဘုရားရှင်သည် ရမ္မာပူရတိုင်းသို့၊ ဒေသစာရီကြွမြန်းတော်မူလာခဲ့ရာ၊*



www.burmeseclassic.com

www.burmeseclassic.com


မုတ္တမ၊ ကျောက်လှည်းဘီးတောင် နီဂုံးရွာအနီးတွင် နေထိုင်ကြသော သုကျနှင့် ဝါရအမည်ရှိ ရသေ့ညီနောင်တို့အား ဆံတော်တစ်ဆူစီ ပေးသနားတော်မူခဲ့လေသည်။ ထိုရသေ့ညီနောင်တို့သည် ယင်းဆံတော်နှစ်ဆူကို ပူးပေါင်းပြီးလျှင် ဆံတော်ရှင်စေတီတစ်ဆူ တည်ထားကိုးကွယ်ခဲ့လေသည်။ ယင်းစေတီကား သပ္ပုရိသအနွယ်ဝင် ဗုဒ္ဓဘာသာဝင်များ ယနေ့ ဖူးမြော်နေရသော ပေါင်မြို့ ကျိုက်ပေါင်းဆံတော်ရှင်စေတီတော်မြတ်ပင် ဖြစ်ပေတော့သည်။

ထိုရသေ့နှစ်ပါးအား ဆံတော်ချီးမြှင့်ပေးရာ နေရာကုန်းတော်၌လည်း စေတီတော်တစ်ဆူ တည်ထား ကိုးကွယ်ခဲ့လေသည်။ ယင်းစေတီတော်သည် ကာလရှည်ကြာ၍ ပျက်စီးယိုယွင်းလာခဲ့ရာ၊ ကောဇာသက္ကရာဇ် ၁၃၁၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့တွင်၊ ချူနွယ်ပိတ်ပေါင်းတောများစတင်ရှင်းလင်းပြီး ပြာသိုလဆုတ် ၁၄ ရက်ခံနေ့တွင် အသစ်တစ်ဖန် ပြန်လည်တည်ထားခဲ့သည်။ ၁၃၁၅ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ပြီးမြောက်အောင်မြင် ထီးတော်တင်လှူနိုင်ခဲ့ပေသည်။ ယင်းစေတီတော်မြတ်ကား ယနေ့ အသင်ကိုယ်တိုင် ဖူးမြင်ကြည်ညိုနေရသော ကမ္ဘာအေးစေတီတော်မြတ် (ကျော်စေတီ ဗဝိုဟ် ဝုးကဝ်) ပင် ဖြစ်ပေတော့သည် -

လို့ ဖြစ်ပါတယ်။

မုခ်ကပ်တစ်ခုမှာတော့ အလွန်အဖိုးတန်တဲ့ ရှေးလက်ရာလို့ခန့်မှန်းနိုင်တဲ့ ကျောက်ချပ်ကြီးတစ်ချပ်မှာ ထွင်းထုထားတဲ့ ဗုဒ္ဓဆင်းတုတော်များကို တွေ့လိုက်ရပါတယ်။ ထွင်းထုပုံက ကျောက်ဆစ်ပန်းပုရုပ်လုံးမဟုတ်ဘဲ တစ်ဖက်ဖောင်းရုပ်ကြွ (Relief) အဖြစ် ထုလုပ်ထားခြင်းပါ။ အလယ်မှာ ပင်မဆင်းတုတော်ကြီးကို ဘူမိဖဿမုဒြာဟန်နဲ့ထုလုပ်ထားပြီ ဘေးနဲ့နောက်မှာ ပိုမိုသေးငယ်တဲ့ အရံဆင်းတုတော်လေးဆူ တစ်ပါတည်း ထုလုပ်ထားတာပါ။ ကျောက်တုံးပြားကြီးရဲ့အောက်မှာလည်း မွန်ဘာသာနဲ့စာတွေပါပါသေးတယ်။ စာတွေကိုဖတ်တတ်ရင်ဖြင့် ဒါမှမဟုတ် ဖတ်တတ်သူက ဘာသာပြန်ပေးထားရင်ဖြင့် အတော်အဆင်ပြေမှာပါ။ ဆင်းတုတော်တွေရဲ့ မျက်နှာတော်မှာ နဖူးသင်းကျစ်တော် ဥဏ္ဏာလုံမွေးရှင်တော်တွေပါပြီး သက်န်းတော်ကလည်း အတွန့်အရေးတွေနဲ့မို့ လက်ရာက သိပ်ကြီးလည်းခေတ်နောက်ကျဟန်မရှိပါဘူး။





ဘုရားကြီးကျောင်းတိုက်နဲ့ ကြေးမောင်းကြီး

နောက်မုခ်ကပ်တွေမှာတော့ မွန်ပြည်နယ်မှာ အတွေ့ရဆုံးဖြစ်တဲ့ ခြေတော်ချထိုင်ဟန်(ပါလိလေယျအာသန)နဲ့ ဆင်းတုတော်တစ်ဆူနဲ့ တာဝတိံသာမှ ဆင်းကြွလာဟန် သင်္ကန်းတော်ဆွဲထားတဲ့ စီဝရဟတ္ထ (Sivara Hasta) မုဒြာနဲ့ ဆင်းတုတော်တစ်ဆူတို့လည်း တွေ့ရပါတယ်။

ကမ္ဘာအေးစေတီတော်ကုန်းတော်မှ ပြန်ဆင်းလာခဲ့ပြီးနောက်မှာတော့ ဘုရားပေါ်က မွန်ဦးလေးကြီးတွေ လမ်းညွှန်လိုက်တဲ့အတိုင်း ကျိုက်ပေါင်စေတီတော်ဆီကိုလမ်းလျှောက်ပြီး ဆက်လက်ချီတက်ခဲ့ပါတယ်။ လမ်းဘေးကပ်လျက် ကုန်းမြင့်လေးရဲ့ နေရာကျဉ်းကျဉ်းလေးထဲမှာတည်ထားတာပေမယ့် ပြုပြင်မွမ်းမံမှုတွေအမြဲရှိနေပုံရလို့ သပ်ရပ်ခံ့ညားနေတယ်။ စေတီတစ်ဆူလုံးကို ပတ်ပတ်လည်မှာ မှန်ချပ်ကြီးတွေကာထားတော့ ဖန်ပေါင်းချောင်ထဲထည့်ထားသလိုပါပဲ။

တစ်နေရာမှာ ကမ္ပည်းကျောက်



www.burmeseclassic.com

www.burmeseclassic.com

ရှိလို့ ဘုရားသမိုင်းကို လွယ်လင့်တကူ ခဲ့ရပါတယ်။ ဩော် - ကျောက်စာတွေ တန်ဖိုးဟာ ကြီးမားလှပါရဲ့။

## ပေါင်မြို့ ကျိုက်ပေါင်းဆံတော်ရှင် စေတီတော်မြတ်ကြီး သမိုင်းအကျဉ်းချုပ်

နရုတ္တမ အနုတ္တရ သကျမာရဇိန် တ်မုနိန်ဟု၊ သီရိန္ဒဇ ဂုဏ်ကိုးဝနှင့်၊ လောကထွဋ်တင်သုံးလူရှင်သည်၊ ဗောဓိ င်နှင့်ရွှေပလ္လင်ကို အောင်မြင်ပြီးနောက်၊ ဝါမြောက်တွင် မှတ်လောက်သညာ၊ ကောဇာကား တစ်ရာတစ်ဆယ်၊ စ်ခုဆွယ်ကာ လဝယ်တပို့တွဲ၊ ပေါက် င်လဲတို့ ယှဉ်တွဲဆယ့်ငါး၊ အပြည့်ထား က်၊ ဘုရားဘဂဝါ စောသတ္တာသည်၊ ာန္တာများအရံထား၍၊ ကြွသွားဒေသ ဤနေရာဝယ်၊ ရမ္မာပူရ မုတ္တမဟု၊ သေလပဗ္ဗတံ နိဂါမံ၌၊ စံမြန်းပူဇော်၊ လှုတော်ကို ခံတော်မူရွှေ့၊ တောရပ် သည့် ရသေ့ တာပသ သုက္ကယနှင့်၊ မည့်ခေါ် ထေရ်ရှင်ကျော်တို့၊ ခြေ ဦးတိုက် ကော်ရော်ခိုက်တွင်၊ ရင် ဖြစ်ပွား ပုတ္တာသားသို့၊ မခြားတူစွာ တ်ဗုဒ္ဓါ၏၊ ကေသာနှစ်ဆူ သနားတော် ကြည်ဖြူသဒ္ဓါ စေတနာဖြင့်၊ သိင်္ဂါ ကျတ် ထည့်ခါထုပ်ပြီး၊ ဗုဒ္ဓစေတီ ပေါင်းတည်၍၊ အမည်နာမခေါ်တွင် ၏ ကာလံကြာသော်၊ စေတီတော်၏၊ ဝါသမုတ်၊ စစ်တမ်းလုပ်၍၊ အဟုတ် ဖွင့်ထုပ်ပြန်သော်၊ ခေါ် ရန် ပေါင် တီ' သမိုင်းချီပြီး၊ တလီကောဇာ က်သည်မှာကား သုံးရာခြောက် က် ဒုကြိမ်မြောက်၌ အံ့လောက် ယ်ရာ၊ ပြင်ဆင်ပါလည်း၊ ကာလရှည် ယိုယွင်းသွားခဲ့၊ ထင်ရှားခုနှစ်၊ ရာဇ်ကား၊ တစ်ထောင်ထား၍၊ သားနှစ်ရာ၊ ရှစ်ဆယ်ပါထုပ်၊ ခုနှစ် ပြီး၊ လဆုတ်တပေါင်း၊ ရှစ်ရက် င်း၌၊ ထပ်လောင်းတတိယ၊ နဂရ မြို့လယ်ကောင်တွင်၊ အတောင် မား၊ စုပေါင်းအားဖြင့်၊ တည်ထား စေတီမှာလည်း၊ မုကြာမတင်၊ မြေ င်ဒဏ်၊ ပြိုကျပြန်သော်၊ ရပ်ရွာပေါ် သုတော်အများ၊ ဖွဲ့စည်းထားသည့်၊ ရားလူကြီး၊ အသီးသီး၏၊ စုစည်းကျိုး ၊ တစ်ထောင်သုံးရာ၊ သုံးဆယ်ပါ ရှစ်ပါဆင့်က၊ ချင့်တွက်ကြလေ၊ ကိုခြေ၍၊ ခါနွေတပေါင်း၊ အချိန် င်းတွင်၊ ရွက်ဟောင်းကြွေကျ၊ ရွက် စလျှင်၊ ပန္နရသ၊ ရက်ကစ၍၊ ဗုဒ္ဓ ပူဇော်၊ အကျိုးမျှော်သည်၊ တူပျော်နိဗ္ဗာန် ဝင်စံသော်။

ကျိုက်ပေါင်စေတီပတ်လည်က တန်ဆောင်းတွေမှာလည်း ဗုဒ္ဓဘာသာ သာသနိကအဆောက်အအုံတိုင်းမှာထား ရှိတတ်တဲ့ နိပါတ်တော်လာ ပန်းချီကား ချပ်တွေ၊ အနေအထားမျိုးစုံနဲ့ ဆင်းတု တော်တွေကို တွေ့ရပါတယ်။ မြို့ကြီးပြ ကြီးတွေမှာမတွေ့နိုင်တော့တဲ့ ထူးခြားတဲ့ မြင်ကွင်းကတော့ ကျိုက်ပေါင်ဘုရားကို စောစောစီးစီး လာရောက်ဖူးမြော်ကြတဲ့ အမျိုးသားကြီးတွေရဲ့ဟန်ပန်ပါပဲ။ လူ တိုင်းလောက်ဟာ ပခုံးပေါ်မှာ တဘက် အကွက်လေးတွေတင်ပြီး လက်ထဲမှာ လည်း ခြံထွက်ပန်းလေးတွေကို အုန်း လက်သီတ်လေးတွေမှာ သီထားတဲ့ ပန်း ခိုင်လေးတွေ ကိုင်လာတတ်ကြတာပါ။ အဲဒါမျိုးကို သီရိလင်္ကာဘုရားတွေမှာ အများကြီးတွေ့ရပါတယ်။ အဲ - တစ်ခု ပဲကွာတာက သူတို့ဆီမှာတော့ လူတိုင်း ဟာ အပေါ်ဖြူ-အောက်ဖြူအဝတ်အ စားတွေနဲ့ပါ။ ဒီမှာတော့ ဉပါသကာတွေ လောက်ပဲဝတ်ကြပါတယ်။

## ဘုရားကြီးကျောင်းက မောင်းကြီး

ကျိုက်ပေါင်ဘုရားကနေ တည်းခို ရာအိမ်ကို လမ်းလျှောက်ပြန်ခဲ့တယ်။ အိမ်ရောက်တာနဲ့ တာဝန်အလွန်ကျေ ပွန်တဲ့ အစ်မကြီး ဒေါ်ခင်သန်းရီက -

"ဘုရားကြီးကျောင်းတိုက်ထဲမှာ မောင်းကြီးတစ်လုံးရှိတယ်။ ရောက်ခဲ့ လား"

လို့ လှမ်းမေးပြီး ကိုယ်ကမသိလို့ မကြည့်ခဲ့ရသေးဘူးဆိုတာနဲ့ အိမ်နဲ့သိပ် မဝေးလှပေမယ့် ပြန်စရာကိစ္စကလည်း ရှိသေးတော့ မြန်မြန်ရောက်အောင် ကားနဲ့ပဲ လိုက်ပို့ပါတယ်။

ကျောင်းမုခ်ဦးအဝင်မှာပဲ ကြေး မောင်းကြီးကို ဇရပ်ဆောင်လေးထဲမှာ တွေ့လိုက်ရတယ်။ အချင်း (၁၀) ပေ လောက်ရှိမယ်ထင်ရဲ့။ တီးလို့ရတယ်လို့ သိရပါတယ်။ ကျောင်းဝင်းထဲမှာ ရွက်လှ တွေ အမျိုးတော်တော်စုံအောင်စိုက် ထားလို့ လှည့်လည်ကြည့်ကြသေးတယ်။ မနက်စာစားပြီးတာနဲ့ အစ်မကြီးကို သူ့ သားသမီးတွေနဲ့အတူ ဝိုင်းကန်တော့ပြီး ရန်ကုန်ပြန်ခဲ့ကြပါတယ်။ သူတို့မိသားစု ဓလေ့က အတော်အတုယူဖို့ကောင်းရဲ့။ အစ်မကြီးကိုကန်တော့ပြီးတာနဲ့ အသက် အရွယ်အစဉ်လိုက် တစ်လှည့်စီကန်တော့ ကြတာပါ။ နောက်ဆုံးမှာတော့ အငယ်ဆုံးဖြစ်တဲ့ သူ့မြေးကိုဖိုးသားတစ်ယောက် ပဲ ဘယ်သူ့မှကန်တော့စရာမကျန်တော့ လို့ အဆုံးသတ်လိုက်ကြပါတယ်။

ကျိုက်ထိုကိုကျော်ခဲ့တော့ လမ်း ဘေးဝဲ၊ ယာမှာ ဒန့်ကျွဲပင်တွေ စိမ်းမြနေ အောင်ပေါက်နေလို့ မိုးကျလက်ဖက်သုပ် သုပ်စားရရင်ကောင်းမှာလို့ ကိုယ်က အစဖော်လိုက်တယ်။ ဖိုးသားက မိုးကျ လက်ဖက်သုပ်ဆိုတာ မကြားဘူးတော့ မျက်လုံးကလယ်ကလယ်ဖြစ်နေလို့ သူ့ အမေ မေငယ်က ရှင်းပြအပြီးမှာ သူ့ အဖေ ကိုမိုးဇော်က ကိုယ်တိုင်ဆင်းခူး ကွာလို့ သူ့သားကို လက်တွေ့သင်ခန်း စာပေးလိုက်တော့ ကိုယ်တို့ပါ ဆင်းခူး ကြတယ်။ လူသူဝေးရာမို့ သန့်လည်းသန့်၊ သန့်လည်းသန့်တဲ့ ဒန့်ကျွဲပင်တွေပါ။ ကိုမိုးဇော်က ဒန့်ကျွဲပင် ပုခက်လွဲတယ် ဆိုတဲ့စကားကိုပါ အစဖော်ရင်း သူတို့ ဇနီးမောင်နှံနှစ်ဦး ဖူးစာဆုံခဲ့ရာ သူတို့ရဲ့ စက်မှုတက္ကသိုလ်ကျောင်းသားဘဝက မိုးကျလက်ဖက်သုပ်ဆိုင်လေးအကြောင်း ကိုပါ အမှတ်ရစွာပြောလာရဲ့။

ကိုယ်ကတော့ တရိပ်ရိပ်ပြေးလာ တဲ့ကားပေါ်မှာ ငြိမ်လိုက်ပါလာရင်း မွန် တို့ဌာနီ ရာမညခရိုင်ကို ပြန်လည်သုံးသပ် ကြည့်နေမိတယ်။ ဩော် - မွန်တို့ရဲ့ဗုဒ္ဓ ဘာသာသမိုင်းကြောင်းဟာ သီရိလင်္ကာ နဲ့အတော်ဆက်နွယ်နေပါလား။ မနှစ်က ဇင်းကျိုက်တောင်ပေါ်ကိုရောက်တော့ မုတ္တမပင်လယ်ကွေ့ကို စီးမြင်ခဲ့ရတယ်။ အခု လယ်ကွင်းတွေ၊ သစ်ပင်တွေရှိတဲ့ နေရာတွေဟာ ဗုဒ္ဓသာသနာအစဦးပိုင်း မှာတော့ ရေပြင်တွေဖြစ်မှာပေါ့။ သီဟိုဠ် ကနေ ဖောင်တွေ၊ သင်္ဘောတွေနဲ့ ရဟန်း တော်တွေ ကြွရောက်လာကြ၊ ဒီကနေ မွန်ရဟန်းတော်တွေ သိမ်ဝင်ဖို့သွားကြနဲ့ ရှိခဲ့ကြလိမ့်မယ်။ မွန်သာသနာအတွက် သီဟိုဠ်က ပံ့ပိုးခဲ့သလို သီဟိုဠ်မှာ သာသနာညှိုးမှိန်ရင်လည်း မွန်ရဟန်း တွေက ကူညီကြရပြန်တဲ့သာဓကတွေ လည်းရှိခဲ့ရဲ့။ ဘာပဲဖြစ်ဖြစ် မွန်တိုင်းရင်း သားတွေမှာ သီဟိုဠ်က ဗုဒ္ဓဘာသာဝင် တွေနဲ့ တူညီတဲ့ဓလေ့ထုံးတမ်းတွေစွဲထင် နေတာတော့ မျက်မြင်ပါပဲ။ မွန်သာသ နာဟာ သီဟိုဠ်သာသနာတော်ကနေ ဝတ်မှုန်ကူးယူထားတာကတော့ သေချာ လှရဲ့။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

www.burmeseclassic.com

# မကွေးဝင်းမြင့်
# ပတိရူပ ဒေသဝါသော စ



**၊ ကျောင်းတိုက်ကြီးအနီး**

အကျွန်ုပ်သည် ငါးနှစ်သားကလေးဘဝမှ ယခုအသက်(၇၀)ကျော် (၈၀) နီးပါး ရောက်ရှိနေသည်အထိ မကွေးမြို့ ဈေးရပ် မဲထီးလမ်း အိမ်နံပါတ် (၆) မှာ နေထိုင်ခဲ့ပါသည်။

တစ်နည်းပြောရလျှင် အကျွန်ုပ်သည် မဟာဓမ္မိကာရာမစာသင်တိုက်ကြီးအနီး နေထိုင်ကြီးပြင်းခဲ့ပါသည်။

ထို့အပြင် ပုညဝတီကျောင်းတိုက်၊ စိန်ပန်းဇဝနကျောင်းတိုက်၊ ကျွန်းတောကျောင်းတိုက်၊ မဟာဝိသုတာရာမစာသင်တိုက်၊ လေးထပ်ကျောင်းတိုက်၊ ဂုဏ်တောကျောင်းတိုက်၊ မဟာစေတီလှကျောင်းတိုက်၊ မဲထီးကျောင်းတိုက်၊ ပေရွာလက်ာရ ကျောင်းတိုက်ကြီးများနှင့်မနီးမဝေးနေထိုင်ရသည့်အပြင် နေ့စဉ်သံဃဒါနဆွမ်းလောင်းအသင်းကြီးနှင့်လည်း နီးကပ်စွာနေရခြင်း၊ ရဟန်းသံဃာတော်အရှင်မြတ်များ ဆွမ်းခံဝင်၊ ဆွမ်းခံပြန် နေ့စဉ်ဖူးမြင် လှူဒါန်းနေရခြင်းတို့ကြောင့် အကျွန်ုပ်၏ဘဝကုသိုလ်ထူးလေစွဟု မကြာခဏ စိတ်ကြီးဝင်မိပါသည်။

ထိုထိုသော ကျောင်းတိုက်ကြီးများ၌ သီတင်းသုံး နေထိုင်တော်မူကြသော ကိုရင်၊ ရဟန်း သံဃာတော်အရှင်မြတ်များသည် တစ်နှစ်ပြီး တစ်နှစ်၊ တစ်ဝါပြီးတစ်ဝါဆိုသလို နှစ်လအလီလီပြောင်းလာသောအခါ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မာစရိယ၊ စာချဆရာတော်ကြီးများဖြစ်သူကဖြစ်၊ တောင်တန်းသာသနာပြုဖြစ်သူကဖြစ်၊ နိုင်ငံတော်သံဃဗဟိုဝန်ဆောင်ဆရာတော်ကြီးများဖြစ်သူက ဖြစ်တော်မူကြကုန်သော မထေရ်မြတ်တို့အား ငယ်ဘဝမှယနေ့အထိဖူးမြင်ရ၍ ဝမ်းမြောက်ပီတိဖြစ်ပါ၏။

**၊ ဘဝဆိုသော ထိုခရီး**

"ဒကာကြီး၊ ဒကာကြီးလည်း အသက်ကြီးပြီ၊ ဘုန်းကြီးလည်း အသက်ကြီးပြီ၊ သေခါနီးပြီဆိုပါတော့။ အဲဒီတော့ ဒကာကြီးအနေနဲ့ ဘဝအတွေ့အကြုံရေးခဲ့ပါ။ ပညာကို သေရွာယူမသွားပါနဲ့ ဒကာကြီး"

"မှန်လှပါ၊ တပည့်တော်ရေးခဲ့ပါမယ်ဘုရား"

အကျွန်ုပ်၏ဘဝအတွေ့အကြုံများကို မိမိမသေမီ ရေးသား ပြုစုသွားရန် တိုက်တွန်းနေသော ပုဂ္ဂိုလ်သည် တောင်တွင်းကြီးမြို့ အရှေ့ဘက် (၉) မိုင်အကွာရှိ သဲဖြူကျောင်းဆရာတော် ဦးဓမ္မာနန္ဒဖြစ်ပါသည်။

ဆရာတော် ဦးဓမ္မာနန္ဒသည် အကျွန်ုပ်၏နေအိမ်နှင့် မလှမ်းမကမ်းရှိ မဟာဓမ္မိကာရာမစာသင်တိုက်ကြီးတွင် ဦးပဥ္စင်းကလေးဘဝမှ ယခုသက်တော် (၇၀) ကျော်အရွယ်အထိ သီတင်းသုံးနေထိုင်တော်မူပါသည်။ ယခု သဲဖြူရွာကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးသည်မှာ ဘာမှမကြာသေး။

ဆရာတော် ဦးဓမ္မာနန္ဒသည် ကျွန်ုပ်၏ ငယ်ဘဝ ရှန်းကန်လှုပ်ရှားရပုံများကို ဆွမ်းခံရင်းမြင်တော်မူ၏။ ဆရာ၊ ဒကာ နှစ်ပေါင်းများစွာ စကြောင်းပေကြောင်းပြောရင်း ရင်းနှီးကျွမ်းဝင်စွာနေခဲ့ရသောကြောင့် အကျွန်ုပ်အပေါ်တွင် သံယောဇဉ်ကြီးမားတော်မူလှပါ၏။

"ဒကာကြီးရဲ့ကိုယ်ရေးအတ္ထုပ္ပတ္တိလည်း ကျန်ရစ်မယ်၊ ဆေးပညာအတွေ့အကြုံတွေလည်း ကျန်ရစ်ခဲ့မှာဆိုတော့ စာဖတ်သူ အကျိုးရှိမှာပါ။ ဒါကြောင့် ဒကာကြီးရေးဖြစ်အောင်ရေးပါ"

"ဆရာတော် အမိန့်ရှိတဲ့အတိုင်း တပည့်တော် အတ္ထုပ္ပတ္တိရေးဖြစ်အောင် ရေးပါမယ်ဘုရား။ တပည့်တော်ရဲ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းကြည့်လိုက်တော့ လောကဓံရဲ့အထုအထောင်း၊ ဇရာရဲ့ ထိုးနှက်ချက်တွေခံနေရပါပြီဘုရား။ နားလည်းမကောင်းတော့ပါဘူး။ တစ်နည်းပြောရရင် အိုနာပေါ့ ဘုရား"

"မှန်ပေတယ် ဒကာကြီး၊ ဇရာကိုတော့ ဘယ်သူမှအန်တုလို့မရပါဘူး။ ဘုန်းကြီးပြောချင်တာက ဒကာကြီးဟာ ရတနာမြတ်သုံးပါးကို မမေ့မလျော့ ယုံကြည်ဆည်းကပ်နေသူ ဖြစ်တယ်။ ကံငါးပါးကို လုံခြုံအောင် စောင့်ထိန်းသူဖြစ်တယ်။ နေ့စဉ် ဝတ်မပျက် ပဌာန်းရွတ်တယ်။ ဒါကြောင့် ဒကာကြီးအသက်ရှည်မှာပါ။ ဒကာကြီးရဲ့ဘဝခရီးလမ်းတစ်လျှောက် လူ့ကျင့်ဝတ်သိက္ခာ... မကျိုးပေါက်အောင် ကြုံလာတဲ့ စား... နေရေးအခက်အခဲတွေကို အပြုံးမပျက်... သည်းခံပြီး ဖြေရှင်းတတ်တာ ဘုန်းကြီး... သဘောအကျဆုံးပဲ။ အဓိကပြော... တာကတော့ ဆေးပညာရဲ့ သိမ်မွေ့နက်... နဲမှုတွေ မခြွင်းမချန်ရေးခဲ့ပါ ဒကာကြီး"

အကျွန်ုပ်သည် ဆရာတော်အမိန့်ရှိသည့်အတိုင်းပင် **ကျွန်တော်နှင့်ဆေးလောက၊ ဆေးလောကနှင့် ကျွန်တော်** အမည်ရှိသော စာအုပ်ကလေး ရေးသား... ထုတ်ဝေနိုင်ပါသည်။ ထို့ကြောင့် ထို... သင့်သလောက် အကျိုးကျေးဇူးခံစားရ... သည်။

အကျွန်ုပ်သည် စာသင်တိုက်ကြီးများရှိရာအရပ်၌ နေထိုင်ရခြင်းကြောင့် ကောင်းကျိုးအထွေထွေခံစားရခြင်း ဖြစ်ပါသည်။

အန္တိုင်းမဲ့ ကျေးဇူးရှင် မြတ်ဗုဒ္ဓ... လည်း -

**၊ ကုသိုလ် ပညာ ဥစ္စာရဖို့**
**သင့်ရာအရပ် အမြဲနေ**
**(ပတိရူပ ဒေသဝါသောစ)**

ဟူ၍ မင်္ဂလာတရားတော်... ဟောတော်မူပါသည်။

ဪ . . . လောက၌ ပတိရူပဒေသဝါသောစ-သင့်တင့်လျောက်ပတ်သောအရပ်တွင် နေထိုင်ရခြင်းသည် အလွန်ကျေးဇူးကြီးမားလှပါတကား။

မကွေးဝင်း...

www.burmeseclassic.com

www.burmeseclassic.com

ကေတုမတီ တောင်ငူမြို့သည်ကား ယခုဆိုလျှင် သက်တမ်းအားဖြင့် အနှစ် (၅၀၀) ကျော်ခဲ့ပြီ ဖြစ်ပါသည်။ တောင်ငူသားအဖြစ် မွေးဖွားခဲ့သော ကျွန်တော်အဖို့ ဂုဏ်ယူလို့မဆုံးနိုင်ပါ။ ဗုဒ္ဓသာသနာထွန်းကားသောဒေသလည်း ဖြစ်ပါသည်။ ဘာသာရေးအထင်ကရ နေရာများလည်း များစွာပင်ရှိပါသည်။ လူအများသိကြပြီးသည်လည်းရှိသလို လူသိနည်းသေးသည့် နေရာများလည်း ရှိပါသည်။

□ **လေသာတောင်**

လေသာတောင်ကို ရောက်ဖူးကြသူနည်းပါသည်။ အချို့ရောက်ဖူး သိဖူးသူများပင် တောင်၏နောက်ခံသမိုင်းကို မသိကြသေးသောသူကများပါသည်။

ကျွန်တော် လေသာတောင်ဆရာတော် ဦးကောဝိဒအား ပထမဆုံးဖူးတွေ့ခြင်းအဖြစ် ဦးသုံးကြိမ်ပြု၍ ကန်တော့လိုက်ပါသည်။

"အေး၊အေး - ဒကာကြီး အားရပါးရစကားပြောရအောင် အနားတိုးပြီး ထိုင်ကွယ့်"

လေသာတောင်သို့လိုက်ပို့ပေးသူမှာ ကျွန်တော့်အစ်ကိုကြီး ဦးဘချို (အငြိမ်းစား သစ်တောရေးရာဝန်ကြီးဌာန ရုံးအဖွဲ့မှူး) ဖြစ်ပါသည်။ ဆရာတော်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ညီအစ်ကို နှစ်ယောက်သွားရောက်နိုင်အောင်လည်း ဆရာတော်၏ သားသမီးများသဖွယ်ဖြစ်ကြသော ဒေါ်မြဝင်းနှင့် ဒေါ်မြဝင်း၏တူကိုမျိုးသန့်တို့က ကူညီပေးကြပါသည်။


"အရှင်ဘုရား၊ လေသာတောင်ပေါ်မှာ (၇၂) တောင်ပြည့်ဘုရားစေတီတည်နေတာ သတင်းကြားလို့ တပည့်လာပြီး ကြည်ညိုတာပါ ဘုရား။ ဆရာတော်ရဲ့အတွေ့အကြုံများကိုလည်း ဗဟုသုတအဖြစ် မိန့်တော်မူပါဘုရား"

"အေး၊ အေး - ပြောပြမယ်။ သေချာမှတ်သားထားပေါ့ ဒကာ"


ဆရာတော် ဦးကောဝိဒသည် တောင်ငူဇာတိဖြစ်ပြီး ကောဇာ ၁၃၂၄ ခု၊ တန်ခူးလဆန်း ၈ ရက်၊ တနင်္လာနေ့တွင် ဖွားမြင်ခဲ့ပါသည်။ (၉) နှစ်အရွယ်တွင် ရှင်သာမဏေဝတ်ခဲ့ပြီး သာဝတ္ထိစမတောင်တွင်လည်း သီတင်းသုံးခဲ့ပါသည်။ ထို့နောက် တောင်ငူမြစည်းခုံဘုရားတွင် နှစ်ပေါင်း (၂၀) ကျော် သီတင်းသုံးခဲ့ပါသည်။ ကောဇာ ၁၃၅၇ ခုနှစ်တွင် မွန်ပြည်နယ် ဘီးလင်းသို့ရောက်ရှိခဲ့ပါသည်။ ဘီးလင်းတွင် ငြိမ်းချမ်းရိပ်မြုံ

# လေသာတောင်မှ ထူးခြားသောစေတီတော်

**တက္ကသိုလ်ဝင်းမြင့်**



ဝိဇ္ဇာ သိဒ္ဓိ ကမ္ဘာ့ မင်္ဂလာ
ပြည်တော်အေး စေတီတော်မြတ်
(လေသာတောင်)



ဆရာတော် ဦးကောဝိဒ



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာစရိယသင်တန်းကျောင်းသို့ တက်ရောက်ကာ စာပေပရိယတ္တိများကို သင်ယူ ဆည်းပူးခဲ့ပါသည်။ လောကီ၊ လောကုတ္တရာ ပညာရပ်များကိုလည်း စိတ်ဝင်စားစွာ ဆည်းပူးကျင့်ကြံအားထုတ်ခဲ့ပါသည်။

ဘီးလင်းမြို့နယ် မြင်သာတောင်တွင် အဓိဋ္ဌာန်ဝင် ကျင့်ကြံအားထုတ်ရင်း ဗားမဲ့ပညာများ ရရှိခဲ့ပါတော့သည်။

ဗားမဲ့ဆရာတော်ကား ထွက်ရပ်ပေါက်ဝိဇ္ဇာလောကတွင် အထူးပင်ကျော်ကြားလှပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဘုရားအလောင်းအဖြစ် မွေးဖွားလာစတွင် ဘုံသုံးပါးဘုရားစင်စစ်ဧကန်ဖြစ်ရမည်ဟု တိကျသောဟောကိန်းကိုထုတ်နိုင်ခဲ့သည့် ဗြာဟ္မဏပညာရှိ အရှင်ကောဏ္ဍညာ၏မျိုးရိုးမှ ဆင်းသက်လာသော ဗားမဲ့ဆရာတော်ကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မူလပထမ မဇ္ဈိမ ကောဏ္ဍည ဗားမဲ့ဆရာတော်ဟု ဝိဇ္ဇာလောကတွင် ထင်ရှားကျော်ကြားခြင်း ဖြစ်ပါသည်။

ဗားမဲ့ပညာရပ်များကို ရရှိထားသော ဆရာတော် ဦးကောဝိဒအနေဖြင့် ထွက်ရပ်ပေါက်ဝိဇ္ဇာများနှင့်စကားပြောဆိုဆွေးနွေးခြင်းပြုနိုင်ကြောင်းလည်းသိရှိရပါသည်။

ဆရာတော် ဦးကောဝိဒသည် ယခင်ဘဝတစ်ခု၌ ဘောဂဝတီနဂါးမင်းဖြစ်ခဲ့ဖူးကြောင်းနှင့် ဝိဇ္ဇာလမ်းကို ငါးဘဝတိုင်တိုင် ကျင့်ကြံအားထုတ်ခဲ့ဖူးကြောင်းလည်း သိရှိမှတ်သားရပါသည်။

ထို့ကြောင့်ပင် ဤလေသာတောင်ကုန်းတည်ရှိရာအရပ်မြေသည် ဝိဇ္ဇာသိဒ္ဓိမျိုးစုံစုစည်းရာနှင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်တိုင်းရောက်ရှိရာ ကမ္ဘာ့မဏ္ဍိုင်မြေဖြစ်ကြောင်း ဆရာတော်သိတော်မူသဖြင့် ဤတောင်တွင် တရားအားထုတ်ရန် ဆရာတော်ဦးကောဝိဒက ဆုံးဖြတ်ချက်ချလိုက်ပါတော့သည်။

ကျွန်တော်လည်း လေသာတောင်နှင့် ဆရာတော်ကျောင်းကို ယခုမှသာ



ရောက်ဖူးခြင်းဖြစ်၍ တောင်ကုန်းတ... ဆန့် လျှောက်သွားကြည့်ရှုခဲ့ပါသည်... ဆရာတော်၏တပည့်ဒါယိကာမဖြစ်သော... မမြဝင်းနှင့် တူတော်မောင် ကိုမျိုးသ... တို့ကလည်း လိုက်လံပြသကြပါသည်... ကျွန်တော် မသိသေးသောအကြော... အရာတို့ကိုလည်း ရှင်းပြကြပါသည်၊

လေသာတောင်သည် ယခင်... သစ်ပင်တောအုပ်များဖုံးလွှမ်းနေခဲ့ရာ... ဗားမဲ့ဆရာတော်ကြီး၏တပည့် ဦးကု... စာရက စတင်ဖော်ထုတ်ခဲ့ကြော... ဆက်လက်၍ ဘိုးဝါယမက ဖော်ထုတ်... ပြန်ကြောင်း၊ ထို့နောက် ဦးမန္တလ အစ... ၍ တောထွက်ဆရာတော်ကြီးမျာ... အဆင့်ဆင့်နေထိုင်ကျင့်ကြံခဲ့ကြပြီး ယ... ဆရာတော် ဦးကောဝိဒမှာ ဘီးလင်း... တောင်ငူ၊ တစ်ဖန် တောင်ငူမှ ဤ... တောင်သို့ ရောက်ရှိလာခဲ့ကြော... လေသာတောင်ရှိ သိမ်ထဲတွင် တရာ... အားထုတ်လေ့ရှိကြောင်း၊ ယခင်အခါ... များက ဝါတွင်း၌ လာရောက် ကျင့်ကြံ... ဝါကျွတ်လျှင်ပြန်ခဲ့ရာမှ နောင်တွင် ယခ... ဆရာတော်များ မရှိတော့သည့်အခါ... မပြန်နိုင်တော့ဘဲ ဤတောင်မှာပင်... ကျောင်းဆောက်၍ အစဉ်အမြဲနေထိုင်ခဲ... ရကြောင်း သိရှိရပါသည်။ ဤတောင်... ကုန်းသည် တောင်ငူမြို့နယ် အလယ်... မြှောင်ကျေးရွာ ဝိဇ္ဇာရက္ခိတ အောင်သိ... လေသာတောင်ကုန်း ဟူ၍ အမည်ရှိ...



ပန္နက်စိုက်သည့်နေ့ နဂါးစာကျွေးရာတွင်
နွားနို့ဇလုံပေါ်မှ ပေါ်ထွက်လာသော နဂါးပုံသဏ္ဌာန်အငွေ့များ



www.burmeseclassic.com

www.burmeseclassic.com

သည်။

တစ်နေ့သောအခါ ဆရာတော် ဦးကောဝိဒသည် ညအချိန် အိပ်မက်မြင်သည်ကား မူလမဖွဲ့မီ ဘားမဲ့ဆရာတော်ကြီး ဦးကောဏ္ဍည၊ အဘပထမံဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ အဘဘိုးတော်ဝါယမ၊ အဘယက္ကန်းစင်တောင်ဆရာတော် ဦးဩဘာသ၊ ရှမ်းကိုးဆယ့်ကိုးစော်ဘွားဆရာတော်၊ ရှင်မထီးဆရာတော်၊ ရှင်အဇ္ဇဂေါဏဆရာတော်၊ နဝင်းဦးသုတော် အစရှိသည့် ထွက်ရပ်နှစ်လမ်းဖြင့်ထွက်တော်မူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့က ဆရာတော် ဦးကောဝိဒအား -

"မောင်ပဥ္စင်း၊ သုံးလအတွင်း ကိုးတောင်ပြည့်ဘုရားသုံးဆူတည်နိုင်ပါ့မလား၊ တည်နိုင်စွမ်းရော့ရှိရဲ့လား။ ရှိမရှိ ကိုလည်း သိစမ်းချင်တယ်"

ဟူ၍ ညစဉ်ရက်ဆက်မကြာမကြာ အိပ်မက်ပေးကြပါသည်။ ဆရာတော် ဦးကောဝိဒကလည်း အိပ်မက်ဆက်တိုက်မြင်မက်ရာမှ တစ်ခုသောအိပ်မက်တွင်-

"ကောင်းပါပြီ၊ တည်ပေးပါ့မယ်။ ဒါပေမယ့် အသပြာငွေကြေးကတော့ ဘာမှမရှိဘူး။ ဆရာတော်တို့က ဖြစ်မြောက်လိမ့်မယ် ယုံကြည်လို့ခိုင်းတာပဲ၊ ဖြစ်အောင်လုပ်မယ်"

ဟု ဖြေကြားလိုက်ပါသည်။

ထို့နောက်တွင်ကား ပထမဦးစွာ လေသာတောင်ကုန်းပေါ်တွင် ကိုးတောင်ပြည့် သစ္စာအောင်မုနိစေတီတော်ကို ကောဇာ ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် အုတ်မြစ်စီကာ တည်ဆောက်ခဲ့ပြီး တပို့တွဲလပြည့်နေ့တွင် ထီးတော်တင်ခဲ့ပါသည်။

ဒုတိယအဖြစ် အုတ်တွင်းမြို့နယ် ဝိတောက်ခင်ကျေးရွာ၏ အရှေ့မြောက်ထောင့်အရပ်တွင် စေတီတစ်ဆူ တည်ထားပါသည်။ ထိုနေရာသည် တောင်ငူဘုရင် တပင်ရွှေထီး၏ မိဖုရားကြီးနှင့် သားတော်၊ သမီးတော်တို့ တည်ထားကိုးကွယ်ခဲ့သည့် မိဘဂုဏ်ရည် လွမ်းစေတီ၊ စေတီဟောင်းပျက်ငုတ်တိုများရှိခဲ့ရာ ရှင်းလင်း၍ ကိုးတောင်ပြည့်စေတီတစ်ဆူကို ကောဇာ ၁၃၇၂ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ထီးတော်တင်ခဲ့ပါသည်။

တတိယအဖြစ် အထက်ပါ ဒုတိယစေတီတော်၏ မြောက်အရပ် မလှမ်းမကမ်းတွင် ကိုးတောင်ပြည့်စေတီတော် တည်၍ ကောဇာ ၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့် (ဦးတန်ခူးလပြည့်) နေ့တွင် ထီးတော်တင် ပူဇော်ခဲ့ပြန်ပါသည်။

သို့ဖြစ်၍ အဘဘိုးတော်ကြီးများ အိပ်မက်ပေး၍ တည်ခိုင်းခဲ့သော ကိုးတောင်ပြည့်စေတီတော် သုံးဆူကို သုံးလတာကာလအတွင်း တည်ထားပူဇော်နိုင်ခဲ့ပါသည်။

သို့ရာတွင် ထိုမျှနှင့်ရပ်မသွားဘဲ ပို၍ ထူးခြား အံ့ဩဖွယ်ဖြစ်ရပ်များက ဆရာတော် ဦးကောဝိဒထံ ရောက်ရှိ၍ လာခဲ့ပြန်ပါသည်။

ကောဇာ ၁၃၇၃ ခုနှစ်၏ ဝါတွင်းကာလတွင် ဖြစ်ပါသည်။ ဆရာတော် ဦးကောဝိဒသည် ဝါတွင်းသုံးလဝါကပ်ဆိုကာ အဓိဋ္ဌာန်ပြုနေကျအတိုင်းကျင့်ဆောင်တော်မူရာတွင် တစ်နေ့၌ ဘားမဲ့ဆရာတော်ကြီး ကြွရောက်တော်မူလာပါသည်။ ဘားမဲ့ဆရာတော်က (၇၂) တောင်ဘုရားတည်ရန်ပြောရာ ဆရာတော်က လက်မခံသဖြင့် ဘားမဲ့ဆရာတော်နှင့်အတူ ပထမံဘိုးဘိုးအောင်ပါလိုက်ပါပြီး ဆရာတော် ဦးကောဝိဒကို (၇၂)တောင်ဘုရားတည်ရန် ထပ်မံတိုက်တွန်းပါသည်။ ဆရာတော် ဦးကောဝိဒကလည်း လက်မခံ။ ထိုသို့ပြောဆိုတိုက်တွန်း၍မရသဖြင့် ထပ်မံပြီး ဘားမဲ့ဆရာတော်၊ ပထမံဘိုးဘိုးအောင်နှင့် အဘဘိုးမင်းခေါင်တို့ (၃) ဦးက လာရောက်တိုက်တွန်းပြောဆိုကြပြန်ပါသည်။ ပြောဆိုမရပြန်သောအခါ အဘယက္ကန်းစင်တောင်ဆရာတော်ကြီးပါလိုက်ပါ၍ (၄) ဦးတို့က လာရောက် တိုက်တွန်းပါသည်။ မရပြန်သဖြင့် အဘဘိုးတော် ဝါယမပါလိုက်ပါ၍ (၅) ဦးက ပြောဆိုတိုက်တွန်းကြပြန်သည်။ ပြော၍မရပြန်သောအခါ ရှမ်းကိုးဆယ့်ကိုးစော်ဘွားဆရာတော်ပါလိုက်ပါလျက် (၆) ဦးက ပြောကြပြန်သည်။ မရပြန်ပါ။ ထို့ကြောင့် ဆရာတော် ရှင်မထီး၊ ရှင်အဇ္ဇဂေါဏတို့ကပါလိုက်ပါပြောဆိုကြပြန်သည်။ဆရာတော် နဝင်းကလည်း ပြောဆိုတိုက်တွန်းပါသည်။

အားလုံးသောပုဂ္ဂိုလ်များက -

"ဒီလေသာတောင် ဝိဇ္ဇာအောင်စခန်းထွက်ရပ်လမ်း အဝင်၊ အထွက် အမိကပင်မနေရာ မြေထူးမြေမြတ်မဏ္ဍိုင်နေရာမှာ (၇၂) တောင်ဘုရားကို မောင်ပဥ္စင်းကမှမတည်ဘူး၊ မပူဇော်ဘူးဆိုရင် မြော်မှန်းရည်ရွယ်ထားတာတွေ ဘာအကျိုးမှ သက်ရောက်တော့မှာ မဟုတ်သလို မောင်ပဥ္စင်းရဲ့ ဆိုထားခဲ့သောသစ္စာ၊ ချမှတ်ခဲ့တဲ့ပန်းတိုင်ပျက်စီးလို့ ဘယ်လိုလုပ်ပြီးတော့ ခုနစ်ရက်သားသမီးတွေကို ကယ်နိုင်တော့မှာလဲ။ ကျွတ်သင့်ကျွတ်ထိုက်သူတွေ ဘယ်လိုလုပ်ကျွတ်တမ်းဝင်နိုင်တော့မှာလဲ။ ငါတို့ရဲ့ရှေးရှေးဘဝတွေက ကျေးဇူးခံကျေးဇူးစားပြုခဲ့ကြတဲ့ အတိတ်၊ ပစ္စုပ္ပန် ပဋ္ဌာန်းဆက်ရှိသူတွေကို ဘယ်လိုလုပ်ပြီး ကျေးဇူးပြုနိုင်၊ ကျေးဇူးဆပ်နိုင်တော့မှာလဲ။ ဒီလိုအမြတ်ဆုံးမဏ္ဍိုင်မြေမှာ ဘဝဘဝပဋ္ဌာန်းဆက်ရှိသူတွေလာပြီးမပေါင်းစပ်နိုင်၊ ကျေးဇူးခံကျေးဇူးစား မလုပ်နိုင်ကြဘူးဆိုရင် အင်မတန် စိတ်နှလုံးမသာမယာဖွယ်ရာဖြစ်ကုန်ကြတော့မှာမို့ မောင်ပဥ္စင်းက ဒီအမြတ်ဆုံးမြေမှာ (၇၂) တောင်ပြည့်စေတီတော်တည်ထားပေးပါ"

ဟု ဝိုင်းဝန်းပြောဆိုတိုက်တွန်းကြကုန်သည်။

ဆရာတော် ဦးကောဝိဒက -

"တကယ်ကောဖြစ်ပါ့မလား၊ပြီးစီးအောင်မြင်ပါ့မလား"

ဟု ပြန်မေးသောအခါ -

"မောင်ပဥ္စင်းတည်ပေးပါ့မယ်ဆိုတဲ့ ကတိစကားတစ်ခွန်းပဲပြောပေးပါ"

ဟု ဆိုကြပါသည်။

"အဲဒါဆိုရင်တော့ တည်ပေးပါ့မယ်"

ဟု ဆရာတော် ဦးကောဝိဒက ကတိပြုလိုက်သည်နှင့် ကြွရောက်တော်မူလာကြသော ဆရာတော်တို့၏မျက်နှာတော်များ ကြည်လင်စွာဖြင့် ကြည်နူးဝမ်းမြောက်ကာ ပြန်သွားကြပါတော့သည်။

နောက်ရက်များတွင် အထက်ပါ ဆရာတော်များနှင့်ပုဂ္ဂိုလ်အသီးသီးတို့က ယခု (၇၂) တောင် (၁၀၈ ပေ) ဉာဏ်တော်အမြင့်ရှိ ဘုရားတည်မည့် တောင်တော်၏ရှေးကအမည်၊ ဗုဒ္ဓဘုရားရှင်၏ ဗျာဒိတ်၊ တောင်တော်၏ မွန်မြတ်သန့်စင်မှု၊ တည်ထားမည့် ဘုရား၏ဘွဲ့နာမံတော်၊ ပူဇော်တည်ဆောက်ရမည့်ပုံစံတော်၊ စောင်းတန်းတော်၊ အရံစေတီ၊ ရုပ်ပွားတော်ပုံစံများကို ဆရာတော် ဦးကောဝိဒအား ပြောပြကြပါသည်။

ဆရာတော် တည်ဆောက်မည့် စေတီတော်တွင် အရပ်လေးမျက်နှာ၌ အောက်မှအပေါ်သို့တက်သွားသောလှေကား (၄) စင်းရှိပြီး လှေကားတစ်စင်းလျှင် မတ်ရပ်ဘုရားရှင်ဆင်းတုရုပ်ပွားတော် (၅) ဆူစီထားရှိပြီး တာဝတိံသာမှ ဆင်းလာသည့်ဟန်ဖြစ်ပါသည်။ အပေါ်ဂန္ဓကုဋိလိုဏ်အတွင်း ကျောချင်းကပ်ထိုင်တော်မူ ဆင်းတုတော်လေးဆူရှိပါသည်။ စုစုပေါင်းသော် ဆင်းတု(၂၄)ဆူ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။ ထောင့်လေးထောင့်တွင် အရံစေတီ အထက်၊ အောက် (၅) ဆူစီ ရှိ၍ စုစုပေါင်း အရံစေတီအဆူ (၂၀) ပါဝင်ပါသည်။ ဆန်းသစ်သောစေတီပုံစံ ဖြစ်ပြီး စေတီများတွင် ပါရှိရမည့် ပစ္စယံ၊ ရှစ်မြှောင့်၊ ကျည်းဝန်း၊ သပိတ်မှောက်၊ ကြာမှောက်၊ ကြာလန်၊ ဖောင်းရစ်၊ ငှက်ပျောဖူးတို့ အင်္ဂါစုံလင်စွာပါရှိပါသည်။

နဂါးသိုက်၊ ရှမ်းသိုက်ဘုရားစေတီ ဖြစ်သောကြောင့် ဘုရားစေတီတည်ရန် မြေသန့်ပန္နက်ရိုက်အခါစဉ်က စတီးဇလုံ တစ်လုံးတွင် နို့ငါးပိဿာ၊ ထောပတ်ပါပြီး ပေါင်မုန့်၊ နှင်းဆီပန်းပွင့်ချပ်ခြွေပြီး ထိုအတိုင်း စတီးဇလုံးနှစ်လုံးကိုပြုလုပ်၍ နဂါးစာကျွေးပါသည်။

ထိုအခါ ဆိုင်ရာတို့၏အသိအမှတ် ပြုချက်ကြောင့် စတီးဇလုံပေါ်တွင်အငွေ့များပေါ်ထွက်ပြီး အငွေ့တန်းလေးများ စုစည်းလျက် နဂါးပါးပျဉ်းပေါ်ထွက်လာသည်ကိုလည်း ထူးဆန်းစွာမြင်တွေ့ကြရပါသည်။

ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူခဲ့စဉ် ညီတော်အာနန္ဒာအား ဗျာဒိတ်စကားဟောကြားခဲ့ရာ၌ ဗုဒ္ဓရှင်တော် ပါရမီနုစဉ်အခါ ကြက်ဖြူမင်းဖြစ်ခဲ့သည့် ဘဝကို ဟောကြားတော်မူရင်း မဏိသေလာနာဂရာဇာ နဂါးမင်းအားလည်း နဂါးမင်းနေထိုင်ရာ ဤမဏိသေလာ ပဗ္ဗတတောင်ကိုအမှီပြုကုန်သောသူများ အကျွတ်အလွတ် အမြိုက်တရားရရှိနိုင်ကြကုန်လိမ့်မည်ဟု ဗျာဒိတ်တော်ပေးခဲ့ကြောင်း မဇ္ဈိမဘားမဲ့ကောဏ္ဍညဆရာတော်၏ မိန့်ကြားသော စကားများအရ သိရှိခဲ့ရပါသည်။

ထွက်ရပ်ပေါက် ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ကြီးများ၏ အဆိုအမိန့်အရ ယခုတည်ထားမည့် ဘုရားစေတီတော်သည် မူလပဋ္ဌာန်းဆက်ရှိခဲ့သူများ၊ ထွက်ရပ်ပေါက်ဝိဇ္ဇာများ၊ ဆရာတော်ကြီးများ၊ နဂါးဆက်၊ ရှမ်းဆက်၊ သိုက်နန်းရှင်များ၊ ဘဝအဆက်ဆက်က တော်စပ်ခဲ့သူများ၊ သစ္စာပြုခဲ့ကြသူများ ကျေးဇူးခံ ကျေးဇူးစားပြုခဲ့သူများအတွက် တည်ထား ကိုးကွယ်မည်ဖြစ်၍ အလှူခံခြင်း၊ ခွက်ထိုးအလှူခံခြင်း၊ ဖြတ်ပိုင်းဖြင့်အလှူခံခြင်းများမပြုရန်နှင့် ဘဝပဋ္ဌာန်းဆက်ရှိသူများက အလိုအလျောက် လာရောက်ပါဝင်လိမ့်မည်ဟု မိန့်တော်မူခဲ့ကြပါသည်။

ထိုသို့ ဆရာတော်ကြီးများ၏ အဆိုအမိန့်အတိုင်း အလှူမခံဘဲနေရာမှ အချို့သောဘဝပဋ္ဌာန်းဆက်ရှိသူများက တစ်ဆင့်စကား တစ်ဆင့်ကြားပြီးလည်းကောင်း၊ အိပ်မက်အရ လည်းကောင်း၊ မိမိတို့အလိုအလျောက် သဒ္ဒါပေါက်ကာ လာရောက် လှူဒါန်းကြပါတော့သည်။ မူလမတည်ငွေ ကျပ်သိန်းသုံးရာ၊ ယောဂီကြီးဦးတင်မြင့်က ကျပ်သိန်းနှစ်ရာ၊ ဦးမြတ်ကောင်းကျော် - ဒေါ်ခင်နေယုမိသားစုက ကျပ်သိန်းတစ်ရာ၊ အရံစေတီအလှူရှင်များက တစ်ပိုင်တစ်နိုင်ခွဲပြီး လှူဒါန်းသောငွေ၊ ရုပ်ပွားတော် အလှူရှင်များကခွဲ၍ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ပါသည်။

သို့ရာတွင် သုံးနှစ်အတွင်း ဘုရားစေတီတော်ကြီးပြီးစီးရန် အထက်ပုဂ္ဂိုလ်ကြီးများထံတွင် ကတိပြုခဲ့ပါသော်လည်း နှစ်နှစ်ကြာညောင်းလာသည်အထိ အထက်ပါ အလှူငွေမျှလောက်နှင့်လည်း မလုံလောက်နိုင်ဘဲ မပြီးမစီး ဖြစ်နေပါတော့သည်။

ဆရာတော် ဦးကောဝိဒလည်း ကတိပေးထားသည့်အချိန်ဖြစ်သော သုံးနှစ်တာက ပြည့်လာတော့မည့်အချိန် ငွေကြေးထပ်မံလိုအပ်နေပြန်သေးသဖြင့် တည်ဆောက်မှု အပြီးမသတ်နိုင်သေးသည်ကို စိတ်ပူပန်စွာဖြင့် ဆရာတော်ကြီးများ၊ ရှမ်းသိုက်၊ နဂါးသိုက်၊ သိုက်ချုပ်၊ သိုက်နန်းရှင်များကို ပြောပြသည့်အခါ ဘားမဲ့ဆရာတော်ကြီး၊ အဘဘိုးမင်းခေါင်၊ နဂါးမယ်တော်၊ အစ်မတော်စောမွန်လှတို့က ဘာတစ်ခုမှ စိတ်ထဲ ကြောင့်ကြမှုမထားရန်နှင့် အချိန်မီပြီးမြောက်ပြည့်စုံအောင်မြင်ပါလိမ့်မည်ဟု ပြောဆိုကြပါသည်။

သို့နှင့် ဆရာတော် ဦးကောဝိဒလည်း တစ်နေ့တွင် နဂါးမယ်တော်၏ သမီးတော်နှင့် အတိတ်ကာလက ဗုဒ္ဓ၏ ဗျာဒိတ်မြတ်ကိုခံယူခဲ့သည့် နဂါးမင်းဖြစ်ခဲ့သည့် သားတော်တို့ကို စိတ်ညွှတ်တော်မူလိုက်ရာမှ ဦးခင်မောင်သန်းနှင့် ဒေါ်သက်သက်ခိုင်ဇနီးမောင်နှံတို့ ရောက်ရှိလာပြီး အရှင်ဘုရား၏စေတီတော်ကို ပြီးစီးအောင် ကူညီပံ့ပိုးလှူဒါန်းပါမည်ဟု ကတိပြုကြသောအခါ ဆရာတော် ဦးကောဝိဒလည်း လွန်စွာပင် နှစ်သက်ဝမ်းမြောက်ကာ ပီတိဖြစ်ရပါတော့သတည်း။ ထို့ကြောင့်ပင် ကောဇာ ၁၃၇၄ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက် (၉) နာရီအချိန်တွင် အောင်လံတော်ပန္နက်စိုက်ထူကာ တည်ဆောက်ခဲ့သော ဝိဇ္ဇာသိဒ္ဓိကမ္ဘာ့မဏ္ဍိုင်ပြည်တော်အေးစေတီတော်မြတ်ကြီးမှာ ၁၃၇၆ ခု၊ တန်ဆောင်မုန်းလပြည့်နေ့တွင် ဌာပနာသွင်းပူဇော်ခြင်း၊ တပို့တွဲလပြည့်နေ့နံနက် (၉) နာရီ၊ (၉)မိနစ်အချိန်တွင် ဒေဝါဝင်းရာဇာဝင်းအခမ်းအနားဖြင့် အထက်ဌာပနာများထည့်သွင်းကာ ရွှေထီးတော်မြတ်နှင့် စိန်ဖူးတော်တင်ခြင်းမင်္ဂလာ ဗုဒ္ဓါဘိသေကမင်္ဂလာတော်ကို ပြုလုပ်နိုင်ခဲ့ပါတော့သတည်း။

ဆက်လက်၍လည်း ဤစေတီတော်ကြီး၏ ပရိဝုဏ်အတွင်း လိုအပ်သောအဆောက်အအုံများ၊ ပဋ္ဌာန်းဆက်ဆရာတော်ကြီးများ၏ ရုပ်တုတော်၊ ပုံတော်များ၊ နဂါးဆက်၊ ရှမ်းဆက်အနွယ်တော်များ၏ ပုံတော်ရုပ်တုတော်များ၊ အာရုံခံတန်ဆောင်းများ၊ ရင်ပြင်တော်များပြုလုပ်ရန် ကျန်ရှိနေပါသေးသည်။

ဤစေတီတော်မြတ်ကြီးထီးတော်တင်သည့်နေ့တွင် ဘဝဘဝကတော်စပ်ခဲ့ကြသည့် ပဋ္ဌာန်းဆက်၊ ဓာတ်ဆက်၊ နဂါးဆက်၊ သိုက်ဆက်၊ ရှမ်းဆက်များနှင့်တကွ မဏိသေလာပဗ္ဗတပတ္တမြား ကျောက်ဖျာအောက်တွင် မကျွတ်မလွတ်ရှိနေကြကုန်သော ဝေနေယျများစွာတို့ ကျွတ်တမ်းဝင်ကြမည် ဖြစ်ပါပေသည်။

ဗျာဒိတ်တော်ခံနဂါးမင်းဖြစ်သော မဏိသေလာနာဂရာဇာနှင့် နဂါးမယ်တော် သီရိစန္ဒာနာဂဒေဝီ၏ သမီးတော် သီရိမုခနန္ဒာနာဂဒေဝီတို့သည်ကား ဝိဇ္ဇာသိဒ္ဓိကမ္ဘာ့မဏ္ဍိုင်ပြည်တော်အေးစေတီတော်မြတ်၏ ဘုရားဒကာ၊ ဘုရားအမများအဖြစ်ခံယူလျက် ဆွေတော်မျိုးတော်များအား ကျွတ်လွတ်စေရန် ရည်စူးကာ အမျှပေးဝေရန်၊ အလှူရှင် ဒါယကာ-ဒါယိကာမတို့သည်လည်း ဆရာတော်ကြီးများ၏ဘဝများစွာမှပဋ္ဌာန်းဆက်များ ဖြစ်ကြသည့်အားလျော်စွာ နဂါးဆက်များ၊ ရှမ်းဆက်များဖြစ်ကြသည့်အားလျော်စွာ၊ ဆွေတော်မျိုးတော်များဖြစ်ကြသည့်အားလျော်စွာ ရွှေထီးတော်မြတ်တင်ပြီးသည့်အခါမှစ၍ ကျွတ်သင့်သူများကျွတ်၍ အပါယ်လေးဘုံမှလည်း လွတ်ကင်းနိုင်ကြပေလိမ့်မည်ဟု ဘားမဲ့ဆရာတော်၊ အဘဘိုးမင်းခေါင်၊ အဘဘိုးဝါယမ၊ အဘယက္ခန်းစင်တောင်ဆရာတော်၊ အဘရှမ်းဆရာတော်တို့က မေတ္တာရှေ့ထား၍ ဟောကြားတော်မူကြကြောင်း ဆရာတော် ဦးကောဝိဒ၏ ပြန်လည်မိန့်ဆိုချက်များအား မှတ်သားတင်ပြအပ်ပါသတည်း။

တက္ကသိုလ်ဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com



# နေပြည်တော်ကျော်ကျော်စိုး

## မဟာစည်ဆရာတော်ဘုရားကြီး၏ကျေးဇူးတော်ရည်

မြန်မာနှစ် ၁၃၁၈ ခု၊ သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသန ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီးအား ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် စတင်ကျင်းပခဲ့ပါသည်။

ထိုအချိန်သည် ကျွန်ုပ် (၁၀) နှစ်သားအရွယ်ဖြစ်ကာ ပြန်ကပြေးရွာရှိ မန်ကျောင်းဘုန်းတော်ကြီး ဦးပညာဇောတသည် ထိုသင်္ဂါယနာတင်ပွဲသို့ ရောက်ရှိကြွသွားတော်မူ၍ မှတ်မှတ်ရရ ရှိနေလေ၏။

ထို့ပြင် ထိုသင်္ဂါယနာတင်ပွဲတော်၏ မေးကြပုံ၊ ဖြေကြပုံတို့ကို ဓာတ်ပြားများထွက်လာသဖြင့် ဓာတ်စက်များမှ တစ်ဆင့် နားမလည်သော်လည်း ကြားနာနေခဲ့ရပါသည်။

ထိုအခါ ဆဋ္ဌသင်္ဂီတိပုစ္ဆကခေါ် အမေးဆရာတော်ကြီးသည် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဦးသောဘနဟု သိရပြီး ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကဟူသော အဖြေဆရာတော်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဟူ၍ သိခဲ့ရလေ၏။

ဗုဒ္ဓပိဋကတ်တော်များအား စိစစ်မေးမြန်းတော်မူသော မဟာစည်ဆရာတော်ဘုရားကြီး၏ အသံတော်မှာ အောင်မြင်ခံ့ညားပြီး ဟိန်းထွက်နေသလို မေးသမျှသော ပိဋကတ်တို့ကို အထစ်အငေါ့မရှိ ပြန်လည် ဖြေကြားတော်မူသော မင်းကွန်းဆရာတော်ဘုရားကြီး၏ အသံတော်ကလည်း ချိုသာပြတ်သားစွာ ကြည်လင်ပြီး လှိုင်ထွက်နေပေသည်။ ကျွန်ုပ်တို့မှာ ထိုပိဋကတ်တို့ကို နားလည်နိုင်စွမ်းမရှိသော်လည်း လင်းနို့ငါးရာ ပဋ္ဌာန်းနာသည့်ပမာ နားမလည်သော်လည်း ကြည်နူးမှုများစွာရခဲ့ပေ၏။ ထိုသည်မှစ၍ ဆဋ္ဌသင်္ဂါယနာပွဲတော်၏ အကျော်အမော် ဆရာတော် (၂) ပါးသည် ကျွန်ုပ်၏စိတ်တွင် စွဲဝင်နေရာယူခဲ့လေ၏။

ကျွန်ုပ် သာမဏေဘဝဖြင့် မြင်းခြံကိုးဆောင် ပခုက္ကူတိုက်ခွဲ မြင်းခြံဆရာတော်ကြီး ဦးသောဘိတထံတွင် အသက် (၁၆) နှစ်အရွယ်၌ ပညာရင်နို့သောက်စို့သောအခါ မြင်းခြံမြို့နယ် မန်ကျည်းတုံဇာတိဖြစ်သော မင်းကွန်းတိပိဋကဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသကို နှစ်စဉ် တော်သလင်းလပြည့်ဝန်းကျင်၌ မြင်းခြံကွေ့ကြီးရပ်ရှိ (၃) ဆူဘုရားသပိတ်လုံး ဆွမ်းလှူပွဲလုပ်ရာ တရားချီးမြှင့်ရန် ကြွလေ့ရှိသဖြင့် ဖူးခွင့်၊ ဩဝါဒခံခွင့်ရရှိခဲ့လေ၏။ မြင်းခြံသို့ကြွတိုင်း ကိုးဆောင်တိုက်သို့ကြွကာ အပူဇော်ခံရင်း ဩဝါဒပေးလေ့ရှိသဖြင့် တိပိဋကဆရာတော်ကြီးအား နီးနီးကပ်ကပ် ဖူးမြော်ခွင့်ရခြင်း ဖြစ်ပေ၏။

ဆဋ္ဌသင်္ဂီတိဝိသဇ္ဇကဆရာတော်ကြီးအား ဖူးမြော်ခွင့်ရခဲ့သော်လည်း ဆဋ္ဌသင်္ဂီတိပုစ္ဆကဆရာတော်ကြီး ဖြစ်သည့် မဟာစည်ဆရာတော်ကြီးကို ဖူးမြော်ခွင့် မကြုံသေးပါ။ ကျွန်ုပ်တို့သည် ပရိယတ္တိ တည်းဟူသော ဗုဒ္ဓစာပေများ သင်အံခြင်းဖြင့် အချိန်ကုန်ကြရရာ ပဋိပတ္တိ တည်းဟူသော ဝိပဿနာတရားအားထုတ်ခြင်းအလုပ်ကို တစိုက်မတ်မတ် ထူထောင်အားပေးနေသော မဟာစည်ဆရာတော်ကြီးကိုဖူးမြင်ရဖို့ဟူသည် လွန်စွာဝေးကွာလှပေ၏။ အဆက်အစပ်ဝေးကွာလှပေ၏။ သာသနာတော်၌နေသော ကျွန်ုပ်သည် သာသနာတော်ကို လွန်စွာ ကြည်ညိုရာ သာသနာတော်၌ ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများကိုလည်း သူတို့၏ ဂုဏ်ရည်များအား မှန်းမြော်ကာ လွန်စွာ ကြည်ညိုလေ၏။ တိပိဋက ဦးနေမိန္ဒ (ပခုက္ကူ) သည်လည်း မြင်းခြံကိုးဆောင်သို့ကြွလာတတ်၏။ ထိုအခါ လိုက်လှဲစွာ ပူဇော်ကန်တော့လေ၏။ တိပိဋကဆရာတော်များသည် မြတ်စွာဘုရား၏ ညီတော်အာနန္ဒာကိုယ်ပွားများဟု တင်စားလောက်ပေ၏။

သို့နှင့် ကျွန်ုပ်သည်· မဟာစည်ဝိပဿနာရိပ်သာနှင့်နီးစပ်ရန်အကြောင်း ဖန်လာပါသည်။ ယခုလက်ရှိ မဟာစည်ရိပ်သာဌာနချုပ်၌ ဩဝါဒါစရိယ ဆရာတော်ကြီးဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တဇဋိလသည် ထိုစဉ်က သက်တော် (၃၂) နှစ်ခန့်သာရှိသေးရာ ပျဉ်းမနားမြို့နယ် ပြန်ကပြေးရွာ မဟာစည်ရိပ်သာ၌ ယောဂီတို့ကို တရားပြလျက်ရှိ၏။ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါဠရဂူဟူသော ဘွဲ့တံဆိပ်တော်ကိုရရှိပြီး ဖြစ်သောဆရာတော်သည် ပရိယတ်၊ ပဋိပတ်ဟူသော ဂုဏ် (၂) ခုဖြင့် ပြည့်စုံတော်မူရာ ရပ်နီး၊ ရပ်ဝေးမှ ဆည်းကပ်ပူဇော်သူများလှပေ၏။

ကျွန်ုပ်သည် ဆွမ်းမပြည့်စုံမှုကြောင့် မြင်းခြံမှ မွေးဇာတိ ပြန်ကပြေးသို့ပြန်လာရာ ဆရာတော် ဦးဇဋိလ၏ မဟာစည်ရိပ်သာတွင် လအနည်းငယ် ဝင်ရောက် ခိုလှုံခွင့်ရခဲ့သဖြင့် မဟာစည်ဆရာတော်ဘုရား ဟောကြားတော်မူသောသုတ်အတော်များများကို ရီကော်ဒါဖြင့် နာခွင့်ရခဲ့ပါသည်။ ထို့ပြင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်ဟောခဲ့ပြုစုခဲ့သော ဓမ္မစာပေအတော်များများကိုလည်း ဖတ်ရှုခွင့်ရခဲ့ရာ ဆရာတော်ဘုရားကြီး၏ ကြီးမားသော ဉာဏ်ရည်ကို ကြည်ညိုခွင့်ရခဲ့ပေ၏။

ဆရာတော်ကြီးဦးသောဘနအား ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ဆိတ်ခွန်ရွာ အဘ ဦးကံတော်၊ အမိ ဒေါ်ရွှေအုပ်တို့မှ မြန်မာနှစ် ၁၂၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်၊ ၂၉ - ၇ - ၁၉၀၄ တွင် ဖွားမြင်တော်မူခဲ့ပြီး ငယ်နာမည် မောင်သွင်ခေါ်လျက် အသက် (၁၂) နှစ်တွင် သာမဏေဝတ်ကာ ၁၃၀၃ ခုနှစ်တွင် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘွဲ့တော်ကို ဆက်ကပ်ခံယူပါသည်။

၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ၁၃၁၁ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် မဟာစည်ရိပ်သာကြီးကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၃၁၅ ခုနှစ်တွင် နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းပါသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတော်ကြီး၌ ဆဋ္ဌသင်္ဂီတိပုစ္ဆကတာဝန်ကို ထမ်းရွက်တော်မူကာ ထို့ပြင်လည်း ဆဋ္ဌသံဂီတိသြဝါဒါစရိယသံယနာယက၊ ဆဋ္ဌသံဂီတိဘာရနိတ္ထာရက၊ ဆဋ္ဌသံဂီတိမရမ္မိက တိပိဋက ပဋိဝိသောဓက၊ ဆဋ္ဌသံဂီတိသြသာနသော ဓေယျပတ္ထပါဠက၊ ဆဋ္ဌသံဂီတိကာရက၊ အဋ္ဌကထာသံဂီတိကာရက၊ ဋီကာသံဂီတိကာရက ဟူသော သာသနာပြုလက်မှတ်များကိုလည်း နိုင်ငံတော်မှဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ထိုသို့ ပြန်ကပြေး မဟာစည်ရိပ်သာဆရာတော်ဦးဇဋိလ၏ မေတ္တာရိပ်တွင် ခိုလှုံနေစဉ်အတွင်း၌ မဟာစည်ဆရာတော်ဘုရားကြီး၏ဂုဏ်တော်အချို့ကို ကြည်ညိုခွင့်ရခဲ့ပေ၏။ မဟာစည်ဆရာတော်ဘုရားကြီးကိုကား ဖူးမြော်ကြည်ညိုခွင့်မရခဲ့သေးပါ။

ကျွန်ုပ် မိုးကုတ်ပတ္တမြားမြေသို့ တက်၍ ကျောက်တူးသောအခါတွင်မူ မိုးကုတ်မြို့ရှိ ဓမ္မကထိကဆရာတော်တစ်ပါးနောက် ကပ္ပိယလိုက်ရာတွင် ရန်ကုန်သို့ ရောက်သောအခါ၌ ဗဟန်း ဟာမစ်တစ်လမ်းရှိ မဟာစည်ရိပ်သာ ကျောင်းတိုက်ကြီးသို့ဝင်ကာ မဟာစည်ဆရာတော်ဘုရားကြီးအား ဝင်ရောက်ဖူးမြော်ခွင့်ရရှိခဲ့ပေ၏။

ဆရာတော်ကြီးကား ရွှေဘိုသားပီသစွာ လူညီထွားကြီး ဖြစ်ပေ၏။ ကမ္မာစံချိန်မီ အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကို ပိုင်ဆိုင်တော်မူပါသည်။ အသံတော်ကလည်း အောင်မြင် ခံ့ညားလှပါပေ၏။ ကျွန်ုပ်တို့အား သြဝါဒအနည်းငယ်ပေးပါသည်။ ထိုစဉ်က ယခုပြတိုက်လုပ်ထားသော စံကျောင်းတော်၌ စံနေတော်မူစဉ် ဖြစ်ပါသည်။ ကျွန်ုပ်မှာ ကြည်ညိုလွန်း၍ မမိုတ်မသုန် ဖူးမြော်ရာ ယခုထိ ဆရာတော်ကြီး ကျွန်ုပ်၏ မျက်စိထဲ၌ သီတင်းသုံးနေဆဲ ရှိနေလေ၏။

(၆၂) ကြိမ်မြောက် မဟာစည်သြဝါဒခံယူပွဲနှင့် (၆၃) ကြိမ်မြောက် သြဝါဒခံယူပွဲသို့ ရောက်သောအခါ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ပုံရိပ်တော်ကို မှန်းဆကြည်ညိုနေမိပါသည်။ ပရိယတ်ဘက်၌လည်း ပြည့်စုံ၊ ပဋိပတ်ဘက်၌လည်းပြည့်စုံသောပုဂ္ဂိုလ်မြတ်ကြီးဖြစ်ရာ ပဋိဝေဓ တည်းဟူသော သာသနာဘက်၌လည်း ပြည့်စုံပြီးဖြစ်သော ဆရာတော်ကြီး ဖြစ်ပါမည်။ ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ တည်းဟူသော သာသနာတော်၏ အလုပ် (၃) မျိုးလုံး ပြည့်စုံကုံလုံသော ဆရာတော်ကြီး ဟူ၍ မှတ်ယူရပါသည်။

လောကုတ္တရာစာပေဟုခေါ်သည့် ပိဋကတ်စာပေတို့ကို သင်ယူလေ့ကျက်ရသောအခါ စာချဆရာတော်တို့သည် ကဗျာ၊ လင်္ကာ၊ သံပေါက်တို့ ဖွဲ့သီလျက် ခက်ဆစ်အဓိပ္ပာယ်တို့ကို မှတ်ယူစေပါသည်။ သို့ကြောင့် စာချဆရာတော် ဓမ္မကထိကဆရာတော်တိုင်းလိုလို ကဗျာ၊ လင်္ကာ၊ သံပေါက်ကလေးများ ဖွဲ့သီလျက် သိဖွယ်မှတ်ဖွယ်တို့အား ပို့ချသည်မှာ ထုံးစံဖြစ်ပါသည်။

ပြန်ကပြေး မဟာစည်ရိပ်သာ ဆရာတော်ထံ၌နေစဉ် ဆရာတော်၏ မှတ်စုမှ အရှင်အနုရုဒ္ဓါ၏ ဆုတောင်းအား ရှစ်လုံးဖွဲ့ကဗျာလေးဖြင့် ဖွဲ့သီထားသည်ကို တွေ့ရရာ ကျွန်ုပ်ချက်ချင်းကူးယူလျက် ကျက်မှတ်၏။

ထိုကဗျာမှာ -

**ရှင်အနုရုဒ္ဓါဆုတောင်း**

*ဤသို့ပြုရ ဒါနပုညေ*
*ဆက်တိုင်းဘဝ ဒုက္ခကင်းစေ၊*
*မရှိဟူက နားမျှမသွေ၊*
*ဘဝတိုင်း မဆိုင်းပြည့်စုံစေ။*

ဟူသော ကဗျာလေးဖြစ်ကာ 'ဤသို့ပြုရသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂဟူသမျှကြောင့် ဤဘဝမှစ၍ နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် မရှိဟူသောစကား မကြားရပါလို၏' ဘုရားဟူသည့်ဆုတောင်းအား ဆိုလျော်အောင် သာယာနာ ပျော်ဖွယ်ဖြစ်အောင် ဖွဲ့သီထားသော ကဗျာလေးဖြစ်ပေ၏။ ကျွန်ုပ်မှာ ချက်ချင်းပင် ထိုကဗျာကို ဆောင်ထားလိုက်တော့၏။ ကလေးဘဝမှသည် ယခုထိတိုင် မမေ့တော့ချေ။

ထိုကဲ့သို့ပင် မဟာစည်ဆရာတော်ဘုရားကြီးသည်လည်း ဟောလေရာ သုတ်ပေါင်းများစွာတို့တွင် ဆောင်ရန် လင်္ကာ၊ သံပေါက်လေးများ အကျဉ်းဖွဲ့သီလျက် နှုတ်တက်ဆောင်စေပါသည်။ သို့သော် ဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်အရာ၌သာမဟုတ်။ ကဗျာဉာဏ်ရည်၌လည်း အကျဉ်းချုံးသည်ထက်ချုံးအောင် စပ်ဆိုနိုင်ကြောင်းကို ဗိုလ်ကလေး အရှင်ပဏ္ဍိတ ရေးသားပူဇော်သော 'ကျေးဇူးတော်ရှင်မဟာစည် ဆရာတော်ဘုရားကြီး၏' ပူဇော်ထိုက်သော ဂုဏ်ကျေးဇူးများ' ဟူသည့် ဓမ္မဒါနစာစောင်လေးတွင် တွေ့ရပါသည်။

ပါဏာတိပါတကံ တည်းဟူသော သူများအသက်ကိုသတ်သူသည် အသက်တိုတတ်ကြောင်း၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သူသည် အသက်ရှည်တတ်ကြောင်း ဟောထားသော တရားအား ဆရာတော်တစ်ပါးက -

*၁ သူများအသက်သတ်သည့်အတွက်*
*အသက်ကိုယ့်မှာတို။*
*မသတ်ရှောင်ရှား ထိုသူများ ရှည်*
*လျား အသက်ကို။ ။*

ဟူ၍ စပ်ဆိုဖူးလေ၏။

သံပေါက် (၂) ပိုဒ်စပ်ဆို၍ မြန်မာပြန်ပြုထားခြင်းဖြစ်ရာ မဟာစည်ဆရာတော်ကြီးကမူ ထိုသို့ (၂) ပိုဒ်စပ်ဆိုခြင်း မပြုဘဲ တိုတိုနှင့်လိုရင်းရောက်အောင် တစ်ပိုဒ်တည်းစပ်ဆိုတော်မူ၏။ ကောင်းကျိုး၊ မကောင်းကျိုး (၂) မျိုးကို တစ်ပိုဒ်နှင့်ရအောင်စပ်ဆိုတော်မူခဲ့လေ၏။

၂ သူ့ကိုသတ်ဖြတ် သတ်တိုတတ်၊
မသတ်အသက်ရှည်။

ဟူ၍ သံခိပ်သဘော အကျဉ်းချုံး စပ်ဆိုတော်မူရာ ဉာဏ်ရည်မှာလည်း အံ့မခန်းအောင် စွမ်းဆောင်တော်မူကြောင်း သဘောပေါက်ရလေ၏။ 'ကံနှင့် ကံ၏အကျိုး ဝေဖန်ချက်' ဟူသော ဆောင်ပုဒ် သံပေါက်တွင် ကောင်းဆိုးနှစ်တန်ကို တစ်ပိုဒ်တည်းနှင့် ထိမိအောင် စပ်ဆိုတော်မူသည်မှာလည်း အံ့ဖွယ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းလှပါသည်။

**ကံနှင့်ကံ၏အကျိုးဝေဖန်ချက်**

□ သူ့ကိုသတ်ဖြတ် သတ်တိုတတ်၊ မသတ်အသက်ရှည်။
□ ညှဉ်းဆဲသူကားအနာများ၊ သနား ကျန်းမာသည်။
□ ဒေါသမီးလျှံ အကျည်းတန်၊ သည်းခံ လှပသည်။
□ မနာလိုမှာ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။
□ မပေးလှူက မွဲပြာကျ၊ လှူမှ ပေါကြွယ်သည်။
□ မရှိမသေ မျိုးယုတ်ချေ၊ ရှိသေ မျိုးမြတ်သည်။
□ မမေးမမြန်း ဉာဏ်မြင်ကန်း၊ စုံစမ်း ဉာဏ်ကြီးသည်။
□ ဆိုးတာပြုက ဆိုးတာရ၊ ကောင်းမှု ကောင်းစားသည်။
□ ဆိုးကောင်းနှစ်တန် ကံစီမံ၊ ခံစံ ကြရသည်။

ထိုကဲ့သို့သော ဩဝါဒ ကဗျာ၊ ကာ သံပေါက်တို့သည် အကြောင်း လျော်စွာ တပည့်များ နှုတ်တက် ဆောင်နိုင်စေရန် များပြားစွာ စပ်ဆို တော်မူခဲ့လေ၏။

**ဩဝါဒပါတိမောက်ဂါထာ**

□ သဗ္ဗပါပဿအကရဏံ၊ ကုသလဿူပသမ္ပဒါ၊
သစိတ္တပရိယောဒပနံ၊ ဧတံဗုဒ္ဓါန သာသနံ။

ဟူသော ဂါထာသည် အတိုချုံး သော မြတ်ဗုဒ္ဓ၏ ဩဝါဒ ဖြစ်ပါသည်။ အကုသိုလ်ကို မပြုလုပ်ရခြင်း၊ ကုသိုလ် ကို ပြည့်စုံစေခြင်း၊ မိမိ၏စိတ်ကို ဖြူစင် စေခြင်း ဤ (၃) ပါးသည် ဘုရားရှင်၏ အဆုံးအမသာသနာဖြစ်ပေ၏။

ဤ (၃) ပါးအား အခြားဆရာ တော်တို့က အကျဉ်းသံပေါက်ဖြင့် မကောင်းမှုရှောင်၊ ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား' ဟူ၍ စပ်ဆို တော်မူခဲ့သော်လည်း မဟာစည်ဆရာ တော်ကြီးကမူ (၈) လုံးဖွဲ့ကဗျာဖြင့် ပြည့်စုံစွာ -

□ အကုသိုလ်များရှောင်ရှားပယ်လေ၊
ကုသိုလ်တရား ဖြစ်ပွားစုံစေ၊
မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူစေ၊
ဤ (၃) ပါး ဘုရားဆုံးမပေ။

ဟူ၍ စပ်ဆိုတော်မူခဲ့လေ၏။

ရန်ကုန် ဗဟန်းမြို့နယ်ရှိ မဟာ စည်ရိပ်သာဌာနချုပ်ကြီးကား ဧက အတော်များများ ကျယ်ဝန်းကာ သာသနိကအဆောက်အအုံကြီးများဖြင့် ပြည့်နေ၏။ ထိုအဆောက်အအုံတို့၏ မြင်သာသောနေရာတို့၌ ဆရာတော် ဘုရားကြီး ရေးစပ်ခဲ့သော ကဗျာတို့ကို ကြည်ညိုဖွယ်၊ ဆောင်ယူဖွယ်၊ ဖတ်ရှုဖွယ်ဖြစ်အောင် စာလုံးကြီးကြီးများဖြင့် ရေးသားပူဇော်ထားရှိ၏။ ကဗျာဝါသနာ ကြီး သော ကျွန်ုပ်သည် တွေ့တိုင်း ဖတ်ရှု ဖြစ်ပါသည်။

ဒါနကထာနှင့် ပတ်သက်၍

**ဒါနကထာဒေသနာ**

□ ချမ်းသာအပေါင်း ရကြောင်းမှန်စွာ၊
စည်းစိမ်ဘောဂ မြစ်မတည်ရာ၊
အောက်တန်းမကျ ကယ်မသူမှာ၊
မြတ်ဒါန စိတ်ချကိုးကွယ်ရာ။

ဟူ၍ စပ်ဆိုခဲ့သလို သီလအရာ၌ လည်း-

**သီလကထာဒေသနာ**

□ သီလရနံ့ မွှေးပျံ့ကြိုင်စွာ၊
သီလဆင်တိုင်း ရှုတိုင်းလှပါ၊
သီလစောင့်ငြား မလားပါယ်ရွာ၊
မြတ်သီလ စိတ်ချကိုးကွယ်ရာ။

ဟု စပ်ဆိုခဲ့ပြီး ဘာဝနာကထာ အရာ၌လည်း -

**ဘာဝနာကထာ**

□ ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်၊
ရုပ်နာမ်နှစ်မျိုး ကြောင်းကျိုးသိမြင်၊
မမြဲဆင်းရဲ ဉာဏ်ထဲပေါ်လွင်၊
အနတ္တသိရ နိဗ္ဗာန်ဝင်။

ဟူ၍ စပ်ဆိုခဲ့ပါသည်။ ယောဂီ သူတော်စင်များ ဝိပဿနာတရားပွား များအားထုတ်စဉ် လိုက်နာရမည့် စည်း မျဉ်းကိုလည်း -

□ ကိစ္စမများ စကားနည်းစေ၊
အိပ်နေမှုနည်း ကိုယ်တည်းပျော်လေ၊
ဆုံးမလွယ်ကြောင်း မိတ်ကောင်းရှိစေ၊
တရားရေးအားပေးဂုဏ်ခြောက်ထွေ။

ဟူ၍ အလွယ်နှုတ်တက်ဆောင် နိုင်စေရန် (၈) လုံးဖွဲ့ကဗျာဖြင့် စပ်ဆိုခဲ့ ပါသည်။

ဆရာတော်ကြီးသည် ဘုရားဟော ကျမ်းဂန်တို့မှ ထုတ်နုတ်၍သာ စပ်ဆို တော်မူပြီး မိမိအာဘော်ဖြင့် စပ်ဆိုခဲ့ လေ၏။ ထိုကျမ်းဂန်တို့မှထုတ်နုတ်စပ်ဆို တော်မူသော ကဗျာတို့သည် လူပြိန်းနား လည်နိုင်သည်အထိ မြန်မာမှုမြန်မာ စကားလုံးတို့ဖြင့် တန်ဆာဆင်စပ်ဆို ထားရာ တန်ဖိုးကား ကြီးမားလှန်းပေ၏။ တန်ဖိုးအနဂ္ဃ ကဗျာရတနာများဟုပင် တင်စားလောက်ပေ၏။

ဆရာတော်ဘုရားကြီးကား ကျွန်ုပ် တို့အပေါ် ကြီးမားသော ကရုဏာတော် ရှိတော်မူ၏။ ခေတ္တမျှ ဝင်ရောက်ဖူးမြော် စဉ် ခဏခိုက်မှာပင် ဓမ္မနှင့်လျော်သော ဩဝါဒကိုသာ တိုတိုရှင်းရှင်း လိုရင်းကို ဩဝါဒပေးတော်မူ၏။

"ဘုရားသာသနာတော်အတွင်းမှာ လူဖြစ်ပါလျက် ဝိပဿနာကုသိုလ်မှ ရမသွားဘူးဆိုရင် သာသနာတော်နဲ့ တွေ့ရကျိုးမနပ်ဘူး။ ဘာကြောင့်လဲဆို တော့ ဒါန၊ သီလ၊ သမထကုသိုလ်တွေ ဆိုတာက သာသနာပမှာလည်းရှိတယ်။ ဝိပဿနာကုသိုလ်ကတော့ သာသနာပ မှာ မရှိဘူး။ ဒါကြောင့် သာသနာနဲ့ တွေ့ ရကျိုးနပ်အောင် သတိပဋ္ဌာန်ဝိပဿနာ တရားကို အားထုတ်ကြပါ"

ဟု တိုက်တွန်းလေ့ရှိ၏။

ဆရာတော်ကြီး၏ စေတနာမှာ သာသနာတော်နှင့် တွေ့ရကျိုးနပ် အောင် တိုက်တွန်းခြင်းသာ ဖြစ်ပေ၏။ ဆရာတော်ကြီးကား သတိပဋ္ဌာန်တရား အား ကမ္ဘာသို့ ပျံ့နှံ့အောင်ဖြန့်တော်မူ ခဲ့၏။

၂၉-၇-၁၉၀၄ ခု၊ သောကြာနေ့ တွင် ဖွားသန့်စင်တော်မူခဲ့ပြီး သက်တော် (၇၈) နှစ်၊ သိက္ခာတော် (၅၈) ဝါအရ ၁၄-၈-၁၉၈၂ စနေနေ့တွင် စံလွန်တော် မူခဲ့ပါသည်။

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာ ပဏ္ဍိတ နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာ့ ဗုဒ္ဓသာသနာပြု ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးအားလည်းကောင်း၊ ယခုလက်ရှိ မဟာစည်ဩဝါဒါစရိယ ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဇဋိလ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ (Ph.D) နေပြည်တော် ပျဉ်းမနား ဆရာ တော်ကြီးအား လည်းကောင်း ဤစာစု ဖြင့် ရိုသေစွာကန်တော့ပါ၏။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး

*(၆၅) ကြိမ်မြောက် မဟာစည် ဩဝါဒခံယူပွဲသို့ ကြိုတင်ပူဇော်ပါသည်။*



www.burmeseclassic.com

www.burmeseclassic.com



# ချောင်းဆုံအုန်းသွင်

(သဘာဝဝေမှု)

မြတ်ဗုဒ္ဓဘုရား၏အပိုင်းအခြားမရှိသောဉာဏ်

"မနေ့က ငါပြောခဲ့တာ ဘာ အကြောင်းလဲ၊ ဘယ်ကိုရောက်နေပြီလဲ"

စကားဝိုင်းစလျှင်စချင်း ကိုအုန်း စိန်က ကောက်မေးလိုက်ပါသည်။

ကိုအုန်းရွှေက -

"မင်းက ငါ့ကိုစမ်းသလားကွ။ ဒီ ဘက်နားကဝင်ပြီး ဟိုဘက်နားကထွက် သွားတဲ့အကောင်မှတ်လို့လား။ ငါသိချင် လွန်းလို့ မေးတဲ့စကားပဲ မှတ်ထားတာ ပေါ့။ မနေ့က ရုပ်အကြောင်းပြောတယ်။ ရုပ်ရဲ့အစမြူမှုန်ကလို့ပြောတယ်။ လည် သွားလို့ထတဲ့ဖုန်မှုန့်ကို ရထရေမြူ ခေါ်တယ်။ သူ့ရဲ့(၃၆) စိတ် (၁) စိတ် ကို တဇ္ဇာရီမြူလို့ခေါ်တယ်"

ကိုအုန်းစိန်က -

"အေး-မင်းတော်တယ်။ ငါမင်း အထင်သေးသလိုဖြစ်သွားတာ တောင် ပန်ပါတယ်။ အဲဒီမြူအကြောင်းကိုဆက် ကြရအောင်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ တဇ္ဈာရီမြူကို (၃၆)စိတ်စိတ်လိုက်၊ အဲဒီတစ်စိတ်စာကို အဏုမြူလို့ခေါ်တယ်။ အလွန်အင်အားကောင်းတဲ့ မှန်ဘီလူး၊ မှန်ပြောင်းတွေနဲ့ကြည့်မှမြင်ရတယ်။

**ရွှေ ။ ။** ဘာနဲ့စိတ်သလဲ။

**စိန် ။ ။** တို့ကတော့ စိတ်နဲ့ပဲစိတ်ပါကွာ။ သိပ္ပံပညာရှင်တွေကတော့ သူတို့တီထွင်ထားတဲ့လက်နက်ကိရိယာတွေနဲ့စိတ်တာပေါ့။

**ရွှေ ။ ။** သူတို့လည်း ဒီလိုစိတ်ကြသလား။

**စိန် ။ ။** အေး - စိတ်တယ်။ သူတို့အကြောင်းနောက်မှပြောမယ်။ မြတ်စွာဘုရားက အဘိညာဉ်တန်ခိုးနဲ့စိတ်တာ။ မြတ်စွာဘုရားက ဒါကိုထပ်စိတ်လိုက်သေးတယ်။ အဲဒီအဏုမြူရဲ့ (၃၆) စိတ်တစ်စိတ်စာကို ပရမာဏုမြူလို့ခေါ်တယ်။ အဲဒီပရမာဏုမြူကို ဘယ်လောက်အားကောင်းတဲ့ မှန်ဘီလူး၊ မှန်ပြောင်းနဲ့မှကြည့်လို့မမြင်တော့ဘူး။ မြတ်စွာဘုရားက အရှိန်အဟုန်မျှသာလို့ ဟောတော်မူတယ်။

**ရွှေ ။ ။** သိပ္ပံဆရာတွေလိုက်မစိတ်နိုင်တော့ဘူးပေါ့။

**စိန် ။ ။** စောစောပိုင်းကတော့ အဏုမြူအဆင့်ဟာနောက်ဆုံးပဲ။ အဏုမြူအစ အဏုမြူအဆုံးလို့ သတ်မှတ်ခဲ့တယ်၊ နောက်တော့ သူတို့လည်း တိုးတက်လာပြီး အဏုမြူကိုထပ်ပြီး ခွဲလို့ရလာပြန်တယ်။ဒါပေမယ့် မမြင်ရတော့တဲ့အခြေအနေကိုရောက်သွားပြီး မမြင်ရပေမယ့် ရုပ်အဖြစ်ရှိနေလို့ ဒါကို အင်နာဂျီအင်အားလို့ခေါ်တယ်။မြတ်စွာဘုရားက ဒီပရမာဏုမြူမှာ စောစောက ပြောခဲ့တဲ့ ပထဝီ၊ အာပေါ၊ ဝါယော၊ တေဇော ဆိုတဲ့ ဓာတ်ကြီးလေးပါးရယ်၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇဆိုတဲ့ မှီငြမ်းဓာတ်လေးပါးရယ် ပေါင်းဓာတ်ရှစ်ပါးပါတယ်။ ဒီဓာတ်ရှစ်ပါးနဲ့ ဖွဲ့စည်းထားတယ်လို့ ဟောတော်မူတယ်။

သိပ္ပံဆရာတွေကလည်း အဲဒီမှာ ဓာတ်ဖို - ဓာတ်မ မဏ္ဍိုင် (အဖို-အမ-အာကာသ-ကြား၊ ကွက်လပ်) ဓာတ်သုံးပေါင်းစပ်နေတယ်လို့ ဆိုတယ်။

မြတ်စွာဘုရားက ဓာတ်ကြီးလေးပါးဟာ တစ်ပါးနဲ့တစ်ပါး သဘာဝချင်းဟာ ဆန့်ကျင်တိုက်ခိုက်နေကြတယ်။ ဒီလို ဆန့်ကျင်တိုက်ခိုက်တဲ့အတွက် ပြောင်းလဲတယ်၊ ပျက်စီးတယ်လို့ ဟောတော်မူတယ်။ ရုပ် ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်က ဆန့်ကျင်ဘက်သဘာဝတရားနဲ့တွေ့ရင် ဖောက်ပြန်ပြောင်းလဲခြင်း၊ ပျက်စီးခြင်းလို့ရတယ်။ သူကိုဖွဲ့စည်းထားတဲ့ ဓာတ်ကြီးလေးပါးက ဆန့်ကျင်ဘက်တွေဖြစ်လို့ အမြဲဖောက်ပြန်ပျက်စီးနေတာပေါ့။ သိပ္ပံဆရာတွေက ဓာတ်ဖိုနဲ့ ဓာတ်မဟာ မဏ္ဍိုင် (အာကာသ၊ ကွက်လပ်) ကို ဗဟိုပြုပြီး အားပြိုင်နေကြတယ်။ ဒွန်တွဲပြီးလွန်ဆွဲနေကြတယ်လို့ ဆိုတယ်။ မြတ်စွာဘုရားက အဲဒီရုပ်မှုန်ကလေးတွေဟာ လျှင်လျှင်မြန်မြန် ဖောက်ပြန်ပျက်စီးနေတယ်။ ဖြစ်လိုက်၊ ပျက်လိုက်၊ အစားထိုးထပ်ဖြစ်လိုက်နဲ့ စဉ်ဆက်မပြတ်ဖြစ်-ပျက်နေတယ်။ ဖြစ်-ပျက်က ဘယ်လောက်မြန်သလဲဆိုရင် ဆိုကြပါစို့၊ တစ်စက္ကန့်လောက်အချိန်အတွင်းမှာ အကြိမ်ပေါင်းကုဋေငါးထောင်ဖြစ်-ပျက်တယ်လို့ အဘိညာဉ်တန်ခိုးနဲ့ မြင်ပြီးဟောတော်မူတယ်။

သိပ္ပံဆရာတွေကလည်း ဓာတ်ဖိုနဲ့ ဓာတ်မဟာ ဒွန်တွဲပြီး လွန်ဆွဲရင်း ပျက်လိုက် - ဖြစ်လိုက် (ပျောက်လိုက် - ပေါ်လိုက်) မြန်မြန်ကြီးဖြစ်ပျက်နေတယ်။ ဘယ်လောက်မြန်သလဲဆိုရင် တစ်စက္ကန့်မှာ အကြိမ်ပေါင်းကုဋေတစ်ရာဖြစ်ပျက်နေတယ်လို့ဆိုတယ်။

**ရွှေ ။ ။** မြတ်စွာဘုရားက ကြိုလည်းသိ၊ ပိုလည်းသိနေတာပေါ့နော်။

**စိန် ။ ။** ဟုတ်တယ်၊ ဒါကြောင့် သူတို့သိပ်ပြီးအံ့သြနေကြတာ။ သူတို့က ကိရိယာအားကိုးပဲမဟုတ်လား။ ကိရိယာက တိုးတက်သလောက်ပဲ သူတို့တိုးသိနိုင်တာပေါ့။ အခုပြောခဲ့တာတွေဟာ ဆရာကြီး ဦးသန်းရဲ့ (၇) ရက် တရားစခန်းစာအုပ်ကထုတ်နုတ်ပြီးပြောတာ။



**ရွှေ ။ ။** မမြင်ရတာကို ရုပ်လို့ခေါ်လို့ရမလား။

**စိန် ။ ။** လောကမှာ နာမ်နဲ့ရုပ်နှစ်မျိုးပဲရှိတာ။ နာမ်မှာ အသိပါတယ်။ ရုပ်မှာ အသိမပါဘူး။ နာမ်မဟုတ်ရင် ရုပ်ပဲပေါ့။ အသံနဲ့ အနံ့ဟာ ရုပ်ပဲ။ မြင်ရလား၊ အသိရှိလား။

**ရွှေ ။ ။** အေး - ဟုတ်တယ်၊ နာမ်အကြောင်းကိုကော သိပ္ပံဆရာတွေ မလေ့လာဘူးလား။

**စိန် ။ ။** သိပ္ပံဆရာတွေမလေ့လာဘူး။ တွေးခေါ်ပညာရှင်တွေလေ့လာတယ်။ သူတို့ အပေါ်ယံအကြမ်းပဲသိတယ်။ လောကသုံးပါးစလုံးကိုကြည့်လိုက်ရင် ရုပ်နဲ့ နာမ်နှစ်မျိုးပဲရှိတာကို တွေ့ရမယ်။ ရုပ်ချည်းသက်သက်ရှိတာက သက်မဲ့အရာဝတ္ထု၊ ရုပ်နဲ့နာမ်နဲ့ပေါင်းနေတာက သက်ရှိသတ္တဝါ။ ဒီနှစ်မျိုးစလုံးဟာ သဘာဝတရားပဲ။ ရုပ်ရဲ့ အခြေခံအဖွဲ့အစည်းက ဓာတ်ကြီးလေးပါးဖြစ်သလို နာမ်ရဲ့အခြေခံအဖွဲ့အစည်းက သိ(ဝိညာဏ်)၊ ခံစား(ဝေဒနာ)၊ မှတ်(သညာ) စေ့ဆော်(သင်္ခါရ)တို့ပဲ။

အဲဒီအခြေခံသဘာဝတရားကနေပြီး ရေတွက်စရာသင်္ချာမရှိအောင်များပြားတဲ့ သက်ရှိ သက်မဲ့အမျိုးအစားတွေကို သဘာဝတရားက အံ့သြလောက်အောင်၊ အံ့သြလို့မကုန်နိုင်လောက်အောင် အဆန်းတကြယ် ဖန်တီးထားတယ်။ စောစောကပြောခဲ့သလို ကမ္ဘာ၊ နေ၊ လ၊ နက္ခတ်တာရာတွေနဲ့ စကြဝဠာကြီးကို ဖန်တီးထားတယ်၊ ဖန်တီးထားတာတွေက တစ်ခုမှအပိုမပါဘူး။ သူ့နေရာနဲ့သူ့အလုပ်လုပ်နေကြတာပဲ။နေပူချိန်ချည်း၊ မိုးရွာချိန်ချည်း၊ ဆောင်းချမ်းချိန်ချည်းမဖြစ်အောင်၊ သတ္တဝါတွေနေသာထိုင်သာရှိအောင် ဥတုသုံးပါးဖန်တီးထားတယ်။ ဒါကို ဝိသမလောဘသားတွေက ဖျက်ဆီးကြလို့ အခုရာသီဥတုဖောက်ပြန်ပြီး ဒုက္ခရောက်နေကြရတယ်။ သတ္တဝါတွေနေထိုင်ဖို့၊ စားသောက်ဖို့၊ အစာရှာဖို့၊ လုပ်ကိုင်စားသောက်ဖို့ တော၊ တောင်၊ ရေ၊ မြေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေ ဖန်တီးထားတယ်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေမှာ ရေမပြတ်ဖို့ သမုဒ္ဒရာကရေကို ကောင်းကင်ကိုတက်စေပြီး (ရေခိုးရေငွေ့အဖြစ်ပျံတက်စေပြီး) အောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖြာချပေးတယ် (မိုးရွာပေးတယ်)။

ဒါက သက်မဲ့သဘာဝရဲ့ အံ့သြဖွယ်ဖန်တီးမှု။ သက်ရှိသဘာဝကျတော့ ကံဆိုတာ ပါလာတယ်။ အဲဒီကံပါတဲ့အတွက် ပိုပြီးကွဲကွဲပြားပြားတွေဖြစ်ကုန်တယ်။ သတ္တဝါတစ်ခုကံတစ်ခုလို့ပြောခဲ့တဲ့အတိုင်း သတ္တဝါအားလုံးဟာ ထပ်တူထပ်မျှမရှိကြဘူး။ တစ်မျိုးတည်းမှာပဲ တစ်ဦးနဲ့တစ်ဦး မတူကြဘူး။

အခု တို့သုံးယောက်ကိုကြည့်။ တို့သုံးယောက်ဟာ တစ်ရွာတည်းမှာ မိနစ်တောင်မလွဲဘဲ တစ်ရက်တည်း၊ တစ်ချိန်တည်းမွေးကြတယ်။ အကျဉ်းနှစ်မျိုးပြောမယ်။ ငါက ဝသလိုရှိတယ်၊ အသားညိုတယ်၊ အရပ်ပုတယ်။ အုန်းရွှေက ဖြူတယ်၊ ပိန်တယ်၊ အရပ်ရှည်တယ်။ အုန်းသွင်က ဖြူတယ်၊ ပိန်တယ်၊ အုန်းရွှေလောက် အရပ်မရှည်ဘူး။ စီးပွားရေးအခြေအနေမှာ ငါကအချောင်လည်ဆုံး။ အုန်းရွှေက မရှိမရှား။ အုန်းသွင်က ဆင်းရဲတယ်။ အဲဒါဘဝအဆက်ဆက်ကပါလာတဲ့ကံတွေ မတူကြလို့ဘဲ။

နတ်တို့ဗြဟ္မာတို့ကိုထား။ ကျန်တဲ့သတ္တဝါတွေမှာ လူက အချိုးအကျဆုံးပဲ။ အင်္ဂါအပြည့်စုံဆုံးပဲ။ အချိုးအကျဆုံး အစီအစဉ်အကျဆုံးပဲ။ အဲဒါ ကံကြောင့်ပဲ။ လူမှာလည်း အင်္ဂါမစုံသူတွေ ကံအလျောက်ရှိကြပြန်တာပေါ့။ အများစုကိုပြောတာ။ ရုပ်အခြေခံက လေးပါး၊ နာမ်အခြေခံက လေးပါး၊ ရုပ်ရဲ့မှီငြမ်းဓာတ်လေးပါး၊ ပေါင်းရှစ်ပါး။ နာမ်လည်းသိစိတ်ဖြစ်ဖို့ ရှစ်ပါးလို့ပြောခဲ့ပြီးပြီနော်။ ရုပ်မှာပါဝင်တဲ့အင်္ဂါအားလုံးဟာ (၂၈)ပါးရှိတယ်။ နာမ်ကျတော့ စိတ်နဲ့စေတသိက်ပေါင်းထားတာ နာမ်လို့ပြောခဲ့တယ်။ စိတ်မှာ(၈၉)ပါး၊ စေတသိက်မှာ(၅၂)ပါး၊ ပေါင်း (၁၄၁) ပါး ရှိတယ်။ ဒါဟာ မြတ်စွာဘုရား ခွဲခြားပြထားတာ။ သူတို့အကြောင်းကိုတော့ နောက်မှပြောမယ်။ အခုပြောဖို့မလိုသေးဘူး။ အခုဟာက သဘာဝတရားရဲ့ ဆန်းကြယ်ပုံနဲ့ ဆန်းကြယ်တဲ့သဘာဝတရားတွေကို ခွဲခွဲခြားခြား ပြည့်ပြည့်စုံစုံနဲ့ အမှန်အတိုင်းကို သိတာ လောကမှာ ဘုရားပဲရှိတယ်။ ဘုရားတစ်ဆူတည်းပဲရှိတယ်ဆိုတာကို ပြောတာ။ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ဆိုတာ သိချင်တာကို ဆင်ခြင်ရင် အကုန်သိတယ်။ အမှန်အတိုင်းသိတယ်။ အတားအဆီး အကန့်အသတ်မရှိသိတယ်။ သတ္တဝါတွေရဲ့အကြောင်းနဲ့ သတ္တဝါတွေရဲ့ ကံအကြောင်းကို စောစောကပြောခဲ့ပြီ။

သာမန်သတ္တဝါတွေဟာ ကိုယ့်အကြောင်းကိုယ်မသိဘူး။ အသိဉာဏ်ရှိတယ်ဆိုတဲ့ မင်းတို့ငါတို့တောင် ကိုယ့်အကြောင်းကိုအကုန်မသိဘူး။ ဟိုးအရင်ဘဝနဲ့နောက်ဘဝဆိုတာကိုထား။ ဒီဘဝမှာ ဘာတွေဖြစ်ခဲ့တယ်၊ ဘာတွေဖြစ်ဦးမယ်၊ ဘာကြောင့်ဖြစ်တယ်ဆိုတာတောင် မသိဘူး။ဈာန်အဘိဉာဏ်ရတဲ့ပုဂ္ဂိုလ်တွေတောင် အတိတ်ဘဝတွေကို ပြန်ကြည့်ရင် အကန့်အသတ်နဲ့ပဲမြင်နိုင်တယ်။ ပြီးတော့ သတ္တဝါတိုင်းကိုမြင်နိုင်တာမဟုတ်ဘူး။

မြတ်စွာဘုရားဟာ စကြဝဠာမှာရှိတဲ့သတ္တဝါအားလုံးရဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကိုကြည့်ချင်လို့ကြည့်ရင် အကန့်အသတ်မရှိ အကုန်အစင်မြင်တော်မူတယ်။ ဥပမာပြောရရင် မဟာသမုဒ္ဒရာထဲကို ရေတွေစီးဝင်ကြတယ်။ ဘယ်ကနေစီးဝင်သလဲ၊ မြစ်ကြီးတွေကပေါ့။ မြစ်ကြီးတွေထဲကို မြစ်ငယ်တွေကစီးဝင်ကြရတယ်။ မြစ်ငယ်တွေထဲကို အင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေကနေ စီးဝင်ကြတယ်။ အဲဒီအင်း၊ အိုင်၊ ချောင်း၊ မြောင်းတွေထဲကို မိုးရွာလို့ (သမုဒ္ဒရာရော၊ မြစ်ကြီး၊ မြစ်ငယ်တွေထဲလည်း မိုးရွာလို့ဝင်တာရှိတယ်) ဝင်တယ်။ တောင်ကုန်း၊ တောင်ထွတ်များမှာလည်း မိုးရွာလို့ တောင်ကျချောင်းကလေးများအဖြစ် စီးဆင်းပြီး အင်း၊ အိုင်၊ ချောင်း၊ မြောင်းစသည်တို့ကိုဝင်တယ်။ အခုပြောခဲ့တဲ့ အမျိုးအမည်တွေဟာ ကမ္ဘာကြီးတစ်ခုလုံးမှာ အရေအတွက်ဘယ်လောက်ရှိမလဲ။ ရေတွက်စရာ သင်္ချာမရှိဘူး။ မရေတွက်နိုင်ဘူး။ အဲဒါတွေအားလုံးဟာ သမုဒ္ဒရာထဲရောက်တော့ အကုန်ရောပြီး တစ်မျိုးတည်းဖြစ်သွားတယ်။ အဲဒီသမုဒ္ဒရာထဲကရေကို မူလလာရင်းဒေသ၊ ဘယ်ရေက ဘယ်ကလာတယ်ဆိုတာ ခွဲလို့ရနိုင်ပါ့မလား၊ မရနိုင်ဘူးမဟုတ်လား။

သတ္တဝါတွေနဲ့ ဘဝများစွာ သံသရာကပြုခဲ့တဲ့ သတ္တဝါတွေရဲ့ ကံတရားတွေဟာလည်း အဲဒီလိုပဲရှုပ်ထွေးနေတာပဲ။ ဒါကို မြတ်စွာဘုရားက သတ္တဝါတိုင်းရဲ့ကံတရားကို ကာလသုံးပါးနဲ့ယှဉ်ပြီးသိတယ်။ ညတိုင်း ဘုရားကျောင်းတော်လာပြီး တရားနာတဲ့ သူတော်ကောင်း ဥပါသကာဟာ သူခိုးစွပ်စွဲခံရပြီးအသတ်ခံရတော့ 'ကောင်းတာလုပ်နေသူ မကောင်း



တာဖြစ်ရတယ်'လို့ပြောကြတယ်။

မြတ်စွာဘုရားက ဥပါသကာ အတိတ်ဘဝ မြို့သူကြီးဖြစ်စဉ်က သူ့မယားကိုလိုချင်လို့ သူ့လင်ကိုသူခိုးအဖြစ် အကွက်ဆင်ပြီးသတ်ခဲ့ဖူးတဲ့ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူတယ်။ သတ္တဝါတိုင်းကို အကြောင်းတိုက်ဆိုင်လာရင် ဟောတော်မူနိုင်တယ်။

ဒါကြောင့် သဗ္ဗညုတဉာဏ်ဆိုတာကို ပေါ့ပေါ့တန်တန်မထင်နဲ့။ မြတ်စွာဘုရားမှာ သဗ္ဗညုတဉာဏ် ဆိုတာ တကယ်ရှိသလား၊ မြတ်စွာဘုရားဟာ ဂန္ဓီတို့လောက်ပညာရှိပါပဲလို့ တစ်ခါ မြန်မာနိုင်ငံမှာ ပြောသူပေါ်ဖူးတယ်။ သဗ္ဗညုတဉာဏ်ကို မြတ်စွာဘုရား လွယ်လွယ်ကူကူရခဲ့တာ မဟုတ်ဘူး။ ကမ္ဘာပေါင်း အသင်္ချေ (၂၀) နဲ့ (၁)သိန်း ပါရမီဖြည့်ပြီးမှရခဲ့တာ။ မြတ်ဘုရားဖြည့်ခဲ့တဲ့ ပါရမီ (၁၀) ပါးထဲက တစ်ပါးကို တစ်ကမ္ဘာလောက်ကိုပဲဖြည့်နိုင်ဖို့ အလွန်ခဲယဉ်းတယ်။

**ရွှေ ။ ။** လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း မဟုတ်လား။

**စိန် ။ ။** အဲဒါက ဒီပင်္ကရာမြတ်စွာဘုရားထံကဗျာဒိတ်ရပြီးမှဖြည့်တာ။ အဲ မတိုင်ခင်က ဘုရားဖြစ်ချင်လို့ စိတ် ကြံပြီး ဘုရားဖြစ်ကြောင်း ကောင်းမှု တာ ကမ္ဘာပေါင်း ခုနစ်အသင်္ချေ၊ နှုတ် ဖွင့်ဟ ဆုတောင်းပြီး ဖြည့်တာ ကိုးအသင်္ချေ။

**ရွှေ ။ ။** အုန်းသွင်မနှင်ခင်သွား စို့။ အချိန်နည်းနည်းတောင်လွန်သွားပြီ

ချောင်းဆုံအုန်းသွင်



www.burmeseclassic.com

www.burmeseclassic.com

မဟာနွယ်(မန်းတက္ကသိုလ်)

# ပေါ်တော်မူမြတ်ဗုဒ္ဓဘုရားရှင်

'သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း (၆၃၅၂၇၅၅)' ဟူ၍ ဆိုရိုးစကားရှိကြ၏။ ဗုဒ္ဓအဆူဆူတို့၏ အရေအတွက်ကို လွယ်လွယ်ကူကူနှင့်သိရှိကြစေရန် ရှေးပညာရှင်တို့က အဆိုအမိန့်ရှိခဲ့ပါ၏။ ရခိုင်ပြည်နယ်သို့ ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါကပင် ကြွရောက်လာခဲ့ပါ၏။

ရခိုင်ဘုရင်မှာ မဟာစန္ဒာသူရိယမင်း ဖြစ်ပါ၏။ ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်အခါကပင် ရခိုင်အမျိုးသားတို့သည် ထေရဝါဒဗုဒ္ဓဘာသာကိုခံယူပြီးသားဖြစ်ကြ၏။ ထိုအချိန်အခါမှစ၍ ယနေ့ထက်တိုင် မည်သည့်ဘာသာသို့မျှကူးပြောင်းကိုးကွယ်ခြင်းမပြုဘဲ မြတ်ဗုဒ္ဓသာသနာတော်မြတ်ကိုသာ သက်ဝင်ယုံကြည်စွာကိုးကွယ်ဆည်းကပ်လာခဲ့ကြ၏။

ဗုဒ္ဓဘာသာကို အခြေပြု၍ ရခိုင်အမျိုးသားတို့သည် ဥဒ္ဒိဿစေတီ၊ ဓာတုစေတီ၊ ပရိဘောဂစေတီ၊ ဓမ္မစေတီ ဟူ၍ စေတီလေးဆူတို့ကိုလည်း နိုင်ငံအနှံ့အပြား တည်ထား ကိုးကွယ်လာကြ၏။ ထိုလေးဆူသောစေတီများအနက် ဓာတုစေတီကို အုတ်၊ ကျောက်၊ ဘိလပ်မြေတို့ဖြင့် တည်ဆောက်လာကြ၏။ ထိုစေတီတို့မှာလည်း ပုံစံအမျိုးမျိုးဖြင့် တည်ဆောက်ကာ ကိုးကွယ်လာခဲ့ကြသည်။

အဆိုပါ ဓာတုစေတီတော်တို့တွင် ဌာပနာထည့်ကြရာ၌လည်း ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ မြ၊ စိန်တို့ကို ဌာပနာအထဲသို့ထည့်သွင်းကာ ပူဇော်ကြပါသည်။ တစ်နည်းဆိုရသော် အဆိုပါ ရွှေ၊ ငွေ၊ စိန်ကျောက်ရတနာများကို ဗုဒ္ဓပုံတူထုလုပ်၍ ဌာပနာထဲသို့ ထည့်သွင်းပူဇော်ကြ၏။

အထူးသဖြင့် စိန်ဘုရား၊ ငွေဘုရား၊ ရွှေဘုရား၊ ပတ္တမြားဘုရားနှင့် ဘုရားရှင်တို့ ဖြစ်ကြ၏။ ရခိုင်အမျိုးသားတို့သည် စေတနာသဒ္ဓါထက်သန်စွာဖြင့် မိမိတို့၏ လက်၌ဝတ်ဆင်ထားသော လက်ကောက်ပုံစံအမျိုးမျိုး လက်စွပ်ပုံစံအမျိုးမျိုး၊ ခြေချင်းပုံစံအမျိုးမျိုး၊ လည်၌ဆွဲထားသော လည်ဆွဲကြိုးပုံစံအမျိုးမျိုးတို့ကိုလည်း စေတနာ



ပေါ်တော်မူ မြတ်ဘုရားရှင်

သဒ္ဓါတရားထက်သန်စွာဖြင့် ဓာတုစေတီတော်တွင် လှူဒါန်းခဲ့ကြ၏။ ထိုသို့လှူဒါန်းကြသည့်အခါမှာလည်း လှူဒါန်းသောပစ္စည်းအပေါ် မှာမူတည်၍ သစ္စာအဓိဋ္ဌာန်ပြုကာ လှူဒါန်းခဲ့ကြ၏။ ထိုသို့သစ္စာအဓိဋ္ဌာန်ပြုရခြင်းမှာလည်း အဆိုပါပစ္စည်းတို့ကို မသူတော်တို့လက်ဝယ်သို့ မရောက်သွားစေရန် သစ္စာအဓိဋ္ဌာန်ဖြင့် တားဆီးကာကွယ်ထားခြင်းမျှသာဖြစ်ကြပါ၏။ ဗုဒ္ဓသာသနာတော် အနှစ်(၅၀၀၀) တည်ရှိသမျှကာလပတ်လုံး တည်တံ့စေလိုသောစိတ်ဆန္ဒစေတနာသဘောထားရှိကြပါ၏။

ယင်းကြောင့်လည်း ရခိုင်ပြည်နယ်တစ်နံတစ်လျားမှာ စေတီပုထိုးပွားများခြင်းတို့ ဖြစ်လာကြရ၏။ ရှေးအခါက ရခိုင်အမျိုးသားတို့သည် မိမိတို့ပိုင်ဆိုင်သော အိမ်ရာမြေ၊ ဥယျာဉ်ခြံမြေ၊ လယ်ယာမြေတို့ကို ဗုဒ္ဓဘုရားရှင် ဓာတုစေတီတော်အား လှူဒါန်းခဲ့ကြ၏။ ယင်းသို့လှူဒါန်းခဲ့သောအခါ၌ အဆိုပါ အိမ်ရာမြေ၊ ဥယျာဉ်ခြံမြေနှင့် လယ်ယာမြေတို့ကို သချိုင်းတည်ကာ လှူဒါန်းခဲ့ကြသည်။

သချိုင်းတည်ထားသောလယ်ယာမြေ၊ ဥယျာဉ်ခြံမြေနှင့် အိမ်ရာမြေတို့ကို လူတို့ရွေးချယ်ရန် ကြောက်ရွံ့ကြ၏။ လက်မခံ



www.burmeseclassic.com

www.burmeseclassic.com



စေတီများပြိုကျသောနေရာ၌တွေ့ရသောဆင်းတုတော်များ



စေတီများပြိုကျသောနေရာ၌တွေ့ရသောရှေးဟောင်း ဆင်းတုတော်များ

ကြပါချေ။ ဤသို့ သချိုင်တည်ထားသော လယ်ယာဥယျာဉ်မြေတို့ကို လုပ်ကိုင်စားသောက်ပါကလည်း လုပ်ကိုင်သောသူသည် ကြီးပွားချမ်းသာမှုတို့ကို မရရှိနိုင်ကြပါချေ။ ယင်းသို့ ရခိုင်အမျိုးသားတို့က အယူစွဲလမ်းကာ ယုံကြည်စွာလက်ခံထားရှိကြလေ၏။

'သချိုင်လယ်လုပ်အရင်းပြုတ်' ဟူ၍ ဆိုစမှတ်ပြုကြ၏။

ရခိုင်ပြည်နယ်တစ်နံတစ်လျားတွင် ဗုဒ္ဓရုပ်တုတော်များကား နေရာအနှံ့အပြားတွင် တွေ့ရှိနိုင်၏။ အထူးသဖြင့် မြောက်ဦးမြို့နယ်တစ်ဝိုက် မင်းပြား၊ ပုဏ္ဏားကျွန်းနှင့် ကျောက်တော် စသည်မြို့နယ်များတွင်လည်း မြေတို့ကိုတူးဆွရုံမျှဖြင့် ဘုရားရှင်၏ ရုပ်တုတော်များကို ရရှိနိုင်ကြပါ၏။

တစ်ခါက လယ်သမားတစ်ဦး ပုရစ် (သတ္တဝါ) တူးဖော်ရာမှ ရွှေဘုရားရှင်ရုပ်တုပေါင်းများစွာကို မြေသပိတ်ထဲ၌ထည့်သွင်းကာ မြှုပ်နှံထားခြင်းကို တွေ့ရှိရပါ၏။

ထိုသူသည် ဘုရားတစ်ဆူကိုယူကာ လုံပက်အိုးကြီး၌ထည့်၍ ဖားဖိုကြီးနှင့်ဖျော်ကြည့်ရာပျော်သွားပါ၏။ ဘုရားရှင်ပျော်ကျသွားသဖြင့် လုံအိုးကိုညှပ်နှင့်ကိုင်တွယ်ကာ မြေပေါ်သို့သွန်ချလိုက်၏။ မြေပေါ်သို့ရောက်သောအခါ ဘုရားရှင်မှာ မူလအတိုင်းပင်မူမပျက်ဘဲ ဘုရားရှင်ရုပ်တုအတိုင်း တည်ရှိနေ၏။

ဘုရားရှင်အား အရည်ပျော်အောင်ဖျော်သောသူသည် မျက်လုံးမျက်ဆန်ပြူးကျယ်သွားကာ အလွန်ကြောက်ရွံ့တုန်လှုပ်ချောက်ချားသွားလေသည်။ ဆက်လက်၍ကား အရည်မဖျော်တော့ပါချေ။

ထိုအကြောင်းအရာကို ခင်မင်သော သူငယ်ချင်းတစ်ဦးအား ပြောပြရာ သူက အလွန်စိတ်ဝင်စားလာလေ၏။

"ဒီရွှေဘုရားတွေကို ငါဖျော်အောင်ဖျော်မယ်"

ဟု ဆိုကာ ထိုသူသည် ရွှေဘုရားရှင်တို့အား ယူသွားကာ ပန်းပဲဖို၌ လုံပက်အကြီးစားနှင့် ဘုရားရှင်ရုပ်တုတော်သုံးဆူတို့ကိုထည့်ပြီး မီးပြင်းပြင်းဖြင့်ထိုး၍ ဖျော်လေ၏။ ဘုရားရှင်ရုပ်တုတော်များမှာ မီးပြင်းသဖြင့် အရည်ပျော်ကျခြင်းသို့ ရောက်ကြ၏။ အရည်ပျော်သွားသဖြင့် သူသည် ဝမ်းသာအားရ ရွှင်မြူးနေလေ၏။

ဘုရားရှင်ရုပ်တုတော်များ အရည်ဖျော်ထားသော လုံပက်ကြီးကို ဖိုမှချ၍ အအေးခံလေ၏။ တဖြည်းဖြည်းအေးခဲလာ၏။ အေးခဲလာသောအခါ ဘုရားသုံးဆူစလုံးမှာ ဘုရားရှင်ရုပ်တုပြန်ဖြစ်၍ နေသည်ကို တွေ့ရလေ၏။ ထိုသူလည်း အလွန်ကြောက်ရွံ့တုန်လှုပ်သွားလေ၏။ ထိုသူသည် ဆက်လက်၍ အရည်ဖျော်ခြင်းလုပ်ငန်းကို မပြုလုပ်ဝံ့တော့ပါချေ။

သူသည် မူလက ဘုရားများကို ရရှိသောလူ၏လက်ဝယ်သို့ ဘုရားရှင်တို့အား ပြန်လည်အပ်နှံလေ၏။ ဤသို့ဖြင့် ရခိုင်ပြည်နယ်အနှံ့အပြားတွင် တွေ့ရှိရသော ရွှေဘုရား၊ ငွေဘုရား၊ စိန်ဘုရား၊ မြဘုရားနှင့် ပတ္တမြားဘုရားရှင်တို့သည်ကား တစ်စုံတစ်ယောက်သောသူတို့၏ ပျက်စီးအောင် ဖျက်ဆီးငြားသော်လည်း မရတော့ပါချေ။ မပျက်၊

ဓာတုစေတီတော်၌ ဌာပနာထည့်သွင်းသောအချိန်မှစ၍ သူတို့သည်သစ္စာအဓိဋ္ဌာန်ပြုကာ ဌာပနာထည့်ကြလေ၏။

ယခုတင်ပြမည့် ပေါ်တော်မူမြဘုရားရှင်သည်လည်း သီတင်းသုံးရာစေတီတော်မှာ မိုးဒဏ်၊ လေဒဏ်၊ ရာသီဥတုဒဏ်နှင့် မြေငလျင်ဒဏ်တို့ကြောင့် ပြိုပျက်သွားခဲ့ရသောစေတီတော်တစ်ဆူ၏ ဌာပနာတို့မှ ကျရောက်လာသော မြဘုရားရှင်တစ်ဆူ ဖြစ်ဟန်တူပါ၏။

ထိုပေါ်တော်မူမြဘုရားရှင်ကို ရရှိသော နယ်မြေတစ်ဝိုက်တွင် စေတီအပြိုအပျက်များမှာ ရှစ်လုံးတိတိရှိပါ၏။ ထို စေတီပျက်ရှစ်လုံးအနက် တစ်ခုခုသော စေတီမှကျရောက်လာသော မြဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com

# ကလေးသူငယ် ကျောပူခေါင်းပူထသော်ကုထုံး

လသားအရွယ်မှ တစ်နှစ်သားအရွယ်(အခါလည်)အထိ ကလေးသူငယ်များတွင် ကျောပူခေါင်းပူရောဂါစွဲတတ်ပါသည်။

မိခင်ဖြစ်သူ ငရုတ်၊ ချင်း၊ ကြက်သွန် စသည်ဖြင့် အပူအစပ်အစားများ စားမိ၍သော် လည်းကောင်း၊ ကလေးမှာ မွေးဘတ် လမ်းမလျှောက်နိုင်သေးဘဲ ထက်လက်အနေအထားဖြင့် အိပ်ရာထဲတွင် အနေများရ၍ လည်းကောင်း ကျောပူခေါင်းပူစွဲကပ်တတ်ပါသည်။

ကျောပူခေါင်းပူရောဂါစွဲနေသော ကလေးသည် ဆံပင်လိမ်ခြောက်နေပြီး ကောင်းစွာ ဆံပင်မသန်ပါ။ ပြောင်းဖူးမွေးလို လိမ်ခြောက်နီကြင်နေတတ်ပါသည်။ ဦးခေါင်းနှင့် နောက်ကျောကို စမ်းကိုင်ကြည့်လျှင် အလွန်ပူနေတတ်ပါသည်။

ထိုသို့သော ကလေးငယ်များအတွက် -

၁ ဆန်ဆေးရာတွင်ရရှိသော ဆန်ဆေးရည်များစုယူထားပြီး ရေချိုးပေးပါ။

ထို့နောက် -

၁ ကြိတ်မှန်ရွက်အစို၊ ခွေးသေးပန်းအရွက်ဟုခေါ်သည့် သားလှကျေးဇူးရွက်တို့ကို ကြိတ်ခြေအရည်ညှစ်ယူပြီး ရှိန်းခိုအနည်းငယ်သွေးထည့်ကာ ငယ်ထိပ်မှနေ၍ အောက်ခြေဖျားအထိ လိမ်းပေးပါ။

ယင်းသို့ သုံး၊ လေးရက်ပြုစုပေးလိုက်လျှင် တစ်ကိုယ်လုံး အေးမြပြီး ကလေးသည် အပူကင်းကာ ဝဖြိုးလာပါမည်။

နတ်မောက်မင်းချစ်နော်

---

တစ်ဆူ ဖြစ်တန်ရာ၏။

ပေါ်တော်မူမြဘုရားရှင်သည် မိုးရေ ချောင်းရှေတို့ဖြင့် မျောပါလာခဲ့၏။ ယင်းသို့ မျောပါလာရာ မည်၍မည်မျှကြာညောင်းခဲ့သည်ကိုကား မခန့်မှန်းနိုင်ပါချေ။

မဇရိုင်းရွာမရွာမှ (၁၂) နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးသည် ချောင်းနံဘေး တမ်းစပ်တွင် အဆိုပါ ပေါ်တော်မူမြဘုရားရှင်အား တွေ့ရှိခဲ့၏။ အဆိုပါ အမျိုးသမီးငယ်သည် ရွှံ့သဲထဲမှ ဘုရားရှင်အား ထုတ်ယူလေ၏။

သူမသည် နေအိမ်သို့ရောက်သော အခါ မိဘများအားပြသခဲ့၏။ မိဘများက ဘုရားရှင်ကိုမြင်သဖြင့် ဤဘုရားရှင်သည် ထူးဆန်းသော ဘုရားရှင်တစ်ဆူဖြစ်၏ဟု ယူဆကြ၏။ ဤဘုရားရှင်အား နေအိမ်၌ ထားရန်မသင့်တော်ကြောင်း ထင်မြင်လာကြပြန်ပါ၏။

ယင်းကြောင့် ထိုဘုရားရှင်အား ရရှိလာသော အမျိုးသမီးငယ်သည် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်ဘုရားလက်ဝယ်သို့ ဆက်ကပ်လေ၏။ ကျောင်းထိုင်ဆရာတော်ဘုရားသည် ထိုမြဘုရားရှင်အား သင့်တင့်လျောက်ပတ်သောနေရာတွင်ထားရှိလေ၏။

ပေါ်တော်မူ မြဘုရားရှင်သည် ဘုန်းတော်ကြီးကျောင်းတော်သို့ရောက်ရှိကြောင်းကို ကျေးရွာရှိ ဒကာ၊ ဒကာမတို့က သိရှိလာကြ၍ ဘုန်းတော်ကြီးကျောင်းတော်သို့ လာရောက်ကာ ပေါ်တော်မူမြဘုရားရှင်အား ဖူးမြော်ကန်တော့ကြလေ၏။

သို့ဖြင့် တစ်စတစ်စနှင့် ပေါ်တော်မူမြဘုရားရှင်အား လူသိများလာကာ ရွာနီးချုပ်စပ်မှ ဒကာ၊ ဒကာမများ လာရောက်ကာ ဖူးမြော်ကြည်ညိုနေကြ၏။ မဇရိုင်းကျွန်းရွာပေါင်း (၂၄) ရွာမှ လူအများကလည်း လာရောက်ကာ ဖူးမြော်ကြည်ညို ပူဇော်ကန်တော့လာကြလေ၏။ တစ်နေ့တစ်နေ့ ဘုရားဖူးသူပေါင်း ထောင်ချီပြီးတော့ လာရောက်ကြသဖြင့် မဇရိုင်းရွာမကျေးရွာသူကျေးရွာသားများမှာ ဧည့်ဝတ်ကျေပွန်စွာဖြင့် ကျွေးမွေးဧည့်ခံကြလေ၏။ ထို့အတူပင် မြစ်တစ်ဖက်ကမ်းတွင်ရှိသော ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်မှ ဒကာ၊ ဒကာမများမှာလည်း လောင်းများဖြင့်တစ်တန်၊ စက်လှေများဖြင့်တစ်တန် လာရောက်ကာ ကြည်ညိုဖူးမြော်ကန်တော့ပူဇော်နေကြ၏။

ပေါ်တော်မူ မြဘုရားရှင်အား ကြည်ညိုသဒ္ဓါပွားများစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာ၊ တံခွန်၊ ကုက္ကား၊ အမွှေးတိုင် စသည်တို့ဖြင့် လှူဒါန်းကာ ပူဇော်ဖူးမြော်နေကြသည်။

ပေါ်တော်မူမြဘုရားရှင်သည် ရခိုင်ဝေသာလီခေတ်ဦးကထုလုပ်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဖြစ်ပါ၏။ မြဘုရားရှင်၏ မုဒြာမှာ ဈာနမုဒြာဈာန်ဝင်စားနေပုံဖြစ်ပါ၏။

ပေါ်တော်မူမြဘုရားရှင်၏အတိုင်းအတာမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။ ပေါ်တော်မူ မြဘုရားရှင်၏ ဉာဏ်တော်မှာ (၂) လက်မသာရှိပါ၏။ ရင်ဘတ်တော်မှာ (၁) လက်မသာရှိပါ၏။ နားတော်မှာ မဆက်ပါ။ ခြေတော်အနေအထားမှာ ခြေထပ်ဖြစ်ပါ၏။ လက်မောင်းတော်မှာ (၁) လက်မမျှသာရှိပါ၏။

ပေါ်တော်မူ မြဘုရားရှင်၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ လျှပ်စစ်မီးဖြင့်ထွန်းကြည့်ပါက စိန်မှုန့်များကြပ်ထားဘိသကဲ့သို့ တဖိတ်ဖိတ်တလျှမ်းလျှမ်း အရောင်တော်များ ထွက်ပေါ်လျက်ရှိပါ၏။

ရှေးရခိုင်ပန်းချီပန်းပုပညာရှင်တို့၏လက်ရာတို့ကား အံ့မခန်းနိုင်အောင် လက်ရာပြောင်မြောက်ကြောင်းကို ဤပေါ်တော်မူ မြဘုရားရှင်က သက်သေထူလျက်ရှိပါ၏။ ဖော်ကျူးနေပါ၏။

အထူးကြည်ညိုဖွယ်ကောင်းသော ပေါ်တော်မူ မြဗုဒ္ဓဆင်းတုတော်တစ်ဆူဖြစ်ပါကြောင်းနှင့် လာရောက် ဖူးမြော်ကြည်ညိုပူဇော်နိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် တိုက်တွန်းအပ်ပါသတည်း။

*ကျန်းမာချမ်းသာဝမ်းသာနိုင်ကြပါစေ*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ၏ ရှင်ဇာတ်လမ်းများ

# ပဏ္ဏာသိရိ

## အလျှော့အဆင့်ဆင့် မြင့်သထက်မြင့်

ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် ပကိဏ္ဏကနိပါတ် ဘိက္ခာပရမ္ပရဇာတ်တော်တွင် ဖြဟ္မဒတ်ဘွဲ့မည်ခံ မင်းတစ်ပါးဖြစ်၍ မိမိအတွက် ဆက်သလာသော ပွဲတော်စာကို မိမိ မစားဘဲ မိမိ၏ ပုရောဟိတ်ပုဏ္ဏားမှ တစ်ဆင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား လှူဒါန်းခွင့်ရခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ညီတော်အာနန္ဒာ၏ အလောင်းလျာသည် ဗာရာဏသီမြို့တော်၌ မင်းစဉ်မင်းဆက် ခံယူမြဲဖြစ်သော ဗြဟ္မဒတ် ဟူသောဘွဲ့မည်ဖြင့် ထီးနန်းစိုးစံခဲ့ရ၏။ ထို့အတူပင် အရှင်သာရိပုတ္တရာ၏ အလောင်းလျာသည်လည်း ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားဖြစ်ခဲ့လေသည်။

အလောင်းလျာဗြဟ္မဒတ်မင်းသည် ဗာရာဏသီမြို့တော်ကို ဗဟိုပြုသော



ကာသီတိုင်းပြည်ကြီးတစ်ခုလုံးကို မင်းကျင့်တရားဆယ်ပါးနှင့်အညီ စီမံအုပ်ချုပ်၏။ အမှုကိစ္စဟူသမျှတွင် အဂတိတရားလေးပါးနှင့် ကင်းလွတ်အောင် မင်းမှုထမ်းတို့ကို တင်းကျပ်သောစည်းကမ်းဥပဒေများချမှတ်ထား၏။ ချမှတ်ထားသော စည်းကမ်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးကြရန် မပြတ်တမ်း အဆုံးအမဩဝါဒစကားများ မြွက်ကြား၏။

ဤသို့ စီမံအုပ်ချုပ်လာခဲ့သဖြင့် မြို့ရွာနယ်ပါ သာယာအေးချမ်း၍ စီးပွားဥစ္စာများ တိုးတက်လာကြလေရာ တိုင်းသူပြည်သားလူအများက ဗြဟ္မဒတ်မင်း၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးကာ သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းကြလေသည်။

ဤသို့ တိုင်းသူပြည်သားလူအများ၏ ကြည်ညိုလေးစားမှုကို ခံယူရသော်ငြားလည်း ဗြဟ္မဒတ်မင်းမှာ ရာနှုန်းပြည့်အားရကျေနပ်ခြင်းကို မရနိုင်ခဲ့ပါ။ မိမိနှင့် ထိတွေ့ဆက်ဆံလာခဲ့ရသူအားလုံးက မိမိကို ကြည်ညိုလေးစားကြောင်း ထုတ်ဖော်ပြောကြား၍နေကြသော်ငြားလည်း တစ်နေရာရာမှာတော့ မိမိအပေါ် မလိုလားသူတစ်ယောက်ယောက်များရှိနေဦးမည်လားဟု တွေးတောကာ စိတ်ထဲမှာ စနိုးစနောင့်ဖြစ်နေရ၏။ ထိုမှဆက်လက်၍ မိမိအပေါ် မလိုလားသူတစ်ယောက်ယောက်ကို တွေ့လိုတွေ့ငြား ရှာကြည့်သင့်သည့် စိတ်ဆန္ဒများ ပွားစီးလာကြ၏။ ပွားစီးလာသောစိတ်ဆန္ဒများအရ မျက်စိကိုဖွင့်၍ နားကို စွင့်နိုင်သမျှစွင့်၍ မိမိအပေါ် မလိုလားသူကို စုံစမ်းထောက်လှမ်းလာခဲ့ရာ ရွှေနန်းတော်ကြီးတစ်ခုလုံးမှာ ရှာ၍မတွေ့ရပါချေ။

ရွှေနန်းတော်မှာ ရှာမတွေ့ရုံမျှဖြင့် အားရကျေနပ်ခြင်း မရှိသေးသဖြင့် ဗာရာဏသီမြို့တော်ကြီးက ရပ်ကွက်အသီးသီး၊ လမ်းကြောင်းအသွယ်သွယ်တို့သို့ လျှို့ဝှက်အထောက်တော်များ စေလွှတ်၍ စုံစမ်းထောက်လှမ်းစေပါသော်လည်း မလိုလားသူဟူ၍ မတွေ့ရသေးပါ။

ဗာရာဏသီမြို့တော်၌ စုံစမ်းထောက်လှမ်း၍ မရသောအခါ မြို့တော်ဝန်းကျင်တစ်ခွင်လုံးက တောလက်ကျေးရွာများသို့ တိုးချဲ့၍ ထောက်လှမ်းပြန်တော့လည်း အချည်းနှီးသာဖြစ်ရပြန်၏။

ဤမျှဖြင့်လည်း ဗြဟ္မဒတ်မင်းက မကျေနပ်နိုင်သေးပါ။ ဗာရာဏသီမြို့တော်နှင့် ဆက်သွယ်ရေးလွယ်ကူသော အလယ်ပိုင်းနယ်မြေများတွင် ရှာဖွေ၍ မတွေ့ရသေးသော်ငြားလည်း ဆက်သွယ်သွားလာရန် မလွယ်ကူသော နယ်စွန်နယ်ဖျားက ကျေးရွာများမှာတော့ ရှိကောင်းရှိနေနိုင်သေးသည်။ ဤကိစ္စမှာ မိမိအတွက် အရေးအကြီးဆုံးကိစ္စတစ်ခုဖြစ်နေ၍ ခါတိုင်းလို အထောက်တော်များကို မစေလွှတ်တော့ဘဲ မိမိကိုယ်တိုင်လည်းဆင်း၍ လေ့လာစုံစမ်းမှ ဖြစ်ပေတော့သည်။

တောလက်ကျေးရွာများသို့ လှည့်လည်သွားလာရာတွင် မိမိ၏အဖြစ်မှန်ကို တောလက်က ကျေးရွာသားတွေ သိနေပါက သူတို့စိတ်ထဲက သဘောဆန္ဒအစစ်အမှန်ကို လွတ်လွတ်လပ်လပ် ထုတ်ဖော်ပြောကြားရန် အခက်တွေ့နေကြရပါလိမ့်မည်။ ထို့ပြင် အကြောင်းတစ်စုံတစ်ခုဖြင့် မိမိတို့ကို ရန်မူလိုသည့် လူဆိုးလူသွမ်းတို့နှင့် တွေ့ကောင်းတွေ့ရပေမည်။ သို့ဖြစ်၍ ထိုအန္တရာယ်များမှ ကင်းလွတ်နိုင်စေရန် သာမညဆင်းရဲသားတစ်ယောက်အသွင်ဖြင့် ရုပ်ဖျက်၍ ရွှေနန်းတော်ကြီး တိတ်တဆိတ်ထွက်လာခဲ့ရာတွင် အနီးကပ်ဆုံး အမှုထမ်းဖြစ်သော ပုရောဟိတ်ပုဏ္ဏားသည်လည်း ထိုနည်းတူ ရုပ်ဖျက်၍ လိုက်ပါလာခဲ့လေသည်။

ဆင်းရဲသားအယောင်ဆောင်ထားသူ နှစ်ယောက်တို့သည် အတွင်းပိုင်းကျသောတောလက်ကျေးရွာများမှတစ်ဆင့် ဝေးလံသီခေါင်သော နယ်စပ်ကျေးရွာများအထိ ခရီးပေါက်လာကြ၏။ ထိုနယ်မြေထဲက ရွာကြီးတစ်ရွာ၏ အဝင်တံခါးအပြင်ဘက်တွင် ဇရပ်တစ်ဆောင်ကို တွေ့ရသဖြင့် မင်းနှင့်ပုဏ္ဏား နှစ်ဦးသားတို့သည် ထိုဇရပ်ပေါ်သို့ တက်လာခဲ့ကြလေသည်။

ဇရပ်ပေါ်၌ အပန်းဖြေခိုနား၍ ထောက်နားနေခိုက်တွင် ထိုရွာကြီးထဲက

www.burmeseclassic.com

ကုဋေ (၈၀) မျှ ကြွယ်ဝချမ်းသာသော သူကြွယ်တစ်ယောက် အခြွေအရံများနှင့်တကွ ရေချိုးရန် မြစ်ရေဆိပ်သို့ ထွက်လာခဲ့ရာ ဇရပ်ပေါ်က ခရီးသွားဧည့်သည်နှစ်ယောက်ကို သတိပြု၍ကြည့်ရှုမိ၏။ ခရီးသည်နှစ်ယောက် အနက် တစ်ယောက်သောသူ၏ ဥပမိရုပ်က ထူးခြားချက်ရှိနေ၏။ သာမညတောသူတောင်သား ဆင်းရဲသားတစ်ယောက်ကဲ့သို့ ဝတ်ဆင်ထားသော်ငြားလည်း သူ၏မျက်နှာအနေအထားကို



တော့ ရာနှုန်းပြည့်ဖုံးဖိ၍မထားနိုင်ပါ။ ဖုန်တောသဲတောများမှာ ဖြတ်သန်းလာခဲ့ရ၍ ဖုန်တွေ၊ သဲမှုန်တွေပေကပ်၍နေသော်ငြားလည်း သူ၏ နဖူးပြင်က

တော့ အထက်တန်းစားတစ်ယောက်ဖြစ်ကြောင်း ကောင်းကောင်းကြီး ဖော်ပြနေပေသည်။

သို့ဖြစ်၍ သူကြွယ်သည် ရေချိုးသွားမည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်ပြီးလျှင် ဇရပ်ပေါ်သို့ တက်လာ၏။ ခရီးသွားဧည့်သည်နှစ်ယောက်ကို ပျူပျူငှာငှာ နှုတ်ခွန်းဆက်သ၍ မိမိ၏ အကဲခတ်မှုမှန်၊ မမှန် မေးမြန်းကြည့်၏။ ဗြဟ္မဒတ်မင်းကလည်း မိမိတို့အား ရန်ပြုမည့်သူမဟုတ်ကြောင်းသိရှိသဖြင့် အဖြစ်မှန်ကို ပြောပြလေသည်။

ဤတွင် သူကြွယ်သည် ဝမ်းမြောက်ဝမ်းသာဖြစ်လာရ၍ -

"အို-အရှင်မင်းမြတ်၊ ဒီဇရပ်ပေါ်မှာ ခေတ္တစံနေပါဦး။ ကျွန်တော်မျိုး အိမ်ပြန်ပြီးတော့ ပွဲတော်စာအတွက် ပြင်ဆင်ခဲ့ပါရစေ"

ဤသို့ တောင်းပန်ကာ အိမ်သို့ ကပျာကယာ ပြန်လာခဲ့၍ ရနိုင်သမျှ

သော အသားဟင်းလျာတို့ကို ဖွယ်ဖွယ်ရာရာချက်ပြုတ်ရန် အိမ်သူအိမ်သားတို့အား ညွှန်ကြား၏။ သူကြွယ်၏ အိမ်သူအိမ်သားတို့ တက်ညီလက်ညီ ချက်ရေးပြုတ်ရေးလုပ်ငန်းများလုပ်ကိုင်နေကြစဉ်မှာပင် ရွာအပြင်ဇရပ်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

ရသေ့တစ်ပါး တက်ရောက်လာ၏။ ထိုရသေ့သည်ကား ဘုရားအလောင်းတော်ဖြစ်၍ ဟိမဝန္တာတောကြီးမှ အဘိညာဉ်တန်ခိုးဖြင့် ကောင်းကင်ခရီးမှကြွရောက်လာခြင်းဖြစ်၏။ ထိုတစ်ခဏအတွင်းမှာ နန္ဒမူလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော ပစ္စေကဗုဒ္ဓါအရှင်မြတ်တစ်ပါးသည်လည်း ဆွမ်းခံရာသို့ဝင်ရန် အချိန်စောနေသေးသဖြင့် ထိုဇရပ်ပေါ်သို့ပင် ကြွရောက်တော်မူလာပြန်၏။

ဤသို့အားဖြင့် ပြဟ္မဒတ်မင်း၊ ပုရောဟိတ်ပုဏ္ဏား၊ တောပျော်ရသေ့နှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဇရပ်ပေါ်၌ မိမိတို့နှင့်သင့်လျော်သည့်နေရာတွင်ထိုင်နေကြစဉ် သူကြွယ်နှင့်တကွ အိမ်သူအိမ်သားများ၊ အခြွေအရံများ ရောက်လာကြ၏။ အထူးတလည်ချက်ပြုတ် စီမံထားသည့် စားတော်ပွဲကို သူကြွယ်ကိုယ်တိုင်က လက်ဆင့်ကမ်းယူငင်၍ စောစောက ရည်မှန်းထားခဲ့သည့်အတိုင်း စားတော်ပွဲကို ဆက်သလိုက်လေသည်။

ပြဟ္မဒတ်မင်းက အငွေ့တထောင်းထောင်းနှင့် စားချင်စဖွယ်ရှိလှစွာသော စားတော်ပွဲကိုဖွင့်၍ကြည့်ရှုမှုသာကြည့်ရှုပြီးလျှင် ပုရောဟိတ်ပုဏ္ဏား၏လက်သို့ ကမ်းလှမ်းလိုက်လေသည်။

ပုရောဟိတ်ပုဏ္ဏားကလည်း စားတော်ပွဲကို လက်ခံရယူပြီးလျှင် အဖုံးကိုပင်ဖွင့်၍မကြည့်တော့ဘဲ ဘုရားအလောင်းတော် ရှင်ရသေ့ထံ ဆက်ကပ်လိုက်လေသည်။

အလောင်းတော် ရှင်ရသေ့ကလည်း မိမိလက်ဝယ်သို့ ရောက်လာသောစားတော်ပွဲကို လက်ထဲမှာ ကြာရှည်မထားဘဲ ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ ချဉ်းကပ်လာ၍ သွားလေရာရာပါလာမြဲဖြစ်သော ရေကရားမှ ရေစင်ရေကောင်းဖြင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်၏ လက်ဖဝါးပေါ်သို့ သွန်းလောင်း၍ ရေစက်ချပြီးလျှင် မိမိအတွက် လက်ခံရရှိထားသော စားတော်ပွဲကို ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆက်ကပ်လိုက်လေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ဇရပ်ပတ်ဝန်းကျင်သို့ တစ်ချက်မျှ လှည့်လည်ကြည့်ရှုပြီးလျှင် မျက်လွှာတော်ကို အသာချ၍ သပိတ်ထဲက ဆွမ်းဘောဇဉ်တို့ကို တည်ကြည်ငြိမ်သက်စွာဘုဉ်းပေးတော်မူလေသည်။

သူကြွယ်သည် လေးဦးသော ပုဂ္ဂိုလ်တို့၏ အပြုအမူကိုကြည့်ကာ တအံ့တသြဖြစ်နေရ၏။ မိမိတို့ ပင်ရင်းမူလရည်မှန်းထားတာက ပြဟ္မဒတ်မင်းဖြစ်၏။ ထိုပြဟ္မဒတ်မင်းသည် ခရီးပင်ပန်းကာ ဆာလောင်မွတ်သိပ်နေသည်ဖြစ်ပါလျက် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်လာခဲ့သော စားတော်ပွဲကို နောက်ပုဂ္ဂိုလ်တစ်ဦးထံ လက်ဆင့်ကမ်းခဲ့၏။ ထိုမှတစ်ဆင့် ထိုစားတော်ပွဲက စတုတ္ထမြောက် နောက်ဆုံးပုဂ္ဂိုလ်ထံ ရောက်လာခဲ့လေရာ ထိုပုဂ္ဂိုလ်ကတော့ ဘယ်သူ့ကိုမျှ တစ်ဆင့်မေးမနေတော့ဘဲ ကိုယ်ရှေ့မှောက်က လူများကို 'စားပါဦး၊ သောက်ပါဦး' ဟူ၍မျှ မပန်ကြားတော့ဘဲ သူ့ဘာသာအကုန်အစင်ဘုဉ်းပေးတော်မူလိုက်ပါပြီကော။

အဘယ်ကြောင့် ဤသို့ တစ်ဆင့်ပြီးတစ်ဆင့် လှူဒါန်းနေကြပါသလဲ။ နောက်ဆုံးပုဂ္ဂိုလ်ကတော့ အဘယ့်ကြောင့် ဘယ်သူ့ကိုမျှ လောကဝတ်မပြုဘဲ ဘုဉ်းပေးတော်မူခဲ့ပါသလဲ။ သိချင်စမ်းပါဘိ။ မေးကြည့်ချင်စမ်းပါဘိ။

ဤသို့ဖြင့် သူကြွယ်သည် သိချင်၊ မေးချင်သည့် စိတ်ဆန္ဒအရှိန်အဟုန်တို့ကို ချုပ်တည်း၍ မရနိုင်တော့သဖြင့် ပထမဦးစွာ ပြဟ္မဒတ်မင်းထံ ချဉ်းကပ်လာပြီးလျှင် -

"အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ရဲ့ မျက်နှာသွင်ပြင်ကိုမြင်ရုံနဲ့ပဲ ကျွန်တော်မျိုးအကဲခတ်ခဲ့မိပါတယ်။ အရှင်မင်းမြတ်ရဲ့ မျက်နှာသွင်ပြင်မျိုးက စုလစ်မွမ်းချွန်တွေတပ်ဆင်ထားတဲ့ ရွှေနန်းပြာသာဒ်ဆောင်မှာ နေလာခဲ့ရတဲ့သူမှန်း သိသာပါတယ်။ တင့်တယ်ခမ်းနားတဲ့ အိပ်ခန်းအိပ်ရာတို့မှာ အိပ်စက်လာခဲ့ရတာကို ဖော်ပြနေပါတယ်။ ဒါကြောင့် အရှင်မင်းမြတ်ကို မြင်လျှင်မြင်ချင်း ချစ်ခင်လွန်းလို့ ကြည်ညိုလွန်းလို့ အလျှင်အမြန်အိမ်ပြန်ပြီးတော့ ထမင်း၊ ဟင်းများချက်ပြုတ်ဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန်တော်မျိုးတို့ အမွန်အမြတ်ထားတဲ့ သလေးဆန်ကို အမှုန်အဖွဲ့တွေ မပါရအောင် သေသေချာချာ သန့်စင်ပြီးမှ ချက်ခဲ့ကြပါတယ်။ ရနိုင်သမျှ အသားငါးဟင်းလျာတွေလည်း ပါလာခဲ့ပါတယ်။ အဲဒီစားတော်ပွဲကို အရှင်မင်းမြတ်ထံဆက်သခဲ့ရာမှာ အရှင်မင်းမြတ်ကလက်ခံပြီးတော့ယူခဲ့ပါတယ်။ ဒါပေမယ့် ကိုယ်တိုင်မစားဘဲ ပုရောဟိတ်ပုဏ္ဏားထံ လက်ဆင့်ကမ်းခဲ့ပါတယ်။ အရှင်မင်းမြတ်၊ ကျွန်တော်မျိုးရှိခိုးဦးတင်ပါတယ်။ အဲဒီကို လက်ဆင့်ကမ်းခဲ့ရတာက ဘာကြောင့်ပါလဲဘုရား"

ဤသို့ သူကြွယ်က သိလိုရေးနှင့် မေးမြန်းသဖြင့် ပြဟ္မဒတ်မင်းကလည်း ကြည်ကြည်သာသာ ဖြေကြားလို၍ -

"အို- သူကြွယ်၊ ဒီပုရောဟိတ်ပုဏ္ဏားဟာ ငါကိုယ်တော်မြတ် စားသုံးရမယ့် ပွဲတော်အုပ်နဲ့ ထိုက်တန်သူဖြစ်တယ်။ ငါကိုယ်တော်မြတ်ကို အစစအရာရာ ဆုံးမသွန်သင်ခဲ့တဲ့ ဆရာသမားလည်း ဖြစ်တယ်။ ရွှေနန်းတော်က အမှုကြီးငယ်မှန်သမျှကို စီမံခန့်ခွဲနေသူဖြစ်တယ်။ ငါကိုယ်တော်မြတ်ရဲ့ အမှုထမ်းဖြစ်သော်ငြားလည်း ငါကိုယ်တော်မြတ်က လေးစားခဲ့ရသူ ဖြစ်တယ်။ စားဦးစားဖျားကို စားပါသောက်ပါလို့ ဖိတ်ကြားထိုက်သူ ဖြစ်တယ်။ ဒါကြောင့် သူ့ဆီ လက်ဆင့်ကမ်းခဲ့ရတာ ဖြစ်ပါတယ်။

ပြဟ္မဒတ်မင်း၏ ဤသို့သော အဖြေစကားကို အားရကျေနပ်စွာနာယူပြီးလျှင် သူကြွယ်သည် ပုရောဟိတ်ပုဏ္ဏားထံ ချဉ်းကပ်ပြန်၍ -

"ဂေါတမနွယ်ဖွား အိုပုဏ္ဏား၊ အသင်ပုဏ္ဏားဟာ ပြည့်ရှင်မင်းကိုယ်တော်တိုင်က အလေးအမြတ်ထားရသူ ဖြစ်ပါတယ်။ အလေးအမြတ်ထားခဲ့လို့လည်း သူ့လက်ထဲက စားတော်ပွဲကို အသင်ပုဏ္ဏားထံ ကမ်းလှမ်းခဲ့ပါတယ်။ အသင်ပုဏ္ဏားကလည်း ကိုယ့်လက်ထဲ ရောက်လာတဲ့ ပွဲတော်စာကို မစားလိုက်ဘဲ ရှင်ရသေ့ထံ တစ်ဆင့်ဆက်ကပ်လိုက်တယ်။

အသင်ပုဏ္ဏား၊ အဲဒီတစ်ဆင့်လှူလိုက်ရတာက ဘာကြောင့်ပါလဲ။ အသင်ပုဏ္ဏားကိုယ်တိုင်က မိမိကိုယ်ကို အလှူခံပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်အင်္ဂါတွေမရှိဘူးလို့ ယူဆထားပါသလား။ အသင်ပုဏ္ဏားကို ရှိခိုးဦးတင်ပြုပြီးမေးပါရစေ။ ဘာကြောင့် အဲဒီလို တစ်ဆင့်လှူလိုက်ရတာပါလဲ"

ဤသို့ သူကြွယ်က သိလိုရေးဖြင့် မေးမြန်းပြန်သဖြင့် ပုရောဟိတ်ပုဏ္ဏားကလည်း လိုလိုလားလား ပြန်ကြားလို၍-

"အို- သူကြွယ်၊ ငါတို့ထက်မြင့်မြတ်သူဖြစ်လို့ တစ်ဆင့်လှူလိုက်ရပါတယ်။ ငါတို့က သားတွေမယားတွေ တိုးလို့တွဲလောင်းနဲ့နေကြပါတယ်။ ကိုယ့်အိမ်က မခွဲနိုင်မခွာရက်အောင် သံယောဇဉ်ကပ်ငြိနေကြပါတယ်။ လူတို့ပြည်မှာ ရနိုင်သမျှ ကာမဂုဏ်စည်းစိမ်တွေ ခံစားနေကြပါတယ်။ ဒီလိုစည်းစိမ်ချမ်း



www.burmeseclassic.com

www.burmeseclassic.com

သာတွေ ခံစားရတာက ပြည့်ရှင်မင်းကို နည်းပေးလမ်းပြပြုနေရလို့ ဖြစ်ပါတယ်။

အို- သူကြွယ်၊ ငါ့လက်ထဲကစားတော်ပွဲကိုအလှူခံခဲ့တဲ့ ရှင်ရသေ့ကတော့ တော်တော်ကြာမြင့်စွာသော ကာလပတ်လုံး ခြိုးခြံတဲ့အကျင့်ကို ကျင့်လာခဲ့ပါတယ်။ ပညာဂုဏ်ကျေးဇူးက ကြီးမားလှပါတယ်။ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းပြီးတော့ တောရဆောက်တည်လို့နေပါတယ်။ ဒါကြောင့် ငါတို့လှူတဲ့ဆွမ်းအလှူကို ခံယူထိုက်သူ ဖြစ်ပါတယ်"

ပုရောဟိတ်ပုဏ္ဏား၏ ဤသို့သောအဖြေစကားကို အားရကျေနပ်စွာနာယူပြီးလျှင် သူကြွယ်သည် အလောင်းတော်ရှင်ရသေ့ထံ ချဉ်းကပ်ပြန်၍ -

"အို - ရှင်ရသေ့၊ ရှင်ရသေ့ဟာ အစားအစာတွေခြိုးခြံလာခဲ့ရတဲ့အတွက် ကိုယ်ခန္ဓာပိန်လှပါတယ်။ အဆီတွေ၊ အသားတွေ လျော့ပါးနေတာကြောင့် အကြောကြီးတွေအပြိုင်းပြိုင်းပေါ်နေကြပါတယ်။ လူသူမနီးတဲ့ တောကြီးထဲမှာ တစ်ပါးတည်း ပျော်မွေ့လို့နေနိုင်ပါပေတယ်၊ တောထဲတောင်ထဲမှာ တွေ့ကြုံရတဲ့ အသက်ဘေးကို မငဲ့ကွက်ဘဲ ရဲရဲကြီးနေဝံ့ပါပေတယ်။ အဲဒီလို မိမိမှာ ဂုဏ်ကျေးဇူးတွေရှိနေပါလျက် အရှင်ဘုရားက စားတော်ပွဲကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ တစ်ဆင့်ကပ်လှူပြန်ပါတယ်။

"အရှင်ရသေ့၊ ဘုရားတပည့်တော် လက်အုပ်ချီမိုးရှိခိုးပြီးတော့ မေးလျှောက်ပါရစေ။ အဲဒီပစ္စေကဗုဒ္ဓါအရှင်မြတ်က အရှင်ဘုရားထက် ဘယ်လိုဘယ်လို ဂုဏ်ကျေးဇူးတွေနဲ့ မြင့်မြတ်တော်မူပါသလဲ"

ဤသို့ သူကြွယ်က သိလိုရေးဖြင့် မေးမြန်းသည်တွင် အလောင်းတော်ရှင်ရသေ့က ကရုဏာရှေ့ထား၍ ဖြေကြားလိုသဖြင့် -

"အို-ဒါယကာ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်မှာ ငါတို့ထက်မြင့်မြတ်တဲ့ ဂုဏ်တော်တွေ၊ ကျေးဇူးတော်တွေ မြောက်မြားစွာရှိနေကြပါတယ်။ ငါတို့က ရသေ့အဖြစ်ကိုခံယူထားပေမယ့် ကိုယ့်အတွက် အစားရာကို ကိုယ့်ဘာသာဖန်တီးခဲ့ကြပါတယ်။ တောထဲကတောင်ထဲက ရနိုင်သမျှ သတွေးဥ၊ တောထန်းဥ၊ ပိန်းဥ၊ မျောက်ဥတို့ကို ကိုယ်တိုင်တူးပြီး ပြုတ်စားကြပါတယ်။ တောထဲတောင်ထဲမှာ အလေ့ကျပေါက်ရောက်နေကြတဲ့ ကျိတ်နှံတို့ကို ဖြတ်ယူပြီးတော့ နေပူပူမှာ ဖြန့်လှန်းထားပြီး အမှိုက်သရိုက်တွေ မပါရအောင် ပြာတီးယူကြရပါတယ်။ အဲဒီစပါးကိုမှ ဆန်ဖြစ်အောင် ကျောက်ပျဉ်ပေါ်မှာ ကျိတ်ခြေပြီးတော့ ထမင်းဖြစ်အောင်ချက်ခဲ့ကြရပါတယ်။ အဲဒီနောက် ထမင်းမြိန်မြိန်စားနိုင်အောင် စားကောင်းတဲ့ ဟင်းရွက်တွေကိုခူးပြီး ဟင်းချက်ကြရပြန်ပါတယ်။ ဟင်းရွက်တွေနဲ့အတူ ကြာစွယ်ကြာရင်းတွေကိုလည်း ရှာကြရပါတယ်။ သစ်မည်စည်သီးတွေကိုလည်း ရနိုင်သလောက်ကောက်ယူကြရပါတယ်။ တစ်ခါတစ်ရံမှာ ကျားတွေ၊ ခြင်္သေ့တွေစားပြီးကျန်နေခဲ့တဲ့ အသားတွေကိုလည်း ကောက်ယူပြီးတော့ ချက်စားခဲ့ကြရပါသေးတယ်။ နောက်ပြီးတော့ တောထဲက ရနိုင်သမျှဆီးသီးတို့၊သျှိသျှားသီးတို့ကလည်း ကောက်ယူထားကြရပါသေးတယ်။

အို - ဒါယကာ၊ ငါတို့က ငါတို့စားဖို့ ငါတို့ကိုယ်တိုင် ထမင်းချက်ခဲ့ကြတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကတော့ ကိုယ့်ဝမ်းစာအတွက် ကိုယ့်ဘာသာ မချက်မပြုတ်ဘဲ ဆွမ်းခံပြီးတော့ ဘုဉ်းပေးတော်မူတယ်။ ငါတို့က နေ့ဖို့ညစာအတွက် ရနိုင်သမျှ စားရေရိက္ခာကို စုံစုံမက်မက် သိမ်းဆည်းသိုလှောင်ထားကြရတယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်မှာတော့ နေ့ဖို့ညစာဘာတစ်ခုမှသိမ်းဆည်းမထားဘူး။ ဘာတစ်ခုကိုမှတွယ်တာကပ်ငြိလို့ မနေဘူး။ ဒါကြောင့် အရှင်ပစ္စေကဗုဒ္ဓါဟာ ငါတို့၏ ဆွမ်းအလှူနဲ့ ထိုက်တန်တော်မူပါပေတယ်"

အလောင်းတော် ရှင်ရသေ့၏ အဖြေစကားကို အားရကျေနပ်စွာနာယူပြီးလျှင် သူကြွယ်သည် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ ချဉ်းကပ်ပြန်၍ -

"အို - အရှင်မြတ်ဘုရား၊ အရှင်မြတ်ဟာ တပည့်တော်တို့ အမေးအဖြေတွေလုပ်နေကြသမျှ ကာလပတ်လုံး ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်နေတော်မူခဲ့ပါတယ်။ အခုတော့ အရှင်ဘုရားကို မေးရပါတော့မယ်။ ရှင်ရသေ့ဟာ သူ့လက်ထဲမှာ ဆက်ကပ်လာတဲ့ စားတော်ပွဲကို သူ့ဘာသာမစားဘဲ အရှင်ဘုရားထံ တစ်ဆင့်ဆက်ကပ်ခဲ့ပါတယ်။ အရှင်ဘုရားကတော့ ကိုယ့်လက်ထဲသို့ ရောက်လာတဲ့ ဆွမ်းဘောဇဉ်ကို ကိုယ့်ဘာသာ တစ်ပါးတည်းပဲဘုဉ်းပေးတော်မူပါတယ်။ ဘယ်သူ့ကိုမျှ စားပါဦးသောက်ပါဦးလို့ မဖိတ်မကြားပါဘူး။ အရှင်ဘုရားကို တပည့်တော်ရှိခိုးဦးတင်ပြီးမေးလျှောက်ပါရစေ။ အဲဒီလို ဘုဉ်းပေးတော်မူရတာက ဘာကြောင့်ပါလဲဘုရား"

ဤသို့ သူကြွယ်က သိလိုရေးနှင့် မေးမြန်းသောအခါ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း မေတ္တာရှေ့ထား၍ ဖြေကြားလိုသဖြင့် -

"အို - ဒါယကာ၊ ကိုယ့်ဝမ်းစာအတွက် ငါကိုယ်တိုင်လည်း ထမင်းမချက်ဘူး။ သူများကိုလည်း အချက်မခိုင်းဘူး။ ငါကိုယ်တိုင်လည်း ဟင်းရွက်မခူးဘူး။ သူများကိုလည်း အခူးမခိုင်းဘူး။ ငါရဲ့သန္တာန်မှာ ရာဂ အစရှိတဲ့ ကြောင့်ကြမှုတွေမရှိဘူး။ မကောင်းမှုတွေက ဝေးဝေးကြီးကင်းလွတ်ခဲ့ပြီ။ အဲဒီဂုဏ်ကျေးဇူးတွေကိုသိလို့ ရှင်ရသေ့က ငါတို့ကို တစ်ဆင့်ကပ်လှူခဲ့ပါတယ်။

အို- ဒါယကာ၊ ရှေ့က ပုဂ္ဂိုလ် (၃) ဦးတို့ဟာ ငါ့ဟာငါ့ဥစ္စာအစွဲအလမ်းတွေ ရှိနေကြတယ်။ နေ့ဖို့ညစာ စားရေရိက္ခာတွေသိုလှောင်ထားကြတယ်။ ဒီလိုပုဂ္ဂိုလ်သုံးဦးတို့ဟာ စားရေရိက္ခာဘာတစ်ခုမှ သိမ်းဆည်းမထားတဲ့ ငါ့ကို လှူထိုက်လို့ လှူကြတာဖြစ်တယ်။ လှူထိုက်လို့အဆင့်ဆင့်လှူကြတာကို ငါကပြန်ပြီးစားပါသောက်ပါဖိတ်ကြားနေရင် သဘာဝမကျနိုင်ပါ။ ဒါကြောင့် ငါ့သပိတ်ထဲမှာ ရောက်လာတဲ့ ဆွမ်းဘောဇဉ်ကို ငါ့ဘာသာတစ်ပါးတည်းဘုဉ်းပေးရပါတယ်"

ဤသို့သော အဖြေစကားကို ကြားနာရသဖြင့် သူကြွယ်သည် အလွန်တရာဝမ်းမြောက်လှသဖြင့် -

"အို- အရှင်မြတ်၊ ဘုရားတပည့်တော်တို့ရဲ့ ပြည့်ရှင်မင်းကြီး ဒီရပ်ဒီရွာရောက်လာခဲ့တာ ဘုရားတပည့်တော်အတွက် ကံကောင်းလှပါတယ်။ ပြည့်ရှင်မင်းကြီး ရောက်လာတာကို အကြောင်းပြုပြီးတော့ အကျိုးတရားအကြီးမားဆုံး၊ အမြင့်မြတ်ဆုံး အလှူခံပုဂ္ဂိုလ်ကို ယနေ့ယခု ဘုရားတပည့်တော် သိရပါပြီဘုရား"

ဤသို့ အားရဝမ်းသာခြင်းအပြည့်ဖြင့် လျှောက်ထားသလို နာခံပြီးလျှင် ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် နန္ဒမူလိုဏ်ဂူသို့ပြန်ကြွတော်မူ၏။ ဘုရားအလောင်းတော် ရှင်ရသေ့သည်လည်း မိမိနေရာသို့ ပြန်ကြွတော်မူ၏။ ဗြဟ္မဒတ်မင်းနှင့် ပုရောဟိတ်ပုဏ္ဏားတို့သည်ကား သူကြွယ်၏အိမ်တွင် သုံးရက်တာမျှ သူကြွယ်တို့ မိသားစုကျေနပ်အောင် နေထိုင်ကြပြီးမှ တိုင်းတော်ပြည်တော်သို့ ပြန်လာခဲ့ကြလေသည်။

ဂ ဏ္ဍာသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

စကားနိဒါန်းစပါရစေဟု တင်ပြချင်ပါသည်။

ကျွန်ုပ်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပါသည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ ဟု သရဏဂုံသုံးရပ်ကို အပျက်မခံကြပါ။ ကြိုးစားပြီး ထိန်းသိမ်းကြပါသည်။

နောက် ဘုရားကိုပူဇော်ခြင်းသည် ကြီးမြတ်သော တန်ခိုးတေဇာနှင့် ပြည့်စုံစေ၏။ တရားကို ပူဇော်ခြင်းသည် ကြီးကျယ်သော ဉာဏ်ပညာအမြော်အမြင်ကြီးစေ၏။ သံဃာတော်ကို ပူဇော်ခြင်းသည် လောကီစည်းစိမ်ဥစ္စာ ရတနာတို့နှင့် ပြည့်စုံစေသည်ဆိုသည့် ဒေသနာတော်လာ စကားအတိုင်း ယုံကြည်ကြသူများ ဖြစ်ပါသည်။

နောက်တစ်ခုကလည်း ခွန်အားကြီးမားသူသည် ကိစ္စအဝဝကို အောင်မြင်သူဖြစ်သည်ဟု ပြဆိုထားပြန်ပါသည်။ အရပ်စကားနှင့်ပင် တင်ပြရလျှင် သဒ္ဓါဆန္ဒအားကြီးသူ၊ စိတ်ခွန်အားကြီးသူ၊ လုံ့လဝီရိယအားကြီးသူ၊ ပညာအင်အားကြီးသူတို့သည် အဘယ်အရာမဆို မုချအောင်မြင်စေသည်ဟု တိတိကျကျ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည်ကို စာချစ်သူမိတ်ဆွေများသိရှိပြီးဖြစ်ကြပါသည်။

အထက်က ဖော်ပြထားခဲ့ပြီး ဖြစ်သော နိဒါန်းစကားအရပင် ဒိဋ္ဌမုချအကျိုးပေးသော ကျင့်စဉ်အမိဋ္ဌာန်မို့ ရဲရဲဝင့်ဝင့်တင်ပြရခြင်း ဖြစ်ပါသည်။ အခွင့်ကြုံ၍ တင်ပြစရာတစ်ခုကို တင်ပြလိုပါသေးသည်။ လွန်ခဲ့သော နှစ်ပေါင်း (၅၀) လောက်က ကျွန်ုပ်၏ဆရာတစ်ယောက်ဆုံးမခဲ့သော စကားရပ်ကို ဖြစ်ပါသည်။

"ကံကိုမပြိုင်နဲ့ကွ။

သစ်လဲဝါးလဲကိုကျော်တာ ဘာမှမဖြစ်ဘူး။

ပုဂ္ဂိုလ်မကျော်မိဖို့က အရေးကြီးတယ်"

ဟု ဆိုဆုံးမခဲ့ဖူးတာကို ပြန်သတိရမိပါသည်။

ယခုကျွန်ုပ်ရေးမည့်ခေါင်းစဉ်ဖြင့် ဓမ္မစက္ကပ္ပဝတ္တနသုတ်အမိဋ္ဌာန်ကိုပေး... သော ကျွန်ုပ်၏ တူလိုသားလို ခင်မင်... သော တပည့်တစ်ယောက်အကြောင်းကို စတင်ပြီးရေးသားပါမှ ပြည့်စုံမည်ဟု... ယူဆမိပါသည်။

တစ်နေ့သ၌ -

မောင်စိုးဝင်း အမည်ရှိသော တပည့်မှ တယ်လီဖုန်းဖြင့် ဖိတ်ကြား... ပါသည်။ သူ၏ ဖိတ်ကြားချက်သည် မြနန္ဒာလက်ဖက်ရည်ဆိုင်သို့ လာရောက်...

# ဘုန်းခေါင်

## နေ့ချင်းညချင်းမုချအကျိုးပေးသည့် ဓမ္မစက္ကပ္ပဝတ္တနသုတ်အမိဋ္ဌာန်





www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြစ်ပါသည်။ မုန့်၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ဝတ်ပြု၍ ကျွေးမွေးပြုစုလိုသောစေတနာဖြင့် ဖိတ်ခေါ်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်၏ နေအိမ်မှ တစ်မိုင်ခွဲလောက်နီးပါးအဝေးတွင်ရှိသော မြနန္ဒာအမည်ရသည့် လက်ဖက်ရည်ဆိုင်သို့ စက်ဘီးဖြင့် သွားရောက်ခဲ့ပါသည်။ မြနန္ဒာမှာ မောင်စိုးဝင်းက ခရီးဦးကြိုပြုပါတော့သည်။

အခွင့်ကြုံတုန်း မောင်စိုးဝင်းနှင့် စာချစ်သူမိတ်ဆွေများကို မိတ်ဆက်ပေးလိုပါသည်။ မောင်စိုးဝင်းသည် ဘွဲ့ရလူလတ်ပိုင်းအရွယ်ရောက်နေသူ ဖြစ်ပါသည်။ သူ၏စိတ်ဓာတ်သည် လွန်စွာမာကျောသူ ဖြစ်သည်။ စိတ်ဓာတ်ကြံ့ခိုင်သလောက် နှလုံးသားမှာ လွန်စွာပျော့ပျောင်းသူတစ်ယောက်လည်း ဖြစ်ပါသည်။

အမိအဖ၏ စီးပွားဥစ္စာ၊ ဇနီးမယားနှင့် ယောက္ခမတို့၏ စီးပွားဥစ္စာတို့ကိုလည်း နှိုက်ယူသူမဟုတ်ပေ။ သူ၏အကျင့်စရဏ၊ လုံ့လတို့ဖြင့် ရှာမှီးအပ်သော စီးပွားအပေါ်မှာလည်း ခုံမင်တပ်မက်မှုမရှိ။ ရက်ရက်ရောရော ဒါနမှုပြုသူဖြစ်လေသည်။

ထိုနေ့က လောကစံကြောင့် သူလုပ်ချင်ရာကို စိတ်တိုင်းကျမလုပ်နိုင်ဖြစ်နေသည့်အတွက် အချိန်ကုန်၊ ငွေကုန်ပြီး အပြုဖိနပ်ပါးကိစ္စများကိုမလုပ်လိုတော့ကြောင်းအစချီပြီး အောက်ပါအတိုင်း ပြောပြပါတော့သည်။

"ကျွန်တော်ဘယ်လိုအကျင့်စရဏ ကျင့်ရမလဲအဘ။ အခုခေတ်ကသိပ္ပံထွန်းနေတော့ လက်တွေ့မှ ယုံချင်ကြတာ။ ကျွန်တော့်အတွက် အကောင်းဆုံးကျင့်စဉ်တစ်ခုပေးပါ"

ဟု ရဲရဲတောက် တောင်းဆိုပါတော့သည်။

ကျွန်ုပ်လည်း နောက်ရက်မှ သင့်တော်ရာ အဓိဋ္ဌာန်ကျင့်စဉ်ပေးမည်ဟု ကတိပေးလိုက်ရပါတော့သည်။ သို့နှင့်ပင် နောက်ရက်တွင် မောင်စိုးဝင်းနှင့် အသင့်ဆုံးဖြစ်မည်ဟုယူဆသည့် ဓမ္မစက္ကပ္ပဝတ္တနသုတ် ပရိတ်တော်ကို (၄၅) ရက် ရွတ်ဖတ် ပူဇော်ခြင်းပြုလုပ်ရန် ပြောပြခဲ့ပါတော့သည်။

သီတင်းပတ်တစ်ပတ်ခန့်အကြာတွင် မောင်စိုးဝင်းက ကျွန်ုပ်အား အောက်ပါအတိုင်းပြောပြပါတော့သည်။

"အဘရေ၊ ပြီးခဲ့တဲ့ ၁၉၉၇ - ၉၈ ခုနှစ်က မြေရိုင်းမြေလွတ်များစိုက်ပျိုးလုပ်ကိုင်ခွင့်ကို မြေဧက (၂၃) ဧကလောက် လျှောက်ထားခဲ့တာ အဘ။

အခု ဒီဇင်ဘာလ (၄) ရက်နေ့စွဲနဲ့ ပြီးခဲ့တဲ့ (၁၆) နှစ်လောက်က လျှောက်ထားခဲ့တဲ့မြေကိစ္စ ပြန်လျှောက်ထားဖို့ အကြောင်းကြားပါတယ် အဘ။ နောက် မမျှော်လင့်ဘဲနဲ့ သိန်းရာကြီးဂဏန်းငွေ ပေါ်လာတယ်။ ကျွန်တော်အခုဝင်နေတဲ့အဓိဋ္ဌာန်က ဒိဋ္ဌအကျိုးပေးတာပေါ့နော်"

ဟု ကျင့်စဉ်အဓိဋ္ဌာန်အပေါ် ယုံကြည်မှုအပြည့်အဝဖြင့် ဖွင့်ဟပြောပြပါတော့သည်။

အဓိဋ္ဌာန်ကာလ (၄၅) ရက်ပြည့်သည်နှင့် ငွေကြေးများမမျှော်မှန်းဘဲဝင်လာကြောင်းတို့ကို အားရဝမ်းမြောက်စွာ မောင်စိုးဝင်းက ပြောပြပါသည်။

"အဘပြောတဲ့အတိုင်းပါပဲ၊ မှန်တာလုပ်သလို လုပ်နည်းလည်းမှန်တော့ မြန်မြန်ဆန်ဆန်အောင်မြင်တာပါ"

ဟုလည်း ပြောလိုက်သေးသည်။

ကျွန်ုပ် သူရဇ္ဇမဂ္ဂဇင်းတိုက်တွင် ကျင့်စဉ်အဓိဋ္ဌာန်များရေးသားနေခြင်းကို သိရှိနေသော တပည့် မောင်စိုးဝင်းက သူကိုယ်တွေ့ခံစားရသည့် အဓိဋ္ဌာန်ကျင့်စဉ်တို့ပါ စာရေးပါရန် တောင်းဆိုနေပြန်ပါတော့သည်။

သို့ဖြစ်၍ ကျွန်ုပ်တပည့်ကိုပေးခဲ့သည့် အဓိဋ္ဌာန်ကျင့်စဉ်ကို နှစ်သက်ပါက ဆောင်ရွက် ကျင့်ကြံနိုင်ကြစေရန် အောက်တွင် ရေးသား ဖော်ပြပေးလိုက်ပါသည်။

**❑ အဓိဋ္ဌာန်ကျင့်စဉ်ဝင်ရောက်ရပုံ**

၁။ အဓိဋ္ဌာန်ကျင့်စဉ်ကို မိမိ၏ မွေးနေ့တွင် စတင်ပါ။

၂။ အဓိဋ္ဌာန်ကာလကို (၄၅) ရက် သတ်မှတ်ပါ။

(အဓိဋ္ဌာန်ကာလကို (၄၅) ရက် သတ်မှတ်ရခြင်းမှာ မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်ရောက်ရှိပြီး ပထမဦးဆုံး ဟောကြားခဲ့သော ဓမ္မစကြာသုတ်ဖြစ်ခြင်း၊ ပရိနိဗ္ဗာန်ဝင်စံသည့်တိုင်အောင် ဝေနေယျများစွာတို့အတွက် (၄၅) နှစ်ကြာ ကရုဏာတော်ဖြင့် ဆုံးမခဲ့ခြင်းကြောင့် ဖြစ်ပါသည်။)

၃။ အဓိဋ္ဌာန်စသည်မှ ကာလပြီးဆုံးသည်အထိ -

**(က) ကန်တော့ပွဲတစ်ပွဲတည်ရန် (ပါဝင်ရမည့်ပစ္စည်းများမှာ) -**

၁။ ငှက်ပျော (၃) ဖီး (ဖီးကြမ်းငှက်ပျောအစိမ်း(၃)ဖီး)၊
၂။ အုန်းသီး (၁) လုံး၊
၃။ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ကြက်လျှာ၊ သာသနာ့အောင်လံ၊
၄။ အလင်းတိုင်(၃၂)တိုင်ပါ ဖယောင်းတိုင်ထုပ်)၊
၅။ နံ့သာတိုင် (မိမိနှစ်သက်ရာအမွှေးတိုင်)၊
၆။ အောင်သပြေနှင့်မွှေးနံ့ပန်း (မွှေးနံ့ပန်းမရလျှင် အညွန့်နံ့ပန်း)
၇။ သောက်တော်ရေတို့ဖြင့် ကပ်လှူရန်။

**(ခ) ပင့်ဖိတ်ရန် -**

၁။ စတုလောကပါက နတ်မင်းကြီးများ၊
၂။ ဝိဇ္ဇာလေးပါးနှင့် သိဒ္ဓိရှင်ဆရာတော်များ။

**(ဂ) နေ့စဉ် -**

❑ ဘုရားရှိခိုးခြင်း၊
❑ သီလခံယူခြင်း၊
❑ သစ္စာပြု၍ ဆုတောင်းခံခြင်း၊
❑ မေတ္တာပို့သခြင်း၊
❑ ကုသိုလ်အမျှပေးဝေခြင်း။

**(ဃ) အဓိဋ္ဌာန်ရွတ်ပူဇော်ရန် -**

❑ဓမ္မစက္ကပ္ပဝတ္တနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်ပါရန်။

(အမှားအယွင်းကင်းရန် ဖြည်းဖြည်းနှင့် ပီသအောင် စာအုပ်ကြည့်ပြီး ရွတ်ဖတ်ပူဇော်နိုင်ပါသည်။)

(င) ဓမ္မစကြာရွတ်ပြီး သစ္စာပြု၍ ဝေနေယျတို့အားလုံး မေတ္တာပို့ခြင်း၊ ကုသိုလ်အမျှပေးဝေခြင်းပြုလုပ်ပါရန်။

ကျွန်ုပ်တင်ပြသည့် အဓိဋ္ဌာန်ကျင့်စဉ်ကြီးသည် လောကီစကြာရတနာကို ပိုင်ဆိုင်သူတစ်ယောက်အဖြစ် မုချရောက်စေကြောင်း နည်းလမ်းကောင်းဖြစ်၍ ကြိုးစားပြီး ဆောင်ရွက်သင့်ပါကြောင်း မေတ္တာဖြင့် ထပ်လောင်း တင်ပြအပ်ပါသည်။

ဤအဓိဋ္ဌာန်ကျင့်စဉ်အောင်မြင်သူများအနေဖြင့် မိမိစေတနာပြဋ္ဌာန်းသလောက် မိခင်၊ ဖခင်များနှင့်ဆရာများကို ပူဇော်ကန်တော့ကြပါဟု တိုက်တွန်းလိုက်ပါရစေ။

*ပညာတိုးပွား၍*
*အကျိုးများကြပါစေ*

ဘုန်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

နေ့ဦးတစ်မနက်ခင်း၌ ကျွန်တော်သည် အိမ်ရှေ့ဝါးရုံရိပ်၌ခင်းထားသော တန်းလျားတွင်ထိုင်လျက် စစ်ကိုင်းရွှေဟသ်ာ ဆရာတော်အရှင်ပဏ္ဍိတ မထေရ် ရေးသားသော မင်္ဂလသုတ်လက်စွဲစာအုပ်ကိုဖတ်နေပါသည်။

ထိုသို့ဖတ်နေစဉ် မလာတာကြာပြီဖြစ်သော ဓမ္မမိတ်ဆွေတစ်ဦးရောက်လာပါသည်။ ထိုမိတ်ဆွေသည် တန်းလျားတွင်ဝင်ထိုင်ပြီး ဤသို့စကားစပါသည်။

"ဘာတွေဖတ်နေသလဲ ဆရာ။ ဆရာကတော့အမြဲစာဖတ်နေတာပဲ"

"စစ်ကိုင်းရွှေဟသ်ာဆရာတော်ဘုရားကြီးရေးတဲ့ မင်္ဂသုတ်လက်စွဲစာအုပ်ပါဗျာ"

"ယဉ်ကျေးလိမ္မာသင်တန်းမှာ မင်္ဂလာတရား သင်ကြားပို့ချဖို့ရှိနေလို့လား ဆရာ"

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပြောပြပါ့မယ်။ တစ်နေ့ဆီက ရွှေဆံတော်ဘုရားမှာ မိတ်ဆွေတစ်ဦးနဲ့ စကားလက်ဆုံကျခဲ့တယ်။ ကျွန်တော်က ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓဘာသာနဲ့ပတ်သက်တဲ့အယူအဆပြောမိတယ်။ သူက ဆရာတော်ဘုရားကြီးရဲ့ အဲဒီအယူအဆကို ဖတ်ချင်တယ်လို့ပြောတယ်။ ကျွန်တော်က ဆရာတော်ဘုရားကြီးရဲ့အယူအဆဟာ မင်္ဂလသုတ်လက်စွဲမှာပါတယ်လို့ပြောတယ်။ သူက သူ့ဆီမှာ အဲဒီစာအုပ်မရှိဘူးလို့ ပြောတယ်။ ဒီလိုဆိုလည်း ကျွန်တော်ငှားပါ့မယ်ဗျာလို့ ပြောခဲ့တယ်။ အခုမင်္ဂသုတ်လက်စွဲစာအုပ်ရှာပြီး ပြန်ဖတ်ကြည့်နေတာ"

"ဒီလိုဆိုလည်း ဖတ်ပြီးသမျှလေး ပြန်ဟောပါဦးဗျာ၊ ကြုံတုန်းနာပါရစေ"

"ပြောပြပါ့မယ်ခင်ဗျာ။ စောစောကပြောခဲ့သလို မိတ်ဆွေတစ်ဦးနဲ့စကားလက်ဆုံကျခဲ့တယ်။ သူက ဒီကနေ့ခေတ်မှာ အကုသိုလ်ဒုစရိုက်တွေထူပြောလာကြောင်း၊ မနက်လင်းလာလို့ သတင်းစာကိုကောက်ဖတ်လိုက်တာနဲ့ မကြားကောင်းမနာသာ အကုသိုလ်ဒုစရိုက်မှုတွေဖတ်ရတဲ့အကြောင်း၊ မုဒိန်းမှုတွေက ယခင်ကထက်များလာကြောင်း၊ မုဒိန်းမှုတွေထဲမှာ အရွယ်မရောက်သေးတဲ့ မိန်းကလေးတွေကိုပါကျူးလွန်နေတဲ့အကြောင်း၊ ဗုဒ္ဓဘာသာထွန်းကားပြီး ငါးပါးသီလစောင့်ထိန်းတဲ့နိုင်ငံမှာ အခုလို အကုသိုလ်ဒုစရိုက်မှုတွေ ထူပြောလာနေတာ အင်မတန် ကြေကွဲစရာကောင်းကြောင်း ဒါကြောင့်မို့ တချို့လူတွေအနေနဲ့ ကိုယ်ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာကို တစ်မျိုးမြင်လာကြကြောင်း ပြောပါတယ်။ ဒါနဲ့ ကျွန်တော်က ဗုဒ္ဓဘာသာဝင်တွေအလုပ် မဟုတ်တာနဲ့ ဗုဒ္ဓဘာသာကို တစ်မျိုးမမြင်သင့်ကြောင်း၊ ဗုဒ္ဓဘာသာနဲ့ ဗုဒ္ဓဘာသာဝင်ကို ခွဲခြားပြီးမြင်ဖို့လိုကြောင်း စစ်ကိုင်းရွှေဟသ်ာဆရာတော်ဘုရားကြီး ဗုဒ္ဓဘာသာနဲ့ ဗုဒ္ဓဘာသာဝင်တို့ ခြားနား ပုံကို အလေးအနက်ထားပြီး ဟောပြောခဲ့ကြောင်း ပြောပါတယ်။ သူက ဆရာတော်ဘုရားကြီးရဲ့အမြင်ကို ဖတ်ချင်ပါတယ်လို့ပြောတယ်။ ဒါနဲ့ မိတ်ဆွေမြင်တဲ့အတိုင်း ရွှေဟသ်ာဆရာတော်ဘုရားကြီးရဲ့ မင်္ဂလသုတ်လက်စွဲစာအုပ်ကို ရှာထားရတာ။ အခု သူမလာခင်ဖတ်နေတာပါ။ မိတ်ဆွေက တရားနာဖို့ကြုံလာတော့ ဆရာတော်ဘုရားကြီးရဲ့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အမြင်ကို ကျွန်တော်ဖတ်ပြပါ့မယ်။

# မြဝင်း(ဒဿန)

## စစ်ကိုင်းရွှေဟသ်ာဆရာတော်ဘုရားကြီးမိန့်ကြားသော ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓဘာသာဝင်



❑ *ဗုဒ္ဓဘာသာအယူဝါဒရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ သတိပြု၍ ဆင်ခြင်သင့်သော အကြောင်းတစ်ရပ်ရှိ၏။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်အချို့သည် ဘာသာ*



www.burmeseclassic.com

www.burmeseclassic.com

တရားကိုမလိုက်နာမူ၍ ကျူးလွန်ကျော်လွန်လျက် မကောင်းမှုကိုပြုလုပ်သည်ကို တွေ့မြင်ကြားသိလျှင် ဗုဒ္ဓဘာသာကို အပြစ်တင်ဆိုကြကုန်၏။ ဗုဒ္ဓဘာသာ မကောင်း ဟူ၍ ရှုတ်ချကြကုန်၏။ အချို့တို့ကား ဗုဒ္ဓဘာသာကိုပင် စွန့်ပစ်ကြကုန်၏၊ ထိုသူတို့သည် ဗုဒ္ဓဘာသာနှင့်ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်ကို ဉာဏ်နှင့်ဆင်ခြင်ခွဲခြား၍ မသိမမြင်ခြင်းကြောင့် ပုဂ္ဂိုလ်မကောင်းသည်ကို ဘာသာ၌ပြစ်တင်ရှုတ်ချကဲ့ရဲ့စွန့်ပစ်ကြလေသည်။ ဘာသာတရားကို မလိုက်နာသောပုဂ္ဂိုလ်သာလျှင် မကောင်းဖြစ်သည်။ ဗုဒ္ဓဘာသာမည်းဟူသော တရားတော်သည်ကား 'သွာက္ခာတဂုဏ်တော်' မပျက်ပေ။ ခိုင်ကြယ်ကောင်းမြတ်လျက်ပင်ရှိသည်။ ဗုဒ္ဓဘာသာတခြား၊ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တခြားဖြစ်သည်ကို သတိပြုရာသည်။ ပုဂ္ဂိုလ်မကောင်းကာမျှနှင့် ဘာသာမကောင်းသည်မဟုတ်။ ဘာသာတရားကောင်း၊ မကောင်းကို မိမိဉာဏ်နှင့် ဆင်ခြင်၍ဆုံးဖြတ်ရမည်"

"ဆရာတော်ဘုရားကြီးရဲ့ရေးသားချက်က အင်မတန်ရှင်းတာပဲဗျာ"

"ဖတ်လက်စနဲ့အင်မတန်မှတ်သားရာကောင်းတဲ့အချက်တစ်ချက်ကိုဖတ်ပြပါဦးမယ်"

"ဖတ်ပြပါ ဆရာ"

"ဩမြတ်စွာဘုရားဟောကြားတော်မူသောတရားတော်သည် သာမန်လေ့လာသူတို့၌ သာမန်မျှသောအနက်အဓိပ္ပာယ်ကိုသိမြင်ကြ၏။ ဉာဏ်မီသမျှ နက်နက်နဲနဲတွေးတွေးဆဆ စဉ်းစားလျှင်လည်း စဉ်းစားသလောက် အနက်အဓိပ္ပာယ်တွေပေါ်ထွက်၍လာတတ်၏။ တရားတော်ကို အယုံအကြည်နည်းပါးစွာနှင့် သာမန်ကာလျှံကာ တော်ရုံတန်ရုံလေ့လာ ကြည့်ရှု နာကြားသူတို့မှာကား တရားတော်၏ အရသာပေါ်အောင် ဉာဏ်သွားနှင့် မကြိတ်မဝါးမိတတ်ပေ။ သဘောဉာဏ် တည်းဟူသော အံသွားကင်းမဲ့ကြသောသူတို့သည် ဗုဒ္ဓဘာသာဖြစ်ရုံမျှ အညတရကိုမဆိုထားနှင့်ဦး၊ သာသနာတော်ထမ်း ရဟန်းဘဝသို့ရောက်စေကာမူ ဗုဒ္ဓဘာသာကိုစွန့်ပစ်၍ အရိယေသနအတွက်နှင့် ဘာသာခြားတို့ တပည့်ဖြစ်နိုင်ကြပေသည်။ ဗုဒ္ဓဘာသာတရားကို လေးလေးစားစား ဆင်ဆင်ခြင်ခြင် စူးစူးစမ်းစမ်း ဆွေးနွေးလေ့လာကြည့်ရှုမိသူတို့သည်ကား အသက်အသေခံ သက်ခံရရာ၏။ ဗုဒ္ဓဘာသာကိုကား မစွန့်နိုင်ကြပေ။ နောက်ဆုံးအားဖြင့် မိမိသည် မတတ်သာ၍ မကောင်းမှုကိုပြုလုပ်နေရစေကာမူ ဗုဒ္ဓဘာသာတရားတော်သည် မှန်ကန်၍ ကောင်းမြတ်သောတရားဖြစ်ပါသည်။ မိမိသာလျှင် မကောင်းမှုကို ပြုလုပ်နေကြောင်း ဝန်ခံကြလေသည် - တဲ့"

"ဆရာဖတ်ပြတာ ကြားရတော့ ကျွန်တော်တို့အိမ်နားက အရက်မူးတဲ့ပုဂ္ဂိုလ်ကို သတိရမိတယ်။ အဲဒီပုဂ္ဂိုလ်က အရက်သောက်လို့ ကြပ်ကြပ်မူးလာပြီဆိုရင် လက်အုပ်ချီပြီး မြတ်စွာဘုရား၊ လူမိုက်ကြီးကိုခွင့်လွှတ်ပါဘုရား ဆိုပြီး ကန်းပြီးဦးချတော့တာပဲ။ ပြီးတော့ ပြောလိုက်သေးရဲ့။ အရှင်ဘုရားက မသောက်နဲ့လို့ ဟောပါရဲ့။ တပည့်တော်က မသောက်ဘဲမနေနိုင်တော့ဘူး။ လွန်နေပါပြီ၊ ခွင့်လွှတ်ပါဘုရားလို့ ပြောလိုက်သေးတယ်"

"အဲဒီပုဂ္ဂိုလ်ဟာ အရက်မူးနေပေမယ့် ဘုရားကိုမမေ့ဘူးဆိုတာ ပြတာပဲ။ ဆရာတော်ဘုရားကြီးရေးထားသလိုပြောရမယ်ဆိုရင် ဗုဒ္ဓဘာသာတရားတော်က ကောင်းပါရဲ့။ မိမိကမကောင်းတာလုပ်နေတယ်လို့ ဝန်ခံရာရောက်တယ်"

"နောက်ထပ် မိန့်ဆိုထားတာရှိသေးသလား ဆရာ"

"ရှိတာပေါ့ဗျာ၊ ပြောပြပါ့မယ်။ ဗုဒ္ဓဘာသာဟာ ဘယ်သူ့ကိုမှချော့မြူဖြားယောင်း သွေးဆောင်မှုမပြုဘဲ ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စူးစမ်းပြီးမှ မိမိဆန္ဒအလျောက် သက်ဝင်ယုံကြည်စေတဲ့ ဘာသာတရားဖြစ်သတဲ့။ အဲဒီအချက်ကို ပေါ်လွင်အောင် နဠန္ဒမြို့ အိမ်ပိုင်ရှင်သူဌေး ဥပါလိကို ဥပမာဆောင်ပြထားတယ်။ ဥပါလိဟာ နာဋပုတ္တနိဂဏ္ဌတိတ္ထိဆရာကြီးရဲ့ဒကာအရင်း။ အဲဒီတိတ္ထိဆရာကြီးက ကာယကံ၊ ဝစီကံ၊ မနောကံလို့ မသုံးစွဲဘူး။ ကာယဒဏ်၊ ဝစီဒဏ်၊ မနောဒဏ်လို့ သုံးစွဲတယ်။ အဲဒီဒဏ်သုံးပါးထဲမှာလည်း ကာယဒဏ်ဟာ အပြစ်ကြီးသတဲ့။ မြတ်စွာဘုရားကတော့ မနောကံက အပြစ်ကြီးတယ်လို့ ဟောတယ်။ ဥပါလိ မြတ်ဘုရားထံ ရောက်သွားတော့ မြတ်စွာဘုရားက မနောကံကအပြစ်ကြီးကြောင်း ဥပမာပြပြီးဟောတယ်။ ဥပါလိ သဘောကျသွားပြီး သူ့ကို ဗုဒ္ဓဘာသာဝင် ဥပါသကာတစ်ယောက်လို့လျှောက်တော့ မြတ်စွာဘုရားက ဆင်ခြင်စဉ်းစားပါဦး၊ ဆင်ခြင်စဉ်းစားပြီးမှလျှောက်ပါလို့ မိန့်ပါတယ်။

မြတ်စွာဘုရားက သူ့ဘာသာထဲဝင်လာတာပဲဆိုပြီး ချက်ချင်း လက်မခံဘူးနော်။ တကယ်ဆိုတော့ ဥပါလိလိုသူဌေးတစ်ယောက် သူ့ဘာသာထဲဝင်လာတာ ဘယ်လောက်ဝမ်းပန်းတသာကြိုဆိုဖို့ကောင်းသလဲ၊ ဒါပေမယ့် မြတ်စွာဘုရားက ကိုယ်ပိုင်ဉာဏ်နဲ့ ဆင်ခြင်စဉ်းစားပြီးမှ လုပ်ဆောင်ပါလို့ပြောတာ၊ အင်မတန်အမြော်အမြင်ကြီးတယ်ဆိုတာကိုပြပါတယ်။

မြတ်စွာဘုရားက ဆက်ပြီးမိန့်ဆိုတာက -

'ဥပါလိသူဌေးတဲ့၊ သင်ရဲ့အိမ်ဟာ နိဂဏ္ဌတိတ္ထိတွေရဲ့ ရေတွင်းသဖွယ်ဖြစ်တယ်။ ဒါကြောင့်မို့ သင့်အိမ်ကိုလာတဲ့ နိဂဏ္ဌတို့ကို ရှေးကလိုပေးလှူမြဲ ပေးလှူပါလေ'

လို့ မိန့်တော်မူပါတယ်"

"မြတ်စွာဘုရားက သိပ်သဘောထားကြီးတာပဲနော်"

"မြတ်စွာဘုရားက အဲဒီလိုမိန့်လိုက်တော့ ဥပါလိသူဌေးက အတော့်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သူ့ကို တပည့်ဒကာအဖြစ် မှတ်ယူဖို့ အကြိမ်ကြိမ်လျှောက်ပါတယ်"

"ဒီအချက်ဟာ ဗုဒ္ဓဘာသာဟာ ဘယ်သူ့ကိုမှ ချော့မြူခြိမ်းခြောက်ပြီး ဗုဒ္ဓဘာသာထဲဝင်ဖို့ မသိမ်းသွင်းဘူးဆိုတာ ထင်ရှားပါတယ်။ ကျွန်တော်တော့ ဒီကနေ့ ဆရာ့ဆီရောက်ရတာ အတော့်ကို အကျိုးကြီးပါတယ်၊ ကုသိုလ်လည်းရပါတယ်"

"ကျွန်တော်လည်း ကုသိုလ်ရတာပေါ့ဗျာ၊ **ကာလေန** - မကြာမကြာအခါခါ၌၊ **ဓမ္မသာကစ္ဆာစ** - လူကောင်းရှင်ကောင်း သူတော်ကောင်းနှင့် ပေါင်းဆုံကြ၍ တရားကျမ်းဂန်အတန်တန်ကို ဉာဏ်သွားသန့်ရှင်း လင်းထက်လင်းအောင် အချင်းချင်းနှီးနှောပြောဆိုရခြင်းသည်လည်း ကောင်း၏တဲ့။ အခုလို တရားဆွေးနွေးရတာဟာ တကယ့်မင်္ဂလာကြီးပါဗျာ"

"ကဲ-ဆရာ၊ စကားပြောလို့လည်း ကောင်းပါရဲ့၊ အကျိုးလည်းရှိပါရဲ့။ ဒါပေမယ့် ဃရာဝါသောဗဟုကိစ္စောတဲ့။ အချိန်ပိုတက်နေတဲ့သမီးကို သွားကြိုရဦးမယ်"

ဤသို့ပြောပြီး ဓမ္မမိတ်ဆွေသည် ဝမ်းမြောက်ဝမ်းသာ ထွက်ခွာသွားပါသတည်း။

မြဝင်း (ဒသသန)



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ ပွင့်ထွန်းတော်မူစဉ်က အနောက်မဇ္ဈိမဒေသတွင် မြတ်ဗုဒ္ဓ သာသနာကို သမ္မာဒိဋ္ဌိဘာသာဟု ခေါ်တွင်ကြ၏။ ဗုဒ္ဓဘာသာဟု မခေါ်ဝေါ်ကြပါ။

သမ္မာဒိဋ္ဌိ ဆိုသည်မှာ မှန်ကန်သောအယူဝါဒဟုအဓိပ္ပာယ်ရ၏။ ထိုစဉ်ကာလက မိစ္ဆာဒိဋ္ဌိဆိုသော အမှားဝါဒများကလည်း ကြောက်ခမန်းလိလိ ထွန်းကားနေ၏။

မိမိကိုယ်ကို ဘုရားဟု ပြောဆိုသူတွေက ပြောဆိုကြ၏။ ဝါဒတွေကိုလည်း အမျိုးမျိုးတီထွင်ကြ၏။ ယုံကြည်သူများ၊ ကိုးကွယ်သူများကလည်း အမြောက်အမြားပါပဲ။

မိစ္ဆာဒိဋ္ဌိဝါဒကား မှားယွင်းသောအယူဝါဒပင် ဖြစ်၏။ ဒါကြောင့် ဤမိစ္ဆာဝါဒကို ပထမသိထားကြရန် လိုအပ်လာပါ၏။

ထိုခေတ်ထိုကာလက အနောက်မဇ္ဈိမဒေသကြီးတွင် ဗြာဟ္မဏဝါဒကြီးက လွှမ်းမိုးလျက်ရှိ၏။

ဗြာဟ္မဏပညာရှိအတွေးအခေါ်ရှင်ဆိုတ္တိများက အောက်ဖော်ပြပါ အယူဝါဒများကို တီထွင်ကြ၏။

ဤစကြဝဠာကြီးတွင် အာကာသကောင်းကင်ကြီးထဲ၌ အစဉ်ထာဝရအသက်ရှင်လျက်ရှိနေသော ထာဝရဘုရားကြီး (ဗြဟ္မာကြီး) တစ်ဦးရှိ၏။

ထိုထာဝရဘုရားကြီးသည် ဘယ်အချိန်က ကောင်းကင်ကြီးထဲမှာရှိနေသည်ကို သူတို့မသိ။ စိတ်မှန်း၍တီထွင်ထားသောဝါဒ ဖြစ်၏။

ထိုထာဝရဘုရားကြီး (ဗြဟ္မာကြီး) က ဤကမ္ဘာကြီးကို တည်ဆောက်၏။ လူသားတွေကို ဖန်ဆင်း၏။

လူသားတစ်ဦးစီတစ်ဦးစီ၏ကိုယ်ခန္ဓာကြီးအတွင်းမှာ အတ္တမ်ဆိုသောအတ္တကောင်လေး (ဝါ) အသက်ကောင်လေး (ဝါ) လိပ်ပြာကောင်လေး (ဝါ) အတ္တဝိညာဉ်ကောင်လေး တစ်ကောင်စီတစ်ကောင်စီ ထည့်သွင်းပေးထား၏။

ထိုအတ္တဝိညာဉ်ကောင်လေးသည် လူသတ္တဝါတွေကို အစိုးရ၏။ လူကို ထိုအတ္တဝိညာဉ်ကောင်လေးကခိုင်းနေ၏။ သူခိုင်းတာကို ကိုယ်ခန္ဓာကြီးက လိုက်လုပ်နေရ၏။

ဤဝါဒကို အတ္တဒိဋ္ဌိဝါဒဟု ခေါ်၏။

ထိုအတ္တဝိညာဉ်ကောင်လေးသည် လူသေဆုံးသွားသောအခါ သူကမသေ။ လူသတ္တဝါတွေ၏ကိုယ်ခန္ဓာကြီးမှထွက်ခွာသွား၏။ ကိုယ်ခန္ဓာကြီးက ပုပ်ပွပြီး မြေကြီးထဲရောက်သွား၏။ ထိုအတ္တဝိညာဉ်သည် နောက်ဘဝသို့ကူးသွား၏။ ဆက်သွား၏။ ဤအတ္တဝိညာဉ်ကောင်လေးသည် ခိုင်၏။ မြဲ၏။

ဤဝါဒကို သဿတဒိဋ္ဌိဝါဒဟု ခေါ်၏။

မိမိကိုယ်ကို ဘုရားဟု ပညတ်ထားသော အဇိတ ဆိုသောပုဂ္ဂိုလ်ကြီးကလည်း ဝါဒတစ်ခုကိုတည်ထောင်ပြန်၏။ သူ၏ဝါဒကား နတ္ထိကဝါဒ ဖြစ်၏။ သူ၏နတ္ထိကဝါဒကြီးက (၁၀) မျိုးရှိ၏။

၁။ ယဇ်ပူဇော်ခြင်းသည် အကျိုးမရှိ။
၂။ အလှူပေးခြင်းသည် အကျိုးမရှိ။
၃။ အဖကို ရိုသေစရာမလို။
၄။ အမိကို ရိုသေစရာမလို။
၅။ နောက်ဘဝဆိုတာမရှိ။



# အရှင်သုဓမ္မသာရ

## ဗုဒ္ဓဘာသာကို ဤသို့နားလည်ပါ

၆။ သမဏဆိုတာ မရှိ။
၇။ ဗြာဟ္မဏဆိုတာ မရှိ။
၈။ ရဟန္တာဆိုတာ မရှိ။
၉။ ယခုဘဝသာရှိ၏။
၁၀။ ဤဘဝမှသေလျှင်ဘဝပြတ်၏။

ဤဝါဒကို ဥစ္ဆေဒဒိဋ္ဌိဟုခေါ်၏။

ထိုဝါဒကြီး (၃) ခုကို ပြန်လည်ဖော်ပြရလျှင်-

**၁။ အတ္တဒိဋ္ဌိဝါဒ**

အစိုးရသည့်ဝါဒ။

**၂။ သဿတဒိဋ္ဌိဝါဒ**

ဘဝတွေဆက်ဆက်သွားတဲ့ဝါဒ။

**၃။ ဥစ္ဆေဒဒိဋ္ဌိဝါဒ**

ဘဝပြတ်သည့်ဝါဒ။

ဤဝါဒကြီးသုံးမျိုးသည် အနောက်မဇ္ဈိမဒေသကြီးကို လွှမ်းမိုးထား၏။ ဗုဒ္ဓမပွင့်မီကလည်းရှိ၏။ ဗုဒ္ဓပွင့်တော်မူပြီးနောက်လည်းရှိ၏။

မြတ်ဗုဒ္ဓပွင့်တော်မူလာသောအခါ မြတ်ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် လူသတ္တဝါကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်တော်မူ၏။

မြတ်ဗုဒ္ဓက -

၁။ ဤစကြဝဠာကြီးနှင့်ကမ္ဘာကြီးကို မည်သည့်တန်ခိုးရှင်ကမျှဖန်ဆင်းထားခြင်းမဟုတ်။
၂။ လူသတ္တဝါတွေကိုလည်း မည်သည့်တန်ခိုးရှင်ကမျှ ဖန်တီးထားခြင်းမဟုတ်။
၃။ ကမ္ဘာကြီး၏ နိယာမတရားကြီးကြောင့် အကြောင်းအကျိုးဆက်ပြီးဖြစ်လာရခြင်းသာ ဖြစ်၏။
၄။ ကောင်းကင်တွင် အမြဲတမ်းအသက်ရှင်လျက်ရှိသော ထာဝရဘုရားကြီးဆိုတာမရှိ။
၅။ လူသတ္တဝါတွေ၏ ကိုယ်ထဲမှာ အတ္တကောင်လေး၊ အတ္တဝိညာဉ်မရှိ။ Soul မရှိ။
၆။ လူသေပြီး ဤအတ္တဝိညာဉ်ကောင်လေး မရှိသည့်အတွက် ဘဝတွေဆက်သွားတာမရှိ။
၇။ လူသတ္တဝါတွေ သေပြီး ဤဘဝမှာပင် ဘဝပြတ်သွားသည်ဆိုတာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်ဗုဒ္ဓ၏ သမ္မာဒိဋ္ဌိဝါဒကား -

၁။ လူမှာ အမြဲတမ်း ဖောက်ပြန်ပြောင်းလဲနေသော ရုပ်ခန္ဓာကြီးရှိ၏။ (Boddy).

၂။ ထိုရုပ်ခန္ဓာကြီးမှာ သိစိတ်ဝိညာဉ် (Consciousness) သာရှိ၏။

၃။ လူသတ္တဝါမှာ အတ္တကောင်၊ အသက်ကောင်၊ အတ္တဝိညာဉ် (Soul) ကောင်လေးမရှိ။

၄။ လူမှာ ရုပ်နှင့် နာမ် (ဝိညာဏ်) သိစိတ်ဝိညာဏ်ပဲရှိ၏။

၅။ လူသတ္တဝါတွေသေပြီး ဘဝပြတ်တယ်ဆိုတာ မဟုတ်။

၆။ လူသတ္တဝါတွေ သေဆုံးပြီးလျှင် ဘဝမပြတ်သေးပါ။ ဘဝသံသရာမှာလည်ရပါဦးမည်။

၇။ ဗုဒ္ဓ၏ဘဝကူးပုံကား နောက်ဘဝဖြစ်ရသည်မှာ ရုပ်ခန္ဓာလည်း အသစ်၊ နာမ် (ဝိညာဏ်) သိစိတ်ကလည်း အသစ်ပါပဲ။

၈။ လောက်လမ်းသဖွယ် ဝိညာဉ် (Soul) တွယ်သည်ဆိုတာမဟုတ်ပါ။

၉။ လူသတ္တဝါတွေကို မည်သူကမျှ အစိုးမရပါ။ လူသတ္တဝါတွေသည် အနတ္တဝါဒဖြစ်၏။

၁၀။ လူကိုခိုင်းနေတာ အတ္တကောင်လေးမဟုတ်။

အတ္တဝိညာဉ်(Soul)ကောင်လေးလည်းမရှိ။

၁၁။ လူသတ္တဝါကိုခိုင်းနေသည်မှာ နာမ်တရား၊ သိစိတ်၊ ဝိညာဏ် (စိတ်) တရားကသာခိုင်းနေခြင်း ဖြစ်၏။

၁၂။ လူသေလျှင် အသက်ထွက်သွားတာ မဟုတ်ပါ။ လူမှာ အသက်လည်းမရှိပါ။

၁၃။ လူသေလျှင် ဝိညာဏ်ချုပ်သည်ဟုသာ ဗုဒ္ဓက ဟောတော်မူ၏။

၁။ စက္ခုဝိညာဏ် - မြင်သိစိတ်၊
၂။ သောတဝိညာဏ် - ကြားသိစိတ်၊
၃။ ဃာနဝိညာဏ် - နံသိစိတ်၊
၄။ ဇိဝှာဝိညာဏ် - စားသိစိတ်၊
၅။ ကာယဝိညာဏ် - တွေ့ထိစိတ်၊
၆။ မနောဝိညာဏ် - ကြံစည်တွေးတောစိတ်ကူးစိတ်။

ဤသိစိတ်ဝိညာဏ် (၆) ပါးချုပ်ငြိမ်းသည်ကိုသာ ဗုဒ္ဓက လူသေသည်၊ ဝိညာဏ်ချုပ်သည်ဟု ဟောတော်မူ၏။

ဤမျှဆိုလျှင် မိစ္ဆာဒိဋ္ဌိဝါဒနှင့် သမ္မာဒိဋ္ဌိဝါဒကို နားလည်လောက်ပြီဟု ထင်ပါ၏။

မြတ်ဗုဒ္ဓ၏ဝါဒကား ဝိဘဇ္ဇဝါဒဖြစ်၏။ ဂေါတမဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က အခါတစ်ပါး၌ ပရိဗိုဇ်တစ်ဦးက မြတ်ဗုဒ္ဓအား သင်၏ အယူဝါဒကား အဘယ်သို့ဖြစ်ပါသနည်းဟု မေးဖူးပါ၏။

မြတ်ဗုဒ္ဓက ငါ၏ဝါဒသည် ဝိဘဇ္ဇဝါဒဟု ဖြေတော်မူပါ၏။

ဝိဘဇ္ဇဝါဒဆိုသည်မှာ အကြောင်းအရာတစ်ခု (ဝါ) တရားတော်တစ်ခုကို ခွဲခြားစိတ်ဖြာ၍ စိစစ်သောဝါဒပင် ဖြစ်ပါ၏။ (ANALYSIS PHILOSOPHY)။

ဤဝိဘဇ္ဇဝါဒကို ထပ်ဆင့်၍ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် လူသတ္တဝါတွေမှာ ရုပ်၊ နာမ် (၂) ပါးသာ ရှိ၏။ လူသတ္တဝါများကို အဏုမြူမှုန်လေးများ ကလာပ်စည်း(CELL)လေးပေါင်း ကုဋေပေါင်းမြောက်မြားစွာ၍ဖွဲ့စည်းထားသော အစုအဝေးသာ ဖြစ်၏။

လူဆိုတာ ပညတ်၊ ယောက်ျား၊ မိန်းမဆိုတာ ပညတ်၊ အမည်တွေမှည့်ထားတာတွေဟာ ပညတ်။ ပညတ်များသည် အမြဲတမ်း ဖောက်ပြန်၏။ ပြောင်းလဲနေရ၏။ ဤကဲ့သို့ ရုပ်၊ နာမ် (၂) ပါးကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်သောဝါဒကို ဝိဘဇ္ဇဝါဒဟု ခေါ် ဆိုပါ၏။

ဗုဒ္ဓသည် ကယ်တင်ရှင်မဟုတ်ပါ။ (NOT SAVIOR).

ဗုဒ္ဓသည် ဖန်ဆင်းရှင်မဟုတ်ပါ။ (NOT CREATOR).

ဗုဒ္ဓသည် လမ်းညွှန်ပြသူ (INSTRUCTOR) သာ ဖြစ်၏။

မှားနေသော သီချင်းတစ်ပုဒ်ရှိပါ၏။

*ကောင်းသူကို ကယ်တင်မည်xxx*
*မကောင်းသူကို ဖယ်ရှားမယ်လို့ xxx*
*ဘုရားတရားတော်နဲ့အညီxxx*

ဆိုသော ထိုသီချင်းသည် လုံးဝမှားနေပါ၏။ မြတ်ဗုဒ္ဓသည် ကောင်းသူကိုကောင်းသထက်ကောင်းရန် လမ်းညွှန်ပြပေးပါ၏။သွန်သင်ပေးပါ၏။ ဆုံးမပေးပါ၏။

မကောင်းသူကိုလည်း မပယ်ရှားပါ။

မကောင်းသူကိုတွေ့လျှင် ကောင်းသည့်လမ်းကိုသာ ညွှန်ပြပေးပါ၏။ နည်းပေးပါ၏။ သင်ပြပါ၏။

လူသတ္တဝါသည် 'အတ္တာဟိ အတ္တနော နာထော' ဟု ဗုဒ္ဓက ဟောတော်မူ၏။ လူသည် မိမိကိုယ်သာ ကိုးကွယ်ရာ၊ မိမိကိုယ်သာ အားထားရာ ဖြစ်၏။

လူတို့၏ ကံကြမ္မာကို မည်သည့်နတ်ဗြဟ္မာများကမှ ပြုလုပ်သည်မဟုတ်ပါ။

မိမိ၏ ကောင်းကံ၊ ဆိုးကံများကို ပြုလုပ်သည်မှာ မိမိသာလျှင် ဖြစ်၏။

ဗုဒ္ဓဘာသာဝင်များသည် ကံ၊ကံ၏အကျိုးကို သက်ဝင်ယုံကြည်ကြ၏။

အကုသိုလ်ပြုလုပ်လျှင် မကောင်းကျိုးများကိုရရှိမည်။ တွေ့ရှိမည်။

ကုသိုလ်ပြုလုပ်လျှင် ကောင်းမှုများကိုရရှိမည်။ တွေ့ရှိမည်။

မိမိပြုသော ကောင်းမှုကံကို မိမိသာစံရမည်။ မိမိပြုသော မကောင်းမှုကံကို မိမိသာခံရမည်။

ဤသည်ကား ဗုဒ္ဓဘာသာ၏ဝါဒပေတည်း။

❑

ဒိဋ္ဌိ၊ မောဟ၊ အဝိဇ္ဇာ ဆိုသော စကားလုံးများသည် အတူတူပင်ဖြစ်၏။ အဓိပ္ပာယ်မှာ ဖုံးအုပ်ထားခြင်း၊ အမှန်ကို မသိခြင်းဟု အဓိပ္ပာယ်ရ၏။

- ❑ မှားမှားယွင်းယွင်းသိခြင်းသည် ဒိဋ္ဌိဖြစ်၏။
- ❑ အသိမှားနေလျှင် အယူမှားပါတော့၏။
- ❑ မောဟတရားသည် မရှိကို အရှိဟုထင်၏။
- ❑ မောဟတရားသည် အရှိကို မရှိဟုထင်၏။
- ❑ မဟုတ်ကို အဟုတ်ဟုထင်၏။
- ❑ ဟုတ်သည်ကို မဟုတ်ဟုထင်၏။

ဤသို့ အမှန်ကို အမှန်အတိုင်းသိလျှင် -

- ❑ ချစ်ခင်နှစ်သက်ခြင်းမရှိ။
- ❑ သာယာတပ်မက်ခြင်း မရှိ။
- ❑ လိုချင်ခြင်းမရှိ။
- ❑ စွဲလမ်းခြင်းမရှိ။
- ❑ တဏှာမာနဒိဋ္ဌိ - (လောဘ၊ ဒေါသ၊ မောဟ) ပ,ပဥ္စတရားများ သေသောကြောင့် သက္ကာယ ဆိုသောဒိဋ္ဌိများ နှလုံးသားမှ ထွက်သွားကြ၏။ သက္ကာယဒိဋ္ဌိကြီးကင်းသွား၏။ စင်သွား၏။

ဤသို့အားဖြင့် လူသားသည် တန်ဖိုးရှိသော၊ အသိဉာဏ်ရှိသော မြတ်ဗုဒ္ဓ၏ သားတော်၊ သမီးတော်များ ဖြစ်သွားရ၏။

အရှင်သုမေဓသာရ



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိ ပေါက်ကျင့်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခ ကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သော နက္ခတ်များအား အစင်အကြ ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရည်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခ ဇယားကို ပြုစုဖော်ပြပေးလိုက်ပါသည်။

| ခရစ် ရက် | မြန်မာ ရက် | နေ့ | နက္ခတ် | နက္ခတ် ပြောင်းချိန် | နက္ခတ် အမျိုးအစား |
|---|---|---|---|---|---|
| ၁ | ○ | ၂လ်ာ | ၁၆<br>၁၇ | ၂၀း၃၇း၅၄ | * အမြိတ္တ<br>* လာဘ |
| ၂ | နယုန် လဆုတ် | ၃ဂါ | ၁၇<br>၁၈ | ၂၁း၃၁း၀၂ | △ ဥပါဒ်<br>△ မိတ္တု |
| ၃ | ၂ | ၄ဟူး | ၁၈<br>၁၉ | ၂၁း၃၆း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၄ | ၃ | ၅တေး | ၁၉<br>၂၀ | ၂၁း၃၆း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၅ | ၄ | ၆ကြာ | ၂၀<br>× | ၁၅း၃၆း၀၀ | * သိဒ္ဓိ<br>□ ဝရ |
| ၆ | ၅ | စနေ | ×<br>၂၁<br>၂၂ | ၀၂း၄၀း၀၀<br>၁၉း၄၈း၃၄ | △ ကာဏ<br>* အမြိတ္တ<br>* လာဘ |
| ၇ | ၆ | ၁နွေ | ၂၂<br>၂၃ | ၁၈း၄၀း၀၀ | △ ဥပါဒ်<br>△ မိတ္တု |
| ၈ | ၇ | ၂လ်ာ | ၂၃<br>၂၄ | ၁၇း၁၅း၀၀ | * လာဘ<br>* သိဒ္ဓိ |
| ၉ | ၈ | ၃ဂါ | ၂၄<br>၂၅ | ၁၅း၄၅း၀၀ | △ မိတ္တု<br>△ ကာဏ |
| ၁၀ | ၉ | ၄ဟူး | ၂၅<br>၂၆ | ၁၄း၀၁း၅၁ | * သိဒ္ဓိ<br>□ ဝရ |
| ၁၁ | ၁၀ | ၅တေး | ၂၆<br>၂၇ | ၁၂း၂၂း၃၀ | △ ကာဏ<br>* အမြိတ္တ |
| ၁၂ | ၁၁ | ၆ကြာ | ၂၇<br>၁ | ၁၀း၅၂း၃၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၃ | ၁၂ | စနေ | ၁<br>၂ | ၀၉း၃၁း၂၆ | * အမြိတ္တ<br>* လာဘ |
| ၁၄ | ၁၃ | ၁နွေ | ၂<br>၃ | ၀၈း၃၀း၅၈ | △ ဥပါဒ်<br>△ မိတ္တု |
| ၁၅ | ၁၄ | ၂လ်ာ | ၃<br>၄ | ၀၇း၅၂း၀၈ | * လာဘ<br>* သိဒ္ဓိ |
| ၁၆ | ● | ၃ဂါ | ၄<br>၅ | ၀၇း၂၈း၃၁ | △ မိတ္တု<br>△ ကာဏ |
| ၁၇ | ပ-ဝါဆို လဆန်း | ၄ဟူး | ၅<br>၆ | ၀၇း၂၆း၅၄ | * သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၂ | ၅တေး | ၆<br>၇ | ၀၈း၁၆း၃၃ | △ ကာဏ<br>* အမြိတ္တ |
| ၁၉ | ၃ | ၆ကြာ | ၇<br>၈ | ၀၉း၁၅း၄၇ | □ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၄ | စနေ | ၈<br>၉ | ၁၀း၄၂း၅၁ | * အမြိတ္တ<br>* လာဘ |
| ၂၁ | ၅ | ၁နွေ | ၉<br>၁၀ | ၁၂း၃၉း၁၆ | △ ဥပါဒ်<br>△ မိတ္တု |
| ၂၂ | ၆ | ၂လ်ာ | ၁၀<br>၁၁ | ၁၅း၀၆း၄၀ | * လာဘ<br>* သိဒ္ဓိ |
| ၂၃ | ၇ | ၃ဂါ | ၁၁<br>၁၂ | ၁၇း၄၆း၄၀ | △ မိတ္တု<br>△ ကာဏ |
| ၂၄ | ၈ | ၄ဟူး | ၁၂<br>၁၃ | ၂၀း၂၆း၄၀ | * သိဒ္ဓိ<br>□ ဝရ |
| ၂၅ | ၉ | ၅တေး | ၁၃<br>၁၄ | ၂၂း၄၁း၂၇ | △ ကာဏ<br>* အမြိတ္တ |
| ၂၆ | ၁၀ | ၆ကြာ | ၁၄ | မပြောင်း | □ ဝရ |
| ၂၇ | ၁၁ | စနေ | ၁၄<br>၁၅ | ၀၀း၅၂း၂၂ | △ ကာဏ<br>* အမြိတ္တ |
| ၂၈ | ၁၂ | ၁နွေ | ၁၅<br>၁၆ | ၀၂း၅၆း၅၁ | □ ဝရ<br>△ ဥပါဒ် |
| ၂၉ | ၁၃ | ၂လ်ာ | ၁၆<br>၁၇ | ၀၄း၀၈း၁၇ | * အမြိတ္တ<br>* လာဘ |
| ၃၀ | ၁၄ | ၃ဂါ | ၁၇<br>၁၈ | ၀၆း၀၀း၀၀ | △ ဥပါဒ်<br>* အမြိတ္တ |

၂၀-နက္ခတ် ။ ၄၅ ယဋ္ဌိ
×-နက္ခတ် ။ ၃၀ ယဋ္ဌိ ဖြင့် တွက်သည်
၂၁-နက္ခတ် ။ ၄၅ ယဋ္ဌိ

* ။ အဝင်နက္ခတ်　　○ ။ လပြည့်နေ့
□ ။ ခပါဒ်နက္ခတ်　　● ။ လကွယ်နေ့
△ ။ အထွက်နက္ခတ်

၂-၆-၂၀၁၅ အင်္ဂါနေ့ ည ၂၃း၁၂း၀၀ နာရီတွင် လပြည့်သည်။

*အသုံးတည့်နိုင်ကြပါစေ*

ဦးအောင်စောလှိုင် (ပု...)



www.burmeseclassic.com


www.burmeseclassic.com


ကျော်ခိုင်ခင်


# ထိုင်းနိုင်ငံမှရဟန္တာဟုကျော်ကြားသောဆရာတော် ပျံလွန်တော်မူပြီးနောက် ဓာတ်တော်များကြွင်းကျန်


ထိုင်းနိုင်ငံ အီဆန် (Isan) ဒေသသည် ထိုင်းနိုင်ငံ၏ အရှေ့မြောက်ဘက်တွင်တည်ရှိပြီး လာအိုနိုင်ငံ၏နယ်စပ်မှာတည်ရှိသည်။ လာအိုနိုင်ငံနှင့် မဲခေါင်မြစ်အားဖြင့် နယ်စပ်မှာ ပိုင်းခြားထားသော မဲခေါင်မြစ်ဝှမ်းဒေသလည်း ဖြစ်သည်။ ထိုဒေသမှ ထိုင်းလူမျိုးတွေကတော့ မဲခေါင်မြစ်နှင့်မြစ်ဝှမ်း၊ အီဆန်ဒေသမှာ နဂါးတို့၏ နေအိမ် (House of The Dragon)ဖြစ်သည်ဟုယုံကြည်ကြသည်။

အဆိုပါ Udon Thani ပြည်နယ် Amper Munag ခရိုင် အီဆန်မြို့ Baan Taad ရွာမှာ ထိုင်းလူမျိုးတွေ လေးစားယုံကြည်ကိုးကွယ်ခြင်းကို ခံယူရသည့် ဆရာတော်ကြီး အာဂျန်မဟာဘူးဝါး (Luangta Maha Boowa Yanasampanno) ကို ခရစ်နှစ် ၁၉၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်တွင် ကြွယ်ဝချမ်းသာသော လယ်သမားမိသားစုက ဖွားမြင်ခဲ့သည်။ မိဘအမည် သောင်ဒီး (Mr Thongdee) နှင့် ပန်း (MrsPang) တို့က မွေးဖွားသည်။ ဆရာတော်လောင်းလျာ









ဆရာတော်အာဂျန်မဟာဘူးဝါး
ရေးသားပြုစုခဲ့သောကျမ်းစာများ




www.burmeseclassic.com


www.burmeseclassic.com



ဆရာတော်အာဂျန်မဟာဘူဝါး ရုပ်ကလာပ်အား မီးပူဇော်ပြီးနောက် ကြွင်းကျန်သော အသွေးတော်၊ အသားတော်၊ အရိုးတော်၊ အကြောတော်များ








ကို ကိုယ်ဝန်ဆောင်ထားစဉ်က မိခင်သည် ၎င်းတို့မိသားစုမှာ ချမ်းသာကြွယ်ဝသည်ထက် ပိုပြီးချမ်းသာလာသည်ဟု အိပ်မက်မြင်မက်သဖြင့် ဗိုက်ထဲမှကလေးသည် ချမ်းသာမှုအပေါင်းကို ပေးစွမ်းလိမ့်မည်ဟု မှတ်ယူခဲ့ကြသည်။ သို့ရာတွင် ဗိုက်ထဲရှိသန္ဓေသားသည် အသက်ရှူသံမပြင်း၊ လှုပ်ရှားမှုမရှိသဖြင့် တစ်ခါတစ်ရံတွင် မိခင်ဖြစ်သူကိုယ်တိုင်သည်ပင် ဗိုက်ထဲမှ ကလေးငယ်အတွက် စိုးရိမ်ပူပန်မှုများဖြစ်ရသည်။ တစ်ခါတစ်ရံ အသေလေးများဖြစ်နေမလားဟု တွေးပူမိသည်။ မွေးချင်း(၁၆)ဦးအနက် တစ်ဦးအပါအဝင်ဖြစ်ပြီး အစ်ကိုတစ်ဦးမှာ နောင်အခါတွင် ဆရာတော်အာဂျန်အဖြစ် ကျော်ကြားလာသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com






ဆရာတော်အာဂျန်မဟာဘူးဝါ၏ လမ်းလျှောက်စဉ်နှင့် တရားဟော၊ တရားထိုင်စဉ်တွေ့ရသော ကြည်ညိုဖွယ်မြင်ကွင်းများ

ဆရာတော်လောင်းလျာငယ်စဉ် အခြေခံပညာမူလတန်းကျောင်း၌ ...သာ တက်ရောက် သင်ကြားခဲ့ပြီး ...င်းဆက်မတက်တော့ချေ။ ကျောင်း ...ဉ်ကလည်း အတိုင်းစဉ်တိုင်းကို ...ခဲ့သည်ချည်း ဖြစ်သည်။ ကျောင်း ...ဖြစ်တော့သည့်အခါ ကျန်အချိန်များကို မိဘများလုပ်ကိုင်ရာ လယ်ယာလုပ်ငန်းခွင်တွင် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ မိဘများက သားဖြစ်သူကို ဘွာ (Bua) ဟု မှည့်ခေါ်ကြသည်။ ထိုင်းဘာသာအားဖြင့် ဘွာသည် ကြာပန်းဟု အဓိပ္ပာယ်ရသည်။

၁၉၃၄ ခုနှစ်၊ မေလ ၁၂ ရက် အသက် (၂၁) နှစ်အရွယ်တွင် ဆရာတော် ဘဒ္ဒန္တကျောက်ခွန်းဓမ္မစေတီမဟာထေရ် (Venerable Chao Khun Dhammachedi) ကို ဥပဇ္ဈာယ်ပြုပြီး ရဟန်းအဖြစ်ရောက်သည်။ Yothanimit ဘုန်းတော်ကြီးကျောင်း၌ သီတင်းသုံးပြီး ပါဠိစာပေကို လေ့လာသင်ယူသည်။ ထို့ပြင်

www.burmeseclassic.com




**ဆရာတော်အာဂျန်မဟာဘူဝါ၏**
**ရေးသားပြုစုခဲ့သောကျမ်းစာများ**







**ဆရာတော်အာဂျန်မဟာဘူဝါ၏ ပျံလွန်တော်မူပြီးနောက် မြင်တွေ့ရသော မြင်ကွင်းများ**

(၂၂၇)သွယ်သော သိက္ခာပုဒ်ဝိနည်းကိုလည်း အထူးလေးစား လိုက်နာကျင့်ကြံခဲ့သည်။ (၇) နှစ်ကြာပြီးနောက် ပါဠိစာမေးပွဲတတိယဆင့်ကို အောင်မြင်သည်။ ဗုဒ္ဓဝင်ကိုဖတ်ရှုပြီးနောက် မြတ်ဗုဒ္ဓကဲ့သို့ သံသရာကို ဖြတ်တောက်ပယ်သတ်နိုင်သော အရိယာအသိဉာဏ်ကို လိုချင်တောင့်တမိသည်။မဂ်ဖိုလ်သို့ဆိုက်မည့် တရားနည်းလမ်းများကို အားထုတ်ကျင့်ကြံရင်း နိဗ္ဗာန်သို့ကူးမည်ဟု ဆုံးဖြတ်ထားသည်။ ထို့နောက် ဆရာတော် Phra Ajahn Sudjai Dantamano၊ ဆရာတော် Venerable Ajahn Mun၊ Luang-pu Man Phurithatto တို့၏ ဝိပဿနာလမ်းစဉ်အတိုင်း (၁၆) နှစ်တာ တရားအားထုတ်ပြီးချိန်မှာ ရဟန္တာဖြစ်ခဲ့သည်ဟု Yothanimit တပည့်အပေါင်းက ခန့်မှန်းထားကြသည်။

ထို့အတွက် ပဋိပတ်ဆရာမှာ Ajahn Mun Bhuridatta အာဂျန်မွန်းအမည်ရှိ ရဟန်းတော်တစ်ပါးဖြစ်သည်။ ၁၉၄၉ ခုနှစ်မှာပျံလွန်တော်မူသွားသည့် ထိုင်းရဟန္တာဆရာတော် ဖြစ်လေသည်။

ထိုဆရာတော်ထံ၌ ပညာသင်ဖတ် ရဟန်းမှာ (၅)နှစ်ကြီးသူ နောင်တော်ကြီး ဖြစ်သူ အာဂျန်ချား (၁၉၁၈-၁၉၉၂) ဖြစ်သည်။ ဆရာတော်အာဂျန်ချားသည် တရားအားထုတ်နည်းကို ဥရောပ အနောက်နိုင်ငံများမှာ ပြန့်ပွားအောင်



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်နိုင်သလို ဘုန်းကြီးကျောင်းများစွာကိုလည်း တည်ထောင်နိုင်ခဲ့သူဖြစ်သည်။ ပဋိပတ်နည်းအားဖြင့် ဝေဘူဆရာတော်ဘုရားကြီး၏အားထုတ်နည်းနှင့် တူပါသည်ဟု ထိုင်းဘုန်းကြီးကျောင်းများကိုအမှီပြုပြီး ရဟန်းဘဝသို့ရောက်ရှိသည့် မြန်မာနိုင်ငံမှ Geology ဘွဲ့ရဟန်းတော်ကြီး အာဂျန်ဥတ္တမော (ယခုလက်ာ) က မိန့်ဆိုဖူးသည်။ ဆရာခင် ပျံလွန်တော်မူပြီးသည့်နောက်တွင် Mukdahan ပြည်နယ် Huey Sai ရွာသို့ ပြောင်းရွှေ့ သီတင်းသုံးကာ ရှင်ရဟန်းများကို စာဝါပို့ချပေးတော်မူသည်။ ယင်းနောက် ဇာတိရွာရှိ မိခင်ကြီး မကျန်းမမာဖြစ်သဖြင့် သွားရောက်ပြုစုကုသခဲ့သည်။


ထိုအခါ အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့် မိခင်ကြီးသည် ၎င်းတို့ ပိုင်ဆိုင်သည့် (၆၄) ဧက (၂၆ ဟက်တာ) ကျယ်ဝန်းသည့် မြေနေရာကို ကျောင်းနေရာအဖြစ်လှူဒါန်းသည်ကိုလက်ခံပြီး ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလတွင် ကျောင်းအဖြစ် စတင်တည်ထောင်ကာ Wat Pa Baan Taad အမည်ဖြင့် သီတင်းသုံးတော်မူသည်။ ထိုကျောင်း၌ ပရိယတ်ထက်စာလျှင် ပဋိပတ်လုပ်ငန်းကို အထူးအလေးပေး ကျင့်ဆောင်သောနေရာ ဖြစ်လာသည်။ အထူးသဖြင့် မိမိတို့ခန္ဓာကိုယ်ရှိ (၃၂)ကောဋ္ဌာသသော ဆံပင်၊ လောမာ၊ နား၊ လျှာ စသည်တို့ကို ဆင်ခြင်အားထုတ်ရသည်။ ထိုင်း Thai Forest Tradition ဟု ခေါ်သည့် တောရဆောက်တည်ကာ ပဋိပတ်ကျင့်ကြံအားထုတ်ကြသော ဆရာတူတပည့်နှစ်ဦးဖြစ်လာခဲ့သည်။

ဆရာတော် အာဂျန်မဟာဘူးဝါးသည် ထိုင်းနိုင်ငံအတွင်းသာမကဘဲ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ပါကြွရောက်လျက် ဝိပဿနာတရားများကို ဟောပြောပြသခဲ့သည်။

ဆရာတော်ဘုရားသည် ထိုင်းနိုင်ငံတွင်သာမက ကမ္ဘာ့ဗုဒ္ဓဘာသာအသိုင်းအဝိုင်းသို့ပါ နာမည်ကျော်ကြားလေးစားရှိသေသူတွေများလှသည်။


အာဂျန်မဟာဘူးဝါးသည် http://www.forestdhammabooks.com တွင် များစွာသော ထေရဝါဒတရားဓမ္မစာအုပ်များကို ရေးသားခဲ့လေသော စာရေးဆရာဘုန်းကြီး ဖြစ်သည်။ ၂၀၀၅ ခုနှစ်၊ မေလတွင် A Compilation of Venerable A-cariya Maha- Boowa's Dhamma Talks About His Path of Practice















ဆရာတော်အာဂျန်မဟာဘူးဝါး ရေးသားပြုစုခဲ့သောကျမ်းစာများ



www.burmeseclassic.com

www.burmeseclassic.com

Translated by from the Thai by Bhikkhu Dick Si-laratano စာအုပ် ထွက်ရှိခဲ့သည်။ အဆိုပါစာအုပ်၌ မဂ်ဖိုလ်ဆိုက်ကြောင်း နည်းလမ်းကောင်းများကို အပိုင်း (၄) ပိုင်းဖြင့် ဖော်ပြထားသည်။ ထိုအပိုင်းများမှာ-

**Part 1.** Arahattamagga: The Direct Route to the End of All Suffering

**Part 2.** Arahattaphala: Shedding Tears in Amazement with Dhamma

**Part 3.** Arahattapatta: How Can an Arahant Shed Tears?

Appendix Citta—The Mind's Essential Knowing Nature တို့ ဖြစ်သည်။

ဆရာတော်ဘုရားသည် ၁၉၉၇ ခုနှစ်ဝန်းကျင်က ဖြစ်ပွားသော အာရှစီးပွားရေးအကျပ်အတည်းကာလ ထိုင်းနိုင်ငံမှာ စီးပွားရေးအအကျပ်အတည်းဖြစ်စဉ်က အလှူငွေရရှိအောင် (၁၄) နှစ်တာစီမံကိန်းဖြင့် ဦးဆောင်အလှူခံပေးခဲ့သည်။ အလှူခံ၍ရလာသည့်ရွှေချောင်း တန်ချိန် (၁၂) တန်နှင့် အမေရိကန်ဒေါ်လာ (၁၀) ဒသမ (၂) သန်းကျော်ကို လိုအပ်သည့်အခါ နိုင်ငံတော်ရန်ပုံငွေအဖြစ် သုံးစွဲနိုင်စေရန်၊ ထိုင်းသူပြည်သားများအတွက် သုံးစွဲရန် ထိုင်းဘဏ်များမှာ အပ်နှံထားနိုင်ခဲ့သည်။


Luangta Wat Ban Tad's Compilation of Anecdotes and Observations ဆိုသည်မှာ ဆရာတော်၏အတွေ့အကြုံများကို စုစည်းရေးသားထားသည့် စာအုပ် ဖြစ်သည်။ ဆရာတော်ဟောကြားပြသခဲ့သည့် တရားဒေသနာများကို အင်္ဂလိပ်နှင့် ဂျာမနီနိုင်ငံအသီးသီးက ဘာသာပြန်ဆိုခဲ့ကြသည်။ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောလ်အဒူလျာဒက်(ရှ်)နှင့် မိဖုရားက အခါအားလျော်စွာပင် ဆရာတော်ထံလာရောက်ဖူးမြော်ဩဝါဒခံယူလေ့ရှိသည်။ ဘုရင့်သမီးတော်ချူလာဘွန်ကတော့ တောရကျောင်းအစပ်ကလေးမှာ အိမ်တော်ဆောက်ပြီး တရားအားထုတ်ခဲ့သည့်အတွက် ဆရာတော်ဘုရား၏ မေတ္တာရိပ်မှ သမီးတော်ဟုတောင် ထိုင်းပြည်သူတွေက တင်စားကြပါသည်။

ဆရာတော် အာဂျန်မဟာဘူးဝါးသည် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ တနင်္ဂနွေနေ့တွင် သက်တော် (၉၇) နှစ်၊



ဆရာတော်အာဂျန်မဟာဘူးဝါးနှင့် အတူတွေ့ရသော (ယခင်)ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နဝ






ဆရာတော်အာဂျန်မဟာဘူးဝါး၏ရုပ်ကလာပ်တော်အား အဋ္ဌိမအဂ္ဂိရှာပနအခမ်းအနားဖြင့် မီးသင်္ဂြိုဟ်စဉ်




www.burmeseclassic.com

www.burmeseclassic.com











ဆရာတော်အာဂျန်မဟာဘူးဝါး ပျံလွန်တော်မူပြီးနောက် မြင်တွေ့ရသော မြင်ကွင်းများ


လ၊ (၁၇) ရက်၊ သိက္ခာတော် (၇၇) အရောက်တွင် ပျံလွန်တော်မူသည်။ န်ပြီးနောက်ပိုင်းတွင် ဆရာတော် အလောင်းမှာ ဆေးမစိမ်ဘဲ မပုပ် နှာအဖြစ် ကြွင်းကျန်သည်ဖြစ်ရာ ဖူးမြင်ရသူ တပည့်အပေါင်းတို့ အံ့သြ ကြည်ညိုခြင်းများစွာဖြစ်ခဲ့ကြရပါသည်။ ယင်းနောက် (၁)လကျော်ကြာမြင့်သည့် အခါ ဆရာတော် အာဂျန်မဟာဘူးဝါး ၏ ဈာပနအခမ်းအနားအစီအစဉ်တစ်ခု လုံးကို ရုပ်မြင်သံကြားကနေ Channcl တစ်ခုပေးထားပြီး ဂုဏ်ပြုပူဇော်ထုတ် လွှင့်ခဲ့သည်။ မီးမပူဇော်ခင်ကာလများ တွင် ဖူးမြော်ရန်လာသူများကို အခမဲ့ ကျွေးမွေး လှူဒါန်းသည့်နေရာတွေက ပွဲဈေးတန်းတွေမှာ ဆိုင်ခန်းများခင်း ကျင်းထားသလိုမျိုး အခြေချနေထိုင် လှူဒါန်းခဲ့ကြသည်။ အလှူခံပုံးတွေက တော့ မီးခံသေတ္တာအလတ်စားအရွယ် ချထားသည်။ ဘဏ်အသီးသီးကလည်း ATM Mechine Box များစွာ စိမ်ပေး ထားကြပါသည်။

လာရောက် ဖူးမြော်သူများလှ သဖြင့် ဆရာဝန်နှင့် သူနာပြုဆရာ၊ ဆရာမ(၅၀၀)ကျော်လည်း ရောက်ရှိနေ ခဲ့ကြသည့်အပြင် ရွှေ့ပြောင်းဆေးခန်း အငယ်စားလေးများမှာ (၁၀၀) ကျော်ရှိ ပါသည်။ လူနာတင်ယာဉ်အစီး (၂၀) နှင့် ရဟတ်ယာဉ် (၃) စီးက လာရောက် ပူဇော်ကြသူ (၅) သိန်းကျော်ကို ကျန်းမာ ရေးအတွက် စောင့်ရှောက်ပေးခဲ့ကြ သည်။ ဆရာတော်ဘုရား၏ရုပ်ကလာပ် တော်ကိုတော့ စံကျောင်းနေရာကနေ

www.burmeseclassic.com



ဆရာတော်အာဂျန်မဟာဘူးဝါး၏ရုပ်ကလာပ်တော်အား
အဋ္ဌမအဂ္ဂိရှာပနအခမ်းအနားဖြင့် မီးပူဇော်စဉ်



မီးသဂြိုဟ်မည့်နေရာမှ ယာယီစံကျောင်းသို့ ရွှေ့ထားကာ နှင်းဆီအဖြူတွေ ဖွေးဖွေးလှုပ်နေအောင် ခြံရံထားသည်။ ဟင်းလင်းပြင်ဖြစ်နေသည့် တောင်ကုန်းလေးပေါ်မှာ စီစဉ်ထားခြင်း ဖြစ်သဖြင့် ကောင်းကင်ကေဘယ်ကြိုးများနှင့် ထီးအကြီးကြီးကို ချိတ်ဆွဲအုပ်မိုးနေစေတာ တခမ်းတနား မြင်တွေ့ရသည်။ ဆရာတော်ဈာပနအတွက် အဝဝအလှူဒါန်းရသမျှပမာဏမှာ ထိုင်းဘတ်ငွေ သန်း (၃၃၀) ဒသမ (၅) နှင့် ရွှေစင် (၇၈) ကီလိုဂရမ်ရရှိသည်။

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ (Public Health) ဒုတိယဝန်ကြီးကတော့ စနစ်တကျ လေ့ကျင့်ပေးထားသည့် ထမင်းချက်အယောက် (၁၀၀၀) ကို ဘုန်းကြီးကျောင်းဆွမ်းချက်ဆောင်မှာ ချက်ပြုတ်စေပြီး သန့်ရှင်းရေး၊ ဘေးကင်းရေးနှင့် သန့်စင်သည့် သောက်သုံးရေရရှိရေးတို့ကို စီမံပေးထားသည်။

၂၀၁၁ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် မီးပူဇော်ပြီးနောက် အရိုးတော်၊ အသွေးတော်၊ အသားတော်၊ ဦးနှောက်တော်စသည့် ဓာတ်တော်များကြွင်းကျန်ရစ်ပြီး ယခုအခါ ကျောင်းဆောင်အတွင်းထားရှိ ကိုးကွယ်လျက်ရှိသည်။

ဆရာတော်၏ဩဝါဒမှာ -

ယ ချမ်းသာခြင်းများစွာထက် တရားဓမ္မ၏ ချမ်းသာအေးငြိမ်းခြင်းမျိုး မရှိနိုင်။ ထိုအေးငြိမ်းမှုမျိုးကိုရရန် မည်သည့်ဈေးတွင်မျှ မဝယ်ယူနိုင်။ ဖြစ်သည်။

**ဆရာတော် အာဂျန်မဟာဘူးဝါး ရေးသားပြုစုခဲ့သော ကျမ်းစာများ**

1. Amata Dhamma: Six Talks on Dhamma(59 pages)
2. Arahattamagga Arahattaphala - The Path to Arahantship(2005)
3. A Compilation of Venerable A-cariya Maha-Boowa's Dham-ma Talks About His Path of Practice Translated by from the Thai by Bhikkhu Dick Si-laratano
4. A Life of Inner Quality: A Comprehensive Guide to Buddhist Practice (10 Talks) (1999,146 pages)
5. Forest Desanas(135 pages)
6. Forest Dhamma: a slection of talks on Buddhist practice (98 pages)
7. Paying Our Last Respects (March-2012,196 pages)
8. Samana: Luangta Maha Boowa Straight from the Heart (257 pages)
9. The Biography of the Venerable Acariya Mun (2002,497 pages)
10. The Biography of Acharn Khao A True spiritual Warrior (2011,238 pages)
11. The Dhamma Teachings of Acariya Maha Boowa in London (91pages)
12. Things at They Are (224pages)
13. Venerable Phra Acharn Mun Bhuridatta Thera Wisdom develops samadhi and Patipada (2003)
14. No One Can Replace The Citta
15. Patipada

ကျော်ခိုင်ခ

ရည်ညွှန်း -

https://ajahnmahaboowa.wordpress.com
http://catlaipath.blogspot.com
http://en.wikipedia.org/wiki/Ajahn_Maha_Bua
http://www.dhammatalks.net
http://www.forestdhamma.org
http://www.luangta.eu
http://www.theravada-dhamma.org
http://www.thitsaralin.org



www.burmeseclassic.com

www.burmeseclassic.com

သတ္တဝါဒီ-ဦးမြင့်အောင်

ဘုန်းကံကြီးမားမင်းဧကရာဇ်များနှင့်အစီအရင်အဆောင်ဂါထာများ(၆)

# ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးနှင့် အဆောင်ဂါထာတော်



သက္ကရာဇ် လေးရာနှစ်ဆယ့်ခြောက်ခုတွင် ပုဂံရာမခေါ် ပုဂံပြည်၌ ကျန်စစ်သားမင်းကြီး ထီးနန်းစိုးစံတော်မူခဲ့ပါသည်။မင်းပြုတော်မူလျှင် နန်းတည်ရာ၌ အရှေ့တွင် အနော်ရထာမင်းစောနန်းတော်ရာ၊ မြောက်တွင် ပျူစောထီးမင်းလက်ထက် ငှက်ကြီးဦးခေါင်းခွဲမြှုပ်ရာ၊ အနောက်တွင် မုဋ္ဌော၊ ဤအရပ်သည် မြတ်သောအရပ်ဟု နန်းတည်တော်မူခဲ့ပါသည်။ ကျန်စစ်သားမင်းကြီးသည် သစ္စာဖြောင့်မှန် ဘုန်းကံကြီးမားလှကာ အမျိုးဘာသာသာသနာတော်ကို စောင့်ရှောက်သော မင်းကောင်းမင်းမြတ်ကြီးတစ်ပါးအဖြစ် ရာဇဝင်စာတင်ခြင်းခံခဲ့ရသော လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသော ဧကရာဇ်တစ်ပါး ဖြစ်ပါသည်။

## ❏ ကျန်စစ်သားမင်းကြီး၏ အတိတ်ဘဝဆုတောင်း

ရှေးဘဝ၌ ကျန်စစ်သားမင်းကြီးအလောင်းသည် မင်းဖြစ်ခဲ့သည်။ မြေးတော် သီရိဇေယျသူရ (အလောင်းစည်သူ) အလောင်းသည် မင်းသားဖြစ်ခဲ့သည်။အရှင်အရဟံမထေရ်လောင်းလျာသည် ပုဏ္ဏားဖြစ်ခဲ့သည်။ မဟာဂီရိနတ်အလောင်းကား သူဌေးသားဖြစ်ခဲ့သည်။ သက်မင်းကတုံအလောင်းအလျာကား စစ်သူကြီးဖြစ်ခဲ့ပါသည်။ ဤသူငါးဦးသည် ဘုရားသို့သွား၍ ဤသို့အသီးသီးတော်ပြုဆုတောင်းခဲ့ကြပါသည်။

ထိုအခါ မင်းသားက လာလတ္တံ့သောဘဝ၌ ဘုန်းကြီးသောမင်းဖြစ်ရပါလို၏ဟု ဆုတောင်း၏၊ ပုဏ္ဏားသားက မင်းဧကရာဇ်တို့ကို ကိုးကွယ်ရသောရဟန်းဖြစ်လို၏ဟု ဆုတောင်းသည်၊ သူဌေးသားက မင်းတို့ပူဇော်ရာ နတ်ဖြစ်လို၏ဟု ဆုတောင်းသည်၊ စစ်သူကြီးက ပြည်ထောင်ဖက်ချင်းမင်းဖြစ်လို၏ဟူ၍ ဆုတောင်းသည်၊ ကျန်စစ်သားမင်းကြီးအလောင်းကမူ ဤသူလေးယောက်တို့ဖြစ်ရာ အကြီးအမှူးဖြစ်၍ အုပ်ချုပ်ရပါစေသောဟု ဆုတောင်းခဲ့သည်။

ထိုသူငါးယောက်တို့ ဆုတောင်းပြည့်ခဲ့ကြကာ မင်းသည် ကျန်စစ်သားမင်းကြီးဖြစ်လာခဲ့သည်။ မင်းသားသည် အလောင်းစည်သူမင်းကြီးဖြစ်လာသည်၊ ပုဏ္ဏားသည် အရှင်အရဟံမထေရ်ဖြစ်လာခဲ့သည်။ သူဌေးသားသည် မဟာဂီရိနတ်ဖြစ်ခဲ့သည်။ စစ်သူကြီးသည် သက်မင်းကတုံဖြစ်လာခဲ့လေသည်။

## ❏ ကျန်စစ်သားမင်းကြီးပဋိသန္ဓေနေခဲ့စဉ်

ကျန်စစ်သားမင်းကြီး၏ ခမည်းတော် အနော်ရထာမင်းကြီး နန်းတက်တော်မူပြီးသောအခါ အနော်ရထာမင်းစောအား ဝေသာလီမင်းက ဆက်သလိုက်သော အလွန်တရာ လှပတင့်တယ်၍ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံကာ ရွှေအဆင်းနှယ် တင့်တယ်သော ပဥ္စကလျာဏီမင်းသမီးကိုသွား၍ဆောင်ယူခဲ့သော ရာဇတမန်အမတ်က မင်းသမီးကို တပ်မက်လှသဖြင့် အနော်ရထာမင်းကြီး မင်းသမီးအား အထင်အမြင်လွဲမှားစေရန် ကုန်းချောစကားဆိုရာ မင်းကြီးသည် ယုံမှား၍ မင်းသမီးကို နန်းတော်မှနှင်ထုတ်ကာ ပရိမ္မအရပ် (စစ်ကိုင်းနယ်) တွင် ထားခဲ့လေသည်။

များမကြာမီကာလ ထိုမင်းသမီး၌ အနော်ရထာမင်းကြီးနှင့်စွဲ၍ရသော ပဋိသန္ဓေသည် ရင့်မာလာချိန်တွင် ထူးခြားစွာ အတိတ်နိမိတ်ဖြစ်ပေါ်ခဲ့သည်။ မြေငလျင်ပြင်းစွာလှုပ်၍ အနော်ရထာမင်းကြီးက ပညာရှိတို့အားမေးရာ ဗေဒင်တတ်ပညာရှိတို့က ဘုန်းကံကြီးမားသော မင်းလောင်းတစ်ပါး မြောက်အရပ်၌ သန္ဓေတည်သည့်နိမိတ်ဖြစ်ပါသည်ဟု လျှောက်တင်ကြသည်။မင်းကြီးနန်းစည်းစိမ်အတွက် လွန်စွာစိုးရိမ်ခဲ့ရရှာသည်။

သို့နှင့် သားတော်လေးဖွားမြင်လာခဲ့၍ မွေးမြူစောင့်ရှောက်ခဲ့ရှာသော မယ်တော်သည် သားတော်လေးကျောင်းသားအရွယ်ရောက်သောအခါတွင် မင်းဆဲရာထံအပ်၍ ရဟန်းပြုစေခဲ့ပါသည်။ အနော်ရထာမင်းကြီးက မင်းလောင်း မည်သည့်အရွယ်ရောက်နေသည်ကိုမေးမြန်းရာ ဟူးရားဖြူ ဟူးရားညိုတို့က ရဟန်းပြုပြီဟု လျှောက်ကြပြန်ရာ အဘယ်သို့သိအံ့နည်းဆိုလျှင် ပညာရှိတို့က ဆွမ်းပင့်ကျွေးပြီး ခရားနှင့်ရေတိုက်လျှင် မင်းလောင်းဖြစ်သူ၏ အာခံတွင်းမှ စက်ရောင်ဝင်းဝင်းထွက်လတ္တံ့ဟု နားတော်လျှောက်ကြလေသည်။

မင်းကြီးလည်း ရဟန်းတော်အပေါင်းတို့အား အစဉ်အတိုင်း ပင့်ဖိတ်၍ နေ့တိုင်းဆွမ်းဆက်ကပ်လုပ်ကျွေးတော်မူရာ တစ်နေ့သောအခါ ကျန်စစ်သားရဟန်းတော်ကိုပင့်၍ ဆွမ်းလုပ်ကျွေးပြီး ခရားနှင့်ရေတိုက်တော်မူစဉ် ကျန်စစ်သားရဟန်းတော်၏အာခံတွင်းမှ စက်ရောင်ပြောင်ပြောင်ကို မင်းကြီးမြင်ရလေသော် ပညာရှိတို့အား 'ဤသူသည် ငါ၏ ထီးနန်းစည်းစိမ်ကို လုယူမည့်သူလော' ဟု မေးတော်မူလေသည်။

ထိုအခါ ဟူးရားဖြူ ဟူးရားညိုတို့က 'မင်းကြီးနောက်မင်းဆက်လွန်လေမှ မင်းဖြစ်လတ္တံ့'ဟု လျှောက်တင်ကြလေသည်။ ထို့နောက် မင်းကြီးသည် ကျန်စစ်သားရဟန်းတော်ကို လူထွက်စေ၍ အပါးတော်၌ ခစားစေ၏။ စုံစမ်း၍ သားတော်အရင်းဖြစ်ကြောင်းသိရ၍ သနားတော်မူကာ ကျန်စစ်သားဟု ခေါ်တွင်စေလေသည်။

## ❏ ကျန်စစ်သား၏အမည်များ

မင်းလောင်းကိုရှာဖွေသတ်ရာတွင် ကျန်ရစ်သည့်အတွက် ကျန်ရစ်သားဟု ရာဇဝင်အချို့၌ ရေးသားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ကြန်အင်လက္ခဏာနှင့်ပြည့်စုံသော မင်းယောကျ်ားဖြစ်၍ ကြန်စစ်သားဟု ရာဇဝင်အချို့က ဆိုသည်။ ပရိမ္မအရပ်တွင်ဖွားမြင်ခဲ့တာကြောင့် ပရိမ္မစစ်သားဟုလည်းရေးကြသည်။ ရေတိုက်ရာတွင် ကရားလံသည်ကို အကြောင်းပြု၍ ကရားလံစစ်သားဟုလည်းရေးကြသည်။ ရွှေစည်းခုံသမိုင်းတွင် စစ်ကြောတိုင်းကြွင်းကျန်သောကြောင့် အနော်ရထာမင်းကြီးက ကျန်စစ်သားဟု ခေါ်တွင်ကြောင်း ဆိုသည်။

**□ ကျန်စစ်သားနှင့် ရဲဘော်ရဲဘက်သူရဲကောင်းများ**

မြင်းမူအရပ်သား ငထွေးရူးသည် လူစွမ်းကောင်းဖြစ်၍ ထန်းပင်တစ်ထောင်ကို မရပ်မနား တက်တုံဆင်းတုံဖြင့်လှီးနိုင်၍ တစ်မနက်ခင်းတွင်ပြီးစီး၏။ သူ၏စွမ်းရည်ကို အနော်ရထာမင်းကြီးသိရသော် ခေါ်စေ၍ ရောက်လေလျှင် ကျန်စစ်သားနှင့်အတူ အမြဲနေစေကာ အမှုတော်ကိုထမ်းရွက်စေသည်။

ပုပ္ပားအရပ်သား ငလုံးလက်ဖယ်သည် နွားအရှင်းသုံးဆယ်ကိုထွန်၍တပ်ပြီး တက်ချည်ဆင်းချည်နှင့် ထွန်ရေးမှန်အောင်ထွန်နိုင်သောစွမ်းရည်ရှိ၏။ မင်းကြီး ကြားသိသော် ခေါ်စေ၍ ကျန်စစ်သားနှင့် အမြဲနေစေကာ အမှုတော်ကို ထမ်းရွက်စေသည်။

ညောင်ဦးအရပ်သား ညောင်ဦးဖီးသည် ရေကူးအလွန်ကျင်လည်၍ ညောင်ဦးကမ်းထိပ်ကပြေးဆင်းပြီး ဧရာဝတီမြစ်ကို ဖြတ်ကူးကာ အောင်သာတစ်ဖက်ကမ်းရောက်လျှင် ခြေမထောက်ဘဲ မနားတမ်းကူးပြန်ခဲ့နိုင်ရုံသာမကဘဲ ကမ်းမြင့်ထိပ်သို့ ပြေးတက်နိုင်သောစွမ်းရည်ရှိ၏။ မင်းကြီးကြားသိရသော်ခေါ်စေ၍ ကျန်စစ်သားနှင့် အမြဲနေစေကာ အမှုတော်ကို ထမ်းရွက်စေသည်။

အနော်ရထာမင်းကြီးသည် ထိုလူစွမ်းကောင်းလေးယောက်တို့ကို အပါးတော်တွင် ခစားစေကာ အမှုတော်ကို ထမ်းရွက်စေခဲ့သည်။

တစ်ခါတွင် အရှင်လည်းမရှိ ဖမ်းဆီး၍လည်းမရသော မြင်းကြမ်းကြီးလေးကောင်ကိုတွေ့ရှိရာ ထိုလူစွမ်းကောင်းလေးယောက်တို့သည် ထိုမြင်းလေးကောင်ကို ရေထဲသို့မောင်းချကာ တစ်ကောင်စီတက်စီးကြပြီး ယဉ်ပါးစေကာ ထိုမြင်းတို့ကို အသီးသီးစီးလျက် မင်းကြီးအား ဆက်သကြသည်။ မင်းကြီးက သည်မြင်းလေးစီးကို သင်တို့လေးယောက်မွေး၍ ငါ့အမှုတော်ကိုထမ်းရွက်ကြလေဟု အပ်တော်မူလေသည်။ ထိုမြင်းလေးစီးလုံးသည် နတ်မြင်းချည်းဖြစ်၍ အဖိုးအတိုင်းမသိထိုက်သည် ဆိုသည်။

အနော်ရထာမင်းကြီးစီးသောမြင်းကား ကဏ္ဍိကလက်လှဟုတွင်၏။

ကျန်စစ်သားစီးသော မြင်းကား နှလုံးခွဲကောင်းဟုတွင်၏။

ငလုံးလက်ဖယ်စီးသောမြင်းကား လေမိုးယဉ်ခေါင်ဟုတွင်၏။

ငထွေးရူးစီးသောမြင်းကား နှလုံးလျှင်တိုင်းဟုတွင်၏။

ညောင်ဦးဖီစီးသော မြင်းကား နှလုံးအတုမရှိဟုတွင်၏။

ဤကား နတ်မြင်းငါးစီးတို့၏ အမည်များဖြစ်ပါသည်။

**□ သူရဲကောင်းလေးယောက် ဥဿာပဲခူးသို့ စစ်ကူထွက်ခြင်း**

တစ်ခါတွင် ဥဿာပဲခူးသို့ ဂျွန်းစစ်သည်များ လာရောက် တိုက်ခိုက်လေရာ ဥဿာမင်းကအကူအညီတောင်းခံသဖြင့် အနော်ရထာမင်းကြီးက မြင်းသည်လေးသိန်းစစ်ကူလွှတ်လိုက်မည်ဟု မိန့်လိုက်ပြီး ဤသူရဲကောင်းလေးယောက်တို့ကို မြင်းနှင့်တကွလွှတ်လိုက်ရာ ဥဿာပဲခူးမင်းက မြင်းသည်လေးသိန်းစေလွှတ်မည်ဆိုလျက် ယခုလေးစီးသာရောက်လာသည်ဟူ၍ မကျေမနပ်ဆိုလေသည်။

ထိုအခါ သူရဲကောင်းလေးယောက်တို့သည် မိမိတို့မြင်းသည်လေးစီးသည် အခြားသော မြင်းသည်လေးသိန်းနှင့်အစွမ်းသတ္တိညီမျှကြောင်း အထူးထူးသော စွမ်းရည်သတ္တိနှင့် မြင်းရေးအမျိုးမျိုးကိုပြကြလေရာ ဥဿာမင်းနှင့်တကွ ပြည်သူအပေါင်းတို့မှာ လူမကနတ်စစ်သည်တမျှစွမ်းလှပါပေသည်ဟု အံ့သြချီးမွမ်းကြလေသည်။

ဂျွန်းစစ်သည်များစွာတို့ ဆင်လုံးမြင်းရင်းနှင့်တကွ လာရောက် တိုက်ခိုက်ကြသောအခါ သူရဲကောင်းလေးယောက်တို့သည် လျှပ်လက်သကဲ့သို့ဂျွန်းစစ်သည်တို့ကို လေးစုကွဲအောင် ထွင်းဖောက်တိုက်ခိုက်ပြီးလျှင် ဂျွန်းစစ်သူကြီးလေးဦးတို့ကို ဖမ်းယူလေရာ ဂျွန်းစစ်သည်တို့သည် ထိတ်လန့်တုန်လှုပ်ကြကာ လက်နက်တို့ကိုစွန့်ခွာပြီး လက်ဗလာနှင့် ထွက်ပြေးခဲ့ကြရလေတော့သည်။

ထိုအခါတွင် ဥဿာပဲခူးမင်းသည် သူရဲကောင်းလေးယောက်တို့၏ အစွမ်းသတ္တိကို အားရလှသဖြင့် ဆုလာဘ်ကြီးစွာပေးပြီးလျှင် အနော်ရထာမင်းကြီးအား ဥဿာပဲခူးမင်းတို့ အစဉ်အဆက်ကိုးကွယ်သော ဓာတ်တော်နှင့်တကွ ဥဿာမင်းကြီး၏ အလွန်အဆင်းလှပသော သမီးတော် မဏိစန္ဒာမင်းသမီးကို ဆက်သလိုက်လေသည်။

**□ ထိီးနန်းနှင့်စပ်၍သစ္စာကြီးသောကျန်စစ်သား**

သူရဲကောင်းလေးယောက်တို့သည် ဥဿာပဲခူးမင်းမှ အနော်ရထာမင်းကြီးအား ဆက်သလိုက်သောဓာတ်တော်ကိုပင့်ဆောင်၍ သမီးတော်မဏိစန္ဒာမင်းသမီးကိုပါ ဆောင်ယူလာခဲ့ရာ ခရီးလမ်းတွင် ကျန်စစ်သားသည် မဏိစန္ဒာမင်းသမီးနှင့် ချစ်ကြိုက်မိကြလေရာ အနော်ရထာမင်းကြီးသိရလျှင် အမျက်ရှိသောကြောင့် ကျန်စစ်သားသည် တိမ်းရှောင်နေခဲ့ရလေသည်။

အနော်ရထာမင်းကြီးနတ်ရွာစံသည့်အခါတွင် သားတော်စောလူးမင်းသည် သက္ကရာဇ် ၄၃၉ ခုနှစ်တွင် နန်းတက်ခဲ့လေသည်။ ထိုအခါ မှူးမတ်ပညာရှိတို့၏ တိုက်တွန်းချက်အတိုင်း စောလူးမင်းသည် ကျန်စစ်သားကိုပြန်၍ခေါ်ယူပြီးလျှင် အပါးတော်၌ခစားစေခဲ့လေသည်။ စောလူးမင်းသည် သူ၏အထိန်းတော်သား မျက်စိတစ်ဖက်ကန်းသူ ငရမန်ကန်းကို ပဲခူးမြို့ကိုပေး၍ ဘုရင်ခံအဖြစ်ထားသည်။

တစ်ရံခါတွင် စောလူးမင်းနှင့် ငရမန်ကန်းတို့ ကြွေအန်ကစားကြသည်။ ငရမန်ကန်းနိုင်၍ထကာလက်ပမ်းပေါက်ခတ်၍နိုင်သူအဖြစ် ကြုံးဝါးသည်။ စောလူးမင်းအရှက်ရကာ မခံချိမခံသာဖြစ်၍ အမျက်ထွက်လျှင် -

"နင်သည် ကြွေအန်တစ်ပွဲမျှနိုင်သည်ကို ဤမျှကြုံးဝါးဘိသည်။ နင်အစွမ်းရှိသည်ထင်သော် နင်စားရသောပဲခူးအားနှင့် ငါ့ကိုပုန်ကန်လေလော့"

ဟုဆိုလိုက်လေသည်။

မူလကပင် အကြံကြီး၍ ကျေးဇူးသစ္စာမဲ့သူငရမန်ကန်းသည် စောလူးမင်းပြောစကားအတိုင်း ပုန်ကန်လေတော့သည်။ ငရမန်ကန်းသည် ပုဂံသို့ပင်စစ်ချီလာခဲ့ပြီး သရက်မြို့နယ် မင်းလှအောက်ရှိ ပြည်တော်သာကျွန်းအရောက်တွင် တပ်ချနေလေသည်။

ထိုအခါတွင် ကျန်စစ်သားသည်



www.burmeseclassic.com

www.burmeseclassic.com

စောလူးမင်းနှင့်အတူ တပ်ချီကာ ငရမန်ကန်းကိုနှိမ်နင်းဖြိုဖျက်ရန်လာခဲ့ကြသည်။ အကြံကြီး၍ လှည့်စားဉာဏ်များတတ်သော ငရမန်ကန်းသည် ဝါးနှီးတို့ဖြင့် ဆင်ရုပ်နှင့်တူအောင်ပြုလုပ်ကာ ထိုဆင်ရုပ်ပေါ်တွင်လူရုပ်တင်ပြီး ရွှံ့ညွန်အိုင်ကြီးနားတွင် ညအချိန်၌ထားလေသည်။

ထိုသို့ညအချိန်၌ လရောင်မထင်ရှားတွင် ဆင်ရုပ်နှင့် လူရုပ်တို့ကို ဘွားခနဲ မြင်လိုက်ရသော စောလူးမင်းသည် ဥပါယ်ပရိယာယ်ကိုနားမလည်ဘဲ အစစ်ဆင်မှတ်၍စစ်ပရိယာယ်ကျွမ်းကျင်သော ကျန်စစ်သားစကားကို နားမထောင်ဘဲ ရှုတ်အတင်းထွက်၍တိုက်ခိုက်ရန်သွားလေရာ စောလူးမင်း၏ဆင်သည် ညွန်တွင်နစ်လေတော့သည်။

စောလူးမင်းသည် ထိတ်လန့်တုန်လှုပ်လျက် ဆင်မှဆင်းပြေးပြီးလျှင် ညောင်ပင်ကြီးတစ်ပင်၏အခေါင်းထဲတွင် ပုန်းအောင်းနေရလေသည်။ စောလူးမင်းကြောင့် တပ်ပျက်ခဲ့ရပြီဖြစ်၍ ကျန်စစ်သားသည် တစ်ညလုံးတိမ်းရှောင်းပြေးသွားခဲ့ရာပြီး ပုဂံသို့ရောက်ခဲ့ရာ မှူးမတ်တို့က စောလူးမင်းမရှိလျှင် အရှင်သာထီးနန်းကိုသိမ်းပိုက်ထိုက်ပါသည်ဟု ဆိုကြကာ မင်းအဖြစ်ကို ပေးကြလေသည်။

သို့သော် သစ္စာတရားကြီးမားလှသောကျန်စစ်သားက မှူးမတ်တို့၏စကားကိုလက်မခံသေးဘဲ ငါ့အရှင်ရှိ မရှိ ငါစုံစမ်းဦးမည်၊ ငါ့အရှင်ရှိသော် ငါ့အရှင်ကို ငါဆောင်ယူ၍ နန်းတင်မည်။ ငါ့အရှင်မရှိလေမှ ငါမင်းအဖြစ်ကိုလက်ခံမည်ဆိုကာ စောလူးမင်းကို စုံစမ်းရန်တစ်ဖန်လာခဲ့ပြန်လေသည်။

**၁ စောလူးမင်း၏ကံကုန်ခဲ့ရပုံ**

ထိုအခါတွင် တောတွင်း၌ ပုန်းအောင်းနေခဲ့ရက စားတော်သုံးနပ်မစားရ အလွန်ဆာလောင်မွတ်သိပ်လှသည်ဖြစ်၍ ညောင်ခေါင်းထဲမှထွက်ခဲ့ရာ ငရမန်ကန်း၏တပ်မှ တပ်သားတစ်ယောက်အားမြိန်ထုပ်နှင့် ထင်းခွေထွက်ခဲ့ရာမှ နား၍ထမင်းစားသည်ကိုတွေ့မြင်ရာ ရာဇဣန္ဒြေမစောင့်ထိန်းနိုင်တော့ဘဲ ထိုတပ်သားထံမှထမင်းကို အဖိုးအနဂ္ဃထိုက်တန်သောလက်စွပ်နှင့်လဲ၍ စားတော်ခေါ်ပြီး ထိုတပ်သားအား မည်သူကိုမျှမပြောရန် နှုတ်ပိတ်စကားဆိုလိုက်လေသည်။

အဖိုးထိုက်လှသည့်လက်စွပ်ကိုရခဲ့သော ထင်းခွေတပ်သားသည် အားရဝမ်းသာဖြစ်လှသဖြင့် နှုတ်ဆိတ်မနေနိုင်ဘဲ လက်စွပ်ကိုတပြပြလုပ်နေသည်ကို ငရမန်ကန်းကြားသိ၍ မေးမြန်းစစ်ဆေးသိရသောအခါ စောလူးမင်းကို ဝိုင်းဝန်းရှာဖွေဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး အချုပ်အနှောင်နှင့်ထားခဲ့လေသည်။

ထိုအခါတွင် ကျန်စစ်သားသည် စောလူးမင်း၏သတင်းကို လျှို့ဝှက်စွာ စုံစမ်းသိရလေလျှင် စောလူးမင်းကို ကယ်တင်ဆောင်ယူရန် ညဥ့်အခါတွင် တိတ်တဆိတ် စောလူးမင်းကို ချုပ်နှောင်ထားရာသို့ စွန့်စားဝင်ရောက်ပြီးလျှင် နှမ်းလျချည့်နဲ့နေသော စောလူးမင်းကို မိမိပခုံးထက်တွင်ထမ်းကာ ခိုးယူထွက်လေရာ စောလူးမင်းက မိမိအား အသက်စွန့်ကာလာရောက် ကယ်တင်သော ကျန်စစ်သားကို မယုံမကြည် သံသယကြီးစွာဖြင့် ကျန်စစ်သားသည် ငါ့ခမည်းတော်လက်ထက်က မျက်ခံခဲ့ဖူးသည်၊ ထို့ကြောင့် ယခု ငါ့ကိုသတ်လို၍ လာရောက်ခိုးယူခြင်းသာဖြစ်ပေမည်။ ငရမန်ကန်းသည်ကား ငါ့အထိန်းတော်သားဖြစ်၍ ငါနှင့်နို့စို့ဖက်ဖြစ်လေသဖြင့် ငါ့ကိုသတ်မည်မဟုတ်ဟု ကျန်စစ်သား၏ပခုံးထက်တွင် ကြံစည်တွေးတောသံသယပွားပြီး -

"ကျန်စစ်သား ငါ့ကိုခိုးယူလေပြီ"

ဟု ကျယ်လောင်စွာ အော်ဟစ်လိုက်လေသည်။

ထိုအခါ ငရမန်ကန်း၏တပ်သားများ ရုတ်ရုတ်သဲသဲ ဝိုင်းရံရောက်လာမည်ရှိရာ ကျန်စစ်သားက မိမိသစ္စာအရာမထင်လေပြီးဖြစ်၍ -

"ဟယ် - မင်းဆိုး မင်းညစ်၊ ရန်သူ့လက်တွင် ခွေးသေဝက်သေ ကျန်ရစ်လေတော့"

ဟု ဆိုကာ ပစ်ချခဲ့ပြီး ကိုယ်လွတ်ရုန်းကာ ငရမန်ကန်း၏စစ်သည်များလိုက်လံကြသည့်ကြားမှ ပြေးလွှားတိမ်းရှောင်ခဲ့ရလေတော့သည်။ ငရမန်ကန်းသည် စောလူးမင်းရှိတာ ရန်မအေးဟု ဆိုကာ သတ်ပစ်လိုက်လေသည်။

**၁ ထီးလှိုင်ရှင်ကျန်စစ်သား**

ငရမန်ကန်း၏ စစ်သည်များကို ထွင်းဖောက်တိမ်းရှောင်ခဲ့ရသော ကျန်စစ်သားသည် ငထီးလှိုင်အရပ်သို့ရောက်ခဲ့လေရာ ဆာလောင်မွတ်သိပ်လှသဖြင့် ငထီးလှိုင်ရွာသူကြီးလုပ်ကိုင်သော ယာခင်းတွင် သခွားသီးတောင်းလေသည်။ ငထီးလှိုင်ရွာသူကြီးသည် ခွန်အားဗလစွမ်းရည်နှင့်ပြည့်စုံသူဖြစ်၍ ဆူးစည်းကိုတံခါးဝတွင်မထားဘဲ ဆင်တစ်ရပ်ခန့်အမြင့်ကာရံပြီးလျှင် ခုန်ဝင် ခုန်ထွက်ပြုသူဖြစ်၍ ကျန်စစ်သားအား -

"မိမိကဲ့သို့ ခုန်ဝင်နိုင်သောအစွမ်းရှိပါက ငါ့သခွားကို စားတော့"

ဟု ဆိုလေသည်။

ထိုအခါ ကျန်စစ်သားက လှံထောက်ကာ ခုန်ဝင်ပြီး သခွားသီးအချို့ကိုစား၍ အချို့ကိုနွယ်နှင့်သီကာ ထိုဆင်တစ်ရပ်အမြင့်ရှိသော ဆူးခြံစည်းရိုးကို ခုန်၍ထွက်လေသည်ကို တွေ့မြင်အကဲခတ်ကြည့်နေသော ငထီးလှိုင်ရွာသူကြီးသည် လွန်စွာ သဘောကျ နှစ်သက်လျက် ဤသူကား အစွမ်းသတ္တိကြီး၍ ဘုန်းကြီးသူဖြစ်၍ အားကိုးထိုက်သောသူဖြစ်သည်ဟုဆင်ခြင်ကာ သူ၏အဆင်းအင်္ဂါနှင့်ပြည့်စုံလှသော သမီးပျို ခင်တန်ကိုဆက်သ၍ ကျန်စစ်သား၏အမှုတော်ကို ထမ်းရွက်လေတော့သည်။ ထိုသို့ ထီးလှိုင်ရွာသူကြီး၏ အရှင်သခင်ဖြစ်၍ ကျန်စစ်သားသည် ထီးလှိုင်ရှင်ဟုလည်း တွင်ခဲ့လေသည်။

**၁ ငရမန်ကန်းကိုသုတ်သင်၍ ကျန်စစ်သား ထီးနန်းစိုးစံခြင်း**

ကျန်စစ်သားသည် မိမိအမှုကို ထမ်းရွက်သော ထီးလှိုင်ရွာသူကြီး၊ လေးပစ်အလွန်တည့်သော မုဆိုးငစဥ့်တို့နှင့် ပူးပေါင်း၍ ငရမန်ကန်းကိုတိုက်ရန် လူသူအင်အားစုဆောင်းနေခဲ့ကြလေသည်။

ထိုအခါတွင် အကြံသမားငရမန်ကန်းသည် မင်းပြုရန် ပုဂံသို့နောက်လိုက်နောက်ပါ အလုံးအရင်းနှင့်ချီလာခဲ့လေသည်။ မှူးကြီးမတ်ကြီးတို့က ဆီး၍ ကျန်စစ်သားလည်းရှိနေသေးသဖြင့် အိုင်တစ်ခုထဲတွင် ကျွဲနှစ်ကောင်လူးသကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ကျန်စစ်သားကိုနိုင်အောင်တိုက်ပါဦးဟုဆို၍ မြို့တံခါးကို ပိတ်လျက် အခိုင်အမာနေကြလေသည်။

ထို့နောက်တွင် ကျန်စစ်သား၏လူသူအင်အားနှင့် ငရမန်ကန်း၏ နောက်လိုက်အင်အားတို့ တွေ့ဆုံတိုက်ခိုက်ကြရာ ငရမန်ကန်း အရေးနိမ့်၍ ဧရာဝတီမြစ်ကို ဖောင်နှင့်စုန်ပြေးလေတော့သည်။ ထိုအခါ ကျန်စစ်သား၏ နောက်လိုက်မုဆိုးငစဥ့်က နောက်မှလိုက်၍ သစ်ပင်ထက်မှ ငှက်မြည်သံကဲ့သို့အသံပြုရာ ငရမန်ကန်း ဖောင်ပြတင်းမှခေါင်းထွက်၍ကြည့်ခိုက်တွင် ငစဥ့်က မြားနှင့်ပစ်လိုက်ရာ ကောင်းသောမျက်လုံးကိုထွင်းဖောက်သွားပြီး ငရမန်ကန်းသေရလေသည်။

www.burmeseclassic.com

ထိုအခါမှ ကျန်စစ်သားသည် ရန်သူမရှိ၍ အေးချမ်းပြီးဖြစ်သော ပုဂံထီးနန်းကို မှူးကြီးမတ်ကြီးတို့တောင်းပန်သည့်အတိုင်း မင်းပြုခဲ့လေတော့သည်။

**❑ ကျန်စစ်သားမင်းကြီးနှင့်မဟာဂီရိနတ်**

တစ်ရံခါတွင် သက်မင်းကတုံသည် ကျေးစွန်ရွာနားထိပါးတိုက်ခိုက်လာသည်ကို ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးသိတော်မူသောအခါ သက်မင်းကတုံကိုဖမ်းချေဟု ရဲမက်ဗိုလ်ပါဆင်လုံးမြင်းလုံးနှင့်စီစဉ်လေရာ အရှင်အရဟံမထေရ်က -

"မင်းကြီး၊ ရှေးဘဝ၌ ဆုတောင်းဖက်ဖြစ်သည်၊ မပြစ်မှားလင့်"

ဟူ၍ မိန့်တော်မူကာ ရှေးဘဝအတိတ်က ဆုတောင်းဖက်ဖြစ်ခဲ့ပုံတို့ကိုဟော မိန့်တော်မူလေသည်။

ထိုအခါ မဟာဂီရိနတ်ကလည်း အရှင်အရဟံမိန့်သည်မှန်ကြောင်း ကိုယ်ထင်ပြ၍ မင်းကြီးအား တားမြစ်လေသည်။

ဤတွင် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးက -

"သင်မဟာဂီရိနတ်သည် ငါနှင့်ဆုတောင်းဖက်ဖြစ်လျက် ငါဆင်းရဲဒုက္ခရောက်စဉ်က အဘယ်ကြောင့် မစ,စပါသနည်း"

ဟု မိန့်တော်မူလေသည်။

မဟာဂီရိနတ်က မင်းကြီးအား -

"အနော်ရထာမင်းစော ကြိုးဖြင့်နှောင်၍ လှံဖြင့်ထိုးသောအခါ ငါစောင်မ၍ ကြိုးကိုသာထိုးမိပြီး နှောင်ကြိုးပြတ်ကာ မင်းကြီးလွတ်ခဲ့သည်မှာ ငါစောင်မခြင်းကြောင့် မဟုတ်တုံလော"

ဟု ဆိုလေသည်။

ဤတွင် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးက -

"ဟုတ်ပေ၏၊ ငါနတ်မကြောင်းကို မသိခဲ့"

ဟု မိန့်ဆိုလေသည်။

မဟာဂီရိနတ်က ထပ်မံ၍-

"တစ်ခါကလည်း တောင်ခွင်တွင် စစ်ဖျက်၍ ညဥ့်မှောင်မိုက်၌ မင်းကြီးပြေးရစဉ် ဖွတ်ရေဝတ်လုံကိုဝတ်၍ မြင်းကျားစီးလျက် မင်းကြီးရှေ့က ခရီးလမ်းညွှန်ပြသည့်သူကား ငါမဟုတ်တုံလော"

ဟု ဆိုလေသည်။

မင်းကြီးက-

"ဟုတ်ပေ၏၊ ငါနတ်မကြောင်းကိုမသိခဲ့"

ဟု မိန့်ဆိုလေသည်။

မဟာဂီရိနတ်က ထပ်မံ၍ -

"မင်းကြီး စောလူးမင်းကိုခိုးသောအခါက လူသူလိုက်လံ၍ ရေတွင်ပင်ပန်းစွာမကူးနိုင်ဘဲရှိသည်ကိုမြင်၍ ကျွန်းငယ်ဖန်ဆင်းပြီးလျှင် မြစ်တွေးငှက်အယောင်မြည်သည်ကား ငါမဟုတ်တုံလော။ တံငါသားအဖ အယောင်ဆောင်၍ တံစွက်လှေငယ်နှင့် အောင်သာတစ်ဖက်သို့ပို့သည်ကား ငါမဟုတ်တုံလော"

ဟု ဆိုလေသည်။

မင်းကြီးလည်း-

"ဟုတ်ပေ၏။ ငါနတ်မှန်းမသိခဲ့"

ဟု မိန့်တော်မူလေသည်။

အရှင်အရဟံမထေရ်မြတ်သည် သက်မင်းကတုံကိုဆုံးမ၍ ရန်စစ်ကိုငြိမ်းစေခဲ့လေသည်။

**❑ အမျိုးအနွယ်မပျက်အောင်စောင့်ရှောက်သော ကျန်စစ်သားမင်း**

ကျန်စစ်သားမင်းကြီးတွင် မိဖုရားလေးပါးရှိသည်။ ၁။ အပယ်ရတနာ၊ ၂။ ဥသာမင်းသမီး မဏိစန္ဒာ (ခ)ခင်ဦး၊ ၃။ မထီးတူမ သမ္ဘူလ၊ ၄။ ထီးလှိုင်ရွာသူကြီးသမီး ခင်တန်တို့ ဖြစ်သည်။ ထိုမိဖုရားလေးပါးစလုံးသည် ကျန်စစ်သားမင်းကြီးနှင့် မေတ္တာ၊ ကျေးဇူး၊ သစ္စာရှိကြသည်ဖြစ်ခဲ့သော မိဖုရားများဖြစ်ကြပါသည်။

အပယ်ရတနာမိဖုရားမှ သမီးတော် ရွှေအိမ်စည်ထိပ်ထားမင်းသမီးလေးကို ဖွားမြင်ခဲ့ပါသည်။ ပဋိက္ကရားကုလားမင်းသားနှင့်ချစ်ကြိုက်သည်ကို မင်းကြီးသိ၍ မှူးမတ်တို့နှင့်တိုင်ပင်၍ မှူးမတ်တို့က သမီးတော်ကို ကုလားနှင့်ထိမ်းမြားလျှင် အမျိုးအနွယ်လည်းကုလားဖြစ်၍ မြန်မာနိုင်ငံလည်း ကုလားနိုင်ငံဖြစ်တော့မည်ဖြစ်၍ မထိမ်းမြားသင့်ကြောင့် လျှောက်ထားကြသည်။

ကျန်စစ်သားမင်းကြီးသည် ပညာရှိကို့စကားကိုနှစ်သက်၍ သမီးတော်ကိုတူတော် စောယွန်းနှင့် ထိမ်းမြားခဲ့လေသည်။ စောယွန်းနှင့် ရွှေအိမ်စည်မှ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ ထိုသားတော်သည်ကား နောင်အခါ ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ်မည့် အလောင်းစည်သူပင်ဖြစ်ပါသည်။

ကျန်စစ်သားမင်းကြီး၏ အမျိုးအနွယ်မပျက်အောင် စောင့်ရှောက်သောစိတ်ထားကြောင့် မျိုးနွယ်မပျက် ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ကိုယ့်မင်းကိုယ့်ချင်းဖြင့် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်၍ ကျန်စစ်မင်းကြီး၏ဝံသာနုရက္ခိတတရားကို လေးစားထိုက်လှပါသည်။

ကျန်စစ်သားမင်းကြီးသည် သမီးတော် ရွှေအိမ်စည်မှ ဖွားမြင်သော မြေးတော်လေးကို လွန်စွာ ချစ်မြတ်နိုးလှသဖြင့် ရင်ခွင်ပိုက်လျက် ဘိသိက်သွန်းလောင်း၍ မင်းအဖြစ်ကို ကြိုတင်ဖေထားခဲ့လေသည်။

ကျန်စစ်သားသည် ခမည်းတော်အနော်ရထာမင်းကြီးလက်ထက် အမျက်သင့်၍ ပြေးလွှားတိမ်းရှောင်နေခဲ့ရာမှ ကျောက်ဖြူအရပ်သို့ရောက်ခဲ့ရာ မထီးတူမ သမ္ဘူလနှင့် တွေ့ဆုံချစ်ကျွမ်းဝင်ခဲ့သည်။ ခမည်းတော် နတ်ရွာစံပြီးနောက် စောလူးမင်းဖြစ်၍ မှူးမတ်တို့ကိုတိုက်တွန်းသောကြောင့် ကျန်စစ်သားအားခေါ်ယူသောအခါ သမ္ဘူလတွင် ပဋိသန္ဓေရင့်မာနေပြီဖြစ်သဖြင့် ကျန်စစ်သားသည် မိမိလက်တွင် ဝတ်ဆင်ထားသော အဖိုးများစွာထိုက်တန်လှသည့် လက်စွပ်ကို သမ္ဘူလအားပေးခဲ့၍ သမီးမိန်းကလေးဖွားမြင်ပါက ဤလက်စွပ်ကို ရောင်းချစားသောက်လေလော့။ သားယောကျ်ားဖွားမြင်လျှင် ဤလက်စွပ်ကို ယူ၍ ပုဂံသို့လိုက်ခဲ့ရန် မှာကြားခဲ့ပြီး ခွဲခွာခဲ့ကြရလေသည်။

နောင်အခါတွင် ငရမန်ကန်းလက်ချက်ကြောင့် စောလူးမင်း နတ်ရွာစံပြီးနောက် ကျန်စစ်သားမင်းပြုခဲ့လေသည်။ ထိုအချိန်တွင် သမ္ဘူလတွင် သားယောကျ်ားလေးဖွားမြင်ခဲ့ရာ ခုနစ်နှစ်သားအရွယ်ပင်ရောက်ခဲ့လေပြီ။ ကျန်စစ်သားမင်းပြုပြီး နှစ်နှစ်ရှိသောအခါမှ မထီးတူမ သမ္ဘူလသည် သားငယ်နှင့်တကွ လက်စွပ်ကိုယူ၍ ပုဂံသို့လိုက်လာခဲ့ရှာလေသည်။

သမ္ဘူလနှင့်သားငယ်သည် ပုဂံသို့ရောက်၍ နန်းတော်သို့လာခဲ့ကြရာတွင် ကျန်စစ်သားမင်းကြီး ဗိုလ်ရှုခံသဘင်ခံနေစဉ်ဖြစ်၍ နန်းတော်သို့ဝင်ခွင့်မရဘဲ သမ္ဘူလသည် သားငယ်ကိုလက်မှကိုင်ကာ စောင့်ဆိုင်းနေကြရရှာသည်။

မင်းချင်းတို့က သမ္ဘူလအား မင်းကြီးထွက်တော်မူလာမည့်အခါဖြစ်၍ ထိုနေရာတွင်မနေဘဲထွက်သွားရန်ပြောဆိုနှင်ထုတ်ကြသည်။ သမ္ဘူလက မင်းကြီးကိုလျှောက်တင်ရန်ရှိ၍ လျှောက်တင်ပါရစေဦးဟု တောင်းပန်၍ မသွားဘဲနေလေသည်။

ထို့ကြောင့် မင်းချင်းတို့က ထိုအကြောင်းကို မင်းကြီးအား ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

ကျောက်တင်ကြလေရာ မင်းကြီးက ကျေးတောသူသားအမိကို ရှေ့တော် မှောက်ခေါ်စေ၍ မြင်တော်မူလေလျှင် အမှုမတ်အပေါင်းတို့အား -

"ဤမိန်းမကား ငါ၏ ကျေးဇူးရှင် ပည်း။ တစ်ချိန်က ငါပြေးလွှားပုန်း အောင်းနေခဲ့ရသော သာမန်လူအဖြစ် ၌ ငါ့ကိုကြည့်ရှုပြုစုကျွေးမွေးခဲ့သူဖြစ်၍ ကျေးဇူးကြီးလှပေသည်"

ဟု မိန့်တော်မူပြီးလျှင် သားတော် ကို ရင်ခွင်၌ထားတော်မူကာ သားတော် ကိုကြည့်လျက် ဤသို့ဆိုရှာလေသည်။

"မှူးမတ်များတို့၊ ရှေးစကားတွင် သားက အရင်း မြေးက အဖျား ဟူ၍ဆို ရိုးရှိသည်။ ယခုသော် မြေးကား အရင်း၊ သားကား အဖျားဖြစ်ချေပြီ"

ဟူ၍ မြေးတော်အလောင်းစည် သူကို မင်းအဖြစ်ပေးပြီးလေသည်ကို ညွှန်၍မိန့်ဆိုပြီး သမ္မုလကို 'ဦးဆောက် ပန်း' ဟူသောဘွဲ့အမည်ဖြင့် မိဖုရား မြှောက်၍ သားတော် ဇေယျခေတ္တရာ ဟူသော ဘွဲ့မည်ပေး၍ မြေပဝတီနှင့် တကွ တောင်စဉ်ခုနစ်ခရိုင်ကိုပေး၍ စိုးစံရပါသည်။

ကျေးဇူးတရားသိလှသောကျန်စစ် မင်းကြီးသည် မထီးတုမ သမ္မုလအား ကျေးတောသူသူဆင်းရဲမဖြစ်သော်လည်း မိမိအားပြုခဲ့ပေဖူးသူ့ကျေးဇူးကို အထူး သိတတ်ထောက်ထား၍ မိဖုရားမြှောက် ခြင်းဖြစ်ပေသည်။

**□ ခမည်းတော်အနော်ရထာမင်းကောင်းမှု တော် ရွှေစည်းခုံဘုရားကို ဆက်လက် တည်ထားခြင်း**

အနော်ရထာမင်းကြီး ကောင်းမှု တော်ဖြစ်သော ရွှေစည်းခုံဘုရားကိုတည် ထားခဲ့ရာ မပြီးမီ နတ်ရွာစံခဲ့လေသည်။ တစ်ရံခါတွင် အရှင်အရဟံမထေရ်က ကျန်စစ်သားမင်းကြီးအား -

"ဘုရားသခင်နဖူးသင်းကျစ်တော် ဓာတ်၊ စွယ်တော်ဓာတ်တို့ကို အနော် ရထာမင်းစော စည်းခုံတည်သည်။ ပစ္စယာသုံးဆင့်သာ ပြီးစီးခဲ့သည်။ အပြည့်အစုံ မပြီးစီးလေ။ သားတော် စောလူးမင်းလည်း မင်းပြု၍ လောကီ စည်းစိမ်ကိုသာစံစား၍နေသည်။ ခမည်း တော်ကောင်းမှုကို ဆက်၍မလုပ်လေ။ သင်မင်းကြီးလည်း အနော်ရထာမင်း စောအမွေကိုခံ၍ မင်းဖြစ်၏။ စည်းစိမ် ကိုသာ မွေ့လျော်သည်။ အနော်ရထာ မင်းစောကောင်းမှုကို ပြီးအောင်မလုပ်"

ဟု သတိပေးစကားမိန့်ဆို၏။

ထီးလှိုင်ရှင်ကျန်စစ်မင်းကြီးက -

"အရှင်မင်းကြီးကောင်းမှုတော်ကို ပြီးအောင်လုပ်ပါမည်"

ဟု ဝန်ခံပြီးလျှင် မင်းကြီးသည် တူးရွှင်းတောင်၌ရှိသော ကျောက်တို့ကို အလျားသုံးထွာ၊ အနံတစ်ထွာ ရှေ့ခြမ်း ဖြတ်တောက်၍ ကျောက်အုတ်များ ပြု စေကာ နိုင်ငံတစ်ဝန်းရှိ ရဲမက်ဗိုလ်ပါ အပေါင်းတို့ကို ရုံးစုစေပြီး ရွှေစည်းခုံ ဘုရားမှ တူးရွှင်းတောင်တိုင် လူတို့ကို ကျောက်အုတ်များ လက်ဆင့်ကမ်း ကုသိုလ်ယူစေ၏။ လူသူအများနေပူကြဲ တဲတွင်ရပ်လျက် သယ်ဆောင်နေကြရ သည်ကိုမြင်တွေ့ရ၍ မင်းကြီးသည် ဤ သို့ သစ္စာအဓိဋ္ဌာန်ပြုတော်မူလေသည်။

"ငါသည် အရှင့်မွေတော်ကိုခံ ထိုက်သောမင်းဖြစ်ပါက ဤမန်ကျည်း စေ့များပေါက်၍ လူများအရိပ်ခိုရသည် ဖြစ်စေသော်"

ဟု ရွှေစည်းခုံမှ တူးရွှင်းတောင် တိုင်လမ်းတစ်လျှောက် မန်ကျည်းစေ့စိုက် တော်မူရာ ထိုမန်ကျည်းစေ့တို့သည် ညဉ့် ချင်းပင်ပေါက်ရောက်၍ အရိပ်ခိုခဲ့ကြရ လေသည်။

သိကြားမင်းသည်လည်း ပန်းရန် အကြီးအမှူးယောင်ဆောင်၍ စီမံတည် ထားဆောင်ရွက်၏။နေ့ကို လူတို့ကုသိုလ် ဖောင်းရစ်တစ်ရစ်ပြီး၍ ညဉ့်တွင် နတ်တို့ ကုသိုလ်ဖောင်းရစ်နှစ်ရစ်ပြီးစီး၏။ ခုနစ် လ၊ ခုနစ်ရက်တွင် ပြီးစီးသည်ဆို၏။

ကျန်စစ်သားမင်းကြီးသည် ဘုရား တည်ပြီးသောအခါ ဝမ်းမြောက်လှစွာ ဖြင့် ငါကား သခင်အမွေတော်ခံရပြီဟု ပီတိသောမနဿဖြစ်ခဲ့ရလေသည်။ ငါ တောင်းသောဆုသည် မချွတ်ဧကန် ပြည့်စုံလတ္တံ့ဟု ကြုံးဝါးတော်မူခဲ့ပါသည်။

**□ အာနန္ဒာဘုရားတည်ထားခြင်း**

သက္ကရာဇ် ၄၅၂ ခုတွင် ကျန်စစ် သားမင်းကြီးသည် ဤသို့အကြံဖြစ်တော် မူ၏။ ငါသည် ခမည်းတော်၏ အမွေခံ ကာ ရွှေစည်းခုံစေတီကို နောက်ထပ်မံ၍ တည်ထားပြီးစီးခဲ့လေပြီ။ ဤဘဒ္ဒကမ္ဘာ တွင် ပွင့်တော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟူသော ဘုရားရှင်လေးဆူတို့၏ သဏ္ဌာန်အရုပ် တော် (၁၈)တောင်ပမာဏ တည်ထား ကိုးကွယ်ရသော် ကောင်းပေအံ့ ဟူ၍ အကြံဖြစ်တော်မူခဲ့လေသည်။

ထိုခဏမှာပင် ရဟန္တာအရှင်မြတ် ရှစ်ပါးတို့သည် ဂန္ဓမာဒနတောင် နန္ဒာမူ လိုဏ်မှ ကြွတော်မူလာလျက် မင်းကြီး နန်းတော်၌ ဆွမ်းခံရပ်တော်မူကြလေ သည်။ မင်းကြီးသည် ထိုရဟန္တာအရှင် များတို့အား -

"အရှင်ဘုရားတို့ အဘယ်အရပ်မှ ကြွတော်မူလာကြပါသနည်း"

ဟုမေးလျှောက်ရာ အရှင်မြတ်တို့ က -

"ဟိမဝန္တာ ဂန္ဓမာဒနတောင်နန္ဒမူ လိုဏ်မှကြွလာကြကုန်၏"

ဟု မိန့်တော်မူကြလေသည်။

မင်းကြီးသည် လွန်စွာဝမ်းမြောက် လှ၍ -

"အရှင်ဘုရားတို့ ကြွရောက်လာ တော်မူရာ၊ ပစ္စေကဗုဒ္ဓါရဟန္တာအရှင် မြတ်တို့ သီတင်းသုံးတော်မူရာ နန္ဒမူ လိုဏ်၏ ပုံသဏ္ဌာန်ကို ဖန်ဆင်းပြတော် မူပါ"

ဟု လျှောက်ထားတောင်းပန်လေ ရာ ရဟန္တာအရှင်မြတ်တို့ ဖန်ဆင်းပြ တော်မူ၍ မင်းကြီးသည် လွန်စွာကြည်နူး ဝမ်းမြောက်စွာဖြင့် -

"နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်အ တိုင်း ကောင်းမှုတော်တည်ထားလိုပါ၏၊ အရှင်ဘုရားတို့ စောင်မကူညီတော်မူပါ"

ဟု လျှောက်ထား တောင်းပန်ပြီး နန္ဒမူလလိုဏ်၏ ပုံသဏ္ဌာန်အတိုင်း ကောင်းမှုတော်တည်ထားပြီး နန္ဒမူလဟု သမုတ်ခဲ့ရာ ယခုအခါ အာနန္ဒာဘုရား ဟု ထင်ရှားပါသည်။

**□ ကျန်စစ်သားမင်းကြီးတည်ထား ကောင်းမှုတော်များ**

ကျန်စစ်မင်းကြီးသည် ထိုကောင်း မှုတော်များတည်ပြီးသောအခါ သိန်းယို မင်းကပေးပို့သော ဘုရားရှင်၏ သရီရ ဓာတ်တော်ကိုးဆူကို ပုထိုးတစ်ဆူတည် ထား၌ဌာပနာ၍ မင်းအိုချမ်းသာဘုရား ဟူ၍ သမုတ်တော်မူခဲ့ပါသည်။ ထို့ပြင် မင်းမဖြစ်မီ မြောက်ဘက်အရပ် ရှောင် ရှားနေခဲ့ရစဉ်က လုံကစား၍ လုံချက်ကျ ရာအရပ်တွင်လည်း ဂူတစ်လုံးစီတည် ထားတော်မူခဲ့ပါသည်။ စစ်ကိုင်းအရပ် ၌လည်း တောင်ထက်တစ်ဆူ၊ တောင် အောက်တစ်ဆူ တည်ထားတော်မူခဲ့ပါ သည်။ တောင်အောက်ဘုရားကို လုံချက် ဆိပ်သို့ပေါက်လေသည်ကို အစွဲပြု၍ ဆိပ်ပေါက်ဟုတွင်၍ တောင်တက်ဘုရား ကိုလည်း မင်းကျောင်းဟုတွင်ခဲ့ပါသည်။ အဝတည်ရာအရပ်၌လည်း စည်းခုံတစ်

www.burmeseclassic.com

ဆူတည်ထားတော်မူခဲ့ရာ ထီးလှိုင်ရှင်ဟု တွင်ခဲ့ပါသည်။ ဖွားမြင်ခဲ့ရာ ပရိမ္မအရပ်တွင်လည်း စည်းခုံတစ်ဆူကည်ထားတော်မူခဲ့ပြီး မဟာဂီရိနတ်နှင့်စကားပြောကြခဲ့ရာအရပ်၌လည်း စည်းခုံတစ်ဆူတည်ထားတော်မူခဲ့ပါသည်။ တောင်ဘက်၊ အနောက်ဘက်အရပ်၌လည်း လှံကစား၍ လှံချက်ကျရာနေရာတို့၌ ဂူတစ်လုံးစီ တည်ထားတော်မူခဲ့ပါသည်။ မင်းကြီးသည် နိုင်ငံတော်ဖြစ်သော ပြည်အလုံး၌လည်း ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ သိမ်၊ ဇရပ်များစွာတို့ကိုလည်း ကောင်းမှုတော်ပြု၍ တည်ထားတော်မူကာ သာသနာပြုတော်မူခဲ့ပါသည်။

ထို့ပြင် ကြေးစင်တစ်ထောင်သွန်းသည် ခေါင်းလောင်းကြီးငါးလုံးတို့ကို သွန်းလုပ်လှူဒါန်းတော်မူခဲ့ရာ ရွှေစည်းခုံဘုရားတွင် သုံးလုံး၊ အာနန္ဒာဘုရားတွင် တစ်လုံး၊ မင်းအိုချမ်းသာဘုရားတွင် တစ်လုံး လှူဒါန်းတော်မူခဲ့ပါသည်။

## ■ သားတော်ရာဇကုမာရခေါ် ဇေယျခေတ္တရာမင်းသားနှင့် မြစေတီကျောက်စာ

သက္ကရာဇ် ၄၇၃ ခုနှစ်တွင် ကျန်စစ်သားမင်းကြီးသည် သက်တော်ကြီးရင့်တော်မူ၍ နာမကျန်းဖြစ်တော်မူပြီး သလွန်ညောင်စောင်းထက်မှမထနိုင်တော့ဘဲ သေအံ့မူးမူးအချိန်ရောက်ခဲ့ရရှာလေပြီ။ ထိုအခါ သားတော် ရာဇကုမာရသည် ခမည်းတော်အား ရိုသေစွာလုပ်ကျွေးပြုစုလျက် မြင်းကပါအရပ်၌လည်း စေတီတစ်ဆူ တည်ထားလျက်ရှိ၏။ ရာဇကုမာရမင်းသားသည် ခမည်းတော်ကျန်စစ်သားမင်းကြီးအား ရည်စူးလျက် ကျေးဇူးဆပ်အံ့သောငှာ ခမည်းတော်ကိုယ်ချိန်ပမာဏရှိသော အလေးချိန်ရှိသည့် ရွှေဆင်းတုတော်တစ်ဆူသွန်းလုပ်ပြီးလျှင် ခမည်းတော်မင်းကြီးရှေ့မှောက်၌ထားလျက် -

"ခမည်းတော်မင်းကြီး၏ ကုသိုလ်တော်အဖြစ် ဤရွှေဆင်းတုဘုရားရုပ်ပွားတော်ကို သွန်းလုပ်ပူဇော်ပါ၏။ ခမည်းတော်မင်းကြီး သာခုခေါ်တော်မူပါ၊ ခမည်းတော် ပေးသနားတော်မူခဲ့သော ကံကျွေးသုံးရွာကိုလည်း ဤရွှေဆင်းတုမြတ်စွာဘုရားအား လှူဒါန်းပါ၏။ ဤကောင်းမှုကိုလည်း ဝမ်းမြောက်တော်မူပါ"

ဟု ဖခမည်းတော်၏ ထီးမွေနန်းမွေကိုမခံရသော်လည်း ခမည်းတော်၏ ကျေးဇူးကိုသိတတ်လှသော ရာဇကုမာရမင်းသားသည် သေအံ့မူးမူးဖြစ်နေရှာသော ခမည်းတော်ကျန်စစ်သားမင်းကြီးကို မချိတင်ကဲဆိုနင့်စွာကြေကွဲစွာကြည့်ရင်း လျှောက်ထားရှာလေသည်။

ကျန်စစ်မင်းကြီးသည် သည်းထန်စွာရောဂါဝေဒနာကို ခံစားတော်မူလျက်ပင် ပြုံးယောင်သန်းလျက် ကြည်နူးစွာ သာခု ခေါ်တော်မူပြီးနောက် မကြာမီ နတ်ရွာစံတော်မူခဲ့ပါသည်။

ရာဇကုမာရမင်းသားသည် မိမိတည်ထားခဲ့သော ကောင်းမှုတော်စေတီ၌ ထိုရွှေဆင်းတုမြတ်စွာဘုရားရုပ်ပွားတော်ကို ဌာပနာတော်မူခဲ့ရာ မြစေတီဘုရားဟုတွင်၍ ထိုဘုရားအနီးတွင် မွန်၊ မြန်မာ၊ ပါဠိ၊ ပျူဘာသာလေးမျိုးတို့ဖြင့် ကျောက်စာရေးထိုးခဲ့ရာ ထိုကျောက်စာကို မြစေတီကျောက်စာဟု ခေါ်တွင်ခဲ့ကြပါသည်။

## ■ မြစေတီကျောက်စာ

*။ဤ။ နမောဗုဒ္ဓါယ။ ဘုရားသခင်သာသနာ အနှစ်တစ်ထောင်ခြောက်ရာနှစ်ဆယ့်ရှစ်နှစ်လွန်လေပြီးရကား၊ ဤအရိမဒ္ဒနာပူရ်မည်သောပြည်၌အား ဤတြိဘဝနာဒိတျဓမ္မရာဇ်မည်သောမင်းဖြစ်၏။ ထိုမင်းပယ်မယားတစ်ယောက်သော်ကား တြိလောကဝဋံသကာဒေဝီမည်၏။ ထိုပယ်မယားသားတမူလည်း ရာဇကုမာရ်မည်၏။ ထိုမင်းကား ကျွန်သုံးရွာတည်းပယ်မယားအားပေး၏၊ ထိုပယ်မယားသေခဲ့ရကား၊ ထိုပယ်မယားတန်ဆာနှင့် ထိုကျွန်ရွာသုံးရွာသောနှင့်တည်း ထိုပယ်မယားသား ရာဇကုမာရ်မည်သောအားမင်းပေးတုံ၏။ ထိုမင်း အနှစ်နှစ်ဆယ့်ရှစ်နှစ်မင်းမူပြီး၍၏သေခမ္မနာသရော၌တည်း။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား မိမိကိုမွေးသောမင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသောဘုရားသခင်အဆင်းပြု၍နပ်လေသရောတည်းဤသို့မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတည်း၊ ကျွန်သုံးရွာအတို့ကျွန် ငါ့သခင်ပေးသောသည်ကား ဤရွှေဘုရားအားအတိ ကျွန်ပေး၏။ ထိုရောတည်းမင်းနှစ်လိုရကား ကောင်းလင့်တည်း ကောင်းလင့်တည်း မိန့်၍၏ သင်္ဃြီမဟာထေရ်၊ မုဂ္ဂလိပုတ္တတိဿထေရ်၊ သင်္ဃြီသုမေဓပဏ္ဍိတ်၊ သင်္ဃြီဗြဟ္မပါလ်၊ သင်္ဃြီဗြဟ္မဒိဝ်၊ သင်္ဃြီသောန်၊ သင်္ဃြီသယ်သေနဝရပဏ္ဍိတ်။ ထိသခင်တို့အမှောက်တည်းမင်းရေသွန်း၏။ ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပယ်မယားသား ထိုရွှေဘုရားထာပနာ၍၏ ဤရွှေအထွက်သောကူပြု၏။ ပြုပြီးရကား ဤကူဘုရားလွှတ်သရော၌တည်း၊ သက်မုနလွှန်[illegible]ရွာ၊ ရပါယ်တရွာ၊ ဟန်ဗိုဝ်တရွာ။ ဤကျွန်သုံးရွာယူ၍၏။ ထိုရာဇကုမာရ်မည်သော ပယ်မယားသား ဤကူဘုရားအားရေသွန်း၍၏ ဤသို့မိန့်၏။ ဤ ငါ့အ[illegible] အား သဗ္ဗညုတ ဉာဏ်ပညာရအံ့သော အကြောင်းဖြစ်စေသတည်း။ ငါ့နော[illegible] အား ငါ့သား လည်းကောင်း၊ ငါ့မြေ[illegible] လည်းကောင်း၊ ငါ့ဆွေလည်းကောင်း၊ သူတထူးလည်းကောင်း၊ ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်[illegible] မူကား အရိမေတ္တယျဘုရားသခင်အ[illegible] ရစေ။ ။*

ဤကား ရာဇကုမာရရေးထိုးခဲ့သော ကျောက်စာဖြစ်ပါသည်။ အန[illegible] အဓိပ္ပာယ်ထင်ရှားစေရန် ခက်ဆစ်အ[illegible] ပ္ပာယ်တို့ကို ဖော်ပြလိုပါသည်။

| | |
|---|---|
| ဇြိ(သက္ကဋ) - | သီရိ (ပါဠိ) ကျက်သရေ |
| ပုရှား - | ဘုရား |
| ဟောက် - | ရှစ် |
| ပါယ် - | ချစ် အပ် သော ပိယ (ပါဠိ) |
| ကျောန်သုံရွောဟ်- | ကျွန်သုံးရွာ |
| သိယ်ခမ္မနာ - | သေခါနီး |
| သုရှောင်နိုက် - | သခါနိုက် |
| ကျေ့ော - | ကျေးဇူး |
| သြက်မိ - | အောက်မေ့ |
| နှပ်လ်သုရှောစ် - | ဆက်ကပ် [illegible] ကမ်းသောအခါ |
| ကောင်းလှေ အ်တေတ် - | ကောင်းလေလှ[illegible] ၏တည်း၊ကော[illegible] လေစွ |
| ဂြေ် - | သယ်ာထေရ်ကြီး |
| အမှောက် - | မျက်မှောက် |
| ပြညာ(သက္ကဋ) - | ပညာ(ပါဠိ) |
| ယောရှယ့် - | ၍ |
| လှောက်-လွှတ်- | လှူသည် |
| နောင်တာ - | နောင်အခါ |
| မူမုကား - | ပြုမူကား |
| အဖူးရစေ - | မဖူးရစေသတည်[illegible] |

မြစေတီကျောက်စာကိုဖတ်ရှုရခြ[illegible] ဖြင့် ကျန်စစ်သားမင်းကြီး၏သားတော[illegible] ရာဇကုမာရမင်းသား၏ ဖခင် မင်းကြီး[illegible] အပေါ် သားကောင်းရတနာပီသစွ[illegible] ကုသိုလ်ကောင်းမှုဖြင့်ကျေးဇူးဆပ်[illegible] လွန်စွာ မှတ်သား အတုယူထိုက်[illegible]

www.burmeseclassic.com

...သည်။

ကျန်စစ်သားမင်းကြီးလက်ထက်...တွင် မွန်-ဗမာ စသည့် ညီနောင်သွေး...တို့ ချစ်ကြည်ရင်းနှီးလျက် တိုင်းပြည်အေးချမ်းသာယာ ဖွံ့ဖြိုးခဲ့ပါသည်။ ကျန်စစ်သားမင်းကြီးသည် အမျိုးဘာသာသာသနာအကျိုးကုသိုလ်ကောင်းမှုတော်အမျိုးမျိုးတို့ကိုဆောင်ရွက်တော်မူလျက်...မိမ်လေးဆယ့်လေးနှစ်၊ စည်းစိမ်နှစ်ဆယ့်ရှစ်နှစ်၊ သက်တော် ခုနစ်ဆယ့်နှစ်နှစ်တွင် နတ်ရွာစံတော်မူခဲ့ပါသည်။

ဘုန်းကံကြီးမား မင်းဧကရာဇ်တစ်ပါးဖြစ်သော ကျန်စစ်သားမင်းကြီး ရွတ်ဖူး သရဇ္ဈာယ် အားထား ပူဇော်ခဲ့သော...ထာတော်တို့ကို ဝိသေသဖော်ထုတ်တင်ပြလိုပါသည်။

ပုဂံပြည်၌ အနော်ရထာမင်းကြီးနတ်ရွာစံပြီးနောက် စောလူးမင်း နန်းတက်သည်။ ထို့နောက် ကျန်စစ်သားမင်းကြီးနန်းတက်တော်မူရာ အရှင်အရဟံမထေရ်မြတ်ကြီးမိန့်တော်မူချက်အရ ကျန်စစ်သားမင်းကြီးသည် ခမည်းတော်အနော်ရထာမင်းကြီးတည်ထား၍မပြီးခဲ့သော ရွှေစည်းခုံစေတီတော်ကိုပြီးအောင် ဆက်လက်တည်ထားတော်မူခဲ့သည်။

ကျန်စစ်သားမင်းကြီး၏ ဘုန်းကံ...ခုံအလျောက် မင်းကြီးလက်ထက်တွင် ဟိမဝန္တာ ဂန္ဓမာဒနတောင် နန္ဒမူလိုဏ်မှ ရဟန္တာအရှင်မြတ်ရှစ်ပါး ပုဂံသို့ကြွရောက်၍ မင်းကြီးတောင်းပန်သဖြင့်နန္ဒမူလိုဏ်သဏ္ဍာန်ကို တန်ခိုးဖြင့်ပြတော်မူခဲ့ကြောင်း ဖော်ပြပြီးဖြစ်ပါသည်။ ရဟန္တာအရှင်မြတ်များသည် မင်းကြီးပြီးအောင်ဆက်လက်တည်ထားခဲ့သောအနော်ရထာမင်းကြီး၏ ကောင်းမှုတော်ရွှေစည်းခုံဘုရားထီးခံတွင် ဤမိုးကြိုးလွှဲဂါထာတော်(၆)ဂါထာကို ရေးသားတော်မူခဲ့ကြောင်း အမှတ်အသားရှိခဲ့ကြပါသည်။ မင်းကြီးလက်ထက်မှ ကြွရောက်လာသော ရဟန္တာအရှင်မြတ်များ ရေးသားတော်မူသော ထိုဂါထာတော်တို့ကိုသာသနာတော်ကို လေးမြတ်ကြည်ညိုသော ကျန်စစ်သားမင်းကြီး ရွတ်ဖွားသရဇ္ဈာယ်ပူဇော်အားထားမည်မှာ မလွဲကေန်ဖြစ်ပါသည်။

**ရဟန္တာအရှင်မြတ်များရေးသားခဲ့သော ရွှေစည်းခုံဘုရားမိုးကြိုးလွှဲဂါထာ(၆)ပုဒ်**

(၁) ကရုဏာ ဉာဏသမ္ဗန္ဓော၊
စက္က စက္ကိန္ဒ သမ္ဘဝေါ။
ဒွတ္တိံသလက္ခဏုပေတော၊
တာဒိ တာဒိန္ဒ မဏိတော။

(၂) တိဘဝုပသမောနာထော၊
ဗုဒ္ဓ ဗုဒ္ဓဂ္ဂ ဗုဒ္ဓိမော။
နမတ္ထုတဿသဂ္ဂိမော၊
ဇိနော ဇိနဂ္ဂ သမ္ဘယော။

(၃) တိလောက မုဒ္ဒိဘူတဿ၊
ဒေဝ ဒေဝိန္ဒ ရာဇိနော။
သက္ကာတိသက္ကရာဇဿ၊
ဗြဟ္မ ဗြဟ္မိန္ဒ ဗြဟ္မုနော။

(၄) သာရာထိသာရ ဒန္တဿ၊
ကဝိကဝိန္ဒကေတုနော။
နမတ္ထုလောကဇေဋ္ဌဿ၊
မုနိ မုနိန္ဒ ရာဇိနော။

(၅) ဝရလက္ခဏသမ္ပန္နံ၊
သုရာသုရသုခါဝဟံ။
သက္ကိန္ဒဝံ သဇံ ဇေဋ္ဌံ၊
ဝိဘာဝိတံ ဝိနာယကံ။

(၆) သီလာဒိဂုဏသမ္ပန္နံ၊
နရာနရိန္ဒ ပါမောက္ခံ။
နမာမိ သုဂတံ နာထံ၊
မတိမန္တံ မဟာပုညံ။

**အနက်မြန်မာပြန်** ။ ။ **ကရုဏာ ဉာဏသမ္ဗန္ဓော သာဝကပစ္စေကာ** - မနှိုင်းရာ၍၊ အသာဓာရဏဖြစ်သော၊ မဟာကရုဏာသဗ္ဗညုတဉာဏ်နှင့်ပြည့်စုံတော်မူထသော၊ **စက္ကစက္ကိန္ဒသမ္ဘဝေါ** - စကြာမန္ဓာတ်မင်းမြတ်တို့သာ ရထိုက်စွာသော၊ လောကီစကြာရတနာတို့ထက် သာလွန်မြတ်သောတရားစကြာ၊ ရတနာတို့၏ အရှင်၊ တေဇွှင်စက္ကရာဇ်လည်းဖြစ်ထသော၊ **ဒွတ္တိံသလက္ခဏုပေတော** - နိဂြောဓပိမ္ဗအစ၊ ဥဏှီသသီလအဆုံး၊ သုံးဆယ့်နှစ်ဖြာ၊ အံ့မောရာသား၊ လက္ခဏာတော်နှင့် ပြည့်စုံတော်မူထသော၊ **တာဒိတာဒိန္ဒမဏိတော**- လာဘ၊ လာဘစသည် တစ်သွန်၊ လောကဓံကြောင့်၊ ဖောက်ပြန်မရှိ၊ ရောင့်ရဲဘိသော တာဒိဂုဏ်နှင့်ပြည့်စုံလှစွာ ရဟန္တာတို့ထက် သာလွန်ကဲကြူးသော တာဒိကျေးဇူးကို ကွပ်မျှုစိုးပိုင်ခြင်းဖြင့် တန်ဆာဆင်အပ်ထသော၊ **တိဘဝူပသမော** - ဘဝသုံးပါး၌ သွားလာဖြစ်ပျက်ခြင်းမှ ငြိမ်းတော်မူပြီးထသော (ဝါ) သုံးပါးဘုံသူ၊ နတ်လူ ဗြဟ္မာသတ္တဝါအားလုံးတို့၏ စုရုံးစည်းဝေးရာလည်းဖြစ်ထသော၊ **နာထော** - သတ္တဝါတို့၏ ကိလေသာကို လွန်စွာပူပန်စေတတ်ထသော၊ **ဗုဒ္ဓ ဗုဒ္ဓဂ္ဂဗုဒ္ဓိမော**- သုတ ဗုဒ္ဓ အနုဗုဒ္ဓ ပစ္စေကဗုဒ္ဓတို့ထက် မြတ်သော၊ သမ္မာသမ္ဗုဒ္ဓအစစ်လည်းဖြစ်တော်မူထသော၊ (ဝါ) လောကီပညာ၊ လောကုတ္တရာပညာတို့ထက် သာလွန်ထူးမြတ်သော၊ အသာဓာရဏဝိသိဋ္ဌပညာဖြင့် သမ္မာသမ္ဗုဒ္ဓဖြစ်တော်မူထသော၊ **ဇိနော** - မာရ်ငါးပါးကိုအောင်တော်မူပြီးထသော၊ **သဂ္ဂိမော** - အောင်သူတကာတို့ထက် မြတ်တော်မူသည်ဟု ကြွေးကြော်အပ်ထသော၊ **တဿ**- ထိုသို့သောဂုဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားအား၊ **မေ** - အကျွန်ုပ်၏၊ **နမော**- ရှိခိုးခြင်းသည်၊ **အတ္ထု** - ဖြစ်စေသတည်း။

**တိလောကမုဒ္ဒိဘူတဿ**- လူသုံးပါးတို့၏ဦးထိပ်သဖွယ်ဖြစ်၍ဖြစ်ထသော၊ **ဒေဝဒေဝိန္ဒရာဇိနော** - သမ္မုတိနတ်၊ ဥပပတ္တိနတ်တို့ထက်လွန်မြတ်သော ဝိသုဒ္ဓိနတ်တို့ကိုအစိုးရသော၊ အသီဒိသနတ်မင်းလည်းဖြစ်တော်မူထသော၊ **သက္ကာတိသက္ကရာဇဿ** - သိကြားတကာတို့ထက် လွန်မြတ်သော သိကြားမင်းလည်းဖြစ်တော်မူထသော၊ **ဗြဟ္မဗြဟ္မိန္ဒဗြဟ္မုနော**- ရူပဗြဟ္မာတို့ထက်လွန်မြတ်သော အရူပဗြဟ္မာတို့ကိုအစိုးရသော ရဟန္တာဗြဟ္မာမင်းလည်းဖြစ်တော်မူထသော၊ **သာရာတိသာရဒန္တဿ** - ယဉ်ကျေးသောသူတို့ထက်ယဉ်ကျေးသောသူတို့ကိုဆုံးမတော်မူတတ်ထသော၊ **ကဝိကဝိန္ဒကေတုနော**- လောကီကဝိတို့ထက် လွန်မြတ်သော လောကုတ္တရာကဝိတို့၏အရှင် တုရင်မှန်ကင်းသဖွယ်လည်း ဖြစ်ထသော၊ **မုနိမုနိန္ဒရာဇိနော**- ပုထုဇဉ်ရဟန်းတို့ထက် လွန်မြတ်သော အရိယာရဟန်းတို့ကို အစိုးရသောရဟန်းမင်းလည်းဖြစ်တော်မူထသော၊ **လောကဇေဋ္ဌဿ** - လူသုံးဦးတို့ထက် အထူးသဖြင့် ကြီးမြတ်သောမူထသောမြတ်စွာဘုရားအား၊ **မေ**-အကျွန်ုပ်၏၊ **နမော** - ရှိခိုးခြင်းသည်၊ **အတ္ထု**-ဖြစ်စေသတည်း။

**ဝရလက္ခဏသမ္ပန္နံ** - မြတ်သော လက္ခဏာတော်ငယ်ရှစ်ဆယ်နှင့် ပြည့်စုံတော်မူထသော၊ **သုရာသုရသုခါဝဟံ** - နတ်၊ လူ၊ ဗြဟ္မာသတ္တဝါတို့၏ ချမ်းသာကိုလည်းဆောင်ထသော၊ **သက္ကိန္ဒဝံသဇံ**- လူတွင်တမွတ် အထွတ်ထားတင် သာကီဝင်ဟု လွှန်ထင်ကျော်ဟိုး မင်းအမျိုးကို ပိုင်စိုးထသော ဥက္ကာဝံသခတ္တိယအနွယ်မှ လည်းဖြစ်တော်မူထသော၊ **ဇေဋ္ဌံ** - ကြီးသောသူတို့ထက် အထူးသဖြင့်ကြီးတော်မူထသော၊ **ဝိဘာဝိတံ** - ဝိမုတ္တိငါးမြတ်တရားကို ထင်ရှားပြတော်မူတတ်ထသော၊ **ဝိနာယကံ** - လူ(၃)တန်ကို နိဗ္ဗာန်သာခေါင် ဘေးမဲ့သောင်သို့ ပို့ဆောင်တော်မူတတ်ထသော၊ **သီလာဒိဂုဏ**



www.burmeseclassic.com

www.burmeseclassic.com

**သမ္ဗုဒ္ဓ** - သီလအစရှိသောဂုဏ်နှင့်ပြည့်စုံတော်မူထသော၊ **နရာနရီနံ့ပါမောက္ခ** - လူနတ်မျိုးတို့ကို ပိုင်စိုးချုပ်ခါ နည်းညွှန်ရှာသော ဆရာမှူးကြီးလည်းဖြစ်ထသော၊ **သုဂတံ** - ကောင်းသောစကားကို ဆိုတော်မူတတ်ထသော၊**မတိမန့်**- လောကုတ္တရာဖိုလ်ပညာဖြင့် ပကွာထုံအပ်သော နှလုံးတော်လည်းရှိထသော၊ **မဟာပုညံ** - ကြီးကျယ်များမြတ် ပူဇော်အပ်သောဘုန်းတန်ခိုးတော်လည်းရှိထသော၊ **နာထံ** - မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **နမာမိ** - ကာယဝစီမနောချိုသား အဥ္ဇလီကမ္မဂါရဝဖြင့်ညွှတ်ခကြည်သာရှိခိုးပါ၏။

(ဖော်ပြပါ ဂါထာတော် (၆) ပုဒ်အနက်တို့ကို မုနိန္ဒာဘိဓေဇာ်ဓဇဘွဲ့တံဆိပ်တော်ရ ကျီးသဲလေးထပ်ဆရာတော်ဦးကင်းရေး သားတော်မူခဲ့ပါသည်။) ဘုရားရှိခိုးဂါထာတော်ဖြစ်၍ နေ့စဉ်ရွတ်ဆိုပူဇော်ပါက ကြီးမြတ်သော ကောင်းကျိုးရရှိနိုင်ပါမည်။

အထူးအားဖြင့် ကျန်စစ်သားမင်းကြီး၏ အဆောင်တော်မန္တန်ဖြစ်သော စိန္တာမဏိမန္တန်တော်ကိုလည်း ဖော်ထုတ်တင်ပြလိုက်ပါသည်။

**စိန္တာမဏိမန္တန်တော်ကြီးအထဲ**

ဩောင်း နမော အနန္တကပ္ပေဟ သဗ္ဗညုတ ညာဏံ စိန္တတိစိန္တော၊
သဗ္ဗဒေဝါယ သင်္ဂါမောသောမနသော မနောဟာရော စိန္တောစိန္တာနံ စိန္တတိစိန္တော။
ဘုမ္မိပဒေသေစိန္တတိစိန္တော တြိဘုမ္မိရတိ စိန္တာတိစိန္တော သတ္တလောကံ စိန္တတိစိန္တော။
ဩကာသလောကံစိန္တတိစိန္တော သင်္ခါရလောကံ စိန္တတိစိန္တော ကုသလံ အကုသလံ၊
အဗျာကတံ စိန္တတိစိန္တော၊ သုခံ ဒုက္ခံ အဒုက္ခမသုခံ စိန္တတိစိန္တော၊ စိတ္တံ စေတသိကံ၊
ရူပံ နိဗ္ဗာနံ စိန္တတိစိန္တော၊ မဂ္ဂပုဂ္ဂလံ ဖလံ စိန္တတိစိန္တော၊ နိရောဓံ နိရောသမာပန္နံ၊
စိန္တတိစိန္တော၊ အရဟတ္တံ အရဟံ မဂ္ဂံ စိန္တတိစိန္တော နိရောဓံ နိရောဓံသမာပန္နံ စိန္တတိစိန္တော။
နိရောဓံ သမာပန္နံ စိန္တတိစိန္တော၊ သတ္တဓမ္မံစိန္တတိစိန္တော၊ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံစိန္တတိစိန္တော။
စတုရောဓမ္မံ စတ္တာရိဣဒ္ဓိပါဒါနိစိန္တတိစိန္တော။ ပဉ္စသမ္မိဒ္ဓါမဂ္ဂေါစတ္တာရိ အရိယသစ္စာနိ စိန္တတိစိန္တော။
အဝိဇ္ဇာသု အဝိဇ္ဇာ ဘာဂိယေသု စိန္တတိစိန္တော၊ ဝိမုတ္တိဉာဏေသုစိန္တတိစိန္တော၊ ပုဗ္ဗေနိဝါသဒိဗ္ဗစက္ခုံ။
အာသဝက္ခယဉာဏေသုစိန္တတိစိန္တော၊ လောကိယလောကုတ္တရ ဉာဏေသု စိန္တတိစိန္တော။
ကဗဠီကာရာဟာရေသုစိန္တတိစိန္တော ပညတ္တိဓမ္မပရမတ္ထဓမ္မေသု စိန္တတိစိန္တော၊ ကုတ္တိဘာဝ ပုမ္ဘာဝေသုစိန္တတိစိန္တော။ ပဥ္စကာမဂုဏေသုစိန္တတိစိန္တော၊ အပ္ပကဗဟုကေသုစိန္တတိစိန္တော၊ အတီတာနာဂတ၊
ပစ္စုပ္ပန္နေသု စိန္တတိစိန္တော၊ သဗ္ဗဇနစိန္တေသု စိန္တတိစိန္တော၊ ဧတေန မနောဟာရေန မဏိရတနံ ဝိယ၊
သဗ္ဗဏာမပူရဏော ဂရုဂါရဝါ ဒိဝသေန သဗ္ဗယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေန ဒေသိတော အယံ၊
မန္တော စိန္တနတ္ထေန စိန္တာမဏိ ယောနာမာတိ။ ကုဇ္ဇေတံ အာသန်တိဋ္ဌတု ဒီပါယ ဒီပါယဝသာယဝသာယဒါတု ဒဒါတု စိန္တာမဏိရတနံ မံပါလေတု ဟုလု ဟုလု သွာယယျ သွာဟုံဟုံ။

**စိန္တာမဏိမန္တန်တော်ကြီးအဖုံး**

ဩောင်းနမောအနန္တကောဋိကပ္ပေ သဗ္ဗညုတဉာဏော သဗ္ဗဒေဝဂဏော စိန္တတိစိန္တော။
စိတ္တနတ္ထေန စိန္တာမဏိ ယောမနော မယဂြဟိတော၊ အတုလျ ဝရဂုဏ မမ္မော သဗ္ဗကာမ ပူရဏော။ စိန္တာမဏိ ဖြဟိဒွေါဖြဝဏ္ဏော ပဝရော တြိဘဝနသွာရော၊ သုဂတော သဗ္ဗဝေရိနံ နိဝါရဏော အကာရမရဏ နိဝါရဏော မတျူ ဝဥ္စနာဒီယာယုကော သိဒ္ဓိကရော ပုညဝန္တော မဟာတေဇော မဟာလောဘော မဟာယသော ဘဂျဝန္တော ဒိဋ္ဌဓမ္မ ဝေဒနိယဘူတော အရိယဖလဝရ မမ္မော၊ အယံမန္တော အနန္တံသမ္မာ သမ္ဗုဒ္ဓေါ ဒေသိတော ဝိသုဒ္ဓိဒေဝေါ နရာသဘော ပရမေသွာရော မဟာဒေဝါဝရဂဏ ပတ္တော ကုန္ဒဒေဝေါ မဟာဗြဟ္မမဟာသွာရော ဘုမ္မိဝသုန္ဒရော မဥ္ဇူသီရိကောမဏိမေ ခလာ အာကာသဒေဝေါရုက္ခဒေဝေါ နာဂေါသုပဏ္ဏော ဂန္ဓဗ္ဗောစတုလောကပါလော သူရိယာစန္ဒိမာ နက္ခတ္တ တာရကာဟိမဝန္တော သိနေရု ... တ္တော စက္ကဝါဠသိလုစ္စယော သ... ပဗ္ဗတောဂင်္ဂါ ယမုနာ အစိရဝ... မဟီသရဘူဇမ္ဗူရုက္ခော ကဒ... ကပ္ပရုက္ခော သိရိယောပါဋလိသ... လိ ပါရိဆတ္တကောဆန္ဒန္တော ... ဝဏ္ဏော ဥသဘော သိရိန္ဒ... ဝေပုလ္လ ပဗ္ဗတပဿော မ... ဟာရော မဏိရတနံ ဝိယသဗ္ဗကာ... ပူရဏော ဂရုဂါရဝါဒိဝ သေန သ... ယန္တာနံ ပဝရော သမ္မာသမ္ဗုဒ္ဓေ... ဒေသိတော၊ အယံ မန္တော စိတ္တ... တ္တေန စိန္တာမဏိယောနာမာတိ... ဇ္ဇေတံ အာသနံ တိဋ္ဌတုတိဋ္ဌ... ဒီပါယ ဒီပါယ ဝသာယ ဒဒါ... ဒဒါတု၊ စိန္တာမဏိရတနံ မံပါလေ... ဟုလုဟုလု သွာယယျသွာဟုံဟုံ...

(စိန္တာမဏိမန္တန်တော်အထဲ၊ အ... နှစ်ပုဒ်ပြီး၏။)

ဖော်ပြပါ ဘုန်းကံကြီးမား မ... ကေရာဇ်တစ်ပါးအဖြစ် ပုဂံခေ... ရာဇဝင် စာတင်ခဲ့ရသော ထီးလှိုင်... ကျန်စစ်သားမင်းကြီး ရွတ်ပွားသရဇ္ဈာ... သော ဘုရားရှိခိုးဂါထာတော်နှင့် စိန္တာ... မဏိမန္တန်တော်တို့ကို စာရှုသူမျာ... လေးစားယုံကြည်အားထား ရွတ်ဆိုခြ... ဖြင့် ဘေးရန်ကင်းကွာ လိုကျစ္စာနှ... ကောင်းကျိုးချမ်းသာ ဧကန်ရကြပါ... သောဝ်။

*သဒ္ဒိသံပါကံဇနေ...*

သစ္စာဝါဒီ-ဦးမြင့်အော...

**ကျမ်းကိုး -**

၁။ ဦးကုလား မဟာရာဇဝင်ကြီး... ပထမအုပ်။
၂။ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်... အမျိုးသားပညာဝန် ဦးဖိုးကျ... ရေးသည်။
၃။ ခေတ်မီမြန်မာ့ရာဇဝင်အကျဉ်း... အမျိုးသားပညာဝန် ဦးဖိုးကျ... ရေးသည်။
၄။ ကျောင်းသုံးမြန်မာ့ရာဇဝင် ဦးဘသန်း (ဘီအေ) စီရင်ရေး... သားသည်။
၅။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း... တို့မြန်မာဝတ်ရွတ်စဉ်။
၆။ နန်းစဉ်သုံး ဂါထာမန္တန်... ဆရာဦးမင်းသိမ်း။



www.burmeseclassic.com

www.burmeseclassic.com

# ဦးစန္ဒိမ (စလင်း)
## စလင်းကန်လည်ဆရာတော်ကြီး၏ အပျင်းဖျောက်နည်း

လူတိုင်းလူတိုင်းမှာ အပျင်းစိတ် ရှိတာရှိကြပေလိမ့်မည်။ နည်းနည်းပျင်း တာနှင့်များများပျင်းတာ၊ မလွတ်မလပ် ပျင်းတာနှင့်လွတ်လွတ်လပ်လပ်ပျင်းတာ၊ အချိန်ယူပျင်းတာနှင့်အချိန်ခိုးပျင်းတာ၊ ကြီးလျှိုးကွယ်လျှိုးပျင်းတာနှင့် ပြောင် ပျင်းတာ ဒါပဲကွဲမည်။ အနည်းနှင့် အများ အပျင်းတရားနှင့်ကင်းကြလိမ့် မည်မဟုတ်။ ဆန္ဒပြင်းထန်သူတွေက တော့ ပျင်းမည်မဟုတ်ပါ။ အပျင်းတရား ကိုလည်း တစ်နည်းနည်းနှင့် ဖြေဖျောက် ကြပေလိမ့်မည်။

စာရေးဆရာကြီး လူထုဦးလှက တော့ မပျင်းမရှိ သိပ်အလုပ်လုပ်သူဖြစ် သည်၊ ဆေးလိပ်အကြောင်း၊ ထန်း အကြောင်း၊ မြင်းအကြောင်း၊ ဆားချက် သမားအကြောင်း၊ ပွဲစားအကြောင်း၊ ထောင်အကြောင်းတွေကိုပဲ ရသလောက် ဖြင့် ဖိုင်တွဲထားလေ့ရှိပြီး မေးလိုက်မြန်း လိုက်နှင့် စာအုပ်တွေပေါ်တစ်အုပ်ပေါ်



တစ်အုပ် ရေးသားထုတ်ဝေလေ့ရှိပါ၏။

သူဇနီး လူထုဒေါ်အမာကိုလည်း စာမရေးဘဲနေလျှင် -

"မင်းရေးလေကွာ၊ ဘယ်အကြောင်း စတော့။ ဒီနေ့ နေ့ကောင်းတယ်။ ဘယ် အကြောင်းကတော့ သိပ်ရေးဖို့ကောင်း တယ်၊ ဟိုဆောင်းပါးမပြီးသေးဘူးလား"

ဆိုပြီး အမြဲတိုက်တွန်းလေ့ရှိပါ၏။

သည်လိုနှင့် ဇနီးမောင်နှံ လူထု



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ်သတင်းစာ၊ လူထုဂျာနယ်၊ လုံးချင်းစာအုပ်တွေအများကြီးရေးသားထုတ်ဝေနိုင်ခဲ့လေသည်။ လူထုဦးလှ ဆုံးပါးသွားသည့်အတိုင် လူထုဦးလှ၏လက်စလက်နတွေ အပြီးမသတ်နိုင်ဘူးတဲ့။ ဆရာကြီးဦးလှကြောင့် စာရေးဆရာမဖြစ်လာခဲ့၊ စာတွေအများကြီး ထုတ်ဝေလာခဲ့ရပါသတဲ့။

ဆရာကြီး ဒေါက်တာ သန်းထွန်းသည်လည်း အလုပ်အလွန်လုပ်သူပါ။ အမြဲတမ်း သုတေသနလုပ်၊ မှတ်စုတွေထုတ်၊ မဂ္ဂဇင်းတွေအတွက် ဆောင်းပါးတွေရေးနှင့် အားချိန်၊ နားချိန် မရှိသလောက်ပင် ဖြစ်သည်။ မရေးလျှင်. စာတွေဖတ်သည်။ ယုတ်စွအဆုံး နာရေးသွားတာတောင် သုသာန်မှာစောင့်နေလျှင် ဘယ်သူနှင့်မှစကားမပြောဘဲ ပြုံးပြုံးကြီး ... ပြန့်တ်ဆက်ပြီးတာနှင့် စာထိုင်ရေးသူပါ။ ဆရာက စကားတော့ အတော်နည်းသည်။ အလုပ်ကျတော့ အတော်လုပ်သည်။ စကားနည်းသော်ငြား၊ အပြောပြတ်သော်ငြား စေတနာပါသည်။ အမှန်တရားဘက်ကရပ်သည်။ ပြည်သူကိုအလေးထားသည်။

ဆရာမြသန်းတင့် အလုပ်လုပ်ပုံကလည်း အံ့မခန်းပါ။ မနက်စောစောလမ်းလျှောက်သည်။ အပြန်တစ်ခုခုစားပြီးသည်နှင့် စာရေးစားပွဲတန်းတန်းမတ်မတ်သွားသည်။ ရေးစရာရှိတာရေးသည်။ ဘာသာပြန်စရာရှိတာပြန်သည်။ တစ်နေ့ လက်နှိပ်စက်နှင့် (၁၂) မျက်နှာရေးသည်။ ကလောင်ခွဲအမျိုးမျိုးနှင့်ရေးသည်။ ဆရာဘာသာပြန်သည့် တောင်သမန်ရွှေအင်းက လေညှင်းဆော်တော့၊ ခန်းဆောင်နီအိပ်မက်၊ ရွှေပြည်တော်မျှော်တိုင်းဝေး၊ စစ်နှင့်ငြိမ်းချမ်းရေး၊ လေရူးသုန်သုန် စသည့် စာအုပ်များဆရာ့လို ဘာသာပြန်ဖို့မဆိုထားနှင့် လိုက်ကူးရေးဖို့ပင်မလွယ်ပါ။ သည်အထဲပင်ကိုရေး လုံးချင်းဝတ္ထုတွေ၊ ဆောင်းပါးတွေ၊ ဝတ္ထုတိုရှည်တွေ၊ ရသစာတည်းတွေ၊ အက်ဆေးတွေ၊ ကဗျာတွေဆိုတာကလည်း မနည်းမနော။ တခြားဘာစီးပွားရေးမှမလုပ်ပါဘဲ စာပေသက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသွားတာကိုက ကြည်ညိုစရာ။ ဒါတောင်ဆရာက ထောင်ကျသေးသည်။ ကိုကိုးကျွန်းအပို့ခံရသေးသည်။ နှစ်တွေအများကြီး။

ဆရာလူထုစိန်ဝင်း။ သူကတော့



လေဖြတ်ပြီး ထောင်ကလွတ်လိုက်သူ။ လက်တစ်ဖက်လှုပ်မရပေမယ့် ကျန်လက်တစ်ဖက်နှင့် စာရေးကျင့်ပြီး စာတွေရေးသည်။ အိမ်သာကို လေးဖက်တွားသွားရသည်။ စာတွေဖတ်၊ စာတွေရေးသည်။ သုံးချောင်းထောက် အဖော်ပြုပြီး သွားနိုင်၊ လာနိုင်သည်အထိ ရုန်းကန်သည်။ ညည်းတွား လက်မြှောက် အရှုံးပေးခြင်းမရှိ။ နောက်တော့ အောက်ဆီဂျင်နှာခေါင်းပိုက်နှင့်မလှုပ်မရှားနေရသည်။ တစ်နေ့သုံးကြိမ်ဆေးတွေအများကြီးစားရသည်။ ဒါလည်း လက်မမြှောက်။ စာတွေရေးသည်။ တစ်နေ့ ဆောင်းပါးနှစ်ပုဒ်မှ သုံးပုဒ် ပုံမှန်။

စာရေးသူ ထိုပုဂ္ဂိုလ်တို့ကိုအားကျသည်။ လေးစားသည်။ အများအတွက် စေတနာထားရေးသား၍ ကျေးဇူးတင်သည်။ တစ်ခါတစ်ခါ စာရေးရမှာပျင်းလျှင် ထိုပုဂ္ဂိုလ်များမျက်စိထဲမြင်ယောင်ပြီး အားတက်ရသည်။ မနက်စောစောလမ်းလျှောက်ရာကအပြန် စာရေးစာပွဲအမြဲထိုင်ဖြစ်သည်။ သို့တိုင်အောင်တစ်ခါတစ်ခါ အပျင်းစိတ်ကဝင်ဝင်လာသည်။ သာရေး၊ နာရေး၊ ဟိုအရေးသည်အရေးအကြောင်းပြုပြီး ဆင်ခြေဆင်လက်ပေးပျင်းချင်သည်။ ခုတစ်လော(၄)(၅) ရက် ရှိပြီ စာရေးစာပွဲမထိုင်ဖြစ်တာ။ ယိုးမယ်တွေ၊ ဆင်ခြေမြင်းခြေတွေနှင့်ကိုယ့်ကိုယ်ကိုယ်ညာနေသည်။ ပျင်းနေသည်။ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ်ဆုံးမရသည်။ ဒီအတိုင်းဆက်ပျင်းနေတော့မှာလား။ အလကားကောင်အဖြစ်ခံတော့မှာလား။ သည်တော့ စာရေးသူ

ဆရာရွှေမြင်တင်ဆရာတော်ဦးကု... စကား သွားကြားယောင်မိသည်။

"လောကမှာ ပျင်းတဲ့လူ ငါ့အ... ဆုံးပဲ"

ထို့နောက် သာမညဆရာတေ... စကားမှာ -

'ဉီ - မပျင်းနဲ့၊ ခုလည်းမပျင်း... နောင်လည်းမပျင်းနဲ့၊ ဘယ်တော့... မပျင်းနဲ့'

စလင်းကန်လည်ဆရာတော်ကြီ... စကားပေါ် လာပြန်သည်။ လက်ာတေ... ကျောင်းဆရာတော် ဦးဝါယမကို ... ခြင်း ဖြစ်သည်။

"မောင်ပဥ္စင်းတို့နေ့စဉ်ဘုရားရှိခိုး... ကြရဲ့နော်"

"မှန်ပါ၊ ရှိခိုးပါတယ် ဘုရား"

"တစ်ခါတစ်ခါတော့ မပျင်းဘူး... လား"

"ပျင်းပါတယ်ဘုရား"

"အေး-ပျင်းတယ်ဆိုတာ မာရ်နတ်... အဖျက်ဝင်တာပဲ။ ဒီမာရ်နတ်ကို နိုင်... အောင်တိုက်ရတယ်။ နင်ကဖျက်ရင် ... ကပြုတယ်။ဖျက်ဦးဟာဆိုပြီး ဖွတ်ဘုရား... ရှိခိုး၊ ဖွတ်တရားထိုင်၊ ကြာတော့ ကိုယ်... က နိုင်သွားရော။ ဝတ်မပျက်တော့ဘူး... မာရ်နတ်က အတော်နှိပ်စက်တာ... လား။ လွယ်လွယ်နဲ့ အရှုံးပေးလိုက်ရင်... တစ်သက်လုံး ဗုန်းဗုန်းလဲ နာလန်မထူ... တော့ဘူးမှတ်။ ဒါမျိုး ပေါ့သေးသေး... မမှတ်နဲ့။ သံသရာအထိ နစ်မွန်းတတ်... တယ်ဗျား"

ပြီးတော့ ဆရာတော် ဦးဝါယမကို... မိန့်ဖူးသေးသည်။

"ဦးဝါယမ၊ တရားဟောကောင်... ဗျား"

"မှန်ပါဘုရား"

"အေး- ကောင်းပါ့ ကောင်းပါ့"

"ဒါထက်ကောင်းအောင် ကိုယ်ဒို... တရားအားထုတ်ဖို့လည်းမမေ့နဲ့နော်။

ဒါ - အရေးကြီးတယ်။ သတိ... သတိ"

စာရေးသူသည် ဩဝါဒတွေ ကြား... ယောင် မြင်ယောင်လာတော့ စာရေး... ဖြစ်လာပါတော့သည်။ ရေးလိုက်တော့... လည်း မကြာ။ အခု သည်ဆောင်းပါး... တစ်ထိုင်တည်း အစ၊ အဆုံးရေးဖြစ်ပါ... တော့သည်။

ဩော် - ကျေးဇူးကြီးမားလေစွ...

ဦးစန္ဒိမ(စဝ...)




www.burmeseclassic.com

www.burmeseclassic.com

ပညာကျော်

# ကာယ-လာဘာသိဒ္ဓိနှစ်ပါးပြည့်စုံသော စမအဆောင်



ကျွန်ုပ်သည် စာအုပ်ဗီရိုများကို ...င်း တစ်ဆင့်ချင်းရှာဖွေနေပါသည်။ ...ကြောင်းကတော့ ကျွန်ုပ်၏တပည့်ဖြစ် ...သော ကုန်စည်သယ်ယူပို့ဆောင်ရေး ...ဆောင်လုပ်ငန်းကြီးတည်ထောင် ...သည့် တပည့်၏ တောင်းဆိုခြင်း ...ကြောင့် ဆောင်ရွက်ပေးရန် မှတ်တမ်း ...အုပ်နှင့် စာအုပ်ဟောင်းများကို ရှာဖွေ ...ခြင်း ဖြစ်သည်။

စာအုပ်ဗီရိုထဲထားသည်ကိုသိနေ ...သော်လည်း ဘယ်ဗီရိုထဲတွင်ထားခြင်း ...မှတ်မိ၍ ရှာဖွေနေရခြင်း ဖြစ်ပါ ...သည်။ ကျွန်ုပ်ရှာဖွေနေသည့်စာအုပ်မှာ ...ားမှုကြောင့် မြင်သာပါသည်။ ...စာအုပ်တို့မှာ ကတ်ထူဗလာစာအုပ် ... အုပ် ဖြစ်ပါသည်။ စာရွက်များမှာ ...ရောင်ဖြစ်နေပြီး စက္ကူသားတို့မှာ ...မှုနေကြပါပြီ။ မူလစက္ကူသား ...ောင်းမွန်ပါသည်။ ထိုကတ်ထူစာအုပ် ... သက်တမ်းကို ဖော်ပြရမည်ဆိုလျှင် ... ခုနှစ်၊ သီတင်းကျွတ်လဆန်း ...ရက်ဟု ရေးသားထားသည်။ စာတမ်း ... စာအုပ်သက်တမ်းကိုပြနေခြင်းဖြစ်ပါ ...သည်။

ယခု ၁၃၇၇ ခုနှစ်သို့ရောက်ရှိနေပြီဖြစ်၍ စာအုပ်သက်တမ်းသည် (၁၁၅) နှစ်ရှိနေပြီဖြစ်ပါသည်။ ထိုစာအုပ်ထဲတွင် ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်ပယ်မှ ထင်ရှားသည့် ဂါထာမန္တန်များ၊ အင်းများ၊ စမများ၊ ရုပ်စမများစွာတို့ ပါဝင်နေပါသည်။

ကျွန်ုပ်အသက်-(၇၃) နှစ်ရောက်ချိန်တွင် ဝိဇ္ဇာဓရဂမ္ဘီရပညာကိုလိုက်စားလာခဲ့သောသက်တမ်းမှာ (၅၀) နှစ်လောက်ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ အရွယ်ငယ်စဉ်နှင့် အရွယ်ကောင်းချိန်က အစိုးရဌာနကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်အခါကာလ ရောက်လေရာအရပ်ဒေသများတွင် တာဝန်ကိစ္စပြီးပြတ်သည်နှင့် မိမိ၏ဝါသနာဗီဇပါလာသော ဝိဇ္ဇာဓရဂမ္ဘီရပညာရပ်များနှင့် ဘာသာရေးစာပေများ၊ ဆေးပညာတို့အား ပေမူများ၊ ပရပိုက်များ၊ လွန်စွာရှေးကျနေသောကျမ်းများ၊ စာအုပ်များကို လေ့လာခဲ့ပါသည်။

ထိုကဲ့သို့ ကျွန်ုပ် နှစ်ပေါင်း (၅၀) လောက် လေ့လာလိုက်စားခဲ့သဖြင့် သိခဲ့သောအကြောင်းများထဲမှ ဝိဇ္ဇာဓရဂမ္ဘီရပညာနယ်ထဲမှ ဂါထာများ၊ မန္တန်များ၊ အင်းအိုင်များ၊ စမများ၊ ရုပ်စမများစွာတို့ကို သိခွင့်ရခဲ့ပါသည်။ အထက်တွင်ဖော်ပြခဲ့ပြီးသော ကတ်ထူဗလာစာအုပ် (၂) အုပ်ထဲတွင် ပါဝင်နေသော ဂါထာမန္တန်များ၊ အင်းများ၊ စမများတို့နှင့် ရုပ်စမများစွာတို့ ပါဝင်နေပါသည်။ ထိုစာအုပ်တွင်ပါဝင်နေကြသော ရုပ်စမများမှာ ကျွန်ုပ်မတွေ့ခဲ့ဘူးသောစမများဖြစ်နေကြပါတော့သည်။

အထက်နားတွင် ရေးသားခဲ့ကြသည့်အတိုင်း စာရွက်များ၏ အိုမင်းမှုကြောင့် လက်ကိုင်မခံတော့သဖြင့် ထိုစာအုပ်များအပေါ်တွင် နံကာထူထူတောင့်တောင့်တို့တစ်ဖက်စီအုပ်၍ ကြိုးဖြင့် လေးဖက်ချည်ထားရပါသည်။ ထိုသို့ချည်ထားပြီး သင့်လျော်ကိုက်ညီသော ပလတ်တစ်အိတ်တစ်အိတ်တွင်ထည့်ကာ သိမ်းထားရပါသည်။ ထို့အကြောင်းတို့ကြောင့် ရှာရာတွင်သိသာထင်ရှားသော သဘောကြောင့် အရှာလွယ်ကူပါသည်။

ယခုလိုချင်နေသော နှစ်ပေါင်း (၁၀၀) ကာလက ရေးမှတ်ထားခဲ့သော လက်ရေးမူကတ်ထူဗလာစာအုပ်ကိုတွေ့ရှိပါပြီ။ စာအုပ်ရရှိသည်နှင့် မိမိလိုချင်နေသောစမကို ရှာရပါတော့သည်။

တွေ့ပါပြီ။

ထိုရုပ်စမသည် ကာယသိဒ္ဓိဝက်



www.burmeseclassic.com

www.burmeseclassic.com

မင်းစမပင် ဖြစ်ပါသည်။ ထိုစမတို့ကို စီမံထားခဲ့သော ဆရာသခင်တို့သည် လောကီပညာ (၆၄) ရပ်ဖြင့် ပြီးမြောက်အောင်မြင်ခဲ့ပြီးကြသော သိဒ္ဓိရှင်မဟိဒ္ဓိရှင် ဆရာတော်အရှင် (၆၉) ယောက်တို့၏ ပညာဆက်ပင် ဖြစ်ပါသည်။

အခွင့်သင့်နေချိန်ကလေးမှာပင် ကျွန်ုပ် လေ့လာခဲ့သော ဝိဇ္ဇာဓရဂမ္ဘီရ ပညာနယ်မှ လောကီပညာ (၆၄) ရပ်ဖြင့် ပြီးမြောက်အောင်မြင်ခဲ့သော အစမူလ ဝိဇ္ဇာလေးပါး၊ ထိုဝိဇ္ဇာလေးပါးတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပြဒါးဝိဇ္ဇာ
သံဝိဇ္ဇာ
ဆေးဝိဇ္ဇာ
အင်းဝိဇ္ဇာတို့ ဖြစ်ကြပါသည်။

ယခု စမအကြောင်းကို ရေးသားနေစဉ်ဖြစ်၍ အင်းဝိဇ္ဇာဖြစ်သော မဟာဂန္ဓာရီဝိဇ္ဇာကို သရုပ်ခွဲ၍ ပြသချင်ပါတယ်။

မဟာဂန္ဓာရီအင်းဝိဇ္ဇာတွင် -
၁။ အင်းဝိဇ္ဇာ
၂။ အိုင်ဝိဇ္ဇာ
၃။ စမဝိဇ္ဇာတို့ပါဝင်နေပါသည်။

ထိုဝိဇ္ဇာ(၃)မျိုးတွင် အင်းအိုင်စမပညာရပ်တို့ဖြင့် သိဒ္ဓိအစွမ်းမဟိဒ္ဓိအစွမ်းတို့ကိုဖြစ်စေပြီး လုပ်ငန်းများစွာတို့ကို အောင်မြင် ပြီးမြောက်စေပါသည်။ ထိုပညာများကို အောက်ပါအတိုင်း အနုစိတ်ပြီး ခွဲခြမ်းစိတ်ဖြာထားပြန်ပါသည်။

၁။ အင်းပညာတွင် အောက်ပါအတိုင်းအဆင့်ဆင့်ခွဲထားပြန်ပါသည်။

ရုပ်အင်း၊ နာမ်အင်းများဖြစ်သည်။
(က) ဓာတ်အင်းများတွင် -
ပထဝီအင်း
တေဇောအင်း
ဝါယောအင်း
အာပေါအင်းဟု ခွဲထား၏။
ထို (က) ဓာတ်အင်းများကိုပင် -
အဖိုအင်း
အမအင်း
နပုန်းအင်း ဟုခွဲပြန်၏။
နောက် -
လက်ဝဲအင်း
လက်ယာအင်း
တို့ ပါဝင်ပြန်လေသည်။

ထိုအင်းများကိုပင် အသွားများ အပြားရှိနေကြပါသေးသည်။

ထိုအသွားများတို့မှာ -
ရထားသွား
မြင်းသွား
(အသထိုရ်မြင်းသွားဟုလည်း ရှိသည်။)
ခရုပတ်သွား
ဝါးကြိတ်လိမ်သွား
ပိုဆင်းပိုတက်အသွား
ဆက်ရက်ခုန်သွား(ဇရက်ခုန်)၊
(ထိုအသွားသည် ရှေ့၊ နောက်၊ ဝဲ၊ ယာ၊ ထက်အောက်သွားခြင်းမျိုး).

▫ အထူးအင်းများတွင် မြင်းသေမြင်းသွား အကိုက်ညီညွတ်ရပါသည်။

၂။ အိုင်ပညာတွင်-

▫ မျိုးတူ၊ မျိုးကွဲအင်းများကို စုပေါင်းပြီး ပူးတွဲထားသောအင်းမျိုး ဖြစ်ပါသည်။

၃။ စမပညာတွင် -
(က) စမအင်း
(ခ) ရုပ်စမအင်း

(က) စမအင်းများသည် အထက်တွင် အင်းပညာတွင် ခွဲခြမ်းစိတ်ဖြာထားသည့်အတိုင်း သရုပ်ခွဲထားပါသည်။ ရုပ်စမ၊ နာမ်စမများဖြစ်သည်။

(ခ) ရုပ်စမအင်းများကို -
ရုပ်စမအင်း(ဗျည်းစမအင်း)
ပုံသဏ္ဌာန်အမျိုးမျိုးစီမံထားသော စမအင်းများ။

**ဝိသေသများ**

၁။ ▫ အင်းများတွင် ဘောင်ခတ်ရပါသည်။

အလျား၊ အနံတူညီသောအကွက်များဖော်ထားသည့် ဂဲဩမေတြီသဘောအရ စတုရန်းကွက်များဖြင့် တည်ဆောက်ရပါသည်။

၂။ ▫ ထိုစည်းကမ်းဘောင်အတွင်းတွင် -

(က) သင်္ချာဂဏန်းဖြင့် ရေးသွင်းသောအင်းကို နာမ်အင်းဟု သုံးနှုန်းထားခြင်း။

(ခ) ဗျည်းများ၊ သရများဖြင့် ရေးသွင်းသောအင်းကို ရုပ်အင်းဟု သုံးနှုန်းထားခြင်း။

**▫ အိုင်များ၏ဝိသေသများ**

▫ ဘောင်ခတ်ရာ၌ အနားလေးဖက်မညီခြင်း ဂဲဩမေတြီသဘောအရ ပြောရလျှင် စတုဂံများအနားမညီဖြင့် တည်ဆောက်ပြီး အင်းဆန်သွင်းထားခြင်း။

▫ ချိုနန်းချိုးအင်းကွက်များမှလည်း အိုင်များပင်ဖြစ်သည်။

▫ အိုင်ဖွဲ့ထားသောအင်းတွဲ... တွင် ရုပ်အင်း၊ နာမ်အင်းတို့ဖြင့်လ... တွဲဖက်ထားရှိတတ်ပါသည်။

ကျွန်ုပ် ယခုရေးသားနေသော ... စမအင်းသည် သတ္တဝါရုပ်သဏ္ဌာန်... ပြီး ဂါထာမန္တန်များဖြင့်ထည့်သွင်းဖွဲ့... ရသောအင်းဖြစ်သည်။ ထိုအင်းကိုလ... ရုပ်အင်းဟုခေါ်ရမည်ဖြစ်ပါသည်။ကျွ... ရေးသားသည့် ရုပ်စမအင်းသည် 'ကာ... သိဒ္ဓိ ဝက်မင်းစမ' အမည်ရပါသည်။

ထိုဝက်မင်းစမသည် သာမည... စမ မဟုတ်ပါ။ ဖြစ်တော်စဉ်ဘုရား... တွင် -

*အစကြီးကြာ ၁၆ ခါတိ၊ ဟသ်ာ ၉ ဖြစ်၊ ၆ ဖြစ်က ခို၊ ကျေးညို ၃ခါ သံသာကျူးဟိတ် ကရဝိက် ၅၊ ၄ပါး ကိန္နရီ၊ ဇာမဏီ ၁၅၊ မျောက်ကား ၁၀၊ ဆင်ဝယ် ၁၁၊ နွားဖြစ် ၁၄၊ ကေသီနွော၊ ကျွဲအဌနှင့်၊ သံမြှ သံချောင်း ဥဒေါင်း ၂ခါ၊ သာလိကာ သတ္တ၊ ဒွါဒသကြက်၊ ဝက်က ၁၃၊ ပေါင်းစုရုံး၍၊ ၁၃၀ ခြောက်ဖြစ်ဝယ် သည်၊ ဘုန်းကြွယ်သိဟ၊ မြတ်ဇိန အား၊ အပ ကျွန်ုပ်သည်၊ ဝန္ဒေ ဝန္ဒာမိ ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ။*

ဝက်မင်းစမဟု ဆိုထားသ... ဖြစ်တော်စဉ် ဝက်မင်း(၁၃)ဘဝမှ တ... သောဝက်မင်း၏ စံပြုထားသောဝက်မ... စမဖြစ်ပါတော့သည်။

တစ်ခုသော ဝက်မင်းဘဝတွ... ကျားသောင်းကျန်းအား မိမိနှင့် ... အဆွေအမျိုးတို့၏ အသက်အိုးအိမ်... ကာကွယ် စောင့်ရှောက်ခဲ့ဖူးပါသည်... ဝက်မင်း ဦးစီးဦးဆောင်ပြီး ကျားရဲ... တိုက်ခိုက်သဖြင့် ဝက်အမျိုးအနွ... အားလုံး ကျားသောင်းကျန်း၏ ဘေ... အန္တရာယ်မှ ကာကွယ်ခဲ့သဖြင့် အမှ... ချမ်းသာရခဲ့သည့် အကြောင်းသာဓ... ထုံးကို စံထားပြီး ယခု ဝက်မင်းစမ... အသုံးပြုခြင်း ဖြစ်ပါသည်။

ကျွန်ုပ်ယခုရေးသားတင်ပြသ... ကာယသိဒ္ဓိဝက်မင်းစမသည် ကာယ... တင် မဟုတ်သေးပါ။ လာဘသုခသိဒ္ဓိ... လည်း ပေးစွမ်းနိုင်ပါသည်။ ထိုဝက်မ... စမ ပြုစုစီမံပြီး အောက်ပါပုဂ္ဂိုလ်အ... သီးတို့ ဆောင်ထိုက်ဆောင်အပ်ပါသ...

▫ နိုင်ငံတော်နှင့် လူမျိုးအ... ကာကွယ်ပေးနေကြသောစစ်သည်မျ...

▫ ဥပဒေစည်းကမ်းဘောင်...



www.burmeseclassic.com

www.burmeseclassic.com

...ကိုနေသူများကို ဥပဒေနှင့်အညီဖော် ...ထားနေကြသောဥပဒေဘက်တော်သား ...များ

၁ သမ္မာအာဇီဝဖြင့်အသက်မွေး ...နေကြသောသူများအားလုံး။

၂ ယာဉ်စက်များဖြင့် အသုံးပြုပြီး ...လာနေကြရသူများအားလုံး။

## ... အသုံးပြုရပုံများ

(က) မိမိကိုယ်နှင့်မကွာ ဆောင် ...ခြင်း။

(ခ) ယာဉ်များပေါ်တွင် သန့်ရှင်း ...သောနေရာဦးခန်းတွင် ချိတ်ဆွဲထားနိုင် ...သည်။

## ...ချက်

(၁) မိမိကိုယ်နှင့်မကွာဆောင်လို ...များအနေဖြင့် ပညာရှင်များနှင့်တိုင်ပင် ...သက်ဖွဲ့ပြုလုပ်နိုင်ပါသည်။

(၂) စမပုံကို မိမိကိုယ်တိုင်စီမံခြင်း ...ကြောင်းမညီညွတ်ပါက မိတ္တူကူးယူ ...ကြပါသည်။

၂ ပလတ်စတစ်လောင်းထားပါ။

## ...ကာယသိဒ္ဓိ၊ ဉာဏသိဒ္ဓိပြီးမြောက်သည့် ...ဂါင်းစမစီမံပုံအပြည့်အစုံ

၁ ရက်ကောင်းရွေးချယ်ပါ။

၂ ကာလသတ်မှတ်ပါ။

၃ ကာလအတွင်းပြုဖွယ်၊ ကျင့်ဖွယ် များ။

## ... ရက်ကောင်းရွေးချယ်ခြင်း

၁ ရက်ရာဇာနှင့် ရက်မြတ်တစ် ...ရွေးပါ။

(ထိုရက်ရွေးပြီး စမပုံကို အပြီးစီမံ ...ပါ)

## ... ကာလသတ်မှတ်ခြင်း

၁ ကာလကို (၃၉)ရက်သတ်မှတ် ...သည်။

ပထမဝါရ ၁၃ ရက်

ဒုတိယဝါရ ၁၃ရက်

တတိယဝါရ ၁၃ရက်စီဖြင့် (၃)ဝါရ ...သည်။

## ... ကာလအတွင်းပြုဖွယ်များ

၂ ကနဦးပုဂ္ဂိုလ်များ ဖိတ်ကြားပါ

...ဘုလောကပါလနတ်မင်းကြီး(၄) ...ပါး

...ကာယကံရှင်၏ပါရမီဖြည့်ဖက်များ၊ အမြဲကူညီပေးနေကြသော ပုဂ္ဂိုလ် များတို့ဖိတ်ကြားပါ။

## ၂ ဒါနခန်း

ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်း တိုင်တို့ဖြင့် မြတ်စွာဘုရားနှင့် ရတနာ (၃) ပါးကို ပူဇော်ပါ။

ဖိတ်ကြားထားသူများကိုလည်း ဒါနပြုပါ၊ ပေးလှူပါ။

ဘုရားကန်တော့ခြင်း၊ သီလခံယူ ခြင်း၊ ဆုတောင်းခံခြင်း၊ မေတ္တာပို့သခြင်း ပြုလုပ်ပါ။

## ၃ အောက်ပါကိစ္စများကိုဆောင်ရွက်ပါရန်

စီမံထားခဲ့ပြီးသော ဝက်မင်းစမ ကို အောက်ပါဂါထာများဖြင့် ရွတ်ဖတ် ပြီး သိဒ္ဓိတင်ရန် ဖြစ်ပါသည်။

(က) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃)ခေါက် ရွတ်ဆိုပါ။

၁ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၁ ဓမ္မံ သရဏံ ဂစ္ဆာမိ

၁ သံဃံ သရဏံ ဂစ္ဆာမိ

၁ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၁ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ

၁ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

၁ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

၁ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ

၁ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ

(ခ) ၁ ဖုဋ္ဌဿ လောက ဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ၊ အသောက ဝိရဇံ ခေမံ။ ဘေးလည်းမရှိ၊ ရန်လည်းမရှိ၊ အန္တရာယ်မရှိ။ (၁၀) ခေါက်ရွတ်ဆိုရန်။

(ဂ) ၁ ဒိဝါတပတိဂါထာတော်ကို (၁၀)ခေါက်ရွတ်ဖတ်ပူဇော်ပါ။ (အဆင် သင့်မဖြစ်သူများရှိပါက အဆင်ပြေစေ ရန် ဂါထာတော်ကိုရေးသားဖော်ပြလိုက် ပါသည်။)

ဒိဝါတပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗ မဟောရတ္တိံ၊
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။
နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

(နိဒါနဝဂ္ဂသံယုက်အဋ္ဌကထာ၊ ဓမ္မပဒပါဠိတော် ဗြာဟ္မဏဝဂ်)

(ဃ) ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗဒေဝတာ၊
သဗ္ဗဗုဒ္ဓါနုဘာဝေန၊ သဒါသုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ၊
သဗ္ဗဓမ္မာနုဘာဝေန၊ သဒါသုခီ ဘဝန္တုတေ။
ဘဝတု သဗ္ဗမင်္ဂလံ၊ ရက္ခန္တု သဗ္ဗ ဒေဝတာ၊
သဗ္ဗသံဃာနုဘာဝေန၊ သဒါသုခီ ဘဝန္တုတေ။ ။

ဟု ရွတ်ဆိုပူဇော်ပြီးသည်နှင့် အောက်ပါအတိုင်း ဆက်လက် ဆောင် ရွက်ပါ။

(င) နေ့စဉ်ပြုပြီး ကိစ္စအားလုံးကို သစ္စာပြုပြီး ဆုတောင်းပါ။

(စ) ဝေနေယျများစွာတို့အားလုံး ကို ကုသိုလ်အမျှပေးဝေပါ။

(ဆ) ဖိတ်ထားခဲ့သူများ နေရပ် ဌာနပြန်ပို့ပေးပါ။

သတ်မှတ် ပြဋ္ဌာန်းထားသည့် အတိုင်း မပျက်မကွက် ပြီးမြောက်အောင် ဆောင်ရွက်သူသည် မိမိတို့အလိုဆန္ဒ အတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ကြပါ သည်။ ဉာဏ်ရှိသူများ အထူးအသုံး ပြုနိုင်ကြပါသည်။

ဤနေရာတွင် မူလဆရာ၏အဆို အမိန့်ကို ရေးသားလိုက်ပါသည်။

၁ ဤဝက်မင်းစမကို သုံးသူများ အနေဖြင့် မြတ်စွာဘုရားရှင် ခွင့်မပြု သောအသက်မွေးမှုများ၊ မင်းအာဏာ ကိုဆန့်ကျင်ပြီး စီးပွားရှာကြသူများ လုံးဝ သုံးစွဲခွင့်မရှိပါ။

သန့်ရှင်းသောအသက်မွေးမှုဖြင့် ကြီးပွား ချမ်းသာကြသူများအနေဖြင့် အမိ၊ အဖနှင့် ဆရာများ၊ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတို့အား သဒ္ဓါပြဋ္ဌာန်း သလောက် မပင်ပန်းလှူဒါန်းကြပါဟု မိန့်ဆိုစကားဆိုခဲ့ကြောင်းအသိပေးလိုက် ရပါတော့သည်။

ကျွန်ုပ်၏ တပည့်အတွက် ဆောင် ရွက်ပေးခဲ့သည့် ဝက်မင်းစမကို သူရဇ္ဇ မဂ္ဂဇင်းကြီး၏ စာဖတ်သူများ ဆန္ဒရှိပါက အသုံးပြုနိုင်ကြပါရန် မေတ္တာရည်၍ ရေးသား ဖော်ပြပေးလိုက်ရပါတော့ သည်။

ပညာတိုးပွား၍
အကျိုးများကြပါစေ

ပညာကျော်



www.burmeseclassic.com

www.burmeseclassic.com



# မျိုးမြင့် (ဂန့်ဂေါ)

## ပြောင်းပြန်စီးသောမြစ်နှင့် ဂမ္ဘီရဆန်သောင်းများ

မြန်မာနိုင်ငံအတွင်းရှိ မြစ်ချောင်းများသည် သဘာဝမြေအနေအထားအရ မြောက်မှ တောင်သို့ စီးဆင်းကြသည်။ မြန်မာနိုင်ငံ၏မြစ်ကြီးလေးသွယ်ဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်များသည် မြောက်ဘက် တောင်ကုန်းဒေသမှ မြစ်ဖျားခံ၍ မြန်မာပြည်တောင်ဘက် ပင်လယ်ထဲသို့ စီးဝင်ကြသည်။

သို့သော် မြန်မာနိုင်ငံတွင် တောင်မှမြောက်သို့ ပြောင်းပြန်စီးဆင်းနေသော မြစ်ငယ်ကလေးခြောက်စင်းရှိပါသည်။

၁။ သောင်ရင်းမြစ်
၂။ ဂျိုင်းမြစ်
၃။ အတ္တရံမြစ်
၄။ မြစ်သာမြစ်
၅။ ဇော်ဂျီမြစ်
၆။ တနင်္သာရီမြစ်လေး

(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနစာတည်းအဖွဲ့မှ စုဆောင်းပြုစုထားသည့် သိမှတ်ဖွယ်ရာဗဟုသုတအဖြာဖြာ (၂၀၁၄) စာ/၂၇/၂၈/ညွှန်း)

ထိုမြစ်များအတွင်းမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ (ယောဒေသ) မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့အနီးတွင် ချင်းတွင်းမြစ်အတွင်းသို့ ပေါင်းဆုံစီးဝင်သွားသည့် တောင်မှ မြောက်သို့ စီးဆင်းနေသော မြစ်သာမြစ်အကြောင်းနှင့် ဂမ္ဘီရဆန်သောင်းများအကြောင်း တင်ပြလိုပါသည်။

### ▫ မြစ်သာမြစ်

မြစ်သာမြစ်သည် ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့နယ်မြောက်ဘက်တွင်ရှိသည့် အမြင့်ပေ (၉၂၂၈) မြင့်သောမောပိတောင်နှင့် လိုတော်ကျေးရွာအကြား တောင်ရိုးမှ စတင်မြစ်ဖျားခံပါသည်။ လိုတော်ရွာတောင်ဘက် (၇) မိုင်ခန့်တွင် မြစ်သာမြစ် စတင်မြစ်ဖျားခံ၍ အရှေ့ဘက်သို့ စီးဆင်းသွားသည်။ တောင်ဘက်မှ ချောင်းတစ်ခုကလည်း ချော်တော်ချောင်းအမည်ဖြင့် အရှေ့ဘက်သို့ စီးဆင်းသွားပြီး ထီးလင်းမြို့နယ် သံပုရာကျေးရွာအထက်(၇)မိုင်ခန့်တွင် မြစ်သာမြစ်နှင့် ပေါင်းဆုံစီးဆင်းသွားပါသည်။ ချော်တော်ချောင်းတောင်ဘက်မှ ချောင်းငယ်တစ်ခုသည်လည်း မောချောင်းအမည်ဖြင့် အရှေ့တောင်ဘက်သို့ ကွေ့ဝိုက်စီးဆင်း၍ ထီးလင်းမြို့နယ်ကို ဖြတ်သန်းကာ တောင်မှမြောက်သို့ စီးဆင်းလာပြီး ဂန့်ဂေါမြို့နယ် မင်းရွာအောက်ဘက်တွင် မြစ်သာမြစ်နှင့် ပေါင်းဆုံစီးဆင်းသွားသည်။ မြစ်သာမြစ်သည် တောင်မှမြောက်တန်းနေသော ပုံတောင်၊ ပုံညာတောင်တန်းညီနောင်နှင့် အနောက်ဘက်ချင်းတော
တန်းများအကြားတွင်ရှိသည့် တော
ကြားလွင်ပြင်တွင် တောင်မှ မြောက်
စီးဆင်း၍ စစ်ကိုင်းတိုင်းဒေသ
ကလေးဝမြို့အနီးတွင် ချင်းတွင်းမြစ်
ပေါင်းဆုံစီးဝင်သွားပါသည်။ နွေ
ဆောင်းရာသီသုံးမျိုးလုံး မပြတ်စီးဆ
နေပြီး ချင်းတွင်းမြစ်အတွင်း ပေါင်း
စီးဝင်သွားသည့် တောင်မှ မြော
စီးဆင်းသော မြစ်တစ်ခုအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၊ ပြောင်းပြန်စီးသောမြစ်၊ တော်
သောမြစ် စသည်ဖြင့် ဒေသခံများ
င်စားခေါ်ဝေါ်ကြသည်။

**ရဆန်သောင်းများ**

မြစ်သာမြစ်အတွင်းတွင် ရေချိုငါး
အစားတို့ များစွာရှိကြပါသည်။
တွင် တစ်ခါတစ်ရံမှသာ ပေါ်
တ်သည့် ဂမ္ဘီရဆန်သောင်းများ



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ ထိုငါးများမှာ ငါးရွှေလေးငါး၊ ငါးဇွေချီးခါးငါးတို့ ဖြစ်သည်။ ငါးရွှေလေး၊ ငါးဇွေချီးခါးဟု ခေါ်ဆိုကြသည်။ ယင်းငါးများမှာ ယောနယ် ဂန့်ဂေါခရိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်ထိ တောင်မှ မြောက်သို့ ပြောင်းပြန်စီးသော မြစ်သာမြစ်တွင်သာရှိပါသည်။ ငါးရွှေလေးငါးနှင့် ငါးဇွေချီးငါးတို့မှာ မြန်မာပြည်တစ်ပြည်လုံး မည်သည့်အရပ်ဒေသတွင်မှ ရှိသည်ဟုမကြားဘူး၊ မသိဘူးပါ။

ထိုငါးများသည် မြစ်သာမြစ်အတွင်းတွင် အမြဲတွေ့မြင်နေရတတ်သည့် ငါးများမဟုတ်ဘဲ ဆောင်းရာသီပြာသိုလတစ်လအတွင်းသာ ထူးဆန်းစွာတွေ့ရပါသည်။ ပြာသိုလတစ်လအတွင်းမှာပင် အမြဲတွေ့မြင်ရသည်မဟုတ်ဘဲ သုံး၊ လေးကြိမ်ထက်ပို၍ မတွေ့ရပါ။ ထိုငါးများသည် တောင်မှ မြောက်သို့စီးဆင်းသည့်မြစ်သာမြစ်အတွင်း မြောက်မှတောင်သို့ အစုလိုက်အပြုံလိုက် စီတန်းလျက် အလုအယက် တိုးဝှေ့ဆန်တက်ကြပါသည်။ ငါးရွှေလေးတက်လျှင် ငါးဇွေချီးခါးငါးမပါသလို ငါးဇွေချီးခါးငါးဆန်တက်လျှင်လည်း ငါးရွှေလေးငါးများ မပါဝင်ပါ။ ငါးရွှေလေးငါးဆိုလျှင် ငါးရွှေလေးငါးများချည်း သီးသန့်ငါးဇွေချီးခါးငါးဆိုလျှင်လည်း ငါးဇွေချီးခါးငါးများသာ သီးသန့်ဆန်တက်ကြပါသည်။

ငါးတက်မည်ဆိုလျှင် ဆောင်းရာသီဥတုက ပြောင်းလဲလာသည်။ မိုးရွာတော့မလို မိုးအုံ့၍မှုန်မှိုင်းလာလျှင် ယောနယ်သားတွေက သိကြသည်။ ငါးရွှေလား၊ ငါးဇွေလားဟု ပြောဆိုတတ်ကြသည်။ ပြောသည့်အတိုင်းပင် နောက်ရက်များတွင်း ငါးရွှေလေးငါး သို့မဟုတ် ငါးဇွေချီးခါးငါးရောင်းချသည့် ဈေးသည်များ ခြေချင်းလိမ်နေပါတော့သည်။

ထိုငါးများ၏အရွယ်အစားမှာ ငါးဇွေချီးခါးငါးဆိုလျှင် လက်သန်းလုံးခန့်ရှိပြီး အရှည်မှာ သုံးလက်မ၊ လေးလက်မခန့် ရှည်လျားသည်။ ငါးများအားလုံးတစ်ရွယ်တစ်စားတည်းဖြစ်ပြီး အကြီး၊ အသေးအနည်းငယ်မျှသာကွာခြားသည်။ ငါးဇွေချီးခါးအရသာမှာ အနည်းငယ်ခါးသကဲ့သို့ရှိသော်လည်း ချိုဆိမ့်ခါးအရသာဖြစ်သဖြင့် လူကြိုက်များသည်။

ငါးရွှေလေးငါးမှာ မီးခြစ်ဆံသာသာမျှ အရွယ်အစားရှိပြီး တစ်လက်မခွဲ၊ နှစ်မခန့်သာရှည်သည်။ ငါးရွှေလေးငါးများသည်လည်း တစ်ရွယ်တည်းတညီတည်းဖြစ်ပြီး အကြီး၊ အသေးအနည်းငယ်မျှသာ ကွာခြားသည်။ ငါးရွှေလေးငါး၏အရသာမှာ ချိုဆိမ့်သောအရသာရှိသည်။ မုံရွာခရိုင် ဘုတလင်မြို့နယ်ရှိ တွင်းတောင်မှ ထွက်ရှိသော တွင်းပိုးနှင့်အရသာတူသော်လည်း တွင်းပိုးကဲ့သို့ အီဆိမ့်မနေဘဲ ချိုဆိမ့်သောအရသာရှိသည်။

ထိုငါးများ မြစ်သာမြစ်အတွင်း ဆန်းတက်လာသည်ဆိုလျှင် ကြည်လင်သော မြစ်သာမြစ်ရေထဲ၌ ထန်းပင်လုံးခန့်အကျယ်အဝန်းရှိသည့် စိမ်းညို့မည်းမှောင်နေသော ငါးတန်းကြီးကို ရှည်လျားစွာ တွေ့မြင်ရသည်။ ယင်းငါးများကို ငါးမျှား၍လည်း ဖမ်းမရ၊ ကွန်ပစ်၍လည်းဖမ်းမရ၊ ပိုက်တန်း၍လည်း ဖမ်းမရပါ။ ယင်းငါးများကို ဖမ်းသည့်နည်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။ နောက်ပိုင်းတွင် ဆက်လက် တင်ပြပါမည်။

ရှေးလူကြီးများကတော့ ယင်းငါးများသည် မြစ်သာမြစ်အတိုင်းဆန်တက်၍ ထီးလင်းမြို့မှ ရှေးဟောင်း သမိုင်းဝင်ရွှေကွန်အုပ်ဘုရား၊ ဓွယ်တော်ရှင်ဘုရားဖူးရန်ဆန်တက်လာကြသည့်ငါး၊ ထူးခြားသည့်ငါးများဟုဆိုကာ စားသုံးခြင်းမပြုကြရန် တားမြစ်ကြပါသည်။ သို့သော်ယခုခေတ်လူများကတော့ ပြာသိုလအတွင်း မိုးအုံ့လာလျှင် ငါးရွှေလား၊ ငါးဇွေလားဟု ကြိုတင်ခန့်မှန်းကြပြီး ဝယ်ယူစားသုံးရန် စောင့်မျှော်နေတတ်ကြသူတို့လည်းရှိနေခဲ့ကြပေပြီ။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စကုမြို့တွင်ရှိသည့် ကျောင်းတော်ရာငါးကြီးများအကြောင်း ကြားသိတွေ့မြင်ဖူးပါသည်။ ဝါဝင်လျှင် မန်းချောင်းအတိုင်း မော်တော်ဖြင့်စုန်ဆင်း၍ ဧရာဝတီမြစ်ဝရောက်လျှင် အိုးစည်ဗုံမောင်းများတီးခတ်ကာခေါ်ယူကြိုဆိုကြကြောင်း၊ ငါးကြီးများကလည်း မော်တော်ရှေ့၊ နောက်၊ ဝဲ၊ ယာများမှာ ဝိုင်းရံလိုက်လာကြပြီး ကျောင်းတော်ရာ ငါးကျွေးဆိပ်အထိ ကြိုဆိုရကြောင်း၊ သီတင်းကျွတ်လျှင် ထိုကဲ့သို့ပင် ပြန်လည်ပို့ဆောင်ရကြောင်း၊ ထိုငါးများကို ဘုရားငါးများဟု အသိများကြပြီး ဖမ်းလည်းဖမ်းမရ၊ စားလည်းမစားကြကြောင်း ကြားဖူးပါသည်။

မြစ်သာမြစ်အတွင်းမှ ငါးရွှေလေးငါးနှင့် ငါးဇွေချီးခါးငါးတို့မှာလည်း ဂမ္ဘီရဆန်လှသည်။ အခြားအချိန်ကာလများတွင် မဆန်တက်ကြဘဲ ပြာသိုလတစ်လအတွင်းတွင်သာ ဆန်တက်ကြသည်။ နေ့တိုင်း ဆန်တက်ကြသည် မဟုတ်ဘဲ တစ်လအတွင်း သုံး၊ လေးကြိမ်ခန့်သာ ဆန်တက်သည်။ ပို၍ထူးခြားသည်မှာ မိုးအုံ့သည့်နေ့များတွင်သာဆန်တက်ကြသည်။ မိုးအုံ့၍ငါးတက်လာသည်လား ငါးတက်၍ မိုးအုံ့လာသည်လားတော့ မည်သူမျှ မပြောပြတတ်ကြပေ။ မည်သည့်အရပ်ဒေသမှ ဆန်တက်လာသည်ဟုလည်း မည်သူမျှ အတိအကျ မပြော နိုင်ကြပါ။ အချို့ကတော့ ချင်းတွင်းမြစ် အတွင်းရှိ ရွှေစာရေးဝဲမှ စတင်ကာ ဆန်တက်လာကြသည်ဟုသာ ခန့်မှန်း ပြောဆိုကြသည်မှာ နှစ်ပရိစ္ဆေဒကြာ မြင့်ခဲ့လှပြီလည်း ဖြစ်ပါသည်။

ပုဂံပြည့်ရှင် သာသနာပြု အလောင်းစည်သူမင်းကြီးသည် ဂန္ဓာ လရာဇ်တိုင်းတရုတ်ပြည်မှ နေပြည်တော် သို့ ပြန်လည်ရောက်ရှိခဲ့ရာ မြောက်ဘက် ကျော်စဉ်အရပ်နှင့် အနောက်ဘက် ယောနယ်တို့သို့ ဖောင်တော်စကြာဖြင့် သာသနာပြုခရီး ဖြန့်ကြက်ခဲ့စဉ်တွင် ချင်းတွင်းမြစ်မှသည် ရှေးအခေါ် မော ယမြစ် (ဝါ) မြစ်သာမြစ်သို့ ဆန်တက် ခဲ့၏။ မြစ်သာမြစ်ကြောင်းအတိုင်း ခ လှည့်လည်သာသနာပြုခဲ့ရာ မြစ်သာမြစ် သည် ထင်ရှားခဲ့သော မြစ်တစ်စင်း ဖြ လေသည့်အပြင် တောင်အရပ်မှမြောက် အရပ်သို့ ပြောင်းပြန်စီးဆင်းသော ဤ မြစ်တွင်မှ ဂမ္ဘီရဆန်သောငါးများတို့ ရခြင်းကလည်း ထူးခြားနေသည်မှာ အမှန်ဖြစ်ပေသည်။

**ငါးဖမ်းနည်း (ငါးရွှေလေးနှင့် ငါးဇွေချီးခါး ငါး)**

ငါးရွှေလေးငါးဖမ်းမည့်သူများ သည် ပြာသိုလအတွင်း မိုးအုံ့လာလျှင် ငါးသတင်းနားစွင့်နေကြသည်။ ငါးများ ဆန်တက်နေလာနေပြီဟု သတင်းကြား လျှင်ကြားချင်း ထိုနေရာသို့ သွားရောက် လေ့လာကြည့်ရှုကြသည်။ ထိုငါးများ သည် မည်သည့်နေရက်တွင် မည်သည့် ကျေးရွာသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မည်သည့်ကျေးရွာအနီး သဲသောင်ပြင် တွင် ညအိပ်ရပ်နားမည်ဖြစ်ကြောင်း၊ ထို ငါးဖမ်းရန် ပြင်ဆင်ထားသည့်နေရာ သို့ မည်သည့်နေရက်တွင်ရောက်ရှိမည် ဖြစ်ကြောင်း ခန့်မှန်းကြသည်။ ယင်း သွားရောက် ကြည့်ရှုခန့်မှန်းသည် ငါးကြိုသွားသည်ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ငါးဖမ်းရန် မြစ်သာမြစ်အတွင်း ရေစီးသန်သည့်'ရှဉ်း'နေရာနှင့်သဲသောင် နှံ့နေရာကိုကြည့်ပြီး ပြင်ဆင်ရသည်။ ရှဉ်းဆိုသည်မှာ ရေစီးကိုဆိုလိုခြင်းဖြစ်ပြီး ရေစီးသန်လျှင် ရှဉ်းသန်သည်ဟု ပြော ကြသည်။ ထိုအသုံးအနှုန်းမှာ ယော ဒေသ ယောစကားဖြစ်ဟန်ရှိပါသည်။ ရေစီးဆင်းမှု ပုံမှန်စီးဆင်းနေရာမှ တစ်ဆင့် နိမ့်လျှောနေရာသို့ အရှိန် အဟုန်ပြင်းပြင်းဖြင့် စီးဆင်းနေသည့် နေရာကို ရှဉ်းဟု ခေါ်ဆိုပါသည်။ ရေတံခွန်ကဲ့သို့ မဟုတ်ပါ။ ရှဉ်းနေရာ သည် ခြေသလုံး၊ ပေါင်လယ်ခန့်မျှသာ အနက်ရှိပြီး ရေစီးသန်သောနေရာ ဖြစ်သဖြင့် ရှဉ်းအတွင်းရှိ ကျောက်တုံး ကျောက်ခဲများမှာ ရေစီးဖြင့် မျောပါ သွားနိုင်သော ကျောက်တုံးကျောက်ခဲ ကြီးများသာရှိသည်။ ယင်းကျောက် တုံးကျောက်ခဲများသည် ရေညှိရေမှော် တက်နေပြီး ချောနေတတ်သဖြင့် ရှဉ်း နေရာမှ ရေကူးလျှင် ဖြည်းဖြည်းနှင့်မှန် ခြေနင်းခြေကုပ်သေချာမှကူးကြရ သည်။ သို့မဟုတ်ပါက ရေညှိဖြင့်ချော သော ကျောက်တုံးကျောက်ခဲများကို ပြီး ခန္ဓာကိုယ်မဟန်နိုင်၊ မထိန်းနိုင် ချော်လဲ၍ ရေစီးတွင်မျောပါသွား တတ်သည်။ ယောသူယောသားအများစု ရေကူးကျွမ်းကျင်သူများဖြစ်သဖြင့် မျောပါသော်လည်း အသက်အန္တရာယ် ကြုံခဲ့ကြပေ။

ငါးဖမ်းရန် ရှဉ်းများတွင် ပြင်ဆင် ရပါသည်။ ရှဉ်းစတင်သည့်နေရာကို ခေါင်း၊ 'ရှဉ်းငုတ်'ဟုခေါ်ပြီး ရှဉ်းပြီး ဆုံးသည့်နေရာကို 'ရှဉ်းဖျား' ဟု ခေါ် သည်။ ရှဉ်းတစ်ဖက်ကမ်းတွင် ပြန့်ပြူး သော သဲသောင်ပြင်ရှိရသည်။ ငါးဖမ်း မည့်သူများသည် ရှဉ်းထဲတွင် အထက် ဘက်မှ အောက်ဘက်သို့ စွေစောင်း ဆင်း ရေကြောင်းပိတ်ရန် ပြင်ဆင်ရ သည်။ တိုင်များ၊ တုံးများစိုက်၊ ဝါးကပ် ဖြင့် ကာရံပြီး ရေစီးကို ပြောင်းလဲ ရသည်။ ထို့နောက် သဲသောင်ပြင်ဘက် တွင် အဝကျဉ်းနေရာတစ်ခုချန်ထားရပြီး ထိုအဝကျဉ်းနေရာရေထဲတွင် ကြိုးတန်း အဝတ်စများ၊ ပလတ်စတစ်အစများ စသည့် အဖြူရောင်လက်လက်များ ချည်နှောင်ထားရသည်။ ကြိုးတန်းမှ အဖြူရောင်အစများသည် ရှဉ်းအတွင်း ဆင်းလာမည့်ငါးများကို မကျော် နိုင်စေရန် ခြောက်လှန့်နေသကဲ့သို့ ဖြစ်တတ်သည့်လေကြောင့် တလှုပ်လှုပ် ခါလျက်ရှိနေသည်။ ယင်းသို့ပြုလုပ်ထား သည်ကို ဖတ်လွှားစသို့မဟုတ်မုတ်ဆိတ် ဆွဲထားသည်ဟု ဆိုကြသည်။ ငါးတို့၏ သဘောသဘာဝမှာ ရေထဲတွင်လှုပ်လှုပ် ရှားရှား ပြောင်ပြောင်လက်လက်ရှိလျှင် ယင်းနေရာကို ရှောင်ကွင်းသွားတတ်ကြ သည်။

ရေကြောင်းပြောင်းထားသည့်ရှဉ်း အောက်ပိုင်းအဝကျဉ်းနေရာနှင့်အပြိုင် သဲသောင်ခုံပြန့်တွင် ငါးတောင်ခန့် အကျယ်အဝန်းရှိပြီး အနက် (၂) တောင် ခန့်ရှိ ရေမြောင်းတစ်ခုကို ရှဉ်းနှင့် အပြိုင် တူးထားရသည်။ ရှဉ်းခေါင်းဘက်မှ ရေစီး သည် မြောင်းအတွင်းဝင်၍ ညင်သာစွာ ပင် အောက်ဘက်သို့ စီးဆင်းသွားသည်။

ငါးရွှေလေးငါးနှင့် ငါးဖွေချီးခါးငါး တို့သည် ညင်သာသော ကမ်းစပ်အနီးမှ သာ စီတန်းဆန်တက်လေ့ရှိကြပါသည်။ ရှဉ်းသို့ရောက်လျှင် ရေကြောင်းပိတ် ထားသဖြင့် လည်းကောင်း၊ ရေစီးသန် သဖြင့် လည်းကောင်း ရှဉ်းထဲမှ ဆန် တက်မနေတော့ဘဲ မြောင်းထဲမှနေ၍ ဆန်တက်သွားတတ်ကြသည်။ ငါးများ မြောင်းအတွင်းဝင်လာ၍မြောင်းအတွင်း ငါးများပြည့်သွားလျှင် မြောင်းကို အထက်၊ အောက်မှတစ်ပြိုင်နက် ပိတ်ပစ်လိုက်ကြ သည်။ မြောင်းအထက်ဘက်တွင် ရေလွှဲ မြောင်းတစ်ခုကိုလည်း ဖောက်ထားရရာ ရေမြောင်းကိုပိတ်၍ လွှဲမြောင်းကို ဖွင့် လိုက်လျှင် ရေများသည် မြောင်းအတွင်း မဝင်တော့ဘဲ မြစ်ထဲသို့သာ စီးဆင်းသွား ကြသည်။ ထိုအခါ မြောင်းထဲတွင် ငါး များနှင့် ရေများသာ ကျန်ရစ်တော့သည်။ အောက်ဘက် ထွက်ပေါက်ကို ဝါးကြမ်း ခင်း၊ ထိုဝါးကြမ်းပေါ်တွင် ကျားဝတ် လုံချည် (၂) ထည်ခန့်ဆက်အပ်ထား သောအထည်ကို ဖြန့်၍ခင်းထားရသည်။ အဆုံးတွင် နိုင်လွန်ပိုက်အစိပ် (ဇာခြင် ထောင်ပေါက်ခန့်) နှင့် ဖမ်းရန်ခံထားရ သည်။ ရေလွှတ်ပေါက်မှ ရေများဖောက် ထုတ်လိုက်သည့်အခါ မြောင်းထဲမှ ရေ များအောက်ဘက်သို့ လျှောနည်းစီးဆင်း သွားရာ ငါးများပါ ရေစီးနှင့် စုန်ဆင်း မျောပါသွားပြီး မြောင်းအဆုံးတွင်ပိတ်၍ ခံထားသော နိုင်လွန်ပိုက် (ဇာခြင်ထောင် ပေါက်) ထဲသို့ အားလုံးကိုရောက်စေပါ သည်။

မိမိလိုအပ်သလောက် ငါးအချိန် ကိုသာ ခန့်မှန်းဖမ်းယူပြီး ကျန်ငါးများကို မြောင်းဖွင့်၍ အထက်သို့ ဆက်လက် ဆန်တက်စေသည်။ အချို့က မြောင်းထဲ တွင် တစ်ရက်၊ နှစ်ရက်ခန့် သိုလှောင် ထားကြသည်။ မိမိနိုင်သလောက်ဆို သည်မှာ ရောင်းအားကို ခန့်မှန်းခြင်း ဖြစ်သည်။ ငါးရွှေလေးငါးနှင့် ငါးဖွေချီး ခါးငါးတို့မှာ တစ်ရက်ထက်ပို၍ အထား မခံပါ။ အခြားသော ငါးများနှင့်မတူဘဲ သေဆုံးသွားတတ်ကြလေသည်။

တစ်ခါဖမ်းလျှင် ပိဿာအချိန် (၃၀)၊ (၄၀) ခန့်မျှသာ ဖမ်းယူကြသည်။ ဖမ်းမည်ဆိုလျှင် အချိန် (၃၀၀)၊ (၄၀၀) ခန့်အထိ ဖမ်း၍ရသည်ဟုဆိုကြသည်။ ယင်းငါးများသည် ဂန့်ဂေါမြို့အထက်ပိုင်း ရောက်လျှင် နည်းပါးပျောက်ကွယ်သွား တော့သည်။ မြစ်သာမြစ်အထက်ပိုင်း၊ ဂန့်ဂေါမြို့အထက်ပိုင်းတွင် ယင်းငါးများ ကို ဖမ်းဆီးသည်ဟု မကြားရသလို တွေ့ လည်း မတွေ့ရလှဟု ဆိုကြပါသည်။

ယင်းငါးများသည် မည်သည့် နေရာမှ စတင်ပေါ်ထွက်လာသည် မသိ ရသလို မည်သည့်နေရာထိ ဆန်တက် သွားကြသည်ကိုလည်း မည်သူမျှမသိရ ပါ။ တောင်မှ မြောက်သို့ ပြောင်းပြန်စီး သော မြစ်သာမြစ်အတွင်းမှ ဂမ္ဘီရဆန် သောငါးများ ဖြစ်ပါသည်။ အသေးစိတ် သုတေသနပြုရန် ယခုအခါတွင်ကြိုးပမ်း နေဆဲဟုတော့ သိရပါသည်။

သက်ကြီးဝါကြီး လူကြီးသူမများ တို့၏ရှေးအစဉ်အဆက်ပြောစကားအရ မြစ်သာမြစ် (ရှေးအခေါ် မောရိယဖြစ်) မြစ်ဖျားရှိ ထီးလင်းမြို့က ရှေးဟောင်း သမိုင်းဝင် ရွှေကွန်အုပ်ဘုရားနှင့် ဂန့်ဂေါ မြို့အနောက်ရှိ ရှေးဟောင်းသမိုင်းဝင် မြစ်အတွင်း ရေအောက်ကြမ်းပြင်မှ ထူးဆန်းစွာ ရရှိခဲ့သော စွယ်တော်ရှင် (၂၀၀၉၊ အောက်တိုဘာလထုတ်၊ သူရဇ္ဇ မဂ္ဂဇင်းပါ ကိုယော - ဘောဂဗေဒ၏ ဆောင်းပါးကိုညွှန်း) စွယ်တော်ရှင်ဘုရား ထံ ဘုရားဖူးရန်ရောက်ရှိလာတတ်ကြ သည့် ရွှေဝါရောင်အဆင်း ငါးယေ်လေး များဟု ယောတိုင်းနယ်မြေတွင်ပြောစကား တွင်ကျန်ရစ်လျက်ရှိပါသည်။

ငါးရွှေလေးငါးနှင့် ငါးဖွေချီးခါးငါး တို့သည် မြန်မာပြည်အတွင်း ယောဒေသ ဂန့်ဂေါမြို့နယ်တစ်ခုတွင်သာတွေ့ရသော ငါး၊ တောင်မှ မြောက်သို့ ပြောင်းပြန်စီး သော မြစ်သာမြစ်အတွင်းမှ ဂမ္ဘီရဆန် သော ထူးဆန်းသည့်ငါးများအဖြစ် တင်ပြလိုက်ရပါသည်။

မျိုးမြင့် (ဂန့်ဂေါ)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ရခိုင်မြောက်ဦးရွှေနန်းရှင် သီရိသုဓမ္မရာဇာ ဘွဲ့ခံ မင်းဟာကြီးမင်းသည် မှူးမတ်ဗိုလ်ပါ စုံလင်စွာဖြင့် သီဟာသနပလ္လင်ပေါ်စံမြန်းလျက် ညီလာခံသဘင် ဆင်ယင်ကျင်းပတော်မူနေစဉ် ဆံကျစ်မုတ်ဆိတ်ကျင်စွယ် ဗရပွေနှင့် မောက္ခလိန်တောင်ဝှေးစွဲကိုင်လျက် ရသေ့လိုလို၊ တပသီလိုလို၊ ဆာဒူးလိုလိုပုဂ္ဂိုလ်ထူးတစ်ဦးသည် ထူထပ်တင်းကျပ်စွာ စီမံချထားသော အစောင့်အကြပ်တို့ကို ဘယ်လိုကဘယ်လိုဖြတ်ကျော်လာသည်မသိ ညီလာခံသဘင်အလယ်သို့ရောက်ရှိလာပြီး တည်ငြိမ်သောအသွင်ဖြင့် ဝန်းကျင်တစ်ခွင်ကို ငဲ့စောင်းကြည့်လိုက်ကာ -

"အလို - ပလ္လင်ပေါ်မှာထိုင်နေတဲ့သူကအစ တံခါးဝမှာစောင့်ကြပ်နေတဲ့သူတွေအထိ ဒီမှာရှိနေတဲ့လူတွေအားလုံးဟာ မိန်းမသူတွေချည်းပါတကား ကျွတ် ကျွတ် ကျွတ်"

လို့ စုပ်တသတ်သတ်နှင့် ရေရွတ်ပြောဆိုလိုက်ပြီး မိမိလာရာလမ်းအတိုင်း စိုက်စိုက်စိုက်စိုက်ဖြင့် ဆောလျင်စွာ ထွက်ခွာသွားလေသည်။

ညီလာခံသဘင်တွင် ရှိနှင့်နေကြသော ပြည့်ရှင်မင်းနှင့်တကွ မှူးမတ်ဗိုလ်ပါအားလုံးတို့သည် မောင်းကျောက်မှန်သောကြက်လို ငေးငေါင်ငူငိုင်လျက် ကျန်ရစ်ခဲ့ကြသည်။ အတန်ငယ်ကြာမှ ပြည့်ရှင်မင်းက ပညာရှိအမတ် မဟာပညာကျော်ကို -

"ထိုသူအဘယ်သူနည်း"

ဟု မေးလေသော် မဟာပညာကျော်အမတ်ကြီးက -

"ထိုသူမှာ တခြားမဟုတ်။ အနောက်မဇ္ဈိမဒေသသို့ ပညာရှာသွားနေသည်ဆိုသော အကျွန်ုပ်တို့ရောင်းရင်းကြီး သျှင်မြဝါ ဖြစ်ပါသည်"

ဟု လျှောက်လေသည်။

"သူ၏မိန့်မြွက်သောစကားသည် အဘယ်သို့သောအနက်အဓိပ္ပာယ်ဆောင်နေလေသနည်း"

ဟု ပြည့်ရှင်မင်းကြီးက မ...
ပညာကျော်အမတ်ကြီးအား ထပ်မံ...
မြန်းလေသော် -

"ရှေ့အကျိုးကြီးမည်ကို ရည်...
၍ မိန့်မြွက်သွားခြင်းသာ ဖြစ်ပါသည်"

ဟု ပြန်လည် လျှောက်ထား...
သည်။

တစ်ဖန် မဟာပညာကျော် ဆ...
လက် လျှောက်ထားသည်မှာ -

"မိန်းမသူတို့ မည်သည်မှာ ...
ယောကျ်ားတို့အား မှီခိုနေထိုင်ရ...
လင်ယောကျ်ားတို့၏ ပေးသမျှကမ်း...
လေးဖြင့် ရောင့်ရဲတင်းတိမ်နေရပြီ...
လင်ယောကျ်ား၏ လွှမ်းမိုးမှုကိုခံ...
လျက်ရှိနေတတ်ပါသည်။ ထို့အတူ...
အရှင်မင်းကြီးမတိုင်မီ မြောက်ဦးပြ...
ရှင်များတို့သည် မျိုးမတူဘာသာခြား...
သူရတန်မင်းကို ပေးနှင်းဘွဲ့တံဆိပ်တော်...
များ ကိုခံယူရပြီးလျှင် သူတို့၏မျက်နှာ...
ကြည့်ရှုနေရသလိုဖြစ်နေခဲ့ပါသည်။ ...
သို့ဖြစ်ရသည်မှာလည်း ရှေးဘေးလော...
တော် မင်းစောမွန်မင်းကြောင့် ဖြစ်...
သည်။ မင်းစောမွန်မင်း၏ ငယ်နုစဉ်...
အမှားအယွင်းတစ်ခုကြောင့် သူစိုးစံ...
သောလောင်းကြက်ရွှေပြည်သည် အင်...
မင်း၏စစ်ဒဏ်ကြောင့် ပျက်သုဉ်းရ...
လျှင် မင်းစောမွန်ကိုယ်တိုင်လည်း ရခို...
ပြည်ကိုစွန့်ခွာလျက် အနောက်သူရတ...
ပြည် ဘာသာခြားမင်းထံ အနှစ်နှစ်ဆ...
ကျော် ခိုလှုံနေထိုင်ခဲ့ရပြီးနောက် သူ...
တန်မင်း၏ အကူအညီဖြင့် ရခိုင်ပြည်...
ပြန်လည် သိမ်းပိုက်ကာ မြောက်ဦးရွှေ...

# ဖုန်းရှိအောင်

## ရခိုင်ဂန္ဓာရီပညာရှင် သျှင်မြဝါ

## သို့မဟုတ်

## ရခိုင်အာဇာနည် သျှင်မြဝါ



ရန်အောင်ဇေယျပုထိုးတော်ကြီး (ခေါ်)
သျှစ်သောင်းပုထိုးတော်ကြီး



ရခိုင်ဂန္ဓာရီပညာရှင် သျှင်မြဝ...

...ရွှေနန်းကို ထူထောင်လျက် ရခိုင် ...ဆက်ကို ပြန်လည်ဖော်ဆောင်နိုင်ခဲ့ ...သည်။ သို့သော် မင်းစောမွန်မင်းကို ...ရွှေပြည်ရခိုင်ထီးနန်းကို ပြန်လည်ရ ...အောင် အနောက်သူရတန်မင်းက ...ညီပံ့ပိုးခဲ့သည်ကို ကျေးဇူးတုံ့ပြန်သော ...ဖြင့် မောက်သူဇာ၊ ဒက္ကာ၊ စစ်တ ...ာင်း၊ ပဋိက္ခရား အစရှိသော ဘင်္ဂါ ...၂) ပြည်ထောင်နယ်အား အနောက် ...တန်မင်းလက်ထဲသို့ထိုးအပ်ပေးထား ...လိုရှိနေပါသည်။ ရှေးမြောက်ဦးရွှေ ...မင်းအဆက်ဆက်တို့သည် ထိုဘင်္ဂါ ...၂) ပြည်ထောင်နယ်ကိုပြန်လိုချင်သော် ... ဟိုမျက်နှာကြည့်သည်မျက်နှာ ...ည့်နှင့် မတတ်နိုင်ခဲ့ပါ။

ယခုလည်း အရှင်မင်းကြီးသည် ...ည်း ထိုသို့ဖြစ်နေပါပြီ။ သူတို့ပေးသော ...ာဆိပ်တော်ဖြင့် ပျော်ပိုက်နေသလိုရှိ ...ါပြီ။ တင်းတိမ်ရောင့်ရဲနေသလိုရှိနေ ...။ ဘာမှမကြိုးကြံအားမထုတ်ဘဲနှင့် ...ာက်ဖြစ်လာမည့် အန္တရာယ်ကို စိုးရွံ့ ...သလိုရှိနေပါပြီ။ ဤသည်မှာလည်း ...ယောက်ျား၏မျက်နှာကိုကြည့်၍နေ ...ရသော မိန်းမသူတစ်ယောက်နှင့် ...းဟုဆိုရာရောက်နေပါသည်။ ယခု ...ည်း ညီလာခံသဘင်မှာ ဆွေးနွေးနေ ...သော ဘင်္ဂါ (၁၂) ပြည်ထောင်အား ...သည်တိုက်ယူသင့်၊ မတိုက်ယူသင့် ...မှာလည်း မတိုက်ယူသင့်ဘက်မှ ...အောင်မြင်နေသည်ကို သုံးသပ် ...လျှင်သိမြင်နိုင်ပါသည်။ ထိုကြောင့် ...နိပ်တို့၏ရောင်းရင်းကြီး သျှင်မြဝါ ... ဤနေရာမှာရှိနေကြသောလူတွေ ...လုံး မိန်းမသူတွေပါတကားဟု ဆို ...ခြင်း ဖြစ်ပါသည်"

ဟု မဟာပညာကျော်အမတ်ကြီး ...ပြည့်ရှင်မင်းကြီး မင်းဗာကြီးမင်းကို ...တော်ဦးတင်လျှောက်ထားလေသည်။

ဤနေရာမှာ မေးခွန်းထုတ်ချင် ...ဖြစ်လာသည်က သျှင်မြဝါ ဟူသည် ...ယ်သို့သောပုဂ္ဂိုလ်နည်းဟူ၍ဖြစ်၏။ ...ဝါ ဆိုသည်မှာ တခြားမဟုတ်။ ... ၁၆ ရာစုအလယ် ဒုတိယမြောက် ...တ် ကေတုမတီ ဟံသာဝတီပြည့် ...ဘုရင့်ရွှေထီးမင်း၊ ဘုရင့်နောင်မင်း ...ခေတ်ပြိုင်ခေတ်ဦးက နေတစ်ဆူ ...စ်ပါးလို အလွန်တရာ ထင်ပေါ် ...စောခဲ့သော ရခိုင်ဂန္ဓာရီပညာရှင် ...ထူးတစ်ဦးဖြစ်နေသောကြောင့်ဖြစ်

မြန်မာရာဇဝင်ထဲ၌ ကုန်းဘောင်



ဘုရားဒါယကာ ဘုရင်မင်းဗာကြီးအိပ်ပုံတော်

ခေတ်ဦးက ပေါ်ပေါက်ခဲ့သော ထူးခြားထင်ရှားသည့်သူငယ်ချင်းသုံးဦးရှိခဲ့သည်။ ၎င်းတို့မှာ တခြားမဟုတ်။ မောင်ပိုင်း၊ မောင်အောင်၊ မောင်မြတ်စံ ဆိုသော သုံးယောက်ပေါင်းလောင်းကျော်ပင် ဖြစ်သည်။ နောင် မောင်ပိုင်းသည် အမရပူရ ပြည့်ရှင် ဘိုးတော်ဗဒုံမင်းဖြစ်လာသည်။ မောင်အောင်သည် ဂန္ဓာရီပညာရှင် ပုဂ္ဂိုလ်ထူးဘိုးဘိုးအောင်ဖြစ်လာခဲ့သည်။ မောင်မြတ်စံသည် တောရပ်မှီ ရဟန်းတော်တစ်ပါးဖြစ်လာခဲ့သည်။

ထိုသို့ပင်လျှင် ရခိုင်ရာဇဝင်များ၌လည်း မြောက်ဦးပြည့်ရှင်မင်းဗာကြီးမင်း၊ စစ်တကောင်းမြို့စားမဟာပညာကျော်အမတ်ကြီး၊ ဂန္ဓာရီပညာရှင်သျှင်မြဝါတို့သည် နို့စို့ဖက်ကစားဖော်ငယ်သူငယ်ချင်းများ ဖြစ်ကြသည်ဟု ဆိုထားကြသည်။ ဘုရင်မင်းဗာကြီးမင်း၏ ငယ်အမည်မှာ ဘစောသီရိ၊ မဟာပညာကျော်အမတ်၏ ငယ်နာမည်မှာ မြတ်သာထွန်း၊ သျှင်မြဝါ၏ ငယ်နာမည်မှာ မြဝါဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထိုဘစောသီရိ၊ မြတ်သာထွန်း၊ မြဝါဆိုသော ထိုငယ်သူငယ်ချင်းသုံးဖော်တို့သည် မြောက်ဦးနေပြည်တော်နှင့်မနီးမဝေးရှိ လောကီ၊ လောကုတ္တရာနှစ်ဖြာလုံး၌ ကျွမ်းကျင်လိမ္မာသော တောင်ညိုကျောင်းတိုက်ဆရာတော် အရှင်အဂ္ဂမုနိ (ရှင်အဂ္ဂအစိန္တေယျာ) ထံ၌ ပညာရင်နို့ သောက်စို့ခဲ့ကြသည်ဆို၏။

ဘစောသီရိသည် ရှင်ဘုရင့်သား ဖြစ်သည့်အားလျော်စွာ မင်းညီမင်းသားတို့၏အတတ်ပညာ၊ မင်းတို့၏အတတ်ပညာ၊ ဆင်စီးအတတ်၊ မြင်းစီးအတတ်၊ အတိုက်အခိုက်အသတ် အပုတ်အတတ်၊ စစ်ဗျူဟာအတတ် စသည်တို့ကို သင်ကြားယူသည်။ မြတ်သာထွန်းက တိုင်းရေးပြည်ရေးအတတ်၊ အုပ်ချုပ်မှုဆိုင်ရာအတတ်၊သံတမန်ဆိုင်ရာအတတ်၊တရားဥပဒေရေးရာအတတ်၊ တိုင်းတစ်ပါးဆက်ဆံရေးအတတ်၊ စစ်ရေးစစ်ရာအတတ် စသည်တို့ကိုသင်ယူဆည်းပူးသည်။ မြဝါသည် ဟူးရာအတတ်၊ ဗေဒင်အတတ်၊ နက္ခတ်အတတ်၊ မန္တန်အတတ်၊ မန္တရားအတတ်။အင်းအိုင်ခလုတ်အတတ်၊ဆေးဝါးအတတ်၊ ယတြာအတတ်၊ ပတြာအတတ်၊ မာတ်အတတ် စသည်တို့ကို လေ့လာသင်ယူသည်။

မြဝါသည် လက်ဦးဆရာ အရှင်တောင်ညိုကျောင်းတိုက် ဆရာတော်အသျှင်အဂ္ဂမုနိ (အသျှင်အဂ္ဂအစိန္တေယျ) ဂန္ဓာရီပညာဆိုင်ရာ သင်ကြားပို့ချမှုကို မတင်းတိမ် မရောင့်ရဲနိုင်သဖြင့် မြောက်ဦးနေပြည်တော် အပါအဝင် ရခိုင်ပြည်တစ်ခွင်တစ်ပြင်၌ ဂန္ဓာရီပညာများကို သင်ကြားပို့ချပေးမည့် ဆရာအရှင်များကို ရှာဖွေကြည့်သော်လည်း မကျေမနပ်မနှစ်သိမ့်နိုင်လွန်းသဖြင့် အနောက်မဇ္ဈိမဒေသ (အိန္ဒိယပြည်မြောက်ပိုင်း) သို့ ဂန္ဓာရီပညာ မျှဝေသင်ကြားပေးမည့် ဆရာအရှင်ရှာဖွေရန် ထွက်ခွာခဲ့လေသည်။ သျှင်မြဝါသည် မဇ္ဈိမဒေသ တစ်ခွင်တစ်ပြင်၌ ဂန္ဓာပညာသင်ကြားပေးရန် ဆရာအရှင်ရှာဖွေနေပေမယ့်လည်း နှစ်ကာလအတော်ကြာတိုင်အောင် မတွေ့ဘဲရှိနေခဲ့သည်။ တောတောင်အမျိုးမျိုးတွင် ကိုယ်နည်းကိုယ့်ဟန်အသွယ်သွယ်နှင့် အားထုတ်ပွားများနေကြသော ရသေ့၊ တပသီ၊ ဆာဒူး၊ ဆွာမိ၊ ဖကီးများစွာကို တွေ့သော်လည်း သူလိုချင်သောဂန္ဓာရီပညာကို သင်ကြားပေးမည့် ဆရာအရှင်အား ရှာမတွေ့နိုင်ဘဲရှိနေသည်။

တစ်ကြိမ်သော် မိဂဒါဝုန်တောနက်ကြီးတစ်နေရာအရောက်တွင် ကြီးမားလှစွာသော ညောင်ပင်ကြီးတစ်ပင်အောက်၌ ပဒုမ္မာသာနခြေယှက်တင်ပျဉ်ခွေထိုင်လျက် လက်ဝါးနှစ်ဖက်ကို ဒူးနှစ်ဖက်ပေါ်ပြန်ချကာ လက်ချောင်းများကိုထောင်၊ လက်မနှင့် လက်ညှိုးချင်းထိဝိုင်း၍ ကိုယ်ခန္ဓာကိုမတ်မတ်ထားကာ အာနာပါနရှု သမထဘာဝနာတရားမမှုအားထုတ်တော်မူနေသော ထူးထွေဆန်းပြားမှုနှင့် ပြည့်လျှမ်းနေသည့် ရသေ့သူတော်စင်တစ်ပါးကို တွေ့ရှိလိုက်ရ

www.burmeseclassic.com

သည်။

ထိုရသေ့ကြီးကို သျှင်မြဝါသည် အနုလုံ၊ ပဋိလုံအသေချာအကဲခတ်လိုက်သောအခါတွင် ဥပမိရုပ်၊ ဣန္ဒြေရုပ်၊ သိက္ခာရုပ်၊ ဇာတိရုပ်တို့နှင့် ပြည့်စုံနေသဖြင့် ချဉ်းကပ်စူးစမ်းကာ ခယအလုပ်အကျွေးပြုလျက်ရှိနေခဲ့သည်။ သျှင်မြဝါသည် အချိန်အတော်ကြာကြာမှ ထိုရသေ့ကြီး၏ အမည်နာမသည် သီရိဗိသနိုး ဖြစ်ကြောင်း၊ သိဝိဂုဏ်းဝင် ရသေ့တပသီကြီးတစ်ပါးဖြစ်ကြောင်း သိရှိရသည်။ ထိုအခါ သျှင်မြဝါကို အရင်ကထက် ပိုမို အနှံ့အတာခံ အလုပ်အကျွေးပြုခယပြီးလျှင် သူ့အား ဂန္ဓာရီပညာများ ကဲ့ကူလက်လှည့်သင်ကြားပို့ချပေးရန် ဦးညွှတ်တောင်းဆိုမှုကိုအကြိမ်ကြိမ်ပြုလေသည်။

သီရိဗိသနိုးရသေ့ကြီးကတော့ဖြင့် တုဏှိဘာဝေဆိတ်ဆိတ်နေလျက် သျှင်မြဝါအပေါ်၌ စမ်းသပ်မှုအမျိုးမျိုးကို ကြာတောင့်ကြာရှည်စွာ ပြုလုပ်နေလေသည်။ သျှင်မြဝါသည် သည်းခံမှုများစွာဖြင့်၊ ဖွဲလုံ့လဝီရိယထက်သန်စွာဖြင့် ဦးနှောက်ကိုသုံး၊ ဉာဏ်ကိုသုံးလျက် ထိုစမ်းသပ်မှုများကို မာတောင်ကိုကျော်၊ မီးပင်လယ်ဖြတ်သကဲ့သို့ ခက်ခက်ခဲခဲကျော်ဖြတ်နေခဲ့ရသည်။

တစ်ခုသော လရောင်ရွှန်းသည့် ညဉ့်ဦးယံတွင် ရသေ့ကြီး သီရိဗိသနိုးသည် သျှင်မြဝါအား အနားကို ခေါ်ယူလျက် ပဟေဠိပုစ္ဆာသုံးရပ်ကို ဤသို့မေးမြန်းတော်မူလေသည်။

ပထမအမေးပုစ္ဆာန်ပဟေဠိမှာ -

"သင်သည် ငါ့ထံမှပညာသင်ယူဆည်းပူးလိုပါက ဟိုအထက် မိုးကောင်းကင်မှာ ထိန်လင်းသော ငွေစန္ဒာလမင်းကြီးကို ငါ့ထံယူဆောင်လျက် ငါ့အားပေးဆက်ပါလား"

ဟု သီရိဗိသနိုးရသေ့ကြီးက သျှင်မြဝါကို မိန့်ကြားတော်မူခြင်းပင်ဖြစ်၏။

သျှင်မြဝါသည် ရသေ့ကြီး၏ မိန့်ခွန်းစကားကို ကြားလိုက်သည်နှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသလို အစလေးဝပိတ်စဉ်းစားရကျပ်ပြီး တောင်တောင်ဤဤဖြစ်သွားခဲ့ရသည်။ သျှင်မြဝါသည် အတန်ငယ် ဆင်ခြင်သုံးသပ်မိသည့်နောက် ချက်ချင်းပင် ကြေးဖလားတစ်လုံးကို ရှာဖွေကာ ရေကြည်ရေသန့်ကိုထည့်လျက် ဆရာရသေ့သီရိဗိသနိုးနှင့် မနီးမဝေး လရောင်အောက်တွင် အသာအယာချထားပြီး ဤသို့ လျှောက်ထားလိုက်သည်။

"ဆရာအရှင်ဘုရား၊ ကျွန်တော်မျိုးသည် ဆရာအရှင်အတွက် မိုးကောင်းကင်ပေါ်က လမင်းကြီးကြေးဖလားတွင် ထည့်၍ယူဆောင်လာပါပြီ ဘုရား"

သျှင်မြဝါသည် ပြောပြောဆိုဆိုနှင့် ကြေးဖလားကို ညွှန်လိုက်သည်။

ရသေ့ကြီးဗိသနိုးသည် ကြေးဖလားအတွင်းသို့ လှမ်းကြည့်လိုက်သောအခါဝယ် ကြေးဖလားတွင်းရှိရေပြင်တွင် မိုးကောင်းကင်ပေါ်မှလ၏အရိပ်သည် ပီပီပြင်ပြင် ပေါ်ထင်လျက်ရှိနေသည်ကို တွေ့ရှိလိုက်ရသည့် ရသေ့ကြီး ဗိသနိုးသည် သဘောကျနှစ်ခြိုက်စွာပြုံးရယ်လျက် ခေါင်းညိတ်နေလေသည်။

ရသေ့ကြီး သီရိဗိသနိုးသည် အတန်ငယ်တိတ်တဆိတ်နေပြီးမှ ဒုတိယမြောက် ပဟေဠိပုစ္ဆာအား သျှင်မြဝါကို ဤသို့မေးပြန်သည်။

"အသင် ငါ့အား ဤသို့ထူးခြားသော ပတ္တမြားရတနာတစ်စုံကို အလျင်အမြန်ဆက်သရမည်။ ထိုပတ္တမြားရတနာသည် စကြဝတေးမင်း၏ ပတ္တမြားစကြာရတနာကဲ့သို့ နေ၊ လ၊ ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာ၊ သတ္တသရဘန်တောင်စဉ်ခုနစ်ထပ်၊ သီတာခုနစ်တန်၊ မေရုမြင်းမိုရ်တောင်၊ ကျွန်းကြီးလေးကျွန်း၊ ကျွန်းငယ်ငါးရာ၊ စကြဝဠာအနန္တ စသည်စသည် ရှိရှိသမျှသော ကမ္ဘာတန်ဆာ ဩကာသလောကအလုံးစုံတို့ ယင်းပတ္တမြားအစုံ၌ ပေါ်ထင်နေစေရမည်။ တစ်ခါ ယင်းပတ္တမြားအစုံတို့သည် အမြဲတစေ စိုရွှန်းတောက်ပနေစေရမည်။ ထိုသို့သောအရာများနှင့် ပြည့်စုံသော ပတ္တမြားတစ်စုံကို ငါအရှင်အား ဆောလျင်စွာ ဆက်သပေးနိုင်လျှင် ငါအရှင်သည် သင့်အား ပညာသင်ကြားပေးအံ့"

ဟူ၍ ဖြစ်၏။

သျှင်မြဝါသည် ရသေ့ကြီးသီရိဗိသနိုး၏အမေးပုစ္ဆာကို အချိန်အတော်ကြာ တွေးဆဆင်ခြင်ကြည့်ပြီး ဤသို့ သုံးသပ် ကောက်ချက်ချလိုက်သည်။

ဆရာအရှင် ဆိုလိုသော ပတ္တမြားအစုံမှာ တခြားမဟုတ်။ ငါ၏မျက်လုံးအစုံကိုရည်ညွှန်းခြင်းဖြစ်သည်။ မျက်လုံးတို့မည်သည်မှာ ရှုခွင်မြင်ခွင့်ရသောအရာခပ်သိမ်းတို့ ပေါ်ထင်ရမြဲဖြစ်သည်။ နောက် မျက်လုံးတိုင်းသည် အစဉ်သဖြင့် စိုရွှန်းတောက်ပမြဲဖြစ်သည်။

ထို့ကြောင့် သျှင်မြဝါက ရသေ့ကြီးသီရိဗိသနိုးကို -

"ဆရာအရှင်ပြောသော ပတ္တမြားအစုံသည် တခြားမဟုတ်။ အကျွန်ုပ်၏ မျက်လုံးအစုံသာဖြစ်ပါသည်။ ဆရာအရှင်ခံယူတော်မူပါ"

ဟု လျှောက်ထားလေသော် ရသေ့ကြီး ဗိသနိုးသည် အလွန်ကျေနပ်နှစ်ခြိုက်သွားပြီးလျှင် -

"သင့်မျက်လုံးအစုံအား သင့်ကိုပြန်စွန့်၏"

ဟု အလျင်အမြန်ဆိုလိုက်လေသည်။

တစ်ဆက်တည်းမှာပင် ရသေ့ကြီး သီရိဗိသနိုးက သျှင်မြဝါကို ဤသို့ဆိုပြန်သည်။

"သျှင်မြဝါ၊ သင်၏ဉာဏ်ပညာကို သိမြင်ခွင့်ရသဖြင့် ငါအလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရပါ၏။ ထို့ကြောင့် သင့်ကို ပညာသင်ကြားပေးမည့် ဆရာအရှင်ထံသို့ ငါလမ်းညွှန်ပေးအံ့။ သင်မသွားတတ်လျှင် နှစ်ပရိစ္ဆေဒများစွာကြာမြင့်သော်လည်းရောက်လိမ့်မည်မဟုတ်။ သင်သွားတတ်လျှင် မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်းရောက်ရှိလိမ့်မည်။ သင်မသွားတတ်လျှင် စကြဝဠာအနန္တ ဝေးလံနေမည်ဖြစ်သော်လည်း သင်သွားတတ်လျှင် လှံတစ်ဝှေ့ မားတစ်ကမ်း ဝေးနေလိမ့်မည်မဟုတ်။ ထိုဆရာအရှင်သည် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံ၏။ ဘုန်းသမ္ဘာတန်ခိုးပညာနှင့် ပြည့်စုံ၏။ ထိုဆရာအရှင်ထံသို့ အသင် သွားရောက်ပညာသင်ယူလော့"

ဟု မိန့်ကြားခြင်းဖြင့် တတိယမြောက်ပဟေဠိပုစ္ဆာကိုဆိုပြန်လေသည်။

ထိုအခါ သျှင်မြဝါသည် အတော်ကြီးကို နက်နက်ရှိုင်းရှိုင်းဆင်ခြင်သုံးသပ်ပြီးလျှင် ဤသို့လျှောက်ထားလိုက်လေသည်။

"ဆရာအရှင်ဘုရား၊ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်းဆိုသော အနက်ကိုပေးသောဝေါဟာရသည် သီရိဖြစ်ပါသည်။ ဘုန်းသမ္ဘာတန်ခိုးပညာ သောအဓိပ္ပာယ်ကိုပေးသောဝေါဟာရသည် ဗိသနိုးဖြစ်သည်။ ဆရာအရှင်၏ အမည်နာမတော်သည် သီရိဗိသနိုးဖြစ်ပါသည်။ ဆရာအရှင်၏ အမည်နာမတော် သီရိဗိသနိုးဟူသော ဘွဲ့တံဆိပ်တော်ကို ကျွန်ုပ်မဖော်ထုတ်နိုင်ခဲ့လျှင် ဆရာအရှင်ထံသို့ နှစ်ပရိစ္ဆေဒများစွာ ကြာညောင်းသွားသော်လည်း ရောက်နိုင်မည်မဟုတ်။ ဆရာအရှင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မရှာဖွေနိုင်လျှင် ဆရာအရှင် ကျွန်ုပ်ကြားမှာ စကြဝဠာအနန္တခြား နေလိမ့်မည်။ ယခု သီရိဗိသနိုးဟု ည်နာမတော်ရှိတော်မူသော ဆရာ ရှင်သည် ကျွန်ုပ်အား ဂန္ဓာရီပညာများ ကို သင်ကြားပေးပါကုန်လော့"

ဟု သီရိဗိသနိုးရသေ့ကြီး၏ မိုးတော်တွင် သျှင်မြဝါသည် သူ၏ ခေါင်းဖြင့်ပွတ်ထိပြီး တောင်းပန်ခယ သော် ရသေ့ကြီး သီရိဗိသနိုးသည် နပ်နှစ်ခြိုက်စွာပြုံးပင်လျက် သူ၏ တ်တော်ဖြင့် သျှင်မြဝါ၏ဦးခေါင်းကို သပ်ကာ လက်ခံတော်မူလေသည်။

ရသေ့ကြီး သီရိဗိသနိုးသည် ျှင်မြဝါအား အဝိန္တိကတပည့်ကြီး ဖြစ် လက်ခံတော်မူလိုက်သည်မှစ၍ တ်ပြောင်းဓာတ်ပြန်အတတ်၊ ရုပ် တ်ကို ရထရေမြူ တဇ္ဇာရီမြူ အဏု ပရမအဏုမြူဆိုသော မြူလေးပါး ဖြင့် ခွဲခြမ်းစိတ်ဖြာသောအတတ်၊ တရုပ်များကို သဘာဝရုပ်၊ ကလာပ ယဏရုပ် စသဖြင့် ဖြစ်ပေါ်လာပုံ၊ င်းစည်းပုံ၊ ဖြိုဖျက်ပုံ စသည့် အတတ်၊ တ်ရိုက်ခတ်ဆင်အတတ်၊ ယတြာ းဆယ်အတတ်၊ ပတြာလေးဆယ် တတ်၊ ဝိကြမ္မာသုံးဆယ်သောလောကီ တတ်၊ ဝေဒသုံးပုံ၊ ဗေဒင်သုံးပုံ၊ င်းအိုင်ခလုတ်၊ ဆေးဝါး၊ မန္တန်၊ မန္တရား၊ နက္ခတ် စသောစသော လောကီ ာအထွေထွေတို့ကို နှစ်ဆယ့်သုံးနှစ် င်တိုင် ကံ့ကူလက်လှည့်သင်ကြားပို့ချ လေသည်။

သျှင်မြဝါသည် သို့ကလို ဂမ္ဘီရ င်ရာ ဂန္ဓာရီဆိုင်ရာလောကီပညာရပ် ကို အိန္ဒိယမဇ္ဈိမဒေသ၌ (၂၃) နှစ် င်တိုင် တစိုက်မတ်မတ် ကျားကုတ် ားခဲ ဆည်းပူးသင်ယူပြီးနောက် ရခိုင် ပြည် မြောက်ဦးနေပြည်တော်သို့ ကြွားတင့်တင့်တင့်တင့်ဖြင့်ရောက် ာခဲ့သည်။သို့တစေ ပြည်တော်ပြန် ျှင်မြဝါ၏ ဟန်ပန်အသွင်အပြင် ပုံပန်း ာန်က သာမန်မဟုတ်စွာဖြင့် တစ်မူ ခြားနေသည်။ ယင်းကို ရခိုင်ရာဇဝင် ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ သည်။

*ာလူလည်းမမည်၊ ရှင်လည်းမဟုတ်*
*ဦးထုပ်သရပတ်၊ ဒေါက်ခြာစွပ်၍၊*
*ကိုယ်ဝတ်သင်းပိုင်၊ ပုတီးကိုင်လျက်၊*
*း်ခိုင်ဉာဏ၊ ပညာအစွမ်း၊ လွှမ်း*
*ဆက်လွှမ်း၍၊ ရဟန်းအသွင်၊ ကြည့်*
*ပြန်လျှင်ကား၊ ဖားလျားဆံကျစ်၊*
*ညာရစ်ထိပ်တင်၊ လည်တွင်ပုတီး၊*
*မဖီးဘရမ်း၊ ရှည်ပြွမ်းပြွမ်းနှင့်၊*
*တစ်ခန်းတစ်ဖုံ၊ မြင်ရတုံ့ရှင့်၊ ခြေစုံ*
*ဖဝါး၊ စီးထားဖိနပ်၊ ရုပ်တရပ်လျှင်၊*
*အထပ်ခုနစ်လွှာ၊ ပိုးပြာပိုးမည်း၊*
*ချည်စရွဲဖြင့်၊ ရစ်မြဲသုံးခေါက်၊ ဝတ်*
*တုံ့မြောက်၏၊ ကိုယ်ယောက်ပုဆိုး၊*
*သက်န်းမျိုးကား၊ နက်ပြောင်တိမ်*
*ရောင်၊ စွမ်းဆောင်ဖန်ရည်၊ လွှမ်း*
*လျက်ပေတည့်၊ မထေရ်မြတ်လှ၊*
*တပသသည်၊ နန်းမအလယ်ဖွား*
*သတည်း။*

ဤလက်ာအရဆိုလျှင် သျှင်မြဝါ သည် တပသ ဆိုသော လူသာမန်လည်း မဟုတ်၊ ရှင်ဟုဆိုသော ရဟန်းသံဃာ လည်းမဟုတ်၊ တပသီယောဂီရသေ့တစ် ပါးသာဖြစ်ကြောင်းကို သိသာတွေးမြင် နိုင်ပေသည်။ ဆိုခဲ့သလိုပင် သျှင်မြဝါ သည် အိန္ဒိယမဇ္ဈိမဒေသအရပ်က သိဝိ ဂိုဏ်းဝင်သီရိဗိသနိုးရသေ့ကြီး၏တပည့် သာဝကဖြစ်သောကြောင့် သိဝိဂိုဏ်းဝင် ရသေ့တပသီတစ်ပါးဟု ဖော်ညွှန်းရလျှင် မှားလွဲနိုင်မည်မထင်ပါ။

နောက် အရေးကြီးသောအချက် တစ်ခုကတော့ သျှင်မြဝါသည် သာမည် ညောင်ညမျိုးရိုးမျိုးနွယ်မှ ပေါက်ဖွားဆင်း သက်လာသူ မဟုတ်ကြောင်းကိုလည်း ရခိုင်ရာဇဝင်များ၌ ဤသို့ ဖော်ပြထား သည်ကို တွေ့ရှိရပေသည်။

ယင်းမှာ -

စိန်တင်စား မဟာနန္ဒသကြိန် အမတ်ကြီးနှင့် မြောက်သားတော်ဇေယျ ခေမာကြင်ရာတော်မှ သက္ကရာဇ် ၈၅၄ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့၊ ဥတ္တရာ သာဠ်နက္ခတ်နှင့်ယှဉ်လျက် အရုဏ်တက် ပဟိုနာရီ (၄) နာရီ၊ (၂) အံသာ၊ (၃၁) ဗီဇနာ၊ (၂) ပြန်၊ (၂) ခရာအချိန်တွင် မြောက်ဦးရွှေနန်းတော်၏ တတိယဝင်း တော်ပြင်ဘက် အိမ်ဖြူတော်မင်္ဂလာ၌ သျှင်မြဝါကို မီးရှူးသန့်စင် ဖွားမြင်တော် မူသည်ဟု ဆိုထားခြင်းပင် ဖြစ်၏။

တစ်ခါ သျှင်မြဝါ၏ မယ်တော် ဇေယျာခေမာ၏ ညီမတော် စောနန္ဒီ မိဖုရားနှင့် မြောက်ဦးရွှေပြည်ရွှေနန်း ပြည့်ရှင်မင်းဖြစ်သော မင်းရာဇာမင်းတို့ ထံမှ ထိုသက္ကရာဇ် ၈၅၄ ခုနှစ်၊ ဝါဆို လပြည့်ကျော် ၃ ရက်၊ စနေနေ့တွင် မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်းဖြစ် လာလိမ့်မည့် ဘစောသီရိမင်းသားကို ဖွားမြင်ခဲ့သည် ဆို၏။ သျှင်မြဝါ၏မယ် တော် ဇေယျာခေမာနှင့် ဘစောသီရိ မင်းသား၏ မယ်တော် စောနန္ဒီမိဖုရား တို့သည် ညီအစ်မအရင်းအချာများဖြစ် ကြပြီး ၎င်းတို့၏ဖခင် ဆင်ကဲအမတ်ကြီး အောင်ထင်သည် တော်ဝင်မိသားစုဝင် ဖြစ်ပေသည်ဟု ဆို၏။

ထို့အတူ မဟာပညာကျော် အမတ်ကြီးဖြစ်လာမည့် မြတ်သာထွန်း ကိုလည်း သက္ကရာဇ် ၈၅၀ ပြည့်နှစ်၊ ဝါဆို လအတွင်း၌ပင် မြောက်ဦးရွှေနန်းတော် ပုရိုဟိုက်အတွင်း၌မွေးဖွားသန့်စင်ခဲ့သည် ဟူ၏။ မိဘနှစ်ပါးမှာ မင်းသွေးမင်းသား မကင်းသော မျိုးရိုးမတ်နွယ်များဟုဆို၏။ ထိုသူသုံးဦးတို့သည် ဖွားဖက်တော်များ ဟုဆိုနိုင်ရုံသာမက နို့စို့ဖက်၊ ကစားဖော်၊ ပညာသင်ဖက်၊ ဆိုးတူကောင်းဖက် သူငယ်ချင်းအပေါင်းအသင်းများဟုဆို လျှင် မှားနိုင်မည်မထင်။

တကယ်တော့ သျှင်မြဝါသည် ဂန္ဓာရီပညာအရာတွင် ထူးချွန်ပေါက် မြောက်သော ပုဂ္ဂိုလ်ထူးတစ်ဦးဟုဆိုပင် ငြားသော်လည်း တခြားသောပုဂ္ဂိုလ်ထူး များလိုမဟုတ်သည်ကို အလေးဂရုပြု ဖွယ်ရာ ထူးထူးခြားခြား တွေ့ရှိရသည်။ အတ္တတ္တသင်္ဂဟသမားမဟုတ်၊ လောက သင်္ဂဟသမားဖြစ်သည်ကို တိုင်းချစ်စိတ် ပြည်ချစ်စိတ်ပြင်းပြလျက် အမျိုးသားရေး စိတ်ပြင်းထန်သည်ကို ညီအစ်ကိုတော် စပ်သူလည်းဖြစ်၊ သူငယ်ချင်းအပေါင်း အသင်းလည်းဖြစ်သော မင်းဗာကြီးမင်း ၏ တိုင်းရေးပြည်ရေးကိစ္စတွင် ချောမွေ့ ပြေပြစ်စေရန်အတွက် မိမိတတ်အပ် သောပညာဖြင့် ကူညီပံ့ပိုးပေးလိုသူအဖြစ် ရာဇဝင်တွင် စံတင်လောက်အောင်ထင် ရှားခဲ့သူ ဖြစ်သည်။

ဤဆောင်းပါး၏ အဖွင့်တွင် ဖော်ပြခဲ့သလိုပင် မြောက်ဦးရွှေနန်း တော်ညီလာခံသဘင်၌ မင်းဗာကြီးမင်း နှင့် မျှုမတ်ဗိုလ်ပါတို့ ဘာသာခြား သူရတန်မင်းတို့ထံ ရောက်ရှိနေသော စစ်တကောင်း၊ ဒက္ကာ၊ မောက်သူဇာ၊ ပဋိက္ကရား အစရှိသော ဘင်္ဂါ (၁၂) ပြည် ထောင်ကိုပြန်လည်သိမ်းပိုက်ရေး၊ မသိမ်း ပိုက်ရေးအတွက် ဆွေးနွေးနေကြရာမှာ မသိမ်းပိုက်ရေးဘက်မှ အားသာနေစဉ် ထိုညီလာခံသဘင်အတွင်းသို့ သျှင်မြဝါ ရုတ်တရက်ရောက်ရှိလာပြီး -

'ပလ္လင်ပေါ် ကလူကအစ တံခါးဝ က စောင့်ကြပ်နေတဲ့လူအထိ ဒီမှာရှိနေ တဲ့လူတွေအားလုံး မိန်းမသူချည်းပါ တကား'

ဟု ရေရွတ်ပြီး ပြန်လည် ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းဖြင့် မင်းဗာကြီးမင်းနှင့်သူလူများအား သတိပေး နှိုးဆော် တွန်းအားပေးလိုက်ခြင်းဖြင့် မြောက်ဦးရွှေပြည်ရွှေနန်းတော်အား သမိုင်းစာမျက်နှာသစ်တစ်ရပ်ကို ဖွင့်လှစ်စေခဲ့ခြင်းပင် ဖြစ်သည်။

ဤနေရာမှာ မြောက်ဦးရွှေပြည်ရွှေနန်းသခင် ရခိုင်ဘုရင်မင်းဗာကြီးမင်း ၁၅၃၁ - ၁၅၅၃ လက်ထက် တိုင်းရေးပြည်ရေးအခင်းအကျင်းကို သိနားလည်ရုံမျှ ဖော်ပြချင်ပါသည်။ မင်းစောမွန်မင်း စတင် တည်ထောင် ဖွင့်လှစ်ပေးခဲ့သော မြောက်ဦးရွှေပြည်မြောက်ဦးရွှေနန်းကို ရွှေရောင်၊ ငွေရောင်ပြိုးပြက်၍ နေ၊ လ လိုထင်ရှားအောင် ခေတ်ကြီးတစ်ခေတ်ကို ဖန်တီးပေးခဲ့သူမှာ ဤမင်းဗာကြီးမင်းပင် ဖြစ်သည်။

တကယ်တော့ မင်းဗာကြီးမင်း မင်းဖြစ်လာသည်မှာ မိုးကျရွှေကိုယ်နတ်ရေကန်ပစ်ချခံရသလို အဆင်ပြေချောမွေ့လွန်းလှသူမဟုတ်။ တခြားတော်ဝင်မိသားစုနှင့် မျိုးမတ်ဗိုလ်ပါအများစုက သိုးမည်းတစ်ကောင်လို ဆက်ဆံရန်စကဏှကောစအပြုခံရနေရသဖြင့် အနှစ်နှစ်ဆယ်နီးပါးမျှ ကစ္ဆပနဒီမြစ်ဝ တောင်ရင်းကျွန်းမှ၊ ရမ္မာဝတီ ရမ်းဗြဲကျွန်းမှ၊ ဒွါရာဝတီ သံတွဲမြို့မှနေ၍ အဝေးသံစွာခံ၍ မြောက်ဦးရွှေနန်းတော်ကို ခစားနေခဲ့ရသည်။ ၁၅၃၅ ခုနှစ်ရောက်မှ မင်းဗာကြီးသည် ဒွါရာဝတီ သံတွဲမြို့မှနေ၍ မြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက်သိမ်းပိုက် ဘုရင်ပြုလုပ်နိုင်ခဲ့သည်။

မင်းဗာကြီးမင်း မြောက်ဦးရွှေပြည်ရွှေနန်းရပြီးချိန်တွင် အရှေ့ဘက်၌ တပင်ရွှေထီးမင်းနှင့် ဘုရင့်နောင်စစ်သူကြီးတို့သည် ဟံသာဝတီနေပြည်တော်ကို အခြေပြုလျက် လက်နက်နိုင်ငံပြုပိုင်နက်နယ်မြေတိုးချဲ့မှုကို တစ်ဟုန်ထိုးပြုလုပ်လျက်ရှိသည်။ အနောက်ဘက်၌ အစ္စလာမ်ဘာသာဝင် သူရတန်မင်းတို့သည် သူတို့၏အစ္စလာမ်မစ်နိုင်ငံတော်ထီးရိပ်ဖြန့်ကြက်မှုကို တစ်ရှိန်ထိုး ပြုလုပ်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်ဘက်မှာမူကား ပေါ်တူဂီကုန်သည်သင်္ဘောများကို စောင့်ရှောက်သည်ဆိုသော အမြောက်တင် ပေါ်တူဂီစစ်သင်္ဘောများ (ဝါ) ပေါ်တူဂီရေတပ်က ပင်လယ်ပြင်ကို ဗိုလ်ကျစိုးမိုးလျက်ကာ မြောက်ဦးရွှေပြည်ရွှေနန်းကို အချိန်မရွေး ထင်သလိုပြုလုပ်ပစ်နိုင်သည်ဆိုသောအသွင်အပြင်မျိုးကိုပြသနေသည်။

သို့အတွက်ကြောင့် မင်းဗာကြီးမင်းသည် တိုင်းပြည်စီးပွားကောင်းမှ တိုင်းပြည်စွမ်းအားကောင်းမည်၊ တိုင်းပြည်စစ်အင်အားကြီးမှ တိုင်းပြည်စွမ်းအားကြီးမည်ကို သဘောပေါက်သဖြင့် တိုင်းပြည်စီးပွားရေး၊ စစ်ရေးတိုးတက်ကြီးပွားအောင် ကျားကုတ်ကျားခဲ အားကြိုးမာန်တက် လုံ့လဥဿာဟပြုခဲ့လေသည်။

ပေါ်တူဂီကုန်သည်သင်္ဘောများ၊ ဒပ်(ခ်ျ)ကုန်သည်သင်္ဘောများအပါအဝင် တိုင်းတစ်ပါးသားကုန်သည်သင်္ဘောများ၊ တိုင်းတပါးသားကုန်သည်များကို ဖိတ်ခေါ်လျက် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို အခွန်အကောက်မဲ့ မြောက်ဦးရွှေပြည်၌ ပြုလုပ်စေခဲ့သည်။ ကြည်းတပ်၊ ရေတပ်များကိုတိုးချဲ့ခြင်း၊ တိုင်းတစ်ပါးသား ကြေးစား စသည်များ ခန့်အပ်ခြင်း၊ တိုင်းတစ်ပါး စစ်ရေးအကြံပေးများ၏ အကူအညီရယူခြင်းများကို တစိုက်မတ်မတ်ပြုလုပ်နေခဲ့သည်။

တစ်ခါ မြောက်ဦးနေပြည်တော်ကို မြို့ရိုးသုံးထပ်ရံခြင်း၊ ရေလှောင်မြောင်း၊ တန်ဆောင်း၊ ပြအိုး၊ ပစ္စင်၊ ရင်တား၊ တံခါးကောက်၊ တံခါးကွေး၊ ရေကျုံး၊ နှံကျုံး၊ ကျုံးချောက်၊ ကျုံးပင်လယ်တို့အားပြုလုပ်ခြင်း စသည်တို့ကို စစ်ရေးအမြင်ဖြင့် ခံတပ်မြို့အဖြစ်တည်ဆောက်ခဲ့သည်။ မှန်နန်းရာဇဝင်၊ ဦးကုလားမဟာရာဇဝင်၌ ရခိုင်မြို့သည် တောင်ထိပ်ပေါ်၌ တည်ဆောက်ထားသော ခံတပ်မြို့ဖြစ်သဖြင့် အတိုက်ခိုက်ရ၊ အသိမ်းပိုက်ရခက်သည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

မင်းဗာကြီးမင်း၏ သို့ကလို မြောက်ဦးရွှေပြည်ရွှေနန်းအား ပြန်လည်တည်ဆောက်ရေးတွင် ဆိုနေသော ဂန္ဓာရီပညာရှင် သျှင်မြဝါက သူ၏အတတ်ပညာဖြင့် တတ်အားသရွေ့ပါဝင်ဆောင်ရွက်ပေးသည် တလေးတနက် တွေ့ရှိရပေသည်။

သျှင်မြဝါသည် မြောက်ဦးရွှေပြည်ရွှေနန်းဘေးရန် ကာကွယ်လုံခြုံကြီးပွားတိုးတက်စေရန်အတွက် မြောက်ဦးနေပြည်တော်အားရံခလျက် ဘုရားကြီးငါးဆူ၊ နတ်ကြီးရှစ်ရပ်၊ အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်အား ဂန္ဓာရီပညာအစီအရင်ဖြင့် စီရင်တည်ဖွဲ့လိုက်လေသည်။

ဘုရားကြီးငါးဆူ ဆိုသည်မှာ ရှမ်းတောင်စေတီ၊ ရန်အောင်တော်စေတီ၊ တောင်မြင့်မိုရ်နန်းဘုရား၊ ရွှေတောင်စေတီ၊ စံကားတောင်စေတီတို့ ဖြစ်ကြသည်။

နတ်ကြီးရှစ်ရပ်ဆိုသည်မှာ အရှေ့အရပ်ကို ဣန္ဒနတ်၊ အရှေ့တောင်အရပ်ကို အဂ္ဂိနတ်၊ တောင်အရပ်ကို ယမမင်းနတ်၊ အနောက်တောင်အရပ်ကို နရတီ ရေစောင့်ရက္ခိုက်နတ်၊ အနောက်အရပ်ကိုဝရုဏနတ်၊ အနောက်မြောက်ထောင့်အရပ်ကို ပါယပ်ခေါ် ဝါယုလေနတ်၊ မြောက်အရပ်ကို ကုဝေရ (ဝေဿဝဏ်)နတ်၊ အရှေ့မြောက်အရပ်ကို ဤသန(ဧသာန်)နတ်တို့ ဖြစ်လေသည်။

အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင် ဆိုသည်မှာ တခြားမဟုတ်၊ ဂန္ဓာရီပညာလောကီပညာတို့ဖြင့် အထူးတလည် စီရင်ပြုလုပ်ထားသော ဘေးကာရန်ကာအင်းချပ်ကြီးတစ်ရာ၊ ဘေးကာရန်ကာအင်းချပ်ငယ်တစ်ထောင်တို့ကို မြောက်ဦးနေပြည်တော်ကို မြင်းမိုရ်တောင်ပမာပြုလျက် သီတာခုနစ်တန်တောင်စဥ်ခုနစ်ထပ်ဝိုင်းရံပတ်ထားသလိုတိုင်းပြည်၏ အမိမှတ်နေရာများတွင် စီရင်မြှုပ်နှံပြီးလျှင် အထက်တွင်ဆိုခဲ့သလို ဘုရားကြီးငါးဆူ၊ နတ်ကြီးရှစ်ရပ်တို့ကိုလည်း မြောက်ဦးနေပြည်တော်၏ အမိမှတ်နေရာများမှနေ၍ဝိုင်းရံလျက် ဂန္ဓာရီပညာအလိုအားဖြင့် တည်ထားတည်ဖွဲ့လေသည်။

'အမောင်လည်းရောက် ငါ့နွားပျောက် အမောင်နွားခိုး ငါမရိုး' ဆိုသလိုပင် မြောက်ဦးပြည့်ရှင် မင်းဗာကြီးမင်းသည် ၁၅၃၄ ခုနှစ်တွင် အစ္စလာမ်ဘာသာဝင် သူရတန်မင်းလက်ထဲမှ စစ်တကောင်း၊ ဒက္ကား၊ မောက်သူဇအစရှိသော ဘင်္ဂါ (၁၂) ပြည်ထောင်အား ပြန်လည်သိမ်းပိုက်နိုင်ရုံသာမက နယ်မြေချဲ့ထွင်လာမှုအား ဟန့်တားပိတ်ပင်နိုင်ခဲ့သည်။ ၁၅၃၄ ခုနှစ်၌ ပင်လယ်ပြင်ကို ဗိုလ်ကျစိုးမိုး ထင်တိုင်းကြဲနေရုံသာမက မြောက်ဦးရွှေပြည်အား သိမ်းပိုက်ပြီး ကိုလိုနီပြုရန် ကြိုးစားအားထုတ်လာသော ပေါ်တူဂီရေတပ်ကြီးကိုလည်း ဖြိုခွင်းသုတ်သင်နိုင်ခဲ့သည်။ ၁၅၄၆ ခုနှစ်တွင် ဟံသာဝတီပြည် တပင်ရွှေထီးမင်းနှင့် ဘုရင့်နောင်စစ်သူကြီးတို့၏ပိုင်နက်နယ်မြေတိုးချဲ့တိုက်ခိုက်လာမှုအား တားမြစ်နောက်ဆုတ်စေနိုင်ခဲ့သည် စသည်စသည်တို့အား ထူးထူးခြားခြား ဆောင်ရွက်နိုင်စေခဲ့သည်ကတော့ အမှန်ပင်။ ဤနေရာမှာ ဂန္ဓာရီပညာရှင် သျှင်မြဝါ၏ကျေးဇူးမကင်းဟုဆို၍ ရခိုင်မည်ထင်



www.burmeseclassic.com

www.burmeseclassic.com

…ည်။

တကယ်တော့ တိုင်းပြည်အေး …ရာယ်ကင်းရှင်းအဖို့အတွက်၊ ရွှေနန်း …ာ်အေးအန္တရာယ်ကင်းရှင်းဖို့အတွက်၊ …ပြည်ကြီးများ တိုးတက်ဖို့အတွက်၊ …နန်းတော်ကြီးပွားတိုးတက်ဖို့အတွက် …င်ဂန္ဓာရီပညာရှင် သျှင်မြဝါသည် …ာက်ဖော်ပြပါ ဘုရားကြီးငါးဆူ၊ နတ် …ချစ်ရုပ်၊ အကာကြီးတစ်ရာ၊ အကာ …တစ်ထောင်အစီရင်များကို စီရင်ပြု …ခဲ့သလိုပင် တခြားသော လောကီ …အရင်များကိုလည်း အခါအားလျော် … ပြုလုပ်စီရင်ခဲ့ပါသေးသည်။ ထိုအထဲ …ဆင်ရှားသောအစီရင်တစ်ခုကို နမူနာ …ဖြစ် တင်ပြချင်ပါသည်။

၎င်းမှာတခြားမဟုတ်။ ရန်အောင် …ယျပုထိုးတော်ကြီးခေါ် သျှစ်သောင်း …ိုးတော်ကြီးနှင့် နီးနွယ်နေသော …ာကီပညာအစီရင်ကိုပင် ဖြစ်၏။ …ဘကြီးမင်းသည် ဘင်္ဂါ (၁၂) ပြည် …ောင်ကို အစွလာမ်ဘာသာဝင် သူရ …မင်းထံမှ ပြန်လည် သိမ်းပိုက်ရရှိ …သောအထိမ်းအမှတ်၊ ပေါ်တူဂီရေတပ် …ကို ဖြိုခွင်းတိုက်ခိုက်အောင်ပွဲဆင်နိုင် …ာ အထိမ်းအမှတ်အနေဖြင့် အေဒီ …၁၅ ခုနှစ်၊ သက္ကရာဇ် ၈၉၇ ခုနှစ်၊ …န်ဆောင်မုန်းလပြည့်၊ စနေနေ့တွင် …အောင်ဇေယျ ပုထိုးတော်ကြီး …ချစ်သောင်းပုထိုးတော်ကြီး) ကို တည် …ား ကိုးကွယ်တော်မူခဲ့လေသည်။ …ပုထိုးတော်ကြီးကို အရပ်ထဲမှာတော့ …ချစ်သောင်းဘုရားဟုခေါ် ဆိုသမုတ်ကြ …သည်။

ဤသျှစ်သောင်းဘုရားကို ဂန္ဓာရီ …ာရှင် သျှင်မြဝါက ကြီးကြပ်လမ်း …် တည်ဆောက်တော်မူခဲ့ခြင်း ဖြစ်ပေ …ည်။ ဤသျှစ်သောင်းဘုရားတည် …ားရန်အတွက် ဂန္ဓာရီပညာရှုထောင့်မှ …၍မင်္ဂလာနေရာတော်ရှာဖွေခြင်း၊ မင်္ဂ …ာအချိန်အခါရှာဖွေခြင်းတို့ကို စူးစမ်း …စ် ရှာဖွေတော်မူခဲ့သည်။ မြောက်ဦး …နန်းတော်၏မြောက်ဘက် မိုင်ဝက်ခန့် …ကွာ ဖိုးခေါင်တောင်ကုန်း၏ပေ (၄၀) …မြင့်သော အနောက်ဘက် တောင် …န်းမြေကို မင်္ဂလာမြေနေရာအဖြစ် …ချယ်သတ်မှတ်လျက် ကောဇာနှစ် …၇ ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ စနေ … နေထွက်စအချိန်တွင် သျှစ်သောင်း …ရား ရွှေပန္နက်တော်ချစဉ် သျှင်မြဝါ …

"အပြည်ပြည်ကို သျှင်ငယ်ရစ်ဝန်း



အေးမှုထမ်း"

ဟု ဥဒါန်းကျူးရင့်တော်မူခဲ့လေသည်။

သျှစ်သောင်းဘုရားကို ကျောက်တုံးကြီးများ ဖြတ်တောက်စီရီတည်ဆောက်ထားခြင်း ဖြစ်သည်။ အလျားမှာ (၁၆၈) ပေ၊ အနံမှာ (၁၂၄) ပေ၊ ဉာဏ်တော်အမြင့်မှာ (၈၆) ပေရှိသည်။ မဟာရံတံတိုင်းမှာ အရှေ့မှ အနောက်သို့ (၂၂၅) ပေ၊ မြောက်မှတောင်သို့ (၁၈၀) ပေ ရှိသည်။ ရှစ်သောင်းဘုရားကို လိုဏ်ငါးထပ်ဖြင့် တည်ဆောက်ထားသည်။ သျှစ်သောင်းဘုရားကြီး၏ခေါင်မိုးတွင် ဓာတ်လုံးစေတီကြီးတစ်ဆူကို အရံစေတီ (၂၆) ဆူက ဝန်းရံထားသည်။ မဟာရံရင်ပြင်နှစ်ဆင့်ရှိသည်။

သျှင်မြဝါ၏ အစီအမံဖြင့် သျှစ်သောင်းဘုရားအား တစ်ရာ့ရှစ်ခန်းသော မြေအောက်ဌာပနာတိုက်ကို စီရင်ရာ၌ မင်းဗာကြီးမင်းကိုယ်တိုင် ဗုဒ္ဓဂယာဒေသမှ ပင့်ဆောင်လာနိုင်ခဲ့သော ဗုဒ္ဓဘုရားရှင်၏ သရီရဓာတုဓာတ်တော်မွေတော်များ၊ ရဟန္တာတို့၏ ဓာတ်တော်မွေတော်များနှင့်ရတနာမျိုးစုံသွန်းစက်တော်များကို ဌာပနာရုံသာမက ပွင့်တော်မူပြီးသော ဗုဒ္ဓဘုရားရှင် ရှစ်သောင်းလေးထောင်၊ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်ကို ရည်မှန်းလျက် ဗုဒ္ဓဘုရားရှင်ဆင်းတုတော်ပေါင်း ရှစ်သောင်းလေးထောင်ကို ကိန်းဝပ်စံပယ်စေလျက် ဤရှစ်သောင်းဘုရားတည်တော်မူခဲ့သည်ဟူ၏။ ဆက်လက်ပြီး သျှင်မြဝါသည် မဟာသမယသုတ်တော်လာ နတ်ဒေဝတာ ရှစ်သောင်းလေးထောင်ကို ရည်သော နတ်ဒေဝတာရုပ်တု ရှစ်သောင်းလေးထောင်၊ ဆိုင်ရာဆိုင်ရာအင်းချပ်ကြီးငယ် ရှစ်သောင်းလေးထောင် အပါအဝင် အစီရင်ကြီးငယ်အဖွယ်ဖွယ်တို့ကို လောကီပညာအလိုအားဖြင့် စီမံခန့်ခွဲပြန်သည်။

တကယ်တော့ ဤသျှစ်သောင်းဘုရား၏ မူလဘွဲ့အမည်နာမတော်မှာ ရန်အောင်ဇေယျဘုရားပင် ဖြစ်သည်။ သို့သော် ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်၊ ပွင့်တော်မူပြီးသောဗုဒ္ဓဘုရားရှင် ရှစ်သောင်းလေးထောင်ကိုအကြောင်းပြု၍ ရှစ်သောင်းလေးထောင်သော အစီအရင်ဖြင့်ပြီးစီးနေသောဘုရားဖြစ်သဖြင့် ရှစ်သောင်းလေးထောင်ဘုရား ဟူ၍ အနှုတ္တသညာခေါ်တွင်ရာမှ နောင်တွင် သျှစ်သောင်းဘုရားဟု အမည်တွင်သမုတ်လာခြင်းပင် ဖြစ်၏။

မဖြစ်မနေ ပြောဆိုရမည့် ဤသျှစ်သောင်းဘုရားနှင့် နီးနွယ်နေသည့် သျှင်မြဝါ၏ အထိကရကျသောလောကီပညာအစီရင်မှာ မဏ္ဍိုင်ငါးရပ်အစီရင်ပင် ဖြစ်သည်။ မဏ္ဍိုင်ငါးရပ်၌ (၁) ပထမမဏ္ဍိုင်၊ (၂) ဒုတိယမဏ္ဍိုင်၊ (၃) တတိယမဏ္ဍိုင်၊ (၄) စတုတ္ထမဏ္ဍိုင်၊ (၅) ပဉ္စမမဏ္ဍိုင်ဟူ၍ရှိသည်။ ပထမမဏ္ဍိုင်သည် (၃၁) ဘုံကို အောင်မြင်တော်မူသော ဗုဒ္ဓမဏ္ဍိုင်၊ ဒုတိယမဏ္ဍိုင်သည် ဗြဟ္မာဘုံ (၂၀) ကို အစိုးရတော်မူသော ဗြဟ္မာမင်းမဏ္ဍိုင်၊ တတိယမဏ္ဍိုင်သည်ကား နတ်ဘုံလောကကို အစိုးရတော်မူသော သက္ကမဏ္ဍိုင်၊ စတုတ္ထမဏ္ဍိုင်မှာမူကား အပါယ်လေးဘုံကို အစိုးရတော်မူသော စတုလောကပါလနတ်မင်းကြီးလေးပါးမဏ္ဍိုင်၊ ပဉ္စမမဏ္ဍိုင်သည်ကား လူ့ဘုံလောကကို အစိုးရတော်မူသော နရရာဇ် (လူမင်း) မဏ္ဍိုင်အစခပ်သိမ်းတို့ ဖြစ်သည်။

သျှစ်သောင်းဘုရား၏ အလယ်ဗဟိုချက်မ ဂန္ဓာကုဋိတိုက်၌ ဗုဒ္ဓမဏ္ဍိုင် (ပထမမဏ္ဍိုင်) အဖြစ် ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း ပစက်မုဒြာ ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူစေလျက် သျှစ်သောင်းဘုရားဂူပတ်လမ်းကြောင်း၌ ဗုဒ္ဓမဏ္ဍိုင်၏ အဂ္ဂိထောင့်၌ ဗြဟ္မမဏ္ဍိုင် (ဒုတိယမဏ္ဍိုင်)၊ တနင်္ဂနွေထောင့်၌ သက္က (သိကြားမင်း) မဏ္ဍိုင် (တတိယမဏ္ဍိုင်)၊ ရာဟုထောင့်၌ စတုလောကပါလမဏ္ဍိုင် (စတုတ္ထမဏ္ဍိုင်)၊ စနေထောင့်၌ နရရာဇ် (လူမင်း) မဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်)စသဖြင့် နေရာချစီရင်ခြင်းဖြင့် မဏ္ဍိုင်ငါးရပ်အစီရင်ကို တည်ဖွဲ့တော်မူသည်။ ရှစ်သောင်းဘုရားအား လိုဏ်ပတ်လမ်းအတိုင်း လက်ယာရစ်ဝင်လျှောက်ခဲ့လျှင် ဗြဟ္မမဏ္ဍိုင် (ဒုတိယမဏ္ဍိုင်)၊ နရရာဇ်မဏ္ဍိုင် (ပဉ္စမမဏ္ဍိုင်)၊ စတုလောကပါလမဏ္ဍိုင်(စတုတ္ထမဏ္ဍိုင်)၊



www.burmeseclassic.com

www.burmeseclassic.com

သက္က (သိကြားမင်း) မဏ္ဍိုင် (တတိယမဏ္ဍိုင်)တို့ကို အစဉ်အတိုင်း တွေ့ပြီးမှ ပထမမဏ္ဍိုင် (ဗုဒ္ဓမဏ္ဍိုင်) ဖြစ်သော ဗုဒ္ဓရုပ်ပွားတော်ကို ဖူးတွေ့ရမည် ဖြစ်သည်။

သျှင်မြဝါ၏မဏ္ဍိုင်ငါးရပ်ဆိုသော လောကီအစီရင်သည် စကြဝတေးမင်းကဲ့သို့ ဘုန်းတန်ခိုးဩဇာစီးပွားမနည်စွာ ကြီးပွားတိုးပွားလာစေနိုင်သောအစီရင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မင်းဗာကြီးမင်းသည် အနှစ်နှစ်ဆယ်နီးပါးမျှ ကြီးမားသော ရေတပ်၊ ကြည်းတပ်ကို ပိုင်ဆိုင်သော စစ်ဧကရာဇ်မင်းအဖြစ်၊ ကြွယ်ဝချမ်းသာသော ပြည့်ရှင်မင်းအဖြစ် ထင်ရှားခဲ့ရုံသာမက နောက်မင်း (၆) ဆက်နှစ်ပေါင်း (၁၀၀) ကျော်မျှ ရွှေပြည်ရခိုင်မြောက်ဦးရွှေနန်းတော်သည် စီးပွားရေးစစ်ရေးအရ အလွန်ကြီးမားလှစွာသော လက်နက်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်ကတော့ ရာဇဝင်သမိုင်းတွင် အထင်အရှားပင်။

နောက်ဆုံးတင်ပြချင်သည်ကတော့ သျှင်မြဝါ၏မြို့ချာတိုင် အစီအရင်ပင်ဖြစ်သည်။ တကယ်လည်း ရခိုင်ဂန္ဓာရီပညာရှင် သျှင်မြဝါ၏ နောက်ဆုံးလောကီပညာအစီရင်ဖြစ်နေပေသည်။

အေဒီ ၁၅၃၇ ခုနှစ်တွင် မင်းဗာကြီးမင်းက မြောက်ဦးနေပြည်တော်၏ မြို့တည်ကိန်းခန်း၊ မြို့သက်တမ်းကို သျှင်မြဝါအား တွက်ချက်စေခဲ့ရာ မြို့ကိန်းခန်း၊ မြို့သက်တမ်းလျော့နည်းကုန်ခန်းလာတော့မည်ကို တွေ့ရှိရသဖြင့် မြို့တည်ကိန်းခန်း မြို့သက်တမ်း ရှည်လျားရှင်သန်စေရန်အတွက် မြို့တည်ကိန်းခန်းဆက်၊ မြို့သက်တမ်းဆက် အစီအရင်ဖြစ်သော မြို့ချာတိုင် (မြို့ဗဟိုချက်မတိုင်) အစီအရင်ကို စီမံပြုလုပ်စေသည်။

ဂန္ဓာရီပညာအရာ၌ တစ်ဖက်ကမ်းခပ်ဖြစ်သော သျှင်မြဝါသည် မင်းဗာကြီးမင်း၏ အလိုတော်တိုင်း မြို့ချာတိုင်အစီရင်ပြုလုပ်ရန်အတွက် မင်္ဂလာနေရာတော်၊ မင်္ဂလာနေ့ရက်တော်၊ မင်္ဂလာအချိန်အခါတော်အား အသေအချာစိစစ် ရွေးချယ်ပြီး ဤသို့ ပြုလုပ်ခဲ့လေသည်။ မင်္ဂလာနေ့ရက်တွင်ရွေးချယ်ထားသော မင်္ဂလာနေရာ၌ မင်္ဂလာအချိန်ရောက် သျှင်မြဝါသည် မြို့ချာတိုင်အစီရင်ကို စတင်လုပ်ဆောင်လေသည်။ ထိုသို့ ပြုလုပ်နေစဉ်တုန်းတွင် အစီရင်ထဲတွင် မဖြစ်မနေပါဝင်ရမည့် ကြာသပတေးနံ ကြွက်ဖြူလေးငါးကောင်လွတ်ပြေးသွားလေရာ မင်္ဂလာအချိန်မကုန်မီ နောက်ထပ် ကြာသပတေးနံရယူရန် ခက်ခဲခဲယဉ်းသွားလေသည်။

ကြာသပတေးနံကလည်း မင်္ဂလာအချိန်အတွင် မဖြစ်မနေချက်ချင်းလိုအပ်နေသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ မင်္ဂလာနေ့ရက်မျိုး၊ မင်္ဂလာအချိန်မျိုးကို နောင်အနှစ်တစ်ရာအတွင်းတွင် ငိုယို၍ရှာဖွေလျှင်ပင်ရရှိနိုင်မည်မဟုတ်သောကြောင့် ဖြစ်သည်။ သို့အတွက်ကြောင့် သျှင်မြဝါက ကြာသပတေးနံကို သွားရှာနေလျှင်၊ သွားယူနေလျှင် ဒီမင်္ဂလာအချိန်ကိုမီတော့မည်မဟုတ်။

"ငါသျှင်မြဝါသည် ကြာသပတေးသား၊ ကြာသပတေးနံဖြစ်သဖြင့် ဤမြို့ချာတိုင်အစီရင်တွင် ပါဝင်ပတ်သက်လိုက်တော့မည်။ သင်တို့သည် ငါပြောသောစကားကို ခရေစေ့တွင်းကျ အသေအချာ နားထောင်ကျကုန်လော့။ ယခုငါပြောသည့်အတိုင်း တစ်ခုမကျန် အကောင်အထည်ဖော် လုပ်ဆောင်ပေးကြကုန်လော့"

ဟု သူ့ကိုကူညီလုပ်ဆောင်ပေးကြသူများကို အသေအချာ မှာကြားလိုက်သည်။

"ငါ၏ရင်ကိုခွဲ၍ ငါ၏အူကိုဆွဲနုတ်ပြီး ဤမြို့ချည်တိုင်မှာချည်ပတ်ကာ ငါနောက်ကိုရသလောက် ဆုတ်ခွာသွားမည်။ ထိုသို့ နောက်ဆုတ်ခွာသွားစဉ် ငါလဲကျ၍ ငါအသက်ကုန်သွားသောနေရာမှာ ငါ့အလောင်းကို မြှုပ်နှံကြကုန်လော့။ ထိုနေရာမှာ မဖြစ်မနေမြှုပ်နှံကြပါ။တခြားနေရာသို့ပြောင်းရွှေ့မြှုပ်နှံခြင်း မပြုပါနှင့်။ သို့မဟုတ်လျှင် ဤမြို့ချာတိုင်အစီအရင်၏ အကျိုးကျေးဇူးပြုမှုကို အပြည့်အဝခံစားရရှိနိုင်လိမ့်မည်မဟုတ်"

ဟု အမောတကော မှာကြားပြီး သျှင်မြဝါသည် သူ၏ရင်ကို ချွန်ထက်သောဓားမြှောင်ဖြင့် ဆောလျင်စွာခွဲစိတ်ကာ အူကိုဆွဲထုတ်လျက် စိုက်ထူစဖြစ်သော မြို့ချာတိုင်တွင် လျင်မြန်စွာ ရစ်ပတ်ချည်နှောင်လိုက်ပြီး မန္တရားတစ်ပုဒ်ကို တိုးတိုးညင်းညင်းရွတ်ဖတ်သရဇ္ဈာယ်ရင်း ဖြည်းညင်းစွာ နောက်ပြန်ဆုတ်ခွာရာ သိပ်မကြာမီမှာပင် သျှင်မြဝါသည် လဲပြို၍ အသက်ကုန်ဆုံးခြင်းကို ရောက်သွားလေသည်။

အဖြစ်အပျက်သည် မြန်ဆန်လွန်းသဖြင့် ဝိုင်းဝန်းကြည့်ရှုနေကြသော မင်းဗာကြီးမင်းနှင့် ပရိသတ်အပေါင်းတို့သည် ဟန့်တားချိန်မရလိုက်ဖြစ်သွားခဲ့သည်။

လိုရင်းကိုဆိုရလျှင် မင်းဗာကြီးမ[illegible] သည် သူ၏ငယ်သူငယ်ချင်းလည်းဖြ[illegible] ညီအစ်ကိုဝမ်းကွဲလည်းဖြစ်၊ ဆရာလည်း[illegible] ဖြစ်သော သျှင်မြဝါ ကွယ်လွန်သွား[illegible] သည့်အတွက် ယူကျုံးမရစိတ်မကောင်း[illegible] ဖြစ်ကာ ကြွင်းကျန်ရစ်သော ရုပ်ကလာ[illegible] ကို ထိုက်ထိုက်တန်တန် သင်္ဂြိုဟ်လိုသော[illegible] ဆန္ဒပေါ်ခဲ့လေသည်။ မြောက်ဦးရွှေနန်း[illegible] တော်၏ တော်ဝင်မိသားစုတို့ကလည်း[illegible] သျှင်မြဝါသည် မင်းညီမင်းသားတစ်[illegible] ဖြစ်သည်အလျောက် မင်းညီမင်းသာ[illegible] ဂုဏ်ရည်နှင့်ဖက်ညီစွာ သင်္ဂြိုဟ်ပေး[illegible] လိုသောဆန္ဒကို ဖော်ပြကြသည်။

သို့သော် သျှင်မြဝါက သူလဲ[illegible] ကွယ်လွန်သွားသောနေရာမှာပဲ မြှုပ်[illegible] သင်္ဂြိုဟ်ပါဟု အမှာစကားကရှိနေပြ[illegible] သည်။ ဖြစ်နေသည်က သျှင်မြဝါလဲ[illegible] ကွယ်လွန်သွားသောနေရာသည် မသ[illegible] မရှင်းနိမ့်ကျသောနေရာဖြစ်နေသည်[illegible] ထိုနေရာသည် မင်းညီမင်းသားတစ်[illegible] ၏ သင်္ချိုင်းနေရာမဖြစ်သင့်ဟု ယူဆ[illegible] သည်။ နောက်ဆုံးတွင် သံဃာအ[illegible] ဘုရားမလွန်သာ ဆိုသလို မနီးမဝေး[illegible] တောင်ကုန်းပေါ်တွင် သျှင်မြဝါ၏[illegible] ကလာပ်ကိုမြှုပ်နှံသင်္ဂြိုဟ်လိုက်ကြသည်[illegible]

တိုင်းသူပြည်သားအများကတော့ သျှင်မြဝါ၏အမှာစကားအတိုင်း သူလဲ[illegible] အသက်ကုန်သောနေရာမှာ မမြှုပ်နှံ[illegible] ခဲ့သဖြင့် ဝမ်းနည်းပက်လက်ဖြစ်ခဲ့ကြ[illegible] သည်။ သျှင်မြဝါ၏ အမှာစကား[illegible] အပြည့်အဝမလိုက်နာခဲ့ကြသဖြင့် မြို့ချာ[illegible] တိုင်အစီအရင်၏ အကျိုးကျေးဇူး[illegible] အပြည့်အဝမရနိုင်တော့ဟု ယုံကြည်[illegible] သည်။

သို့ဖြစ်သည်တိုင် မြောက်ဦးရွှေ[illegible] ပြည်ရွှေနန်းသည် နောက်ထပ်မင်းဆက် (၂၇) ဆက်၊ မြို့သက်နန်းသက် (၂၄[illegible]) နှစ် ရှည်လျားခဲ့သည်။

အနှစ်ချုပ်ဆိုရလျှင် သျှင်မြဝါ[illegible] သည် ဂန္ဓာရီပညာရှင်ဆိုပေမယ့် တခြား[illegible] ဂန္ဓာရီပညာရှင်တို့နှင့်မတူဘဲ တိုင်းခ[illegible] ပြည်ချစ်စိတ်အလွန်ပြင်းထန်ကာ တိုင်း[illegible] ပြည်နှင့်လူမျိုးအတွက် မိမိအသက်[illegible] စွန့်ပေးဝံ့သူဖြစ်ကြောင်းကို လက်တွေ့[illegible] ပြသသွားသည်က အတိဂါရဝပြုဦးညွှ[illegible] စရာဖြစ်၏။တစ်နည်းဆိုရလျှင် သျှင်မြဝါ[illegible] ကို ရခိုင်အာဇာနည်ဟု မော်ကွန်းထိ[illegible] သမုတ်ထိုက်ပေသည်။

ပုန်းရှို[illegible]



www.burmeseclassic.com

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

# ပစ္စည်းပျောက်မှာ ဆပွတ်နဲ့ရှာ

### ပစ္စည်းပျောက်လျှင် ဆပွတ်ဖြင့်ဓာတ်ဆင်ရှာနည်း

| ပျောက်သောပစ္စည်းနံ | စားရန်ဆပွတ်အစာ | ကိုင်၍ရှာရန်ဝတ္ထုပစ္စည်း |
|---|---|---|
| ၁။ တနင်္ဂနွေနံ | သီဟိုဠ်စေ့စား၊သီးသီးစား။ | သော့ကိုင်ရှာ၊သံသတ်ကိုင်းကိုင်။ |
| ၂။ တနင်္လာနံ | နွားနို့သောက်၊ထန်းသီးစား။ | ထီးကိုင်ရှာ၊ တုတ်ကိုင်ရှာ။ |
| ၃။ အင်္ဂါနံ | အုန်းသီးစား၊အုန်းရည်သောက်။ | အုန်းသားကိုင်၊အိတ်ကိုင်ရှာ။ |
| ၄။ ဗုဒ္ဓဟူးနံ | ကျောက်ကျောစား၊ကြံစုတ်။ | ကံ့ကော်သား၊ကျောက်ခဲကိုင်ရှာ။ |
| ၅။ ကြာသပတေးနံ | ဆီးသီးစား၊ ဆားလျက်။ | ဆီးကိုင်းကိုင်၊ ဇွန်းကိုင်ရှာ။ |
| ၆။ သောကြာနံ | ရေသောက်၊ရှောက်ယိုစား။ | ဝါးလုံးကိုင်ရှာ၊ရွက်လှခက်ကိုင်ရှာ |
| ၇။ စနေနံ | ပေါင်မုန့်စား၊ ပေါက်ပေါက်စား။ | မေမြို့ပန်း၊ ပျဉ်းမကိုင်းကိုင်ရှာ။ |

လူ့လောကအတွင်းနေထိုင်ကြသူ ...များမှာ ကိစ္စမြားမြောင် လူတို့ ...င်ဝယ် ဆိုသောစကားအတိုင်း လူမှု ...ကိစ္စများနှင့် နေ့စဉ် နပန်းလုံးတွေ့ ...ပ်ကိုင်နေကြရသည်။ အလုပ်နှင့် ...သက်သောပစ္စည်းများ၊ စာရွက်စာ ...များ၊ အိမ်သုံးပစ္စည်းအသေးအဖွဲ့က ... လက်ဝက်ရတနာတန်ဖိုးရှိသော ...ည်းများ၊ ငွေကြေးများကိုသိမ်းထား ... သတိမေ့လျော့ပြီး ဥစ္စာပစ္စည်းငွေ ...များ ပျောက်ဆုံးနေတတ်ကြ၏။ ...မာသောသူများကြောင့်လည်း ပစ္စည်း ...ပျောက်ဆုံးတတ်သည်။

ထိုသို့သော ပုဂ္ဂိုလ်များအတွက် ...စ်လုံးကြေ အင်္ဂဝိဇ္ဇာပညာအကျော် ...ရာတော်ခင်ကြီးပျော်၏ ဥစ္စာပစ္စည်း ...ပျောက်လျှင် ဆပွတ်ဓာတ်ဖြင့်ဓာတ်ဆင် ...နည်းကို မျှဝေပေးလိုက်ပါသည်။

ဥစ္စာပစ္စည်းပျောက် ဓာတ်ဆင် ...နည်းမှာ ပျောက်သောပစ္စည်းနံ၏ (၆)ခု ...ြောက် ဆပွတ်နံကို စား၍သော်လည်း ...ကောင်း၊ ဆပွတ်နံပစ္စည်းတစ်ခုကိုကိုင်၍ ...သော်လည်းကောင်း ပစ္စည်းကိုရှာရ၏။

ဥပမာ ပျောက်သောပစ္စည်းသည် ...င်္ဂါနံလက်စွပ်ဖြစ်လျှင် အင်္ဂါနံ၏ ...ဆပွတ်မှာ အင်္ဂါမှ (၆)ခုမြောက် တနင်္ဂနွေဖြစ်သည်။ အုန်းသီးကိုစားပြီး တနင်္ဂနွေနံ အပ်၊ အိုး၊ အိတ်တစ်ခုခုကိုကိုင်၍ ရှာရမည်။

သို့သော် ရှာဖွေရမည့်အရပ်ကို လည်းသိရှိရန်လိုသေးသဖြင့် ဥစ္စာ ပျောက်ရှာရန် အရပ်ညွှန်းဒက်သေကိန်း ကိုပါ ဖော်ပြလိုက်ပါသည်။

**(ဥစ္စာပျောက်ရှာရန်ဒက်သေကိန်း)**

| | | |
|---|---|---|
| | ၃<br>အရှေ့ | |
| ၅<br>မြောက် | ၁-၆<br>အိမ်တွင်း | ၄<br>တောင် |
| | ၂၇<br>အနောက် | |

*သူရဋ္ဌသောကြာ၊ ထောက်ဆကွယ်၊*
*အိမ်တွင်းမှာ။ ဗုဒ္ဓဆိုတောင်အရပ်*
*ကယ်နှင့်။*
*မြောက်အရပ်မှာ ဂုရုထား၊ များ*
*မှတ်ကြရာ။*
*ဘောမမှာတော့၊ ရှေ့ပြုဗ္ဗာ၊*
*နောက်မှာဆိုက၊ စန္ဒြေသောရီ-*
*ပဲရယ်လို့မလွဲအောင် အရပ်ကို*
*ပိုင်းလိုက်မယ်၊ ကိုင်း-ခုရှာကြ။*

သူရဋ္ဌအခါ၊ သောကြာအခါမှာ ပစ္စည်းပျောက်သော်လည်းကောင်း၊ ၎င်းအခါမှာလာမေးသော် လည်းကောင်း အိမ်အတွင်းမှာရှိ၏။ အိမ်အာရာမ်တွင်းမှာရှိ၏။ အင်္ဂါအခါပျောက်သော် လည်းကောင်း၊ ၎င်းအခါမှာမေးလာသော် လည်းကောင်း အရှေ့အရပ်မှာရှိသည်။ ဗုဒ္ဓဟူးအခါပျောက်သော်လည်းကောင်း မေးလာသော် လည်းကောင်း တောင်အရပ်မှာရှိ၏။ စန္ဒြအခါ၊ သောရီအခါ ပျောက်သော် မေးလာသော် လည်းကောင်း အနောက်အရပ်မှာရှိသည်။ ဂုရုအခါပျောက်သော် လည်းကောင်း၊ မေးလာသော်လည်းကောင်း မြောက်အရပ်မှာရှိ၏ဟုမှတ်ပါလေ။ ဟောပါလေ။

ရှာရမည့်အရပ်နေရာမှာ ပျောက်သောအခါ၊ မေးလာသောအခါမှာ ဒက်သေကိန်းအရ အရပ်ဒေသမှာရှာရမည် ဖြစ်သည်။

*(ခုနစ်နေ့သားသမီးများအားလုံး*
*ကိုယ်စိတ်နှစ်ပါး*
*ကျန်းမာချမ်းသာကြပါစေ)*

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့၏ပတ်ဝန်းကျင်တွင် တစ်ခါတစ်ရံ၌ မျှော်လင့်မထားကြသော အရာများ မထင်မှတ်ဘဲ ဖြစ်လာတတ်ကြသည်ကို တွေ့ကြုံကြရသည်များရှိ လေ့ရှိထရှိကြ၏။ ထိုအတွေ့အကြုံများထဲမှအချို့သည် ဂမ္ဘီရဆန်လွန်းစွာဖြင့် သဘာဝလွန်ဖြစ်ရပ်အဖြစ် ဖြစ်ပျက်တတ်ကြသည်ကိုလည်း မယုံကြည်နိုင်စရာ တွေ့ရကြုံရလေလေလည်းရှိတတ်ကြသည်။ ထိုဖြစ်ပျက်မှုတို့သည် Supernatural ခေါ် သဘာဝထက် ပိုမိုထူးခြွန်သည့်ဖြစ်ရပ်များ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့အဖြစ်အပျက်တို့သည် လူတို့မယုံနိုင်စရာများဖြစ်၍ ပြောမယုံ ကြုံဖူးသည်ဆိုသလို ကြုံတတ်သူများသာသိကြရသော၊ လက်ခံယုံကြည်နိုင်ကြသော အဖြစ်အပျက်များ ဖြစ်ကြ၏။

ဥပမာ ထူးခြားဆန်းကြယ်စွာတွေ့ကြုံရတတ်သည့် မိုးကြိုးမီးလုံးကြီးများ၊ စုန်းမီး၊ သရဲမီးများ၊ သရဲ၊ တစ္ဆေများ၊ ဘီလူး၊ သဘက်များ၊ မှင်စာများ၊ ကျတ်များ ဥစ္စာစောင့်များ၊ နတ်ဒေဝတာများသည် စသည်တို့နှင့် အခြားမမြင်အပ်သော တွေ့ကြုံမှုများဖြစ်ကြသည်။

သို့သော် အချို့အချို့တို့က ထိုအကြောင်းအရာများကို ယုတ္တိမတန်သောဖြစ်ရပ်များအဖြစ် လုံးဝလက်မခံကြပေ။ ထိုအထဲတွင် ကျွန်တော်၏တူတော်သူ ဒေါက်တာတင်မျိုးဝင်းတစ်ယောက်လည်း ပါပေသည်။

နဂိုကမူ ကျွန်တော်သည် Matter သမားဖြစ်၍ ဝိညာဉ်လောကကို လက်ခံသူ မဟုတ်ပေ။ သို့သော် ကျွန်တော်ကိုယ်တိုင် သဘာဝလွန်ဖြစ်ရပ်များကို တွေ့ကြုံလာရသည့်အခါတွင်ကား အကြွင်းမဲ့လက်ခံရကာ ကျွန်တော်၏ တွေ့ကြုံမှုများကို အခြေခံ၍ သူပြောငါပြော ပရလောကအတွေ့အကြုံများနှင့် ပေါင်းစပ်၍ သူရဲမဂ္ဂဇင်းကြီး၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးများ အပါအဝင် ဂမ္ဘီရ အစရှိသည့် မဂ္ဂဇင်းအတော်များများ၌ ဗဟုသုတအဖြစ် ရေးသားတင်ပြခဲ့၏။ ကျွန်တော်တို့၏ မြတ်ဗုဒ္ဓကလည်း လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ပြိတ္တာ၊အသူရကာယ်၊အပါယ်လေးဘုံဟူ၍ ဘုံ (၃၁) နှင့် ပတ်သက်၍ ဟောကြားခဲ့သည် မဟုတ်ပါလား။

# နေဝင်းနိ

## သရဲခြောက်သောအိမ်ကြီး





www.burmeseclassic.com

www.burmeseclassic.com

မည်သို့ပင်ဆိုစေ တူတော်မောင် တင်မျိုးဝင်းကတော့ ထိုအဖြစ်အပျက်မျိုးကို ခါးသီးစွာ ငြင်းဆန်ရုံမျှမက ဂမ္ဘီရဝတ္ထုများ၊ ပရလောကနှင့် ဆက်စပ်ဇာတ်လမ်းလေးများကို အခါအားလျော်စွာ ရေးသားနေသော ကျွန်တော့်ကိုပင်-

"ဘကြီးရေးတဲ့ ဝတ္ထုဇာတ်လမ်းလေးတွေက စိတ်ဝင်စားစရာတော့ အကောင်းသား။ ဖတ်လို့လည်းကောင်းပါတယ်။ ဟစ်ခါတလေမှာ တကယ်ဖြစ်ခဲ့တာလိုလိုနဲ့"

ဟုပင် သရော်ပြောပြောလေ့ရှိခဲ့သည်။

ထိုအခါ ကျွန်တော်က ပြုံး၍ -

"မအေး-အကြောင်းတိုက်ဆိုင်ရင်တော့ ဘကြီးရေးတဲ့ဇာတ်လမ်းလေးတွေ တကယ်ဟုတ်၊ မဟုတ် သိရအောင် တူမောင်ကို လှမ်းခေါ်ပြီး လက်တွေ့ပြပါ့မယ်"

ဟု ပြောလိုက်၏။

"လေ့လာရတာပေါ့ ဘကြီးရာ"

"အေး အး-အကြောင်းတိုက်ဆိုင်တာရှိရင် ဘကြီးလှမ်းခေါ်လိုက်မယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ ဘကြီး"

သည့်အတွက်ကြောင့်ပင် ယခုရေးသား ပေးပြမည့် ဂမ္ဘီရဇာတ်လမ်းလေးက အမှတ်မထင် ဖြစ်ပေါ်လာခြင်းဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါချေ။ အဖြစ်ကဒီလိုပါ။

မှတ်ချက်-ဒေါက်တာတင်မျိုးဝင်းဆိုသည်မှာ (×××) မြို့ ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံမှ ဆန်းကြယ်ထူးခြားဖြစ်စဉ်တစ်ခုကိုပြောပြခဲ့သူ ဖြစ်ပါသည်။ ၎င်း၏ပြောပြချက်ကို ၂၀၀၈ ခု၊ ဩဂုတ်လထုတ် သုရဿမဂ္ဂဇင်း၌ 'လူနာခုတင်နံပါတ် တစ်ဆယ့်လေး' ဟူသောခေါင်းစဉ်ဖြင့် ရေးသားခဲ့ပါသည်။

ကျွန်တော်သည် မြေလတ်ဒေသရှိ မြို့လေးတစ်မြို့တွင်နေသူ ဖြစ်၏။ ဟစ်နေ့ ကျွန်တော်နေထိုင်သည့်မြို့လေးတွင် ထူးခြားဆန်းကြယ်၍မယုံကြည်နိုင်လောက်စရာ အံ့သြဖွယ်ကောင်းသောဖြစ်ရပ်တစ်ခုသည် နွေဦးကာလ၏ညနေခင်းတစ်ခု၌ ဖြစ်ပျက်ခဲ့သည်။

ဖြစ်သွားပုံမှာ -

ထိုနေ့က နွေဦး၏လေရူးလေးများက ခတ်နော့နော့တိုက်ခတ်လျက်ရှိသဖြင့် ရော်ရည်ဖြာရွှေရွက်ဝါလေးများ မြေလွှာထက်သို့ ဈာန်တုန်လျှော၍ကြွေကျနေကြသည်မှလွဲ၍ ရာသီဥတုက သာယာလျက်ရှိ၏။

သို့သော် ညနေနေဝင်ရီတရောအချိန်အခါက်တွင်တော့ ရုတ်တရက်ဆိုသလို အနောက်ဘက်ဆီမှ မိုးသားတိမ်လိပ်များ တရိပ်ရိပ်တက်လာပြီ။ လျှပ်စစ်လျှပ်ရောင်များ တဝင်းဝင်းလင်းလက်လာကာ ရုတ်ခြည်းမည်းမှောင်သွား၏။ ထို့အတူ တဂျုန်းဂျုန်းတဒိုင်းဒိုင်း မိုးထစ်ချုန်းသံများလည်းညံသွားသည်။ လေပြင်းမုန်တိုင်းများလည်း ကျလာသည်။ သစ်ပင်သစ်ကိုင်းတွေလည်းကျိုးကုန်ကြ၏။

ထိုအချိန် မြို့စွန်တစ်နေရာရှိ နေပြောက်မထိုးလောက်အောင် အုပ်ဆိုင်းဝေစည်လျက်ရှိသော ကျောက်စိမ်း၊ မြကျောက်၊ မန္တလေးရင်ကွဲ အစရှိသည့် သရက်ခြံကြီးတစ်ခြံအတွင်းမှ ရှေးဟောင်းအုန်းလေးဖက်ထိုးဆင်ဝင်အိမ်ကြီးတစ်အိမ်၏အတွင်းသို့ နီနီရဲရဲကြီးတောက်ပလျက်ရှိသော ဘောလုံးအရွယ် မီးလုံးကြီးတစ်လုံးသည် ဝင်းခနဲလင်းလက်လိုက်သည့်လျှပ်စစ်ရောင်ခြည်တန်းကြီးနှင့်အတူ ဝင်ရောက်လာသည်။

ထိုအိမ်သည် ကျွန်တော်တို့မြို့လေးတွင် နာမည်အလွန်ကြီးသည့်လယ်ယာအချို့နှင့် ဆန်ကြိတ်စက်၊ ဆီစက်အထည်ချုပ်စက်တို့ကို ပိုင်ဆိုင်လျက်ရှိသော သူဌေးကြီး ဦးမြသာ၏အိမ် ဖြစ်သည်။ ထိုမီးလုံးကြီး အိမ်ကြီးထဲဝင်လာချိန် မိုးကြီးလေကြီးကျ၍ လေပြင်းမုန်တိုင်းတိုက်စဉ်က ဦးမြသာ အပြင်အလုပ်ကိစ္စတစ်ခုနှင့် သွားနေချိန် ဖြစ်သည်။

ရုတ်ခြည်းဆိုသလိုဝင်ရောက်လာသည့်မီးလုံးကြီးကြောင့် ဦးမြသာ၏ဇနီးနှင့် သမီးနှစ်ယောက်၊ အိမ်ဖော်မလေးတစ်ယောက် ပေါင်း-လေးယောက်တို့လည်း မီးလုံးကြီးကိုကြည့်ပြီး လန့်ဖျပ်၍ ငယ်သံပါအောင် သံပြိုင်အော်လိုက်ကြ၏။ မီးလုံးကြီးသည် ၎င်းတို့လေးယောက်ခေါင်းပေါ်မှ ဖြတ်သန်း အခန်းပေါင်းမြောက်မြားစွာနှင့် ဖွဲ့စည်းထားသည့်အိမ်ကြီးအတွင်းရှိ အခန်းများကို တစ်ခန်းပြီးတစ်ခန်း တဝီဝီတစီစီမြည်ရင်းလှည့်ပတ်နေသည်။ နှစ်ပတ်၊ သုံးပတ်၊ တစ်အိမ်လုံးရှိအခန်းများပေါ်မှ လှည့်ပတ်ပြီးသည်နှင့် မီးလုံးကြီးက အိမ်ကြီး၏ လှေကားဘက်ဆီ ပြေးထွက်သွားသည်။

ထိုအခိုက်တွင်ပင် အပြင်မှ ပြန်ရောက်၍ အိမ်ပေါ်တက်လာသော ဦးမြသာနှင့် မီးလုံးကြီးကသွားတိုးကာ ဦးမြသာ၏ခါးအောက်ပိုင်းကို ဝင်ဆောင့်လိုက်၏။ ဝုန်းဂျိမ်းဂျလိန်းလိန်းဆိုသည့်အသံကြီးနှင့်အတူ ဦးမြသာလည်း လှေကားပေါ်မှ အောက်ထပ်သို့ တဝုန်းဝုန်းနှင့် တလိမ့်ခေါက်ကွေးပြုတ်ကျသွားသည်။ မီးလုံးကြီးလည်း ဦးမြသာနှင့်တိုက်၍ ပေါက်ကွဲပြီးသည်နှင့် ပျောက်သွားတော့၏။

ထိုအသံကြောင့်ပင် ဦးမြသာ၏ဇနီးအပါအဝင် သမီးနှစ်ယောက်နှင့် အိမ်ဖော်မလေးတို့ လှေကားဆီသို့ ပြေးဆင်းကြည့်ခဲ့ကြသည်။ လှေကားရင်းရှိ အုတ်ခုံပေါ်၌ အောက်ပိုင်းတစ်ပိုင်းလုံး မီးလောင်ပြီး လဲကျကာ ခန္ဓာကိုယ်အပေါ်ပိုင်းက ဘာမှမဖြစ်သလို ငုတ်တုတ်ထိုင်လျက် အောက်ပိုင်းမှ အသားတို့ သွေးရူးသွေးတန်းဖွဲ့စားနေသည့် ဦးမြသာကို တွေ့လိုက်ကြရသည်။

သို့သော် ၎င်းတို့အနားရောက်လာသည့်အချိန်တွင်ပင် ဦးမြသာ၏ အပေါ်ပိုင်းကြီးလည်း ထိုင်နေရာမှ နောက်သို့ လန်ကျသေဆုံးသွားတော့သည်။

ထိုအကြောင်းအရာများကို ကျွန်တော်က တူတော်မောင် ဒေါက်တာတင်မျိုးဝင်းအားပြောပြခဲ့ရာ တင်မျိုးဝင်းက ယုတ္တိမတန်သော မယုံကြည်ထိုက်သည့်ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း၊ အီလက်ထရွန်၊ နျူထရွန်၊ ပရိုတွန်စာတ်တို့၏သဘောတရားနှင့် လျှပ်စစ်အကြောင်းပြန်လည်ရှင်းပြရင်း အကယ်၍သာ လျှပ်စစ်စီးကြောင်းမလွတ်သဖြင့် လျှပ်စစ်အလိုက်မိုးကြိုးပစ်ခံရပါက မိမိအသားမိမိပြန်လည်ဖွဲ့စားဖို့ဝေးစွ မိုးကြိုးပစ်ခံရသည် မိမိကိုပစ်လိုက်သော မိုးကြိုးပစ်သံကိုပင် လုံးဝမကြားနိုင်ကြောင်း လျှပ်စစ်စီးကြောင်းက ဦးစွာဝင်ပြီးမှ အသံကနောက်မှ လိုက်လာသည်ဖြစ်ကြောင်း သာဓကများနှင့် ပြောပြ၍ လုံးဝလက်မခံခဲ့ပါပေ။

ကျွန်တော်လည်း ၎င်းအား အသိသက်သေများရှေ့၌ Supernatural ခေါ် သဘာဝထက် ထူးချွန်သည့် Strange Phenomenu ဆိုတဲ့ ထူးခြားဆန်းကြယ် ဖြစ်ရပ်တစ်ခုဖြစ်ကြောင်း ရှင်းပြခဲ့သော်လည်း ၎င်းက သိပ္ပံနည်းနှင့် ဆန့်ကျင်သည့်ဖြစ်ရပ်ဖြစ်သဖြင့် လုံးဝလက်ခံ၍မရနိုင်ကြောင်းသာ တွင်တွင်ပြောဆိုငြင်းခဲ့သည့်အတွက် နောက်ဆုံး ကျွန်တော် လက်လျှော့ခဲ့ရ၏။

သို့သော် ထိုအိမ်ကြီးနှင့်တတ်သက်



www.burmeseclassic.com

www.burmeseclassic.com

သော နောက်ဆက်တွဲအကြောင်းအရာများကိုတော့ ကျွန်တော်သည် တူတော်မောင်အား လုံးဝအလျှော့မပေးဘဲ အခိုင်အမာပင် ပြောပြခဲ့၏။ အဘယ်ကြောင့်ဆိုသော် ထိုအိမ်ကြီး၏နောက်ဆက်တွဲအကြောင်းအရာများကို တူတော်မောင်အား ပြောပြနိုင်ရန် သက်သေအထောက်အထားခိုင်မာဖို့ ကျွန်တော်ကိုယ်တိုင် တပည့်ကျော်ကြီး မောင်တူးနှင့်အတူ ဆရာတပည့်နှစ်ယောက် လက်တွေ့လေ့လာခဲ့ပြီး ဖြစ်သောကြောင့်ပါပေသည်။

❑

"ဆရာရေ ဟိုတစ်လောက မြို့နှန်က သူဌေးကြီး ဦးမြသာ မိုးကြိုးပစ်ခံရတာ မှတ်မိသေးလား"

တစ်နေ့ မောင်တူးက ကျွန်တော်အား ဆိုင်းမဆင့်ဗုံမဆင့်မေးလာသဖြင့် ဦးမြသာ မိုးကြိုးပစ်ခံရတာနှင့် ပတ်သက်၍ မေ့ပျောက်စပြုနေသည့် ကျွန်တော်က ဖျတ်ခနဲ အမှတ်ရလိုက်ကာ-

"အေး - မေ့တေ့တေ့တောင်ဖြစ်နေတာ မင်းပြောမှပဲ ပြန်သတိရတော့တယ်။ အဲဒါ ဘာဖြစ်လို့လဲ မောင်တူး။ ဦးမြသာသေတာတောင်လေးငါးခြောက်လလောက်ရှိသွားပြီကွနော်"

"ဟုတ်တယ်ဆရာရဲ့၊ အဲဒါကို ပြောမယ်လို့"

"ပြောလေကွာ၊ဘယ်လိုအကြောင်းထူးလို့လဲ မောင်တူး"

"ထူးတယ်ဆရာရဲ့၊ ထူးဆို သူဌေးကြီး ဦးမြသာ သေပုံသေနည်းက ထူးသလို အဲဒီအိမ်ကြီးမှာ ခုဆို လူမနေဝံ့လောက်အောင်ထူးနေတယ်၊ ပြောရရင် ဆရာရယ် ခုအိမ်ကြီးပေါ်မှာ အိမ်ရှင်တွေတစ်ယောက်မှမရှိကြတော့ဘူး"

"ဟေ - ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲဆိုရင်တော့ ဦးမြသာက မကျွတ်မလွတ်ဘဲ အိမ်ကြီးမှာ မနေနိုင်လောက်အောင်ခြောက်လှန့်နေလို့ပဲ"

"ဟုတ်ရဲ့လား မောင်တူးရ"

"ဟုတ်တယ်ဆရာ၊ အဲဒါ ဆရာ့အတွက် ဂမ္ဘီရဝတ္ထုတစ်ပုဒ်တော့ကောင်းကောင်းရနိုင်တယ်"

"နေဦးကွ မောင်တူး၊ အဲဒီအိမ်ကြီးမှာ တကယ်သရဲခြောက်၊မခြောက်ဘယ်လိုသိနိုင်မှာလဲ"

"အဲဒီအတွက် မပူပါနဲ့ ဆရာရယ်။ မောင်တူးက ဆရာ့တပည့်ပါ၊ ကျွန်တော်



အားလုံး စီစဉ်ပြီးပါပြီ"

သည့်နောက် မောင်တူးက အစီအစဉ်ကို ပြောပြသည်။ ကျွန်တော်လည်း လက်တွေ့ အိမ်ကြီးပေါ် Practical လုပ်ရမယ်ဆိုတော့ ဝမ်းသာသွားသည်။ သေချာလျှင် တူတော်မောင်ကိုပါ ပရလောကသားနှင့် ပတ်သက်နေသည့် ဂမ္ဘီရအဖြစ်အပျက်တစ်ခုကို ခေါ်ပြရဦးမည် မဟုတ်ပါလား။

❑

ကျွန်တော်တို့ဦးမြသာ၏အိမ်ကြီးလက်တွေ့လေ့လာရန်သွားသောညက တန်ခူးလ၏ နောက်ဆုံးညတစ်ည ဖြစ်သည့် လကွယ်နေ့ည ဖြစ်သည်။

တပေါင်း၊ တန်ခူး မိုးသားကျူးဆိုသည့်အတိုင်း မိုးကောင်းကင်ထက်၌ တရိပ်ရိပ်တက်လာလိုက်၊ ပျောက်သွားလိုက်ဖြစ်နေသော မိုးသားတိမ်လိပ်တို့ကြောင့် တလက်လက်တောက်ပလျက်ရှိကြသည့်ငွေကြယ်လေးများပင် ပုန်းလျှိုးကွယ်လျှိုးဖြစ်နေကြ၏။ အိမ်ကြီးကို အပြောက်အကျားမရှိ အုပ်မိုးထားသော သရက်ဥယျာဉ်ကြီးကြောင့် ညက ပိုမိုနက်နက်ရှိုင်းရှိုင်း မှောင်လျက်ရှိသည်။ ဒီကြားထဲ လျှပ်စစ်မီးကလည်း မလာသဖြင့် ပိုဆိုး၍ မဟူရာညဟုပင် ဆိုရမလိုဖြစ်နေသည်။

ကျွန်တော်လည်း သံလိုက်တုံးသုံး မာကျူရီမီးလုံးသေးသေးလေးတပ်ထားသော လက်နှိပ်ဓာတ်မီးအသေးလေးကို ခပ်အုပ်အုပ်ထိုး၍ မောင်တူးနှင့်အတူ အိမ်ကြီးနှင့် နီးနိုင်သမျှနီးရန် တဖြည်းဖြည်းကပ်ခဲ့သည်။ သစ်ရွက်များ၊ သရက်ရွက်များကို လေတိုးဝှေ့တိုက်ခတ်သည့်အတွက် တရှဲရှဲမြည်နေသောအသံများမှ အပ အိမ်ကြီးတစ်အိမ်လုံး အိပ်မောကျငြိမ်သက်လျက်ရှိ၏။ အိမ်တစ်အိမ်လုံး လှည့်ပတ်ကြည့်ရှုပြီးသည့်တိုင် မည်သို့မျှ မထူးခြား။

"ခုထိတော့ဘာမှမထူးခြားပါလား မောင်တူး"

ကျွန်တော်က နောက်မှထက်ကြပ်ကပ်ပါလာသည့်မောင်တူးကို နှစ်ကိုယ်ကြားပြောလိုက်သည်ပဲ။

"ဟုတ်တယ်ဆရာ၊ အိမ်ထဲကျရင်တော့မသိဘူး၊ ခုထိတော့ ဘာမှမထူးခြားတာအမှန်ပဲ။ ဒါပေမယ့် သရဲခြောက်လို့လူမနေရဲတာကလည်း အမှန်ပဲ ဆရာ။ လာ - အိမ်ထဲဝင်ကြစို့။ ကျွန်တော် ဦးမြသာဇနီးဆီက အကျိုးအကြောင်းပြောပြီး အိမ်သော့တွေတောင်းလာခဲ့တယ်"

"အေး - ကောင်းတယ်၊ ခုပဲ အိမ်ကြီးထဲဝင်ကြစို့"

အိမ်ကြီးက အုန်းလေးဖက်ထိုး ဆင်ဝင်နှစ်ထပ်ထိုးအိမ်ကြီး ဖြစ်သဖြင့် ညမှောင်မှောင်၌ မည်းမည်းမှောင်မှောင် မြင့်မြင့်မားမားကြီးဖြင့် ပုံပြင်ထဲက ဘီလူးကြီးတစ်ကောင်ရပ်နေသည်ကို မြင်ရသလို ချောက်ချားစရာမြင်လိုက်ရသည်။ အိမ်ကြီး၌ လူမနေသည်မှာ ကြာပြီဖြစ်သဖြင့်လည်း သစ်ရွက်များ၊ အမှိုက်သရိုက်များ၊ ဖုန်များသောသောထ၍ ခြောက်သယောင်းယောင်းဖြစ်နေသည်။

အိမ်ကြီး၌ ခြံတံခါး၊ ဆင်ဝင်တံခါး၊ အတွင်းပိုင်းတံခါး စသည်ဖြင့် တံခါးသုံးထပ်ရှိ၏။ ခြံတံခါးမှာ ကျွန်တော်တို့ဖွင့်ပြီးဖြစ်သည်။ သို့ကြောင့်ပင် အိမ်ကြီး၏ ဆင်ဝင်တံခါးရှေ့၌ရပ်၍ ဆင်ဝင်တံခါးရှိ အာမခံသော ခလောက်ကြီးကိုဖွင့်ရန် မောင်တူးက သော့တွဲအတွင်းမှသော့တွေကိုရွေး၍ သော့ဖွင့်ရန် သော့ခလောက်ကြီးရှေ့ရပ်လိုက်၏။

ထိုစဉ်ပင် ဇာတ်လမ်းကစပြီလား မပြောတတ်။

မောင်တူးသော့ခလောက်ကြီးရှေ့ ရပ်လိုက်ရုံရှိသေး၊ သော့ခလောက်ကြီးက သူ့အလိုလို ဂျလောက်ဟု ပွင့်သွားကာ အောက် သမံတလင်းပေါ်သို့ လူလွှတ်ချလိုက်သလို 'ဂျောင်း' ဆိုကျသွားလေသည်။

ကျွန်တော်တို့လည်း မမျှော်လင့်သည့်ဖြစ်ရပ်ကြောင့် ရင်ထဲဒိတ်ခနဲဖြစ်သွားကာ တစ်ယောက်မျက်နှာတစ်ယောက် အံ့ဩတကြီးကြည့်နေမိလိုက်ကြ၏။ ထိုအခိုက်တွင်ပင် ဆင်ဝင်ဘာဂျာတံခါးကြီးက လူမဖွင့်ရဘဲ အလိုလို



www.burmeseclassic.com

www.burmeseclassic.com

'ကျွီ'ဆိုသည့်အသံကြီးနှင့်အတူ ပွင့်သွားလေတော့၏။

ကျွန်တော်လည်း မောင်တူးကို အချက်ပြ၍ အတွင်းဘက်ကြည့်လိုက်သည်။ အတွင်းဘက်၌ အိမ်မကြီးထဲဝင်သော တံခါးတစ်ခုတွေ့ရသည်။ ထိုတံခါးမှာ သစ်သားတံခါးဖြစ်၍ မဟော်ဂနီရောင်တောက်ပလျက်ရှိသည်။

ကျွန်တော်က မောင်တူးကို လက်ကုတ်ပြီး အခြေအနေကိုကြည့်ကာ လက်နှိပ်ဓာတ်မီးလေးကို အသေမောင်းတင်၍ အတွင်းဘက် ဖျတ်ခနဲ ဝင်လိုက်၏။ မောင်တူးကလည်း ကျွန်တော်နှင့် မကွာကပ်ပါလာသည်။ တံခါးရှေ့ရောက်သည်နှင့် မောင်တူးက သစ်သားတံခါးကြီး၏သော့ကိုဖွင့်လိုက်၏။

ထိုစဉ်ပင် ဝါးတားတားအရိပ်ကြီးတစ်ခုက သော့ခလောက်ရှေ့ ရပ်လိုက်သည်ကို မထင်မရှားတွေ့လိုက်ရသည်။ ကျွန်တော်က နောက်ဘက်ကို လျှင်မြန်စွာကြည့်လိုက်၏။ နောက်ဘက်၌ အရိပ်ထိုးစရာ ဘာမှမရှိ။ အပြင်တွင်လည်း အရိပ်ထင်စရာ မီးရောင်တို့၊ အလင်းရောင်တို့ ရိုးတိုးရိပ်တိတ်ပင်မမြင် မှောင်အတိကျလျက် ကျွန်တော်ဖြန်လှည့်လိုက်တော့ အရိပ်ကြီးကမရှိတော့။

သို့သော် မောင်တူးကတော့ အရိပ်အကြောင်း သိပုံမပေါ်။ မဟော်ဂနီရောင်ကျွန်းသားတံခါးကြီး၏သော့ကိုသာဖွင့်လျက်ရှိသည်။ မောင်တူး ချွေးတွေပြန်လာသည့်တိုင် သော့ကမပွင့်။ မောင်တူးက ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်မပွင့်ရတာလဲဆိုပြီး သော့ကို သဲသဲမဲမဲဖွင့်သည်။

ကျွန်တော်က ဝိုးတဝါးအရိပ်အကြောင်း မောင်တူးကိုမပြော။ အခြေအနေကိုသာ အကဲခတ်လျက် စောင့်ကြည့်နေလိုက်၏။

"ဆရာ၊ ဘယ်လိုဖြစ်တာလဲ မသိဘူး။ သော့အိမ်နဲ့ သော့တံတန်ပါလျက်နဲ့ သော့မပွင့်ဘူးဖြစ်နေတယ်"

နောက်ဆုံး မောင်တူးက လက်လျှော့သလို ကျွန်တော့်ကိုပြောသည်။

ကျွန်တော်က ညကြည့်ခလုတ်လေးတွေနှင့် နာရီကိုကြည့်လိုက်တော့ ည၌ (၁၂) နာရီတိတိ။

"မောင်တူးရေ၊ သော့ဖွင့်မရလည်း ထားလိုက်ဦး၊ နောက်ညမှ တစ်ခါပေါ့ကွာ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်လည်း ဒီလိုပဲစဉ်းစားမိတယ်"

"ကဲ - ဒါဆိုလည်း ပြန်ကြစို့"

ဆရာတပည့် နှစ်ယောက်သား တိုင်ပင်ပြီး အပြင်ပြန်ထွက်ရန်အလုပ်၌ တဝီးဝီးအသံကြီးကို ရုတ်ခြည်းကြားလိုက်ရ၏။ အသံက လေတိုက်သလိုမျိုးလည်းမဟုတ်၊ မိုးရွာသံနှင့်လည်းမတူ၊ အိမ်ကြီးဆီလာနေသလိုမျိုးအသံတွေ၊ တဝီဝီနှင့် စူးစူးရှရှ။ အပြင်ဘက်ဆီမှဖြစ်၏။

အိမ်အဝင်ဘက်ဘာဂျာတံခါးပိတ်အပြီးမို့ နှစ်ယောက်သား တံခါးရှေ့ရပ်ရင်း အသံလာရာဆီ မျှော်ကြည့်နေမိကြသည်။ အသံက တဖြည်းဖြည်း နီးလာသည်။ ကျွန်တော်တို့နှင့် မလှမ်းမကမ်းလောက်ရောက်လာသည်။ နီးသထက်နီးလာသည်မို့ ကျွန်တော်တို့နှစ်ယောက်သား အသံလာရာဆီ ဓာတ်မီးနှင့်ဖမ်းထိုးလိုက်ကြသည်။

မြင်လိုက်ရသည့်မြင်ကွင်းက အံ့ဩစရာ။ လက်ဖက်ရည်အကြမ်းပန်းကန်လုံးလောက်ရှိသော အစိမ်းရောင်တောက်ပနေသည့် မျက်လုံးနှစ်လုံးနှင့် တစ်ထွာသာသာခန့် ချွန်မြနေသော နှုတ်သီးရှည်ကြီးရှိသည့် ဆယ်နှစ်သားအရွယ်ခန့် ကလေးငယ်လောက်ရှိသော ငှက်မည်းမည်းကြီးတစ်ကောင် ခြေသည်းရှည်ကြီးများထုတ်၍ ဂစ်စုံတစ်ရာကိုကုတ်ရန် အားယူလာသည့်ပုံစံမျိုးနှင့် ရုတ်ခြည်းတွေ့လိုက်ရ၏။ တောင်ပံကိုလည်း တဖျတ်ဖျတ်ခတ်လျက်ရှိသည်။ ဒေါနှင့်မာန်နှင့်ပုံစံမျိုး ဖြစ်သည်။

ဆိုရပါမူ ကျွန်တော်တို့နှစ်ယောက်ဆီ ဦးတည်ပျံသန်းလာသည့်ပုံစံမျိုး။

အခြေအနေမကောင်းမှန်းသိလိုက်ရသည်နှင့် ကျွန်တော်လည်း လိုင်စင်နှင့်ကိုင်ဆောင်ထားသော ကိုယ်နှင့်မကွာအမြဲဆောင်ထားလေ့ရှိသည့် လျှူဂါ သေနတ်လေးကိုထုတ်၍ အသင့်အနေအထားဖြစ်အောင်ကိုင်ထားလိုက်သည်။

ထိုစဉ်ပင် ငှက်ကြီးက ကျွန်တော်တို့နှစ်ယောက်ဆီ တစ်ဟုန်ထိုးပြေးသုတ်လိုက်၏။ ကျွန်တော်လည်း မောင်တူးကိုဘေးကို တွန်းဖယ်လိုက်ပြီး ရပ်လျက်အနေအထားနှင့်ပင် ငှက်ကြီး၏ဦးခေါင်းဆီသို့ တည့်တည့်ချိန်ကာ လျှူဂါ၏ခလုတ်လေးကိုနှစ်ချက်ဆင့်ဆွဲချလိုက်လေသည်။

"ဖောက်၊ ဖောက်"

လျှူဂါပြောင်းဝမှ မတိုးမကျယ်ခပ်အုပ်အုပ်အသံလေးနှစ်သံ ရှေ့ဆင့်နောက်ဆင့်ထွက်သွားသည်။ ထို့အတူ သွေးဆာနေသည့် ငှက်ကြီးလည်း

သေနတ်သံနှင့် ပြိုင်တူလိုလိုပင် သမံတလင်းပေါ် သို့ ပြုတ်ကျသွားလေ၏။

သေသေချာချာကြည့်လိုက်တော့ သမံတလင်းပေါ် ပြုတ်ကျသေဆုံးသွားသည်မှာ ကျွန်တော်တို့ မျက်စိဖြင့် မြင်ခဲ့ကြရသည့် ကလေးငယ်ဆယ်နှစ်သားအရွယ်ခန့်ရှိ ကြောက်မယ်ဖွယ်ရာ သွေးဆာနေသော ငှက်ကြီးမဟုတ်ဘဲ လင်းနို့လေးတစ်ကောင်ဖြစ်နေသည်ကို အံ့ဩဖွယ်ရာတွေ့လိုက်ကြရလေသည်။ လင်းနို့လေးကိုကြည့်၍ ကျွန်တော်တို့လည်း ယုံရခက်ခက်၊ မယုံရခက်ခက်ဖြစ်သွားသည်။ ထိုဖြစ်စဉ်နှင့် ပတ်သက်ပြီး မောင်တူးရော ကျွန်တော်ပါ ပရလောကသားနှင့် ပတ်သက်၍ လေ့လာလိုသောစိတ်စိတ်စောနေလို့လား သို့တည်းမဟုတ် အကြောက်တရား လွှမ်းမိုးမှုဖြင့် အရိုးရိုမ်လွန်နေလို့လား သို့မဟုတ် ပရလောကသားတပင် ကမ္ဘာ့ဇိဗ္ဗိဖြင့် လှည့်ဖြားခြောက်လှန့်ခဲ့လေသလား ဆိုသည်ကို ယနေ့ထက်တိုင် ဝေဝေဝါးဝါးနှင့်ပင် တွေးတောရင်း မည်သူ့မျှမပြောရန် ဆုံးဖြတ်၍ ရင်ငုံနှုတ်ပိတ်လုပ်ခဲ့ကြ၏။

❑

နောက်တစ်နေ့ ထိုအိမ်ကြီးသို့ ကျွန်တော်တို့သွားသည့်အခါတွင်တော့ မနေ့ညက အဖြစ်မျိုးကို လုံးဝမတွေ့ကြရတော့ဘဲ ရှောရှောရှူရှူပင် အိမ်ကြီးထဲသို့ ရောက်ခဲ့ကြသည်။

အိမ်ကြီးက အပေါ်ထပ် အောက်ထပ်၊ အောက်ထပ်ဧည့်ခန်း၊ အပေါ်ထပ် ဝရန်တာမှအပ အခန်းပေါင်းမြောက်များစွာဖြင့် ဖွဲ့စည်းထားသော အိမ်ကြီးဖြစ်ပြီး ကျယ်ဝန်းလှပေသည်။ အောက်ထပ်ဧည့်ခန်း၌ အခန်းပြည့်မိုင်းလုံးကော်ဇောနီကြီးခင်း၍ ကျွန်းမြစ်ကြီးကို ပြုလုပ်ထားသော သဘာဝစားပွဲကြီးနှင့် တရုတ်ပြည်မှလာသည့် ခန့်ခန့်ရန့်ရန့်ကုလားထိုင်ကြီးများ၊ ဆိုဖာကြီးများရှိပြီး စားပွဲကြီးပေါ်၌ တရုတ်ပြည်လုပ် ပန်းနွယ်ပန်းခတ်များနှင့် ကြွေရေနွေးအိုး၊ ကြွေပန်းကန်တို့ရှိနေ၏။ ဧည့်ခန်း၏ခေါင်းရင်းဘက်၌မူ ဘုရားကျောင်းဆောင်နှင့် သပ္ပာယ်လှသော ဉာဏ်တော်တစ်ပေခန့်ရှိ ကျောက်သားရုပ်ပွားတော်မြတ်တစ်ဆူက စံပယ်လျက်ရှိ၏။

ဧည့်ခန်းမကြီး၏နံရံတွင် ပန်းချီဆရာဦးငွေကိုင်၊ ဦးကိုလေး အစရှိသူတို့၏ ရှေးဟောင်းရှုခင်းပုံစံအမျိုးမျိုးနှင့် သဘာဝပန်းချီကားကြီးများ၊ အိမ်



www.burmeseclassic.com

www.burmeseclassic.com

ကျာ ရှခင်းသာပန်းချီကားများ အစီ
အရီချိန်ဆွဲထားသည်။ သို့သော် အားလုံး
ဖုန်အထပ်ထပ်ကြောင့် အကျည်း
တန်သလိုဖြစ်နေသည်။

ဧည့်ခန်းထဲဝင်ဝင်ချင်းအပေါက်ဝ
မျက်နှာတည့်တည့်၌မူ သူဌေးကြီး
သားနှင့် သူဌေးကတော်တို့၏ မင်္ဂ
လာဦးက ကန်တော့ခန်းအဝတ်အစား
များနှင့် ရိုက်ထားသည့်ဓာတ်ပုံတစ်ပုံက
ခန့်ခန့်သားရှိနေသည်။ (၁၀) လက်မခွန့်ပုံ
ဖြစ်သည်။

ကျွန်တော်တို့လည်း ထိုဧည့်ခန်း
ထဲရှိ ကုလားထိုင်ကြီးများတွင်ခေတ္တ
ထိုင်ရင်း မီးကိုမှိတ်၍ ခဏမျှ အခြေအ
နေကို အကဲခတ်နေလိုက်ကြ၏။ တစ်
အိမ်လုံး ပိန်းပိတ်အောင် မှောင်ပိန်းနေ
သည်မှလွဲ၍ အခြေအနေက ဘာမှထူး
ခြားမလာ။ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲ
အော်သံများကသာ ညံနေ၏။

"ဆရာ၊ ဒီမှာတော့ ခုထိဘာမှထူး
သေးဘူး။ အပေါ်ထပ်တက်ကြမယ်"

မောင်တူးက လက်မှနာရီလေးကို
ကြည့်ရင်း ပြောလိုက်သည်။

"အေးကွ၊ တို့ဒီမှာ ထိုင်နေတာ
မိနစ် (၂၀) လောက်ရှိပြီ ခုထိတော့
ထူးခြားချွတ်ချွတ်တောင်မရှိဘူး"

ကျွန်တော်က ပြောပြောဆိုဆိုနှင့်
ဓာတ်မီးလေးကို ခလုတ်ဖွင့်ပြီး -

"လာ-မောင်တူး၊ အပေါ်တက်ကြ
စို့"

ဟုဆိုကာ နေရာမှထလိုက်သည်။
ထို့နောက် နှစ်ယောက်သား အိမ်ပေါ်
တက်သည့်လှေကားဆီ လျှောက်ခဲ့ကြ
သည်။

လှေကားက မီးဖိုဆောင်နှင့်တွဲ
ထားသောအဆောင်၏ ဘေးတွင်ရှိပြီး
ကြောင်လိမ်လှေကားဖြစ်၏။

လူမတက်သည်မှာ ကြာပြီဖြစ်၍
လှေကားထစ်များ၌ ဖုန်တို့သောသောထ
နေသည်။ ကျွန်တော်နှင့် မောင်တူးတို့
သည်း လှေကားပေါ်ကိုတက်ရန် လှေ
ကားထိပ်တွင်ရပ်ရင်း အိမ်ပေါ်ဘက်သို့
ဓာတ်မီးထိုးကြည့်လိုက်သည်။ အိမ်ကြီး
၏အပေါ်ထပ်ကလည်း မှောင်ပိန်းနေ
သည်။ အိမ်ပေါ်ဘက်သို့ ဓာတ်မီးထိုး
ကြည့်လိုက်သည်။ အိမ်ကြီး၏အပေါ်
ထပ်ကလည်း မှောင်ပိန်းနေသည်။ အိမ်
၏ တံခါးကြီးကလည်း ပွင့်လျက်ရှိ၏။
တံခါးရွက်နှစ်ရွက်က တစ်ရွက်စီဟနေ
သည်။

"တံခါးကြီးပွင့်လို့ပါလား ဆရာ"

မောင်တူးက ပြောလိုက်သဖြင့်
ကျွန်တော်က-

"မပိတ်ဘဲထားလို့နေမှာပေါ့ကွာ"

ဟု ဆိုရှဲ လှေကားထစ်များကို
ဓာတ်မီးဖြင့် တစ်ထစ်ချင်းထိုးကြည့်လိုက်
သည်။ ဖုန်မှုန့်များအလိမ်းလိမ်းနှင့် လှေ
ကားထစ်များ၌ မယုံကြည်နိုင်စရာ ဆင်း
ရာခြေရာမရှိဘဲ အိမ်ကြီးပေါ်တက်ထား
သည့်ခြေရာများကို အသစ်ကျပ်ချွတ်
တွေ့လိုက်ရသဖြင့် တအံ့တသြနှင့်
မောင်တူးကို လက်ကုတ်ပြပြီး အပေါ်
ထပ်တက်လျှင် သတိဝီရိယနှင့်တက်ရန်
သတိပေးလိုက်သည်။

ထို့နောက် နှစ်ယောက်သားလက်
နှိပ်ဓာတ်မီးလေးများကိုယ်စီထိုး၍ သတိ
ရှိရှိဖြင့် အိမ်ကြီး၏အပေါ်ထပ်သို့ ဖြည်း
ဖြည်းချင်း ကြောင်လိမ်လှေကားကြီး
အတိုင်းတက်ခဲ့ကြ၏။ လှေကားထိပ်
အပေါ်ဘက်ရောက်တော့ အောက်က
ကျွန်တော်တို့ကြည့်စဉ်က ဟင်းလင်းပွင့်
နေသည်ကို မြင်ခဲ့ရသော တံခါးကြီးမှာ
ကျွန်တော်တို့အောက်ကနေ မြင်သလို
ပွင့်မနေဘဲ သော့ခလောက်ကြီးတန်း
လန်းနှင့် ပိတ်လျက်သားကြီးဖြစ်နေသည်
ကို တအံ့တသြတွေ့လိုက်ကြရပြန်၏။

ကျွန်တော်တို့လည်း တစ်ယောက်
မျက်နှာတစ်ယောက်ကြည့်ရင်း သဘော
ပေါက်စွာ ခေါင်းညိတ်လိုက်ကြ၏။

တံခါးသော့ဆီကို ရောက်တော့
မောင်တူးက သော့တံတစ်ချောင်းကို
ရွေးကာ သော့ခလောက်ကိုဖွင့်ရန်လုပ်
လိုက်သည်။ ထိုစဉ်ပင် မနေ့ညက ကြုံခဲ့
ရသလိုမျိုး ဇာတ်လမ်းက ပြန်စလာ
သည်။ မောင်တူးသော့မဖွင့်ရသေးမီပင်
သော့ခလောက်က သူ့အလိုလိုဂျလောက်
ခနဲ အသံမြည်ပြီးပွင့်သွားသည်။ နောက်



လူဖြုတ်ချလိုက်သလို အိမ်ကြီး၏ကြမ်း
ပြင်ပေါ်သို့ သော့ခလောက်အိမ်က
ဂျောင်းခနဲ ပြုတ်ကျသွားသည်။ ထို
အခိုက်တွင်ပင် တံခါးရွက်နှစ်ချပ်က လူ
တွန်းဖွင့်လိုက်သည့်အလား တဝုန်းဝုန်း
မြည်၍ပွင့်သွား၏။

ကျွန်တော်တို့အပေါ်ရောက်တော့
အိမ်ကြီး၏အပေါ်ထပ်၌လည်း ဧည့်ခန်း
လိုအခန်းကျယ်ကြီးတစ်ခုကို ထပ်တွေ့ရ
သည်။ အထူးဧည့်သည်များကို စီးပွား
ရေးသမားပီပီ လျှို့ဝှက်ဧည့်ခံသော
အခန်းဖြစ်နိုင်ကြောင်း မောင်တူးက မှတ်
ချက်ချသည်။

ထိုအခန်းထဲရှိ စားပွဲကုလားထိုင်
များမှအစ ပစ္စည်းပစ္စယများကတော့
U.S.A မှလာသော အဖိုးတန်ပစ္စည်းများ
ချည်းဖြစ်သည်။ ဆက်တီ၊ ဗီရို၊ ကြောင်
အိမ် စသော ပရိဘောဂပစ္စည်းအချို့
လည်းရှိ၏။

ထူးခြားသည်မှာ ထိုအခန်းကြီးထဲ
၌ အောက်ထပ်ဧည့်ခန်းမှာလို ပန်းချီ
ကားချပ်များ ချိတ်ဆွဲမထားခြင်းနှင့် နံရံ
ဆေးရေးပန်းချီများနှင့်အတူ ကြီးမားခန့်
ထည်သည့် သူဌေးကြီးဦးမြသာ၏ကိုယ်
တစ်ပိုင်းပုံ ဆီဆေးပန်းချီကားကြီးတစ်
ချပ်ရှိနေခြင်းပင်။

"ဦးမြသာက တော်တော်ခန့်တယ်
နော်ဆရာ"

မောင်တူးက ဦးမြသာ၏ပန်းချီ
ကားကြီးကိုကြည့်ရင်း ကောက်ချက်ချ
သည်။ ကျွန်တော်က ခေါင်းညိတ်
ထောက်ခံလိုက်သည်။

"ဒါပေမယ့် ဒီလူကြီးက အကျင့်
တော့တန်တယ်ပြောကြတယ်။ နောက်
ပြီး မိန်းမနဲ့ ပတ်သက်ရင် တော်တော်
ယုတ်မာတယ်တဲ့။ ဆရာ သူ့အကြောင်း
ဝတ္ထုရေးရင် ထည့်ရေးလိုက်ပါ ဆရာ"

"ဘာကိုရေးရမှာလဲ၊ သရဲဖြစ်နေ
တဲ့အကြောင်းလား။ ဒါကတော့ ရေးမှာ
မပူနဲ့"

"အဲဒါတင်မဟုတ်ဘူးလေ"

"ဒါဆို"

"ယုတ်မာသူတွေဟာ အဖြစ်ဆိုး
နဲ့ကြုံကြရတတ်တဲ့ အကြောင်းပေါ့ဆရာ
ရယ်"

မောင်တူးက သူ့စကားကိုသူ
သဘောကျသွားသလို ခပ်အုပ်အုပ်လေး
ရယ်လိုက်သည်။

ထိုစဉ်ပင် -

ထိုစဉ်ပင် အခန်းထဲသို့ ဘယ်က
ဘယ်လိုဝင်လာမှန်းမသိသော ကျောက်



www.burmeseclassic.com

www.burmeseclassic.com

ဒိုးတစ်လုံးက ဝိုးခနဲ ရောက်လာပြီး အခန်းကျယ်ကြီး၏မျက်နှာကြက်များကို တဒေါက်ဒေါက်လျှောက်မှန်ကာ မောင်တူးအနား ဒေါက်ခနဲ လာကျသွား၏။

ကျွန်တော်က ထိုကျောက်ဒိုးလေးကို ကောက်ကာ အကျႌအတွင်းအိတ်ထဲ ထည့်၍ သိမ်းထားလိုက်သည်။ တူတော်မောင် တင်မျိုးဝင်းအတွက် သက်သေအလို့ငှာဖြစ်သည်။ သို့သော် ကျွန်တော်လက်လွှတ်လိုက်သည်နှင့် တပြိုင်နက် အိပ်ကပ်ထဲက ကျောက်ဒိုးလေးက မခံချိမခံသာ တစ္ဆေ့စွေ့ထခုန်နေသည်။ ကျွန်တော်လည်း မတတ်နိုင်သည့်အဆုံး အပြင်ပြန်ထုတ်လိုက်ရသည်။

ထိုခဏတွင်ပင် ကျောက်ဒိုးလေးက တစ်စုံတစ်ယောက်ဆွဲယူလိုက်သလို ကျွန်တော့်လက်ထဲမှ လှစ်ခနဲလျှောသွားပြီး လသာဆောင်ဘက် ဝါးလုံးထိုးပြေးထွက်ပျောက်ကွယ်သွားလေ၏။ ကျွန်တော်တို့ အံ့အားသင့်နေစဉ်ပင် ဦးမြသာ၏ ပန်းချီကားကြီးဆီမှ လူတစ်ယောက်ချောင်းဟန့်သံလိုလို အသံတစ်အသံကို ခပ်တိုးတိုးလေးကြားလိုက်ရသည်။

"ဆရာ"

မောင်တူးက အသံကိုအုပ်ခေါ်လိုက်သည်။

"ချောင်းဟန့်သံဆရာ"

"အေး-မောင်တူး၊ ငါလည်းကြားလိုက်တယ်"

"ဒါဆိုကျွန်တော်ပြောတာသေချာပြီနော်၊ ဆရာလည်းစာရေးလို့ရပြီ။ ပရလောကသားတွေ တကယ်ရှိတယ်ဆိုတာမယုံတဲ့ ဆရာ့တူ ဒေါက်တာကိုလည်း လက်တွေ့ပြလို့ရပြီပေါ့"

"ဒါကလည်း မလွယ်သေးဘူး မောင်တူးရ။ သူ့ကို ဒီအိမ်ကြီးကို တကယ်ခေါ်ပြမှဖြစ်မှာ"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်စကားပြောနေစဉ်ပင် ဦးမြသာ၏ ပန်းချီကားကြီးဆီမှ အနီရောင်အလင်းတန်းကြီးနှစ်တန်း ရုတ်တရက်ထွက်လာသည်။ ကျွန်တော်ရော မောင်တူးပါ ပန်းချီကားကြီးကို ထိတ်ထိတ်ပျာပျာနှင့် ကြည့်လိုက်ကြသည်။

ပန်းချီကားချပ်ကြီးရှိ ဦးမြသာ၏ မျက်လုံးနှစ်လုံးမှ မယုံကြည်နိုင်စရာ အနီရောင်အလင်းတန်းနှစ်ခုထွက်နေခြင်းဖြစ်၏။ အလင်းတန်းနှစ်ခုက အဆက်မပြတ်ထွက်နေသည်။ အလင်းတန်းနှင့်အတူ အခိုးအငွေ့တို့လည်း ရောပါလျက်ရှိသည်။

ကျွန်တော်တို့ကြက်သေသေကြည့်နေစဉ်ပင် ပန်းချီကားထဲရှိ ဦးမြသာ၏ ရုပ်ပုံကြီးကလှုပ်လာသည်။ နောက်ပန်းချီရုပ်ပုံမှ တကယ့် ဦးမြသာ၏ သက်ရှိထင်ရှားရုပ်အဖြစ် တဖြည်းဖြည်းပြောင်းလဲသွားကာ ကျွန်တော်တို့ကို မကျေမနပ်ကြည့်လျက်ရှိ၏။ သူ့အကြည့်က တစ်စုံတစ်ရာကို မကျေနပ်သလို စူးစူးဝါးဝါးနိုင်လှသည်။ စားတော့မလိုဝါးတော့မလိုအကြည့်မျိုး။

"မောင်တူး ဘာမှမကြောက်နဲ့၊ သူ့တို့ကိုဘာမှမလုပ်နိုင်ဘူး"

ကျွန်တော်က မောင်တူးကို အားပေးရင်း အရေးကြုံလျှင် အသင့်သုံးနိုင်ရန်အတွက် လျှူဂါသေနတ်လေးကို ထုတ်ထားလိုက်သည်။

ဦးမြသာက တောက်တစ်ချက်ခေါက်လိုက်သည်။ ထိုသို့တောက်ခေါက်ပြီးသည်နှင့် သူ၏ သက်ရှိထင်ရှားရုပ်အသွင်ကလည်း ပန်းချီကားအဖြစ် တရိပ်ရိပ်ပြန်ပြောင်းသွားတော့၏။ သည်တော့မှ ကျွန်တော်တို့လည်း အသက်ကိုဝဝပြန်ရှူနိုင်ကြတော့သည်။

သို့သော် -

ထိုခဏတွင်ပင် ဦးမြသာ၏ပန်းချီကားကြီးဆီမှ ဂုန်း ဆိုသော အသံကြီးကြားလိုက်ရပြီး ပန်းချီကားကြီးချိတ်ဆွဲထားရာ အောက်တည့်တည့်၌ ခါးထောက်ရပ်နေသည့်သဘောမျိုး ဖြစ်သည်။ သို့သော် ပန်းချီကားထဲမှာတော့ မူလဦးမြသာ၏ဆီဆေးပန်းချီပုံကြီးကရှိမြဲ။

ကျွန်တော်တို့ကြည့်နေစဉ်ပင် ပန်းချီကားကြီးချိတ်ထားရာအောက်တည့်တည့်၌ ရပ်နေသည့်ဦးမြသာသည် ထိုအခန်းကြီးထဲမှ လှေကားဆီသို့ တဒုန်းဒုန်းနှင့်ပြေးသွားလေသည်။

လှေကားရောက်သည်နှင့်အောက်သို့ တလိမ့်ခေါက်ကွေးတဒိုင်းဒိုင်းပြုတ်ကျသွားသည့်အသံကိုလည်း ကြားလိုက်ကြရ၏။

❑

ထိုအဖြစ်အပျက်တို့မှာ ကျွန်တော်တို့ကိုယ်တိုင် တွေ့ကြုံခဲ့ရသည့်အဖြစ်အပျက်များဖြစ်၍ အများပြောမဟုတ်ပေ။ တပည့်ကျော် မောင်တူးနှင့်အတူ Practical အဖြစ် လက်တွေ့ တွေ့ကြုံခဲ့ရမှုများ ဖြစ်သည်။

ကျွန်တော်က ထိုဖြစ်စဉ်များကို ဒေါက်တာတင်မျိုးဝင်းကို ဖုန်းနှင့်လှမ်းပြောရာ တူမောင်က Mastenalism ဝါဒီ လုံးဝလက်မခံခဲ့သဖြင့် ယခင်စကားအတိုင်း ရှိသည့်အတိုင်း တူဖြစ်သူ ဒေါက်တာတင်မျိုးဝင်းအား လက်တွေ့လေ့လာနိုင်ရန် ခေါ်လိုက်၏။

မကြာပါချေ။ နှစ်ရက်၊သုံးရက်အတွင်းတွင်ပင် တူမောင်ရောက်လာသဖြင့် ထိုအိမ်ကြီးဆီခေါ်သွားပြီး ညရောက်သောအခါ ထိုအိမ်ကြီးနှင့် ပတ်သက်၍ လေ့လာစေခဲ့ပါသည်။တူမောင်ကလည်း ထိုသို့လေ့လာခွင့်ရသည်ကို အလွန်ဝမ်းသာကြောင်းပြောပြီး ကျွန်တော် အဖော်အဖြစ် အခြားသူတစ်ယောက်ထည့်သည်ကိုပင် လက်မခံဘဲ တစ်ယောက်တည်းပင် အိမ်ကြီးထဲဝင်ခဲ့၏။

ကျွန်တော်နှင့် မောင်တူးကတော့ တူမောင်လိုအပ်လျှင် အကူအညီပေးနိုင်ရန် သရက်တောထဲမှာ အသင့်စောင့်လင့်နေခဲ့သည်။ သို့သော် အိမ်ကြီးဆီမှ တူဖြစ်သူ၏အသံကို လုံးဝမကြားရသည့်အတွက် စိတ်အေးနေခဲ့ကြသည်။ နံနက်မိုးလင်းတော့ တူတော်မောင်ထွက်လာနိုး ထွက်လာနိုးနှင့် မျှော်နေကြ၏။ နံနက် (၈)နာရီထိုးသည့်တိုင် မလာနိုင်တော့ အိမ်ကြီးဆီလိုက်သွားကြရာ အိမ်ကြီးအပေါ် ထပ်ဧည့်ခန်းရှိ ဦးမြသာ၏ပန်းချီကားကြီးအောက်၌ လဲကျနေသည့် တူမောင်ကို စိုးရိမ်ဖွယ်တွေ့လိုက်ရသဖြင့် အရေးပေါ် ဆေးရုံသို့တင်ပို့ခဲ့ရလေ၏။

ဆေးရုံမှ ပြန်လည်ဆင်းလာသည့်နေ့၌တော့ တူမောင်သည် ၎င်းအိမ်ကြီးပေါ်၌ မည်သို့တွေ့ကြုံခဲ့ရသည်ဆိုသည့်အကြောင်းများကို သည်းထိတ်ရင်ဖိုဖွယ်ရာအများအဖြစ်ပြောရင်း -

"ဘကြီးရေ၊ ဘကြီးရေးတဲ့ ပရလောကသားအကြောင်း၊ဂမ္ဘီရအကြောင်းတွေကို ဒီနေ့ဒီအချိန်ကစပြီး ကျွန်တော် လက်ခံပါပြီ။ မြတ်ဘုရားဟောတဲ့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တွေနဲ့ လူ၊ နတ်၊ နိဗ္ဗာန်ဘုံတွေကိုလည်း ကျွန်တော် အကြွင်းမဲ့ယုံကြည်သွားပါပြီ"

ဟု ရယ်ရင်းမောရင်း ပြောပါလေတော့၏။

နေဝန်း

*(ဖြစ်ရပ်မှန်တစ်ခုအား ဆီလျော်အောင်ရေးဖွဲ့ခြင်း ဖြစ်ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

# ကိုသန်းလွင် (လျှပ်စစ်)

## ဝင့်ဟာ့ခ်ိုရာဝယ်



(၁)

စင်ကာပူနိုင်ငံ နိုင်ငံတကာလေဆိပ် ပြည်ပထွက်ခွာရေးကောင်တာ မှာ ဖြစ်ပါသည်။

ကျွန်တော်သည် သူငယ်ချင်း ကိုငြိမ်းချမ်း မြန်မာပြည်ပြန်တော့မှာမို့ သူ့ကိုလိုက်ပို့ရင်း အိတ်များအလေးချိန် ချိန်တွယ်ရာနေရာမှာရပ်ပြီး စကားပြော နေကြပါသည်။

စာရေးမ အလေးချိန်ကိုစစ်ဆေး နေချိန်မှာ လူတစ်ယောက်လာပြီး အိတ် တွေပေါ်မှာ လက်တင်၍စကားပြောတာ ကို ရိပ်ခနဲ ကျွန်တော် တွေ့လိုက်ရပါ သည်။ ကျွန်တော်တို့စကားပြောမပျက်။ ဘာမှုလဲ စိတ်ထဲမှာမသိုးမသန့်မဖြစ်မိ ပါ။

ခဏကြာအောင် စာရေးမက ဘာမှဆက်မလုပ်သေးသောကြောင့် ကိုငြိမ်းချမ်းက ဘာဖြစ်နေတာလဲဟု မေးရပါသည်။ အလေးချိန်ချိန်တာကို လာရောက် တားမြစ်သူမှာ ကိုငြိမ်းချမ်း တည်းခိုရာအိမ်မှ အိမ်ရှင်ဖြစ်သည် ဆိုပါ၏။ မနက်ခင်း ကိုငြိမ်းချမ်းအိမ်မှ ထွက်သွားအပြီး သူ့အိမ်မှာ Laptop Computer တစ်လုံး ပျောက်ဆုံးသွား ကြောင်း၊ သူကကိုငြိမ်းချမ်း၏အိတ်ကိုဖွင့် စစ်ဆေးလိုကြောင်း ရဲကိုအကြောင်း ကြားပြီးဖြစ်ရာ ရဲရောက်လာမည်ဖြစ် ကြောင်း၊ စာရေးမက သူ့အနေဖြင့်ဘာမှ မတတ်နိုင်ကြောင်း၊ ရဲကိုစောင့်စေလို ကြောင်း တောင်းပန်ရှာပါသည်။

မနက်ပိုင်း တည်းခိုအိမ်မှာ ကိုငြိမ်း ချမ်းထွက်လာပြီး ကွန်ပျူတာပျောက်ဆုံး သွားခြင်းဖြစ်ရာ ကိုငြိမ်းချမ်းနှင့်အတူ သူ့ပစ္စည်းတွေကို လာရောက်သိမ်းဆည်း ပေးသူ တူမနှစ်ယောက်ကိုပါ သူခိုးဟု အစွပ်စွဲခံလိုက်ရခြင်း ဖြစ်ပါသည်။ ကိုငြိမ်းချမ်း၏အကြောင်းကိုသိနေသူ ကျွန်တော့်အနေဖြင့် သူ့နည်းတူ စိတ်ဆိုး ဒေါသဖြစ်ရပါသည်။ ကျွန်တော်ကား မြန်မာအချင်းချင်း စွပ်စွဲရက်လေခြင်းဟု ပို၍စိတ်ပျက်မိပါသည်။

(၂)

ကိုငြိမ်းချမ်းသည် စင်ကာပူနိုင်ငံ ကို ခြောက်လတစ်ကြိမ် သူ၏ဆီးရောဂါ ကို စစ်ဆေးရန်လာရပါသည်။ စင်ကာပူ နိုင်ငံသားဖြစ်ပြီး ပန်းရောင်နိုင်ငံသား ကတ်ကို ကိုင်ဆောင်ပါသည်။ စင်ကာပူ နိုင်ငံတက္ကသိုလ်မှဘွဲ့ရပြီး မိဘများရော ယောက္ခမများမှာ ချမ်းသာကြွယ်ဝသူ များဖြစ်ပါသည်။

ယောက္ခမများအလုပ်မှာ ရန်ကုန် မှာဖြစ်သောကြောင့် သူတည်ထောင် ထားသော စင်ကာပူမှလုပ်ငန်းကိုပစ်ပြီး ရန်ကုန်မှာ သွားရောက်နေထိုင်သူတစ်ဦး ဖြစ်ပါသည်။

ဆက်ဆံရေးပြေပြစ်ပြီး ရည်မွန်သူ တစ်ဦးလည်းဖြစ်ပါ၏။ ကျွန်တော်တို့ မိတ်ဆွေ သူငယ်ချင်းအဖြစ် သိရသည် မှာ (၁၀) နှစ် မကတော့ပါ။ ရိုးသား ဖြောင့်မတ်ပြီး သူတစ်ပါးကို ကူညီရန် ဝန်မလေးတတ်သူတစ်ဦးဖြစ်ပါသည်။

သူ၏ဆီးရောဂါဆေးစစ်ရခြင်းမှာ ဓာတ်မှန်ရိုက်ခြင်း၊ ဆီး၊ သွေးစစ်ရခြင်း၊ အမ်အာအိုင်ရိုက်ခြင်း စသည်တို့ဖြစ် လေရာ တစ်ခေါက်တစ်ခေါက်လာလျှင် (၇) ရက်မှ (၁၀)ရက်အထိ စင်ကာပူတွင် နေရလေ့ရှိပါသည်။ ဇနီးသည်၏အစ်ကို

www.burmeseclassic.com

တစ်ဦးမှာ စင်ကာပူတွင် နေထိုင်သော်လည်း အားနာမှုဖြင့် သူယောက်ဖအိမ်မှာမတည်းခိုပါ။ကျွန်တော်က ကျွန်တော့်အိမ်မှာ တည်းခိုရန် ဖိတ်ခေါ်သော်လည်း သူယောက္ခမက အပြစ်ဆိုမှာကို စိုးရိမ်သဖြင့် လာမတည်းပါ။

အင်တာနက်မှ ရက်တိုတည်းခိုသူတွေအတွက် အခန်းကြေညာလေ့ရှိရာ ထိုကြေညာများမှတစ်ဆင့် ယခုတည်းခိုရာအိမ်ကို ဆက်သွယ်တည်းခိုခဲ့မိခြင်း ဖြစ်ပါသည်။ ထိုအိမ်ရှင်မှာ HP ကုမ္ပဏီမှအင်ဂျင်နီယာဟု ဆိုပါသည်။

သူပြန်မည်ဆိုတော့ သူ့တူမနှစ်ယောက်က မနက်ပိုင်းတွင်လာပြီး ပစ္စည်းများကို ကူညီသိမ်းထုပ်ပေးပါသည်။ ရုပ်ရည်သပ်ရပ်ပြီး ရိုးသားဖြူစင်သော တူမနှစ်ယောက်မှာ စင်ကာပူမှာလာပြီး ကျောင်းတက်နေကြသူများ ဖြစ်ပါသည်။ မိဘတွေမှာ ငွေကြေးချမ်းသာပြီး ဖူးဖူးမှုတ်ထားကြသူများဖြစ်ပါသည်။

သူခိုးဟုစွပ်စွဲသူ အင်ဂျင်နီယာက ထိုနေ့တစ်နေ့လုံး အိမ်ကို ဘယ်သူမှမလာပါ။ ကိုငြိမ်းချမ်းဆင်းသွားပြီး အိမ်ကို လူဝင်လူထွက်မရှိ။ စားပွဲပေါ်တွင် တင်ထားသော ကွန်ပျူတာမှာ ရုတ်တရက် ရှာမတွေ့တော့ဟုဆိုသည်။ သူသည်ကို ငြိမ်းချမ်းကိုရှာဖို့တွေ့ဖို့ ဘာမှမကြိုးစား။ ရဲတိုင်ပြီးအထုပ်ဖွင့်ရှာဖို့ကိုသာ စိတ်ဝင်စားသည်။ သူတို့အိမ်နားက ရဲစခန်းမှာတိုင်သောကြောင့် ထိုရဲစခန်းက လေဆိပ်ရဲကိုလွှဲလိုက်ခြင်း ဖြစ်ပါလေ၏။

အခြေနေအရပ်ရပ်ကို နားလည်ပြီဆိုသည်နှင့် အစဦးဆုံး ကျွန်တော်မေးမိသောမေးခွန်းမှာ ဗမာတွေအချင်းချင်း အဘယ်ကြောင့် သည်လောက်ရိုင်းစိုင်းကြပါသနည်းဆိုသော မေးခွန်းပင်ဖြစ်ပါ၏။ ကိုငြိမ်းချမ်းဆီသို့ တိုက်ရိုက်လာပြီး-

"အစ်ကိုရယ်၊ ကျွန်တော့်ကွန်ပျူတာပျောက်သွားလို့ အစ်ကို့အိတ်ကို ကျွန်တော်ကြည့်ပါရစေ"

လို့ပြောလျှင် ကိုငြိမ်းချမ်းမှာ ခွင့်ပြုမည့်သူဖြစ်ပါသည်။ သူ့အိတ်ကိုဖွင့်ပြမည့်သူဖြစ်ပါသည်။ အခုတော့ လူကြားလို့မှ မသင့်လျော် ရဲခေါ်ပြီး အိတ်ကိုရှာခိုင်းခြင်းမှာ ခရီးသွားခါနီးမှာ စိတ်ပျက်စိတ်ဆိုးစရာ၊ ဒေါသထွက်စရာဖြစ်ပါသည်။

(၃)

ရဲကိုစောင့်ရသည်မှာ အနည်းဆုံး နာရီဝက်၊ တစ်နာရီလောက်ကြာသွားပါသည်။

ကျွန်တော့်မှာ ရင်တွေတုန်နေပြီး ဒေါသအလိပ်လိုက်ထွက်လို့နေသည်။ ကိုငြိမ်းချမ်းကား စကားပြောမပျက်။

"မင်းက ရဲကိုစောင့်စေချင် ငါကလည်း စောင့်ရုံပေါ့"

ဟု အေးအေးဆေးဆေးရှိနေပါသည်။

သူခိုးငြိုးသော မျက်နှာရှုံ့တွနေသည့် အင်ဂျင်နီယာမှာ စကားပြောရတာ စိတ်ပျက်စရာကောင်းလှသည်။ ကျွန်တော့်ဆန္ဒမှာ ကိုငြိမ်းချမ်း၏ လေယာဉ်ခရီးစဉ်ကို အနှောင့်အယှက်မဖြစ်စေလို၊ သူ့ကွန်ပျူတာကို ဘယ်လောက်တန်တာလဲဆိုတော့ သူ့ရုံးက ထုတ်ပေးထားတာ၊ ဒေါ်လာ (၂၀၀၀) လောက်ပေါ့ဟု ဖြေသည်။

ဒီလိုကောင်တွေက ပိုက်ဆံရရင် ပြီးသွားတတ်ပါတယ်ဟု ကိုငြိမ်းချမ်းကို တိုင်ပင်သောအခါ -

စင်ကာပူမှာ Record ရှိကြောင်း တစ်ခါတည်း မှတ်တမ်းဝင်သွားမည်။ စွပ်စွဲသူနှင့်ညှိနှိုင်းရန် အကြောင်းမရှိဟု ဖြေသည်။

ရောက်လာသော လေဆိပ်လုံခြုံရေးရဲမှာ အသက်သိပ်မကြီးသေးပါ။ (၃၀) ကျော် (၄၀) အတွင်း စကားပြောတာ မွန်ရည်ပါသည်။ သူက စွပ်စွဲသူနှင့်စကားပြောပြီး ကိုငြိမ်းချမ်းအိတ်ကိုဖွင့်ရှာရန် ခွင့်တောင်းပါသည်။ ကိုငြိမ်းချမ်းက ကြိုက်သလိုလုပ်ပါဟုဆိုပြီး အိတ်တွေကို လူလွတ်ရာတစ်နေရာသို့ ကူသယ်ရွှေ့ပေးပါသည်။

ဘယ်တွေ့ပါ့မလဲလေ။

စွပ်စွဲသူက ကိုငြိမ်းချမ်းထံသို့ တူမ (၂)ယောက်လာသေးကြောင်းပြောပြန်ရာ ကိုငြိမ်းချမ်းမှာ သူ့တူမ (၂) ယောက်ကို ဖုန်းဆက်ပြီးလာရန်ခေါ် ရပြန်ပါသည်။ ကျွန်တော် မခံချင်ဆုံးကိစ္စမှာ မတန်မရာ လူတစ်ယောက်က မဟုတ်မဟတ်စွပ်စွဲသောကြောင့် လေယာဉ်ပျံချိန်မမီမှာကိုပဲဖြစ်ပါသည်။ ရန်ကုန်လေဆိပ်မှာကြိုနေရှာမည့် ဇနီးသည်ကို လေဆိပ်ထွက်သွားပြီးကိုသိပါလျက် လေယာဉ်ဆိုက်တော့ သူမပါလာလျှင် ဘယ်မျှ စိတ်သောကရောက်ရမည်ကို ကျွန်တော်စာနာမိပါသည်။

"ကျွန်တော် ဒီလေယာဉ်နဲ့မလိုက်တော့ဘူး"

ဟု ရဲထံမှခွင့်တောင်းကာ နောက်နေ့လေယာဉ်နှင့်မှလိုက်မည်ဟု သွား... စီစဉ်ရပါသည်။ ကျွန်တော်က ဒီလူ... စင်ကာပူစက်မှုတက္ကသိုလ်မှဘွဲ့ရတ... ဖြစ်ကြောင်း၊ ကွန်ပျူတာခိုးသည့်အ... အစားထဲကမဟုတ်ကြောင်း ရဲကို... တော့ ရဲက ပြုံးနေပါသည်။

စွပ်စွဲသူ၏အရိပ်အကဲ၊ အမူအ... ပြောပုံဆိုပုံကို အကဲခတ်ပြီး ကိုငြိမ်း... ၏အပြုအမူ အေးအေးဆေးဆေးရှိ... တို့ကိုမြင်သော် သူ့ကိုလူကောင်းဟု သိ... လိမ့်မည်။ ဘာမှတော့ဖွင့်မပြောပါ။ သူ... မှာ သူ့အလုပ် သူ့တာဝန်ရှိသေးသ... မဟုတ်ပါလော။

နောက်ထပ်နာရီဝက်လောက်... တော့ သူ့တူမနှစ်ယောက်စလုံး ရော... လာကြပါသည်။ ချစ်စရာအရွယ်က... တွေနှင့် လူရည်သန့်သန့် ကလေး... နှစ်ယောက်စလုံးမှာ မြင်ရုံနှင့်ရိုးသားပုံ... သိလောက်သည်။ တစ်ဦးမှာ ပြုံးစ... သူခိုးဟုစွပ်စွဲခံရတာကို ရယ်စရာဟု... သဘောထားပုံရသည်။ တူမနှစ်ယော... ကိုမြင်ပြီး ဆယ်မိနစ်ခန့်အကြာ... စင်ကာပူရဲက ဆုံးဖြတ်လိုက်နိုင်ပုံ... သည်။ ကိုငြိမ်းချမ်းကို သွားလိုရာသွ... ပါတော့ဟုလာပြောသည်။ ရဲက တော... ပန်လိုက်သေးသည်။ လေယာဉ်ကတော... ထွက်သွားပေပြီ။

(၄)

အပြန် ကားပေါ်မှာ တူမလုပ်သူ... တွေက တဟားဟားရယ်ကြသည်။ မ... မရယ်နိုင်သူ ကိုငြိမ်းချမ်းက ကျွန်တော်... ကိုပြောသည်။

"လွန်ခဲ့တဲ့နှစ်ထဲ ကျွန်တော့်တူတစ်... ယောက် မွန်ဘိုင်းကလာပြီး အိမ်မှာ... တည်းတယ်။ အလုပ်လာလျှောက်ရင်း... အင်တာဗျူးတာပေါ့ဗျာ။ သူပြန်မယ့်နေ့... အဝတ်အစားတွေနဲ့ ကားဂိတ်ဆင်းခါနီး... မှာ မိန်းမလုပ်တဲ့သူက သူ့လက်စွပ် ... ချိုးခန်းထဲမှာထားတာ ပျောက်ပါတယ်... လုပ်ရော။ ကျွန်တော်က ကျွန်တော့်တူ... ကို မင်းမပြန်နဲ့ဦးလို့ တားမိတယ်... ကျွန်တော့်မိန်းမက မတားစေချင်ဘူး... စွပ်လည်းမစွပ်စွဲပါဘူး။ နောက်တော့... ရေဆိုးထုတ်တဲ့ ပိုက်အဝမှာလက်စွပ်ပြန်... တွေ့တယ်။ ကျွန်တော်တူတော့ ကား... လက်မှတ်ဆုံးသွားတော့တာပေါ့ဗျာ"

ကဲ - ကောင်းကြပါလေရော။

ကိုသန်းလွင် (လျှပ်စစ်)



www.burmeseclassic.com

www.burmeseclassic.com

## ဝွမ်းထက်နောင်

# ပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့်ကတ်မီကမ်အဆိပ်သင့်ခြင်း

## ဆိုးပယ်ာ ဆို(သော) အီတိုင်းအီတိုင်းရောဂါ

အီတိုင်းအီတိုင်းရောဂါ (Itai Itai Disease) ဆိုသည်မှာ နာကျင်ပြီးတိုင်း ...ကျင်ရသည်ဟု အဓိပ္ပာယ်ရသော ...န်ဘာသာစကားဖြင့် ခေါ်ဝေါ်သော ...တ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူများ ...ားခံစားရသောရောဂါ၏အမည်ဖြစ် ...သည်။ အရိုးအဆစ်များနှင့် ကျောရိုး ... အလွန်ဆိုးဝါးစွာနာကျင်ပြင်းထန် ...ကြောင့် ထိုအရပ်ဒေသမှလူအများ ... မှည့်ခေါ်ထားသောအမည် ဖြစ်၏။ ...၂ ခုနှစ်၌ ဂျပန်နိုင်ငံ တိုယာမာ ...သတွင် ကတ်မီယမ် (Cadmium) ...ဆိပ်သင့်ခြင်းကိုစတင်ဖြစ်ပွားခဲ့ကြောင်း ...ရှိခဲ့ရပါသည်။ ကတ်မီယမ်အဆိပ် ...ကြောင့် လူအများ၏ကျောက်ကပ် ...င်းခြင်းနှင့် အရိုးပျော့ခြင်းရောဂါ ...ရပါသည်။ တောင်ပေါ်မိုင်းလုပ်ငန်း ...တူးဖော်ရေးကုမ္ပဏီမှ ကက်မီယမ် ...ညစ်ညမ်းမှုကြောင့် မြစ်ရေအတွင်းသို့ ...ကျရှိပြီး ရောဂါစတင်ဖြစ်ပွားရပါ ...သည်။ ထိုသတ္တုတူးဖော်ရေးကုမ္ပဏီ ... ထိခိုက်ပျက်စီးမှုအတွက် တရားစွဲ ...ခြင်းကို ရင်ဆိုင်ခဲ့ပါသည်။ ထိုရောဂါ ... ဂျပန်နိုင်ငံ၌ ပတ်ဝန်းကျင်ညစ် ...မှုကြောင့် လူအများရောဂါဖြစ်ပွား ... အကြီးမားဆုံး အဆိပ်သင့်ခြင်း ...ခုတွင် တစ်ခုအပါအဝင် ဖြစ်၏။

ကတ်မီယမ်အဆိပ်သင့်ခြင်းမဖြစ် ... တိုယာမာဒေသ၌ ၁၉၁၀ ပြည့်နှစ် ... ရွှေသတ္တုတူးဖော်ရေးလုပ်ငန်းကို ...င်လုပ်ကိုင်ခဲ့ပြီး ၁၅၈၉ ခုနှစ်က ... ငွေ၊ ခဲ၊ ကြေးနီ၊ သွပ်ကိုလည်း ...ခဲ့ကြပါသည်။ ပထမကမ္ဘာစစ်၌ ...မ်းလိုအပ်ချက်ကြောင့် သတ္တုများ ...ထုတ်ခဲ့ကြ၏။ ထို့အပြင် ပထမ ...စစ်ပြီးဆုံးပြီးနောက် ဥရောပမှ ...တူးဖော်ရေးနည်းစနစ်များရယူခဲ့ပြီး ...ညာအသစ်များဖြင့် သတ္တုမိုင်းများ ... အသုံးပြုထုတ်လုပ်ခဲ့ရာ တိုယာမာ ...ရှိ ကာမိအိုကာသတ္တုတွင်းသည် ...OKA MINES) ကမ္ဘာ့ထိပ်ဆုံး ...မိုင်းများအနက် တစ်ခုအဖြစ်ပါဝင်လာခဲ့ပြီး ကာမိအိုကာမိုင်းအဖြစ်ထင်ရှားလာခဲ့၏။ ဒုတိယကမ္ဘာစစ်မတိုင်မီအထိ သတ္တုတူးဖော်ရေးနှင့်အရည်ကျိုလုပ်ငန်း ကုမ္ပဏီ (MITSUI MININGAND SMELTING CO. LTD) က တာဝန်ယူထုတ်လုပ်ခဲ့ပြီး စစ်ပွဲများဖြစ်ပွားနေစဉ်ပင် ပိုမိုထုတ်လုပ်ခဲ့၏။ ၁၉၁၀ ပြည့်နှစ်မှစတင်၍ သတ္တုတူးဖော်ရေးလုပ်ငန်းမှ ထွက်ရှိသော စွန့်ပစ်ကတ်မီယမ်များကို ဂျင်ဇူးမြစ် (Jinzu River) နှင့် မြစ်လက်တက်များတွင် ညစ်ညမ်းမှုများသည် ပိုမိုဖြစ်ပေါ်လာခဲ့ပါသည်။ ထိုကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ပြဿနာများ စတင်ဖြစ်ပေါ်ခဲ့ပါသည်။ ရေညစ်ညမ်းမှုများကြောင့် မြစ်အတွင်း ငါးများသေဆုံးရခြင်း၊ ထိုမြစ်အတွင်းမှ ရေကို စိုက်ပျိုးရေးအဖြစ် အသုံးပြုသော စပါးစိုက်လယ်မြေများ ပျက်စီးရခြင်း၊ မြစ်ရေကို သောက်သုံးရေအဖြစ် အသုံးပြုခြင်းတို့ကြောင့် အဓိကပြဿနာဖြစ်ပွားခဲ့ရခြင်း ဖြစ်၏။ ထိုမြစ်အတွင်း ငါးဖမ်းခြင်းကိုလုပ်ကိုင်ကြပြီး မြစ်အောက်ပိုင်းလူနေထူထပ်သော ပတ်ဝန်းကျင်ဒေသများတွင် ထိုမြစ်ရေကို အသုံးပြုကြ၏။



ကယ်မီယမ်အဆိပ်သင့်ခြင်းကြောင့်
အရိုးပျော့ရောဂါဖြစ်ပွားနေသည့်လူနာ

ကတ်မီယမ်အဆိပ်သင့်မှုဖြစ်စဉ်တွင် မြစ်ထဲမှငါးများစတင်သေဆုံးခဲ့ကြ၏။ ကတ်မီယမ်နှင့် အဆိပ်သင့်သတ္တုများသည် မြစ်၏အောက်ခြေနှင့် ရေထဲတွင် စုပုံပျော်ဝင်နေကြ၏။ မြစ်ရေသုံးစိုက်ပျိုးသော စပါးများလည်း ကောင်းမွန်စွာ မဖြစ်ထွန်းတော့၍ ဆန်စပါးထုတ်လုပ်မှု လျော့နည်းလာပါသည်။ အဆိုးဝါးဆုံးသော ပြဿနာမှာ စပါးပင်များသည် ရေထဲမှ ကတ်မီယမ်အဆိပ်များကို စုပ်ယူခြင်းပင်ဖြစ်ပြီး ထိုဆန်များကို စားသုံးကြသော လူအများအဆိပ်သင့်ကြပါသည်။ ကတ်မီယမ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်ပြီး များစွာသောလူအများ ရောဂါဖြစ်ပွားခံစားခဲ့ရပါသည်။ ကတ်မီယမ်ပါဝင်သော စိုက်ပျိုးရေးကို အသုံးပြုစိုက်ပျိုးသော ဆန်စပါးကို စားသုံးမှုကြောင့်ဖြစ်ကြောင်း နောင်အခါမှ စမ်းသပ်တွေ့ရှိခဲ့ရပါသည်။

ပတ်ဝန်းကျင်ရှိ လူအများက မစ်စုအိ သတ္တုတူးဖော်ရေးကုမ္ပဏီသို့ အရေးဆိုကန့်ကွက်ကြသဖြင့် ကုမ္ပဏီမှ မြစ်အတွင်းသို့ မစွန့်ပစ်မီ ကြီးမားသော သိုလှောင်ကန်များတွင် သတ္တုပါဝင်သော ရေဆိုးများကို သိုလှောင်ပြီး အနယ်ထိုင်မှ စွန့်ပစ်စေ၏။ ပြုပြင်တည်ဆောက်လုပ်မှုများပြုလုပ်ခဲ့သော်လည်းထိရောက်မှုမရှိခဲ့ပါ။ အလွန်နောက်ကျနေပြီဖြစ်၍ များစွာသောလူအများရောဂါရရှိနေပြီးဖြစ်ကြပါသည်။ ထိုအဆိပ်သင့်ခြင်းအကြောင်းရင်းကို ၁၉၄၆ ခုနှစ်အထိ သေချာစွာ မသိရှိသေး၍ ရောဂါပိုးကူးစက်ခြင်း၊ ရိုးရိုးဖျားနာခြင်းမျိုးဟုသာ တွေးတောထင်မြင်ခဲ့၏။ ထိုရောဂါ မည်သို့ကြောင့်ဖြစ်ပွားခဲ့ရသည့် ဆေးဝါးစမ်း သပ်မှုကို ၁၉၄၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ သုတေသနပြုလုပ်ခဲ့ရ၏။ အစကဦးက ခဲထုတ်လုပ်သည့် သတ္တုမိုင်း



www.burmeseclassic.com

www.burmeseclassic.com

မှ ခဲဆိပ်သင့်သည်ဟု ထင်မှတ်ခဲ့၏။ ၁၉၅၅ ခုနှစ်တွင်မှ ဒေါက်တာ ဟဂီနိုနှင့် ပညာရှင်များမှ ကတ်မီယမ်ကြောင့်ဖြစ်ကြောင်း စတင်တွေ့ရှိခဲ့ရ၏။ ၁၉၆၁ ခုနှစ်တွင် တိုယာမဒေသ အစိုးရတာဝန်ရှိသူများမှလည်း လေ့လာခဲ့ရာ ထိုသတ္တုမိုင်းမှ ထွက်ရှိသော ကတ်မီယမ်အဆိပ်သင့်မှုများကြောင့်ရောဂါဖြစ်ပွားရကြောင်းနှင့် ရောဂါရရှိသောသူများသည် ရောဂါလက္ခဏာဆိုးဝါးစွာဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

သတ္တုမိုင်းပတ်ဝန်းကျင်နှင့် (၃၀) ကီလိုမီတာအတွင်းရှိသော လူအများကို အလွန်ဆိုးဝါးစွာထိခိုက်စေကြောင်းတွေ့ရှိခဲ့ရပါသည်။ အခြားဒေသများမှရောဂါဖြစ်ပွားသူ (၅) ဦးကို တွေ့ရှိခဲ့ရ၏။ ၁၉၆၈ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီး (၅) ခုမှ ကတ်မီယမ်အဆိပ်သင့်ခြင်းရောဂါလက်ခံအတည်ပြုခဲ့ပြီး ကတ်မီယမ်အဆိပ်သင့်ခြင်း၏ ရောဂါလက္ခဏာများကို ကြေညာခဲ့ပါသည်။

ကတ်မီယမ်အဆိပ်သင့်ခြင်း၏ ရောဂါလက္ခဏာများမှာ အရိုးများအားနည်းခြင်းနှင့်အရိုးများဆတ်ပြီးကျိုးလွယ်ပါသည်။ ကျောရိုးနှင့် ခြေထောက်အရိုးများနာကျင်ခြင်း သွားပုံလာပုံသည် ဘဲသွားသွားခြင်း၊ အမြဲတစေ အရိုးများနာကျင်နေခြင်း အခြားရောဂါလက္ခဏာများအဖြစ် ချောင်းဆိုးခြင်း၊ သွေးအားနည်းခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းမှ သေဆုံးသည်အထိဖြစ်နိုင်ပါသည်။ ထိုရောဂါဖြစ်ပွားနေပါက အသက်အရွယ်ကြီးမြင့်နေသူဟု ထင်မှတ်ရပါသည်။ ကတ်မီယမ်အဆိပ်သင့်ခြင်းကို တိရစ္ဆာန်များနှင့် စမ်းသပ်လေ့လာခဲ့ရာတွင် လူများတွင်ဖြစ်ပွားသော အီတိုင်းအီတိုင်းရောဂါလက္ခဏာများထက်မက အခြားရောဂါလက္ခဏာများပါ ပြသခဲ့ကြောင်းတွေ့ရှိရ၏။ အဓိကတွေ့ရှိချက်မှာ ကျောက်ကပ်ဆဲလ်များကို ကတ်မီယမ်က ပျက်စီးစေခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ရောဂါဖြစ်ပွားခံစားနေရသော မိသားစု (၂၉) ခုသည် မီဆုအိကုမ္ပဏီကို ၁၉၆၈ ခုနှစ်တွင် တရားဥပဒေအရ တရားစွဲဆိုခဲ့ကြပါသည်။ ၁၉၇၁ ခုနှစ်ဇွန်လတွင် ပြစ်မှုထင်ရှားကြောင်း တရားရုံးမှ ဆုံးဖြတ်ခဲ့သဖြင့် ကုမ္ပဏီမှ ရောဂါဖြစ်ပွားခံစားနေရသောလူများကို ကျန်းမာရေးစောင့်ရှောက်ပေးရခြင်း၊ လျော်ကြေးများပေးခြင်း၊ ရေ၏အရည်အသွေး



များကို တိုင်းတာစစ်ဆေးပေးရခြင်း၊ ထိုရောဂါရှင်များအား ဆေးဝါးကုပေးခြင်းများ ပြုလုပ်ခဲ့ရသည်။ လူအများက အီတိုင်းအီတိုင်းရောဂါ ခံစားခဲ့ရသည့်အတွက် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနများသို့ အကြောင်းကြားတိုင်ကြားခဲ့ကြပါသည်။ သို့သော်လည်း ဂျပန်အစိုးရ၏အရေးယူဆောင်ရွက်မှုကို ပြည်သူများက ကျေနပ်မှုမရှိခဲ့ပါ။ ဂျပန်အစိုးရ၏လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်အားနည်းမှုကို မကျေနပ်ခဲ့ပါ။ အစိုးရသည် အရေးယူဆောင်ရွက်ရမည့် ပြည်သူများ၏ကျန်းမာရေးထိခိုက်ခံစားချက်များကို လျစ်လျူရှုထားခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို အရေးယူ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းတို့ကြောင့် ပြည်သူများ၏ ပြစ်တင်ဝေဖန်မှုများကို များစွာကြုံတွေ့ခဲ့ရပါသည်။ ဂျပန်အစိုးရသည် ပြည်သူများ၏ ရောဂါခံစားချက်အရ ပြစ်တင်ဝေဖန်မှုများကြောင့် နောက်ဆုံးတွင် ပြည်သူများ၏ လိုလားတောင်းဆိုမှုများကို ပြန်လည်အလေးထား ဆောင်ရွက်ခဲ့ရပါသည်။ အစိုးရကိုယ်တိုင်က ထိုရောဂါကိုဖြစ်ပွားခြင်းကို ဆေးဝါးကုသရန် တောင်းခံမှုကို လိုက်လျောခဲ့ရပါသည်။

ကတ်မီယမ်အဆိပ် ညစ်ညမ်းမှုရှိသော ပတ်ဝန်းကျင်တွင် နေထိုင်ရသောလူများသည် ကျောက်ကပ်လုပ်ဆောင်မှုပျက်စီးခြင်း၊ အရိုးပျော့ရောဂါများ ခံစားခဲ့ရပါသည်။ ၁၉၆၇ ခုနှစ်တွင် (၁၈၄)ဦး

ထိုရောဂါခံစားနေရကြောင်း တရားဝ[င်] အသိအမှတ်ပြုထားခဲ့ရပါသည်။ ၁၉[...] ပြည့်နှစ်မှ ၂၀၀၀ ခုနှစ်အတွင်း (၅၄)[...] စုစုပေါင်း (၃၈၈) ရှိ၍ ထိုအရေအတွ[က်] သည် တရားဝင်ကျန်းမာရေးစစ်ဆေး[...] သူများသာ ဖြစ်ပါသည်။ ကျန်းမာရေး[...] စစ်ဆေးမှုမပြုခဲ့သူများ မပါဝင်ခဲ့[...] ၁၉၉၃ ခုနှစ်အထိ ရောဂါခံစားခဲ့သ[...] လူ (၅) ဦး အသက်ရှင်လျက်နေကြော[င်း] တွေ့ရ၏။

ကတ်မီယမ်အဆိပ်သင့်မှုကြော[င့်] [...]စီးပွားရေးထိခိုက်မှုများအဖြစ် များ[...] သော သဘာဝစိုက်ပျိုးသည့် မြေမျာ[း] ညစ်ညမ်းပျက်စီးခဲ့ပါသည်။ သတ္တုပစ္စ[...] အဆိပ်သင့်မှုကြောင့် ဂျပန်နိုင်ငံဒေသ[...] ဧရိယာများစွာကို ထိခိုက်စေခဲ့ပါသည်[။] ထို့ကြောင့် ၁၉၇၀ ပြည့်နှစ်တွင် ဂျပ[န်] အစိုးရက သဘာဝမြေကြီးပတ်ဝန်းကျ[င်] နှင့် စိုက်ပျိုးမြေညစ်ညမ်းမှုမရှိရေး [...] ကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်[။] ကတ်မီယမ်ပမာဏ (၁) ပီပီအမ်အထ[...] ရှိသောမြေကြီးများတွင် စိုက်ပျိုးခြင်းမ[...] ရန်နှင့် ထိုမြေများကို ပြန်လည်ပြုပြင်[...] ညွှန်ကြားခဲ့ပါသည်။ ၁၉၇၁ခုနှစ်မှ၁၉[...] ခုနှစ်အတွင်း ဇင်ဇူးမြစ်တစ်လျှော[က်] မြေ (၁၅၀၀) ဟတ်ကာဧကကို မြေ[...] ပြုပြင်ခြင်းလုပ်ငန်းကို လုပ်ဆောင်ခဲ့[...] သည်။ ကုမ္ပဏီမှ စိုက်ပျိုးထုတ်လု[ပ်] မပြုနိုင်သောဒေသများနှင့် သီးနှံမျာ[း] ဆုံးရှုံးမှုများအတွက် လယ်သမား[...] လျော်ကြေးငွေများ နှစ်စဉ်ပေးခဲ့[...] သည်။ ၁၉၉၂ ခုနှစ်အထိ ပတ်ဝန်းကျ[င်] ညစ်ညမ်းသော စိုက်ပျိုး၍မရသည့် [...] (၄၀၀) ဟတ်တာဧက ကျန်နေကြော[င်း] တွေ့ရှိရပါသည်။

၁၉၉၂ ခုနှစ်တွင် ပျမ်းမျှအား[...] တစ်နှစ်အတွင်း ကျန်းမာရေးအ[...] စရိတ်လျော်ကြေးငွေ ယန်းငွေ (၇[...] မီလျံသန်းပေါင်းရှိခဲ့ပြီး စိုက်ပျိုးမြေ[...] ခိုက်မှုအတွက် တစ်နှစ်ကို ယန်း (၁. [...] ဘီလျံရှိခဲ့၍ စုစုပေါင်း တစ်နှစ်အတွ[င်း] ယန်း(၂. ၅၁၈) ဘီလျံရှိခဲ့ပါသည်။ ယ[န်း] ငွေ (၆၂၀) ဘီလျံကို မြစ်ရေညစ်ည[မ်း] မရှိရန်အတွက် နှစ်စဉ်သုံးစွဲနေရပါသ[ည်။]

၂၀၁၂ ခုနှစ်၊ မတ်လ ၁၇ တ[...] ဝင်ထုတ်ပြန်မှုအရ ကတ်မီယမ်ညစ်ည[မ်း] မှု၊ အဆိပ်သင့်မှုကို ဂျင်ဇူမြစ်ဝှမ်း[...] လျှောက် သန့်ရှင်းရေးစီမံချက်[...] ၁၉၇၉ ခုနှစ်မှ စတင်ခဲ့သော ([...] ဟတ်ကာ မြေကြီးအပေါ်ယံလွှာကို [...] ပြင်အစားထိုးခဲ့ရာ ကုန်ကျစရိတ် [...]



www.burmeseclassic.com

www.burmeseclassic.com

(ဒေး ၇) ဘီလျံကုန်ကျခဲ့ကြောင်း ထိုစီမံကိန်းကုန်ကျငွေကို ဂျပန်အမျိုးသားအစိုးရ ကုမ္ပဏီပြည်နယ်အစိုးရတို့မှ စုစုပေါင်းကုန်ကျခံကြောင်း သိရှိရပါသည်။

ထိုအီတိုင်းအီတိုင်းရောဂါသည် ကမ္ဘာတွင် ပထမဆုံး ကတ်မီယမ်အဆိပ်သင့်ခြင်းကြောင့် ရောဂါဖြစ်ပွားမှုအထောက်အထားတစ်ခုဖြစ်သည်။ အလွန်နာကျင်သဖြင့်၊ အသံနက်ဖြင့်အော်ခြင်း (အားအား) အော်ဟစ်နေရသောရောဂါဖြစ်ပါသည်။ ကတ်မီယမ်အဆိပ်သင့်ခြင်းသည် ခန္ဓာကိုယ်အတွင်း အဆိပ်အတောက်ဖြစ်စေသော သတ္တုဝင်ရောက်ခြင်းပင် ဖြစ်၏။ ကတ်မီယမ် ခန္ဓာကိုယ်အတွင်းသို့ ရောက်ရှိခြင်းသည် အဆိပ်သင့်ခြင်းမှလွဲ၍ မည်သို့မျှအကျိုးမပြုပါ။ ပမာဏ အနည်းငယ် ဝင်ရောက်ရုံဖြင့် အဆိပ်အန္တရာယ်ဖြစ်နိုင်၍ ဝင်ရောက်မှုက ဖျားနာခြင်း၊ ချမ်းစိမ့်စိမ့်ဖြစ်ခြင်း၊ ကြွက်သားများကိုက်ခဲခြင်း၊ အသည်းနှင့် ကျောက်ကပ်ကို အဓိကထိခိုက်၏။

ကျောက်ကပ်၏ လုပ်ဆောင်မှုချို့ယွင်းပြီး (Proximal Renal Tubular Dysfunction) သွေးအတွင်းမှ အက်စစ်များဖယ်ရှားခြင်းကိုမပြုနိုင်တော့သဖြင့် ကျောက်ရောဂါ၊ လေးဖက်နာရောဂါကဲ့သို့ ကိုက်ခဲလာပြီး အရိုးများပျော့ပျောင်းလာ၍ အရိုးများရွေ့လျားမှုအားနည်းလာပါသည်။ ထို့အပြင် ကတ်မီယမ်သည် ကင်ဆာရောဂါကိုပင် ဖြစ်စေနိုင်သည်။

ကတ်မီယမ်ကို စက်မှုလုပ်ငန်းများတွင် အဆိပ်အတောက်ဖြစ်စေသော သတ္တုပစ္စည်းအဖြစ် တွေ့ရှိရ၏။ သတ္တုထုတ်လုပ်ငန်းများဖြစ်သော နီကယ်၊ ကတ်မီယမ်၊ ကြေးနီ၊ သွတ်ရည်သုတ်လုပ်ငန်းများတွင် တွေ့ရှိရ၏။ ဆေးမှုတ်ဆေးသုတ်လုပ်ငန်း၊ ကတ်မီယမ်ဆေးများကို ဖယ်ရှားသော သံမှုတ်လုပ်ငန်း၊ ဂဟေဆော်လုပ်ငန်းများသာမက အထွေထွေစက်မှုလုပ်ငန်း၊ သင်္ဘောကျင်းလုပ်ငန်း ဆောက်လုပ်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးထုတ်လုပ်သည့် စက်ရုံသတ္တုတူးဖော်ရေးလုပ်ငန်းတွင် အသုံးပြုနေကြောင်းတွေ့ရှိရပါသည်။ ကတ်မီယမ်အဆိပ်သင့်ခြင်းကို ကမ္ဘာတစ်ဝန်း ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၀ပြည့်နှစ်အတွင်း များများပြားလာကြောင်း တွေ့ရှိရ၏။ ထို့ကြောင့် ကတ်မီယမ်သတ္တုဖြင့် အလုပ်လုပ်ရပါက အန္တရာယ်ရှိသောအငွေ့များ ထွက်ရှိနိုင်သောကြောင့် (Fume hood) လေဝင်လေထွက်ကောင်းမွန်ရန် ပြုလုပ်ထားသော ကိရိယာများအောက်တွင် ပြုလုပ်ရန်နှင့် ကောင်းမွန်သော လေစစ်ကိရိယာများအသုံးပြုခြင်းအပြင် ကတ်မီယမ်ဖြင့် တာရှည်စွာ ထိတွေ့လုပ်ကိုင်နေရပါက အဆိပ်အတောက်ပြင်းထန်စွာ ခံစားရနိုင်ကြောင်း သိရှိထားသင့်ပါသည်။

ကတ်မီယမ်ကို အသုံးပြုသော စက်မှုလုပ်ငန်းများမှ ထွက်ရှိသော ကတ်မီယမ်အဆိပ်အတောက်များသည် ပတ်ဝန်းကျင်ရှိ ရေ၊ လေ၊ မြေကြီးများသို့ ရောက်ရှိနိုင်ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင် သားသည်မိခင်များ ထိုရောဂါဖြစ်ပွားခဲ့၍ (၆၅) ဦး သေဆုံးခဲ့ရပါသည်။ ကိုယ်ဝန်ဆောင်မိခင်များသည် ကတ်မီယမ်အဆိပ်ပိုမိုဖြစ်စေကြောင်း လေ့လာတွေ့ ရှိရပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်သက်ရောက်မှုများအဖြစ် ဂျင်ဇူးမြစ်နှင့် မြစ်လက်တက်များတွင် ရေအရင်းအမြစ်ပျက်စီးခြင်း၊ မြစ်အတွင်းရှိ ရေသတ္တဝါနှင့် ငါးများ သေဆုံးခြင်း၊ ပတ်ဝန်းကျင်ဒေသရှိ လူအများ အဆိပ်သင့်ခြင်း၊ လယ်ယာမြေများပျက်စီးခြင်း၊ သောက်သုံးရေများအဆိပ်သင့်ခြင်း၊ ဆန်စပါးတွင် အဆိပ်ပါဝင်မှုများကို တွေ့ကြုံခဲ့ရပါသည်။ ကတ်မီယမ်စွန့်ပစ်မှုများကြောင့် ၁၉၁၂ ခုနှစ်တွင် ပထမဦးဆုံး အဆိပ်သင့်ခြင်းရောဂါကို စတင်တွေ့ရှိခဲ့ရ၍ ၁၉၇၀ ခုနှစ်အထိ နှစ်ပေါင်း



(၅၈) နှစ်ကြာမှ ဖြေရှင်းနိုင်ခဲ့ပြီး ၁၉၉၂ ခုနှစ်အထိ အဆိပ်သင့်ပျက်စီးနေသော မြေယာများကိုပြုပြင်ခဲ့ရပါသည်။ အဆိပ်များကို ကုန်စင်ရန် ဖယ်ရှားနေရခြင်းတို့ကြောင့် ကုန်ကျစရိတ်များပြားလှပါသည်။

မည်သည့်ရောဂါ ဖြစ်ပွားနေကြောင်းကို ဂျပန်အစိုးရတာဝန်ရှိသူများကိုယ်တိုင် မသိရှိခဲ့၍ ထိုအဆိပ်သင့်ရောဂါကို ဖြေရှင်းရန်အချိန်ကြာမြင့်မှုမှာ နှစ်ပေါင်း (၅၈) နှစ် ကြာညောင်းခဲ့ပါသည်။ ထို (၅၈) နှစ်အတွင်း နာတာရှည်ရောဂါများ ခံစားသေဆုံးခဲ့သည့်လူများ များစွာအတွက်တော့ အစားထိုးမရသောဆုံးရှုံးမှုဖြစ်ပြီး အလွန်ဝမ်းနည်းစရာကောင်းပါသည်။ စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများသည်လည်း ဒွန်တွဲ၍ ပါရှိလာတတ်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် ကမ္ဘာ့လူသားများ အဓိကရင်ဆိုင်တွေ့ကြုံနေရသည့်ကိစ္စများ ဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်သန့်ရှင်းမှုတည်တံ့ရေးနှင့် ညစ်ညမ်းမှုမဖြစ်စေရေးသည် အလွန်အရေးကြီးပါသည်။ အထက်ပါ အဆိပ်သင့်သည့် အဖြစ်အပျက်သည် လူသားများ၏ အရေးပါသော နေထိုင်မှုဘဝဖြစ်စဉ်များကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့်ပျက်သုဉ်းစေနိုင်ကြောင်းကို သတိပေးနေသော သင်ခန်းစာယူသင့်သည့်အဖြစ်အပျက်များဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် ရောဂါဖြစ်ပွားမှုများသည် အချိန်ကြာမှဖြစ်တတ်သော နာတာရှည်ရောဂါများဖြစ်သဖြင့် ရောဂါလက္ခဏာစတင်ပြသည့်အချိန်တွင် ကုသရန်အချိန်နှောင်းနေပြီဖြစ်ပါသဖြင့် အထူးဂရုစိုက်ရမည့်ကိစ္စများ ဖြစ်ပါသည်။

သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကြောင့် လူအများအဆိပ်သင့်ခြင်းနှင့် ရောဂါများခံစားရမှုများကို သင်ခန်းစာနမူနာယူပြီး မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်မပျက်စီးစေရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးများကို လုပ်ဆောင်နိုင်ရန် ဤဆောင်းပါးသည် လူသားများအား တွန်းအားပေးသည့် အင်အားတစ်ခုပင် ဖြစ်စပါလိမ့်မည်ဟု ထင်မြင်မျှော်လင့်ရေးသားအပ်ပါသည်။

စွမ်းထက်နောင်



www.burmeseclassic.com

www.burmeseclassic.com

"အမေကမွေး၊ ထောင်ကကျွေး၊ သခင်ပေါက်စ ထောင် (၆) လ၊ အင်္ကျီပါးနှင့် ဇာဘော့လီအလိုမရှိ၊ မီးတုတ်မီးတုတ်ရှို့ရှို့။

Down! Down! Union Jack.
Up! Up! National flag"

ဆိုသော ကြွေးကြော်သံတို့ကိုဆိုသောသူများကား ကျွန်ုပ်၏အိမ်ရှေ့တွင် နေထိုင်သူ ဘိလစ်စာရေးကြီးကိုမောင်ကိုသား မောင်မောင်နှင့် ကျွန်ုပ်၏သား မောင်ဆိတ်ဖားတို့ သူငယ်ချင်းတစ်စုတည်း။ သူတို့နှင့် မလှမ်းမကမ်းတွင်ကား ဆေးတံကြီးခဲလျက် ကလေးများကို ထိန်းကျောင်းပေးသော အဘဘိုးယွန်းသည် ပြုံးလျက်ကြည့်နေ၏။ ဘိုးယွန်းသည် မင်းလှခံတပ်မှ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်ခဲ့သူတစ်ယောက်ဖြစ်လေရာ ကလေးများ ဤသို့ကစားသည်ကို ပီတိဖြစ်နေသည် တွေ့ရ၏။ သူတို့သည် သူငယ်တန်းကျောင်းသားများသာဖြစ်၏။ ကျွန်ုပ်သွားရောက်လည်ပတ်နေကျအိမ်များမှ မောင်ရဲလှကအစ အထက်တန်းကျောင်းသားများလည်း သခင်အေးမောင်၊ သခင်ဘိုနီ၊ သခင်ရဲလှစသည်ဖြင့်တို့ဗမာအစည်းအရုံးဝင်ကြပြီ။ ဖျင်နီအင်္ကျီနှင့်ယောထဘီဝတ်ကြသူများသည် အင်္ဂလန်မှလာသော တိုဘယက်ကို၊ ပဒုမ္မာစတို့ကို မဝတ်ကြရန် လှုံ့ဆော်၏။ သခင်တစ်ဦးကမူ ရေဦးမြို့ရုံးရှေ့လမ်းဆုံ၌ ခွေးမတစ်ကောင်ကို ပဒုမ္မာအင်္ကျီဝတ်စေလျက် လမ်းသွားလမ်းလာ အများကို ပြသကာ နိုင်ငံခြားဖြစ်အဝတ်အစားများ မဝတ်သင့်ကြောင်းပြောဟော၏။ မြန်မာများ နိုးကြားလာပြီ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်ထီးကိုယ့်နန်းနှင့်နေချင်ပြီ။

ကျွန်ုပ်မှာလည်း ရွှေတိုက်စာရင်းဝင် သူကောင်းရိုးရာမျိုးရိုးဖြစ်ရာ ကျွန်ုပ်မသေမီ ကိုယ့်ဘုရင်ထံပါးမှာ အရာရလျက် အမှုတော်ထမ်းရွက်ရဦးမည်ကို မျှော်မှန်းပီတိဖြစ်လျက်ရှိသည်။

ရေဦးမြို့သည် ရွှေဘိုခရိုင်တွင် ထူးခြားသောမြို့နယ် ဖြစ်၏။ ဆည်ရေသောက်လယ်ယာချောင်းမြောင်းများရှိသည်။ ဆည်လုပ်ငန်းကား ကျယ်ပြန့်ကြီးမားသည့်အလျောက် ဆည်ဝန်ထောက် နှစ်ဦးထားရသည်။ ဆည်ဝန်ထောက်တစ်ဦးမှာ မစ္စတာဘိုလာဆင်းဖြစ်၏။ တစ်ဦးမှာ ဦးသာကြည် ဖြစ်၏။ ကျွန်ုပ်အထက်မှ နယ်ပိုင်ဝန်ထောက်မှာ ဦးအောင်ကိန်းဖြစ်၏။ ပထမကမ္ဘာစစ်တွင် မက်ဆိုပိုတေးမီးယားစစ်မြေပြင်တွင် တိုက်ပွဲဝင်ခဲ့သူ ဖြစ်၏။ ကျွန်ုပ်တို့ အုပ်ချုပ်ရေးဝန်ထမ်းလောကတွင် မြို့အုပ်၌ ဆပ်မောင်းတိန်း တောင်တန်းမြို့အုပ်၊ အလုပ်သင် လက်ထောက်မြို့ပိုင်၊ သမြို့သီးမြို့အုပ်ခေါ် အလုပ်သင်ဒုတိယမြို့ပိုင်၊မြို့ပိုင်၊နယ်ပိုင်ဝန်ထောက်၊ စစ်ကဲတန်းနယ်ပိုင်၊ အရေးပိုင် စသည်ဖြင့်ရှိရာ ဦးအောင်ကိန်းမှာ စစ်ကဲတန်းနယ်ပိုင်ကြီး ဖြစ်၏။ စစ်ကဲတန်းနယ်ပိုင်များသည် မကြာမီ အရေးပိုင်ရာထူးသို့တက်လှမ်းမည့်သူများဖြစ်၏။ ရေဦးမြို့သည် ဆပ်ဒီဗီဇံမြို့ဖြစ်ရကား ရေဦးနယ်ပိုင်၏လက်အောက်တွင် တန့်ဆည်မြို့၊ ဒီပဲယင်းမြို့ရှိ၏။ ရေဦးမြို့သည် ရွှေဘိုခရိုင်အတွင်းရှိသည်။ ရွှေဘိုအရေးပိုင်ကား အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း ဦးစိန်တင် ဖြစ်၏။ ရာဇဝတ်ဝန်ထောက်မှာ ဦးခင်မောင်ကြီး၊ တိုက်ပိုင်ဦးဘသိန်း၊ ဌာနာအုပ်ဦးဘခင်၊ ရာဇဝတ်အုပ်များမှာ မောင်သိမ်းမောင်နှင့် မောင်ဘချစ်တို့ ဖြစ်၏။ ဂေါ်ရခါးစစ်ပုလိပ်အဖွဲ့တပ်မှူးမှာ ဂျမဒါဗိုလ်စောလွင် ဖြစ်၏။

ရေဦးဆပ်ဒေဗီဇံသည် မူးမြစ်၏အနောက်ပိုင်း ချင်းတွင်းမြစ်အထိပိုင်လေသည်။ မြို့နယ်ဧရိယာပြပါဆိုသော

ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း

# အနောက်တံခါးမှူးမောင်မှူး

၁၉၃၈ ခုနှစ်၊ ရေဦးမြို့





www.burmeseclassic.com

www.burmeseclassic.com

...န်းမိုင် (၅၇၄) မိုင် ရှိသည်။ ၁၉၂၁ ...စစ်တမ်းအရ လူဦးရေ (၄၂၉၉၇) ...ည်၊ လူဦးရေသိပ်သည်းမှုမှာ (၁) ...န်းမိုင်တွင် (၇၅) ဦးရှိသည်။ စိုက် ...ဧရိယာမှာ (၁၅၄) စတုရန်းမိုင် ...၏၊ မြို့နယ်အရှေ့ပိုင်းကို ရေဦး ...င်းမတော်မှ ရေဖြင့်စိုက်ပျိုးသမှုပြု ...ည်။ မိုးတွင်းကာလများတွင် မူးမြစ် ...ကြီးလျှင် ဘီဘီတီစီအယ်၊ ဖူးကား၊ ...ဂရီ စသော သစ်ကုမ္ပဏီများမှ ...များမျောပါလာရာ ရေဦးမြို့အနီး ...ကန်းရွာမှလူတို့က သစ်လုံးများကို ...၏ လှိုင်းခေါင်းဖြူများအကြားမှ ...ကျွံပ်မှာ အလွန်ကြည့်ကောင်းသော ...င်းဖြစ်၏။ အလွန်ဆိုးသောမြင် ...မှာလည်း မူးမြစ်ကြီးလျှင် ကမ်းပါး ...သောမြင်ကွင်းဖြစ်သည်။ ကျွန်ုပ် ရေဦး ...က်သောအခါ ဘီအိုစီဓာတ်ဆီကိုယ် စားလှယ် ဦးသက်ရှည်တိုက်နှင့် မလှမ်း မကမ်းတွင် မူးမြစ်ကမ်းဖြစ်နေပါပြီ။

ကျွန်ုပ်အထက်မှအရာရှိများသည် အုပ်ချုပ်မှုတွင် တိကျသည်၊ တော်သည်။ အခွန်တော်ကို ကောက်ခံရာ၌ ကြီးကြပ် ရာတွင်တော်သည်ဟု အများအသိအ မှတ်ပြုသောအရာရှိများ ဖြစ်သည်။

ဘုတလင်မြို့မှ ရေဦးမြို့သို့ ပြောင်းလာရခြင်း ဖြစ်သည်။ ဘုတလင် မြို့နေစဉ်ကပင် မြန်မာတို့ နိုင်ငံရေးနိုး ကြားလာပြီး ဝံသာနုအသင်းများပေါ် လာသည်။ နိုင်ငံခြားဖြစ် အဝတ်အစား များကိုရှောင်ရန် နိုးဆော်ကြသည်။ ရန်ကုန်မြို့ ကောလိပ်တွင် ပညာသင် ကြားနေသော မောင်သိမ်းဖေအား နိုင်ငံ ရေးမလုပ်ရန်၊ ပညာကောင်းစွာသင်ရန် သူ၏ဖခင် မြေတိုင်းအင်စပိတ်တော် ကြီးအား အရေးပိုင်မှညွှန်ကြား၍ ကျွန်ုပ် က ပြောကြားခဲ့ရသည်။ ထို့နောက် ကျွန်ုပ်မှာ ရွှေဘိုခရိုင် ရေဦးမြို့သို့ ပြောင်းလာရသည်။ ကျွန်ုပ်ရောက်စတွင် နယ်ပိုင်ဝန်ထောက်မှာ ဦးထွန်းမောင် ဖြစ်သည်။ မကြာမီ ဦးထွန်းမောင်မှာ ရာထူးတိုးလျက် ရေဦးမှပြောင်းသွား၍ စစ်ကဲကြီး ဦးအောင်ကိန်း ရောက်လာ သည်။

အိန္ဒိယပြည်မှ မဟတ္တမဂန္ဒီသည် အင်္ဂလိပ်အား နိုင်ငံရေးပြိုင်ရာတွင် အင်္ဂလန်မှတင်ပို့သော ဆားမစား၊ ပင်လယ်စပ်ထွက်၍ ဆားချက်သည်။ အင်္ဂလန်မှလုပ်သောပစ္စည်းများကိုမသုံး ရန် တရားဟောသည်။ သူကိုယ်တိုင် ပြည်တွင်းဖြစ် ဒိုတီကို ဝတ်ဆင်သည်။ တစ်တိုင်းပြည်လုံးက သူ့ဩဝါဒကို လက်ခံကျင့်သုံးသည်။ ယခုလည်း မြန်မာ တို့ ဝံသာနုအသင်းများပေါ်လာသည်။ နိုင်ငံခြားဖြစ်ကိုရှောင်၍ ဟံဇားထည်တို့ ဝတ်ဆင်လာကြသည်။ အိမ်တော်ရာထီး ကို ဆောင်းကြသည်။ မန္တလေးအိမ်တော်





www.burmeseclassic.com


www.burmeseclassic.com

ရာဘုရားဈေးသည် ပြည်တွင်းဖြစ်သာ ရောင်းသည်။ ကျွန်ုပ်တို့ အရာထမ်းအမှုထမ်းတို့သာ အင်္ဂလန်လုပ်ပစ္စည်းကို အသုံးပြုကြသည်။ မြန်မာညက်ဖိနပ်စီးလျှင် အထက်အရာရှိရှေ့ဝင်လျှင် ဖိနပ်ချွတ်ရသည်။ အင်္ဂလန်လုပ် ရီလေးဆက်စ်ဆွန် စသော ရှူးဖိနပ်စီးသော် ဖိနပ်မချွတ်ရ။ စာရေးများစီးနိုင်ရန် လပေးစနစ်နှင့်ရောင်းသည်။ ဖိနပ်မချွတ်လို၍ အင်္ဂလန်ဖြစ်ကို အားပေးရတော့သည်။

မိမိတို့မနှစ်သက်သောတိုင်းပြည်မှထွက်ကုန်ကို သပိတ်မှောက်ရန်ဆောင်ရွက်ခြင်းကား မိမိသဘောအလျောက်ပြုခြင်းဖြစ်၍ ဥပဒေအရ အရေးယူခြင်းမပြုနိုင်။ ဆူပူမငြိမ်မသက်ပြုရန်ဆော်သြလျှင် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေနိုင်သည့်အတွက် အရေးယူရမည် ဖြစ်၏။

၁၉၃၈ ခုနှစ်သည် နိုင်ငံရေးလုပ်ရှားမှုများ၏။ မြို့ပေါ်တွင် သတင်းမျိုးစုံထွက်နေ၏။ မန္တလေးမှ ဂေါ်ရခါးတပ်စေလွှတ်သည်။ အုပ်ချုပ်သူမှာ ဂျမဒါဗိုလ်စောလွင် ဖြစ်၏။ ဗိုလ်စောလွင်မှာ တောင်တွင်းကြီးဇာတိ။ မင်းဘူးမြို့အစိုးရအထက်တန်းကျောင်း ကျောင်းနေဖက်ဖြစ်၏။ ဗိုလ်စောလွင်သည် သဘောကောင်း၏။ ဟိန္ဒူ စတန်နီစကား၊ အူရဒူစကားကို ကောင်းစွာပြောနိုင်သူ ဖြစ်၏။ သူတပ်ခွဲမှ တပ်သားများကို နံနက်စောစောထစေ၍ပြေးစေသည်။ လက်နက်များဖြင့် နံနက်ပိုင်းတွင် စစ်ရေးပြသည်။ နေ့လယ် ဈေးကွဲ၍ ဈေးမှလူများပြန်ချိန်တွင် စက်သေနတ်ကို ဖြုတ်ခြင်း၊ တပ်ဆင်ခြင်း၊ စစ်ချီသောသယ်ယူဟန်၊ ပစ်ဟန်တို့ကို ပြသည်။ ဆူပူလျှင် ဤသေနတ်တွေနှင့် ပစ်ရပါတော့မည်ဟု မပြောသော်လည်း ပြသလိုက်ခြင်း ဖြစ်ပါသည်။ သူက တာဝန်ကျေစွာ သတိပေးလိုက်ခြင်း ဖြစ်၏။ ဗိုလ်စောလွင်တပ်မှာ စစ်ပုလိပ်တပ် ဖြစ်သည်။

ကောလာဟလသတင်းများကလည်းထွက်နေသည်။ အောက်ပြည်အောက်ရွာ၌ ကုလား-မြန်မာရိုက်ပွဲများဖြစ်သည်။ မော်လပိဦးရွှေဓိနေသော မြေတူးမှ ကုလားများ ရေဦးသို့ချီတက်လာသည်ဟု ကြားရသည်။ သို့သော် မြေတူးမှ ကုလားများသည် သူတို့ရွာ၌ ကောင်းစွာနေထိုင်လျက်ရှိသည်။ သူတို့မှာ မြန်မာဘုရင်များလက်ထက်မှစ၍ နေထိုင်ခဲ့ပြီး အချို့မှာ မြန်မာအမြောက်တပ်ထဲတွင် အမှုထမ်းခဲ့သူများ၊ ဘုရင့်


Original
15/10.38
Settlaya Loc was on duty on many nights and had a thin time
Submitted to LOC
CW 798 9/9/38
SDO 4.9.38
RoR with thanks. ... has done useful work.
16/10-38
8/9/38
Forwarded

Diary of Township Officer, Ye-u for the 2nd fortnight ending the 31st August 1938.

....v....

16th to 18th. At headquarters attending office and making enquiries to find out the truth of rumours about the possession of poison bottles by some Indians. No reliable information was received and the rumours are found to be exaggerated ones. In the evening of 18th at about 5 P.M. after the departure of the U.I.P. from the station some novice came to the station and stoned the Railway stalls and torn out the table clothe. I went to the house of S.D.O. and made a verbal report to him. We proceeded to that place in a car and after due enquiry we moved to Chantha[illegible] and [illegible] monastries picking up U Ba [illegible], the bailiff and headmaster U Ba [illegible]. We requested the presiding monks to order the monks in his monastry not to leave the monastry compound after sun set and before sun rise and not to pay visit to the Railway station in the evening. Receiving their promise we returned home. Patrolled the town at night till 12 P.M.

19th. On the morning at about 8 A.M. my peon Maung [illegible] came running to me and reported that a Koyin from Kankwin Kyaung was found vomitting and rolling on the floor on account of eating a guava said to have contained poison. I proceeded to that place from the back of a cycle of my friend taking [paper] and Ayanza for recording

၈-၉-၃၈ နေ့စွဲပါလက်မှတ်မှာ ရွှေဘိုအရေးပိုင် စာရေးဆရာ သိပ်မောင်ဝ (ခေါ်) အိုင်စီအက်(စ်)ဦးစိန်တင်၏မှတ်ချက်နှင့် လက်မှတ် ဖြစ်ပါသည်

ကိုယ်ရံတော်အဖြစ် တာဝန်ထမ်းဆောင်သူများ၏ အဆက်အနွယ်များ ဖြစ်၏။ သူတို့ကတော့ ဆူပူမည်ဟုမထင်။

ကျွန်ုပ်အသိ မာမက်ကြီးကမူ -

"မြို့အုပ်မင်းရယ်၊ ကျွန်တော်တို့အဘိုးက ဘုရင့်အိပ်ဖန်စောင့်ဗျ။ မြန်မာတွေထက် ယုံကြည်ရလို့ အနီးကပ်အမှုထမ်းခွင့်ရတာ။ ကိုယ်ရံတော်ဗလီဆိုပြီး ဘုရင်က အမရပူရမှာတစ်ခု၊ မန္တလေးမှာတစ်ခု တည်ဆောက်ပေးတာကြည့်ပါ။ ကျွန်တော်တို့က သစ္စာရှိမွတ်စလင်ပါ။ ဒီပြည်ကလွဲပြီးအားကိုးမရှာပါဘူး"

ဟု ဆို၏။

လူကောင်းလည်းရှိသလို လူဆိုးလည်းရှိရာ ကုလားဆိုးအချို့ကြောင့် 'အလွန်ကောင်းသော ကုလားပဲဟင်းအိုးအတွင်း ရေနံဆီတစ်စက်ရောလိုက်ဘိအလားရှိချေသည်' ဟု သုံးသပ်မိသည်။

ညစဉ် ကျွန်ုပ်ထိုင်နေကျ ရေဦးမြို့မှ တရုတ်ရှပ်ဆိုင်ပိုင်ရှင်ပေါက်ဖော်ကြီးကမူ ရန်ကုန်တွင် ဂျပန်တပ်များက [illegible] ရောက်တိုက်ခိုက်ရာ တရုတ်များအသ[illegible] ခံရခြင်းသာ စိတ်ဝင်တစားပြောသည်။ သူပြောသည်က ကျွန်ုပ်နှင့် သူမိတ်ဆွေ ဂျပန်ဓာတ်ပုံဆရာ ဆူဇူကီးကို ဒွေ့ခံ[illegible] ပြော၏။

ဂျပန်ဓာတ်ပုံဆရာကြီးကမူ -

"စစ်ဖြစ်ရင်တော့အသေအပျောက်ရှိမှာပါ"

ဟု ပြေလည်အောင် ပြောပါ[illegible]

လက်ဖက်ရည်ဆိုင်တွင် ကုလား[illegible]များအကြောင်းမပြောကြပါ။ တရုတ်နှင့်ဂျပန်တို့စစ်ဖြစ်ကြရာ မြန်မာပြည်ရော[illegible] ဂျပန်ဓာတ်ပုံဆရာနှင့် အမှိုင်မှုလာ[illegible] ရှပ်ဆိုင်ပိုင်ရှင်တရုတ်ကြီးတို့မှာ အ[illegible] ခင်မင်ရာမှ ညတိုင်း စကားစစ်ထိုး[illegible] သည်။ အခင်ကားမပျက်ပေ။

ဇူလိုင်လကုန်လောက်မှစ၍ ကျွ[illegible] မှာ မကောင်းလှ။ အနာများပေါ်[illegible] ကောင်းစွာ လမ်းမလျှောက်နိုင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

သို့သော် နယ်ပိုင်ဝန်ထောက်မင်းမရှိချိန်တွင် ကျွန်ုပ်သည် ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်ရပါသည်။ နယ်ပိုင်ဝန်ထောက်မင်းထံမှတစ်ဆင့် အရေးပိုင်မင်း၏ ၁၉၃၈ ခု၊ ဇူလိုင်လ ၃၀ ရက်နေ့စွဲပါ ကြေးနန်းစာအရ ကျေးရွာသူကြီးများအား ရပ်ရွာထဲတွင် ဆူပူအဓိကရုဏ်းဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်မှုများပေါ်ပေါက်ပါက ချက်ချင်းသတင်းပို့အစီရင်ခံကြရန် ညွှန်ကြားရပါသည်။ ဩဂုတ်လ ၁ ရက်နေ့အထိ ထူးခြားဖြစ်ပျက်မှုမရှိခဲ့ပါ။ သို့သော် ၂ ရက်နေ့တွင်မူ မြို့ပေါ်တွင် လှုံ့ဆော်ရေးပိုစတာများကပ်သည်ဟု ဌာနာအုပ်က ရာဇဝတ်ဝန်ထံအစီရင်ခံသော ကြေးနန်းမိတ္တူကို ညနေ(၃)နာရီခန့်တွင် လက်ခံရရှိသည်။

ကျွန်ုပ်သည် ထိုနေ့ကခြေထောက်နာကျင်နေ၍ အိမ်တွင်ရှိပါသည်။ မြို့ထဲထွက်နိုင်ပါ။ အိမ်မှကွပ်ကဲမှုပြုရပါသည်။ ကြေးနန်းဖြင့် အစီရင်ခံစာအရ ပိုစတာများသည် ကုလားများ၊ ဗမာများကို သတိပြုရန်အကြောင်းများပါ၍ ဌာနာအုပ်ကြီးအားခေါ်၍ အဓိကရုဏ်းမဖြစ်စေရန် ပုလိပ်များနှင့် ကြိုတင်ကာကွယ်မှုများပြုလုပ်ရန် အမိန့်ပေးပါသည်။ ညနေ (၅) နာရီခန့်၌ ရေဦးမီးရထားဘူတာရုံတွင် ကုလားတစ်စုက ကိုရင်တစ်ပါးကိုရိုက်နှက်သည်ဟု သံဃာတော်များထံ သတင်းရောက်သည်။ ရေဦးမီးရထားဘူတာရုံပိုင် ဘာတာချာဂျီ၏ အိတ်ရုံးကူလီခေါင်းလာလဂျီး ဦးဆောင်သည်ဟု သံဃာများက သတင်းရသည်။ စုရုံးနိုင်သော သံဃာတော်တစ်စုသည် ဘူတာရုံသို့သွားကြသည်။ ရေဦးသို့ ရောက်ရှိသော မီးရထားစက်ခေါင်းမောင်းသူ ကုလားသည် သံဃာတော်များ စုဝေးလာသည်ကိုမြင်လျှင် ကြောက်လန့်စွာ အော်ဟစ်လျက် ဆန်ကော်များ၊ ကျေးရွာများကို ဖြတ်သန်းပြီး ... အရပ်ရှိ လယ်ကွင်းတစ်ခုအနီး ... တစ်ခုတွင် ပုန်းအောင်းနေရသည်။ အော်ဟစ်မှုကြောင့် ကုလားများ၊ ဗမာများလည်း အဓိကရုဏ်းစပြီဟု ... ဖြင့်နေကြရသည်။ ရုံပိုင်မှ ရွာ ... ရှိ မီးရထားရုံး၊ ရွှေဘိုရှိ ရာဇဝတ်... ထံ ကြေးနန်းရိုက်သည်။ မိတ္တူကို ... ရှိရာဇဝတ်ဝန်ထောက်မင်းထံပေးသည်။ ရာဇဝတ်ဝန်ထောက်မင်းသည် ...သော ကြေးနန်းနှင့်အတူ ကျွန်ုပ်ထံ ...လာသည်။ ကျွန်ုပ်သည် အုပ်ချုပ်...အရ မြို့အုပ်အဖြစ် လည်းကောင်း၊ ...မြို့နယ်အထူးအာဏာရ ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးအဖြစ်လည်းကောင်း တိုင်ပင်ရန် လိုအပ်သည့်အတွက် လာရောက်ခြင်း ဖြစ်ပါသည်။ ရုံပိုင်ရုံးခန်းတွင်းရှိ စားပွဲခင်းများကို ဖျက်ဆီးသွားသည်။ စာရွက်စာတမ်းများကို လွှင့်ပစ်သည်ဟု သိရသည်။

ကျွန်ုပ်ဒူးခေါင်းမှာ နာလျက်ရှိသော်လည်း ရာဇဝတ်ဝန်ထောက်မင်းနှင့်အတူ သူ၏ကားဖြင့် အချင်းဖြစ်ပွားရာ မီးရထားဘူတာရုံသို့ သွားရောက်ရသည်။ ဘူတာရုံတွင် တိုက်ပိုင်ကြီး ဦးဘသိန်း၊ ဌာနာအုပ် ဦးဘခင်၊ ရာဇဝတ်အုပ်ဦးသိမ်းမောင်နှင့် ရာဇဝတ်အမှုထမ်းပုလိပ်များ ရောက်နေကြပါပြီ။ မီးရထားစက်ခေါင်းမောင်း ကုလားအားအတော်ကြာအောင် ရှာဖွေခေါ်ရသည်။ ထို့ကြောင့် မီးရထားဘူတာရုံ၌ အချိန်ကြာသွားခဲ့ပါသည်။ ထိုမှ ရေဦးမြို့ ဈေးပိုင်းသို့ ထွက်ခွာလာပါသည်။ စစ်ပုလိပ်တပ်ကိုလည်း ထိုနေရာသို့ သွားရောက်နေရာယူရန် ညွှန်ကြားပါသည်။

ကျွန်ုပ်မိတ်ဆွေ တရုတ်ကြီး ပိုင်သော ရှုပ်ဆိုင်နားရောက်သောအခါ လမ်းဝဲ၊ ယာရှိ ကုလားဆိုင်များ ဖျက်ဆီးခံရပြီးဖြစ်သည်ကို တွေ့ရသည်။ ဈေးတောင်ဘက်တွင် ခဲများကျလာသည်။ ပစ်သူများကို ရှာမတွေ့ရပါ။ ဆိုင်ရှင်များအဆိုအရကား ဆိုတ်ရောက်သည်နှင့် တစ်ပြိုင်နက် ခဲပေါက်သူများ ထွက်ပြေးကြသည်ဟု သိရသည်။ သူတို့အားစောင့်ရှောက်ရန် ပုလိပ်အချို့ကိုတာဝန်ပေးနေစဉ် ကုလားများက ဗလီနားတွင် ဆူပူသူများစုနေပြီဟု သတင်းပေးရာ ဗလီရှိရာသို့ သွားရသည်။ ဈေးမြောက်ဘက်တွင် စစ်ပုလိပ်များတွေ့ရသည်။ စစ်ပုလိပ်များဆက်လက် ချီတက်စေပြီး ကျွန်ုပ်တို့က သူတို့ရှေ့မှ ဗလီသို့သွားပါသည်။ ဆူပူသူတို့သည် အချက်ပြပေးသူတစ်ဦးထားရှိဟန်တူပါသည်။ ဗလီနှင့် ကိုက် (၂၀၀) ကွာရောက်သောအခါ အချက်ပေးသူက ကျွန်ုပ်တို့ရောက်ကြောင်း မည်သို့အချက်ပြလိုက်သည်မသိပါ။ ဆူပူသူတို့သည် လူစုခွဲပြေးကြသည်။ ကျွန်ုပ်ရောက်သောအခါ ဗလီမှာပျက်စီးနေပါပြီ။ ဆူပူသူတို့လည်းမရှိတော့ပါ။ မီးရထားဘူတာရုံတွင် ဆူပူသူများစုပြန်ပြီဟု ကြားရပြန်ရာ တိုက်ပိုင်ကြီးကားနှင့် ဘူတာရုံသို့ရောက်ပါသော်လည်း ဆူပူသူများကို မတွေ့ရတော့ပါ။ စစ်ပုလိပ်များ အစောင့်ထားခဲ့ပါသည်။

ဘူတာရုံမှ ရေဦးသို့၊ ရေဦး - ဒီပဲယင်းကားလမ်းအတိုင်း ပြန်လာကြရာ ဈေးအနောက်ဘက်တွင် သံဃာတော်အချို့အားတွေ့ရာ ၎င်းတို့က ကျောင်းတိုက်များသို့ပြန်လည်ကြွမည်ဖြစ်ကြောင်း သိရသည်။ လမ်းတွင် ဗလီသို့ဝင်ကြည့်ပြီးနောက် နောက်နောင်ဆူပူဖျက်ဆီးသူများရှိက သေနတ်နှင့်ပစ်မည်ဟု လူအများသိစေရန် ကြေညာလိုက်ပါသည်။ ထို့နောက် စစ်ပုလိပ်များကို ဗလီနားတွင် တပ်စွဲစေကာ နောက်ထပ် မဖျက်မဆီးရန် အစောင့်ထားခဲ့ပြီး မိုးလင်းသည်အထိ တိုက်ပိုင်ကြီးနှင့်အတူ ဂျမဒါဗိုလ်စောလွင်ပါ တိုက်ပိုင်ကြီးကားနှင့် ကင်းလှည့်ကြပါသည်။

၃-၈-၃၈ နေ့တွင် အရေးပိုင်ထံ ကြေးနန်းဖြင့် အစီရင်ခံသည်။ (×××) နေ့တွင် နယ်ပိုင်ဝန်ထောက်မင်း ခရီးထွက်ရာမှ ပြန်ရောက်သည်။ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးဘရင်အိမ်ရှေ့တွင် နယ်ပိုင်ဝန်ထောက်မင်း ခေတ္တရပ်၍ စကားပြောသည်ဟု သိရသည်။ ခြေထောက်မှ ဒူးနာကို ဆေးရုံ၌ ဆေးထည့်ပြီးနောက် နယ်ပိုင်ဝန်ထောက်မင်းထံသွားရောက်ပါသည်။နယ်ပိုင်ဝန်ထောက်မင်းက ကျွန်ုပ်အား ကန်တွင်းဘုန်းတော်ကြီးကျောင်းသို့မဟုတ်လားဟု မေးရာ မိမိက မသွားရောက်ခဲ့ပါကြောင်း ဖြေပါသည်။ ရေဦးမြို့ရောက်ကတည်းက ကန်တွင်းကျောင်းသို့ မရောက်ခဲ့ပါ။ ထိုစွပ်စွဲချက်သည် ဆရာကြီးဦးဘရင်ထံမှလည်းကောင်း၊ မောင်အောင်ဘုထံမှ လည်းကောင်း ပြောကြားချက်နှင့် စွပ်စွဲပြောဆိုခြင်း ဖြစ်သည်။ ကျွန်ုပ်သည် သူညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ အထင်အမြင်လွဲမှုကို ဂရုမထားခဲ့ပါ။

ထိုနေ့ နယ်ပိုင်ဝန်ထောက်ရုံးခန်းတွင် အစည်းအဝေးလုပ်သည်။ ရာဇဝတ်ကျင့်ထုံး ကိုဒ်ဥပဒေ ပုဒ်မ - ၁၄၄ ကို ထုတ်ပြန်ကြောင်း ကြေညာသည်။ အစည်းအဝေးပြီးလျှင် နယ်ဝန်ထောက်အိမ်သို့လိုက်ပါ၍ (၂) ရက်နေ့၌ အခင်းဖြစ်ပွားပုံကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ဆည်ဝန်ထောက် မစ္စတာဘိုလာဆင်းအိမ်တွင် သွားရောက်၍ ရွှေဘိုရှိ အရေးပိုင် ဦးစိန်တင်ထံ အစီရင်ခံစာရေးရန်စီစဉ်နေစဉ် စာရေးမောင်လှဖေကမူ တူးကာကာလက်ဖက်ရည်ဆိုင်ဖောက်ထွင်းခံရကြောင်း သတင်းပို့ပါသည်။

ချက်ချင်းအခင်းဖြစ်ရာသို့ လိုက်သောအခါ ဆူပူလုယက်သူများသည် များလွန်း၍ ပြန်လည်ဆုတ်ခွာရပါသည်။ စစ်ပုလိပ်များကို ခေါ်ယူ၍ နယ်ပိုင်ဝန်

www.burmeseclassic.com

ထောက်နှင့် သွားသောအခါ လူစုကွဲသွားပါပြီ။ ဆိုင်ပိုင်ရှင်နှင့် ကျန်လူများကိုအားပေးပြီး မဆိုင်သူများကို လူစုခွဲရပါသည်။ သံဃာတော်များက တံခါးချိုး၍ ဝင်စဉ် တောကြောင်များက အခွင့်ကောင်းယူ၍ ပစ္စည်းများကိုယူကြသည်။ သံဃာတော်များက ကန်တွင်းကျောင်းသို့ ပြန်ကြသည်ဟု ဆိုသည်။ ရာဇဝတ်ဝန်နှင့် သူ့အဖွဲ့က နောက်မှလိုက်သွားပြီဟုသိရသည်။ မြို့အရှေ့ပိုင်းရောက်သောအခါ မှိုင်ဒူးကာကာဆိုင်လည်း လုယက်ခံရသည်။ ဆူပူမှုသည် ညနေ (၃) နာရီကျော်လောက်မှ ရပ်စဲသွားပါသည်။

ညပိုင်းတွင် စစ်ပုလိပ်များကို နေရာယူစေ၍ အစောင့်ချထားရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို စာရင်းကောက်ကြရသည်။ ကုလားများက တန်ဖိုးကို ချဲ့ထွင်၍ပြောပါသည်။ ကျပ်(၁၃၀၀၀) ခန့် ပျက်စီးဆုံးရှုံးသည်။ ရာဇဝတ်ဝန်သည် ၅ ရက်နေ့အထိနေ၍ စစ်ပုလိပ်အချို့ကို ခေါ်ဆောင်ကာ ဇီးကုန်းသို့ ထွက်ခွာသွားသည်။

◆ ၁၃-၈-၃၈ နေ့အထိ မြို့အခြေအနေမှာ အေးချမ်းသာယာလျက်ရှိသည်။ ကုလားများလျှို့ဝှက်စည်းဝေးကြသည်ဟု ကြားရသည်။ စုံစမ်းမှုပြုရာ သတင်းအမှား ဖြစ်နေသည်။ ၁၄-၈-၃၈ နေ့တွင် . တင်းတရုံ၌ ရေတွင်းထဲသို့ မွတ်ဂျီဆိုသောကုလားသည် အဆိပ်များ သောက်ရေတွင်းထဲသို့လောင်းသည်ဟု ကြားရသည်။ အရေးယူရန် ပုလိပ်နှင့် သွားသောအခါ ထိုကုလားမှာ ဒဏ်ရာနှင့် ခုံပေါ်မှာတွေ့ရသည်။ ကိုရင်ငါးပါးက ဝင်ရောက်၍တိုက်ခိုက်သည်။ တောကြောင်များက လိုက်လုသည်ဟု သိရသည်။ မွတ်ဂျီက သူ့အကြောင်းပြောစဉ် မီးရထားကူလီတစ်ဦးက ဒဏ်ရာများနှင့် ပေါ်လာသည်။ သူက PWD ဌာနမှ မစ္စတာမာကွီးကို တိုင်တန်းပြောပြသည်။ စစ်ဆေးမေးမြန်းသောအခါ လုပ်ငန်းအတွင်း မတော်တဆထိခိုက်ဒဏ်ရာရခြင်းဖြစ်ကြောင်း သိရသည်။ နောက်တစ်နေ့နံနက် မီးရထားဖြင့် ရေဦးသို့ ပြန်လာပြီး နယ်ပိုင်ဝန်ထောက်ထံ ထုံးစံနှင့်အညီ အစီရင်ခံစာတင်သွင်းရသည်။

၁၈-၈-၃၈နေ့တွင် ကုလားများထံမှ အဆိပ်ပုလင်းများမိသည်ဟု သတင်းရသည်။ ထိုကိစ္စကို စုံစမ်းစေရာ မမှန်ကြောင်းသိရသည်။တိုက်ပိုင်ကြီးပြန်သွားပြီးနောက် ညနေ (၅) နာရီခန့်တွင် ဘူတာရုံ၌ ကိုရင်များလာရောက်၍ ခဲဖြင့် ပစ်ပေါက်ကြသည်ဟု ကြားရသည်။ နယ်ပိုင်ဝန်ထောက်အား နှုတ်ဖြင့်အစီရင်ခံပြီးသည့်နောက် ဆရာကြီး ဦးဘရင်၊ ဘိလစ်စာရေးဦးဘလူတို့နှင့် ချမ်းသာကြီးကျောင်းတိုက်၊လေးထပ်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်ကြီးများအား သံဃာတော်များ ည (၆) နာရီမှ နံနက်အထိ ကျောင်းတွင် သီတင်းသုံးနေစေရန်၊ ဘူတာရုံသို့မသွားစေရန် လျှောက်ထားရသည်။ ထို့နောက် ည (၁၁) နာရီအထိ မြို့ပေါ်တွင် ရောင်းလှည့်သည်။

၁၉-၈-၃၈ နေ့တွင် ကျွန်ုပ်၏ မင်းစေမောင်ဘသည် ကန်တွင်းကျောင်းမှ ကိုရင်တစ်ဦး ကရမ်ချန်ဆိုသော ဟိန္ဒူကုလားအိမ်မှကပ်လှူသော မာလကာသီးဘုဉ်းပေးရာ အဆိပ်မိသည်ဟု လာရောက် သတင်းပို့သည်။ သေတမ်းစစ်ချက်ယူရန် ကျမ်းနှင့် စာရွက်အချို့ကို ယူဆောင်ပြီး ဘုန်းကြီးကျောင်းသို့ သွားရသည်။ အိပ်ရာပေါ်တွင် ကိုရင်ကလေးတွေ့ရသည်။ ပါးစပ်မှ အမြှုပ်များထွက်နေသည်။ အန်ဖတ်များကို . ဘုန်းကြီးကျောင်းသားများက သုတ်နေသည်။ ပရိသတ်ကများလှ၏။ သေတမ်းစစ်ချက်ယူပြီးနောက် နယ်ပိုင်ကြီးကို အခြားအခန်းတစ်ခု၌တွေ့၍သူ့ထံမှ ညွှန်ကြားချက်ယူရသည်။ ညွှန်ကြားချက်အရ ကရမ်ချန်အိမ်သွားသည်။ ကရမ်ချန်မရှိ သူ့သား ပါပူးတွေ့သည်။ ပါပူးကို ဌာနသို့ အစောင့်နှင့်ပို့ရသည်။ မာလကာသီးများတွေ့သည်။ ဆေးပုလင်းများလည်း ရသည်။ ဆေးပုလင်းများ မာလကာသီးများကိုသိမ်း၍ ဓာတုဗေဒဝန်ထံပေးပို့ရန် စီစဉ်ရသည်။ ကရမ်ချန် ဆေးရုံသွားသည်ဟုပြောရာ ဆေးရုံ၌မတွေ့။ ကရမ်ချန်ကိုရှာရာ မတွေ့သော်လည်း ကရမ်ချန်သည် ကျွန်ုပ်ထံသို့ စက်ဘီးနှင့် လာရောက် အဖမ်းခံသည်။ ရာဇဝတ်ဌာနတွင် လူတန်းစီပြရာ ကိုရင်ကလေးက သူ့ကို မာလကာသီးလှူသူမှာ ပါပူးဟု ဆွဲပြသည်။ ပါပူးမှာ ကလေးဖြစ်နေသည်။ အသက်စစ်ရသည်။ ပါပူးကို သီးခြားကောင်းမွန်စွာ ရာဇဝတ်အမှုထမ်းတို့ကထားရန် အမိန့်ပေးရသည်။ မဂ်လာကျောင်းမှ မာလကာသီးများလည်း လိုက်သိမ်းရသည်။ မာလကာသီးအလုံး (၉၂) လုံးရသည်။ ဓာတုဗေဒဝန်ထံပို့ရမည်။

ည (၁၀) နာရီတွင် ရေဦး၌ မီး (၃) နေရာလောင်သည်။ ကျွန်ုပ်သည် အိမ်မှ ရွှေလင်းမောင် အမည်ရှိ မြင်းကိုစီးပြီး မီးလောင်သည့်နေရာသို့ သွားရောက်ကွပ်ကဲရ၏။ လမ်းတွင် လျှော[က်] လွှာစာရေး မောင်ဘကွန်းနှင့် တွေ့[ရ] ကျွန်ုပ်နှင့်အတူခေါ်ခဲ့သည်။ ရေဦး - ဒိ[...] ယင်းလမ်းရှိ ကရမ်ချန်အိမ်မှာ မီးလော[င်] နေပြီ။ မီးငြိမ်းသတ်ရန်စီစဉ်ပြီး မီးရထာ[း] ဘူတာရုံသို့သွားရသည်။ ကူလီခေါ[င်း] နမ်ကင်းအိမ်မှာ ပြာကျနေပြီ။ အိမ်နီးချ[င်း] စီတာရမ်ကို ဘူတာရုံမှာ ဒဏ်ရာများန[ှင့်] တွေ့ရသည်။ သူကထွက်ပြီးခုခံသည်[...] သိရသည်။ သူ့ထံမှ သေတမ်းစစ်ချ[က်] ယူရသည်။ ပုလိပ်များလည်း မြင်းလှည်[း] နှင့်ရောက်ပြီဖြစ်၍ ပြန်ရာလမ်းတွ[င်] ဘာဝါရီအိမ်မှနွားခြံမီးလောင်သည်[...] တွေ့ရာ လူအများခေါ်၍ ကျွဲ၊ နွားများ[...] လွှတ်ပေးရသည်။

သတင်းများအရ ရေဦး၌ ကရ[မ်] ချန်အိမ်မီးလောင်ရာတွင် ဆူပူသူမျ[ား] သည် ရာဇဝတ်အမှုလိုက် စီပီအိုဦးမြ[...] မှ သိမ်မွေ့စွာ လူစုခွဲရန် ပြောကြား[...] လူအုပ်ကြီးက -

“တို့ဒကာကြီး မြို့ပိုင်ကြီး[...] တောင်းပန်နေပြီ၊ ပြန်ကြစို့”

ဆိုပြီး လူစုခွဲကြသည်ဟူ၏။

ဤသတင်းကား ပြန့်နေ[...] မှားသည်၊ မှန်သည်ကား မသိပေ။

၁၉ ရက်နေ့ အပျက်အစီးကား -

၁။ အိမ်ဒါဆင်အိမ်မှတဲတစ်လုံး။

၂။ ကရမ်ချန်အိမ်မှ တဲ(၂)လုံး၊ ဂိုဒေါ[င်] တစ်ခု၊

၃။ဘူတာရုံအနီးမှ ကရမ်နာကင်၏အိ[မ်] နှင့်ဆိုင်၊

၄။ အိမ်ဒါဆင်နွားတင်းကုပ်၊

၅။ ကရာကာကာ၊ ကူတီကာကာ[...] လက်ဖက်ရည်ဆိုင်တို့ဖြစ်၏။

၂၀-၈-၃၈ နေ့တွင် စစ်ပုလိပ်[...] မှ ဂျမဒါဗိုလ်အောင်ဝင်းတို့ စစ်ပုလိ[ပ်] များနှင့် ရွှေဘိုမှရောက်လာကြသည်[...] လမ်းဆုံလမ်းမများ၊ ရေဦး - ဒိပဲယ[င်း] ရေဦး-တန့်ဆည်၊ ရေဦး-ကံထူးမလမ်း[...] တို့၌ တပ်မှနေရာယူလိုက်သည်။ ကျွ[န်ုပ်] တိုက်ပိုင်ကြီးနှင့် မေဂျာဘရိုင်တို့က [...] ဖြင့် ကင်းလှည့်သည်။ ညဉ့်နာရီပြန် (...) ချက်ခန့်၌ တိုက်ပိုင်ကြီးအိမ်တွင်နား[...] ပြောက်အိုးဖောက်သံကြားရပြီး [...] ရည်ဆိုင်မြောက်ဘက်မှ မီးရောင်ထွ[က်] လာရာ ဗိုလ်စောလွင်ကို သူ့တပ်နှင့်လို[က်] ခဲ့ရန်မှာ၍ ထိုနေရာသို့သွားရသည်။

မြင်းရထားသမား စီတာ၏အိ[မ်] မီးလောင်ခြင်း ဖြစ်၏။ စီတာတို့မိသာ[းစု] မှာ အိမ်တွင်မရှိ၊ ပစ္စည်းမပါဟုဆို[...] တစ်ဖန် မြောက်အရပ်ဘက်မှ မီးလော[င်] ပြန်သည်။ အိမ်ဒါဆင်၏နွားတင်းကု[ပ်...]



www.burmeseclassic.com

www.burmeseclassic.com

မိန်းရှိခံရသည်။ လုယက်မှုကားမရှိပါ မိုးလင်းအထိ ကျွန်ုပ်တို့ကင်းလှည့်ခဲ့ သည်။

၂၁-၈-၃၈ နေ့ အခြေအနေမှာ ပိုင်းတွင် ငြိမ်သက်လျက်ရှိသည်။ ရေးပါသတင်းရသောနေရာများတွင် ပ်ချထားသည်။ စစ်ပိုလ်များကလည်း ပ်များကို စစ်ဆေးပြီးအသင့်အနေအ ားနှင့် ကြပ်မတ်ကြပါသည်။ ည (၁၀) ီခန့်တွင်မှ အိမ်သို့ခေတ္တနားစဉ် နယ် င်ဝန်ထောက်ကြီးလာရောက်၍ မကျီး တောရွာသို့ စစ်ပုလိပ် (၄) ဦးနှင့်အတူ ားရောက်ရန် ခေါ်၏။ မကျီးတောရွာ တွင် ကုလားအိမ် (၄) လုံး မီးလောင် ကြ တွေ့ရသည်။ မိမိနှင့်အတူ ပုလိပ် (၄) ဦးအား မကျီးတောတွင် ငြိမ်းရန်အတွက် ကြီးကြပ်ရန်ထားခဲ့ သည်။ နံနက်လင်းမှ ပြန်ရသည်။ အခြား လောင်မှုကား အင်တောကျေးရွာအုပ် ဆတ်သေကျေးရွာတွင်လည်း မီး လောင်လေသည်။ ကုလားအိမ် (၅) လုံး လောင်သည်ဟု သိရ၏။ ဆတ်သေ သို့ ရာဇဝတ်အုပ် မောင်သိမ်းမောင် အဖွဲ့အား နေမဝင်မီ ဆတ်သေ တဲတွင် နေရာယူရန် ရာဇဝတ် မှ စီစဉ်ခဲ့သော်လည်း နယ်ပိုင်ကြီးမှ အဖွဲ့ကို မကျီးတောရွာသို့ ခေါ်ယူ ၍ ဆတ်သေ၌ မီးရှို့မှုဖြစ်ပွားရ သည်ဟု ရာဇဝတ်ဘက်မှ ပြောလာ၏။

ဆတ်သေရွာမီးလောင်မှု၌ - -

| | |
|---|---|
| အီလ်အာမတန် ကျပ် | ၈၄၅၊ |
| ဂျမနမ် | ၁၅၁၂၊ |
| ကုလားမောင်သိန်း | ၂၅၊ |
| ကံရဒင် | ၃၄၇၀ |

မျှ ဆုံးရှုံးသည်။

၂၂-၈-၃၈ နယ်ပိုင်ဝန်ထောက်၏ ကြားချက်အရ ကြာပန်းညိုရွာသို့ ားရောက်ပြီး နေထိုင်လျက်ရှိသော ကုလားများစာရင်းကောက်ခံပါသည်။ သားများကို ပုဒ်မ ၁၄၄ အမိန့်ကို ပြသည်။ ကုလားများကို မနှောင့် က်ရန် သတိပေးရသည်။ ထို့နောက် ိုးသို့ ပြန်ရောက်သည်။ နေ့လယ် ရေဦးဗိုလ်တဲပေါ်၌ ရွှေဘိုမှ ရာဇ ဝန်ကြီး၊ ရေဦးရာဇဝတ်ဝန်ထောက်၊ ိုက်ပိုင်၊ နယ်ပိုင်ဝန်ထောက်အပါအဝင် နွေးရာမှ ကုလားများအား ရေဦး၌ ထားရန် အကြံပြုကြသည်။ ကြာ ညိုသို့ပြန်၍ ကုလားများကို ခေါ်ရ သည်။ သူတို့အိမ်ရာပစ္စည်းများကို ကြီးနှင့် ရွာလူကြီးများထံ အပ်နှံလျက် င့်ရောက်ရန် အမိန့်ပေးရသည်။

ဆတ်သေရွာမှုခင်းကို စုံစမ်းရန် ၂၄-၈-၃၈ နေ့တွင် သွားရောက်ခဲ့သည်။ ဆတ်သေရွာတွင် ရွာသားများအားလုံး (ကုလား၊ ဗမာ) ကို ခေါ်ယူတွေ့သည်။ ကုလားဖိုးကြည်နှင့် ဖိုးလှတို့ (၂) ဦးလာ ရောက်မှုမရှိ။ နယ်ဝန်ထောက်၏အမိန့် စာကို ရှင်းပြရသည်။ ဆူပူမှုမရှိရန်၊ ကုလားများပစ္စည်းဥစ္စာကို မဖျက်ဆီးရန် အမိန့်ပေးသည်။ နောက် အင်တောရွာ၊ ဘကုံသို့ ခရီးဆက်သည်။ ရွာသားများ အား ငြိမ်းချမ်းစွာ အတူတကွ နေထိုင် ရန် သတိပေးသည်။

ကျွန်ုပ်၏ စုံစမ်းရရှိချက်မှာ -

က။ ကုလားဖိုးကြည်နှင့် ကုလား ဖိုးလှတို့သည် ကူဖြူဘုရားရှိ ရုပ်ပွား တော်များအား ဖျက်ဆီးသည်ဟု သိရ သည်။

ခ။ ကူဖြူဘုရားဝတ္တကမြေကို မောင်ညိုဝင်းဆိုသူထံမှ ဝယ်ယူသည်။ ဘုရားမြေထဲတွင် ကုလားသချိုင်းလုပ်၍ လူသေများမြှုပ်နှံသည်။ အဓိကရုဏ်း မဖြစ်မီ မူးမြစ်ဆိပ်တွင် ချာပါတီများ၊ အချို့များကို ပစ်ထားသည်။ ရွာသားများ က အဆိပ်များခတ်ထားပြီး ပစ်ထား သည်ဟု စွပ်စွဲယုံကြည်ကြသည်။ အခင်း မဖြစ်မီ (၂၁) ရက် ညနေတွင် ကုလား ဖိုးကြည်သားနှင့် ကုလားဖိုးလှတို့သည် ရွာရှိ ကလေးများကို ဗမာတွေခေါင်း ဖြတ်ပစ်မည်ဟု ကြိမ်းဝါးပြီး ကလေးများ ကို မာန်မဲသည်။ ထိုအချက်တို့ကို မကျေ နပ်၍ အခင်းဖြစ်ပွားသည်ဟု သိရသည်။

ရွာသားများကို ထိုအကြောင်း များမေးစေပြီး ကောင်းမွန်စွာနေထိုင်ကြ ရန် သတိပေး၍ ရေဦးသို့ ပိန်းကားရွာမှ တစ်ဆင့် ပြန်လာရသည်။ ရပ်ရွာအေး ချမ်းရေးအတွက် ဆွေးနွေးရန်၊ ငြိမ်းချမ်း စွာနေကြရန် သတိပေးချက်စာများ ဖြန့် ဝေရန် စီစဉ်ရ၏။

၂၅၊ ၂၆ ရက်များတွင် ဝက်ပို၊ လက်လန်၊ မြင်းပေါက်၊ ဇင်ဗွန်း၊ ဆည် ကြီး၊ မူသကုန်တွင် ထိုစာများ ဖြန့်ဝေရ သည်။ ရွာများမှလူများ ရေဦးသို့ ည မလာရဟုလည်း အမိန့်ထုတ်ပြန်ရသည်။

ကူကြိုစုရွာတွင် မွတ်စလင်များ၏ ခေါင်းဆောင် မာမက်ခန် ရှိသည်။ စကားကြွယ်လှသည်။ ကံကောင်းသည် မှာ သူအိန္ဒိယသို့ခေတ္တပြန်သွား၍ဖြစ် သည်။ သူရှိလျှင် အရာရှိများက သူ့ စကားရှင်းရတာက အလုပ်တစ်ခုဖြစ်နိုင် သည်။

၂၇၊ ၂၈ နေ့တွင် အခြေအနေ တည်ငြိမ်လာသည်။ ပုံမှန်အလုပ်တာဝန် များကို ထမ်းဆောင်နိုင်ပါပြီ။ သို့နှင့် ရေ ဦးမြို့ အခြေအနေကောင်းစပြုလာပါပြီ။ ကုလား-ဗမာများလည်း ဆက်ဆံရေးပြန် ရှိလာပါပြီ။ သို့သော် ကြာပန်းညိုရွာ၌ အခြေအနေတစ်မျိုး ဖြစ်နေသည်။ ကာလီ ဖာဒိန်မိုဟာမက်သည် လူသစ်ဖြစ်သည်။ ဇေရပါရီအမျိုးသမီးတစ်ဦးကို လက်ထပ် ယူထားသည်။ ဒိန်မိုဟာမက်က သူ့ကျွဲ၊ နွားများကို ရွာသားများစိုက်ခင်းထဲတွင် လွှတ်သည်။ ရွာသားများက မခံနိုင်၍ သူ့နွားများကို ကျွဲနွားအကျဉ်းထောင်ပြု လုပ်၍ ဖမ်းထည့်ထားသည်။ ထို့ကြောင့် အခြေအနေမကောင်း။ ကျွန်ုပ်ကသူ့နွား များဖျက်ဆီး၍ တန်ဖိုးအလျော်တောင်း ပါ။ မပေးက တရားစွဲပါ။ နွားများကိုဖမ်း မထားသင့်ဟု ပြောရသည်။ ဒိန်မိုဟာ မက်သည် မကြာမီ သူ့မယားရွာဖြစ် သော ဝက်ပိုသို့ ပြောင်းလိမ့်မည်ဟု သတင်းရသည်။

ရေဦးမြို့သည် ပြန်လည်စည်ကား စပြုလာသည်။ ကျွန်ုပ်သည်လည်း ရေဦး မြို့မှ တန့်ဆည်မြို့သို့ ပြောင်းရန်အမိန့်ရ သည်။ တန့်ဆည်သည် ရေဦးမှ (၁၂)မိုင် ခန့်ဝေးပါသည်။ ကားလမ်းမရှိ ၁၉၃၈ခု၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ကျွန်ုပ် မြင်း ရွှေလင်းမောင်ကို စီးလျက် လူယုံ တော်ဘိုးယွန်း၊ သပိတ်ကျင်းမြို့ ကျောက် လှည်းဘီးရွာမှ မုဆိုးကျော် စစ်ပြန်ဦးပျား တို့လည်း မြင်းကိုယ်စီဖြင့် ကိုယ်ပိုင် လှည်းပေါ်တွင် မိသားစုတင်ကာ ပစ္စည်း တင်လှည်းတန်းကြီးနှင့်အတူ တန့်ဆည် မြို့ကို ရေဦးမြို့မှ ထွက်ခွာလာခဲ့သည်။

"တို့ဒကာကြီး မြို့ပိုင်ကြီးက တောင်းပန်နေပြီ၊ ပြန်ကြစို့"

ဆိုပြီး လူစုခွဲကြသည်ဆိုသော စကား နယ်ပိုင်ကြီးက ကျွန်ုပ်အား ကန်တွင်းဘုန်းတော်ကြီးကျောင်းသို့သွား သည်မဟုတ်လားဟု မေးခြင်းသည် ကျွန်ုပ်နှင့် ကန်တွင်းကျောင်း သံဃာ တော်တို့ ဆက်သွယ်မှုရှိသည်ထင်၍ နယ်ပိုင်ကြီးက မေးခြင်း ဖြစ်သည်။

အချက်အလက်ကို ဆက်သော် ကျွန်ုပ်အား ရေဦးမြို့ ကန်တွင်းတိုက်ရှိ သံဃာတို့နှင့်ဆက်သွယ်ကြောင်း တစ်စုံ တစ်ယောက်က တိုင်တန်းချက်ရှိခဲ့ ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တန့်ဆည်သို့၊ ရေဦးသို့ ပြောင်း ရွှေ့ရသည်ဆိုလျှင် အလွန်ဖြစ်နိုင်ဖွယ်ရာ ရှိပါသည်ဟု ယုံကြည်ရမည် ဖြစ်ပါ ကြောင်း။

အနောက်တံခါးမှူးမောင်မှူး



www.burmeseclassic.com

www.burmeseclassic.com

ရှေးဟောင်း ရခိုင်သမိုင်းခေတ်အဆက်ဆက်ကို ဆက်စပ် လေ့လာသုတေသနပြုနိုင်ရန်အတွက် ရခိုင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ်လျက်ရှိပါသည်။ ထိုသို့ ဖော်ထုတ်ရာတွင် ရခိုင်ယဉ်ကျေးမှုရုပ်ဝတ္ထုပစ္စည်းများထွန်းကားရာ နယ်မြေတစ်ခုဖြစ်သော ဓညဝတီမြို့ဟောင်းလည်းပါဝင်ပါသည်။ ထိုဓညဝတီမြို့ဟောင်း၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်လက်ရာများသည် မည်မျှစောခဲ့ကြောင်းနှင့် မည်ကဲ့သို့ယဉ်ကျေးမှုအစဉ်အဆက်ဖြစ်ခဲ့သည်ကို လေ့လာသုတေသနပြုဖော်ထုတ်နိုင်ရန်ဟူသော ရည်ရွယ်ချက်တို့ဖြင့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ဓညဝတီမြို့ဟောင်းထဲရှိ ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.11) မဟာမြတ်မုနိအရှေ့တောင်ထောင့် စက်တော်ဝန်းကုန်းခေါ် ဓညဝတီမြို့ဟောင်းနယ်မြေမှခ်ဦးကုန်းကို တူးဖော်သုတေသနပြုလုပ်ခြင်း ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(DNWD.11)မဟာမြတ်မုနိအရှေ့တောင်ထောင့်စက်တော်ဝန်းကုန်းခေါ် ဓညဝတီမြို့ဟောင်းနယ်မြေမှခ်ဦးကုန်းသည် ဓညဝတီမြို့ဟောင်း၏အလယ်၊ မဟာမြတ်မုနိဘုရား၏ အရှေ့တောင်ထောင့်တွင် တည်ရှိနေပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် (20° 52' 13")၊ အရှေ့လောင်ဂျီတွဒ် (93° 3' 57") ပင်လယ်ရေမျက်နှာပြင်အမြင့်(၆၅) ပေခန့်တွင် တည်ရှိပါသည်။ မဟာမြတ်မုနိကုန်းအရှေ့ဘက် ညောင်ချောင်းကွင်းတွင် ကျရောက်ပါလိမ့်မည်။

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.11) မဟာမြတ်မုနိအရှေ့တောင်ထောင့်စက်တော်ဝန်းကုန်း၏ အရှေ့ဘက်တွင် ဓညဝတီမြို့ဟောင်း၏ကျုံးဘောင်နှင့် ကျုံးဟောင်းတောချုံများ၊ လယ်ကွင်းများနှင့်တောင်တန်းများ၊ တောင်ဘက်တွင် ဆည်မြောင်းဘောင်များနှင့် လယ်ကွင်းကြီးများ၊ အနောက်ဘက်တွင် ဓညဝတီမြို့ဟောင်းနယ်မြေမှခ်ဦးကြီးနှင့်ရန်ကုန်-စစ်တွေကားလမ်းမကြီးကပ်လျက်တည်ရှိပြီး ရေကန်ဟောင်းနှင့် အနော်မာသိမ် တည်ရှိနေပါသည်။ မြောက်ဘက်တွင် မဟာမြတ်မုနိလေယာဉ်ကွင်းဥယျာဉ်၊ ကျောက်တော်၊ ပလက်ဝကားလမ်း၊ ဇီးချောင်းနှင့်ဆည်မြောင်းဘောင်၊ မဟာမြတ်မုနိအရှေ့မြောက်ထောင့်စက်တော်ဝန်းကုန်းခေါ် ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.5) တို့ဖြင့် ဝန်းရံထားပါသည်။ (DNWD.11)ကုန်း၏ အနောက်မြောက်ဘက်တွင် မဟာမြတ်မုနိဘုရားကြီးတည်ရှိပါသည်။

တူးဖော်မှုကုန်းကို အရှေ့၊ အနောက် (၁၅) မီတာခန့်၊ တောင် - မြောက် (၂၀) မီတာခန့် လျာထား၍ တူးဖော်ခဲ့ပါသည်။ ကုန်းမှာ ချိုင့်ခွက်များ ဖြင့် ဘဲဥပုံစံမကျတကျအနေအထားမျိုး တွေ့ရှိရပါသည်။ မတူးဖော်မီ ဤကုန်း ပေါ်တွင် သစ်ပင်ချုံနွယ်များပေါက် ရောက်နေသည်ကို တွေ့ရှိရပါသည်။ ဤတူးဖော်မှုကုန်းကို အနိမ့်ဆုံးမြေပြင် မှတိုင်းလျှင် (၅) ပေခန့်မြင့်သည်ကိုတိုင်း တာတွေ့ရှိရပါသည်။


ဓညဝတီမြို့ဟောင်း တူးဖော် ကုန်းအမှတ် (DNWD.11) သည် နှောင်း လူတို့၏ နှောင့်ယှက်ဖျက်ဆီးမှုများကို အများဆုံးခံထားရသော ရှေးဟောင်း အဆောက်အအုံကုန်းတစ်ကုန်းပင်ဖြစ် သည်။ ရန်ကုန်-စစ်တွေ ကားလမ်းမကြီး နှင့်ကပ်နေသည့် ကုန်းတစ်ကုန်းဖြစ်သည် အလျောက် ဤကုန်းမှတွေ့ရှိသ ကျောက်တုံး၊ ကျောက်ခဲများကို ကျင်း ပြီး လမ်းလုပ်ရာတွင် ရောင်းစားခဲ့ သည်ဟု ဒေသခံများပြောဆိုချက်အ သိရှိရပါသည်။ မြောက်ဦးခေတ်ကျဆုံး သည့်နောက်ပိုင်းတွင်လည်း သိုက်ဆ များလက်ချက်ကြောင့် အဖျက်အဆီးအ မျိုးမျိုးခံထားရသော ကုန်းတစ်ကုန်း လည်းဖြစ်သည်ဟု သိရှိရပါသည်။ ကု ၏မတူးဖော်မီ အနေအထားမှာ မို့သည် နေရာတွင်မို့နေပြီး နိမ့်သည့်နေရာတွင် လည်း ချိုင့်ခွက်ခံနေသည်ကို တွေ့ရှိရ သည်။

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်း အမှတ် (DNWD.11)ကို တူးဖော်သုတေ


## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

# ဓညဝတီမြို့ဟောင်းနယ်မြေမှခ်ဦးကုန်း

ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.11) အနောက်ဘက်မှ မြေလွှာဖြတ်ပိုင်းပုံဆွဲ




www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ပုံ (၆)

သနပြုလုပ်ရာတွင် တူးဖော်သည့်နည်းစနစ်များစွာရှိသည့်အနက်မှ အဆောက်အအုံ၏မြေလွှာဖွဲ့စည်းပုံကို ကောင်းစွာသိရှိနားလည်စေရန်နှင့် တူးဖော်ထွက်ရှိလာသော ယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းများကို အလွယ်တကူ မှတ်တမ်းတင်နိုင်ရန်အတွက် ကျင်းကွက်ဖွဲ့တူးဖော်သည့်စနစ်(Gird System)ကို အခြေခံပြီး တူးဖော်သည့်နည်းစနစ်ကို အသုံးပြု၍ တူးဖော်ထားခြင်း ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.11) ကို တူးဖော်သုသေသနပြုလုပ်ရာတွင် အဆောက်အအုံ၏မြေလွှာသမိုင်းကြောင်းကို သိရှိစေနိုင်ရန်အတွက် မြေလွှာစမ်းသပ်တူးဖော်မှုလုပ်ငန်းကိုပြီးဆုံးအောင် မဆောင်ရွက်နိုင်ခဲ့သေးပါ။ မြေလွှာစမ်းသပ်ကျင်းကိုလည်း အကြောင်းအမျိုးမျိုးကြောင့် သုံးလွှာခန့်သာ စမ်းသပ် တူးဖော်ခဲ့ရပါသည်။ သဘာဝမြေလွှာအထိရောက်အောင် တူးဖော်ခြင်းမပြုနိုင်ခဲ့ပါ။

မြေလွှာများထဲတွင် မြေလွှာအမှတ်(၁)သည် အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာဖြစ်ပြီး ရေ၊ လေ၊ မြေသယ်ဆောင်ခြင်းနှင့်သစ်ရွက်သစ်မြစ်ဆွေးတို့မှပို့ချထားသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာတစ်လွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၂)သည် သစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသော ပို့မြေလွှာဖြစ်ပြီး မူလအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသော ပို့မြေလွှာတစ်လွှာပင် ဖြစ်ပါသည်။

မြေလွှာအမှတ်(၃)သည် ပို့မြေလွှာအောက်တွင်တွေ့ရှိရသော ကျောက်တုံး၊ ကျောက်ခဲများနှင့်အုတ်ခဲများအပြင် ကျောက်ဆစ်လက်ရာတချို့တွေ့ရှိရသော အဆောက်အအုံအပျက်အစီးမြေလွှာပင် ဖြစ်ပါသည်။ မြေလွှာအမှတ်(၃)အောက်ကို အကြောင်းအမျိုးမျိုးကြောင့် ဆက်၍ မတူးဖော်နိုင်ခဲ့ပါ။ ဤမြေလွှာ(၃) တွင် ကျောက်ဆစ်လက်ရာများ၊ အိုးခြမ်းကွဲများ၊ စဉ့်လက်ရာအပဲ့အစများကိုလည်း တူးဖော်တွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.11) ကို တူးဖော်သုတေသနပြုလုပ်ရာတွင် အများဆုံးတွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ ဝတ္ထုပစ္စည်းတစ်ခုမှာ မြေထည်ပစ္စည်းမှဖြစ်သည့် အိုးခြမ်းကွဲများပင် ဖြစ်ပါသည်။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျောက်ဆစ်လက်ရာတချို့နှင့် အုတ်ခဲ၊ အုတ်စီတို့ကိုတွေ့ရှိရပါသည်။ ၎င်းအပြင် စဉ့်လက်ရာအဖွဲ့အစများကိုလည်း တူးဖော်တွေ့ရှိရပါသည်။


အိုးခြမ်းကွဲပြုလုပ်သောမြေသားများကိုလေ့လာရာတွင် ရွှံ့ဆန်သောမြေသားဖြင့်ပြုလုပ်ထားသော အိုးခြမ်းကွဲ၊ ရွှံ့နှင့်သဲဆတူတွေ့ရှိရသော အိုးခြမ်းကွဲအမျိုးအစားနှင့် သဲဆန်သောရွှံ့ဖြင့်ပြုလုပ်ထားသော အိုးခြမ်းကွဲအမျိုးအစားများကိုလေ့လာတွေ့ရှိရပါသည်။ အိုးခြမ်းကွဲဒီဇိုင်းအဆင်တန်ဆာများမှာ အမျိုးစုံလှသည်ကို လေ့လာတွေ့ရှိရပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.11)မှ တူးဖော်တွေ့ရှိရသောလက်ရာတချို့ကို ပုံဆွဲများဖြင့် နံပါတ်စဉ်ထိုးကာ ရေးသားဖော်ပြလိုက်ပါသည်။

ပုံ(၁)သည် ဓညဝတီမြို့ဟော[...] တူးဖော်မှုကုန်းအမှတ်(DNWD.11)မ[...] မြတ်မုနိအရှေ့တောင်ထောင့်စက်[...] ဝန်းကုန်း($A_2$)ကျင်းမှ တူးဖော်တွေ့ရှိ[...] သော ကျောက်ဆစ်လက်ရာကို ကူး[...] ရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခု[...] ဖြစ်ပါသည်။ မူရင်းကျောက်ဆစ်လက်[...] အမြင့်(၅)cmခန့်၊ အကျယ်(၂၁)cm[...] နှင့် ကျောက်တုံးနောက်ဆွဲအထု(၂၇)[...] ခန့်ရှိပါသည်။ ကျောက်ဆစ်လက်ရာ[...] ခြေထောက်နှစ်ချောင်းကိုထပ်ထားသ[...] အနေအထားမျိုးတွေ့ရှိရပါသည်။ ထ[...] ထားသည့် ခြေထောက်နှစ်ချောင်း[...] အပေါ်ခြေထောက်ခြေချင်းဝတ်မှာပဲ့[...] ပြီး ခြေဖမိုးနှင့် ခြေချောင်းကလေးမျာ[...] သာပေါ်လွင်နေသည်ကိုတွေ့ရှိရသည်[...]

တချို့ခြေချောင်းကလေးမှာပဲ့[...] သည်ကိုတွေ့ရှိရပါသည်။ဤခြေထော[...] ကျောက်ဆစ်လက်ရာမှာ မဟာမြတ်မု[...] ကုန်းတော်မှ နတ်ရုပ်ခြေထောက်များန[...] တူနေသည်ကို တွေ့ရှိရပါသည်။ မဟာ[...] မြတ်မုနိကုန်းတော်မှနတ်ရုပ်များမှာ ဓည[...] ဝတီခေတ်လက်ရာများဖြစ်ပြီး ဤပုံ(၁) ခြေထောက်ကျောက်ဆစ်လက်ရာသ[...] လည်း ဓညဝတီခေတ်လက်ရာဖြစ်နိုင်[...] သည်။ ဓညဝတီခေတ်တစ်ခေတ်တည်း[...] လက်ရာဖြစ်သောကြောင့် ခြေထပ်ဟ[...] ခြေဖျားချဟန်များ တူညီနေခြင်းဖြစ်[...] သည်။ ပုံ (၁) မူရင်းလက်ရာမှာ [...] ကျောက်မာဖြင့်ထုဆစ်ထားသောလ[...] ရာတစ်ခုပင်ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်[...] ကုန်းအမှတ် (DNWD.11) ($B_3$) ကျင်း[...] တူးဖော်တွေ့ရှိရသောမြေမီးဖုတ်အိုး[...] ကွဲလက်ရာကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ(၂)ပုံ[...] ၏ မူရင်းအိုးခြမ်းကွဲအမြင့် ($5\frac{1}{2}$)cmခ[...] အကျယ် ($4\frac{1}{2}$)cmခန့်နှင့်အထူ ($\frac{1}{2}$) [...]



ပုံ (၁)

www.burmeseclassic.com

ခန့်ရှိပါသည်။ အိုးခြမ်းကွဲအပြင်မျက်နှာပြင်မှာ ရာဇမတ်ကွက်ကလေးများဖြင့် အနုစိတ်စွာ အလှဆင်ထားပါသည်။ ရာဇမတ်အကွက်ဘောင်များကို ဖောင်းစင်လုံးပူးစီဖြင့် အနားသတ်ထားပါသည်။ ရာဇမတ်ကွက်ကလေးများအလယ်တွင် ခုံးခုံးမို့မို့ကလေးများဖြင့် ထပ်မံအလှဆင်ထားပါသေးသည်။

အိုးခြမ်းကွဲ၏အတွင်းမျက်နှာပြင်မှာ အချောဆိုရသော်လည်း ရပ်စောက်အစင်းကြောင်းကလေးအနည်းငယ်ပါရှိသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲကို ကျစ်လျစ်သိပ်သည်းသောရွှံ့မြေသားဖြင့် ပြုလုပ်ထားသောကြောင့် မာကျောသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၂)မူရင်းအိုးခြမ်းကွဲအရောင်မှာ မြေမီးဖုတ်ရောင်ခပ်ဖျော့ဖျော့တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမှာ လက်ရာမြောက်သည့် ဒွာရဝတီခေတ်မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။

ပုံ(၃)သည်လည်း(DNWD.11)($B_3$) ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၆)cm ခန့်၊ အကျယ် (၇၁/၂)cmခန့်နှင့် အထူ(၁/၂) cmခန့်ရှိပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်အချောသာ တွေ့ရှိရပါ၏။ အပြင်မျက်နှာပြင်တွင် အပေါ်၌ အရစ်နှစ်ရစ်ဖော်ထားပြီး အောက်ပိုင်းကို လေးထောင့်ကွက်ကလေးငယ်များဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။


အိုးခြမ်းကွဲပြုလုပ်ထားသော မြေသားမှာ ကျစ်လျစ်သော်လည်း သဲပွင့်ကလေးများပါရှိသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

(DNWD.11) ($B_4$)ကျင်းမှတူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော အိုးခြမ်းကွဲပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲအမြင့် (၅၁/၂) cmခန့်၊ အကျယ် (၇)cmခန့်နှင့် အထူ (၁/၂)cmခန့်ရှိပါသည်။ အိုးခြမ်းကွဲမူရင်းအပေါ်ပိုင်းထူ၍ အောက်ပိုင်းပိုပါးသည်ကို တွေ့ရှိရပါ သည်။


အိုးခြမ်းကွဲအပြင်မျက်နှာပြင်မှာ အပေါ်ပိုင်းချော၍ အောက်ပိုင်း ရာဇမတ်ကွက်ကလေးများဖြင့်အလှဆင်ထားပါသည်။ ရာဇမတ်ကွက်ဘောင်များကို ဖောင်းတစ်ဖောင်းတည်းစီဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။

အိုးခြမ်းကွဲအတွင်းမျက်နှာပြင်ကို အချောဆိုရသော်လည်း အစင်းကြောင်းကလေးအနည်းငယ်ပါရှိသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပြုလုပ်ထားသောရွှံ့မြေမှာ သဲပွင့်ကလေးများတွေ့ရှိရပြီး အိုးခြမ်းကွဲမှာ မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။


ပုံ(၅)လက်ရာသည်လည်း (DNWD.11) ($B_3$)မှတူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသော အိုးခြမ်းကွဲပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ အိုးခြမ်းကွဲမူရင်းလက်ရာအမြင့် (၃)cmခန့်၊ အကျယ် (၄) cmခန့်နှင့် အထူ (၁/၃)cmခန့်ရှိပါသည်။ အိုးခြမ်းကွဲမှာ အပေါ်ပိုင်းထူ၍အောက်ပိုင်းပါးသည်ကို တွေ့ရှိရပါသည်။အိုးခြမ်းကွဲအပြင်မျက်နှာပြင်မှာ အဖုကလေးများဖြင့်တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပြုလုပ်ထားသောရွှံ့မြေသားမှာ သဲဆန်ပြီး အိုး




ပုံ (၂)



ပုံ (၃)



ပုံ (၄)

ပုံ (၅)




အတွဲ ၁၁၇၊ အမှတ် ... ခုနှစ် ... နိုဝင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

ခြမ်းကွဲအရောင်မှာ နီညိုရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

ပုံ (၆) ပုံဆွဲလက်ရာသည်လည်း ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.11)($A_2$)ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာကို ကူးယူရေးဆွဲထားသောပုံဆွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅½) cmခန့်၊ အကျယ် (၄½) cmခန့်နှင့် အထူ (½) cmခန့်ရှိပါသည်။

အိုးခြမ်းကွဲအပြင်မျက်နှာပြင်ကို လေးထောင့်ကွက်ကလေးများဖြင့် အလှဆင်ထားပါသည်။ လေးထောင့်ကွက်ကလေးများကိုဖောင်းလုံးများဖြင့် အနားသတ်ထားသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲအတွင်းမျက်နှာပြင်အချောသာ တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပြုလုပ်ထားသောမြေသားကျစ်လျစ်ပြီး မြေမီးဖုတ် ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ ပုံ(၆)အိုးခြမ်းကွဲလက်ရာမှာ အနုစိတ်လှသည့် အိုးခြမ်းကွဲလက်ရာ တစ်ခုပင် ဖြစ်ပါသည်။

ဤလက်ရာကို ဓညဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD. 11) ($B_3$) ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအဖုံ့အစ တစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၄) cmခန့်၊ အကျယ် (၄½) cmခန့်နှင့် အထူ(½)cm ခန့်ရှိပါသည်။


မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲလက်ရာ၏ အပြင်မျက်နှာပြင်မှာ ဒေါင်လိုက်ခပ်စောင်းစောင်းဖောင်းလုံးနှစ်လုံးတွေ့ရှိရပြီး ဖောင်းလုံးနှစ်လုံး လက်ဝဲ၊ လက်ယာတွင် အလျားလိုက်အစင်းကြောင်းကလေးများဖြင့် အလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ အစင်းကြောင်းကလေး



ပုံ (၇)

များကို ညီညာအောင် ပြုလုပ်ထားသည်မှာလည်း ကြည့်ကောင်းလှပါသည်။

မူရင်းအိုးခြမ်းကွဲအတွင်းမျက်နှာပြင်မှာ အချောသာ တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပြုလုပ်ထားသော မြေသားမှာ ကျစ်လျစ်သိပ်သည်းပြီး မြေမီးဖုတ်ရောင်တောက်ပနေသည်ကိုတွေ့ရှိရပါသည်။




ပုံ (၈)

ပုံ (၈) ပုံဆွဲလက်ရာသည်လည်း ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(DNWD.11)($B_3$)ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲအဖုံ့အစလက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာတစ်ခုပင် ဖြစ်ပါသည်။ မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၅) cmခန့်၊ အကျယ် (၄) cmခန့်နှင့် အထူ (½)cmခန့်ရှိပါသည်။ အိုးခြမ်းကွဲ၏ အတွင်းမျက်နှာပြင်ကို အချောသာ တွေ့ရှိရပါသည်။

အိုးခြမ်းကွဲအပြင်မျက်နှာပြင်ကို ရာဇမတ်ကွက်ကလေးများဖြင့် အလှဆင်ထားပါသည်။ ရာဇမတ်ကွက်လေးများကို ဖောင်းတစ်လုံးတည်းဖြင့်စီအလှဆင်ထားသည်ကို တွေ့ရှိရပါသည်။ ရာဇမတ်ကွက်ထဲတွင် အဖုကလေးများ ခပ်ယောင်းယောင်းဖော်ထားပါသည်။ ဆန္ဒငါးမကင်းကွက်သဏ္ဌာန်လည်း မြင်တွေ့နိုင်ပါ၏။ အိုးခြမ်းကွဲအပြင်မျက်နှာပြင်မှာ အစိပ်အကျဲညီစွာဖြင့်ပြုလုပ်ထားသည်မှာ အနုလက်ရာမြောက်လှသည်ဟု ပြောရမည်ပင်ဖြစ်ပါသည်။

အိုးခြမ်းကွဲပြုလုပ်ထားသောမြေသားမှာ ကျစ်လျစ်ပြီးမာကျောချောမွတ်နေသည်ကို တွေ့ရှိရပါသည်။ မူရင်းအိုးခြမ်းကွဲအပြင်မျက်နှာပြင်မြေမီးဖုတ်ရောင်ဖျော့၍ အတွင်းမျက်နှာပြင်မြေမီးဖုတ်ရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲမှာ အတွင်း၊ အပြင် အရောင်တူညီမှုမရှိသည်မှာ ထူးခြားသည့် အိုးခြမ်းကွဲလက်ရာတစ်ခုပင်ဖြစ်ပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.11) ($B_4$) ကျင်း တူးဖော်တွေ့ရှိရသောမြေမီးဖုတ်အိုးခြမ်းကွဲအစိတ်အပိုင်းတစ်ခုကို ကူးယူရေး ထားသော ပုံဆွဲလက်ရာတစ်ခုပင်ဖြစ် သည်။ ပုံ(၉)၏ မူရင်းအိုးခြမ်းကွဲလက် အမြင့် (၃½)cmခန့်၊ အကျယ်(၅) ခန့်နှင့် အထူ(½)cm ခန့်ရှိပါသည်။




ပုံ (၉)

မူရင်းမြေမီးဖုတ်အိုးခြမ်းကွဲအတွင်း မျက်နှာပြင်မှာ အချောသာတွေ့ရှိရ အပြင်မျက်နှာပြင်မှာ စတုဂံကွက်ကလေး များဖော်၍ အလှဆင်ထားသည်ကိုတွေ့ ရှိရပါသည်။ စတုဂံကွက်ကလေးများ အဖြောင့်အနေအထား မတွေ့ရှိရ အောက်သို့ ခပ်ငိုက်ငိုက်စီတန်းထား သည်ကို တွေ့ရှိရပါသည်။ စတုဂံကွက် ကလေးများကို အနားသတ်ဖောင်းလုံး တစ်ခုစီဖြင့်သာတွေ့ရှိရပါသည်။

ဤမြေမီးဖုတ်အိုးခြမ်းကွဲသည် လည်း အတွင်းမျက်နှာပြင်အရောင် ပြီး အပြင်မျက်နှာပြင်မြေမီးဖုတ်ရော တောက်ပနေသည်ကို တွေ့ရှိရပါသည်။ အိုးခြမ်းကွဲပြုလုပ်ထားသော ရွှံ့မြေသာ မှာ ကျစ်လျစ်သိပ်သည်းပြီး မာကျော သည်ကို တွေ့ရှိရပါသည်။

ပုံ(၁၀)ပုံဆွဲလက်ရာမှာ ဓညဝတီ မြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DN D.11)($A_2$)ကျင်းမှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်အိုးခြမ်းကွဲလက်ရာအဖုံ့အ တစ်ခုကို ကူးယူရေးဆွဲထားသော ပုံ လက်ရာတစ်ခုပင်ဖြစ်ပါသည်။ ပုံ(၁၀) မူရင်းအိုးခြမ်းကွဲလက်ရာအမြင့် (၂½) ခန့်၊ အကျယ်(၄½)cmခန့်နှင့် အထူ

ပုံ (၁၀)





www.burmeseclassic.com

www.burmeseclassic.com

...နေ့ရှိပါသည်။ အိုးခြမ်းကွဲမှာ အပေါ် ...၍ အောက်ပိုင်းပါးသည်ကို တွေ့ရှိရ ...သည်၊ အိုးလည်ဆစ်အပွဲအစတစ်ခု ...ပါ၏။ ထောင့်ပေါ်၍ လည်ဆစ် ...နေသည်ကို တွေ့ရှိရပါသည်။

မူရင်းအိုးခြမ်းကွဲအတွင်းမျက်နှာ ...အချောဖြစ်ပြီး အပြင်မျက်နှာအဖု ...လေးများပေါ်နေသည်ကို တွေ့ရှိရပါ ...သည်၊ အိုးခြမ်းကွဲပြုလုပ်ထားသောမြေ ... သဲဆန်ပြီး အိုးခြမ်းကွဲအရောင်မှာ ...တ်နီညိုရောင်တောက်ပနေသည် ... တွေ့ရှိရပါသည်။

ပုံ(၁၁)ပုံဆွဲလက်ရာသည်လည်း ...ဝတီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (DNWD.11) (B,) ကျင်းမှ တူးဖော်တွေ့ ...သော ကျောက်ဆစ်ပန်းလက်ရာကို ...ရေးဆွဲထားသော ပုံဆွဲလက်ရာ ...ခုပင်ဖြစ်ပါသည်။မူရင်းကျောက်ဆစ် ...ရာအမြင့် (၂၀) cmခန့်၊ အကျယ် ... cmခန့်နှင့်အထု (၁၀) cmခန့်ရှိပါ ...သည်၊ ကျောက်တုံး၏အခြားမျက်နှာပြင် ...တွင် ကျောက်ဆစ်လက်ရာမတွေ့ရှိ ...ပုံ(၁●)တွင်ဖော်ပြထားသည့် မျက် ...ပြင်တစ်ခုတွင်သာ ရှေးဟောင်းရခိုင် ... စိတ္တလက်ာရအနုပန်းလက်ရာများ ...ဆစ်ထားသည်ကို တွေ့ရှိရပါသည်။ ...လက်ရာမှာ ထူးခြားဆန်းပြား ရှားပါး ...သောလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ရှေး ...ခေတ် ရခိုင်အနုပညာရှင်များ၏ စိတ်ကူး ...သန်း ရှားပါးသောလက်ရာကောင်း ...ခုပင် ဖြစ်ပါသည်။ ဓညဝတီခေတ်၏ ...ရာကောင်းများပင် ဖြစ်ပါသည်။

ဓညဝတီခေတ်၏ ရှေးခေတ် ရခိုင် ...စိတ္တလက်ာရအနုပန်းလက်ရာမှာ ...ကြက်ဖောင်းတစ်ဆင့်နှင့် အောက် ...င်းနှစ်ဆင့်ကြားတွင် ထွင်းထုဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ လက်ဝဲဘက်တွင် ညောင်ရွက်သဏ္ဌာန်ပန်းခက်များတစ်ခု ဖန်တီးထားသည်ကို တွေ့ရှိရပါသည်။ ညောင်ရွက်သဏ္ဌာန်မှာ ရိုးရိုးညောင်ရွက်သဏ္ဌာန်အနေအထားမျိုး မဟုတ်ဘဲ ညောင်ရွက်အောက်ပိုင်းတွင် ဘယ်၊ ညာ၌ အလိပ်တစ်ဖက်တစ်လိပ် ဖော်ထားပြီး ညောင်ရွက်အရိုးနှစ်မြွာခွဲ၍ခွထားသည်ကို တွေ့ရှိရပါသည်။ ထိုအရိုးနှစ်မြွာမှာ ဘယ်၊ ညာဖြာထွက်သွားပြီး နောက်ပန်းတစ်ခက်နှင့် အလုံးဖုကလေးတစ်ခုဖြင့် ဆက်သွားသည်ကို တွေ့ရှိရပါသည်။ ညောင်ရွက်အလယ်တွင်လည်း လေးထောင့်ကွက်တစ်ကွက် ဆန္ဒင်းမကင်းကွက်သဏ္ဌာန် ဖော်ထားသည်ကို တွေ့ရှိရပါသည်။

ညောင်ရွက်အလယ်ပိုင်း ဘယ်၊ ညာနှစ်ဖက်စလုံးတွင် ပန်းရိုးလိပ်တစ်ဖက်တစ်လိပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ပန်းရိုးလိပ်နှစ်ခုစလုံးတွင် အကြောဖော်ထားသည်ကို တွေ့ရှိရပါ၏။ ဖော်ပြပါ လက်ဝဲဘက်ပန်းခက်၏ ညာဘက်တွင် ပန်းခက်တစ်ခက်ကို ထပ်မံဖော်ထားပါသည်။ ထိုပန်းခက်မှာ ညောင်ရွက်သဏ္ဌာန် ဆိုသော်လည်း အပေါ်ပိုင်းတွင် အတွန့်လေး၊ အခေါင်းလေးများဖော်ထားသည်ကို တွေ့ရှိရပါသည်။ ဤပန်းခက်မှာ ပန်းခက်သုံးခက်၌ အလယ်မှပန်းခက်သာ ဖြစ်ပါသည်။ အလယ်မဏ္ဍိုင်ပန်းခက်၏ လက်ယာဘက်တွင်လည်း လက်ဝဲဘက်မှ ပန်းခက်နှင့် တစ်ထေရာတည်းတူညီနေသည့် ပန်းခက်တစ်ခက်ကို ဖန်တီးထားပါသည်။ ပန်းခက်သုံးခက်မှာ လက်ဝဲ၊ လက်ယာပန်းခက်နှစ်ခက် တထပ်တည်းတူညီကြပြီး အလယ်မဏ္ဍိုင်ပန်းခက်မှာ ထူးခြားစွာ တူညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ဤပုံ(၁၁)လက်ရာသည် ဓညဝတီခေတ်၏ ရှားပါးသော ရှေးခေတ် ရခိုင်ရိုးရာစိတ္တလက်ာရအနုပန်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ မူရင်းလက်ရာမှာ သဲကျောက်တုံးပေါ်တွင် ထွင်းထုဖန်တီးထားပါသည်။

ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.11) ဓညဝတီမြို့ဟောင်းနယ်မြေမုခ်ဦးကုန်းကို ဒေသခံများက မဟာမြတ်မုနိအရှေ့တောင်ထောင့် စက်တော်ဝန်းကုန်း ဟူ၍လည်း ခေါ်ဆိုကြသည်ကို သိရှိရပါသည်။ ဤကုန်းကို အကြောင်းအမျိုးမျိုးကြောင့် ပြီးဆုံးအောင် မတူးဖော်နိုင်ခဲ့သေးပါ။ ပြီးဆုံးအောင် တူးဖော်သုတေသနပြုလုပ်ပြီး စနစ်တကျ ထိန်းသိမ်းဖော်ထုတ်ထားသင့်ပါသည်။ ဤကုန်းမှ တူးဖော်တွေ့ရှိရသောလက်ရာများမှာ တစ်ခေတ်တည်းလက်ရာများမဟုတ်ကြဘဲ ရခိုင်သမိုင်း၏ ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်အထိ ခေတ်အဆက်ဆက်လက်ရာကို တူးဖော်တွေ့ရှိရပါသည်။


ဤမဟာမြတ်မုနိအရှေ့တောင်ထောင့်စက်တော်ဝန်းကုန်းကို စနစ်တကျပြီးဆုံးအောင်အထိ ထပ်မံ တူးဖော်သုတေသနပြုလုပ်၍ ခြံစည်းရိုးထိုးထိန်းသိမ်းကာ ဓညဝတီခေတ်လက်ရာ၏ ဆိုဒ်မြူစီယန်အဖြစ် ပြသထားသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**ကိုးကားချက် -**


၁။ ကိုယ်တိုင်တူးဖော်မှုမှတ်စု
၂။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.11) အစီရင်ခံစာ
၃။ ဓညဝတီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (DNWD.5) အစီရင်ခံစာ
၄။ ရမ်းဗြဲတောင်ကျောင်းဆရာတော် အသျှင်စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း
၅။ ထွန်းရွှေခိုင် (မဟာဝိဇ္ဇာ) ရခိုင်မဟာမြတ်မုနိဘုရားသမိုင်း


ပုံ (၁၁)

www.burmeseclassic.com

(ဝတ္ထု-လှုပ်ပြည်)

# နန္ဒဝင်းကျော်ခေါင်

## မော်ဝင်းညို



၁၉၇၉ ခုနှစ် တော်လှန်ရေးကောင်စီ။

ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရအုပ်ချုပ်နေချိန်။

ကျွန်ုပ် စာရေးသူသည် မြောက်ဥက္ကလာပမြို့နယ် (ယ) ရပ်ကွက် မဓာဝီ (၃) လမ်းတွင် အိမ်ငှားဘဝဖြင့် နေထိုင်စဉ်အချိန်ကာလ ဖြစ်၏။ စာရေးဆရာ ဆရာ ဦးနတ်နွယ်နှင့် တစ်လမ်းတည်းလည်းဖြစ်၏။

ထိုစဉ်ကာလ၌ မြောက်ဥက္ကလာသင်္ချိုင်းတွင် မီးသင်္ဂြိုဟ်စက်မရှိသေးပါ။

ကျွန်ုပ် စာရေးသူသည် ထိုအချိန်ထိုကာလ၌ ကက်ဆက်တိပ်ခွေဇာတ်လမ်းများ ရေးသား၍ ကက်ဆက်ဇာတ်လမ်းဒါရိုက်တာအဖြစ် ရုပ်ရှင်မင်းသားကြီး ဦးထွန်းဝေ၊ ကောလိပ်ဂျင်နေဝင်း၊ အကယ်ဒမီစိုးရွှေ၊ အကယ်ဒမီ ဗိုလ်မှူးဗကို(ဗိုလ်ဗကို)၊ ရုပ်ရှင်မင်းသားသူမောင်၊ အကယ်ဒမီ အုံ့ကျော်၊ ရုပ်ရှင်မင်းသမီး အကယ်ဒမီတင်တင်နွဲ့၊ အကယ်သမီ ဒေါ်မေသစ်၊ ရုပ်ရှင်မင်းသမီး အကယ်ဒမီ ဝါဝါဝင်းရွှေ၊ အကယ်ဒမီ အေးအေးသင်း၊ အကယ်ဒမီ မြင့်မြင့်ခင်၊ ရုပ်ရှင်မင်းသမီး မြင့်မြင့်ခိုင်၊ အသံမင်းသမီး ခနုဖြူ ကြည်ကြည်သိန်းတို့ ပါဝင်သရုပ်ဆောင်ကြသလို ရုပ်ရှင်မင်းသားဇော်ဝမ်းနှင့်လည်း 'နေကျောက်ခဲ' ရုပ်ပြဇာတ်လမ်းကို ဇာတ်ညွှန်းရေးသားကာ အသံကက်ဆက်ဇာတ်လမ်းအဖြစ် အသံသွင်းခဲ့၏။

ရေဒီယိုနှင့်ဓာတ်ပြားအဆိုတော်မောင်မောင်ညွန့်၊ အကယ်ဒမီ တင်တင်နွဲ့၊ ခနုဖြူကြည်ကြည်သိန်း တို့ ပါဝင်သရုပ်ဆောင်ထားသည့် 'ပန်ထပွတ်ချောင်းရဲ့ချစ်ပုံပြင်' ကက်ဆက်ဇာတ်လမ်းကိုလည်း ရေးသား အသံသွင်းခဲ့သည်။

ရွှေချိုးဖြူ မူလခဲဟူသော သိုက်နန်းရှင်မောင်နှမနှင့် သိုက်ဆရာလေးသာလာရတို့၏ မေတ္တာဇာတ်လမ်းလေးဖြစ်၏။

ဤဇာတ်လမ်းတွင် သံတပွတ်ချောင်းဟူသော အမည်နာမကို ကျွန်ုပ်စာရေးသူသည် ပန်တပွတ်ချောင်းဟူသောအမည်နာမသို့ ပြောင်းလဲမှည့်ခေါ်သုံးစွဲခဲ့ပါသည်။ ယနေ့တိုင် သံတပွတ်ချောင်းမှ ပန်တပွတ်ချောင်းဟု ခေါ်ဝေါ်သုံးစွဲနေကြပါတော့သည်။ အမှားကြာလျှင် အမှန်ဖြစ်လေရော့သလားပင်မသိပါချေ။

ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ကူး၍ ဗိုလ်အောင်ဒင်ရုပ်ရှင်ဇာတ်ကား၏အဆက် 'ဗိုလ်အောင်ဒင် ပြန်လာပြီ' ဇာတ်လမ်းကိုလည်း ကျွန်ုပ်ကိုယ်တိုင်ရေးသား ညွှန်ကြား ဒါရိုက်တာအဖြစ်ဆောင်ရွက်နေချိန်လည်း ဖြစ်၏။

ကျွန်ုပ်စာရေးသူသည် မည်မျှပင်အလုပ်များ ရှုပ်ထွေးများပြားသည်ဖြစ်စေကာမူ မြောက်ဥက္ကလာပရဲစခန်းမှ နယ်ထိန်းရဲကြပ်ကြီးဇော်ဒင်၊ ကျွန်ုပ်စာရေးဆရာကိုနန္ဒ (နန္ဒဝင်းကျော်ခေါင်) မြောက်ဥက္ကလာပသင်္ချိုင်းမှ သုသာန်စောင့်ကြီး သုဘရာဇာ ဦးဘာဘာ၊ ဆေးရုံရင်ခွဲရုံစောင့်ကြီးဖြစ်သော ဖထီး ကိုအုန်းကြည်တို့လေးဦးသည် ဆေးရုံရှေ့ရှိ ထောင်ကဲကြီး အဝိုး၏လက်ဖက်ရည်ဆိုင်တွင် နံနက်တိုင်းနီးပါး ဆုံဖြစ်ကြ၏။

ဆုံဖြစ်တိုင်းလည်း ဝိညာဉ်ရှိမရှိ၊ တစ္ဆေရှိမရှိ၊ သရဲရှိမရှိကို ငြင်းကြခုံကြ ဆွေးနွေးဖြစ်ကြ၏။

ဤ၌ မြောက်ဥက္ကလာပဆေးရုံ ရင်ခွဲရေးသမားကရင်ကြီး ဖထီး ကိုအုန်းကြည်မှ သရဲ တစ္ဆေဆိုတဲ့ ဝိညာဉ်များကို မမြင်ဘူးကြောင်း၊ သို့ပေမယ့် မြောက်ဥက္ကလာပဆေးရုံကြီး၏ လူသေကောင်များထားရာ အအေးခန်းရေခဲတိုက်အကြောင်းကို ထူးထူးခြားခြား တင်ပြပြောဆိုလာ၏။

ကိုအုန်းကြည်တာဝန်ထမ်းဆောင်နေသည့် အအေးခန်းရေခဲတိုက်သည် ဆေးရုံကြီး၏ အနောက်ဘက်တွင်ရှိ၍ ဆေးရုံကြီး၏ ဆရာဝန်၊ ဆရာဝန်မများ လူသေကောင် သေဆုံးပြီးစတွင် ရောဂါရှာဖွေရာနေရာဌာနလည်းဖြစ်၏။

ဖထီး ကိုအုန်းကြည်သည်တာ... ဆရာဝန်များရောဂါရှာဖွေရန် ရင်ခွဲပေး... ရ၏။ ဗိုက်ခွဲပေးရ၏။ ခေါင်းကိုခွဲစိတ်ပေး... ရ၏။ လူသေကောင်ခွဲစိတ်ရေးသ... ကြီး ဖြစ်၏။

ကိုအုန်းကြည် တာဝန်ယူရာ ဤ... အအေးခန်းရေခဲတိုက်သည် လူသေ... ကောင်များထားရာဖြစ်၏။ ခွဲစိတ်... ရောဂါရှာဖွေရာ နေရာဌာနလည်း ဖြစ်... ၏။

သို့သော် -

ဤရေခဲတိုက် အအေးခန်းသည်... ထူးဆန်း၏၊ဂမ္ဘီရဆန်၏။အဘယ်ကြောင့်... နည်းဆိုသော် နေ့အခါခြောက်သွေ့... (ယ)ရပ်ကွက်နှင့် (ဆ)ရပ်ကွက်ကို ဖြတ်... သန်းသွားလာကြ၏။ သို့ရာတွင် ဖြတ်... သန်းရာ၌ တစ်ဦးကောင်း၊ တစ်ယောက်... ကောင်း မဖြတ်သန်းရဲကြချေ။ ဆရာဝန်... ဆရာဝန်မ၊ သူနာပြုဆရာမများ အပါ... အဝင် အကြောင်းသိအားလုံး အုပ်စုဖြင့်... သာသွားကြသည်ကများ၏။

ဗိုက်ခွဲ၊ ရင်ခွဲ၊ ခေါင်းခွဲရေးသမား... ကြီး ဖထီးကိုအုန်းကြည်တစ်ယောက်သာ... အချိန်မရွေးလည်းသွား၏၊ လာ၏၊ ဝင်၏... ထွက်၏။

ဖထီးကိုအုန်းကြည်၏ပြောစကား... ကတော့မူ သူ့ကို ဒီရေခဲတိုက်က သ... အားလုံးကြောက်ကြသည်ဟု ဆို၏၊

ကျွန်ုပ်စာရေးသူက မယုံကြည်... ဘယ်လိုသက်သေပြမလဲ ဖထီးကြီး... မေးရာ -

"ဟဝစာရေးဆရာရ၊ ငါတို့ဆေး... ရင်ခွဲတိုက်ဆိုတာက လေးထောင့်စပ်... အခန်းကြီး။ အခန်းကြီးထဲမှာ ကြွက်... ထားနဲ့ ပုရွက်ဆိတ်တောင်မရှိဘူး။ ဒါ... မယ့် ညညဆယ်နာရီ၊ ဆယ့်တစ်နာ... ဆိုရင် အဲဒီရင်ခွဲရုံအအေးခန်းထဲက... ဒိုင်းကြဆူညံနေတဲ့အသံကြီးတွေ...



www.burmeseclassic.com

www.burmeseclassic.com



…ားထိုင်တွေကိုဆွဲသွားတဲ့စွပ်ကြောင်း …သံကြီးတွေဆူညံနေတာ စာရေးဆရာ …ဒါပေမယ့် ဘယ်လိုပဲဆူညံနေပါစေ၊ …တော်ရဲ့အသံသာပေးလိုက်ပျောက် …းစေရမယ်"

"ဖထီးက ဘယ်လိုအသံပေးလိုက် …ည်"

ကျွန်ုပ်စာရေးသူက ကရင်ကြီးကို …းကြည်ကို သိလိုစိတ်ပြင်းပြစွာဖြင့် …၏။

ဖထီးကိုအုန်းကြည်က ပြုံး၏။ …က်လက်စ ဆေးလိပ်ကိုမီးညှိ၍ ဖွာရှိုက်၏။ ပြီးမှ ကျွန်ုပ်နှင့် နယ်ထိန်းဇော်ဒင်ကိုကြည့်၍ပြော၏။

"ဟော့-အအေးခန်းထဲကလူတွေ။ မင်းတို့ တစ်ခါရင်ခွဲခံမလား၊ နှစ်ခါရင်ခွဲခံချင်သလား အဲဒီလိုသာ မေးလိုက်။ ဘယ်လိုပဲ ဆူညံနေတဲ့အသံဖြစ်ပါစေ၊ အားလုံးတိတ်ဆိတ်သွားစေရမယ်"

ဤရင်ခွဲရုံအအေးခန်းကြီးအတွင်းမှအသံကြီးများကို လူသေတွေဖန်တီးသလား၊ သရဲ၊ တစ္ဆေတွေကပြုလုပ်လေသလား ဟူသည်ကို ကျွန်ုပ် စာရေးသူ မစဉ်းစားတတ် မဝေခွဲနိုင်ပါချေ။

သို့သော် အသံသာကြားရ၍ အစိုင်အခဲရုပ်ဒြပ်အနေဖြင့်မူ မည်သူ့ကိုမျှ ခြောက်ခြင်းလှန့်ခြင်းမရှိပါချေ။

ကျွန်ုပ်စာရေးသူသည် တွံတေးမြို့နှင့် ရေမိုင်ငါးမိုင်ခန့်ဝေးသော 'ထနီး' ဆိုသောရွာကြီးသို့ ဗွီဒီယိုဇာတ်ကားတစ်ကားရိုက်ကူးရန် LOKAYTIONL သွားကြည့်ဖူး၏။ LOKAYTIONL ဟူသည် ဇာတ်ကားရိုက်ကူးရန်ရိုက်ကူးသွားကြည့်ခြင်းပင်ဖြစ်၏။ ညအချိန် ထနီးရွာရောက်ရန် သဘောပေါ်မှဆင်းကာ လှေငယ်ဖြင့် ချောင်းရိုးအတွင်းဝင်ရ၏။ ရိုက်ကူးရမည့်ဗွီဒီယိုကားမှာ 'ရွှေချိုးဖြူ မူလခဲ' ဖြစ်၏။ လှေငယ်ဖြင့် ချောင်းရိုးအတွင်းဝင်စဉ် သချိုင်းတစ်ခုကို ဖြတ်ကျော်ရ၏။ ထိုသို့ ဖြတ်ကျော်စဉ် သချိုင်းအတွင်းမှ 'အူဝဲ၊ အူဝဲ' ဟူသော ကလေးငိုသံကြားရလေတော့၏။ ကလေးသရဲခြောက်သည်ဟု ထင်၏။ သို့သော် ရွာခံလူလှေသမားကမူ ငါးလင်ပန်းအော်သံဟု ပြော၏။ ကျွန်ုပ် မဝေခွဲတတ်။

တစ်ခါကလည်း ညကိုးနာရီခွဲခန့်ဖြစ်မည်ထင်၏။ ကျွန်ုပ်တစ်ဦးတည်း ကြို့ကုန်းဘူတာမှ အင်းစိန်ဘူတာသို့ ရထားလမ်းအတိုင်း လမ်းလျှောက်လာ၏။ ကျွန်ုပ်က သီချင်းလေး တကျူကျူလေကလေး တသုန်သုန်နှင့်ဖြစ်၍ ဖိမ်ခံလျှောက်နေစဉ် ကျွန်ုပ်ရှေ့ဆယ်ပေခန့်အကွာအဝေးသာခြား၏။ ချိုင်းထောက်နှစ်ဖက်နှင့် လူကြီးတစ်ဦးကို တွေ့၏။ ကျွန်ုပ်ကမီအောင်လိုက်၏။ လိုက်ရခြင်းအကြောင်းကလည်း ခရီးသွားစဉ် စကားပြောဖော်ရှာခြင်းဖြစ်၏။ကျွန်ုပ်၏အကျင့်သာဖြစ်၏။ သို့သော် ထိုချိုင်းထောက်နှစ်ဖက်နှင့် ရထားသံလမ်းပေါ်သွားနေသောလူကြီးကို ကျွန်ုပ်လိုက်၍မမီပါချေ။ အားစိုက်၍လိုက်ပြန်၏။ မမီသည်သာဖြစ် ၏။

ကျွန်ုပ် စဉ်းစား၏။ သူက ချိုင်းထောက်နှစ်ဖက်နှင့် ရထားသံလမ်းနှစ်ဖက်ကိုခွ၍ထောက်ကာ သွားရသူဖြစ်၏။

ကျွန်ုပ်စာရေးသူက လူကောင်း၊ ပဇာကြောင့် မမီရလေသနည်း။

ကျွန်ုပ်မှာ ရထားသံလမ်းကိုလျှောက်ရင်းစဉ်းစား၏။ ထိုစဉ်းစားရင်းလျှောက်နေစဉ်မှာပင် ထိုရထားသံလမ်းပေါ်မှ ချိုင်းထောက်နှစ်ဖက်နှင့်လူမှာ ပျောက်သွားပါတော့သည်။

ဘေးနှစ်ဖက်တွင် B.P.I အုတ်ရိုးကြီးရှိ၍ တစ်ဖက်တွင်လည်း မီးရထားဝန်ထမ်းအိမ်ရာခြံစည်းရိုးသာရှိ၏။

ချိုင်းထောက်နှစ်ဖက်နှင့်လူ ဘယ်သို့ရောက်၍ဘယ်သို့ပျောက်လေသနည်း။ ကျွန်ုပ်စာရေးသူမစဉ်းစားတတ်တော့။

ကျွန်ုပ်၏ အတွေးများ လွင့်မျော



www.burmeseclassic.com

www.burmeseclassic.com

နေစဉ်မှာပင် နယ်ထိန်းရဲကြပ်ကြီးဇော်ဒင်၏စကားသံကိုကြားလိုက်ရ၍ ကျွန်ုပ်၏အတွေးများ ပြတ်တောက်သွားပါတော့သည်။

"စာရေးဆရာ၊ လောကမှာ တစ္ဆေသရဲရှိတယ်ဆိုတာ စာရေးဆရာ ယုံသလား။ ကျွန်တော်တော့ မယုံဘူးဗျာ။ မြင်မှမမြင်ရတဲ့ကိစ္စ"

"ခက်တယ် ကိုဇော်ဒင်၊ ကောင်းကင်မှာ နေတွေ၊ လတွေ၊ ကြယ်တွေရှိတယ်။ မျက်စိနဲ့မမြင်ရလို့ မယုံဘူးဆိုရင် မှားမှပေါ့ဗျာ"

တစ်ချိန်လုံး နှုတ်ဆိတ်နေခဲ့သော သုဘရာဇာကြီး ဦးဘာဘာက ဤအချိန်တွင်မှ နှုတ်ဖွင့်လာ၏။

"နယ်ထိန်းကြီး သရဲတစ္ဆေတွေကို ခင်ဗျားတွေ့ရစေမယ်ဗျာ။ ဘာကြေးလောင်းမလဲဆိုတာသာပြော"

"ရှစ်မိုင်က ဟိုက်စွမ်မှာအဝကျွေးမယ်ဗျာ"

"ကြိုက်တယ်ဗျာ"

"ကြိုက်ရင် လာမယ့် လကွယ်ညသန်းခေါင်ယံ အစိမ်းသေမအခေါင်းကသံတစ်ချောင်းနဲ့ သင်္ချိုင်းတွင်းမှာရှိတဲ့ ဇရပ်ရဲ့ခေါင်တိုင်ကို ထုံးကွင်း၊ အဲဒီထုံးကွင်းရဲ့အလယ်ကောင်ကိုမှ အစိမ်းသေမအခေါင်းကသံနဲ့ နောက်ပြန်ရိုက်ရမယ်။ ရိုက်ရဲပါ့မလား ကိုဇော်ဒင်"

"ရိုက်တော့ ဘာဖြစ်မှာမို့လို့လဲ သုဘရာဇာကြီးရဲ့"

"အစိမ်းသေ သေခဲ့ကြတဲ့ သရဲတစ္ဆေတွေက အခေါင်းကသံကို ကြိမ်းသေ လာပြန်တောင်းပါလိမ့်မယ်ဗျာ"

"မတောင်းခဲ့ရင်"

"မတောင်းခဲ့ရင်တော့ ခင်ဗျားလိုဟိုက်စွမ်မှာတော့ လိုက်ပြီးမကျွေးနိုင်ဘူး။ သုမေဓာထိပ်က ချက်ကောက်စားသောက်ဆိုင်မှာတဝဗျာ"

"ကြိုက်တယ်ဗျာ"

ထိုနေ့က နယ်ထိန်းဇော်ဒင်နှင့် သုဘရာဇာကြီးဦးဘာဘာတို့နှစ်ယောက် စိန်ခေါ်ပွဲကား မြောက်ဥက္ကလာပဆေးရုံကြီးရှေ့ တရုတ်ကြီးလက်ဖက်ရည်ဆိုင်အတွင်း၌ ဟိုးဟိုးကျော်၏။

## ၁ လကွယ်ညသန်းခေါင်ယံ

နယ်ထိန်းရဲကြပ်ကြီး ဇော်ဒင် တစ်ယောက် သရဲ၊ တစ္ဆေရှိ၊ မရှိစမည့် အစီအစဉ် သုတေသနခရီးစတော့မည် ဖြစ်၏။ မြောက်ဥက္ကလာပ သုသာန်သင်္ချိုင်းသည်ကား လကွယ်ညမို့ မှောင်အတိပြီး၏။ ထိုသင်္ချိုင်းရှေ့တွင်ကား ကျွန်ုပ်စာရေးသူ၊ သုဘရာဇာကြီး ဦးဘာဘာ၊ ရင်ခွဲရေးသမားကြီး ဖထီးဦးအုန်းကြည်နှင့် ဤဇာတ်လမ်း၏အဓိကဇာတ်လိုက်ကျော် နယ်ထိန်းကိုဇော်ဒင်တို့လေးယောက်ပင် ဖြစ်၏။

သင်္ချိုင်းတွင်းဝင်၍ သရဲရှာဖွေရေးလုပ်မည့်သူက တစ်ယောက်တည်းပါ။ ကျန်သည့် သုံးယောက်က သင်္ချိုင်းဝမှ စောင့်ကျန်ရစ်ရမည် ဖြစ်၏။

မှောင်လိုက်သည်ကား မည်းမှောင်နေလို့ပင်နေ၏။

ပုရစ်တို့၏အော်မြည်သံ၊ ပုစဉ်းရင်ကွဲတို့၏မြည်သံ၊ တစ်ခါတစ်ရံ ညငှက်ခေါ် လင်ကောင်ပိုးငှက်တို့၏ မင်္ဂလာမဲ့သောအသံကြီးတို့၏ ငှက်ဆိုးထိုးသံတို့သာ အကာလညကို စိုးမိုးနေ၏။ နယ်ထိန်းဇော်ဒင် သင်္ချိုင်းတွင်းဝင်ပြီ။ သင်္ချိုင်းတွင်မှာကား အုတ်ဂူမည်းမည်းကြီးများနှင့် ကုက္ကိုပင်ကြီးများသာ မည်းမည်းအုပ်အုပ်ရှိနေကြ၏။ လရောင်အကြိုအကြား အလင်းရောင်ကြောင့် သရဲကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသည့်အလား ဇရပ်ကြီးတစ်ဆောင်သည်ကား သင်္ချိုင်းအတွင်းတည်ရှိနေ၏။

နယ်ထိန်းဇော်ဒင်၏လက်ထဲတွင်ကား သုဘရာဇာကြီး ဦးဘာဘာပေးလိုက်သည့် အစိမ်းသေမအခေါင်းမှ သံတစ်ချောင်း။ နှစ်လက်မသံဖြစ်မည်ထင်၏။ ဓာတ်မီးတစ်လက်။ နယ်ထိန်းဇော်ဒင်မှာ စစ်လွယ်အိတ်တစ်လုံးကို ပခုံးသိုင်းလွယ်ထား၏။ လွယ်အိတ်အတွင်း၌ကား သူ၏ဖွားဖက်တော် ခြောက်လုံးပြူး သေနတ်တစ်လက်နှင့် လက်ထိတ်တစ်စုံ။ သင်္ချိုင်းအလယ် သစ်ပင်မည်းမည်းအုပ်အုပ်ကြီးအလယ်တွင် ရှိနေသည့် ဇရပ်ကြီးသို့ ဇော်ဒင်ရောက်ပြီဖြစ်၏။ ဇော်ဒင်မှာ ဇရပ်ကြီးအပေါ်သို့ လှေကားပေါ်မှ လှမ်းတက်လိုက်၏။ ခြေလှမ်း(၁၀)လှမ်း ခန့်လှမ်းလိုက်သည်နှင့် ဇရပ်ကြီး၏ခေါင်တိုင်အနီး ရောက်တော့၏။ လက်တွင်းတွင်အသင့်ဆုပ်ကိုင်ထားသည့် လေးလက်မသံနှင့် ဇော်ဒင်မှာ သူ၏လွယ်အိတ်အတွင်းတွင် ထည့်ထားသည့်တူကိုနှိုက်၍ယူလိုက်ပြီး ဇရပ်ကြီး၏ခေါင်တိုင်တွင် ရိုက်ရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် သင်္ချိုင်းကြီးတစ်နေရာမှအင်္ဂတေကို တူဖြင့်ကျိတ်၍ထုရိုက်သံအုပ်အုပ်ထွက်ပေါ်လာ၏။ နယ်ထိန်းဇော်ဒင် မျက်လုံးပြူးသွား၏။ ငါးမိနစ်ခန့်အကြာတွင် အင်္ဂတေကျောက်တုံးများပြိုသံကြား၏။ နယ်ထိန်းဇော်ဒင် ပဇာလုပ်ရမည်နည်းဆိုသည်ကို အပြင်းအထန်စဉ်းစားရတော့၏။

ထိုခဏမှာပင် လေးလေးပင်ပင် အရာတစ်ခုကို အားစိုက်ကာ ဆွဲယူလိုက်၍ ထွက်ပေါ်လာသည်။

"ဂျိ"

ဟူသောအသံကြီးတစ်သံအထိန်းအကွပ်မဲ့ထွက်ပေါ်လာ၏။ တစ်ဆက်တည်း သံတူးရွင်းဖြင့် သစ်သားပြားတစ်ခုကို ကန့်လန့်၍ ဖွင့်လိုက်သံကြီးတစ်ခုကိုပါကြားပြီး ယောကျ်ားကြီးတစ်ယောက်၏ ကြိတ်မနိုင်ခဲမရ တအီးအီးတအစ်အစ်ရှိုက်ငိုသံကြီးတစ်သံကိုတစ်ဆက်တည်း တစ်ပြိုင်တည်းကြားလိုက်ရပါတော့၏။

ကုက္ကိုပင်မည်းမည်းအုပ်အုပ်ကြီးအောက်တွင် တအီးအီးတအစ်အစ်ဖြင့် ကြိတ်မနိုင်ခဲမရ ငိုကြွေးနေသူမှာ လူစိမ်းတစ်ယောက်လား၊ တစ္ဆေသရဲကြီးတစ်ကောင်လား နယ်ထိန်း ဇော်ဒင်စဉ်းစား၏။ လက်နှိပ်ဓာတ်မီးနှင့် သေနတ်ကိုလည်း အဆင်သင့်ပြင်လိုက်၏။ ပသို့ပင်ဖြစ်စေ အုတ်ဂူတစ်ခုကိုဖောက်ဖျက်ထားသည်ကတော့ ကျိန်းသေနေ၏။ နယ်ထိန်းဇော်ဒင် ထိုအစိမ်းသရဲကြီးရှိရာ ဂူဖောက်ထားသည့်နေရာသို့ ဖြည်းညင်းစွာတိုးကပ်သွား၏။ မည်းမည်းလှုပ်လှုပ်ဖြင့် ကြိတ်မနိုင်ခဲမရ ရှိုက်ငိုနေသော အစိမ်းသရဲကြီးအား ဒိုင်ဗင်ထိုး၍ခုန်အုပ်ပြီး ချုပ်နှောင်ဖမ်းဆီးလိုက်တော့၏။

"ဟင် - အစိမ်းသရဲကြီးမဟုတ်ပါလား၊ ယောကျ်ားတစ်ယောက်ပါလား"

နယ်ထိန်းဇော်ဒင်၏ အမြင်နှင့်အသိလွဲမှားနေ၏။ ရှိုက်ငိုနေသူမှာလည်း နယ်ထိန်းဇော်ဒင်ကိုတစ်ချက်လှည့်ကြည့်၏။ ပြီးသော် မျက်မှောင်ကြုတ်လိုက်သည်ကို တွေ့လိုက်ရ၏။

နယ်ထိန်းဇော်ဒင်မှာလည်း ဖမ်းဆီးချုပ်နှောင်ထားသော ငိုရှိုက်နေသည့်လူကို တွေ့ဖူးနေ၏။ အသေအချာတွေ့ဖူး၏။ သို့သော် စဉ်းစားမရ။

နယ်ထိန်းဇော်ဒင်မှာ သင်္ချိုင်းဝတွင် ကျန်ရစ်နေသော စာရေးဆရာကိုနန္ဒာ၊ သုသရာဇာကြီး ဦးဘာဘာ၊ မြောက်ဥက္ကလာပဆေးရုံ၏ ရင်ခွဲရေးသမားကြီးဖထီးကိုအုန်းကြည်တို့သုံးဦးကိုလှမ်း၍ခေါ်၏။

"ဗျို့ - ဦးဘာဘာ၊ ကိုနန္ဒနဲ့ ဖထီးကြီးရေ အမြန်လာဗျို့"

ဓာတ်မီးထိုးပြ၍လည်း အချက်ပေးလိုက်၏။ ပြီးမှ လက်ထိတ်ခတ်ဖမ်းဆီးထားပြီဖြစ်သော အခေါင်းဖောက်ဖျက်သူကိုကြည့်၍ မေးလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်မင်းဘယ်သူလဲငါ့ကို မှန်ပြောစမ်း။ လိမ်ဖို့ညာဖို့တော့ ကြိုးစားနဲ့"

"ခင်ဗျားကို ကျွန်တော် မလိမ်ပါ ခင်ဗျားဟာ ရဲတပ်ကြပ်ကြီးနယ် ဇော်ဒင်မှန်း ကျွန်တော်သိပါတယ်"

နယ်ထိန်းဇော်ဒင် အံ့ဩသွားပါ အကြောင်းမှာ ဖမ်းဆီးမိထားသော ခံမှန်သမျှ ရဲမှန်သမျှကို 'ဆရာ' ဟု သူများ၏။ ယခု ထိုလူမှာ နယ်ထိန်း ယောက်လုံးက လက်ထိတ်ခတ်ဖမ်း သားသော်လည်း သူ့အား 'ဆရာ' ဟု ခေါ်ပါချေ။ ခင်ဗျားနှင့် ကျွန်တော်ဟု ခေါ်၏။ ဤခင်ဗျားနှင့် ကျွန်တော် ဤအုတ်ဂူဖျက်၊ အခေါင်းဖောက် လောက် အရေးတကြီးကိစ္စမဟုတ်ပါ ဇော်ဒင်မှာ ရဲနှင့်သက်ဆိုင်သော ကားကိုသာမေး၏။

"ကဲ - ကိုယ့်လူ၊ မင်းဘယ်သူလဲ။ ကိစ္စနဲ့ နေ့လယ်ကမှ မြေမြှုပ်ဂူသွင်း တဲ့ တက္ကသိုလ်ကျောင်းသူတစ် ယောက်ရဲ့အလောင်းကိုဂူဖျက်၊အခေါင်း ဖောက်ရတာလဲ"

ထိုအချိန်မှာပင် စာရေးဆရာကို ဦးဘာဘာ၊ ဖထီးကိုအုန်းကြည် သုံး ယောက် နယ်ထိန်းဇော်ဒင်တို့အနီးသို့ ရောက်လာကြ၏။

သရဲရှာဖွေရေးလုပ်မည့် နယ်ထိန်း ဇော်ဒင်မှာ သချိုင်းအတွင်း၌ လူတစ် ယောက်ကို လက်ထိတ်ခတ်ဖမ်းဆီးထား သည်ကိုကြည့်ကာ အံ့ဩနေကြ၏။ စာ ရေးဆရာကိုနန္ဒမှ သိလိုစိတ်ပြင်းပြလာ ၍ ဤသို့ဟုမေးလိုက်ပါသည်။

"ကိုဇော်ဒင် ဘယ်လိုဖြစ်တာလဲ သရဲရှာဖွေမယ့်လူက ဒီလူကိုဘယ်လို ဖမ်းလိုက်တာလဲဗျ"

နယ်ထိန်းဇော်ဒင်မှာ စာရေးဆရာ ကိုကြည့်ကာ ပြန်၍ဖြေ၏။

"ဇာတ်လမ်းကခုမှစမှာ စာရေး ဆရာရေ၊ နားသာထောင်ပါဗျို့။ ကဲ - ကိုယ့်လူ ငါမေးထားတဲ့မေးခွန်းကိုဖြေပါ"

နယ်ထိန်းဇော်ဒင်ကို လက်ထိတ် ခံထားလန်းနှင့်လူမှာ မျက်ရည်များစီးကျ လျက် ငေးမှကြည့်၏။ ပြီးမှဖြေ၏။

"ကျွန်တော့်နာမည် ညိုမှိုင်းပါ။ ခဲ့တဲ့ တစ်နှစ်ကျော်က ဖောက်ထွင်း မှုနဲ့ ကိုဇော်ဒင်ကိုယ်တိုင်ဖမ်းပြီး ထောင်ချခဲ့တဲ့လူပါ"

"အိုကေ အိုကေ၊ မင်းကို ငါမှတ်မိ လွန်ခဲ့တဲ့ တစ်နှစ်ကျော်က သူဌေး ကျော့မောင်အိမ်ကို ဖောက်ထွင်းခိုးယူ မှုနဲ့ ငါကိုယ်တိုင်ဖမ်းပြီး ထောင်ချခဲ့တဲ့ အညာသား ညိုမှိုင်း မဟုတ်လား"

"ဟုတ်ပါတယ် ကိုဇော်ဒင်"

"ဒါဆို လွန်ခဲ့တဲ့တစ်ပတ်ကျော်က သေဆုံးပြီး နေ့လယ်ကမှ ဂူသွင်းမြှုပ်နှံ ထားတဲ့ဦးကျော့မောင်ရဲ့သမီးတက္ကသိုလ် ကျောင်းသူ. . ."

ထိုစကားအရောက်တွင် နယ်ထိန်း ဇော်ဒင်မှာ ကိုညိုမှိုင်းဆိုသူ ဖောက်ထား သည့် အုတ်ဂူမှသေဆုံးသူ၏နာမည်ကို ဓာတ်မီးနှင့်ထိုး၍ ကြည့်လိုက်ပြီးမှ စကား ကိုဆက်ပြော၏။

"ဝတ်မှုံရွှေရည်ရဲ့ အခေါင်းကို ဂူ ဖောက်၊ အလောင်းမှာဆင်ပေးလိုက်တဲ့ လက်ဝတ်လက်စားတွေကို ယူဖို့လား၊ ဒါ မှမဟုတ် လူသေကျောင်းသူမလေးကို မတော်တရော်လုပ်မလို့လား"

"မဟုတ်ပါဘူး ကိုဇော်ဒင်။ ဝတ် မှုန်ရွှေရည်ဆိုတာ ကျွန်တော့်ချစ်သူပါ"

"ဘာကွ၊ မင်းမဟုတ်တာတွေ မပြောနဲ့"

"ဟုတ်ပါတယ် ကိုဇော်ဒင်"

နယ်ထိန်းဇော်ဒင်မှာ စိတ်မြန် လက်မြန်မို့ ကိုညိုမှိုင်းဆိုသူ၏ အကျႌ ကော်လာစကို ဆုပ်ကိုင်လိုက်၏။

"ကိုဇော်ဒင်၊ သူပြောချင်တာဆုံး အောင်နားထောင်ပါဗျာ"

စာရေးဆရာကိုနန္ဒစကားကြောင့် နယ်ထိန်းဇော်ဒင်မှာ ကိုညိုမှိုင်း၏အကျႌ ကော်လာစကိုဆုပ်ကိုင်ထားခြင်းမှ ဖြေ လွှတ်၏။ စာရေးဆရာ ကိုနန္ဒမှ ဆက်၍ ဝင်ပြော၏။

"ကဲ-ကိုညိုမှိုင်း၊ မလိမ်ညာစတမ်း ပြောဗျာ"

အညာသား ညိုမှိုင်း ဆိုသူသည် အသားညို၏၊ နှာတံဖြောင့်စင်း၍ ပေါ် လွင်၏၊မျက်လုံးဝိုင်းစက်၍ ပြူးသယောင် ရှိ၏။အကျဉ်းချုပ်ဆိုရသော် အညာသား ညိုမှိုင်းသည် ရုပ်ရှင်မင်းသား ကွယ်လွန် သူ ဒွေးနှင့်ပင် ဆင်သယောင်ယောင်ရှိ ၏။

"ဟုတ်ပါတယ် ကိုဇော်ဒင်၊ ဝတ် မှုံဟာ ကျွန်တော်ချစ်သူအစစ်ပါဗျာ။ သူနဲ့ကျွန်တော်အကြောင်းကို ပြောပြပါ့ မယ်ဗျာ"

❑

အညာသား ညိုမှိုင်းသည် မျက်မမြင်မိခင်အိုကြီးအား ရှာဖွေကျွေး မွေးနေသော လူတစ်ယောက်သာဖြစ် ၏။

ဝတ်မှုံရွှေရည်နှင့် ညိုမှိုင်း စတွေ့ စဉ်အချိန်ကား ညောင်ဦးမှ ပုံးရည်ကြီး၊ ဆီးယိုတို့ကို ညိုမှိုင်းတို့ရပ်ကွက်၏ ခပ်လှမ်းလှမ်းတွင်ရှိသော လူကုံထံများ နေသောရပ်ကွက်သို့သွားကာ အော်ဟစ် ရောင်းချနေရင်း စ၍တွေ့ခြင်းဖြစ်၏။

"အညာဆီးယို၊ ပုံးရည်ကြီးဗျို့"

ထူးထူးခြားခြား တိုက်ကြီးရှင် တက္ကသိုလ်ကျောင်းသူကိုယ်တိုင် ဆီးယို ထွက်ဝယ်၏။

"သမီးရယ်၊ အိမ်မှာ နိုင်ငံခြားဖြစ် အစားအစာတွေအစုံရှိသားနဲ့ ကြုံကြုံဖန် ဖန် ဆီးယိုမှစားချင်ရသလားကွယ်"

ပွစိပွစိပြော၍ သမီးဖြစ်သူအနား လျှောက်လာသော သူဌေးဦးကျော့ မောင်၏ဇနီးဖြစ်သူ ညိုမှိုင်းတို့အနီး ရောက်လာ၏။

"ဟင် - မေမေကလည်း၊ သမီးစား ချင်လို့ပါဆို"

သူကလေးအသံက ပျားရည်ကဲ့သို့ ချို၏။ ဥသြငှက်လေး၏အသံကဲ့သို့ သာ ယာ၏။ ဖြူဖွေးဝင်းမွတ်သော အသား အရေကို ပိုင်ဆိုင်၏၊ နက်မှောင်ကျော့ ရှင်း၍ ဦးခေါင်းမှပေါင်ရင်းအထိ ဝဲပျံကျ ဆင်းနေသည့် ဆံနွယ်စုကလည်း သူက လေး၏အလှကို လှသထက်လှစေရန် ပံ့ပိုးနေသကဲ့သို့ရှိ၏။ အရပ်အမောင်းမှာ ညိုမှိုင်းအရပ်နီးပါးရှိ၏။ ညိုမှိုင်း၏အရပ် သည် ငါးပေ၊ ရှစ်လက်မဖြစ်၏။

"ဟဲ့ဆီးယိုသည်၊ ပိုက်ဆံပေးနေ တယ်လေ၊ ဘာငေးနေတာလဲ"

"ဩော် - ဟုတ်ကဲ့ ဟုတ်ကဲ့"

ပေးသည့်ပိုက်ဆံမှာ တစ်ထောင် တန်။ ညိုမှိုင်းမှာ ပြန်အမ်းစရာမရှိ။ သူ တို့တိုက်ကြီး၏ ခြံစောင့်ဒလဝမ် ဦးမောင် သောင်းထံမှ နှစ်ရာတန်တစ်ရွက်ကူညီ ၍ ဆီးယိုဖိုးကိစ္စပြီးခဲ့ရ၏။ ဒါက ပထမ အကြိမ်ဖြစ်၏။

ဒုတိယအကြိမ်ကျတော့ ညိုမှိုင်း တစ်ယောက် ရွှေရင်အေး၊ မုန့်လက် ဆောင်းရောင်းသောနေ့ဖြစ်၏။

"မုန့်လက်ဆောင်း၊ ရွှေရင်အေး ဗျို့"

ညိုမှိုင်း၏အသံ လူကုံထံရပ်ကွက် အတွင်း ပျံ့လွင့်သွား၏။ ညိုမှိုင်းမှာ ဆီးယိုဝယ်စားသော မချောတက္ကသိုလ် ကျောင်းသူလေးတို့တိုက်ကြီးရှေ့သို့ရောက် ၏။ အမှတ်ထင်ထင်ကြည့်၏၊ ထပ်၍ အော်၏။

"မုန့်လက်ဆောင်း၊ ရွှေရင်အေး ဗျို့"

ခြံဝင်းတံခါးပွင့်လာ၏။ ကြည်သာ ချိုမြသောအသံလေးတစ်သံ စူးရှရှလေး

www.burmeseclassic.com

ထွက်လာ၏။

"ရွှေရင်အေးသည်ကြီးလာပါဦး"

ညိုမှိုင်းမှာ ရွှေရင်အေးခေါ်သူအား ဆောင်းထားသော ဦးထုပ်ကြီးကို အသာမ,ကာကြည့်လိုက်၏။ ဥသြငှက်ကလေး၏အသံပိုင်ရှင်။ ပျားရည်ကဲ့သို့အသံချိုသော တက္ကသိုလ်ကျောင်းသူမမ တိုက်ကြီးရှင်ဖြစ်နေ၏။

"ရွှေရင်အေးတစ်ခွက်ပေးပါရှင်"

ညိုမှိုင်းမှာ တိုက်ကြီးရှင်မမ၏ အလှအပများကို ငေး၍ကြည့်ခွင့်မသာ။ ပန်းကန်လှလှလေးတစ်ခုကိုရွေး၍ယူ၏။ စတီးဇွန်းလေးတစ်ချောင်းတပ်ကာ မုန့်လက်ဆောင်းဖတ်ထည့်၏၊ ပေါင်မုန့်ထည့်၏၊ ကျောက်ကျောထည့်၏၊ ဆိုင်ရာမုန့်ဖတ်များထည့်ပြီးသော် အုန်းနို့ရည်ဆမ်း၏၊ သကြားရည်ဆမ်း၏။ ပြီးသော် တိုက်ကြီးရှင်မမအားပေး၏။

"ဟင် - ရှင်က ဟိုတစ်နေ့က ဆီးယိုရောင်းတဲ့လူပဲ"

"ဟုတ်ပါတယ်ဗျာ"

"ဒီနေ့ကျတော့ ရွှေရင်အေးသည်ဖြစ်သွားပြန်ပြီ"

"ကျွန်တော်တို့ဘဝက ထမင်းတစ်လုတ် ထင်းခုတ်စားရတဲ့ဘဝမျိုးပါဗျာ"

"ပိုက်ဆံတွေထားစရာကောရှိသေးရဲ့လား"

"မနက်ထမင်း၊ ညထမင်းတောင် အနိုင်နိုင်ပါ။ ပိုက်ဆံအပိုဆိုတာ ဝေလာဝေးပါဗျာ"

အလွန်ချိုမြသော ဆည်းလည်းသံလေးဖြင့် ရယ်၏။ ညိုမှိုင်းနားဝယ်စွဲ၏။

"အောင်မယ်လေး သမီးရယ်၊ ကြည့်စမ်း ကြည့်စမ်း။ ချောင်းတွေဆိုးတော့မှာပဲ၊ အဲဒါ ဆေးသကြားတွေနဲ့လုပ်ထားတာ"

အားမနာလျှာမကျိုးပြော၏။ ကြည့်လိုက်တော့ တိုက်ကြီးရှင် အဒေါ်ကြီးဖြစ်နေ၏။

"ကျွန်တော်ရောင်းတဲ့ ရွှေရင်အေးမှာ ဆေးသကြားလုံးဝမပါပါဘူး ခင်ဗျာ၊ အာမခံပေးပါတယ်"

"မင်းက အပြောတော့ကောင်းတယ်။ ငါ့သမီးသာ ချောင်းဆိုးလို့ကတော့ မလွယ်ဘူးနော်"

"စိတ်ချပါခင်ဗျာ၊ ချောင်းမဆိုးစေရပါဘူးဆိုတာ ရဲရဲကြီးအာမခံထပ်ပေးပါတယ်"

တိုက်ကြီးရှင် အဒေါ်ကြီးမှာ ညိုမှိုင်းကိုမဲ့ကာ ရွဲ့ကာကြည့်၏။

ညိုမှိုင်းကမူ အပြုံးမပျက်။

ဤသည်ကား ဒုတိယအကြိမ်ဖြစ်၏။

တတိယအကြိမ်ကတော့ ညိုမှိုင်းဆိုက်ကားစီးခရီးသည်တစ်ဦးကိုပို့ပြီးအပြန် တက္ကသိုလ်ကျောင်းသူမမ၏ တိုက်ကြီး ရှေ့မှဖြတ်နင်းပြီး ဆိုက်ကားဂိတ်သို့ပြန်အလာ တက္ကသိုလ်ကျောင်းသူမမတို့ အိမ်မှဗိမ်ခံကားကြီးဝပ်ရှော့ပို့ထားသည့်အတွက် တက္ကသိုလ်ကျောင်းသူမမမှာ အခက်ကြုံနေ၏။ဤ၌ ဆိုက်ကားသမားညိုမှိုင်းနှင့် တက္ကသိုလ်ကျောင်းသူမမတို့ တတိယအကြိမ် ထပ်မံ ဆုံတွေ့ခြင်းဖြစ်၏။

"ဆိုက်ကားဆရာကြီး၊ လမ်းထိပ်လိုက်ချင်လို့"

ညိုမှိုင်းမှာ ဆိုက်ကားနင်းရင်း လှည့်ကြည့်လိုက်၏။ တိုက်ကြီးရှင်မမ တက္ကသိုလ်ကျောင်းသူမမ။

"ဟင် - ရွှေရင်အေးသည်ကြီး"

"ဟုတ်ပါ့ဗျာ"

"ရှင်ကတော့နော်၊ အလုပ်တွေမျိုးကိုစုံနေတာပဲ။ ခုလည်း ဆိုက်ကားဆရာကြီးဖြစ်နေပြန်ပြီ"

"ငါ့ခမ်းပူဆာမနေသာတော့လည်း ထမင်းတစ်လုတ်ထင်းခုတ်မစားရအောင် ကြုံရာဆုံရာလုပ်ရတာပေါ့ဗျာ။ ကဲ - တက်၊ ဘယ်သွားမလို့လဲ"

"ကားလမ်းကိုပို့ပေးပါရှင်။ အိမ်ကကားဝပ်ရှော့ပို့ထားလို့"

ညိုမှိုင်းမှာ တက္ကသိုလ်ကျောင်းသူမမ ဆိုက်ကားပေါ်တက်ပြီးသည်နှင့် ဆိုက်ကားကိုနင်းပြီးထွက်ခဲ့၏။ တက္ကသိုလ်ကျောင်းသူမမ၏ ကိုယ်သင်းရနံ့တို့ ညိုမှိုင်း၏နှာသီးဝတွင် မွှေးကြိုင်သင်းမြနေ၏။ အမောဟူသမျှ ပြေပျောက်နေလေ၏။ဤသည်ပင် တက္ကသိုလ်ကျောင်းသူမမနှင့် တတိယအကြိမ် ဆုံတွေ့ခြင်းဖြစ်သလို စတုတ္ထအကြိမ် ဆုံတွေ့ခြင်းသည်ကား ညိုမှိုင်းနှင့်တက္ကသိုလ်ကျောင်းသူမမတို့နှစ်ယောက်ကို နီးစပ်ရန် ကံကြမ္မာက ဖေးမလိုက်ခြင်းပင် ဖြစ်တော့၏။

စတုတ္ထအကြိမ်တွေ့ဆုံမှုအစသည်ကား ညိုမှိုင်းတစ်ယောက် တက္ကသိုလ်အဝေးသင်စာပေးစာယူကျောင်းသားများစာမေးပွဲဖြေသည့်နေ့ဖြစ်၏။

ကျောင်းသားကျောင်းသူတို့မှာ အဝတ်အစားမျိုးစုံသလို အလှအပလည်းမျိုးစုံ၏။ ဖြူဖြူချောချော၊ ညိုညိုချောချော၊ မည်းပေမယ့် မည်းမည်းချောချော အချောအလှတို့မျိုးစုံ၏။

ထိုအထဲတွင် ဝတ်မှုံရွှေရည်၏ အလှသည်ပေါ်လွင်လှ၏။ ထိုနေ့က ဝတ်မှုံရွှေရည်နှင့် သူ၏သူငယ်ချင်းဖြစ်သူ မြတ်မိုးစု ချိန်းထား၍ ရေးကြီးသုတ်ပျာနိုင်စွာဖြင့် အပေါ်ထပ်မှအပြေးတစ် ပိုင်းဆင်းလာရာ ကော်ရစ်ဒါထောင့်ချိုးတစ်ခုကို ခပ်သွက်သွက်လေးချိုးကွေ့ လိုက်မိတော့၏။ ထိုအချိန်တွင်ပင် ကျောင်းသားတစ်ယောက်သည်လည်း ရေးကြီးသုတ်ပျာနိုင်စွာ ကော်ရစ်ဒါ ထောင့်ချိုးကို ဝတ်မှုံရွှေရည်ကဲ့သို့ ချိုး ကွေ့လိုက်သဖြင့် ကျောင်းသားနှင့် ဝတ်မှုံရွှေရည်တို့ နှစ်ယောက်မှာ မျက်နှာချင်းအပ်၊ ရင်ချင်းအပ်ကာ တိုးမိတိုက်မိလေတော့၏။ လက်ထဲတွင် ဆုပ်ကိုင်ထားကြသော ကျောင်းစာအုပ်များမှာလည်း လက်မှလွတ်ကျကုန်တော့၏။ ဝတ်မှုံရွှေရည်နှင့်တိုးတိုက်မိသော ကျောင်းသားမှာ လွတ်ကျကုန်သောစာအုပ်များကို အရေးတကြီးကုန်း၍ကောက် လေ၏။ ဝတ်မှုံရွှေရည်မှာလည်း သူ၏စာအုပ်များကို ထိုကျောင်းသားနှင့်အတူ ကုန်း၍ကောက်ရင်း ထိုကျောင်းသား ကြည့်လိုက်မိလေတော့၏။

"ဟင်- ရှင် ရှင် ရွှေရင်အေးသည်"

"ဟင် - ဗြော်၊ ဟုတ် ဟုတ် တယ်"

"ရှင် ဘာလာလုပ်တာလဲ"

"ကျွန်တော် အီကို DISTANCE FINAL YEAR ပါ"

"ဟင်"

ဝတ်မှုံရွှေရည်၏ အံ့သြသွားသော မျက်နှာလေးကို ညိုမှိုင်း မြင်တွေ့လိုက် လေ၏။

"ဒီနေ့ စာမေးပွဲရှိလို့ အရေးတကြီး လာမိပြီး ခလုပ်တိုက်မိတာတောင်း ပါတယ်ဗျာ"

"ရပါတယ်ရှင်၊ ကျွန်မလည်း သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထား လို့ အရေးတကြီးလာခဲ့မိတာပါ"

ဝတ်မှုံရွှေရည်မှာ ဆီးယိုသည် ရွှေရင်အေးသည်၊ ဆိုက်ကားသမားတစ် ယောက်ကို ရန်ကုန်တက္ကသိုလ်၏ အ ကျောင်းသားအဖြစ် မြင်တွေ့နေရ အထူးအံ့သြနေမိလေ၏။

"ရွှေရင်အေးသည်ကြီး၊ ရှင့်နာမည် လေးဘာလေးလဲပြောပါဦး"

"ကျွန်တော့်နာမည် ညိုမှိုင်းပါ"

"ဟုတ်ကဲ့၊ ကျွန်မနာမည်လည်း မှတ်ထားပေါ့နော်"

"မဝတ်မှုံရွှေရည်ဆိုတာ ကျွန် တော်သိပါတယ် မဝတ်မှုံရွှေရည်"

"ဟင်- ကိုညိုမှိုင်းက ဝတ်မှုံနာမည် ကိုသိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်ပေါ့ဗျာ။ ဝတ်မှုံရွှေရည်လို တက္ကသိုလ်ရဲ့Queen အလှဘုရင်မကို ကျွန်တော်မသိဘဲနေပ့ါ မလားဗျာ။ ကဲ-ကျွန်တော်ကိုခွင့်ပြုပါဦး ဝတ်မှုံရွှေရည်"

ညိုမိုင်းမှာ စကားအဆုံးလှည့် ထွက်သွားမည်ပြုရာ ဝတ်မှုံရွှေရည်မှ တားလေ၏။

"နေပါဦး ကိုညိုမိုင်း၊ ဝတ်မှုံ နာမည် ဝတ်မှုံရွှေရည်ဆိုတဲ့နာမည်ကြီး က ရှည်လျားလွန်းပါတယ်။ ရင်းနှီးတဲ့ သူတွေခေါ် သလို ဝတ်မှုံလို့ပဲခေါ် ပါရှင်"

"ကျေးဇူးတင်ပါတယ် ဝတ်မှုံ"

ညိုမိုင်းမှာ ပြုံး၍နှုတ်ဆက်လိုက် ပြီး လှည့်ထွက်သွားပါတော့သည်။

ဝတ်မှုံရွှေရည်မှာ ညိုမိုင်း စတစ် ကော်လံအဖြူနှင့် ရခိုင်လုံချည်အမည်း နှင့် အပြာကွက်တုံးလေးကို ဝတ်ဆင် ထားပုံကိုကြည့်ကာ ရင်ထဲစွဲငြိခဲ့လေ တော့၏။

"ဩော် - ကိုညိုမိုင်းက ECO နောက်ဆုံးနှစ် တက္ကသိုလ်ကျောင်းသား ကြီးကိုး"

❑

ဝတ်မှုံရွှေရည်နှင့် ညိုမိုင်းတို့ ဤ သို့ရင်းနှီးမှုပိုခဲ့ကြ၏။ ထိုရက်နောက် ပိုင်း ညိုမိုင်းမှာ ဝတ်မှုံရွှေရည်နှင့်တွေ့ ခွင့်မသာပါတော့ချေ။ ဝတ်မှုံရွှေရည်နှင့် ညိုမိုင်းဘဝသည် လူပြည်နှင့်နတ်ပြည် ကမျှကွာခြား၏။ သုံးဆယ့်တစ်ဘုံသား ချင်းတူပေ၏။ အဆင့်အတန်းချင်းကား ကွန်စွာပင်ကွာ၏။ မိုးနှင့်မြေပင်ဖြစ်၏။

ညိုမိုင်းနှင့် မတွေ့သည်မှာ ကြာခဲ့ ပြီဖြစ်သော ဝတ်မှုံရွှေရည်မှာ တက္ကသိုလ် သွား၍ ပညာသင်တိုင်း ညိုမိုင်းတို့ ဆိုက်ကားဂိတ်ရှေ့မှဖြတ်ရ၏။ ဖြတ်တိုင်း လည်း ညိုမိုင်းကိုကြည့်၏။ တစ်ခါမျှ တွေ့သည် မရှိခဲ့။ ရက်ကြာလာတော့ ကားဆရာ အဘမောင်ကို ကားကိုရပ် ခိုင်းကာ ဆိုက်ကားဂိတ်ကိုဝင်မေးတော့ သည်။

"ညိုမိုင်းကို တွေ့ချင်လို့လား။ ဒီ ကောင်ဆိုက်ကားမထွက်ဘူး။ ဒီကောင် ဆိုက်ကားကို ကျွန်တော် ပုတ်ပြတ်ငှား ထားတယ်"

"သူ့ကိုဘယ်မှာတွေ့လို့ရမလဲရှင်"

"ကျွန်တော်တို့ဆိုက်ကားဂိတ်ကို တစ်နေ့တစ်ခေါက်တော့ လာပါတယ်။ တွေ့ရင် ဘာပြောပေးရမလဲ"

"ဝတ်မှုံရွှေရည်လာသွားတယ်လို့ ပြောပေးပါရှင်။ ဖုန်းနံပါတ်ပေးထား ခဲ့ပါ့မယ်၊ ဖုန်းဆက်ပါလို့"

"ကောင်းပြီ၊ ကောင်းပြီ"

ထိုနေ့က ညိုမိုင်းတို့ဆိုက်ကား ဂိတ်သို့ ဒေဝစွတာနတ်သမီးရောက်လာ ၍ ဆူညံပွက်လောရိုက်ကျန်ခဲ့၏။

ညိုမိုင်းနှင့် ဝတ်မှုံရွှေရည်တို့ နှစ်ယောက်မှာ ဝသန္တမိုးရာသီကုန်ဆုံး၍ နှင်းပွင့်လေးများကျဆင်းသည့် ဟေမန္တ ဆောင်းရာသီဦးအစမှာထပ်၍ဆုံဖြစ်ကြ ၏။

ဝတ်မှုံရွှေရည်မှာ သူငယ်ချင်းများ နှင့်အတူ ဘွဲ့နှင်းသဘင်၏နောက်ကျော သစ်ပုပ်ပင်ကြီးသို့သွားရာလမ်း အကြော် ဆိုင်လေးတွင်ဖြစ်၏။

ညိုမိုင်းမှာလည်း သူငယ်ချင်း ကံမြင့်ခေါ်၍ အကြော်သွားစားရင်း ဝတ်မှုံရွှေရည်နှင့် ပဥ္စမအကြိမ်ဆုံဖြစ်ပါ တော့၏။

ဝတ်မှုံရွှေရည်မှာ ညိုမိုင်းကိုတွေ့ လိုက်သည်နှင့် သူငယ်ချင်းကျောင်းသူ မိန်းကလေးများကိုခွင့်တောင်းပြီး ညိုမိုင်း ထံသို့အပြေးတစ်ပိုင်းလာ၏။

"ကိုညိုမိုင်း"

"ဟင် - ဝတ်မှုံ"

ညိုမိုင်းနှင့်ဝတ်မှုံတို့နှစ်ယောက်မှာ ဝမ်းသာခြင်းကြီးစွာတွေ့ကြ၏။

"ကိုညိုမိုင်း၊ ဝတ်မှုံရှာလိုက်ရတာ ရှင်။ ကိုညိုမိုင်းတို့ဆိုက်ကားဂိတ်ရောက် တိုင်းကြည့်ကြည့်သွားတယ်။ တစ်ခါမှ မတွေ့ဘူး။နောက်ဆုံး မိန်းကလေးတန်မဲ့ ဆိုက်ကားဂိတ်ကို ဝင်မေးသေးတယ်။ ဝတ်မှုံရဲ့ဖုန်းနံပါတ်လည်း ပေးထားခဲ့ပါ တယ်။ ဘာဖြစ်လို့ မဆက်တာလဲ"

"ဟုတ်ပါတယ် ဝတ်မှုံ၊ ဝတ်မှုံရဲ့ ဖုန်းနံပါတ်ယူထားတဲ့လူက ဝတ်မှုံကူးပေး ထားတဲ့စာရွက်လေးကို ဆိုက်ကားနင်း ရင်း ဘယ်ထွက်ကျကျန်ခဲ့မှန်းမသိတော့ ကျွန်တော်ဆက်သွယ်လို့မရလို့ပါ"

"ဖြစ်ရလေရှင်၊ ခုကော ကိုညိုမိုင်း ဒီကို ဘာလာလုပ်တာလဲ"

"ဩော်- ဒါကကျွန်တော့်သူငယ် ချင်း ကံမြင့်ပါ။ သူခေါ်လို့ စကားပြော ရင်း လိုက်လာခဲ့တာပါ"

ကံမြင့်မှာ ဝတ်မှုံရွှေရည်ကို ပြုံး ၍ပြ၏။ ဝတ်မှုံရွှေရည်မှာလည်း ညိုမိုင်း ၏သူငယ်ချင်းကံမြင့်ကိုခေါင်းလေးညိတ် ၍ပြုံးပြလိုက်သည်ကို ညိုမိုင်းတွေ့လိုက် ရလေ၏။

"ကိုညိုမိုင်း၊ ဘာတွေလုပ်နေလဲ"

"ဒီရက်တွေမှာတော့ စာတွေဖိ ကျက်နေပါတယ်ဝတ်မှုံ။ ပါချုပ် ဦးမောင် တင်နဲ့တွေ့ပြီး မဟာဝိဇ္ဇာဆက်တက်ဖို့ ကြိုးစားနေပါတယ် ဝတ်မှုံ။ ဝတ်မှုံကော"

"ဝတ်မှုံက လတ်တလောဘာအစီ အစဉ်မှမရှိသေးပါဘူး"

ဝတ်မှုံမှာ ညိုမိုင်းဘေးနားတွင် ရပ်နေသော ကံမြင့်ကို တစ်ချက်ဝေ့၍ ကြည့်လိုက်ပြီး စကားပြောမည်ပြု၏။ ကံမြင့်မှာ ချက်ဆိုနားခွက်ကမီးတောက် သူပီပီ ညိုမိုင်းနှင့် ဝတ်မှုံအနီးမှ ခွာ၏။

"ကိုညိုမိုင်း၊ ဝတ်မှုံ ကိုညိုမိုင်းနဲ့ စကားတွေအများကြီးပြောစရာရှိတယ်"

"ဗျာ"

ဝတ်မှုံရွှေရည်မှာ ညိုမိုင်း၏အံ့သြ သွားပုံကို မြင်တွေ့လိုက်၏။

"ဟုတ်ပါတယ် ကိုညိုမိုင်း၊ အခုက ကိုညိုမိုင်းမှာလည်း ဧည့်သည်ပါတယ်။ ဝတ်မှုံမှာလည်း သူငယ်ချင်းတွေနဲ့ ဆို တော့. . ."

ဝတ်မှုံမှာ ပြောလက်စ သူ့စကား ကိုရပ်၏။ သူ့ပိုက်ဆံအိတ်လေးအတွင်းမှ ဖုန်းကတ်စာရွက်လေးတစ်ရွက်ကို ထုတ် ၍ညိုမိုင်းကိုပေး၏။ ဝတ်မှုံမှာ ညိုမိုင်းနှင့် စကားပြောရာ၌ ရှက်ရွံ့ခြင်း၊ မရိုးသား ခြင်းအမူအရာများကို လုံးဝမတွေ့ရပါ ချေ။

"ကဲ - ကိုညိုမိုင်း၊ ဝတ်မှုံကိုခွင့်ပြုပါ ဦး"

ဝတ်မှုံရွှေရည်မှာ ညိုမိုင်းကိုပြုံးပြ ၏။ ပြီးသော် ညိုမိုင်းအနီးမှခွာ၏။ ဆင်မ ယဉ်သာခွာနည်းမဟုတ် သွက်သွက် လက်လက် ဖျတ်ဖျတ်လတ်လတ်ဖြစ်၏။

"ဟော့ - ညိုမိုင်း၊ ငေးလှချေလား"

ကံမြင့်မှာ ညိုမိုင်းအနီးသို့ပြန်၍ပင် ရောက်လာ၏။

"စွံလှချေလား ညိုမိုင်းရာ၊ သူက လေးက ဒီကိုစတားလေကွာ"

"မင်းသူ့ကိုသိလို့လား"

"ဟ - မသိဘဲနေပ့ါ ညိုမိုင်းရာ။ တို့တက္ကသိုလ်ရဲ့အလှမယ်ကိုမှ မသိရင် တက္ကသိုလ်လာတက်ကျိုးဘယ်နပ်ပါ့မလဲ ကွာ"

ညိုမိုင်း ပြုံးလိုက်ပါ၏။ ဩော် - ဝတ်မှုံ ပဇာတွေများပြောမှာပါလိမ့်။

❑

"တိုတိုပြောကြပါစို့ ကိုဇော်ဒင်၊

ဝတ်မှုံနဲ့ ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြပါတယ်။ ချစ်သူတွေဖြစ်သွား ကြပေမယ့် ဝတ်မှုံစီးစီးလာနေတဲ့ ဗိမ်ခံ ကားကြီးကို တစ်ကြိမ်၊ နှစ်ကြိမ်လား ကျွန်တော်စီးဖူးပါတယ်။ ဒါတောင် မဖြစ် မနေမို့ ကျွန်တော်စီးခဲ့တာပါ။ ချစ်သူဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သွားကြတဲ့ ဝတ်မှုံနဲ့ ကျွန်တော်ကို အမိပတိခန်းမရှေ့က ကျောက်ခုံလေးတွေရှေ့မှာ ရိုးရိုးသားသားထိုင်စကားပြောနေတာကို ဝတ်မှုံနဲ့ လူကြီးချင်းပြောဆိုစေ့စပ်ထားတဲ့ မောင်မောင်လတ်ဆိုတဲ့ သူဌေးသားကတွေ့ပြီး ဝတ်မှုံရဲ့မိဘတွေကို ခိုးရိုက်ထားတဲ့ဓာတ်ပုံတွေပြပြီး အတင်းအကျပ်ကိုတိုင်တာ။

အဲဒီမှာ ငြိုးဟုဆိုးစဝင်တာပါပဲဗျာ။

ဝတ်မှုံကို ကျောင်းသွားရင် ဝတ်မှုံအမေကြီးကိုယ်တိုင် ကားနဲ့လိုက်ပို့တယ်၊ လိုက်ကြိုတယ်။ တွေ့ခွင့်ကို မသာခဲ့ပါဘူးဗျာ။ ပိုဆိုးတာက ဝတ်မှုံရဲ့ကိုယ်ပိုင်ဖုန်းကိုလည်း သိမ်းလိုက်တယ်။ အိမ်ဖုန်းကိုလည်း ဝတ်မှုံပြောတာနဲ့ မသိမသာနားထောင်ကြတယ်။

အဆိုးဆုံးကတော့ ဝတ်မှုံတို့အိမ်က အိမ်စေမလေး မိကျော့ကို ဝတ်မှုံက စာရေးပြီး ဆိုက်ကားဂိတ်ကိုပို့ခိုင်းတယ်။ အဲဒီပေးခိုင်းတဲ့စာကို ဝတ်မှုံရဲ့အဖေ ဦးကျော့မောင်ကိုယ်တိုင် မှပျက်ပြီး ကြောက်နေတဲ့ မိကျော့ကိုခေါ်ပြီး စစ်လိုက်တော့ စာထဲမှာ ဝတ်မှုံက ကျွန်တော်ကို လာခိုးခိုင်းတဲ့စာ ဝတ်မှုံအဖေ ဦးကျော့မောင် ရသွားတာပါပဲ။ ဦးကျော့မောင်က စာကိုဖတ်ပြီးတာနဲ့ မိကျော့ကို ပြန်ပေးတယ်။ 'စာကို ငါ့သမီးပို့ခိုင်းတဲ့နေရာကိုရောက်အောင်ပို့ရမယ်။ ပြီးရင် ဒီစာနဲ့ပတ်သက်လို့ ပို့လိုက်ပြီလို့ နင့်မမလေးကိုပြော ကြားလား။ ငါခိုင်းတဲ့အတိုင်းမလုပ်လို့ကတော့ နင်သေပြီသာမှတ်'

အိမ်ကြီးရှင် ဦးကျော့မောင်ကို သေမတတ်ကြောက်တဲ့ အိမ်စေမလေး မိကျော့ဟာ ခိုင်းတဲ့အတိုင်းလုပ်ရတာပေါ့။

ကျွနန်တော် ဝတ်မှုံကိုသွားခိုးမယ့်ညလည်းရောက်ရော ဦးကျော့မောင်က မောင်မောင်လတ်အကူအညီနဲ့ လူမိုက်လေးယောက်ကိုခေါ်ထားတယ်။ ခိုးရာလိုက်ဖို့ထွက်လာတဲ့ ဝတ်မှုံကိုလည်းဖမ်းလိုက်တယ်။ ပြီးတော့ အခန်းတစ်ခုထဲထည့်ပြီး သူ့အမေကို အစောင့်ချထားလိုက်တယ်။

ပြီးတော့ ဝတ်မှုံရဲ့ ခရီးဆောင်အိတ်တွေ၊ ပစ္စည်းတွေကို မောင်မောင်လတ်ရဲ့လူတစ်ယောက်က စောင်ကိုခေါင်းမြီးခြုံပြီးထွက်လာစေတယ်။ ကျွန်တော်ကတော့ ဝတ်မှုံအမှတ်နဲ့ အနားလည်းသွားရော မောင်မောင်လတ်ရဲ့လူမိုက်လေးယောက် ကျွန်တော့်ကိုဝိုင်းဖမ်းကြတာပေါ့ဗျာ။ စောင်ကြီးခေါင်းမြီးခြုံထားတာကလည်း ဝတ်မှုံမဟုတ်ဘဲ မောင်မောင်လတ်ကိုယ်တိုင်ဖြစ်နေတယ်လေ။

ကျွန်တော်ကိုဖမ်းမိသွားကြတယ်ဆိုရင်ပဲ ကျွန်တော့်ပါးစပ်ထဲကို အရက်တွေလောင်းထည့်ကြတယ်ဗျာ။ ဝတ်မှုံရဲ့ ခရီးဆောင်အိတ်တွေကိုလည်း ကျွန်တော်ခိုးယူခဲ့တဲ့ပုံစံမျိုးနဲ့ ခိုးရာပါပစ္စည်းသက်သေအဖြစ် ရုံးတော်ကိုတင်ပြကြတယ်ဗျာ။

ရဲတွေရောက်လာတော့ နယ်ထိန်းကိုဇော်ဒင်ကိုယ်တိုင် ပါလာတာပဲဗျာ။ နယ်ထိန်း ကိုဇော်ဒင်ကို အဲဒီအချိန်ကစပြီးမြင်ဖူးတာပါ။

ဦးကျော့မောင်အိမ်ကို ကျွန်တော်ခိုးယူတယ်ဆိုတဲ့ပြစ်မှုနဲ့ ထောင်တစ်နှစ်ခဲ့ကျခံခဲ့ရပါတယ်။ တကယ်တော့ ဦးကျော့မောင်သမီး ဝတ်မှုံရွှေရည်က ခိုးခိုင်းလို့လာခိုးရတာပါဗျာ"

စာရေးဆရာကိုနန္ဒက ကြားဖြတ်ဝင်မေးပါတယ်။

"တရားရုံးကို ဝတ်မှုံပေးတဲ့စာ မတင်ပြဘူးပေါ့"

"တင်ပြတာပေါ့ဗျာ။ ဒါပေမယ့် ဝတ်မှုံ အသည်းအသန် ကျန်းမာရေးမကောင်းကြောင်း ဆရာဝန်ရဲ့ဆေးစာကို ဦးကျော့မောင်တို့ဘက်က တင်ပြလာတယ်ဗျာ။ အဲဒီအမှုနဲ့ ထောင်တစ်နှစ်ခွဲကျပြီး ထောင်ကထွက်လာလာချင်းပဲ မယောင်မလည်နဲ့ ဝတ်မှုံတို့တိုက်ကြီးဘက် ကျွန်တော်သွားခဲ့တယ်လေ။ ဝတ်မှုံတို့ တိုက်ကြီးရှေ့မှာ ကားအစီးတော်တော်များများလည်း ရပ်ထားတာတွေ့ရတယ်။ ကျွန်တော်ထင်တာက ဝတ်မှုံနဲ့ သူဌေးသား မောင်မောင်လတ်မင်္ဂလာပွဲလားလို့တောင် ထင်ခဲ့တာ။ လူတစ်ယောက် ဝတ်မှုံတို့တိုက်ကြီးထဲက ထွက်လာတာတွေ့တာနဲ့ မေးကြည့်မိတော့မှ ဝတ်မှုံရွှေရည် သေဆုံးသွားလို့ အသုဘချမယ့်နေ့ဆိုတာ သိခဲ့ရတာပါပဲဗျာ။

အဲဒီနေ့က မိုးတွေကလည်း ရွာနေတယ်လေ။ ကျွန်တော်ကတော့ စစ်ဦးထုပ်ခပ်စိုက်စိုက်ဆောင်းပြီး အသုဘပို့တဲ့လူတွေနဲ့ ရောယောင်လိုက်ပါခဲ့တာပေါ့ဗျာ"

ကိုညီမိုင်းစကားပြောရင်း မျက်လုံးအစုံမှာ မျက်ရည်စတွေရစ်သိုင်း၍လာနေလေ၏။

"မြောက်ဥက္ကလာအချိုင်းထဲကို ဗုဒ္ဓတရားတော်တွေ ရွတ်ဖတ်လာတဲ့ မဓ္ဓ စကြာရွတ်အဖွဲ့တစ်ဖွဲ့ ဦးဆောင်လာ ကားတန်းကြီးနဲ့အတူ အသုဘကား မောင်းဝင်လာခဲ့တယ်။

အဲဒီကားတန်းကြီးထဲမှာမှ ဝတ် ရွှေရည်ကျောင်းတက်ရင် မောင်းမော လာတဲ့ဇိမ်ခံကားကြီးကို ဦးကျော့မော ကိုယ်တိုင်မောင်းပြီး ဝတ်မှုံရဲ့အ ဒေါ်မြသီတာ ကားကြီးပေါ်က ဆင်း လာပါတယ်။ ဒေါ်မြသီတာတစ်ယော သူ့သမီးဝတ်မှုံရွှေရည်ရဲ့ အလောင်း လျှောက်ရင်းပြောလိုက်တဲ့စကားတစ်ခွ ကိုတော့ 'ကျွန်တော့်အသည်းထဲ ကျွန်တော်သေတောင် မမေ့နိုင်တော့ ဘူးဗျာ"

တစ်ချိန်လုံးငြိမ်သက်စွာနားထော ခဲ့သည့် နယ်ထိန်းဇော်ဒင်သည်ပင် စိ ထဲတွင် ထိခိုက်မိလေသလားမသိ။ လိုက်သည်ကို တွေ့ရလေ၏။

"ဘယ်လိုပြောလိုက်လို့လဲဗျ"

သမီးလေးရယ်၊ ဒီလိုအဖြစ် မျိုးတွေနဲ့သာ တွေ့ရကြုံရမယ်ဆို အမေ့သမီးလေးကို အမေအသေမခံ ဘူးကွယ်။ သမီးချစ်သူနဲ့ သမီးကို အ ကိုယ်တိုင်ပေးစားပါတယ်ကွယ်တဲ့။

ကျွန်တော်ဘယ်လောက်ခံစာ မလည်းဆိုတာ တွေးကြည့်ကြပါဗျာ။ ဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုတာ ကျွ တော့်ကိုများ ရည်ညွှန်းလေသလာ တောင် မသိတော့ပါဘူးဗျာ။ ဝတ် အသက်ကင်းမဲ့နေတဲ့ ရုပ်အလောင် အခေါင်းကို တူးပြီးသားအုတ်ဂူထဲ ဂူတွင်းထဲထည့်ပြီး သုဘရာဇာတွေ ဝတ် ရဲ့ဂူအပေါ်ပိုင်း အုတ်ဂူပိတ်နေတာ ကြည့်ပြီး ကျွန်တော့်ရင်ထဲမှာငိုမိတ ဗျာ။

ချစ်သူအတွက်ယောကတွေကြေ တိတ်တဆိတ် မျက်ရည်ဖြာဆင်းနေ ကျွန်တော့်ကို လူနှစ်ယောက်က တ တခိုးကြည့်နေကြတယ်ဗျာ။ နောက် တဖြည်းဖြည်း တွေးလို့ရလာတယ် သူဌေးသားမောင်မောင်လတ်ရဲ့ အ ထဲကနှစ်ယောက်ပေါ့၊ မကြာပါ မောင်မောင်လတ်ကိုယ်တိုင်ရောက် ပြီး ကြည့်တယ်။ ပြီးတော့ သူ့လူတွေ ခေါင်းညိတ်ပြပြီး မကြာပါဘူး။ လူ ယောက်ရောက်လာပြီး ကျွန်တော့် ချုပ်ကိုင်ပြီးညှပ်ခေါ်သွားကြတယ် ကတ္တိပြင်အုပ်အုပ်တွေကြားထဲလ ရောက်ရော နှစ်ယောက်ကချ တစ်ယောက်က အပိုင်ထိုးတယ် မောင်မောင်လတ်ကကြည့်ပြီး သ တွေကျနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ဟော့ကောင်၊ ဝတ်မှုံသေတာ ဆောင် သချိုင်းကုန်းအထိလိုက်ပြီး မင်း အဒုက္ခတွေပေးတုန်းလားတဲ့ ဗျာ။

ကျွန်တော်မှာပြန်ပြောစရာစကား မီးတောင်အစရှာမရပါဘူး။ လက်နှစ် ဖက်ကို ချုပ်ကိုင်ပြီးထိုးမှတော့ ဖွဲ့အိတ် တစ်အိတ်လိုခံရတော့ပေါ့ဗျာ။

ကျွန်တော့်အသိတရားတွေထဲမှာ တော့ ငွေရှိတိုင်းအုပ်စုဖွဲ့ အုပ်စုအားကိုး နဲ့ဗိုလ်ကျစိုးမိုးနေတဲ့ မောင်မောင်လတ် တို့အုပ်စုကို လုံးဝကျေနပ်မှုမရှိတာတော့ အမှန်ပါဗျာ။ ဒါပေမယ့် သူတို့အုပ်စုကို ကျွန်တော် ကလဲ့စားမချေချင်တော့ပါ ဘူး၊ သူတို့မိုက်သလို ကျွန်တော်ဆိုက် ကားဂိတ်မှာ လွတ်မိုက်တဲ့သူငယ်ချင်းလူ မိုက်တွေများမှများ၊ ပေါမှပေါပါဗျာ။ ငွေကြေးရှိရင်ကျေပါစေလို့ပဲ ဆန္ဒပြုပါ တော့တယ်။

ညဘက်ရောက်တော့ ညကိုးနာရီ လောက်ကတည်းကအိမ်ကထွက်ပြီး နေ့ ခင်းကမှတ်ထားတဲ့ ဝတ်မှုံရဲ့အုတ်ဂူကို အရောက်လာပြီး ဂူကိုဖောက်တာပေါ့ ဗျာ၊ ဂူကလည်း ဘိလပ်မြေစိုထိုင်းထိုင်း နဲ့သိပ်မခြောက်သေးတော့ ခက်ခက်ခဲခဲ ဖောက်လိုက်ရပါဘူး။ ချစ်သူရဲ့အ လောင်းကို ဂူပေါက်ထဲကဆွဲထုတ်ပြီး အဝကြီးထိုင်ကြည့်မယ်၊ စကားတွေတဝ ကြီးပြောမယ်လို့စဉ်းစားထားတဲ့ ကျွန် တော်ဟာ ဘာနဲ့တူသလဲဆိုရင် ခင်ဗျား တို့အမြင်မှာတော့ အရူးလို့ထင်ကောင်း ထင်ပါလိမ့်မယ်ဗျာ။ တကယ်တော့ ကျွန် တော်ဟာ အချစ်ရူးပါဗျာ။ ကျွန်တော် သင်ကြား တတ်မြောက်ထားတဲ့ ပညာ၊ ကျွန်တော်လေ့လာထားတဲ့ အသိတရား၊ ဉာဏ်စွမ်း ချွန်းကဲ့သို့တောင်မအုပ်နိုင်ပါ ဘူးဗျာ။ အချစ်ဆိုတဲ့ စေတန်နတ်ဆိုးရဲ့ ခိုင်းစေသမျှလုပ်နေမိပါတယ်။ ဝတ်မှုံကို ကြည့်ကြပါဦးဗျာ"

စာရေးဆရာ ကိုနန္ဒနှင့် နယ်ထိန်း ဇော်ဒင်အုပ်စုမှာ ညိုမှိုင်းကိုကြည့်၍စိတ် မှန်သေးရဲ့လား ဟူသော အတွေးများ ဝင်ဝင်လာမိလေ၏။ လူသေကောင်မှ အပုပ်နံ့များမှလည်း ဤနေရာအုပ်အုပ် လေးတစ်ဝိုက်၌ နံစော်၍ပင်နေပါ၏။

ညိုမှိုင်းကတော့ အပုပ်နံ့ကို အချစ် နှင့်ကာထားလေ၍ နံပုံမပြပါချေ။

အချစ်ရူးကြီးပါလို့ သူ့ကိုယ်သူ ဘင်ပွန်းတပ်ထားတဲ့ ကိုညိုမှိုင်းပြောတဲ့ စကားတွေလည်း နားဆင်ကြည့်ကြပါ တော့ဗျာ။

"တစ်ချိန်ကဆို ချစ်သူရဲ့ဝင်းဝါစို ပြည်နေတဲ့ အသားအရေ၊ နက်မှောင် ကြော့ရှင်းတဲ့ ဆံကေသာ၊ လေးကိုင်း သဏ္ဍာန်ကွေးညွတ်ပြီး နှင်းဆီဖူးလေး တစ်ဖူးလိုဖူးကြွနေတဲ့ နှုတ်ခမ်းနှစ်လွှာ၊ သမင်မျက်လုံးလေးနှစ်လုံးလိုလှပပြီး အပြစ်ကင်းစင်နေတဲ့ မျက်ဝန်းနက်နက် တစ်စုံ။

အခုတော့ အားလုံး ဖော်ပြန် ပျက်စီးကုန်ကြပြီဗျာ။

ရုပ်ဟရားကြီးရဲ့ ဖောက်ပြန်ပျက် စီးမှုဆိုတာ စကားအဖြစ်ပြောရရင် လွယ် လွယ်လေးပါဗျာ။

သေခြင်းတရားလေးမျိုးရှိပါတယ် ဗျာ။

သက်တမ်းကုန်၍သေခြင်း-အာယု က္ခယမရဏ၊

ကံစွမ်းကုန်၍သေခြင်း - ကမ္မက္ခ ယမရဏ၊

သက်တမ်းနှင့် ကံစွမ်းကုန်၍သေ ခြင်း - ဉာယက္ခမရဏ၊

ကံဆိုးဖြတ်၍ လတ်တလောသေ ခြင်း- ဥပစ္ဆေဒကမရဏလို့ခေါ်ပါတယ်။

ကျွန်တော်ချစ်သူ ဘာကြောင့် သေရတယ်ဆိုတာမသိရတော့ သေခြင်း တရားလေးမျိုးထဲက ဘယ်လိုသေခြင်းနဲ့ သေတယ်ဆိုတာ ,ကျွန်တော်မပြောနိုင် ပေမယ့် သေတာကတော့ သေတာပါပဲ ဗျာ။ မျက်စိနဲ့ဒိဋ္ဌမမြင်လိုက်ရတော့မှ ဝင်းဝါစိုပြည်နုထွေးအိညက်နေတဲ့ဝတ်မှုံ ရဲ့ခန္ဓာကိုယ်တစ်ခုလုံး အခုတော့ အထိ တောင်မခံကြတော့ပါဘူးဗျာ။

ထိလိုက်တိုင်း ပဲ့ကျ၊ ထိလိုက်တိုင်း ပဲ့ကျကုန်ကြပါပြီ။

နှင်းဆီဖူးလေးတစ်ဖူးလို စကား တွေတဖွဖွပြောခဲ့ပြီး တသသစွဲမက်စရာ ကောင်းခဲ့တဲ့ ချစ်သူရဲ့နှုတ်ခမ်းနှစ်လွှာက လည်း အခုတော့ အပုပ်ရည်မည်းမည်း ကြီးတွေ စီးကျနေတဲ့ ဒွါရပေါက်ကြီးဖြစ် နေပြီဗျ။

ဘယ်မှာလဲ အလှ၊ ဘယ်မှာလဲ စွဲ မက်စရာအပြုံး။ ဝတ်မှုံကို သိပ်ချစ်ခဲ့တဲ့ မဟာပုရိသယောကျ်ားကြီးတွေ ခုချိန် မှာ ဝတ်မှုံကိုတွေ့လိုက်ကြရင်ချစ်နိုင်ပါ့ မလား၊ ချစ်ချင်ပါဦးမလားဗျာ။ သရဲမ ကြီးဆိုပြီး အားလုံးသောယောကျ်ားတွေ အဝေးကိုထွက်ပြေးကုန်ကြမှာပါ။

တစ်ချိန်တုန်းက သူဌေးသမီး၊ တက္ကသိုလ်ကျောင်းသူ၊ အားလုံးသော အလှအပတွေ စုဝေးဝန်းရံနေတဲ့ ကျွန်တော့်ချစ်သူဟာ အခုတော့ ပိုက်ဆံ နဲ့တန်ဖိုးဖြတ်ကြကြေးဆိုရင် ငွေတစ်ဆယ် မဆိုထားနဲ့ ငါးကျပ်တန်မတန်တော့ပါ ဘူးဗျာ။ ငွေတစ်ဆယ်၊ ငါးကျပ်ဆိုတာ ဘာမှတန်ဖိုးမရှိပေမယ့် ဘယ်သူမှ အလကားမလွှင့်ပစ်ကြပါဘူးဗျာ။

အခုတော့ ဝတ်မှုံရဲ့မိဘတွေက ဝတ်မှုံကိုလွှင့်ပစ်လိုက်ကြပြီလေဗျာ။

ဝတ်မှုံရဲ့မိဘ၊ ဝတ်မှုံရဲ့ဆွေမျိုး အသိုင်းအဝိုင်းဟွေအားလုံးက လွှင့်ပစ် လိုက်တဲ့ဝတ်မှုံရဲ့ခန္ဓာကိုယ်ရုပ်အလောင်း ကြီးကို ကျုပ်ဆိုတဲ့ အချစ်ကြီးချစ်တတ် လွန်းတဲ့ အချစ်သမားကြီး ကျွန်တော်က မြတ်မြတ်နိုးနိုးနဲ့တန်ဖိုးထားပြီး အုတ်ဂူကို ဖောက်၊ အခေါင်းကိုဖျက်၊ ချစ်သူမျက် နှာကို တစိမ့်စိမ့်ကြည့်မိတာ အပြစ်လား ဗျာ၊ အချစ်ပါဗျာ။ အချစ်ပါ"

စာရေးဆရာ ကိုနန္ဒကတော့ မည် သည့်မှတ်ချက်မပေးတော့ပေ။

ဝတ်မှုံ၏ အသေကောင် ရုပ် အလောင်းကြီးမှ အပုပ်နံ့ကြီးမှာလည်း ဤဝန်းကျင်တစ်ခိုတွင်နံ့စော်၍ပင်နေပါ တော့၏။

'မြောက်ဥက္ကလာပဆေးရုံ ရင်ခွဲ ရေးသမားကြီး ကရင်ကြီးဖထီးကိုအုန်း ကြည်ကတော့မှ သူ၏နှာခေါင်းကို လက် ကိုင်ပုဝါလေးဖြင့်အုပ်၍ အသက်ရှူပါ တော့၏။

သုဘရာဇာကြီး ဦးဘာဘာက တော့ ညိုမှိုင်းဆိုသည့် အီကိုနောက်ဆုံး နှစ် တက္ကသိုလ်ကျောင်းသားကြီးကို ကြည့်၍ ခေါင်းတခါခါဖြင့်စိတ်မကောင်း ခြင်းကြီးစွာဖြစ်နေပုံရလေ၏။

နယ်ထိန်းရဲကြပ်ကြီး ဇော်ဒင်က တော့မှ အီကိုနောက်ဆုံးနှစ်ကျောင်း သားကြီး ညိုမှိုင်းကို စိတ်မကောင်းခြင်း များစွာဖြင့် ကြည့်ရင်း. . .

JUDY is JUTY ကိုညိုမှိုင်းရေ။ အချစ်ဆိုတာကိုကျွန်တော်ခံစားတတ်ပါ တယ်ဗျာ။ ဒါပေမယ့် သချိုင်းတွင်းဝင်ပြီး အုတ်ဂူကိုဖောက်၊ အခေါင်းကိုဖျက်ဆီး မှုပုဒ်မအရတော့ ကိုညိုမှိုင်းကိုဖမ်းရမှာ ပဲဗျို့။ ကျွန်တော့်ကို ခွင့်လွှတ်ပါ။

I am Sorry ကိုညိုမှိုင်း၊

I am Sorry.

မှတ်ချက် -

ဝတ်မှုံရွှေရည်မှာ ညိုမှိုင်းကိုချစ်ခင် စွဲလမ်းသောစိတ်၊ နှလုံးအားနည်းသော ရောဂါကြောင့် သေဆုံးကြောင်းသိခဲ့ရ ပါသည်။

နန္ဒဝင်းကျော်ခေါင်

(ခတ္တ-လှူပြည်)



www.burmeseclassic.com

www.burmeseclassic.com

ကျည်ပွေ့၊ တင်းပုတ်၊ ဖိုးတူ ဤသုံးမျိုးသည် ထုခြင်း၊ သတ်ခြင်း၊ ရိုက်ပုတ်ခြင်း၌ အဓိပ္ပာယ်အားဖြင့် တူသယောင်ယောင်ရှိ၏။ သို့သော်လည်း ကျည်ပွေ့သည် သာ၍ အစွမ်းထက်ကြောင်းကို မှတ်သားဖူး၏။ ဖိုးတူသည်လည်း ကျည်ပွေ့နီးပါး အစွမ်းထက်၏။ တင်းပုတ်အကြောင်းကိုမူ အစွမ်းနှင့်ပတ်သက်ပြီးထက်မြက်သည့်အကြောင်းကို မသိဘူးပေ။

(တချို့က ကျည်ပွေ့၊ ဖိုးတူနှစ်မျိုးလုံးကိုပင် တင်းပုတ်ဟု ဆိုလိုကြသည်။ တချို့က တင်းပုတ် ဟူသည်မှာ လက်ကိုင်တုတ်ကြီးသာဆိုလိုကြောင်း ပြောကြ၏။ ထို့ကြောင့် ဤနေရာတွင် လက်ကိုင်တုတ်ကြီးကိုပင် တင်းပုတ်ဟု အတည်ယူလိုက်ပါ၏။)

ကျည်ပွေ့နှင့် ဖိုးတူ အစွမ်းထက်သည်မှာ သေချာ၏။ အဖြစ်အပျက်အတော်များများကိုလည်း တွေ့ဖူး၊ ကြားဖူး၏။ တင်းပုတ်အကြောင်းကိုလေ့လာကြည့်ရာ ကျည်ပွေ့နှင့် ဖိုးတူလောက်အစွမ်းထက်သည်ကို မတွေ့ရပေ။

တင်းပုတ်အကြောင်း တိတိကျကျဆိုရလျှင် မြန်မာ့လက်ဝှေ့လောက၌ 'စောတင်းပုတ်' ဟု လက်ဝှေ့သမားတစ်ယောက်ပေါ်ထွက်ခဲ့ဖူး၏။ ကာလအားဖြင့်လည်းမကြာသေးပေ။ (၂၀၁၂/ ၁၃/ ၁၄) ခုနှစ်များအတွင်းကဖြစ်၏။

ကိုယ်တိုင်လည်း ထိုလက်ဝှေ့သမား စောတင်းပုတ်၏ ထိုးသတ်သောပွဲများကို စီဒီခွေမှတစ်ဆင့်ရော လက်ဝှေ့ကြိုးဝိုင်းထဲမှာပါ ကြည့်ရှုဖူးသည်။ စောတင်းပုတ်၏ အကြောင်းကိုလည်း မြန်မာလက်ဝှေ့နှင့်ပတ်သက်ပြီး ဆရာဇင်လင်းထွန်း အားကစားစာစောင်များမှာ ရေးသား၍ဖတ်ရသည်။

စောတင်းပုတ်မှာ ဇာတိ ပြင်သစ်နိုင်ငံသားဟုထင်သည်။ လက်ဝှေ့ထိုးသတ်ခြင်းကို အလွန်ဝါသနာကြီးသော ပုဂ္ဂိုလ် ဖြစ်သည်။ တရုတ်နိုင်ငံတွင် ကြာကြာနေဖူးပြီး တရုတ်ကိုယ်ခံပညာများကို လေ့လာသင်ယူဖူးသည်။ နာမည်ကိုလည်း တရုတ်လို 'ရှောင်' ဟုပေးထားသည်။

ထို့နောက် ထိုင်းလက်ဝှေ့ကို လေ့လာသင်ယူပြန်သည်။ တရုတ်၊ ထိုင်း လက်ဝှေ့ပွဲများတွင်လည်း အကြိမ်ကြိမ်ဝင်ရောက် ယှဉ်ပြိုင်ထိုးသတ်ဖူးသည်။ အသက်လေးဆယ်ကျော် ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး နာမည်ကြီးဂေါက်ကွင်းတစ်ခုတွင် မန်နေဂျာဖြစ်လာသည်ဟု ဆိုသည်။ မြန်မာနိုင်ငံကို ရောက်ရှိလာပြီးနောက် မြန်မာ့ရိုးရာ လက်ဝှေ့ပညာကို ဆရာဝင်းဇင်ဦးနှင့် ချန်ပီယံ ဟောင်းလုံးချောကြီးတို့၏ 'သတ္တိ'ကလ[illegible] မှာသင်ယူပြီး 'စောတင်းပုတ်'အမည်[illegible] သူနှင့်သက်တူရွယ်တူများဖြစ်ကြသော လက်ဝှေ့ကျော်ဟောင်းကြီးများလည်း ဖြစ်ကြသည့် ဆရာဇမ္ဗူကျော် အစရှိ[illegible] များနှင့် ပွဲရေအတော်များများထိုးသ[illegible] ဖူးသည်။ သို့သော်လည်း တစ်ပွဲမျှ [illegible] ခြင်း၊ နိုင်ခြင်းရှိသည်ကို မတွေ့ရပေ[illegible] အရှုံးနှင့်အနိုင်မှ်သရေချည်းသာ ဖြစ်၏။

လက်ဝှေ့ပညာကို ဝါသနာကြီး[illegible] ခြင်း၊ လက်ဝှေ့ပညာထွန်းကားသောနိုင်[illegible] ကြီးသုံးနိုင်ငံတွင် အမျိုးမျိုးသော လက်[illegible] ဝှေ့ပညာများကို သင်ယူလေ့ကျင့်ထား[illegible] ခြင်း၊ တင်းပုတ်(စောတင်းပုတ်)ဟူသော[illegible] စီးသည့် နာမည်ကြီးကို ခံယူထားခြင်း[illegible] သောကြောင့် အတော်လေးပင် အလာ[illegible] အလာကောင်းလိမ့်မည်ဟု ယူဆရသော်[illegible] လည်း လက်တွေ့တွင် လက်ဝှေ့ပွဲများ[illegible] ထိုးသတ်တိုင်း စီးခြင်း၊ နိုင်ခြင်းပင်သိပ်[illegible] မရှိဘဲ အနိမ့်နှင့် အရှုံးသာများနေသော[illegible] ကြောင့် တင်းပုတ်သည် သိပ်ပြီးအစွမ်း[illegible] မထက်ဟု ယူဆမိသည်။

အယူတော်မင်္ဂလာ စသောပညာ[illegible] ရပ်များတွင် နာမ်နှိမ့်ခြင်း၊ နာမ်မြှင့်ခြင်း[illegible] ဓာတ်ရိုက်ဓာတ်ဆင်ပြုလုပ်ခြင်း၊ တက်[illegible] ကင်းရိုက်ခြင်း၊ ယတြာချေခြင်း စသော[illegible] လောကီအပြုအစီရင်များထွန်းကားနေ[illegible]




www.burmeseclassic.com

www.burmeseclassic.com

ည်ကို လူတိုင်းပင် သိရှိပြီး အားကိုး အားထားလည်းပြုနေကြသည်။ လူမျိုး တိုင်း၊ နိုင်ငံတိုင်းမှာလည်း ယုံယုံကြည် ကြည်ဖြင့် ကျင့်သုံးနေကြသည်။

ထို့ကြောင့် အထက်တွင်ဆိုခဲ့ သည့်အတိုင်း စာတင်းပုတ်သည် အတော်လေးပင် ထက်မြက်ပြီးထိုးကြိတ် တိုက်ခိုက်ပွဲဖြစ်သော လက်ဝှေ့ပွဲများ၌ အတော်လေးပင် တိုးတက်အောင်မြင်မှု များရရှိသင့်သည်ဟု ယူဆရသော်လည်း တက်တွေ့နှင့်အထင် ပါစင်အောင်လွဲ ချက်သာရှိနေသည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း တင်းပုတ်သည် ဖိုးတူ ကျည်ပွေ့လောက် အစွမ်းမထက် ဟု ကောက်ချက်ချခြင်း ဖြစ်၏။

ဖိုးတူအစွမ်းထက်သည်ကိုမူ တိတိ ကျကျသိဖူးသည်။ 'ဆောက်ခတ်တစ်ရာ၊ ဖိုးတူတစ်ချက်' ဟူသောရှေးစကားသည် ရှိသည်။ ဆောက်ခတ်နှင့် အချက် တစ်ရာထုရိုက်ရမည်ကို ဖိုးတူတစ်ချက် ရိုက်သည်နှင့် ကိစ္စပြတ်သည်ဟုဆိုလို သည်။ ဖိုးတူနှင့် ဆောက်ခတ်တို့၏ အကြောင်းကိုလည်း မဂ္ဂဇင်းကြီးတစ် စောင်တွင် ရေးဖူးသည်။

ဤ၌ ဖိုးတူအကြောင်းကို သိ ကောင်းသိနိုင်ကြမည် ဖြစ်သော်လည်း ဆောက်ခတ်အကြောင်းကိုမူ သိချင်မှ သိကြပေလိမ့်မည်။

လက်သမားများ စရွေးဖောက် သောအခါ ဆောက်အပေါ်ကခတ်သော သစ်သားတို၊ သစ်သားပိုင်းလေးများကို ပင် ဆောက်ခတ်ဟု ခေါ်၏။ ထိုအရွယ် အစားသစ်သားတိုသစ်သားပိုင်းများနှင့် ဟိုသည် ပစ်ပေါက်လျှင်လည်း ဆောက် ခတ်နှင့်ပစ်ပေါက်သည်ဟု ဆိုကြပြန် သည်။

ဖိုးတူဟူသည်မှာလည်း သစ်သား ပိုင်းကြီးကို အပေါက်ဖောက်၊အရိုးတပ်ပြီး ထုရိုက်စရာပြုလုပ်ထားသည်ကိုပင်ခေါ် သည်။ သစ်သားကို ပြုလုပ်ထားလျှင် သစ်သားဖိုးတူ၊ သံကိုပြုလုပ်ထားလျှင် သံဖိုးတူ စသည်ဖြင့် ဖြစ်သည်။

တစ်ခါက မဂ္ဂဇင်းကြီးတစ်စောင် တွင် ရေးခဲ့ဖူးသော ဆောက်ခတ်နှင့် ဖိုးတူတို့၏ အကြောင်းကို ဤနေရာ၌ ထင်ရှားစေရန်အတွက် အနည်းငယ်မျှ ဖော်ပြလိုသည်။ ထိုအချိန်က ပေးခဲ့ဖူး သော ခေါင်းစီးအတိုင်းပင်ပြန်ပေးလိုက် သည်။

## ၂ ဆောက်တစ်ရာ ဖိုးတူတစ်ချက်

ဆောက်ခတ်သည် နယ်ကျော် လူကျယ်၊ လူမိုက်ကြီးတစ်ယောက် ဖြစ် သည်။ သတ္တိကောင်းလွန်းသောကြောင့် ဆောက်ခတ်တစ်ယောက်တည်းကိုပင် နယ်ကျော် ဓားပြအဖွဲ့ကြီးက တိုက်ခိုက် မိ၍ ဆောက်ခတ်ဟု သိသည်နှင့် လက် လွှတ်ထွက်ပြေးသွားကြကြောင်းကိုပင် ကြားဖူးသည်။

ဆောက်ခတ်ကလည်း တွေ့ မရှောင်လူစားမျိုးဖြစ်သည်။ ဓားသမား များကိုဖြစ်စေ၊ သေနတ်သမားများကိုဖြစ် စေ ရင်ဆိုင်တွေ့ရသောအခါ မည်သည့် အခါမျှ အလျှော့ပေးပြီး နောက်ဆုတ် လေ့မရှိဘဲ နိုင်အောင်တိုက်ခိုက်ပြီးသတ် ဖြတ်ခြင်းသာ ဖြစ်သည်။

ဖိုးတူသည်ကား လူပျော့၊ လူညံ့၊ အခြောက်၊ ဂန်ဒူးသာသာမျှဖြစ်သည်။ ထို့ကြောင့် သူ့မိဘများက သူတို့သားကို လူသန်လူမာတစ်ယောက်ဖြစ်စေလို၍ 'သံဖိုးတူ' ဟူ၍ပင် နာမည်ပေးထားကြ သည်။ သို့သော်လည်း သံဖိုးတူသည် နာမည်နှင့် လိုက်ဖက်လောက်အောင် လူသန်လူမာတစ်ယောက်ဖြစ်မလာခဲ့ ပေ။ အခြောက်၊ ဂန်ဒူးသာသာမှတိုးတက် မလာဘဲ ပျော့ညံ့ဖြိုပျော့ညံ့လျက်သာရှိ သည်။

တစ်နေ့သောအခါတွင် ဆောက် ခတ်သည် သံဖိုးတူအား ရန်စ၏။ သံဖိုးတူက လူပျော့လူညံ့တစ်ယောက် ဖြစ်သည့်အလျောက် ဆောက်ခတ်ကို ကြောက်၍ ရှောင်ပြေး၏။ လူမြင်တိုင်း





www.burmeseclassic.com

www.burmeseclassic.com

ကို ရန်တွေ့ချင်နေသော ဆောက်ခတ်သည် သံဖိုးတူအားလိုက်ရိုက်၏။ ဖမ်းချုပ်ပြီးလည်းထု၏။

ထို့ကြောင့် သံဖိုးတူသည် မခံနိုင်သည့်အဆုံး ဆောက်ခတ်အား ဆောင့်တွန်းပြီး ထွက်ပြေးလေရာ ဆောက်ခက်မြေပြင်သို့ လဲကျသွားပြီး တစ်ချက်တည်း ငြိမ်သက်သွားလေ၏။ ဆွေမျိုးများရောက်လာကြပြီး စစ်ကြည့်ကြရာ ဆောက်ခတ်၏ဦးခေါင်းသည် ဖိုးတူနှင့်ထုသတ်ထားသကဲ့သို့ ညက်ညက်ကြေနေသည်ကိုသာ တွေ့ကြရလေသည်။

ထို့ကြောင့် စဉ်းစားတတ်ပြီး ဗဟုသုတရှိသောပုဂ္ဂိုလ်များက ဆောက်ခတ်မည်မျှအထိပင် သတ္တိရှိသည်ဖြစ်စေ၊ ဖိုးတူနှင့်မယှဉ်သင့်။ ယှဉ်လျှင်လည်း အရှုံးနှင့်သာရင်ဆိုင်ရနိုင်၏။ ယခုပင် ဆောက်ခတ်သည် ဖိုးတူ(သံဖိုးတူ)နှင့်ယှဉ်ပြိုင်ပြီး ရန်တွေ့မိ၍ ပြန်လည်ပြီးထုရိုက်ခြင်း၊ သတ်ပုတ်ခြင်းမရှိပါဘဲလျက် ခဆောင့်တွန်းလိုက်ရုံမျှဖြင့်ပင် ခေါင်းကြေသည်အထိ အဖြစ်ဆိုးနှင့်ရင်ဆိုင်သွားရသည်ဟု ကောက်ချက်ချကြ၏ တိတိကျကျလည်း ဟုတ်နေမှန်နေလေ၏။

## ၁ ကျည်ပွေ့နှင့်ကံကြမ္မာ

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သူရဇ္ဇမဂ္ဂဇင်းကြီးမှာ 'ကျားတို့အကြောင်း' ခေါင်းစဉ်ဖြင့် ရေးခဲ့ဖူးသည်။ ထိုအထဲမှ ဒီဇင်ဘာလမှာပါသော နီလာစင်းကျားဆိုးကြီးတစ်ကောင်အကြောင်းသည် အတော်လေးပင် ထူးဆန်းသည်။ ထိုအကြောင်းကိုလည်း ဤနေရာ၌သာ၍ ထင်ရှားစေရန်အတွက် စားမြုံ့ပြန်ပြီးအနည်းငယ်ရေးဦးမည်။

မုဆိုးများက ထိုနီလာစင်းကျားဆိုးကြီးကို ဗုံး၊ သေနတ်၊ အဆိပ်၊ လေး၊ မြား၊ သုတ်ကိုင်း စသည် အမျိုးမျိုးသောလက်နက်အတတ်ပညာများဖြင့် သတ်ဖြတ်ကြသော်လည်း ထိုနီလာစင်းကျားဆိုးကြီးကိုမရနိုင်ကြဘဲ တစ်နယ်လုံးက ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်နေကြရသည့်အကြောင်းကို ပြည့်ပြည့်စုံစုံ ရေးသားခဲ့သည်။

ကျွဲ၊ နွားများကိုပင် ကိုက်သတ်လေ့မရှိဘဲ လူတစ်မျိုးတည်းကိုသာ နယ်ကိုလှည့်၍ ကိုက်သတ်ခဲ့သည်။ လုံးဝလူများကို ကြောက်လန့်ခြင်းမရှိသဖြင့် နေ့နေ့ညည အချိန်မရွေး ကိုက်သတ်သည်။

အခြားသောကျားများမှာ လူများကို ကိုက်သတ်ရဲသော်လည်း စားသောအခါ လူ၏မျက်နှာကို မကြည့်ရဲသဖြင့် မှောက်၍သာစားလေ့ရှိကြောင်း နာမည်ကျော် ဝါရင့်မုဆိုးကြီးများက ပြောကြသည်။ ကျားစားခံကြရတိုင်းလည်း မှောက်ပြီးစားသွားသည်ကိုသာ တွေ့ကြရသည်။

ထိုနီလာစင်းကျားဆိုးကျားရဲကြီးသည်ကား ထိုသို့မဟုတ်ပေ။ သူ့ဗိုက်ဆာတိုင်း လူများကို နေ့နေ့ညညကိုက်သတ်လေ့ရှိသလို စားသောအခါပင် လူသေကောင်ကို ပက်လက်ထားပြီး ဝမ်းတွင်းကလီစာများကိုသာ စားသောက်လေ့ရှိသည်။

လူများနှင့်ထပ်မံတွေ့လျှင်လည်း ဗိုက်ဆာသည်ဖြစ်စေ၊ မဆာသည်ဖြစ်စေ ကိုက်သတ်လေ့ရှိသည်။ ထိုအခါ ဗိုက်ဆာလျှင်စားပြီး မဆာလျှင် မျက်လုံးများကိုလက်သည်းဖြင့်ကုတ်၍ ဖောက်ထုတ်ထားခဲ့လေ့ရှိသည်။

ထိုမျှအထိ ရဲရင့်ပြီး ရက်စက်ကြမ်းကြုတ်သော ကျားရဲကျားဆိုးကြီးသည် တစ်နေ့သောအခါတွင် ဒူးနှစ်ဖက်လုံးကြွပ်ကြွပ်ကျိုးနေသောဒူးကျိုးယောက်ျားတစ်ယောက်၏ လက်ချက်ဖြင့် သေခဲ့ရသည်။

ထိုဒူးကျိုးယောက်ျားမှာ တစ်ချိန်က သစ်ပင်တက်အလွန်တော်သောသစ်တက်သမားတစ်ယောက်ဖြစ်ခဲ့ဖူးသည်။ သစ်တက်သမားဖြစ်သည့်အလျောက် တစ်နေ့သောအခါတွင် သစ်ပင်ပေါ်မှ ပြုတ်ကျပြီး ဒူးနှစ်ဖက်စလုံး သုံး၍မရလောက်အောင်ကျိုးသွားခဲ့သည်။

ထို့ကြောင့် လင်မယားနှစ်ယောက် အိမ်စဉ်လျှောက်ပြီး မောင်းထောင်းအငှားလိုက်နေကြရင်း တစ်နေ့သောအခါတွင် နေ့ခင်းကြောင်တောင် ထိုနီလာစင်းကျားဆိုးကြီးက မယားဖြစ်သူအား အတင်းဝင်ခဲသဖြင့် ဒူးကျိုးယောက်ျားမှာ မပြေးတတ်သည့်အဆုံး မောင်းကျည်ပွေ့ဖြင့် ရမ်းသန်းထုလိုက်ရာ နီလာစင်းကျားကြီး၏နှာခေါင်းကိုထုမိသွား၏။

ထိုခဏမှာပင် နီလာစင်းကျားဆိုးကြီးသည်လည်း တစ်ချက်ကလေးမျှ မလှုပ်နိုင်တော့ဘဲ ငြိမ်ကျသွားလေသည်။ လူများစုရုံးရောက်ရှိလာကြပြီးနောက် စစ်ကြည့်ကြရာ ကိုးတောင်ကျော်သော နီလာစင်းကျားဆိုးကြီး၏ နှာခေါင်းတစ်ပြင်လုံး ညက်ညက်ကြေနေသည်ကို တွေ့ကြရသည်။

စင်စစ်တွင် ဒူးကျိုးယောက်ျားသည် ခွန်အားဗလကြီးသော လူသန်ကြီးတစ်ယောက်မဟုတ်ပေ။ သာမန် လူဖလံလေးတစ်ယောက်မျှသာဖြစ်သည်။ ဒူးနှစ်ဖက်လုံး ကြွပ်ကြွပ်ကျိုးနေပြီး ကျားဆိုးကြီးကိုလည်း ကြောက်လန့်နေ၍ ရဲရဲကြီးချိန်ရွယ်ပြီး ထုသတ်ရဲမည်လည်းမဟုတ်သောကြောင့် ကျားဆိုးကြီးသည် သေနိုင်ဖွယ်ပင်မရှိဟုဆိုရမည်။

ယခု စစ်ကြည့်ကြသောအခါတွင်ကား အားကောင်းမောင်းသန်လူကြီးတစ်ယောက်က လက်ထောင်းကျည်ပွေ့ကြီးဖြင့် တအားထောင်းသတ်ထားသကဲ့သို့ ညက်ညက်ကြေနေသည်ကိုသာ တွေ့ကြရသည်။ အသိအကြားရှိပြီး စဉ်းစားတတ်သူများက ဤကဲ့သို့ထိခိုက်အားပြင်းပြီး တစ်ချက်တည်းသေသည်မှာ ကျည်ပွေ့ဖြင့်ထုသောကြောင့်ဟု ဆိုကြသည်။

## ၂ ဦးမောင်ချေ၏ကျည်ပွေ့ချက်

ဦးမောင်ချေသည် အလွန်စိတ်ကြီး၏။ လူသတ်ပွဲလည်း သုံး၊ လေးကြိမ်ဖြစ်ဖူးသည်။ထိုအထဲမှ ကျည်ပွေ့ဖြင့်ထောင်းသတ်လိုက်သောအမှုမှာ မဆိုစလောက် အနေအထားမှာသာရှိသည်။

အချင်းချင်း အငြင်းပွားကြ၍ လက်ထောင်းကျည်ပွေ့ဖြင့် ကောက်ထောင်းလေရာ အထောင်းခံရသူသည် အလျင်အမြန် ရှောင်လိုက်ပြေး၍ မဆိုစလောက် ဝမ်းဗိုက်ကိုရှပ်ထိသွား၏။

သို့သော် ထိုလူသည် အနောက်ဘက်သို့ ဆုတ်လက်စအတိုင်း ယိုင်သွားရာမှ ပြန်မထတော့ပေ။ တစ်ချက်တည်း အသက်ပါသွားခြင်းဖြစ်သည်။

ထို့နောက် ဆေးရုံသို့ပို့ပြီး ခွဲစိတ်ကြည့်ကြရာ အသည်း၊ နှလုံး စသော ဝမ်းတွင်းကလီစာအားလုံး ညက်ညက်ကြေနေသည်ကိုတွေ့ကြရသည်။ မှုခင်းဖြစ်စဉ်က ထိုအနီးအနားတွင် လူအများအပြားပင်ရှိကြ၍ ဝမ်းဗိုက်ကို ကျည်ပွေ့ရှပ်ထိရုံမျှသာထိသွားသည်ကိုလည်း တိုင်းပင်မြင်လိုက်ကြသည်။ လုံးဝကျည်ပွေ့ထောင်းမိခြင်းမရှိပေ။

ယခုဆေးရုံကိုပို့ပြီး စစ်ဆေးကြသောအခါ အမာခံတစ်ခုတွင်တင်ထော ခံထားရသကဲ့သို့ပင် အတွင်းကလီစာများ ကြေမွနေသည်ဟု အဖြေထွက်သည်။ ထို့ကြောင့် ကျည်ပွေ့ထုထော ထိခိုက်ခြင်းဒဏ်သည် ဘာနှင့်မှမတူ သာမန်ထိခိုက်မိခြင်းသည်ပင် အသက်ကိုသေစေနိုင်လေသည်။

## ၃ ဦးပန်းအောင်ကြီးနှင့်ဦးမဲတင်

ဦးပန်းအောင်ကြီးနှင့် ဦးမဲတင်မှာ မောင်အေးချမ်းနှင့်သွေးမကင်း



www.burmeseclassic.com

www.burmeseclassic.com

ခမောင်အေးချမ်းမှာ ဦးပန်းအောင် ဘိုးလေးတော်ပြီး ဦးမဲတင်ကို းတော်သည်။ ဦးပန်းအောင်ကြီး အသက်ကြီးပြီး ဦးမဲတင်က ငယ် ၊ သားအဖအရွယ်မျှသာရှိသည်။ တင်၏အဖေ ဦးငကျန်နှင့် ဦးပန်း င်ကြီးတို့မှာလည်း ငယ်သူငယ် များဖြစ်ကြသည်။

ဦးမဲတင်က အလွန်သဘော င်းသည်။ အသောက်အစားလည်း င်းသည်။ တစ်ကြိမ်တစ်ခါမျှ ရန်ခိုက် ဟု၍လည်းမရှိပေ။

ဘိုးလေး ဦးပန်းအောင်ကြီးသည် အလွန်ပေသည်။ မိဘက ရွှေ၊ ငွေ ယာ အပြည့်အစုံ ပေးထားခဲ့သော် တစ်စုံတစ်ခုကိုမျှထိန်းသိမ်းစောင့် က်ခြင်းမရှိဘဲ အကုန်ရောင်းစား ၊

မယားဘက်ကပါသောလယ်တစ်ပွဲ အပြတ်ရောင်းစားခွင့်မရသည့် နှစ်စဉ်သီးစားရောင်းလေ့ရှိသည်။ ဖဲ၊ အရက် အကုန်လုပ်သည်။ ကြောင့်ဆင်းရဲမွဲပြာလျက်သာရှိသည်။

တစ်ခု…သာ နွေရာသီတွင် မောင် ချမ်း၏သူငယ်ချင်း မြမြရီတို့အိမ်ရှေ့ ကာလသားအတော်များများစုမိပြီး ဝိုင်းဖွဲ့နေကြသည်။ မမြရီတို့အိမ် သရက်ပင်၊ မန်ကျည်းပင်ကြီးများ ဆိုင်းနေ၍ နွေရာသီ၌ လူအတော် များအရိပ်လာခိုလေ့ရှိကြသည်။

ထိုအခိုက်မှာပင် ဘိုးလေးပန်း င်ကြီးသည် နေ့ခင်းကြောင်တောင် မူးလျက် စိုက်ထိုးစိုက်ထိုးဖြင့် က်လာသည်။လက်မှာလည်း ကြိမ် သေးသေးလေးတစ်ချောင်းကိုင်ပါ သည်။

မမြရီတို့အိမ်ရှေ့ကို ရောက်လျှင် နံလိုက်ပြီး ကာလသားအစုဘက် က်ကြည့်သည်။ ထို့နောက် ခြံထဲသို့ ပြီး ဦးလေးမဲတင်အား -

"မင်းဟာ ငါ့သူငယ်ချင်း ငကျန်ရဲ့ ကွ"

ဟု ဆိုကာ ကြိမ်ဖြင့်ရိုက်၏။

ဦးလေးမဲတင်လည်း ကာလသား ကွေ့ပတ်ထွက်ပြေးရ၏။ ကျော အရိုးတန်းများပေါ် သွားပြီး သည်များပင် စို့ထွက်သွားလေ၏။

ထို့နောက် ဘိုးလေးပန်းအောင် -

"မင်းဟာ ငါ့သူငယ်ချင်းသားပဲ ရိုက်တာ စိတ်ဆိုးသလား"

ဟု မေး၏။

"ဟ - ဦးလေး၊ နာတာပဲကို စိတ် မဆိုးပဲနေမလား"

ဟုပြောလျှင် ဘိုးလေးပန်းအောင် ကြီးသည် ဦးလေးမဲတင်ကို တစ်အောင့် လေးစိုက်ကြည့်နေပြီး ဆက်ရိုက်မည်ပြု သဖြင့် ဘေးလူများက ဝိုင်းဆွဲတားကြ၍ မရိုက်ဖြစ်တော့ဘဲ ခြံထဲမှထွက်ကာ ရွာ ဦးဘက်ကိုလျှောက်သွား၏။

ထို့နောက် တစ်အောင့်အကြာ တွင် ကြိမ်ကိုဝှေ့ယမ်းပြီးပြန်လျှောက်လာ ကာ ခြံထဲသို့ဝင်လာပြန်သည်။ ဦးလေး မဲတင်လည်း မမြရီတို့အိမ်ပေါ် ကို တက် ပြေးသည်။ ဘိုးလေးပန်းအောင်ကြီးက-

"ဘာလဲ၊ မင်းက ငါ့သူငယ်ချင်း သားပဲ။ အဲလောက်ထိ ငါရိုက်တာကို စိတ်ဆိုးရသလားကွ"

ဟု ဆိုကာ ဆန်ဖွပ်ကျည်ပွေ့ကြီး ကိုကောက်ပြီး ဦးလေးမဲတင်အား လက် လွှတ်ထောင်းလိုက်၏။ ဦးလေးမဲတင်က ထခုန်လိုက်၍ ထရံကိုသာထောင်းမိသွား ၏။

ထို့နောက် ဘိုးလေးပန်းအောင် ကြီးက ကြိမ်ကိုကိုင်ပြီးအိမ်ပေါ် ကို ကုန်း တက်လာလေရာ -

"ဦးလေး လွန်ပြီ၊ ဦးလေးတော်ပြီ၊ ဦးလေးမလာနဲ့"

ဟု အော်ပြောပြီး ကျည်ပွေ့ကြီး ဖြင့် ကောက်ယမ်းတားလေရာ ဘိုးလေး ပန်းအောင်ကြီး၏ နားထင်ရင်းကိုရှပ်ထိ သွားလေသည်။

ဘိုးလေးသည်လည်း တုံးခနဲထိုး လဲသွားပြီး နား၊ နှာခေါင်း၊ မျက်စိ၊ ပါးစပ် များက သွေးယိုစီးကာ တစ်ချိန်တည်း အသက်ပါသွားလေသည်။

ဤတွင်လည်း သေလောက်သော ထိချက်မဟုတ်သည်ကို လူတိုင်းပင်မြင် လိုက်ကြ၏။ အရေးပြားပြဲစုတ်ရုံ၊ ကွဲပြဲရုံ အပြင် ဘာမှမဖြစ်နိုင်ချေမရှိ။ သို့သော် လည်း ကျည်ပွေ့၏ ထိချက်ကြောင့် ကက်ကင်းမိသကဲ့သို့ဖြစ်နေ၍ ချက်ချင်း ပင် သေဆုံးသွားရလေသည်။

## ၁ ကိုစုနှင့်ကိုသန်းမောင်

ကစုနှင့် ကိုသန်းမောင်တို့ နှစ် ယောက်မှာ ကိုစုသည် အနည်းငယ်စွာ လေ့ရှိသော်လည်း ကိုသန်းမောင် လောက် သတ္တိမရှိပေ။ ကိုသန်းမောင် သည်ကား ကာလသားပေါက်အရွယ်က ပင် ဓားခုတ်ပွဲများကိုနွှဲလာခဲ့သူဖြစ်သည်။ ထို့ကြောင့် ထိုပတ်ဝန်းကျင်တွင် ကိုသန်း မောင်ကို အန်တုယှဉ်ပြိုင်ရဲသူဟူ၍ တစ်ယောက်မျှ မရှိကြပေ။

ကိုသန်းမောင်ကလည်း ကိုစုကို ငယ်နိုင်ဖြစ်၏။ ထို့ကြောင့် တစ်ယောက် တစ်ပေါက် စကားများကြရင်းက ကိုစု သည် ကိုသန်းမောင်ကို ကြောက်၍ ကျည်ပွေ့ဖြင့် ကာရိုက်ရိုက်လိုက်ရာ ခေါင်းကိုရိုက်မိသွား၏။

ရဲရဲဝံ့ဝံ့သာရိုက်လျှင် ထိုနေရာမှာ ပင်ခွေကျသွားနိုင်၏။ သို့သော် ကိုသန်း မောင်သည် လဲပင်မလဲဘဲ ထိုနေရာတွင် ခေါင်းကြီးလည်လျက် တစ်အောင့်ကြာ လျှင် မွေ့လည်မွေ့လည်ဖြစ်နေရင်းက ထိုနေရာမှာပင် အသက်ပျောက်သွား လေသည်၊

## ၁ ဝက်အစားစမ်းထုကြည့်ရာ

၁၉၈၂ ခုနှစ်တွင်ဖြစ်၏။ မင်းဘူး- အမ်းလမ်း ဆင်ခုံတိုင်စခန်းတွင် အလုပ် သမားများ ဟင်းတော်၍ဆုံစားရန် ဝက် တစ်ကောင်ကို ဈေးဆိုနေကြရာ လူကြီး များက ဝက်ထုရန် အသင့်ရှာထားသော မောင်းကျည်ပွေ့တစ်ချောင်းကို ကာလ သားပေါက် ကလေးနှစ်ယောက်တွင် တစ်ယောက်က ထိုမောင်းကျည်ပွေ့ကို ကောက်ကိုင်ပြီး နောက်တစ်ယောက်၏ ခေါင်းကိုချိန်ရွယ်ကာ -

"ငါ ဒီဝက်ကို အရင်ထုလိုက်မယ် ကွာ"

ဟု အော်ပြောပြီး ဦးခေါင်းကိုဖွဖွ လေး စထု့ထုလိုက်ရာ ချက်ချင်းထိုးလဲ သွားပြီး ထိုနေရာမှာပင် အသက်ပျောက် သွားရလေသည်။

ထို့ကြောင့် ဖိုးတူ၊ ကျည်ပွေ့များ နှင့်ရန်မဖြစ်သင့်ပေ။ ယုတ်စွအဆုံး ဖိုးတူ၊ ကျည်ပွေ့များနှင့် စပင်မစသင့်သည်မှာ ထင်ရှားလေသည်။

လူတိုင်းသည် ရန်ဖြစ်ဖူးကြသည် ချည်းသာ ဖြစ်သည်။ ရန်ဖြစ်ကြလျှင် လက်သီးဖြင့် ထိုးကြိတ်ကြခြင်း၊ တုတ်၊ ဓားများဖြင့် သတ်ပုတ်ထိုးခုတ်ကြခြင်း လည်းရှိ၏။ သို့သော်လည်း အသက်သေ ဆုံးသည်အထိကား ဖြစ်ခဲ၏။ ဆယ်ကြိမ် ဖြစ်၍ပင် တစ်ကြိမ်တစ်ခါ သေဆုံးလေ့ မရှိပေ။

ကျည်ပွေ့၊ ဖိုးတူများနှင့်ဖြစ်လျှင် ကား မဆိုစလောက် အရေးကိစ္စမျှဖြင့် ပင် သေဆုံးကြသည်ချည်းသာ ဖြစ်၏။ နောက်ဆုံးတွင် တင်ပြခဲ့သည့်အတိုင်း စနောက်မိ၍ပင် အသက်ဆုံးရှုံးသွားခဲ့ဖူး ၏။ ထို့ကြောင့် အထူးဆင်ခြင်သင့်လေ သည်။

မင်းဟိန်းသိင်



www.burmeseclassic.com

www.burmeseclassic.com

တက်သေးအင်းကြီးသည် အမရပူရမြို့၏ အနောက်မြောက်ဘက်အရပ်တွင် တည်ရှိသည်။ ပုဂံခေတ် အနော်ရထာမင်းလက်ထက်တော်ကပင် ဤနေရာတွင် ဤအင်းကြီးရှိနေခဲ့သည်။ ဗဒုံမင်း (ဘိုးတော်ဘုရား) အမရပူရတည်စဉ်အခါက မြို့ထောင့်စေတီများတည်ခဲ့သည်။ ယခု ကပ်ကျော်စေတီဟု အများသိနေသောစေတီသည် အမရပူရမြို့၏ မြို့ထောင့်စေတီတစ်ဆူ ဖြစ်၏။ ကပ်ကျော်ဘုရားအနီး တက်သေးမယ်တော်နတ်ကွန်းရှိသည်။

ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) က-

"ကိုသန်းဆွေရေ၊ ခင်ဗျားတက်သေးရှင်မနန်းကို ရောက်ဖူးလား။ မရောက်ဘူးသေးရင် သွားကြည့်ဖို့ကောင်းတယ်။ ဒီနတ်ပုံတော်က ရုပ်သေးရုပ်အတိုင်းထုလုပ်ထားတာ။ ခေါင်းချိုး၊ လက်ချိုး၊ ခြေချိုးလို့ရတယ်"

ဟု ဆိုပါသည်။

သို့ဖြစ်၍ တစ်ခါက မန္တလေးရောက်စဉ် မေးစမ်းပြီး တက်သေးမယ်တော်နတ်ကွန်းသို့ သွားကြည့်ရ၏။ မန္တလေးက တက်သေးမယ်တော်ကို တက်သေးရှင်မ ဟုလည်း ခေါ်ကြသည်။ နတ်ကွန်းမှာ ထိုစဉ်က အိုဟောင်းလှပြီဖြစ်သော သစ်သားနတ်ကွန်းလေးဖြစ်၏။ နန်းထိန်းကို အကျိုးအကြောင်းမေးကြည့်သောအခါ သဘောကောင်းစွာဖြင့် နတ်ပုံတော်ကို မ,ထုတ်လာပြီးပြပါသည်။ ဆရာကြီးပြောသည့်အတိုင်းပင် နတ်ပုံတော်၏ ထူးခြားချက်မှာ ရုပ်သေးရုပ်အတိုင်းထုလုပ်ထားခြင်း ဖြစ်သည်။ ခေါင်း၊ ခြေ၊ လက်တို့ကို ချိုး၍ရသည်။

သစ်သားဖြင့် ထုလုပ်ထားပြီး (၂) ပေခန့်အမြင့်ရှိကာ လှပသောပိုးအဝတ်တို့ဖြင့် ဆင်မြန်းထားသည်။ တက်သေးမယ်တော်သည် တက်သေးအင်းကို စောင့်ရှောက်တော်မူသည် ဆို၏။ ယခုအခါ တက်သေးအင်းဟု ခေါ်နေကြသော်လည်း ရှေးက တက်သိမ်းအင်းဟု

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (၇၀)

# မောင်သန်းဆွေ

(သားဝယ်)

## တက်သိမ်းမယ်တော်နှင့်ရွှေလောင်းဆိုးတော်



www.burmeseclassic.com

ခေါ်သည်။ တက်သိမ်းမယ်တော်နှင့် ရွှေလောင်းဘိုးတော် မောင်တော်၊ နှမတော် နှစ်ဦးအား တက်သိမ်းမောင်နှမ ဟူ၍လည်း ခေါ်ပါသည်။

**□ နတ်သမိုင်း**

တက်သိမ်းမယ်တော်နှင့် ရွှေလောင်းဘိုးတော်တို့ နတ်သမိုင်းသည် အမေရေယဉ်နတ်သမိုင်းနှင့် ဆက်စပ်နေသည်။

အလောင်းစည်သူမင်း၏ထံတော်တွင် သက်နက်ဖောင်တော်ကို ဦးစီး





www.burmeseclassic.com

www.burmeseclassic.com




ကပ်ကျော်စေတီအနီးနန်းမှ အစ်မတော် တက်သိမ်းမယ်တော်ပုံတော်



ရင်းနန်းမှ မောင်တော် ရွှေလောင်းဘိုးတော်ပုံ



ရင်းနန်းမှ အမေနီပုံ




ထိုနန်းအတွင်းမှ ပုံတော်များ

ချုပ်ကိုင်ရသော ပဲ့နင်းဝဲမှူးကြီး ဟူသည့် ရွှေလောင်းဖောင်တော်ကြီး၏ တက်မပဲ့ကိုင်မောင်နှမနှစ်ဦးရှိလေသည်။

ထိုတက်မပဲ့ကိုင်ရွှေလောင်းမှူးနှင့် အစ်မတော်တို့၏ရွှေလောင်းဖောင်တော်ကြီးကို တက်သိမ်းအင်းထဲတွင် ထားသည်။ ထိုအင်းကိုအမှီပြု၍ ကမ္မဋ္ဌာန်းဝိပဿနာကျင့်သုံးဆောက်တည်နေသည့် ဆရာတော်ကြီးတစ်ပါးရှိသည်။ ထိုဆရာတော်ကြီးအား တက်သိမ်းဆရာတော်ကြီး ဟူ၍ ပုဂံပြည်သူပြည်သားတို့က ခေါ်၍ ဆည်းကပ် ကိုးကွယ်ကြသည်။ ထိုအချိန်က မဟာသဗ္ဗရာဇာမြို့စား၏နှမ စောနန်းမွန် (အမေရေယဉ်လောင်းလျာ)နှင့် ရွှေလောင်းဖောင်တော်ဝဲမှူးကြီး၏ အစ်မတော်တို့သည် တက်သိမ်းဆရာတော်ကြီး၏ဝိပဿနာတရားများကို အားထုတ်ပြီး ဥပုသ်သီတင်းနေ့တိုင်းတွေ့ဆုံကြ၍ တစ်ဦးနှင့်တစ်ဦးတရားမိတ်ဆွေအဖြစ် လွန်စွာခင်မင်ရင်းနှီးကြသည်။

စောနန်းမွန်သည် မင်းကြီး၏ နာဂသိမ်ဖုရားငယ်နှင့် ပညာပြိုင်ကြလေရာ မိဖုရားနာဂသိမ်ရှုံး၍ သေဆုံးရခြင်းကြောင့် (စုန်းအတတ်ပညာပြိုင်ခြင်း ဖြစ်သည်။) အလောင်းစည်သူမင်းကြီးမှာ ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ မဟာသဗ္ဗရာဇာနှင့် စောနန်းမွန်တို့အား ဖမ်းဆီးရန် အမှုထမ်းတို့အား အမိန့်တော်နှင့် စေလွှတ်တော်မူသည်။

မဟာသဗ္ဗရာဇာနှင့် စောနန်းမွန်တို့မောင်နှမသည် လှေငယ်တစ်စီးဖြင့် ဧရာဝတီမြစ်ကြောင်းဆီမှ ရွှေလောင်းတော်ပဲ့ထိန်းဝဲမှူးကြီးမောင်နှမ၏အကူအညီဖြင့် ရာဇဝတ်ဘေးကို တိမ်းရှောင်ထွက်ပြေးကြလေပြီဖြစ်ကြောင်းလျှောက်ထားရာတွင် မင်းကြီးမှာ လွန်စွာ ဒေါသထွက်၍ သူ၏ သက်နက်လှေတော်နှင့် မဟာသဗ္ဗရာဇာတို့၏ လှေငယ်ကို အမီလိုက်လေတော့သည်။

သက်နက်လှေတော်သည် ရွှေလောင်းပဲ့ကိုင်ဝဲမှူးကြီး မရှိလေသောကြောင့် ကျန်ရှိသော အခြားပဲ့ကိုင်တို့သည် မနိုင်မနင်းဖြစ်ရလေ၏။ ထိုကဲ့သို့ ရွှေလောင်းလှေတော်ကြီးတွင် ပဲ့ကိုင်များ ကသောင်းကနင်းဖြစ်လာ၍ အလောင်းစည်သူမင်းကြီးမှာ ပိုမိုဒေါသအမျက်ထွက်ကာ မဟာသဗ္ဗရာဇာမောင်နှမနှင့် ရွှေလောင်းပဲ့ကိုင်ဝဲမှူးကြီးတို့ မောင်နှမအား တွေ့ရာသချိုင်း မားမဆိုင်းသတ်ရန်အမိန့်တော်ချမှတ်လေသည်။

မဟာသဗ္ဗရာဇာနှင့် နှမကလေး စောနန်းမွန်တို့မှာ ယမားချောင်းကို ဆန်တက်၍ ခြေကျင်ခရီးဖြင့်ရှောင်တိမ်းကာ ပြေးကြလေသည်။ အလောင်းစည်သူမင်းကြီးသည် သူ၏ သက်နက်ဖော တော်ကြီးကို ယမားချောင်းပေါက်ဝဆီ ဆိုက်ကပ်စေသည်။ ဝဲမှူးကြီးတို့မောင်နှ အား တွေ့မြင်ရသည်နှင့် သူ၏ ရွှေ လောင်းဖောင်တော်ပဲ့ကိုင်မှူးကြီးမော နှမတို့သည် ရန်သူကို အားပေးလေသည် ဟုဆိုပြီး ပဲ့ကိုင်သောရာထူးမှ တက် ပြန်လည်သိမ်း၍ မောင်တော်၊ အစ် တော်နှစ်ဦးအား ရေတွင် ဖျောက်ေ တော့သည်။

*(မဟာသဗ္ဗရာဇာနှင့် စောနန်း တို့၏ဇာတ်လမ်းမှာ စောနန်းမွန်သ အမေရေယဉ် ဖြစ်လာလေသည်။)*

ပဲ့ကိုင်ဝဲမှူးကြီးတို့ မောင်နှမ လည်း တက်သိမ်းမောင်နှမ ဟူ၍ န ဖြစ်လာပြီး တက်သိမ်းအစ်မတော် ရွှေလောင်းဘိုးတော်ဟု တွင်



www.burmeseclassic.com

www.burmeseclassic.com

...သည်။

ယနေ့ တက်သိမ်းမယ်တော်နန်း...တွင် 'အမေနီ' ဟုခေါ်သောနတ်ပုံတော် ...ထား၍ မေးကြည့်ရာ အမေနီ၏နတ် ...အမိုင်းကို သိရသည်။ စစ်ကိုင်းမင်း (...ကြီးတော်) လက်ထက် မိဖုရားခေါင် ...ကြီး နန်းမတော်မယ်နုသည် ညောင်ကန် ဆရာတော် ဦးဗုဓ်အား ပင့်ဆောင်ကာ အင်းဝရွှေနန်းတွင် ကျောင်းဆောက်လုပ် လှူဒါန်းသည်။ အမရပူရမြို့တော်၏ မြောက်ဘက်တွင် ဘုံကျော်တိုက် ဟူ၍ ...လည်းကောင်း၊ ညောင်ကန်တိုက် ဟူ၍ ...လည်းကောင်း ကျောင်းဝင်းနှင့် ကျောင်းဆောင်ကြီးများကို ဆောက်လုပ် လှူဒါန်းသည်ဟုလည်း ပြောကြပါသည်။ နန်းမတော် မယ်နုသည် ဆရာတော်ဦးဗုဓ်အား အမရပူရမြို့၏ မြောက်ဘက်ရှိ ညောင်ကန်ကျောင်းတိုက်ကြီး ဆောက်လုပ်လှူဒါန်းရန် အင်းဝရွှေမြို့တော်ဆီမှ ရွှေဖောင်တော်ကရဝိက်နှင့် ပင့်လာချိန်တွင် နန်းတွင်းသူ အပျိုတော်များအား ကရဝိက်ဖောင်လှော်ရန် ရွှေတက်များ အပ်၍ လှော်ခိုင်းလာသည်။ ယခု တက်သိမ်းအင်းနေရာသို့ ဖောင်တော်ဆိုက်သည်နှင့် ရွှေတက်များကို အပျိုတော်ကြီးဖြစ်သော မယ်နီ(အမေနီ) က သိမ်းယူရသည်။ ရွှေတက်များကို သိမ်းယူ၍ တက်သိမ်းအင်းဟု ခေါ်ခြင်းမဟုတ်ပါ။ ရှေးရှေးပုဂံခေတ်ကတည်းကပင် ဤအင်းကြီးကို တက်သိမ်းအင်းဟု ခေါ်ခဲ့သည် ဆိုပါသည်။ မယ်နီ သေဆုံး၍ အမေနီဟု နတ်ဖြစ်သည် ဆို၏။





တက်သိမ်းအစ်မတော်၊ မောင်တော်နန်းရင်းဟု မုခ်ဦးတွင် ရေးထားသော နန်းတစ်နန်း

စာရေးသူသွားသည့် ကပ်ကျော်ဘုရားအနီးမှ အမေတက်သိမ်း အစ်မတော်၊ မောင်တော်နန်းကို နန်းရင်းဟု ပြောသည်။ သို့သော် ထိုနန်းမှ တက်သိမ်းအင်းဘက်သို့ဆက်သွားလျှင် တက်သိမ်းအစ်မတော်နှင့် မောင်တော်၊ ရွှေလောင်းဘိုးတော် နတ်နန်းတစ်နန်းကို တွေ့ရသေး၏။ ထိုနတ်နန်းကလည်း မူလနန်းရင်းဟုပင် ပြောသည်။ ထိုနတ်နန်းတွင် ယခင်က နဂါးတော်ဦး နှစ်စဉ်နတ်ကနားလာပေးသည်ဟု ဆိုပါသည်။ မည်သို့ပင် နတ်နန်း(၂)နန်းကွဲနေသော်လည်း တက်သိမ်းမယ်တော်နှင့် ရွှေလောင်းဘိုးတော်နတ်နန်းများပင် ဖြစ်ပါသည်။

တက်သိမ်းအစ်မတော်နှင့် မောင်တော်ရွှေလောင်းဘိုးတော်တို့ကို အချို့က ဘုရားရှင်ကိုယ်တိုင် ရင်ငွေ့အပ် အသက်သွင်းထားခဲ့သော မဟာမုနိဘုရားကြီး ဓညဝတီရခိုင်ပြည်မှပင့်ဆောင်ရာတွင် ပါဝင်ကြသည်ဟု ဆိုသည်။



တက်သိမ်းအင်းအတွင်းမှ နန်းတစ်နန်း

အထက်ဖော်ပြပါ နတ်နန်းများတွင် နတ်ကနားပေးသည့်အခါ သမားစဉ်ပင် ပြုလုပ်ကြသော်လည်း ရှေးအခါက ရွှေလောင်းမင်းနတ်သည် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် မြစ်ရေများလျှံတက်သည့်ကာလ မြစ်ကမ်းရှိမြို့များ၊ ရွာများသို့ လောင်းလှေကြီးများဖြင့် နတ်ပုံတော်ကိုတင်၍ ရွာစဉ်လိုက်အလှူခံကြသည်ဆိုသည်။

တစ်ဖန် ထိုနတ်ပုံတော်ကို ရေပြင်းထန်သော ဝဲကြီးများတွင် ပစ်ချနှစ်မြုပ်ကာ လောင်းလှေကြီးများဖြင့် ဝဲထဲသို့ တက်မကိုင်ဘဲ ပုံတော်ဝဲလည်ရာသို့လိုက်၍ ဆယ်ယူကြသည်ဟုလည်း ဆိုသည်။

လောင်းလှေတစ်စီးလုံး လှေလှော်သားများ ပဲ့ကိုင်မှစ၍ တက်လွှတ်ထားကြရပြီးလျှင် လှေလောင်းကို ဝဲလည်ရာသို့ လိုက်နေရသည်။ ဤအကြောင်းရင်းကို တကယ်တပ်အပ်သိလိုပါသော် မြင်းမူမြို့၏အောက်ပိုင်း ဧရာဝတီမြစ်အရှေ့ဘက်ခြမ်းတွင်ရှိသော လက်...ဒီပရွာ၊ ယက္ခဒီပရွာ၊ သလင်းကုန်းရွာ၊ ခေါင်းဗိုလ်ရွာ၊ ရေလည်သောင်ရွာနှင့် တစ်ဖန် မြောင်နယ်တစ်လျှောက် ငါန်းဇွန်နယ် အောက်ပိုင်းဆေးရွက်ကြီးများစိုက်သော ကျွန်းကိုင်းရှိရွာများမှ တိကျစွာ ပြောနိုင်သည်ဟု ဆိုသည်။

ရွှေလောင်းမင်းနတ်ပုံတော်အား ရေချခါနီးတွင် လှေလှော်သားတို့သည်-

"ဘိုးရွှေလောင်းမင်း ရေသို့ဆင်း . . . ဘိုးရွှေလောင်းမင်း ရွှေလောင်းမင်း"

ဟုအော်၍ ရေသို့ချကြရပေသည်ဟု ဆိုပါသည်။ အိမ်ကနားများတွင် နတ်လမ်းခင်းသည့်အခါ တက်သိမ်းမယ်တော်နှင့် ရွှေလောင်းဘိုးတော်တို့မပါပါ။ သို့ကြောင့် တက်သိမ်းမယ်တော်နှင့် ရွှေလောင်းဘိုးတော်တို့ကို ဝန်း (၃၇) မင်း အပါအဝင်ဖြစ်သော်လည်း ဒေသန္တရ နတ်များထဲတွင် ထည့်ရမည်ဖြစ်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက် -**

၁။ ယုဝစိုးမြင့် ရေးသော 'တက်သိမ်းအစ်မတော်နှင့် ရွှေလောင်းဘိုးတော်သမိုင်း'
၂။ မောင်သန်းဆွေ (ထားဝယ်) ၏ 'ထီးမလှေနန်းမလှေ'



www.burmeseclassic.com

www.burmeseclassic.com



# မောင်လင်းခိုင်

## အသက်သခင်ကျေးဇူးရှင် ငှက်ကလေးမောင်သို့

စစ်ဖြစ်နေသည်။

ဒုတိယကမ္ဘာစစ်ဖြစ်နေသည်။

အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို ၁၈၈၅ ခုနှစ်မှစ၍ သိမ်းယူကာ မြန်မာလူမျိုးတို့အား ကျွန်ပြုအုပ်ချုပ်ခဲ့သည့် နှစ်ပေါင်း (၁၀၀) ကျော်မျှ ကြာခဲ့သည်။ မျိုးချစ်လူငယ်များ ပေါ်ထွန်းလာပြီး အင်္ဂလိပ်ကို တွန်းလှန်ဖို့ ကြိုးစားခဲ့သည်။ ၁၉၄၀ - ၄၁ ခုနှစ်လောက်တွင် သခင်အောင်ဆန်းတို့အဖွဲ့သည် ဂျပန်သို့ လျှို့ဝှက်သွားရောက်ပြီး စစ်ပညာသင်ယူကြကာ ဂျပန်စစ်ဗိုလ်ချုပ်တို့နှင့်အတူ ၁၉၄၁ ခုနှစ်တွင် ယိုးဒယားမှတစ်ဆင့် မြန်မာနိုင်ငံထဲသို့ ဝင်ရောက်လာခဲ့ကြသည်။ အင်္ဂလိပ်တို့နှင့် အကြိတ်အနယ်စစ်ပွဲယှဉ်နွဲကြပြီး အင်္ဂလိပ်တို့ စစ်ရေးနိမ့်ကာ ဆုတ်ခွာသွားခဲ့ကြရသည်။

ဂျပန်တို့ စစ်ရေးအောင်မြင်မှုရှိသော်လည်း၊ ဂျပန်စစ်သားတို့သည်လာစက ရည်မှန်းဖော်ရွေကြသော်လည်း ကြာလာသောအခါ မြန်မာလူမျိုးတို့အပေါ် အကြင်နာစိတ်ပျောက်၍ အမျိုးမျိုးသောနည်းများဖြင့် နှိပ်စက်ကြလေတော့သည်။ ကင်ပေတိုင်က သူနှင့် အစေးမကပ်သောသူ၊ မတည့်သောသူဆိုလျှင် 'မာစတာ ဒီကောင် မကောင်းတကား၊ သူလျှို' ဟု ဆိုလိုက်လျှင် ထိုလူသေပြီသာမှတ်တော့။ အမျိုးမျိုး နှိပ်စက်ပြီး လက်ကိုရေနွေးပူထဲထည့်၊ လက်သည်းခွာသည်။ လူကို ထုပ်မှာ ဇောက်ထိုးဆွဲကာ ထိုးဆိတ်ရိုက်နှက် ညှဉ်းပန်းလေတော့သည်။

နောက်ဆုံးတွင် မြန်မာလူမျိုးတို့ သည်းခံခွင့်လွှတ်ခြင်းအဆင့်လွန်မြောက်လာသောအခါ ပြန်၍တော်လှန်ကြရပြန်လေတော့သည်။ အင်္ဂလိပ်နှင့် မဟာမိတ်နိုင်ငံများကို ပြန်လည်ဆက်သွယ်ကာ ဂျပန်တို့အား တန်ပြန်တော်လှန်ခဲ့ကြပြန်လေသည်။ ၁၉၄၅ ခု၊ မတ်လ ၂၇ရက်ဆိုလျှင် မြန်မာလူမျိုးတို့ ဂျပန်ကို တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်သောနေ့အဖြစ် အထင်အရှားမှတ်တိုင်တစ်တိုင် ပေါ်ထွန်းလာလေတော့သည်။

ဂျပန်လူမျိုးတို့ စစ်ရှုံးသည်မှာ ရက်စက်ကြမ်းတမ်း၍ ဖက်ဆစ်ဝါဒကို ကိုင်စွဲသောကြောင့် ဖြစ်လေသည်။ မြန်မာတွေတန်ပြန်တွန်းလှန်ကြသောအခါ မခံနိုင်ကြတော့ဘဲ နောက်ကြောင်းပြန်လှည့်၍ ဆုတ်ခွာရလေတော့သည်။ အင်္ဂလိပ်မဟာမိတ်တို့နှင့် မြန်မာမျိုးချစ်တို့ ပူးပေါင်းထိုးစစ်ဆင်သောအခါ ပန်းကွယ်စရာနေရာ လုံးဝမရှိတော့သဖြင့် ဆုတ်ခွာသွားရလေတော့သည်။ သူတို့ ဆုတ်ခွာရာတွင် အေးအေးဆေးဆေး ဆုတ်ခွာခြင်းကား မဟုတ်။ မြန်မာလူ တို့အား ပေါ်တာအဖြစ်ခေါ်ဆောင် သူတို့၏ အထုပ်အပိုး ဝန်စည်စလယ် ကို သယ်ခိုင်းထမ်းခိုင်းကြလေသည် မလိုက်၍မရပေ။ ဓားလက်နက်တို့ ခြိမ်းခြောက်ခေါ်သဖြင့် မလိုက်မနေသာ လိုက်ကြရသည်။

ပေါ်တာဖမ်းဆီးခေါ်ဆောင် သူတို့အထဲတွင် ထွန်းဖေနှင့် သာအေး နှစ်ဦးလည်းပါသည်။ သူတို့မှာ မိအို များကို လုပ်ကိုင်ရှာဖွေကျွေးမွေးနေ သူများ ဖြစ်သည်။ မည်သို့မျှ အ ကြောင်းပြ တောင်းပန်သော်လည်း အတင်းဆွဲခေါ်သွားလေတော့သည် အထမ်းသမားများကို သူတို့ရှေ့မှသွား ခိုင်းသည်။ ဂျပန်စစ်သားတွေက နော ကလိုက်သည်။ သူတို့သည် ရှေ့ကသွား ရင်း တစ်ခါတစ်ခါ ဂျပန်တို့ကို လွ သွားကြသည်။ ရိုးမကြောကြီးသ သစ်ကြီးဝါးကြီးချုံနွယ်တို့ဖြင့် ပိန်းပိ အောင်မှောင်မည်းနေသည်။

မိုးရာသီ ဝါဆို၊ ဝါခေါင်ဖြစ် သဖြင့် သဲကြီးမဲကြီးရွာသောကာလ သည်။ မိုးကလည်း သဲသဲမဲမဲ

www.burmeseclassic.com



ဆောင်းစရာလည်း ဘာမှမပါ။ ဦးခေါင်းလုံးရုံ ဝါးခမောက်ကလေးတစ်ခုသာ ဆောင်းစရာပါကြသည်။ ဗိုက်ကို အနုတ်ပြီးလျှောက်ကြသည်။ သူတို့နှစ်ဦးသည် ဂျပန်တို့ကို မကြေ ... လျှောက်မိသော ... နှစ်ဦးသား တိုင်ပင်ကြသည်။

"သာအေး ဂျပန်တွေ နောက်မှာ ကျန်နေခဲ့တယ်။ ကိုသပ်ကြ ... ယ်ကွာ။ ဒီအထ ... တွေချုံထဲတိုးလျှ ... [illegible] ... ခြေ ... မှာ ... ရှာပြီးပြေး ... တာပေါ့ ... ဟု ထွန်းဖေက သာအေးကို အဖေ ... သည်။

"ဖြစ်ပါမလား ထွန်းဖေ ဒီကောင် တွေမှာ နယ်နက်ပါတယ်။ ကိုယ်ထွက်ပြေးတာသိလို့ ... ပစ်ရင် ... မလား ကွာ"

"... တို့ ... ရှေ့မှာ ... တယ် ... ဘယ်လောက်မှန်း မသိဘူး။ မထမ်းနိုင်မလိုက်နိုင် ရင် ကိုယ့်ပစ်သတ်ခဲ့ချင်သတ် ပစ်ခဲ့မှာ။ ဒီတော့ ပြေးတာက လွတ်ချင်လွတ်ဦးမယ်ကွာ"

"အေး - ဒီလိုဆိုလည်း အခြေနေကြည့်ပြေးမယ်ကွာ"

ထွန်းဖေနှင့် သာအေးတို့ နှစ်ယောက် တိုင်ပင်ပြီး ဂျပန်တို့နှင့် အလှမ်းဝေးအောင် ခပ်သွက်သွက်လျှောက်လိုက်ကြသည်။ ဂျပန်တို့လည်း မောပန်းနေကြပြီ။ မိုးကလည်း သဲသဲမဲမဲရွာသည်။ သူတို့အဖို့ တစ်ပန်းသာသည်မှာ မိုးသည်းသည်းရွာနေသောကြောင့်ဖြစ်သည်။

သာအေးနှင့်ထွန်းဖေသည် ခပ်သွက်သွက်လေး လျှောက်ပြီး ရှေ့နားတွင် တောချုံကြီးတစ်ခု ဆီးကြိုနေသည်နှင့် အထုပ်တွေကို ချုံထဲတိုးထည့်ကာ သစ်ကိုင်းတွေနှင့်ဖုံးဖိပြီး ထိုချုံ၏အောက်ဘက် စမ်းချောင်းရှိရာသို့ ကအားခုန်ချကာ စမ်းချောင်းအတိုင်း ပြေးခဲ့ကြတော့သည်။ မိုးသံနှင့် စမ်းရေစီးသံနှင့်မို့ သူတို့ခြေသံကို မကြားနိုင်တော့ပေ။

ရှိးမတောကြီးသည် သစ်ကြီးဝါးကြီး ဝိမ့်ကြီးမြိုင်ကြီးမို့ တောမဆိုးမှလွဲ၍ သွားရေးလာရေး ... သူတို့ ... မှာ ဂျပန်တွေ ... သွားလာရသည်။ ... ရောက်ကြမည် ... ။ ဂျပန်တွေက ... ပမ်းသိရှိမဟုတ။ သည်တောကြီး ... ချင်း မြို့တစ်မြို့သို့ ရောက်နိုင်သည် ... ရှောင်းသွား ... သည်။ ... [illegible] ...

... [illegible] ...

... ကြီးတစ် ... ။ ... ခြေ ... ကြိုးကိုင်း အရှောင်ခြေရာကိုမြင်ပါဘူး ... နေ့သစ်တစ်နေ့ကို ... မြင်ပြီဟု သာအမှတ်ရတော့သည်။

ဘယ်ကိုသွား၍ ဘယ်ကိုရောက် သည်မသိ။ မှန်းဆ၍သာ သွားနေရသည်။ ခြေကုန်လက်ပန်းလည်းကျနေပြီ။ အစားကလည်း မစားကြရ။ မိုးချုပ်၍ အိပ်ဖို့ရန်နေရာရှာသည်။ ခိုဆိုကောင်းသော အပင်မတွေ့ရ။ ခိုဆိုကောင်းသောအပင် မတွေ့ရသဖြင့် သစ်ပင်ကြီးတစ်ပင်၏ ခြေရင်း သစ်ပါးပျဉ်းများကြားတွင် အိပ်ရန် ပြင်ဆင်ရတော့သည်။ အနားပတ်ဝန်းကျင်ကိုတော့ သန့်ရှင်းရေးလုပ်ထားသည်။အိပ်သာအိပ်ရသည်။ သားကောင်တို့အန္တရာယ်ကလည်းကြောက်ရသဖြင့် သတိဝီရိယဖြင့် ကြက်အိပ်ကြက်နိုးအိပ်ကြရသည်။

အရှေ့ဆီမှ ရောင်နီပျို့လာသော အခါ နိုးနေကြပြီ။ အချိန်ခန့်မှန်းရသည်မှာ နံနက်(၅)နာရီလောက်ရှိပြီဟု ခန့်မှန်း

www.burmeseclassic.com

ရသည်။ ထိုအချိန်တွင် သစ်ပင်ထိပ်ဖျားမှ ဘုရားရှိခိုးသံကြားလိုက်ရလေသည်။

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကံ(၃)ပါးတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့မှ ပျောက်ပါစေခြင်းအကျိုးငှာ ပထမ၊ ဒုတိယ၊ တတိယ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ရတနာမြတ် (၃) ပါးတို့ကို ရှိသေလေးမြတ်လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"

သာအေးနှင့် ထွန်းဖေတို့သည် တစ်ယောက်တစ်ယောက်ကြည့်၍ကြက်သေသေနေကြသည်။ ဤကဲ့သို့ တောကြီးတောင်ကြီးထဲတွင် သစ်ပင်ခေါင်ဖျားမှ ဘုရားရှိခိုးသံကြားလိုက်သဖြင့် ကြက်သီးဖြန်းဖြန်းထသွားကြလေသည်။ နာနာဘာဝလား၊ လူစင်စစ်လားဟု တွေးနေကြသည်။ လူဆိုလျှင် ဤမျှ မြင့်မားလှသော သစ်ပင်ပေါ်သို့ ဘယ်သို့တက်သွားပါသလဲ။ အောက်ခြေတွင် အခက်အလက်လုံးဝမရှိဘဲ ဝါးတစ်ပြန်လောက်ကျမှ အခက်အလက်တွေ၊ အကိုင်းအခက်တွေ ဝေဝေဖြာဖြာနှင့် အလွန်မြင့်မားသောသစ်ပင်ပေါ်သို့ ဘယ်လူသားမှ တက်ရောက်ရန် မလွယ်ပါ။ သူတို့သည် သစ်ပင်ကိုလှည့်ပတ်ကြည့်ကြ၏။ အရှေ့ဆီမှရောင်နီကလည်း တဖြည်းဖြည်းတက်လာပြီမို့ အသံရှင်ကို မတွေ့တွေ့အောင်ရှာရသည်။

အသံရှင်မှာ ဩကာသပြီးတော့ အစိန္တေယျဘုရားရှိခိုးကို ဆက်၍ ရွတ်ဖတ်နေပြန်သည်။ အစိန္တေယျပြီးတော့ မေတ္တသုတ်ကို ဆက်၍ရွတ်ဖတ်နေပြန်တော့သည်။

သာအေးနှင့် ထွန်းဖေတို့သည် အမှောင်ကင်းစင်၍ လင်းလင်းချင်းချင်းမြင်လာရပြီမို့ ပတ်ဝန်းကျင်ကိုလည်း ထင်ထင်ရှားရှား မြင်လာရပြီ ဖြစ်သည်။ အလင်းရောင် ထင်းထင်းလင်းလင်းမြင်ရသောအခါ အပင်ပေါ်မှ အသံရှင်ကို လှည့်ပတ်ရှာကြပြန်သည်။

ဟော - တွေ့ပါပြီ။ မောင်ညို သာလိကာကလေး မောင်ညို ဘုရားစာတွေဆိုလို့ အမျှဝေလို့။ အံ့ဩကုန်နိုင်ဖွယ် ဖြစ်ရတော့သည်။

"သာအေးရေ လူမဟုတ်ဘူးကွ၊ သာလိကာ။ ဘယ်ကဘယ်လို ဒီတောတောင်ထဲရောက်နေသလဲ မသိဘူး။ သာလိကာလေးကိုခေါ်ကြည့်ရအောင်ကွာ။ သူ့ကိုပဲ အကူညီတောင်းရမှာပဲ"

"အေး - ကောင်းတယ်၊ခေါ်ကြည့်ကွာ"

ထွန်းဖေက သာအေးကို ပြောလိုက်သည်။ သာအေးသည် လက်ဝါးနှစ်ဖက်ကို ကန်တော့သဏ္ဌာန်လုပ်ပြီး အပေါ်ကိုမော့ကာ-

"မောင်ညိုရေ၊ ဟေ့မောင်ညို"

ဟုလှမ်း၍အော်ခေါ်လိုက်သည်။ လေး၊ ငါးကြိမ်မျှ အော်ခေါ်လိုက်သောအခါ သာလိကာကလေးမောင်ညိုက အောက်ကိုငုံ့ကြည့်ကာ -

"ခင်ဗျာ"

ဟု အသံပြုလိုက်လေသည်။

"မောင်ညိုရေ အောက်ကိုဆင်းခဲ့ပါဦးကွာ။ တို့ မင်းဆီမှာ အကူအညီတောင်းချင်လို့"

မောင်ညိုသည် ပင်မြင့်ထက်မှ ပျံဆင်းရာက အနိမ့်ဆုံးအကိုင်းတွင် နားလိုက်သည်။ အသွေးမွေးတောက်ပြောင်ပြီး ချစ်စရာကောင်းသော သာလိကာကလေးမောင်ညိုကိုကြည့်ပြီး-

"မောင်ညို၊ နင်ဘယ်ကရောက်လာပြီး သည်တောထဲလာနေရတာလဲ။ ပြောပြစမ်းပါဦးကွာ"

ဟု သာအေးက မေးလိုက်သည်။

"ကျွန်တော်က ဆားပြင်ရွာ ဆရာတော်ကြီး ဦးပညာကျောင်းမှာ နေတာဗျ။ ခု ဆရာတော်ကြီး ပျံလွန်တော်မူသွားလို့ နောက်ကျောင်းထိုင်ဆရာတော်က ကျွန်တော့်ကို မင်းသွားလိုရာသွားတော့လို့ပြောပြီးလွှတ်လိုက်တာ။ အဲဒါကြောင့် သည်တောထဲရောက်နေတာဗျ"

(ဆားပြင်ရွာသည် တောင်ကုတ်မြို့နယ်ထဲတွင်ရှိပါသည်။) ဘုန်းကြီးကျောင်းတွင်နေခဲ့ရသူမို့ နေ့စဉ်နှင့်အမျှ ရဟန်းသံဃာတို့၏ စာသံပေသံတရားသံတို့ကို ကြားနေရသဖြင့် အလွန်စကားတတ်လွယ်သည့်သတ္တဝါမို့ ဘုရားရှိခိုးအမျိုးမျိုးဆိုတတ်တာ မဆန်းတော့ပါ။ သာအေးနှင့် ထွန်းဖေ ဝမ်းသာပီတိဖြစ်ကာ သာလိကာကလေးတို့ အကျိုးအကြောင်း ပြောပြရတော့သည်။

"မောင်ညိုရေ၊ ငါတို့ ဂျပန်တွေပေါ်တာဆွဲရာကထွက်ပြေးလာတာ ရိုးမတောထဲ မျက်စိလည်ပြီး ဘယ်သွားလို့ဘယ်လာမှန်းမသိဘူး။ ဘာမှလဲ မစားရဘူး။ ငှက်ပျောအူစားပြီး နေရတာ။ တစ်ခါတစ်ခါ ငှက်ပျောသီးမှည့်နေတာတွေ့ရင်ငှက်ပျောသီးစားရတယ်။ ကြွားဘာမှမစားရဘူး။ တို့ကို လမ်းပြပေးစမ်းပါကွာ"

"ဟုတ်ကဲ့၊ ကျွန်တော် လမ်းပြပေးပါ့မယ်။ ကျွန်တော့်နောက်ကိုလိုက်ခဲ့၊ ကျွန်တော်က အပေါ်ကပျံသွားမယ်"

ဟု ပြောလေသည်။

သာအေးနှင့် ထွန်းဖေလည်း သာလိကာကလေး ပျံသွားရာနောက်သို့ လိုက်ကြရလေသည်။ တစ်နာရီ၊ နှစ်နာရီ လောက်ကြာသောအခါ တောနက်ကြီးမှ တောချုံပါး၍ အပင်ကြီးကြီးမားမား မတွေ့ရတော့ဘဲ အပင်ငယ်ကလေးတို့သာ ပေါက်ရောက်သည့် မြေပြန့်လွင်သို့ ရောက်လာလေတော့သည်။ နာရီဝက်မျှ ထပ်မံလျှောက်ကြသောအခါ ရိုးမတော၏ လူတွေသွားရာလမ်းကြောင်းပေါ်သို့ ရောက်လာလေတော့သည်။ လမ်းတွေ့ပြီမို့ ဝမ်းသာအားရဖြစ်ကြသည်။ မောင်ညိုကို နှုတ်ဆက်ရသည်။

"မောင်ညိုရေ၊ ကျေးဇူးတင်ပါတယ်ကွာ။ မင်းနဲ့သာမတွေ့ရင် တို့တောထဲမှာ မျက်စိလည်ပြီးသေဖွယ်သာရှိတော့တယ်။ မင်းကျေးဇူးတွေ ဘယ်လိုဆပ်လို့မှ မကုန်နိုင်ဘူး။ မင်းကို နှုတ်ဆက်ခဲ့ပါ[illegible]ယ်ကွာ။ ငါတို့သွားတော့မယ်နော်"

သာလိကာကလေးကလည်း ယဉ်ကျေးလိမ္မာသော ဆရာတော်ကြီး၏ တပည့်ပီပီ -

"ဟုတ်ကဲ့ခင်ဗျ ဟုတ်ကဲ့။ သွားကြ သွားကြ၊ အိမ်ကို ကောင်းကောင်းမွန်မွန် ပြန်ရောက်ကြပါစေ"

ဟု နှုတ်ဆက်စကားဆိုကာ တောထဲသို့ ပျံသွားလေတော့သည်။ သာအေးနှင့် ထွန်းဖေတို့လည်း လမ်းတွေ့ပြီး ရွှေနားတွင် သစ်ခုတ်၊ ဝါးခုတ်အလုပ်လုပ်နေကြသော လူတွေကို တွေ့ရလေသည်။

(ဤအဖြစ်ပျက်တို့ကို ပြောပြသူမှာ ဦးစံမောင် ဖြစ်ပါသည်။ သူသည် ကားလမ်းမပေါက်မီ ရိုးမကြောပေါ်မှ နွားမောင်း၍ ကုန်ခင်းဘက်ရဲသို့ နွားရောင်းသွားစဉ် တောထဲတွင် မျက်စိလည်ပြီး ဒုက္ခနှင့်ကြုံတွေ့ခဲ့ရသော လူနှစ်ဦးနှင့်တွေ့၍ ထိုသူတို့မှပြောပြလိုက်သည်ကို ကျွန်တော်တို့အား တစ်ဆင့်ပြန်ပြောပြခြင်းအား ရေးသားလိုက်ပါသည်။ ဦးစံမောင်မှာ ယခု ကွယ်လွန်သွားပါပြီ။)

မောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# ပစ္စည်းပျောက်သော် တြိ-စတုအသုံးပြု

❑ သင်ပစ္စည်းပျောက်နေပါသလား

❑ အင်္ဂဝိဇ္ဇာပညာရပ်ဖြင့် အသုံးပြုကြည့်ပါ။

❑ **တနင်္ဂနွေနံ** - အိုး၊ အုတ်၊ အိတ်၊ ထုပ်ပျောက်နေသော် မည်သည့်နေ့မှာဆို တနင်္ဂနွေ၏ သုံးခုမြောက် တြိရန်းဖြစ်သည့် 'အင်္ဂါအခါ၌' တနင်္ဂနွေ၏ စတုရန်းဖြစ်သော ဗုဒ္ဓဟူးအရပ် (တောင်အရပ်) သို့မျက်နှာမူ၍ -

'ငါ၏ပစ္စည်း အိုး၊ အုတ်၊ အိတ် မြန်မြန်ပြန်လာပါ'

ဟုပြောပြီး အုန်းသီး(၆)လုတ်စားပြီးခေါ်ပါ။

❑ **တနင်္လာနံ** - ငွေ၊ ငွေခြေချင်း၊ ကျွဲ ခွေးပျောက်လျှင် မည်သည့်နေ့မဆို တနင်္လာ၏ တြိရန်းဖြစ်သော 'ဗုဒ္ဓဟူးအခါ၌' တနင်္လာ၏ စတုရန်းဖြစ်သည့် ကြာသပတေးအရပ်(အနောက်အရပ်) သို့ မျက်နှာမူပြီး -

'ငါ၏ငွေ၊ ငွေခြေချင်း၊ ခွေးမြန်မြန်ပြန်လာပါ'

ဟု ပြော၍ ငှက်ပျောသီး (သို့) ကျောက်ကျော (၁၅) လုတ်စားပြီးခေါ်ပါလေ။

❑ **အင်္ဂါနံ** - လက်စွပ်၊ စိန်၊ ဆွဲကြိုး ပျောက်သော် မည်သည့်နေ့မှာမဆို အင်္ဂါ၏တြိရန်းဖြစ်သော 'ကြာသပတေးအခါ' ၌ အင်္ဂါ၏ စတုရန်းဖြစ်သည့် သောကြာအရပ်(မြောက်အရပ်)သို့မျက်နှာမူ၍ -

'ငါ၏လက်စွပ်၊ ဆွဲကြိုး မြန်မြန်ပြန်လာပါစေ'

ဟုပြောပြီး ဆီးသီး(၈)လုံးစား၍ ခေါ်ပါ။

❑ **ဗုဒ္ဓဟူးနံ** - ရွှေ၊ လှေ၊ လှည်း ပျောက်သော် မည်သည့်နေ့မှာမဆို ဗုဒ္ဓဟူး၏ တြိရန်းဖြစ်သော 'သောကြာအခါ၌' ဗုဒ္ဓဟူး၏ စတုရန်းဖြစ်သည့် စနေအရပ်(အနောက်တောင်အရပ်)သို့ မျက်နှာမူလျက် -

'ငါ၏ ရွှေ၊ လှေမြန်မြန်ပြန်လာပါစေ'

ဟု ပြော၍ လမုန့်ဖြစ်စေ၊ ဝက်သားဖြစ်စေ (၁၇) ဖတ်စားပြီး ခေါ်ပါ။

❑ **ကြာသပတေးနံ** မြ၊ မြင်း၊ ဖလား၊ မော်တော်ပျောက်သော် မည်သည့်နေ့မှာမဆို ကြာသပတေး၏တြိရန်းဖြစ်သော 'စနေအခါ၌' ကြာသပတေး၏ စတုရန်းဖြစ်သည့် တနင်္ဂနွေအရပ် အရှေ့မြောက်အရပ်သို့ မျက်နှာမူကာ -

'ငါ၏ မြင်း၊ မော်တာ မြန်မြန်ပြန်လာပါစေ'

ဟု ပြောပြီး ပဲမုန့်၊ ပေါက်ပေါက်၊ ပဲလှော်တစ်ခုခုကို (၁၉) လုတ်စားခေါ်ပါ။

❑ **သောကြာနံ** သော့၊ သွပ်၊ သင်္ဘော ပျောက်သော် မည်သည့်နေ့မှာမဆို သောကြာ၏တြိရန်းဖြစ်သော 'တနင်္ဂနွေအခါ၌' သောကြာနံ၏စတုရန်းဖြစ်သည့် တနင်္လာအရပ်(အရှေ့အရပ်သို့)မျက်နှာမူပြီး -

'ငါ၏ သင်္ဘော၊ သွပ် မြန်မြန်ပြန်လာစေ၊ ပြန်ရပါစေ'

ဟု ပြော၍ သီဟိုဠ်စေ့(၂၁)စေ့ဖြစ်စေ၊ သီးသီး (၂၁) လုတ်ဖြစ်စေစားပြီးခေါ်ပါ။

❑ **စနေနံ** - ထီး၊ ဓား၊ နီလာ၊ နွား၊ ထွန်တုံး၊ ထွန်တံပျောက်သော် မည်သည့်နေ့မှာမဆို စနေ၏တြိရန်းအခါဖြစ်သော 'တနင်္လာအခါ၌' စနေ၏စတုရန်းအရပ်ဖြစ်သော အင်္ဂါအရပ် (အရှေ့တောင်ထောင့်အရပ်သို့) မျက်နှာမူပြီး နွားနို့ (၁၀) ငုံသောက်ပြီး -

'ငါ၏နွား၊ ထွန်တုံး၊ ထွန်တံများ မြန်မြန်ပြန်လာစေ' ဟု ခေါ်ပါ။

(ပစ္စည်းဓာတ်ဆင်ရန် ဓာတ်ဆင်သည့် နေ့-အခါ-အရပ်)

BURMESE CLASSIC

| ပျောက်သောပစ္စည်းနံ | ပြုလုပ်ရန်နေ့၊ အခါ၊ အချိန်နာရီ | ပြုလုပ်မျက်နှာမူရန်အရပ် |
|---|---|---|
| တနင်္ဂနွေနံ | တနင်္ဂနွေနေ့၏ တြိရန်း အင်္ဂါအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်းမှာ။ | တနင်္ဂနွေ၏စတုရန်း-ဗုဒ္ဓဟူး တောင်ဘက်အရပ်မျက်နှာမူပါ။ |
| တနင်္လာနံ | တနင်္လာနေ့၏တြိရန်း ဗုဒ္ဓဟူးအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်း။ | တနင်္လာ၏စတုရန်း-ကြာသပတေး အနောက်အရပ်သို့မျက်နှာမူပါ။ |
| အင်္ဂါနံ | အင်္ဂါနေ့၏တြိရန်း-ကြာသပတေးအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်း။ | အင်္ဂါ၏စတုရန်း-သောကြာ မြောက်ဘက်အရပ်သို့မျက်နှာမူပါ။ |
| ဗုဒ္ဓဟူးနံ | ဗုဒ္ဓဟူးနေ့၏တြိရန်း-သောကြာအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်းမှာ။ | ဗုဒ္ဓဟူး၏စတုရန်း- စနေအရပ် အနောက်တောင်ဘက်အရပ်သို့မျက်နှာမူပါ။ |
| ကြာသပတေးနံ | ကြာသပတေးနေ့၏တြိရန်း-စနေအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်း။ | ကြာသပတေး၏စတုရန်း-တနင်္ဂနွေ အရှေ့မြောက်ဘက်သို့ မျက်နှာမူပါ။ |
| သောကြာနံ | သောကြာနေ့၏တြိရန်း-တနင်္ဂနွေအခါ ညနေ (၃)နာရီမှ (၄)နာရီအတွင်းမှာ။ | သောကြာ၏စတုရန်း-တနင်္လာ အရှေ့အရပ်သို့မျက်နှာမူပါ။ |
| စနေနံ | စနေနေ့၏တြိရန်း-တနင်္လာအခါ ညနေ(၃)နာရီမှ (၄)နာရီအတွင်းမှာ။ | စနေ၏စတုရန်း-အင်္ဂါအရပ် အရှေ့တောင်ဘက်သို့ မျက်နှာမူပါ။ |



www.burmeseclassic.com

www.burmeseclassic.com



ခေတ်အခါက မြန်မာနိုင်ငံအား အင်္ဂလိပ်ကိုလိုနီများ ပထမဦးဆုံးအကြိမ် အခြေချ အုပ်စိုးနေသည့် အချိန်ကာလ ဖြစ်ပါသည်။

ထိုခေတ်ထိုအခါက ယခုဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် အတွင်းရှိ တကုန်းကြီးကျေးရွာ အပင်နှစ်ဆယ်ကျေးရွာ၊ ကိုးသောင်းကျေးရွာ၊ ခရေပင်ဆိပ်ကျေးရွာတို့သည် ထိုအခါက အိမ်ခြေနည်းပါးသောရွာငယ်များ ဖြစ်ပြီး ကိုးသောင်းကျေးရွာသည်သာ အိမ်ခြေများ၍ စည်ကားသောရွာကြီး တစ်ရွာဖြစ်သည်ဟု ဆိုနိုင်ပါသည်၊

ထိုအချိန်က ဦးအောင်သိန်းတို့ မိသားစုသည် ကိုးသောင်းကျေးရွာတွင် နေထိုင်ကြပြီး လယ်ပိုင်ယာပိုင်နှင့်ပစ္စည်း ဥစ္စာကြွယ်ဝချမ်းသာကြသည်။ ထိုအပြင် ဦးအောင်သိန်းသည် အလွန် ရိုးသား



www.burmeseclassic.com

www.burmeseclassic.com

(ကိုးဆူ)

# မောင်မင်းသူ

# ကြောက်စရာကောင်းသော အာဇာ၀ကဘီလူးအင်း

ခြောင့်မတ် တည်ကြည်မှုကြောင့် လည်းကောင်း၊ ရွာသူရွာသားများ၏ အားပေးထိုက်တွန်း ထောက်ခံမှုကြောင့် လည်းကောင်း အင်္ဂလိပ်မြို့အုပ်မင်းကြီးကိုယ်တိုင် ဂုဏ်ထူးဆောင် အသိအမှတ်ပြုလက်မှတ်နှင့်တကွ သေနတ်တစ်လက်ပေးအပ်စေကာ ခန့်အပ်ခံရသော ရွာသူကြီးမင်းတစ်ယောက်ဖြစ်လာလေသည်။

ထိုအချိန်က ကိုးသောင်းရွာနှင့် ရွာချင်းစပ်ဖြစ်သော အပင်နှစ်ဆယ်အေးရွာ၊ တကုန်းကြီးကျေးရွာ၊ ခရေပင်ဆိပ်ကျေးရွာ အစရှိသည့် ကုန်းရွာငယ်စုလေးများအား ယခုအချိန်ကဲ့သို့ လူဦးရေများပြားမှု မရှိသေးသောကြောင့် ကိုးသောင်းကျေးရွာရှိ ရွာသူကြီးမင်း ဦးအောင်သိန်းတစ်ဦးတည်းကသာ စီမံအုပ်ချုပ်စေခဲ့ရပါသည်။ ရွာသူကြီးမင်းမှာသည့်အားလျော်စွာ ရွာ၏ သာရေး၊ နာရေးနှင့် အကြောင်းကြီးငယ်ပြဿနာရပ်များ အားလုံးအား သမာသမတ်ရှိစွာဖြင့် စီမံဆုံးဖြတ်ပေးရသည့် တာဝန်ရှိသေသည်။ ရွာလူကြီးမင်း ဦးအောင်သိန်းသည် ဇနီးမယား မကြည်ညွန့်နှင့် သားသမီး (၅) ယောက်ရှိပါသည်။ (စာရေးသူအဘိုး၏ မိခင်သည် ဦးအောင်သိန်းသူကြီးမင်း၏တူမ တော်စပ်ပါသည်။)

သူကြီးမင်း ဦးအောင်သိန်း၏ အကြောင်း ခေတ္တဖြတ်၍ သူကြီးမင်း ဦးအောင်သိန်း၏ ဘကြီးတော်စပ်သူ ဦးဘထွေးလေးအကြောင်း တင်ပြချင်ပါသည်။ ဘထွေးလေးသည် လောကီပညာရပ်များနှင့်ပတ်သက်၍ နှံ့စပ်ကျွမ်းကျင်သည့် အထက်ဆရာကြီးတစ်ဦးဟုဆိုသည်။ ဗေဒင်ပညာ၊ ဆေးပညာမှစ၍ အင်းအိုင်၊ ခါးလှည့်၊ မန္တန်အစီအရင်အားလုံးကို ပြုလုပ်စီရင်ပေးနိုင်သည်။ ပယောဂများအားလုံးလည်း နိုင်နင်းသည်။ ဦးဘထွေးလေးသည် သီလ၊ သစ္စာ၊ အလွန်စောင့်သိရိုသေသည်ကြောင့် လည်းကောင်း၊ ပင်ကိုဗီဇထက်မြက်ခြင်းကြောင့်လည်းကောင်း ဘထွေးလေးစီရင်ပေးသော အစီအရင်ဟူသမျှ အစွမ်းထက်မြက်လှပေသည်။ ထိုနယ်တစ်ရိုးတွင် ဘိုးထွေးလေးဟူ၍ နာမည်ကြီးလှသည်။

တစ်နေ့၌ (စာရေးသူ) အဘိုး၏ ဦးလေးတော်စပ်သူ ဦးမြတ်သည် ဘထွေးလေးနေအိမ်သို့ သွားရောက်လည်ပတ်လေ၏။ ရောက်ရှိသွားချိန်တွင် ဘထွေးလေးသည် အိမ်ပေါ်တွင်ထိုင်ကာ အနားတွင် မည်သူမျှမရှိပါဘဲနှင့် ခေါင်းလေးညိတ်ကာညိတ်ကာနှင့် တစ်ဦးတည်းစကားပြောနေသည်ကို တွေ့မြင်မိလေသည်။ ထိုအခြင်းအရာမြင်တွေ့သွားသော ဦးမြတ်မှ -

"ဘထွေးလေး၊ ဘယ်သူနဲ့စကားပြောနေတာတုံး၊ အနားမှာလည်း ဘယ်သူမှမရှိဘဲနဲ့"

ဟုမေးကြည့်မိသည်။

ထိုအခါ ဘထွေးလေးမှ

"မင်းကတော့ ငါတစ်ယောက်တည်းစကားပြောနေတာ တွေ့တော့တစ်မျိုးထင်မှာပေါ့ဟ။ တကယ်တော့ ငါ နတ်မင်းကြီးတစ်ပါးနဲ့ အပျင်းပြေစကားပြောနေတာပါကွယ်"

ဟုသာပြောပြီး ဘာမှဆက်မပြောတော့ပါ။ ဦးမြတ်မှလည်း ဆက်၍ မည်သည်မျှမမေးတော့ပါ။ (ထိုအဖြစ်အပျက်သည် စာရေးသူအဘိုး၏ဦးလေးတော်သူတွေ့ကြုံခဲ့ရသော အဖြစ်အပျက် ဖြစ်ပါသည်။)

ဘထွေးလေးသည် တစ်လလျှင် တစ်ခါ၊ နှစ်ခါဆိုသလိုပင် ကိုးသောင်းကျေးရွာရှိ သူ၏တူတော်စပ်သူ ရွာသူကြီးမင်း ဦးအောင်သိန်း၏ နေအိမ်သို့ လွယ်အိတ်လေးတစ်လုံးဖြင့် ရောက်ရှိလာတတ်သည်။ သူကြီးမင်းဦးအောင်သိန်းနှင့် အတူတကွ ဇနီးမယား မကြည်ညွန့်တို့သည် ဦးဘထွေးကို ချစ်ကြောက်ရိုသေ လေးစားကြသည့်အလျောက် ၎င်းတို့၏ သားသမီးများသည်လည်း ဦးဘထွေးလေးအား အလွန်ချစ်ကြသည်။ ဦးဘထွေးလာလျှင် ပျော်ရွှင်ကြသည်။ မိဘများမှ အော်ငေါက်လွှတ်၍



www.burmeseclassic.com

www.burmeseclassic.com

လည်း မရပါချေ။ ဘထွေးလေးသည်လည်း ကလေးအလွန်ချစ်လှပါသည်။ ဘထွေးလေးလာတိုင်း မုန့်ပဲသရေစာမျိုးစုံစားကြရခြင်းကြောင့်လည်း ပါမည်ထင်ပါသည်။

တစ်နေ့၌ ဘထွေးလေးသည် ၎င်း၏တူ ရွာသူကြီးမင်း ဦးအောင်သိန်းနေအိမ်သို့ရောက်ရှိနေခိုက် ရွာသူကြီးမင်း ဦးအောင်သိန်းအားခေါ်ကာ ဤသို့ပြောလေသည်။

"ငါ့တူအောင်သိန်း၊ လူကြီးသူကြီးအလုပ်ဆိုတာ ကိုယ့်အပေါ် ချစ်တဲ့သူရှိသလို မုန်းတဲ့လူလည်းများတယ်ကွယ့်"

ထို့နောက် ဘထွေးလေးမှ ဆက်၍ -

"နောက်ပြီး မင်းဘက်ကဘယ်လောက်ရိုးသားပြီးသမာသမတ်ရှိလည်း မုန်းတဲ့သူနဲ့ မကောင်းကြံသူတွေရှိတယ်ကွယ့်"

ဟု သတိပေးဆိုလေ၏။

ဦးဘထွေးလေး၏သတိပေးစကားကြောင့် သူကြီးမင်းဦးအောင်သိန်းသည် ၎င်းအတွက်၊ မိသားစုအတွက်တွေးကာ ရင်လေးစွာဖြင့် တုန်လှုပ်ချောက်ချားမိသွားလေသည်။ ဘထွေးလေးပြောမှပင် ဤအချက်ကိုစဉ်းစားမိသွားသည်လည်း ပါသည်။

"ဘထွေးလေး သတိပေးမှ ကျွန်တော်တွေးပြီးကြောက်လာမိတယ် ဘထွေးလေးရယ်"

ဟု ဆိုကာ သူကြီးမင်းဦးအောင်သိန်းက ညည်းညူမိလေ၏။

ထိုအခါ ဘထွေးလေးမှ -

"ငါ့တူရယ်၊ ဒီလောက်ကြီးလည်း တွေးပြီး မပူစမ်းပါနဲ့။ အဲဒီအတွက် ဘထွေးလေး မင်းကို ကူညီပေးနိုင်ပါတယ် ဟုတ်ပြီလား"

ဟု ဆိုကာ ဘထွေးလေးသည် သူနှင့်အတူ တစ်ပါးတည်းယူဆောင်လာခဲ့သော လွယ်အိတ်ကလေးအတွင်းမှ ကျောက်သင်ပုန်းနှင့်ချထားသောအင်းချပ်တစ်ချပ်ထုတ်ယူလိုက်လေ၏။ ပြီးနောက် ဘထွေးလေးမှဆက်၍ -

"ငါ့တူအောင်သိန်း၊ ဒီအင်းက ခံအင်းလို့ ခေါ်တယ်။ အဖျက်အဆီး၊ အတိုက်အခိုက်၊ အမှောင့်ပယောဂ မှန်သမျှ ကာကွယ်ပေးတယ်"

ဟု ဆိုကာ ဦးအောင်သိန်းအား ပေးအပ်လေသည်။

ထိုအခါ ဦးအောင်သိန်းမှ -

"ဘထွေးလေး၊ ဒီအင်းကဘယ်လိုသုံးရမှာတုံး၊ ဘယ်မှာထားရမှာတုံး"

ဟု မေးလေ၏။

ထိုအခါ ဘထွေးလေးမှ -

"အေး၊ အေး - ပြောဖို့မေ့နေလို့ အောင်သိန်းရယ်။ ဒီခံအင်းကို ဘုရားကျောင်းဆောင်ပေါ်မှာ ရိုသေစွာတင်ထား။ ပြီးတော့ အရေးအကြောင်းပေါ်ရင် ဒီအင်းကို ရေစိမ်သောက်၊ ဟုတ်ပြီလား"

ဟု ပြောလေ၏။

ထိုအခါ ဦးအောင်သိန်းမှ -

"ဘထွေးရယ်၊ စောစောကတည်း ဒီအင်းပေးလိုက်ရင်ပြီးတဲ့ကိစ္စ။ လူကို ပူပင်အောင် အရင်လုပ်တယ်ဗျာ"

ဟုပြောလေ၏။

ထိုအခါ ဘထွေးလေးမှ ပြုံးစိစိနှင့်-

"ငါ့တူအောင်သိန်း၊ မင်းကိုပူပင်အောင် အရင်လုပ်တယ်ထင်ရင် ငါ့အင်းပြန်ပေး"

ဟုပြောလေရာ ဦးအောင်သိန်းမှ-

"ဟာ - ဒီလိုတော့ဘယ်ဖြစ်မှာမလဲ"

ဟုဆိုပြီး ဦးဘထွေးနှင့် သူ၏တူ သူကြီးမင်းဦးအောင်သိန်းနှစ်ဦး သဘောကျစွာရယ်လိုက်ကြလေသည်။

ထိုသို့နှယ် တစ်လကျော်ကျော်ခန့်ကြာပြီးနောက် ကိုးသောင်းကျေးရွာတွင် မိသားစုနှစ်စုရန်ပွဲဖြစ်ပွားရာ ရိုက်မှုပုတ်မှုအထိနာများရှိ၍ ရန်ပွဲဖြစ်ပွားရာ မိသားစုနှစ်စုအား ရွာသူကြီးမင်း ဦးအောင်သိန်းနေအိမ်မှာ၌ပင် ခေါ်ယူညှိနှိုင်းကာဖြင့် ပြစ်ဒဏ်ပေးသူပေး၊ ဒဏ်ငွေတမ်သူတပ်နှင့် အမှုဖြတ်လိုက်လေသည်။ သို့ရာတွင် ပြစ်ဒဏ်ပေးခံခဲ့ရသူဘက်မှ သူကြီးမင်းဦးအောင်သိန်းအား မကျေလည်မှုများ၊ ငြိုးတေးမှုများရှိသွားလေတော့သည်။

ရွာသူကြီးမင်း ဦးအောင်သိန်းတို့နေအိမ်သည် ကိုးသောင်းကျေးရွာတွင် တည်ရှိပါသည်။ နေအိမ်ပုံစံမှာ ငါးပင်တန်းလျားဖြစ်ပြီး ဝင်းခြံစည်းရိုးများအားလည်း ရှေ့တစ်ပေါက်၊ နောက်တစ်ပေါက်ပင်ထားရှိစေကာ ဘေးတစ်ဖက်တစ်ချက်နှင့်အားလုံးအား လုံခြုံစွာပိတ်ထားသည်မှာ ခွေးတိုးပေါက်ပင်မရှိပါချေ။ တစ်နေ့သော ညနေချမ်းအချိန်၌ သူကြီးမင်း ဦးအောင်သိန်းတို့မိသားစုသည် အိမ်၏အနောက်ဘက် ထမင်းစားဆောင်၌ ညစာထမင်းစားနေကြလေသည်။

သို့ရာတွင်မူ ဦးအောင်သိန်း၏ သားအငယ်ဆုံးဖြစ်သူ (၇) နှစ်အရွယ် ကလေးသည်ကား အိမ်ရှေ့အပေါက် တွင်ထိုင်ကာ ခွဲထွက်၍ထမင်းစားနေ သည်။ ညနေချမ်း မှောင်ရီသရော အချိန်၊ လူလုံးမသဲမကွဲဖြစ်၍နေသော အချိန်လည်း ဖြစ်ပါသည်။ ထိုအချိန်၌ သူကြီးမင်း ဦးအောင်သိန်း၏ အိမ်ရှေ့ ခြံဝင်းတွင်းသို့ လူတစ်ယောက် လျင်မြန် စွာ ဝင်ရောက်လာပြီးနောက် အိမ်ရှေ့ တံစက်မြိတ်အောက်တွင် မတ်တတ်ရပ် လျက်ရှိနေလေသည်။ ထိုအခြင်းအရာ အား အိမ်ရှေ့တွင်ထွက်၍ ထမင်းစား နေသည့် သူကြီးမင်း ဦးအောင်သိန်း၏ အငယ်ဆုံးကလေးသည် မြင်တွေ့သွား ကာ လန့်၍ -

"လူမည်းမည်းကြီး ဝင်လာတယ် လူမည်းမည်းကြီးဝင်လာတယ်"

ဟု အော်ကာ နောက်ရှိ ထမင်း စားဆောင်သို့ ပြေးဝင်လာလေသည်။ သူကြီးမင်းဦးအောင်သိန်းမှာ ချက်ချင်း ပင် ထမင်းဝိုင်းမှ လျင်မြန်စွာထကာ အိမ်ရှေ့သို့သွားကြည့်မိလိုက်သည်။

သို့သော်လည်း လူရိပ်လူခြည် ဘာမှမတွေ့ပါချေ။

သူကြီးမင်း ဦးအောင်သိန်းသည် မိမိနှင့်မိသားစုအား အကောက်ကြံမှုများ ရှိနေပြီဖြစ်ကြောင်း စိတ်ထဲ၌တွက်ဆ လိုက်လေသည်။

ဤသို့ဖြင့် သူကြီးမင်း ဦးအောင် သိန်း စိတ်တထင့်ထင့်နှင့်ပင် ညဦးပိုင်း မိသားစုနှင့် စကားစမြည်ပြောဆိုပြီး နောက် ဘုရားဝတ်ဖြည့်ပြီး အိပ်ရာဝင် ခါနီးဆဲဆဲ ဦးအောင်သိန်းသည် ဖြန်းစား ကြီးဆိုသလိုပင် မချိမဆံ့ဗိုက်အောင့်သည့် ဝေဒနာ စတင်ခံစားရပါတော့သည်။ ထိုအချိန်၌ ဇနီးမယား မကြည်ညွှန့်နှင့် သားသမီးလေးများသည်လည်း ဘာလုပ် ရမှန်းမသိ ပျာယာခတ်ကုန်ကြသည်။ ထိုအချိန်၌ သူကြီးမင်း ဦးအောင်သိန်း သည် ဖျတ်ခနဲဆိုသလိုပင် သတိတစ် ချက်ရလိုက်သည်။

"မကြည်ညွှန့်၊ မကြည်ညွှန့် - ဘုရားကျောင်းဆောင်ပေါ်က ဘိုးလေး ထွေးပေးခဲ့တဲ့အင်းယူပေးစမ်း"

ဟု ခိုင်းလိုက်သည်။

ပြီးနောက် ဘထွေးလေးမှာကြား ခဲ့သည့်အတိုင်း အင်းကိုရေစိမ်ကာ သောက်လိုက်လေ၏။ သောက်လိုက် သည်နှင့်တစ်ပြိုင်နက်ပင် သူကြီးမင်း ဦးအောင်သိန်း ဝေဒနာမခံစားရသည်



www.burmeseclassic.com

www.burmeseclassic.com

အလား ပျောက်ကင်းသွားလေသည်။ သူကြီးမင်းဦးအောင်သိန်း ထို့သို့ဖြစ်ပြီး သိပ် မကြာပါချေ။ မကြည်ညွန့်သည်သည်း ဦးအောင်သိန်းနည်းတူဖြစ်ပေါ်လာပြန်သည်။ အင်းကိုရေစိမ်၍တိုက်လေရာ သက်သာသွားပြန်သည်။ သူကြီးမင်းဦးအောင်သိန်းသည် သားသမီးများအတွက်လည်း စိုးရိမ်စွာဖြင့် အင်းကိုရေစိမ်ကာ ကြိုတင်တိုက်ထားလိုက်လေသည်။ ထို့ပြင် ဤညနေပိုင်းတွင် အမှတ်မထင် လူတစ်ဦး မိမိအိမ်ရှေ့ခြံဝင်းအတွင်း တစ်စုံတစ်ရာပြုလုပ်သွားသည်ကိုလည်း သူကြီးမင်း ဦးအောင်သိန်း အပြီးတွက်ဆမိလိုက်လေတော့သည်။ ထိုသို့ ပြုလုပ်သွားသော ပြစ်ချက်အား ရှာချင်ပါသော်လည်း ညဥ့်နက်ပိုင်းဖြစ်နေသည်ကတစ်ကြောင်း၊ မိမိ၏မိသားစုအခြားတစ်စုံတစ်ရာမကျရောက်သည်ကတစ်ကြောင်းဖြစ်၍ အိပ်ရာဝင်လိုက်လေသည်။ သူကြီးမင်း ဦးအောင်သိန်းသည် အဘထွေးလေးသတိပေးခဲ့သော စကားများနှင့် ပြုလုပ်ပေးခဲ့သော အင်းအကြောင်းစဉ်းစားရင်းဖြင့် အဘထွေးလေးအား ကျေးဇူးတင်ဦးခိုက်မိပါတော့သည်။

မနက်မိုးလင်းသည်နက် တစ်ပြိုင်နက် ဦးအောင်သိန်းသည် သူ၏ဇနီးသား ဒေါ်ကြည်ညွန့်နှင့်အတူ သားသမီးများအား ခားတစ်လက်စီကိုင်ဆောင်စေကာ အိမ်ရှေ့ခြံဝင်းနေရာအနှံ့တူးဆွရှာဖွေရန် ဆော်ဩလိုက်သည်။ သူကိုယ်တိုင်လည်း တူးဆွရှာဖွေလေသည်။ သိပ်မကြာပါချေ။

"ဖေကြီး၊ ဒီမှာဘာကြီးလဲမသိဘူး"

အိမ်ခေါင်းရင်းဘက်တွင် တူးဆွနေသော အသက် (၂၀) ကျော်အရွယ်သမီးလတ်၏ အော်ပြောသံနှင့်အတူ တစ်ထွာပတ်လည်အင်းချပ်တစ်ချပ်အား သမီးလတ် ကိုင်ဆောင်ထားသည်ကို တွေ့ရှိပါလေတော့သည်။

ပြစ်ချက်ရှာတွေ့ပြီဖြစ်၍ သူကြီးမင်းဦးအောင်သိန်းရင်ထဲမှာ ပူပင်လုံးကြီးကျသွားသည်။ ပျော်လည်ပျော်သွားသည်။

သူကြီးမင်း ဦးအောင်သိန်းမှ -

"သမီး ဖေကြီးဆီအဲဒီဥစ္စာယူလာခဲ့ကွယ့်"

ဟု ပြောလိုက်လေရာ သူ့သမီးယူလာပြီးနောက် ၎င်း၏အဖေဖြစ်သူ သူကြီးမင်းဦးအောင်သိန်းအားပေးလိုက်လေသည်။ သမီးဆီမှ အင်းတစ်ချပ်အား လှမ်းယူလိုက်ကာ ကြည့်မိလိုက်သည်။ ကျောက်သင်ပုန်းကဲ့သို့သော ကျောက်ပြားပေါ်တွင်ချထားခြင်းဖြစ်ပြီး ရှုပ်ယှက်ခက်လှသည်။

ဇနီးဖြစ်သူ ဒေါ်ကြည်ညွန့်မှ -

"ကိုအောင်သိန်း၊ အဲဒါဘာတုံးရှင့်"

ဟု မေးလေ၏။

သူကြီးမင်း ဦးအောင်သိန်းမှ -

"ဘထွေးလေးကလွဲပြီး ငါလည်း မသိဘူးဟ"

ဟု ဆိုကာ ဘာမှဆက်ပြောခြင်းမရှိဘဲ ချက်ချင်းဆိုသလိုပင် ၎င်းရွာနှင့်မလှမ်းမကမ်းရှိ ဘထွေးလေးရှိရာ ခရေပင်ဆိပ်ရွာသို့ ခြေကုန်သုတ်ပါတော့သည်။ ဘထွေးလေးအိမ်သို့ရောက်လျှင် အိမ်ပေါက်ဝမှဆီး၍ -

"ဘယ်လိုလဲ အောင်သိန်း၊ ညက အိပ်ရရဲ့လား"

ဟု ပြုံးတုံ့တုံ့နှင့်မေးလေ၏။

ထိုအခါ သူကြီးမင်းအောင်သိန်းမှ -

"တော်ပါတော့ ဘထွေးရယ်။ ညကမသေရုံတမယ်ပါပဲ။ ဘထွေးရဲ့ခံအင်းကယ်ပေးလို့သာပေါ့"

ဟု သက်ပြင်းရှည်ကြီးချကာပြောလိုက်လေ၏။ ပြီးနောက် သူကြီးမင်းဦးအောင်သိန်းမှဆက်၍ ယမန်ညကဖြစ်ပျက်ခဲ့သော အကြောင်းအရာများနှင့် ယနေ့မနက်ပိုင်း အင်းရရှိခဲ့သည်အားပြောကာ တစ်ပါးတည်းယူဆောင်လာခဲ့သောအင်းချပ်အား ဘထွေးလေးအား ပြသလိုက်လေသည်။ ဘထွေးလေးလှမ်းယူလိုက်ကာ အင်းချပ်ကိုသေချာကြည့်၍ စုပ်တသတ်သတ်ကာဖြင့် -

"အိုးအိုး - အောင်သိန်းရယ်၊ ကံကြီးပေလို့သာပေါ့။ငါပေးလိုက်တဲ့ခံအင်းကယ်ပေးလို့ပေါ့ကွယ်။ ဒီအင်းကိုအာဠာဝကဘီလူးအင်းလို့ ခေါ်တယ်ကွယ့်။ ဒီအင်းကို ငါကြားဖူးတာ အထက်ပြည်ကအောက်လမ်းဆရာကြီးတွေ ရွှေဒင်္ဂါးတစ်ပြားပေးမှ ပြုလုပ်ပေးတယ်ကြားတယ်"

ဟု ဆိုလေ၏။ ပြီးနောက် ဘထွေးလေးမှဆက်၍ -

"အေး - ဒီအင်းကို အိမ်ရှေ့တံစက်မြိတ် အောက်တည့်တည့်မှာမြှုပ်ရင် နောက်ဖေးကျော်ဝင်သွားရောကွယ့်။ အေး- ကျော်ဝင်သွားရင်တော့ အိမ်ရှိလူတွေရော ဆွေခုနစ်ဆက်မျိုး(၇)ဆက်ပါ သေရောပဲကွယ့်"

ဟု ဆိုလေ၏။

ဘထွေးလေးပြောသော ထိုအင်းဆိုးကျိုးများအား သူကြီးမင်းဦးအောင်သိန်းကြားမိ၍ ကြက်သီးတဖြန်းဖြန်းထမိသည်။

သူကြီးမင်းဦးအောင်သိန်းမှ -

"ဒါဆိုရင် ဘထွေးဒီအင်းချပ်ကို ဘယ်လိုပြုရမှာတုံး"

ဟု မေးလိုက်မိသည်။

ထိုအခါ ဘထွေးမှ -

"အေး၊ အေး- ဒီအင်းချပ်ကဗြဟ္မာခေါင်းထက်ဆိုးတယ်။ အိမ်မှာထားရင်လည်း ဘေးသင့်မယ်၊ ရေဝဲအလယ်ကောင်ချရင်လည်း အင်းစီရင်တဲ့သူသေမယ်၊ ဒီအင်းကို ဖွဲမီးနဲ့မီးအုံ့တိုက်ရင်လည်း အင်းပြုသူနဲ့ အင်းလုပ်ခိုင်းတဲ့သူတွေရဲ့ ဆွေခုနစ်ဆက်မျိုးခုနစ်ဆက်အားလုံး သေကျေပျက်စီးစေတယ်ကွယ့်။ တန်ပြန်သဘောပေါ့"

ဟု ဘထွေးလေးဆို၏။

ထိုအခါ သူကြီးမင်း ဦးအောင်သိန်းမှ -

"ဟုတ်ကဲ့ အဘ၊ ဒါဆိုကျွန်တော်ကြည့်စီစဉ်ပါ့မယ်"

ဟုဆိုကာ အင်းကိုယူကာ အိမ်သို့ပြန်လာခဲ့သည်။ အိမ်ရောက်သည်နှင့် ၎င်း၏အိမ်ရှေ့၌ပင် မီးပုံတိုက်လေ၏။ သိပ်မကြာပါချေ၊ အဖြေပေါ်ပါသည်။ ကုန်လွန်ခဲ့သော (၃)လခန့်ကဖြေရှင်းပေးခဲ့ရသည့် ရန်ပွဲတစ်ခုတွင် ရွာသူကြီးမင်းဦးအောင်သိန်းဖြေရှင်းရာ ပြစ်ဒဏ်ပေးခံရသည်ဘက်မှ လူတစ်ဦးသွေးအန်၍ သေဆုံးကြောင်း ချက်ချင်းသတင်းကြားမိလိုက်သည်။ ထိုသို့ ကြားမိသည်နှင့် တစ်ပြိုင်နက် သူကြီးမင်း ဦးအောင်သိန်းသည် ဆက်လက်၍ အင်းချပ်အား မီးပုံမတိုက်တော့ဘဲ အင်းချပ်ကိုယူကာ ရွာအနောက်ဘက်ချောင်းအတွင်းရှိဝဲနေရာတစ်ခုသို့ လှေဖြင့်လှော်ကာ အင်းအားထုခြေ၍ ဝဲအလယ်ကောင်သို့ချလိုက်လေတော့သည်။

(စကားချပ်-သူကြီးမင်းဦးအောင်သိန်း ဘထွေးလေးအိမ်သို့မရောက်မီ၌ပင် သက်ဆိုင်ရာပုဂ္ဂိုလ်များမှ ဘထွေးလေးအား ပြောပြထားကြောင်း သိရသည်။)

(အဆိုပါ အဖြစ်အပျက်သည် စာရေးသူ၏အဘိုးပြောပြခဲ့သော အဖြစ်အပျက်ဖြစ်ပါသည်။)

မောင်မင်းသူ(ကိုးခူ)



www.burmeseclassic.com

www.burmeseclassic.com

**၁ နှစ်ခါမရသောအရာ**

လောက၌ နှစ်ခါမရနိုင်သော အရာသည် အခွင့်အရေး ဖြစ်ပါသည်။

**□ အခွင့်အရေး (၁)**

"ဟဲ့ - ကျော်စိုး"

"ဗျာ"

"နင်ဟာလေ အကျင့်ကိုမကောင်းဘူး"

"ကျွန်တော်က ဘာလုပ်နေလို့လဲ ဖွားမိရဲ့"

နင့်ကိုလေ သေမလောက်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ကို နင်မို့ စိမ်းစိမ်းကားကား ဖြတ်ပစ်ရက်တယ်ဟယ်။ ဟိုမှာဖြင့် နင့်ကို ချစ်လိုက်တာ တမ်းတမ်းတတနဲ့ဟဲ့။ အဲဒါ ငါ့ကို အကူအညီတောင်းနေတယ်။ သူ့မိဘတွေကို မုန်းတယ်ဆိုရင်တောင် သူ့ကိုမမုန်းပါနဲ့ဟယ်၊ သနားပါတယ်"

"သူ့မိဘတွေက ကျွန်တော့်ကို မစင်လို ရွံမုန်းနေတာဆိုတော့ နောက်တစ်ခါ အမုန်းမခံချင်တော့ပါဘူး ဖွားမိရယ်"

"ဟဲ့ - နင်ပေါင်းရမှာက သူ့မိဘတွေမှမဟုတ်တာ၊ မှုန်ရွှေရည်လေ။သူ့မှာ ဘာအပြစ်ဆိုစရာရှိလို့လဲ"

"မရှိပါဘူး ဖွားမိရယ်"

"ဒါဆို နင် မနက်ဖြန် သစ်ဆိမ့်ကုန်းကျောင်း ဘုန်းကြီးကန်တော့ပွဲကို လိုက်မှာမဟုတ်လား"

"တစ်နှစ်မှ တစ်ခါပဲ ကန်တော့တဲ့ဟာ လိုက်မှာပေါ့"

"ဒါဆိုငါပြောလိုက်မယ်။ ကောင်မလေးက နင့်ဆံပင်ကုပ်ဝဲကြီးကို အရင်ဖြတ်ပါတဲ့။ ဖြတ်ပြီးရင် တစ်ခါတည်း လိုင်းကားနဲ့ လိုက်ခဲ့ပါတဲ့။ သူ သစ်ဆိမ့်ကုန်းက စောင့်နေမယ်တဲ့။ ငွေးပင်ဂူတောင်ဘုရားမှာ အေးအေးဆေးဆေး စကားပြောကြမယ်တဲ့။ သူ့မိဘတွေ ဘယ်လောက်တားတား နင့်ကို မခွဲနိုင်ပါဘူးတဲ့။ အဲဒါ နင်ဘယ်လိုသဘောရလဲ"

"ဩော် - ဖွားမိကလည်း၊ ဆံပင်ဖြတ်ရင် ကျပ်ပြင်ကိုတက်ရမယ့်ဟာ။ ဆံပင်အရှည်နဲ့ပဲ လိုက်ခဲ့တော့မယ်ဗျာ။ ကျပ်ပြင်တက်နေလို့ လိုင်းကားမရရင် ဒုက္ခဖြစ်နေပါဦးမယ်"

"ဒါဆိုလည်း နင့်သဘော၊ နင့်သဘော။ အခွင့်အရေးဆိုတာ နှစ်ခါမရဘူးနော်။ မနက်ဖြန် နင်သူ့ကိုတွေ့ဖြစ်အောင်တွေ့ပြီး ချော့လိုက်ဟုတ်လား။ ငါ နင်တို့စိတ်ချမ်းသာသွားတာမြင်ချင်တယ်။ ကြားလား ကျော်စိုး"

"ဟုတ်ကဲ့ပါ ဖွားမိရဲ့"

မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာတွင် ကျွန်ုပ်တစ်ကိုယ်တည်း နေ၍ ကျောက်တွင်းတူးနေချိန် ဖြစ်ပါသည်။ ထိုသို့နေစဉ် ကျောက်ဖျာရွာသူ ရှမ်းမလေးတစ်ဦးနှင့် လူငယ်တို့ဘာသာဘာဝ ချစ်မိကြပါသည်။

မှုန်ရွှေရည် ဟူသော ရှမ်းမလေးသည် လူကောင်ထွားသဖြင့် အပျိုပေါက်အရွယ်ဖြစ်သော်လည်း ထွားထွားကျိုင်းကျိုင်းနှင့် လှလှပပဖြစ်ပါသည်။

ဆံပင်ကျောဝဲ၊ ခေါင်းလောင်းဘောင်းဘီ၊ အကျီစကြောင်ကြားနှင့် ခေတ်နှင့်လျော်ညီစွာနေထိုင်သောကျွန်ုပ်အား ကလေကချေဟု အသိအမှတ်ပြုသည်ကတစ်ကြောင်း၊ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်တစ်မျက်နှာ မိုးကုတ်မှာ လာ၍စီးပွားရှာနေရသည်က တစ်ကြောင်း၊ ကျောက်ကြီးကျောက်ကောင်းမရ၍ ပိုက်ဆံမချမ်းသာသည်ကတစ်ကြောင်း၊ မြန်မာလူမျိုးဖြစ်နေသည်က တစ်ကြောင်း၊ ပြောင်စပ်စပ်နှင့် မျက်နှာအလွန်များသည်ကတစ်ကြောင်း၊ အကြောင်းပေါင်းများစွာကြောင့် ကျွန်ုပ်အား သူတို့သမီးနှင့် သဘောမတူခြင်းဖြစ်လေ၏။

သို့သော် မှုန်ရွှေရည်မှာ ကျွန်ုပ်ကို လွန်စွာ ချစ်သည်ဖြစ်၍ အပျိုတို့အား ထိန်းသိမ်း စောင့်ရှောက်သော အပျိုခေါင်း ဖွားမိအား ကျွန်ုပ်နှင့် ပြန်လည်သင့်မြတ်ရန် အပူကပ်ခြင်း ဖြစ်လေသည်။


ကျွန်ုပ်မှာလည်း ကျွန်ုပ်အပေါ် တွယ်တာမြတ်နိုးလွန်းသည့် အပျိုပေါက်မလေး မှုန်ရွှေရည်ကို ချစ်ပါသည်။ သို့ကြောင့် နောက်နေ့တွင် သူမြင်ချင်လွန်းလှသောပုံစံသို့ ပြောင်းလဲပြီးမှ သွားတော့မည်ဟု ညပိုင်းတွင် ဆုံးဖြတ်ချက်ချလိုက်၏။

သို့ကြောင့် နောက်နေ့တွင် စောစောထကာ (၄) မိုင်လောက် ဝေးသော မိုးကုတ်အနောက်ပိုင်း ကျပ်ပြင်သို့ ခြေကျင်သုတ်ရလေ၏။ ထိုခေတ်ထိုအခါသည်ကား ဆိုင်ကယ်မပေါ်များသေးသလို လမ်းပန်းဆက်သွယ်ရေးလည်း မကောင်းသေးပါ။ သို့ကြောင့် ခြေကျင်ခရီးသာ အားကိုးရသောခေတ် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့သည် ဝါလကင်းလွတ်
...တင်းကျွတ်လပြည့်ကျော် တစ်ရက်
...ပါသည်။ထိုနေ့တွင် ရှေးအစဉ်အလာ
... ကျောက်ဖျာရွာမှ ရွာသူရွာသား
...နှင့် ဘုန်းတော်ကြီးကျောင်းမှ သာမ...

# ရွှေပြည်စိုး (မိုးကုတ်)

## နှစ်ခါမရသောအခွင့်အရေး ၁



www.burmeseclassic.com

www.burmeseclassic.com

ဇာတော်တို့သည် သစ်ဆိမ့်ကုန်းကျောင်းသို့ ဘုန်းကြီးကန်တော့သွားကြမည် ဖြစ်ပြီး သစ်ဆိမ့်ကုန်းရွာမှ သူတို့ရွာသို့လာကြသော ဧည့်သည်တို့ကို ဧည့်ခံကျွေးမွေးကြပါသည်။

စားသောက်ပြီးပါက မိုးကုတ်-မန္တလေးကားလမ်းမကြီးအတိုင်း အရှေ့သို့အနည်းငယ်သွားပါက ငွေးပင်ချောင်းရိုးတံတားအလွန်တွင် ရာကျော်ဆရာတော်ဘုရားကြီး ဦးကိတ္တိ ထွက်ရပ်လမ်းကျင့် ကြံကြိုးကုတ် အားထုတ်ခဲ့သော ငွေးပင်ဂူတောင်သို့တက်ရာ ကျောက်လမ်းကလေးကို တွေ့မြင်ရပြီး ထိုလမ်းမှ ဂူတောင်သို့တက်ကာ ဂူတောင်ဘုရားများအား ဖူးမြော်လေ့ရှိကြပါသည်။

သစ်ရိပ်ဂူရိပ်တို့ဖြင့် အေးမြသော ထိုဂူတောင်တွင် ချစ်သူခင်သူ မြတ်နိုးသူတို့ အေးရိပ်ခိုကာ စကားတွတ်ထိုးကြသလို လူကြီးသူမများလည်း ဂူတွင်းရှိ ရုပ်ပွားတော်များအား ဆီမီး၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ရှိခိုးကြ၏။

နောက်နေ့တွင်မူ သစ်ဆိမ့်ကုန်းရွာမှ ကျောက်ဖျာဘုန်းတော်ကြီးကျောင်းသို့ ဘုန်းကြီးကန်တော့မည်ဖြစ်ရာ ထမင်းကျွေးရန် ထမင်း၊ ဟင်းချက်သောအဖွဲ့တို့ အချိန်မီ ရွာသို့ပြန်ရသဖြင့် ဂူတောင်အေးရိပ်တွင် ချွေးသိပ်ရန် အခွင့်မရရှာကြပါ။ အများအားဖြင့် လူပျို၊ အပျိုနှင့် အဘွား၊ ကလေးငယ်တို့သာ ဂူတောင်သို့တက်ကြပါသည်။

ရှေးအစဉ်အလာအရ ကျောက်ဖျာနှင့် လူမှုရေးကူးသန်းသောရွာများသည် ကျပ်ပြင်မှ ကောင်းဦးဘာရွာ (ကောင်းဦးဘာရပ်ကွက်)၊ ရေးအေးရွာ၊ သစ်ဆိမ့်ကုန်းရွာတို့ ဖြစ်သည်။

သီတင်းကျွတ်သည်နှင့် တစ်ရွာနှင့်တစ်ရွာ တရုန်းရုန်းသွားလာကာ ဘုန်းကြီးကန်တော့ကြ၊ စားကြသောက်၊ လည်ကြပတ်ကြနှင့် အလွန်ပျော်စရာကောင်း၍ နှစ်သက်ဖွယ်သော မြန်မာဓလေ့တို့ ဖြစ်ခဲ့ကြပါသည်။

ကောင်းဦးဘာနှင့် အသွားအလာရှိခဲ့မှုတို့သည် နောင်ကောင်းဦးဘာဆရာတော် ပျံလွန်တော်မူပြီးနောက်ပိုင်း ပျက်သွားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဘုန်းကြီးသေ ရွာကျေ ဟူဘိသို့ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ရဟန်းတော်များ ကျောင်းလုသည့် ကိစ္စတွင် ကောင်းဦးဘာသည် လူမှုရေးအစိတ်စိတ်ကွဲကာ စည်းလုံးမှုပျက်ပြားသွားခဲ့ရ၏။ ထိုသည်မှစ၍ ဘုန်းကြီးကန်တော့ အသွားအပြန် အစဉ်အလာလည်း ပျက်သုဉ်းခဲ့ရပါသည်။

ရေအေးရွာနှင့် အသွားအလာမှု ကျွန်ုပ်မီလိုက်ပါသေးသည်။ နောင်သော် ရေအေးလည်း ပျက်သွားခဲ့ပြီး သစ်ဆိမ့်ကုန်းသာ ကျန်ခဲ့လေတော့၏။ ထိုဘုန်းကြီးကန်တော့ပွဲတို့သည် အများအားဖြင့် လူပျို၊ အပျိုတို့ အိုးစည်ဗုံမောင်းတို့ဖြင့် တီးမှုတ် ကခုန်ပျော်ရသောပွဲဖြစ်လေရာ ပျော်ရွှင်ဖွယ်၊ မြတ်နိုးဖွယ် ဖြစ်ပါသည်။ အိမ်စောင့်သာချန်၍ တစ်ရွာလုံးပျော်သောပွဲ ဖြစ်၏။ ကျွန်ုပ်မှာ ကျွန်ုပ်အား ခွေးမောင်းသလို မောင်းထုတ်ထားသော သူ့မိဘများအား စိတ်တွင်ခုနေမိသော်လည်း အပြစ်မဲ့သော မှုန်ရွှေရည်ကိုမူ မြတ်နိုးပါသည်။ သို့ကြောင့် သူ့ဆန္ဒကို ဖြည့်ဆည်းရန် ကျွန်ုပ်မြတ်မြတ်နိုးနိုးထားသော ဆံရှည်ကျောဝဲအား ဆံသဆိုင်တစ်ဆိုင်တွင် ဝင်၍ဖြတ်ပယ်လိုက်လေ၏။ မြတ်မြတ်နိုးနိုးထားသည်မို့ နှမြောလိုက်သည်မှာ မကျန်ပေ။ မှန်ထဲတွင် ကျွန်ုပ်မျက်နှာသည် ဆံတိုဖြင့် ရှင်းရှင်းပေါ်လာ၏။ ဆံရှည်ဖြင့် အနေများသော ကျွန်ုပ်သည် ဆံပင်ရှည်ကြီး မရှိတော့သောအခါ ပေါ့တော့တော့ကြီး ခံစားနေရ၏။ မည်သို့ရှိစေ ဆံတိုကို သူမြင်လျှင် ကျေနပ်သွားပေမည်။ ထိုအခါ ကျွန်ုပ်လည်း ကြည်နူးရပေမည်။

ကျွန်ုပ်သည် ဆံတိုပုံကို မှန်ထဲတွင် လှည့်ပတ်ကြည့်ပြီးသော် ကျေနပ်စွာပင် ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ထွက်ခဲ့ပြီး မိုးကုတ်-မန္တလေးကားလမ်းပေါ်ရှိ သစ်ဆိမ့်ကုန်းရွာသို့ မိုးကုတ်-သပိတ်ကျင်း ပြေးသော ပြည်တော်သာကားစီးရန် စောင့်နေလေ၏။ ထိုကားဖြင့် လိုက်သော် ကျွန်ုပ်က သူတို့ထက် နာရီအနည်းငယ်စော၍ သစ်ဆိမ့်ကုန်းသို့ ရောက်မည် ဖြစ်သည်။ အရှေ့မှ ကားလာမည်ဖြစ်၍ အရှေ့သို့ငေးနေစဉ် နှုတ်ဆက်သံထွက်ပေါ်လာ၏။

"ကိုကျော်စိုးဘယ်သွားမလို့လဲ"

"ဩော် - အိုက်စဲပါလား။ ငါသစ်ဆိမ့်ကုန်းဘုန်းကြီးကန်တော့သွားမလို့ ဆံပင်လာညှပ်တာ"

"ကျွန်တော့်မှာ အဖော်မပါတာနဲ့ အတော်ပဲ။ ကျွန်တော် ဒီနေ့ည ကျောက်ပြဿဒ်မှာ မိန်းမတောင်းမလို့။ အဲဒါ ခန်းဝင်ပစ္စည်းတွေ ကြိုတင်ဝယ်ပို့ထားမလို့လေ။ ကိုကျော်စိုး၊ ကျွန်တော့်ကို ပစ္စည်းတွေ ဝယ်ကူပါလား"

"အေးကွာ၊ ငါက သစ်ဆိမ့်ကုန်း ဘုန်းကြီးကန်တော့သွားရဦးမှာဟ။ ခေ... တော့ခက်နေပြီ"

"ဟာဗျာ - ကိုကျော်စိုးကလည်း... ဘုန်းကြီးကန်တော့တာများ နှစ်တိုင်း... လိုက်နေရတာပဲ အဆန်းလုပ်လို့။ ကျွ... တော်နဲ့သာ လိုက်ခဲ့ပေးပါ"

သည်နှစ် ဘုန်းကြီးကန်တော့ပွဲ... အရင်နှစ်တွေကနှင့်မတူဘဲ ကွဲကွာ... ကြသော ချစ်သူနှစ်ဦး၏ ပြန်ပေါင်းဆုံ... သည့်ပွဲဆိုသည်ကို အိုက်စဲ သိနားလည်... ဟန် မတူပေ။ သို့ကြောင့် သူ့မင်္ဂလာ... ခန်းဝင်ပစ္စည်းများအတွက် ဦးစားပေး... အတင်းခေါ်နေခြင်း ဖြစ်၏။

သို့သော် ထိုချစ်ရေးချစ်ရာတို့... တို့အတွက် ဖွင့်ပြောရန်မဝံ့သလို ငြင်း... လည်း ပြောမထွက်ပါပေ။ သို့ကြော... လွန်စွာ အားနာတတ်သော ကျွန်ုပ်သည်... 'အေးပါကွာ' ဟူ၍ ဝန်ခံလိုက်တော့၏... သို့သော် စိတ်ထဲတွင် တစ်ခုခုကိုသိသ... ကြီး ခံစားရလိုက်ပြီး စိတ်ထဲတွင် ဒေါ... သွားခဲ့ပါသည်။

သို့နှင့် ကျွန်ုပ်နှင့် အိုက်စဲတို့သည်... တစ်နေကုန်နီးပါး ခန်းဝင်ပစ္စည်းမျာ... ဝယ်ယူ စုပုံကာ ဂျစ်ကားတစ်စီးငှား... မိုးကုတ်မြို့မှ ပြန်ခဲ့ကြလေ၏။

အိုက်စဲသည် ကျောက်ဖျာရွာသား... ဖြစ်သော်လည်း မိဘများမရှိတော့သ... ကျောက်ပြဿဒ် ဦးဘိုးစိန်၊ ဒေါ်... (စိန်နီလာ) ၏ တွင်းတွင် တွင်းသား... လုပ်နေခြင်း ဖြစ်၏။ တွင်းဆရာ... ကျောက်ဖျာရွာမှ ကိုရွှေထွန်း ဖြစ်သ... တွင်းစတွင်းနမှန်သောတွင်း ဖြစ်သ... လက်ဖျားငွေသီးသူများဖြစ်ကာ ကျော... ပြဿဒ်သူနှင့် အိမ်ထောင်ကျခြင်းဖြ...

အိုက်စဲသည် ကျောက်ဖျာ... စဉ် ညများတွင် ကင်းစောင့်ဖက်ဖြ... သူ၏ မယ်ဒလင်တစ်လုံးဖြင့် သီချင်း... ဆိုတီးပြလေ့ရှိသဖြင့် သိမ်မွေ့သူဖြ... သည်။ ဆိုရသော် သူငယ်ချင်းများ... ၏။ ကျွန်ုပ်ထက် အသက်အနည်း... ငယ်၏။ ဖြူဖွေးသန့်စင်သော ရုပ်ရည်... ရှင် ဖြစ်သည်။ သူငယ်ချင်းမို့ အား... လိုက်ပေးခဲ့ခြင်း ဖြစ်သည်။ ညနေစော... ၍ ကျွန်ုပ်ပြန်ရောက်သော် မှုန်ရွှေရည်... အခြေအနေကိုသိလို၍ ဖွားမိတို့အိမ်... တွင် လူယောင်ပြသော် မျက်နှာပု... သိုးဖြင့် ဖွားမိ ထွက်လာကာ -

"ကျော်စိုး၊ နင်တော်တော်... မာတဲ့အကောင်ပဲ။ ဟိုမှာဖြင့် မှော်... တကြီးနဲ့ စောင့်နေလိုက်ရတာ ... အလေလိုက်နေတယ်ပေါ့လေ။ ...



www.burmeseclassic.com

www.burmeseclassic.com

အခွင့်အရေးဆိုတာ နှစ်ခါမရဘူးဟေ့။ အဲဒါနင်မြဲမြဲမှတ်ထား"

ဟု ပြောကာ ပြန်လှည့်ဝင်သွားလေတော့၏။

ကျွန်ုပ်လည်း ဖြစ်ပြီးပြီမို့ ထုချေစရာမတင်တော့ပါ။ သူ့ခမျာ မည်မျှရှက်သိက်လေမလဲ။ မည်မျှမျက်ရည်ကျရလေမလဲ။ ကျွန်ုပ် များစွာ ကိုယ်ချင်းစာမိလေ၏။ ကျွန်ုပ်အပေါ် အမျက်ကြီးစွာထားပေရော့မည်။ သည့်နောက်တွင်မူ ကျွန်ုပ်လည်း မှုန်ရွှေရည်ထံ ပြန်လည်ချဉ်းကပ်ရန် မကြိုးစားတော့သလို မှုန်ရွှေရည်မှာလည်း အတော်လေးရှက်သွားဟန်တူ၏။ ဖွားမိထံ အပူကပ်သံမကြားရတော့ပါ။ မီးဝေးတော့ ချိပ်မှာ ဟူဘိသို့ ငြိမ်စိမ်းစိမ်းနေခဲ့ကြတော့၏။ မိန်းမမာနကြောင့် တင်းခံထား၏။

ကျွန်ုပ် အိမ်ထောင်ကျပြီး၍ နှစ်အတန်ငယ်ကြာသောအခါ မှုန်ရွှေရည် အိမ်ထောင်ကျ၏။ သူ့မိဘများလည်း ဓာနတွေခဝါချကာ ရင်းနှီးနေခဲ့ကြပါပြီ။

သို့သော် မှုန်ရွှေရည်မှာမူ ကျွန်ုပ်ကို အငေးကြီးမှရှောင်လေ့ရှိ၏။ ကျွန်ုပ်ကို မြင်သည်နှင့် မည်သည့်နေရာ၌တွေ့တွေ့ နောက်ကြောင်းပြန်လှည့်သည်မှာ အမြဲတာဖြစ်ခဲ့၏။ သည်လောက် အမှတ်သည်းခြေကြီးသူမကြုံခဲ့ဘူးပေ။

လောက၌ သူ၏အချစ်ဆုံး၊ အနာကြည်းဆုံးသူမှာ ကျွန်ုပ်သာလျှင် ဖြစ်ကြောင်းဖွင့်ဟကြေညာလေ့ရှိ၏။ ဆယ်စုနှစ်တစ်ခုကျော်ကျော်ရောက်မှ အရင်အပြုံးမျက်မှာန်တို့ အနည်းငယ်ကျကာ တက်နှာချင်းဆိုင်၏။ စကားအနည်းငယ်ပြောစပြု၏။ အဘယ်ကြောင့်ဆိုသော် သူ့ခင်ပွန်းနှင့် ကျွန်ုပ်တို့သည် ကျောက်တွင်းအတူတူပူးတွဲ၍ နှစ်အတန်ကြာလုပ်ရသောကြောင့် ဖြစ်လေ၏။

ထိုအခါတွင် အခွင့်အရေးဟူသည် တစ်ခါပြန်မလာတတ်ကြောင်း သတိမူမိသော၏။ ရှေးဘဝ ရေစက်မပါသောအခါ တွေ့ရန် အကြောင်းတရား ပေါ်လာ၏။ အချက်ကြောင့် တစ်ခါသာရသော အခွင့်အရေးဆုံးရှုံးခဲ့ခြင်း ဖြစ်သည်။

လူတိုင်းတို့တွင် လည်ကောင်း၊ ကျွန်ုပ်သည်လည်းကောင်း ချစ်ရေးချစ်ရာကိစ္စတို့တွင် နှစ်ခါမရနိုင်သော အခွင့်အရေးတို့ ကြုံခဲ့ကြပါမည်။ ထိုကြုံလာသော အခွင့်အရေးကို မယူခဲ့ပါမူ ထိုအခွင့်အရေး နောက်တစ်ကြိမ်ကြုံရန် မလွယ်ကူတော့ပေ။အချစ်ကြီးသလောက် အမုန်းကြီးသူ မှုန်ရွှေရည်မေအား သတိတရရှိပါသည်။

**ပအခွင့်အရေး (၂)**

ကျွန်ုပ်သည် ဆွေမရှိမျိုးမရှိသော်လည်း အမေအရာ ဖွားငြိမ်းကို မှီခို၍ ဖွားငြိမ်း၏ သားများဖြစ်သော ကိုကျော်တင်၊မခင်စန်းလှိုင်၊ကိုဘစိုး၊မတင်ကြည်တို့ကို အမှီသဟဲပြုကာ ကျောက်ဖျာရွာလေး၌ တစ်ကိုယ်တော် စီးပွားရှာ၍နေရလေ၏။ လိုအပ်သမျှသူတို့က ဖြည့်ဆည်းပေးကြ၏။

ကျွန်ုပ် မိုးကုတ်ဒေသ ချောင်းကြီးအုပ်စု လီရှောကုန်း စံမြိုင်ရွာလေးတွင် တွင်းသွားလုပ်နေစဉ် ကိုကျော်တင်မှ သူ့တွင်းတွင်လူလိုနေ၍ ကျွန်ုပ်ကို စောင့်နေကြောင်း သတင်းစကားကြားရလေ၏။

ကိုကျော်တင်၏ မြိုင်ကြီးမျှော တွင်းကား လူတိုင်းဝင်ချင်သောတွင်းဖြစ်၏။ တွင်းစတွင်းနအတော်မြိုင်သော တွင်းဖြစ်ရာ လုပ်ချင်သူတွေ များလှ၏။ သို့သော် ကိုကျော်တင်ကား မည်သူ့ကိုမျှ မခေါ်ဘဲ တစ်ကိုယ်တော်လုပ်ကာ ကျွန်ုပ်ကို စောင့်မျှော်နေလေ၏။

မည်မျှစောင့်ရသနည်း ဆိုသော် (၆) လခန့်ပင် ကျွန်ုပ်ကိုစောင့်၍နေရပါသည်။ ကျွန်ုပ်မှာ လုပ်လက်စ လီရှောကုန်း စံမြိုင်ကြီးရပ်ကွက်မှ ဖောက်တွင်းတွင် ပြုန်းတို့တောင်ပုံရာပုံရှိ၍ ထိုပြုန်းတို့ဆေးပြီးမှ ကျောက်ဖျာရွာသို့ ပြန်ရပါသည်။ အဆင်သင့်ပင် ကိုကျော်တင် အိမ်ပေါ်တက်နေကာ ကိုကျော်တင်နှင့် စတင်မျှော်တွင်းဆင်းရ၏။

"မင်းကို စောင့်လိုက်ရတာကွာ။ ဝင်ချင်တဲ့ကောင်တွေကတော့ပြည့်လို့ကွ။ လူတွေ အတော်များများဟာ သစ္စာမရှိတာ ကြုံရတယ်ကွ။ အဲဒါကြောင့် မင်းကို စောင့်နေတာ။ ငါတစ်ယောက်တည်း ဆိုတော့ ဒုက္ခတော့ရောက်တာပေါ့ကွာ။ တွင်းဆေးတဲ့နေ့ဆို အောင်စောတို့အုပ်စုကဝိုင်းပြီး ကူညီနေလို့သာ အဆင်ပြေတာ။ အခု မင်းရောက်လာတော့ အဆင်ပြေသွားပြီပေါ့ကွာ"

ဟု ဆိုလေ၏။

ကျွန်ုပ်၏ ဝီရိယရှိမှု၊ ရိုးဖြောင့်မှု၊ ယဉ်ကျေးစွာ နေထိုင်တတ်မှုတို့သည် ကိုကျော်တင့်ရင်တွင် နံပါတ်တစ်အဖြစ် အမှတ်ပေးခြင်းခံထားရကြောင်း အလိုလို သိလိုက်၏။

မိုးကုတ်တစ်ခွင်တွင် ကမ္ဘာ့မြိုင်ကြီးမှ ကိုကျော်တင်၏ ခေါင်းမြီးခြုံမျှော်သည် ထိုခေတ်ထိုအခါက အကြီးဆုံးမျှောဖြစ်သလို ကျောက်ထွက်လည်း နာမည်ကြီး၏။

ကျွန်ုပ် ကိုကျော်တင်၏တွင်းသားအဖြစ် တက်နေသောအခါ ကျွန်တော့်အတွက် ဘယ်လိုပေးမလဲ ဟူသည်ကို ကျွန်ုပ်က ယောင်၍မျှ မဟသလို ကိုကျော်တင်ကလည်း ကံစားလော၊ ထက်ဝက်စားလော ဟူ၍ လုံးဝ မဟခဲ့ပေ။ မေးရန် မလိုအပ်သလို ပြောရန်လည်း မလိုအပ်ကြပါ။ သူတို့မိသားစုတွေ ဟူသည်က ကျွန်ုပ်နှင့် ညီအစ်ကိုမောင်နှမ အရင်းတွေလို ခင်မင်ကြပါသည်။ ဖွားငြိမ်းမှာ 'ကျော်စိုး၊ ကျော်စိုး'နှင့် ဝမ်းနှင့်လွယ်မမွေးရတာသာရှိပြီး သားအရင်းပမာ ချစ်ခင်ပါသည်။ တွင်းဆင်း၍ ရက်ပိုင်းမျှအကြာတွင် ပတ္တမြားလုံးချောကြီး တစ်ပွင့်ရလေ၏။ ထိုခေတ်က (၆၀၀၀) ကျပ်ရောင်းရရာ ထက်ဝက်စားအဖြစ် (၁၅၀၀) ကျပ်ရလေသည်။ ထိုအခါ ယောက်ဖအရင်းဖြစ်သော အောင်မြင့်ကိုပင် ကံစားပေးရာ ကျွန်ုပ်အား ထက်ဝက်စားပေးသဖြင့် ကိုကျော်တင်၏ စေတနာကို အလေးအမြတ်ပြုမိ၏။

ကံစား ဆိုသည်မှာ (၆၀၀၀)ကျပ်ရောင်းရပါက (၂)ဦးလုပ်သော် တစ်ဦးကို (၃၀၀၀) ကျပ် မှ (၃၀) ရာခိုင်နှုန်းသာ တွင်းသား ရပိုင်ခွင့်ရှိလေ၏။ (၃၀)ရာခိုင်နှုန်း ဆိုသော် တွင်းမှ (၆၀၀၀) ကျပ်ရောင်းရလျှင် ကံစားရပိုင်ခွင့်ငွေ (၁၀၀၀) ကျပ်သာ ဖြစ်၏။ ကျွန်ုပ်ကိုမူကား ထက်ဝက်စား (၅၀) ရာခိုင်နှုန်းပေးရာ ရပိုင်ခွင့် (၁၅၀၀) ရလေ၏။ ထမင်းစားရိတ်ပင် မနုတ်ချေ။ အချို့အိမ်တို့သည် ထမင်းစရိတ် (၃၀၀) ကျပ်နုတ်သောခေတ် ဖြစ်သည်။

ထိုခေတ်ထိုအခါသည် ရွှေတစ်ကျပ်သား (၁၃၀၀) ကျပ်ခန့်သာရှိသေးရာ (၁၅၀၀)သည် အတော်တန်ဖိုးရှိလေ၏။ ကျွန်ုပ်ကို (၁၅၀၀) ခွဲပေးသော် -

"ကိုကျော်တင်၊ စရိတ်လုပ်ပါ။ နောင်များများရောင်းရမှ ကျွန်တော့်ကို ပေးပါ"

ဟု လိုက်လှဲစွာ ဟန်ဆောင်မှုမပါဘဲ ပြန်အပ်၏။

ထိုအခါမှ ကိုကျော်တင်က-

"မင်းမှာ အဝတ်ကောင်းကောင်းတွေမရှိတော့တာ ငါသိတယ်။ အဲဒါ မင်းအဝတ်တွေဝယ်လိုက်။ လူမှာအဝတ်တဲ့ကွ။ လူလှနေရုံနဲ့မပြီးဘူး။ အဝတ်ကလည်း လှဦးမှ။ ငါတို့မှာက အထိုက်အ

www.burmeseclassic.com

လျှောက်ပြည့်စုံပြီးသားပါကွာ”

ဟု ဆိုလေရာ ဉပုသ်နေ့တွင် ကျပ်ပြင်တက်၍ အဝတ်အသစ်များဝယ်လိုက်လေ၏။သို့နှင့် ကွန့်ပ်သည် မိုးကုတ်ထုံးစံအတိုင်း နံနက်(၈)နာရီ မိသားစုများ ထမင်းစားကြ၏။ ထမင်းစားပြီးသည်နှင့် လေးဆင့်သံချိုင့်ကြီးထဲသို့ နေ့လယ်စာစားရန် ထမင်း(၂)ဆင့်၊ ဟင်း(၂)ဆင့်ထည့်ရ၏။ ပြီးလျှင် ထမင်းချိုင့်ကြီးကို လွယ်အိတ်ထဲထည့်ကာ (၅) မိုင်ခန့်ဝေးသော ကပိုင်ချောင်းရိုးရှိ မြိုင်ကြီးလုပ်ကွက်သို့သွားရ၏။ ပုံမှန်လျှောက်သော် တစ်နာရီခွဲမျှလျှောက်ရ၏။တောတောင်တို့ကိုဖြတ်၍ လူသွားလမ်းလေးအတိုင်း လျှောက်ရ၏။

ထိုသို့လျှောက်ရာ ခရီးတစ်ဝက်ခန့်တွင် လုံ့ထိုးကကြားဟူသော တောင်နံရံနှစ်ဖက်ကြားလမ်းကလေးကို ဖြတ်ရ၏။ ထိုလမ်းမှ မြောက်သို့သွားသော် သရက်ပင်ပြန့်လုပ်ကွက်သို့ ရောက်၏။ အနောက်သို့အဆင်းလမ်းအတိုင်းသွားသော် ကပိုင်မြိုင်ကြီးလုပ်ကွက်သို့ရောက်၏။ အထက်ဘက်တောင်ပေါ် သို့တက်သော် ကျောက်ဖြူတောဟုခေါ်ကြသည့် ပတ္တမြားအဖြူတို့ထွက်ရာ ဇလပ်တောင်၊ အထက်မြိုင်ကြီး၊ စကျင်ဖြူတောင်တို့သို့ ရောက်၏။ ဇလပ်တောင်နှင့် စကျင်ဖြူကျောက်တောင်သည် တစ်ဆက်တည်းဖြစ်ကာ ဇလပ်တောင်သည် အောက်၌ဖြစ်ပြီး စကျင်ဖြူတောင်ကြီးကားကျောက်သားအတိဖြင့် မြင့်မားလှပေ၏။ ကားလမ်းမှကြည့်သော် ရေညှိတက်နေသော ကျောက်တောင်မြင့်မြင့်ကြီးကို မြင်ရလေ၏။

ထိုလုံ့ထိုးကကြားသည် ရှေးအခါက ဝန်တင်လားများ သွားရာလမ်းဖြစ်သဖြင့် ခါးပြအလွန်အတိုက်ခံရသော ကကြားဖြစ်၏။ ခါးပြရန်မတွေ့သော် ကြီးမားသော မျောက်အုပ်ကြီးက မကြာမကြာ ရန်ရှာတတ်သော နာမည်ကြီးကကြား ဖြစ်သည်။

ဝွေးပင်ချောင်းရိုးမှ သွယ်တန်းမြောင်းဖောက်သွင်းယူလာသော ရေတို့သည် သရက်ပင်ပြန့်ရပ်ကွက်သို့ တဝေါဝေါစီးဆင်းပြေးသွားနေလေ၏။

ကွန့်ပ်သည် နေ့စဉ် ထိုမြိုင်ကြီးလမ်းကို သွားနေရရာ မေ့မေ့ပျောက်ပျောက် လျှောက်လေ့ရှိ၏။ ထိုလုံ့ထိုးကကြားမှ အောက်သို့ဆင်းခဲ့ရာ ခရီးအတန်ရောက်လျှင် လုံးဝ မမျှော်လင့်သောအရာကို ကြုံလိုက်ရလေ၏။ ထိုသည်မှာ ပရိက္ခရာ(၈)ပါးနှင့် ရဟန်းတစ်ပါးသည် သက်န်းရုံလျက် ဆွမ်းခံရာမှ ပြန်ကြွလာခြင်းပင် ဖြစ်ပေ၏။ သပိတ်မှာ မျှတသောဆွမ်းတို့ပါကြောင်း ကြည့်ရုံမျှဖြင့် သိ၏။

ရဟန်းတော်ကို မြင်သည်နှင့် ကွန့်ပ်သည် လူသွားလမ်းမှ သွေဖည်၍ ဘေးမြက်ခင်းသို့ ခပ်ယို့ယို့ဆင်းကာ အရိုအသေပြုမိ၏။

ထိုတစ်ခဏတွင်းဝယ် မိမိတွင် ပါလာသောထမင်းချိုင့်အား လှူချင်စိတ်သဒ္ဓါတရားကြီးမားစွာ ဖြစ်ပေါ်မိ၏။ သို့သော်လည်း ထမင်းချိုင့်သည် မိမိပိုင်မဟုတ်ချေ။ သို့ကြောင့် မလှူဒါန်းရဲချေ။ သည်ထမင်းသည် တစ်နေ့တာအလုပ်လုပ်နိုင်ရန် အင်အားဖြစ်စေရန် ထည့်လာသောထမင်းမဟုတ်ပါလား။ မိမိဆန္ဒဖြင့် လှူခဲ့ချေသော် ပေါလံဖြစ်သူ ကိုကျော်တင် စိတ်ကွက်မှာစိုးရသေး၏။

ထိုသို့ ချီတုံချတုံ လှူချင်စိတ်နှင့် မလှူရဲသောစိတ်တို့ လွန်ဆွဲနေစဉ်မှာပင် ရဟန်းတော်မြတ်သည် ကွန့်ပ်ကိုကျော်ကာ အထက်ဘက်လမ်းအတိုင်းကြွသွားသည်ကို မျက်စိတစ်ဆုံး ဖူးမြော်နေမိ၏။

အသား မဖြူမညို၊ သက်တော် (၄၀)ဝန်းကျင်အရွယ်၊ သက်န်ခပ်နွမ်းနွမ်းရုံလျက် သက်န်းကြီး ပခုံးထက်တွင် တင်ထားသည်။ သပိတ်မှာ သပိတ်အိတ်နှင့် လွယ်ထားပြီး ထန်းဖူးယပ်တောင်ကို လက်မှာ ကိုင်ထားသည်။ မျက်လွှာချကာ ဣန္ဒြေရရကြွသွားသည်မှာ မျက်စိထဲက မထွက်နိုင်။

ရဟန်းတော်သည် မည်သည့်ရွာက ဆွမ်းခံပြန်ခဲ့သည် မသိပါ။ အနီးဆုံးရွာမှာ ကပိုင်ဖြစ်၏။ ကပိုင်မှ အောက်သို့ဆက်ဆင်းသော် (၅)မိုင်ခန့်အကွာတွင် ကင်းရွာကြီးတည်ရှိ၏။ ကင်းရွာ၏ ဝန်းကျင်တွင်လည်း ရွာငယ်များတည်ရှိကြ၏။ ထိုတောနေရဟန်းအား တိုက်တိုက်ဆိုင်ဆိုင် သည်တစ်ကြိမ်သာ ကြုံဖူး၏။ ကြုံတောင့်ကြုံခဲ ကြုံလိုက်ရသည်ကို ဆွမ်းမလောင်းလှူလိုက်ရ၍ စိတ်ထဲတွင် အတော်မကောင်းဖြစ်နေမိ၏။ နောက်တစ်ခါ ကြုံရန် ဟူသည်မှာ အတော်ထိုက်ပါမှ ကြုံရပေမည်။

ကွန့်ပ်သည် တွင်းတောရောက်သည်နှင့် နောက်လိုက်တွင်းသား၏ လုပ်ဆောင်ဖွယ်ဖြစ်သော တွင်းသို့ရေလာစေရန် ချောင်းနံဘေးရှိ မုန်ကန်၏ ရေတံခါးပိတ်ကာ ရေသွင်းရလေ၏။ မုန်ကန်ရေပြည့်၍ လျှံတက်လာသော ရေသည် အနယ်အမှုန်ကင်းစွာ တွင်းသို့ စီးဆင်းလာ၏။ ထို့ရေဖြင့် မျှောတိုက်ရပါသည်။ ရေအဆင်သင့်ဖြစ်သော် ဝှက်ထားသော တွင်းသုံးပစ္စည်းများကို ထုတ်ရပါသည်။ သံချောင်းရှည်၊ ပေါက်ပြား၊ တူကြီးများစသည့် တွင်းသုံးပစ္စည်းတို့ကို အသင့်အနေအထား ပြင်ထားရပါသည်။

ထိုသို့ဖြစ်ပြီးသည်နှင့် တွင်းဆရာဖြစ်သူ ကိုကျော်တင်ကို စောင့်ရပါသည်။ ကိုကျော်တင်က ထမင်းစားပြီးတိုင်း ဗမ္မွန်လက်ဖက်ခြောက်ကောင်းကောင်းဖြင့် ရေနွေးအဝသောက်၏။ ပဲလှော်စား၏။ (၉) နာရီထိုးမှ အိမ်မှ ထွက်၏။ ထို့ကြောင့် အရောက်နောက်ကျပါသည်။ ကိုကျော်တင်လာမှ တွင်းစဆင်းပါသည်။

ကွန့်ပ်တို့သည် နေ့(၁)နာရီခန့်တွင် ထမင်းစားကြပါသည်။ တွင်းတော၌ လည်းကောင်း၊ အိမ်၌ လည်းကောင်း တောသူတောင်သားခေါ် ကွန့်ပ်တို့ ကျေးလက်နေသူများသည် ရေစိမ်းသောက်လေ့ မရှိကြပါ။ ရေကို ကျိုချက်ပြီးပါမှ လက်ဖက်ခြောက်ဖန်ဖန်ဖြင့် သောက်လေ့ရှိကြပါသည်။ လက်ဖက်ရည်ဖန်ဖန်မပါလျှင် ထမင်းမစားတတ်ကြပါ။ သို့ကြောင့် ရေနွေးကျမှ ထမင်းစားပါသည်။ ထမင်းကိုမြင်မှ လမ်း၌တွေ့ရသော ရဟန်းတော်အကြောင်းကို ပြောပြမိလေ၏။

ထိုအခါ ကိုကျော်တင်မှ ကွန့်ပ်ကို အပြစ်တင်လေတော့၏။

“ကျော်စိုးရာ၊ မင်းကလည်း ညံ့လိုက်တာလွန်ပါရော။ ဒါမျိုး အခွင့်အရေးဆိုတာ တစ်သက်မှာ တစ်ခါပဲရတာကွ။ လှူလိုက်ရင်ပြီးတာပဲကွာ။ ငါတို့နေ့လယ်စာမကျန်တော့လည်း ဘာဖြစ်လဲကွ။ ငါတို့ဟာ နေ့စားအလုပ်သမားတွေမှမဟုတ်တာ။ ကိုယ်သဘောနဲ့ကိုယ် ပြန်ချင်တဲ့အချိန်ပြန်လို့ရတာပဲ။ ဒါမျိုးအခွင့်အရေးဆိုတာ နောက်တစ်ခါကြုံဖို့ မလွယ်ဘူး။ ငါ (၁၅)နှစ်သားကတည်းက ဒီလမ်းဒီခရီးကနေပြီး မြိုင်ကြီးမှာ သွားလုပ်ခဲ့တာ မင်းလို တစ်ခါမှမကြုံဖူးဘူး။ မင်း အဲဒီရဟန်းတော်ကို ဆွမ်းတစ်နပ်စာလှူလိုက်လို့ကတော့ ငါထင်တယ်၊ မင်းတို့ငါတို့ အကြီးအကျယ် အကျိုးပေးနိုင်တယ်ကွ။ နှမြောလိုက်တာ ကျော်စိုးရာ။ တကယ်ပါကွာ၊ တကယ်ပါ။ မင်းအတော်ညံ့တာပါပဲကွာ”

ဟု တဖျစ်တောက်တောက် ဆိုလေ၏။ ကွန့်ပ်မှာလည်း မလှူလိုက်ရ၍ စိတ်ထဲတွင် တစ်အုံနွေးနွေးခံစားရလေ



www.burmeseclassic.com

www.burmeseclassic.com

၏၊ နောက်တစ်ခါ ထိုရဟန်းတော်နှင့် ဆုံပါစေဟု ဆန္ဒပြုပါသော်လည်း လုံးဝ မကြုံတော့ပါ။

ထိုရဟန်းတော်ကိစ္စအား သရက် ထိပြန့်တွင် လုပ်သောကိုထွန်းကြည်အား ပြောပြရာ သူလည်း ထိုရဟန်းတော်နှင့် ကြုံဖူးကြောင်း ပြောပြလေ၏။

"အေးကွ ကျော်စိုးရ၊ အဲဒီရဟန်းတော်ကို ကျုပ်လည်းဖူးဖူးတယ်။ သူက မြင်းကြီးလမ်းဘက်က တက်လာတာ။ လမ်းဆုံနားမှာ ကြုံရတာ။ ကျုပ်လည်း ရဟန်းတော်ကို မြင်တော့ ရပ်ပြီးအရိုအသေပြုတယ်။ သူ့မှာ သင်္ကန်း၊ သပိတ်၊ ခရိက္ခရာအစုံပါတယ်။ ရဟန်းတော်ဟာ ဇလပ်တောင်တက်တဲ့ လမ်းအတိုင်း တောင်ပေါ်တက်သွားတာ ဖူးလိုက်ရတယ်။အဲဒီကျမှ ဒီတောင်ကြီးမှာ ရဟန်းတော်သီတင်းသုံးနေကြောင်းသိရတာ။ အဲဒီ စကျင်ဖြူကျောက်တောင်ကြီး ဆိုတာ တွင်းလုပ်သူတစ်ဦးမှ မရှိဘူးလေ။ လေတဟူးဟူးနဲ့ အေးချမ်းတိတ်ဆိတ်တယ်။ နေစရာ လိုဏ်ဂူတွေ ပေါတယ်။ ကျုပ်မှာ လှူစရာဘာမှမပါတော့ ခင်ဗျားလိုပဲ ဘာမှမလှူလိုက်ရပါဘူး။ ခင်ဗျားကတော့ လှူစရာပါလျက်နဲ့ မလှူလိုက်ရတာ။ ကျုပ်လည်း နောက်တွေ့မလားဆိုပြီး သတိထားမိပေမယ့် အဲဒီတစ်ကြိမ်ပဲ ရဟန်းတော်ကို ဖူးလိုက်ရတာပါ"

ဟု ဆိုလေ၏။

ကြုံတောင့်ကြုံခဲသော အခွင့်အရေးကိုရသူမှာ ကျွန်ုပ်တို့ (၂) ဦးသာရှိကြောင်း သတိထားမိလေ၏။ ထိုတွင်းမှ ကျောက်အောင်သောအခါ ကျွန်ုပ် အိမ်ထောင်ကျလေ၏။ ကျောက်ကုန်သည်အလုပ် ပြောင်းလုပ်၏။ အဆင်မပြေ၍တွင်းပြန်တူး၏။ ထိုအခါ ကျောက်ဖျာ၌ နောက်တစ်ခါနေရပြန်လေ၏။

ဇလပ်တောင်၌ စကျင်ကျောက်ခဲကြောများ ခေတ်စားသောအခါ ကျွန်ုပ်နှင့် သူငယ်ချင်း ခင်စိုးတို့သည် နောက်လိုက်တပည့်တစ်ဦးစီခေါ်လျက် ဇလပ်တောင်၊ စကျင်ဖြူတောင်တို့၌ ခဲကြောလိုက်ရှာကြလေ၏။

တောင်စွန်းတို့ကို စို့ဖြင့်ဖောက်ခွင်းလျက်ယမ်းဖြင့်ခွဲထုတ်ကာ ပတ္တမြားရှိ မရှိ စမ်းသပ်ကြလေ၏။ မှန်ကူကွက်ပေါ်ခြင်း၊ ခဲစားစိမ်းခြင်းစသည်တို့ကို ရှွေးချယ်ခဲ့ရ၏။ မှန်ကူကွက်ကြဲလွန်းသော ပတ္တမြား မအောင်းပါ။

စကျင်ဖြူကျောက်တောင်ကြီးပေါ်သို့ ရောက်သောအခါ ကျွန်ုပ်တို့သည် ခဲခွဲခြင်းလုပ်ငန်းကိုရပ်နားကာ ဤတောင်တွင် သီတင်းသုံးနေသော ရဟန်းတော်ရှိ မရှိ အတော်နှံ့နှံ့လိုက်ရှာကြလေ၏။ ကြီးမားကျယ်ဝန်းသော ကျောက်တောင်ကြီးဝယ် နေရာအနှံ့ ခြေမဆန့်နိုင်သဖြင့် ရဟန်းတော်သီးတင်းသုံးသောသင်္ကေတ ဟူ၍ မတွေ့ရ။ ကျောက်ချွန်း၊ ကျောက်စွန်း၊ ကျောက်ညှပ်၊ ကျောက်ချပ်တို့ရှိ၍ တစ်နေရာမှ တစ်နေရာ ခက်ခဲစွာကူးကြရလေ၏။ အန္တရာယ်ကြီးမားလှပါသည်။ ဂူပေါင်းများစွာတွေ့ရသော်လည်း လူနေသောသင်္ကေတဟူ၍မတွေ့ရပါ။ ရဟန်းတော်၏သွင်ပြင်မှာမူ မျက်စိထဲက ယခုထိ မထွက်သေးပါ။ သူတော်စင်သူတော်မြတ်ကို တွေ့ရန် ဟူသည်မှာ ရတောင့်ရခဲသော အခွင့်အရေး ဖြစ်လေ၏။ ထို အခွင့်အရေးသည် နှစ်ခါမရခဲ့ချေ။

**▫အခွင့်အရေး (၃)**

အိမ်ထောင်ကျပြီးနောက်ပိုင်းတွင် ကျောက်ဖျာ၌ ကျောက်တွင်းတူးရာတွင် ကိုဘစိုးနှင့်တွဲမိ၏။ မွေးရာပါ ကံကောင်းသူ ကိုဘစိုးနှင့် မတင်ကြည်တို့သည် ရှေးအခါက ဘိုးဇရပ်၊ ဘွားဇရပ်ဖြစ်ခဲ့သည့် အားလျော်စွာ သည်ဘဝတွင် ကုသိုလ်အကျိုးကို အတူပြန်၍ခံစားနေရသူတို့ ဖြစ်၏။

သို့ကြောင့် ဘယ်မှာတွင်းတူးတူး ကျောက်ရှိပြီးသား ဖြစ်သည်။ ကိုဘစိုး၊ မတင်ကြည်တို့၏ ရှေးဘုန်းရှေးကံအရိပ်ကြောင့် သူတို့နှင့်အတူ စီးပွားရှာသော ကျွန်ုပ်သည်လည်း မတောင့်မတမကြောင့်မကျရှိခဲ့ရလေ၏။ ကျွန်ုပ်ကား ဆင်ဖြူတော်မှီ၍ ကြံစုပ်နေသူဟုဆိုသော် မှန်လေ၏။

ရှေ့မှရသော ကျောက်များပင် မရောင်းရသေး။ နောက်ကျောက်များ ကလည်း ရပြီးဖြစ်နေတတ်၏။ ထိုမျှထူးသောကံကို လူတိုင်း အံ့သြကြလေ၏။ အချို့ဆိုလျှင် သေတစ်ပန်သက်တစ်ဆုံး လုပ်နေသော်မှ ကျောက်ကောင်းတစ်ပွင့် ရရန် မလွယ်ကူပေ။ ကျွန်ုပ်တို့မှာမူ ဘယ်မှာသွားလုပ်လုပ် အဆင်ပြေနေကြလေ၏။ ဆိုရသော် ကံစပ်သူများဟု ခေါ်ဆိုရပေမည်။

ကိုကျော်တင်နှင့် တွဲလုပ်စဉ်က လည်း ရလိုက်သည်မှာ ပြောစရာမရှိပေ။ သူများပင် အမြင်ကတ်လောက်အောင် ရ၏။ ဤသည်မှာလည်း ကံစပ်၍ ဖြစ်ပါမည်။ ကျွန်ုပ် အိမ်ထောင်ကျပြီးသော် ကျွန်ုပ် မိုးကုတ်မြို့သို့ပါသွားရာ သူညီ ကိုရွှေထွန်းကို ခေါ်လုပ်၏။ ထို အခါဝယ် အလွန်ကျောက်ပေါသော တွင်းသည် ဆေးလိပ်ဖိုးမျှပင် မထွက်အောင်ရှိခဲ့ရလေ၏။ ကံတရားကား ဆန်းကြယ်လွန်းပါဘိ။

ထိုသို့ ကိုဘစိုးတို့မိသားစုနှင့်တွဲ၍ လုပ်ကိုင်နေကြစဉ် ရွှေဈေးမှာ (၃၀၀၀) ကျပ်ဈေး ဖြစ်လာခဲ့၏။ ငွေရေးကြေးရေး အသင့်အတင့် ပြေလည်သော ကျွန်ုပ်သည် ဆိုင်ကယ်တစ်စီးဝယ်၍ ကျောက်ကုန်သည်ဘဝ ပြန်လည်ကူးပြောင်းရန် အကြံရလာ၏။

ကျောက်ကုန်သည် ဟူသည် ခြေကျင်လျှောက်နေရပါက မြို့ပြကျောက်ကုန်သည်များအနေနှင့် အဆင်မပြေကြပါ။ အနည်းဆုံး ဆိုင်ကယ်နှင့် သွားလာရောင်းဝယ်ပါမှ အဆင်ပြေ၏။ ခြေကျင်သာ အားကိုးခဲ့သော် စိတ်သွားတိုင်းကိုယ်မပါရှိရလေ၏။ လိုင်းကားကို လည်း တဆန့်ဆန့်ဖြင့် မျှော်နေရတတ်၏။ အဆင်ပြေခိုက် ဘဝကူးပြောင်းမှ တော်ရော့မည်။ တွင်းသမားဘဝမှ ကျောက်ကုန်သည်ဘဝသို့ ပြန်ကူးတော့မည်ဟု ကိုဘစိုးကို တိုင်ပင်ရာ ကိုဘစိုးမှ ဂျပန်ရွှေအိုရောင်စူပါကတ်ဆိုင်ကယ် ဝယ်မှ ကောင်းမည်ဟု အကြံပြုကာ ကိုဘစိုး၏ ကားဖြင့် မိုးကုတ်မြို့သို့ တက်ခဲ့ကြ၏။

မြို့ရောက်၍ ဆိုင်ကယ် စုံစမ်းရာ အထည်ဆိုင်မှ ကျောက်ကုန်သည် ကုလားကိုကြီးသည် သူ၏စူပါကတ်ဆိုင်ကယ် ပြန်ရောင်းမည်ဟု သိရလေ၏။ ကုလားကိုကြီးဆိုသည်မှာ ရင်းနှီးပြီး ဖြစ်ပါသည်။

ထိုအချိန်သည် ကျွန်ုပ်၏ ဇနီး မေမာလာ၊ သူ့အဒေါ် ဒေါ်တင်ကြည်နှင့် ဘုရားဖူးသွားနေခိုက် ဖြစ်၏။ ဇနီးရှိနေလျှင် ကန့်ကွက်မှာ သေချာ၏။ သို့ကြောင့် ဇနီးမရှိခိုက်ဝယ်ယူမည်ဟု စိတ်ကူးခြင်းဖြစ်၏။

ဆိုင်ကယ်ကိုကြည့်ရာ အလတ်ကြီးရှိသေးသဖြင့် ကြိုက်ရာ သုံးသောင်းဖြင့် တည့်လေ၏။ စရန်ငွေ မပေးခဲ့ပါ။ နောက်နေ့လာချေမည်ဟု ကတိစကား ပြုခဲ့လေ၏။

ဇနီး ဘုရားဖူးသွားသော်လည်း အိမ်တွင် သားလေး ကျန်ခဲ့သည်ဖြစ်ရာ သားစိတ်ဖြင့် အိမ်သို့အပြန်ဝယ် အိမ်တွင် ဇနီးပြန်ရောက်နေသည်ကို တွေ့ရလေတော့၏။ ထိုနေ့ ကျောက်ဖျာသို့ ပြန်မလိုက်တော့ဘဲ ကျွန်ုပ် မိုးကုတ်အိမ်၌ ညအိပ်ကျန်ရစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဆိုင်ကယ်ဈေးတည့်ပြီး ဖြစ်ကြောင်းပြောကြားရာ ဇနီးသည်မှ သူ၏ အဒေါ် ဒေါ်တင်ကြည်အိမ်သို့ ဆိုင်ကယ်ကိုစွသွားတိုင်ပင်ဟန် ရှိ၏။ အဒေါ်ပါ ရောက်လာ၏။

"ဟဲ့ - ကျော်စိုး၊ အဲဒီကိုကြီးဆိုင်ကယ်က လူတိုက်ထားတာဟဲ့။ အဲဒါကြောင့် လမိုင်းမကောင်းလို့ ပြန်ရောင်းတာ။ နင်ဝယ်ရင် နင်ပါဒုက္ခတွေ့မှာပေါ့။ သွားမဝယ်နဲ့ နင်ဝယ်ချင်ရင် အခြားလွတ်လွတ်လပ်လပ်မှာစုံစမ်းပြီးဝယ်"

ဟု ဆိုလေ၏။

ငွေချေမည့်ဆဲဆဲအဖျက်ပေါ်လာသောအခါ ဝယ်ချင်စိတ်တို့တွေဝေသွားခဲ့ပြီး ဆိုင်ကယ် မဝယ်ဖြစ်တော့ပေ။ ထိုအခါ ဆိုင်ကယ်မဝယ်ဖြစ်တော့သဖြင့် ကျောက်ကုန်သည်ဘဝ ကူးပြောင်းရန် အစီအစဉ်လည်း ပျက်ပြားသွားခဲ့ရလေတော့၏။ ထိုအခါ စိတ်ကူးသည် လက်တွေ့ဖြစ်မလာတော့ပါ။

နောက်ပိုင်း ကိုဘစိုး၏ သားများ အရွယ်ရောက်လာသောအခါ ကျွန်ုပ်တို့ စီးပွားခဲ့ကာ ကိုယ်ပိုင်လုပ်ကြလေတော့၏။ ထိုအခါ ထင်သလောက် ကျောက်မရတော့ချေ။ ကံအခြေခံချင်းက လွန်စွာကွာခြားသည်မှာ သက်သေပင် ဖြစ်၏။

ထိုအခါ ကိုဘစိုးက ပြော၏။

"ခင်ဗျား ပိုက်ဆံအဆင်ပြေနေတုန်းက ဆိုင်ကယ်တစ်စင်းဝယ်ပြီး ကျောက်အရောင်းအဝယ်အလုပ်လုပ်နေရင် အခုချိန်ဆို မျက်စိပေါက်ပြီး အဆင်ပြေနေလောက်ပြီ၊ အခွင့်အရေး ဆိုတာ နှစ်ခါမရဘူးဗျ။ ရတုန်းယူထားမှ တော်ရုံကျတာ"

ဟု ဆိုလေ၏။

ဟုတ်လည်းဟုတ်ပေသည်။ မိန်းမစကား နားထောင်မိသောအခါ တွင်းသမားဘဝမှ တစ်သက်လုံး ရုန်းမထွက်နိုင်ဘဲ ပင်ပန်းဆင်းရဲခြင်းဖြင့်သာ တစ်သက်လုံး လုပ်ကိုင်နေခဲ့ရလေ၏။ သို့ကြောင့်ထင် အရွယ်နှင့်မျှအိုစာလုပါ၏။

(မျက်စိပေါက်သည် ဆိုသည်မှာ ကြည့်လိုက်ရုံဖြင့် ကျောက်၏ တန်ဖိုးကို ဖြတ်နိုင်သောမျက်စိကိုဆိုခြင်းဖြစ်သည်။ ကျောက်နားလည်သူကို မိုးကုတ်တွင် မျက်စိပေါက်သူဟု ခေါ်ကြလေ၏။)

ဤသည်မှာလည်း နှစ်ခါမရနိုင်သောအခွင့်အရေးများထဲမှ တစ်ခုအဖြစ် အမှတ်တရရှိနေလေ၏။

**□ အခွင့်အရေး (၄)**

ဤအခွင့်အရေး (၄) တွင် တင်ပြမည့်အကြောင်းအရာမှာ ကျွန်ုပ်စာမရေးမီက ပြောင်ခေါင်းဒေသဘက် ကျောက်ကုန်သည်ဘဝ၌ရောက်စဉ်က ရှမ်းမိတ်ဆွေတစ်ဦး၏ ပြောပြချက်ဖြစ်ပြီး မှတ်မှတ်ရရ ကျွန်ုပ်အိမ်ထောင်ပြုစ ၁၉၇၆ ခုနှစ်က ဖြစ်ပါသည်။ သို့တွက် ထိုမိတ်ဆွေ၏ကိုယ်စား ကျွန်ုပ်မှ ပြန်လည်ပြောပြခြင်း ဖြစ်ပါသည်။

**မိုးကုတ်မြို့ ပိတ်စွယ်ရပ်**

ကျွန်ုပ်သည် မိုးကုတ်မြို့၏ အရှေ့မြောက်ဖျားတွင်တည်ရှိသည့် ပိတ်စွယ်ရပ်မှ ကျောက်ကုန်သည် အိုက်ဆန့် ဖြစ်ပါသည်။ ကျွန်ုပ်တို့ပိတ်စွယ်သည် ရှမ်းတိုင်းရင်းသား အများအပြား နေထိုင်ရာ ကျွန်ုပ်သည်လည်း ရှမ်းတိုင်းရင်းသားဖြစ်လေ၏။

ကျွန်ုပ်တို့ ပိတ်စွယ်ရပ်သည် ရှမ်းအများစုဖြစ်ခြင်းကြောင့် ရှမ်းတို့၏ထုံးစံ 'တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းသူတောင်သူ မိန်းရိုးလား' ဟူသော စကားနှင့်ညီစွာပင် ကုသိုလ်ရေးတွင် တက်ညီလက်ညီရှိကြပြီး အလှူရေစက် လက်နှင့်မကွာ ဟူဘိသကဲ့သို့နေထိုင်ကြသော သာသနာထွန်းကားသည့် ရပ်ကွက်ကြီးပင် ဖြစ်သည်။

ကျွန်ုပ်တို့ရပ်ကွက်ကြီးတွင် ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စများရှိပါက ဖျော်ဖြေနိုင်ရန် ရှမ်းလူငယ်မောင်မယ်တို့၏ လှပသော ကကွက်မျိုးစုံကိုလည်း ရှမ်းအိုးစည်ဖြင့် စီစဉ်ထားရှိရာ ရှုမငြီးအောင်ရှိလေ၏။ ဤသည်ပင်လျှင် ကျွန်ုပ်တို့၏ ရပ်ကွက်ဂုဏ်သတင်းကို ပိုမိုကျော်စောစေ၏။

ရှေးအခါကတွင်ခဲ့သော 'လယ်ဦး ပိတ်စွယ် အရက်ဝယ်၊ ပိတ်စွယ်လယ်ဦး အရက်မူး' ဟူသော ညစ်ညမ်းသော စကားသည် ပင်ကိုဂုဏ်ဖြင့် လွှမ်းမိုးဖျောက်ဖျက်နိုင်ခဲ့လေ၏။

ကျွန်ုပ်တို့သည် မိရိုးဖလာဖြစ်သော ကျောက်တွင်းတူးခြင်း၊ ကျောက်အရောင်းအဝယ်လုပ်ခြင်း၊ ကျောက်သွေးခြင်း၊ ကျောက်ပွဲစားလုပ်ခြင်း ဟူသော ကျောက်အလုပ်များဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြရာ ကျွန်ုပ်သည် ကျောက်ရောင်းဝယ်ခြင်း တည်းဟူသော ကျောက်ကုန်သည်ဘဝဖြင့် မိသားစုကို လုပ်ကိုင်ကျွေးမွေးသူ ဖြစ်သည်။

ကျွန်ုပ် အမြဲတမ်း ကျောက်သွားဝယ်ရာဒေသသည် ဘော်ဇဒန်း၊ သဖန်းပင် စသောရွာစုဖြစ်ပြီး နောက်တစ်နေရာမှာ တောင်မင်းတောင်ကြီးအနောက်ဘက် ဆင်ခြေလျှောတွင် တည်ရှိသော ပြောင်ခေါင်းကြီး၊ ပြောင်ခေါင်းလေး၊ ဘားနဒ်၊ ပန်လင်၊ ထန်ဆင်၊ လယ်ဦး အင်းချောက် စသော ရွာတန်းရှည်များ ဖြစ်သည်။

ပန်လင်တွင် နေ့စဉ် ဈေးရှိသလို တာပွဲလည်း ရှိလေ၏။ ထိုတာပွဲတွင် ဒေသထွက် ကျောက်မျိုးစုံဝယ်ယူရရှိနိုင်သလို ဒေသထွက်ဟင်းသီးဟင်းရွက်များနှင့် ဒေသ၏ ရိုးရာအစားအစာများလည်း ရှိလေ၏။

ကျွန်ုပ်တို့ မိုးကုတ်မှလာကြသော ကျောက်ကုန်သည်တို့မှာမူ ထိုခေတ်ထိုအခါဝယ် ခြေကျင်ခရီးဖြင့်သာလာကြရာ ခရီးဝေးသဖြင့် နေ့ချင်းပြန်နိုင်ရန် မလွယ်ကူလှပေ။ ထို့ကြောင့် ရင်းနှီးခင်မင်သော အိမ်တစ်အိမ်တွင် တစ်ရက်နှစ်ရက် စသည် တည်းခိုကာ ရွာစဉ်လှည့်၍ ကျောက်လိုက်ဝယ်လေ့ရှိကြ၏။

တာပွဲခေါ် ကျောက်ဈေးတွင်ရောင်းသောကျောက်တို့မှာ ဝယ်စများဖြစ်၍ ဈေးမချောင်ကြပါ။ အိမ်စဉ်လှည့်လည်ဝယ်ပါမှ တွင်းထွက်ဖြစ်သောတွင်းစကို ဝယ်ကြရလေ၏။ ဝယ်ပြီး တစ်ဆင့်ပြန်ရောင်းခြင်းကို ဝယ်စဟု ခေါ်ဆိုကြ၏။ ကျွန်ုပ်တို့ ကုန်သည်များသည် ပေါချောင်ကောင်းများဝယ်၍ ရနိုင်သည်မှာ တွင်းစသာဖြစ်ရာ တွင်းစကို မက်မောကြ၏။ ထို့ကြောင့် ရွာစဉ်လှည့်လည်ကာ တစ်အိမ်ဝင်တစ်အိမ်ထွက် တွင်းစကို ဖြေလေ့ရှိကြ၏။

'ခင်ရာ ဆွေမျိုး၊ မြိန်ရာ ဟင်းကောင်း' ဟူဘိသို့ ကျွန်ုပ် တည်းခိုသော အိမ်မှာ ပြောင်ခေါင်းကြီးရွာရှိ လီဆူ အမျိုးသား လမ်မဆီးတို့အိမ် ဖြစ်သည်။ ကျွန်ုပ်နှင့် လမ်မဆီးမှာ အလွန်ခင်မင်ကြပြီး သူတို့မိသားစုသည် ကျွန်ုပ်၏မိသားစုပမာဖြစ်နေပြီ ဖြစ်သည်။

ကျွန်ုပ် မိုးကုတ်မှလာတိုင်း ငါးခြောက်နှင့် စားကုန်တို့အမြဲပါလာတတ်ပြီး သူ့အိမ်တွင် (၃) ရက်ခန့် တည်းကာ ကျောက်ရှာ၍ဝယ်တတ်ပါသည်။ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသော်လည်း ကျွန်ုပ်တို့ကြားတွင် ဘာသာရေးစည်းဟူ၍ မထားကြပါ။ လူမှုရေးစည်းဖြင့်သာ နေထိုင်တည်းခိုပါသည်။ လမ်မဆီးသည် မိုးကုတ်ရိုးရာ ကျောက်တွင်းအလုပ်ကိုလုပ်နေပါသော်လည်း တစ်ဖက် တစ်လမ်းက မုဆိုးအလုပ်လုပ်သူဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com

...ရံခါ တောဟင်းလျာဖြစ်သော ချေ... ဆတ်သား၊ တောဝက်သားစသည် ...စားရတတ်လေ၏။

ထိုဒေသသည် ရွာမှအပြင်ထွက် ...သည်နှင့် ရွာ၏နောက်ကျောသည် ...အတိုဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာ ...ကြားတွင် လှေကားထစ်လယ်များရှိ ...အရှေ့ဘက်တွင် တောင်မင်းတောင် ...ကြီးရှိကာ အနောက်ဘက်ကြောတွင်မူ ...နက်ရှိုင်းသော တောကြီးအတိုပြီး ...၏၊ ကြားလျှိုကြီးတွင် လယ်များနှင့် ...များတည်နေခြင်း ဖြစ်၏။

ဟင်းစားအတွက် ရွာပြင်ထွက်၍ ...ကိုင်းထောင်၊ ကျော့ကွင်းထောင် ... ကျင်းထောင်ခြင်း စသော မုဆိုး ... တတ်အပ်သော ပညာဖြင့်ပင်လျှင် ...ကောက်တစ်လမ်းမှ ပါးစပ်စိုစိုစားကြရ ...

ရှမ်းနှင့်တကွ ဗုဒ္ဓဘာသာနွယ်ဝင် ...မှ ကျောက်တွင်းလုပ်ခဲ့သော ထိုသို့ ...သိလ်အလုပ်မျိုးကို မလုပ်ရဲကြပေ။ ...ဘ်ပိတ်သည်ဟု အယူရှိကြလေ၏။ ...စ္စအဆုံး မုဆိုးတို့လာရောင်းသော ...(၍)သားပင်လျှင် လာဘ်ပိတ်သည် ...အယူရှိကာ အချို့ဝယ်မစားရဲကြချေ။

...သလည်လိုစိတ်

ကျွန်ုပ်တို့ မိုးကုတ်တွင် ကျွန်ုပ်တို့ ...အနီးဆုံးဈေးမှာ ပိတ်စွယ်ရပ်ရှိ နံနက် ...စော ညောင်ပင်ကြီးဝန်းကျင်၌ခင်း ...ညောင်ပင်ကြီးဈေး ဖြစ်၏။ ဒုတိယ ...ဆုံးဈေးမှာ အောင်ချမ်းသာဈေးကြီး ...၏။

ထိုဈေးတို့တွင် ဆတ်သားခြောက် ...အမြဲရနိုင်လေ၏။ အသားမြှောင်း ...ခြောက်များဖြစ်ကာ ဈေးမှာကြီးမား ...၏၊ ကြော်စားစား၊ ဖုတ်စားစား ...ယ်တကူ စားသုံးနိုင်၏။ မန္တလေး၊ ... စသော ဒေသတို့မှ ဝင်ရောက် ... ကုန်ပစ္စည်း ဖြစ်၏။

အမှန်သော် ဆတ်သားခြောက် ...ည်ခံသော အမဲသားခြောက်များဖြစ် ...လေ၏။ ဆတ်ကား ထိုမျှ မပေါပါ။ ...တို့အဖို့ ဆတ်ဖားကြီးတစ်ကောင် ...ဟုသည်မှာ လွယ်လွယ်နှင့်ရတတ် ... မဟုတ်ပေ။ ဆတ်သားနှင့် အမဲ ...သား အနံ့၊ အရသာ၊ နူးညံ့မှု အတန် ...ကွာခြားလှပေ၏။

အမဲခြောက်မှာ အားစိုက်၍ဝါးရ ... အသားမျှင်ကြီးခြင်း ဟူသော ...ချက်တို့ဖြင့် သိသာ၏။ ဆတ်သားခြောက်ကား အသားမျှင်သေး၍ ဝါးရာတွင် သက်သာလွယ်ကူ၍ အမဲခြောက်ကဲ့သို့ ဆိုးဝါးစွာ မညှိပေ။ အရသာမှာလည်း သိသာစွာပင် ကွာခြားလှပေ၏။ ဆတ်သားခြောက်မှာ နုရွ၍ ချိုနေ၏။ အသားတုံးအစိမ်းကို လက်ဖြင့် ကုတ်ဖောက်သော်ပေါက်၏။ ထိုမျှ နူးညံ့၏။ ထို့ကြောင့် ကျွန်ုပ်သည် ဆတ်သားခြောက် အစစ်ကိုမှ ကြိုက်ပါသည်။

မုဆိုးတစ်ပိုင်း၊ ကျောက်တွင်းသမားတစ်ပိုင်းဖြစ်သော လီဆူးလမ်မဆီး နှင့် ပေါင်းသင်းရသောကြောင့် ရံဖန်ရံခါ ကျောက်ဝယ်ရတတ်သလို ရံဖန်ရံခါ ဆတ်သားခြောက်နှင့် ရေခွေးကြမ်းမြည်းရ တတ်လေ၏။

ယနေ့လည်း နံနက်စာကို ကောက်ညှင်းငချိပ်ပေါင်းနှင့် ဆတ်သားဖုတ် စီစဉ်ထားရာ လမ်မဆီးတို့မိသားစုအား အထူးပင် ကျေးဇူးတင်ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က ကျေးဇူးတင်စကားပြောရ၏။

"လိုက်ဖက်လိုက်တာကို လမ်မဆီးရာ။ ငချိပ်ပေါင်းကလည်း အိနေတာပဲ၊ ဆတ်သားခြောက်ကလည်း ချိုဆိမ့်နေတာပဲ။ ဘယ်တုံးက ဆတ်သားရထားတာလဲဗျ။ ခုလိုကျွေးတာ ကျေးဇူးတင်တယ်ဗျာ"

"ကျွန်တော် ရတာ မဟုတ်ဘူး။ ဟိုဘက်အိမ်က ယောနတို့ ရထားတာ။ အခြောက်စားချင်တာနဲ့ နေလှန်းထားတာ။ ကျွန်တော် မလိုက်အားသေးဘူး။ ကိုအိုက်ဆန်ရဲ့ ဒီတစ်မုန်ဆေးပြီးရင်တော့ တောထွက်လည်မလား စိတ်ကူးထားတယ်။ တောတွေတောင်တွေထဲ ရောက်ဖူးချင်ရင် တစ်ည၊ နှစ်ညအိပ်လောက် လိုက်ခဲ့ပါလားဗျ။ ဗဟုသုတပေါ့"

"အေးဗျာ - မုဆိုးဝါသနာပါလို့တော့မဟုတ်ဘူးပေါ့။ ဗဟုသုတအဖြစ်တော့ လိုက်ချင်တယ်ဗျာ။ ဘယ်တော့လောက်သွားဖြစ်မလဲ"

"ခင်ဗျားနောက်တစ်ခေါက်တက်လာရင် စီစဉ်လိုက်မယ်လေ"

"ကျွန်တော် ဘာတွေထည့်ခဲ့ရဦးမလဲ"

"ရေဘူး၊ တောလိုက်ဓားမြှောင်၊ လက်နှိပ်ဓာတ်မီး ဒါလောက်ဆိုရင်ရပါတယ်။ ဓားမြှောင်က လိုရမည်ရပေါ့။ ကျန်တာတွေ ကျွန်တော်တို့ စီစဉ်ပါ့"

"ဒါဆို အိုကေ ကိုလမ်မဆီး၊ ကျွန်တော် လိုက်မယ်ဗျာ"

**ဥ တောလိုက်ဓားမြှောင်**

ခါးချိတ်ဇရာဘူးလည်းရှိ၏။ ဓာတ်မီးလည်းရှိ၏။ ဓာတ်ခဲအပိုနှစ်စုံပင်ဝယ်လိုက်၏။ အမဲလိုက်ဓားမြှောင်ဟူသည် မှာမူ မုဆိုးမဟုတ်သော ကျွန်ုပ်အတွက် သုံးခြားမရှိပါ။ ရပ်ရွာဟင်းကိုင်ရာတွင် သုံးသော ဟင်းကိုင်ဓားချွန်းသာလျှင်ရှိရာ ထိုဓားချွန်းသည် တောင်ဆုပ်မျှ အရှည်ပြီး အလေးချိန် (၃၅) ကျပ်သားခန့်ရှိသောဓား ဖြစ်သည်။ ထိုဓားကို ဝယ်စဉ်ကပင်လျှင် ဓားအိမ်လှလှပါပါပြီးဖြစ်ကာ ခါးပတ်ကွင်းလည်းပါပြီးဖြစ်သည်။ ထို့ကြောင့် အမဲလိုက်ရာတွင် သုံးရန်အဆင်ပြေလှ၏။

ထိုဓားမှာ ရပ်ကွက်သာရေး၊ နာရေးရှိက ကြက်သား၊ ဝက်သား၊ ဆိတ်သား စသည်တို့ လှီးဖြတ်ရန် အမြဲအသုံးပြုကြရာ ခေါင်းရိတ်ဓားကဲ့သို့ ထက်မြက်၍နေ၏။ ထမင်းကျွေးတာဝန် လူလတ်ပိုင်း ကျွန်ုပ်တို့သည် မရှိမဖြစ် ထိုသို့သော ဓားကောင်းတစ်လက်ရှိကြရလေ၏။ လူတို့ကဟင်းကိုင်ဓားဟုခေါ်ကြ၏။

ယခုသော်မူ တောလိုက်ဓားမြှောင်အဖြစ် ပထမဆုံးအသုံးပြုရန်အကြောင်းဖန်လာခြင်းဖြစ်ပါသည်။ ကျွန်ုပ်မှာ မုဆိုးအလုပ်ကို ဝါသနာမပါခြားသော်လည်း ဗဟုသုတအလို့ငှာ တောတောင်တို့သို့ ရောက်ဖူးချင်သဖြင့် လိုက်မည်ဖြစ်ပါသည်။

ဓားချွန်းကို တသသလုပ်နေသော ကျွန်ုပ်အား ဇနီးသည် နန်းကြာညိုက အမြင်ကတ်နေဟန် ရှိ၏။ ထို့ကြောင့် အမနာပစကားဆိုလေ၏။

"ကိုအိုက်ဆန်၊ ကိုယ်လုပ်နေတဲ့ အလုပ်က ရတနာအလုပ်နော်။ ခင်ဗျားက လီဆူးတွေနဲ့ပေါင်းပြီး တောလိုက်မယ်ဆိုတော့ ကျွန်တော်တော့ သဘောမတူချင်ဘူး။ ဟင်းခုတ်ဓားကြီးတသသနဲ့ ခင်ဗျားကို မြင်ရတာနဲ့ကို ကျွန်တော်ဖြင့် ကြက်သီးထတယ်"

"ဩော် - ကြာညိုရယ်၊ ငါက တော လိုက်ဝါသနာပါလို့ မဟုတ်ပါဘူးဟာ။ ငါကျောက်အလုပ်လုပ်နေတယ် ဆိုတာလည်း မမေ့ပါဘူး။ မသင့်ဘူးဆိုတာလည်းသိပါတယ်။ တောကောင်ဗဟုသုတတွေရချင်လွန်းလို့သာ အခွင့်သင့်တုန်းလိုက်မှာပါဟာ။ စိတ်ချ၊ ငါကြောင့် ငါ့ပယောဂနဲ့ ဘယ်လိုသတ္တဝါမှ မသေစေရဘူး။ အဆိုရှိတယ်လေဟာ၊ 'တောထဲသွား ဓားပါမှ' တဲ့။ မိုးရှာမျှစ်ရှာသွား



www.burmeseclassic.com

www.burmeseclassic.com

တာတောင် မှားပါရတဲ့ဟာ။ ခုဟာက တောထဲညအိပ်သွားမှာဟ။ အဲဒါကြောင့် လိုရမည်ရှားသနေရတာ"

ဟု ချွေးသိပ်လိုက်သဖြင့် နန်းကြာညို ဆက်မပြောတော့ပါ။ (မိုးကုတ်သူအများအပြားသည် ရှင်နှင့် ကျွန်မ ဟူ၍ သုံးသူနည်းပါပြီး မန္တလေးသူတို့ကဲ့သို့ ခင်ဗျားနှင့် ကျွန်တော် ဟူ၍သာ အသုံးများပါသည်။)

ကျောပိုးအိတ်တစ်လုံးကိုရှာကာ ဓား၊ ရေဘူး၊ ဓာတ်မီးတို့အပြင် လိုမည်ထင်သော ပစ္စည်းအပေါ့စားများထည့်ကာ အိတ်ပြင်ထားလိုက်လေတော့၏။

▫ ကုလားအော်ငရုတ်ပင်ကြီး

နောက်တစ်နေ့နံနက်တွင် ကျွန်ုပ်ပြောင်ခေါင်းသို့ တက်၏။ ကိုလမ်မဆီးတို့သည် တောလိုက်ရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်။ ကျွန်ုပ်မှာမူ တောသို့ထွက်ရန် ရှမ်းဘောင်းဘီအပြာနုရောင်ကို ဝတ်ဆင်ကာ ခါးပတ်ပတ်လျက် ခါးတွင် ရေဘူး၊ ဓားချွန်းတို့ကို ချိတ်ဆွဲထားလိုက်၏။ စစ်ကျောပိုးအိတ်ထဲတွင်မူ ပေါ့ပါးသောစားစရာများထည့်လာ၏။

သူတို့၏ ဝတ်စုံများသည် လီရှော ဝတ်စုံဖြစ်သော တက်ထရက်ဘောင်းဘီပြာ၊ အင်္ကျီပြာများ ဖြစ်ကြ၏။ ဘောင်းဘီမှာ ရှမ်းဘောင်းဘီနှင့်အတူတူပင် ဖြစ်သည်။ သူတို့၏ ခါးပတ်တွင်မူ ဓား၊ ရေဘူး၊ ကြိုး စသည်ဖြင့် အတော်ပင် စုံစုံလင်လင်ပါ၏။

ကျွန်ုပ်တို့သည် ထမင်းစားပြီး နေ့(၁၁) နာရီတွင် ပြောင်ခေါင်းကြီးရွာမှ မြောက်တည့်တည့်တောထဲ လူသွားလမ်းအတိုင်းထွက်ခဲ့ကြပါသည်။ ကိုလမ်မဆီး၊ ကိုယောန၊ ကိုယောဆက် တည်ဟူသော မုဆိုး (၃) ယောက်တို့သည် ခြေသံတိတ်ဆိတ်ကာ လမ်းသွားသွက်လက်လှသဖြင့် ကျွန်ုပ်မှာ နောက်မှ မနည်းမီအောင်လိုက်ရလေ၏။ ပြောင်ခေါင်းနှင့်မိုးကုတ် လွန်းထိုးလွန်းပြန်သွားနေသော ကျွန်ုပ်၏ ခြေထောက်များကလည်း ကျင့်သားရပြီးဖြစ်နေပါသည်။ သို့သော် သူတို့လောက် ကျင့်သားမရပေ။

မိုးကုတ်နှင့် မိုးမိတ်အကြားရှိ ဧရာဝတီမြစ်ဝှမ်းအရှေ့ဘက် သစ်တောကြီးသည် ထိုစဉ်က မပျက်မစီး ပကတိအတိုင်းရှိနေသေးရာ တောသည် နက်သည်ထက် နက်လာပြီး လူသွားလမ်းပင် လျှင် ပျောက်သယောင်ဖြစ်လာ၏။အတန်ကြာလျှောက်မိလျှင် လမ်းယောင်ယောင်ရှိရာအတိုင်း ကိုလမ်မဆီးက အနောက်သို့ကွေ့လိုက်သည်။ ထိုကွေ့သည့်နေရာအရောက်၌ အပင်ကြီးတစ်ပင်အောက်မှ ဖြတ်သွားရာ ကြွေကျနေသော အသီးနီနီတို့သည် ကုလားအော်ငရုတ်သီးများနှင့်ပုံစံတူ၍ ကောက်ချိုးပြီးနမ်းကြည့်ရာ ကုလားအော်ငရုတ်နံ့ထွက်သဖြင့် လျှာဖြင့်တို့ကြည့်မိလေ၏။ စပ်လိုက်သည်မှာ ကုလားအော်ငရုတ်ကဲ့သို့ပင်ဖြစ်လေရာ ကျွန်ုပ်သည် လျှင်မြန်စွာ လေး၊ ငါးတောင့်ကောက်၍အိတ်ထဲထည့်လိုက်ပြီး ရှေ့သို့အမြန်လိုက်ရ၏။

အပင်ကြီးမှာ လူတစ်ဖက်ခန့်ရှိပြီး ခပ်အုပ်အုပ်ဖြစ်လေရာ ငရုတ်ပင်ဟုတ်၊ မဟုတ်အသေအချာမသိပေ။ လမ်းသွားရင်း စကားမပြောဘဲ တိတ်တဆိတ်ခြေသံလုံလုံဖြင့် ချီတက်နေကြရရာ ဤနေရာသည် သူတို့တောပစ်ရန် နေရာမဟုတ်သေးကြောင်း အလိုလိုသိနေရလေ၏။

သူတို့ဦးဆောင်ရာနောက်သို့သာ လိုက်နေရာရသဖြင့် ဘယ်ဆီရောက်၍ ဘယ်ဆီပေါက်သည် ကျွန်ုပ်မသိပါ။

ကြီးမား၍ အမည်မသိသော သစ်မျိုးစုံတို့ ပေါများလှသလို လွှစင်များနှင့်လက်ဆွဲလွှအသုံးပြုကာ ပျဉ်တိုက်ထားသည်တို့ကိုလည်း တွေ့ရ၏။ စိတ်ကြိုက်သစ်တွေ့ပါကခွဲပြီး ရွာများသို့ စွပ်ဖားပေါ်တင်ကာ ကျွဲဖြင့်ဆွဲလေ့ရှိသဖြင့် ဤဒေသမှအိမ်တို့သည် ထိုသို့ စိတ်တိုင်းကျခွဲစိတ်ကာ သယ်ယူ၍ ဆောက်ကြခြင်းဖြစ်ပါသည်။ သစ်တောများ၊ ဝါးတောများ ထူထပ်လွန်းလှ၏။ တက်ရ၏။ ဆင်းရ၏။ သို့သော် စမ်းချောင်း စသည့် ရေထွက်သည့်နေရာကိုမူ မတွေ့ရချေ။

စင်ပြွမ်းပင်တစ်ပင်အောက်တွင် လူဆယ်ယောက်ခန့်ထိုင်နိုင်သောသဘာဝကျောက်ပြားကြီးတစ်ခုကို တွေ့ရာ ထိုကျောက်ဖျာကြီးပေါ်တွင် အိမ်မှထုပ်လာသော ထမင်းထုပ်များအား နေ့လယ်စာစားရန် စီစဉ်ကြရပါသည်။

ထိုအခါ ကျွန်ုပ်သည် အိတ်ကပ်ထဲမှ ကုလားအော်သီးပင်ကြီးမှ ကောက်လာသော ငရုတ်သီးများကို သတိတရထုတ်ယူလိုက်ပါသည်။ ထိုအခါ ကိုလမ်မဆီးတို့အုပ်စုက ကျွန်ုပ်အား အထူးအဆန်းသဖွယ်ကြည့်ကာ -

"ဟာ - ကိုအိုက်ဆန်၊ ဟိုငရုတ်ပင်ကြီးက ငရုတ်သီးတွေကောက်လာတာလား"

ဟု မေးလေ၏။

ထိုအခါ ကျွန်ုပ်လည်း မှန်ရာကို ပြော၏။

"ဟုတ်တယ် ကိုလမ်မဆီး။ ငရုတ်သီးတွေနဲ့တူလို့ ကောက်ဝါးကြည့်တာ ငရုတ်သီးဟုတ်လို့ ကောက်လာတာ။ဘာလဲ၊ ဒါတွေက ငရုတ်သီးအစစ်မဟုတ်လို့လား"

"စစ်တာပေါ့ဗျာ၊ အဲဒါငရုတ်ပင် အစစ်ကြီးပဲ၊ ကျွန်တော်တို့ ဘိုးဘွားတွေ လက်ထက်ကတည်းကရှိနေခဲ့တာ။ တောထဲတောင်ထဲ ဘယ်အချိန်ဘယ် ကာလကပေါက်နေတယ်ဆိုတာ ဘယ် သူမှ မပြောနိုင်ဘူး။ ဒါပေမယ့် ခင်ဗျား ကောက်ခဲ့ပြီပဲ၊ ခုမှတော့ ဘာမှမတတ် နိုင်တော့ပါဘူး"

"ဘာဖြစ်လို့လဲဗျာ၊ ကျွန်တော့်ကို ပြောပြပါ"

"ဒီတောဒီတောင်တွေထဲဝင်တဲ့ မှန်ရင် အဲဒီငရုတ်သီးကို အစဉ်အလာ အားဖြင့် ဘယ်သူမှမကောက်ရဲကြဘူး ဘာကြောင့်ဆိုတာတော့ မုဆိုးဆိုလည်း သားကောင်မရတတ်ဘူး။ သစ်ခုတ် ဆွဲတဲ့လူတွေဆိုရင်လည်း ထိခိုက် ငှက်ဖျားမိကြနဲ့ အဆင်မပြေကြဘူး ကျွန်တော်တို့က ခရစ်ယာန်တွေပါ။ တွေကို သိပ်မယုံတတ်ပါဘူး။ မယုံလို့ ကြည့်တိုင်း အဆင်မပြေတာနဲ့ချည်း ရတယ်။ ဒီတော့မယုံလို့မဖြစ်တော့ဘူး ကျွန်တော် အဲဒီအချက်ကိုပြောပြထား မေ့သွားတယ်ဗျာ"

ထိုသို့ ပြောပြသည်နှင့် ကျွ သည် ငရုတ်သီးများကို ချက်ချင်း ပစ်ကာ တောစောင့်နတ်၊ တောင် နတ်တို့ကို တတ်သမျှမှတ်သမျှ ရွတ် ကာ တောင်းပန်လိုက်လေ၏။ ကျွ သဘောမှာ ထမင်းစားသော် ငရုတ် ကိုက်စားစေလိုသော စေတနာ ကောက်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုသော်မူ 'မျက်နှာမရ ထောက်ရ' ဟူသော စကားပုံကဲ့သို့ တောတောင်အကြောင်းဘာမှမသိ ကျွန်ုပ်ကြောင့် သူတို့စိတ်ထဲတွင် ကြပေတော့မည်။ ထမင်းသာ ကြသည်။ ဆက်ပြီးစကားမဆိုဖြစ် ကျွန်ုပ်မှာလွန်စွာအားတုံ့အားနာ ၍နေပါတော့သည်။ ကျွန်ုပ်အပေါ် အမြင်ကြည်ကြတော့မည် မဟုတ် ကြောင့် ထမင်းစားပြီးသော် တော နတ်၊ တောင်စောင့်နတ်တို့ကို ပန်ပြီးပါကြောင်း မသိ၍ပြုမိသည်



www.burmeseclassic.com

www.burmeseclassic.com

လွှတ်ပါရန် အကြောင်းသိမ်မွေ့စွာ ပြောပြရလေ၏။

"အေးကွာ - တို့အုပ်စု လပ်ကီးကောင်းပါစေလို့ ဘုရားသခင်ဆီ ဆုတောင်းရမှာပါပဲ"

ဟု ဆိုလေ၏။

**ငရုတ်ပင်ကြီးအကြောင်း**

ထိုငရုတ်ပင်ကြီးအကြောင်းရောက်သောအခါ နားထောင်နေသော စာရေးသူသည် ဩော် - ကြားဖူးတဲ့ ငရုတ်ပင်ကြီးဟာ အမှန်တကယ်ရှိနေတာပါလား ဟု၍ လွှသမားတို့၏ ပြောစကားကို စိတ်လည်း ကြားယောင်မိပါသည်။

မိုးကုတ်၊ မိုးမိတ်နှင့် ရှမ်းပြည်နယ်တစ်ခွင် ပြုပြစ်ခေါင် လှည့်လည်၍ လွှတိုက်ကြသူများမှာ ရွှေဘိုသားနှင့် ရွာသားတို့ ဖြစ်ကြသည်။ ရှမ်းပြည်နယ်တစ်ခွင် သူတို့မရောက်ဘူးသောရွာဟူ၍ မရှားရှားဖြစ်သည်။ စွန့်စွန့်စားစားလှည့်လည်သွားလာနေသူများ ဖြစ်လေ၏။

မိုးကုတ်တောရွာများနှင့် ရှမ်းပြည်နယ်တစ်ခွင်တွင် မိမိတို့ သတ်မှတ်ထားသောထင်းခြံများရှိကြ၏။ ထိုထင်းခြံအတွင်းမှ တင်းယား၊ တောင်တမာ၊ ကားစိမ်း စသော သစ်မျိုးစုံတို့ရှိရာ ထိုသစ်တို့ကို အိမ်ဆောက်ရန် ခွဲစိတ်ကြသည်၏။

လွှသမားတို့သည် ပွင့်လင်းရာသီရောက်သည်နှင့် နှစ်ယောက်တစ်တွဲ ခွဲလွှကြီးနှင့် ငါးမန်းလွှငယ်ထမ်းကာ လှည့်လည်၍ သစ်ခွဲမည့်သူကိုရှာလေ့ရှိ၏။ သူတို့ရောက်လာခိုက် လိုချင်သောအမျိုးအမည်ပြောပြကာ ငှားရမ်းရ၏။ မိမိခွဲလိုသောသစ်ပင်ကြီးများ ပြရ၏။ မည်မျှကြီးမားသောသစ်လုံးပင်ဖြစ်စေ လူ (၂) ယောက်တည်းဖြင့် အပေါ်အရောက်တင်နိုင်သည်။ကျွန်ုပ်တို့ ကျောက်ဖျာရွာလေး မဖွံ့ဖြိုးမီကဆိုလျှင် ပွင့်လင်းရာသီရောက်သည်နှင့် မိမိတောထဲမှ သက်တမ်းရင့်သစ်ပင်ကြီးများ အိမ်ဆောက်ရန်အလို့ငှာ လွှသမားများရောက်လာလျှင်ငှားကြရ၏။ မည်သို့ ဆောက်ချင်သည်ကို သူတို့အား ပြောပြပါက သစ်အမျိုးမျိုးကို တွက်ချင့်ပေးလေ့ရှိ၏။

ထိုသို့ လွှသမားများ ရွာတွင် တည်းခို၍ သစ်ခွဲနေလျှင် ထိုလွှသမားတို့သည် ရွာနှင့်ခင်မင်သွားကြ၏။ ကျွန်ုပ်နှင့် ခင်မင်ခင်၏။ ထိုလူမှာ ရယ်စရာများ ပြောတတ်သော ကိုခင်အောင်ဖြစ်သည်။

တစ်ခါသော် ကိုခင်အောင်သည် တောတောင်ဗဟုသုတပြောပြနေရာမှ မိုးကုတ်နှင့် မိုးမိတ်အကြားရှိ သစ်တောကြီးထဲတွင် လွှတိုက်ရန်အသွားတွင် လူတစ်ဖက်ခန့်ရှိသော သက်တမ်းရင့်ငရုတ်ပင်ကြီး အကြောင်းကို ပြောပြခဲ့လေ၏။

"တောတွေတောင်တွေဆိုတာက ကျွန်တော်တို့အဖို့တော့ အဆန်းမဟုတ်ပါဘူး။ တောထဲမှာသစ်တွေလိုက်ခွဲနေရတော့ တောတွေအနှံ့ရောက်ဖူးကြတယ်။

အဲဒီမှာ ပြောင်ခေါင်းဘက်ကနေ မြောက်ဘက်ကိုသွားရင် တောကြီးထဲမှာ လူတစ်ဖက်လောက်ရှိတဲ့ ကုလားအော် ငရုတ်ပင်ကြီးရှိတယ်။ မိုးကုတ်နဲ့ မုးမိတ် ကြားလောက်မှာရှိတာပါ။

ကျွန်တော်တို့လည်း ခွဲချင်တဲ့သူရဲ့ စိတ်ကြိုက်သစ်လိုက်ရှာနေရတာပေါ့ဗျာ။ အဲဒီမှာ ကုလားအော်ငရုတ်သီးမှည့်တွေ အတော်များများပြန့်ကြဲနေတာတွေ့ရတော့ လမ်းသွားလမ်းလာတွေများ ဖြန့်ကြဲခဲ့သလားဆိုပြီး အသေအချာကြည့်တော့မှ ငရုတ်ပင်ကြီးဟာ လူတစ်ယောက်လောက်တောင်ရှိနေတာပါပဲဗျာ။

မော့ကြည့်လိုက်တော့မှ အဲဗျာ- ငရုတ်သီးတွေသီးနေလိုက်တာ ခဲလို့ဗျ။ စပ်၊ မစပ် တစ်တောင့်ကို ကိုက်ကြည့်တော့ တကယ့်ငရုတ်သီးအတိုင်းဆိုတော့ ဘာပြောကောင်းမလဲ လောဘတကြီး ကောက်တော့တာကိုးဗျ။

ဒီမှာ ဒေသခံပြောင်ခေါင်းလီရှော တစ်ဦးက ကြောက်လန့်တကြားတားပါတယ်။

"ဟေး - မကောက်နဲ့လေ။ အဲဒီ ငရုတ်သီးယူရင် နင်တို့ ဒီတောထဲမှာ ဒုက္ခနဲ့တွေ့မယ်လေ။ ငါတို့ဆီက လူတွေ ဘယ်သူမှမကောက်ရဲဘူး" တဲ့ဗျာ။

ဒါနဲ့ ကျွန်တော်တို့လည်း ငရုတ်သီးတွေ ပြန်ပစ်ခဲ့ရတယ်ဗျို့။ တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကြီးတဲ့ ငရုတ်ပင် အဲဒီတစ်နေရာမှာပဲ ကြုံခဲ့ဖူးတယ်။ လက်တွေ့မို့သာ ယုံရတာ။ သူများသာ ဒီလို ငရုတ်ပင်ကြီးရှိပါတယ်ဆိုရင် ကျွန်တော် ခြေကန်ပြီးငြင်းမှာသေချာတယ်"

ဟူ၍ ပြောပြဖူးလေ၏။

ကိုအိုက်ဆံန်ပြောပြမှသာ ရွှေဘိုမှ လွှသမား ကိုခင်အောင် ပြောပြခြင်းသည် အမှန်အကန်ဖြစ်ကြောင်း စိတ်ထဲတွင် အတည်ပြုမိလေ၏။

ကုလားအော်ငရုတ်ပင်သည် ဖွာစ်ရာသီပင် မဟုတ်ပါ။ ထာဝရပင်ဖြစ်ပါသည်။ ကုလားအော်ငရုတ်ပင်တစ်ပင် စိုက်ထားပါက ရေသာမှန်မှန်လောင်းပေးနေလျှင် ထာဝရ ရပ်တည်သလို အသီးသည် ထာဝရသီး၍နေလေ၏။ စား၍မကုန်နိုင်ပါ။

တောကြီးတောင်ကြီးထဲတွင် ငှက်တို့စွန့်ပစ်ရာမှ ရှင်သန်ဖြစ်ထွန်းလာသော ကုလားအော်ငရုတ်ပင်ကြီးသည် ရေမြေကောင်းခြင်း၊ လူတို့နှင့်ဝေးကွာခြင်း၊ နှိပ်စက်ဖျက်ဆီးသူကင်းခြင်းကြောင့် သက်တမ်းလွန်နှစ်ချို့ငရုတ်ပင်ကြီးဖြစ်နေခြင်း ဖြစ်သည်။

ဤကား စာရေးသူ ကျွန်ုပ်၏ စကားချပ်ဖြစ်ပေ၏။

**ပ.ကြီးမားသော ဝ,ပင်ကြီးများ**

တောကြီးထဲတွင် ဖျက်ဆီးသူကင်းမဲ့ပြီး ဖြစ်ချင်တိုင်းဖြစ်နေသော ဝပင်ကြီးတို့ကိုလည်း မကြာခဏတွေ့ရတတ်၏။ အချို့က အပင်ရင်းမှ ခုတ်လှဲခဲ့သောအခါ ပေါင်းလုံးခန့်သော ဝပင်စည်ကြီးသည် ရှေ့တွင်ကန့်လန့်ခံနေတတ်သော မြွေကြီးတစ်ကောင်အလား ထင်မှတ်မှားရလေ၏။ သူ၏ပင်စည်အရောင်သည် စိမ်းဖြူဖြူကိုယ်ထည်တွင် အညိုရောင် အစက်အပြောက်တို့ဖြင့် ခြယ်မှုန်းထား၏။ ရုတ်တရက်မြင်သော် စပါးကြီးမြွေကြီးတစ်ကောင် ရှေ့မှကန့်လန့်ခံနေသည့် အလား ထင်မှတ်မှားရ၏။

သူ၏ဥကြီးများကား ကြီးမားလှပေ၏။ ဝဥသည် သပိတ်သဏ္ဍာန်လုံးဝန်းဝန်း ခပ်ပြားပြားတည်ရှိသည်။ ဝလုံးကဲ့သို့ ဝိုင်းစက်သောဥရှိခြင်းကြောင့် လူတို့က ဝလုံးနှင့်တူသဖြင့် အလွယ်တကူ ဝပင်၊ ဝဥဟု ခေါ်ကြပါသည်။

ဝဥကား မြန်မာနိုင်ငံတစ်နံတစ်လျား ပေါများစွာ ပေါက်ရောက်၏။ သို့သော် ယခု နှစ်ချို့ ဝဥ၊ ဝပင်ကြီးများကား မြင်ရသူကြက်သီးထလောက်ပေ၏။ သဘာဝကိုလွန်သောအခါ တစ်မျိုးတစ်ဘာသာ ကြည့်၍ကောင်းသည်ကို တွေ့ရ၏။

ဝပင်သည် ပိန်းမျိုးနွယ်ဖြစ်သည်။ အရွက်နုနုကိုခူးကာ အခွံနွှာ၍ မျှစ်ချဉ်နှင့်တေ၍စားသော် ထမင်းမြိန်သော ပဲစောဟင်းတစ်ခွက်ဖြစ်၏။

ကျွန်ုပ်တို့ မိုးကုတ်တွင်မူ ထိုဝဥကို ထုံးရည်ကြည်နှင့်ကျိုချက်ကာ ဝတုံလုပ်၍ရောင်းကြ၏။ သူ၏ ပကတိသတ္တိမှာ ပိန်းဥကဲ့သို့ပင်ချွဲကျိကာ အလွန်ယားသောသတ္တိရှိ၏။ ထိုအယားဓာတ်အား မျှစ်ချဉ်ဖြင့်လည်းကောင်း၊ ထုံးရည်ကြည်



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် လည်းကောင်း ပြုပြင်အယား ဖျော်ကျ၍စားသုံးကြရ၏။

အသားတုလုပ်သောကုန်ကြမ်းမှာ ဝဥခြောက်ဖြစ်သည်ဟု သိရ၏။ ယခု အခါဝယ် တရုတ်ပြည်မှ အစပ်ချောင်း ပုံစံမျိုးစုံ၊ အရသာမျိုးစုံပြုလုပ်ကာ မြန်မာ နိုင်ငံရှိ ကလေးများစားရန် သွင်းနေကြ လေ၏။

အရင်းခံကုန်ကြမ်းဖြစ်သော ဝဥ မှာ အန္တရာယ်ကင်းသော်လည်း ရောင်စုံ ဆေးများဆိုးခြင်းမှာမူ အန္တရာယ်ကြီးမား လှပေ၏။ မိုးကုတ်တွင် ဝတုံကို မုန်ညင်း ချဉ်နှင့် သုပ်၍လည်းကောင်း၊ ကြော်၍ လည်းကောင်း စားသုံးကြ၏။ သူ့ချည်း စားသော် ထုံးစော်နံသဖြင့် သိပ်၍စား မကောင်းပါ။ အလိုက်ဖက်ဆုံးမှာ မုန် ညင်းချဉ်သာ ဖြစ်ပေ၏။

**ရေမွှာ**

လျှိုမြောင်ချောက်ကမ်းပါးတို့ကို ဖြတ်ကျော် သွားလာနေရသော်လည်း ရေထွက်စမ်းချောင်း သို့မဟုတ် စိမ့်အိုင် ဟူ၍ လုံးဝမတွေ့ဘဲ ခြေသံလုံစွာဖြင့် မျက်စိလျှင်လျှင်၊ နားလျှင်လျှင်ထားပြီး သွားလာနေကြရ၏။ ဆောင်းရာသီ၏ နေအရှိန်ကြောင့် ချွေးပြန်ကာ ရေဘူးထဲ မှရေကို ချွေတာကာ သောက်နေရ၏။

ကျွန်ုပ်တို့အဖွဲ့သည် ခပ်လှမ်းလှမ်း တွင်မြင်နေရသောစကျင်ကျောက်တောင် လျှိုတစ်ခုသို့ ဦးတည်လျက် တရွေ့ရွေ့ ချီတက်လျက်ရှိသည်။

ထိုစဉ် တူမီးသေနတ်အား အသင့် အနေအထားဖြင့် သွားနေသော ကိုလမ် မဆီးသည် ရုတ်တရက် ရပ်တန့်ကာ နောက်သို့ လက်ကာပြပြီး ရပ်တန့်ခိုင်း လိုက်ရာ ဘာပါလိမ့်။ တောကောင်လား၊ ပြောင်လား၊ ဆတ်လား စသည် သိချင် သဖြင့် ကျွန်ုပ်ရှေ့သို့ ကဲကြည့်လိုက် သည်။

ထိုအခါ ကိုလမ်မဆီးက ကျောက် တောင်နှစ်ခုထိပ်သို့ လက်ညှိုးညွှန်ပြ လိုက်သဖြင့် ဘာကောင်ပါလိမ့်ဟုကြည့် လိုက်ရာ ကျောက်ဆောင်တစ်ခုနှင့်တစ်ခု ဖြတ်ကူးနေသော ညိုညစ်ညစ်မြွေကြီး တစ်ကောင်၏ ဗလထဲတွင် တည်နေ သော ဝမ်းဗိုက်ပိုင်းကို ကြက်သီးထဖွယ် မြင်လိုက်ရလေ၏။ မြွေကြီးကား တရွေ့ ရွေ့ကူးနေခြင်းဖြစ်ရာ ကျွန်ုပ်တို့ကို မြင်ဟန်မတူပါ။ ကိုက်တစ်ရာခန့်ဝေး သောအနေအထားတွင် မြွေ၏ကိုယ်မှာ ကျွန်ုပ်တို့ ပေါင်လုံးထက်ပင်ကြီးသည်ကို မြင်တွေ့ရ၏။ အနီးကပ်မြင်ကွင်းဆိုပါမူ ထိုမြွေကြီးသည် လူတစ်ဖက်နီးပါးခန့်ရှိ ပေမည်။

ကျွန်ုပ်တို့ခန္ဓာကိုယ်လောက်အား အလွယ်တကူ မျိုယူနိုင်စွမ်းရှိသောပမာ ဏဖြစ်သည်။ ကိုလမ်မဆီးသည် ချက် ချင်းပင် မြွေကြီး၏ အမြီးပိုင်းဘက်သို့ လမ်းကြောင်းပြောင်းကာ ဆက်လက်ချီ တက်လာ၏။

ကျွန်ုပ်တို့ကား အကောင်ကြီးကြီး တွေ့ရန်မဆိုထားဘိ။ မျောက်အုပ်၊ ရစ် အုပ်၊ တောကြက်အုပ်တို့ပင်လျှင် မတွေ့ ရရာ တောကြီးသည် တောကောင်ပင်ရှိ မှရှိပါလေစဟု ကျွန်ုပ်သံသယဝင်နေမိ ၏။ သို့တည်းမဟုတ်ပါမူ တောနတ်တို့ မကြိုက်သောအပြုအမူဖြစ်သည့် ငှက် သီးများကောက်ခဲ့၍လောဟု ကိုယ့်ကိုယ် ကိုယ် အပြစ်တင်နေမိ၏။

တောကြီးထဲ၌ကျွန်ုပ်တို့လုံးဝမမြင် ဘူးသောအမည်မသိပန်းများ၊ အပင်များ များစွာပင် တွေ့မြင်ရလေ၏။ သို့သော် ထိုပန်းပင်၊ သစ်ပင်၊ ချုံပင်တို့ကို လေ့လာ ရန် အချိန်မရှိသဖြင့် မြင်ရုံသာမြင်ရခြင်း ဖြစ်ပါသည်။

တောကောင်ကိုလိုက်ရှာရသဖြင့် စကားတစ်ခွန်းပင် ဟ၍မရရာ ရေဘူးထဲ ရေကုန်သည်ပင် သည်အတိုင်းနေရ၏။ သူတို့ရေဘူးထဲ ရေရှိပါက သောက်ချင် လှ၏။ သို့ကြောင့် ကျွန်ုပ်ရှေ့မှ ကိုယောန ကို လက်တို့ကာ ရေသောက်လိုကြောင်း လက်ဟန်ဖြင့်ပြ၏။

ထိုအခါ ဘာမှပြန်မပြောဘဲ ရှေ့ သို့ ပြန်လှည့်သွားရာ ကျွန်ုပ်အပေါ် စိတ် ကွက်နေပြီဟုထင်လျက် စိတ်မကောင်း ခြင်းကြီးစွာဖြင့် နောက်မှလိုက်နေရ၏။

သူတို့ဟူသည်ကား လူမျိုးချင်း လည်းမတူ၊ ဘာသာချင်းလည်းမတူ၊ စရိုက်ချင်းလည်း တူသူများမဟုတ်ကြ ပါ။ အခြေခံစိတ်ဓာတ်ချင်းကွာခြားပါ လိမ့်မည်။

ထိုသို့ လှည့်လည်သွားလာ သား ကောင်ရှာပါသော်လည်း သားကောင်၏ လတ်ဆတ်သောခြေရာမျှပင်မတွေ့ရပါ။ တစ်နေရာအရောက်တွင် လက်ဖက်ပင် နှင့် ခပ်ဆင်ဆင်တူသော အပင်တစ်ပင် မှ အရွက်နုလေး၊ ငါးညွန့်ခူးကာ ကျွန်ုပ် အားကမ်းပေးပြီး 'ဝါးစားလိုက်ရာ ရေ မဆာတော့ဘူး' ဟု တိုးတိုးပြောသဖြင့် ကျွန်ုပ်သည် ချက်ချင်းပင် ဝါးစားလိုက် လေ၏။

အရသာမှာ အနည်းငယ်ဖန် သယောင်ရှိသော်လည်း မဝင်မဆီး… သဖြင့် ကြေညက်စွာဝါးလျက်မျိုချလိုက် ပါတော့သည်။ မကြာမီ ရေဆာသော ဝေဒနာ သက်သာသွားသည်ကို တွေ့ရ ရာ ကိုယောနအပေါ် စိတ်ကွက်မိသည် ပင် အားနာရတော့၏။

**လင့်ထိုး၍**

ညနေ(၄)နာရီတွင် ရှားရှားပါးပါး… စိမ့်ထွက်အိုင်တစ်အိုင်ဆီသို့ ရောက်… ရေရှိသောနေရာတွင် ညအိပ်ရပ်နားကြ… မည်ဖြစ်ပါသည်။

နုသော ဝါးပိုးဝါးကြီးတစ်လုံး… ခုတ်ကာ ထိုဝါးကြီး၏ အလယ်ဆစ်တ… ဆစ်ကို ဖြတ်တောက်လိုက်လေ၏။ ဝါး… ကား ပေါင်လုံးမျှကြီးလေ၏။ ထိုဝါးကြီး ထဲတွင် ဆန်နို့ဆီ (၄) လုံးခန့်ထည့်ပြီး သင့်တင့်သော ရေထည့်ပြီး တောင့်… ပျော့ရွက်တို့ကို လိပ်ခွေ၍ အဆို့ပြုလုပ် ပြီး တစ်စောင်းထောင်ကာ မီးနှင့်တိုက် ပါသည်။

ဟင်းအတွက်မှာမူ အိမ်မှထည့် ယူလာသော ဆတ်သားခြောက်… တစ်ယောက်တစ်မြှောင်းစီ စကေး… မီးဖုတ်ပါသည်။ ပြီးလျှင် ကျွန်ုပ်မှ အသင့် ပြုလုပ်၍ပလတ်စတစ်ဖြင့်ထုပ်လာသော ဟာလချောင်ကြော်နှင့် စားကြမည်ဖြစ် သည်။

ကျွန်ုပ်ကား ထမင်းချက်တာဝန်… ယူရသူဖြစ်ပြီး လမ်မဆီးတို့ (၃)ယောက် မှာမူ အနီးရှိ သစ်ပင်ကြီးတစ်ပင်၌ ည အိပ်ရန် သစ်ဝါးများခုတ်၍ လင့်စင် ဆောက်နေကြလေ၏။ လင့်စင်၏အမြင့် မှာ ဝါးတစ်ရိုက်ကျော်ကျော်မြင့်လေ၏။ သူတို့ကား ကျွမ်းကျင်စွာပင် ဆောက်… ကြရာ အချိန်တိုအတွင်း၌ပင် ပြီးစီးသ… ၏။

စိမ့်အိုင်စပ်တွင် တောကောင်… စုံတို့၏ ခြေရာများတွေ့ရရာ ဤစိမ့်အိုင် သို့ တောကောင်များ မလွဲမသွေ … သောက်ဆင်းကြပေမည်။ ထို့ကြောင့် လင့်ထိုး၍ ညအခါ သားကောင်ပစ်… အိပ်စက်ရင်း တစ်ချက်ခုတ်နှစ်ချက်ပြ… သဘောနှင့် စီစဉ်ခြင်းဖြစ်ပေမည်။

တောတောင်၊ ချောင်း၊ မြောင်… အင်း၊ အိုင်တို့ဟူသည် သူ့အထာနှင့်… ရှိကြပါသည်။ ကျွန်ုပ်ကဲ့သို့သော တော… တောင်အထာကို လုံးဝမသိသူ… အမှတ်တမဲ့ အမှားပြုမိတတ်လေ၏။ … ၍မှားမှား၊ မသိ၍မှားမှား၊ အမှား… အမှားသာဖြစ်ပါသည်။ ထို့ပြ…



www.burmeseclassic.com

www.burmeseclassic.com

များသည် အပြစ်သာဖြစ်၏။ ထိုအပြစ်ကြောင့် ကျွန်ုပ်သည် စိတ်ထဲတွင် တောင်းဖြစ်ကာ အားငယ်စိတ်တို့ ဖြစ် နေ၏။ တစ်နေသာ ကုန်သွားသည် သားကောင်မှ မမြင်တွေ့ရပါ။ တော ကြီးသည် သားကောင်မဲ့သော တောကြီး လေလားဟုပင် ခံစားရပါသည်။ ဤသို့ ဖြစ်ရသည်မှာ ကျွန်ုပ်၏အပြစ်ပေ သောဟု တွေးတောနေမိ၏။ သို့ကြောင့် ကျွန်ုပ်သည် မည်သူ့ကိုမျှ စကားမပြော လိပ်ပြာမလုံ၍ဖြစ်သည်။

သို့နှင့် ကျွန်ုပ်တို့ ငှက်ပျောဖက် ခင်းကာ ထမင်းစားရန် ပြင်ဆင်ကြ ရေနွေးကိုဝါးဖြင့်တည်ကာ လက် ခြောက်ဖန်ဖန်ခပ်ထား၏။ ဝါးဆစ် များ ပြုလုပ်၍ သောက်ကြ၏။ နို့ဆီ (၄) လုံးချက်တား အာသာပင်မပြေ ဟု ဆိုရပေမည်။ စားကောင်းလိုက် သည်မှာ ပြောစရာမရှိပေ။ အိမ်တွင် ကောင်းများနှင့် စားရသည်ထက် များစွာသာ၍စားကောင်းလေ၏။ စားပြီးသော် ကျွန်ုပ်တို့ ရေနွေး သောက်ရင်း စကားပြောကြ၏။ လိဆူး ဖြစ်သောသူတို့မှာ ဆေးလိပ်ကြိုက် သတင်းစာစက္ကူနှင့် ဖင်ချွန်း၍ လိပ်လေးများလိပ်သောက်နေကြ ကျွန်ုပ်မှာမူ ဆေးလိပ်မသောက်ချေ။

"ကိုအိုက်ဆန်လိုက်လာတဲ့အလှည့် တောကောင်ကလည်း ရှားလိုက် တစ်ကောင်တောင်မတွေ့ရဘူး။ နာလိုက်တာဗျာ။ အနည်းဆုံး ချေ ကောင်၊ နှစ်ကောင်လောက် မှန်း တာဗျ။ တောင်ကောင်ရရချင်း ကို ကောင်းကောင်းချက်ကျွေး ခုတော့ လပ်ကီးကမကောင်းဘူး သွားတယ်ဗျာ"

ဟု ဆိုလေမှ ကျွန်ုပ်စိတ်သက်သာ လေ၏။ ထို့ကြောင့် ကျွန်ုပ်က ဒီနေ့ စီးရင် သေချာပေါက်ရမှာပါဟု သိပ်စကားဆိုရလေ၏။

ဆောင်းရာသီမို့ မကြာမီပင် တော အတွင်း အလင်းအားနည်းသွားခဲ့ပြီ အခင်းငယ်သွားရန် ဝါးဆစ်ဗူး ၍ လင့်စင်ပေါ်သို့ တက်ခဲ့ကြလေ ဆောင်း၏အအေးဒဏ်ကို ကျွန်ုပ်တို့ ခံစားရရာ အိတ်ထဲမှ ဂွမ်းစောင် စားကိုထုတ်ကာ ခြုံလိုက်ကြရလေ

**ကြီးစွာ တစ်ညတာ**

"တဲ - ကိုအိုက်ဆန်လည်း ပင်ပန်း နေပြီ။ အဲဒီသစ်ပင်ကိုမှီပြီး အိပ်ချင်ရင် အိပ်ပေတော့"

ဟု ကိုလမ်မဆီးက တိုးတိုးပြော သည်။ လင့်စင်သည် လူ (၄) ဦးထိုင်စာရုံ မျှသာသောလင့်စင်ဖြစ်ရာ မွေးကတည်း က အိမ်မှာ မွေ့ရာ၊ ဂွမ်းပုံတို့ဖြင့် အကျ အိပ်ခဲ့ရသောကျွန်ုပ်သည် ငုတ်တုတ်ထိုင် ကာ စောင်ကြမ်းကလေးခြုံ၍ ဆင်းရဲကြီး စွာ အိပ်စက်ရပေတော့မည်ဟုတွေးကာ စိတ်ထဲတွင် သောကဖြစ်ရလေ၏။

သည်ပုံဆိုလျှင် အလေ့အကျင့် လုံးဝမရှိခဲ့သော ကျွန်ုပ်သည် ခြေဆန့်၍ ပင်မရဘဲ ငုတ်တုတ်မိုးလင်းမှာ သေချာ သလောက်ရှိလေ၏။ 'လိုက်ခဲ့တာမှား လိုက်တာ' ဟု ထင်မိပါလေ၏။

အကယ်၍သာ မြေပြင်ပေါ်တွင် စခန်းချခဲ့သော် မီးဖိုပြီး ပတ်လည်ဝိုင်း ကာ စန့်စန့်ရန့်ရန့် အိပ်စက်၍ရနိုင်၏။ ယခုသော် နေ့တွင်သားကောင်မရ၍ ည တွင် လင့်စင်ထိုးကာ ညပါစောင့်ပစ်မည် ဟု အစီအစဉ်ပြုခြင်း ဖြစ်လေ၏။

လက်မှနာရီကိုကြည့်မိရာ (၆)နာရီ သည် အတော်ပင်မှောင်နေပြီကို တွေ့ရ ၏။ ပတ်ဝန်းကျင်သည် ပုရစ်သံတို့ဖြင့် သာ စီညံနေပြီး ပကတိတိတ်ဆိတ်လျက် ရှိ၏။ မကြာမီ လ၏အလင်းရောင် အနည်းငယ်ကျလာကာ ရေအိုင်လေး ဝန်းကျင်တွင် မြင်သာထင်သာရှိလာလေ ၏။

အရေးရှိက သုံးနိုင်ရန် ဓာတ်မီးကို ကျောပိုးအိတ်ထဲမှနှိုက်၍ အသင့်ပြင် ထားလိုက်သည်။ ပင်ပန်းနေသည်မှန် သော်လည်း အိပ်ချင်စိတ်မရှိသေးသော ကျွန်ုပ်သည်လည်း ရေအိုင်ဆီ အာရုံပြု နေပါသည်။

ကျားများလာလေမလား၊ ပြောင် လိုအကောင်ကြီးများ လာလေမလား ဟူ၍ လည်တဆံ့ဆံ့ဖြင့် မျှော်နေမိ၏။ ကျွန်ုပ်ပါလာ၍ ကျွန်ုပ်ကြောင့် သား ကောင်မရခြင်း ဟူသောအဖြစ်ကိုလည်း လုံးဝမဖြစ်စေချင်ပါ။ 'နားရွက်ပင်မခတ်ရဲ' ဟူသောစကားကဲ့သို့ပင် ကျွန်ုပ်တို့သည် ပကတိဆိတ်ငြိမ်စွာစောင့်ဆိုင်းနေကြပါ သည်။

အအေးဓာတ်ကလည်း အတော် ပင် နှိပ်စက်လာပါသည်။ သို့ကြောင့် စောင်ကိုတင်းတင်းခြုံရလေ၏။ အစကို ခြေဖျားဖြင့်နင်းကာ လုံခြုံစွာပြု၍ အနွေး ဓာတ်ဖန်တီးရ၏။သူတို့ကား တော်တော် ငြိမ်ချက်သားကောင်းလှပေ၏။ ကျောက် ရုပ်တွေချထာသလား . အောက်မေ့ရ

အောင်ငြိမ်လှ၏။ တလှုပ်လှုပ်တရွရွဖြစ် ၍နေသော ကျွန်ုပ်အား အသာတို့၍ 'သိပ်မလှုပ်နဲ့' ဟု လေသံဖြင့် သတိပေး လေ၏။

ဟုတ်ပေသည်။ ညောင်းခြင်း၊ စိတ်ကျဉ်းကျပ်ခြင်းတို့ကြောင့် အကျင့် မရှိသော ကျွန်ုပ်မှာ တရွရွဖြစ်နေ၏။ မျက်စိ၊နားကျွန်ုပ်တို့ထက်လျင်မြန်သော တောကောင်တို့သည် ကျွန်ုပ်တလှုပ်လှုပ် တရွရွဖြစ်နေခဲ့သော် ရိပ်မိနိုင်ကြပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် တရွရွမဖြစ် အောင် ဂရုစိုက်၍နေရာ ပင်ပန်းလွန်း သောကြောင့် ချွေးပင်ပြန်လာချင်တော့ ၏။ မှက်များ၊ ခြင်များလာမကိုက်သည် ပင် ကျေးဇူးတင်ရပေမည်။

ဤနေရာတွင် ကျွန်ုပ်ဘာ့ကိုပြေး ပြီးတွေးမိသလဲဆိုသော် ဤသို့ အခဆင်းရဲ ခံ၍ တရားအားထုတ်ခဲ့မည်ဆိုပါလျှင် တရားထူးတရားမြတ်များပင်လျှင် ရနိုင် ဖွယ်ရှိ၏ဟု တွေးမိခြင်း ဖြစ်ပါသည်။

ပြီးမှ ငါ့နှယ်နော် - လုပ်နေတာက မုဆိုးအလုပ်၊ တွေးမိတာက တရား အလုပ် မဟုတ်သေးပါဘူးဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမရလေ၏။ ညသည် တစ်စ တစ်စနှင့်နက်လာခဲ့ပါသည်။ တောသည် လှုပ်ရှားမှုလုံးဝမရှိပါ။ ရေသောက်ဆင်း လာသော သားကောင်ဟူ၍လည်း မရှိ ပါ။ ကြာတော့ ပျင်းသံယောင်ကြီး ဖြစ် လာ၏။ အိပ်ချင်စိတ်ဖြစ်ပေါ်လာရာ ကျွန်ုပ်သည် မျက်စိကို စောင်ဖြင့်အုပ် လျက် သစ်ပင်ခွကြားကို အကျမှီပြီး ဓာတ်မီးကိုပိုက်ကာ မျက်စိကိုမှိတ်ထား လိုက်လေ၏။ မကြာမီပင် ကျွန်ုပ်အိပ် ပျော်သွားခဲ့ပါသည်။ ကျွန်ုပ်သတိထားရန် မလိုသောအချက်မှာ သေနတ်သံသာ ဖြစ်၏။ သေနတ်သံသည် ကျွန်ုပ်၏အနီး မှ ထွက်မည်ဖြစ်ရာ အလိုလိုအော်တိုမစ် တစ်နိုးလာမည်ဖြစ်သည်။ သေနတ်သံ ကြားရခဲ့ပါလျှင် တောကောင်ရရန် သေချာပေမည်။ ပစ်ကွင်းသည် ကျွန်ုပ် လင့်စင့်မှ တွက်သော် (၁၅) ကိုက်ကျော် ကျော်သာရှိပါသည်။ ရေအိုင်ကိုအထက် စီးမှမြင်နေရ၏။ လာသောသားကောင် ကား လွတ်ရန်မလွယ်ပါ။ သူတို့ (၃)ဦး သည် နာမည်ကြီးလက်ဖြောင့် မုဆိုးများ ဖြစ်ကြလေ၏။ သားကောင်လာသော် ရပြီးဖြစ်ပေမည်။

"ကိုအိုက်ဆန် ထ ထ၊ မိုးလင်းပြီ'

ဟု ကိုလမ်မဆီးက လှုပ်နှိုးလေမှ ကျွန်ုပ်မျက်နှာမှစောင်ကို ခွာလိုက်၏။ မည်မျှအိပ်ပျော်သွားသည်မသိ။ နံနက်



www.burmeseclassic.com

www.burmeseclassic.com

ဝေလီဝေလင်းအချိန်ပင် ရောက်နေခဲ့ပေပြီ။

"အိပ်လို့ကောင်းရဲ့ ကိုအိုက်ဆန်"

"ဟာ-ကောင်းပါတယ်ဗျာ၊ မောမောနဲ့ အိပ်ပျော်သွားတာ တစ်ရေးတောင် မနိုးဘူးဗျာ။ ဒါထက် တစ်ညလုံး ဘာကောင်မှမလာဘူးထင်တယ်"

"ဟုတ်တယ် ဘာကောင်မှမလာဘူး။ ဒါမျိုးတစ်ခါမှမကြုံဖူးဘူးဗျာ။ အတော်အံ့ဩစရာကောင်းတာပါပဲ။ ကဲ-ကျွန်တော်တို့မနက်စာစီစဉ်ကြရအောင်"

ဟု ပြောဆိုပြီး လင့်စင်ပေါ်မှ ဆင်းခဲ့ကြလေ၏။ ကျွန်ုပ်မှာ လှုပ်ရှားလိုက်မှ ခြေထောက်များတောင့်ပြီးနာနေသည်ကို သတိပြုလိုက်မိလေ၏။ ကျွန်ုပ်၏ ဘဝတွင် အကြီးအကျယ်ဆုံးသော ဘေးဒုက္ခကို ခံစား၍အိပ်ရသော ညတစ်ညအဖြစ် မမေ့ရက်နိုင်ခဲ့ပေ။

## ❑ တောမောင်းကြခြင်း

လင့်စင်မှဆင်းသည်နှင့် လူပိုဖြစ်သော ကျွန်ုပ်မှာမူ သူတို့စီစဉ်ပေးသော ဝါးပေါက်ကြီးများတွင် ဆန်(၄)လုံးမျှစီထည့်ကာ နံနက်စာ၊နေ့လယ်စာပေါင်း၍ ချက်ရ၏။ တောထဲတွင် သစ်ခြောက်၊ ဝါးခြောက် ထင်းများပေါများလှရာ ထမင်းကျည်တောက်များ မကြာမီကျလာ၏။

နံနက်စာ ဆတ်သားခြောက်ဖုတ် ဆီဆမ်းနှင့် မုန်ညင်းချဉ်(အခြောက်ချဉ်) ကိုစားသုံးကြရာ စား၍ကောင်းပါဘိခြင်း။ နေ့လယ်စာအတွက်ပါ ငှက်ပျောဖက်များ မီးကင်၍ ထမင်းနှင့်ဟင်း တစ်ယောက်တစ်ထုပ်ကျ ဝေပုံကျနှင့်ထုပ်ကာ ကိုယ်စီအိတ်ထဲထည့်ရ၏။ ရေဘူးကို ရေအပြည့်ဖြည့်ကြ၏။ တောထွက်မည့် အစီအစဉ်ကို ကိုလမ်မဆီးမှ ပြောပြ၏။

"ကဲ-ကိုအိုက်ဆန်၊ ကျွန်တော်တို့ တောမောင်းကြမယ်။ ရှေ့က တောတစ်တောကိုရောက်ရင် ခင်ဗျားတို့ (၃) ယောက်က တောင်အောက်ခြေမှာ နေခဲ့ကြရမယ်။ ကျွန်တော်တစ်ယောက်တည်း တောင်ထိပ်မှာတက်ပြီး နေရာယူမယ်။ ကျွန်တော်တက်ပြီး နာရီဝက်နီးပါးအကြာမှာ ခင်ဗျားတို့ (၃) ယောက်က အောက်ကနေ တောင်ကို ဝိုက်ပြီး တောကောင်ကို တောင်ပေါ်မောင်းတင်ပေးရမယ်နော်။ ကျွန်တော် တောင်ထိပ်မှာ ရှိနေမယ်။ တစ်ဦးနဲ့တစ်ဦး အူသံပေးပြီး ဆက်သွယ်မယ်။ ကိုအိုက်ဆန် အူသံကို ဂရုစိုက်နော်။ တောထဲမှာ လူမကွဲစေနဲ့"

ဟု ကြိုတင်မှာကြားကာ ကျွန်ုပ်တို့ စတင်ထွက်ခွာကြ၏။ အချိန်မှာ နံနက် (၇) နာရီခွဲရှိပြီဖြစ်ရာ နေခြည်ထွက်စပြုလာပြီဖြစ်သည်။ မိုးနားမှခွာစဉ် ချမ်းသော်လည်း ခရီးအသော့နှင်သောအခါ ချွေးပင်ပြန်လာတော့၏။

ဆင်ခြေလျှောမြောင်တစ်ခုဆီသို့ ရောက်သော် ကိုလမ်မဆီးသည် လက်ဟန်ပြကာ တားမြစ်ပြီး တောင်ပေါ်သို့ ပေ့ါပါးသွက်လက်စွာတက်သွားလေ၏။ ဝန်းကျင်ဝယ် ကြီးမားလှပသော ပိန်းပင်ကြီးများ၊ ဒုရင်ကောက်ပင်ကြီးများ အခြား အမျိုးအမည်မသိသော အပင်ကြီးဖြင့် တောသည်လျှိုဖြစ်၍ စိမ်းမှောင်နေ၏။ အလွန်ပင်လှပလွန်းပါသည်။

ကိုယောနနှင့် ကိုယောဆက်တို့သည် ကျွန်ုပ်အား တိုးတိုးပင် -

"ကိုအိုက်ဆန် ကျွန်တော်တို့ ဘယ်၊ ညာလူခွဲမယ်။ ကျွန်တော်တို့ မောင်းတာနဲ့ တစ်ပြိုင်နက် မောင်းပြီး တောင်ပေါ်ကို တည့်တည့်တက်ပါ။ ခပ်သွက်သွက်တက်နော်။ အသံကုန်အော်ပြီးမောင်းနော်"

ဟု မှာကြားကာ ဘယ်ခွဲထွက်သွားလေ၏။ ကျွန်ုပ်တစ်ယောက်တည်း ငေါင်စင်းစင်း ကျန်ရစ်ခဲ့လေတော့၏။ လေတိုက်ခတ်မှုကြောင့် သစ်ရွက်ကလေးများလှုပ်ခတ်သံမှတစ်ပါး တိတ်ဆိတ်၍နေ၏။

ကျွန်ုပ်မှာ အနီးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ကာ ဘယ်၊ ညာမှ အော်သံကို စောင့်နေရလေ၏။ အချိန်မှာ မိနစ်(၂၀)ကျော်ကျော်မျှ ကြာသွားသည်နှင့် 'ဟေး. . . ဟေး. . . ဟေး.' ဟူသော တောမောင်းသံပေါ်ထွက်လာရာ ကျွန်ုပ်မှလည်း ထိုင်ရာမှထလျက် တောင်ပေါ် ခပ်သွက်သွက်တက်ရင်း 'ဟေး. . . ဟေး. . . ဟေး.' ဟူ၍ မနားတမ်းအော်ရလေ၏

"ဟေး. . . ဟေး. . . ဟေး."

"ဟေး. . . ဟေး. . . ဟေး."

"ဟေး. . . ဟေး. . . ဟေး."

ကျွန်ုပ်တို့ (၃)ယောက်၏ တောမောင်းသံသည် မြိုင်ယံတစ်လျှောက် ပဲ့တင်သံများပင် ထင်ဟပ်လာ၏။

"ဒိုန်း"

တူမီးသေနတ်ပေါက်ကွဲသံကြားသည်နှင့် တောခြောက်သံသည် တိခနဲပြတ်သွားရာ ကျွန်ုပ်လည်း ရပ်လိုက်မိပြီး ခပ်သွက်သွက်ပင် ပေါ်တည့်တည့်သို့ တက်သွားခဲ့သည်။

"ဝူး. . . ဝူး. . . ဝူး."

လူစုဝေးရန် တိုင်ပင်သံဖြစ်[illegible]
ကျွန်ုပ်မှာလည်း ပြန်၍အူလိုက်ပြီး အူ[illegible]
ကြားရာသို့သွားခဲ့လေ၏။ မကြာမီ[illegible]
ကျွန်ုပ်တို့ (၄) ဦး ပြန်ဆုံမိကြသည်[illegible]
ကိုလမ်မဆီးမှာ မျက်စိမျက်နှာမကော[illegible]
လှချေ။

"ကျွန်တော်တော့ မယုံနိုင်အော[illegible]
ဖြစ်ရတယ် ကိုအိုက်ဆန်။ သားကော[illegible]
ကို အပီမြင်ရပါလျက်နဲ့ ပစ်ချက်လွဲသွ[illegible]
တယ်ဆိုတာ ကျွန်တော့်ဘဝမှာ ဒီတ[illegible]
ပထမဆုံးအကြိမ်ပါပဲ"

"ဒီတစ်ကြိမ် ကျွန်တော်ပစ်မ[illegible]
ဗျာ။ ခင်ဗျားတို့ ခြောက်ပေးပါ"

ဟု ကိုယောနကဆိုပြီး ရှေ့ဘ[illegible]
သို့ ထွက်ခဲ့ကြပြန်၏။

ဒီတစ်ခါ ကိုယောနက ဦးဆော[illegible]
၏။ ကျွန်ုပ်လိုက်ခဲ့သောကြောင့်[illegible]
သူတို့အဖွဲ့ အလွဲလွဲအမှားမှားဖြစ်နေခြ[illegible]
ဟု ယူဆထားသဖြင့် ကျွန်ုပ်မှာ စိ[illegible]
မကောင်းခြင်းကြီးစွာဖြစ်နေရလေ၏။[illegible]
တတ်ပါက နောက်ကြောင်းလှည့်[illegible]
ချက်ချင်းပင်ပြန်သွားချင်လှပါ၏။ ကျွ[illegible]
သည်ကား အကုသိုလ်အကျိုးမပေးသ[illegible]
ဆိုရမည် ဖြစ်သည်။ သို့သော် ပေ[illegible]
သည့်နဖူး မထူးပြီမို့ လက်ရှိအလုပ်[illegible]
စိတ်နှစ်မြှုပ်ကာ သူတို့ခြေလှမ်းတွေ[illegible]
အမီလိုက် နေရတော့၏။

နာရီဝက်ခန့်လျှောက်ပြီးသော်[illegible]
တောင်ကုန်းတစ်ခုအရောက်တွင် ကျွ[illegible]
အား အလယ်မှထားလျက်တောခြော[illegible]
ရန်စီစဉ်ကြပြန်၏။ ကိုယောနကား[illegible]
ပါးဖျတ်လတ်စွာ တောင်ထိပ်သို့တ[illegible]
သွားခဲ့လေပြီ။

အတန်ငယ်ကြာသော် ဘယ်၊[illegible]
မှ ခြောက်သံများထွက်လာသည်[illegible]
ကျွန်ုပ်လည်း ခြောက်သံပေးကာ တော[illegible]
ပေါ်သို့ခပ်သွက်သွက်တက်ရ၏။[illegible]
အကြာတွင် ကျွန်ုပ်၏လမ်းကြောင်း[illegible]
နှစ်လံအကွာလောက်မှ ချေတစ်ကော[illegible]
ဖြတ်ကျော်၍ ပြေးဆင်းသွားသည်[illegible]
မြင်လိုက်ရလေ၏။

ချေ(ဂျီ)ကာ အထက်သို့ မ[illegible]
ကျွန်ုပ်တို့လာရာလမ်းကြောင်းအ[illegible]
ဆင်းပြေးဆင်းသွားခဲ့သည်ကို အံ့ဩ[illegible]
မြင်လိုက်ရလေ၏။ အကယ်၍သာ[illegible]
နှာချင်းဆိုင်ဆင်းလာခဲ့ပါက ကျွန်ုပ်[illegible]
မရှောင်ဘဲ အစွယ်ဖြင့်ပက်သွား[illegible]
ချေ၏။ ကံကောင်း၍သာ လွ[illegible]
သွားရခြင်းဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com


ရောမြေ-ကျော်ဝေ

# ရှေးမူမပျက်အစွမ်းထက်သည့်အင်းလက်ဖွဲ့နှစ်မျိုး

(ဉာဏ်တော်သုံးပါးစက်စီရင်သည့်အင်းလက်ဖွဲ့)




လက်ဝဲ(၁)
ငွေပြားစက်ဝိုင်း
လက်ဖွဲ့ကြိုးအပြာရောင်




လက်ယာ(၁)
ငွေပြားစက်ဝိုင်း
လက်ဖွဲ့ကြိုးအဝါရောင်

ရှေးမူမပျက် အစွမ်းထက်သည့် အင်းလက်ဖွဲ့နှစ်မျိုးဟု ခေါင်းစီးပေးပြီး ဖော်ပြလိုပါသည်။ စာရေးသူသည် ၂၀၀၉ ခုနှစ်တွင် ရပ်ကွက်အတွင်းသို့ ပြောင်းရွှေ့ နေထိုင်ခဲ့ပါသည်။ စာရေးသူ၏နေအိမ်နှင့် မျက်နှာချင်းဆိုင်နေအိမ်တွင် ဦးမင်းဌေးဆိုသူ တိုင်းရင်းဆေးဆရာကြီးတစ်ဦးရှိပါသည်။ စာရေးသူနှင့် အလွန် ခင်မင်ရင်းနှီးသဖြင့် သူ၏ဗေဒင်အတတ်ပညာ၊ ဆေးဝါးမန္တရားအင်းအိုင်လက်ဖွဲ့ကအစ သူ၏တတ်သည့်ပညာကိုနေသာဆိုသလို စာရေးသူကို မိတ်ဆွေရင်းချာသဘောမျိုးဖြင့် ပြောပြပါသည်။ စာရေးသူသည် ထိုပညာများကို စိတ်ဝင်စားပါသော်လည်း တတ်ကျွမ်းမှုမရှိခဲ့ပါ။ ထိုဆရာကြီးများ၏ လက်တွေ့ ပွဲကျော် အတတ်ပညာများကို လေးစားသမှုရှိသလို ဝါသနာပါသူ စာပေပညာရှင်များအတွက် အသုံးပြုနိုင်ရန် စိတ်ရင်းမှန်ဖြင့် ပုံများနှင့်အတူ ဖော်ပြပေးလိုက်ပါသည်။

ဆရာကြီးဦးမင်းဌေး၏ လက်ဖက်ရည်ကြမ်းဝိုင်းတွင် စကားလက်ဆုံကျနေသည်မှာ စာရေးသူ အပါအဝင် စုစုပေါင်း လေးဦးဖြစ်ပါသည်။ အချိန်သည်ကား ညနေ(၆)နာရီထိုးပြီး မှောင်ရီဖျိုးဖျအချိန်လေးတွင် လူနှစ်ယောက်သည် ဆရာကြီး ဦးမင်းဌေး၏အိမ်ခြံရှေ့တွင် မတ်တတ်ရပ်ပြီး -

"ဆရာကြီး၊ ကျွန်တော်တို့ကို အိမ်ခြံဝိုင်းအတွင်းကိုဝင်ခွင့်ပြုပါ"

ဟု ဝင်ခွင့်တောင်းလေသည်။

ဆရာကြီးက ထိုလူနှစ်ဦးကို ခြံတံခါးဖွင့်ပေးပြီး -

"ကဲ - ဆို၊ ကိုစံလှနဲ့ ကိုစောသိန်း၊ ခင်ဗျားတို့ ဘယ်လိုအခက်အခဲတွေများရှိလို့လဲ"

ဟုဆိုသောအခါ ကိုစောသိန်းဆိုသူက -

"ဧည့်သည်တွေကိုတော့ အားနာပါတယ် ဆရာကြီး။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော့်အိမ်ကို ကျွန်တော်တို့နဲ့တစ်ခါတည်းကြွခဲ့ဖို့လာပင့်တာပါ ဆရာကြီး"

"ခင်ဗျားတို့ကလိုက်ခဲ့ဖို့လာခေါ်ပေမယ့် ကျွန်တော်က ခင်ဗျားတို့အိမ်မှာ ဘာဖြစ်မှန်းမသိဘဲလိုက်ရမယ်ဆိုတော့ ဖြစ်ပုံလေးကိုလည်း ပြောပြပါဦး။ ဒါမှ ကျွန်တော် လုပ်သင့်လုပ်ထိုက်တာလုပ်လို့ရမှာပေါ့"

'ချေစွယ်နဲ့နဲ့ ကျားပေါင်ပုံ' ဟု ကြားဖူး၏။ အကျဉ်းအကျပ်ကြုံပါက ကျားကိုပင်လျှင် ပက်ရဲသော သတ္တဝါ ဖြစ်ပြီး ကျားပေါင်ပင်လျှင်ပုံသည်ဟု အဆိုရှိသည်။ ချေပက်ခံရ၍ ပြုသွားပါက ထိုဒဏ်ရာသည် လေတိုက်တိုင်းပြုသည်ဟု အဆိုရှိပါသည်။ ထို့ကြောင့် ချေ၍ ထမ်းတော့မည်ဆိုလျှင် အစွယ် ချောင်းကို ဦးစွာရိုက်ချိုးပြီးမှ ခြေထောက်တို့ကိုပူး၍ ချည်နှောင်ကာ ထမ်းရကြောင်းကြားဖူး၏။

ကျွန်ုပ်တို့ခြောက်၍သာ နယ်ကုန်များသည်။ သေနတ်သံထွက်ဝေါ်မလာ သဖြင့် တောကောင်တစ်ကောင်မှအပေါ်ကို မပြေးကြောင်း သဘောပေါက်ရ၏။ အူသံပေး၍ စုစည်းကာ ခရီးဆက်ကြရပြန်၏။ ကျွန်ုပ်၏လမ်းပေါက်မှ ချေတစ်ကောင်ပြေးဆင်းသွားကြောင်းကိုမူ ရေငုံနှုတ်ပိတ်၍နေရလေ၏။ ပြောပြခဲ့သော် အားလုံးသောကဖြစ်ကြရပေမည်။

ထိုသို့ တစ်တောဝင်တစ်တောထွက်လှည့်ပတ်တောခြောက်ကြပါသော်လည်း ကံမကောင်း၍လား၊ ကံကောင်း၍လားမသိ တောကောင်တစ်ကောင်မျှ မရချေ။ သေနတ်သံတစ်ချက်သာထွက်နိုင်လိုက်လေ၏။ အချိန်မှာ နေ့(၁၂)နာရီခန့်ပင်ရှိခဲ့ရာ ထမင်းစားချိန်ပင် ရောက်ခဲ့ပြီဖြစ်သည်။

နောက်ဆုံးခြောက်သော တောတစ်တောအပြီးတွင် ကျွန်ုပ်တို့လည်း မောဟိုက်နွမ်းနယ်နေကြပြီ ဖြစ်၏။ ထို့ကြောင့် ရေရှိသောနေရာတစ်နေရာသို့ သွားကာ ထမင်းစားကြမည်ဟု ပြောပြီး တောင်ကြော၏အောက် လျှိုဘက်သို့ ဆင်းခဲ့ကြလေ၏။ ကျွန်ုပ်အနေနှင့် ဘယ်ဆီရောက်၍ ဘယ်ဆီပေါက်နေသည်ကို မမေးရဲခဲ့ပေ။

(ဆက်ရန်)

ရွှေပြည်စိုး (မိုးကုတ်)

www.burmeseclassic.com

ဟု ဆရာကြီး ဦးမင်းဌေးက ဆိုသောအခါ ကိုစံလှသည် ထိုင်နေကြသောစည့်သည်များကို သေချာစွာကြည့်ပြီး -

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော့်တူလေး မောင်ကျောက်ခဲ သရဲပူးနေလို့ပါ။ ကျွန်တော်တို့လည်း မလုပ်တတ်ဘူး။ ငိုလိုက်၊ ပြောလိုက်နဲ့ဖြစ်နေလို့ပါ ဆရာကြီး"

ဦးမင်းဌေးသည် စာရေးသူတို့ (၃) ဦးကို အားနာသောအကြည့်ဖြင့် -

"ဆရာတို့၊ ကျွန်တော်လိုက်သွားဦးမယ်"

ဟု ဆိုပြီး သူ၏ဗီရိုထဲမှ လက်ဖွဲ့ (၂) ခုကိုထုတ်ပြီး သူ၏ညာဘက်လက်မောင်းတွင် တစ်ခုချည်သလို ဘက်ဘက်လက်မောင်းတွင်လည်း တစ်ခုချည်ပြီး လက်နှိပ်ဓာတ်မီးကို လက်ကကိုင်လျက် ထိုလူနှစ်ယောက်နောက်သို့လိုက်သွားလေသောအခါ စာရေးသူကလည်း အိမ်ပြန်ခဲ့သလို ကျန်သူ၏တပည့်နှစ်ယောက်ကလည်း အိမ်တံခါးကို သော့ပိတ်ပြီး ဆရာဦးမင်းဌေးနောက်သို့ လိုက်သွားကြလေသည်။

ဦးမင်းဌေးက ခြံဝကိုရောက်သည်နှင့် မောင်ကျောက်ခဲသည် -

"ကြောက်တယ် ကြောက်တယ်၊ ဆရာ့ကိုကြောက်တယ်"

ဟုပြောဆိုပြီး လက်အုပ်ချီလျက်-

"ကျွန်တော် သာရဝေါက မောင်လှချောပါ ဆရာ။ ကျွန်တော်ရဲ့ မြက်ထမ်းထမ်းပိုးလေးကို ကျွန်တော့်မိန်းမထွေးခင်က မဆင်မခြင်ပေးလိုက်တာ သူ့အစ်ကိုကြီး ကိုသံချောင်းကိုပါ။ ကျွန်တော့်ယောက်ဖဆိုပေမယ့် ကျွန်တော်အဲဒီထမ်းပိုးလေးကို မပေးနိုင်ပါဘူး။ ကျွန်တော့်နွားစာရိတ်ပြီး မြက်ထမ်းနေကျ ဒီထမ်းပိုးလေးက တန်ဖိုးမရှိပေမယ့် ကျွန်တော့်အတွက်တော့ တန်ဖိုးမဖြတ်နိုင်ပါဘူး"

ဦးမင်းဌေးသည် ကျောက်ခဲကို ပရလောကသား လှချောက ဝင်ပူးပြီး ပြောဆိုနေပုံကို သေချာစွာ နားထောင်ပြီး -

"ဟေ့ကောင်-လှချော၊ မင်းက မင်းယောက်ဖ သံချောင်းကို မကျေနပ်တာနဲ့ သံချောင်းကိုတော့မပြောဘဲနဲ့ ကျောက်ခဲကိုမှဝင်ပူးပြီးပြောရတယ်လို့၊ မင်းကလူ့ဘဝမှာမရှိတော့ဘူးလေ။ မင်းသေသွားပြီ။ ဘာမဟုတ်တဲ့ထမ်းပိုးကို အစွဲအလမ်းမထားပါနဲ့ကွာ။ မင်းကောင်းရာမွန်ရာကို သွားပါ၊ မင်းမယားနဲ့ သားသမီးတွေကို စိတ်မစွဲပါနဲ့ကွာ။ သူတို့က မင်းအတွက် ကောင်းမှုကုသိုလ်ပြုလုပ်ပေးလိမ့်မယ်။ မင်းသာစုခေါ်နိုင်အောင်တော့ ကြိုးစားပါကွာ။ မင်းငါ့ကိုသေသေချာချာကြည့်စမ်း၊ မင်းသိတဲ့လူဟုတ်၊ မဟုတ်"

"ကျွန်တော် ဆရာ့ကိုကြောက်ပါတယ်ဆရာ။ ဆရာရဲ့ညာလက်မောင်းနဲ့ ဘယ်လက်မောင်းက မီးဟုန်းဟုန်းတောက်နေတဲ့အလင်းရောင်တွေက ပူပါတယ်ဆရာ။ ကျွန်တော့်မျက်စိတွေထဲမှာ လျှပ်စီးတွေလက်နေသလိုပါပဲ၊ မကြည့်နိုင်ပါဘူး။ ကျွန်တော်ကိုလွှတ်ပေးပါ ဆရာ"

"အေး-ကောင်းပြီ၊ မင်းကိုငါလွှတ်ပေးမယ်။ ဒါပေမယ့် မင်းကတိတစ်ခုတော့ ငါ့ကိုပေးရမယ်။ ဘယ်သူ့ကိုမှမစွဲမလမ်းနဲ့၊ မခြောက်လှန့်ပါဘူးဆိုတဲ့ကတိပါပဲ"

"ကျွန်တော် ကတိပေးပါတယ်ဆရာ။ ကျွန်တော်ပြန်ရမယ့်နေရာကဝေးလို့ နောက်ကို ကျွန်တော်မလာရဲတော့ပါဘူး"

ထမ်းပိုးအစွဲနှင့် ယောက်ဖနောက်ကိုလိုက်လာတဲ့ တစ္ဆေမောင်လှချောလည်း ဆရာဦးမင်းဌေးနှင့်တွေ့တော့မှာပဲ။ ကံငယ်နေတဲ့ ကျောက်ခဲ၏ ခန္ဓာကိုယ်မှာပူးကပ်ခြင်းမှ ထွက်ခွာသွားရလေတော့သည်။ ဆရာဦးမင်းဌေးဆောင်သည့် အဆောင်သည်ကား ဉာဏ်တော်သုံးပါးစက်ပင် ဖြစ်လေသည်။ ၎င်းဉာဏ်တော်သုံးပါးစက်သည် ရှေးအခါက မြန်မာဘုရင်များအတွက် ကိုယ်ခံပညာခေါ် အင်း၊ လက်ဖွဲ့တစ်မျိုးပင်ဖြစ်သည်။ ဂမ္ဘီရဟုခေါ်ဆိုသော ရှေးဟောင်းလောကီပညာရပ်များသည် ထွန်းကားခဲ့သလို အင်းဝိဇ္ဇာဗားမဲ့ဆရာတော်ဘုရားကြီးက သာလွန်မင်းတရားကြီးကို စီရင်ပေးသော အင်းလက်ဖွဲ့အစီအရင်တစ်ခုဖြစ်သည်ဟု စာပေကျမ်းဂန်ရှေးဟောင်းစာပေများတွင် ထင်ရှားစွာရှိခဲ့ဖူးသည်ကို လေ့လာသူတို့ကတွေ့ရှိရသည်ဟု ရေးသားသည်ကို တွေ့မြင်ကြရပါသည်။

၎င်းစက်စီရင်လိုသော ငွေပြားပေါ်တွင် ပုံတွင်ပြထားသည့်အတိုင်း ဘုရားပွဲပြင်၍ အလင်းတိုင် (၉) တိုင်၊ အမွှေးတိုင်(၉)တိုင်ကိုထွန်းညှိပြီး လက်ဖွဲ့ပြုလုပ်မည့်ငွေပြားပေါ်တွင် ညဉ့်ဦးယံ (၉)နာရီမှာ (ပု)ကိုရေးပါ။ သန်းခေါင်ယံ (၁၂)နာရီတိတိအချိန်မှာ (ဒိ) ကို ရေးပါ။ အရုဏ်တက်ချိန်တွင် (အာ) ကို ရေးပါ။ ၎င်းစာများကို အိမ်ရှိဘုရားရုပ်ပွားတော်ရှေ့တွင် အင်းပြားနှစ်ချပ်ကို 'ပုဒိတာ' ဂါထာကို (၁၀၀၀) ပြည့်အောင် စုတ်... ပြီးလျှင် ဂုဏ်တော် (၉) ပါးကို (၁၀... ခေါက်ပြည့်အောင်စုတ်ပါ။ အင်းပြား... လက်ယာတစ်လုံးလိပ်ပြီး လက်ဝဲတစ်... လိပ်ရမည်။ လက်ဖွဲ့ကိုလိပ်ရာတွင် လ... ယာ၊ လက်ဝဲ မှန်ကန်စွာလိပ်ပါ။

ပြီးလျှင် ဟိန်းရမည့်ဂါထာကား -

ဥုံ - ပူရောစ ပူဇနေယျာန်

ဟု ဆို၍ (ပု) ဟု မှတ်ပါ။

ဥုံ -ဒိဝါစရတ္တော စပဟန္တိ ဗ...
ဗလိ

ဟု ဆို၍ (ဒိ) ဟု မှတ်ပါ။

ဥုံ - အာသောက ဝိရဇံ ခေမံ

ဟု ဆို၍ (အာ) ဟု မှတ်ပါ။

၎င်းဂါထာရွတ်ဆိုရာတွင် ပီသ... မှန်ကန်ဖို့ လိုပါသည်။ မှားလျှင်မရ... သေချာစွာစီစဉ်ပြီးဆောင်ရွက်ရပါမည်... ထိုဘယ်၊ ညာ ဟူသော အင်းလက်... နှစ်မျိုးမှာ အစွမ်းထက်ပုံချင်းတူပါသည်... ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိ ထိုသုံး... တို့သည် ထင်ရှားသိသာသလို သီလ... စုံသူ၊ ဘုရားတရားမြဲသူများအတွ... လက်ယာလက်မောင်းတွင် လက်... သို့မဟုတ် ၎င်းအစီအမံအင်းငွေပြား... မြှုပ်သော် ကာယသိဒ္ဓိအလွန်ထက်... ချိုးမွမ်းထိုက်၏။ ဘယ်လက်မောင်းတွ... ဘယ်ဘက်လက်ဖွဲ့ချည်နှောင်ထားသော... ပရလောကဟူသမျှတို့ကို အကုန်နိုင်၏... ၎င်းလက်ဖွဲ့များကို ကိုင်ဆောင်ထားသူ... သည် သီလ၊ သမာဓိ၊ သစ္စာဟူသော... အကျင့်သိက္ခာနှင့်ပြည့်စုံသူများ၊ အ... ကောင်းသားများကိုင်ဆောင်မှသာလျှ... အဆောင်လက်ဖွဲ့က အစွမ်းထက်... လိမ့်မည်။ ရှေးဆရာတို့က ဘယ်၊ ညာ... ဖက်အဆောင်လက်ဖွဲ့ကို မြဲမြဲစွာဆောင်... ထားကြပါသည်။ ကံငါးပါးကိုလုံခြုံသူ... အတွက် ၎င်းအဆောင်လက်ဖွဲ့အင်း... အကျိုးထူးပေးပါသည်။ ပုံစံတူဘယ်၊ ညာ... နှစ်မျိုးအတွက် ဉာဏ်တော်သုံးပါးစ... စီရင်နည်း သို့မဟုတ် 'ပုဒိအာ'အင်းလ... ဖွဲ့အဆောင်အကြောင်းကို ဖြစ်ရပ်မှ... ပြောပြပေးသော တိုင်းရင်းဆေးဆ... ကြီးဦးမင်းဌေးကို အထူးပဲကျေးဇူးတ... ပါသည်။ ဤဆောင်းပါးသည် ဦးမင်းဌေး... ၏ကိုယ်တွေ့ဖြစ်ရပ်မှန်ပင်ဖြစ်ပါသည်...

ရေမြေ...



www.burmeseclassic.com

www.burmeseclassic.com



## ဆိုးသွမ်းဟောရမ်း

# ရာဟုဂြိုဟ်ကြမ်း ဂြိုဟ်အိပ် ဂြိုဟ်စား သတိထား

△ဦးရေဝတနှာ-ဆရာစေယျာသခင်း
(ကမ္ဘာ့ပိဋကနှုတ်စီး ရွှေထီးဆောင်း)

အနောက်တိုင်းနှင့် အရှေ့တိုင်း နက္ခတ္တဗေဒင်ပညာရပ်များတွင်ဖြစ်စေ မြန်မာ့ လက်ရိုး၊ လက်ဆန်းဗေဒင်ဟု ခေါ်ဝေါ် မြန်မာ့ရိုးရာဗေဒင်ပညာရပ်ဟု ခေါ်ဝေါ် မြန်မာ့ဗေဒင်ပညာရပ်၌ဖြစ်စေ အကြမ်းအားဖြင့် ဂြိုဟ်ကြီး(၈)လုံး၊ ဂြိုဟ်ကြီး(၉)လုံးတို့ကို အခြေပြုတွက်ချက်ကြသည်သာ ဖြစ်လေသည်။ ထိုသို့ ဂြိုဟ်ကြီး (၈) လုံး၊ ဂြိုဟ်ကြီး (၉) လုံး စသဖြင့် ခေါ်ဆိုနေကြသော ဂြိုဟ်များမှာ တနင်္ဂနွေအစ ရာဟု၊ ကိတ်ဂြိုဟ်တို့အား ခေါ်ဆိုနေကြခြင်း ဖြစ်ပေသည်။

(ဤနေရာတွင် နက္ခတ္တဗေဒပညာ တနင်္ဂနွေအစ ရာဟုကိတ်ဂြိုဟ်အဆုံး ဂြိုဟ်ကြီး (၉) လုံးတို့မျှသာမက ယူနေ နေနပ်စ်၊ နက်ပ်ကျွန်းစသော ဂြိုဟ် (၂) လုံးပါ ပေါင်းစပ်လိုက်လျှင် ဂြိုဟ်ကြီး (၁၁) လုံးအထိ ရှိနေတတ်ပေသည်။)

မြန်မာ့ရိုးရာဗေဒင်ပညာဖြစ်သော မြန်မာ့ လက်ဆန်း ဗေဒင်ပညာရပ်၌မူ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ၊ ရာဟုဟူသော ဂြိုဟ်ကြီး (၈) လုံးကိုသာ အခြေပြုအသုံးချတွက်ချက်ကြပါသည်။ မည်သို့ပင်ဖြစ်စေ အရှေ့တိုင်း၊ အနောက်တိုင်း နက္ခတ္တဗေဒပညာရပ်တို့၌ဖြစ်စေ၊ မြန်မာ့လက်ဆန်းဗေဒင်ပညာရပ်တို့၌ဖြစ်စေ ပါဝင်နေသော ဂြိုဟ်တစ်လုံးကား ရာဟုဂြိုဟ်ဖြစ်လေသည်။

ယခု ကျွန်ုပ်တင်ပြအံ့သော အကြောင်းအရာကား ထိုရာဟုဂြိုဟ်နှင့် ပတ်သက်၍ မြန်မာ့လက်ဆန်းပညာ အမြင်ဖြင့် တင်ပြလိုခြင်း ဖြစ်ပေသည်။ ဤသို့ တင်ပြလိုခြင်းမှာလည်း ယနေ့ ကမ္ဘာတစ်ခုလုံးကို အင်အားကြီးမားစွာ ဆိုးသွမ်း ဟောရမ်း ကိုင်လှုပ်ဒုက္ခပေးနေသော အနီရာဟုဂြိုဟ်ဆိုးကြီး၏ အန္တရာယ်ကိုသိစေလိုသော၊ ထိုရာဟုဂြိုဟ်ဆိုးကြီး၏ ဘေးအန္တရာယ်မှ ခုနစ်ရက်သားသမီးအပေါင်းတို့ လွတ်ကင်းချမ်းသာရာရရာရကြောင်း ကောင်းမြတ်သောနည်းလမ်းတို့ကို အကြံပြုလိုသော ဆန္ဒသဘောနှင့် ဤဆောင်းပါးကို ရေးသား တင်ပြလိုခြင်း ဖြစ်ပါသည်။

မြန်မာ့လက်ဆန်းပညာရပ်တွင် တနင်္ဂနွေအစ ရာဟုအဆုံး ဂြိုဟ်ကြီး (၈) လုံးတို့၏ ဂြိုဟ်ပရိယာယ်များကို ဂြိုဟ်သက်အသီးသီး၊ ဂြိုဟ်တို့စိုးမိုးသော အက္ခရာအသီးသီး၊ဂြိုဟ်နံပါတ်အသီးသီး၊ ဂြိုဟ်အရောင်အသွေး၊ အထီး၊ အမ၊ မိတ်ဂြိုဟ်၊ ရန်ဂြိုဟ် စသဖြင့် ခွဲခြားသတ်မှတ်ထားပါသည်။ ထို့အပြင် ဂြိုဟ်တို့၏ စိုးမိုးရာအရပ်များကိုလည်း ခွဲခြားသတ်မှတ်ထားပြီး ထိုဂြိုဟ်ကြီး (၈) လုံးတို့အား ယင်းတို့ စိုးမိုးတည်ရှိရာအရပ်တို့ကိုလိုက်၍ အဋ္ဌလင်္ဂြိုဟ်ခွင်တို့ကို သတ်မှတ်ဖန်တီးထားခဲ့ပါသည်။

ဤနေရာ၌ ရာဟုဂြိုဟ်အကြောင်းကို ပြောပြမည်ဆိုသော်လည်း ဂြိုဟ်အသီးသီးတို့၏ အခြေခံဂြိုဟ်ပရိယာယ်အချို့ကို အဋ္ဌလင်္ဂြိုဟ်ခွင်များ၌ ရှင်းလင်းဖော်ပြဖို့လိုအပ်သောကြောင့် ဖြစ်ပါသည်။ စာဖတ်သူများကိုကျွန်ုပ်ကြိုတင်ပြောလိုသည်မှာ ဤဆောင်းပါးသည် ပညာရပ်ဆိုင်ရာ ဆောင်းပါးသက်သက် မဟုတ်ပါ။ စာဖတ်သူများနှင့် အများဝေနေယျအားလုံး ဗေဒင်ပညာတတ်သူတွေရော မတတ်သူတွေပါ သိစေချင်၊ သတိထားစေချင်၊ ရာဟုဂြိုဟ်၏ ဘေးဒုက္ခအန္တရာယ်မှ သတိထားကာကွယ်ဘေးကင်းချမ်းသာစေ၍ ရေးနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဤဆောင်းပါးကို ဖတ်သူများသည် အစမှအဆုံး စိတ်ရှည်စွာ ပြီးဆုံးအောင် ဖတ်စေချင်ပါသည်။ ပညာပေးနေခြင်း မဟုတ်ပါ။ အားလုံး ရာဟုဂြိုဟ်ဆိုးဘေးရန်မှကင်းဝေးစေရန်၊ ချမ်းသာစေရန် မေတ္တာစေတနာထား၍ ရေးသား တင်ပြနေခြင်း ဖြစ်ပါသည်။ သင် ဤဆောင်းပါးကိုဖတ်ပြီး သင်သိသလို အခြားသူများကိုလည်း ဖောက်သည်ချပြန်ပြောပြပါ။ ရှယ်ပေး (Share) ကြပါ။ (Facebook အသုံးအနှုန်းအရ ပြောခြင်းဖြစ်ပါသည်။)

| | | |
|---|---|---|
| အရှေ့မြောက် | အရှေ့အရပ် | အရှေ့တောင်အရပ် |
| မြောက် | | တောင်အရပ် |
| အနောက်မြောက် | အနောက် | အနောက်တောင် |

အဋ္ဌလင်္ဂြိုဟ်ခွင်၌အရပ်မျက်နှာသတ်မှတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| တနင်္ဂနွေ (၁နွေ) ဂြိုဟ်သက်-၆နှစ် | တနင်္လာ (၂လာ) ဂြိုဟ်သက်-၁၅နှစ် | အင်္ဂါ (၃ဂါ) ဂြိုဟ်သက်-၈နှစ် |
| သောကြာ(၆ကြာ) ဂြိုဟ်သက်-၂၁နှစ် | | ဗုဒ္ဓဟူး (၄ဟူး) ဂြိုဟ်သက်-၁၇နှစ် |
| ရာဟု (၈ဟု) ဂြိုဟ်သက်-၁၂နှစ် | ကြာသပတေး(၅တေး) ဂြိုဟ်သက်-၁၉နှစ် | စနေ (၀နေ) ဂြိုဟ်သက်-၁၀နှစ် |

**အဋ္ဌလင်္ဂြိုဟ်ခွင်၌ အရပ်မျက်နှာအလိုက် ဂြိုဟ်များတည်ရှိပုံနှင့်ဂြိုဟ်သက်များ**

**▫ အခြားသိသင့်သိအပ်ရာများ**

**၁။ ဓာတ်မိတ်ဂြိုဟ်များ**

| | | | |
|---|---|---|---|
| အဗ္ဗော | ဂဗ္ဘော | စရေ | ဝံသေ |
| ၁-၀ | ၂-၅ | ၃-၈ | ၄-၆ |

ထိုလက်္ခအရ-

တနင်္ဂနွေနှင့် စနေ (၁-၀) သည် အဗ္ဗော-မီးဓာတ် ဖြစ်ကြသည်။

တနင်္လာနှင့်ကြာသပတေး (၂-၅) သည် ဂဗ္ဘော-မြေဓာတ် ဖြစ်ကြသည်။

အင်္ဂါနှင့်ရာဟု(၃-၈)သည် စရေ-လေဓာတ် ဖြစ်ကြသည်။

ဗုဒ္ဓဟူးနှင့် သောကြာ (၄-၆)သည် ဝံသေ-ရေဓာတ် ဖြစ်ကြသည်။

**▫ ဓာတ်ရန်ဂြိုဟ်များ**

| | | | |
|---|---|---|---|
| ဦး-ဝေ | စံ-ကူး | ရေ-ဘူး | တော-သူ |
| ၁-၄ | ၃-၂ | ၈-၅ | ၀-၆ |

အထက်လက်္ခအရ –

တနင်္ဂနွေနှင့် ဗုဒ္ဓဟူး၊ အင်္ဂါနှင့် တနင်္လာ၊ ရာဟုနှင့် ကြာသပတေး၊ စနေနှင့် သောကြာဂြိုဟ်တို့သည် ဓာတ်ရန်ဂြိုဟ်များ ဖြစ်ကြပေသည်။

ဤသည်တို့ကို ယခု ကျွန်ုပ်ရေးသား တင်ပြနေသော 'ရာဟုဂြိုဟ်ကြယ်' အကြောင်းဆောင်းပါးနှင့် အများဆုံး ပတ်သက်သမျှ သိသင့်သိအပ်သော ဂြိုဟ် (၈) လုံးတို့အကြောင်း အကျဉ်းအမြွတ်မျှသာ ဖြစ်ပါသည်။ မြန်မာ့လက်ရိုးလက်ဆန်းဗေဒင်ပညာကို လေ့လာဆည်းပူးလိုသူတို့အတွက်မူ သိသင့်သိအပ်သော အခြေခံ အကြောင်းချက်များစွာ ကျန်ပါသေးသည်။

▫ ဤကမ္ဘာလောကကြီးတစ်ခုလုံးကို ရာဟုဂြိုဟ်ကြီး အဘယ်ကြောင့် ဆိုးသွမ်းဟောရမ်း ကြမ်းတမ်းစွာ စိုးမိုးဒုက္ခပေးနေသည်ဟု ဆိုရပါသနည်း။

ဤဆောင်းပါးနိဒါန်း၌ ကျွန်ုပ်တို့ရတနာ - ဆရာဇေယျာလင်းသည် ဤကမ္ဘာကြီးတစ်ခုလုံးကို ရာဟုဂြိုဟ်ကြီးသည် အလွန်ဆိုးသွမ်းဟောရမ်းစိုးမိုးဒုက္ခပေးနေသည်ဟု ယုံကြည်ယူဆကြောင်းပြောခဲ့ပြီး ဖြစ်သည်။ ဤနေရာ၌ အဘယ်ကြောင့် ကျွန်ုပ် ဤသို့ ယုံကြည်ယူဆရသနည်းဟု သိလိုကြမည်ထင်ပါသည်။

အချို့က ထင်ကြပေလိမ့်မည်။ ကျွန်ုပ်သည် နက္ခတ္တဗေဒပညာ[ဖြ] ကောင်းကင်ရှိ ဂြိုဟ်သွားဂြိုဟ်လာ၊ ဂြိုဟ်[...] နေ၊ ဂြိုဟ်ထိုင်တို့ကို တွက်ချက်၍ (၁[...] ရာသီခွင် ကောဇာဂြိုဟ်စီး၊ ဂြိုဟ်န[...] ဂြိုဟ်မြင်၊ ဂြိုဟ်ယှဉ်များကိုကြည့်လျ[က်] ပြောနေသည်လားဟု လည်းကော[င်း] သို့မဟုတ် မြန်မာ့ရိုးရာ လက်ဆန်းပညာရပ်တို့ကို အသုံးချလျက် အဋ္ဌလင်္ဂြိုဟ်ခွင်အရ ဂြိုဟ်အိပ်၊ ဂြိုဟ်စား ၊ ဂြိုဟ်သက်များကို အခြေပြုတွက်ချက်ပြောလေသည်လားဟု ထင်ကြပေလိမ့်မည်။

စင်စစ် ကျွန်ုပ်သည် နက္ခတ္တဗေဒပညာ ခရစ်သျှနားမူရတီးနက္ခတ်ပညာ စသော နက္ခတ္တဗေဒပညာရပ်များ၊ မဟာဘုတ်သုံးတန်ပေါ်နိစ်၊ အင်္ဂဝိဇ္ဇာ၊ ဆန်းပညာ စသော မြန်မာ့လက်ရိုးလက်ဆန်းပညာများ၊ လက္ခဏာပညာ၊ အတိတ်ကောက် နိမိတ်ကောက်၊ တားရော့ပညာ စသော ပညာရပ်တို့ကို အသင့်အတင့် လေ့လာဆည်းပူးခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ယ[ခု] ရာဟုဂြိုဟ်ကြီး ကမ္ဘာတစ်ခုလုံးအား မည်သည့်ပညာရပ်တို့ကိုမျှ အသုံးမချ[ဘဲ] ခန့်မှန်းပြောခြင်း ဖြစ်ပါသည်ဟုဆိုပါ[မူ] ကျွန်ုပ်ကို အားလုံးက နားမလည်နိုင်[ဘဲ] လက်မခံနိုင်ဖြစ်ကြပေလိမ့်မည်ကို ကျွန်ုပ်ကြိုတင်ခန့်မှန်းမိပြီးဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်၌လည်း လုံလောက်သော အားထားလောက်သော အကြောင်း[ပြ]ချက်များ၊ သက်သေသာဓကများရှိ[ပါ]သည်။

လောက၌ အချို့သောအကြောင်းခြင်းရာများသည် ထိုမျက်မှောက်ပစ္စု[ပ္ပန်] ကာလ၌ ဖြစ်ပေါ်နေသော အ[...] အပျက်များ၊ ပေါ်ပေါက်နေသောအခြ[င်း] အရာများကိုကြည့်လျက် မည်သို့သော အကြောင်း၊အကျိုးတရားများ ဖြစ်ပေါ်[...] တော့မည်ကို မှန်းဆကြိုတင်ကြည့်[မြင်] သိရှိနိုင်ပါသည်။ ဥပမာ သဘာဝ[...] ဖြစ်ပျက်နေသော အကြောင်းအခြင်း[အရာ] များအနက် မိုးလေဝသအခြေအနေ[...] ခန့်မှန်းကြပုံများကို လေ့လာကြည့်ပါ[က]

'စောင်းဆရာ၊ ယားနာ ပွေးကွ[က်] ပါဒရက်၊ ပုရွက် ပလူ၊ အဆူနှင့် [...] ပေါင်းရှစ်ပါး' ဟု မိုးလေဝသခန့်မှန်းချ[က်] ကို လင်္ကာနှင့်တွဲ၍ ရှေးလူကြီးမျ[ား] မိုးလေဝသကို ခန့်မှန်းကြပါသည်။ ဆိုလိုသည်ကား မိုးကြီးရွာခါနီးလျှ[င်] စောင်းကြိုးများတင်းလာသည်။ ယား[...] ခုနာ၊ ပွေးကွက်များရှိလျှင် ယားယံ[...] ပါက မိုးရွာတော့မည်။ မိုးနီးလျှ[င်]

## ဂြိုဟ်တို့၏ ပညတ်ဗျည်းအက္ခရာများ

| | | | |
|---|---|---|---|
| ၁။ | တနင်္ဂနွေဂြိုဟ် | ဂဏန်းအားဖြင့်-၁ | အက္ခရာအားဖြင့်-အ |
| ၂။ | တနင်္လာဂြိုဟ် | ဂဏန်းအားဖြင့်-၂ | အက္ခရာအားဖြင့်-က၊ခ၊ဂ၊ဃ၊င |
| ၃။ | အင်္ဂါဂြိုဟ် | ဂဏန်းအားဖြင့်-၃ | အက္ခရာအားဖြင့်-စ၊ဆ၊ဇ၊ဈ၊ည |
| ၄။ | ဗုဒ္ဓဟူးဂြိုဟ် | ဂဏန်းအားဖြင့်-၄ | အက္ခရာအားဖြင့်-ယ၊လ၊ဝ |
| ၅။ | ကြာသပတေးဂြိုဟ် | ဂဏန်းအားဖြင့်-၅ | အက္ခရာအားဖြင့်-ပ၊ဖ၊ဗ၊ဘ၊မ |
| ၆။ | သောကြာဂြိုဟ် | ဂဏန်းအားဖြင့်-၆ | အက္ခရာအားဖြင့်-သ၊ဟ |
| ၇။ | စနေဂြိုဟ် | ဂဏန်းအားဖြင့်-၇-၀ | အက္ခရာအားဖြင့်-တ၊ထ၊ဒ၊ဓ၊န |
| ၈။ | ရာဟုဂြိုဟ် | ဂဏန်းအားဖြင့်-၈ | အက္ခရာအားဖြင့်-ရ |

(ကျွန်ုပ်အယူအဆအရ 'ယ' ကိုလည်း ရာဟုဗျည်းအက္ခရာဟု ယူဆပါသည်)



www.burmeseclassic.com

www.burmeseclassic.com

…လာပါဒရက်ရှိသူများ ညောင်းကိုက်လာသည်။ ပုရွက်ပလူကောင်များများစွာ ထွက်ပေါ်လာသည်။ ဖားကောင်တွေ အတော်များများ အော်မြည်လာမည်ဆိုလျှင် မိုးကြီးရွာတော့မည်။ မိုးလာတော့မည်။

ထို့အပြင် မိုးခါကာလပင်ဖြစ်သော်ငြားလည်း ပုရွက်ဆိတ်ပိုးတို့ ရေအိုးအောက်ဝင်ခဲ့ပါလျှင် မိုးခေါင်လိမ့်မည်။ ဖားတွေကုန်းပေါ်တက်ကျက်စားလျှင် မိုးခေါင်မည်။ ငှက်တို့အသိုက်ကို မြေနှင့်နီးသော နိမ့်ပါးသည့်နေရာတို့၌ ပြုပါလေကလည်း မိုးခေါင်မည့် နိမိတ်သင်္ကေတ။ လယ်ပုစွန်လုံးတို့ တွင်းကို ရေစပ်နေရာများထားကလည်း မိုးခေါင်မည့်အကြောင်းတစ်ရပ်သာဖြစ်ချေသည်။ တစ်ဖန် သဖန်းပင်၊ ပေါက်ပင်တို့ အပင်အောက်ပိုင်း၌ အသီးများသီးပါက မိုးဦးကောင်း၏။ အပင်အလယ်ပိုင်းတို့၌ အသီးများပါက မိုးလယ်ကောင်း၏။ အပင်အဖျားပိုင်း၌ အသီးများပါက မိုးနှောင်းကောင်း၏ဟု ခန့်မှန်းသိနိုင်ကြပေသည်။

ဤကား ရှေးလူကြီးများ မည်သည့်နက္ခတ်၊ ဂြိုဟ်နေ၊ ဂြိုဟ်ထိုင်တို့ကို မှမတွက်ချက်ဘဲ၊ မည်သည့်ဂြိုဟ်တုလောင်းအကူအညီမျှမယူဘဲ သဘာဝမိုးလေဝသအခြေအနေကို ခန့်မှန်းပြောဆိုနိုင်ကြသည်ကို သိစေချင်၍ဖြစ်ပေသည်။

ဤလောက၌ သတိမမူ၊ ဂူမမြင် (အချို့က မြူမမြင်ဟု ဆိုကြသည်) သတိမူမှ ဂူမြင်နိုင်သည်၊ မြူမြင်နိုင်သည်။ သတိမထားလျှင် ဂူလည်းမမြင်၊ မြူလည်းမြင်မည် မဟုတ်ချေ။ သတိထားမှတ်သား လေ့လာခြင်းကောင်းလျှင် အရာရာကို ဆင်ခြင်မှတ်သားချင့်ချိန် သိရှိနိုင်သည်သာ ဖြစ်ပေသည်။ ရှေးလူကြီးတို့သည် သဘာဝသစ်ပင်၊ တိရစ္ဆာန်တို့၏ အနေအထား၊ ဓလေ့စရိုက်အခြေအနေပြောင်းလဲဖြစ်ပေါ်မှုများနှင့် မိုးလေဝသတို့ ဆက်စပ်မှုရှိပုံကို သတိထားမှတ်သားလေ့လာခဲ့သဖြင့် ခန့်မှန်းသိရှိနိုင်ခဲ့ကြခြင်း ဖြစ်ပေသည်။ ဤသို့ အရာရာကို သတိထားမှတ်သားဆင်ခြင်ခြင်းကို အနောက်တိုင်းဘာသာအသုံးအနှုန်းအရ Observation ဟု ခေါ်မည်ထင်ပါသည်။

ထိုသို့သောထုံးကို နှလုံးမူလျက် ကျွန်ုပ် တြိရတနာ-ဆရာဇေယျာလင်းသည်လည်း ယခုမျက်မှောက်ကာလ၌ ကမ္ဘာပေါ်၌ ဖြစ်ပျက်နေသော အလွန်ထင်ရှားသည့်အကြောင်းခြင်းရာ အဖြစ်အပျက်များကို သတိထားစောင့်ကြည့်လေ့လာ ဆင်ခြင်ကြည့်လိုက်သောအခါ 'ယခုအခါ ကမ္ဘာလောကကတစ်ခုလုံးကို ရာဟုဂြိုဟ်ကြီး ဆိုးသွမ်းဟော့ရမ်းကြမ်းတမ်းစွာ စိုးမိုးခြယ်လှယ် ဒုက္ခပေးနေကြောင်း ကောင်းကောင်းကြီး သတိထားသိရှိလိုက်ရပေတော့သည်'။ ဤသို့ဆိုလျှင် ရာဟုဂြိုဟ်ကြီး ဆိုးသွမ်းဟော့ရမ်းကြမ်းတမ်းရိုင်းစိုင်းစွာ ဒုက္ခပေးနေပုံများကို အဘယ်ပုံနည်း။ မည်သည့်အတွက် ထိုသို့ပြောနိုင်ရပါသနည်းဟု စာဒကတက်စရာရှိပါသည်။ စာဒကတက်လိုသူများရှိပါက ကျွန်ုပ်ဘက်ကလည်း အကျိုးသင့်အကြောင်းသင့်ရှင်းလင်းပြောပြစရာ သက်သေသာဓကများနှင့်တကွရှိပါလေသည်။ ဤသို့ ကမ္ဘာလောကကြီးအား ရာဟုဂြိုဟ်ကြီး ဟော့ရမ်း ဆိုးသွမ်းကြမ်းတမ်းစွာ စိုးမိုးခြယ်လှယ်နေကြောင်း ကောင်းစွာ သိရှိနိုင်သော အဖြစ်အပျက်အကြောင်းခြင်းရာ အချက်အလက်များကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ်တင်ပြအပ်ပါသည်။

၁။ ရာဟုဂြိုဟ်စိုးမိုးသောအရပ်မျက်နှာရှိ ဖြစ်ပျက်နေသောသာဓကဖြစ်ရပ်များ။

၂။ ရာဟုဂြိုဟ်မာတ်သဘောဖြင့်ဖြစ်ပျက်နေသောသာဓကဖြစ်ရပ်များ။

၃။ ရာဟုဂြိုဟ်သင့် အမည်ပညတ်ရှိသော (သို့) ဆက်စပ်လျက်ရှိသော သက်ရှိ၊ သက်မဲ့များ၌ ဖြစ်ပေါ်နေသည့် ဖြစ်ရပ်များ ဟူ၍ ခွဲခြမ်းစိတ်ဖြာ လေ့လာသုံးသပ်တင်ပြသွားမည် ဖြစ်ပါသည်။

**၁။ ရာဟုဂြိုဟ်စိုးမိုးသောအရပ်မျက်နှာ၌ ဖြစ်ပျက်နေသောသာဓကများ**

ဤအခန်းကဏ္ဍကို ဆွေးနွေးပြောဆိုခြင်းမပြုမီ ရာဟုဂြိုဟ်စိုးမိုးသောအရပ်ဒေသကို မည်သည့်နေရာဒေသဗဟိုပြုလျက် သတ်မှတ်ပြောဆိုပါမည်နည်းဟု မေးစရာရှိပါသည်။ ဤမြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းလုံးသို့ အရပ်မျက်နှာသတ်မှတ်ခြင်း (သို့) သက်ဆိုင်ရာဂြိုဟ်တို့၏ အရပ်မျက်နှာသတ်မှတ်ကောက်ယူခြင်းကို ဤရန်ကုန်မြို့တော်အား ဗဟိုပြုလျက် သတ်မှတ်ပါမည်။ မြန်မာနိုင်ငံ၏ အလယ်ပိုင်းဒေသကိုလည်း အခြေမပြုပါ။ ရန်ကုန်ကိုသာ ကျွန်ုပ် အခြေပြုသတ်မှတ်ပါမည်။

အကြောင်းမူကား ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏ ဘူမိနက်သန်မှန်သောနေရာ၊ အချက်အချာကျသောနေရာဖြစ်သောကြောင့်ပါပေ။ ပြောရမည်ဆိုလျှင် မြန်မာနိုင်ငံတစ်ဝန်းလုံး မည်သည့်မြို့ရွာများမှ ရန်ကုန်လောက် အချက်အချာမကျပါ။ အချက်အချာကျတာချင်း တူခဲ့လျှင်လည်း ရန်ကုန်မြို့လောက် ဘူမိနက်သန်မမှန်ပါ။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံအတွက် ဘူမိနက်သန်မှန်သောမြေ၊ သာသနာ့ဝင်၊ သမိုင်းဝင်နေရာထူးဖြစ်ပါသည်။ ကျွန်ုပ်၏ ထင်မြင်ယုံကြည်ချက်အတိုင်း ပြောရပါလေမူ မြန်မာနိုင်ငံအဖို့ 'မြို့မှာရန်ကုန်၊ ဘုရားမှာရွှေတိဂုံ' ဟု ကျွန်ုပ်ဆိုပါမည်။

ဆိုခဲ့ပြီးသည့်အတိုင်း မြန်မာနိုင်ငံတစ်နံတစ်လျားမြို့ကြီးများရှိကြရာတွင် ရန်ကုန်မြို့တော်လောက် အချက်အချာကျသောမြို့ မရှိပါ။ ရန်ကုန်မြို့တော်သည် ကုန်းလမ်း၊ ရေလမ်း၊ လေလမ်းအားလုံးလမ်းပန်းသာပါသည်။ ပင်လယ်ဆိပ်ကမ်းနီးသည်။ သမိုင်းကြောင်းအရကြည့်လျှင် ရှေးမင်းအဆက်ဆက် တည်ဆောက်ပြုပြင် အခြေတည်ခဲ့သောမြို့ဖြစ်သည်။ ဘုရားပွင့်တော်မူစဉ်ကာလကပင် အထင်ကရရှိခဲ့သောနေရာ ဖြစ်သည်။ ရှေးမင်းလက်ထက်မှစ၍ ဗြိတိသျှကိုလိုနီခေတ်၊ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်၊ တော်လှန်ရေးကောင်စီအစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နဝတခေါ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရခေတ်၊ တစ်ဝက်တစ်ပျက်အထိ ခေတ်အဆက်ဆက် အစိုးရရုံးစိုက်လာသော မြို့ကြီးဖြစ်သည်။ တစ်ခေတ်တစ်ချိန်က အရှေ့တောင်အာရှမှာ စနစ်အကျဆုံး၊ အခမ်းနားဆုံးမြို့အဖြစ်ထင်ရှားခဲ့သော၊ ကမ္ဘာသိ ကျော်ကြား ထင်ရှားခဲ့သောမြို့တော်ဖြစ်သည်။ သမိုင်းဝင်မြို့သက်ရှည်ကြာထင်ရှားခဲ့သော မြို့တော်ကြီးဖြစ်ပြီးကုန်းဘောင်ခေတ်နောက်ဆုံးနန်းမြို့တော်မန္တလေးမြို့သက်ပင်လျှင် ရန်ကုန်မြို့တော်မြို့သက်နှင့် နှိုင်းယှဉ်လေပါက မြို့သက်ငယ်ငယ်လေးမျှသာရှိပေသည်။

သမိုင်းဝင်အဖြစ်သာမက သာသနာဝင်အဖြစ်ကို ကြည့်ပါလေဦး။ ရန်ကုန်မြို့တွင် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိရွှေတိဂုံဘုရား။ ထိုဘုရားကလည်း ကမ္ဘာကျော်ဘုရားပါ။ တစ်ဖန် ထိုဘုရား၏ ထူးခြားချက်ကား ဂေါတမမြတ်စွာ ဘုရားရှင်၏ ဆံတော်ရှစ်ဆူ ကိန်းအောင်း မွေ့လျော်



www.burmeseclassic.com

www.burmeseclassic.com

စံပျော်နေခြင်းပင် ဖြစ်ပေသည်။ ထိုဆံတော်ရှစ်ဆူမှာလည်း ဘုရားရှင် ဘုရားဖြစ်တော်မူပြီးစ ပဉ္စဝဂ္ဂီငါးဦးနှင့်ပင်မဆုံရသေးမီ မြန်မာနိုင်ငံသား ကုန်သည်နှစ်ဦးဖြစ်သော တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့ကို ချီးမြှင့်ပေးသနားလိုက်သော ဦးဦးဖျားဖျား ဆံတော်ရှင်ဓာတ်များ ဖြစ်ပါသည်။ ထိုအချိန်က သံဃာမပေါ်သေးသဖြင့် ကုန်သည်ညီနောင်တို့မှာ ဒွေဝါစိကသရဏဂုံသာ ဆောက်တည်လာရသည်ကို အားလုံး အသိပါပေ။

ထို့ကြောင့် ကျွန်ုပ်ထင်မိယုံကြည်မိသည်ကား ထိုသို့သော မြတ်စွာဘုရားရှင်၏ ဆံတော်ရှင်တို့ကို ဦးဦးဖျားဖျား ရရှိလာခဲ့ပြီး သိင်္ဂုတ္တရကုန်းတော်တွင် ရွှေတိဂုံဘုရားအဖြစ် ကိုးကွယ်နိုင်ခဲ့ခြင်းကြောင့် ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီးသည် ခိုင်မာကြီးထွား ထွန်းကား ရပ်တည်နေနိုင်ခြင်းဖြစ်လေသည်တကားဟု ထင်မှတ်ယုံကြည်မိပေသည်။ ထို့ကြောင့် ဘုရားရှင်ပွင့်ထွန်းတော်မူစကပင် တည်ရှိခဲ့သောကြောင့် ရွှေတိဂုံဆံတော်ရှင် စေတီတော်မြတ်ကြီးသည်လည်း မြန်မာလျှင်သာမက ကမ္ဘာတွင်လည်း သက်တော်၊ ဝါတော်အကြီးဆုံးစေတီတော်ကြီး ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာမှာရော ကမ္ဘာမှာပါ မည်သည့်ဘုရားတန်ခိုးကြီးမားသည်ပြောပြော ဘုရားရှင်၏ဆံတော်ဦး၊ ဆံတော်များ ဦးဦးဖျားဖျား ဆံတော်များ ကိန်းဝပ်တော်မူနေသောရွှေတိဂုံဆံတော်ရှင်ဘုရားလောက်တော့ အမိကရမဖြစ်ပါချေ။ သို့ဖြစ်၍ ထိုရွှေတိဂုံဆံတော်ရှင်ဘုရား ကိန်းဝပ်စံပယ်တော်မူရာ ဤရန်ကုန်မြို့တော်၏ သာသနာဝင်ပုံကိုကား အခြားမြို့များ မနှိုင်းယှဉ်သာပါချေ။ သို့ဖြစ်၍ မြန်မာနိုင်ငံအတွက် ကျွန်ုပ်အနေဖြင့် အလေးအနက်ဆိုရပါမူကား 'မြို့မှာရန်ကုန်၊ ဘုရားမှာ ရွှေတိဂုံ' ဟုဆိုရပါလေမည်။ ဤအကြောင်းအရာများ ငြိကာချဲ့ရေးရသော် ကျမ်းတစ်ဆူ၊ စာတစ်အုပ်ဖြစ်လောက်အောင်ရေးမှ ပြည့်စုံနိုင်ရာပါသည်။

ဤကဲ့သို့ ဘူမိနက်သန်နေရာမှန်ဖြစ်ခြင်း၊ သမိုင်းဝင်၊ သာသနာ့ဝင် အစဉ်အလာကြီးမားလှသောကြောင့် မြန်မာနိုင်ငံအားလည်းကောင်း၊ ကမ္ဘာ့အရပ်ရပ်သို့လည်းကောင်း၊ အရပ်မျက်နှာသတ်မှတ်ခြင်း (သို့) သက်ဆိုင်ရာဂြိုဟ်တို့၏ အရပ်မျက်နှာသတ်မှတ်ခြင်းတို့ကို ကျွန်ုပ်အနေဖြင့် ဤရန်ကုန်မြို့တော်ကြီးအား အခြေထား ကောက်ယူ သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပေသည်။

ကောင်းပါပြီ။ ယခု ကျွန်ုပ်သည် မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ခွင်လုံး ရာဟုဂြိုဟ်ကြီး ဆိုးသွမ်းဟောရမ်းကြမ်းတမ်းစွာ ကြီးစိုးဒုက္ခပေးနေကြောင်းကို ယခု ရန်ကုန်မြို့မှစ၍ ရာဟုဂြိုဟ်စိုးမိုးရာ အနောက်မြောက်အရပ်ဒေသတစ်လျှောက် ဖြန့်ကြက်လေ့လာကြည့်လိုက်သောအခါ ရန်ကုန်မြို့၏အနောက်မြောက်အရပ်နယ်ပယ်အတွင်းရှိ ရခိုင်ပြည်ကို လေ့လာကြည့်ပါလေ။ အားလုံးအသိ၊ မြန်မာအသိ၊ ကမ္ဘာအသိ ရခိုင်အရေးအခင်း၊ ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများ အကြီးအကျယ် ဖြစ်ပွားခဲ့ပါသည်။ တစ်ဖန် ရခိုင်သည် ရာဟုနံအက္ခရာဖြစ်သော (ရ) နှင့်အစပြုသည့် အမည်နာမရှိနေပြန်သည်။ အကယ်၍ (ရ) ကို ဗုဒ္ဓဟူးယူပါက ရာဟုနှင့် ရန်ဂြိုဟ်အမည်အက္ခရာမို့ ပို၍ကိုက်ညီပေသည်။ ထို့ထက် ရခိုင်ပြည်နယ်၏ မြောက်ပိုင်းဒေသများဖြစ်သော ဘူးသီးတောင်၊ မောင်တောမြို့နယ်များသည် ရာဟုထောင့်အရပ်အတွင်း လုံးဝနီးပါးကျရောက်နေသဖြင့် မည်မျှဆိုးရွားစွာ ဘာသာရေး၊ လူမျိုးရေး အဓိကရုဏ်းများဖြစ်နေခဲ့ရသည်ကို အထူးပြောစရာမလိုတော့ပါချေ။ ဤကား မြန်မာနိုင်ငံအတွင်း ရာဟုဂြိုဟ်ဆိုးက သူစိုးမိုးပိုင်သသော အရပ်မျက်နှာနယ်မြေဒေသတွင်း၌ ဆိုးသွမ်းဟောရမ်းကြမ်းတမ်းစွာ စိုးမိုးခြယ်လှယ်ဒုက္ခပေးနေပုံကို သာဓကထား၍ ထောက်ပြလိုက်ခြင်း ဖြစ်ပါသည်။

တစ်ဖန် ထိုမှဆက်၍လေ့လာပြန်သော ထိုရာဟုစိုးမိုးသော အနောက်မြောက်အရပ်မျက်နှာအတွင်း ဆက်၍ကြည့်လျှင် ပါကစ္စတန်၊ အာဖဂန်နစ္စတန်ဆိုသောနိုင်ငံများကို တွေ့ရပေလိမ့်မည်။ အားလုံးသိကြသည့်အတိုင်း ကြားနေကြ၊ မြင်နေကြရသည့်အတိုင်း ပါကစ္စတန်နိုင်ငံတွင် နိုင်ငံရေးပြဿနာအမျိုးမျိုး၊ စီးပွားရေးကပ်ဆိုးအမျိုးမျိုး ကျရောက်နေသည့်အပြင် ကက်ရှ်မီးယားပြည်နယ်အရေးကြောင့် အိန္ဒိယနှင့် မကြာခဏစစ်ဖြစ်နေရပြန်ပါသည်။အာဖဂန်နစ္စတန်နိုင်ငံကတော့ တာလီဘန်များနှင့် စစ်ဖြစ်နေရသည်မှာ အမေရိကန်၏အထောက်အကူ၊ အီးယူတို့၏အထောက်အကူများမပြတ်ရယူနေရသည်ကိုသာ ကြည့်ပါတော့။ တစ်နိုင်ငံလုံးလည်း စစ်မီးကြောင့် ပျက်စီးပြိုလဲချွတ်ခြုံကျနေပြီဖြစ်ပေသည်။ သေချာကြည့်ပါ။ ထိုနိုင်ငံတို့သည် ဤရန်ကုန်မြို့၏အနောက်မြောက်အရပ် (NW-45˚) တည့်တည့်နီးပါးမျှအတွင်း ရောက်ရှိနေကြောင်း တွေ့ရပါလိမ့်မည်။ သို့မျှမက ထိုအိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံနယ်ခြားပြည်နယ် ကက်ရှ်မီးယား၌ ဤ ၂၀၁၄၊ စက်တင်ဘာလအတွင်း ရေလွှမ်းမိုးပြီးလျက် လူပေါင်း(၂၁၀)မျှသေကျေခဲ့ရပြီး လူပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါလေသည်။ ထိုသို့ဖြစ်ရခြင်းမှာ ရာဟုအရပ်ဒေသတွင်းဖြစ်သည်သာမက ရာဟု၏ ဓာတ်ပရိယာယ်ဖြစ်သော မုတ်သုံလေပြင်းတိုက်ခတ်ခြင်းကြောင့် ဖြစ်ပေါ်ခဲ့ရခြင်း ဖြစ်ပေသည်။

ထိုရာဟုဂြိုဟ်ကြီးစိုးမိုးရာအရပ်ဖြစ်သောအနောက်မြောက်မျက်နှာအရပ်ရှိ ထိုင်းနိုင်ငံဒေသများအား ဆက်လက်လေ့လာကြည့်သောအခါ ယခုမျက်မှောက်ကာလ၌ တစ်ကမ္ဘာလုံး စိုးရိမ်ရလောက်အောင် ပြဿနာအဖုံဖုံ၊ ဒုက္ခတွေမျိုးစုံကြုံတွေ့နေရသော အာရပ်နိုင်ငံများဖြစ်သည့် အီရတ်၊ အီရန်၊ ဆီးရီးယားစသောနိုင်ငံများကို တွေ့ရပါလိမ့်မည်။ အီရတ်နိုင်ငံကိုလေ့လာကြည့်လျှင် အီရတ်သမ္မတဟောင်း ဆတ်ဒန်ဟူစိန်လက်ထက်ကစ၍ မငြိမ်မသက်ဖြစ်နေခဲ့ရသော အီရတ်သည် ဆတ်ဒန်ဟူစိန်ကို ဖြုတ်ချရေးအတွက် စစ်မီးများတောက်လောင်ခဲ့ရသည်သာမက ဆတ်ဒန်ဟူစိန် သေဆုံးပြီးနောက်အထိလည်း ပြည်တွင်း၌ငြိမ်သက်အေးချမ်းသည်ဟူ၍မရှိခဲ့ရောအကြမ်းဖက်ဆူပူ၊ နေ့စဉ်ဗုံးပေါက်ကွဲ၊ ချုံခိုတိုက်ခိုက် စသဖြင့် စစ်ဘေးစစ်ဒဏ်ကိုခံနေခဲ့ရပြီး ထိုမျှနှင့်မရပ်သေးဘဲ ယခုအခါတွင် အစ္စလာမ်အစွန်းရောက်အိုင်အက်စ်တို့က တစ်ဖန် ထကြွသောင်းကျန်းလာပြန်ကာ ထိုအစ္စလာမ်မစ်အစွန်းရောက်များအန္တရာယ်ကိုရင်ဆိုင်နေရပြန်ပါသည်။ ထို့အပြင် နိုင်ငံ၏ နိုင်ငံရေးအခြေအနေမှာလည်း တည်ငြိမ်မှုမရှိ၊ အီရတ်ပြန်သူများ ကျီးလန့်စာစားနေနေရကာ အသက်အိုးအိမ်စည်းစိမ်များ နေ့စဉ်ပျက်စီးဆုံးရှုံးနေကြရသည်ကိုတွေ့နေရပါလေသည်။

(ဆက်ရန်)

တိုရေတနာ-ဆရာဇေယျာထင်
(ကတ္တီပါပိန်ပ်စီး၊ ရွှေထီးဆောင်)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# မြန်မာတို့နှင့်အတိတ်နိမိတ်များ (၂)

ရှေးအခါကာလက ရဟန်းပညာရှိ လူပညာရှိများသည် အကြောင်းကိစ္စ တစ်စုံတစ်ရာကို ပြုလုပ်မည်ဆိုပါက သာရေး၊ နာရေး စသည်တို့တွင် အမြင်နိမိတ် စသည်များကို သေချာစွာ ခွဲခြမ်းစိတ်ဖြာဝေဖန်ကာ အကောင်း၊ အဆိုးများကို ကောက်ယူပြီး နှောင်းခေတ်လူတို့အတွက် လမ်းညွှန်ပြသဖော်ထုတ်ခဲ့သည်။

**အမြင်နိမိတ်များ**

- ဆင်၊ မြင်း၊ နွားများကိုမြင်လျှင် ကောင်းသောနိမိတ် ဖြစ်၏။
- ကျွဲ၊ ခွေး၊ ဖွတ်၊ မိကျောင်းတို့ကို တွေ့မြင်သော် မကောင်း၊ ပျက်အံ့ဟု ဆို၏။ အမြင်နိမိတ်တွင် သစ်ပင်လဲပြိုခြင်း၊ ကျိုးကျခြင်း၊ တစ်စုံတစ်ခုလဲပြိုခြင်းများကို မြင်တွေ့ပါက မကောင်းပေ။
- အနီရောင်ပန်းမှအပ အခြားသောပန်းများကို မြင်တွေ့သော် ကောင်းမွန်၏။ အမဲသား၊ ငါးများကိုတွေ့လျှင် ကောင်း၏။ လူသေအသုဘကိုတွေ့ခဲ့သော် သာရေးကိစ္စဖြစ်က လွန်စွာကောင်းလှ၏။ သွေးထွက်သံယိုဖြစ်လျှင် လွန်စွာကောင်း၏။
- ရဟန်း၊ သီလရှင်၊ အဘိုးအို၊ အဘွားအိုတို့ကို မြင်တွေ့ပါက နာရေးတွင်မကောင်း။ သေပျောက်တတ်သည်။
- ဝန်ထုပ်ဝန်ပိုးထမ်းလာသည်ကို တွေ့မူ နာရေးတွင်မကောင်း။
- သာရေးတွင်ဖြစ်ပါမူ ကောင်း၏။
- မငြိမ်မသက် လှုပ်လှုပ်ရွရွဖြစ်နေသူကိုမြင်မူ ဆောင်ရွက်သည့်အရာ ဆုံးခန်းသို့မရောက်ဖြစ်တတ်၏။
- ဣန္ဒြေကြီးစွာနှင့်နေသူကို မြင်ပါက အလွယ်နှင့် ပြီးစီးအောင်မြင်တတ်၏။
- နာရေးဖြစ်မူ ခဲယဉ်းစွာ ကုသရတတ်၏။
- ယောကျ်ား၊ မိန်းမတို့ မပေါ်သင့်သည့်အရာကို တွေ့မြင်လျှင် သာရေးကိစ္စ၌ အောင်မြင်တတ်၍ နာရေးတွင် သေပျောက်တတ်၏။
- သစ်သီးဝလံများ တွေ့သော် ကောင်း၏၊ စီးပွားရတတ်သည်။
- အိုးခွက်ကွဲသည်ကို မြင်ပါက နာရေးတွင်ကောင်း၏၊ သာရေးတွင် မကောင်းပေ။
- တစ်စုံတစ်ဦး ပြေးလွှားသည်မြင်သော် သာရေးတွင် မကောင်း၊ နာရေးတွင် ကောင်း၏။
- တုတ်၊ ဓား၊ လှံ စသည့်လက်နက်တစ်စုံတစ်ခုကိုင်သည်၊ ထမ်းသည်ကိုမြင်လျှင် ထိုအရာများကို ကိုင်ထမ်းလျက် လျင်စွာသွားနေသည်ကိုမြင်လျှင် မကောင်း။
- နှေးစွာသွားနေပါက အပြစ်မရှိ။
- ပေါက်တူး၊ တူးရွင်း၊ တံမြက်စည်း စသည်တို့ကို ကိုင်ဆောင်သွားသည်ကိုမြင်လျှင် မအောင်မြင်တတ်၊ ပျက်စီးတတ်သည်။
- ကန်းသူ၊ ဆွံ့အသူ၊ နားမကြားသူများကို မြင်လျှင်မကောင်း။
- ရေချမ်းအိုး၊ ညောင်ရေအိုး၊ ပရိတ်အိုးများကိုမြင်သော် ကောင်းလှပေသည်။
- ထမင်း၊ ဟင်း ကြော်လှော်ချက်ပြုတ်နေသည်ကို မြင်တွေ့သော် ကောင်း၏။
- တစ်ယောက်က အခြားတစ်ယောက်၏ လက်တွင်းမှ ပစ္စည်းကို လုယူသည်ကိုမြင်လျှင် စားသောက်ဖွယ်ကိုလုယူစားသောက်သည်ကိုမြင်ပါက မကောင်း။
- ဖက်ယမ်းနမ်းရှုပ်နေသည်ကိုမြင်လျှင် သာရေးတွင် ကောင်း၏၊ နာရေးတွင်မကောင်း။
- ကလေးငယ်ကို ထမင်းခွံ့နေသည်ကိုလည်းကောင်း၊ ငှက်မကြီးက ငှက်ကလေးကို အစာခွံ့နေသည်ကိုသော်လည်းကောင်း၊ မြင်တွေ့ပါလျှင် အောင်မြင်၏။ လာဘ်သပ်ပကာရတတ်၏။
- ခွေးမကြီးက ခွေးငယ်များကို အစာအန်ကျွေးနေသည်ကို မြင်တွေ့မူ ခဲယဉ်းစွာ အောင်မြင်ပြီးမြောက်တတ်သည်။ (နာရေးတွင် မကောင်းပေ။)

အထက်ပါ အကြောင်းခြင်းရာ အကောင်း၊ အဆိုးတို့ကိုမိမိကာ ဉာဏ်ပညာဖြင့် ချင့်ချိန်လျက် အခါအားလျော်စွာ အမြင်နိမိတ်များကို လေ့လာဆည်းပူး ကောက်ယူကြ၍ သိရှိအသုံးပြုနိုင်ကြပါစေသတည်း။

**- မိုးခေါင်မည့်နိမိတ်များ**

ဖားသတ္တဝါ ကုန်းတွင် ကျက်စားလျှင်၊ ဖားအော်သံနည်းပါးလျှင် မိုးခေါင်တတ်၏။

လယ်ပုစွန်လုံးများ မြစ်ချောင်းကမ်းပါးတွင် တွင်းဖောက်နေလျှင် မိုးခေါင်တတ်၏။

မိုးတွင်းအခါဖြစ်လျက် ပုရွက်ဆိတ်များ ရေအိုးအောက်တွင်နေလျှင် မိုးခေါင်တတ်၏။

ငှက်အသိုက် နိမ့်နိမ့်လုပ်လျှင် မိုးခေါင်၍ လေပြင်းထန်တတ်၏။

ကုန်းသတ္တဝါ ရေတွင် ကျက်စားလျှင် လည်းကောင်း၊ ရေသတ္တဝါ ကုန်းတွင် ကျက်စားလျှင် လည်းကောင်း မိုးခေါင်တတ်သည်။

**- အရပ် (၈) မျက်နှာ ရွေကျီးသာနိမိတ်**

အရှေ့တည့်တည့်မှသာလျှင် ချစ်သူရောက်လာတတ်၏။

အရှေ့တောင်ဘက်ကသာလျှင် အကြီးအကဲများ ရောက်လာတတ်၏။

တောင်အရပ်ကသာမူ သားငါးဟင်းရန်မျိုးလာ၍ပို့လိမ့်မည်။

အနောက်တောင်က သာလျှင် တပည့်သားမြေးများ ရောက်လာတတ်၏။

အနောက်ဘက်ကသာမူ စုတ်နှင့်အတူ မိတ်ဆွေရောက်လာတတ်သည်။

အနောက်မြောက်ဘက်အရပ်ကသာလျှင် လက်အောက်ငယ်သားများလာ ရောက်တတ်၏။

မြောက်ဘက်ကသာမူ စုတ်ကောင်းရောက်လာတတ်သည်။

အရှေ့မြောက်ကသာလျှင် ပူဇော်မည့်သူ၊ မ,စမည့်သူ ရောက်လာတတ်၏။

ဆရာဦးစိန်လှိုင်(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

နောက်ကျသွားပါပြီ။

အဲဒီအခါကျ ဒီလိုပြန်ခံမပြောအောင် ဘယ်လိုလုပ်ရမှန်းကိုမသိတော့ဘူးတို့ -

ပြန်မပြောနားမထောင်ဖြစ်နေတာကြီးကို ဘယ်လိုလုပ်လို့လုပ်ရမှန်းတောင်မသိတော့ပါဘူးတို့ဖြစ်လာရင်လည်း ဖြစ်လာတာပဲရှိတော့မှာပါ။ မထူးတော့ပါဘူး။

ကိုယ့်သားသမီးဖြစ်နေတော့ ငြိမ်သွားအောင်နှိမ်လို့မရပါဘူး။ မလုပ်ထိုက်ပါဘူး။ ကိုယ့်ကလေးကိုကိုယ်ပြန်နှိမ်လိုက်ရင် ပညာရပ်တွေရဲ့အားကညာမှာမဟုတ်ပါဘူး၊ ထိမှာပါပဲ။ ထိသွားတဲ့အခါကျမှ ယူကျုံးမရဖြစ်ရရင်မကောင်းပါဘူး။ ထိပုံထိနည်းက အမျိုးမျိုးရှိပါတယ်။

ငြိမ်သွားတာလည်းထိတာပါပဲ။

ငြိမ်တယ်ဆိုတာ အမျိုးမျိုးရှိပါတယ်။ စိတ်ပိုင်းဆိုင်ရာထိခိုက်သွားပြီးလူက အရုပ်ကြိုးပြတ်ကြီးလို အမြဲတမ်းငူငေါင်နေတာမျိုး၊ အသက်မရှိသလိုအေးတိအေးစက်နဲ့ မတက်ကြွတော့တာမျိုး၊ ကျန်းမာရေးထိခိုက်ပြီးငြိမ်သွားတာမျိုး၊ လေဖြတ်သွားတာမျိုး၊ ရောဂါတစ်ခုခုစွဲပြီးငြိမ်သွားတာမျိုး၊ အဲဒီလိုငြိမ်နည်းမျိုးတွေဟာ ကလေးရဲ့စိတ်ပိုင်းဆိုင်ရာကိုပါထိခိုက်သွားတဲ့ ငြိမ်နည်းမျိုးတွေဖြစ်လို့ မလုပ်သင့်မလုပ်ထိုက်ပါဘူး။ အဲဒီလိုငြိမ်သွားအောင်မလုပ်သင့်ပါဘူး။

ကြားဖူးပါတယ်။ ရေနွေးအိုးထဲကိုဓာတ်ပုံထည့်ပြီး မီးပြင်းပြင်းနဲ့တိုက်တာတွေ -

မြေအိုးတစ်ခုထဲ ဓာတ်ပုံထည့် ရွှံ့နဲ့မံပြီး မီးမျှဉ်းမျှဉ်းလုပ်ပြီးမီးဖုတ်တာတွေ-

တံစက်မြိတ်အောက်တည့်တည့်မှာ ဓာတ်ပုံကိုမြေမြှုပ်ထားတာတွေ -

တံစက်လက်ပြန်ရေတိုက်တာတွေ-

အများကြီး အများကြီး။ တချို့တော်တော်ဆိုးဆိုးဝါးဝါးတွေ လုပ်ကြလွန်းလို့ ပြောမကောင်းတာတွေတောင်ရှိတယ်။

နင်တို့ဘာလို့လုပ်တာလဲလို့ မေးလိုက်ရင် -

ပြောမကောင်းလို့ မိဘကိုရန်လုပ်လွန်းလို့၊ ပြန်ခံခံပြောလွန်းလို့ဆိုတဲ့ အဖြေတွေဟာ တစ်ပုံစံထဲတွေဖြစ်နေပါတယ်။

နင်တို့အဲသလိုလုပ်လိုက်လို့ နင်တို့ကလေးဟာ လူစဉ်မမီဖြစ်သွားပြီဆိုရင် နင်တို့ကျေနပ်နေလို့လားလို့မေးလိုက်တဲ့အခါ သူတို့တွေဝေသွားပါတယ်။

ဒါ - မိဘမေတ္တာပါပဲ။

ပြောမကောင်းဆိုမကောင်းလွန်းလို့ လတ်တလော ငြိမ်သွားအောင်ရောပြီးလုပ်လိုက်တာဖြစ်ပေမယ့် တကယ်တကယ်ကျတော့ သားသမီးဇက္ကရောသွားမှာကို ဘယ်မိဘမှမလိုလားပါဘူး။

ဒါပေမယ့် -

အဲဒီလိုတွေဖြစ်လာအောင် အပြုလိုက်မိတာက မိဘတွေဖြစ်နေပါလားဆိုတဲ့အတွေးတော့ရှိရပါလိမ့်မယ်။





www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း

( ရင်ကိုအေးမြစေသော )

## နာမည်မြင်ကွင်း

ကိုယ့်ကိုယ်ကိုယ် [illegible]မ်မယ်။ ကိုယ့်ကိုယ်ကိုယ် [illegible] ပြီး ဝေဖန်နိုင်ရပါလိမ့်မ[illegible]

ဒါမှ ဘာလိုနေလဲ [illegible]လေ။

စောစောကပြောခဲ့[illegible] မှည့်သင့်တာလေးတွေကို မှည့်လို[illegible]ရင်၊ ကိုယ့်သဘောကိုယ့်စိတ်နဲ့ ကိုယ်ထင်ရာမှည့်လိုက်မိရင် အဲဒါလေးတွေဟာ တစ်စတစ်စနဲ့ တဖြည်းဖြည်းကြီးထွားလာတတ်မှန်းသိနေဖို့ပဲလိုပါတယ်။

တတ်ကျွမ်းနားလည်ကြတဲ့ပညာရှင်တွေ၊ ဆရာ၊ ဆရာမတွေအများကြီးရှိနေပါတယ်။ အဲဒီလို ပညာရှင် ဆရာဆရာမတွေနဲ့တိုင်ပင်ပြီးမှ မှည့်သင့်ပါတယ်လို့ -

အကြံပြုပါရစေ။

ခုပဲကြည့်လေ - ကိုစိန်ကျော်ရဲ့ကလေးလေးကိုပဲ ပြန်စဉ်းစားကြည့်။ အဖေနာမည်မပါပါအောင်ထည့်လိုက်တဲ့အတွက် ရန်လင်းကျော်ဖြစ်သွားပြီး ဖခင်ကို အမြစ်၊ အညွန့်ဇောက်ထိုးတွေဖြစ်ကုန်တော့တာ။

အဲဒီလိုလည်းဖြစ်ကုန်ရော · ဒီကလေးဟာ မိဘတွေကို မိဘမှန်းမသိတော့ဘဲ အတော့်ကိုဆိုးတဲ့ကလေးဘဝကို အလိုလိုရောက်သွားခဲ့ရတာပဲကြည့်။ ဒါဟာ မဖြစ်သင့်ဘူးလား၊ ဖြစ်သင့်လားဆိုတာ တတ်သိနားလည်တဲ့ ပညာရှင်တွေနဲ့သာ တိုင်ပင်သင့်တာပေ့ါ။ ဒီလိုမှမဟုတ်ရင်လည်း ရင်းနှီးခင်မင်သူတွေထဲမှာ ဗဟုသုတများပြောင်ကြွယ်ဝတဲ့ပုဂ္ဂိုလ်တွေနဲ့ စကားပြောဆိုပြီး၊ အကြံကောင်းဉာဏ်ကောင်းတွေယူပြီးမှ၊ တိုင်ပင်ပြီးမှ စဉ်းစားသင့်တာပေ့ါ။

သူတို့လေးတွေ ဘုန်းကံမြင့်နေမှကျန်းမာနေကြမယ်။ သူတို့စားဖို့သောက်ဖို့အတွက် မိဘက စီးပွားဖြစ်ကိုနေရမယ်။

သူလည်းမွေးပြီးရော စီးပွားလည်းထိုးကျသွားတာပဲတို့ -

သူလည်းမွေးပြီးရော သူ့အဖေသေတာပဲတို့ -



www.burmeseclassic.com

www.burmeseclassic.com

သူလည်းမွေးပြီးရော လင်မယား ကွဲတာတို့ -

ဖြစ်သင့်ပါသလား။

ဟယ်-ဒီကလေးလေးဟာ မိဘကို အကျိုးပေးလိုက်တာကြည့်စမ်း။ သူ့ကို ကိုယ်ဝန်စရှိလာကတည်းက သူ့အဖေဆို တက်လိုက်တဲ့စီးပွား။ အဲသလိုမျိုးသာဖြစ် သင့်ပါတယ်။

ဒါဖြင့် -

အဲသလိုမျိုးတွေဖြစ်ဖို့ မိဘတွေရဲ့ အတွေးအခေါ် အယူအဆ မလွဲဖို့တော့ လိုပါတယ်။

ကလေးလေးတွေရဲ့နာမည်လေး တွေကိုစဉ်းစားတဲ့အခါ ကလေးအတွက် အဓိကစဉ်းစားပေးပါ။

ကလေးလေးရဲ့ရှေ့ရေး၊ ကလေး လေးရဲ့ဘဝကို အဓိကစဉ်းစားပေးပါ။

လူကြားထဲမှာ နာမည်ခေါ်လိုက် ရင် ငါမှည့်တဲ့နာမည်ဟာ ဘယ်သူမဆို လှည့်ကြည့်ရမယ့်နာမည်၊ ဟာခနဲဟင် ခနဲဖြစ်သွားစေမယ့်နာမည်မျိုး၊ ဘယ်သူ နဲ့မှမတူတဲ့နာမည်မျိုးဖြစ်ကိုနေရမယ်ဆို ရင်တော့ နည်းနည်းလေးပြန်စဉ်းစားပါ ဦး။

ငါ့ကလေးဟာ ငါ့ကလေးရဲ့ဘုန်း ကြီးမှု၊ အောင်မြင်မှု၊ ကျန်းမာမှု၊ ပညာ တတ်မှုဟာ ဘယ်သူနဲ့မှမတူဘူးဖြစ်နေ ရမယ်။ သူများတွေ ဟာခနဲဟင်ခနဲဖြစ် သွားတဲ့ထိ ငါ့ကလေးဟာ အောင်မြင် နေရမယ်ဆိုတဲ့ စိတ်ဓာတ်မျိုးက ပိုမကောင်းဘူးလား။

ဒီလိုဆို -

ထပ်ပြီးပြောစရာလေးတွေရှိလာ ပါပြီ။

အဲဒါကတော့ -

အတွဲပါပဲ - နာမည်တွဲပါပဲ။

ကြံဖူး၊ ကြားဖူး၊ မြင်ဖူးတာလေး တွေနဲ့ စကားစလိုက်ရရင်တော့ -

ကလေးတစ်ယောက် -

သူ့ရဲ့မျက်နှာလေးဟာ ချစ်စရာ လေး။ ဒါပေမယ့် သူ့ရဲ့ခန္ဓာကိုယ်က သေးသေးလေး၊ အတော်သေးတယ်။

စိတ်ဝင်စားလို့မေးကြည့်တော့ -

'သက်ငယ်ကို'။

ဟေ - ပြောစမ်းပါဦး ဘာတဲ့လို့ ထပ်မေးပြီးနားထောင်မှ 'သက် - ငယ် ကို' ဆိုတာ ထပ်ကြားရပါတယ်။

ဘယ်လိုဖြစ်ပြီး 'သက်ငယ်ကို'ရ တာလဲဆိုတော့ နာမည်မှည့်ပေးတဲ့သူက သောကြာစ-တနင်္လာအလယ်-တနင်္လာ ပိတ်မှည့်ရမယ်ဆိုလို့တဲ့။

တွဲတော့တွဲလိုက်တာပဲ။

တွဲပုံတွဲနည်းလိုသွားပါလိမ့်မယ်။

ကလေးကတော့ အများအမြင်မှာ မတင့်တယ်သလိုမျိုးကြီးပဲ။ အင်ပတန်မှ သနားဖို့ကောင်းတယ်။ ဒီကြားထဲ သူ့မိဘ တွေခမျာ အဆင်ကမပြေ၊ ရောက်လိုက် ကြတဲ့ဒုက္ခတွေ။

ဒုက္ခတရားတွေဟာ သက်ငယ်ကို လေးဆီကိုလာဖို့ အစောကြီးကတည်းက တာစူနေပုံရပါတယ်။

ဒီနာမည်လေးလည်း မှည့်လိုက် ရော အဲဒီဒုက္ခတွေအလွယ်တကူဝင်နိုင် ဖို့ တံခါးပွင့်သွားသလိုပါပဲ။ တံခါးဖွင့်ပေး လိုက်သလိုပါပဲ။

သူ့ကံနဲ့သူဖြစ်တာကတော့ ဟုတ် ပါတယ်။

ဖြစ်ဖို့တွန်းအားပေးတဲ့အကြောင်း တရားတွေထဲမှာ 'သက်ငယ်ကို' ဆိုတဲ့ နာမည်အတွဲလေး မပါပါဘူးလို့ငြင်းရင် စဉ်းစားရလိမ့်မယ်။

ဒါပေမယ့် -

ဘယ်လောက်ပဲ စဉ်းစားစဉ်းစား သူတို့ မြတ်မြတ်နိုးနိုးပေးထားကြတာ ဆိုတော့ ကလေးရဲ့ရှင်သန်ခြင်းအခွင့် အရေးက ဒီမှာတင်လမ်းဆုံးသွားပါပြီ။

ဒီလို နာမည်တွဲလိုက်တာနဲ့ ပတ် သက်ပြီး -

'သုဟေသုံ' ဆိုတဲ့ ကလေးလေး အကြောင်း သတိရလာပြန်လို့ ပြောပြ လိုက်ပါဦးမယ်။

သူလည်း ဒီလိုပဲ။ နာမည်မှည့်ပေး လိုက်တဲ့နေရာက သောကြာစ သောကြာ ပိတ်မှည့်ရမယ်ဆိုလို့တဲ့။ သူတို့ဟာသူတို့ တွဲမှည့်လိုက်တဲ့နာမည်တွေမှ အလုံး နှစ်ဆယ်လောက်ရှိတယ်။ အဲဒီထဲက သုဟေသုံလေးကိုကြိုက်လို့ဆိုပါတယ်။

ခုဆို သုဟေသုံလေး ရှစ်တန်း အောင်ပြီးသွားပါပြီ။

သူ့အမေတော့ ဟိုပြေးရဒီပြေးရ၊ ဟိုယတြာပြေးချေရဒီယတြာပြေးချေရ ဖြစ်နေပါပြီ။ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေ ပါပြီ။

ဒီအရွယ်လေးနဲ့ အပြင်ထွက်ချင် စိတ်တွေများလွန်းလို့၊ ထွက်လွန်းလို့၊ ပြောပြန်ရင်လည်း ဘယ်လိုမှလက်မခံ လွန်းလို့၊ ဆန့်ကျင်ဘက်တွေလုပ်ပြီး ပိုရွဲ့ လွန်းလို့ သူ့အမေငိုနေရပါပြီ။

နှစ်ခါတောင် အိမ်ကထွက်သွား သေးတယ်တဲ့။ တော်သေးတယ် သူ့ အဒေါ်အိမ်သွားလို့၊ အဒေါ်ကချော့မော့ ခေါ်ထားလို့။

ဒီအရွယ်လေးဟာ ဒါလောက်ထိ မဖြစ်သင့်ဘူးလေ။

အပေါင်းအသင်းတွေမကောင်းဘူး လို့ သူ့အမေကပြောပေမယ့် အမှန်တွေး ကြည့်ရင် ကိုယ်တိုင်ကလည်း ပါလို့ပါ။ ဖြစ်တော့မှ သူများကိုလွှဲချတာမကောင်း ပါဘူး။ ကိုယ်တိုင်ကလည်း စိတ်ကလေး နည်းနည်းလေနေလို့ပါ။

အပေါင်းအသင်းများကြတဲ့ကလေး တွေ ဒုနဲ့ဒေးပါ။ ဒီလိုမဟုတ်ကြပါဘူး ရှားပါတယ်။

ဘယ့်နှယ် - အပေါင်းအသင်းများ တိုင်းသာဖြစ်ရမယ်ဆိုရင် ကလေးလေး တွေအရွယ်ဟာ အပေါင်းအသင်းများကြ တာပဲလေ။ ဘာလို့ လူတိုင်းဒီလိုမဖြစ်ကြ လဲ၊ မဖြစ်ပါဘူး။

ဖြစ်ချင်တဲ့သူဟာ ဘယ်သူ့ကြောင့် တွေ ဘယ်ဝါ့ကြောင့်တွေမဟုတ်ပါဘူး။ သူဖြစ်ချင်လို့ဖြစ်တာပါ။

ဖြစ်လာတဲ့အခါမှ အဖြေရှာမရတဲ့ လက်ညှိုးထိုးနည်းမျိုးဟာ မသင့်တော် ဘူးလေ။

ဒါတွေဟာ ဘယ်အကြောင်း ကြောင့်ဖြစ်ရတဲ့အကျိုးတွေလဲဆိုတာ သေချာစစ်စစ်ပေါက်ပေါက်စဉ်းစား လိမ့်မယ်။

ဒီလိုစဉ်းစားရင် ခုနလို သူများ မတူနိုင်အောင် မှည့်ထားတာပါဆို နာမည်တွေရဲ့ အားသတ္တိတွေပါ ပါ တော့မှာပါ။

လူပေါ်မူတည်တာပဲလို့ပြောရ ပါတယ်။

မှန်တာပေါ့၊ လူပေါ်မူတည်တာ ဒါပေမယ့် အဲဒီလူဟာ လမ်းစလျှော တာနဲ့ ညာဘက်ကို ဦးတည်နေရင် ဟာ ညာဘက်လမ်းအတိုင်းရောက်သွား မှာဖြစ်သလို စကတည်းက ဘယ်ဘက် ကိုဦးတည်နေရင် ဘယ်ဘက်လမ်းအ တိုင်းရောက်သွားမှာပါပဲ။

သူ့ရဲ့ခြေဦးမှာ မူတည်ပါတယ်။

အရေးကြီးတာ ခြေဦးဟာမှန် ဖို့ပါပဲ။

အဲဒီအတွက် အတွေးအခေါ် အယူအဆတွေမှန်နေဖို့လိုပါတယ်၊

အတွေးအခေါ်မှန်မှ၊ အယူမှန် အသိမှန်မှုဖြစ်မှာပါ။

အဲဒီလိုမှန်ဖို့တွေထဲမှာ နာ ဟာ တစ်ထောင့်တစ်နေရာကနေ မဖြစ်ပါလာပါပြီ။

ခဏခဏပြောခဲ့ဖူးပါတယ်၊ ကျွန်တော်တို့ကုမ္ပဏီပိုင်ရှင်သူ



www.burmeseclassic.com

www.burmeseclassic.com

ကြီးဟာအရမ်းချမ်းသာတယ်။ သူ့နာမည်ဦးဆိုးပေလို့မရှိပါဘူး။

ဒါအရမ်းလျူတဲ့အလှူရှင်ကြီးပါပဲ။ သူ့နာမည်ကတော့ မိုက်ခဲပါ ဆိုလိုက်တာနဲ့ ကြားရတဲ့သူတိုင်းဟာ စိတ်ဝင်တစား ခေါင်းထောင်သွားမှာ သေချာပါတယ်။

ဒါကိုအကဲခတ်ကြည့်ရင် နာမည်ဟာ လူ့ဘဝရဲ့တစ်ထောင့်တစ်နေရာကနေ အရေးပါနေတာကို လက်ခံကြမှာပါ။

ကလေးတစ်ယောက်ဆို ဘာနာမည်မှန်းမသိတဲ့ နာမည်မျိုးမှည့်ထားပြီး လူကလည်း ချူချာလွန်း၊ သူ့အဖေလည်း အလုပ်အကိုင်တွေ အဆင်မပြေဖြစ်လွန်းလို့ စကားစပ်မိပါတယ်။

ကလေးက သာမွန်းရှင်။ 'ရှင်' က 'သျှင်'။ သာမွန်းသျှင်။ နည်းနည်းစဉ်းစားကြည့်ပါတယ်။

ဉာဏ်တော်တော်နှံ့နည်းတယ်ပြောရင်လည်းခံရမှာပါပဲ။ တကယ့်ကိုဘာမှန်းသိပါဘူး။ ဉာဏ်မမီပါဘူး။ ဘာဖြစ်လို့ဒီလိုပေးရတာလဲဆိုပြီးမေးကြည့်တော့ သူများနဲ့ထုံးဝမတူချင်လို့ပါတဲ့။

ရိုးသားကြပါတယ်။ သူတို့အဖြေဟာ ဘာမှတန်ဆာဆင်မထားပါဘူး။ တကယ်ရိုးသားပါတယ်။

ဒါကြောင့် ရှင်းပြလိုက်ရပါတယ်။ ကလေးလေးက ဖွားဇာတာကံတော်တော်ကောင်းတဲ့ကလေး။ နာမည်ကို ဒီလိုကြုံသလိုမမှည့်ပါနဲ့။ တကယ်တတ်ကျွမ်းနားလည်ကြတဲ့ ပညာရှင်တွေရှိနေကြပါတယ်။ သူတို့ဆီကိုရောက်အောင်သွားပြီး တိုင်ပင်ပြီးမှည့်ပေးလိုက်ပါလို့ ပြောလိုက်ရပါတယ်။

ဘာအဓိပ္ပာယ်မှန်းကို မသိရတဲ့ နာမည်ပါ။

'သာ'က သူများထက်သာအောင်ဆိုတဲ့ 'မွန်း' ဆိုတာလေးကို ခပ်ငယ်ငယ်တုန်းက သဘောကျခဲ့ဖူးလို့တဲ့။ 'သျှင်' ကတော့လည်း အရမ်းသဘောကျလို့တဲ့။

သူ့နေရာနဲ့သူ ကောင်းတဲ့စကားလုံးတွေပါ။ တကယ်ကောင်းပါတယ်။ ကောင်းတွေကိုတွဲသုံးမိလို့အဆီအငေါ်မတည့်ဖြစ်သွားတဲ့အခါ အဓိပ္ပာယ်ကလည်းမျိုးပြောင်းသွားတတ်ပါတယ်။

အဲဒီလိုတွေရှင်းပြပြီး ကလေးကို ဘယ်လိုမှာနာမည်သွားပြောင်းခိုင်း။ နှစ်လ၊ သုံးလကြာရင် လာပြန်ပြောဖို့ပြောလိုက်ပါတယ်။

ဘာလို့ဒီလိုပြောလိုက်ရလဲဆိုရင် နာမည်၏ကောင်းခြင်း၊ မကောင်းခြင်းတွေကို ထောက်ပြအကြံပေးပြီးပြီဆိုတာနဲ့ ကိုယ်တိုင်မှည့်ပေးဖို့ လုံးဝမစဉ်းစားတော့ပါဘူး။ မှည့်လည်းပေးလေ့မရှိပါဘူး။

အပြစ်ပြောပြီး နာမည်မပေးချင်လို့ပါပဲ။

တချို့ဆို မှည့်လာတဲ့နာမည်တွေကို သက်သက်လာပြောင်းကြတာတွေလည်းရှိပါတယ်။ နေရာသုံးနေရာ၊ လေးနေရာလောက် လျှောက်မှည့်ထားတာတွေလည်းရှိပါတယ်။

ကြည့်လိုက်တော့ ကာယကံရှင်ဖြစ်တဲ့သူတို့ကသာ မကြိုက်တာ။ မှည့်ပေးလိုက်ကြတဲ့ နာမည်လေးတွေဟာ တကယ်ကောင်းပါတယ်။ ပညာရှုထောင့်ကပဲကြည့်ကြည့်၊ ဘယ်ဘက်ကပဲကြည့်ကြည့် တကယ်ကိုကောင်းတဲ့ နာမည်တွေပါ။ တကယ် တတ်ကျွမ်းနားလည်ကြတဲ့ ဆရာ၊ ဆရာမတွေမှည့်ပေးလိုက်ကြတာပါ။

ဘာလို့မကြိုက်တာလဲ ဆိုတော့ တချို့ကလည်း သုံးလုံးမို့လို့တဲ့၊ တချို့က နှစ်လုံးထဲမို့လို့၊ တချို့ကရိုးလို့၊ တချို့ကျဆန်းလွန်းလို့တဲ့။

တကယ်ကိုသူတို့စိတ်နဲ့မတွေ့တာပါ။

ရှင်းပြလိုက်ရပါတယ်။

"ဒီဆရာမှည့်ပေးလိုက်တဲ့နာမည်ဟာ ကလေးကိုဘယ်လောက်ထိအကျိုးပေးသွားနိုင်တယ်ဆိုတာ ဦးတို့ကသိနေတယ်။ သားတို့၊ သမီးတို့က မသိဘဲနဲ့ ရမ်းသန်းပြီးမငြင်းနဲ့။ နင်တို့ကလေးက ခုလည်းကျန်းမာတယ်။နင်တို့လည်း စီးပွားဖြစ်နေတယ်မို့လား။ ဘာလို့ပြောင်းမှာလဲ။ ဒီကလေး ကောင်းစားအောင် တတ်ကျွမ်း နားလည်တဲ့ပညာရှင်တွေက ပေးထားတဲ့ဟာကို ငါပြောင်းမပေးရဲဘူး။ မှန်နေရဲ့သားနဲ့၊ ကောင်းနေရဲ့သားနဲ့ ကြံဖန်အပြစ်ရှာပြီး နာမည်ပြန်ပေးရမယ်ဆိုရင် ငါဟာ ပညာအပေါ်မှာ သစ္စာမဲ့တဲ့သူတစ်ယောက်ဖြစ်သွားပြီး ရှေးရှေးက ပညာတွေထားရစ်ခဲ့တဲ့ ဆရာတော်ကြီးတွေ၊ ပညာရှင်ကြီးတွေကို စော်ကားပြစ်မှားတဲ့လူဖြစ်သွားလိမ့်မယ်"

လို့ ပြောရပါတယ်။

နောက်ပိုင်းပြန်ကြားတာကတော့ သူ့ဆီသွားလည်း ဒီပုတ်ထဲက ဒီပဲပါပဲဆိုတဲ့ စကားပါပဲ။

ပြောချင်သလိုပြောပါစေ၊ မှန်နေတဲ့နာမည်တစ်ခုကို ပြောင်းမပေးရဲပါဘူး။ မကောင်းတဲ့စိတ်နဲ့ အပြစ်ရှာပြီးလုပ်လိုက်မိရင် ပညာဆိုတာ စူးတတ်ပါတယ်၊ ခိုက်တတ်ပါတယ်။ သင်ကြားပြသပေးခဲ့တဲ့ အာစရိယဆရာသခင် ကျေးဇူးရှင် အမြဲမှာပါတယ်။ ဒါမျိုးဆိုတာ ဘယ်တော့မှမလုပ်ကောင်းဘူးလို့ စသင်ကတည်းက ဆုံးမထားပါတယ်။

နာမည်မှည့်ပေးလိုက်တာ မှန်နေရဲ့သားနဲ့ ဘာရည်ရွယ်ချက်မှမရှိဘဲ ပြန်ပြောင်းချင်သူတွေကိုသာ မနည်းရှင်းပြနေရပါတယ်။

တစ်ခါတစ်ခါကျ သူမှည့်ပေးလိုက်တာ ဒါကဒီလိုအကွာရာမို့မှန်တယ်။ ဒါကဒီလိုအသံထွက်မို့မှန်တယ်။ ဒါကြောင့် ကလေးကောင်းစားလိမ့်မယ်။ လုံးဝပြောင်းစရာမလိုဘူး။ မပြောင်းနဲ့ဆိုပြီး ပြောလိုက်တာနဲ့ ဘဝင်မကျကြတော့ပါဘူး။ မျက်နှာက တစ်မျိုးပြောင်းသွားပါတယ်။

ကိုယ့်ဟာကိုယ် ကိုယ့်စိတ်ကြိုက်ရမ်းမှည့်ကြလို့ မကောင်းတဲ့နာမည်ကိုသာ ပြောင်းသင့်ပါတယ်။

တတ်ကျွမ်းနားလည်တဲ့ပညာရှင်တွေမှည့်ပေးလိုက်ပြီဆိုရင် ပညာခွင်ထဲက ပေးလိုက်ကြတာမို့ မပြောင်းသင့်ပါဘူး။ အဓိပ္ပာယ်ဆိုးတွေလည်း ဘယ်သူကမှ မှည့်မပေးကြပါဘူး။

ဒါကြောင့် ဒီပြင်မှာပဲ ပြောင်းခိုင်းခဲ့တာပါ။

စောစောက သာမွန်းသျှင်လေးဟာ တခြားတစ်နေရာမှာ နာမည်ပြောင်းလည်းပြီးရော တကယ့်ကို ကျန်းမာသွားပါတယ်။ သူ့အဖေလည်း အလုပ်တွေပြန်စဝင်လာပါတယ်။

အဲဒီတော့မှ နာမည်လိုအပ်နေတာကိုထောက်ပြပြီး တခြားမှာသွားပြောင်းဖို့အကြံပေးခဲ့တဲ့ ဆရာကိုရော၊ ပြောင်းပေးလိုက်တဲ့ ဆရာမကိုရော ကျေးဇူးတင်ပါတယ်လို့ ပြောပါတော့တယ်။

မှန်ပါတယ်။

နာမည်ပညာဟာ အင်မတန်နက်ရှိုင်းပါတယ်။

လိုက်လေနက်လေပါပဲ။

ဘယ်တော့မှမဆုံးနိုင်တဲ့ပညာကြီးတစ်ခုပါ။

ဘာကြောင့်လဲဆိုတော့ သူ့မှာမတူညီတဲ့ အားပြိုင်မှုတွေရှိနေလို့ပါပဲ။

ဘာလို့လဲ။

ဦးမြင့်။

ကားမောင်းတဲ့ ဦးမြင့်ရှိသလို



www.burmeseclassic.com

www.burmeseclassic.com

ဆိုက်ကားနင်းရတဲ့ ဦးမြင့်လည်းရှိပါတယ်။ လုပ်ငန်းရှင်ကြီး ဦးမြင့်ရှိသလို အလုပ်ကြမ်းလုပ်ရတဲ့ ဦးမြင့်လည်းရှိနေပါတယ်။

'မြင့်' ဆိုတဲ့ တစ်လုံးထဲကနေသွားနေတဲ့ ကောင်းအား၊ ဆိုးအားအားပြိုင်မှုတွေပါ။

ဒါကို မြင်အောင်ကြည့်ရပါလိမ့်မယ်။

ဒီနာမည်မို့ ဒီပုတ်ထဲကဒီပဲပါပဲဆိုပြီး ပြောလို့မရပါဘူး။

ဒါဟာ နာမည်ပညာတွေအများကြီးထဲက တစ်ခုလေးပဲရှိပါသေးတယ်။

ဒီနေရာမှာ မြင့်ဆိုရင် ဘယ်လိုရှိရမယ်၊ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဘယ်လိုအသက်မွေးဝမ်းကျောင်းနဲ့ ဘယ်လိုပတ်သက်ရင် ဘယ်လိုအကျိုးပေးမယ်၊ ဘယ်လိုအကျိုးမပေးဘူးဆိုတာတွေ အများကြီးပါလာပါပြီ။

ဒါကြောင့် -

တတ်ကျွမ်း နားလည်တဲ့ ပုဂ္ဂိုလ်တွေက မှည့်ပေးလိုက်ပြီဆိုရင် အဲဒီနံတွဲတိုင်းပဲဆိုပြီး ကိုယ့်အယူအဆနဲ့ကိုယ်ထင်သလို ပြန်မှည့်လို့ကောင်းမကောင်း ရှင်းသွားလောက်ပါပြီ။

မြင့်ဖူးတဲ့ ကလေးတွေထဲက တစ်ယောက်ကိုပြောရရင် -

'အံသ'။

ဟာ - ဘာလဲ၊ အံသဆိုတာလို့ မေးလိုက်တော့ သူ့နာမည်လေတဲ့။ နာမည်ပေးထားတာ၊ အံသတဲ့။ လုပ်စမ်းပါဦး၊ အဓိပ္ပာယ်လေးဘာလေးဆိုတော့ အဓိပ္ပာယ်တော့မသိဘူး။ တနင်္ဂနွေစ-သောကြာပိတ်မှည့်မယ်ဆိုလို့ မှည့်ထားတာတဲ့။

ဟာ - အောင်သူတို့၊ အောင်မြတ်သူတို့ဆိုပြီး ကောင်းတဲ့နိမိတ်တွေမှည့်လို့ရနေတာပဲဥစ္စာဆိုတော့ အဲဒီနာမည်တွေက ဖောခြင်းသောခြင်းဖြစ်နေလို့တဲ့။ မရှိတဲ့နာမည်ကို ရှာမှည့်ထားတာတဲ့။

အံသကတော့ ဘယ်လိုနေမယ်မသိဘူး။သူ့အမေကတော့ အံသနာမည်ပေးပြီးချိန်ကစပြီး နှလုံးရောဂါဖြစ်လာတာ လူရုပ်တောင်မပေါက်တော့ဘူး။ သူ့အမေက လူရော၊ နာမည်ရော စနေ။

ဒီတော့ အင်္ဂဝိဇ္ဇာပညာနဲ့ကြည့်ရင် အမြစ်၊ အညွန့်ဖောက်ထိုးဖြစ်သွားရပြီ။ သွားပြီ၊ ထိချက်က တဖြည်းဖြည်းအားကောင်းလာပြီ။ သောကြာစ-တနင်္ဂနွေပိတ်ဟာ စနေကိုကောင်းစေတဲ့နံတွဲလေ။

ခုက တနင်္ဂနွေစ - သောကြာပိတ်ဆိုတော့ စနေကိုဒုက္ခရောက်စေတဲ့နံတွဲဖြစ်ရပြီပေါ့။ ကြားမကြားဖူးပါဘူး၊ အံသ ရယ်လို့။

သူတို့ရောက်လာကြတာ အဲဒီကလေးမလေး ခုလိုရောဂါဖြစ်လာလို့ နောက်ပြောင်းတဲ့အိမ်က အရပ်ထောင့်မတည့်လို့လားဆိုပြီးလာတာ။ မြင်လိုက်တာက အံသ။

ပြောတော့ပြလိုက်ပါတယ်။ ဒါပေမယ့် အံသကိုမှည့်ထားတဲ့ သူ့ခင်ပွန်းက သိပ်လက်မခံချင်ဘူး။ လက်မခံချင်တော့လည်း မပြောတော့ပါဘူး။ အံသကိုပဲ ကြိုက်နေတယ်။ အံသကိုပဲ သာယာနေတယ်။

ဒါကတော့ ကလေးမလေးအတွက် စိတ်မကောင်းစရာဖြစ်သလို ကလေးမလေးထိခိုက်သွားပြန်ရင်လည်း ကလေးလေးအတွက် စိတ်မကောင်းစရာပါပဲ။

ဘာမှမဟုတ်ဘဲနဲ့ ဟုတ်သွားတဲ့ အထိဖြစ်ကုန်တာကတော့ သူတို့မိသားစုရဲ့ကံပေါ့လေ။


ဒါဟာ -

နာမည်နဲ့ပတ်သက်တဲ့ဗဟုသုတအတွေ့အကြုံလေးတွေဝေနေခြင်းကြောင့် ဒီလိုမျိုးလေးတွေကြုံရတာပါ။

ဗဟုသုတဆိုတာ ရှာရဖွေရ၊ နားထောင်ရ၊ ဖတ်ရမှတ်ရပါလိမ့်မယ်။ ဗဟုသုတရှိသူတွေနဲ့တွေ့ရင် ချဉ်းကပ်မေးမြန်းမှတ်သားရပါလိမ့်မယ်။

တချို့များဆို -

ဆိုကြပါစို့။ စနေသိုက်ဖွားတစ်ယောက်ကို နာမည်မှည့်ကြတယ်ဆိုပါစို့။ မှည့်ပေးလိုက်တဲ့သူက တင်အောင်လှိုင်ဆိုပြီးပေးလိုက်တယ်။ ဒါပေမယ့် သူက အောင်ကိုဖြုတ်ချင်တယ်။ ဘာလို့လဲဆိုတော့ အောင်က မရဏမှာဖြစ်နေလို့ဆိုပဲ။




တချို့ကျတော့ သောကြာသိုက်ဖွားလေး -

ဒီလိုပဲ နာမည်ပေးပုံနည်းမျိုးစုံထဲ

ကတစ်မျိုးဖြစ်တဲ့ သောကြာစ-အင်္ဂါပိတ် လိုက်ပြီ။ ဟိန်းထက်ဇော် ဒါမှမဟုတ် သုတစံ။ ဒါကို တစ်နေရာကပြောလိုက် ပြန်ရော။ ဟိန်းဇော်ပဲမှည့်လို့ရမယ်၊ သုစံ ပဲမှည့်လို့ရမယ်။ ဟိန်းထက်ဇော်မရဘူး သုတစံမရဘူးလုပ်ပါလေရော။

ဟော - ဘယ်ကပေးလိုက်တာလဲ ဆိုတော့ ဘယ်ကပေါ့။ ဩော် - သူတို့ ကလေးကိုမှည့်ပေးလိုက်တာ ပညာရှင် ဆရာတစ်ဆူပဲလေလို့သိလိုက်ရပြီး ဘယ် သူက 'ထက်'တို့ 'တ'တို့ဖြုတ်ခိုင်းတာလဲ ဆိုတော့ 'ဘယ်'ကပေါ့။နောက်ထပ်ပြော တဲ့သူကတော့ မကြားဖူးပါဘူး။

ဒါကြောင့် ပြောပြလိုက်ရပါ တယ်။

ပထမပေးလိုက်တဲ့သူက ပညာနဲ့ ပေးတာ။ နောက်လူပြောသလို စနေက မရဏကြီးဖြစ်နေလို့ မှည့်မရဘူးဆိုတာ နာမည်ပညာဘက်ကိုလှည့်မကြည့်အား သေးလို့ပြောတာ။ ထဲထဲဝင်ဝင်မရှိသေး လို့ပြောတာ။ နာမည်ပညာမှာ ဘယ် လုံးမှည့်မှည့် ထိပ်ဆုံးနဲ့ နောက်ဆုံးကို ဆုံးဖြတ်ရတယ်လို့ ရှင်းပြလိုက်ရပါ တယ်။ မရဏစာလုံးပါနေလို့ မှည့်မရ ဘူး၊ အောက်ဆိုက်ပြီးမှ ပြန်တက်တာ ကြီးဖြစ်နေတယ်တို့ဘာတို့ဆိုတာ နည်း နည်းအမြင်လိုနေလို့ပါလို့ ပြောလိုက် တယ်။ သုတစံကို သုစံလုပ်ခိုင်းတာ ပတ်သက်ပြီး သုတ ဆိုတာ အဲဒီစာ နှစ်လုံးပေါင်းမှ အဓိပ္ပာယ်တစ်ခုထွက် ဥစ္စာ။ ဘယ့်နှယ် - 'တ'ကို ဖြုတ်ခိုင်း ရတာလဲလို့ မေးကြည့်ရပါတယ်။ သု သုတ၊ သဒ္ဓါ၊ သီတာ ဆိုတဲ့ စာလုံး ဟာ နှစ်လုံးတွဲမှ အဓိပ္ပာယ်တစ်ခု တာလေ။

ထပ်တွေ့ဖူးသေးတယ်။ အဲဒီ မျိုးပဲ။ သီတာဦး ဆိုတဲ့ ကလေးမ သူက သိုက်ဖွားလေးပဲ။ အဲဒါကို တ ကလေးက မရဏကိန်းထဲမှာ အ အလဲခံပြီးမှ ပြန်တက်ယူရမှာနော်။ ကြောင့် မရဏ စနေကြီး ထည့်မှ ဆိုပြီး သီဦးလို့ပြောင်းပေးလိုက်တာ လည်းကြားဖူးရုံမက အဲဒီကလေး တွေ့ဖူးခဲ့ပါတယ်။ သီတာဆိုမှ အဓိ တစ်ခုထွက်တာကို မေ့လျော့သွား တယ်။ ဘယ်လိုသဘောနဲ့ 'တ' သွားပြီး ပြဿနာရှာရတယ်မသိ အဲဒီကလေးဟာလည်း ပေါတော ကြီးဖြစ်နေပါတယ်။ တစ်ခုခုလုပ် တိုင်း ငွတ်ကျကွဲရတာတို့ ပွဲကျ ဖြစ်နေရှာပါတယ်။ သူ့မိဘတွေပြော



www.burmeseclassic.com

www.burmeseclassic.com

တော့ ခလုတ်ကလည်းတိုက်သေးသတဲ့ ခဏခဏ။

လာတာကတော့ ခေါ်ရတာကြီး က ဘယ်လိုကြီးလဲမသိဘူး။ သီဦးဆိုတာ ကြီးမကြိုက်လို့ နာမည်ထပ်ပြောင်းချင်လို့ဆိုပြီးလာကြတာပါ။

ဒါကြောင့် ပထမနာမည် သီတာဦး က ဘယ်သူမှည့်ထားတာလဲဆိုတော့ ကလေးအဖေက ကျွန်တော့်ဟာ ကျွန်တော်ပေးထားတာပါတဲ့။ နာမည်လေး အေးတယ်ဆိုပြီး ပေးထားတာပါတဲ့။

အေး - မင်းပေးတဲ့နာမည်ထက် ကောင်းတဲ့နာမည် ငါလည်းရှာတွေ့မှာ မဟုတ်ဘူး။ မင်းပေးထားတာလေးဟာ တော်တော်ကောင်းတယ်။ ဘယ်မှာမှ လျှောက်ပြောင်းမနေနဲ့။ အဲဒီအတိုင်းပဲ မှည့်ထားလိုက်တော့ဆိုပြီး ပြောလိုက်ရပါတယ်။ သူတို့လည်း ဝမ်းသာအားရနဲ့ ကျေနပ်ပြီး ပြန်သွားကြပါတယ်။ သီတာဦးတွင်သွားပါပြီ။

ဒါကတော့ -

နာမည်ကို အဘက်ဘက်က လေ့လာဘဲ၊ပညာရပ်တွေနဲ့မစဉ်းစားဘဲ ကိုယ်သိထားတာလေးတစ်ခုနဲ့ချိန်လိုက်တော့ ဖြစ်လာတတ်တဲ့သဘောတွေပါ။

နာမည်ဟာ အပြစ်ရှာရင် အပြစ်လွတ်ပါဘူး။

နေရာတကာ အပြစ်ပြောနေလို့ ရပါဘူး။

လူတစ်ယောက်ဟာ အရွယ်ရောက်နေပြီ။ လုပ်ငန်းတွေကလည်း ဖြစ်နေချိန်မှာ ခင်ဗျားနာမည်က ဘယ်လိုဖြစ်နေတယ်၊ ဘာကြောင့်ဆိုပြီး သွားပြောလိုက်ရင် သူ့ခမျာ စိတ်ဓာတ် ကျသွားရုံကလွဲပြီး ဘာမှပိုထူးလာမှာ မဟုတ်တော့ပါဘူး။

ဒီအရွယ်ကြီးတွေကျမှ နာမည် ပြောင်းလို့ကလည်း မရတော့ပါဘူး။ ကောင်းမှာလည်းမဟုတ်ပါဘူး။

ဒီတော့ နာမည်နဲ့လိုက်အောင် နေတတ်ထိုင်တတ်ဖို့ပဲစဉ်းစားပေးရမှာ ပါတယ်။ ဒါ သူ့အတွက် အကျိုးအရှိ တွေးပေးခြင်းပါပဲ။ ဒါဟာ သူ့အကျိုး သူ့အတွက်အကျိုးကိုကြည့်ပေးတာပါပဲ။

နာမည်တစ်ခု ကြားလိုက်တာနဲ့ ဘယ်ချည်းစွတ်ပြောနေလို့မရပါဘူး။

နာမည်တိုင်းဟာ အင်အားရှိပါ တယ်။

တချို့ဆိုရှိပါသေးတယ်။

ဘယ်သူနဲ့တူနေလို့ဘယ်ဝါနဲ့တူနေ လို့ဆိုပြီး -



လေ့လာခဲ့ဖူးပါတယ်။ ရပ်ကွက်တစ်ခုထဲမှာတင် ဒေါ်ခင် ဆိုတဲ့နာမည်ရှင်ပေါင်း အယောက်သုံးဆယ်လောက်တွေ့ဖူးပါတယ်။

ဒီဗျည်းတွေ၊ ဒီသရတွေထဲကပဲ မှည့်ကြရတာမို့ တူကောင်းတူကြပါလိမ့်မယ်။ ဒါပေမယ့် တူလာမှာမဟုတ်ပါဘူး။

ဒီလိုပြောလို့ ရှုပ်ထွေးသွားမှာကိုလည်း စိုးရိမ်ပါတယ်။

နာမည်တူကောင်းတူနေပါလိမ့်မယ်။ ဒါပေမယ့် . လူချင်းတူလာမှာ မဟုတ်ပါဘူး။

'အောင်ဖြိုး' ဆိုပါစို့။

နာမည်တူ အောင်ဖြိုးတွေ အများကြီးရှိနိုင်ပါတယ်။

ဒါပေမယ့် ဒီတိုင်းနေပြီး မိဘလုပ်စာထိုင်စားနေတဲ့အောင်ဖြိုးနဲ့ အောင်မြင်အောင် ကြိုးစားနေတဲ့ အောင်ဖြိုး ဘဝတည်ဆောက်ပုံချင်းတူမှာမဟုတ်ပါဘူး။ ချမ်းသာကြွယ်ဝပုံချင်းလည်း တူချင်မှတူမှာပါ။

ဒါသဘာဝပါပဲ။

နာမည်တူလို့ လူတူနိုင်တယ်ဆိုရင် ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီးတွေရဲ့နာမည်တွေချည်း လိုက်မှည့်တော့မှာပေါ့။ အကုန်လုံးချမ်းသာအောင်လေ။

ဘယ်-ဒီလိုဟုတ်ပါ့မလဲ။

နာမည်ချင်းတူပေမယ့် လူချင်းမတူနိုင်ပါဘူး။

ဒါကိုဆိုချင်တာက -

နာမည်တွဲ ဒီလိုတွဲရမယ်လို့ပေးလိုက်တယ်။ တွဲပေးလိုက်ရင် သူများနဲ့တူမှာစိုးလို့ ကိုယ့်ဟာကိုယ် ဒီလိုတွဲလိုက်တယ်ဆိုတဲ့ကိစ္စမျိုးလေးတွေနဲ့ပတ်သက်ပြီး အကြံပေးလိုက်တာပါ။

ကလေးတစ်ယောက်ကိုလည်းမြင်ဖူးပါသေးတယ်။

တော်တော်လေးဆိုးနေပြီမို့ မိဘကိုယ်တိုင် ဆုံးမမရတာနဲ့ ဒိပြင်ကိုပို့ထားရတဲ့ကလေး။

နာမည်က 'အောင်ရှိုင်းဟိန်း'တဲ့။

ဟာ - ဒီနာမည်မျိုးက ကြောက်စရာပါလားဆိုလိုက်တော့ ခုနလို မိဘဆုံးမမရတာကြားရပါတော့တယ်။

အဲဒီကလေးကို နာမည်မှည့်တော့ တနင်္ဂနွေပါရမယ်၊ ဗုဒ္ဓဟူးပါရမယ်၊ သောကြာပါရမယ်ဆိုပြီးပြောလို့ 'အောင်လှသက်' ဆိုပြီး ပေးလိုက်သေးတယ်တဲ့။ ရှစ်တန်းမှာ နှစ်ခါကျ၊ ကိုးတန်းမှာ တစ်ခါကျဖြစ်တော့မှ ဒီနာမည်မကောင်းဘူး ပြောကြလို့ စာစာကန်တွေပါအောင် အောင်ရှိုင်းဟိန်းလို့ပြောင်းလိုက်တာတဲ့၊ ပိုဆိုးသွားပြီတဲ့။

အရွယ်ကလည်းရသွားပြီ၊ သူတို့ကလည်း အောင်ရှိုင်းဟိန်းကို သဘောကျနေပုံရှိတာမို့၊ လာတာကလည်း နာမည်ပြောင်းဖို့မဟုတ်ဘဲ ဒီကလေး လိမ္မာအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ ကိစ္စသာမို့ နာမည်နဲ့ပတ်သက်ပြီး နှုတ်ဆိတ်ဆိတ်ပဲနေလိုက်ပါတယ်။

ဒါတွေဟာ -

ကိုယ့်သဘောနဲ့ကိုယ်တွဲမှည့်လိုက်လို့ မဖြစ်သင့်တာတွေဖြစ်ကုန်ကြရတဲ့ အထဲက နာမည်မြင်ကွင်းထဲကိုရောက်လာတဲ့ အကြောင်းလေးတွေထဲကတချို့ပါ။

ကိုယ့်သဘောနဲ့ကိုယ်တွဲလိုက်တဲ့ နေရာမှာ မတွဲသင့်တဲ့အမိပ္ပာယ်မျိုးတွေဆိုတာရှိပါတယ်။ ဒါကိုမသိလိုက်ဘဲ ဒါလှတယ်၊ ဟိုဟာလေးက မဆိုးဘူးဆိုပြီး လုပ်လို့မရပါဘူး။

လှပြီး ဒုက္ခပေးတော့မယ့်နာမည်-
ဆန်းပြီး ဒုက္ခပေးတော့မယ် နာမည် -

ဘယ်သူနဲ့မှ မတူအောင် မှည့်ပြီး ဒုက္ခပေးတတ်တဲ့နာမည် -

ကိုယ့်ကလေးကိုမှည့်ရက်လား -
မှည့်နိုင်တဲ့စိတ်ရှိလား -
ဒါ စဉ်းစားပေးတာပါ။

ဒီလိုမှမဟုတ်ရင် ကျွမ်းကျင်နားလည်ကြတဲ့ ပညာရှင် ဆရာ၊ ဆရာမတွေက မှည့်ပေးလိုက်တဲ့အတိုင်း မှည့်သင့်ပါတယ်။ ပြောင်းချင်ရင်၊ စာလုံးပြောင်းချင်ရင် မှည့်ပေးကြသူတွေရှေ့မှာပဲ သေချာတိုင်ပင်ပြီး၊ မေးပြီးပြောင်းပါ။ ဒါဆို ဆရာ၊ ဆရာမတွေကပြောင်းပေးတာတို့ ရှင်းပြတာတို့ဆိုရင် ကလေးလေးတွေအတွက် အန္တရာယ်ကင်းပါတယ်။

ဆရာဦးမောင်မောင်သန်း
(ရေကိုဒေးမြစေသား)

www.burmeseclassic.com

# လက်တို့ပြီးတော့ပြောရဦးမယ်
## သို့မဟုတ်
# တားရော့ပုံပြင်(၁)

ဆရာစိုး-ရွှေအာရုဏ်ဦး

**❑ ဘိုးသူတော်မျက်စိလည်ခြင်း**

'ဘုန်းကြီးဆွမ်းခံရင်း မျက်စိလည်တော့ ဆွမ်းငတ်တယ်။ ဘိုးသူတော်ဆွမ်းခံရင်းမျက်စိလည်တော့ဆွမ်းပိုရတယ်'

လို့ လူကြီးတွေပြောတာ ကြားဖူးခဲ့တယ်။

ဟိုတုန်းက တောရွာက ဘုန်းကြီးကျောင်းတွေမှာ ဘုန်းကြီးတွေ၊ ဦးပဥ္စင်းငယ်တွေ၊ ကိုရင်တွေ ဆွမ်းခံထွက်တာလည်းရှိသလို ဘုန်းကြီးကျောင်းသားတွေ၊ ဘိုးသူတော်တွေက ဆိုင်းထမ်းလေးတွေနဲ့ ကြေးစည်ထုပြီး 'ဆွမ်းတော်ဗျို့' အော်ရင်း၊ ဆွမ်းခံထွက်တာမျိုးရှိခဲ့ပါတယ်။

နေရာအသစ်မှာ ဆွမ်းခံထွက်တဲ့ ဘုန်းကြီးတစ်ပါး မျက်စိလည်ပြီး ကိုယ်သီတင်းသုံးတဲ့ကျောင်းကို မပြန်တတ်တဲ့အခါ မွန်းလွဲသွားပြီး ဆွမ်းမစားရတော့တဲ့အဖြစ်မျိုးကြုံရပါတယ်။ ဒါပေမယ့် နေရာသစ်မှာဆွမ်းခံထွက်တဲ့ဘိုးသူတော်ကျတော့ ဥပုလ်စောင့်မထားဘူး၊ (၈) ပါးသီလခံယူထားသူ မဟုတ်ဘူး။ ဒီတော့ ဘယ်အချိန်ဖြစ်ဖြစ် ဆွမ်းစားလို့ရတယ်။ သူမျက်စိလည်တော့ ကြာကြာဆွမ်းခံရလေ၊ ဆွမ်းများများရလေ ဖြစ်တယ်။

ဒီတော့ အဖြစ်ချင်းတူပေမယ့် ပုဂ္ဂိုလ်အနေအထားအပေါ်မှာ မူတည်ပြီး ရလဒ်ချင်းကွာခြားတယ်လို့ မှတ်ချက်ပြုရမလား သို့မဟုတ် အဆိုးထဲက အကောင်းလို့ယူရမလားမသိ။ ဤစကားပုံလေးကိုတော့ ကြားဖူးခဲ့တာအမှန်ပင်ဖြစ်ပါတယ်။

**❑ လက်တို့ပြီးတော့ပြောရဦးမယ်**

အဲဒီဘိုးသူတော်ကို ဆွမ်းများများရအောင်ဘယ်လိုလုပ်ခဲ့သလဲ။ ဆွမ်းများများရမယ့်နည်းပေးပါလို့မေးခဲ့ရင် သူဘယ်လိုဖြေရမလဲ။

ဒီဥပမာလိုပါပဲ။ တားရော့ကိုဘယ်လိုမှန်အောင်ဟောရမလဲ။ နည်းကောင်းလေးရှိရင်ပေးပါ။ အချင်းချင်းတွေပဲ၊ လျှို့မထားပါနဲ့လို့ လက်တို့တောင်းသူတွေကလည်းတောင်းရဲ့။ ဆရာဘာသာပြန်ပြီးသား တားရော့စာအုပ်တွေကို ဖတ်ပါရစေလို့ ဆိုသူကဆို။ ဆရာလေ့လာနေတဲ့ နိုင်ငံခြားက အင်္ဂလိပ်ဘာသာနဲ့ထုတ်ဝေတဲ့ တားရော့ကျမ်းတွေကို Copy ကူးပါရစေလို့ ခွင့်တောင်းသူတောင်း၊ မသိတာလေးတွေမေးပါရစေလို့ ဆိုသူကလည်းဆို၊ သင်ပေးပါလို့ ပြောသူကပြော။

ဆွမ်းများများ ရပါစေရယ်လို့ လောဘနဲ့လုပ်ခဲ့တာမဟုတ်။ ရသင့်တဲ့ဆွမ်းပဲရဖို့ မျှော်လင့်ခဲ့ပါတယ်။ တမင်လမ်းကြောရှည်အောင် ရည်ရွယ်ခဲ့တာမဟုတ်။ လမ်းမသိလို့ အမှန်တကယ် မျက်စိလည်ခဲ့တာပါ။

**❑ ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ**

လက်တို့အမေးမခံရခင်ကတည်းက လက်တို့မေးစရာမလိုဘဲ (တပည့်မခံချင်သူတွေအတွက်) တပည့်ခံစရာမလိုဘဲ လူမသိသူမသိ လေ့လာဆည်းပူးခွင့်ရအောင် အင်တာနက်ထဲမှာ လွှင့်တင်ထားခဲ့ပါတယ်။ သိစေချင်လို့ပါ။

နယ်မြေအသစ်မှာ လမ်းကြောင်းမသိ၊ လမ်းညွှန်မယ့်သူမရှိဘဲ မိုက်တီမိုက်ကန်းပညာဆွမ်းခံထွက်ခဲ့ပုံ၊ မျက်စိလည်ခဲ့ရ၊ ပင်ပန်းခဲ့ရပုံတွေ၊ လမ်းညွှန်ချက်ရှာခဲ့၊ ရယူခဲ့ရပုံတွေ၊ နားလည်သိရှိခဲ့ရတာတွေကို မခြွင်းမချန် ရင်ဖွင့်ဖော်ပြခဲ့ပါတယ်။

'ရင်ဖွင့်တယ်'လို့ တမင်သုံးနှုန်းခဲ့တာပါ။ ရင်ထဲမှာဘာမှချန်မထားဘဲ ဖွင့်ထုတ်ခဲ့တာပါ။ ဒီလမ်း/ဒီပညာတွေကို လေ့လာချင်သူတွေအတွက် (ဘိုးသူတော်ကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဆည်းပူးလေ့လာ၊ တွေးခေါ်၊ လေ့ကျင့်၊ ပြုပြင်၊ အတည်ပြု၊ စမ်းသပ် အသုံးပြုချင်တာတွေလည်း ရှိကောင်းရှိမယ်။ ပင်ပင်ပန်းပန်း ရှာဖွေရရှိထားတဲ့ စစ်မှန်မွန်မြတ်သော ဆွမ်း တည်းဟူသော တားရော့ပညာရဲ့ အနှစ်သာရတွေကို အသင့်စားသုံးလိုသူတွေလည်းရှိမယ်)။ အားလုံးအတွက် မပင်ပန်းစေချင်ဘူး။ မျက်စိမလည်စေချင်ဘူး။ တားရော့အရိပ်အယောင်တွေနဲ့ မတွေ့စေချင်ဘူး။ တားရော့ရဲ့အနှစ်သာရတွေနဲ့ အသုံးပြုသူတွေအားလုံး ဘဝအမောတွေပြေစေချင်ပါတယ်။

မိသားစုကိုလည်း မထောက်ပံ့နိုင် ကိုယ်တိုင်ဝင်ငွေလည်းမရှိ၊ သူများကျွေး တဲ့ထမင်းစားပြီး (၃)နှစ်(၃)မိုးတားရော့ ကို ဇောက်ချလုပ်ခဲ့တယ်။ မိုက်မိုက် ကန်းကန်း တစ်ဇွတ်ထိုးလုပ်ခဲ့တယ်။ အဲ (၃)နှစ်လုံး နေ့ရောညပါ တားရော့မူရင်း စာအုပ်မျိုးစုံကို ဘာသာပြန်ခဲ့တယ် လေ့လာတွေးတောခဲ့တယ်၊ လက်တွေ့ ကျင့်ခဲ့တယ်၊ ပြုပြင်စရာတွေ ပြုပြင်ခဲ့ တယ်၊ လမ်းညွှန်ချက်တွေရယူခဲ့တယ်။ အဲဒီနောက်မှာ တားရော့ပညာရဲ့ အနှစ် သာရကို မှန်ဝါးဝါးတွေ့ခဲ့ရတယ်။ ကျွန်တော် တွေ့ခဲ့၊ သိခဲ့ရသမျှလေး (၇)နေ့သားသမီးတွေကို ကူညီပေးနေ တယ်။ အခြားဘယ်ပညာနဲ့မှ ရောယှက် မသုံးဘူး။ တားရော့ချည်း သီးသန့် မူရင်း ပညာသဘောတရားစစ်စစ်ကိုပဲ အသုံး ပြုနေပါတယ်။ လာမေးသူ၊ ဆွေးနွေးသူ တွေ ရာနှုန်းပြည့်နီးပါး ကျေနပ် လက် ကြပါတယ်။ တားရော့ရဲ့ လမ်းညွှန်ချက် တွေက သူတို့ဘဝအတွက် ကောင်း သောပြောင်းလဲခြင်းတွေကို ဖော်ဆောင် နိုင်ခဲ့ပါတယ်။

ဒါကြောင့် ကိုယ်ချင်းစာစိတ် ဝါသနာတူသူတွေကိုမပင်ပန်းစေချင်ဘူး မျက်စိမလည်စေချင်ဘူး။ ကျွန်တော် အပင်ပန်းခံပြီး ရယူစုဆောင်းထားခဲ့ ဂမ္ဘီရမှော်ရုံတောအတွင်းက တားရော့ ပညာ ဆိုတဲ့ ကျောက်စက်ရေကို အ ပြေရုံတင်မဟုတ်ပါဘူး၊ တဝကြီးသော သုံးနိုင်ကြစေချင်ပါတယ်။

**❑ ဆရာကြီးကိုင်ရီနဲ့တားရော့ပညာ**

ကျွန်တော် အပြောမကောင်း အပြောသမားမဟုတ်ပါ၊အရေးမကောင်း ပါ၊ အရေးသမားမဟုတ်ပါ၊ လက်တွေ့ သမားဖြစ်ပါတယ်။ တားရော့က ကိုင်ပြီး ဒီမေးခွန်းအတွက် တားရော့ အဖြေက ဒါပဲလို့ လက်တွေ့ပြချင် မေးသမျှ မှန်အောင်ပြောနိုင်တယ် ဆိုလိုရင်းမဟုတ်ပါ။ ထာဝရအမှန် ဆိုတာ ဗုဒ္ဓရဲ့ ပရမတ္ထသစ္စာမှာ တယ်။ သမုတိသစ္စာဆိုတဲ့

www.burmeseclassic.com

လူသားတွေ သတ်မှတ်နေကြတဲ့ အမှန်တရားဆိုတာ အခြေအနေ၊ အချိန်အခါနဲ့ ကာလ၊ ဒေသ၊ ပယောဂအလျောက် အပြောင်းအလဲတွေ ရှိနေပါတယ်။ (ဒါကြောင့် လောကမှာ မရှုံးဖူးသော ရွှေနေ၊ မသေဖူးသော ဆေးသမားနဲ့ မှားသောဗေဒင်ဆရာရယ်လို့ မရှိဘူးလို့ ပညာရှိများကလက်ခံထားတာပါ။) ကျွန်တော်ဆိုလိုတာက ပညာရပ်တစ်ခုကို ပင်ရင်းဇာစ်မြစ်ကစပြီး စနစ်တကျ လေ့လာမယ်၊ လေ့ကျင့်မယ်၊ ပြဿနာတွေ မေးခွန်းတွေကို ပညာရပ်ရှုထောင့်ကပဲဆင်ခြင်မယ်၊ ချဉ်းကပ်မယ်၊ ဆုံးဖြတ်မယ်။ ဒါကို ဆိုလိုတာပါ။

ကမ္ဘာကျော် နက္ခတ္တဗေဒ/ လက္ခဏာ/ဂဏန်းဗေဒင်ပညာရှင်/ဂမ္ဘီရပညာရှင် ဆရာကြီးကိုင်ရိုက Book of Numbers ဆိုတဲ့ စာအုပ်ထဲမှာ ဒီလိုရေးခဲ့တယ်။

*The Universally accepted symbolism of the compound number in ancient times was given in pictures and may still be found in the Tarot Cards which have been handed down to us from the most distant ages and whose origin is lost antiquity.*

ဒ သူ့ရဲ့သမိုင်းအစကို မှန်းဆလို့ မရလောက်အောင် ရှေးကျလှတဲ့ *တားရော့ပညာ၊ အဲဒီတားရော့ကတ်ပြားလေးတွေထဲမှာ သမိုင်းမတင်မီခေတ်ကတည်းက ရှေးပညာရှိတွေ အသုံးပြုခဲ့တဲ့/ တစ်ကမ္ဘာလုံးက အသိအမှတ်ပြု လက်ခံထားခဲ့ကြတဲ့ ကိန်းဂဏန်းအတွဲရဲ့ အဓိပ္ပာယ်ကို နိမိတ်ဖတ်ပြီး ဖွင့်ဆိုဖော်ထုတ်နိုင်အောင် ရုပ်ပုံသင်္ကေတတွေနဲ့ ဖော်ပြခဲ့တယ်။ ကျွန်ုပ်တို့ခေတ်တိုင်အောင် အဆင့်ဆင့်လက်ဆင့်ကမ်းဆင်းသက်လာခဲ့တဲ့ ဒီတားရော့ပညာ (နိမိတ်ဖတ်ပညာ)ကို တားရော့ကတ်ပြားလေးတွေပေါ်က ရုပ်ပုံတွေထဲမှာ ယနေ့တိုင်အောင် တွေ့မြင်နိုင်ပါတယ် -*

လို့ ကျွန်တော်နားလည်ပါတယ်။

တားရော့ပညာဟာ ကြီးကျယ်ခမ်းနားကြောင်း ပုံကြီးချဲ့နေတာမဟုတ်ပါဘူး။ ကမ္ဘာလှည့်ပြီး ဂမ္ဘီရပညာတွေကို လေ့လာ/သင်ယူ/ဆည်းပူး/ဖြန့်ဝေခဲ့တဲ့ ဆရာကြီးကိုင်ရိုရဲ့ တားရော့ပညာအပေါ် လေ့လာ/သိမြင်/ခံစားချက်တွေကို သက်သေပြတာပါ။

တားရော့ပညာဟာ နက္ခတ်ပညာနဲ့ ခေတ်ပြိုင်ပေါ်ပေါက် အသုံးပြုခဲ့ကြတယ်လို့ ယူဆရပါမယ်။ ထို့အတူ နက္ခတ်ပညာကို လောကီစျာန်ရသူတော်စင်ကြီးတွေကဖော်ထုတ်ခဲ့သလို တားရော့ပညာရပ်ကိုလည်း အဲဒီသူတော်စင်တွေရဲ့ တီထွင်ခဲ့တယ်လို့ ယူဆနိုင်ပါတယ်။

လောကကြီးတစ်ခုလုံးဟာ မဟာဘူတဓာတ်ကြီး(၄)ပါးနဲ့ ဖွဲ့စည်းတည်ဆောက်ထားပြီး ဥပါဒ်-ဋ္ဌီ-ဘင်(ဖြစ်-တည်-ပျက်)အရသာ တည်ရှိကြောင်း၊ အနိမ့်၊ အမြင့်၊ အဆင်း၊ အတက် လောကဓံတရားတွေရဲ့သဘောတရားနဲ့ အနိစ္စ - ဒုက္ခတွေနဲ့သာ ပြည့်နှက်နေတဲ့ အတ္တဗဟိုပြုလောကကြီးသာဖြစ်ကြောင်း စစ်မှန်တဲ့အေးချမ်းပျော်ရွှင်မှုရရှိဖို့ အတ္တကို ပရနဲ့အစားထိုးမှုသာဖြစ်နိုင်ကြောင်း၊ အဲဒီလိုမှန်ကန်မြင့်မြတ်တဲ့လမ်းညွှန်ချက်တွေကို ချမှတ်ခဲ့သူတွေဟာ သူတော်စင်တွေမှလွဲလို့ သာမန်လူသားတွေ ဖြစ်နိုင်ပါ့မလားလို့ ကျွန်တော် တွေးမိပါတယ်။

**ပန်းလိုချင် အပင်ကိုပျိုးပါ**

'တားရော့' ဆိုတာ ဘာလဲလို့ သိချင်လို့ တားရော့ပညာကို လေ့လာခဲ့တာပါ။ တားရော့နဲ့ဗေဒင်ဟောစားဖို့ မရည်ရွယ်ခဲ့ရိုးအမှန်ပါ။ တားရော့ပညာရဲ့ 'က-ခ'ကစပြီး လေ့လာခဲ့မိတော့၊ 'က-ကာ-ကား၊ ခ-ခါ-ခါး' ကို ရောက်ခဲ့ရပါတယ်။ နောက်တော့ 'က-ကန်စွန်းပင်၊ ရေမှာရှင်၊ ခ-ခရေကုံး၊ မလေးပြုံး'လို့ဖတ်တတ်ခဲ့ပါတယ်။ ကျွန်တော် ဒီလောက်မျှသာ တားရော့ကို ဖတ်တတ်ပါသေးတယ်။ အဆင့်မြင့်ဝေါဟာရတွေ၊ ပါဠိ-ပါဋ္ဌိအဆင့်တွေကို မဖတ်နိုင်သေးပါဘူး။ ကြိုးစားနေဆဲပါ။

(တားရော့နဲ့ ဗေဒင်ဟောတတ်လိုခြင်း) နဲ့ (တားရော့ပညာကို သိရှိနားလည်လိုခြင်း) ဆိုတာ အဓိပ္ပာယ်တူမယောင်နဲ့ ရည်ရွယ်ချက်ကွာခြားပါတယ်။ ဒီပညာရပ်ကို အခြေခံကျကျနားလည် သဘောပေါက်ထားပြီးမှ ဒီပညာရပ်ကို အသုံးပြုနိုင်ခြင်းဆိုတာ ဖြစ်နိုင်ပါတယ်။

ဆီလိုင်း၊ မီးလိုင်း - ဆီပျောက်၊ မီးပျောက်လောက်မှမသိဘဲနဲ့ သင်ကားမောင်းရဲပါသလား။ ဘက်ထရီခေါင်းပြုတ်နေတာ၊ ပလပ်ခေါင်းချောင်နေတာလောက်မှမသိဘဲ ခရီးကြမ်း၊ ခရီးရှည်ကိုမောင်းရင် ဒုက္ခတွေ့မှာပေါ့။

ရှုပ်ထွေးနက်ရှိုင်းတဲ့ စက်အစိတ်အပိုင်းတွေထိ မကျွမ်းကျင်ရင်နေပါစေ။ စက်လည်ပတ်ပုံအခြေခံသဘောတရားလောက်ကို နားလည်သဘောပေါက်ထားပြီးမှ ကားမောင်းတာက အန္တရာယ်ကင်းပါတယ်။ လိုရာခရီးကို ချောမွေ့စေပါတယ်။

ဒါက ကျွန်တော့်စေတနာပါ။

ကျွန်တော် တားရော့ပညာအကြောင်းတင်ပြခဲ့တာ ဒါနဲ့ဆို ဆောင်းပါး(၃)ပုဒ်ရှိပါပြီ။ ဒီ(၃)ပုဒ်ကို ဆက်စပ်ဖတ်မယ်ဆိုရင် ပိုပြီးသဘောပေါက်နိုင်တယ်။ ပိုပြီးပြည့်စုံနိုင်ပါတယ်။ ခေါင်းစဉ်လေးတွေပြန်ပြောရမယ်ဆိုရင်-

၁။ မျက်မမြင်ပုဏ္ဏား(၆)ယောက်နဲ့ ကျွန်တော်သို့မဟုတ် တားရော့ပုံပြင် (၁)၊

၂။ တားရော့ပုံပြင်၏ ဂန္ထဝင်စီးချက်ဝါးချက်နှင့်လျှပ်တစ်ပြက်လည်ပြန် သို့မဟုတ် တားရော့ပုံပြင်(၂)၊

၃။ ယခု လက်တို့ပြီးတော့ပြောရဦးမယ် သို့မဟုတ် တားရော့ပုံပြင် (၃)၊

ဒီဆောင်းပါးတွေအားလုံးမှာ တားရော့ရဲ့ သိမ်မွေ့၊ နက်ရှိုင်း၊ ကျယ်ပြန့်မှုတွေကို ကျွန်တော် သိသလို တင်ပြခဲ့ပါတယ်။ 'ပညာ' ကို အဓိက ရည်ရွယ်ပါတယ်။ အနှစ်သာရကို မြင်စေချင်ပါတယ်။ အလေးအနက်မြင်စေချင်ပါတယ်။ တားရော့ရဲ့ အနှစ်သာရကိုသိသွားပြီးတဲ့နောက် တားရော့ပညာကို ပညာရပ်တစ်ခုအဖြစ် လေ့လာသိမြင်သွားပြီးနောက်မှာ 'ဟောပြောတတ်ခြင်း' ဆိုတာ အလိုအလျောက် ထက်ကြပ်လိုက်လာပါလိမ့်မယ်။ ခွဲခြားထားလို့ မရပါဘူး။ ဘာကြောင့်လဲဆိုတော့ သင်နားလည်သဘောပေါက်ထားတဲ့ (ကျရောက်လာရာ) တားရော့ကတ်ရဲ့ အဓိပ္ပာယ်တွေထဲက မေးခွန်းနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်၊ ရည်ညွှန်းချက်တစ်ခုကို ဆွဲထုတ်ပြောပြလိုက်ခြင်းဟာ ဟောပြောခြင်းပါပဲ။ မဟောတတ်သေးဘူးဆိုရင် သင်တကယ်နားမလည်သေးလို့ပါ။

အောင်မြင်တဲ့ မျိုးစေ့တစ်စေ့ကို အပင်ပေါက်လာရုံအတွက် လွယ်ပါတယ်။ ပေါက်လာတဲ့အပင်ကို ရေရှည်ကြီးထွားဖွံ့ဖြိုးစည်ပင်အောင်မြင်စေဖို့က အရေးကြီးပါတယ်။ သင့်တော်တဲ့ (ရေ မြေဩဇာ၊ လေ၊ နေရောင်) တို့ သင့်တင့်မျှတစွာ အချိုးညီပေါင်းစပ်ထား၊ စနစ်တကျပြုပြင်ထားတဲ့မြေမှာချစိုက်မှ ရေရှည်ရှင်သန်၊ ကြီးထွား၊ စည်ပင်သီးပွင့်မှာဖြစ်ပါတယ်။

ကျွန်တော့်မှာ အောင်မြင်တဲ့ မျိုး

www.burmeseclassic.com

စေ့ရှိနေပါပြီ။ သည်မျိုးစေ့ကို ရှင်သန်၊ ကြီးထွား၊ စည်ပင်၊ သီးပွင့်စေနိုင်ဖို့ သင့်ရဲ့ 'အတွေး-အမြင်' တည်းဟူသော 'မြေပြင်'ကို ပြုပြင်ပေးနေတာပါ၊ ပြုပြင်စေချင်တာပါ။ အရေးကြီးပါတယ်။

တားရော့-သစ်ပင် ရှင်သန်၊ ကြီးထွား၊ တားရော့အသီးအပွင့်များကို သင်ကိုယ်တိုင်စားသုံး၊ အများကိုလည်းမျှဝေပေးနိုင်စေချင်ပါတယ်။

**Lemniscate (သို့) ဆန့်ကျင်ဘက်တို့၏ပေါင်းစည်းမှုခွန်အား**

တားရော့နှင့်ပတ်သက်ပြီး အနည်းအကျဉ်းလေ့လာထားတဲ့သူကြားဖူးနားဝရှိသူတချို့က မေးကြသည်။ တားရော့ကတ်ပြားတွေရဲ့ အတည့်နဲ့ ပြောင်းပြန် ဘယ်လိုကွာသလဲ၊ ကောင်းတဲ့ကတ်တွေက ဘယ်ကတ်တွေလဲ၊ ဆိုးတဲ့ကတ်တွေက ဘယ်ကတ်တွေလဲ၊ Death ကတ်က အဆိုးဆုံးဆိုတာ ဟုတ်ပါသလား. . . လားပေါင်းများစွာ။

ပညာတစ်ခုကို ခါးဖြတ်ကောက်နုတ်ပြီးပြောဖို့က ခက်လှပါတယ်။ အကြောင်းအကျိုးနဲ့ သမိုင်းအစဉ်အဆက် ပြောင်းလဲမှုတွေကို မူလအစကအကြောင်းပြုပြီး ပြည့်ပြည့်စုံစုံရှင်းမှရမယ့် မေးခွန်းတွေမို့ အချိန်မပေးနိုင်တဲ့အခါမျိုး၊ အခြေအနေမပေးတဲ့ (လက်ဖက်ရည်ဝိုင်းမှာလို) နေရာမျိုးမှာ 'အဲဒီလိုမဟုတ်ဘူး၊ ဒီအဓိပ္ပာယ်မရှိဘူး' လောက်ပဲ ပြန်ဖြေခွင့်ရတယ်။ စိတ်မကောင်းပါဘူး။ အဲဒီလို လွဲမှားစွာသိထားတာတွေ၊ မပြည့်မစုံသိတာတွေအတွက် စိတ်မကောင်းဖြစ်မိသလို အခြေအနေမပေးလို့ အကျယ်တဝင့်ပြောခွင့်မရတာကိုလည်း စိတ်မကောင်းပါဘူး။

လောကကြီးမှာ ဆန့်ကျင်ဘက်ဓာတ်သဘောတရားတွေက အချင်းချင်းဒွန်တွဲ- လွန်ဆွဲနေကြပါတယ်။ ဓာတ်သဘောတစ်ခုထဲမှာ ဆန့်ကျင်ဘက်ဓာတ်သဘောတရားက ကိန်းအောင်းလျက်ရှိနေပါတယ်။

အဖြူနဲ့ အမည်း
အလင်းနဲ့ အမှောင်
အပူနဲ့ အအေး
အကောင်းနဲ့ အဆိုး
အမှားနဲ့ အမှန်
အဖိုနဲ့ အမ စသည် စသည်ဖြင့်။

တစ်နည်းအားဖြင့်ပြောရရင် ကျွန်တော်တို့ကမ္ဘာကြီးဟာ ဆန့်ကျင်ဘက်စွမ်းအားတွေရဲ့ ဟန်ချက်ညီမှုကြောင့် ရပ်တည်နေရခြင်း ဖြစ်ပါတယ်။

အမှန် ဆိုတာ အမှားတွေထဲက ထွက်ပေါ်လာတဲ့ သဘောတရားပါ။ ထို့အတူ အမှားဆိုတာလည်း အမှန်ကို အခြေပြုခဲ့ရတာဖြစ်ပါတယ်၊ အရာတိုင်းမှာ ဆန့်ကျင်ဘက် အစွန်းတရား နှစ်ဖက်ကရှိစမြဲပါ။ လောကလူသားတွေမှန်သမျှ အစွန်းနှစ်ဖက်အောက်က မလွတ်မြောက်နိုင်ပါဘူး။

ဒါကြောင့် လောကသံသရာကလွတ်မြောက်နိုင်ဖို့ တစ်ခုတည်းသော လမ်းစဉ်ဟာ အစွန်း(၂)ခုလွတ်မြောက်ကြောင်း. မဇ္ဈိမပဋိပဒါလမ်းစဉ်အဖြစ် ဗုဒ္ဓက ချမှတ်လမ်းညွှန်ခဲ့ခြင်း ဖြစ်ပါတယ်။ အမြင့်ဆုံးကျင့်စဉ်ပါ။

တားရော့ပညာဟာ လောကလူသားတွေအတွက် လောကီအကျိုးတွေကိုသာ ဖော်ဆောင် လမ်းညွှန်ပေးတာမို့ ဒီအစွန်းတရား(၂)ပါးကို မျှတ-ညီညွတ်စွာပေါင်းစည်းတတ်၊ မြင်တတ်၊ နေတတ်ဖို့လိုပါတယ်။

ဒီထက်အဆင့်မြင့်ပြီး ပြောရမယ်ဆိုရင် လောကမှာရှိတဲ့အသေးဆုံးသောကလာပ်စည်းလေးတစ်ခုကအစ အရာတိုင်းမှာ ရေ၊ မြေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီး(၄) ပါးနဲ့ ဖွဲ့စည်းထားတယ်။ မီးနဲ့ရေက ဆန့်ကျင်ဘက်ဓာတ်၊ မြေနဲ့လေက ဆန့်ကျင်ဘက်- ရန်ဓာတ်။ ဒါပေမယ့် အဲဒီ ရန်ဓာတ် - မိတ်ဓာတ်တွေဟာ အချင်းချင်း လွန်ဆွဲ ဒွန်တွဲလျက်ရှိနေတယ်။ ခွဲခြားပြီးဖယ်ထုတ်လို့မရဘူးလို့ ဗုဒ္ဓဟောကြားခဲ့ပါတယ်။

အဲဒီမဟာဘူတဓာတ်ကြီး(၄)ပါးထဲမှာ အပူ၊ အအေးဓာတ်ဟာအချုပ်ပါပဲ။

နေဓာတ် - လဓာတ်
အပူ - အအေး
ပါပ - သောမ

**▫ နေနဲ့လနဲ့ နှစ်ပါးဆိုင်**

ကျွန်တော်တို့ကမ္ဘာပေါ်မှာရှိတဲ့ သက်ရှိသတ္တဝါတွေ၊ သစ်ပင်တွေအားလုံးဟာ နေမင်းကြီးကပေးတဲ့ အသက်ဓာတ်၊ စွမ်းအင်ဓာတ်၊ အပူဓာတ်၊ အလင်းဓာတ်တွေကြောင့် အသက်ရှင်ရပ်တည်နေနိုင်ကြတာ ဖြစ်ပါတယ်။ နေမင်းကြီးသာ ကွယ်ပျောက်သွားမယ်ဆိုရင် ကမ္ဘာကြီးပေါ်မှာ သက်ရှိသတ္တဝါတွေ၊ သစ်ပင်တွေ ကွယ်ပျောက်သွားမှာဖြစ်သလို ကမ္ဘာပေါ်မှာလိုအပ်တဲ့လိုအပ်ချက်ထက်ကျော်လွန်ပြီး နေမင်းရဲ့အပူတွေ၊ စွမ်းအင်တွေကျရောက်မယ်ဆိုရင်လည်း ကမ္ဘာမြေကြီးတစ်ခုလုံး ခြောက်သွေ့ပြီး သက်ရှိသတ္တဝါတွေ၊ သစ်ပင်တွေ လောင်ကျွမ်းပျက်ပြုန်းသွားမှာ သေချာပါတယ်။

ထို့အတူ လမင်းကြီးကလည်း ကမ္ဘာကြီးနဲ့ အပြန်အလှန် ဆွဲအားတွေနဲ့ ကမ္ဘာကြီးကိုပတ်နေပါတယ်။ ညအခါမှာ လမင်းအလင်းရောင်ကြောင့် လူသားတွေ စိတ်ချမ်းမြေ့ကြည်နူးရတယ်။ စိတ်ကူးကောင်း၊ အတွေးကောင်းလေးတွေ ပေါ်ပေါက်လာကြတယ်။ လပြည့်ရက်တွေမှာ ပန်းတွေပွင့်ကြတယ်၊အမျိုးသမီးတွေ ဥတုသွေးလာကြရတယ်။ ဒီရေတွေအတက်၊ အကျဖြစ်ပြီး ဂေဟာစနစ်ကိုထိန်းညှိပေးတယ်။ ဖိုးလမင်းကြီးရှိနေတာကြောင့် ကမ္ဘာကြီးရဲ့အပူ၊အအေးကိုထိန်းညှိပေးခြင်း အပါအဝင် သက်ရှိတွေအသက်ရှင်နေကြပေမယ့် ထာဝရညကြီးပဲဖြစ်ပြီး လမင်းကြီးအမြဲသာနေမယ်ဆိုရင်လည်း ကမ္ဘာပေါ်က သက်ရှိတွေပျောက်သွားမှာဖြစ်သလို လမင်းကြီးထာဝရ ကွယ်ပျောက်သွားမယ်ဆိုရင်လည်း ကမ္ဘာကြီးရဲ့ဂေဟာစနစ်ကြီးပျက်စီးပြီး ကမ္ဘာကြီးရပ်တည်နေနိုင်မှာ မဟုတ်ပါဘူး။

ကမ္ဘာကြီးဖြစ်တည်မှုအတွက် နေ ရောလပါ ညီတူညီမျှအရေးကြီးပါတယ်။

**▫ အပူနဲ့အအေး**

လူ၊ သက်ရှိသတ္တဝါ၊ သစ်ပင်တွေအားလုံး အသက်ရှင်ရပ်တည်ဖို့ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့အကြောင်း(၄)ပါး ညီညွတ်မျှတနေဖို့လိုပါတယ်။ စား အစားအစာကနေပြီး အာဟာရကိုဖြစ်စေပါတယ်။ အာဟာရကမှတစ်ဆင့် ကိုယ်တွင်းဥတု (ပူခြင်း၊ အေးခြင်း) ကို ဖြစ်စေပါတယ်။ ကိုယ်တွင်းဥတု(ပူခြင်း၊ အေးခြင်း) နဲ့ ပြင်ပရာသီဥတု (ပူခြင်း၊ အေးခြင်း) နှစ်ရပ်ပေါင်းဆုံစုစည်းပြီး အာဟာရထဲမှာပါဝင်တဲ့(ပထဝီ၊ ဝါယော၊ အာကာသ၊ သည်းခြေ) ဓာတ်တွေကို ဖြစ်စဉ်အမျိုးမျိုး ပြောင်းစေပါတယ်။ မိမိအတွက် ကောင်းကျိုးအာဟာရဖြစ်စေခြင်း (သို့) မကောင်းသော အဆိပ်အတောက်ဖြစ်စေခြင်းတို့ကို ဖြစ်စေပါတယ်။

ဒါကို မြန်မာ့ရိုးရာ တိုင်းရင်းဆေး ဝါးပညာအရ ဥဏှ-တေဇော့နဲ့ သီတ-တေဇောလို့ ခေါ်ပါတယ်။ အပူတေ



www.burmeseclassic.com

www.burmeseclassic.com

နာနဲ့ အအေးလွန်အနာ ဒီ(၂)ခုပါပဲ။ ပူလွန်အနာရောဂါအတွက် အအေး ဆေး အစာတိုက်ကျွေး ကုသပေးပြီး အအေးလွန်အနာရောဂါအတွက် အပူ ဆေးအစာတွေတိုက်ကျွေးကုသပေးကြ ပါတယ်။

အဲဒီတော့ သက်ရှိတွေကျန်းမာ သန်နိုင်ဖို့ အပူ-အအေး ဓာတ်(၂)ပါး အစွန်းမရောက်အောင် ထိန်းညှိပေး ခြင်းဟာ အဓိကဖြစ်ပါတယ်။

ဖိုနဲ့မ

သက်ရှိတွေ ဖြစ်တည်မှုတွေက လည်း ဖိုဓာတ်နဲ့မဓာတ်ပေါင်းစပ်ခြင်းမှ ဖြစ်ခဲ့ရပါတယ်။ သစ်ပင်တွေမှာလည်း ပန်းပွင့်တွေရဲ့ ဖိုဝတ်မှုန်နဲ့ မဝတ်မှုန်ကူး ပေါင်းပြီးမှ မျိုးစေ့သန္တေတည်ရပါတယ်။ သတ္တဝါတွေမှာလည်း ဖို+မပေါင်းစပ်ပြီး ဓာတ်အစ သန္တေတည်ရပါတယ်။ ပန်း ပွင့်တိုင်းမှာ ဖို-ဝတ်မှုန်နဲ့ မ-ဝတ်မှုန်တွေ ပါဝင်သလို သတ္တဝါတွေမှာလည်း အထီးရဲ့သုက်ပိုးထဲမှာ ဖို+မဓာတ်တွေ ပါတယ်။ အမရဲ့သုက်ပိုးထဲမှာ ဖို+မ ဓာတ်တွေပါတယ်။ အားနည်း/များ အပေါ် မူတည်ပြီး အထီး၊ အမရယ်လို့ မွေးဖွားလာပါတယ်။

လူသားတွေမှာလည်း ယောကျ်ား လေးရဲ့သုက်ပိုးထဲမှာ XY (ကျား/မ) ဓာတ်တွေပါရှိသလို မိန်းကလေးရဲ့မျိုးဥ ထဲမှာလည်း XY (ကျား/မ)ဗီဇတွေ ပါဝင်နေပါတယ်။ အားကောင်းရာခြင်း ပေါင်းစပ်ပြီး ယောကျ်ားလေး၊ မိန်းကလေး ရယ်လို့ မွေးဖွားလာပါတယ်။

ပါပနဲ့ သောမ

လက်ရှိ၊ ဗေဒင်-လက်ဆန်းဗေဒင် ပညာတွေမှာလည်း လူတွေရဲ့ကံအဆိုး၊ အကောင်းကို လေ့လာရာမှာ ဆုံးဖြတ် ကြတဲ့အခါ နေ-စကြဝဠာကြီးထဲမှာရှိနေ တဲ့ (စနေ၊ ကြာသပတေး၊ အင်္ဂါ၊ တနင်္ ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူးနဲ့ အရိပ်ဂြိုဟ် ရာဟု၊ ကိတ်) ဂြိုဟ်တွေရဲ့ ရပ်တည်မှု အနေအထား၊ ကာယကံရှင်အပေါ်ကို သက်ရောက်မှုအနေအထား၊ အားအ များ အပြင်းတွေကို တွက်ဆပြီး ဟော ကိန်းထုတ်ကြတာဖြစ်ပါတယ်။

ဂြိုဟ်တွေရဲ့ပရိယာယ် သို့မဟုတ် သူတွေအပေါ်ကို အားသက်ရောက်မှုကို အချုပ်အားဖြင့် အုပ်စု(၂)စုပဲရှိပါတယ်။ အဲဒါကတော့ သောမ (အအေး)အုပ်စု တေး၊ ဗုဒ္ဓဟူး၊ ကြာနဲ့ သန့်စင်သော၂လ်ာနဲ့ ဟူး)နဲ့ ပါပ(အပူ)အုပ်စု(ဝနွေ၊ ဥင်္ဂါ၊ ဝစနေ၊ ရာဟု၊ ဓဂကိတ်နဲ့ မသန့်စင် သော၂လ်ာနဲ့ ၄ဟူး)ဆိုတဲ့ ဆန့်ကျင်ဘက် အုပ်စုနှစ်ခုပဲရှိပါတယ်။

နက္ခတ်ပညာအလိုရ လူသားတွေ အားလုံးဟာ ဒီနေစကြဝဠာကြီးအတွင်း မှာရှိတဲ့ ဂြိုဟ်တွေရဲ့ အပြန်အလှန် ဆွဲငင်မှု-စွမ်းအင်တွေအောက်ကမလွတ် ပါဘူး။ လူတွေရဲ့ ဘဝရပ်တည်မှုကို ခြယ် လှယ်ချုပ်ကိုင်ထားတာက အထက်ဖော် ပြခဲ့တဲ့ ပါပအုပ်စုဂြိုဟ်တွေနဲ့ သောမ အုပ်စုဂြိုဟ်တွေပဲဖြစ်ပါတယ်။

ဆန့်ကျင်ဘက်စွမ်းအားစုတွေရဲ့ ဟန်ချက်ညီစွာအားပြိုင်နေမှုကြောင့် လူ သားတွေ အပါအဝင် ဒီစကြဝဠာကြီး အသက်ရှင် ရပ်တည်နေနိုင်တယ်ဆိုတာ ကျွန်တော် တတ်သိသလောက် ဖော်ပြခြင်းမျှ သာ ဖြစ်ပါတယ်။ ဒီထက် နက်ရှိုင်းတဲ့ နက္ခတ္တဗေဒပညာပိုင်းဆိုင်ရာ၊ သိပ္ပံပညာ ဆိုင်ရာ သဘောတရားတွေလည်းရှိနေ မှာပါ။

ဒါတွေကို အနှစ်ချုပ်လိုက်လျှင် ကျွန်တော်တို့ လောကီသားတွေဟာ ခန္ဓာကိုယ်တွင်း၊ ပြင်ပ ဘဝတစ်ခုလုံး ဆန့်ကျင်ဘက်အစွန်းနှစ်ခုရဲ့ ထိန်းညှိမှု အောက်မှာရှိနေတယ်။ တစ်ဖက်စွန်း တစ်ခုကိုရောက်သွားရင် စိတ်ပိုင်း၊ ရုပ် ပိုင်းဆိုင်ရာ ပြဿနာပေါင်းစုံဖြစ်တော့ မယ်၊ ဘဝပျက်စီးတော့မယ်ဆိုတာ သိရှိ လက်ခံထားဖို့ ဖြစ်ပါတယ်။

*ဒ တားရော့ပညာရဲ့ အဓိကအနှစ် သာရထဲမှာ အဲဒီဆန့်ကျင်ဘက်အစွန်း တရား (၂) ဖက်ကို တွေ့အောင်ရှာ ညှိ အောင်ညှိဖို့ လမ်းညွှန်ထားပါတယ်။*

ဖြိုမှုန်ကလေးတစ်ခုထဲမှာတင် မဟာဘူတ (ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော) ဆိုတဲ့ ဓာတ်ကြီးလေးပါးက အချိုးကျစွာပါဝင်နေပြီး မျှတသောအပူ- အအေးတို့က ဦးဆောင်ထိန်းချုပ်ထား တယ်။ ဆန့်ကျင်ဘက်သဘောတွေက အရာရာမှာရှိနေတယ်။

ဒီလို ကျွန်တော်သိထားတော့ ဒီ ကတ်ကတော့ ကောင်းပါတယ်၊ ဟို ကတ်ကတော့ ဆိုးပါတယ်လို့ ကျွန်တော့် မှာ သတ်မှတ်ချက်မရှိတော့ပါဘူး။ ဘယ် ကတ်ကကောင်းလို့ ဘယ်ကတ်ကဆိုးပါ တယ်လို့ ကျွန်တော်မပြောနိုင်တော့ပါ ဘူး။ ကတ်တစ်ကတ်ကို မြင်လိုက်တာနဲ့ သူ့ရဲ့ကောင်းတဲ့သဘော၊ ဆိုးတဲ့သဘော (၂)ခုလုံးကို တွဲမြင်ပါတယ်။ မေးခွန်းနဲ့၊ ကတ်ပြားကျရောက်ရာနေရာ (in the spread) ၊ ရှေ့-နောက်ဆက်စပ်နေတဲ့ ကတ် (conbination) တွေနဲ့ ပေါင်းစည်း ညှိနိုင်းပြီးမှ အဖြေထုတ်ပါတယ်။ ပုံသေ သတ်မှတ်ချက်မရှိပါ။

ဒါကြောင့် ကျွန်တော် ကောင်း ကတ်၊ ဆိုးကတ်မဖြေနိုင်တာပါ။

ကားချပ်တိုင်းမှာ ကောင်း၊ ဆိုး သဘာဝတွေ ပါဝင်နေပါတယ်။

**ဒ ဘုန်းကြီးနဲ့ ဘီး၊ ချဉ်သီးနဲ့ ဆား**

မအပ်စပ်တဲ့ အကြောင်းတရား တွေကို ဥပမာပေးကြတဲ့အခါ 'ဘုန်းကြီးနဲ့ ဘီး' လိုပဲလို့ တင်စားတတ်ကြပါတယ်။ ဆံပင်ရှည်ထားပြီး အလှအပပြင်ဆင်ဖို့ လိုသူ မိန်းကလေး၊ ယောကျ်ားလေးတွေ အတွက် ဘီးဆိုတာ မရှိမဖြစ် လိုအပ်တဲ့ ပစ္စည်းဖြစ်သော်လည်း ခေါင်းတုံးတုံး ထားတဲ့ ဘုန်းကြီးရဟန်းတွေအတွက် တော့ ဘယ်လိုမှအသုံးမတည့်၊ မလိုအပ် တဲ့ပစ္စည်းဖြစ်သွားပါတယ်။

ဒီလိုပဲ တားရော့ကားချပ်တစ်ခုရဲ့ အဓိပ္ပာယ်ကို ကောက်ယူရာမှာလည်း မေးခွန်းပေါ် မူတည်ပြီးတော့ လိုက်ဖက် ရာ၊ သင့်တော်အပ်စပ်ရာအဓိပ္ပာယ်ကို ကောက်ယူရတဲ့အတွက် အကောင်း၊ အဆိုးတွေ ပြောင်းလဲသွားပုံကို 'ဘုန်း ကြီးကတ်' လို့ လူသိများတဲ့ Hierophant ကားချပ်နဲ့ ဥပမာလေး တင်ပြချင်ပါ တယ်။

ဥပမာ(၁)

မိခင်တစ်ဦးက သူမရဲ့သားလေး အတွက် စိုးရိမ်ပူပန်စိတ်နဲ့ လာမေးတဲ့ အခါ Hierophant ကားချပ်ထွက်ပေါ် လာတယ်။

"အစ်မကြီးက သားအတွက် ဘာ တွေစိတ်ပူနေတာလဲ။ ကလေးက လူ လိမ္မာလေးပါ။ မိဘစကားလည်း နား ထောင်တယ်။ အနေအထိုင်လည်းသိမ် မွေ့တယ်။ စိတ်ဓာတ်ကလည်း အေးချမ်း တယ်။ သူတစ်ပါးကိုလည်း ကူညီတတ် တယ်။ ပေးချင်ကမ်းချင်၊ စေတနာ လည်းကောင်းတယ်။ ဘာသာရေးကို လည်း စိတ်ဝင်စားတယ်။ အလေးထား တယ်။ ဒါကြောင့် ဘာမှပူစရာမရှိပါဘူး လို့ တားရော့ကပြောပါတယ်"

"ဟုတ်တော့ဟုတ်ပါတယ် ဆရာ ရယ်။ သားကလိမ္မာပါတယ်။ အေးလည်း အေးချမ်းတယ်။ စေတနာလည်းကောင်း တယ်။ သူများအပေါ်မှာလည်း အရမ်း အားနာတတ်တယ်။ အခုချိန်အထိ မိဘ တွေကို စိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ခဲ့ဘူးပါဘူး။ ငယ်ငယ်က သင်ထား

www.burmeseclassic.com

ပေးတဲ့အတိုင်း အခုတက္ကသိုလ်ကျောင်းသားဖြစ်တဲ့အထိ ညစဉ်ဘုရားရှိခိုး၊ ပုတီးစိပ်၊ မိဘတွေကိုရှိခိုးပြီးမှ အိပ်တယ်။ သူမွေးနေ့တိုင်း သတ်သတ်လွတ်စားတယ်။ ဝါတွင်းဆို ဥပုသ်နေ့တွေမှာ ဥပုသ်စောင့်၊ သတ်သတ်လွတ်စားတယ်။ ဒါပေမယ့် တက္ကသိုလ်ကျောင်းရောက်တော့ လူပေါင်းများပြီး ပျက်စီးမှာစိုးလို့ပါ။ သူက အားနာတတ်တော့ ဒီခေတ် လက်ရဲဇက်ရဲ မိန်းကလေးမျိုးတွေနဲ့တွေ့ရင် မအူမလည်နဲ့ ပါသွားပျက်စီးသွားမှာစိုးလို့မေးတာပါ"

"မစိုးရိမ်ပါနဲ့ အစ်မကြီး။ သူ့ကိုယ်သူထိန်းနိုင်ပါလိမ့်မယ်။ သူ့မှာအကောင်း၊ အဆိုးခွဲခြားတတ်တဲ့ ပညာအတွေးအခေါ်နဲ့ မကောင်းတာဆိုရင် ရှောင်ရမယ်၊ စောင့်စည်းရမယ်ဆိုတဲ့ ဗီဇအသိစိတ်ရှိပြီးသားပါ။ ဒါပေမယ့် သူလည်း ပုထုဇဉ်သားပေမို့ အချိန်တန်အရွယ်ရောက်လာတဲ့အခါ ချစ်သူတွေ့လာတာမျိုးတော့ရှိမှာပေါ့။ ဒါကိုတော့ အစ်မကြီးက နားလည်ခွင့်လွှတ်ပေးရမှာပေါ့။ ဒီလောက်ထိ ချုပ်ချယ်ဖို့တော့ မသင့်ဘူး"

"ကျွန်မလည်း ငယ်ရာကကြီးလာခဲ့တာပဲ ဆရာရယ်။ ဒီအပိုင်းကို နားလည်ပါတယ်။ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ပေါ့။ သင့်တော်တဲ့သူဆိုရင် အိမ်ထောင်ပြုပေးရမှာပေါ့။ ဒါပေမယ့် မိန်းမလည်မိန်းမရှုပ်တွေနဲ့ တွေ့သွားမှာစိုးလို့ပါ။ ဒီအတွက် စိုးရိမ်စရာမရှိဘူးဆိုရင် ကျွန်မစိတ်အေးရပါပြီ။ ကျေးဇူးပါပဲဆရာ"

ဥပမာ(၂)

"ဆရာ၊ သမီးရည်းစားထားတဲ့ချစ်သူက သမီးရဲ့ အိမ်ထောင်ဖက်ကောင်းတစ်ယောက်ဖြစ်နိုင်မလား။ သူနဲ့ယူပြီးရင် သမီးဘဝတစ်သက်တာ လုံခြုံပြည့်စုံပါ့မလား။ သိချင်လို့ပါ"

"အိမ်ထောင်ဖက်ကောင်းဆိုတာ သမီး ဘာကိုဆိုလိုတာလဲ။ လုံခြုံ၊ ပြည့်စုံမှုဆိုတာကကော ဘာကိုပြောချင်တာလဲ။ အရည်အချင်းဆိုတာ အမျိုးမျိုးရှိတယ်လေ။ သမီးစံထားတဲ့ပုံစံ၊ ဖြစ်စေချင်တဲ့အိမ်ထောင်ဘဝက ဘယ်လိုပုံစံလဲဆိုတာ တိတိကျကျပြော"

"ဆရာရယ်၊ သမီးက ဆင်းရဲမှာအရမ်းကြောက်တယ်။ ဆင်းရဲတဲ့ဘဝမှာ သမီးကကြီးပြင်းခဲ့ရတာ။ အမျိုးတွေ၊ ပတ်ဝန်းကျင်တွေရဲ့ အနှိမ်ခံလိုနေခဲ့ရတော့ သမီးကိုယ်တိုင်လည်း ကြိုးစားတယ်။ အဲ့ဒီလိုမခံချင်စိတ်နဲ့ ကြိုးစားခဲ့လို့ သမီးအခု YIT နောက်ဆုံးနှစ် ရောက်ခဲ့တာ။ (၁၀)တန်းကို ဂုဏ်ထူး(၅)ဘာသာနဲ့အောင်ခဲ့တယ်။ YIT မှာလည်း နှစ်စဉ်အမှတ်ကောင်းခဲ့တယ်။ ကျောင်းပြီးရင် မိဘတွေကို လုပ်ကျွေးမယ်၊ မိဘတွေအတွက်ထိုက်သင့်သရွေ့ပြည့်စုံရင် သူနဲ့လက်ထပ်မယ်။ ချမ်းသာအောင်ကြိုးစားမယ်။ ဆွေမျိုးပတ်ဝန်းကျင်မှာ လက်မထောင်ပြီးနေနိုင်တဲ့ဘဝမျိုးဖြစ်အောင်ကြိုးစားမယ်။ အခုလည်း (၁၀) တန်းနှစ်ကတည်းက အိမ်မှာသမီးစက်ချုပ်တယ်။ အမေ့ကိုကူလုပ်တယ်။ သမီးကျောင်းစရိတ်ကို သမီးရှာတယ်။ ဒါကြောင့် အိမ်ထောင်ပြုရင်လည်း မောင်တစ်ထမ်း၊ မယ်တစ်ရွက် သမီးလိုပဲ ကြိုးကြိုးစားစားအလုပ်လုပ်မယ့်သူ၊ ချမ်းသာအောင်ငွေရှာနိုင်တဲ့သူ ဖြစ်စေချင်တယ်။ ဒါကသမီးရဲ့ ဆန္ဒပဲ"

"ကဲ-ကောင်းပါပြီ။ အခုပြောပြတဲ့အတိုင်း သမီးဖြစ်ချင်တဲ့ဆန္ဒကို အာရုံပြု၊ သူ့ကိုလည်း စိတ်ထဲမှာပုံဖော်ပြီး တားရော့်ကိုမေး၊ ချိုးလိုက်"

....

"သမီး No man is perfect ဆိုတာကြားဖူးမှာပေါ့။ အဘက်ဘက်က ပြည့်စုံတဲ့သူရယ်လို့ လောကမှာမရှိဘူး။ ထို့အတူပဲ အရာရာမှာဖြစ်ချင်တဲ့ဆန္ဒတွေအားလုံး ပြည့်စုံရတဲ့သူရယ်လို့ မရှိဘူး။ ပုထုဇဉ်လူသားတွေဖြစ်တဲ့အတွက်ကြောင့် တစ်နေရာရာမှာတော့ အားနည်းချက်ရှိစမြဲပါ။ သမီးရဲ့ချစ်သူက လူအေး၊ လူကောင်းတစ်ယောက်ပဲလို့ တားရော့်က ပြောနေပါတယ်။ သမီးအတွက် တစ်သက်တာသစ္စာရှိမယ့် ချစ်သူဖြစ်မှာပါ။ သူက ရိုးသားမယ်၊ ကြိုးစားမယ်၊ ရိုးရိုးသားသား လိမ်လိမ်မာမာနေမယ်၊ စာကြိုးစားမယ်။ ဒါပေမယ့်အလိုလောဘမကြီးဘူး။ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နိုင်စွမ်းရှိတဲ့သူ၊ ဘဝကိုအေးအေးချမ်းချမ်းနေလိုသူ၊ စိတ်ကောင်းစေတနာကောင်းမွေးမြူတတ်တဲ့ သူတစ်ယောက်ဖြစ်မှာပါ"

"အဲဒါကို သမီးအားမရတာဆရာရဲ့။ သူက နေရာတကာမှာ အေးချမ်းတယ်။ မာန်မာနလည်းမထားတတ်ဘူး။ တက်တက်ကြွကြွမရှိဘူး။မထုံတက်သေးနဲ့၊ သူပြောလိုက်ရင် 'ရပါတယ်၊ ဖြစ်ပါတယ်' ဆိုတဲ့ စကားတွေပဲ ထည်လဲသုံးနေတာ။ ဘဝရှေ့ရေးကို ဆွေးနွေးပြန်ရင်လည်း အားရပါးရစိတ်ကျေနပ်လောက်အောင် ဘယ်တော့မှမပြောဘူး။ လောဘ၊ဒေါသတွေ၊မာန်မာနတွေ[...] တာမကောင်းကြောင်း၊ လောဘကြီး[...] ပူပင်သောကကြီးရကြောင်း၊ လူတွေ[...] ကံနှင့်ကံရဲ့အကျိုးတရားရဲ့ အောက်[...] မလွတ်နိုင်ကြောင်း၊ ဒါကြောင့် စိတ်[...] ကောင်း၊ စေတနာကောင်းနဲ့ အလုပ်[...] ရင် ဘဝမှာ အေးချမ်းပြည့်စုံကြော[...] တရားဟောတော့တာပဲ။ ဘုန်းကြီး[...] ထွက်ကျနေတာပဲ။ အခုထဲက သမီး[...] အရာရာကိုဦးဆောင်နေရတယ်။ တစ်[...] တလေကျတော့လည်းစိတ်ပျက်မိတယ်[...] ရှေ့မှာ လက်တွဲလို့ဖြစ်ဖြစ်ပါ့မလား[...] တောင် တွေးမိတယ်"

"သူက စိတ်ချမ်းသာမှုကို ဦး[...] ပေးတယ်။ သမီးက လူချမ်းသာဖို့ ငွေ[...] ကြေးစီးပွားပြည့်စုံဖို့ကိုအဓိကထားတယ်[...] သမီးက ငယ်သေးတော့၊ ပြီးတော့ ဘဝ[...] ပင်ပင်ပန်းပန်းရုန်းကန်ခဲ့ရတော့ ကို[...] ဖြစ်ချင်တဲ့ဘဝကိုအကောင်းဆုံးမျှော်မှန်း[...] ထားတယ်။ ဒီအတွေးကလည်း ဖြစ်သင့်[...] တဲ့၊ ရှိသင့်တဲ့အတွေးပါပဲ။ မခံချင်စိတ်[...] ကြိုးစားမှ ဘဝမှာအောင်မြင်မှုရနိုင်[...] တာ။ သို့သော်လည်း အတိုင်းအတာ[...] တော့ရှိတယ်။ သမီးဘယ်လောက်အထိ[...] ချမ်းသာကြီးပွားချင်တာလဲ။ လောဘ[...] တာအတောမသတ်ဘူး။ ကားတစ်စီး[...] နေ နှစ်စီး၊ တိုက်တစ်လုံးကနေ နှစ်လုံး[...] အဆုံးမရှိတဲ့ လောဘနောက်လိုက်[...] တော့ ဘယ်တော့မှစိတ်အေးချမ်းမှု[...] မဟုတ်ဘူး။ ထိုက်သင့်ပြည့်စုံတဲ့စား[...] နေရေး၊ ငွေကြေးဥစ္စာကတော့ရှိအောင်[...] ကြိုးစားရမှာပေါ့။ ဆရာတို့ ဗုဒ္ဓဘာသာ[...] ဝင်တွေမှာ 'ကံပေးသမျှပဲရမယ်' ဆို[...] အတိတ်ကပါလာတဲ့ကုသိုလ်၊အကုသိုလ်[...] နဲ့ ယခုဘဝလုပ်ဆောင်နေတဲ့ကုသိုလ်[...] အကုသိုလ်တွေရဲ့အကျိုးပေးအရပဲ ခံ[...] စံစားရမယ်ဆိုတာကိုတော့ မမေ့ပါနဲ့[...]

အကျင့်သီလရှိပြီး ရိုးသားကြိုး[...] တဲ့သူကရှားတယ် သမီး။ ချမ်းသာသူ[...] မျက်မြင်ကြည့်ပြီး ရွေးချယ်လို့ရတ[...] ပေါတယ်။ ဘဝတစ်သက်တာသစ္စာ[...] အားထားရမယ့်သူကိုတွေ့ဖို့ ရွေးချယ်[...] ဖို့ခက်တယ်။ သူက စိတ်ဓာတ်ဆိုင်[...] အကျင့်စာရိတ္တဆိုင်ရာဘက်မှာ စိတ်[...] နိုင်တဲ့သူတစ်ယောက်ပါ။ သမီး[...] သက်တာအတွက် ယုံကြည်စိတ်ချ[...] တယ်။ ဒါပေမယ့် မတော်လောဘ[...] မယ့်သူ၊ ငွေရရင်ပြီးရော ဘာမဆို[...] မယ့်သူမျိုးတော့ မဟုတ်ဘူး။

ဒီတော့ သမီးသေသေ[...] စဉ်းစားပါ။ ဘယ်အရည်အချင်းကို[...]



www.burmeseclassic.com

www.burmeseclassic.com

...၊ သမီးရဲ့ရည်ရွယ်ချက်တွေ၊ ဆန္ဒ ...လည်း မဖြစ်နိုင်ဘူး၊ သူ့ကိုလည်း ...လိုချင်တဲ့ပုံစံမျိုးဖြစ်အောင် ညှိနှိုင်း ...နေယူလို့လည်း မရဘူးဆိုတော့ ...ကြိုက်သလို ဆုံးဖြတ်နိုင်ပါတယ်။ ...တစ်သက်တာလက်တွဲပြီး နှစ်ကိုယ့် ...စိတ်ဖြစ်ရမယ့် အိမ်ထောင်သည် ...မှာ တစ်ယောက်နဲ့ တစ်ယောက် ...ချင်းကျောခိုင်းနေကြရင် ရေရှည် ... အိမ်ထောင်ရေးမသာမယာဖြစ်မှာကို ...း ထည့်စဉ်းစားထားရမယ်။ သမီး ...သေချာချာ အေးအေးဆေးဆေး ...နဲ့ယူပြီးစဉ်းစား၊ ပြုပြင်၊ ဆုံးဖြတ်ပါ ... ဆရာက အကြံပေးချင်တယ်"

"ကျေးဇူးပါပဲ ဆရာ၊ သမီးစဉ်းစား ...ယ်။ စရိုက်မတူတဲ့ သူ့လိုလူကို ချစ် ... သမီးရဲ့အမှားများဖြစ်နေပြီလား ...တော့ပါဘူး"

(ဒီကားချပ်ကတော့ Hierophant ...တဲ့ ဘုန်းတော်ကြီးကားချပ်ပဲဖြစ်ပါ ...ယ်)

အဲဒီဘုန်းတော်ကြီးကားချပ်တစ်ခု ...ပဲ ပထမမေးခွန်းအတွက် အကောင်း ...သဘောဆောင်ပြီး ဒုတိယမေးခွန်း ...ကွက် မကောင်းတဲ့သဘောစရိုက်ချင်း ...ကျင်တဲ့သဘောကိုဆောင်ပါတယ်။

နောက် နမူနာအဖြစ် Devil - ...သရဲကားချပ်နဲ့ အကျဉ်းချုံးပြော ...မယ်။

**...မာ (၁)**

လင်မယားရန်ဖြစ်ပြီး အိမ်ပေါ်က ...သွားတဲ့ ယောက်ျားအတွက် စိတ် ...ကရောက်ပြီး ဇနီးသည်ကလာမေး ...ခါ Devil- ကားချပ်ထွက်ပေါ်လာ ...ယ်၊

"ငါတူမ ဘာမှစိတ်မပူနဲ့။ ညည်း ...ကျား ပြန်လာမှာ သေချာတယ်။ ...သအလျောက်သာထွက်သွားတာ။ ...းကို ကြာကြာခွဲမနေနိုင်ပါဘူး။ ...းယောက်ျားရဲ့ သံယောဇဉ်ကြီးတာ ...းပိုသိပါတယ်။ သူကစိတ်တိုတတ် ... စည်းကမ်းကြီးတတ်တာ၊ သဝန်တို ...တာလေးတွေကလည်း ညည်းကို ...ပါ။ ဒါတွေကို ညည်းက သဘော ...နားလည်ပေးမယ်။ သည်းခံနေပေး ...ဆိုရင် ညည်းယောက်ျားနောက် ...တော့မှဆင်းသွားမှာမဟုတ်ဘူး"

"သမီးကိုတော့ သူကအရမ်းချစ် ...ယ်။ သူချစ်တာကြောက်ဖို့ကောင်း ... ဆရာရဲ့။ ဘယ်ယောက်ျားလေးနဲ့မှ ရင်းရင်းနှီးနှီးဆက်ဆံတာမကြိုက်ဘူး။ အရမ်းသဝန်တိုတာ။ အခုလည်း အဲဒီကိစ္စနဲ့စကားများတာ။ သမီးလည်းကြာတော့ စိတ်ညစ်လာပြီး အရွဲ့တိုက်ပြန်ပြောလိုက်လို့ စိတ်ဆိုးဆင်းသွားတာ။ တစ်ခါမှတော့ ဒီလိုမလုပ်ဖူးပါဘူး။ နောက်ဆိုရင်တော့ သမီးကပဲသည်းခံပြီး လျှော့ပေးရမှာပေါ့"

**ဥပမာ (၂)**

ချစ်ခွင့်ပန်ထားသူယောက်ျားလေး (၂) ဦးအနက် ဘယ်သူ့ကိုရွေးရမှန်းမသိဝေခွဲမရဖြစ်လို့ တားရော့နဲ့လာရွေးချယ်တဲ့ မိန်းကလေးတစ်ယောက်။ အဲဒီယောက်ျားလေး (၂) ဦးကို အာရုံပြုပြီး တားရော့ကိုမေးတဲ့အခါ တစ်ဦးအတွက် ရည်ရွယ်ပြီး မေးတဲ့ကားချပ်နေရာမှာ Devil- ရုပ်ပုံထွက်ပေါ်လာတယ်။

"သမီးဒီတစ်ယောက်နဲ့ခင်မင်သိကျွမ်းတာဘယ်လောက်ကြာပြီလဲ။ သမီးကို ချစ်ခွင့်ပန်ထားတာကော ဘယ်လောက်ကြာပြီလဲ၊ ငယ်သူငယ်ချင်းထဲကလား"

"သူငယ်ချင်းထဲက မဟုတ်ဘူးဆရာ၊ တခြားမြို့ကာ။ အရင်က မသိပါဘူး။ မျက်မှန်းတန်းမိတာတော့ (၃)(၄)လ လောက်ရှိမယ်။ ချစ်ခွင့်ပန်တာက (၁) လောက်ရှိပြီ"

"သမီးနဲ့အရင်ထဲက ခင်မင်ပြီးသားသူငယ်ချင်းတွေထဲကမဟုတ်ဘူးဆိုရင်၊ အခုမှတွေ့သိတာဆိုရင် သမီး သူ့ကိုမရွေးသင့်ဘူး။ ရင်ထဲကဖြူစင်တဲ့ချစ်ခြင်းမေတ္တာကြောင့်မဟုတ်ဘဲ သမီးရဲ့ခန္ဓာကိုယ်ဖွံ့ဖြိုးလှပမှု၊ ပစ္စည်းဥစ္စာကြွယ်ဝမှုစတဲ့ တစ်ခုခုကို လိုချင်တပ်မက်စိတ်နဲ့ချဉ်းကပ်လာခြင်းဖြစ်နိုင်တယ်။ သဘောထားပြည့်ဝမှုနဲ့ စိတ်ဓာတ်အဆင့်အတန်းမြင့်မားမှုလည်းမရှိဘူးလို့ တားရော့ကပြောပါတယ်။

ဒါကြောင့် ဒီတစ်ယောက်ကိုမထောက်ခံပါဘူး။ သမီးကိုယ်တိုင်လည်းစောင့်ကြည့် လေ့လာစေချင်ပါတယ်။ နောက်ပြီး သမီးရဲ့ခံစားချက်တုံ့ပြန်မှုကကော သူ့အပေါ်ဘယ်လိုနေသလဲ"

"သမီးလည်း သူ့အပေါ်မှာတစ်ခုခုသံသယရှိနေတယ်။ ဘာလဲတော့မပြောတတ်ဘူး။ သူ့အပေါ်မှာ ဘာမှလည်းခံစားချက်တော့ မရှိပါဘူး။ တစ်နေ့နေ့တော့ အဖြေပေးရမှာပဲလေ။ ဒါကြောင့်မေးကြည့်တာပါ။ ဒါဆို နောက်တစ်ယောက်အတွက် ဘာကတ်ကျလဲဆရာ၊ ကြည့်ပေးပါဦး"

"ကဲ - Devil ကားချပ်တစ်ခုထဲကပဲ ပထမမေးခွန်းအတွက် အင်မတန်ကောင်းတဲ့အဖြေကို ထွက်ပေါ်စေပြီး ဒုတိယမေးခွန်းအတွက်တော့ မကောင်းတဲ့အဖြေ NO ဝေးဝေးရှောင်ပါလို့အဖြေထွက်ပါတယ်။

အဲဒီကောင်းတဲ့ အဓိပ္ပာယ်ရော မကောင်းတဲ့အဓိပ္ပာယ် (၂) မျိုးစလုံးဟာ Devil ကားချပ်ရဲ့ မူရင်းအဓိပ္ပာယ်ရည်ရွယ်ချက်တွေမှာပါရှိပြီးဖြစ်ပါတယ်။ မေးခွန်းနဲ့ အခြေအနေ Background History အပေါ်မှာမူတည်ပြီး လိုက်ဖက်တဲ့အဖြေကိုရွေးထုတ်ပေးရုံမျှဖြစ်ပါတယ်။

Major ကားချပ်တစ်ချပ်ချင်းရဲ့ နိမိတ်ပုံရဲ့ ဆိုလိုရင်းတွေ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို မူရင်းကျမ်းတွေထဲက ရည်ရွယ်ချက်တွေမပျက်စေဘဲ ကျွန်တော်နားလည်သလို လိုရင်းတိုရှင်းရေးသားတင်ပြထားတာရှိပါတယ်။ အဲဒီမှာ လေ့လာကြည့်ပါ။

ခုတော့ ကားချပ်တွေအကြောင်း အကျယ်မချဲ့တော့ပါဘူး။ ဒီ ဆောင်းပါးရဲ့ရည်ရွယ်ရင်းက Major ကားချပ်တစ်ခုဒီမှာ Positive သဘောရော Negative သဘောပါ သက်ဝင် တည်ရှိနေတယ်ဆိုတာကို အဓိကသိစေချင်တာပါ။

Natural Lawလို့ခေါ်တဲ့ လောကဓမ္မအောက်မှာ လူဖြစ်ရတဲ့ ကျွန်တော်တို့တစ်တွေဟာ တားရော့ကားချပ်တွေက နိမိတ်ပုံတွေနဲ့ ဖော်ပြပေးထားတဲ့ အစွန်းတရား(၂)ပါးကို တွေ့အောင်ရှာ၊ မြင်အောင်ကြည့်၊ တတ်နိုင်သမျှ ဘဝကို ထိန်းညှိနေထိုင်သွားနိုင်ကြဖို့ပဲ ဖြစ်ပါတယ်။

ဒီတော့ လက်တို့ပြီးတောင်းသူတွေအတွက် ဘိုးသူတော်ရဲ့ ကိုယ်တွေ့နည်းလေးကို ဘေးလူတွေမကြားအောင် တိုးတိုးလေးပဲ လက်တို့ပြီး ပြောလိုက်ပါမယ်။

များများမျက်စိလည်အောင်လုပ်ကြပါလို့။

စေတနာရှိုးသားစွာဖြင့်

ဆရာစိုး-ရွှေအာရက်ဦး
(ဘားရော့-သုတေသီ)
မိုးကောင်း



www.burmeseclassic.com

www.burmeseclassic.com

၁အင်းပညာရပ်များကိုစတင်သင်ကြားခြင်း

အင်းပညာရပ်များသည် ဝိဇ္ဇာဓရပညာရပ်များထဲတွင် ထူးခြားသောပညာရပ်တစ်ခု ဖြစ်၏။ အင်းပညာရပ်တွင် အက္ခရာဗျည်းသရ (၄၁) လုံးနှင့် ဂဏန်း (၁၀) ခုတို့ ပါဝင်ပြီး ထိုအက္ခရာများ၊ ဂဏန်းများဖြင့် လိုသောအကျိုးကိုပြီးစေနိုင်ခြင်းပင် ဖြစ်၏။ စေလိုရာစေနိုင်၏။ ကောင်းကျိုးဆိုင်ရာကိစ္စရပ်များကိုပြုလုပ်စီမံနိုင်သကဲ့သို့ ဆိုးကျိုးဆိုင်ရာကိစ္စရပ်များကိုလည်း ပြုလုပ်စီမံနိုင်၏။ အင်းပညာသည် အခြားသော ဝိဇ္ဇာဓရပညာရပ်များနှင့်မတူဘဲ တစ်မူထူးခြား၏။ မိုင်းကိုင်စက္ကူပေါ်တွင် အကွက်အင်းများ၊ စမများချ၍ စီရင်ပြီး အသုံးပြုခြင်း ဖြစ်၏။ လိုအပ်ပါက ဗေဒင်ပညာ၊ နက္ခတ်ပညာရပ်များပါ ယှဉ်တွဲအသုံးပြုရ၏။ ထို့အပြင် ဂါထာများ၊ မန္တန်များ၊ ပရိတ်တော်များ၊ ပိဋကတ်တော်များကိုပါ ယှဉ်တွဲအသုံးပြုရ၏။ ထိုပညာရပ်အား သီလ၊ သမာဓိ၊ ပညာတို့ဖြင့်ပါ တွဲဖက်အသုံးပြုရ၏။ သီလ၊ သမာဓိ၊ ပညာတို့သည် ပညာရပ်၏ အထိန်းအကွပ်လည်း ဖြစ်သလို ထက်မြက်ထိရောက်သော အားအစွမ်းလည်း ဖြစ်၏။

ထို့ကြောင့် အင်းပညာရပ် အပါအဝင် ဝိဇ္ဇာဓရပညာရပ်အားလုံး၌ သီလ၊ သမာဓိ၊ ပညာတို့သည် အခေါင်အချုပ်ဖြစ်၏။ ဦးသျှောင်ကိုင်လည်း ဖြစ်၏။

သို့ပါ၍ ဝိဇ္ဇာဓရပညာရပ်များကို လိုက်စားသည့်ပုဂ္ဂိုလ်များသည် သက်ဆိုင်ဝိဇ္ဇာဓရပညာရပ်များ၏ ပညာဆိုင်ရာများကို လေ့လာကြိုးကုတ်အားထုတ်ရသကဲ့သို့ ဗုဒ္ဓဝါဒဆိုင်ရာ သီလ၊ သမာဓိ ပညာကို မိမိရောက်ရှိနေသောပညာရပ်အဆင့်အတန်းထက် ကျော်လွန်အောင် အားထုတ်ထားမှသာ တည်ငြိမ်သော စိတ်ချရသော အခြေအနေမျိုးဖြစ်မည်ဟုဆိုမှသာ ပို၍သင့်လျော်မှန်ကန်သည်ဟု ထင်ပါသည်။

ထို့အပြင် ဝိဇ္ဇာဓရပညာရပ်တို့၏ အခြေခံကျသော သဘာဝတစ်ရပ်မှာ ထုံခြင်း၊ စွဲခြင်း၊ မြဲခြင်း ဖြစ်၏။ အဆိုပါ ဝိဇ္ဇာဓရပညာရပ်တို့တွင်လည်း အင်းပညာရပ်သည် ထုံခြင်း၊ စွဲခြင်း၊ မြဲခြင်းတို့

ကျေးဇူးရှင်စစ်ကွင်းဆရာတော်ကြီး၏တပည့်

မဟာပထမံပညာ၏မြေပြင်ဂိုဏ်းချုပ်

# ပါရမီရှင်ဆရာကြီးဦးထွန်းမြိုင်

ပထမံဆရာဦးအေးရွှေ (၃)





www.burmeseclassic.com

www.burmeseclassic.com

ဍ်လိုအပ်၏။ ထုံခြင်း၊ စွဲခြင်း၊ မြဲခြင်း သည်မှာ နိစ္စဓူဝကိစ္စ (ဝါ) နေ့စဉ် င်ရက်မပျက် ပြုလုပ်ရမည်ဟု ဆိုလို း ဖြစ်ပါသည်။

အထူးသဖြင့် အင်းဝိဇ္ဇာဓရလမ်း င် ထုံခြင်း၊ စွဲခြင်း၊ မြဲခြင်းသည် ပို၍ ာနကျ၏။ မိမိနေ့စဉ်ပြုနေကျ အင်း ပ်ငန်းကို တစ်ရက်မပျက်ပြုရ၏။ င်ရက်မျှ ပျက်ကွက်သည်နှင့် ထုံခြင်း ဆိုရန် မမည်တော့ပေ။ ပညာရပ်၏ ငြဲ သဘောပါသော အစီအစဉ်ကျန သည် ပျက်ကွက်သွားပြီ ဖြစ်၏။ ကြောင့် နေ့စဉ်ပျက်ကွက်မှုမရှိစေရန် တ်ထားရ၏။ ဝါယမစိုက်ထားရ၏။ တ်ရှည်ရ၏။ သည်းခံရ၏။ သို့မှသာ က်မြောက်အောင်မြင်နိုင်မည် ဖြစ် ၏။

ဤတွင် အင်းဝိဇ္ဇာဓရပညာရပ် ပေါက်မြောက် အောင်မြင်ခြင်းဟု ဆိုလိုက်သဖြင့် ခပ်လွယ်လွယ်ဖြင့် ါက်မြောက် အောင်မြင်ခြင်းဟု ထင် ာင်းထင်စရာရှိပါသည်။တကယ်တမ်း တွင်မူ လွန်စွာခက်ခဲလှသည်ကို လက် တွေ့ အားထုတ်ကြည့်သောအခါတွင်မှ သိရှိနိုင်မည် ဖြစ်ပါသည်။ အထက်တွင် အင်းဝိဇ္ဇာဓရလမ်းစဉ်၌ သတိရှိခြင်း၊ ဝါယမစိုက်ထုတ်ခြင်းတို့အပြင် စိတ်ရှည် ခြင်း၊ သည်းခံခြင်းတို့ပါရှိရမည်ဟုဆိုထား ပါသည်၊ ဤသို့ဆိုခြင်းသည် သာမည ဆိုခြင်း မဟုတ်ပေ။ ဝိသေသသဘော သက်ရောက်စေသော လေးလေးနက် နက်ဆိုခြင်းသာ ဖြစ်ပါသည်။

ဤပညာလမ်းစဉ်တွင် မည်မျှ အထိ စိတ်ရှည်ရမည်နည်း၊ သည်းခံရ မည်နည်းဟူမူ နှစ်ပေါင်း (၄၅) နှစ်လုပ် ရမည် ဖြစ်၏။ ထို (၄၅) နှစ်ပတ်လုံး တစ်ရက်မပျက် နေ့စဉ်နေ့တိုင်းထုံရမည်၊ စွဲရမည်၊ မြဲရမည် ဖြစ်ပါသည်။ တစ်ရက်၊ တစ်လ၊ တစ်နှစ်၊ နှစ်နှစ်အလုပ်မဟုတ် ပေ။ နှစ်ပေါင်းများစွာ မပျက်မကွက် လုပ်ရမည့်အလုပ် ဖြစ်၏။ ထို့ကြောင့် ထိုလုပ်ငန်းကို လုပ်ကိုင်သည့်ပုဂ္ဂိုလ်တို့ သည် တော်ရုံ ဖွဲ လုံ့လ၊ ဝီရိယ စိတ်ရှည်၊ သည်းခံမှုမျိုးဖြင့် မရနိုင်ကြောင်းကား ထင်ရှားစွာ သိမြင်နိုင်မည် ဖြစ်ပေ၏။ ထို့ကြောင့် အဆိုပါ ပညာရပ်မျိုးကို ပေါက်မြောက် အောင်မြင်နိုင်မည့်ပုဂ္ဂိုလ် သည်လည်း သာမန်ပုဂ္ဂိုလ်မျိုးမဖြစ်နိုင် ပေ။ ပါရမီရှင်အဆင့်အတန်းရှိသော ပုဂ္ဂိုလ်မျိုးမှသာ ဖြစ်နိုင်ချေရှိကြောင်း ထောက်ဆသိရှိနိုင်မည် ဖြစ်ပေသည်။

ဆရာကြီးဦးထွန်းမြိုင်သည် အဆို ပါအင်းပညာရပ်များတွင်မှ ခက်ခဲနက်နဲ ပြီး ကာလရှည်ကြာစွာပင် (၄၅) နှစ်ကြာ အောင် အားထုတ်လုပ်ကိုင်ရသော ဝိဇ္ဇာ ဓရအင်းပညာရပ်ကို လိုက်စား ပေါက် မြောက် အောင်မြင်ခဲ့သည့် ပုဂ္ဂိုလ်ထူး ဖြစ်ပါသည်။ ဆရာကြီးသည် အဆိုပါ အင်းလမ်းစဉ်သို့ တိုက်ရိုက်ရောက်ရှိ ကျင့်ကြံ အားထုတ်နိုင်ခဲ့ခြင်းမျိုးကား မဟုတ်ပေ။ ကြားထဲတွင် အခြားသော



သူရှုမပျင်း
အတွဲ ၁၅၊ အမှတ် (၆) ၂၀၁၅ ခုနှစ် ဇွန်လ

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရပညာရှင်များ၊ မတူကွဲပြားခြားနားသော ဝိဇ္ဇာဓရပညာရပ်များ၊ အင်းပညာရပ်များတို့ကို တွေ့ကြုံဖြတ်သန်းပြီးနောက်ဆုံးတွင်မှ ဤမဟာပထမံအင်းပညာရပ်ကြီး ပါရမီဆက်အလျောက်၊ ပဋ္ဌာန်းဆက်အလျောက် ရောက်ရှိတွေ့ဆုံခွင့်၊ ကျင့်ကြံအားထုတ်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ယခုမှစ၍ ဆရာကြီး၏ ငယ်စဉ်ဘဝ အင်းပညာရပ်ဖြင့် စတင်ထိတွေ့သင်ယူခဲ့ရပုံများကို ဆက်လက်ဖော်ပြသွားမည် ဖြစ်ပါသည်။

❑

မောင်ထွန်းမြိုင်သည် ဆရာကြီးဦးရာမန်းနှင့်လိုက်ပါ၍ မြွေကိုက်ခံရကာ သေလုမြောပါးဖြစ်နေသော လူနာအား အောင်မြင်စွာ ကုသပေးနိုင်ပုံကို ကိုယ်တိုင်ကိုယ်ကျ မျက်မြင်တွေ့ရှိလိုက်ရသောအခါ မူလကတည်းက ဝိဇ္ဇာဓရပညာရပ်များအပေါ် စိတ်ပါဝင်စားနေသူတစ်ဦးအဖို့ကား 'ရေငတ်သူ ရေတွင်းထဲကျ' ဘိသကဲ့သို့ဖြစ်ကာ ဝိဇ္ဇာဓရပညာရပ်များကို ငမ်းငမ်းတက်သင်ယူလိုစိတ်တို့ကသာ တားမနိုင်ဆည်းမရဖြစ်ပေါ်လာလေတော့၏။

ဆရာကြီး ဦးရာမန်းကလည်း မောင်ထွန်းမြိုင်ကို စတွေ့လိုက်ကတည်းက မောင်ထွန်းမြိုင်၏ ရုပ်ခံ၊ ဓာတ်ခံ၊ ပါရမီအခံတို့ကို ချက်ချင်းပင်ခံစားသိရှိရ၏။ မောင်ထွန်းမြိုင်အား သူတတ်ထားသည့် ဝိဇ္ဇာဓရပညာရပ်များကို သင်ပေးလိုက်ခြင်းဖြင့် လျင်မြန်စွာ တတ်မြောက်ကျွမ်းကျင်ပိုင်နိုင်မည့် အခြေအနေကိုလည်း သိ၏။ ထို့အပြင် သူ၏ ဝိဇ္ဇာဓရပညာရပ်များအတွက် ဆက်ဆံနိုင်မည့် ပုဂ္ဂိုလ်အဖြစ်ကိုလည်း တွေးမိ၏။ ထို့မျှမက မောင်ထွန်းမြိုင်အပေါ်၌လည်း ကြီးစွာသော မျှော်လင့်ချက်ကိုလည်း ထားခဲ့လေ၏။

ထို့ကြောင့်လည်း ဆရာကြီးဦးရာမန်းသည် မောင်ထွန်းမြိုင် နေထိုင်ရာ ဖျာပုံမြို့ ပြဿဒ်ကျောင်းသို့ လာရောက်ကာ သူတတ်ထားသည့် အင်းပညာကို သင်ကြားပေးလေ၏။ သူတတ်ထားသည့် အင်းပညာကား စမ္မာနဝင်းအင်းပညာဖြစ်၏။ ထိုပညာရပ်ကို ဆရာကြီးသည် အချိန်ရလျှင်ရသလို မကြာခဏလာရောက်ပြီး သင်ကြားပေးခြင်း ဖြစ်၏။

ထိုသို့ ဆရာကြီးဦးရာမန်းသည် မောင်ထွန်းမြိုင်အား စမ္မာနဝင်းအင်းပညာအား အခြေခံမှစ၍ သင်ပေးလေ၏။ အခြေခံ (၃) ကွက်အင်းမှစပြီး စမ္မာနဝင်း၊ ဇာလင်း၊ သတ္တ စသည်တို့၏ အတွေးအခေါ် အယူအဆများ၊ ရာဇဝင်သမိုင်းဆိုင်ရာများ၊ အသုံးချပုံများ၊ အစီအရင်ပြုပုံ စသည့် သဘောတရားများပါမကျန် သင်ကြားပေး၏။

တစ်နေ့တွင် အင်းပညာသင်ပေးရင်း ဆရာကြီးဦးရာမန်းက -

"ဒီမယ် မောင်ထွန်းမြိုင်၊ ဒီစမ္မာနဝင်းအင်းတွေဆိုတာ စစ်ထိုးတဲ့အင်းတွေပဲ။ ဒါကြောင့် ဒီအင်းတွေကို စစ်ရေးပြိုင်ဆိုင်တဲ့နေရာမျိုးတွေမှာသုံးတယ်"

"စစ်ထိုးတဲ့အင်း ဟုတ်လား ဆရာကြီး"

"ဟုတ်တယ်၊ စမ္မာနဝင်းတွေကို ချရေးကြည့်ပါလား။ ဂြိုဟ်တွေဟာ ဘယ်ပြန်ညာပြန်ဖြစ်နေတာကိုတွေ့ရလိမ့်မယ် တွေ့လား"

"ဟုတ်ကဲ့၊ တွေ့ပါတယ်"

"ဂြိုဟ်တွေ အဲဒီလို ဘယ်ပြန်ညာပြန်ဖြစ်ပြီး တည်နေတာကို ရှေးဆရာကြီးတွေက ဘယ်လိုပုံခိုင်းလဲဆိုရင် တို့မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲတွေ မင်းကြည့်ဖူးတယ် မဟုတ်လား။ အဲဒီမှာ လက်ဝှေ့ယှဉ်ပြိုင်ထိုးသတ်မှုမပြုခင် လက်ဝှေ့ရေးပြတာတို့၊ လက်ခမောင်းခတ်ပြတာတို့ တွေ့ဖူးတယ် မဟုတ်လား"

"တွေ့ဖူးပါတယ် ဆရာကြီး"

"အဲဒီ လက်ခမောင်းခတ်တာကို ကြည့်။ ဘယ်ဘက်လက်ဖဝါးက ညာဘက်လက်မောင်းရင်းကို ရိုက်ခတ်ရတယ်။ ညာဘက်လက်ဖဝါးက ဘယ်ဘက်လက်မောင်းရင်းကို ရိုက်ခတ်ရတယ် မဟုတ်လား။ အဲဒီလက်ခမောင်းခတ်တာကို ဘယ်တစ်လှည့်၊ ညာတစ်လှည့်ခတ်ရတယ် မဟုတ်လား။ အဲဒီလက်ခမောင်းခတ်တဲ့ဟန်နဲ့ ဒီစမ္မာနဝင်းအင်းချထားတာကို ခိုင်းနှိုင်းထားတာပဲ။ ဒီနေရာမှာ ခိုင်းနှိုင်းထားတာက စမ္မာနဝင်းအင်းဂြိုဟ်တည်ဆောက်ပုံကို ခိုင်းနှိုင်းထားတာလည်းပါသလို ယှဉ်ပြိုင်တဲ့ စစ်ထိုးတဲ့သဘောကို ခိုင်းနှိုင်းထားတာလည်းပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် လက်ခမောင်းခတ်တဲ့သဘောဟာ တို့မြန်မာရိုးရာမှာ စိန်ခေါ်တဲ့သဘောကို ဆောင်ထားတယ်"

"ဟုတ်ကဲ့၊ အခု ဆရာကြီးပြောပြတဲ့ စမ္မာနဝအင်းပညာဂြိုဟ် တည်ဆောက်တဲ့သဘောနဲ့တင်ပဲ အတော့်ကို စိတ်ဝင်စားစရာကောင်းနေပါပြီ။ ဆက်ပြီးတော့ ရှင်းပြပါဦး"

"အေး - တို့ရဲ့ စမ္မာနဝအင်းပညာဟာ ထဲထဲဝင်ဝင်လေ့လာလေ ပိုပြီးတော့ စိတ်ဝင်စားဖို့ကောင်းလေပဲ။ နောက်ပိုင်းရောက်လေ ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းလေပဲ"

"ဒါနဲ့ ဆရာကြီး၊ ဒီစမ္မာနဝအင်းတွေကို စစ်ထိုးတဲ့နေရာ၊ ယှဉ်ပြိုင်တဲ့နေရာတွေမှာပဲ သုံးလို့ရတာလား"

"ဟာ - အသုံးကတော့ အများကြီးပဲ မောင်ထွန်းမြိုင်ရေ၊ ကိုယ်ဉာဏ်ရှိရင်ရှိသလို သုံးလို့ရတယ်။ စီးပွားရေး နိုင်ငံရေး၊ ကျန်းမာရေး၊ ဘဝအောင်မြင်ရေး စတဲ့ အရေးအရာကိစ္စအားလုံးမှာ သုံးလို့ရတယ်။ မင်း နောက်ပိုင်းမှာ စမ္မာနဝနဝင်းအင်းကြီးတွေသင်ရလိမ့်မယ်။ အဲဒီ အင်းကြီးတွေက ပိုပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ အင်အားကြီးကြီးသုံးလို့ရတယ်ကွယ့်။ သောက်အင်း၊ မီးထွန်းအင်း၊ ဆောင်အင်း၊ ကိုးကွယ်တဲ့အင်း ဘုရားတွေအဖြစ်နဲ့လည်း အမျိုးမျိုးစီရင်ပြီး သုံးလို့ရတယ်"

"အဲဒီပညာတွေ တတ်ချင်လိုက်တာ ဆရာကြီးရယ်"

"ဟာ - မင်း ဒီပညာတွေကို သင်ရမှာပေါ့၊ တတ်ရမှာပေါ့ကွာ။ တဖြည်းဖြည်း သူ့အဆင့်နဲ့သူ ရောက်လာလိမ့်မယ်။ နောက်ပိုင်း မင်းဟာ အင်းပညာမှာ ဆရာကြီးတစ်ဆူဖြစ်လာမှာပါ။ ဒီနေ့တော့ မင်းဟာ စမ္မာနဝ (၃) ကွက်အင်းကို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ပိုင်ပိုင်နိုင်နိုင် တတ်မြောက်သွားပြီ။ အဲဒါ မြဲမြဲ မှတ်မိနေအောင် အကြိမ်ကြိမ် အဖန်ဖန် အထပ်ထပ်သာ လေ့ကျင့်ထားကွယ့် ကြားလား"

"ဟုတ်ကဲ့- မှတ်ထားပါ့မယ် ဆရာကြီး။ ဒါနဲ့ ဆရာကြီးကို သိချင်တာလေး တစ်ခုလောက် မေးပါရစေ"

"မေးလေကွယ် မောင်ထွန်းမြိုင်"

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော် သိချင်တာက ကျွန်တော် ဒီနေ့သင်ယူခဲ့တဲ့ အခြေခံ စမ္မာနဝ (၃) ကွက်အင်း တာကကော လက်တွေ့အသုံးပြုလို့ရ လား ဆရာကြီး"

"ဟာ - မောင်ထွန်းမြိုင်ကလည်း ဒီနေ့သင်ခဲ့တဲ့ စမ္မာနဝအင်းဆိုတာ အခြေခံ ဆိုပေမယ့် လက်တွေ့အသုံးချ မယ်ဆို အသုံးချလို့ရပါတယ်။ ဘာ လို့လဲ၊ မောင်ထွန်းမြိုင်က လက်တွေ့ အသုံးချတာကိုကြည့်ချင်လို့လား"

"ဟုတ်ကဲ့ - အပန်းမကြီး

www.burmeseclassic.com

ဒီအင်းတွေရဲ့ လက်တွေ့အသုံးချပုံ ကြည့်ချင်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ ချင်ပါတယ် ဆရာကြီး"

ဟုဆိုလိုက်ရာ ဆရာကြီးဦးရာမန်း သဘောကျသွားပြီး -

"ဟား. . . ဟား. . . ဟား. . . လာတဲ့ မောင်ထွန်းမြိုင်ပဲ။ မင်းရဲ့ ငါကလည်း ဒါမျိုးမှသဘောကျ လား။ ကောင်းပြီ၊ မင်းလက်တွေ့ ချတာ ကြည့်ချင်တယ်ဆို လက် ပြမယ်။ မနက်ဖြန် မနက်စောစော တက်ချိန် ငါလာခေါ်မယ်။ မင်း င်သင့်လုပ်ထားလိုက်။ ဟုတ်ပြီ တွယ့်"

ဟု ပြောဆိုမှာကြားပြီး ဆရာကြီး မန်းလည်း ပြန်သွားလေတော့၏။ ကြီးပြန်သွားပြီးနောက် မောင်ထွန်း လည်း သူလက်ရှိတတ်ထားသမျှ အင်းပညာအခြေခံမျှနှင့်ပင် တွေ့အသုံးချပုံကို မြင်တွေ့ရစေ ဟု ဆရာကြီးက ကတိပေးသွား ဝမ်းသာပီတိဖြစ်နေရတော့၏။ အပြင် သူ၏စိတ်အစဉ်သည်လည်း အတိုင်းမဟုတ်ဘဲ အလွန်ပင် လှုပ်ရှားနေလေတော့၏။ လက်တွေ့ အသုံးချပုံကို တွေ့ရတော့မည်ဆိုသဖြင့် ဝင်စားမှုကလည်း တိုး၍တိုး၍သာ လေတော့၏။ ထိုသို့ စိတ်ဝင်စားမှု လှုပ်ရှားမှုတို့က လွှမ်းဆော်နေသဖြင့် ောင်ထွန်းမြိုင်သည် ထိုနေ့ညအဖို့ ောင်းစွာပင် အိပ်မပျော်နိုင်ဘဲဖြစ်ခဲ့ရ ။ နံနက် ဆရာကြီးဦးရာမန်းလာမည့် အချိန်ကို စိတ်စော၍ မျှော်လင့်နေမိ တော့၏။

❑

နောက်တစ်နေ့နံနက် အရုဏ်တက် လောက်တွင် ဆရာကြီးဦးရာမန်း သည် သူပေးထားသည့် ကတိအတိုင်း ရောက်လာလေ၏။ ဆရာကြီးကျောင်း သို့ ရောက်ရှိပြီးနောက် မောင်ထွန်းမြိုင် ၏ဘကြီးတော်စပ်သူ ကျောင်းထိုင်ဆရာ တော်ထံ သွားရောက်ကာ မောင်ထွန်း မြိုင်အား ခေတ္တခေါ်သွားခွင့်ပြုပါရန် ခွင့် တောင်းလေ၏။ ဆရာတော်ကလည်း ကြည်ဖြူစွာပင် ခွင့်ပြုလိုက်သဖြင့် ဆရာ ကြီးဦးရာမန်းလည်း မောင်ထွန်းမြိုင်ကို ခေါ်ကာ ထွက်လာလေ၏။

ထိုအချိန်သည် နံနက်အရုဏ်တက် ချိန်သာရှိသေးသဖြင့် အလင်းရောင်မရှိ ဘဲ မှုန်ရီဝိုးတဝါးသာ ဖြစ်နေသေး၏။ အချိန်ကာလကလည်း ဆောင်းအကုန် နွေအကူး နွေဦးကာလဖြစ်သဖြင့် မြူနှင်း တို့ကလည်း ပိန်းပိတ်အောင်ကျနေ၏။ ဆရာတပည့်နှစ်ယောက်သည် ခြေလှမ်း မှန်မှန်ဖြင့် လျှောက်နေကြ၏။

ထိုနေရာဒေသသည် မြစ်ဝကျွန်း ပေါ် ဧရာဝတီတိုင်းဒေသကြီးရှိ ဖျာပုံမြို့ ဖြစ်သဖြင့် လယ်တောများ၊ စပါးခင်းများ၊ မြစ်ချောင်းအင်းအိုင်ရေကန်များပေါများ ရာဒေသ ဖြစ်၏။ ထိုလယ်ကွင်းများကို ဖြတ်သန်းတိုက်ခတ်လာသော လေက လည်း သန့်ရှင်းလတ်ဆတ်နေသဖြင့် မောင်ထွန်းမြိုင်သည် အဆိုပါလေနုအေး ကို တဝကြီးရှူရှိုက်ပြီး သူ၏စိတ်လှုပ်ရှား မှုကို ဖြေဖျောက်လိုက်၏။ ထိုအချိန်တွင် မောင်ထွန်းမြိုင်တို့၏ရှေ့ဘေးဘီဝဲယာမှ လယ်တောကိုဆင်းမည့်သူများ၊ ငါးဖမ်း ပစ္စည်းများကိုကိုင်ကာ ရေလုပ်ငန်းသို့ သွားရောက်ကြမည့်သူများကို တစ်သုတ် ပြီးတစ်သုတ် ဖြတ်သန်းသွားလာနေကြ သည်ကို တွေ့မြင်ကြရလေ၏။

ထိုအချိန် ဆရာကြီးဦးရာမန်းက-

"ကဲ - မောင်ထွန်းမြိုင်ရေ ငါတို့ ခပ်သုတ်သုတ်လျှောက်မှဖြစ်မယ်။ တော် ကြာ ခုထက်လူသွားလူလာများလာရင် မကောင်းဘူး"

"လူသွားလူလာများလာရင် ဘာ ဖြစ်လို့လဲ ဆရာကြီးရဲ့"

"ဒီလိုကွ မောင်ထွန်းမြိုင်ရ။ တို့ရဲ့ ဒီဝိဇ္ဇာခရပညာဆိုတာ သိုသိုသိပ်သိပ် လုပ်ရတယ်၊ လျှို့ဝှက်ရတယ်ကွယ့်။ လူပုံ အလယ်မှာ ဟိုးလေးတကျော်ကျော် လုပ်လို့မရဘူး။ တခြားမသက်ဆိုင်တဲ့ လူတွေ ဘယ်သူမှမမြင်တာ၊ မတွေ့တာ အကောင်းဆုံးပဲ။ အခု ငါမင်းကိုပြမယ့် ပညာကို တခြားဘယ်သူမှမတွေ့စေချင် ဘူး။ လာလာ - ရောက်ခါနီးပါပြီ"

ဟု ပြောပြီး ဆရာကြီးဦးရာမန်း ခေါ်ရာနောက်သို့ မောင်ထွန်းမြိုင်လည်း ခပ်သွက်သွက်ပင်လျှောက်ပြီး လိုက်ပါ လေ၏။ မကြာမီပင် သစ်ကြီးဝါးကြီးပင် များဖြင့် အုပ်ဆိုင်းနေသော ရေကန်ကြီး တစ်ကန်သို့ ရောက်ရှိလာကြလေ၏။ ထိုအခါတွင် ဆရာကြီးဦးရာမန်းသည် ကန် ပေါင်ပေါ် တစ်နေရာတွင်တက်ပြီး မတ် တတ်ရပ်လိုက်၏။ မောင်ထွန်းမြိုင်လည်း ဆရာကြီး၏နံဘေးတွင် ဝင်ရပ်လိုက်ပြီး ဆရာကြီး ဘာများလုပ်မလဲ ဟူသော စူးစမ်းသည့်အကြည့်ဖြင့် ဆရာကြီးအား ကြည့်နေလိုက်၏။ ဆရာကြီးလည်း လမ်းလျှောက်လာရသဖြင့် အနည်းငယ် မောပန်းသွားသဖြင့် ခေတ္တခဏမျှအနား ယူလိုက်ပြီးနောက် ဆရာကြီးသည် သူ လွယ်လာသည့်အိတ်ထဲသို့ လက်နှိုက် လိုက်၏။ ထို့နောက် တစ်စုံတစ်ခုကိုယူ လိုက်ကာ မောင်ထွန်းမြိုင်အား -

"ဟောဒီမှာကြည့် မောင်ထွန်းမြိုင်၊ ဒါဟာ သိမ်ဝင်သပိတ်ကွဲပေါ်မှာချထား တဲ့ စမွာနဝ (၃) ကွက်အင်းပဲ။ သေသေ ချာချာကြည့်"

ဟု ဆိုလိုက်သဖြင့် မောင်ထွန်း မြိုင်လည်း သိမ်ဝင်သပိတ်ကွဲလေးကို ယူကြည့်လိုက်သောအခါ အမှန်ပင် စမွာ နဝ (၃) ကွက်အင်းကိုချထားသည်ကို တွေ့ရသဖြင့် -

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါဟာ စမွာနဝ (၃) ကွက်အင်းပါပဲ"

"အေး - ဒါဆို ကောင်းပြီ။ မင်း သေသေချာချာကြည့်ထား"

ဟု ဆိုပြီး ဆရာကြီးသည် သိမ်ဝင် သပိတ်ကွဲအင်းလေးကို တအားလွှဲကာ ကန်အလယ်သို့ရောက်အောင်ပစ်ထည့် လိုက်လေတော့၏။

ထိုသို့ သိမ်ဝင်သပိတ်ကွဲအင်းလေး ကိုပစ်ပြီး မကြာမတင်မီတွင်ပင် ကန်ရေ ပြင်သည် လှုပ်ရှားလာပြီး တဟဲဟဲမြည် သံကိုပြုကာ ကန်ရေတို့သည် တစ်စထက် တစ်စလျော့နည်းပြီး ရေများခန်းခြောက် သွားလေတော့၏။ ထိုသို့ ရေများလျော့ နည်းကျဆင်းသွားခြင်းနှင့်အတူ ရေကန် ၏ အလယ်အောက်ခြေတွင် တည်ရှိနေ သော ကျောက်မိကျောင်းကြီးလည်း ပေါ်လာလေ၏။ ကန်ထဲရှိရေအားလုံး ကုန်သွားသည်နှင့် ကျောက်မိကျောင်း ကြီးတစ်ကောင်လုံးကိုလည်း အသေအချာ မြင်တွေ့ရလေ၏။ ထိုမြင်ကွင်းကြောင့် မောင်ထွန်းမြိုင်လည်း ကိုယ်မျက်စိကိုပင် မယုံသင်္ကာဖြစ်ကာ တအံ့တသြဖြင့် မျက်လုံးများကို ပွတ်သပ်ကြည့်ရှုလေ၏။

ထို့နောက် ဆရာကြီး ဦးရာမန်း လည်း သူ၏လွယ်အိတ်ထဲမှ နောက်ထပ် အင်းတစ်ချပ်ကို ထုတ်ယူလိုက်ပြီး မောင်ထွန်းမြိုင်အားပြလိုက်၏။ မောင် ထွန်းမြိုင်လည်း အင်းကို အသေအချာ ကြည့်လိုက်၏။ ပြီးသောအခါ ဆရာကြီး လည်း အင်းချပ်ကို တအားလွှဲကာ ရေ ကန်ကြီးအလယ်သို့ရောက်အောင် ပစ် ထည့်လိုက်ပြန်၏။

ခဏမျှအကြာတွင် ရေကန်ထဲမှ ရေတို့သည် တဟဲဟဲအသံပြုကာ ရေ များတဖြည်းဖြည်းပြန်ဝင်ပြီး မြင့်တက် လာလေတော့၏။ နောက်ဆုံး မူလရေရှိ

ခဲ့ရာနေရာသို့ ရောက်သောအခါတွင် ရပ်သွားလေ၏။ ကန်ကြီးတစ်ခုလုံးလည်း မူလအတိုင်း ခြေရာလက်ရာမပျက်ပင် ပြန်ဖြစ်သွားလေတော့၏။

ထိုအဖြစ်အပျက်တို့ကိုကြည့်ပြီး မောင်ထွန်းမြိုင်လည်း အထူးပင်အံ့သြခြင်း၊ ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းတို့ ဖြစ်သွားလေ၏။ ပြီးသောအခါတွင်မှ ဆရာကြီးနှင့် မောင်ထွန်းမြိုင်လှည့်ပြန်လာခဲ့ကြလေ၏။ အပြန်လမ်းတွင် မောင်ထွန်းမြိုင်က ဆရာကြီးအား -

"ဆရာကြီး၊ အခု ရေကန်ထဲပစ်ထည့်လိုက်တဲ့အင်းဟာ ကျွန်တော့်ကို သင်ပေးထားတဲ့ စမှာနဝ (၃) ကွက်အင်းပါပဲ။ အဲဒီနေရာမှာ ဒီစမှာနဝ (၃) ကွက်အင်းတို့ ကျွန်တော်က ရေးဆွဲပြီးတော့ ပစ်ရင်လည်း အခုလိုပဲ ဖြစ်မှာပဲလား"

"အင်း - ဒီကိစ္စကို မင်းနားလည်အောင် ရှင်းပြရမယ်ဆိုရင် မင်းနဲ့ငါဟာ အခုနေအခါမှာတော့ မတူသေးဘူး။ ဒါကြောင့် အခုအချိန်မှာ မင်းဟာ ငါလုပ်သလိုလိုက်လုပ်လို့မရသေးဘူး"

"ဘာဖြစ်လို့လဲ ဆရာကြီးရဲ့။ အခု ကျွန်တော်တတ်မြောက်ထားတဲ့ စမှာနဝ အင်းပညာက မဟုတ်လို့လား"

"ပညာကတော့ ဟုတ်ပါတယ်။ ဘာမှသံသယမရှိပါနဲ့၊ အတူတူပါပဲ။ ဒါပေမယ့် ကွာခြားတာတော့ရှိတယ်။ အဲဒီကွာခြားချက်က ဒီပညာကိုစီရင်တဲ့ လူပုဂ္ဂိုလ်ကွားခြားချက်ပဲ"

"လူပုဂ္ဂိုလ်ကွာခြားချက်ဟုတ်လား ဆရာကြီး။ ကျွန်တော် သိပ်နားမလည်တော့ဘူး"

"လူပုဂ္ဂိုလ်ကွာခြားတယ် ဆိုတာ တခြားတော့မဟုတ်ဘူး။ အင်းကိုထုံထားတာချင်း ကွာခြားတာပဲ။ ဝိဇ္ဇာရေအင်းလမ်းစဉ်ဆိုတာ စွဲရတယ်လေ။ စွဲမှလည်း မြဲတာမဟုတ်လား။ အဲဒီစွဲဖို့၊ မြဲဖို့ဆိုရင် ထုံရတယ်။ အင်းဟာ တစ်နေ့၊ တစ်လ၊ တစ်နှစ်နဲ့ လုပ်လို့ပြီးတာမဟုတ်ဘူး။ နှစ်ပေါင်းများစွာကြာအောင်လုပ်ရတယ်။ အင်းတွေကိုသောက်ရမယ်။ အဲဒီတော့မှလည်း ကိုယ့်ရဲ့ခန္ဓာငါးပါး၊ ရုပ်၊ နာမ် နှစ်ပါးမှာ အဲဒီအင်းရဲ့ သတ္တိတွေ၊ ဟိတ်တွေကိန်းလာလိမ့်မယ်။ အဲဒီလို ကိန်းအောင်လုပ်တာကို ထုံတယ်လို့ ခေါ်တယ်။ အဲဒီလိုထုံထားတဲ့ပုဂ္ဂိုလ်မှလည်း အင်းကို စီရင်လို့အောင်တာ။ ဘာမှ ထုံထားတာမရှိဘဲ အင်းတစ်ချပ်ကို ပုံစံတူလိုက်လုပ်ပြီးစီရင်ထားတဲ့ ပုံစံမျိုးက တော့ ဘယ်လောက်ပဲစီရင်စီရင် ထူးမှာ မဟုတ်ဘူး။ အဲဒီလိုဖြစ်ရင် ဒီအင်းမစွမ်းဘူးလို့ပြောကြမှာပဲ။ အဲဒါက အင်းမစွမ်းတာမဟုတ်ဘူး။ စီရင်တဲ့ လူပုဂ္ဂိုလ်က မစွမ်းတာဘဲ။ အဲဒါကြောင့် မောင်ထွန်းမြိုင်ရေ၊ မင်းလည်း ငါ့လိုပဲစွမ်းချင်တယ်ဆိုရင် များများထုံထားရမယ်။ ထုံနိုင်လေစွမ်းလေပဲကွယ့် မှတ်ထား"

"ဟုတ်ကဲ့-မှတ်ထားပါ့မယ် ဆရာကြီး။ ဒါပေမယ့် ဒီအင်းတွေဟာ စမှာနဝအင်းတွေ အမှန်ပဲမဟုတ်လား။ စီရင်တဲ့ ပုဂ္ဂိုလ်က မထုံထားတာနဲ့ပဲ ဒီအင်းတွေက လုံးဝမစွမ်းတော့ဘူးလား ဆရာကြီး"

"အင်းပညာက မှန်ပြီး စီရင်တဲ့ပုဂ္ဂိုလ်ထုံပုဂ္ဂိုလ်မဟုတ်ဘူးဆိုရင် ဒီအင်းတွေက လုံးဝမစွမ်းတော့တာတော့မဟုတ်ဘူး။ ပညာမှန်တဲ့အတွက် အထိုက်အလျောက် စွမ်းတာမျိုးတော့ ရှိနိုင်တယ်။ နောက်ပြီး နက္ခတ်ဗေဒင်တတ်လို့တွက်ချက်ပြီး အချိန်ကိုက်စီရင်နိုင်မယ်ဆိုရင်လည်း အထိုက်အလျောက်တော့ စွမ်းနိုင်ပါတယ်။ တစ်ခါ အင်းရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း ဆွဲနိုင်မယ်။ အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်းပေါက်ခြင်းတွေ မရှိဘူးဆိုရင်လည်း အထိုက်အလျောက်စွမ်းတာမျိုးတော့ ရှိနိုင်ပါတယ်။ ဒါပေမယ့် မောင်ထွန်းမြိုင်ရေ၊ ဒါတွေက ဟုတ်တော့ဟုတ်တယ်။ အတိအကျပြောဖို့လုပ်ဖို့ကျတော့ခက်တယ်။ ဒါကြောင့် တကယ်တမ်း အားကိုးလို့ရသလားဆိုတော့ ငါရှင်းရှင်းပဲပြောမယ်၊ လုံးဝစိတ်မချရဘူး။ စိတ်အချရဆုံးကတော့ စီရင်တဲ့ပုဂ္ဂိုလ်ဟာ မိမိကိုယ်မိမိ အရင်ဆုံးထုံထားတာပဲ။ ဒါကို တချို့ပုဂ္ဂိုလ်တွေက နားမလည်ကြဘူး။ မိမိကိုယ်မိမိထုံမထားဘဲ အင်းတွေကိုစီရင်ကြတယ်။ အဲဒီအခါမှာ စီရင်တဲ့အင်းတွေဟာ လိုရာအကျိုးကိုမပြီးစေတဲ့အခါမျိုးမှာ ပညာရပ်ကို အပြစ်ဖို့ချင်ကြတယ်။ ဒီပညာဆိုင်ရာကျမ်းတွေကတော့ ညွှန်းထားလိုက်တာမိုးလားကဲလားနဲ့၊ တကယ်လုပ်ကြည့်တော့ ဘာမှမဟုတ်ဘူး၊ အလကားပညာတွေဆိုပြီးတော့ ပညာရပ်ကို စော်ကားမော်ကားပြုတတ်ကြတယ်ကွယ့်။ မောင်ထွန်းမြိုင်ရေ၊ အဲဒီကိစ္စကိုတော့ ကြပ်ကြပ်ကြီးသတိထားပါ။ ပညာရပ်ကိုတော့ ဘယ်တော့မှ မစော်ကားမိစေနဲ့။ အဲဒါ အရေးကြီးတယ်။ စော်ကားမိရင် ပညာကန်းသွားလိမ့်မယ်။ ပညာကန်းသွားတာနဲ့တစ်ပြိုင်နက် မိမိတတ်ထားတဲ့ပညာဟာ ဘယ်တော့မှ ပညာအဆင့်မတက်တော့ဘူး။ ရောက်တဲ့နေရာမှာပဲ ရပ်သွားလိမ့်မယ်။ သေသေချာချာ မှတ်ထား[illegible] ကွယ့်"

"မှတ်သားထားပါ့မယ် ဆရာကြီး[illegible] ကျွန်တော် စိတ်လောကြီးပြီး မေးမိတာ[illegible] ကို စိတ်မရှိပါနဲ့ ခင်ဗျာ"

"ဟာ - ဒါက မင်းမေးတာကို စိတ်[illegible] ထွက်လို့ပြောနေတာမဟုတ်ဘူး။ အရေး[illegible] ကြီးတကာ အရေးကြီးဆုံးမို့လို့ [illegible] လေးနက်နက်ထားပြီးပြောတာပါကွယ်"

ထိုနေ့မှစ၍ မောင်ထွန်းမြိုင်သည် ဆရာကြီးဦးရာမန်း၏ စမှာနဝင်းအင်း[illegible] ပညာကို အထူးပင် သဘောကျ နှစ်[illegible] သွားလေတော့၏။ အချိန်အားရတိုင်း[illegible] လည်း ထိုအကြောင်းကိုသာ စဉ်းစား[illegible] မိတော့၏။ တဖြည်းဖြည်းဖြင့် အဆို[illegible] ပညာရပ်အပေါ် အစွဲလမ်းကြီး စွဲလမ်း[illegible] လာတော့၏။ အိပ်လည်းဒီစိတ်၊ [illegible] လည်းဒီစိတ်၊ သွားလည်းဒီစိတ်ဖြင့် [illegible] အကြောင်းအရာကသာ အချိန်ပြည့်[illegible] လွှမ်းမိုးထားတော့၏။

ထို့ကြောင့် သူ့ကိုယ်သူလည်း[illegible] ဆရာကြီးဦးရာမန်းကဲ့သို့ မြန်မြန်ဖြစ်[illegible] ရန်အတွက် ဘုရားများသို့ သွားရောက်[illegible] ကာ ပုတီးစိပ်၊တရားထိုင်ခြင်းအလုပ်များ[illegible] ကို ပို၍ပို၍သာ တိုးပြီးလုပ်ကိုင်လာတော့[illegible] ၏။ ထို့ကြောင့် မောင်ထွန်းမြိုင်၏ ပုံ[illegible] ကျောင်းတက်ရက်တို့သည်လည်း လျော့[illegible] နည်းသည်ထက် လျော့နည်းလာသ[illegible] ကျောင်းမှ ဆရာများနှင့် ပြဿနာ[illegible] လေတော့၏။ ဆရာတို့က မောင်ထွန်း[illegible] ကို အမျိုးမျိုးဆူခြင်း၊ ကြိမ်းမောင်း[illegible] ပြုကြသော်လည်း မောင်ထွန်းမြိုင်[illegible] သူပြုလုပ်မြဲအတိုင်းသာပြုလုပ်နေသ[illegible] နောက်ဆုံးတွင် မောင်ထွန်းမြိုင်၏အ[illegible] ထိန်းသူဖြစ်သော ပြဿဒ်ကျောင်းဆ[illegible] တော်ထံသို့ သွားရောက်ကာ မောင်ထွ[illegible] မြိုင်တစ်ယောက် ကျောင်းပျက်[illegible] အလွန်များကြောင်း တိုင်တန်းလျှော[illegible] ထားကြ၏။

ထိုအခါ ဆရာတော်လည်း ကြ[illegible] မရဖြစ်ကာ စိတ်အိုက်သွားတော့[illegible] မောင်ထွန်းမြိုင်သည် ပညာသင်[illegible] ရေးကိစ္စကို လုံးဝစိတ်ဝင်စားခြင်း[illegible] တော့ကြောင်းကို တွက်ဆမိသဖြင့် [illegible] ပင် စိတ်ပူပင်သောကရောက်ရလေ[illegible]

**□ မိုးကုပ်စက်ဝိုင်းပေါ်မှပျံနေသော [illegible] အကွရာလေးများ**

တစ်နေ့တွင် ဆရာကြီးဦးရာ[illegible] သည် ပြဿဒ်ကျောင်းသို့ ရောက်[illegible] ခဲ့၏။ ခရီးရောက်မဆိုက်ပင် [illegible]



www.burmeseclassic.com

www.burmeseclassic.com

...အား-

"မောင်ထွန်းမြိုင်ရေ ငါ မင်းကို ...တပုဂ္ဂိုလ်တွေနဲ့တွေ့ပေးမယ် လိုက်..."

ဟု မေးလိုက်ရာ မောင်ထွန်းမြိုင် ...ည်း ချက်ချင်းပင် -

"ခုသွားမှာလား ဆရာကြီး၊ ကျွန် ...တ်လိုက်မယ်"

ဟု အားရဝမ်းသာ ပြန်ပြောလေ...

ထိုအခါ ဆရာကြီးက -

"ပုသိမ်ကိုသွားရမှာ"

"ဘယ်ပဲသွားသွား လိုက်မယ် ...ရာကြီး"

ဟု မောင်ထွန်းမြိုင်ကပြောသဖြင့် ...ရာကြီးဦးရာမန်းလည်း ဆရာတော်ထံ ...ရောက် ခွင့်ပန်လေ၏။ ခွင့်ပြုချက် ...သည်နှင့် ဆရာကြီးဦးရာမန်းနှင့် ...ာင်ထွန်းမြိုင်တို့သည် သင်္ဘောဆိပ်သို့ ...ခဲ့ကြ၏။

ထို့နောက် ဆရာတပည့်နှစ် ...ာက်သည် ပုသိမ်မြို့သို့ သင်္ဘောဖြင့် ...တ်ခွာလာခဲ့ကြ၏။ မောင်ထွန်းမြိုင်တို့ ...ရာဝတီမြစ်ဝကျွန်းပေါ် ဒေသသည် ...ချောင်း၊ အင်း၊ အိုင်များသဖြင့် ...နေရာမှ တစ်နေရာသို့ ခရီးသွား ...ရှိလျှင် ရေလမ်းခရီးကိုသာ အားကိုး ...ရ၏။ ရေလမ်းခရီး ဟူသည့် သဘော ...ဘာဝကို၌ကား ကုန်းလမ်းခရီးနှင့် ...ဘဲ ကြန့်ကြာစွာသွားလာရလေ၏။ ...ကြောင့် ဖျာပုံမှ ပုသိမ်သို့ သွားရသည့် ...သည် အဖြောင့်ခရီးအားဖြင့် မည်မျှ ...မဝေးသော်လည်း ရေလမ်းခရီးအား ...မှ နာရီပေါင်းများစွာကြာအောင်သွား ...လေ၏။ ထို့ကြောင့် မောင်ထွန်းမြိုင် ...ည်း အချိန်ပိုများရရှိကာ သင်္ဘော ...စ်စီးလုံးအနှံ့ သင်္ဘောဦးမှသည် သင်္ဘောပဲ့ပိုင်းအထိ အသေအချာကြည့် ...လေ့လာလေ၏။ သင်္ဘော၏ ကမ်းမှခွာ ...သည်နှင့် သင်္ဘောပေါ်တွင် လိုက်ပါစီး ...င်းကြသောခရီးသည်များအား တစ်ဦး ...ချင်းစီလက်မှတ်စစ်သည့် လုပ်ငန်းသဘာဝ ...ကိုလည်း မောင်ထွန်းမြိုင်သည် စိတ်ဝင် ...စားစွာ သတိထား လေ့လာမိလေ၏။ ...ထို့နောက် သင်္ဘောမောင်းသည့် ဆလင် ...ခန်း၊ သင်္ဘောသားအခန်း၊ စက်ခန်း၊ ...ကုန်ပစ္စည်းသိုလှောင်ခန်းနှင့် အိမ်သာတို့ ...မကျန် အသေအချာ လိုက်လံကြည့်ရှု ...မှတ်သားလေ၏။ ထို့အပြင် ခရီးသွားကြ ...သူများ၏ သဘောသဘာဝကိုလည်း တစေ့တစောင်း ကြည့်ရှုလေ့လာအကဲခတ်လေ၏။

မောင်ထွန်းမြိုင်သည် ထိုသို့ သင်္ဘောတစ်စီးလုံးကို လေ့လာကြည့်ရှုပြီးသွားသော်လည်း ပုသိမ်မြို့သို့ရောက်ရှိရန် အချိန်များစွာလိုသေးသဖြင့် သူ့နေရာသို့ သူပြန်လာခဲ့၏။ သူတို့နေရာသို့ရောက်သောအခါ ဆရာကြီးဦးရာမန်းသည် သူစိပ်နေကျ ပုတီးဖြင့် ပုတီးစိပ်နေသည်ကို တွေ့ရှိရသဖြင့် မောင်ထွန်းမြိုင်လည်း သူ့နေရာသို့ အသာဝင်ထိုင်ကာ သူ့ပုတီးကိုထုတ်ပြီး သူလည်း ပုတီးစိပ်ကာနေလိုက်တော့၏။

မောင်ထွန်းမြိုင်လည်း ပုတီးစိပ်ပြီး မကြာမီပင် သမာဓိတဖြည်းဖြည်းတည်မိလာပြီး နောက်ပိုင်းတွင် အာရုံကျသည်ထက်ကျလာကာ ပုတီးကိုစိပ်ကောင်းကောင်းဖြင့် စိပ်လေတော့၏။ ထိုသို့ မောင်ထွန်းမြိုင်သည် ပုတီးကို စိပ်၍ မကောင်းကောင်းဖြင့် စိပ်လိုက်သည်မှာ အချိန်မည်မျှကြာသွားမှန်းပင်မသိတော့ချေ။

ပုတီးစိပ်ပြီး၍ ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့ဝိုက်ကြည့်လိုက်သောအခါ ညနေစောင်း၍ မှောင်ရီပင်ပျိုးနေပြီ ဖြစ်၏။

ထိုအချိန်တွင် ဆရာကြီးဦးရာမန်းထံမှ -

"ဟေ့-မောင်ထွန်းမြိုင်၊ မင်းပုတီးစိပ်ပြီးပြီလားကွယ့်"

ဟု မေးလိုက်သဖြင့် မောင်ထွန်းမြိုင်လည်း ဆရာကြီးဘက်သို့ လှည့်ကြည့်လိုက်ရာ ဆရာကြီးလည်း ပုတီးစိပ်ပြီးသွားသည်ကို တွေ့ရ၏။

ထို့နောက် -

"ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်ပြီးသွားပါပြီ"

"အေး - ပြီးပြီဆိုလာ၊ ထမင်းသွားစားကြမယ်။ တို့တွေထမင်းစားချိန်တောင်နည်းနည်းနောက်ကျနေပြီ"

ဟု ပြောကာ ဆရာတပည့်နှစ်ယောက်သည် သင်္ဘောပဲ့ပိုင်းရှိ ထမင်းဆိုင်သို့ထွက်ခဲ့ကြ၏။ ထမင်းဆိုင်သို့ရောက်သောအခါ ဆရာကြီးဦးရာမန်းက -

"ကဲ - မောင်ထွန်းမြိုင်၊ မင်းကြိုက်တာမှာစားပေတော့"

ဟု ပြောလိုက်သဖြင့် -

"ဘာဟင်းရှိလဲ၊ ငါးသလောက်ဟင်းရှိလား"

ဟု မေးလိုက်ရာ ထမင်းဆိုင်ရှင်က-

"ငါးသလောက်ဟင်း ရပါတယ်။ ငါးသလောက်မှ ကဝက်ကင်းကို ဆီပြန်ချက်ထားတာ"

ဟု ဖြေရာ မောင်ထွန်းမြိုင်က-

"ဒါဆို ငါးသလောက်နဲ့ တစ်ပွဲပေးပါ"

ဟု မှာလိုက်ရာ ထမင်းဆိုင်ရှင်လည်း ငါးသလောက်ဗိုက်သားကောင်းကောင်းများကို ရွေးချယ်ထည့်ပေးပြီး ချပေးလိုက်၏။ ထို့နောက် ထမင်းဆိုင်ရှင်သည် ဆရာကြီးဦးရာမန်းဘက်သို့လှည့်ပြီး-

"ဆရာကြီးကကော ဘာဟင်းနဲ့ စားမှာလဲ ခင်ဗျာ"

ဟု မေးလိုက်ရာ ဆရာကြီးက -

"ငါးရံ့အူဟင်းရှိလား"

"ရှိပါတယ်"

ဟု ပြောပြီးနောက် ထမင်းပွဲ၊ ဟင်းပွဲများ၊ တို့စရာအတို့အမြှုပ်များ၊ တငွေ့ငွေ့ထောင်းထောင်းထနေသောဟင်းချိုများကို ခူးခပ်ပြင်ဆင်ကာချပေးလေ၏။ ထိုအခါ ဆရာကြီးဦးရာမန်းက ပြင်ဆင်ထားသည့် ထမင်းဟင်းများကို ကြည့်ကာ-

"ဟာ - ဆန်ကလည်း အတော်ကောင်းတာပါပဲလား။ ပုသိမ်ဆန်မှတ်တယ်"

ဟု မှတ်ချက်ပြုလိုက်ရာ ဆိုင်ရှင်က-

"ဟုတ်ပါတယ်၊ ပုသိမ် ဥတိုဆန်အကောင်းစားကို ချက်ထားတာပါ။ ကျွန်တော့်ငါးပိရည်ကိုလည်း မြည်းစမ်းကြည့်ပါဦး။ ငါးပြေမငါးပိလေ၊ ကိုယ်တိုင်သိပ်ထားတာပါ"

ဟု ဖြေလေ၏။

ဆရာကြီးက -

"အံမယ် - မင်းတို့ပြင်ဆင်ထားတဲ့တို့စရာကလည်း စုံလို့ပါလား။ ပိန္နဲကွင်းပြုတ်လည်းပါတယ်။ ငှက်ပျောဖူးရော၊ တညင်းသီးပြုတ်ရော၊ ဆီးဖြူသီး၊ ဘူးသီးနုနု၊ ခရမ်းကွပ်သီး စုံလို့ပါလား။ ဟင်းချိုကလည်း ကင်ပွန်းချဉ်ရွက်ဟင်းချိုဆိုတော့ အအီပြေအတက်ပြေမယ်။ အင်း - ဒီနေ့ညနေတော့ ထမင်းစားလို့မြိန်မယ့်ထမင်းဝိုင်းပဲ။ အားရပါးရစားပေတော့ မောင်ထွန်းမြိုင်ရေ"

ဟု ဆရာကြီးက ပြောလိုက်ရာ မောင်ထွန်းမြိုင်လည်း ဆရာကြီးအား ငါးသလောက်ဟင်း၊ ငါးရံ့အူဟင်းများကို ဦးစွာ ခပ်ထည့်ပေးပြီးနောက် ဆရာတပည့်နှစ်ယောက်သား ထမင်းစားကြ

www.burmeseclassic.com

၏။ ထိုအခါတွင် မောင်ထွန်းမြိုင်သည် ခရီးသွားသင်္ဘောစီးရင်း ထမင်းစားရသည့်အရသာကို သိသွားလေ၏။ သင်္ဘောသည် ခုတ်မောင်းနေစဉ် တစ်လျှောက်လုံး ငြိမ့်ညောင်းစွာပင် လှုပ်ယမ်းနေသဖြင့် ပုံမှန်ထက် အစာကို ပိုမိုကြေကျက်စေပြီး အစာဆာလောင်မှုကိုလည်းဖြစ်သဖြင့် ပုံမှန်ထက် ပို၍ပင် စားကောင်းနေတော့၏။

သင်္ဘောပေါ်မှ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်သောအခါတွင် နေဝင်ဖျိုးဖျ ဧရာဝတီမြစ်ကြီး၏ ညနေခင်း ဆည်းဆာအလှကလည်း အထူးပင် ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းလှပါသည်။ လေနုအေးလေးကလည်း တသုန်သုန် တိုက်ခတ်နေသဖြင့် ခန္ဓာကိုယ်၏ နေရာအနှံ့အပြားသို့ လာရောက်ထိခတ်ကာ တိုးဝှေ့မှုရောစွက်နေသော အေးမြသည့် အထိအတွေ့လေးကလည်း ထူးခြားသည့် ခံစားမှုတစ်ရပ်ကို ဖြစ်စေပါတော့၏။

ထို့ကြောင့် မောင်ထွန်းမြိုင်သည် ထမင်းစားပြီးနောက် လက်ဆေးကာ သင်္ဘောဘေးလက်ရန်းဆီသို့သွားရောက်ပြီး ပတ်ဝန်းကျင်ကို အသေအချာကြည့်ရှုခံစားလေ၏။ မြစ်၏ကမ်းနဖူးပေါ်တွင် ရင့်မှည့်နေသော စပါးပင်များကလည်း မျက်စိတစ်ဆုံးရှိနေ၏။ ထိုစပါးပင်တို့သည် လေတိုက်ခတ်ရာအတိုင်းယိမ်းထိုး လှုပ်ရှားနေကြ၏။ ခပ်ဝေးဝေးရှိ မှုန်ပျပျ အလင်းရောင်အောက်တွင် လယ်တောမှ နေအိမ်များဆီသို့ ပြန်လာကြသော လယ်သမားများ၊လယ်သူမများကို တစ်စုပြီးတစ်စု တွေ့ရ၏။ ထိုအချိန်တွင်ပင် အရှေ့ဘက်မှ အနောက်ဘက်ဆီသို့ ပျံသန်းသွားကြသော ငှက်အုပ်များကို တစ်အုပ်ပြီးတစ်အုပ် ကောင်းကင်တွင် မြင်တွေ့နေရ၏။ ထိုတွင် မောင်ထွန်းမြိုင်သည် အမနောက်အရပ် ကောင်းကင်ပြင်၏ ပစ္စန်ဆီသွေးရောင်နောက်ခံ မိုးကုပ်စက်ဝိုင်းတွင် က,ကြီးအက္ခရာပုံသဏ္ဌာန်လေးများသဖွယ် ဖြစ်ပေါ်နေသော ငှက်ကလေးများ၏ ပုံသဏ္ဌာန်ကို ကြည့်ရင်း အတွေးနယ်ချဲ့နေမိတော့၏။ ထိုအချိန်တွင် သူ၏အနီးသို့ ဆရာကြီးဦးရာမန်း ရောက်လာပြီး -

"ကောင်းကင်ပေါ်ကို မော့ကြည့်ပြီး ဘာတွေများစဉ်းစားနေတာလဲ မောင်ထွန်းမြိုင်ရဲ့"

"ဒီလိုပါ ဆရာကြီး၊ ကျွန်တော် ကောင်းကင်ပေါ်မော့ကြည့်ပြီး ငှက်လေးတွေပျံနေတာကို ကြည့်ရင်းကြည့်ရင်းနဲ့ မျက်စိထဲမှာ တစ်မျိုးမြင်လာလို့ပါ"

"ဘယ်လိုမြင်လို့များလဲကွယ့်"

"မျက်စိထဲမှာ ကကြီးအက္ခရာလေးတွေပျံနေတဲ့ပုံစံမျိုးခံစားမိပါတယ်"

ဟု ဆိုလိုက်ရာ ဆရာကြီးလည်း မောင်ထွန်းမြိုင်ပြောသည့် ကောင်းကင်သို့ မော့ကြည့်လိုက်ပြီးနောက် ခေါင်းတညိတ်ညိတ်လုပ်ကာ -

"အဲဒီလို ကကြီးအက္ခရာလေးတွေ ကောင်းကင်ပေါ်မှာပျံနေတာကိုတွေ့ပြီး ဘယ်လိုများခံစားရလို့လဲ"

"ဘယ်လိုခံစားရမှုမျိုးမှန်းတော့ အတိအကျမဖော်ပြတတ်ဘူး ဆရာကြီးရယ်။ ကကြီးအက္ခရာလို့တွေးမိတဲ့အချိန်မှာပဲ ရင်ထဲကို အရှိန်အဟုန်နဲ့လာတဲ့ လှိုင်းတစ်ခုကဝင်ရိုက်ခတ်သလိုမျိုးခံစားရတယ်။ နှလုံးခုန်တာတွေလည်း ပိုမြန်လာသလိုပါပဲ။ သေချာတာတစ်ခုကတော့ ကျွန်တော့်စိတ်ထဲမှာ အဲဒီဗျည်းအက္ခရာလေးတွေကို ဘာကြောင့်မှန်း မသိဘူး အလိုလိုမြတ်နိုးနေသလိုပဲ။ ကျွန်တော် ခုမှပြန်စဉ်းစားမိတယ်။ သူငယ်တန်းစတက်တုန်းက အဲဒီ ကကြီး၊ ခခွေး စတဲ့ ဗျည်းသရတွေ စပြီးသင်ခဲ့ရတုန်းကလည်း အခုလိုမျိုးစိတ်ထဲမှာဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် အဲဒီတုန်းက သိပ်ငယ်လွန်းတော့ ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်မှန်းမသိဘူး။ အခု ဒီနေ့ဒီလိုဖြစ်တော့မှ ခံစားရတယ်ဆိုတာသိတာပါ။ ဒါပေမယ့် ဆရာကြီးရယ်၊ ကျွန်တော်ဟာ အခုလို အက္ခရာတွေ၊ ဗျည်းသရတွေကို အလွန်အမင်း စိတ်ပါဝင်စားပေမယ့် စာသင်ယူရတဲ့အလုပ်ကိုတော့ သင်ယူလို့မရလောက်အောင်ကို စိတ်မဝင်စားဘဲဖြစ်နေပါတယ်။ အဲဒါဘာဖြစ်လို့ပါလဲ ဆရာကြီး"

ဟု မေးလိုက်ရာ ဆရာကြီးလည်း မောင်ထွန်းမြိုင်ပြောစကားကို အလေးအနက် စဉ်းစားဟန်ဖြင့် မျက်မှောင်ကြုတ်ကာနေလေ၏။ ခေတ္တခဏမျှကြာသောအခါတွင်မှ ဆရာကြီးလည်း မောင်ထွန်းမြိုင်မေးသည့် မေးခွန်း၏ အနက်အဓိပ္ပာယ်ကို တစ်စုံတစ်ရာ သဘောပေါက်သွားဟန်ဖြင့် မောင်ထွန်းမြိုင်မေးသည့် မေးခွန်းအနက်အဓိပ္ပာယ်ကို တစ်စုံတစ်ရာ သဘောပေါက်သွားဟန်ဖြင့် -

"မောင်ထွန်းမြိုင် မောင်ထွန်းမြိုင်၊ မင်းရဲ့ပါရမီကလည်း အတော်လေးကို ထူးထူးခြားခြားပါလား။ ငါလည်း ခုမှပဲ မင်းရဲ့အခြေအနေကိုကောင်းကောင်းကြီး သဘောပေါက်သွားပြီ။ မင်းက ကကြီးအက္ခရာကို တွေ့လိုက်တာနဲ့ တုန်လှုပ်တယ်၊ စိတ်တွေလှုပ်ရှားတယ်၊ ခံစားချက်တွေဖြစ်လာတယ်။ မြတ်နိုးတာတွေ နှစ်သက်သဘောကျတာတွေဖြစ်လာပြီး တော့ ကျောင်းစာတွေသင်တဲ့အခါမယ် သင်ချင်စိတ်မရှိဘူး ဖြစ်နေတယ်ဆိုတာတွေက မင်း စိတ်မဝင်စားတဲ့အကြောင်းအရာတွေမို့လို့ပဲ။ အခုသင်နေတဲ့ ကျောင်းစာတွေဆိုတာ မင်းအဖို့တော့ ဘာမှထူးခြားမှုကိုမပေးနိုင်ဘူးလို့ ထင်မြင်ယူဆနေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး၊ အဲဒီသဘောမျိုးဖြစ်မယ်ထင်ပါတယ်"

"ဥပမာအနေနဲ့ပြောရရင် ပထဝီ ပညာရပ်တွေ၊ သမိုင်းဘာသာရပ်တွေ၊ အင်္ဂလိပ်စာ စတဲ့ ဘာသာရပ်တွေက မင်းရဲ့စိတ်ကို ဘာမှ ဆွဲဆောင်မှု၊ ရိုက်ခတ်မှုမပြုနိုင်ဘူး မဟုတ်လား"

"ဟုတ်ကဲ့၊ အဲဒီလိုဖြစ်တတ်ပါတယ်။ နောက်ပြီး အင်္ဂလိပ်စာဆိုပါတော့ အင်္ဂလိပ်အက္ခရာတွေ အေ၊ ဘီ၊ စီ စတာတွေဆို နှစ်သက်မြတ်နိုးဖို့နေနေသာသာ မြင်ရတွေ့ရတာနဲ့တင် စိတ်ထဲမှာ မသက်မသာဖြစ်တာမျိုးကြုံရပါတယ်။ ကျန်တဲ့ ဘာသာရပ်တွေလည်း ဘယ်လိုပဲအာရုံစိုက်စိုက် စိတ်မဝင်စားဘူးဖြစ်နေတယ်"

"ကျွန်တော်လို လူမျိုးကလည်း ကိုယ်စိတ်မပါတဲ့ဟာကို အတင်းအကျပ် လုပ်ယူလို့မရဘူး။ အဲဒီသဘောမျိုး ဖြစ်မယ်ထင်ပါတယ်"

"နောက်ပြီး မင်းစိတ်ထဲမှာ တုန်ခါလှုပ်ရှားစေတဲ့ ကကြီး စတဲ့မြန်မာအက္ခရာတွေကတော့ မင်းရဲ့ရုပ်ခံဓာတ်ခံတွေနဲ့ သဟဇာတဖြစ်နေတဲ့သဘောပဲ။ အဲဒီလို သဟဇာတဖြစ်တယ်ဆိုတာလည်း အတိတ်အတိတ်သောဘဝဘဝတွေကတည်းကအထုံအဆက်ပါလာလို့ပဲ။ အခုလို အားကြီးကြီးမားမားလှုပ်ရှားရိုက်ခတ်တယ်ဆိုတာကလည်း အားကြီးတဲ့အထုံအဆက်ကြောင့်ပဲလို့ ပြောလို့ရတယ်။ နောက်တစ်ခုက ငါလေ့လာမိသလောက်တို့မြန်မာအက္ခရာတွေဟာ ဒီလောကမှာ စွမ်းအားအကြီးဆုံးဆိုတာ တွေ့ရတယ်"

"ခင်ဗျာ၊ ကျွန်တော်တို့ မြန်မာအက္ခရာတွေဟာ စွမ်းအားအကြီးဆုံး ဟုတ်လား ဆရာကြီး"

ရှေ့လဆက်ပါမည်

ပုထိမ်ဆရာဦးအေးမြွေ



www.burmeseclassic.com

www.burmeseclassic.com

(အစာလည်းဆေး ဆေးလည်းအစာ)

ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ(၆)

ရွှေနဝင်း(မုသိမ်)

စာဖတ်ပရိသတ်ကြီးအတွက် လစဉ် တင်ဆက်ပေးနေသော ဆေးဖက်ဝင်ဟင်းလျာများကဏ္ဍကို တင်ဆက်ခဲ့သည်မှာ -

ယခုဆိုလျှင် အမှတ်စဉ် (၆) သို့ ရောက်ခဲ့ပါပြီ။ စာရေးသူ၏ရည်ရွယ်ချက် ဆန္ဒအတိုင်း စာရှုသူများ မိမိနှင့် မိသားစုတို့အတွက် နေ့စဉ်တွေ့ကြုံလုပ်ကိုင် ချက်ပြုတ်ရင်းနှင့် ကျန်းမာရေး အတွက် အထောက်အကူပေး၍ ရောဂါ ကာကွယ် ကုသပေးနိုင်သော ဆေးဖက်ဝင်ဟင်းလျာများကို မိမိတို့၏ စားဖိုဆောင်အတွင်းမှပင် ဖန်တီးချက်ပြုတ်၍ စားနိုင်သော -

ယခု နွေရာသီအခါသမယနှင့် သင့်တော် Favourite ဖြစ်သည့် 'ဆေးဖက်ဝင်ဟင်းလျာချက်နည်း' ကို တင်ပြပေးပါမည်။

၂၀၁၅ ခုနှစ် ဒီနှစ်နွေရာသီတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ခန့်မှန်းချက်အရ ကလေးသူငယ်များတွင် ဝက်သက်၊ ကျိတ်သိုးနှင့် ရေကျောက် (ပဲသီတာ) ရောဂါများ ကပ်ရောအသွင်နှင့် ကူးစက်ပျံ့နှံ့နိုင်သည်ဟု ဆိုပါသည်။

အကြောင်းရင်းမှာ နွေရာသီ၏ ပူပြင်းမှုကို အခြေခံပြီး ကျောက်၊ ဝက်သက်ရောဂါတို့၏ သဘောသဘာဝအရ လေး၊ငါးနှစ်ခြားတွင်တစ်ကြိမ် ကပ်ရောဂါအသွင် ကူးစက်ပျံ့နှံ့လေ့ရှိတတ်သည် ကြောင့် ဖြစ်ပါသည်။

ဤသို့ ကလေးသူငယ်အရွယ်များတွင် ကပ်ရောဂါအသွင်နှင့် ရေကျောက်၊ ဝက်သက်၊ ပဲသီတာရောဂါတို့ဖြစ်ရခြင်း၏ အဓိကလက်သည်မှာ ခန္ဓာကိုယ်အတွင်းပိုင်းမှာ အပူဓာတ်များ များပြားစွာ ခိုအောင်းနေသောကြောင့် ဖြစ်ပါသည်။

ဒါကြောင့် မိဘပြည်သူများမှ မိမိတို့ရင်သွေးငယ်လေးများ၏ ခန္ဓာကိုယ်အတွင်းပိုင်းမှ အပူဓာတ်များကို အမြန်ဆုံး အပူငြိမ်း၍ ကိုယ်တွင်းအေးမြစေရန်အတွက် ခန္ဓာကိုယ်အတွင်းပိုင်းဝမ်းတွင်းအေး၍ အပူဒဏ်ကိုကြေစေသော ဆေးဓာတ်စာဟင်းလျာကို စနစ်တကျ ချက်ပြုတ်ကျွေးမည်ဆိုလျှင် ဒီပြဿနာကို နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ပါလိမ့်မည်။

ခန္ဓာကိုယ်တွင်းအေး၍ အပူဒဏ်ကြေစေသော ဆေးဖက်ဝင်ဟင်းလျာ ဆေးဓာတ်စာချက်နည်းမှာ -

□ **သနပ်ရွက်နုနှင့် ဆီးသီး (ဇီးသီး) ငါးရံ့ချဉ်ရည်ဟင်း** ဖြစ်ပါသည်။

၎င်းဆေးဖက်ဝင် ဟင်းလျာသည် လျှာအရသာကို နှုတ်ခံတွင်းမြိန်စေပြီး ခန္ဓာကိုယ်အတွင်းပိုင်းရှိအပူကိုငြိမ်းအေးစေရာတွင် လွန်စွာ ထိရောက် အစွမ်းထက်လှပါသည်။

ရှေးမြန်မာဆေးသမားတော်ကြီးများ နွေရာသီရောက်တိုင်း ကလေးငယ်များ ရေကျောက်၊ ဝက်သက်ရောဂါမှ ကာကွယ်စေရန် မဖြစ်မနေ အိမ်တိုင်းတွင် ချက်ပြုတ်စားသောက်ကြစေရန် အမြဲညွှန်းဆိုတတ်ကြသည့် ဆေးဖက်ဝင် ဆေးဓာတ်စာဟင်းလျာ ဖြစ်ပါသည်။

မြို့ကြီးရပ်ကြီးများတွင်မှာတော့ သနပ်ရွက်နုကို ဟင်းချက်၍စားရသည်ကို သိကောင်းမှသိပေလိမ့်မည်။ တောအရပ် အညာ၊ မြေလတ်များမှာတော့ အတော်များများ စားသုံးဖူးကြပေလိမ့်မည်။

သနပ်ပင်မှာ သနပ် (၂) မျိုးရှိရာတွင် သနပ်(ငယ်)မျိုး၏အရွက်နု (ငထွေ ရည်အရွက်) ဖြစ်ပါသည်။ သနပ်အပင်ငယ်မျိုးသည် ပေ (၂၀) မှ (၃၀) အထိ မြင့်သော ပင်လတ်မျိုးဖြစ်ပြီး အကိုင်းအခက်တို့ ဝေဆာမြိုင်ဆိုင်စွာဖြင့် ဖြန့်အုပ်၍နေပါသည်။

သနပ်ကြီးရွက်နှင့်အဆင်းသဏ္ဍာန်တူညီသော်လည်း အရွက်မှာ သနပ်ကြီးအရွက်ထက်ငယ်ပါသည်။ ၎င်းအပင်၏ အရွက်တို့သည် တပို့တွဲ၊ တပေါင်းလများတွင် ရွက်သစ်ထွက်အရွက်နုထိုး၍ တန်ခူး၊ ကဆုန်လများမှာ အဖြူရောင်အပွင့်များပွင့်ကာ ဝါဆို၊ ဝါခေါင်လတွေမှာ အသီးမှည့်တတ်ပါသည်။

သဘာဝတရားကြီးက ပူပြင်းသည့် နွေရာသီ တပေါင်းလမှာ သနပ်ရွက်နုရွက်သစ်လေးများ ထွက်ပေါ်လာစေခြင်းဖြင့် နွေအပူကြောင့် ခန္ဓာကိုယ်တွင်း အပူဓာတ်များကို ငြိမ်းစေရန် လူသားများအတွက် သဘာဝ၏ လက်ဆောင်ပင် ဖြစ်ပါသည်။

၎င်းသနပ်(ငယ်)မျိုး၏ ဆေးဖက်ဝင်အစွမ်းသတ္တိများမှာ အရွက်သည် အရသာချိုအေး၍ ပိုးကို ဖျက်ဆီးနိုင်ပြီး လေကိုနိုင်စေ၍ ဝမ်းတွင်းအပူကို ငြိမ်းစေနိုင်စွမ်းရှိပါသည်။

အသီးသည် ဓာတ်မလတို့ကို သက်စေ၍ ဝမ်းတွင်းရှိ ပိုး၊ သန်ကောင်တို့ကို နိုင်နင်းပါသည်။ လေကိုကောင်းစွာသက်စေ၍ အမျိုးသားများသုက်ဓာတ်အားကို ပြည့်ဖြိုးစေပြီး (သုက်ကိုအချိန်ကြာအောင် ထိန်းထားနိုင်စွမ်းရှိ၏။) ကာမသတ္တိကိုအားပေးပြီး ပန်းသေ၊ ပန်းညှိုးရောဂါကို ပျောက်ကင်းနိုင်စွမ်းရှိပါသည်။

ယခု တင်ပြမည့် ဆေးဖက်ဝင် ဟင်းလျာတွင် ပါဝင်နေသော ဆီးသီး (ဇီးချဉ်သီး) သည်လည်း အပူငြိမ်း၍ နှလုံးကိုငြိမ်စေပြီး သည်းခြေဓာတ်အပူကို နိုင်နင်းသည့်အစွမ်းသတ္တိ ရှိပါသည်။

ထို့အတူ ငါးရံ့ငါးကလည်း ဥတုဘောဇနကျမ်းတွင် ချိုဆိမ့်၍ လေ၊ သည်းခြေ၊ သလိပ်တို့ကိုနိုင်ပြီး နှုတ်ခံတွင်းမြိန်စေတတ်ခြင်း၊ ဝမ်းမီးအားကောင်း၍ သုက်ဓာတ်အားကို ပွားများစေတတ်၏ဟု ညွှန်းဆိုထားပါသည်။

ထို့ကြောင့် နွေရာသီမှာ အများဆုံးဖြစ်ပွားတတ်သော ကျောက်၊ ဝက်သက်၊ ပဲသီတာ၊ ကျိုက်သိုး စသော အပူဓာတ်ကို အကြောင်းခံပြီး ဖြစ်ပွားကူးစက်တတ်သော ရောဂါများကို ကြိုတင်၊ ကာကွယ်တားဆီးနိုင်စေတတ်သော -



www.burmeseclassic.com

www.burmeseclassic.com

# မပြုသင့်သောအရာများ

ရှေးအဆက်ဆက်က မြန်မာပညာရှိများသည် နိစ္စဓူဝလူမှုကိစ္စအလုံးစုံသော အတွေ့အကြုံများကို တွေ့ကြုံခံစားခဲ့ကြရသည်။ အကျိုးအကြောင်း၊ အဆိုး၊ အကောင်းများနှင့်တကွ သူတို့တွေ့ရှိခဲ့သည်များကို အတွေ့အကြုံမရှိသေးသော၊ မသိသေးသော နောင်လာနောင်သားလူငယ်များအား သိရှိကြစေခြင်းငှာ အဆိုးများကို ရှောင်ရှားနိုင်အောင် အကောင်းများသိရှိလုပ်ဆောင်နိုင်ကြစေရန်အတွက် စေတနာရည်သန်လျက် စာကဗျာသီကုံး၍ မှာတမ်းများထားရစ်ခဲ့ကြသည်။

ထိုအတွေ့အကြုံများစွာထဲမှ ဗဟုသုတများစွာတို့ကို များစွာသောပုဂ္ဂိုလ်တို့ရရှိစိမ့်သောငှာ ဘုံကျော်ဆရာတော်ဘုရားကြီးနှင့် သရက်တောဆရာတော်ဘုရားကြီးတို့၏ တပည့် ပုသိမ်ကြီးနယ်၊ ကျွန်းရွာအပိုင် မမြကျွန်းရွာ၌ သီတင်းသုံးနေထိုင်တော်မူသော ဘုန်းတော်ကြီး ဘဒ္ဒန္တစန္ဒ စီရင်ရေးသားတော်မူခဲ့သည့် လောကသုတဝဇနကျမ်းမှ ထုတ်နုတ်တင်ပြခြင်း ဖြစ်ပါသည်။

ဗဟုသုတလိုလားသူများ၊ မြန်မာမှုကို လေးစားမြတ်နိုးသူများ၊ ငယ်ရွယ်နုနယ်သေးသော ကျောင်းသူကျောင်းသားများအတွက် တစ်ကြောင်းတစ်ပါဒဖြစ်စေ အကျိုးတရားရရှိပါလျှင် စာဖတ်ရကျိုးနပ်ပါကြောင်း၊ ကျွန်ုပ်အဖို့လည်း စာဖတ်ကျိုးရရှိ၍ စာရေးရကျိုးလည်းရရှိပါကြောင်း ကျေးဇူးတင်စကားပါးလိုက်ပါသည်။

**ရှေးဦးဆုံး မပြုသင့်သော ကုသိုလ်**

၁။ တနင်္ဂနွေသားစု အဦးပြု၊ ဆင်းတု၊ ကျောင်းကို၊ ရှောင်။
၂။ တနင်္လာသား၊ သူအများ၊ ပြုထား ရေတွင်းရှောင်။
၃။ ပုထိုးဇရပ်ပါ၊ စာတိုက်သာ၊ အင်္ဂါသားတို့ရှောင်။
၄။ တံခွန်လှူဦး၊ ထီးလှူဦး၊ ဗုဒ္ဓဟူးသားတို့ရှောင်။
၅။ ကြာသပတေးကား၊ လှူဦးများ၊ သစ်သားဆင်းတုရှောင်။
၆။ ဖူးငုံရွှေကြာ၊ မသင့်ပါ၊ သောကြာသားတို့ရှောင်။
၇။ စာတိုက်၊ ဇရပ်၊ လှူပညတ်၊ မအပ်စနေရှောင်။ (တစ်ပါးအလှူ ရှေးဦးလှူ နောက်မူရှားမရှောင်)

တနင်္ဂနွေသား ရှေးဦးစွာ ဆင်းတုကျောင်း မလှူရ ရှောင်။ တနင်္လာသား သမီးများ ရှေးဦးစွာ ရေတွင်းမလှူရ၊ ဗုဒ္ဓဟူးသားများ ရှေးဦးစွာ ထီး၊ တံခွန်မလှူရ။ ကြာသပတေးသားသမီးများ သစ်သားဆင်းတုတော် ရှေးဦးမလှူရ၊ သောကြာသားသမီးများ ရှေးဦးစွာ ကြာဖူးကြာပန်း မလှူရ၊ စနေသားသမီးများ ရှေးဦးစွာ စာတိုက်၊ ဇရပ်မလှူအပ် ရှောင်ပါ။ (အခြားပစ္စည်းများရှေးဦးလှူပြီးမှ ထိုပစ္စည်းများကို လှူနိုင်သည်။)

**မပြုကောင်းသောအရာများ**

အိမ်မှာ လုံးစုံ၊ ပတ်လည်ကုန်၊ ဆီဆုံမရှိကောင်း။ ပန်းတိုင်း ခတ္တာပဲကြီးဝါ၊ နီးစွာမစိုက်ကောင်း။ မျောက်နှင့်ဖရုံ၊ နီးစိုက်တုံ၊ ဖျင်းသုဉ်ပျက်တတ်ရှောင်။ အိမ်ရှေ့မန်ကျည်းပင်စိုက်ခဲ့လျှင် ကိုယ်တွင်ဥပဒ်လောင်း။ အိမ်ရှေ့မှုသာ၊ နွားထားရာ၊ မြန်စွာပျက်စီးကြောင်း။ တောင်ကစပါးကျီ၊ ထားသည် လှေကား၊ အိမ်နောက်ပါး၊ ပျက်ပြားဆုတ်ယုတ်ကြောင်း၊ ထဘီ၊ တဘက်လျှော်၊ ပခုံးတင်၊ ဆွဲငင်မရုတ်ကောင်း၊ သားမြေးတို့ကို၊ သွေးသံယို၊ မျက်လိုမရိုက်ကောင်း။ ချိုကျိုးကျွဲနွား၊ ကန်ပြားဆင်မြင်း၊ စီးနင်းခြင်း ရှောင်ကွင်းမဝယ်ကောင်း။

**မမွေးသင့်သောသတ္တဝါ (၉) မျိုး**

၁။ ခွေးကြောင်၊
၂။ ကြောင်နက်၊
၃။ ကြက်ပြာ၊ ကြက်ညို၊
၄။ အပြာစို၊
၅။ လူကိုနှုတ်ခမ်းတွဲ၊
၆။ နွားနှမ်း၊
၇။ မြင်းဝါ၊
၈။ ဆင်ဟိုင်းသာ၊
၉။ ရှောင်ပါ အဖြူကျွဲ၊

မမွေးသင့်ငြား၊ ဤကိုးပါး၊ ဝယ်ရှားလိုက်ကြကွယ့်။

**မမွေးသင့်သောကြက်**

ဉကိုဖောက်စား၊ ကြက်မများ ဘုရားကျောင်းကန်လှူ။

(ငါး) ဉ၊ ရှစ်ဉ၊ ဉပြောက်တစ်သွယ်၊ ဉ-ငယ်၊ ဉ-ငြား၊ ကြက်မများ ဘုရား၊ ကျောင်း၊ ကန်လှူ။

**ရှေးဦးမွေးရသောသတ္တဝါ**

ခြေလေးချောင်းတွင်၊ ရှေးဦးတ... ထီးလျှင်ဝယ်လို့မွေး။

ခြေလေးချောင်းသတ္တဝါ မွေး... လိုပါလျှင် ရှေးဦးစွာ အထီးကိုမွေး...

လူမှုကိစ္စအ...
ကျနသေချာသိကြပါ...
မျှဝေကောင်းကျိုးရစေသော...

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)

---

□ သနပ်ရွက်နုနှင့် ဆီးသီး (ဖီးချဉ်သီး) ငါးရံ့ချဉ်ရည်ဟင်း ဆေးဖက်ဝင်ဟင်းလျာကို ချက်တော့မည်ဆိုလျှင် -

ငါးရံ့ကို အကောင်ကြီးငါးရံ့အစစ်ကိုသာ ရွေးသုံးပြီးချက်ပါ။

ငါးရံ့ခေါင်းတို၊ ငါးပနော်၊ ဗိုင်းငါးရံ့ (အမြီးတွင် ဒေါင်မြီးကွက်ပါသော ငါးရံ့မျိုး) ကို မသုံးရပါ။

ဟင်းတွင် အချဉ်အနေဖြင့် ကိုယ်ချက်မည့်ဟင်းပမာဏကိုကြည့်၍ မြန်မာဆီးချဉ်သီးအခြောက်ကို ရေနွေးဖျော၍ အစေ့ထုတ်ပြီးသားအနှစ်ကိုသာထည့်၍ ချက်ပါ။

ငါးရံ့အတွင်းသားများကို ကြက်သွန်ဖြူ၊ နီ၊ ငရုတ်သီးရောထောင်းပြီးသောအနှစ်ဖြင့် ဆီသတ်၍ လုံးရေခန်းခါနီးမှာ သနပ်ရွက်နုများကို ထည့်၍မွှေပါ။ သနပ်ရွက်နုများနွမ်းကြေသွားသည့်အခါ ရေနွေးဆူဆူကို အနေတော်ခန်းလာသည့်အချိန်မှာ ဆီးသီးအနှစ်ကို ထည့်၍ အချဉ်၊ အငန် အရသာပြည့်စုံအောင်ထည့်ပြီး နွေရာသီနှင့်လိုက်ဖက်သော ဆေးဖက်ဝင်ဟင်းလျာ သနပ်ရွက်နု၊ ဆီးသီး၊ ငါးရံ့ချဉ်ရည်ဟင်းကို မိသား... ကျန်းမာရေးအတွက် တဝကြီးစားသုံး... ပါကြောင်း စေတနာကောင်းဖြင့် တ... လိုက်ပါသည်။

သတ္တဝါအ...
စားသမျှအားဖြစ်...
ကျန်းမာကြပါ...

ရွှေနဝင်း (ပ...)



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်... အမှတ် (××... မြစ်ကြီးနားမြို့...

ကျွန်တော်တို့တပ်...သည် မြစ်... ...-ဆွမ်ပရာဘွမ်လမ်း...လျှောက် ...ခန်းများ နေရာယူ... လုံခြုံရေး ...ထိန်း) တာဝန်ယူ...သည်။ မြစ် ...မြို့နှင့် (၂၇) မိုင် ကွာဝေးသည့် ...ကျော် မြစ်ဆုံအနီးမှ တန်ဖရဲ ...တွင် ရှေ့တန်းရုံးစိုက်သည်။

ဆွမ်ပရာဘွမ်သွားကားလမ်းဘေး ...အင်ခ၊ အင်ဂျစ်ခ၊ တီယန်စွပ်၊ ခတ် ...သန်၊ စွပ်ခါးခါး၊ ဒရုခ အစရှိသည့်

...ဝန်းများ... လင်းတုကဲ... စစ်... လိုက်ခြင်း အစရှိသည့်စစ်ရေးတာဝန်များ ထမ်းဆောင်ကြရသည်။ မသတ်သာလ။

...လှယ်ရသည်။ တစ်ခွဲနားစနစ်... တပ်ရင်းသည်... ပြန်ခဲ့ကြ...

...ရတ်သတ္တနှစ်... အနားယူရင်း ...ရှောင်ရှက်ရ၏။ ထို့နောက် ဖားကန့်...ရှိ ဝေ့လုံ၊ ဝေ့ခါခွင်(ဂွင်)တွင် တပ်ရင်းတစ်ရင်းလုံး (တပ်ခွဲ၄ခွဲ) စစ်ဆင်ရေးဝင်ရသည်။



# အောင်ခြိမ့်မိုး

## ပိုးကိုက်ကောင်းဟုခေါ်ချင်သည်

www.burmeseclassic.com

www.burmeseclassic.com

ဖားကန့်နယ်မြေသည် သောင်းကျန်းသူများအတွက် ဆက်ကြေးငွေအမြောက်အမြားရရှိသောနယ်မြေဖြစ်သဖြင့် ယင်းတို့က လက်လွှတ်မခံချင်။ ထို့အတူပင် နိုင်ငံတော်အနေနှင့်လည်း တန်ဖိုးရှိတွင်းထွက်ရတနာများကို တိုင်းပြည်အတွက်ဖြစ်စေလိုသည်။ အကျိုးရှိစေချင်သည်။

သို့ဖြစ်၍ ဖားကန့်နယ်မြေအား နှစ်ဖက်စလုံးမှ လက်လွှတ်မခံနိုင်ကြ။ အမြဲတမ်း စိုးမိုးလိုကြသည်။

ယခုလည်းကြည့်။ ကျွန်တော်တို့တပ်ရင်း မိုးကောင်းမှယာဉ်တန်းထွက်ခွာ၍မကြာမီ သေနတ်သံစ၍ကြားရသည်။ သို့ရာတွင် ထိခိုက်မှုမရှိပါ။ ပစ်၊ ပြေးအဆင့်မျှသာဖြစ်သည်။

စစ်ဆင်ရေးစသည်နှင့် တိုက်ပွဲမဖြစ်သည့်နေ့ရက်ဟူ၍မရှိ။ တိုက်ပွဲအကြီးနှင့် အငယ်သာကွာခြားသည်။

**စစ်ဆင်ရေးစတင်၍ (၇)ရက်မြောက်နေ့**

ကျွန်တော်တို့တပ်ရင်းစစ်ကြောင်းဝေခါမှထွက်၍ တစ်နာရီခန့်အကြာ၌ ရန်သူနှင့် မိမိတို့ နှစ်ဖက်စလုံး မျှော်လင့်မထားဘဲ ဘွားခနဲ တွေ့ဆုံ၍တိုက်ပွဲဖြစ်ကြသည်။

နှစ်ဖက်လက်နက်ငယ်ပစ်ခတ်သံများဆူညံသွားသည်။

လူအင်အားမကွာလှသော်လည်း လက်နက်အင်အားနှင့် တိုက်ခိုက်မှုစွမ်းရည်မှာ ကျွန်တော်တို့ဘက်မှသာလွန်နေသည်။

ကျွန်တော်တို့ဘက်မှ (၈၁) မီလီမီတာ လက်နက်ကြီး (၂) လုံး ပစ်လိုက်သည်။

ပစ်မှတ်ကိုတည့်တည့်မတ်မတ်ထိမှန်သွားသည်။

"ရှိ၊ ရှိ"

ခရာသံ။

ရန်သူဆုတ်ပြီ။

"တက်"

"တပ်မတော်ကွ တက်၊ တက်"

"ထိုး"

"ကျား"

လက်နက်ငယ်သံ၊ လက်ပစ်ဗုံးသံ၊ လှံစွပ်ထိုးသံများ ကမ္ဘာပျက်သည့်အလား။

"ဒိုင်း"

"အား"

"ဗုန်း"

"ဟာ"

ကျွန်တော်နှင့်ဘေးချင်းယှဉ်၍ပစ်တက်တက်လာသည့် ဆရာကြီး (တပ်ကြပ်ကြီး)မောင်တင် ရန်သူ့ကျည်ထိသွားပြီ။

သူ့ကိုမကြည့်အားသေး။

ရန်သူကို ချေမှုန်းရန် ရှေ့သို့သာ ချီတက်နေရသည်။ သို့မှသာ ဟန်ချက်ညီညီ ရန်သူကိုချေမှုန်းနိုင်မည်။

"အပစ်ရပ်၊ နေရာယူ"

ကျွန်တော့်ထံမှကျယ်လောင်သော အမိန့်သံအဆုံး၌ ပစ်ခတ်သံများဆိတ်ငြိမ်သွားသည်။

ရန်သူအထိနာစွာဖြင့် ဆုတ်ခွာသွားပြီ။ ရန်သူ့အလောင်းသုံးလောင်း၊ သေနတ်သုံးလက်၊ ခဲယမ်းအပြည့်အစုံဖြင့် သိမ်းဆည်းရမိသည်။

သွေးအိုင်သွေးစက်များ၊ အသားစအရိုးစများ၊ အလောင်း (သို့) ဒဏ်ရာရသူများကိုဆွဲသွားသည့် စွပ်ကြောင်းကြီးများကျန်ရစ်ခဲ့သည်။ ရန်သူတော်တော်အထိနာသွားပုံရသည်။

မိမိဘက်မှ တပ်သားစံအောင် ညာခြေသလုံးရှပ်မှန်သည်။

ကျွန်တော့်ဘေးမှ ဒဏ်ရာရသွားသည့် ဆရာကြီးမောင်တင်ကား ကံကောင်းပေစွ။

သေနတ်မှန်သည်ကို ကံကောင်းသည်ဟုဆိုခြင်းမဟုတ်ပေ။ ရန်သူ့ကျည်သည် ဆရာကြီးမောင်တင်၏ ညာနားထင်မှဝင်သည်။ ညာဘက်မျက်လုံးထွက်သွားသည်။ ကျည်ဆန်သည် အရှိန်သိပ်ပြင်းဟန်မတူ။ အရှိန်ပြင်းပါက ဦးခေါင်းပွင့်ထွက်သွားပေမည်။

ယခုသော်ကား ကျည်ဖူးသည် နှာခေါင်းရိုးနှင့်ထိပြီး မျက်နှာအရှေ့ဘက်သို့ ချော်ထွက်သွားသည်။ ဖြစ်တောင့်ဖြစ်ခဲပင်။

အသက်အန္တရာယ်မစိုးရိမ်ရ။

သို့ဖြစ်၍ ကံကောင်းသည်ဟုဆိုခြင်းဖြစ်သည်။ ဦးခေါင်းသေနတ်မှန်ပြီး အသက်ရှင်ကျန်ရစ်သူဟူ၍ ဤသူတစ်ယောက်သာ တွေ့ကြုံဖူးသေးသည်။

တိုက်ပွဲအခြေအနေ အေးဆေးသွားသည့်အခါ ဒဏ်ရာရသူနှစ်ဦးအား ဆေးအရာခံဗိုလ်မှ စစ်ဆေးကုသမှုများ ဆောင်ရွက်သည်။

တပ်သားစံအောင်မှာ ညာခြေသလုံးရှပ်မှန်ခြင်းမျှသာ။ အရိုးအကြောကင်းလွတ်ခဲ့သည်။ ဖားကန့်အခြေစိုက်ဗျူဟာမှ ဒဏ်ရာရ စစ်သည်နှစ်ဦးအား ဖားကန့်သို့အမြန်ပို့ရန်ညွှန်ကြားချက်အရ ထမ်းစင်များ အမြန်ပြုလုပ်ကာ အထမ်းသမားများ၊ လုံခြုံရေးများဖြင့် ပို့ဆောင်စေခဲ့ပါသည်။

တပ်သားစံအောင်အား ဒဏ်ရာမပြင်းထန်၍ ဖားကန့်ဆေးရုံ၌ပင် ကုသ ပြီး ဆရာကြီးမောင်တင်အား လိုအပ်က ရဟတ်ယာဉ်မှာ၍ မြစ်ကြီးနားသို့ ဆောင်မည်ဟု သိရသည်။

သို့ရာတွင် -

ဆရာကြီးမောင်တင် ကံကောင်း ပြန်ပြီ။

ဖားကန့်မှရန်ကုန်သို့တိုက်ရိုက် သန်းမည့် ကျောက်စိမ်းပို့သည့်လေယာ ရှိသည်။ ထိုစင်းလုံးငှားလေယာဉ် ဆရာကြီးမောင်တင်လိုက်ပါခွင့်ရသည်။ မင်္ဂလာဒုံစစ်ဆေးရုံတွင် တက်ရောက် ကုသခံယူမည်။

သို့ဖြစ်၍ ဆရာကြီးမောင်တင် ကံကောင်းသည်ဟု ဆိုလိုခြင်းပါ။

ဆရာကြီးမောင်တင်စီးနင်းလိုက် ပါသွားသည့် ကျောက်စိမ်းသယ်ဆောင် သောလေယာဉ်သည် ဖားကန့်မှထွက် ၍ မကြာမီတွင် ပျက်ကျသွားသည်။ လေယာဉ်မှာ နှစ်ပိုင်းပြတ်သွားသည်။

သည်တစ်ချီတော့ ဆရာ မောင်တင်သွားပြီ၊ ကံဆိုးပြီ။

သို့သော် -

ဆရာမောင်တင် ကံကောင်း ပြီ။

နောက်ဆုံးခုံမှ စီးနင်းခြင်း သည်။ လေယာဉ်နောက်မြီးပြတ်သ ဥရုချောင်းအတွင်းသို့ ကျသွားသ ဆရာကြီးမောင်တင်မှာထိုင်လျက်။

ရွာသားများမှ တယ်တင်ပြီး ဖားကန့်ဗျူဟာရုံးသို့လာပို့ကြ၏။

သို့နှင့် ဆရာကြီးမောင်တင်အ ယာဉ်တန်းဖြင့် မြစ်ကြီးနားသို့ ပို့ဆော သည်။

ဖားကန့်မှ ယာဉ်တန်းထွက်ခွာ နှစ်နာရီခန့်အကြာ ယာဉ်တန်းမှကြေး တစ်စောင် ဗျူဟာရုံးသို့ ရောက်ရှိ သည်။

မိုင်တိုင်အမှတ် (xxx) ရှိ တံတား ကျိုးကျ၍ ဆရာကြီးမောင်တင်စီး လိုက်ပါသည့်မော်တော်ယာဉ်ချောက် ပြုတ်ကျကြောင်း၊ ဆရာကြီးမောင် မှာ မော်တော်ယာဉ်ပေါ် မှလွင့်စဉ်ပြီး တစ်ချုံပေါ် တင်ကျန်ခဲ့ပြီး ထိခိုက်ဒဏ် မရရှိကြောင်းသိရသည်။

ကောင်းလိုက်သည့်ကံ၊ ပြင်းလို သည့်အသက်။

ဆရာကြီးမောင်တင်အား မြ နားဆေးရုံပို့ပြီး ၎င်းမှတစ်ဆင့် မ စစ်ဆေးရုံသို့ဆက်လက်ပို့ဆောင်သ



www.burmeseclassic.com

www.burmeseclassic.com

# အလွန်ဝမ်းသွားသောဝမ်းရောဂါပျောက်ဆေးနည်း

မကြာသေးမီက ကိစ္စလေးတစ်ခု မြို့သစ်ထဲသို့ ရောက်သွားသည်။ ...လက်စနှင့်ပင် (၃) လမ်းအတွင်း ...ဆိုင်သော သူငယ်ချင်းမမှုမိတ်ဆွေ ...တော်အလှူရှင် ဒေါ်ညွန့်ညွန့်သန်း ...သို့ တစ်ပါတည်းဝင်ဖြစ်ပါသည်။

အိမ်ပေါ်သို့တက်လိုက်သည်နှင့် ...သွားခဲ့ပေါ်တွင် မအီမသာပုံစံဖြင့် ...မှဲ့ထိုင်နေသော ဒေါ်ညွန့်ညွန့်သန်း ...တွေ့လိုက်ရသည်။

"ဘယ်လိုဖြစ်နေတာလဲ။ ကြည့်ရ ...သက်သာလိုက်တာ။ နေမကောင်း ...လား"

စာရေးသူမှမေးရင်း ကုလားထိုင် ...လုံးတွင် ဝင်ထိုင်လိုက်ပါသည်။ ...တန်စကားသွက်သော ဒေါ်ညွန့် ...သန်းမှာ စာရေးသူကို စကားတစ် ... ပြန်မပြောနိုင်ဘဲ မျက်လုံးလေး ...ကြည့်ပြီး အသိအမှတ်ပြုရှာပါ ...သည်။

"အဲဒါပြောတာပေါ့ ဂျူးနီရေ။ ...တို့သူငယ်ချင်းက ဖြစ်လိုက်ရင် ...သည်းအသန်ကြီးပဲ။ ပြောတော့လည်း ...တို့ကမကြိုက်ချင်ကြဘူးလေ"

နောက်ဖေးချောင်မှ ဒေါ်ညွန့်ညွန့် ...ခင်ပွန်း ကိုသန်းထွဋ်ကပြောရင်း ... ညွန့်ညွန့်သန်းဘေးတွင်ဝင်ထိုင်လိုက် ...သည်။ ပြီးတော့ စာရေးသူအား ရေနွေး ...သောက်ပါဦးဟုဆိုကာ ပဲနီစေ့ပြုတ်ဆီ ...ကို မြည်းစားစေပါသည်။

ထိုအချိန်မှာပင် ဒေါ်ညွန့်ညွန့် ...တို့ခေါင်းရင်းအိမ်မှ အဘဦးအောင် ...ရောက်လာပါသည်။

"ဒေါ်ညွန့်ညွန့်သန်းဝမ်းတွေသွား ...တယ်လို့ အိမ်ကမြေးမလေးကပြော ... အခုဘယ်လိုနေသေးလဲ။ ဘာဆေး ...သောက်ထားသလဲ"

"မြင်တဲ့အတိုင်းပါပဲ အဘရေ။ ...က ပျော့လည်းပျော့တော့ ပိုခံရတာ ...။ ဘာဆေးမှတော့ မတိုက်ရသေးပါဘူး။ ပြီးမှ ဆေးဆိုင်မှာပြောပြီး ဝယ်တိုက်မလားလို့ပဲ"

"ကဲပါ - ဘာမှမစိုးရိမ်ကြပါနဲ့။ ကျောက်ပျဉ်ကို ရေစင်စင်သာဆေးပြီး ယူလာခဲ့"

အဘဦးအောင်က ပြောလိုက်သဖြင့် ကိုသန်းထွဋ်က ချက်ချင်းပင် အိမ်ခန်းတွင်းသို့ဝင်ကာ သနပ်ခါးသွေးသည့်ကျောက်ပျဉ်ကို ရေစင်စင်ဆေး၍ ယူလာပေးလေသည်။ အဘဦးအောင်မှ သောက်ရေတစ်ခွက် တောင်းပြီးလျှင် အိတ်ကပ်ထဲမှ ပါလာသော အရာဝတ္ထုတစ်ခုကိုထုတ်ယူ၍ သွေးလေသည်။ သွေး၍ရသောအနှစ်များကို ရေနွေးကြမ်းပန်းကန်ထဲသို့ ယူ၍ထည့်သည်။ အတော်အသင့်ရရှိသောအခါတွင် ရပ်လိုက်သည်။ ရေအနည်းငယ်အား ဖျော်၍ရစေရန်ထည့်၍ လက်ခလယ်လက်ချောင်းဖြင့်မွှေ၍ -

"ကဲ - ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး။ ဝမ်းသွားတဲ့ဝေဒနာတွေ ယူပစ်သလိုပျောက်စေ"

ဟူ၍ ပြောလျက် ဒေါ်ညွန့်ညွန့်သန်းအား တိုက်လေသည်။

ဒေါ်ညွန့်ညွန့်သန်းက ရေနွေးကြမ်းပန်းကန်လုံးကိုယူ၍ တစ်ခါတည်း မော့သောက်လိုက်သည်။ ဒေါ်ညွန့်ညွန့်သန်းမျက်နှာမှာ ရှုံ့မဲ့သွားလေသည်။ သောက်ရေခွက်ကိုယူ၍ ချက်ချင်းမော့သောက်လိုက်ပြီးမှ နေသာထိုင်သာပုံရလေသည်။

စာရေးသူမှာ ဘေးမှထိုင်ကြည့်နေရင်း အဘဦးအောင်သွေး၍တိုက်သောဆေးကို သိချင်နေသည်။ ကြည့်ရသည်မှာ သစ်သီးတစ်ခုခု၏အခွံမှန်းတော့ သိပါသည်။ သို့သော် ဘာအသီးဟု သေချာတပ်အပ်မသိ ဖြစ်နေပါသည်။

"သိပ်မကြာခင် ကောင်းသွားမှာပါကွာ။ ဒီနည်းက ငါတို့ ငယ်ငယ်ကလေးကတည်းက တို့အဘိုးတွေအိမ်မှာ ဆောင်ထားပြီးသုံးလာတာ။ ဟိုတုန်းက ခုခေတ်လို အင်္ဂလိပ်ဆေးတွေဘာတွေသိပ်သုံးကြတာမဟုတ်ဘူးကွ။ မြန်မာဆေးနည်းတိုပဲ အားထားသုံးကြတာ"

အဘဦးအောင်နှင့် ထွေရာလေးပါး စကားပြောနေကြရာမှ ဒေါ်ညွန့်ညွန့်သန်းအား သတိထားကြည့်မိလိုက်သည်။ စာရေးသူရောက်စက မျက်နှာမျိုးမဟုတ်တော့ဘဲ လန်းလာသည်။

"ဘယ့်နှယ်လဲ ဒေါ်ညွန့်ညွန့်သန်း သက်သာရဲ့မဟုတ်လား"

"အေးဟ၊ အဘဆေးတစ်ခွက်က တစ်ခွက်ဆို ဆိုသလောက်ပဲ။ ကျွန်မဗိုက်ထဲကလည်း ရစ်ပြီးတော့လည်း မနာတော့ဘူး။ ဝမ်းလည်းမသွားတော့ဘူး"

"ဟာ-တယ်ဟုတ်ပါလား။ အဘအဲဒါဘာဆေးလဲဟင်။ သမီးသိချင်လို့"

"သမီးက စာရေးဆရာဆိုတော့ ရေးဖို့ လက်ယားနေမှာပါပဲ။ ကဲပါကွာ အဘဆေးက ငွေကုန်ကြေးကျမရှိပေမယ့် အစွမ်းကထက်မြက်ပါတယ်။ အဘပြောသလိုသာ ရေးပေတော့။ အလွန်ဝမ်းသွားတဲ့ ဝမ်းရောဂါကို မင်းကွတ်သီးအခွံ (အခြောက်) ကို သွေး၍တိုက်ပါက ရောဂါကို ချုပ်စေ၊ ပိတ်စေသည်။ ဆေးရဲ့အရသာမှာ အေး၍ ဖန်သည်လို့ သမီးကြိုက်ရာမဂ္ဂဇင်းကနေ ကုသိုလ်ဖြစ်ရေးပေတော့"

စာရေးသူအား ဆေးနည်းကိုပြောပြ၍ သူရဇ္ဇမဂ္ဂဇင်းမှ ရေးသားမည်ဟု ပြောပြပြီး အဘဦးအောင်အား ကျေးဇူးတင်စကားပြော နှုတ်ဆက်ကာ ပြန်လာခဲ့ပါသည်။

အလွန်ဝမ်းသွားသော ဝမ်းရောဂါကို မင်းကွတ်သီးအခွံ (အခြောက်) ကို သွေး၍တိုက်ပါက ယူပစ်သလို ချက်ချင်းပျောက်ကင်းစေပါသည်။

ဂျူးနီ (ကြို့ပင်ကောက်-လယ်တီ)

---

...လာဒုံစစ်ဆေးရုံ၌ စနစ်တကျကုသမှု ...ယူရသည်။ ညာဘက်မျက်လုံးတစ်ဖက် ...နိုင်သည်မှအပ လူကောင်းပကတိပင်။ ကျန်းကောင်းပေစွ။

ထို့နောက် ဆရာကြီးမောင်တင် ... ကျောက်စိမ်းဌာန၊ လေကြောင်း ... လမ်းတံတားဌာန (ဆောက်လုပ် ...) မော်တော်ယာဉ်အာမခံ၊ ဖားကန့်မြို့နယ်မှ အလှူငွေ ဤကဲ့သို့ နေရာအသီးသီး၊ ဌာနအသီးသီးတို့မှ ကရုဏာကြေးများထောက်ပံ့ပေးသည်။

အထက်ပါကရုဏာကြေးများရရှိသည့်အပြင် နိုင်ငံတော်မှ ပေးအပ်မည့် စွန့်လွှတ်သူတံဆိပ်နှင့် ဆုကြေးငွေများ၊ ဆေးပင်စင်၊ လုပ်သက်ပင်စင်များ ရရှိပေဦးမည်ဖြစ်သည်။

(စာရေးသူကိုယ်တိုင်ပါဝင်သည့် စစ်ဆင်ရေးဖြစ်သော်လည်း ခုနှစ်၊ ရက်၊ လများမမှတ်မိတော့ပါ။ ဆရာကြီးမောင်တင်မှာ အငြိမ်းစားဘဝဖြင့် ဝန်းသိုမြို့၌ နေထိုင်လျက်ရှိကြောင်း ကြားသိရပါသည်။)

အောင်ခိုင်မိုး

www.burmeseclassic.com



(လုံးအေယ်)

# ဝင်းဇော်

## စိုညာဉ်ကလေးသောလက်အောင်

ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထားသည့် အသက် (၆၀) ကျော် အဘိုးအိုတစ်ယောက်သည် ညာဘက်ပခုံးပေါ်တွင် အဝတ်ထုပ်ကြီးတစ်ထုပ်ကို လွယ်ထား၏။ သူ၏ရင်ခွင်ထဲတွင် အသက် (၂) နှစ်အရွယ်ခန့်ရှိ ကလေးငယ်တစ်ဦးကို ပွေ့ချီ၍ထားလေသည်။

အဘိုးအိုသည် ကားလမ်းအတိုင်း လျှောက်လာရာမှ တာလမ်းအရှေ့ဘက် လမ်းကလေးဘက်သို့ ချိုးကွေ့လိုက်သည်။ ထိုလမ်းကလေး၏ မြောက်ဘက်အရပ်တွင် ကျယ်ဝန်းသော သချိုင်းကြီးတစ်ခုကို အဘိုးအို မြင်တွေ့လိုက်ရလေသည်။

အဘိုးအို၏ မျက်နှာသည် ပြုံးရွှင်သွားသည်။ အဘိုးအိုသည် သချိုင်းထဲသို့ ဝင်လာခဲ့လေ၏။ သချိုင်းအဝင်မှာပင် အုတ်ဂူများက နေရာယူထားကြသည်။ သချိုင်း၏အလယ်တွင် ကြီးမားသော ဇရပ်ကြီးကို တွေ့ရသည်။ အဘိုးအိုသည် ဇရပ်ဆောင်ပေါ်သို့တက်လာပြီး ဟိုသည်ကြည့်နေသည်။

သည်သချိုင်းက မြို့အထွက် နေရာလေးမှာပင်ရှိ၏။ သချိုင်းဘေးတွင် တာစည်းရိုးသာခြားလျက် လူနေအိမ်ခြေများရှိနေသည်။ အဘိုးအိုသည် ဇရပ်ဆောင်ကြီးကိုကြည့်ပြီး မျက်နှာရွှင်လန်းသွား၏။

"ဟန်ကျလိုက်လေ လူလေးရယ်။ ငါတို့မြေးအဘိုးအတွက် နေစရာမပူရတော့ဘူး။ စားစရာကတော့ ကြိုးစားရှာဖွေရတာပေါ့။ အရေးကြီးတာက ငါတို့မြေးအဘိုး စိတ်အေးချမ်းသာစွာ နေရဖို့ပဲကွ"

အဘိုးအိုက ဇရပ်ဆောင်၏ သမံတလင်းပေါ်သို့ ထိုင်ချလိုက်သည်။ သူ့ရင်ခွင်ထဲတွင် ပွေ့ချီထားသော ကလေးငယ်ကို သူ၏ပေါင်ပေါ်တွင်ထိုင်စေ၏။ အဘိုးအိုသည် အဝတ်ထုပ်ထဲမှ မုန့်တစ်ခုကိုထုတ်ပြီး ကလေးငယ်အားပေး၏။

"ငါ့မြေး၊ ဆာနေပြီမဟုတ်လား။ မုန့်စားလိုက်၊ ကုန်သွားရင် အဘိုးထပ်ပေးဦးမယ်။ အဘိုးက ဆာလောင်ပေမယ့် မျိုသိပ်ထားလို့ရတယ်။ ငါတို့မြေးအဘိုးနေစရာတွေ့တာတော့ ဟုတ်ပါပြီ။ ဒီမှာ နေခွင့်ရအောင် ဘယ်သူ့ကိုပြောရမလဲဆိုတာ စုံစမ်းကြည့်ဦးမှ"

အဘိုးအိုသည် ထိုင်နေရာမှ ထ၏။ သမံတလင်းပေါ်မှ ကလေးငယ်ကို ကောက်ချီပြီး သချိုင်းနားမှ အရပ်ထဲသို့လာခဲ့သည်။

"ဟော့လူငယ်၊ မင်းတို့ ဒီအရပ်က လူကြီးအိမ်ကို အဘကို ညွှန်ပြပေးပါလား။ သူနဲ့အဘတွေ့ချင်လို့"

"အဘဒီလမ်းအတိုင်းတည့်တည့် လျှောက်သွား။ ရှေ့မှာ လမ်းကြားလေးတစ်ခု တွေ့လိမ့်မယ်။ အဲဒီလမ်းကြားအတိုင်း ဝင်သွားပြီး အရပ်ပုပု၊ မျက်စိပေါက်ကျဉ်းကျဉ်းနဲ့ ကိုမောင်မှေး...
မေးရင်ရပါတယ်"


"ကျေးဇူးတင်ပါတယ် သူငယ်...
ရယ်"

အဘိုးအိုသည် လူငယ်လက်ညှိုး...
ညွှန်ရာလမ်းအတိုင်းလာခဲ့သည်။ လမ်း...
ကြားမှ လျှောက်ဝင်လာမိလျှင် ကိုမောင်...
မှေး၏အိမ်သို့ ရောက်သွားလေ၏။

"မောင်ရင်က မောင်မှေးနော်...
အဘက တစ်နယ်တစ်ကျေးက ပြောင်...

www.burmeseclassic.com

www.burmeseclassic.com



လာတာပါ။ အခုအဘကမင်းတို့ရပ်ကွက် အစွန်သချိုင်းထဲက ဇရပ်ထဲမှာနေချင် လို့ မင်းဆီမှာလာပြီးခွင့်တောင်းတာ"

ကိုမောင်မှေးက အဘိုးအိုကို သေချာစွာကြည့်နေလေ၏။

"ဘာလို့ အဘက သချိုင်းထဲက ဇရပ်မှာနေချင်ရတာလဲ"

"ဒီအရပ်ဒေသမှာ ငါ့ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com

သားချင်းမှမရှိတာ။ ပြီးတော့ ခြံနဲ့အိမ်ဝယ်စရာလည်း ငါ့မှာ ငွေမရှိဘူး။ အလကားနေလို့ရတဲ့နေရာကိုပဲ စဉ်းစားရတာပေါ့။ ငါကလည်း တစ်ကောင်ကြွက်သမား၊ ဒီကလေးကလည်း တစ်ကောင်ကြွက်"

"ဒီကလေးက. . ."

"ငါမွေးစားထားတာ။ ငါ့နာမည်က ချမ်းသာ။ ဒါပေမယ့် ဘာဥစ္စာပစ္စည်းမှမရှိဘူး။ ဒီကလေးနာမည်က ကြွယ်ဝ။ ဒါပေမယ့် သူ့ဘဝက ဟင်း. . ."

အဘိုးအိုက သက်ပြင်းချသည်။

"သင်္ချိုင်းထဲက ဇရပ်ထဲမှာနေချင်တယ်ဆိုရင် မြူနီစပယ်လူကြီးကိုသွားပြောမှ အဆင်ပြေမယ်။ ကျွန်တော့်အနေနဲ့က ဘာမှပြောစရာမရှိပါဘူး။ ဒါနဲ့ အရင်က အဘက ဘယ်မှာနေတာလဲ"

"မင်းလှမြို့အစွန် သင်္ချိုင်းထဲက ဇရပ်မှာနေခဲ့တာ။ မသာတွင်းတူးတဲ့အလုပ်ကိုလုပ်တယ်။ မင်းတို့ဆီက သင်္ချိုင်းဇရပ်ထဲမှာ နေခွင့်ရရင်လည်း မသာတွင်းတူးတဲ့အလုပ်ကိုပဲလုပ်မှာပဲ။ မင်းပြောတဲ့ မြူနီစပယ်လူကြီးက ဘယ်မှာနေတာလဲ"

"တာလမ်းအတိုင်း ရန်ကုန်ကိုသွားတဲ့ဘက်ကိုလျှောက်သွားပါ။ လမ်းက လက်ဝဲဘက်ကို ချိုးကွေ့သွားလိမ့်မယ်။ ညာဘက်ကို လှမ်းကြည့်ရင် ရွှေမော်တင်စေတီတော်ကြီးကိုသွားတဲ့ လမ်းကို တွေ့ရပါလိမ့်မယ်။

'အဲဒီလမ်းထဲမှာနေတာ၊ အဘက ကျွန်တော် လမ်းညွှန်တဲ့အတိုင်း အဲဒီလမ်းထဲကိုရောက်အောင် သွားနှင့်ပါ။ သိပ်မဝေးပါဘူး။ ကျွန်တော်က စက်ဘီးနဲ့ နောက်ကလိုက်လာခဲ့မယ်။ မြူနီစပယ်လူကြီးက အဘကို နေခွင့်ပေးအောင် ကျွန်တော် ကူညီပြောပေးပါ့မယ်"

အဘိုးအိုသည် ကလေးငယ်ကို ပွေ့ချီကာ ရွှေမော်တင်ဘုရားလမ်းထဲသို့ လာခဲ့၏။ ကိုမောင်မှေးက စက်ဘီးဖြင့် နောက်မှလိုက်လာသည်။ ကိုမောင်မှေးသည် အဘိုးအိုကို မြူနီစပယ်လူကြီး၏ အိမ်သို့ ခေါ်သွား၏။ မြူနီစပယ်လူကြီးအား အကျိုးအကြောင်း ပြောပြသည်။ မြူနီစပယ်လူကြီးသည် အသက် (၅၅) နှစ်ခန့်အရွယ် ရှိလေ၏။

"သင်္ချိုင်းဇရပ်ထဲမှာ ဦးချမ်းသာ နေမယ်ဆိုရင်တော့ ကျွန်တော်က ပိုပြီး သဘောကျတယ်၊ခွင့်ပြုပါတယ်။ သင်္ချိုင်းထဲမှာ အစောင့်အရှောက်မရှိတော့ အပျော်ကြူးတဲ့သူတွေက ညဉ့်ငှက်မတွေကို သင်္ချိုင်းထဲခေါ်သွားပြီး ဇရပ်ပေါ်မှာ နှစ်ပါးသွားတဲ့သတင်းတွေ ကျွန်တော် ကြားနေရတယ်။

သင်္ချိုင်းဘေးမှာ လူနေအိမ်တွေ ရှိတယ်။ သင်္ချိုင်းထဲကဇရပ်ဆိုတာ သေဆုံးသွားတဲ့သူတွေကို သရဏဂုံတင်ဖို့ ဆောက်ပေးထားတာ မဟုတ်လား။ အဲသလို အကျင့်ယုတ်တာ မကောင်းပါဘူး။ သင်္ချိုင်းထဲမှာ ဦးချမ်းသာရှိနေမယ်ဆိုရင် ဘယ်သူမှလာရဲတော့မှာမဟုတ်ပါဘူး"

"ကျွန်တော်တို့ မြေးအဘိုးကိုနေထိုင်ခွင့်ပေးလို့ကျေးဇူးတင်ပါတယ် ဆရာရယ်"

"ဒီကလေးက ဦးချမ်းသာရဲ့ မြေးလေးလား"

"မြေးလေးလို့ပဲ ပြောပါတော့ ဆရာရယ်။ ကျွန်တော်မွေးစားထားတာပါ"

"ဦးချမ်းသာကိုယ်တိုင် ဘယ်သူမှ မနေရဲတဲ့ သင်္ချိုင်းထဲမှာနေရတာ။ ဒီကလေးကို မွေးစားထားတယ်ဆိုတော့ အံ့သြနေမိတယ်"

"သံယောဇဉ်လို့ ပြောရတော့မှာပဲ ဆရာရယ်"

ဦးချမ်းသာသည် မြူနီစပယ်လူကြီးနှင့် ကိုမောင်မှေးတို့ကို ကျေးဇူးတင်စကားပြောကာ သင်္ချိုင်းထဲမှ ဇရပ်ရှိရာသို့ ပြန်လာခဲ့လေ၏။

ဇရပ်ဆောင်ထဲတွင် ဟိုဒီကြည့်သည်။ ဇရပ်ဆောင်အနောက်ဘက်ထောင့်နေရာတွင် တံမြက်စည်းတစ်ချောင်းထောင်ထားသည်ကို တွေ့သည်။ ဦးချမ်းသာသည် တံမြက်စည်းကိုယူ၍ ဇရပ်ဆောင်တစ်ခုလုံးသို့ လှည်းကျင်းဟန်ပြင်လိုက်၏။ မောင်ကြွယ်ဝကို အဝတ်ထုပ်ထဲမှ မုန့်တစ်ခုကို ထုတ်ပေးပြီး ထိုင်နေခိုင်းလိုက်၏။

သင်္ချိုင်းဇရပ်ဆောင်ကြီးမှာ ကျွန်းလုံး သစ်သားတိုင်များဖြင့် ခိုင်ခံ့စွာတည်ဆောက်ထားလေသည်။ အပေါ်တွင်မိုးထားသောသွပ်ပြားများမှာ အပေါက်ငယ်များပင် မရှိ။

ဦးချမ်းသာသည် ဇရပ်ဆောင်ပေါ်မှ အမှိုက်သရိုက်များလှည်းကျင်းပြီးသွားသောအခါ သူယူလာသော အဝတ်ထုပ်ကို ဇရပ်ဆောင်၏ ခြေရင်းပိုင်းတွင်ချထားလိုက်သည်။ သမံတလင်းပေါ်တွင် ချထားသောမောင်ကြွယ်ဝကိုဖွောက်ချီပြီး သင်္ချိုင်းဝင်းတစ်ခုလုံးသို့ လှည့်ပတ်ကြည့်ရှုလိုက်၏။

ဒီသင်္ချိုင်းထဲတွင် မြန်မာသင်္ချိုင်း တရုတ်သင်္ချိုင်း၊ ကုလားသင်္ချိုင်းဟူ၍ သူ နေရာနှင့်သူ မြေနေရာသတ်မှတ်ထား လေ၏။ ကုလားတို့က သူတို့သင်္ချိုင်းကို အုတ်တံတိုင်းများဖြင့်ဝင်းခတ်ထားသည်။ သံတံခါးများတပ်ဆင်ထားသည်။

ဦးချမ်းသာသည် တာလမ်း အတိုင်း ဈေးဘက်သို့လာခဲ့သည်။ ဒန်အိုးနှစ်လုံး၊ သံပုံး၊ ဓားမ၊ ပေါက်ပြား ကြွေပန်းကန်ပြားနှင့်လိုအပ်သောပစ္စည်း များကို ဝယ်လိုက်၏။ ကလေးတစ် အထုပ်တစ်ဖက်နှင့် သင်္ချိုင်းသို့ ပြန်လာ ခဲ့သည်။

သင်္ချိုင်းဘေးတွင်နေထိုင်သူများ က ဦးချမ်းသာကို အထူးအဆန်းသဖွယ် ကြည့်နေကြ၏။ ဦးချမ်းသာသည် ကိုဆွဲပြီး သင်္ချိုင်းနှင့် မလှမ်းမကမ်း ရှိသော ဘုန်းကြီးကျောင်းဝင်းထဲသို့ ခဲ့လေသည်။ ကျောင်းဝင်းထဲတွင်တံမြက် စည်းလှည်းကျင်းနေသော ဦးပဉ္စင်း

"အရှင်ဘုရား၊ တပည့်တော် မြို့အပြင် သင်္ချိုင်းထဲက ဇရပ်ဆောင် နေပါတယ်ဘုရား။ တပည့်တော်အ ပြုရန် သုံးရေများစွန့်တော်မူပါ ဘုရား အရပ်ထဲမှာ အများသုံးရေတွင်း မှန်းသိပေမယ့် တပည့်တော်ရေသွား ရင် အရပ်သူအရပ်သားတွေက သင်္ချိုင်း ထဲမှာနေထိုင်သူမို့ မသတီမှာစိုးရိမ် ပါ ဘုရား"

"ဒကာကြီးရယ်၊ လူတွေက လုံးသေမျိုးတွေချည်းပါပဲ။ ဘယ်သူ မသေဘဲရှိမှာမို့လဲ။ တရားမရှိလို့ တာ။ ဒကာကြီး အချိန်မရွေး ခပ်လို့ရပါတယ်။ ရေချိုးလို့ရပါတယ်"

ဦးချမ်းသာက အုတ်ရေကန် ရေကို ခပ်လာခဲ့သည်။ မောင်ကြွယ် ဇရပ်ဆောင်ပေါ်တွင် ဆော့က သည်။ ဦးချမ်းသာက ဇရပ်ဆောင် တွင် အုတ်ဂူအပျက်တစ်ခုမှ အ များကိုသယ်လာပြီး မီးဖိုပြုလုပ်၏။

သင်္ချိုင်းထဲရှိ သစ်ပင်အောက် တွင် သစ်ကိုင်းအခြောက်များ ကောက်သည်။ ထမင်းနှင့်ဟင်းကို ချက် ပြုတ်ပြီး မြေးအဘိုးနှစ်ဦး စားသော ကြသည်။

ညမိုးချုပ်သည်နှင့် ဦးချမ်းသာ လေကွယ်နေရာတွင် မီးခွက်ကို မီး ညှိထားလိုက်သည်။ မြို့ပြင်သင်္ချိုင်း အမှောင်ထုထဲတွင် တိတ်ဆိတ်ငြိမ် နေလေ၏။ မောင်ကြွယ်ဝက န စွာ အိပ်ပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးချမ်းသာသည် မောင်ကြွယ်ဝ ခြင်မကိုက်စေရန် ပုဆိုးပိုင်းဖြင့် တ်ပေးရင်း တွေးနေမိ၏။ ညနေ သချိုင်းထဲသို့ လူ (၃) ယောက် တ်လာသည်။ ထိုအချိန် ဦးချမ်းသာ သချိုင်းထဲမှ သစ်ပင်ငယ်များကို အဖြစ်အသုံးပြုရန် ခုတ်ထွင်နေ၏။

"အဘ"

ခေါ်သံကြောင့် ဦးချမ်းသာသည် ပင်ခုတ်ထွင်နေရင်းမှ လှည့်ကြည့် လူရွယ် (၃) ဦးက ဦးချမ်းသာ၏ သို့ ရောက်လာသည်။

"ဘာကိစ္စလဲ သူငယ်တို့"

"အသုဘကိစ္စအတွက် မသာတွင်း ချင်လို့ပါ။ မြူနီစပယ်လူကြီးက င်းထဲမှာ အစောင့်ရောက်နေပြီ။ အသုဘတွင်းတူးခိုင်းပါတဲ့၊ အဲဒါ ကြောင့် အဘကို အလုပ်အပ်မလို့။ ယ်လိုယူသလဲ မသိဘူး"

"နေဦး၊ မင်းတို့ကို အဘမေးဦး အရင်က မင်းတို့ရပ်ရွာကလူတွေ ရင် မသာကို မြေမြှုပ်ဖို့ မြေကျင်းကို ယ်လိုတူးကြသလဲ"

"ကိုယ့်အရပ်သားတွေကပဲ အရက် စာသောက်စားပြီးဝိုင်းတူးကြတယ်။ တို့ပဲ မြေမြှုပ်ပေးကြတယ်"

"အဲသလိုဆိုရင် အသုဘရှင်က တို့ကို အရက်ဖိုးဘယ်လောက်ပေးရ

"ငွေ (၅၀) လောက်ပေးရတယ်"

"အဘက မသာတွင်းတူးခ သတ် ချင်လို့မေးတာ။ အများ (၅၀) ဆိုရင် ဘက (၄၀) ပဲယူမယ်။ အသုဘက ယ်တော့ချမှာလဲ"

"ဒီနေ့မှ သေဆုံးသွာတာ အဘ။ ဘက်ခါနေ့လယ် (၂) နာရီမှချမှာ"

"အင်း - အဲဒါဆိုရင် မနက်ဖြန် နေကတည်းက နေရာရွေးပြီး မြေ င်းတူးထားလိုက်မယ်။ စိတ်ချ၊ မင်းတို့ သုဘချမလာခင် မြေကျင်းတူးပြီးသား နေစေရမယ် ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ အဘ"

လူရွယ် (၃) ဦးသည် သချိုင်းထဲမှ သွားကြသည်။ ဦးချမ်းသာသည် ခုတ် သားသစ်ကိုင်းများကို ဇရပ်နားမှ မီးဖို သို့ သယ်လာသည်။ မောင်ကြွယ်ဝ ဦးချမ်းသာအနားသို့ ရောက်လာ ။ ဦးချမ်းသာက မောင်ကြွယ်ဝကို ချီကာ ဇရပ်ပေါ်သို့တက်လာသည်။

"အဘိုး၊ ခဏနားလိုက်ပါဦးမယ်။ ခင် ငါတို့မြေးအဘိုး ဘုန်းကြီးကျောင်းထဲကို ရေချိုးသွားကြတာပေါ့။ မနက်ဖြန် ကစပြီး အဘိုးအလုပ်လုပ်ရတော့မယ်။ မြူနီစပယ်လူကြီး ကျန်းမာချမ်းသာပါ စေ။ သူ့ကြောင့် အဘိုးအလုပ်ရတာ"

ဦးချမ်းသာက ပြုံးရင်း ခေါင်း တဆတ်ဆတ်ညိတ်နေလေ၏။

"သားက မုန့်တွေအများကြီးစား ရတော့မှာပေါ့"

"ဒါပေါ့ ငါ့မြေး။ လူ့ဘဝမှာနေ့စဉ် နဲ့အမျှ မွေးဖွားနေကြသလို နေ့စဉ်နဲ့အမျှ သေဆုံးနေကြတာပေါ့။ အခု အဘိုးနဲ့ ငါ့မြေးနေတဲ့နေရာကို ဘယ်သူမှမလာ ချင်ကြဘူး"

"ဒါပေမယ့် လာနေကြရတာပဲ။ သေခြင်းတရားဆိုတာ အသက်ငယ် တယ်၊ အသက်ကြီးတယ် မဟုတ်ပါဘူး။ အသက်ကို ဥက္ကာမစောင့်ရင်လည်း သေတာပဲ။ မီးစာကုန်ဆီခန်းရင်လည်း သေတာပဲ။ လူတွေသေတာနဲ့ အဘိုးက အလုပ်ရနေပြီ။ အခုအချိန်မှာ ငါ့မြေးက အဘိုးပြောတဲ့စကားကို ဘာမှနားလည် ဦးမှာ မဟုတ်သေးဘူး"

"လူလေးအသက်ကြီးလာမှအဘိုး က နားလည်အောင်ပြောပြမယ်။ အခု အချိန်မှာ ငါ့မြေးအရွယ်က စားမယ်၊ ဆော့ကစားမယ်၊ အိပ်မယ်။ ငါ့မြေးဘဝ ရှေ့ရေးအတွက် အဘိုးကြိုးစားပြီးငွေရှာ ရမယ်။ အဘိုးက အသက်ကြီးလာပြီ"

❑

သည်သချိုင်းထဲတွင် ဦးချမ်းသာ နေလာခဲ့သည်မှာ (၁၀) နှစ်ကျော်လာခဲ့ ပြီ။ မောင်ကြွယ်ဝသည်ပင် (၆) တန်း ကျောင်းသားဖြစ်နေပေပြီ။ သချိုင်း စောင့်ဦးချမ်းသာကို တစ်မြို့လုံးကလူ တွေ သိကျွမ်းခင်မင်နေကြပြီ။

ဦးချမ်းသာက မသာတွင်းတူး၍ ရသည့်ငွေကို ခြိုးခြံချွေတာကာ စား သောက်ပြီး မောင်ကြွယ်ဝ၏ ဘဝရှေ့ ရေးအတွက် စုဆောင်းပေးထားသည်။ မောင်ကြွယ်ဝကို စက်ဘီးတစ်စီးဝယ်ပေး ပြီး စက်ဘီးစီးတတ်အောင် သင်ပေးထား သည်။ ဈေးဝယ်တတ်အောင် ပြောပြ ထားသည်။ ဦးချမ်းသာက မောင်ကြွယ်ဝ ကို အရပ်ထဲမှ ရွယ်တူကလေးများထံသို့ သွား၍မဆော့ကစားရန် မှာထားသည်။

"ငါ့မြေးက သချိုင်းထဲမှာနေတာ ဆိုတော့ လူတွေက အထင်သေးကြမှာ ပဲ။ ဒါပေမယ့် ဘာမှဂရုစိုက်စရာမလိုပါ ဘူး။ ငါ့မြေး ပညာတတ်ကြီးဖြစ်အောင် ကြိုးစားဖို့ပဲလိုတယ်။ အဖော်ပါမှ ကစား လို့ရတာမဟုတ်ဘူး။ သချိုင်းထဲမှာ ငါ့ မြေးစိတ်ကြိုက် ဆော့ကစားလို့ရတာပဲ"

မောင်ကြွယ်ဝက အလိုက်သိ သည်။ သူ့အဘိုးကို မြေကျင်းကူညီတူး ပေးသည်။ လသာသောညများတွင် ဦးချမ်းသာနှင့် မောင်ကြွယ်ဝ အုတ်ဂူများ ပေါ်တွင်ထိုင်ကာ စကားပြောနေကြ သည်။

မောင်ကြွယ်ဝသည် ငယ်စဉ် ကတည်းကပင် သချိုင်းထဲတွင် နေလာ ခဲ့သူမို့ သရဲတစ္ဆေကို မကြောက်။ မှောင် မှောင်မည်းမည်းထဲတွင် သွားလာနေ တတ်သည်။ ညဘက် တစ်ရေးနိုးချိန် တွင် သချိုင်းထဲ၌ သွားလာနေသော လှုပ်ရှားသံများကို ကြားမိသည်။ ဇရပ် ပေါ်သို့တက်လာသည့် ခြေသံများကို လည်း သတိထားမိသည်။

အဘိုးအိပ်ရာသို့ လှမ်းကြည့်လိုက် မိ၏။ အဘိုးက အိပ်ရာသို့လာ၍မအိပ် သေး။ လဆန်း ၅ ရက်ည ဖြစ်လေရာ ကောင်းကင်ပေါ်မှ လကွေးကွေးလေး၏ အလင်းရောင်မှိန်ပျပျသည် သချိုင်းဝင်း ထဲတွင် ဖြာကျနေ၏။

အဘိုးဦးချမ်းသာသည် အုတ်ဂူ တစ်လုံးပေါ်တွင်ထိုင်နေသည်ကို ဆေး လိပ်မီးရောင်မြင်သည်နှင့် မောင်ကြွယ်ဝ သိလိုက်သည်။ မောင်ကြွယ်ဝသည် အိပ်ရာမှထကာ ဦးချမ်းသာရှိရာသို့ လှမ်းကြည့်မိ၏။

သူ့အဘိုး၏ဘေးမှ အုတ်ဂူများ ပေါ်တွင် ထိုင်နေသော လူရိပ်များကို မြင်ရသည်။ အရပ်ထဲမှ လူများက သူ့ အဘိုးနှင့် စကားလာပြောနေကြသလား ဟု ထင်သွားမိ၏။ မဟုတ်ပါ။ ဆံပင်ကို ဖားလျားချလျက် အစွယ်များထွက်နေ သောရုပ်သွင်များကို မြင်ရသည်။ အဘိုး ဦးချမ်းသာက ဘာမှမပြော။ ဆေးပေါ့ လိပ်ကိုသာ ဖွာရှိုက်နေသည်။ အုတ်ဂူ ကြို အုတ်ဂူကြားတွင် သွားလာနေသော လူရိပ်များကိုလည်း တွေ့ရသည်။

အဘိုးဦးချမ်းသာသည် ဇရပ် ဆောင်ဘက်သို့ လျှောက်လာသည်။ ဇရပ်ပေါ်သို့ ခြေကိုဖွဖွနင်းပြီး တက်လာ ၏။ မောင်ကြွယ်ဝထိုင်နေသည်ကိုမြင် တော့-

"ဟင်- လူလေး၊ တစ်ရေးနိုးတာ လား"

"ဟုတ်တယ် အဘိုး။ အဘိုးထိုင် နေတဲ့ အုတ်ဂူတွေပေါ်မှာ လူတွေထိုင် နေသလို ကျွန်တော်မြင်ရလို့ ကြည့်နေ တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုညဥ့်နက်အချိန်မှာ အဘိုးဆီကို ဘယ်ကလူတွေလာမှာလဲ။ ဒီသင်္ချိုင်းထဲရောက်လာတဲ့ မသာကောင်တွေမှာ လောဘ၊ ဒေါသ၊ မောဟစိတ်နဲ့ သေတဲ့လူတွေလည်းပါလာတော့ ကောင်းရာဘုံဘဝကိုမရောက်ဘဲ တစ္ဆေသရဲဘဝနဲ့ နေကြရသေးတဲ့သူတွေဖြစ်မှာပေါ့"

"သရဲတွေ ဟုတ်သလား၊ အဘိုး"

"ဟုတ်တယ်၊ ဘာလဲ လူလေးက ကြောက်လို့လား"

"မကြောက်ပါဘူး၊ ကျွန်တော် မြင်တာကို အဘိုးကို ပြောပြတာပါ"

မောင်ကြွယ်ဝက အုတ်ဂူနှစ်ခုကြားသို့ဝင်၍ အပေါ့အပါးသွားသည်။ အုတ်ဂူများပေါ်တွင်ဘာမှမတွေ့ရတော့။ မောင်ကြွယ်ဝသည် သူ့အဘိုးကိုဖက်အိပ်လေ၏။

မောင်ကြွယ်ဝနှင့် သက်တူရွယ်တူရှိမည့်ကောင်မလေးက မောင်ကြွယ်ဝ၏လက်ကို အတင်းဆွဲပြီး ခေါ်လာသည်။ သည်ကောင်မလေးက မြန်မာမလေးနှင့်လည်း မတူ။ ကုလားမလေးနှင့်လည်း မတူ။ တရုတ်မလေးနှင့်လည်း မတူ။ အသားအရောင်က ဖြူမလိုလိုနှင့် နီစပ်စပ်။သူ့မမျက်လုံးများက အပြာရောင်လဲ့နေ၏။ ဆံပင်များက အနက်မဟုတ်၊ ရွှေအိုရောင်။မောင်ကြွယ်ဝအသေအချာစဉ်းစားကြည့်တော့ သူကြည့်ဖူးသည့် အင်္ဂလိပ်ရုပ်ရှင်ကားတွေထဲက အင်္ဂလိပ်မလေးနှင့်တူနေသည်။

"နင်ဘယ်သူလဲ၊ ငါ့ကို ဘယ်ခေါ်သွားမှာလဲ"

မောင်ကြွယ်ဟာ သူ့လက်များကို ရုန်းရင်း ကောင်မလေးကို ပြောသည်။

"ငါ့နာမည် အက်စတာ နင်သိပြီလား"

"နင် မြန်မာမဟုတ်ဘူး မဟုတ်လား။ ဘာလို့ မြန်မာစကားပြောတတ်တာလဲ"

"အဟင်း. . . ဟင်း. . . အင်း. . မြန်မာမဟုတ်ဘူး။ ငါက မြန်မာနိုင်ငံမှာမွေးတာ။ နင်တို့နေတဲ့ဝင်းရဲ့ ဟိုဘက်မှာရှိတဲ့ ဝင်းကြီးထဲမှာမွေးတာ။ ငါ့မိဘတွေက နေရပ်ကိုပြန်သွားကြတာ ကြာပြီ။ ငါက ဒီမှာနေခဲ့ရတာ"

"ဟင် - နင်က စိုက်ပျိုးရေးဝင်းထဲမှာနေတာပေါ့"

အက်စတာက ခေါင်းခါသည်။

"ငါ့မိဘတွေ စိုက်ပျိုးရေးဝင်းထဲမှာ နေတုန်းက ဟုတ်တယ်။ အခု ငါက နင်တို့နေတဲ့ ဝင်းထဲမှာနေတာ"

"နင့်ကို ငါ တစ်ခါမှမတွေ့ဘူးပါလား။ ဘယ်နေရာမှာနေတာလဲ"

"ငါနေတဲ့နေရာကို နင့်ကိုသိစေချင်လို့ နင့်လက်ကို ဆွဲခေါ်လာတာ"

အက်စတာက မောင်ကြွယ်ဝကို သင်္ချိုင်းထဲမှ အုတ်ဂူများကြားသို့ ခေါ်လာသည်။ အုတ်ဂူကြီးနှစ်ခုကြားမှ မြေကွက်လပ်နေရာသို့ ရောက်လာသည်။ အက်စတာက ထိုမြေကွက်လပ်နေရာသို့ လက်ညှိုးထိုးပြပြီး -

"ဒီအောက်မှာငါနေတာ။ ငါနေတဲ့နေရာကို နင်လိုက်ခဲ့ပါလား"

အက်စတာက မောင်ကြွယ်ဝ၏လက်ကို မလွှတ်သေးဘဲ အတင်းဆွဲသည်။

"ဟာ - မလိုက်ချင်ပါဘူး"

"ငါက နင့်ကို ခင်မင်လို့ခေါ်တာ၊ လိုက်ခဲ့။ ငါနေတဲ့နေရာကိုရောက်ရင် နင့်ကိုလက်ဆောင်တွေပေးမယ်လေ"

အက်စတာက မောင်ကြွယ်ဝကို အတင်းဆွဲခေါ်နေသည်။ မောင်ကြွယ်ဝက အတင်းရုန်းကန်ရင်းအော်နေသည်။

"ဟင့်အင်း. . . မလိုက်ဘူး၊ ငါ့လက်ကိုလွှတ်. . . လွှတ်"

"ဟဲ့ဟဲ့-လူလေး၊ ဘာဖြစ်တာလဲ"

ဦးချမ်းသာက မောင်ကြွယ်ဝကို လှုပ်နိုးသည်။ မောင်ကြွယ်ဝက လန့်နိုးသွားသည်။ မျက်နှာတွင် ချွေးများစို့ရွဲနေသည်။

"ဘာဖြစ်တာလဲ လူလေးရဲ့၊ အော်လိုက်တာ"

မောင်ကြွယ်ဝက မြင်မက်သည့် အိပ်မက်အကြောင်းကို ပြောပြလိုက်၏။

"လူလေးအိပ်မက်က အတော်ထူးဆန်းတာပဲ။ အင်္ဂလိပ်မလေးက မင်းရဲ့လက်ကိုဆွဲပြီး သူနေတဲ့နေရာကိုပြတယ်ဆိုတော့ အင်း - မင်းကို မကျွတ်မလွတ်သေးတဲ့သူက အိပ်မက်ပေးတာပဲ။ သချိုင်းထဲက အဲဒီနေရာကို လူလေးမှတ်မိသေးလား။ ပြန်စဉ်းစားကြည့်စမ်း"

မောင်ကြွယ်ဝက တွေဝေစွာ စဉ်းစားနေသည်။

"ဦးဖိုးမှုန်အုတ်ဂူနဲ့ ဒေါ်စိန်ပွင့်အုတ်ဂူကြားက ကွက်လပ်နေရာကို ထိုးပြတာ"

"ဩော် - အေး၊ ကဲ-မိုးမလင်းသေးဘူး။ ပြန်အိပ်လိုက်ဦး"

မောင်ကြွယ်ဝက အိပ်ရာထဲတွင် ပြန်၍လှဲအိပ်ရင်း စဉ်းစားနေမိသည်။ ဦးချမ်းသာက ခြင်ထောင်အပြင်သို့ ထွက်ကာ ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်နေ၏။

❑

"ဦးချမ်းသာကမေးလို့ ကျွန်တော်တော့ စိတ်ဝင်စားသွားပြီ။ ဦးချမ်းသာနဲ့ ကျွန်တော်က သက်တူရွယ်တူလောက်ပဲရှိတာ။ ဦးချမ်းသာနေတဲ့ သင်္ချိုင်းဘေးက စိုက်ပျိုးရေးဝင်းဟာ ဗြိတိသျှခေတ်က မျက်နှာဖြူအရာရှိတွေ နေသွားတာတော့သိတယ်။ အဲဒီစိုက်ပျိုးရေးဌာနမှာ အလုပ်သမားအဖြစ် အမှုထမ်းခဲ့ဖူးတဲ့ အဘိုးအဘွားတွေ ကျွန်တော်တို့ အရပ်ထဲမှာရှိတယ်။ အသက် (၉၄) နှစ်ရှိပြီး မှတ်ဉာဏ်လည်းကောင်းသေးတဲ့အဘွားဒေါ်အေးတင်ကိုမေးကြည့်ရရင် ကောင်းမယ်"

ဦးတွက်နီက ဦးချမ်းသာကို အဘွားဒေါ်အေးတင်အိမ်သို့ ခေါ်လာသည်။ ဦးချမ်းသာမေးသည့်အကြောင်းအရာများကို အဘွားဒေါ်အေးတင်အား ပြောပြသည်။

"အင်း- ဒီစိုက်ပျိုးရေးဝင်းထဲမှာ မျက်နှာဖြူအရာရှိတွေနေသွားကြတယ် ရန်ကုန်-ပြည်လမ်းဘေး အနောက်ဘက် က စိုက်ပျိုးရေးသုတေသနလယ်စိုက်ခင်း တွေကြားမှာရေလွှတ်တဲ့အုတ်မြောင်းကြီး တွေ တွေ့တယ် မဟုတ်လား။ အဲဒါ မျက်နှာဖြူအင်ဂျင်နီယာတွေက လယ် ထဲကို အုတ်ရေမြောင်းတွေကတစ်ဆင့် ရေသွင်းဖို့ မြေအနေအထားကိုကြည့်ပြီး ရေချိန်နဲ့ တည်ဆောက်ထားခဲ့ကြတာ

ဒီစိုက်ပျိုးရေးဝင်းကို တာဝန်ယူ အုပ်ချုပ်တဲ့သူက အခုခေတ်အခေါ် အဝေါ်နဲ့ပြောရရင် ခြံမန်နေဂျာကြီး နာမည်က မစ္စတာရစ်ချက်ဝန်စတာတဲ့ အဘွားတို့ကတော့ သူ့ကို ရစ်ကြီးလို့ ပြောင်လှောင်ခေါ်ကြတယ်။ သူ့မိန်းမ ဘိုမကြီးက တအားချောတာကွယ့်။

အဲဒီ ဘိုမက ဒီစိုက်ပျိုးရေးဝင်း ထဲက သူတို့နေတဲ့တိုက်မှာပဲ သမီးလေး တစ်ယောက် မွေးတယ်။ အဲဒီဘိုမလေး ကလည်း တအားချောတာ။ မြန်မာပြည် မှာ မွေးတာဆိုတော့ မြန်မာစကားပြော တတ်တယ်၊ ချစ်စရာလေး။

ဒါပေမယ့်ကွယ်၊ အဲဒီ ဘိုမလေး ဟာ အသက် (၁၃) နှစ်အရွယ်လောက် မှာ ဖျားနာပြီး သေဆုံးသွားတယ်။ အဲ အချိန်က ဖက်ဆစ်ဂျပန်တွေက မြန်မာ ပြည်ကိုရောက်လာပြီး နယ်ခဲ့တွေ တိုက်ခိုက် မောင်းထုတ်နေတဲ့အ

www.burmeseclassic.com

www.burmeseclassic.com

…လေးရဲ့အလောင်းကို စိုက်ပျိုးရေး …ဘောက သချိုင်းထဲမှာပဲ မြှုပ်နှံ …ဖြတ်လိုက်ကြတယ်။ မကြာပါဘူး …တာရစ်ချက်တို့ လင်မယားလည်း …ပြည်ကပြန်သွားရတယ်။ အဲဒီ …လေးက မကျွတ်မလွတ်သေးဘူး …တယ်"

"အဘွားပြောပြတာနဲ့ ကျွန်တော့် …အိပ်မက်တာက တစ်ထပ်တည်းကျ …တယ်။ အံ့ဩစရာကောင်းလိုက်တာ"

"ဘာသာခြားဆိုတော့ ဗုဒ္ဓဘာ …ရဲ့ အယူဝါဒကို သူဘယ်သိနိုင်ပါ့ …။ အလှူအတန်းလုပ်ပြီး အမျှပေး …ရင်လည်း သူက ဘယ်လိုလုပ် သာဓု …တတ်မှာလဲ။ သနားစရာကောင်း …တာ။ အရင်က သူတို့နေသွားတဲ့ …က အရမ်းသရဲခြောက်တာ။ အခု …တော့ မသိဘူး"

"အခုလို ပြောပြပေးတာ ကျေးဇူး …ပါတယ် အဘွားရယ်"

ဦးချမ်းသာက သချိုင်းထဲသို့ပြန် …ပြီး အဘွားဒေါ်အေးတင် ပြောပြ …သည်များကို မောင်ကြွယ်ဝအား ပြော …သည်။

"ဟင် - ဒါဆို ဘိုမလေးကသနား …ပါတယ်နော်"

မောင်ကြွယ်ဝသည် ဘိုမလေး၏ …နာကို မြင်ယောင်နေမိသည်။ ထိုည …က မောင်ကြွယ်ဝ၏ အိပ်မက်ကမ္ဘာ …ထဲသို့ ဘိုမလေးရောက်လာ၏။ …မောင်ကြွယ်ဝကို သူနေသောနေရာသို့ …လိုက်ခဲ့ရန်ပြောသည်။

"အက်စတာ၊ ငါပြောတာကို နား …ထောင်ပြီး ငါပြောသလိုလုပ်ရင် နေနေ …တဲ့နေရာကို ငါအလည်အပတ်လိုက်ခဲ့ဖို့ …စားမယ်"

"ငါကဘာလုပ်ရမှာလဲ"

"နင့်အတွက်ရည်စူးပြီး ဟိုဇရပ် …ဆောင်ပေါ်မှာ သံဃာတော်တွေကိုပင့် …ပြီး ဆွမ်းကျွေးမယ်၊ တရားနာမယ်။ …ဆရာတော်က ရေစက်ချတရားပေးပြီး …တဲ့အခါ ငါက အမျှ. . အမျှ. . အမျှလို့ …အော်မယ်။ နင်က သာဓု. . . သာဓု. . …သာဓုလို့ ခေါ်ရမယ်"

"သာဓုဆိုတာ ဘာလဲ"

"မြန်မာလို ကောင်းလေစွ၊ …ကောင်းလေစွ ကောင်းလေစွလို့ အဓိပ္ပာယ် …ရတယ်။ နင်က စိတ်စွဲလမ်းမှုကြောင့် …ကျွတ်မလွတ်သေးတဲ့ဝိညာဉ်ဘဝရောက် နေရတယ်။ အဲဒီဘဝဟာ ကျွတ်တမ်းဝင် အောင် အလှူအတန်းလုပ်ပြီး နင့်ကို အမျှအတန်းပေးဝေရတယ်။ နင်က သာဓုသုံးကြိမ်ခေါ်မှ နင်ဒီဘဝကလွတ်မှာ။ နင်သာဓုခေါ်ကြည့်စမ်း"

"သာဓု၊ သာဓု၊ သာဓု"

"အေး- အဲသလို သာဓု (၃) ကြိမ် ခေါ်နော်၊ ဟုတ်ပြီလား"

မောင်ကြွယ်ဝ အိပ်ရာမှနိုးလာသည်။ သူ့အဘိုး ဦးချမ်းသာက အိပ်ရာမှထပြီး ရေနွေးအိုးတည်နေသည်။ မောင်ကြွယ်ဝက သူ့အဘိုးဦးချမ်းသာနှင့် တိုင်ပင်ပြီး သံဃာတော် (၃) ပါးအား ဇရပ်ပေါ်သို့ပင့်ဖိတ်ပြီးဆွမ်းကျွေးသည်။ တရားနာသည်။

မောင်ကြွယ်ဝသည် ဘိုမလေး အက်စတာ၏ ရုပ်အလောင်းအား မြှုပ်နှံခဲ့သည်ဟုယူဆသော မြေနေရာမှ သစ်ကိုင်းလေးအားယူလာပြီး သူ့ဘေးနားတွင်ချထားခဲ့သည်။ ဆရာတော် တရားမဟောမီကလည်း မောင်ကြွယ်ဝက -

"ဘိုမလေး အက်စတာ၊ နင့်ကို ရည်မှန်းပြီး အလှူအတန်းပေးတာ။ တရားနာမယ်နော်၊ အမျှအတန်းပေးဝေရင် သာဓုခေါ်ပါ"

ဟု ပြောပြီး တရားနာခဲ့သည်။

"ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော ဘိုမလေး အက်စတာလည်း ရောက်ရာဘုံဘဝမှ သာဓု၊ သာဓု၊ သာဓုခေါ် ဆိုနိုင်ပါစေသား"

ဆရာတော်၏ ရေစက်ချတရား အဆုံးတွင် မောင်ကြွယ်ဝက -

"ဘိုမလေးအက်စတာရေ အမျှ၊ အမျှ၊ အမျှ"

လေပြင်းတစ်ချက် တိုက်ခတ်လိုက်သည်။ မောင်ကြွယ်ဝဘေးမှ သစ်ကိုင်းလေးသည် လေနှင်ရာနောက်သို့ ပါသွားပြီး ဇရပ်ဆောင်၏အောက်သို့ ကျသွားလေ၏။ ထိုအခြင်းအရာကို သံဃာတော် (၃) ပါး၊ ဦးချမ်းသာနှင့် မောင်ကြွယ်ဝတို့ မြင်တွေ့လိုက်ရလေသည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ ဦးချမ်းသာထံသို့ အသုဘရှင်က အသာတွင်းတစ်တွင်းလာအပ်သည်။ ဦးချမ်းသာက စိတ်ကူးတစ်ခု ရလိုက်သည်မို့ ဦးဖိုးမှုန်အုတ်ဂူနှင့် ဒေါ်စိန်ပွင့်အုတ်ဂူ အကြားမှ မြေကွက်လပ်တွင် မြေကျင်းတူးရန် မောင်ကြွယ်ဝကို စေခိုင်းသည်။ မောင်ကြွယ်ဝက ထိုနေရာကို ပေါက်တူးဖြင့် ဖြည်းဖြည်းမှန်မှန်လေးတူးနေသည်။

"ဒုတ်"

ပေါက်တူးက မာကျောသော အရာကို ထိခိုက်မိပြီး အသံထွက်ပေါ်လာသည်။ မောင်ကြွယ်ဝက မြေသားများကို မြေကျင်းပေါ်သို့ ဂေါ်ပြားဖြင့် ဆွဲတင်သည်။

ပေါက်တူးဖြင့် ထိခိုက်မိသော အရာကို တွေ့ရသည်။ မြေအိုးလေး တစ်လုံး ဖြစ်နေသည်။ မောင်ကြွယ်ဝက မြေအိုးလေးကိုတူးဖော်ပြီး မြေကြီးပေါ်တွင် တင်ထားလိုက်သည်။ မြေအိုး၏ အဖုံးနှင့်အိုးကို ပလတ်စတစ်ဖြင့် ပတ်စည်းထားသည်။ ဦးချမ်းသာက မြေတွင်းတူးနေသောနေရာသို့ ရောက်လာသည်။

"မြေကြီးထဲကဘာအိုးလေးထွက်လာတာလဲ လူလေး"

"မသိပါဘူး အဘိုးရယ်။ ပေါက်တူးနဲ့ပေါက်မိလို့ တူးဖော်ပြီး အပေါ်တင်ထားတာ။ နေမပူခင် မြေကျင်းကို ပြီးအောင်တူးရမယ်"

ဦးချမ်းသာက မြေအိုးဘေးတွင် ပတ်ထားသော ပလတ်စတစ်များကိုခွာထုတ်ပြီး အိုးအဖုံးကိုဖွင့်လိုက်သည်။

"ဟာ - လူလေး"

"ဗျာ - အဘိုး၊ ဘာလဲဗျ"

"ဒီမှာကြည့်စမ်း"

"ဟင်"

မောင်ကြွယ်ဝ၏လက်ထဲမှ ပေါက်တူးမှာ လွတ်ကျသွားသည်။ မြေအိုးကလေးထဲတွင် ငွေဒင်္ဂါးများအပြည့် ထည့်ထားသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်၏။ ဦးချမ်းသာက မြေအိုးကလေးကို ဇရပ်ပေါ်သို့ သယ်သွားသည်။ မကြာမီ မောင်ကြွယ်ဝလည်း မြေကျင်းတူးပြီးသွားသည်။ ဇရပ်ပေါ်သို့ ပြေးတက်လာမိသည်။

"အက်စတာက ကျွန်တော့်ကို လက်ဆောင်ပေးမယ်ဆိုတာ ဒါလား မသိဘူး။ ငွေဒင်္ဂါးတွေက မနည်းဘူးနော် အဘိုး"

"ငါ့မြေးရဲ့ ဘဝရှေ့ရေးအတွက် အဘိုးစိတ်မပူရတော့ဘူး။ ဒီကိစ္စကို ဘယ်သူမှမသိစေနဲ့နော်"

"ဟုတ်ကဲ့ပါ အဘိုး"

မောင်ကြွယ်ဝသည် သူ့အဘိုး ဦးချမ်းသာ ကွယ်လွန်သွားသောအခါ သချိုင်းဇရပ်ဆောင်ထဲတွင် မနေတော့ဘဲ တစ်မြို့တစ်ရွာတွင် အခြေချနေထိုင်ရန် ထွက်ခွာသွားလေသတည်း။

ဝင်းဇော် (သုံးဆယ်)



www.burmeseclassic.com

www.burmeseclassic.com



ဝရမ်းပြေး သခင်အောင်ဆန်း၏ မှတ်တမ်းဝင်ပုံ

မြန်မာ့ရုပ်ရှင်အစသည် နယ်ချဲ့တော်လှန်ရေးတွင် ရဲရဲတောက်ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့သူ ဦးထွန်းရှိန်၏ ဈာပနသတင်းကားဖြင့် စတင်ခဲ့သည်။

ထို့ကြောင့် မြန်မာ့ရုပ်ရှင်အနှစ်ငါးဆယ်ခရီးသည် နယ်ချဲ့ကိုတိုက်ခဲ့ရာ၌ တို့ကာဆိတ်ကာဖြစ်စေ အတိအလင်းပြောင်ပြောင်တင်းတင်းဖြစ်စေ ပြည်သူတို့နှင့်အတူ ပါဝင်ဆင်နွှဲခဲ့သည်။

ထို့ကြောင့်လည်း နောက်တစ်ချိန်တွင် မြန်မာပြည်၏ လျှမ်းလျှမ်းတော... ခေါင်းဆောင်ကြီးများ ဖြစ်လာကြ... ပုဂ္ဂိုလ်တို့လည်း ဒါရိုက်တာများ၊ ဝါ... ဇာတ်ဆောင်သူများအဖြစ် ဝင်ရော... လုပ်ကိုင်ခဲ့ကြလေသည်။

□ သမိုင်းဝင်တက္ကသိုလ်နေ့ရက်များ

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁ ... နေ့တွင် ရန်ကုန်တက္ကသိုလ် စတင်... ပေါက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်... တက္ကသိုလ်အက်ဥပဒေပြဋ္ဌာန်းချက်... ကို မကျေနပ်သဖြင့် ပြင်ဆင်ပေး... တောင်းဆိုကြသည်။ တောင်းဆိုမှု... မလိုက်လျော၍ ၁၉၂၀ ပြည့်နှစ် ဒီဇ... ဘာလ ၅ ရက် (၁၂၈၂ ခု၊ တန်ဆော... မုန်းလပြည့်ကျော် ၁၀ ရက်နေ့) ... ကျောင်းသားများ သပိတ်မှောက်ကြ... မြန်မာနိုင်ငံ၏ ပထမဆုံး ကျောင်းသား... သပိတ်ပေါ်ပေါက်ခဲ့သည်။

ကိုတိုး(ရန်ကင်း)

## ဗိုလ်ချုပ်ကိုယ်တိုင်ပါဝင်ခဲ့ပြီး ဒါရိုက်တာဦးနု ရိုက်ကူးခဲ့သည့်

# သမိုင်းဝင်အဖွင့်ကော့တာရုပ်ရှင်



ရှေ့တန်း (ဝဲမှယာ) ကိုသီဟန်၊ အမ်အေရာရှစ်၊ ကိုနု၊ ကိုအုံး၊ ကိုအောင်ဆန်း
နောက်တန်း (ဝဲမှယာ) ကိုဘဆောက်၊ ကိုသာလှ၊ ကိုထွန်းအုံး၊ ကိုထွန်းတင်



www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံး ကျောင်းသားသပိတ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများစုဝေးပြီး စီတန်း၍ အတွင်းဝန်များ ရုံးကို ဝိုင်းဝန်းလှည့်လည်ကြသည်။ ဗြိတိသျှအစိုးရ အာဏာပိုင်များက ဝိုင်းဝန်းလှည့်လည်သော ကျောင်းသားများအား နံပါတ်တုတ်ဖြင့်ရိုက်ခြင်း၊ မြင်းစီးတိုက်၍လူစုခွဲခြင်းတို့ဖြင့် ရက်စက်စွာ ဖြိုခွင်းခဲ့သည်။

ထိုဖြိုခွင်းနှိမ်နင်းမှုကြောင့် ကျောင်းသား ကိုအောင်ကျော် သေဆုံးခဲ့ရပြီး ကျောင်းသား (၂၀၀) ကျော် ဒဏ်ရာရခဲ့ကြသည်။

၁၉၂၅ ခုနှစ်၊ ဇွန်လတွင် မန္တလေး ဥပစာကောလိပ်ကိုဖွင့်နိုင်ခဲ့သည်။ ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားများသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျောင်းသားများ ဒုတိယအကြိမ် သပိတ်မှောက်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားရာ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်တွင် ရန်ကုန်တက္ကသိုလ်ပိတ်ခဲ့ရသည်။

**ကိုလိုနီခေတ်တက္ကသိုလ်နောက်ခံသတင်းကားများနှင့်ရုပ်ရှင်ဇာတ်ကားများ**

၁၉၂၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်းတွင် အမေရိကန်ဇာတ်လမ်းရုပ်ရှင်ကားနှင့်အတူ မျိုးချစ်စိတ်ဓာတ်နှင့်နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ရှင်သန်စေသည့် ဦးထွန်းရှိန်စျာပနမှတ်တမ်းတင်သတင်းကားကို ရုံတင်ပြသခြင်းဖြင့် မြန်မာ့ရုပ်ရှင် စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ ထို့အပြင် ကျောင်းသားများနှင့်ပတ်သက်၍ ၁၉၃၆ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများ၏ သပိတ်စခန်းသွပ်ရှားမှု၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက အတွင်းဝန်ရုံးအား ဝိုင်းဝန်းစီတန်းလှည့်လည်ကြပုံ၊ ၁၉၃၀ ပြည့်နှစ် (၁၀) ကြိမ်မြောက် အမျိုးသားနေ့ကျင်းပပုံတို့ကို လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အသက်ပေးခဲ့သည့်ကျောင်းသားခေါင်းဆောင် ကိုအောင်ကျော်၏ စျာပနအား လည်းကောင်း မှတ်တမ်းသတင်းကားများအဖြစ်ရိုက်ကူးထုတ်လုပ်ခဲ့ကြသည်။ ထို့ပြင် နံပါတ်တုတ်၊ ဘီအေမောင်၊ ဘီအေဓားပြ၊ ဘွိုင်ကော့တာစသည်ဖြင့် ဇာတ်ကားများမှာ အထူးအောင်မြင်ကျော်ကြားခဲ့သည်။



ဘွိုင်ကော့တာ ဒါရိုက်တာ ဦးနု



ဘွိုင်ကော့တာမှ ဦးရာရှစ် သရုပ်ဆောင်စဉ်



www.burmeseclassic.com






ဘွိုင်ကော့တာတွင် ပါဝင်သရုပ်ဆောင်ခဲ့ရ
သရုပ်ဆောင်လူမောင်ကြီးသည်
ရုပ်ရှင်မပြီးခင် ကွယ်လွန်သွားခဲ့ရှာသည်







ကိုယ်တိုင် သရုပ်ဆောင်ရုံမျှမက ဇာတ်လမ်းဇာတ်ညွှန်းကို ရေးသားပြီး ဗြိတိသျှဘားမားကုမ္ပဏီအတွက် တွဲဖက်ဒါရိုက်တာအဖြစ်ပင် ဒါရိုက်တာ ဦးဘခင်ကို ကူညီခဲ့သေးသည်။

## ၂ ပွဲဆူသည့်နံပါတ်တုတ်ရုပ်ရှင်ကား

ကိုလိုနီခေတ်တက္ကသိုလ်နောက်ခံ ရုပ်ရှင်ကားတစ်ကားဖြစ်သည့်နံပါတ်တုတ် ဇာတ်ကားသည် သပိတ်မှောက်ကျောင်းသားနှင့်ပြည်သူတို့အား ဗြိတိသျှအစိုးရက ရက်စက်စွာ နံပါတ်တုတ်ဖြင့်ရိုက်ခြင်း၊ မြင်းနှင့်တိုက်၍ လူစုခွဲဖြိုခွဲခြင်းပြသခြင်းဖြစ်ရာ ရုပ်ရှင်ကြည့်ပရိသတ်များ ဒေါသထွက်လာကြပြီး ပုလိပ်တွေခေါင်းကို ရိုက်မယ့်နံပါတ်တုတ်ကွဟု ဆူညံစွာ အော်ဟစ်ကြသည်။ ရုပ်ရှင်ရုံတွင်း အော်ဟစ်သည့်သတင်းကို ပုလိပ်မင်းကြီး ကြားသိသွားပြီး 'နံပါတ်တုတ်' အမည်ကို ပြောင်းစေခဲ့သောကြောင့်'ဂုဏ်ရည်သွေး' ဟု ပြင်ဆင်ပေးခဲ့ရလေသည်။

၁၉၃၈ ခု၊ မေလတွင် ရုံတင်ပြသ သော ပဲရှော့ရုပ်ရှင်ကုမ္ပဏီ ဒါရိုက်တာ ဦးဘသာ ရိုက်ကူးပြီး မင်းသား မောင် မောင်ဇနှင့် မင်းသမီး မေကြည်တို့ ပါဝင် သော 'သခင်မျိုး' အမည်ရှိ ဇာတ်ကား မှာလည်း နိုင်ငံရေးပါဝင်သည်ဆို၍ အစိုးရက မပြရန်တားမြစ်ခံခဲ့ရသည်ဟု လည်း မှတ်သားဖူးလေသည်။

## □ ဗိုလ်ချုပ်ကိုယ်တိုင်ပါဝင်ခဲ့သည့်ဘွိုင်ကော့တာ (Boycotter) ဇာတ်ကား

ဘွိုင်ကော့တာရုပ်ရှင်ဇာတ်ကားတွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ကျောင်းသား ကိုအောင်ဆန်းသာမက ကိုနု (နောင်ဝန်ကြီးချုပ်ဦးနု)၊ ကိုရာရှစ် (နောင်ဝန်ကြီး)၊ ကိုထွန်းအုံ (နောင်မြူနီစီပယ်မင်းကြီး) တို့လည်း ပါဝင်သရုပ်ဆောင်ထားကြသည်။ ကိုနုသည် ဘွိုင်ကော့တာ ဇာတ်ကားတွင်

## □ သပိတ်မှောက်ကျောင်းသားဝတ္ထု

မြန်မာစာပေလောကတွင် တ သိုလ်နောက်ခံဝတ္ထုနှင့်ပတ်သက်၍ လူ အများဆုံး၊ အကျော်ကြားဆုံးဝတ္ထု စာရေးဆရာသိန်းဖေမြင့် ၁၉၃



www.burmeseclassic.com

www.burmeseclassic.com




ခွင့် ရေးသားခဲ့သည့် 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုဖြစ်သည်။

၁၉၃၅-၃၆ ခုနှစ် တက္ကသိုလ်အရေးအခင်းကို နောက်ခံပြု၍ ရေးထားသောဝတ္ထု ဖြစ်သည်။ ၁၉၃၅-၃၆ ခုနှစ်က တက္ကသိုလ်ကျောင်းသားသမဂ္ဂ၏ လှုပ်ရှားမှုအရှိန်အဟုန်မြင့်လာသောနှစ်ဖြစ်သည်။ ထိုအချိန်တွင် တို့ဗမာအစည်းအရုံးနှင့် တက္ကသိုလ်သည်လည်း ပိုမိုဆက်နွှယ်မိပြီ ဖြစ်သည်။ ကိုနု၊ ကိုအောင်ဆန်း၊ ကိုထွန်းအုံ၊ ကိုလှဖေ၊ ကိုရာရှစ်၊ ကိုသိန်းဟန်တို့ ခေါင်းဆောင်သောကျောင်းသားများ၏လှုပ်ရှားမှုသည်လည်း ပိုမိုပြင်းထန်လာ၏။ နောက်ပိုင်းအမျိုးပညာတိုက်ဖျက်ရေးကျောင်းသားတို့၏ အုံကြွမှုသည် အပြင်းထန်ဆုံးပေါက်ကွဲကာ သပိတ်လက်နက်ပါ ကိုင်စွဲခဲ့လေသည်။

စာရေးဆရာ သိန်းဖေမြင့်သည် ထိုအခြေခံဖြစ်ရပ်မှန်ကို ကျောရိုးပြုကာ 'သပိတ်မှောက်ကျောင်းသား' ကို ရေးခဲ့ခြင်း ဖြစ်သည်။ သပိတ်မှောက်အရေးအခင်းတွင်ပါသော သက်ရှိထင်ရှားလူပုဂ္ဂိုလ်များကို အခြေခံ၍ ဇာတ်ဆောင်စေကာ ရေးသားခြင်း ဖြစ်သည်။

**သပိတ်မှောက်ကျောင်းသားနှင့် ဘွိုင်ကော့တာရုပ်ရှင်ဇာတ်ကား**

ဘွိုင်ကော့တာဟု အသံထွက်သော အင်္ဂလိပ်စကားလုံး Boycotter ဟူသည်မှာ မြန်မာလို သပိတ်မှောက်သူဟု အဓိပ္ပာယ်ရသည်။ ဘွိုင်ကော့တာမည်သော မြန်မာ့ရုပ်ရှင်ဇာတ်ကားသည် မြန်မာ့ရုပ်ရှင်သမိုင်းတွင် စိတ်ဝင်စားဖွယ်ကောင်းခဲ့သည်။

ဆရာသိန်းဖေမြင့်၏ 'သပိတ်မှောက်ကျောင်းသား' ဝတ္ထုထွက်ပြီး မကြာမီမှာပင် ကောလိပ်ကျောင်းသားကိုနုသည် ဗြိတိသျှဘားမားရုပ်ရှင်မှ အသံတိတ်ဘွိုင်ကော့တာရုပ်ရှင်ကားကို သူကိုယ်တိုင် ဒါရိုက်တာအဖြစ်ရိုက်ခဲ့သည်။

ကျောင်းသားသပိတ်ဇာတ်ကားဖြစ်၍ ထိုဇာတ်ကားတွင် ကိုအောင်ဆန်း၊ ကိုရာရှစ် (နောင်ဝန်ကြီး)၊ ကိုထွန်းအုံ (နောင်မြူနီစီပယ်မင်းကြီး) တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ရန်ကုန်မြို့ အော်လံပီယာရုံတွင် ၁၉၃၇ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှစ၍ ရက်သတ္တနှစ်ပတ်ပြသခဲ့သည်။ ထိုအချိန်က ဘွိုင်ကော့တာဇာတ်ကားကြော်ငြာများကို ဤသို့ ဖတ်ရှုရလေသည်။

ဘွိုင်ကော့တာဇာတ်ကား၏ဇာတ်လမ်းအခြေပြုရာကား -

ယူနီဗာစီတီကောလိပ်ဟုခေါ်ကြသော တက္ကသိုလ်ကျောင်းတိုက်သည်ပင်






www.burmeseclassic.com

www.burmeseclassic.com

မူရင်းဌာန ပင်မပြည်တောင်ကြီးဖြစ်၍။

တက္ကသိုလ်ကျောင်းတိုက်တိုင်းပြည်ပင်မကြီးမှ။ အခက်၊ အလက်၊ အရွက်၊ ညှာတံ၊ အငုံ အဖူး၊ အသီး၊ အပွင့်စသော ဇာတ်လမ်းဇာတ်ကွက်ဇာတ်အိမ်တို့ဖြင့်။ ဝေဝေဆာဆာလေလာတိုင်း ယိမ်းနွဲ့သလို။ ကျောင်းတော်သူ-ကျောင်းတော်သားတို့၏လှုပ်ရှားတိုင်း တကိန်းတဘွဲ့။ တလှည့်တချီ။ ကြည်သောပွဲ၊ မကြည်သောပွဲဟူ၍။ အနဲနဲအဖုံဖုံ၊ အစုံစုံအမျိုးမျိုးဖန်တီးဖြစ်ပေါ် လျက်ရှိလေရာ။ ထိုအခါကြီးထဲ၌ ဒါရိုက်တာ ဦးနုကိုယ်တိုင်ပင်။ နွဲ့ပျော်ပါဝင်ခဲ့သဖြင့်။ အသဲစွဲနေသောအလုံးများကို မဖုံး-မဝှက်။ မကွယ်မထောင့်ဘဲ ဖြောင့်ဖြောင့်မှန်မှန်၊ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီးသိရအောင် ဖွင့်ဖော်ထုတ်ပြလိုက်ပေကြောင်း။

ကျောင်းသားတိုင်း ကျောင်းသားတိုင်း။

ကျောင်းသူတိုင်း ကျောင်းသူတိုင်း။

တက်လူတိုင်း တက်လူတိုင်းတို့၏
အောင်မြင်ကြောင်း လမ်းညွှန်။
ဟူ၍ တစ်ဖုံ။

မင်းသား မောင်တင်ဆွေနှင့် မင်းသမီးမေမေဝင်းတို့ ယှဉ်ပြိုင်တွဲဖက်အသုံးတော်ခံထားပြီး အမျိုးသားတက္ကသိုလ်ဖြစ်ထွန်းစေလိုသောသဘောမနသိဆန္ဒနှင့် အံကျအောင် ရိုက်ကူးပြလိုက်သည်။ ဟူ၍ တစ်နည်း။

ဦးနု - ဦးဘဇင်နှင့် မစ္စတာရာရှစ်တို့စီစဉ်လျက် တက္ကသိုလ်၏ ဉာဏ်အညွှန့်အဖူးနှင့် ဗြိတိသျှဘားမား၏ ဉာဏ်အကွန့်ထူးသောကြောင့် အလွန်အကျိုးကောင်းတဲ့ဇာတ် ဟူ၍ တစ်မျိုး။ ထို့မြင် -

ဦးနု၊ မစ္စတာ-ရာရှစ်တို့နှင့်အတူကောလိပ်ကျောင်းတော်သူကျောင်းတော်သားကြီးများကိုယ်တိုင် ဝိုင်းဝန်းကူညီဖြည့်စွက်ပေးကြသဖြင့် ဘွိုင်ကော့တာဇာတ်ကားသည် သပိတ်မှောက်ကျောင်းတော်သူ ကျောင်းတော်သားများသာမဟုတ်။ အုပ်ထိန်းသူ မိဘဆွေမျိုးညာတကာ မြန်မာအမျိုးသားမှန်သမျှ၊ သိထားထိုက်-ကြည့်ထားထိုက်သည့်အကြောင်းအရာအရပ်ရပ်များဖြစ်၍ မှတ်မှတ်ရရကြွလာရှုစားတော်မူကြပါ။ ဟူ၍ ကြော်ငြာခဲ့ပါသည်။

မှတ်မှတ်ရရ ထိုဘွိုင်ကော့တာ ရုပ်ရှင်ဇာတ်ကားတွင် လူကြမ်းမင်းသား လှမောင်ကြီးကလည်း အမိကနေရာမှ



ပါဝင်သရုပ်ဆောင်ခဲ့ပေရာ ဇာတ်ကားမပြီးမီ လှမောင်ကြီးမှာ ကွယ်လွန်သွားခဲ့သဖြင့်။ လူကြမ်းကောင်း မောင်လှမောင်ကြီးမသေသေး၊ ပျော်တုန်း-ပါးတုန်း-ကစားတုန်းပင် ဟူ၍ ဘွိုင်ကော့တာဇာတ်ကားမှာ စိတ်ရောကိုယ်ပါ အချက်အလက်ကျကျ အစွမ်းပြ၍ အစမှအဆုံးပျော်လုံးပြက်လုံးကလက်လုံးနှင့်။ ပြည်သူတို့၏အချစ်တုံးအချစ်ခဲအသဲကျော်ကြီးဘယ်လိုနွဲ့ပျော်သွားသည်ကို အားရပါးရသတိတရနှင့်ရှုကြပါဟူ၍ ကြော်ငြာထားပုံမှာ လူကြမ်းမင်းသားလှမောင်ကြီးအားလွမ်းစရာဖြစ်ရပေတော့သည်။ ဗြိတိသျှဘားမား၏ဘွိုင်ကော့တာဇာတ်ကားကိုဦးနု၊ ဦးဘဇင်၊ မစ္စတာရာရှစ်တို့သုံးဉာဏ်ပေါင်းကာ အကောင်းတွေ အဆီညစ်ထုတ်လိုက်သည်။

ဘွိုင်ကော့တာ ဇာတ်ကားသည် မြန်မာပြည် ဒုတိယကောလိပ်သပိတ်မှောက်ရာဇဝင်တွင် အလွန်နာမည်ကြီးခဲ့သော သပိတ်ခေါင်းဆောင်ကြီး ဦးနုကိုယ်တိုင် ရုပ်ရှင်ဒါရိုက်တာကြီးအဖြစ်ဖြင့် စီစဉ်ခင်းကျင်းရိုက်ကူးသောပွဲ၌ မစ္စတာရာရှစ်၊ ကိုအောင်ဆန်း စသော

သပိတ်မှောက်ခေါင်းဆောင်တက္ကသို[illegible] ကျောင်းတော်သားကြီးများကအချို[illegible] အခဏ်းများတွင် ကိုယ်တိုင်ကိုယ်[illegible] တာဝန်ယူကာ။ အသီးသီးဝိုင်းဝန်း[illegible] ကြသဖြင့် အခက်အခဲပေါင်းများစွာ[illegible] လွန်မြောက်၍ လိုသမျှအပြည့်ရအော[illegible] အထူးကြိုးစားခဲ့ရသော ဇာတ်[illegible] ဖြစ်ပါသည်။ နိဒါန်းမျှ - ထုတ်ပြဦး[illegible] ရှင်ပျော်ပျော် ဒွန်နှစ်ဖော် မေတ္တာ[illegible] ဖြင့်။ ယှဉ်လှစ်ပြိုင်ပွဲ အချစ်ပျိုး[illegible] လေတိုးလျှင် ဝေးမည်မှတ်တော့ တ[illegible] (ကိုတင်ဆွေ) ရေ လေးမြတ်စိတ်ငွ[illegible] သန်းခေါင်ကြက်တို့သည်။ ဆက်ခါ[illegible] ခါတွန်မည်ကြလေပြီ။ လရောင်လ[illegible] မြင့်လှလေပြီ။ တစ်ကမ္ဘာလုံးမှာလ[illegible] တိတ်ဆိတ်ခဲ့လေပြီ။ သို့သော် တီး[illegible] တီးတိုးနှင့် လည်ချင်းယှက် ပါးချင်းအ[illegible] ခါ၊ ချစ်တင်းဆိုနေကြသော (မောင်တ[illegible] ဆွေ) နှင့် (မြမြ) တို့မှာ အိပ်ဖို့ကိုမျှ သ[illegible] မရ။ မည်မျှလောက်အရေးကြီးသော[illegible] အချက်တို့ကို ဆွေးနွေးရဘိသနည်း[illegible] အချစ်၏နောင်ရေးပေလား။ သို့တ[illegible] မဟုတ် အမျိုးသားတက္ကသိုလ် [illegible] ထောင်အောင်မြင်ရန် အရေးပေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘိုင်ကော့တာပြသည့်အခါမှ သိရှိရပေ ကော့မည်။

တိုင်းကျိုးပြည်ကျိုး။အမျိုးဘာသာ။ ...အကျိုးအတွက်။တင်ဆက်အပ်သော ဘိုင်ကော့တာ၊ ၂၅ ကြော်ငြာထားသည် ... ရုပ်ရှင်ကြည့်ပရိသတ်တို့၏ မျိုးချစ် ...စိတ်ကို ယှဉ်သန်ထက်မြက်စေပါ ...

အင်္ဂလိပ်နယ်ချဲ့တို့ကို တိုက်ခိုက် ...တွင် ရုပ်ရှင်သည် ထိရောက်သော ...နက်ဖြစ်မှန်း တက္ကသိုလ်ကျောင်း ...များကရိပ်မိသဖြင့် ဗြိတိသျှဘားမား၊ ...ဝမ်း စသော ရုပ်ရှင်ကုမ္ပဏီကြီးများ ... တက္ကသိုလ်ကျောင်းသားများသည် ...သင်အဖြစ် ဝင်ရောက်ခဲ့ကြလေ ...

**...ထံမှရေးသားပေးပို့ချက်**

ဘိုင်ကော့တာ ရုံတင်ပြသော ...ခါ မြန်မာရုပ်ရှင်အထူးစာစောင်ထဲ ...တွင် ဘိုင်ကော့တာကားနှင့် ပတ်သက် ... ဝေဖန်မှုရှိရာ အဆိုပါ ဝေဖန်ချက်ကို ... ပြန်လည်ဖြေရှင်းချက်ကို မြန်မာ့ ...ရှင်ဂျာနယ်တွင် ဖော်ပြထားသည်။

ဘိုင်ကော့တာကားနှင့်ပတ်သက် ... သေဘာန်ချက်ကိုဖတ်ရပါသဖြင့် ဝမ်း ...ည်းမြောက်၊ ဗဟုသုတလည်းတိုးရပါ ...ည်ခင်ဗျား။ သို့ရာတွင် သဘောခြင်း ... တွဲလွဲလျက်ရှိသောအချက်အနည်း ...ငယ်အတွက် ပြန်လည်ချေပရေးသားရန် ...ခွင့်ပေးပါမည့်အကြောင်း-

ဘိုင်ကော့တာကားကို သေချာစွာ ...စိတ်ကြည့်လျှင် ၎င်း၌ ထူးခြားသော ...ချက် (၂) ရပ်ကို ကောင်းစွာ တွေ့ရှိ ...ပါလိမ့်မည်။

၎င်းတို့မှာ -

(၁) မြန်မာပြည်၏ ရုပ်ရှင်ကား ...တွင် ထည့်လေ့ရှိသော အသောခန်း ...သို့မဟုတ် အလွမ်းခန်းများသည် သိသိ ...သာ ပျောက်ကွယ်လျက်ရှိခြင်း။

(၂) ရည်ရွယ်ချက်တစ်ခုအတွက် ...ကြည့်သူပရိသတ်တို့အား လှုံ့ဆော်ပေး ...သော ပရောပါဂင်းဒါး (Propaganda) ...ခေါ် တရားဟောဇာတ်ကားဖြစ်ခြင်းတို့ ...င် ဖြစ်ပါကြောင်း. . .

အစချီပြီး (၃)မျက်နှာခန့် ရုပ်ရှင် ...ကူးရခြင်း အခက်အခဲများကို တင်ပြ ...ထားသည်။ ဦးနု၏ ချေပရေးသားချက် ...ဆုံး၌ အယ်ဒီတာ၏ မှတ်ချက်ကို ...သို့ဖော်ပြထားလေသည်။

ဦးနုတို့အား တိုင်းပြည်က တကဲ့



အပြစ်မရှိသောသူများဟု ကြည်ညို လေးစားခြင်းခံနေကြရာ ဇာတ်ကားထဲ၌ တွေ့မြင်ရသောအခါ၌ အမူအရာ ပြောပုံဆိုပုံလုပ်ပုံကိုင်ပုံတို့မှာ ရုပ်ရှင်သမားများကဲ့သို့ ကျနသောအမူအရာများမရှိဘဲ ချို့ယွင်းချက်များပါနေသဖြင့် နားမလည်ဟုဆိုသဖြင့် ရှင်းလင်း၍ပြရမည်ဆိုသော် ထိုစာပိုဒ်၏ထိပ်ဆုံးမှ (သို့သော် ရုပ်ရှင်ပညာဘက်မှနေ၍ ကြည့်ရှုပြောဆိုရမည်ဆိုသော်) ဟူသော စာပိုဒ်ကလေးကို သတိပြုလျှင်လည်း မည်သည့်အတွက် အပြစ်ရှိသည်၊ မရှိသည်ကို ရှင်းလင်းနိုင်ပေ၏။ သို့သော် ရှင်းသည်ထက် ရှင်းအောင်ပြရမည်ဆိုသော် ဥပမာ ဦးဘဘေသည် ဘီအေဖြစ်လျက် တိုင်းပြည်ခေါင်းဆောင်ကြီးလုပ်နေပြီး စကားပြောမလည်ပတ်သဖြင့် အပြစ်ရှိသကဲ့သို့လည်းကောင်း၊ လယ်တီပဏ္ဍိတဦးမောင်ကြီးသည် တရားစာများ ရေးသားနေလျက် တရားဟောမကောင်း၊ တရားမဟောတတ်သည်မှာ အပြစ်ရှိသကဲ့သို့ လည်းကောင်း၊ ဦးနုတို့သည်လည်း ပညာရှိများဖြစ်လျက် ရုပ်ရှင်ပညာကိုနားလည်သည်ဟုဆိုကာ ရုပ်ရှင်နယ်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်သည့်အတွက် ရုပ်ရှင်ပညာဘက်မှ ကြည့်ရှုပြောဆိုသောအခါ ပညာရှိလျက်၊ ရုပ်ရှင်အလုပ်ကို တတ်နိုင်သည်ဟုဆိုလျက် ချို့ယွင်းချက်များကြောင့် အပြစ်ရှိသည်၊ ဂုဏ်ကိုထိခိုက်ခြင်းဟု ရေးသားခြင်း ဖြစ်သည်ကို နားလည်စေလိုပါကြောင်း ဖော်ပြထားလေသည်။

မည်သို့ပင်ဖြစ်စေ ဘိုင်ကော့တာ ဇာတ်ကားသည် ဦးနုကိုယ်တိုင် ပါဝင်သရုပ်ဆောင်ပြီး ဒါရိုက်တာအဖြစ် ရိုက်ကူးတင်ဆက်ခဲ့ခြင်း၊ နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၏ခေါင်းဆောင်ကြီးဖြစ်လာမည့် တက္ကသိုလ်ကျောင်းသားသခင်အောင်ဆန်း ပါဝင်သရုပ်ဆောင်ခဲ့ခြင်း စသည်တို့ကြောင့် မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တမ်းတင်ရပါလိမ့်မည်။

အချုပ်အားဖြင့် ဘိုင်ကော့တာ ပြစဉ်က ကြော်ငြာစာရွက်မှ (၈၀) ပေါ်တေးထပ်ကို သတ်ပုံမူရင်းအတိုင်းကူးယူ ဖော်ပြလိုက်ရပေသည်။

***ဘိုင်ကော့တားလိုမည်သံသာပြီ။ တို့ပြည်မြန်မာ ညီညွတ်စေဘို့လေး...***

*ဘိုင်ကော့ရာဇဝင်မဟာသဘင်အဖြစ်နှင့်။ ကမ္ဘာတွင်ရစ်ဖို့ပြပေါ့တလီ။ ဗမာအစဉ် နှစ်ထို့ကျတော့မည်ကို။ ထလော့ညီညီ ကျောင်းတော်သား။ ခေါင်းဆောင်ဦးနု ဟစ်ကြွေးရှာလျှင် စစ်ရေးပမာချီတက်လာခဲ့တကား၊ ဥပဒေပုဒ်မ နုတ်သမျှအခြေကို။ ဖြုတ်ချစေရာ အရင်းခံထား၊ ဒုက္ခထွေလာ မငြင်းဆန်ညားသမို့၊ တင်းမာန်အားနှင့် ညီခဲ့ပြီ။ သပိတ်ဆိုတာ လက်နက်အစစ်လို့ တက်တဲ့ခေတ်က ယူလဲယူဆသည်။ အဲဒါကြောင့်မို့ ဘာမထီအောင် ဗမာပီပီလုပ်စဉ်ပြချင်လို့ ရုပ်ရှင်ကဖြင့် သပိတ်သတင်းလွှင့်တော်မှာ တဆိတ်မငြင်းပေ့ါတစ်ခါ။ ဘိုင်ကော့တားလို့ မြည်သံသာလျှင်။ တို့ပြည်မြန်မာညီညွတ်စေဖို့လေး. . . ။*

ကိုတိုး(ရန်ကင်း)


**ကျမ်းကိုး -**

၁။ ၁၉၃၇ ခုနှစ်ထုတ် မြန်မာ့ရုပ်ရှင် စာစောင်များ

၂။ ၂၀၁၃၊ ဖေဖော်ဝါရီ ၅-ထုတ် ပေါ်ပြူလာဂျာနယ်ပါအလင်းဆက် (IR) ၏ သမိုင်းထဲက ရုပ်ရှင် သို့မဟုတ် ရုပ်ရှင်ထဲက တက္ကသိုလ်

၃။ ဗြိတိသျှဘားမား၏ ဘိုင်ကော့တာ ရုပ်ရှင်လက်ကမ်းကြော်ငြာစာများ




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ရာမည-သွေးမွန်

## ဝဋ်ကြွေးမှာကျည့်ဖူးများ

မိမိတို့မြန်မာမှုဆိုစကားများတွင် 'ဥပါဒါန်ကြောင့် ဥပဒ်ရောက်' ဟူသော စကားရှိသည်။ မှန်၊ မမှန်တော့ မိမိ အဆုံးအဖြတ်မပေးလိုပါ။ ဖြစ်ပျက်ခဲ့သော လမ်းတစ်ကွေ့တစ်ချိုးကို မှန်ဝါး ပျောက်ကွယ်မသွားမီ မှတ်ဉာဏ်ပါဝါ ကုန်ခန်းမသွားမီ စိတ်ကူးလက်များ ဖြန့်ကြက်ကာ လည်ပြန်ငဲ့ကြည့်မိသည်။

မည်သို့ဆိုစေ ဗုဒ္ဓ၏ သံယုတ္တနိကာယ်လာ 'လူသည် သူ့ကိုယ်သူပြုပြင်ဖန်တီးနိုင်၏။ အတိတ်မှ သူ၏လုပ်ရပ်တို့သည်ပစ္စုပ္ပန်အတွက် ထောက်ပံ့၍ ပစ္စုပ္ပန်မှ သူ၏လုပ်ရပ်တို့သည် အနာဂတ်ကို လွှမ်းမိုး၏။ လူတို့၏ ပျော်ရွှင်မှု၊ မပျော်ရွှင်မှု (သို့) ကောင်းကျိုး၊ ဆိုးကျိုးများသည် စိတ်မတည်ငြိမ်သော နတ်ဆိုး၏ဖမ်းစားမှုကြောင့် ပေါ်လာရသည် မဟုတ်ချေ' ဟူသော စကားရပ်ရှိ၏။ ဗုဒ္ဓဘာသာဝင်ပီပီ မိမိ၏ ချမ်းသာ၊ ဆင်းရဲမှုသည်လည်း မိမိ၏ အတိတ်အကြောင်းတွေဟု ယုံကြည်ထားသည်။ ပင်လယ်ပြင်ကျယ်မှ တံပိုးပေါက်စွပ်ဖို့အရေးက လွယ်ချင်လွယ်မည်။ မနုဿတ္တဘာဝ ဒုလ္လဘ လူ့ဘဝသည် ရခဲလှဘိခြင်း။ ထို့ပြင် ကောင်းကင်မှပစ်ချသောအပ်နှင့် မြေပြင်ကအပ် ဥပမာဖြင့်လည်း ဥပမာဥပမေယျလည်း ခိုင်းနှိုင်းပြောကြသေးသည်။

ထိုသို့သော ခဲရာခဲဆစ်လူ့လောကသို့ ရောက်ရှိလာစဉ်ကလည်း သောကပရိဒေဝနိမိတ်ဆောင်လျက် ငိုကြွေးမြည်တမ်းကာ အမိဝမ်းမှကျွတ်လာသည့်နည်းတူ ဘဝနိဂုံး အဆုံးသတ်တော့လည်း သမုဒယနွယ်ဖွား သား၊ သမီး၊ ဇနီးမယား ငိုကြွေးမြည်တမ်းသံဖုံးကာ လူ့ဘဝမှ ထွက်ခွာသွားဖို့ရှိသည်။ ဤသို့သော လူ့ဘဝ၏ နိယာမ သံသရာစက်ဝန်းမှ ရဟတ်ခြားလို့ ခရီးသွားသူတစ်ဦးပမာ အတန်အသင့်သို့ ခရီးဆိုက်ရောက်လေမှ နောက်သို့ လှမ်းမျှော်ကြည့်လျှင်ပင် မိမိလှမ်းလျှောက်ခြေချခဲ့သော လမ်းတာကို မြင်နိုင်စွမ်းရှိသမျှ စိတ်မျက်စိတစ်ဆုံး ကြည့်လျက် ပင့်သက်မချနေမိတတ်ကြသည်။

'လူ့ဘဝကြီးက ဘာမှမကြာလိုက်ပါလား' ဟူ၍ သံဝေဂသံဖြင့် ရေရွတ်



www.burmeseclassic.com

www.burmeseclassic.com

ညည်းတွားတတ်ကြသည်။ ခြင်၊ ယင်၊ လေး၊ မွှားတို့၏ သက်တမ်းကို ထောက်ရှု၍ မိမိတို့၏ လူ့ဘဝသည် ရှည်လျားကြာမြင့်လှသည်ဟု ဘဝင်လေဟပ်နေချိန်များရှိခဲ့သကဲ့သို့ တာဝတိံသာနတ်သက်တစ်ရက်၊ လူ့ဘဝ နှစ် (၁၀၀) ဆိုလာလေသောအခါ ရေတစ်ပွက်မျှသော မိမိ၏ လူ့ဘဝသက်တမ်းကို အထိတ်အလန့်ဖြစ်ရပြန်သည်။

လက်ရှိ မိမိ၏ သက်ရောက်နှစ်သည် (၆၀) ကျော်လေပြီ။ (၆၀) ကျော်ဆိုသဖြင့် လူ့ဘဝ၏ နောက်ဆုံးမိုင်တိုင်အပိုင်း တတိယအရွယ်ဟုဆိုရမည် ဖြစ်သည်။ ဤသို့သော တတိယမှတ်တိုင်သို့ ခြေချမိလေမှ ကျော်လွန်ဖြတ်သန်းခဲ့သောမှတ်တိုင်များ ငဲ့စောင်းကြည့်ကာ လက်ရှိတာဝန်မဲ့ အငြိမ်းစား အချိန်များ အသုံးချချင်လာသည်။ ကျန်ရှိသောနာရီလက်တံများ အကျိုးမဲ့ဖြစ်မသွားစေလိုသောဆန္ဒလည်းပါသည်။

ဇရာ၏ ကြီးစိုးမင်းမူလာမှုကို ဥပက္ခာပြု၍မရတော့။ မမြင်ရအောင် ဖုံးဖိကွယ်ပထားသော ကိလေသာအနုသယများက ရုပ်ခန္ဓာယိုယွင်းလာမှုကို စွမ်းစွမ်းတမံ ပြုပြင်ဖာထေးကာ အန်တုဖက်ပြိုင်သည်။ ခါချဉ်ကောင်မာန်ကြီးချင်နေသည်။ တောင်ကြီးဖြိုချင်နေသည်။ အချည်းနှီးသာတည်း။ နေထွက်နေဝင် သူအသွင်သူဆောင် မိမိနှင့်ယောင်လို့တောင် မပတ်သက်ဟု ယူဆနေသော အတိတ်ကာလများ ဖြစ်သည်။

လွန်ခဲ့သော နှစ် (၃၀) ကျော် ဝန်းကျင် ရက်၊ လ၊ ခုနှစ် အတိအကျ ပြော၍ရပါသည်။ ၁၉၆၄ ခုနှစ်။ အမှန်တော့ ပြောလိုစိတ်မရှိ။ ပြီးသောကာလသည် ကျန်ခဲ့ပြီ ဖြစ်သည်။ ချေးခြောက်ရေနူးမနေချင်ပါ။ အဖြစ်အပျက်အပြောင်းအလဲများက တိုက်ဆိုင်သည်ဆိုရမည်လား မပြောတတ်။ ဥပါဒါန်ဟု ဆိုဆို ဖြစ်ခဲ့သည်မှာတော့ မှန်သောသစ္စာပင်။

❑

မိမိနှင့် လက်နက်မည်သောလူကို သေစေတတ်သည့်အရာသည် စင်စစ်စတင်စစ်မှုထမ်းဘဝခြေချစဉ် နီဒါန်းပျိုးခဲ့သည်။ ကနဦး အစိမ်းသက်သက်မှ ကြုံဆုံခဲ့စဉ်တွင် အမှန်အတိုင်း ဝန်ခံရသော် တုန်လှုပ်ချောက်ချားလောက်အောင် ခံစားမှုဝိရနည်းပါးခဲ့သည်။

ဒေသက ရှမ်းပြည်နယ်တောင်ပိုင်း၊ မြို့က အောင်ပန်းမြို့။ ၁၉၆၄ နှစ်ဦးပိုင်း။ မှတ်မှတ်ရရပင် ယခုတိုင် ပြန်လည်မြင်ယောင်နိုင်သေးသည်။ 'သေနတ်ဆိုတာ ဒါပါလား' ဆို၍ စတင်သိရှိခဲ့ရခြင်း ဖြစ်သည်။ ကျောင်းစိမ်းလုံချည်ချွတ်၍ စစ်စိမ်းဝတ်ဆင်ကာ တူညီဝတ်စုံကို ဂုဏ်ယူဝင့်ကြွားစွာ ပြောင်းလဲဝတ်ဆင်မိခါစပင် ဖြစ်သည်။ လူငယ်လူရွယ် တပ်သားသစ်များ အင်အား (၃၆၀) ခန့်၊ တပ်စုအားဖြင့် (၆)စုသည် ညီညာကျယ်ပြန့်သော မြက်ရိုင်းတောတွင် အစီအစဉ်တကျနေရာယူ စစ်ပုံစံတကျထိုင်လျက်ရှိသည်။

မိမိတို့လာရာလမ်းနောက်ကျောဘက်တွင် မြေပြန့်မြက်ရိုင်းလွင်ပြင်ဖြစ်သော်လည်း ရှေ့ရှိ မျက်နှာမူရာတွင် တောင်နံရံမတ်စောက်ရှိ၏။ ဝဲ၊ ယာတွင်လည်း မျက်နှာစာရှိ တောင်မြင့်၏ တောင်လက်မောင်းများ မြင့်ရာမှ နိမ့်လျောကာ မိမိတို့တန်းစီထိုင်လျက် နေရာယူထားရာ ကွင်းပြင်၊ ကွက်လပ်ကို ကာရံပေးထားသည်။ (ဤသည်မှာ စက်ပစ်ကွင်းတစ်ခု၏ လုံခြုံမှုလိုအပ်သော အနေအထားဖြစ်ကြောင်း နောက်မှသိရသည်။)

တပ်သားသစ်များရှေ့တွင် နည်းပြဆရာများရှိကြပြီး မိမိတို့ မျက်နှာမူရာ ဝဲ၊ ယာတောင်လက်မောင်း၏ အဆုံး၊ ရှေ့တောင်ခြေတွင် ပစ်မှတ်များ၊တိုင်ငုတ်များအနက်မှ တိုင်ခြေတစ်ခုတွင် လေးထောင့်သွတ်ပုံးတစ်လုံးတွေ့နေရသည်။ မိမိတို့တပ်ဖွဲ့မှ အကွာအဝေး ကိုက် (၂၀၀) ဟု ထင်ပါသည်။ (မမှတ်မိတော့ပါ၊ လက်နက်ငယ်တစ်ကမ်းဖြစ်သည်။)

နည်းပြများထဲမှ ဦးဆောင်အရာခံဗိုလ်တစ်ဦးက မိမိတို့ကို လက်နက်ငယ်၏ ထိရောက်မှုစွမ်းရည်များကို လက်ချာပေးနေပါသည်။ အတော်ကြာကြာပြောဆိုပြီးမှ နည်းပြတပ်ကြပ်ကြီးတစ်ဦးက မိမိတို့ တန်းစီထိုင်နေကြသော တပ်သားသစ်များရှေ့၊ မြေကွက်လပ်တွင် စနစ်တကျ မှောက်လျက်အနေအထားဖြင့် ပစ်ခတ်ပြခြင်း ဖြစ်သည်။ အမေရိကန်ရိုင်ဖယ် (၁၉၆၄ ခုနှစ်ကဖြစ်၍ ရိုင်ဖယ်၊ ဘရင်းဂန်း၊ စတင်းဂန်းများသာ သုံးစွဲနေဆဲကာလ ဖြစ်သည်။ ရိုင်ဖယ်မှာပင် အမေရိကန်ရိုင်ဖယ် (ပြောင်းရှည်) နှင့် အင်္ဂလိပ်ရိုင်ဖယ် (ပြောင်းတို) ဟူ၍ ရှိသေးသည်။)ကို ကျည်အိမ်တွင်းမှ ကျည်တစ်တောင့် ပြောင်းရင်းသို့ အသီးထွက်အောင် ခပ်ပြင်းပြင်းမောင်းတင်ထိုးသွင်းလိုက်ပါသည်။

တပ်သားသစ် (၃၆၀) ကျော်မှာ တိတ်ဆိတ်ငြိမ်သက်စွာ သည်းထိတ်ရင်... လျက် စောင့်ကြည့်နေကြသည်။ ပစ်ခတ်... ပြမည့်နည်းပြမှာ မှောက်လျက်အနေ... အထားဖြင့် ဘယ်လက်ဖဝါးပေါ် အပြား... လိုက်လှဲချထားသောသေနတ်ကို မ,တင်... ကာ သေနတ်ဒင်နှင့် ညာပခုံးသား... ကပ် ဆွဲယူလျက် ဒင်သေးကို ပါးပြင်နှင့်... မေးကပ်လိုက်သည်။ နောင်တွင် ပစ်ခတ်... စဉ်လှုပ်ရှားမှုအရ ချိန်နည်းလက်... သည်ကို ဆိုပေးရသည်။

'ဘယ်ဘက်မျက်စိကိုမှိတ် (နောင်... တွင် ဘယ်သန်သမားရှိ၍ မလိုသော... မျက်စိမှိတ်ဟု ပြောင်းသည်) နောင် ... ပေါက်မှ ရှေ့ပစ်မှတ်ကိုကြည့်၊ ချိန်သီး... နေရာမှန်တွင်ထား၍ နောက်ချိန်ပေါက်... ၏ အလယ်ဗဟိုသို့ ဆွဲယူချိန်ပါ' ဟူ၍... ဖြစ်သည်။

ယင်းသို့ဖြင့် နည်းပြသည် ... လိုက်၊ အသက်ရှူလိုက်၊ နားလိုက်... နှစ်ခါ၊ သုံးခါလုပ်သည်။ ပြီးမှ ... မောင်း၊ ဒုတိယမောင်းအပြီးတွင် ... ညင်းစွာ ခလုတ်ကို ဆွဲလိုက်ပါ... သည်။ စာသင်သားဘဝမှ စစ်မှုထမ်း... ဘဝသို့ရောက်ရှိခါစ သေနတ်သံ... သည်ကို ကနဦး နဖူးတွေ့၊ ဒူးတွေ့ရင်... ကြုံလိုက်ရသဖြင့် စိတ်လှုပ်ရှားမှုအထွတ်... အထိပ်သို့ရောက်ရှိသွားတော့သည်။

ဝန်းကျင်တောင်နံရံမှပဲ့တင်သံ... လည်း မြှောက်ထိုးပင့်ကော်လုပ်သည်... ရင်တွင်းနှလုံးများ တဆတ်ဆတ်တုန်... သွားသည်။ ပစ်မှတ်သံဖြူပုံးသည်လည်း... ရေအပြည့်ထည့်ထားသဖြင့် ပွင့်ကွဲလွင့်... စဉ်သွားသည်။ မိမိနှင့် သေနတ်... သေနတ်နှင့် မိမိသည် ကနဦးဆုံသော... စတင်ထိတွေ့မှုဖြစ်ပေရာ လူအင်အား... (၃၆၀) ကျော်မျှ စီတန်းထိုင်နေသော... အနေအထား လူအများအပြားကြား... ပင် အတွေ့အကြုံနုနယ်လွန်းသော... ဆယ်ကျော်သက် မိမိသည် ရှုံးသား... ဝန်ခံရသော် အဆိုပါ တစ်ချက်တည်း... သောသေနတ်သံကြောင့် ရင်တုန်... မက လက်ဖျားများပင် တုန်ယင်လှုပ်... သွားပါသည်။ သေနတ်ဆိုတာ ကြောက်... စရာ၊ ဒီလိုပါလားဟူ၍လည်း မှတ်ယူ... သည်။

သို့ဖြင့် နောက်ပိုင်းတွင် ကိုင်တွယ်... ရန်ပင် လက်တွန့်ချင်ချင်ဖြစ်နေသော... တို့ကို လိမ္မာယဉ်ပါးလာစေရန် နည်း... များက တစ်ဆင့်ဆင့်လေ့ကျင့်ပေး...



www.burmeseclassic.com

သည်။ အထက်က ဖော်ပြထားသော အင်္ဂလိပ်ရိုင်ဖယ်သေနတ်အတိုင်း ပြောင်းအေပ ဘာမှကွဲလွဲမှုမရှိသော ပွိုင့်တူးတူး ကျည်သုံးပစ်ရသော ရိုင်ဖယ်နှင့် ပစ်ရသည်။ အလေးချိန်၊ အရွယ်အစား၊ သဏ္ဌာန်ကွဲပြားမှု မရှိသော်လည်း ပွိုင့်တူးတူးမည်သော ကျည်တောင့်အသေးအလေးနှင့် ထည့်ပစ်နိုင်ရန် ပြောင်းကိုတော့ ကျဉ်းရပါမည်။

စက်ပစ်ကွင်းတွင် နည်းပြပစ်ခတ်ပြစဉ်က ကျည်တောင့်ပေါက်ကွဲကာ ပြောင်းဝမှ တွန်းကန်ထွက်သွားသည့်အားက သေနတ်တစ်လက်လုံးကို နောက်သို့ ဆောင့်တွန်းသည်။ ဤသည်ကို သေနတ်ပြောင်း ဘယ်၊ညာယိမ်းယိုင်လှုပ်ရှားမသွားစေရန် လက်နှစ်ဖက်ဖြင့် မြဲမြဲချုပ်ကိုင်ထားသကဲ့သို့ သေနတ်ဒင်၏ နောက်သို့ ကန်အားကို ညာပခုံးသားဖြင့် အားပြိုင်ဆွဲကပ်ထားရသည်။ ဤအနေအထားကိုသိသဖြင့်လည်း အတွေ့အကြုံမရှိသေးသော တပ်သားသစ်များအတွက် တွန်းကန်လှုပ်ရှားမှုမရှိသလောက် နည်းပါးသော ပွိုင့်တူးတူးကျည်ဖြင့် ယဉ်ပါးစေခြင်း ဖြစ်သည်။

သို့ဖြင့် နောက်ပိုင်းတွင် အတွေ့အကြုံနှင့် လေ့ကျင့်ပျိုးထောင်လာပေးမှုကြောင့် မိမိသည် သေနတ်ကို ကောင်းစွာအသုံးချတတ်လာသည်။ သေနတ်ကို ချစ်တတ်လာသည်။ 'စစ်မြေပြင်မှာ မင်းကို မင်းမိန်းမက၊ မင်းသူငယ်ချင်းက၊ မင်းအဖေ၊ အမေက လာကယ်မှာ မဟုတ်ဘူး။ မင်းလက်ထဲက သေနတ်ကပဲ မင်းကိုကယ်မှာ' ဆိုသော ပျစ်ပျစ်နှစ်နှစ်ဆိုတတ်သော ဆရာ့ဆရာကြီးများ၏ဩဝါဒကိုလည်း ကျေနပ်နှစ်သက်လာသည်။ ရန်သူနှင့် နှစ်ကိုယ်ရင်ဆိုင်ရချိန်တွင် ကိုယ်လက်ထဲက သေနတ် 'ဂျမ်း'ဖြစ်၍ ရန်သူက လက်ဦးသဖြင့် ဘဝဆုံးရသူ မျက်ဝါးထင်ထင် ကြုံဖူးပြီ ဖြစ်သည်။

သေနတ်ကို အစဉ်သန့်ရှင်းပြောင်လက်စေကာ ညအိပ်ရာဝင်လျှင် ဇနီးမယားနှယ် အိပ်ရာဘေးထား အိပ်စက်တတ်လာသည်။ ယင်းအကျင့်သည် တပ်မတော်သားဘဝတစ်လျှောက်လုံး ဖြစ်တော့သည်။

❏

ထိုသို့ သေနတ်နှင့် မိတ်ရင်းဖြစ်နေခဲ့ရာက သေနတ်ပစ်ဝါသနာရရှိလာသည်။ ရှေ့တန်းမှနေ၍ နောက်တန်းပြန်နားနေစဉ် မွမ်းမံသင်တန်းများ၊ ပြိုင်ပွဲများတွင် သေနတ်ပစ်ထူးချွန်ဆုများပင် ရရှိလိုက်သေးသည်။ မိမိမှာ ချင်းရဲဘော်များကဲ့သို့ အမဲပစ်၊ တောလိုက်တော့ဝါသနာမပါခဲ့ပါ။ သို့သော်လည်း တောလည်တော့ ဝါသနာပါသည်။ မိမိပြောလိုသော 'တောလည်' ဆိုသည်မှာ သေနတ်တစ်လက်ဖြင့် လျှိုမြောင်တောတောင်များသို့ တစ်ကိုယ်တည်း လှည့်လည်ကာ အကောင်ငယ်များဖြစ်သော ချိုး၊ ခါ၊ ရစ်၊ တောကြက်ပစ်ရလေ့ရှိသည်။ အထူးသဖြင့် တောကြက်ပစ်လေ့ရှိပါသည်။ (တောကြက်သည်လည်း အလွန်လျင်မြန်ပါးနပ်၍ ခက်ခက်ခဲခဲပစ်ရလေ့ရှိသည်။)

သားကောင်ကြီးများတော့ပစ်လေ့မရှိပါ။ တောကြက်မှာလည်း လိမ္မာပါးနပ်လွန်းပါသည်။ မိမိမှာ ယှဉ်ပြိုင်ဉာဏ်ကစားရသဖြင့်လည်း ပျော်ပါသည်။ တောတွင်းဝင်လျှင် တွေ့တတ်သော်လည်း ပိုင်ပိုင်ပစ်ရခဲပါသည်။ တကယ့်မုဆိုးများမှာ ချေ (ဂျီ)၊ တောဝက်၊ ဆတ်၊ မျောက် စသည် ပစ်ကြလေ့ရှိသည်။ ဆိုသည့်အတိုင်း မိမိပစ်ခတ်ဖူးသော ငှက်များတွင် ထူးထူးခြားခြား 'ဒေါင်း' ပစ်ခဲ့ဖူးသည်ကို မှတ်မှတ်ရရရှိနေခဲ့ပါသည်။ အမှန်မှာ မုဆိုးများ 'ဒေါင်းငှက်' ကို ပစ်လေ့မရှိကြောင်း ကြားဖူးသော်လည်း အလေးဂရုမထား သတိလက်လွှတ်ပစ်မိခြင်းသာ ဖြစ်သည်။

ထိုစဉ်က ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူ၊ ဘော်တွင်း၊ အနောက်ခြမ်းရှိ မန်တုံမြို့တို့တွင် တာဝန်ကျစဉ်က ဖြစ်သည်။ မန်တုံမြို့သည် ပလောင်တိုင်းရင်းသားအများစု နေထိုင်သော မြို့ငယ်ဖြစ်သည်။ နမ္မတူအနောက်ဘက်ခြမ်းမှနေ၍ ဘော်တွင်းအလုပ်သမားမြို့၏ မြောက်ပိုင်းအစွန်ဖျားမှ ကျော်လွန်



ဖြတ်သန်းသော ကားလမ်းဖြင့် ဆက်သွယ်ထားသည်။ ကားလမ်းမှာ နမ္မတူ-ဘော်တွင်းကြားသာ ကောင်းမွန်၍ ဘော်တွင်း-မန်တုံကြား မြေသားလမ်းဖြစ်သည်။ မိုးတွင်းကာလများတွင် ကားများတာယာကို သံကြိုးပတ်၍ ခက်ခက်ခဲခဲ မောင်းနှင်ရသည်။

မန်တုံမြို့လေးသည် လျှိုတွင်းရေချောင်းစပ်သာ လူနေစိပ်ပြီး အရှေ့ခြမ်း၊ အနောက်ခြမ်းတို့တွင် တောင်ကုန်းများရှိသည်။ ထိုတောင်ကုန်းများပေါ်တွင် လက်ဖက်စိုက်ခင်းများရှိသည်။ မြို့သို့အဝင် အရှေ့ခြမ်းကုန်းမြင့်တွင်စာသင်ကျောင်း၊ အနောက်ဘက်ခြမ်းပိုမိုသောကုန်းထက်တွင် တပ်စခန်းစွဲထားသည်။ မိမိတို့ရှိစဉ်က တပ်ခွဲတစ်ခွဲနေရာယူထားသည်။ တောင်ခြေချောင်းစပ် မြို့တွင်းသို့ဦးတည် လူသွားလမ်းနံဘေးတွင် ကုန်းမြင့်၌ တပ်ခွဲရုံးစိုက်သည်။

တောင်ကြောမှာ တောင်၊မြောက်အလျားလိုက်ရှိနေပေရာ ယင်းသို့ မြို့အနောက်ခြမ်းမှနေ၍ မြို့တွင်းသို့ဝင်လာလိုသူများအတွက် မြို့ဝင်ဝတွင်ရှိသော တပ်ခွဲရုံးသို့မရောက်မီ တောင်ကုန်းတစ်ခုကို ဖြတ်ရပါမည်။ အဆိုပါကုန်းတွင် မိမိတပ်စုကို ရှေ့ပြေးကာကင်းအဖြစ် တပ်စိတ်နှစ်စိတ်ထားသည်။

တစ်နေ့တွင် ပျင်းပျင်းရှိသည်နှင့် မိမိအခြေပြုစခန်းဝန်းကျင် ကျည်တစ်ကမ်းလှည့်လည်လေ့လာပါသည်။ တောလည်သည့်သဘောလည်း ဖြစ်သည်။ ကာဘိုင်ကို ကျည် (၁၅) တောင့်ဆံ့ကျည်ဘောက်တစ်ဘောက်သာ သေနတ်တွင်တပ်ကာ ယူလာခဲ့သည်။ မိမိတို့စခန်းနှင့် ကိုက်တစ်ထောင်ဝန်းကျင်ခန့်သာရှိမည့် ရှေ့ဆင်ခြေလျှောတောသို့ ထွက်လာသည်။ စခန်းမှ မျှော်ကြည့်လျှင် ဂငယ်ကွေ့သဏ္ဌာန်ဆင်ခြေလျှောကွန်တိုလိုင်း လူသွားလမ်းရှိသည်။ ထိုမြေနီလမ်းအတိုင်း အောက်ခြမ်းတွင် လက်ဖက်တောဖြစ်သည်။

မိမိသည် တောင်ပတ်လမ်းတစ်လျှောက် လက်ဖက်ပင်များအထက်မှ တော့တောင်သဘာဝကို ငေးမောရင်းလျှောက်လာသည်။ လက်ဖက်စိုက်ခင်းအဆုံးနားအရောက်မှာ ရှေ့ရှိ ကိုက် (၁၀၀) ခန့်အဝေးတွင် လူသွားလမ်းဘယ်မှ ညာသို့ ကန့်လန့်ဖြတ်ပေးသွားသောဖြူညိုရောစွက်ရစ်ငှက်တစ်ကောင်ကို ရိပ်ခနဲတွေ့လိုက်သည်။ တောကြက်များကဲ့သို့ လှစ်လှစ်နေအောင်မြန်သည်

www.burmeseclassic.com

ဖြစ်ရာ ပစ်ရနိုင်ချေမရှိ။ ရစ်ငှက်မှန်း သိလိုက်ရုံသာဖြစ်သည်။ တောကြက်ဖ အရွယ်အစားရှိသော်လည်း အနီရောင် မဟုတ်ဘဲ ငွေရောင်၊ အဝါ၊ အညိုရောင် ယှက်နေသဖြင့်သာ ရစ်ငှက်ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

သို့သော်လည်း မျှော်လင့်ချက်ဖြင့် ကာဘိုင်ကို မောင်းတင်လိုက်ကာ လုံခြုံရေးခလုတ်ကို အသာပိတ်ထားလိုက်သည်။ ရစ်ငှက်ဦးတည်ပြေးလွှားရာ တော၏ အောက်အစပ်သို့ ပန်းဝင်လိုက်သည်။ နိမ့်ဆင်းသွားသော တောထူထူ အောက်ခြေလျှိုသို့ ခြေသံလုံစွာ တိုးဝင်သည်။ တစ်စတစ်စဖြင့် တိုးမရအောင် တောက ပိတ်ဆီးလာသည်။ ညာဘက် အောက်ခြေတွင် မြက်ခင်းပါးပါး တောကြက်များ အစာကောက်ကွက်လပ်ရှိသည်။ ထိုကွက်လပ်မှ ဘယ်ဘက်တောထူရာသို့ တိုးဝင်ခဲ့ခြင်းပင်။

တောစပ်တွင် အသာအယာထိုင်၍ စူးစမ်းသော်လည်း ထူးဟန်မတူ၍ ရစ်ငှက်ဦးတည်သွားရာ မျက်နှာချင်းဆိုင်မှ တောတိုးခြင်း ဖြစ်သည်။ သို့ဖြင့် တိုးရင်းတိုးရင်းဖြင့် တောကပိုမိုပိတ်လာသည်။ ရှေ့တွင်လည်း တောင်ပံလှုပ်ခတ်သံလိုလိုသဲ့သဲ့မျှကြားမိသည်နှင့် စိတ်အားတက်ကာ ဆက်တိုးသည်။ နောက်ဆုံး လေးဖက်ထောက်၊ မိကျောင်းတွားသွားရသည်။ အသံလုံခြုံစေရန် မိမိချမည့်တံတောင်၊ လက်နေရာများကို သစ်ရွက်ခြောက်၊ သစ်ကိုင်းခြောက် အသာအယာဖယ်ရှားရသည်။ ပြီးလျှင် မျက်လုံးက ချုံအောက်၊ သစ်ကိုင်းပေါ်၊ နွယ်ပေါ်၊ သစ်ကိုင်းသစ်ခက်ကြား နှံ့နှံ့စပ်စပ်လှုပ်ရှားမှုကိုရှာသည်။

တောစတိုးသည်မှ အတော်လေးကြာချိန် ခန့်မှန်းတောအလယ်သို့ရောက်လာသည်။ ထိုစဉ်မှာ သစ်တစ်ပင်ပေါ်မှ နွယ်တန်းတစ်ခုလှုပ်ခါသွားကာ မည်းမည်းအရိပ်တစ်ခု ရှောခနဲ အနိမ့်မြေပြန့်ဘက်သို့ လေဟုန်စီးဆင်းသွားသည်ကို တွေ့လိုက်ရ၏။ မိမိကမမြင်ဘဲ သူက အမြင်ဦးသွား၍ ထပျံသွားခြင်း ဖြစ်သည်။

သို့ဖြင့် စိတ်ပျက်မိကာ လာရာလမ်းအတိုင်း မြေပြန့်မြက်ခင်းရှိရာသို့ နောက်ကြောင်းပြန်ဆင်းလာခဲ့လိုက်သည်။ မိမိတောလယ်မြက်ခင်းသို့ မရောက်မီမှာပင် တောင်ပံခတ်သံပြင်းပြင်းကြောင့် ကောင်းကင်သို့ မော့ကြည့်လိုက်ရာ တောင်ခါးလယ်ခန့်ရှိ လက်ဖက်ခင်းစပ်သို့ ဝဲဆင်းသွားသည်ကိုမြင်လိုက်ရသည်။ ညနေစောင်း အိပ်တန်းတက်ချိန်နီးလာ၍ အဝေးသို့မပြန်တော့ဘဲ အနီးအနားမှာပင် ရစ်ဝဲနေဟန်တူပါသည်။ မိမိသည် ပြန်လည်အားတက်သွားကာ မြေပြန့်မြက်ခင်းစပ်မှ ဒေါင်းငှက်ဆင်းသွားသော လက်ဖက်ခင်းစပ်သို့ ချုံအောက်မှ ပြန်လည်ငုပ်လျှိုးတိုးဝင်လိုက်သည်။(၁၅)ပေ၊ ပေ (၂၀) ခန့်သာ တိုးလိုက်ရသည်။

မိမိမှာ အနိမ့်ပိုင်း၊ မျက်ကွယ်မှ ချဉ်းကပ်ခြင်းဖြစ်ရာ ဒေါင်းဖိုကြီးမှာ အလစ်အငိုက်မိသွားသည်။ မိမိချဉ်းကပ်ရာလမ်းသည် မြေနိမ့်၊ ချုံကြား၊ သစ်ရွက်ကြား ဖြစ်သည်။ မိမိကသာ လက်ဖက်ပင်ပေါင်းရှင်းထားသဖြင့် မြက်ခင်းပါးပါးပေါ်မှ ဒေါင်းဖိုကို အတိုင်းသား မြင်ရခြင်း ဖြစ်သည်။ မိမိခေါင်းဖော်ကြည့်ရာနေရာမှ ဒေါင်းဖိုရှိရာနေရာသည် ကိုက်(၅၀)ပင်မရှိတတ်။ ပစ်ကွင်းက အရှင်းကြီးပင်။

မြင်ကွင်းမှာ မြက်ခင်းစိမ်းစိမ်းပေါ်လည်တံနွဲ့နွဲ့ လှုပ်လီလှုပ်လဲ့ညင်သာစွာ လျှောက်လှမ်းဟန်သည်။ တစ်ခဏတော့ မိန်းမောစရာဖြစ်နေသည်။ ဒေါင်းဖိုသည် မိမိရှိရာသို့ စူးစမ်းလိုဟန်အကြည့်ဖြင့်ကြည့်ကာ ဘယ်၊ ညာခြေလှမ်းကာ လျှောက်လှမ်းလာနေသည်။ လက်တစ်လုံးမျှသော ကာဘိုင်ပြောင်းသာပေါ် စေ့လျက် တိကျသော ကျည်သွားလမ်းကို ရွေးပါသည်။ ဤမျှသော အကွာအဝေးသည် လွဲမှားဖွယ်ရာ အကြောင်း မရှိပါ။ ကိုက် (၁၀၀) ဝေးသော ချိုးငှက်ကိုပင် ပစ်နေကျဖြစ်၍ ကိုယ့်လက်ကိုစိတ်ချပြီးဖြစ်သည်။ ချိုးငှက်ငယ်ရင်ပုံသည် ကိုက် (၁၀၀) အကွာအဝေးတွင် ကာဘိုင်သေနတ်နှင့်ချိန်ကြည့်ပါက ရှေ့ချိန်သီး ပြားခန့်သာ ရှိသည်။ ယခု ဒေါင်းဖို၏ ရင်ပုံသည် တစ်ထွာခန့်အပြန့်ကျယ်ပေရာ ရှေ့ချိန်သီးထက်ပင် လေးဆ၊ ငါးဆခန့်ပင်ရှိသည်။ ဤမျှအကွာအဝေး၊ ဤမျှအရွယ်အစားပစ်မှတ်သည် စိတ်ကြိုက်ကျည်သွားလမ်းကိုရွေးနိုင်ပါသည်။

သို့ဖြင့် ဒေါင်းဖို၏ သွယ်တန်းသော လည်တိုင်အောက်၊ ကြီးမားကျယ်ပြန့်သောရင်ပုံ၏ အလယ်ဗဟိုသို့ ရှေ့ချိန်သီးကို ကျောက်ချရပ်တန့်စေကာ နောက်ချိန်ပေါက်၏အလယ်တွင် မျဉ်းဖြောင့်ထားလျက် မောင်းခလုတ်ကို ညင်သာစွာ ဆွဲချလိုက်သည်။ ကာဘိုင်သေနတ်သည် အခြားသော ရိုင်ဖယ် (ဂျီ-၃) ကဲ့သို့ ပြင်းထန်သော ပေါက်ကွဲအားမရှိ သေနတ်ကို အနည်းငယ်သာ လှုပ်ရှားစေပါသည်။

ရင်ပုံအားဖောက်ထွင်းသွားသော ကျည်ဖူး၏ တွန်းကန်အားကြောင့် ဒေါင်းဖိုခမျာ အံ့အားသင့်သွားဟန်တူပါသည်။ အနည်းငယ်ကြာမှ ခြေခေါက်ကာ ဖင်ထိုင်ကျသွားသည်။ ခေါင်းလည်တံရှည်က လဲမသွား။ မိမိကိုစိမ်းစိမ်းကြီးကြည့်ကာ မှင်တက်နေသည့်ပမာရှိသည်။ ချုံထဲမှထလိုက်ကာမြက်ခင်းပေါ်သို့ မိမိတက်လျှောက်လာသည့်တိုင် ငြိမ်သက်ငေးမောလျက်ရှိသည်။ မိမိအနားသို့ရောက်ရှိပြီး ဦးခေါင်းကို . သေနတ်ပြောင်းဖြင့် အသာအယာ တို့လှဲ့လိုက်ပါမှ ဖြည်းညင်းစွာ လဲပြိုကျသွားသည်။ မည်သို့သောအကြောင်းတော့မသိ။ မိမိမှာ သားငှက်တစ်ကောင် ပစ်ခတ်ရရှိခြင်းအတွက် အားရဝမ်းသာမရှိ။ 'ငါမှားလေခြင်း' ဟူသော အတွေးနှောင်တဖြင့် စိတ်မချမ်းမြေ့တော့ပါ။ မိမိအသက်အားသတ်ရက်လေခြင်းဆိုတာ သားသတ်သမားကို နှောင်ဘဝသို့တိုင် မှတ်မိရလေအောင် စူးစူးစိုက်စိုက်ကြည့်လျှင် ဝိညာဉ်ချုပ်ငြိမ်းခဲ့လေသလား တွေးထင်နေမိသည်။

ဒေါင်းသေကို စိတ်မပါလက်မပါဖြင့် တောင်ပံဖျားမှဆွဲကာ စခန်းသို့ ပြန်လာသည်ကို အဝေးမှ လှမ်းမြင်လိုက်ရ၍ မိမိရဲဘော်များ အော်ဟစ်ပျော်နေကြသော်လည်း မိမိမှာ မပျော်နိုင်ပါ။ ကြီးမားသော အမှားတစ်ခုကို ကျူးလွန်မိသူပမာ သောကနှလုံးဖြင့် ကြေကြေကွဲကွဲ ခံစားရလျက်ရှိသည်။

မြန်မာတို့ အယူအဆအရ မုဆိုးများ ဒေါင်းငှက်ကို ပစ်လေ့ပစ်ထမရှိ။ ဒေါင်းပစ်ခတ်သောသူသည် သားတကွဲမယားတကွဲ၊ မိသားစုတကွဲဖြစ်ရတတ်သည်ဟု ဆိုသည်။ မည်မျှ နက်နက်ရှိုင်းရှိုင်းရှိသည်တော့မသိ။ ထိုစဉ်က အမှန်အတိုင်းဝန်ခံရလျှင် အယုံအကြည်မရှိ၊ အမှန်ပင်။

ဒေါင်းငှက်သည် ကြက်၊ ဘဲတို့ထက်ကြီးသည်။ အချိန်စီးသည်။ သုံးပိဿာ၊ လေးပိဿာခန့်ရှိသည်။ ရှေ့တန်းတွင် ဟင်းစားဆင်းရဲကြသော ရဲဘော်များအဖို့ တောပစ်၍ရရှိသော ဟင်းလျာများသည်သာ မျှော်လင့်စရာရှိသည်။ မိမိမှာမူ ပျော်နေသော ရဲဘော်များလက်ထဲသို့ ဒေါင်းသေကိုအပ်လိုက်သော်လည်း စားလိုစိတ်မရှိ။ လက်ဖျား နှင့်ပင် မတို့မိပါ။ စားရခဲသောအသား ဖြစ်၍ အမွှေးနုတ်၊ ဖျက်ပြီး၊ ဒဲထဲ



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းပေါင်သားတစ်ချောင်းကိုပင် ထပ်ခွဲမှုထံသို့ ရဲဘော်များက မျက်နှာ သွပ်ပေးပို့လိုက်သေးသည်။

❏

မိမိတို့၏ အိမ်ထောင်ဘဝသည် အတွေ့အကောက်၊ အတက်အဆင်း ရှမ်းဗတာနိုင်လှသည်။ မယူကြမီက သည်း ဇနီးသည်၏မိဘများက လက်မခံ၍ နှစ်ဦးသဘောတူ ရုံးတက်လက်မှတ် ထိုးယူရသည်။ ယူပြီးတော့လည်း ကျောင်းဆရာမဖြစ်သော ဇနီးသည်က အလုပ်တာဝန်ကျရာ ကျေးရွာများတွင် သွားရောက်နေထိုင်ရသည်။ စစ်မှုထမ်း ဖြစ်သော မိမိသည်လည်း ရှေ့တန်း ခံဆင်ရေးတွင် အချိန်ပြည့်နီးပါးရောက် နေသည်။ (ထိုစဉ်က ရှမ်းပြည်နယ် မြောက်ပိုင်းသည် နယ်မြေလုံခြုံမှုနည်း ပါးသောကာလဖြစ်သည်။) တစ်နှစ်လုံး နေမှ ရုံဖန်ရံခါ နောက်တန်းပြန်နားချိန် တစ်လ၊ နှစ်လ၊ သုံးလရသည်။ ထိုအချိန် တွင်လည်း ဇနီးက နောက်တန်းတွင်မရှိ။ ထို့ကြောင့် ဇနီးသည် တာဝန်ကျရာ ကျေးရွာသို့ ရှောင်တခင် ခွင့် (၁၀) ရက် ယူသွားရပြန်သည်။

ဇနီးမယားနှစ်ဦးစလုံး အမှုထမ်း ဘဝသည် မောင်တစ်ရွာမယ်တစ်မြို့ ဖြစ်ရာ ရေရှည်တွင် မသာယာနိုင်။ မိမိ ဘဝသည်လည်း သားသမီးများသာ ထွန်းကားလာသည်။ မိသားစု၏နွေးထွေး မှုသများ မခံစားကြရ။ ဤသို့သောစိတ် ဖြင့် ရှားပါးလှသော၊ အတူတကွ နေထိုင် ရသောရက်များတွင် ဇနီးသည်ကို မိမိ တိုက်တွန်းဖူးပါသည်။

"သားတွေ၊ သမီးတွေ၊ မိဘတွေ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ဆိုတာ ထမင်းလက်ဆုံစားကြရတယ်ကွ။ မနက် စာက အလုပ်ချိန်နဲ့ မဖြစ်နိုင်ရင်တောင် ညနေစာကိုတော့ လက်ဆုံစားနိုင်ဖို့ ကြိုးစားသင့်တယ်"

ဇနီးဖြစ်သူက ကြီးကျယ်ရန်ကော ဆိုသော မျက်နှာပေးဖြင့် -

"မလိုပါဘူး၊ ဝမ်းချင်းဆုံထာမှတ် သို့ ကိုယ်ဆာရင် ကိုယ့်ဘာသာစားပေါ့"

ဟူပါ၏။

တစ်ခါ၊ နှစ်ခါ ကြိုးစားသေးသော် လည်း အကြောင်းမထူးသဖြင့် နောက် ထပ်မပြောတော့ပါ။ မှားပြီးရင်းမှားသော မိမိတို့၏ အမှားများသာတည်း။

ပူပြင်းသော နွေရာသီများ မည်မျှ ပူလောင်ပါစေ အချိန်ကာလ အပိုင်း



အခြားတော့ရှိမည်သာ ဖြစ်ပါသည်။ တစ်နေ့နေ့မှာ မိုးရာသီတော့ ကျရောက် လာမည်သာ ဖြစ်သည်။ ထိုသို့ ရင်တွင်း အပူများ ကင်းငွေ့စေသော ဘဝမိုးရေ စက်များကို မျှော်လင့်တကြီး စောင့်ရင်း ဖြင့် ဇရာ၏ ဝါးမျိုမှုကို မေ့လျော့နေခဲ့ သည်။

"ဒီတစ်ခေါက် အတော်ကြာသွား တယ်နော်"

"အေးကွာ၊ အလုပ်က ပိတ်ရက် မရှိဖြစ်နေတာ။ အရင် ရုံးလုပ်တုန်းက စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ဆို လာနိုင် သေးတယ်။ ခုသတင်းစာအလုပ်က ပိတ်ရက်မရှိလေ။ ဒါကြောင့်ပေါ့"

စစ်ဝန်ထမ်းဘဝမှ အနားယူကာ ဝါသနာပါရာ ကင်မရာ၊ ကလောင်ကိုင် ကာ ပြန်ကြားရေးဝန်ကြီးဌာနတွင် အလုပ်ဆက်သည်။ ဤသည်မှာလည်း မောင်တစ်ရွာမေတစ်မြို့ဇာတ်ကမသိမ်း။ သို့ဖြင့် တစ်စတစ်စ အနေဝေးသော ရက်၊ လ၊ နှစ်က ရှည်လျားလာသည်။ တစ်ဦးနှင့်တစ်ဦး အလှမ်းဝေးမှန်းမသိ ဝေးနေခဲ့ရာမှ -

"ဘာလာလုပ်တာလဲ"

ဟု ဇနီးသည်ဖြစ်သူထံမှ လေစိမ်း တိုက်ခတ်လာလေသောအခါ ကိုယ်ခြေ အစုံကို ကိုယ်ငုံ့ကြည့်သည်။ ဧည့်ဆန် သောခြေများပါတကား။ အိမ်ရှင်မဟုတ် တော့ပါ။သို့ဖြင့် ဘဝတစ်ဆစ်ချိုးရောက် ခဲ့ရတော့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင်။ အကုသိုလ်သည် အပေါင်းအဖော်နှင့် လာတတ်သည်ဖြစ်ရာ -

နိုင်ငံက မင်းကို အနားပေးလိုက် ပြီ။ မိန်းမနားမှာ အမြဲနေချင်သပဆို နေပေတော့။ သက်ပြည့်ပြီ။ လွတ်လွတ် လပ်လပ်နေပေတော့။ သွားလိုရာသွား နိုင်ပြီ"

ဟူသော သဘောဆောင်သော အမိန့်ပြန်တမ်းရရှိလာသောအခါသမယ မှာပင်တည်း။

ထိုသို့သော ကြမ္မာဆိုးများ၊ အစု အပြုံ၊ အပေါင်းအဖော်နှင့် လိုက်ဝင်လာ လေမှ အိပ်ရာမှ ပုတ်နိုးခံရသူပမာ အလန့်တကြားဖြင့် ကျော်လွန်ခဲ့သော ခရီးသွားမှတ်တိုင်များကို စူးစမ်းဖြစ် သည်။ လက်အပူမီးလောင်လေမှ နား ရွက်ကိုသတိရကောင်းမှန်းသိလာသည်။

မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေ၍ ကိုယ်ရေးကိုအလေးမထား နိုင်ကြ။ ကိုယ်စီကိုယ်ငအလုပ်လုပ်ကြရ သောဘဝမှာ သားသမီးများ လက်တွဲ လွတ်၍ မိအို၊ ဖအိုများ စလယ်ဝင်အိုး သုံးချိန်မရလိုက်။ မဆုံနိုင်သောမျဉ်းပြိုင် များအဖြစ်သို့ ဆိုက်ရောက်တော့သည်။ ကြမ္မာမုန်တိုင်းလေလား၊ ဝဋ်ကြွေးလေ လား။

မိမိသည် ဥပါဒါန်ကြောင့် ဥပဒ် ရောက်ဆိုသော ဝေါဟာရကို ကြိုက်နှစ် သက်သူတော့မဟုတ်။ ယုံကြည်စွဲလမ်း သည်လည်း မရှိရိုးအမှန်ပင်။ သို့သော် လည်း -

"ဘဝတစ်ခုမှာရလာတဲ့ မိသားစု လည်းမမြဲဘူး။ လူဖြစ်တော့လည်း ခန္ဓာ နဲ့ ဆပ်ကြရတယ်။ ဝစီအပြစ်၊ မနော အပြစ်တွေကို ပြောမိဆိုမိ၊ လုပ်မိမယ်ဆို ရင် ပြောလိုက်တဲ့စကားသံ လေထဲမှာ ပျောက်သွားကြပေမယ့် ကိုယ့်ဆီမှာကံ ကျန်တယ်။ အဲဒီ ကံမှန်သမျှကို ခန္ဓာနဲ့ ဆပ်ကြရမယ်။ ရဟန္တာမဖြစ်သမျှ ဆပ် ကြရတော့မယ်။ တစ်ခါတလေ တချို့ ယောကျ်ားက ရိုးရိုးသားသား လုပ်ကိုင် စားပါလျက်နဲ့ မိန်းမက ပွေရှုပ်ပြီး ဟို ယောကျ်ားနဲ့တွဲ၊ ဒီယောကျ်ားနဲ့တွဲ ဒါကို ယောကျ်ားဖြစ်သူ သိပေမယ့် မခွဲနိုင်ဘူး။ ဘေးကဝိုင်းပြောလည်း မကွဲမပြတ်နိုင် ဘူး။ ပေါင်းနေရတာပဲ။ ဒါဘာနဲ့ဆပ်နေ ကြရတာတုံး။ ခန္ဓာနဲ့ ဆပ်နေကြရ တာ။ အသွေးနဲ့အသားနဲ့ နောက်ဆုံး အရိုးကျ တဲ့အထိ ဘဝဝဋ်ကြွေး ပေးဆပ်နေကြ တာ။ နွားတွေလိုပေါ့"

ဟူသော တရားတော်သည် မိမိ ရင်တွင်းသို့ တစ်တောင့်ချင်း၊ တစ်တောင့် ချင်း တိုးဝင်မိမှန်လာသောကျည်ဖူးများ သာ ဖြစ်တော့သည်။

မှတ်ချက် - ဓမ္မကထိက၊ ကမ္မဋ္ဌာ နာစရိယဆရာတော် အရှင်သောမ၏ 'ဝဋ်ကံကြမ္မာကြောက်စရာ' တရားတော် ကို ဆင့်ပွားပူဇော်ထားပါသည်။

ရာမည- သွေးမွှန်



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်လှိုင် (သုတေသနပညာရှင်)

# ဖုန်းရွှေပညာသိကောင်းစရာ

**ခေါင်းလောင်းများ**

ခေါင်းလောင်းချိတ်ဆွဲထားရှိခြင်းဖြင့် ခေါင်းလောင်းသံကြားသူတိုင်း သင့်ထံကူညီရန် အပြေးရောက်လာကြမည်ဖြစ်သည်။

**ရေခွာတ်အစီအရင်**

ဝိညာဉ်လိပ်ပြာအား ရည်ညွှန်းသော အမှတ်သင်္ကေတအဖြစ် ရေခွာတ်အစီအရင်လုပ်ပေးသင့်သည်။

**လက်များ**

စာရွက်ပေါ်၌ လက်ပုံစံ (ဝဲ၊ ယာ) နှစ်ဖက် ရေးဆွဲပေးထားခြင်းဖြင့် ကူညီတတ်သူတို့က လက်ကမ်းကြိုဆိုနေမည့် နိမိတ်ကိုဖြစ်စေသည်။ နှစ်သက်ဖွယ်ကောင်းသောနေရာများမှ အထိမ်းအမှတ်သင်္ကေတများ၊ ခရီးသွားလာရင်းဖြင့် ရိုက်ကူးထားသော အထိမ်းအမှတ်ဓာတ်ပုံများ၊ နေရာဒေသအလိုက် ကိုယ်စားပြု အမှတ်အသားများပါရှိသော ရုပ်ပုံကားချပ်များအား ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာရှိရာအခန်း၌ ချိတ်ဆွဲထားပေးပါ။

**ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာအတွက် အန္တရာယ်ရှိပစ္စည်းများ**

**အဖိုးမတန်သည့် အဟောင်းအဆွေးဖြစ်သောပစ္စည်းများ**

အဖိုးအတန်ဟောင်းဆွေးနေသောပစ္စည်းများအား အဆိုပါကွာ၌ မထားရှိရပါ။ အဟောင်းအဆွေးပစ္စည်းများ စုပုံလာခြင်းကြောင့် အဆိုပါ ကွာ၌ မကောင်းသော ချီဓာတ်များ ခိုအောင်းလာတတ်သည်။ အများအားဖြင့် ကူညီတတ်သူများအတွက် မိမိအပေါ်ထားရှိသည့် သဘောထားများ ပြောင်းလဲသွားတတ်သည်။ ထို့ကြောင့် ပစ္စည်းဟောင်းဟူသမျှအား အတတ်နိုင်ဆုံး ဖယ်ရှားရှင်းလင်းပေးပါ။

**ရေဟောင်းပြွန်၊ ရေနုတ်မြောင်းများရှိနေခြင်း**

ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာရှိရာ အခန်းအတွင်း (သို့) အနီးတစ်ဝိုက်၌ ရေဟောင်းပြွန်ရှိနေပါက မိမိအပေါ် ငွေကြေးအထောက်အပံ့ပေးခြင်းဖြင့် ကူညီတတ်သူများနှင့် ဆက်ဆံရေးပျက်ပြားတတ်သည်။

ရေဆိုး၊ ရေဟောင်းများ ထုတ်သည့် ပြွန်၊ မြောင်းရှိရာ မည်သည့်နေရာမဆို ကောင်းကျိုးရရှိမည် မဟုတ်ပေ။

ထို့ကြောင့် ၎င်းရန်မှ ကာကွယ်သည့်အနေဖြင့် အနီရောင်တိပ်ပြားများ ရေပြွန်တစ်လျှောက် ကပ်ထားပေးပါ (သို့) ရေဟောင်းပြွန်သွားရာလမ်းတစ်လျှောက် မှန်များထောင်ထားပေးပါ။

ရေဆိုးထုတ်ပြွန်နေရာအလိုက် ငွေရေးကြေးရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အချစ်ရေး၊ ကျန်းမာရေးတို့၌ အကြီးအကျယ်ထိခိုက်ပျက်စီးမှုကိုဖြစ်စေသည်။


**ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာ၌ အန္တရာယ်ရှိပစ္စည်းများရှိနေခြင်း**

ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာ၌ ညစ်ပတ်နေသောပစ္စည်းများ၊ ဖုန်အထပ်ထပ်တက်နေသော အကျိုးအပဲ့အပိုင်းအစများ၊ ဘူးခွံများ (သို့) ရေအိမ်ရေချိုးခန်းရှိနေပါက ၎င်းကွာအတွက် ဆန့်ကျင်ဘက် အကျိုးရလဒ်များကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ၎င်းကွာ၌ ရှိသော အမှိုက်သရိုက်အားလုံးအားလုံးအား ရှင်းလင်းဖယ်ရှားပေးပါ။

**ကုမ္ပဏီလုပ်ငန်းအတွက်ဖုန်းရွှေအစီအရင်**

စာရေးသူ၏မိတ်ဆွေ ကုမ္ပဏီပိုင်ရှင်အား လုပ်ငန်းအတွက် အဘက်ဘက်မှ အဆင်ပြေစေရန် ပိုင်ရှင် (သူဌေး) အမည်အား ငွေရောင်သေတ္တာအတွင်း ထည့်၍ ကူညီတတ်သူများဆိုင်ရာကွာ၌ ထားခိုင်းလိုက်သည်။

ထိုအစီအရင်လုပ်ပြီးသည့်နောက် ပိုင်း ကုမ္ပဏီလုပ်ငန်းအတွင်း ဌာနတွင်း ဌာနပြင်မှ ကူညီသူများ ပေါ်လာခဲ့ပြီး လုပ်ငန်းလုံခြုံစိတ်ချစွာဖြင့် ယခင်ထက်




ရေဆိုးပြွန်ရှိရာအနေအထား အနီရောင်တိပ်ပြားများဖြင့် ကပ်ထားပုံ



www.burmeseclassic.com

တက်ခဲ့သည်။

**ခေါ်**

စာရေးသူနှင့် သိကျွမ်းသော ရန်(စ်) ဆိုသူ အမျိုးသားမိတ်ဆွေ ရှိသည်။ ကလားရန်(စ်)၌ အလွန် ကြွယ်ဝပြီး နည်းနည်းမှ သည်းခံ မှုရှိသောမိခင်တစ်ဦး ရှိသည်။

ကလားရန်(စ်)က သူ့မိခင်၏ ခြောင်းခြောင်းထွက်တတ်သည့် ကို တင်စားပြီး ချစ်စနိုးဖြင့် 'နဂါး' ဟု ခေါ်တတ်သည်။

တစ်နေ့မှာ နဂါးဒေဝီက ကလား အား ဒေါ်လာ (၃၀၀၀) ပို့ပေး ဖြစ်ကြောင်း ဖုန်းဆက်ခဲ့သည်။

ဒေါ်လာ (၃၀၀၀) ဆိုသည့်အသံ ဖုန်းထဲမှ ကြားလိုက်သည်ဆိုသည် ကလားရန်(စ်) အလွန်ပျော်သွား သူစီးချင်သည့် မီနီဗန်ကားဝယ်စီး မည်ဟူသည့် အတွေးဖြင့် ပျော် ခဲ့သည်။ သို့နှင့် ကလားရန်(စ်)က မီနီ ကားအား အကြွေးဝယ်ကဒ်ဖြင့် ဝယ် စီစဉ်လိုက်သည်။ ကလားရန်(စ်) မိခင်ဖြစ်သူ နဂါးဒေဝီနှင့် တွေ့ဆုံ သူကားဝယ်သည့် အစီအစဉ်ကို မိခင်အား ပြောပြသည်။

ကလားရန်(စ်) စကားကြားသည် မိခင်က ဒေါ်သမီးတဟုန်းဟုန်း တောက်ပြီး အောက်ပါအတိုင်း ပြော လိုက်သည်။

"ကလားရန်(စ်)၊ ငါ နင့်ကို ဒေါ် (၃၀၀၀) ပေးတာက သားအမိ ဆက်ဆံရေး ပြန်ပြေလည်စေချင်လို့ ပေး ကားဝယ်ဖို့ မဟုတ်ဘူး။ မင်းက ပြန်ပြေလည်တယ်ဆိုတာတောင် ငါ နောက်ထပ်ဘာငွေကြေးတစ်ပြား တစ်ချပ်မှ မပေးတော့ဘူး"

ဒီတော့ စာရေးသူထံ ကလား (စ်)ရောက်လာပြီး ဖုန်းရွှေဆိုင်ရာ အစီ အရင်အတွက် အကြံဉာဏ်တောင်းပါ တော့သည်။

ဒီတော့ စာရေးသူက ကလား (စ်) မိခင် နဂါးဒေဝီ၏အမည်ရင်း အား စာရွက်တွင်ရေးစေပြီး ငွေသေတ္တာ တွင်းထည့်ကာ ကူညီတတ်သူများ၊ ခရီး သွားခြင်းဆိုင်ရာ ကွာ၌ ထားခိုက်လိုက် သည်။

ဖုန်းရွှေအစီအရင်၏ လက်စွမ်းပြ မှုကြောင့် နဂါးဒေဝီက စိတ်ပြန်ပြေကာ ကလားရန်(စ်)ထံ ယခင်ထက် ပမာဏ ပိုများသောငွေများ ပို့ပေးခဲ့သည်။

**ငွေရောင်ငွေသေတ္တာအား ကောင်းစွာ အသုံးချခြင်း**

စီးပွားရေး၌ဖြစ်စေ၊ အခြားသော ကိစ္စ၊ အခြေအနေအမျိုးမျိုး၌ဖြစ်စေ ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာ၌ ငွေရောင်သေတ္တာအတွင်း စွမ်းအင်မြှင့် လိုသူ၏ အမည်ထည့်သွင်းထားရှိခြင်းကို အသုံးပြု စီရင်နိုင်သည်။ ထိုအစီအရင် သည် ကူညီရာမဲ့ဘဝမှ ကူညီတတ်သူ များလာစေသည့် ဆောင်ရွက်ချက်ဖြစ် ခြင်းကြောင့် မိမိရှေ့တွင် ပေါ်လာသော မည်သည့်အခွင့်အရေးကိုမဆို လက်လွှတ် မခံဘဲ အဆိုပါ အစီအရင်အားကိုးဖြင့် ကြိုးစားရယူသင့်သည်။

**အိမ်၊ ကား၊ တိုက်ကုပစ္စည်းများရောင်းဝယ် ခြင်း အတတ်ပညာ**

သင်သည် အိမ်ဝယ်ယူမည့်သူ ဖြစ် ပါက အိမ်ခြံမြေအကျိုးဆောင်များနှင့် ပတ်သက်ရမည်ဖြစ်ပြီး ကားဝယ်မည်ဆို ပါက အိမ်ဝယ်၊ ရောင်းခြင်းနည်းတူ စာချုပ်စာတမ်းများ ရေးသားရမည် ဖြစ် သည်။


ထို့အတူ မိမိကုမ္ပဏီမှ ထုတ်ကုန် များအား ရောင်းမည်ဆိုပါက သေချာ သော ဝယ်လက်နှင့် မိမိတို့လက်ခံနိုင် သည့် ဈေးနှုန်းပေးနိုင်သည့် ကုမ္ပဏီကို သာ လက်တွဲလုပ်ကိုင်ခွင့်ပေးမည် ဖြစ် သည်။

အထက်ပါ အိမ်၊ ကား၊ ထုတ်ကုန် တို့အတွက် အရောင်းအဝယ်များအဆင် ပြေစေရန် ဝယ်၊ ရောင်းမည့်သူတို့၏ အမည်၊ ကုမ္ပဏီ၊အမည်တို့အား စာရွက် တွင်ရေး၍ ငွေသေတ္တာအတွင်း ထည့် ကာ ၎င်း၏ဆိုင်ရာကွာဖြစ်သော ကူညီ တတ်သူများ၊ ခရီးသွားခြင်းကွာ၌ ထားရှိ ပေးပါ။ ထိုအခါ ဆောင်ရွက်သမျှ ကိစ္စ တိုင်း အောင်မြင်မည် ဖြစ်သည်။

**ခရီးသွားရမည့်အခွင့်အရေးများခြင်း နည်း ခြင်း**

အချို့သောသူများက ခရီးများ များထွက်လိုကြသလို အချို့ခရီးသွားလို စိတ်နည်းပါးကြသည်။ အကယ်၍ ခရီး များများသွားလိုသူဖြစ်ပါက ကူညီတတ် သူများ၊ ခရီးသွားခြင်းကွာ၌ စွမ်းအင်မြှင့် တင်ပေးပါ။ ခရီးသွားလာလိုစိတ်ရှိသူ အနေဖြင့် အထက်ပါကွာအား စွမ်းအင် မြှင့်တင်ပေးသလို အသက်မွေးဝမ်း ကျောင်းအလုပ်အကိုင်ကွာကိုလည်း စွမ်း အင်မြှင့်တင်ပေးရမည် ဖြစ်သည်။

စာရေးသူတွေ့ဖူးသောဂီတပညာ ရှင်တစ်ဦးသည် ခရီးသွားခြင်းဆိုင်ရာ ကွာအား စွမ်းအင်မြှင့်တင်ပေးနိုင်ခြင်း




ကူညီတတ်သူများ၊ ခရီးသွားခြင်း ကွာနှင့် ကြွယ်ဝချမ်းသာခြင်းကွာတို့ မျက်နှာချင်းဆိုင်နေပုံ

www.burmeseclassic.com

ကြောင့် ကိုယ်ပိုင်စတူဒီယိုတစ်ခုပိုင်ဆိုင်သည်အထိ ကြီးပွားတိုးတက်ခဲ့သည်။

အကယ်၍ သင်သည် စွန့်စားရမည့်ခရီးကိုသွားလိုပါက သင်သွားမည့် ခရီးစဉ်၏ မြို့၊ ရွာအမည်များအား စာရွက်တွင်ရေး၍ (သို့) ၎င်းနေရာ၏ မြို့၊ ရွာရှုခင်းဓာတ်ပုံ၊ ပန်းချီများအား ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာ ကွာတွင် ထားရှိပေးခြင်းဖြင့် သွားရောက်မည့် ခရီးစဉ်တစ်လျှောက်လုံးအောင်မြင်ချောမွေ့စေမည် ဖြစ်သည်။

**အထက်တန်းမှ လိုက်ပါစီးနင်းခွင့်ရသော ခရီးစဉ်ဖြစ်စေရန်ဆောင်ရွက်ခြင်း**

သင်သည် မည်သည့်ခရီးစဉ်ကိုမဆို အထက်တန်းဖြင့် လိုက်ပါစီးနင်းခွင့်ရစေရန် ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာကွာ၌ စွမ်းအင်မြှင့်တင်ပေးရမည် ဖြစ်သည်။

ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာကွာသည် ကြီးပွားတိုးတက်ခြင်းကွာနှင့် မျက်နှာဆိုင်ကျနေခြင်းကြောင့် ၎င်းကွာကိုပါစွမ်းအင်မြှင့်တင်ပေးရန် လိုအပ်သည်။

ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာကွာသည် ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်သော ဦးခေါင်းနှင့်ဆက်စပ်ပတ်သက်လျက်ရှိသည်။ ၎င်းပြင် ကိန်းဂဏန်းအားဖြင့် (၅) ဂဏန်းအား ကိုယ်စားပြုထားသည်။ တစ်နည်းအားဖြင့် (၅) သည် လက်ချောင်း (၅) ချောင်းကိုလည်း ရည်ညွှန်းသည်။

**ကူညီတတ်များ၊ ခရီးသွားခြင်းကွာအတွက် အလျင်အမြန်ဆောင်ရွက်ရမည့် အချက်များ**

၁။ အိမ်ရှိ ကူညီတတ်သူများ၊ ခရီးသွားခြင်းကွာအတွက် စွမ်းအင်မြှင့်တင်ပေးရန် အလူမီနီယံ၊ ငွေသေတ္တာများလိုအပ်သည်။

၂။ လိုအပ်ပါက မိမိလုပ်ငန်း၊ ကိစ္စအမည်၊ အကြောင်းအရာများရေးထားသည့် စာရွက်အား ငွေသေတ္တာအတွင်းထည့်၍ ၎င်းကွာ၌ထားရှိပါ။

**ကူညီတတ်သူများ။ ခရီးသွားခြင်းကွာအတွက် အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

ငွေရောင်၊ အလူမီနီယမ်၊ မီးခိုးရောင်ရှိသော ကွန်တိန်နာ၊ သေတ္တာများ၊ ကူညီတတ်သူများစာရင်းတွင် ပါဝင်သည့် ပုဂ္ဂိုလ်ထူးတို့၏ ရုပ်ပုံများ၊ ဘာသာရေးဆိုင်ရာပစ္စည်း၊ ရုပ်တုများ၊ ခေါင်းလောင်း၊ ရေဓာတ်၊ လက်၊ နှစ်သက်ဖွယ်ကောင်းသောနေရာများ။

**အန္တရာယ်ပေးနိုင်သည့်ပစ္စည်းများ**

ဟောင်းနွမ်း စုတ်ပြတ်နေသော ပစ္စည်းများ၊ ဖုန်တက်၍ကျိုးပဲ့နေသည့် ပစ္စည်းဟောင်းများ၊ သတ္တုဘူးခွံများ၊ ရေအိမ်၊ ရေချိုးခန်းနှင့် ရေဟောင်း၊ ရေဆိုးထုတ်သည့်ပြွန်များ။

ဆန့်ကျင်တက်မျက်နှာချင်းဆိုင်ကျနေသောကွာ - ကြီးပွားတိုးတက်ခြင်းကွာ၊ ကိုယ်စားပြုနေသည့် ကိုယ်အင်္ဂါအစိတ်အပိုင်း- ဦးခေါင်း၊ ဆက်စပ်ပတ်သက်နေသော ဂဏန်း (၅)။

**အပိုင်း (၇)**

**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းကွာ**


အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်း ကွာအား စွမ်းအင်မြှင့်တင်ပေးပါက အောက်ပါအကျိုးရလဒ်ကောင်းများကို ရရှိစေသည်။

- အလုပ်အကိုင်ကောင်းများရစေခြင်း၊
- လုပ်ငန်းသစ်၊ ပိုကောင်းသောအလုပ်၊ အဓိပ္ပာယ်ရှိသော အလုပ်များ လုပ်ခွင့်ရခြင်း၊
- အလုပ်ခွင်အတွင်း ပျော်ရွှင်မှုရ ခြင်း၊
- လုပ်ငန်းပိုင်ဆိုင်သူဖြစ်ခြင်း၊
- စီးပွားရေးလုပ်ငန်းအရှိန်ကောင်းလာခြင်း၊
- ဘဝတစ်သက်တာအတွင်း အ… အပင်ကင်းရသည့် မည်သည့်အလုပ်ကို လုပ်ရမည်ကို ရွေးချယ်နိုင်ခြင်း၊

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ကွာသည် အိမ်၏ အရှေ့ အဝင်ဝတံခါးပေါက်ပင် ဖြစ်သည်။

ပုံတွင် ပြထားသော ကွာသည် အမြဲတစေ အိမ်၏ ပင်မတံခါး… နေရာ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာအား စွမ်းအင်မြှင့်စေလိုပါက အိမ်ရှေ့တံခါးဝအား အမြဲတစေ သတိပြု




THIS SIDE OF THE BAGUA ALWAYS HAS THE MAIN DOOR OF THE HOME OR ROOM LOCATED ON IT.

ပုံ။ကွာအတွင်း အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ တည်ရှိနေပုံ



www.burmeseclassic.com

www.burmeseclassic.com

...ကြည့်၍ လိုအပ်သလို စွမ်းအင်မြှင့် ...ည် ဖြစ်သည်။

**...ကမ်မွေးဝမ်းကျောင်းအလုပ်အကိုင် ... ဘဝလမ်းကြောင်းဆိုင်ရာ ကွာ ... စွမ်းအင်မြှင့်တင်ပေးနိုင်သည့် ...များ**

**...တ်ကိုယ်စားပြုပစ္စည်းများ**

စိမ့်စမ်းအတု၊ ရေတံခွန်အတု၊ ...မွေးငါးကန်၊ မြစ်၊ ချောင်းများ ရှုခင်း ...အား အထက်ပါ ကွာအတွင်း ထားရှိ ... အလုပ်အကိုင်ကံကောင်းခြင်းများ ...တွေ့ရတတ်သည်။

တရုတ်လူမျိုးတို့ ပိုင်ဆိုင်သော ...ဆောက်ဆိုင်တိုင်း၌ အဝင်ဝတံခါး ...အနီး အလှမွေးငါးများရှိနေတတ် ...ည်။ သတိပြုရန်မှာ အလှမွေးငါးကန် ...တွင်းမှ ရေများ အမြဲတစေ သန့်ရှင်း ...ည်လင်နေစေရန် လိုအပ်သည်။

ရေအစီအရင်အဖြစ် ရေဓာတ် ...ယ်စားပြုသော ဓာတ်ပုံ၊ ပန်းချီများ ...ဆွဲရာ၌ နှင်းကျနေသော ရှုခင်းပန်း ...ားများလည်း ချိတ်ဆွဲနိုင်သည်။ မြေ ...ာတ်ကိုယ်စားပြု မည်သည့်ရုပ်ပုံမဆို ...မချိတ်ဆွဲရပါ။ ရေနှင့်ပတ်သက် ...သော သတ္တဝါများဖြစ်သည့် ပင်လယ် ... ပင်လယ်မျှော့ပုံတို့အား (ဆန္ဒရှိက) ...ချိတ်ဆွဲပေးနိုင်သည်။

**...ည်းရောင်ရှိသောပစ္စည်းများ**

ရေဓာတ်ကိုယ်စားပြုအရောင်ဖြစ် ...ည်၊ အသက်မွေးဝမ်းကျောင်အလုပ် ...ကိုင်ဆိုင်ရာကွာ၌ အမည်းရောင်ရှိ ...သော လက်ဆွဲသေတ္တာ၊ အိတ်များ၊ အမည်းရောင်ရှိသော ပိုစတာများ ထား ...ပေးပါ။

**...ိုင်းတွန့်ပုံရှိသောပစ္စည်းများ**

ရေလှိုင်းအား ကိုယ်စားပြုသည့် ...ိုင်းတွန့်ပုံရှိပစ္စည်းများထားရှိနိုင်သည်။ ...လေးထောင့်ပုံစံရှိသောပစ္စည်းများသည် ...မြေဓာတ်အား ကိုယ်စားပြုသောကြောင့် အဆိုပါ ကွာ၌ လုံးဝမထားရှိသင့်ပါ။ မြေ ...ဓာတ်သည် ရေဓာတ်အား ဖျက်ဆီးပျက် ...ည်းခြင်းပြစက်ဝိုင်းအရ ပျက်စီးစေမည် ...ဖြစ်သည်။

**...ကြည့်မှန်များ**

ကြည့်မှန်များသည်လည်း ရေ ...ဓာတ်အား ကိုယ်စားပြုသည်။

**...န်ထည်များ**

ဖန်ထည်ပစ္စည်းများ (သို့) မှန်ဖြင့် ပြုလုပ်သော အလှမွေးငါးကန်၊ ဖန်ပန်းအိုးတို့သည်လည်း ရေဓာတ်အား ကိုယ်စားပြုသောကြောင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ကွာ၌ စွမ်းအင်မြှင့်ပစ္စည်းများအဖြစ် ထားရှိပေးသင့်သည်။

**သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းများ**

သတ္တုဓာတ်သည် ရေဓာတ်အား ဖြစ်တည်မွေးဖွား၊ ဖန်တီးနိုင်စွမ်းများ လုပ်ပေးနိုင်ခြင်းကြောင့် ရေဓာတ်ကိုယ်စားပြု အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာ၌ သတ္တုဓာတ်ကိုယ်စားပြု ပစ္စည်းများ ထားရှိပေးသင့်သည်။

သတ္တုထည်ပစ္စည်းများတွင် တံခါးလက်ကိုင် ကြေးဝါ၊ ကြေးနီပြားများလည်း အပါအဝင်ဖြစ်သည်။

**အဖြူရောင်ရှိသောပစ္စည်းများ**

အဖြူရောင်ရှိသော ပစ္စည်းများသည် ရေဓာတ်အား စွမ်းအင်မြှင့်စေသည့် သတ္တုဓာတ်ကိုယ်စားပြုအရောင်များပင် ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာ ကွာ၌ အဖြူရောင်အား အမည်းရောင်ဖြင့်တွဲဖက် အသုံးပြုပေးနိုင်သည်။ အဖြူရောင်(သတ္တု)ဓာတ်သည် အမည်းရောင် (ရေဓာတ်)နှင့် မိတ်ဖက်အဖြစ်ပေါင်းစပ်နိုင်ခြင်း၊ ယှဉ်တွဲနိုင်ခြင်းသဘောကို ရည်ညွှန်းသည်။

**ဝိုင်း၊ လုံးသောပစ္စည်းများ**

အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ဆိုင်ရာ ကွာ၌ လုံး၊ ဝန်းသောပုံသဏ္ဌာန်ရှိ ဒင်္ဂါးစေ့များ၊ အရွက်ဝိုင်းသည့်အပင်များ၊ သတ္တုအိုးဝိုင်းများ ထားရှိပေးသင့်သည်။

**မိမိဖြစ်ချင်သော၊ ရချင်သော အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းအား စွမ်းအင်မြှင့်တင်ခြင်း**

သင်သည် စတော့ရှယ်ယာပွဲစားလုပ်လိုသူဖြစ်ပါက စတော့ရှယ်ယာဈေးကွက်ဈေးကွက်အကြောင်း ဖော်ပြပါရှိသည့် 'ဝေါစရိ(ဒ်)ဂျာနယ်' အား အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ၌ ထားရှိပေးပါ။

အကယ်၍ သင်သည် ဂီတပညာရှင်အဖြစ် အောင်မြင်လိုပါက အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းဆိုင်ရာ ကွာ၌ ဂီတနှင့်ပတ်သက်သော တူရိယာတစ်ခုခုထားရှိပေးထားပါ။ အကယ်၍ သင်သည် ကျောင်းနေအရွယ်တွင် ရှိနေဆဲဖြစ်ပြီး ဘဝလမ်းကြောင်း ဘာဖြစ်မည်ဆိုသည်ကို တိကျသေချာစွာ မသိရသေးသည့်အချိန်၌ လက်ရှိ စိတ်ဝင်တစားလုပ်နေသည့် အလုပ်ကိုသာ ပိုမိုကျွမ်းကျင်အောင် ကြိုးစားအားထုတ်ပေးပါ။

**အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းဆိုင်ရာ ကွာအတွက် အန္တရာယ်ပေးနိုင်သည့် ပစ္စည်းများ**

**ညစ်ပတ်နေသောပစ္စည်းများ**

ရေဓာတ်ကိုယ်စားပြု ကွာအတွင်း တောင်တန်းများ၊ ရွှံ့စေးဖြင့်ပြုလုပ်သော အိုးများပုံ လုံးဝမထားရှိရပါ။

တောင်တန်းရွှံ့စေးနှင့် မြေကြီးဓာတ် ရည်ညွှန်းသည့် ပစ္စည်းများသည် ရေအား ရွှံ့နွံရောပါသော နောက်ကျိနေသည့်ရေအဖြစ်သို့ ရောက်ရှိစေတတ်သည်။

အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်နှင့် ဘဝလမ်းကြောင်းဆိုင်ရာကွာအတွင်းထားရှိသော ရေအစီအရင်၌ အမြဲကြည်လင်သန့်ရှင်းသော ရေဖြစ်စေရန် အမြဲသတိပြုရမည် ဖြစ်သည်။

**လေးထောင့်ပုံစံရှိပစ္စည်းများ**

လေးထောင့်ပုံစံရှိ ပစ္စည်းမှန်သမျှ မြေဓာတ်ကို ရည်ညွှန်းခြင်းကြောင့် နှောင့်ယှက်ဖျက်ဆီးစေခြင်းမှ ကာကွယ်ရန် မြေဓာတ်ကိုယ်စားပြု မည်သည့်ပစ္စည်းမှမထားရှိရသလို ၎င်းကိုယ်စားပြု လေးထောင့်ပုံစံပစ္စည်းများရှိနေပါကလည်း အလျင်အမြန် ဖယ်ရှားပစ်ရမည် ဖြစ်သည်။

**မြေဓာတ်ကိုယ်စားပြုအရောင်ပါပစ္စည်းများ**

အဝါရောင်၊ လိမ္မော်ရောင်၊ အညိုရောင်တို့သည် မြေဓာတ်ကိုယ်စားပြု အရောင်များ ဖြစ်သည်။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကွာတွင်ရှိနေပါက လျင်မြန်စွာ ဖယ်ရှားပေးပါ။

ဘဝတစ်သက်တာအတွင်း သင်မမြင်လို၊ မရချင်လိုသောအရာများ၏ ရုပ်ပုံကားချပ်များထားရှိခြင်း လုံးဝမလုပ်ရပါ။ မလိုချင်၊ မရချင်သဘောကိုယ်စားပြုသည့်ပစ္စည်းများရှိနေခြင်းဖြင့် လိုချင်ရချင်သောအရာများမရနိုင်ဘဲ နှောင့်နှေးနေမည် ဖြစ်သည်။

ဦးအောင်လှိုင် (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ရွှေနဝင်း(ပုသိမ်)

# ရွှေထုံးလမ်းစဉ်

လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော် ကာလက ကျွန်တော်တို့နယ်တစ်ဝိုက်၌ 'ရွှေထုံးဆရာတော်' ဟု နာမည်ကျော်ကြားသော အင်္ဂရတ်ဆရာတော်တစ်ပါး ပေါ်ပေါက်ခဲ့ပါသည်။

ထိုဆရာတော်နာမည်ကြီးသည်မှာ အင်္ဂရတ်နည်းဖြင့် ဆေးကုသခြင်းတွင် နာမည်ကျော်ကြားခြင်းပင် ဖြစ်ပါသည်။

ကင်ဆာကဲ့သို့ ပျောက်ကင်းနိုင်ခဲသောရောဂါများ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ စသော ကုသရခက်ခဲသော ဆေးအမျိုးမျိုးမတိုးသည့် ရောဂါကြီးများကို ဆရာတော်ထံတွင်ကုသမှုခံယူကြလျှင် သက်သာပျောက်ကင်းကြသူကများပါသည်။

ထို့ကြောင့် တစ်ယောက်စကားတစ်ယောက်ကြားနှင့် တစ်နေ့ထက်တစ်နေ့ အနယ်နယ်အရပ်ရပ်တို့မှ ရောဂါဝေဒနာရှင်များ လာရောက် ကုသမှုခံယူကြသည်မှာ ပွဲဈေးတန်းတမျှစည်ကားလှပါသည်။

ဆရာတော်ထံ လာရောက်ကုသကြသောသူများသည် ငွေကြေးတတ်နိုင်သူများဆိုလျှင် ပျားရည် (၁) ပိဿာနှင့် ရွှေ (၁) မတ်သား ယူဆောင်လာရပါသည်။ ငွေကြေးချို့တဲ့သူများကိုတော့ ဇီဝိတဒါနကုသပေးတတ်ပါသည်။

လူနာရှင်များယူဆောင်လာသည့် ရွှေ(၁)မတ်သားကို ဆရာတော်မှ သူ၏ခတ်လုံးဖြင့် လုံသစ်တစ်လုံတွင်ပေါင်း၍ထည့်ပြီး မီး (၇) အုပ်ခန့် ဆရာတော်ကိုယ်တိုင်ခတ်ထိုးပြီး လုံအအေးခံ၍ ဖွင့်လိုက်သည့်အခါ ခတ်လုံးအပေါ်တွင် ရွှေ(၁)မတ်သားသည် ထုံးကျောက်သဏ္ဌာန်တင်နေပါသည်။ ၎င်းရွှေထုံးကို ကြိတ်ခြေလိုက်ပါက အမှုန့်ဖြစ်သွားပါသည်။

၎င်းရွှေထုံးမှုန့်ကို ရောဂါအနု၊ အရင့်၊ အကြီး၊ အသေးပေါ် မူတည်၍ (၁) ရွေး၊ (၂) ရွေး၊ (၃) ရွေး စသည် ဆရာတော်ကိုယ်တိုင်ချင့်ချိန်၍ ပျားရည်နှင့်ရောစပ်ပေးပါသည်။

ရွှေထုံးမှုန့်နှင့် ပျားရည် ရောစပ်လိုက်သည့်အခါ ပျားရည်သည် ဆူတက်လာပြီး နွားနို့ကဲ့သို့ ဖြူဖွေးလာပါသည်။ ၎င်းကို ဆေးစပ်ပြီး ပျားရည်အသားပြန်လည်ကျဆင်းလာအောင် (၃) ရက်၊ (၄) ရက်ခန့် ငြိမ်ထားလိုက်လျှင် မူလပျားရည်အရောင်အတိုင်းဖြစ်သွားပါသည်။

ထိုအခါမှ ရောဂါဝေဒနာရှင်သည် နံနက်၊ နေ့၊ ည ဆေးပျားရည်လက်ဖက်ရည်ဇွန်းငယ်တစ်ဇွန်းခန့် တစ်နေ့ (၂) ကြိမ်၊ (၃) ကြိမ်ခန့် သောက်ရသည်။

ထိုနည်းစဉ်အတိုင်း ဆရာတော်ကုသလာခဲ့သည်မှာ ရောဂါဝေဒနာရှင်ပေါင်းမြောက်မြားစွာ ပျောက်ကင်းသက်သာကြပေသည်။

ဤသို့ နာမည်ကြီးလာသည့်အခါ ဆရာတော်ထံ နည်းယူ၍ တပည့်ခံရန် အင်္ဂရတ်ဝါသနာရှင်များ လာရောက်ကြသည်မှာ တသဲသဲဖြစ်ပါသည်။

သို့သော် ဆရာတော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ နည်းမပေး၊ တပည့်အဖြစ် မသတ်မှတ်ပါ။ လာသမျှသောသူအပေါင်းတို့ကို သင့်တော်သလို အာလာပသလ္လာပပြောကြား၍ပြန်လွှတ်လေ့ရှိပါသည်။

သို့ပေမင့် ဆရာတော်၏ လူယုံတပည့်ရင်း ဦးသုံတော်တစ်ယောက် တော့ရှိသည်။ ထိုပုဂ္ဂိုလ်ကလည်း ဆရာတော်အပေါ် သစ္စာရှိ၊ နှုတ်လုံပါသည်။ သည်လိုနှင့် ဆေးလာကုသည့် ရောဂါဝေဒနာရှင်များ၊ နည်းနာခံယူလိုသည့် အင်္ဂရတ်ဝါသနာရှင်များ နေ့စဉ်နှင့်အမျှ ဝင်လိုက်၊ ထွက်လိုက်နှင့် နှစ်အတန်ကြာလာပြီး တစ်နေ့သောအခါတွင် ဆရာတော်သည် စိတ်လက်မရွှင်မျက်နှာမကြည်သာဖြစ်နေသည်ကို တပည့်ရင်းချာများ သတိထားမိလာသည်။

ထိုအခါ ဆရာတော်ကိုဝိုင်း၍မေး မြန်းကြသောအခါ သည်တော့မှ ဆရာ တော်၏ အကြောင်းရင်းမှန်ကို သိရပေ တော့သည်။

ဖြစ်ပုံက သည်လို။

ဆရာတော်သည် ဆေးကုသ ရွှေထုံးလုပ်လျှင် ထိုခတ်လုံးကိုအသုံး ပြီး ဆေးမလုပ်သည့်အခါ ဘုရားခန်း တွင် ခတ်လုံးကို သီးသန့်သေတ္တာ အသေးလေးထဲတွင် အသေအချာသော့ ခတ်၍ ဆရာတော်ကိုယ်တိုင် သိမ်ဆည်း ထားလေ့ရှိပါသည်။

ထိုမတိုင်ခင် (၃)၊ (၄) လခန့်က (၃)၊ (၄) ကြိမ် ဆရာတော်ကို အိပ်မက် ပေးသည်ဟုပြောပါသည်။

၎င်းခတ်လုံးနှင့် ဆေးဆက်မ ဘဲ ရပ်တန့်၍ ခတ်ကြီးလမ်းစဉ်အတိုင်း ဆက်တက်ရန်နှင့် သီလ၊ သမာဓိကို ဖြည့်ကျင့်ရန် အိပ်မက်ပေးသည်ဟုဆို သည်။

သို့ပေမယ့် ဆရာတော်ကတော့ အမှုမထားဘဲ နေမြဲတိုင်းသာနေခဲ့သည် လက်ရှိ ခတ်အဆင့်မှာသာ သာ ကျေနပ်နေခဲ့ပါသည်။ တစ်နေ့တွင် ရွှေ ထုံးလုပ်ရန် ခတ်လုံးကို ဘုရားခန်း သေတ္တာထဲမှ ထုတ်ယူလိုက်သောအခါ ခတ်လုံးမှာ ပျောက်ခြင်းမလှပျောက် နေပေသည်။ ခြေရာလက်ရာမ သော့မှာလည်းခတ်လျက်အတိုင်းသာ ပေသည်။

ထိုအခါမှ ဆရာတော်သည် မှားပြီဟု ညည်းချင်းချပေတော့သည် ဆိုင်ရာပိုင်ရာတို့မှ အတန်တန်သတိ နေသည်ကို၊ သတိမမူခဲ့ခြင်းကို နောင် ရနေပေတော့သည်။

သို့သော် သည်ခတ်လမ်း ဆရာတော်ကိုယ်တိုင် ခတ်လုံးတည် ခတ်လမ်း ပြီးဆုံးအောင်လုပ်ခဲ့ခြ ကြောင့် ခတ်ပြန်၍ အသစ်တည် အချိန်သိပ်မကြာခင်ပင် ခတ်လုံး အတိုင်းပြန်ရနိုင်သည်ဟုယုံကြည်လ



www.burmeseclassic.com

www.burmeseclassic.com

အား၍ စိတ်ဓာတ်ကတော့သိပ်မကျပါ။
ဒါပေသည့် ခက်သည်က ဓာတ် တည်ရန် ဓာတ်ပစ္စည်း အခက်တွေ့နေသည်။

ယခင်ဓာတ်ပစ္စည်းအကြွမ်းထည် ပေါပေါများများရှိစဉ်က ကိုယ့်မှာလည်း ဓာတ်လုံး အောင်မြင်ထား၍ သိပ်အရေးကြီး မလိုအပ်ဟုထင်ပြီး ခင်ရာမင်ရာ ဝါသနာတူ မနိုင်ရင်ကာပုဂ္ဂိုလ်များ၊ ဆီတင်းသုံးဖော်များကို သူ့ကို (၂)ကျပ် သား သူ့ကို(၃)ကျပ်သား စသည်ဖြင့် ဝေငှပေးခဲ့ခြင်းကြောင့် ယခုမိမိကိုယ်တိုင် ပြန်၍ဓာတ်တည်ရန်အတွက် ဓာတ်ပစ္စည်းက ယခုမရှိတော့ပေ။

သည်အကြောင်းတွေကို ဆရာတော်၏ လက်ရှိလူယုံတပည့် ဦးသူတော်ကြီးမှပြောပြ၍ ကျွန်တော်တို့အစအဆုံး သိရလေသည်။ မပြောမဖြစ်၍ပြောရခြင်းလည်းဖြစ်ပါသည်။ အကြောင်းမှာ-

ဆရာတော်၏ဓာတ်ပြန်တည်ရန်လိုအပ်သောပစ္စည်းကို နီးစပ်ရာ ခင်မင်ရာများကို လူခွဲ၍ နေရာအနှံ့ ဓာတ်ပစ္စည်းရှာဖွေကူညီပေးရန်အတွက်ဖြစ်ပါသည်။

ဆရာတော်လိုအပ်နေသောဓာတ်ပစ္စည်းမှာ အခြားမဟုတ်ပါ။ ချွံစစ်စစ်ပင်ဖြစ်ပါသည်။ ဟိုစဉ်အချိန်က ဆရာတော်၏တပည့်တစ်ဦးမှ ယာကွက်ရှင်းရင်းတွေ့ရှိသော ချွံ(၅၀)ကျပ်သားခန့် ချွံခဲတစ်အုံလိုက်လာ၍ ကပ်လှူခဲ့ခြင်းဖြစ်ပါသည်။

၎င်းအထဲမှ ချွံ (၃)ကျပ်သားကို ခွဲယူပြီး ဓာတ်လမ်းတည်၍ ဓာတ်လုံးထိုးပြီး အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။ အကျိုးလည်း ခံစားခဲ့ရပါသည်။ အထက်ပါဖြစ်စဉ်များဖြစ်ခဲ့ပြီး နောက်ပိုင်းကျမှ ဆရာတော်၏ ဓာတ်လမ်းစဉ်ကို လူယုံတပည့်ကြီးဦးသူတော်မှပြောပြ၍ ဤနည်းလမ်းကို သိခဲ့ရပါသည်။

**□ ရွှေထုံးဓာတ်လမ်းစဉ်မှာ**

ပထမမူလဓာတ်ရင်းမှာ ချွံကောင်းကောင်းပင် ဖြစ်ပါသည်။ ချွံမစစ်ခဲ့လျှင် (သို့) ချွံသက်တမ်းနုလျှင် ၎င်းဓာတ်လမ်းစဉ် အောင်မြင်မှုနှေးပါသည်။

အကယ်၍ ချွံကောင်းကောင်း စစ်စစ်ရခဲ့ပြီဆိုလျှင် ဓာတ်လမ်းစဉ် အချိုးကတော့-

*□ ဂွတ် (၃) လေး နာ(၃)လေး*
*လုံခြောက်(၇)လုံ ချော်(၁)လုံ*
*ကြွေပုဂံသား ချော်ထွက်လျှင်*
*အောင်ပြီ*

ဟု ဖြစ်ပါသည်။

**ရှင်းလင်းချက်** ။ ။ ချွံစစ်စစ်ကောင်းကောင်းရလျှင် ချွံ(၃)ကျပ်သားကို ဓာတ်ရင်းတည်၍ ပထမဂွတ်(ကြွပ်)နှင့်လေးတူလုံပိတ်၍ထိုးသွားရမည်။ လုံပိတ်၍ ဓာတ်(၂)ပါးကို ရောထိုးသွားပြီး မူလချွံအလေးချိန်ပြန်ရောက်ချိန်တွင် တစ်ဖန် ဂွတ်(ကြွပ်)ကို ဓာတ်ရင်း၏ တစ်လေးထပ်ပေါင်းထည့်၍ တစ်ဖန်လုံပိတ်၍ထပ်ထိုးပါ။

(ပထမဓာတ်ရင်းတည် ချွံ(၃)ကျပ်သားသည် ဂွတ်(ကြွပ်)တစ်လေးကုန်ချိန်တွင် (၃)ကျပ်သားရှိချင်မှရှိမည်။ ချွံအနှစ် (၂) ကျပ် (၈) ပဲ (သို့) (၂) ကျပ် (၄) ပဲခန့်လောက်ကျန်နေတတ်ပါသည်။)

ထိုအခါ နောက်ထပ်ထည့်သည့် ဂွတ်(ကြွပ်)အလေးချိန်သည် ချွံအနှစ်ကျန်နေသည့် အလေးချိန်အတိုင်းသာ ထပ်ထည့်၍ထိုးရပါမည်။

ထိုကဲ့သို့ ဂွတ်(ကြွပ်) (၃)လေးကုန်သည်အထိ လုံပိတ်၍ထိုးသွားပြီး ချွံအနှစ်ကျန်သည့်အချိန် နာကောင်းကောင်းသန့်သန့်ကို ချွံအနှစ်အလေးချိန်အတိုင်းပေါင်းထည့်၍ လုံပိတ်ပြန်ထိုးပါ။

ရှေးနည်းအတိုင်း လုံပိတ်၍ နာ(၃)လေးကုန်အောင်ထိုးသွားရမည်။

နာ(၃)လေး ကုန်သည့်အချိန်တွင် ဓာတ်လုံးကို လုံခြောက်သီးသန့် (၇) လုံ တေဇောတက်ရမည်။ တေဇော (၇) လုံ တက်ပြီးလျှင် လက်ချားချော်ဖြင့် ဓာတ်လုံးကိုထိုးလိုက်လျှင် ထိုလက်ချားချော်၏ အရောင်သည် နွားနို့၏ အရောင်သို့မဟုတ် ကြွေပန်းကန်၏ အရောင်ကဲ့သို့ ဖြူနှစ်နှစ်နှင့်ဖွေးပြီးနေပြီဆိုလျှင် ထိုချွံဓာတ်လုံးသည် အောင်မြင်ပါပြီ။

နောက်ဆုံး စခန်းသိမ်းချိန်တွင် မူလဓာတ်ရင်းချွံ (၃) ကျပ်သားသည် ချွံအဆီအနှစ် (၁) ကျပ်၊ (၄) ပဲ (သို့) (၁) ကျပ် စသည်သာ ကျန်နိုင်ပါသည်။

ထိုအချိန်တွင် ရွှေထုံးကိုလုပ်ယူနိုင်ပါပြီ။ ချွံအဆီအနှစ်ဓာတ်လုံး၏ (၄) ပုံ (၁) ပုံ ရွှေ(ကိတ်)ထည့်၍ မီး(၇) အုပ်ခန့်ထိုးလိုက်လျှင် ချွံအနှစ်ဓာတ်လုံးပေါ်တွင် ရွှေထုံးကျပြီးတင်နေပါမည်။

၎င်းရွှေထုံးကို အထက်ဖော်ပြပါ ရောဂါဝေဒနာအပေါင်းတို့ကို ဉာဏ်ရှိသလို အသုံးပြုကုသနိုင်ပါသည်။

ဒါက ဆရာတော်၏ မူလလမ်းစဉ် အမှန်ကိုဖော်ပြခြင်း ဖြစ်ပါသည်။

သို့သော် သတ္တဝါတို့၏ ကံတရားသည် လွန်စွာ ဆန်းကြယ်လှပါသည်။ ဆရာတော်သည် မူလပထမ ချွံရခဲ့စဉ်က ဓာတ်တည်၍ထိုးခဲ့သော ဓာတ်လုံးသည် တစ်ကြိမ်တစ်ခါတည်းနှင့် အောင်မြင်သွားခဲ့သော်လည်း ဝိဇ္ဇာဓရလမ်းစဉ်စည်းမျဉ်းများကို လိုက်နာမှုအားနည်းခဲ့၍ ဓာတ်လုံးပျောက်ဆုံး (ဓာတ်အသိမ်းခံရသည့်) ပြီးနောက်ပိုင်း ချွံပေါင်းမြောက်မြားစွာကို ရှေးနည်းအတိုင်း ဓာတ်တည်၍ထိုးခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။

ထို့ကြောင့် အဂ္ဂိရတ်ဝါသနာရှင် ပညာသင်သူတေသီများကို အထူးမှာကြားလိုသည်မှာ အဂ္ဂိရတ်နှင့်ပတ်သက်သော ဝိဇ္ဇာဓရဓာတ်လမ်းစဉ်များသည် အောင်မြင်ရန်ခက်ခဲသလို ကံအကျိုးပေး၍ အောင်မြင်ခဲ့လျှင်လည်း ဝိဇ္ဇာဓရလမ်းစဉ် စည်းမျဉ်းစည်းကမ်းများကို အထူးလိုက်နာပြီး သီလ၊ သမာဓိ၊ ပညာတို့ကို ဖြည့်ကျင့်နိုင်မှသာ တော်ကာကျမည်ဖြစ်သည်။ ထိုမှသာ မိမိထံမှာ ဓာတ်လုံးမြဲနေမည်။

လွယ်လွယ်တွေးပြီး လွယ်လွယ်ဖြစ်မည်ဟု ဘယ်သောအခါမှ မထင်မှတ်ကြပါနှင့်ဟု သတိပေးချင်ပါသည်။

*□ လောကတွင် မည်သည့်အရာမျှ လွယ်လွယ်ကူကူ အလကားမရပါ။ အဖိုးတန်တာကိုလိုချင်လျှင် တန်ဖိုးကြီးကြီးပေးဆပ်မှသာ အဖိုးတန်ရတနာ ရမည် ဖြစ်ပါသည်။*

(ဝိဇ္ဇာဓရ အဂ္ဂိရတ်အတတ်ပညာနှင့် လောကီစည်းစိမ်မှာ ယစ်မူးပြီးနေမည်ဆိုသည့်အတွေးကို ဘယ်သောအခါမျှ မတွေးမိပါစေနှင့်။ ထိုသို့တွေးနေသမျှ ကာလပတ်လုံး ဓာတ်လမ်းစဉ်အောင်မြင်မှု မည်သည့်အခါမျှမရနိုင်ပါ။)

ဝိဇ္ဇာဓရ ဥပဒေသ စည်းမျဉ်းများကို လိုက်နာပြီး -

သီလ၊ သမာဓိ၊ သတိ၊ ပညာနဲ့ ကံတရားတို့ပြည့်စုံမှသာ -

ဝိဇ္ဇာဓရ အဂ္ဂိရတ်အတတ်ပညာ အောင်မြင်နိုင်မည်သာဖြစ်ပါတော့သည်။

ဝါသနာရှင်များ ပညာပြည့်ဝနှလုံးလှကြ၍ လိုရာသိဒ္ဓိရကြပါစေ။

ရွှေနဝင်း(ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

"မင်းကြားဖူးလား"

"ကြားတော့ကြားဖူးတယ် အစ်ကို မမြင်ဖူးဘူး"

"အေး - ဒီမှာ"

ဖန်ပုလင်းထဲတွင် (၇)ချောင်း၊ (၈) ချောင်းမျှထည့်ထားသော အပ်ကလေးများဖြစ်၏။ အဖုံးဖွင့်ကြည့်သောအခါ အရက်ပြန်နံ့ရ၏။ အရက်ပြန်နှင့်စိမ်ထားပြီး ပုလင်းထိပ်ကို ဂွမ်းလေးဆို့ထား၏။ လက်ကိုင်လေးများမှာ စပရိန်လေးများနှင့်တူပြီး ထိပ်ဆုံးတွင်ဘုလေးရှိ၏။ ငွေရောင်ပိုက်လုံးသေးသေးလေးပါပါ၏။

"ဒါက ဒီပိုက်လေးထဲကို အပ်ထည့်၊ ပြီးရင် လက်လေးနဲ့ရိုက်ထည့်၊ သာသာလေးပဲ။ လက်ညှိုးလေးနဲ့ဖတ်ခနဲတို့ရုံရိုက်လိုက်တာနဲ့ အပ်ကဝင်သွားပြီ။ ဒီတိုင်းလှည့်သွင်းလည်း သိပ်မနာဘူး ရတာပဲ။ ပိုက်နဲ့ကျ အပ်ဝင်သွားလို့ဝင်သွားမှန်း မသိရဘူး။ အသားထဲကို အပ်ဝင်သွားမှ ပိုက်လုံးလေးဆွဲမပြီး ထုတ်လိုက်ရုံပဲ"

"ဩော် - ဟန်ကျလိုက်တာ"

"ပြီးမှလှည့်သွင်းရတယ်။ ငါနမူနာပြမယ်၊ လာ"

ကျွန်ုပ်၏လက်မနှင့်လက်ညှိုးခွဆုံပေါင်းနေသောအသားနေရာသို့ ဖျတ်ခနဲ အပ်ရိုက်သွင်းလိုက်၏။ မြန်လိုက်သည့်ဖြစ်ခြင်း။ ပြီးမှ သူ့လက်နှင့်အပ်ကလေးကိုလှည့်လိုက်လေရာ လက်မှာထုံခနဲဖြစ်သွားပြီး လက်ဝါးနှင့် လက်ချောင်းထိပ်လေးများဆီသို့ အောင့်ခနဲဖြစ်သွား၏။

"အား - အောင့်သလိုပဲ"

"အေး - အဲဒါပဲ"

ပြောရင်းနှင့် အသာလေးပြန်ဆွဲနုတ်သွား၏။ လက်မှာ ဒဏ်ရာပင်မရှိ။

"ဟာ - အသာလေးပဲနော်"

"အေးပေါ့"

"ဒါဘယ်လိုရောဂါပဲဖြစ်ဖြစ်တော်တော်များများတော့နိုင်တယ် ညီလေး။ တော်တော်ထိရောက်တယ် ငါကုနေတာပဲ"

"ဒါဆို အစ်ကို၊ ခြေထောက်တွေဘာတွေအကြီးကြီးဖြစ်ပြီး ရောင်နေတာတို့၊ သွေးကြောလေကြောပိတ်နေတာတို့ဆိုရင်ကော"

"ခေါ်ခဲ့လေ ဘယ်သူရှိလဲ"

"ကျွန်တော့်အဖေ"

"ဘယ်မှာလဲ"

"အခုသက်န်းဆီးသွားပြီ"

"ဩော် - မင်းတတ်လာရင် မင်းဟာမင်းစိုက်လို့ရတာပေါ့"

"ရလား အစ်ကို"


"ရတာပေါ့၊ ဒီပညာကိုက သွေးကြော၊ လေကြောဖွင့်တာပဲဟာ။ အကုန်

# ဆရာဦးမောင်မောင်သန်း

([illegible])

## ပညာရှင်

([illegible])





www.burmeseclassic.com

သွားတာပေါ့"

"ကျွန်တော်သင်ချင်တယ်အစ်ကို"

"အေး - အစ်ကိုလိုက်အပ်ပေးမယ်"

ခာတ်အပ်စိုက်ပညာကို စတင်ရှိခဲ့ရသည့်နေ့မှစ၍ ကျွန်ုပ်အလွန်ဝင်စားလေရာ ထိုအစ်ကိုထံတွင်အပ်ချောင်းလေးများကိုကိုင်ကြည့်ကြည့်နေက စိတ်ကူးယဉ်ပြီး အိပ်မက်တော်ဖြစ်ပါသည်။

"ငါဒီပညာကိုရအောင်သင်မယ်၊ တတ်ရင် ငါ့အဖေရဲ့ခြေထောက်ကိုရအောင်ကုမယ်"

ဟု စိတ်ဆုံးဖြတ်လိုက်ပါတော့သည်။



www.burmeseclassic.com

ထိုအစ်ကိုမှာ တရုတ်ဓာတ်အပ်စိုက်ပညာရှင်ဖြစ်၏။ ပယောဂကုသခြင်းကိုလည်း အလွန်မှနိုင်နင်းကျွမ်းကျင်သူဖြစ်၏။ အရောင်နုလှသောစပို့ရှပ်လက်တိုလှလှကိုဝတ်၊ ခေါင်းလောင်းဘောင်းဘီရှည်ကို စမတ်ကျကျဝတ်ကာ စီးကရက်ခဲ၍ ပယောဂကုသော ထိုအစ်ကိုမှာ ကျွန်ုပ်၏အမြင်တွင် ထူးဆန်းနေ၏။ ပယောဂဆရာနှင့်မတူ၊ မင်းသားနှင့်တူနေ၏။ ကျွန်ုပ်ကြားဖူးထားသော သူ့အကြောင်းမှာ ဝင်ပူးနေသောသူအား နီးရာထင်းချောင်းနှင့် ငယ်ထိပ်ကိုရိုက်ချလိုက်ရာ သွေးများဖြာသွား၏။ ဘေးနားတွင်ကြည့်နေကြသောသူများမှာ သူတို့၏သမီး သွေးဖြိုင်ဖြိုင်ရွှဲနေသည်ကိုကြည့်ပြီး အုန်းအုန်းကျွက်ကျွက်ဆူညံသွား၏။

"ခင်ဗျားတို့အသာနေ ကြည့်နေ။ ဟဲ့-မူရာမာယာများမနေနဲ့။ နင့်ဟာတွေ နင်အကုန်ပြန်သိမ်း၊ တစ်စက်မှမကျန်စေနဲ့နော်"

ဟု ဆိုလိုက်သည်နှင့် ပူးနေသူသည် ခေါင်းမှသွေးများကိုသုတ်ပစ်ရင်း သုတ်ပစ်ရင်း ဘာမှမကျန်တော့ဟုဆို၏။ ပူးရာမှခွာသွားသောအခါ ငယ်ထိပ်တွင် ဘာဒဏ်ရာမှမတွေ့ရသောကြောင့် အားလုံး အထိတ်တလန့်နှင့် အံ့သြကုန်ကြတော့၏။

ကြည့်တော့ မင်းသားပုံ၊ နေတော့ကြမ်းလှ၏။

ထိုအစ်ကိုနှင့် စတင်ရင်းနှီးခင်မင်ခဲ့ရပြီးနောက်ပိုင်း ကျွန်ုပ်မှာ သူ့ဟန်ပန်စတိုင်များကို အလွန်သဘောကျ၏။

အစ်ကိုသည် ပဲခူးတွင်နေထိုင်ပြီး ရန်ကုန်သို့ ဆံပင်လာလာညှပ်တိုင်း ကျွန်ုပ်နှင့် သွားအတူလာအတူနေလေ့ရှိ၏။ သွားလေရာ အပ်ပုလင်းပါ၏။

ကျွန်ုပ်၏ ဖခင်တွင်ဖြစ်နေသော ခြေထောက်ရောဂါအား ဓာတ်အပ်စိုက်ပညာဖြင့် ကု၍ရတော့မည်ဟု ဝမ်းသာရရုံမက အမေသည်လည်း အသက်ရှည်အောင် ဤပညာဖြင့် ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းတွေပြုနိုင်တော့မည်ဟု တွေးရင်းပျော်နေပါပြီ။

တံတားလေး လမ်း၀။

'မြစိမ်းရောင် ဓာတ်အပ်စိုက်ကုဆေးခန်း'။

"ဒီမှာလေ ဆရာ၊ ကျွန်တော်ပြောပြောနေတဲ့ ညီလေး ကရာတေးသမားသင်ချင်တယ်ဆိုတာ"

တရုတ်ဓာတ်အပ်စိုက်ဆရာသည် ဒေါင်ကောင်းကောင်း၊ ကိုယ်လုံးကိုယ်ပေါက်လှပပြီး သန့်စွမ်းတုတ်ခိုင်၏။ အသားမှာဝင်းနေ၏။ နှုတ်ခမ်းမွေးသဲ့သဲ့ရှိပြီး မျက်မှန်တပ်ထားသော ကရင်-တရုတ်အမျိုးသား ဆရာဦးမြင့်ဆွေ ဖြစ်ပါသည်။ ကျွန်ုပ်ကို တစ်ချက်ကြည့်လိုက်ပြီး ဝမ်းသာအားရကြို၏။ လိုက်အပ်ပေးသောအစ်ကို့ကို ကျေးဇူးတင်လွန်း၍ ဘာပြောရမှန်းပင် မသိတော့ပါ။

အစ်ကိုသည် ရှမ်းမျိုးရှမ်းနွယ်ဖြစ်ပါသည်။ သူ့တွင် အစ်မများနှင့် ညီမလည်းရှိ၏။ ရှမ်းလိုပြောကြ၏။ သူ၏အစ်မများသည်လည်း ရိုးသားသောလူအေးများဖြစ်၍ ကျွန်ုပ်ကိုခင်မင်ကြပြီး ဆရာဦးမြင့်ဆွေထံသို့လိုက်လာကြကာ သူတို့ပါဝိုင်းပြီးအပ်ပေးကြ၏။

(မြောက်ဥက္ကလာပ တံတားလေးလမ်းဝရှိ အောင်တော်မူစေတီတော်အနီးတွင် နေထိုင်ကြသော အေးချမ်းသည့်မောင်နှမများဖြစ်ကြပါသည်။)

ကျွန်ုပ်ကို တရုတ်ဓာတ်အပ်စိုက်ပညာနှင့် စတင်မိတ်ဆက်သင်ကြားရန် အကူအညီပေးခဲ့သော အစ်ကိုမှာ -

ယခု ပဲခူးမြို့ အုန်းပင်တန်းလမ်းတွင် ရွှေအပ် ဟူသော တရုပ်ဓာတ်အပ်စိုက်ဆေးကုခန်းဖွင့်ထားသည့် -

ဆရာ ဦးမောင်မောင်လွင် ဖြစ်ပါသည်။ အစ်ကိုသည် ကျွန်ုပ်ကို ညီလေးတစ်ယောက်လိုသံယောဇဉ်ရှိ၏။ ကျွန်ုပ်ကလည်း ပဲခူးရောက်သည်နှင့် အစ်ကို့ကို ဝင်နှုတ်ဆက်တတ်၏။

တရုတ်ဓာတ်အပ်စိုက်ပညာကို စတင်သင်ကြားသည့်နေ့မှစ၍ အကြောလေးများ၏ သဘာဝကို စတင်ထိတွေ့ခွင့်ရလာပါတော့သည်။

ဆရာ့အနီးတွင် ဆရာ့အား ဝိုင်းကူလုပ်ပေးရရင်း အပ်စိုက်ပွိုင့်များကို သင်ယူရ၏။ အကြောနှိပ်သလို နှိပ်ကြည့်ရ၏။ အောင့်သွားသောနေရာလေးများမှာ ထူးဆန်းသလိုဖြစ်နေ၏။

အပ်စိုက်ထည့်ခြင်း၊ လှည့်ခြင်း၊ အသွင်း၊ အထုတ် စသည်တို့မှာ ကိုယ့်ကိုယ်ကိုယ်စိုက်ရင်းမှ အတော်လေးကျင့်သားရလာတော့၏။

အမေ ပြန်ရောက်လာပါပြီ။

ကျွန်ုပ်၏နာမည်နှင့်ဝယ်ပေးထားသော မော်လမြိုင်မီးလောင်ပြင်ရပ်ကွက်မှအိမ်လေးလည်း ပြန်ရောင်းလိုက်ပြီဖြစ်၍ မော်လမြိုင်နှင့်အဆက်ပြတ်သွားပါချေပြီ။

ဆရာ့ထံတွင် အင်္ဂဝိဇ္ဇာပညာများ ပြန်လည်သင်ကြားခွင့်ရပြီဖြစ်သော်လည်း ဆရာသည် သူ့ထံတွင်သင်ယူကြသော အုပ်စုနှင့် လမ်းခွဲလိုက်ပြီဖြစ်၍ အသုံးစွဲရှားပါးရှာ၏။ သို့သော် မညည်းတတ်၊ စိတ်ဓာတ်အလွန်ကြံ့ခိုင်၏။

ကျွန်ုပ်လည်း တစ်ခါတစ်ခါ ရုပ်ရှင်ရုံအောက် ခြေဦးလှည့်လိုက်၊ ရလာလိုက် အမေ့ကိုပေး၊ ဆရာနှင့်အတူသုံးနှင့် တော်တော်လေးကျပ်တည်း၏။

"မောင်မောင်သန်းရေ"

"ဗျာ - ဆရာ"

"မင်းငါ့လိုဒဏ်ခံနိုင်သားပဲ"

"ဆရာရယ် ကျွန်တော်က ဆရာ ကျန်းမာရေးနည်းနည်းထိသွားပြီးကတည်းက ဆုံးဖြတ်ပြီးသား။ ကျွန်တော်ဘယ်လိုနေနေ၊ ဘယ်လိုစားရစားရ ဆရာ့နားက နေခွာကိုမခွာဘူး။ ဆရာ့အတွက်ဘာလုပ်ပေးရမလဲဘဲကြည့်နေတာ။ လူတွေရဲ့သဘာဝတွေဟာ တစ်ခါတစ်ခါတစ်မျိုး ပဲနော်"

"မင်းကိုငါသင်ထားတယ်လေ၊ ရေလိုကျင့်ရမယ်၊ မြေလိုကျင့်ရမယ်ဆိုတာ"

"ဟုတ်ကဲ့ပါ ဆရာ၊ မမေ့ပါဘူး"

"အေး-ဘယ်သူကောင်းကောင်း မကောင်းကောင်း ဘာကိုမှရွေးစရာမလိုဘူး။ ကိုယ်ကောင်းအောင်နေ၊ ကိုယ်ကောင်းအောင်ကျင့်"

"ဟုတ်ကဲ့"

ဆရာသည် စကားအပိုမပြောတတ်။ ကျွန်ုပ်စကားအပိုပြောလျှင်လည်း လုံးဝမကြိုက်။ ဆရာ့ခမျာ တစ်ဦးတည်း ဖြစ်နေ၍ ကျွန်ုပ်၏ရင်တွင်းခံစားချက် ပြောမည်ရှိသေး ဆရာမကြိုက်၍ မျိုသိပ်လိုက်ရ၏။

ဆရာတပည့်နှစ်ယောက် -

အင်းယားကန်စပ်၊ ကန်တော်ကြီး စသည့် ရေစပ်နားများသို့ မကြာခဏ သွားဖြစ်၏။ ရေစပ်နားတွင်ထိုင်ရင်း အရိပ်ကောင်းကောင်း၊ လေလေးတဖြူးဖြူးနှင့် ဆရာ့နှုတ်မှ ပညာစကားများ ကြားရ၏။ စိတ်ရှည်လက်ရှည်သင်ပေးသည့်အခါများရှိလာ၏။

ကျွန်ုပ်ကံကောင်းလာချေပြီ။

ဆရာ့ထံမှ ပညာများ ပြန်လည်သင်ကြားခွင့်ရပြီဖြစ်၏။

သို့သော် -

ဆရာ့အား ဒိပြင်လူများလို လိုလေသေးမရှိမထားနိုင်၍ စိတ်ထဲတွင်ကျိတ်ပြီးဝမ်းနည်းရသည်မှာ အမြဲလိုလို။

"မင်းဘယ်လဲဒီအချိန်ကြီး"

"ဗိုလ်အုန်းသီးကွေ့နားက ဆိုင်ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟေ - ဘာဖြစ်လို့လဲ"

"ကျွန်တော်. . . ကျွန်တော်"

"ရတယ်ပြော၊ ဘာဖြစ်လို့လဲ"

"အရက်တိုးရောင်းရင် တစ်ပုလင်း ကို ပြားလေးဆယ်မြတ်တယ် ဆရာ။ ရင်းက ပြားခြောက်ဆယ်၊ ပြန်သွင်း တစ်ကျပ်ရတယ်။ တစ်နေ့ကို လေး ပါတ်လောက် တန်းလှည့်စီလိုက်ရင် တစ်ကျပ်နဲ့ပြားခြောက်ဆယ်ရမယ်"

"ဟုတ်လား"

"ဟုတ်တယ် အစ်ကို ဆရာ"

"မင်းနဲ့ငါနဲ့ကသွားအတူလာအတူ တွာ။ မင်းမှာလည်း မင်းအမေကို တွေးနေရသေးတယ်၊ ငါ့ကိုလည်း ပြုစုချင်မှာပဲ။ လာပါ ငါပါလိုက်ပါ့

"ဗျာ"

"လာစမ်းပါကွာ၊ ရိုးရိုးသားသား ဆံရှာတာပဲ"

ထိုဆိုင်မှမန်နေဂျာသည် ကျွန်ုပ် ရပ်ကွက်ထဲတွင်နေထိုင်ပြီး အမေနှင့် ၏။ စတွေ့သည့်နေ့က ကျွန်ုပ်အား မရောင်းပဲ ငြင်းလွှတ်ပြီး 'မင်းအခု စမ်း' ဟု လှမ်းဆူ၏။ သူ့အားသေချာ ပြမှ လက်ခံ၏။ မနည်းပြောယူရ၏။

ဆရာတပည့်နှစ်ယောက် ပျော်ရွှင် ဖြင့် တစ်နေ့လျှင် တစ်ကျပ်ပြားခြောက် ဆယ်စီရကြပြီး ဆရာ့ကိုပြုစုခွင့်ရ၏။ ဆရာကြိုက်သော လက်ဖက်ရည်ကို ကျွန်ုပ်၏ချွေးနဲ့စာနှင့် ကန်တော့ခွင့်ရ၏။ ဆရာကြိုက်သော ကြယ်မင်းဆေးပေါ့ လိပ်ကို အစည်းလိုက်ဝယ်ကန်တော့နိုင် ဖြစ်၏။

နေ့ခင်းဆိုင်ခဏပိတ်ထားချိန်တွင် ဆရာတပည့်နှစ်ယောက် (၁၆) ကွေ့မှ ယာကြော်သုပ် တစ်မတ်ဖိုးစီစားကြပြီး ကိတ်ဖြည့်၏။

ဆိုင်အနီးတွင် အလွန်ကြီးမားလှ သော ကုက္ကိုပင်ကြီးတစ်ပင်ရှိပြီး အမြစ် ကြီးများမှာ ထိုင်၍အလွန်ကောင်း၏။ ကျွန်ုပ်တစ်ခါတစ်ခါငိုက်သောအခါ ဆရာ သည် ပြုံးကြည့်နေပြီး သူတင်ပျဉ်ခွေ ထားသည့် သူ၏ပေါင်ပေါ်ကိုမေးငေါ့ပြ ၏၊ ကျွန်ုပ်လည်း ဆရာ့ပေါင်ပေါ် ခေါင်း အုံးအိပ်ရင်း (၁၅) မိနစ်၊ မိနစ် (၂၀)ခန့် အိပ်ပျော်ပျော်သွားတတ်၏။

ဆရာကား ခါးမတ်လျက် ဝင်လေ၊ ထွက်လေမှတ်ရင်းငြိမ်နေတတ်၏။

ဆရာ့ပေါင်ပေါ်တွင် ခေါင်းအုံး၍ အိပ်စက်ရသည်မှာ အလွန်နွေးထွေးလှပါ ၏၊ တစ်ခါမှမကြုံခဲ့ရဘူးသော နွေးထွေး ခြင်းမျိုးဖြစ်ရာ ဘယ်ပီတိနှင့်မှမလဲနိုင်ပါ။ ဆရာသည် ကျွန်ုပ်ကိုပြုပြင်ခဲ့ရာတွင် လူမိုက်ကိုနှိမ်နင်းသောနည်းနှင့်ပြုပြင်ခဲ့ ပြီးမှ ပညာသင်ကြားပေးခြင်း ဖြစ်၏။ နားရင်းပါးရင်းရိုက်သည့်အခါရှိ၏။ ကိ ထိုင်ခြင်းဟုခေါ်သော မြင်းထိုင်ကို နာရီ ဝက်လောက် ထိုင်ခိုင်းတတ်၏။ ဒိုက် အကြိမ် (၂၀)၊ (၃၀) ထိုးရသည့်အခါ လည်းရှိ၏။ ကရာတေးတိုက်ကွက်များ သင်ပေးထားသော တပည့်ဖြစ်၍လည်း လှမ်းထိုး၊ လှမ်းကန်တတ်၏။ ကျွန်ုပ်က မည်သည့်နေရာတွင်မဆို မျက်နှာမပျက် တတ်။ ဆရာမည်မျှဆူဆူ၊ရိုက်ရိုက် အပြုံး မပျက်သည့်အခါ ဆရာတစ်ဖက်သို့လှည့် ၍ ပြုံးနေတတ်၏။

ဆူရင်းဆဲရင်းရိုက်ရင်းပြုံးရင်းစိတ် တိုရင်းနှင့် တပည့်အား သင်ကြားလာခဲ့ ရာ -

ယခု ဗိုလ်အုန်းသီးကွေ့ အရက် ဆိုင်နားမှ ကုက္ကိုပင်ကြီးမှာ ကျွန်ုပ်၏ ဗေဒင်သင်တန်းခန်းမကြီးအဖြစ် ပြောင်း လဲသွားခဲ့ရပြန်ပါပြီ။

"မင်း ဟိုမှာလှမ်းကြည့်စမ်း။ ဘာ တွေ့လဲ"

"နွားနှစ်ကောင်ဝပ်နေတာပါဆရာ"

"အေး - ဘယ်နွားကအရင်ထ မလဲ"

"ဗျာ"

"မဗျာနဲ့၊ ဘယ်နွားက အရင်ထ မလဲ"

"ကျွန်တော်၊ ကျွန်တော်"

"မင်းကို ငါ အခုနောက်ပိုင်းသင် ပေးနေတယ်လေ။ မင်း ဒါလောက်တော့ ပြောနိုင်ရမှာပေါ့"

ကျွန်ုပ်လှမ်းကြည့်နေမိ၏။ အရက် ဆိုင်ခပ်လှမ်းလှမ်းမှာဝပ်နေသော နွား ကြီးနှစ်ကောင်။ တစ်ကောင်က အနက် ရောင်၊ တစ်ကောင်က အဖြူထုံးကျောက် ရောင်။

"အဖြူရောင်အရင်ထပြီးသွားလိမ့် မယ်ဆရာ"

ဆရာ့အကြောင်းကို ကျွန်ုပ်သိ၏။ မေးခွန်းတစ်ခုမေးပြီးလျှင် ဖြေရသည့် အခါ အကြောင်းပြချက်ပါ ဆက်ဖြေရ ၏။

"ဟို - အဲဒီနွားက လမ်းနဲ့အနီးဆုံး နေရာမှာကပ်ပြီးဝပ်နေ. . . ဝပ်နေလို့"

"မင်းပြောသလို အဖြူရောင်တော့ ထမှာသေချာတယ်။ ဒါပေမယ့် မင်းပြော တာမဟုတ်ဘူး၊ မင်းကြည့်လေ၊ဘာအခါ လဲ"

"သောရီအခါပါ ဆရာ"

"အေး - ယာယီမှာဘာရှိလဲ"

"တနင်္လာပါ၊ အဖြူရောင်ပါ"

"သူ့အထက်ကပ်ရက်ဂြိုဟ်က ဘာ ဂြိုဟ်လဲ၊ ဘာတော်လဲ"

"သောကြာ၊ ရန်ဂြိုဟ်ပါ"

"ဒါဖြင့် ချွေ- ဆွတ်- သိမ်း- ရှုနဲ့ ကော မညီဘူးလား"

"ဟုတ်ကဲ့ - ဟုတ်ပါတယ်"

"အေး - ရန်ဂြိုဟ်စီးမှတော့ လှုပ် မယ့်လှုပ်အဖြူရောင်လှုပ်ပြီပေါ့။ အနက် ရောင်ကို မစဉ်းစားနဲ့တော့လေ။ ယာယီ ဂြိုဟ်က အဝင်လား၊ အထွက်လား၊ ဒါပဲ မင်းစဉ်းစားရတော့မှာပေါ့။ ဘာလဲ မိဟ် - ရန် လက်ာလေးတွေကို ပေါ့ပေါ့ တန်တန်မို့ ထည့်မစဉ်းစားတာလား"

"မဟုတ်ပါဘူး ဆရာ၊ မစဉ်းစား တတ်လိုက်လို့ပါ ဆရာ" -

"အေး - အရိုးဆုံးဟာ အဆန်း ဆုံးပဲ"

ကျွန်ုပ် နားမလည်သော်လည်း ဆရာ့စကားကိုမှတ်သားရင်း ဆရာ့မျက် နှာကိုသာကြည့်နေလိုက်ပါသည်။ မကြာ ပါ၊ နွားနှစ်ကောင်လှုပ်လှုပ်ရွရွဖြစ်လာပြီး အဖြူရောင်နွားကအရင်ထ၏။ ပြီးမှ အနက်က လိုက်ထပြီး နှစ်ကောင်စလုံး အရှေ့ဘက်ဆီသို့ ထွက်သွားကြတော့ ၏။

"လူလေး -

နင်ဘာလုပ်ပြန်ပြီလဲ၊ အမေ့ကို ပိုက်ဆံပေးပြန်ပြီ။ ဘာအလုပ်လုပ်ပြန်ပြီ လဲ။ ကိုသန့်ဇင်ဆီမှာပညာသင်နေပြန်ပြီ ဆို"

"ဟုတ်တယ်လေ အမေ။ ဆရာ့ဆီ မှာ သားသင်နေတယ်။ အပ်စိုက်က တော့ သူ့ရက်ပတ်နဲ့သူပဲ"

"ဆရာက ဘာပြောလဲ အပ်စိုက် တာကို"

"ဆရာ့ကိုမပြောဘူး အမေ"

"ဟေ - ဘာဖြစ်လို့လဲ"

"သား အဲဒီပညာကို ဘယ်သူမှ မသိအောင် ကျိတ်သင်ချင်လို့"

အမေသည် ကျွန်ုပ်ကို နားမလည် သလိုကြည့်နေ၏။ ဘာမှတော့မပြော။ ခေတ်အပ်စိုက်ပညာ၏ အတွေ့အကြုံ များကို ဆက်ပြောနေလိုက်၍ ကျွန်ုပ် ဘာအလုပ်လုပ်နေသည်ကိုမမေးတော့၊ အာရုံပြောင်းသွား၏။

တရုတ်ခေတ်အပ်စိုက်ပညာသင် နေသည့်ကာလများတွင် ကိုယ်ခံပညာ ကစားခြင်း တဖြည်းဖြည်းကျဲသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဘကြီးမျှင်ဆီဆိုလျှင် နီးရက်နှင့်မရောက် ဖြစ်သည်ကများလာ၏။ မနက်စောစော ထပြီး အိမ်မှာတော့ တုတ်ကြမ်း၊ ဓားကြမ်းကျင့်ဖြစ်၏။ ကရာတေးကျင့်ဖြစ်၏။

မြတ်မြတ်နိုးနိုး သင်ကြားခဲ့သော ကိုယ်ခံပညာများဖြစ်၍ မကျင့်ဘဲတော့ မနေနိုင်ပါ။

အိပ်လျှင်ပင် ကရာတေးဝတ်စုံ 'ကီ' ကို ဘေးနားထားအိပ်သူဖြစ်၏။ ခါးစည်းနက်ခါးပတ်ကို ခေါင်းရင်းမှာ အမြဲထား၏။

အဆင့်ဆင့်ဖြေကြားပြီး ရယူနိုင်ခဲ့သော ကရာတေးခါးပတ်ပေါင်းစုံကို အိတ်တစ်ခုနှင့် သေချာသိမ်း၍ ခေါင်းရင်းမှာဆွဲချိတ်ထား၏။ ခါးပတ်ရောင်စုံလေးများသည် ကျွန်ုပ်ကို အလွန်စိတ်ဓာတ်မြင့်တင်၏။ ဘဝ၏အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ရသည့်အခါတိုင်း၊ သူများအနှိမ့်ခံရလွန်း၍မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည့်အခါအတိုင်း -

"ဩော် ငါဟာ ခါးပတ်အဖြူကနေ အဝါရအောင် အတော်လေ့ကျင့်ခဲ့ရတာပါလား။ အဝါကနေလိမ္မော်၊ လိမ္မော်ကနေ အစိမ်း၊ အစိမ်းကနေ အပြာရတဲ့အထိ မလျှော့တဲ့ဇွဲနဲ့ ငါကစားခဲ့တာပါလား။ အပြာကနေ အညို၊ အညိုကနေ ခါးစည်းအနက်တက်ခဲ့ရတဲ့ကာလတွေဟာ ဘဝရဲ့အခက်အခဲတွေကို အတော်ရင်ဆိုင်ခဲ့ရတာပါလား။

လုပ်မယ်ဆိုရင် ငါဖြစ်အောင်လုပ်ခဲ့တာပါလား။

ခါးပတ်အဖြူကနေ ခါးပတ်နက်ရတဲ့ထိ အဆင့်ဆင့်ကြိုးစားလာလိုက်တဲ့ ငါ့ရဲ့ဇွဲ - ကြည့်စမ်း။

မဖြစ်နိုင်ဘူးဆိုတာ ငါ့မှာမရှိပါလား။

ဒါလောက် အင်အားသုံးပြီး ကြမ်းကြမ်းတမ်းတမ်း ပြင်းပြင်းထန်ထန် လေ့ကျင့်ကစားခဲ့ရတဲ့ ကိုယ်ခံပညာကိုတောင် ခုလိုရအောင်ကစားနိုင်ခဲ့သေးတာ သာမန် လောကဓံတရားဆိုတာ ဘာမို့လို့လဲ"

ဟူသော စိတ်ဓာတ်ခွန်အားများဖြင့် မကြာခဏအားတင်းနိုင်ခဲ့၏။

ကျွန်ုပ်၏ ဆရာရင်းဖြစ်သူ ဆရာဦးထွန်းအောင်ကျော်စိုးသည် ခါးစည်းစစ်သည့်အခါ သူ၏ချောမောလှပသော မျက်နှာမှာ လုံးဝပြောင်းသွား၏။ တင်းမာခက်ထန်ပြီး မည်သူ့ကိုမျှ မျက်နှာသာ မပေးပေ။

ဗိုက်သားရိုက်ခြင်းကို အကြိမ်ငါးဆယ်ရိုက်ဟုဆိုလျှင် ငါးဆယ်မပြည့်မချင်း စိုက်ကြည့်နေ၏။

ခြေကန်ချက်များကို ရှေ့ကန်ခြင်းတစ်ဖက်နှစ်ရာ၊ ဗိုက်ကန်ခြင်းတစ်ဖက်နှစ်ရာ၊ အောက်ဖြတ်ကန်ခြင်း (ဂေဒန်း) တစ်ဖက်နှစ်ရာဆက်တိုက်ကန်ခိုင်းသည့်နေ့က ကျွန်ုပ်မှာ ခြေများတဆတ်ဆတ်တုန်၍ ပစ်လဲကျသွားသည်ထိ ခံစားခဲ့ရပါသည်။

သို့သော် ဆရာသည် ဆွဲမထူပါ။

စိတ်ဓာတ်ခွန်အားကို အလွန်မြင့်တင်ပေးသောဆရာ ဖြစ်၏။

ရအောင်ထခိုင်း၏။

ခြေကန်လက်ပန်းကျတော့မှအခြားတစ်ယောက်နှင့် တိုက်ခိုက်ခိုင်း၏။ သုံးမိနစ်ပြည့်လျှင် နှစ်ယောက်တစ်ယောက်၊ နောက်သုံးမိနစ်ပြည့်လျှင် ငါးယောက်တစ်ယောက် တိုက်ခိုက်ခိုင်း၏။

ကျွန်ုပ်ကိုထိလာသောထိချက်များမှာ ပရုတ်ဆီ၊ တေဇောဘမ်း၊ လီနမင်လိမ်းရုံနှင့်ပင်မရတော့ပါ။ သက်ရင်းကြီးရွက်နှင့် ကျပ်ထုပ်ထိုးရသည့်ထိ ခံစားခဲ့ရ၏။

မည်မျှနာကျင်သည်ဖြစ်စေ -

ခါးစည်းအရောင်တစ်ဆင့်တက်၍ ဆရာကိုယ်တိုင်ပတ်ပေးလိုက်ပြီဆိုသည်နှင့် ထိုနာကျင်ခြင်းများ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ရပါတော့သည်။

ခါးစည်းအဆင့်ဆင့်တက်ပြီးတိုင်း အခြားသောကလပ်မှ ဆရာ၏မိတ်ဆွေများနှင့်ကစားရ၏။ ကိုယ်ခံပညာပေါင်းစုံနှင့်ကစားရ၏။ အလွန်ထိချက်ပြင်းလွန်း၍ သတိလစ်မတတ်ဖြစ်ခဲ့ရသည်လည်း ရှိ၏။

ဆရာသည် ကျွန်ုပ်ကို အတော်လေ့ကျင့်ပေးခဲ့သူ ဖြစ်ပါသည်။

ခါးစည်းနက်ဖြေရသည့်အချိန်များမှာ နာလန်မထူနိုင်အောင် ပင်ပန်းခဲ့ရပါသည်။ ဗိုက်အကြိမ်ငါးဆယ်ခန့်ထိုးလိုက်ရသည်နှင့် လူမှာ ခြေကုန်လက်ပန်းစဖြစ်လာ၏။ ကျွန်ုပ်လည်း အကြိမ်လေးဆယ်လောက်မရောက်တရောက်မှစ၍ တံတောင်ဆစ် တအားမကွေးတော့။ ကွေးတယ်ဆိုရုံသာ ထိုးနိုင်တော့၏။ ဆရာဘာမှမပြောသော်လည်း မျက်နှာထားမှာတင်းနေ၏။

ခြေကန်ချက်များ၊ လက်သီးထိုးချက်များ FORM ဟုခေါ်သော 'ခတ'နင်းခြင်းများ၊ တိုက်ကွက်များ၊ အိပ္ပွန်းဟုခေါ်သော တစ်ချက်ကောင်းတိုက်ကွက်များ မှ အဆင့်ဆင့်တိုက်ခိုက်ရပြီး နောက်ဆုံး (၁၅) ယောက် (၁) ယောက် တိုက်ခိုက် သည့်အဆင့်ထိ ပြင်းထန်စွာ ကစား ပါသည်။

ခါးစည်းနက်ကို ဆရာကိုယ်တိုင် ပတ်ပေး၍ ခါးစည်းနက်ရလာသည့် မလျှော့သောဇွဲလုံ့လဝီရိယနှင့်အား မာန်ပြည့်ကစားခဲ့ခြင်းအား ဂုဏ်ပြု အနေဖြင့် ဆရာကိုယ်တိုင် ဦးညွှတ် သည့်နေ့က ကျွန်ုပ်မှာ မျက်ရည်များ ကျခဲ့ရပါသည်။

ထိုနေ့ကို ဘယ်တော့မှမမေ့ တော့ပါ။

"မောင်မောင်သန်းရေ"

"ဗျာ"

"မင်းဟိုနေ့ကပြောထားတဲ့အ လေ၊ အဲဒါလုပ်မှာလား"

"လုပ်မယ်လေ၊ တစ်နေ့ လောက်လဲ"

"ငါးကျပ်လေကွာ"

"လုပ်မယ် အစ်ကို"

"အေး - ငါ့လူကလည်း သွားတာသုံးရက်ရှိပြီ။ ငါ့မှာဒေါင်း စိုင်းနေတာပဲ။ လုပ်မယ်ဆို မနက် စမယ်"

"ဟုတ်ကဲ့"

ဟန်ကျချေပြီ။

ဘေထုပ်ထည်ပစ္စည်းများ ထားသည့် အထုပ်ကြီးအား လိုက် ပေးရသည့်အလုပ်ရချေပြီ။

အမေ့ကို လာပြောသည့် အမေငို၍ ကျွန်ုပ်မှာ အမေ့အား မပေးရဲ။ ဘေထုပ်ထမ်းခိုင်းသည့် နှင့် တစ်နေရာကိုချိန်းဆိုပြီးမှ ကျွန် ထမ်းပြီး ကားဂိတ်ရောက်အောင် ၏။ ကားပေါ်တင်၊ မြို့ထဲရောက် ကားဂိတ်မှ လေဟာပြင်ဈေးဆီသို့ ဆိုင်ရောက်လျှင် အထည်များထုတ် ပေးရ၏။ ရောင်းတော့ ထိုအစ် ရောင်း၏။ ညနေပြန်သိမ်းလျှင် က ပြန်ထမ်းလာ၊ ကားဂိတ်မှ လမ်းထိပ်နားထိထမ်း၊ ပြီးမှ ခပ်တည်တည်ပြန်လာ၏။ နေ့တစ် ဖြစ်၍ နေ့တစ်ဝက် မနက်ပိုင်းနှင့် ည တွင်အား၏။

အားသောအချိန်များရသော် အထုပ်ထမ်းထား၍ ခြေကန် ကျနေသောကြောင့် အပြင်သို့ ဖြစ်တော့။ ဓာတ်အိပ်ကိုပင် သွားရ၏။ ရောက်သည်နှင့် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ခဏတစ်ဖြုတ်ဝိုင်းကူပေးပြီး ရှစ်နာရီထိုးလျှင် ဆေးခန်းပိတ်တော့၏။

ကိုယ့်ကိုယ်ကိုယ် ငါသည် ကံအတော်နည်းလှသည်။ ငါ့ကံကောင်းအောင် ငါကိုယ်တိုင် ကျင့်ယူမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သောကြောင့် အာစရိယ ဆရာအရှင် သင်ကြားပေးခဲ့သော ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်ကို နေ့စဉ်အပျက်မခံ ရွတ်၏။ သွားရင်းလာရင်း ဂုဏ်တော် (၉) ပါးကို အကြိမ် (၁၀၀၀) ရအောင်ရွတ်၏။

တစ်နေ့ငါးကျပ်ရသော ဈေးနှဲ့စာထဲမှအမေ့ကိုပေးပြီးသည့်အပြင် သက်န်းဆီးနေသော အဖေ့ကို တစ်လတစ်ဆယ်ကန်တော့နိုင်၏။ စာတိုက်က ပို့ပို့ပေးရ၏။

အဖေ့ခြေထောက်ကို ကုသနိုင်ရန် အချိန်ရှိသရွေ့ ကြိုးစားပြီး ပညာရှာနေသူဖြစ်သောကြောင့် အဆီအငေါ်မတည့်ခဲ့ပါ။ မကောင်းသောပညာများကို မရရအောင်ယူခဲ့သော်လည်း အာစရိယဆရာအရှင်၏ ခွင့်မပြုခြင်းကြောင့် ဘာမှအဖတ်မတင်ခဲ့ပါ။

ကျွန်ုပ်၏စိတ်ထဲတွင် လူငယ်ပီပီ-

'ငါ့ဆရာအရှင်သည် ငါ့အားလိမ္မာထဉ်ကျေးအောင် နူးညံ့သိမ်မွေ့စွာနဲ့ဆုံးမခဲ့ ပုံသွင်းခဲ့သည်။ လိုအပ်သည့်အခါ စိတ်စွမ်းအင်များကို လက်တွေ့ပြ၍ ဆုံးမခဲ့သည်။

မည်သည့်အခါမျှ အကုသိုလ်ဖြစ်အောင် လမ်းမပြခဲ့။

ကုသိုလ်ရရာရကြောင်းကိုသာသွန်သင်ညွှန်ပြလမ်းပြခဲ့သော ကျေးဇူးရှင်ဖြစ်၏။

ဆရာအရှင်၏ ဆိုဆုံးမမှုများမှာ နူးညံ့သိမ်မွေ့လွန်း၍ ကျွန်ုပ်မှာ ဆရာ့ရှေ့ရောက်လျှင် စကားကျယ်ကျယ်မပြောရဲ၊ သန်လျှင်ဆာဒူးဂူသို့ ဆရာနှင့်အတူလိုက်ရသည့်အခါများတွင် နှစ်ထပ်သဘော်ကြီးပေါ်၌ ဆရာ့နားကပ်မထိုင်ရဲ၊ အသံကျယ်ကျယ်ပင်မရယ်ရဲ။ ဤမျှထိ ချစ်ကြောက်ရိုသေလေးစားရသော ဆရာအရှင်သူမြတ်ဖြစ်ပါသည်။

ကျွန်ုပ်သည် ဆရာအရှင် ချီးမြှင့်သော ဓာတ်လုံးရေကို အမြဲလိုလိုသောက်နေရသည့်အတွက် ရောဂါကြီးကြီးမားမား ဘာမှမဖြစ်။

ဆရာအရှင်နှင့်အတူ ဆာဒူးဂူသို့လိုက်သွားလိုက် -

ဆရာအရှင်အမိဋ္ဌာန်ဝင်ရာဘုရားစေတီများတွင် (၁၀၈)ပွဲနှင့်ပူဇော်သော ဗုဒ္ဓပူဇနီယပွဲသို့လိုက်ပါပြီး တစ်ရက်တတ်နိုင်တတ်နိုင်၊ နှစ်ရက်တတ်နိုင်တတ်နိုင် လိုက်ပါကျင့်၏။ ဝေယျာဝစ္စကုသိုလ်များကို ရအောင်ယူ၏။ ဆရာအနီးအပါးတွင် သိပ်နေလေ့မရှိ။ ဆရာအရှင်အား ပါရမီဖြည့်ကုသိုလ်ယူကြသောဝေယျာဝစ္စပြုလုပ်ကြသူများနှင့်အတူ ကုသိုလ်ယူ၏။

တဖြည်းဖြည်းနှင့် ရက်မှလ၊ လမှသည်နှစ်ရလာသည်နှင့် ကျွန်ုပ်၏ နှလုံးသားထဲဝယ် ဆရာအရှင်ကဲ့သို့ (၇)ရက်သားသမီးများကယ်ချင်စိတ် ပြင်းပြလာတော့၏။ဆရာ့ကိုအားကျလာ၏။ ဆရာအရှင်ကျင့်ကြံအားထုတ်မှု၊ တည်ငြိမ်မှု၊ စိတ်မနောစွမ်းအင်သမာဓိအားကောင်းမှုတို့ကို အားကျလာတော့၏။

"လူတွေကိုကယ်တယ်ဆိုတာကိုယ်တိုင်ကလည်း သီလတွေ၊ သမာဓိတွေ၊ ပညာတွေအားကောင်းမှကယ်နိုင်တာသားရဲ့၊ ကိုယ့်မှာလည်း အခံရှိထား မှ"

"အခံဆိုတာ ပညာခန်းတွေဘာတွေတတ်ထားရမယ့်သဘောပေါ့နော် အမေ"

"ဒါတင်ဘယ်ဟုတ်မလဲ၊ ကျင့်ကြံအားထုတ်တဲ့ စရဏတရားကလည်းလိုသေးတာပေါ့"

ကျွန်ုပ်ကိုပြောရင်း အမေအကဲခတ်နေ၏။ အမေ့အကြည့်တွင် ဒီကောင်လေး ဘယ်လိုစိတ်ကူးဝင်လာပြန်ပြီလဲ မသိဘူး။ သူ့ဆရာကိုအားကျနေလိုက်တာကြည့်စမ်း ဟူသော သဘောသက်ရောက်နေ၏။

ကျွန်ုပ်ကလည်း ဆရာအရှင်ကို ဖခင်တစ်ယောက်လိုရော အစ်ကိုကြီးတစ်ယောက်လိုပါ အလွန်သံယောဇဉ်ဖြစ်ရလွန်း၍ -

တစ်နေ့ -

မစပ်တတ်စပ်တတ်ကဗျာလေးစပ်ပြီး ဆရာ့ကို ကန်တော့ချင်စိတ်ပေါက်လာ၏။ စပ်လိုက်ပြီး ဆရာ့အားသွားပြလိုက်၏။

ဆရာအရှင်အား ကြည်ညိုကြသူ၊ ရိုသေကြသူများက ဆရာ့အား 'သမာဓိဆရာအောင်' အဖြစ် သိထားကြ၏။ ထို့ကြောင့် ကျွန်ုပ်က -

**သ** *တိစိတ်ဖြင့် ရိုပ်သွင်ကြေးမုံ ဘဝစုံ*
*ကို ကုန်စင်လှော်ခတ် ကျော်ဖြတ်*
*သည့်ခါ၊*

**မာ** *ခိုင်တည်တုံ စိတ်မပြုန့်ဇအောင်*
*မဂ္ဂင်ဖောင်စီး ကြီးသည့်ပညာ၊*

**ဓိ** *ဋ္ဌာန်ချက် မပျက်အောင်မြင်စွာ၊*

**ဆ** *ပွားကြံစည် ပါရမီဖြင့် ဖီလာထုတ်*
*ချင်း လူ့ဘောင်တွင်းသို့ ချင်းနင်း*
*ရောက်လာ၊*

**ရာ** *ဝင်ပြည့်အိုး ပညာမျိုးသို့ မိုးထိ*
*ကျော်ကြား ဘုန်းကံများစွာ၊*

**အောင်** *အတိတ် အောင်နိမိတ်များဖြင့်*
*သာ၊*

**အောင်** *သည့်စခန်း 'အောင်'လမ်းများစွာ*
*သာသနာအားပြုထားလေရာ၊*

**ပါ** *ရမီဖြည့် မမေ့ငါးဖြာ၊ ခန္တာပတ်ငုံ၊*
*သီလလုံကာ၊*

**စေ** *တစ်လုံးနှင့် ရွှေဘုန်းတောက်ပစွာ။*

**တပည့်မောင်မောင်သန်း**

(ဆရာအရှင်အား ကြည်ညိုလွန်း၍ မစပ်တတ်စပ်တတ်နှင့် စပ်ခဲ့သော ကဗျာလေးဖြစ်ပါသည်။

ကျွန်ုပ်ကဗျာမစပ်တတ်ပါ။

ဆရာအရှင်ကို ကြည်ညိုရိုသေလွန်းပြီး နှလုံးသားမှ သူ့အလိုလိုထွက်လာပြီး ပူဇော်သည့်စာသားများဟု ဝန်ခံပါသည်။

ဖတ်ကောင်းချင်မှကောင်းပါမည်။

သို့သော် ကျေးဇူးရှင်ဆရာအား ပူဇော်ခဲ့သောကဗျာလေးဖြစ်၍ နှစ်ပေါင်းလေးဆယ်ကျော် ကြာခဲ့ပြီဖြစ်သော စာအုပ်လေးထဲမှ ပြန်ရှာတွေ့ပြီး ပညာရှင်ပရိသတ်ကြီးအတွက် တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။)

ဤသို့ ရေးသားပြီး ကျေးဇူးရှင်ဆရာအား ပူဇော်ခဲ့ပါသည်။

ထိုစာသားလေးများကို နေ့စဉ်အကြိမ်ကြိမ်ဖတ်ရင်း ဆရာအရှင်အားအကြိမ်ကြိမ်ရှိခိုးနေမိ၏။

စိတ်မနောကို သိနိုင်စွမ်းသော ပုဂ္ဂိုလ်ထူးဖြစ်နေ၍ ဆရာအရှင်၏ရှေ့ရောက်လျှင် (သို့) ဆရာအရှင်သွားလေရာနောက်သို့လိုက်ရလျှင် ကျွန်ုပ်မှာစိတ်ကူးတောင်မယဉ်ရဲပါ။ တောင်တွေးမြောက်တွေးပင် မတွေးရဲပါ။ အရဟံဗုဒ္ဓေါကိုသာ နှုတ်မှတတွတ်တွတ်ရွတ်နေလိုက်၊ အသက်ရှူလျှင် အရဟံဗုဒ္ဓေါနှင့်ရှုလိုက်နှင့် စိတ်ကိုအတော်ချုပ်တည်းနေရလေ့ရှိ၏။

တစ်နေ့ -

ဆရာအရှင်သည် ဘာမှမရှိသော လက်ထဲတွင် အလိုလိုရောက်လာသော ဓာတ်လုံးလေးတစ်လုံးအား ကျွန်ုပ်ကိုပေး၏။ ကျွန်ုပ်မှာအံ့ဩလွန်း၍ဘာပြောရမှန်းပင်မသိ။

www.burmeseclassic.com

ကျွန်ုပ်အကြိမ်ကြိမ်စိတ်ကူးခဲ့ရပုံများအား အကြိမ်ကြိမ်ပြောပြခဲ့ဖူးသည်ဖြစ်ရာ စိတ်တန်ခိုးစွမ်းအားကြီးမားကြောင်း၊ သမာဓိအားကြီးလှကြောင်း ကျွန်ုပ်သိ၏။

ဆရာအရှင်မဆိုထားဘိ ဆရာ၏တပည့်ဆရာဆန်းပင်လျှင် လူတစ်ယောက်ကို စိတ်ကူးခိုင်းပြီး ဒိုးခနဲဒေါက်ခနဲပြောနိုင်စွမ်းသည်ဖြစ်ရာ ဆရာအရှင်ဆိုလျှင် ပြောဖွယ်ရာမရှိပြီ။

ဆရာဆန်းသည်လည်း ကျွန်ုပ်တို့ကဲ့သို့ပင် ဆရာအရှင်နောက်တကောက်ကောက်လိုက်ရင်း ပညာများယူခဲ့ရသူဖြစ်၏။

လူ့စိတ်မနောကိုပြောနိုင်စွမ်းသော ဆရာဆန်းမှာ ကျွန်ုပ်တို့ထက်များစွာသာသောအချက်ရှိ၏။

ဤသည်မှာ တည်ငြိမ်စွာနေခြင်း၊ အရဟံဗုဒ္ဓေါကို တစိုက်မတ်မတ် ပုတီးစိပ်ခြင်း၊ အရဟံဗုဒ္ဓေါကိုပင် တစိုက်မတ်မတ်ရှုမှတ်ခြင်းတို့ဖြစ်၏။

တစိုက်မတ်မတ် ရေတွင်းတူးခဲ့သူလိုဖြစ်ရာ ရေထွက်ခဲ့ပြီဖြစ်၏။

ကျွန်ုပ်တို့က ဟိုပုတီးစိပ်လိုက်၊ ဒီပုတီးစိပ်လိုက်၊ ဟိုဂါထာစိပ်လိုက်၊ ဒီမန္တန်စိပ်လိုက်နှင့်ဘာမှကိုအရာမရောက်ဖြစ်နေ၏။

အရဟံဗုဒ္ဓေါကို ရှုမှတ်ချင်မှတ်လိုက်၊ တော်ကြာစိတ်ကူးတွေယဉ်လိုက်နှင့် စိတ်မှာဂနာမငြိမ်ပါ။

အချို့က ဆရာသည် ဆရာဆန်းကိုပညာများ ကျိတ်ပေးထားသည်ဟုပြောကြ၏။

မဟုတ်ပါ။

ဆရာအရှင်သည် ကျောသားရင်သားမခွဲခြားပါ။ မည်သူ့ကိုမဆို အရဟံဗုဒ္ဓေါ ဟူသော အာနာပါနဗုဒ္ဓါနုဿတိဘာဝနာစီးဖြန်းခိုင်းသည်ချည်း ဖြစ်၏။ အရဟံဗုဒ္ဓေါကိုပင်ပုတီးစိပ်ခိုင်း၏။

စွဲစွဲမြဲမြဲကျင့်ကြံအားထုတ်ခြင်းမှာ ကွာခြားသွားပြီဖြစ်၍ တစိုက်မတ်မတ်ရှုမှတ်နိုင်စွမ်းသော ဆရာဆန်း၏ စိတ်စွမ်းအားကို ကျွန်ုပ်တို့ လိုက်မမီကြခြင်းဟု ရိုးသားစွာ ဝန်ခံရမည်ဖြစ်၏။

စိတ်စွမ်းအားကြီးမားစွာနှင့် စိတ်ကူးကြံစည်သမျှကိုပြောနိုင်ရုံမက ယခုလေထဲတွင် အလိုလိုရောက်လာသော ဓာတ်လုံးလေးကြောင့် ကျွန်ုပ်မှာ စကားပင်မပြောနိုင်လောက်အောင် အံ့သြနေရပါပြီ။

စိတ်ထဲတွင် ငါလည်း ဆရာ့ဆီက ပညာများရသည့်အခါ ပရိသတ်တွေ၊ တပည့်တပန်းတွေကို တအံ့တသြဖြစ်အောင် လက်တွေ့ပြပြီး ရတနာမြတ်(၃)ပါးဂုဏ်ကျေးဇူးတော်ကို ကြည်ညိုမြတ်နိုး သဒ္ဓါရိုကျိုးဖို့ ကြိုးစားကျင့်ကြံခိုင်းရမည်ဟု စိတ်ကူးယဉ်နေမိပါသည်။

❏

"ဟဲ့ - လူလေး၊ လူလေး"

"ဗျာ"

"မဗျာနဲ့ ထစမ်း နင်"

မနက်စောစောကြီးရှိသေး အမေနှိုးလိုက်၍ ကပျာကယာ ကုန်းထလိုက်၏။

"ဘာဖြစ်လို့လဲ အမေ"

"နင်မောင်ထူးဆီမှာအထုပ်လိုက်ထမ်းနေတယ်ဆို"

"ဘယ်- မဟုတ်ကဟုတ်က အမေကလည်း၊ သားကထမ်းမတဲ့လား။ အမေ့ကို ဘယ်သူပြောလဲ"

"ဟိုဘက်လမ်းကမစောပြောတာ။ သူတို့တွေ့ခဲ့တယ်တဲ့၊ မင်းအထုပ်ထမ်းနေတာ။ ဒါကြောင့် နင် နေ့ခင်းပျောက်ပျောက်သွားနေတာကိုး။နေ့တိုင်းပျောက်နေတာ တစ်လလောက်ရှိပြီ၊ လက်စသတ်တော့"

"အမေလည်း၊ သားကလုပ်မတဲ့လား။ ဟိုတစ်ခါ ကိုမောင်ထူးနေမကောင်းလို့ လမ်းမှာကြုံတာနဲ့ဝိုင်းပြီးအထုပ်ပို့ပေးလိုက်တာပါ။ တစ်ခါလား၊ နှစ်ခါလား ဒါပါ"

"လူလေး သား အမေ့ကိုလိမ်နေသလိုပဲ အမေခံစားနေရတယ်။ အမေသိနေသလိုပဲ"

"တကယ်ပါ အမေ၊ အမေစိတ်



မချမ်းသာအောင် သားလုပ်ပါ့မလား"

ကျွန်ုပ်လိမ်တတ်နေပါပြီ။

အထူးသဖြင့် လောကဓံတရား... ကြုံကြုံခံ၍ ကျွန်ုပ်ကို လူလားမြောက်အောင် ကျွေးမွေးပြုစုစောင့်ရှောက်... သော အမေ့အား မလိမ်ချင်ပါ။ အမေ့ကိုချစ်ပါသည်။ မလိမ်ရက်ပါ။

သို့သော် -

ကျွန်ုပ်၏ စိတ်ထဲတွင် ဖွင့်ပြော... လိုက်ရပါက အမေငိုတော့မှာသေချာ... ဖြစ်၏။ ငိုရင်း သတိလစ်တတ်၍တ... တောင်သွားနိုင်သည်။ သားလုပ်သူ... သူကိုယ်တိုင်တောင် မခိုင်းရက်လေ... သူများခိုင်းသည်ဟုကြားလျှင် အကြီး... ကျယ် စိတ်ထိခိုက်သွားတော့မည်ဖြစ်... ၏။

ထို့ကြောင့် အမှန်အတိုင်းဖွင့်ပြော... လျှင် အမေစိတ်မချမ်းမသာဖြစ်တော့... မည်ကိုတွေး၍ အမေစိတ်မချမ်း... အောင်မလုပ်ဟု ဆိုလိုက်ခြင်းဖြစ်... သည်။ အမှန်အတိုင်းမပြောဟု ဆိုလို... ခြင်း ဖြစ်ပါသည်။

"ဒီမှာ ငါပြောမယ်၊ ငါတာ သား... နဲ့သမီးကို ဘယ်လောက်တန်ဖိုး... တယ်ဆိုတာ သိတယ်မို့လား"

"သိတယ်လေ အမေကလည်း... သားဘာဖြစ်နေလို့လဲ"

"အေးလေ. . ."

အမေဘာမှမပြောတော့။ ကိုမော... ထူးတို့နေသောဘက်ဆီသို့ငေးကြည့်... မျက်နှာလေး ငိုင်တိုင်တိုင်ဖြစ်နေ... စဉ်းတော့စဉ်းစားနေပါလိမ့်မည်။ အမေ... စဉ်းစားပုံမှာ တော်တော်လေးရှည်လျား... နေဟန်ရှိ၏။ ဘာမှတော့မပြော။

အမေသည် အကြောင်းမဲ့အ... ပြင်းမချတတ်။

အကြောင်းမဲ့မညည်းတတ်။

လောကဓံတရားများကို ရင်ဆိုင်... ကြုံတွေ့ရသည့်အခါ ကျွန်ုပ် နမူနာ... ရလောက်အောင် အတော့်ကို သည်း... ကြံ့ကြံ့ခံနိုင်ခဲ့သော စိတ်ဓာတ်ရှင်ဖြစ်... ဘယ်တော့မှမညည်းတတ်။ ယခု... တောင် မငိုင်တတ်။

အမေ့မျက်နှာလေးသည် ဖျော့... ခေါ် ဆောင်ရာသို့ မညည်းမညူ... ပါနေသောကြောင့်လားမသိ အရေး... ကြောင်းလေးများရှိနေပါပြီ။ သို့သော်...

ကျွန်ုပ်၏မျက်စိထဲတွင် ခံ့ညား... သောအလှအပနှင့် လှပနေသော... ချောမောနေသေးသောအမေ -

ချစ်စရာအပြုံးကလေးမျာ...



www.burmeseclassic.com

www.burmeseclassic.com

နိုင်သောအမေ -

မျက်နှာချက်ချင်းတည်သွားပြီး -

"မောင်ထူးကိုသွားခေါ် စမ်း"

မကြာပါ၊ ကိုမောင်ထူးရောက်လာ၏။ ကိုမောင်ထူးကို လမ်းမှာပိတ်လာ ထိုက်ရသည်မှာ အမော။

"မောင်ထူး"

"ဗျာ - အကြီး"

"ငါ မင်းနဲ့ အလုပ်စပ်တူလုပ်ချင်တယ်၊ စပ်တူဆိုတာက အကြီးကပိုက်ဆံထည့်မယ်၊ ပြီးတော့သားလိုက်လိမ့်မယ်။ မင်းညီကို မင်းအထည်ကောက်ပုံရောင်းပုံတအစသင်ပေးပါကွယ်"

"ရတယ်လေ အကြီး၊ ညီအစ်ကိုတွေပဲဟာ ရပါတယ်"

"အေး-အကြီးကတော့ နှစ်ထောင်လောက်ပဲတတ်နိုင်တယ်။အဲဒီနှစ်ထောင်ကို ငါ့သားကကိုင်ပြီး အထည်ဝယ်ပေးပါ။ မြတ်တဲ့အပေါ် တစ်ယောက်တစ်ဝက်ပေါ့၊ ဒါလေးတော့ အကြီးကိုကူညီပေးပါ။ မင်းညီလေးလည်းအလုပ်ရသွားအောင်လို့ပါ"

အလွန်အကင်းပါးလှသော၊ အလွန်လျှင်လှသောအမေဖြစ်၏။ တစ်ခွန်းချင်းပြောရင်း ကိုမောင်ထူးမျက်နှာကို အကဲခတ်နေ၏။ ကိုမောင်ထူးကပေါ်မှာစိုး၍ ထင်၏။ ခေါင်းကြီးငုံ့လျက်။

"သားတို့အထုပ်ထမ်းဖို့ လူငှားရင်လည်း အကြီးပိုက်ဆံထဲက တစ်ဝက်ခံမယ်"

ငုံ့ထားသော ကိုမောင်ထူး၏ မျက်နှာသည် အနည်းငယ်စောင်းသွားပြီး မျက်လုံးက ကျွန်ုပ်ဆီသို့စွေကြည့်၏။ ပြီးမှ တစ်ချက်၊ နှစ်ချက် ခေါင်းကုတ်လိုက်ပြီး -

"ရပါတယ် အကြီးရ၊ ကျွန်တော်လုပ်ပေးမယ်"

လုပ်ငန်းသစ်နှင့် ဘဝသစ်တစ်ခု စတင်ခဲ့ပါပြီ။

"လေးငါး ငါးဆယ်၊ လေးငါး ငါးဆယ်၊ လေးငါး ငါးဆယ်"

လေဟာပြင်ဈေးတွင် ကိုယ့်ပိုက်ဆံထည့်၍ စတင်ဈေးလိုက်ထွက်ရသည့်နေ့က ဝမ်းသာအားရနှင့် အားရပါးရ ဈေးအော်ရောင်းရလွန်း၍ အသံများပင်ဝင်နေတော့၏။

မိတ်သစ်ဆွေသစ်အပေါင်းအသင်းသစ်များ ထပ်တိုးလာပြန်၏။

ပျော်ဖို့လည်းကောင်း၏။

စရိုက်ကြမ်းကြမ်းများနှင့်လည်း ဆက်ဆံရ၏။

သို့သော် လူမိုက်များကြားတွင် အတော်လေး ကျင်လည်ခဲ့သော ကျွန်ုပ်အဖို့ မဆန်းတော့ပါ။ ထိုးဟယ်ကြိတ်ဟယ်၊ သတ်ဟယ်ပုတ်ဟယ်မှာ ကျွန်ုပ်၏ဝါသနာလိုဖြစ်နေ၍ သူတို့စရိုက်ကြမ်းခြင်းများသည် ကျွန်ုပ်အတွက် နူးညံ့၍ တောင်နေပါသေးသည်။

သူခိုးများမိလျှင် ဝိုင်းထိုးကြိတ်လိုက်ကြသည်မှာ ရစရာမရှိ။

တစ်နေ့ -

"ဗုန်း ခွပ်"

"အင့်"

"ဒုတ်"

"အမလေးဗျ"

ကြည့်မကောင်းတော့။ နီးရာတုတ်တစ်ချောင်းနှင့် သူခိုး၏ပခုံးကိုပိတ်ရိုက်လိုက်ရာ သူခိုးမှာ ကျွန်ုပ်ထိုင်နေရာဘေးတွင် ပုံခနဲလဲကျသွား၏။ လက်သီးနှင့်ဝိုင်းထိုးကြသည်ကို မပြောလိုပါ။ တုတ်နှင့်ရိုက်လိုက်သည်မှာ ခေါင်းသာဆိုကွဲပြီ။ ကျွန်ုပ်လည်း ဘာဖြစ်သွားမှန်းမသိ။ ဝုန်းခနဲထရပ်လိုက်ပြီး လဲနေသောသူခိုးဘေးတွင် ရပ်လိုက်၏။

"ဟေ့လူတော်တော့၊ ဒီမှာမထနိုင်တော့ဘူး"

"ဟာ - မင်းကသူနဲ့ဘာဆိုင်လို့လဲ"

"မဆိုင်ပေမယ့် တော်ရောပေါ့ဗျာ။ ခင်ဗျားတို့ကို ဘာမှမှပြန်မလုပ်နိုင်တော့တဲ့သူကို ဘာလုပ်မှာလဲ"

"ဟေ့ကောင်၊ ဒါသူခိုးကွ"

"အေးလေ၊ ဒါလောက်လုပ်ရရင်တော်ပြီပေါ့။ ကျေနပ်ပါဗျာ၊ ထပ်လုပ်ရင်သေရုံပဲရှိတော့တယ်။ ဘာမှလဲပါသွားတာမှမဟုတ်တာ"

အုပ်စုလိုက်ရိုက်တတ်သောနေရာဖြစ်ပါသည်။ ထို့ကြောင့် အနားသို့ရောက်လာကြသော သုံး၊ လေးဦးအား သတိအလွန်ထား၍ ရင်ဆိုင်လိုက်ပါသည်။ သူတို့၏လက်အလှုပ်ကို ကြည့်နေလိုက်၏။ လှုပ်သည်နှင့် ကျွန်ုပ်က ဦးအောင်လုပ်ရန် ဆုံးဖြတ်ပြီးပြီဖြစ်ရာ -

"ကဲ၊ကဲ-ဟုတ်ပါတယ်ကွာ၊ တော်ကြပါတော့။ သူလည်း ဒီမှာအထည်ရောင်းတာပါ။ တစိမ်းတွေမဟုတ်ပါဘူး။ ညီလေးတို့သွားကြတော့"

တစ်ဆိုင်ကျော်မှ ကိုတင်အောင်ဝင်ပြောလိုက်သည်နှင့် သူခိုးနောက်ပြေးလိုက်လာကြသူများ မလှည့်ချင်လှည့်ချင် ပြန်လှည့်သွားကြ၏။ ကျွန်ုပ်ကိုလှည့်ကြည့်လှည့်ကြည့်နှင့်။

သူခိုးသည် လူးလဲထ၍ ကျွန်ုပ်နှင့် ကိုမောင်ထူးကို လက်အုပ်ချီ၏။ ကိုမောင်ထူးက -

"အေး - မင်း ငါ့ညီကြောင့်၊ နို့မို့ဆိုရင်. . ."

"ဟုတ်တယ်၊ ကျွန်တော်သေသွားနိုင်တယ်"

"အေး - သွားတော့ကွာ၊ နောက်မလာနဲ့"

ကိုမောင်ထူးက ကျွန်ုပ်အားကြည့်လိုက်ပြီး -

"မင်းက ကစားတယ်ဆိုတာတော့ ငါကြားတယ်ကွ။ မင်းတို့လမ်းထဲက ချာတိတ်တွေပြောတယ်။ ငါတော့ တီးကုန်ပြီမှတ်တာ"

"မဖြစ်ပါဘူး အစ်ကိုရာ။ စီးပွားရှာနေတဲ့နေရာပဲ၊ ကျွန်တော်ရန်မဖြစ်ပါဘူး။ ဒါပေမယ့် ဘာမှမလုပ်နိုင်တော့တဲ့ လူတစ်ယောက်ကို နင်းကန်လုပ်နေတာကျတော့ မတရားဘူးထင်လို့"

"တော်နေကြာ မင်းကိုတစ်မျိုးထင်မှာစိုးလို့ပါ။ သူကသူခိုးဆိုတော့"

"ကျွန်တော်ကတော့ သူ့ကိုလူတစ်ယောက်လိုပဲကြည့်တာပါ အစ်ကို။ သူခိုးလို့မကြည့်ပါဘူး။ သူခိုးကိုဝင်ကယ်လို့ကြံရပါထင်လည်း မတတ်နိုင်ဘူး ကိုမောင်ထူး။ အမြင်မှမတော်တာ"

ထိုရက်များက -

အင်္ဂဝိဇ္ဇာဆရာသခင် အိမ်ပြောင်း၏။

ဆရာ့ထံအရောက်နည်းနည်းလှမ်းသွား၍ ဆရာအိမ်ပြောင်းသွားမှန်းပင်မသိ။ ဆရာနေသောနေရာကို သွားမှသိတော့၏။

ဆရာအိမ်ပြောင်းသွားသည်မှာ ဘဝမြင့်ရပ်ကွက်ဖြစ်ပါသည်။

ကျိုက္ကဆံဘုရားနှင့်နီးသလို ရန်ကုန်အာနန္ဒာဘုရားနှင့်လည်းမဝေးလှ။ တိုက်ခန်းတွဲပုလေးများဖြစ်၏။ အေးချမ်းလှ၏။

"ဟဲ့-မောင်မောင်သန်း၊နင့်အစ်ကိုညညအိပ်မပျော်တာ တော်တော်ကြာပြီ။ အဲဒါဆေးရုံသွားပြမလားလို့"

"ဘယ်လိုဖြစ်လို့လဲ အစ်မ"

"သူက ပညာကိုချစ်တယ်လေ။ တအားတွေးတာဆိုတော့ အတွေးတွေကို မလျှော့နိုင်ဘူးထင်ပါတယ်။ အိပ်မပျော်ဘူး။ အဲဒါငါသွားပြမလားလို့"

"ခဏနေပါဦး အစ်မ။ ကျွန်တော်ကျွန်တော်တရုတ်ဓာတ်အပ်စိုက်ပညာနဲ့ စိုက်ကြည့်ပါရစေလား။ အစ်မပြောပေးပါ၊ ဆရာ့ကိုမပြောရဲလို့"



www.burmeseclassic.com

www.burmeseclassic.com

ဆရာကတော်ပြောလိုက်သည်ကို လှမ်းမြင်နေရ၏။

"မင်းကဘာလဲ၊ အပ်စိုက်တတ်လို့လား"

"ဟုတ်ကဲ့ - သင်တာ ကြာပါပြီ ဆရာ"

"ငါ့တောင်ဘာမှမပြောပါလား"

"ကျွမ်းကျွမ်းကျင်ကျင်တတ်မှ ဆရာ့ကိုပညာနဲ့ကန်တော့ချင်လို့ တမင်မပြောခဲ့တာပါ ဆရာ။ ပြီးတော့ ကျွန်တော်လေဟာပြင်ဈေးမှာ ဈေးထွက်နေလို့ မအားလည်းမအားလို့ပါ ဆရာ"

"ဩော် - မင်းဈေးထွက်နေလား"

"ဟုတ်ကဲ့"

"အေးလေ - စမ်းကြည့်တာပေါ့။ အပ်စိုက်လို့ ငါ့အာရုံကြောတွေကောင်းသွားပြီး အိပ်ပျော်သွားလည်းပြီးတာပဲ။ ဆေးသောက်စရာမလိုတော့ဘူးပေါ့ကွာ"

ဆရာ့ကိုအပ်စိုက်ခွင့်ရပါပြီ။

အိပ်မပျော်သောဝေဒနာအတွက်စိုက်ရသည့် အပ်စိုက်ကွက်များကို သေချာစိုက်လိုက်၏။ နာရီဝက်ခန့်ထားပြီးမှ ပြန်ဆွဲနုတ်လိုက်သည့်အခါ ဆရာကျေနပ်နေဟန်ရှိ၏။

"လှည့်လိုက်ရင် အကြောအတိုင်း တန်းပြေးတာပဲနော်။ မင်း ငါ့လက်ကောက်ဝတ်ကိုစိုက်ပေးပြီး လှည့်လိုက်တာ လက်ဖျားတွေအထိပြေးတယ်"

"ဟုတ်ကဲ့ - 'နေ့ကွမ်း' အပ်စိုက်ကွက်ပါ ဆရာ။ လက်ညှိုးနဲ့ လက်မကြားက ဖောင်းနေတဲ့နေရာကို စိုက်တာက 'ဟို့ကူ' ပါ။ မပါမဖြစ်ပါရတဲ့ အပ်စိုက်ကွက်ပါ"

"အေး - မဆိုးဘူးကွ၊ သွေးလေးကျသွားသလိုပဲ။ အဲဒီလက်ညှိုးနဲ့ လက်မခွကြားကလည်း ပြေးတာပဲ လက်ဖျားတွေဆီကို"

"ဟုတ်ကဲ့ - ဆရာအိပ်ပျော်သွားမှာပါ။ ဆေးခန်းကိုလာတဲ့သူတွေဆိုရင် ကျွန်တော်ပဲစိုက်ပေးရတာများပါတယ်။ အိပ်မပျော်တဲ့ရောဂါကတော့ မခဲယဉ်းပါဘူး ဆရာ"

"ဩော် - ဆေးခန်းမှာတောင် မင်းစိုက်နေရပြီပဲ။ အေး၊ အေး-ကြိုးစားကွာ။ ဘာကိုပဲလုပ်လုပ် အောင်မြင်အောင်လုပ်၊ ပေါက်မြောက်အောင်လုပ်၊ အကောင်းဆုံးဖြစ်အောင်ကြိုးစားပြီးလုပ်"

"ဟုတ်ကဲ့ ဆရာ"

ဈေးရောင်း၊ အိမ်ပြန်ရောက်၍ ထမင်းစားပြီးသည်နှင့် ဆရာ့ဆီသွား၊ ဆရာ့အား အပ်စိုက်ပေး၊ ည (၁၀) နာရီလောက်ဆိုလျှင် အိမ်ပြန်၊ အတော်ဟုတ်နေ၏။ အိမ်မှနေ၍ ဆရာ့အိမ်အထိ နာရီဝက်ကျော်ကျော်လေးလျှောက်လျှင်ရောက်၏။ နေ့စဉ်လမ်းလျှောက်သွားပြီး ဆရာ့အား အပ်စိုက်ပေးရသည့်အတွက် ကျွန်ုပ်မှာ အတော်ပျော်နေ၏။ ဆရာသည်လည်း ပြန်လည် အိပ်ပျော်လာပြီဖြစ်၍ ကျွန်ုပ်ကို ဖွင့်ဟမချီးကျူးသော်လည်း ကျေနပ်နေ၏။ ဆရာ၏ကျန်းမာရေးကောင်းမွန်အောင် အပ်စိုက်ပညာဖြင့် ကန်တော့ရသောကြောင့် ကျွန်ုပ်မှာ ဝမ်းသာ၍မဆုံးတော့ပါ။

သံချွန်များနှင့် ပြည့်နှက်နေသောခုံကြီးပေါ် သို့ပင် ဆရာပြန်ထိုင်နိုင်ချေပြီ။ တရားရှုမှတ်နိုင်ပေပြီ။ သို့သော် အပ်ကစိုက်ရတုန်းဖြစ်၏။

တစ်နေ့ -

"အစ်မ၊ ဆရာကော"

"အခန်းထဲမှာ တရားထိုင်နေတယ်၊ မနက်ကတည်းက"

"ဟာ - ညနေစောင်းနေပြီ"

"အေး - မနေ့က နင်မလာဘူးလေ"

"ဟုတ်ကဲ့"

"ဟိုမှာ အလတ်ကောင် ဟိုရှေ့က ရေအိုင်ကြီးနားမှာ သွားဆော့ရင်း ဆော်ထဲ့လိုက်တာလေ။ နည်းနည်းနောနောကောင်ကြီးမဟုတ်ဘူး"

"ဘာကြီးလဲ အစ်မ"

"မြွေဟောက်ကြီး၊ နက်မှောင်ပြီးပါးပျဉ်းက ကားနေတာပဲ။ ကိုယ်လုံးကလက်နှစ်လုံးမကချင်ဘူး"

"ဟာ"

"အဲဒါ သူ့ကလေးမြွေကိုက်လိုက်ပြီ ကြားလည်းကြားရော ချက်ချင်းပြေးဆင်းသွားပြီး ကလေးကိုပွေ့ချီလာတာ ဒီကျ ဘုရားခန်းထဲခေါ်သွားပြီး ဆန်ကို



ဝါး၊ မြွေကိုက်တဲ့နေရာမှာအုံလိုက်၊ မန်းပြီးဝါးလိုက်အုံလိုက်နဲ့ တံခါးပိတ်ထားတယ်တဲ့။ ဘယ်သူမှဝင်လို့မရဘူး။ အထဲက ချက်ကိုချထားတာ"

"ဟာ"

"အေး - တစ်နာရီကျော်ကျော်လောက်ကြာတော့မှ ကလေးကိုပြန်ထုတ်လိုက်တယ်။ ဟိုကောင်က ဘာမှမဖြစ်သလိုဘဲ၊ အေးဆေးပဲ"

ပြောရင်းနှင့် ဆရာကတော်ရယ်နေ၏။

"အခု ဟိုကောင်ကော"

"ဗဟိုဈေးက သူ့အဒေါ်တွေဆီသွားတယ်။ သူ့အစ်မနဲ့"

"ဟာ-ဘာမှတောင်မဖြစ်ပါလား"

"အေးလေ-မဖြစ်ဘူးလေ။ကလေးက ဘာမှမဖြစ်ဘူး။ နင့်ဆရာကတော့ (၉) ရက်အဓိဋ္ဌာန်ဝင်လိုက်ရပြီ။ ရေနဲ့ ထမင်းနဲ့ ဆားနဲ့ပဲ စားရပြီ။ တစ်နေ့တစ်နပ်ပဲ။ ပြီးတော့ ခုမြင်တဲ့အတိုင်းပဲ တစ်နေ့လုံးလိုလို သံခုံပေါ်ကမထဘူး"

အစ်မစကားကိုနားထောင်နေရင်း ဆရာ၏ဘုရားခန်းကို လှည့်ကြည့်လိုက်မိ၏။ တံခါးမှာ ပိတ်ထားလျက်၊ တိတ်ဆိတ်လျက်။

"သူကနင်သိတဲ့အတိုင်းပဲ။ ကျိန်စာတွေနဲ့အလုပ်လုပ်တာဆိုတော့ သူ့ကိုယ်သူ ဘယ်တော့မှမညှာဘူးဟဲ့"

အတော်လေးကြာမှအလိုက်သိစွာထပြန်ခဲ့ပါတော့သည်။ ဆရာအဓိဋ္ဌာန်ဝင်နေသည့် (၉)ရက်လုံး မရောက်ဖြစ်ခဲ့တော့ပါ။

❑

အပ်စိုက်ပညာကိုသင်ယူပြီး ပြန်လာရသည့်အခါ ဆေးခန်းပိတ်ချိန် ည (၈) နာရီထိုးဖြစ်နေ၍ ကားစောင့်လျှင် ကားဂိတ်တွင်ပင် တစ်နာရီနီးပါး တစ်ခါတစ်ခါ ကြာတတ်၏။ အပ်ဆရာက ကားရလျှင် သူကသမိုင်းလမ်းဆုံဘက်၊ ကျိုက်ဝိုင်းဘုရားဘက်ဆီသို့ပြန်ပြီး ကျွန်ုပ်က ကားရလျှင် တောင်ဥက္ကလာပဘက်ပြန်ရ၏။

ကားဂိတ်တွင်ပင် ဆရာတပည့်နှစ်ယောက် လမ်းခွဲရ၏။

တစ်ခါတစ်ခါ ကားတစ်စီးမှမလာလျှင် ခြေလျင်လျှောက်ပြန်ရသည့်အခါများလည်းရှိ၏။

"ဟဲ့ ဟဲ့၊ ဟာ - အရမ်းပါလား"

လူအုပ်အနီး တစ်ရှိန်ထိုးကွေ့ဝင်လာသော ဒေါ့ဂျစ်ကားတစ်စီးဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

သူအုပ်ကြီးသာမက ကျွန်ုပ်ပါလန့်ပြီး နောက်ဘက်ခုန်ဆုတ်လိုက်မိ၏။ အပ်စိတ်သင်ပေးသောဆရာမှာ ကားရသွားပြီ ထွက်ပင်ထွက်ခါနီးပြီ။

ဘာရယ်မဟုတ်ပါ။ ကားအကွေ့ ကြမ်းလွန်း၍ ကျွန်ုပ်ကကြည့်နေသည်ကို ဒေါ့ဂျစ်ကားနောက်ခန်းတွင်ထိုင်လိုက်လာသော လူငယ်သုံးဦးက ကျွန်ုပ်ကို မိုက်ကြည့်လှမ်းကြည့်နေ၏။

အင်္ဂလိပ်အလိုအရ အခါမှာ ဘောမအခါဖြစ်နေသည်ကို သတိထားလိုက်မိ၏။

ဘောမအခါသည် စနေနဝင်းရှိလေရာ ပြဿနာတစ်စုံတစ်ရာတွေ့ရတတ်သောအခါမှန်း ကျွန်ုပ်သိနေ၏။

ဤနေ့သည် ကြာသပတေးနေ့ဖြစ်ပြီး စောစောက ဘောမအခါအကူး (စ)နာရီသာသာလောက်က ရှောက်ချိုသီးနှင့် ကြာဆံကြော်စားခဲ့သည်ကို ချက်ချင်းပြေးသတိရလိုက်၏။

'အင်း - ငါတော့ အမြစ်၊ အညွန့် ဖောက်ထိုးလိုစားမိပြီ။ ဒါကြောင့်များ ရန်တွေလာမတွေ့နေတာလား မသိဘူး' ဟု သတိထားရင်း အပ်ပုလင်းများထည့်ထားသောလွယ်အိတ်ကို စလွယ်သိုင်းပြောင်းလွယ်လိုက်၏။

ကျွန်ုပ်က ရိုးရိုးသားသားကြည့်နေခြင်းသာဖြစ်ပါသည်။

သို့သော် ဒေါ့ဂျစ်နောက်ခန်းမှ တစ်ယောက်သာ ဖျတ်ခနဲဆင်းလာပြီး -

"ဘာလဲ သူငယ်ချင်း၊ ဘာကြည့်တာလဲ၊ ဘာသဘောလဲ"

အံ့အားသင့်စွာကြည့်နေစဉ် ထိုသူသည် ကျွန်ုပ်၏ရင်ဘတ်အား ဆောင့်တွန်းလိုက်၏။ ကျွန်ုပ်က ကိုယ်ကို ညာဘက်စောင်းလိုက်ပြီး ဖျတ်ခနဲအလိုက်သင့်လှည့်ပေးလိုက်ရာ ထိုသူမှာ ငိုက်စိုက်ငိုက်စိုက်နှင့် နှစ်ကြိမ်ခန့်ဖြစ်သွား၏။ သူ့အရှိန်သူမထိန်းနိုင်။

ဒေါ့ဂျစ်နောက်ဘက်တွင်ထိုင်နေသူနှစ်ဦးအနက် တစ်ဦးသည် ဒေါ့ဂျစ်ကားနောက်ဘက်ပေါ်တက်လျှင် ဆွဲခိုတက်ရသည့် သံကြိုးမှာ ချည်ထားသောသံတုတ်ကိုဆွဲချွတ်နေ၏။ သံတုတ်မှာ သံကြိုးနှင့်ငြိနေ၏။

ရင်ဘတ်ကို လာတွန်းသူသည် ပြန်ထလာပြီး ကျွန်ုပ်ကိုထိုးရာ ကျွန်ုပ်နှင့် ဘတစ်ပြန်ကျားတစ်ပြန်ဖြစ်သွား၏။

သူ့ထိုးချက်မှာ လူပြိန်းထိုးဖြစ်၍ ကျွန်ုပ်ကိုမထိသော်လည်း ဤမျှကိုယ်ခံပညာကစားထားသောကျွန်ုပ်၏လက်သီးများမှာလည်း သူ့အနား လေထဲတွင်ဝေ့နေ၏။ စိတ်ကိုငြိမ်အောင်ထားလိုက်ပြီး ထိုသူ၏အောက်ပိုင်းကို ဖြတ်ကန်လိုက်လေရာ -

"ဗုန်း"

"အင့်"

ထိုသူ ခြေလွတ်လက်လွတ်ပစ်လဲကျအသွား ရင်ဘတ်ကို ဆောင့်ကန်ထဲ့လိုက်သောကြောင့် ပက်လက်လန်ကျသွားတော့၏။ ကားပေါ်မှ သံတုတ်ရ၍ဆင်းလာသူသည် သံတုတ်ကို တစ်ဖက်ကိုင်ထားရင်း ရုတ်တရက်ကြောင်သွားပြီး လဲကျနေသောသူ့လူကိုဆွဲထူနေ၏။

သံတုတ်လည်းပါလာ၊လူကလည်းသုံးလေးယောက်ဖြစ်နေပြီမို့ အကြောင်းမဲ့တော့ ကိုယ့်ကိုယ်ကိုယ်အထိခိုက်မခံနိုင်ဟု ဆုံးဖြတ်လိုက်ပြီး အနားရောက်လာသူများကို မည်းမည်းမြင်ရာ အလွတ်မပေးတော့ဘဲ လှမ်းထိုးလှမ်းကန်နှင့်လုပ်ရင်း ဘေးဘီကိုအကဲခတ်လိုက်၏။ ဘာတွေကိုဘယ်လိုထိလို့ ထိကုန်မှန်းမသိ ထိုးလိုက်တိုင်းမလွဲ ကန်လိုက်တိုင်း မလွဲ။

အခြေအနေကိုအကဲခတ်လိုက်ပြီး နောက်ဘက်နားရှိ ရေခဲခြစ်ရောင်းသော အအေးဆိုင်လေးအနီးသို့ နောက်ဆုတ်ရင်းကပ်လိုက်၏။ ပြီးမှ အအေးပုလင်းနှစ်ပုလင်းကိုကိုင်လိုက်ပြီး ဘယ်ဘက်လက်က ပုလင်းအား ညာဘက်လက်ထဲကပုလင်းနှင့် ရိုက်ခွဲပစ်လိုက်၏။ သံတုတ်သမားသည် ရုတ်တရက်ကြောင်သွားပြီး ကျွန်ုပ်အနီးသို့မကပ်ရဲတော့။

ဤပုလင်းချွန်နှင့်သံတုတ်ကိုယှဉ်ရန်ဆုံးဖြတ်လိုက်ပြီး အသင့်အနေအထားနေလိုက်၏။ ဘေးနားမှလူတွေရုတ်ရုတ်သဲသဲနှင့် အော်သံဟစ်သံများဆူညံကုန်၏။ သံတုတ်သမားကြောင်နေစဉ် ကျွန်ုပ်၏စိတ်များ မည်သို့ဖြစ်သွားမှန်းမသိ။ သူ့ဆီတည့်တည့် ပုလင်းချွန်များနှင့်ပစ်ပေါက်ထဲ့မိရက်သားဖြစ်သွား၏။ တဝုန်းဝုန်းနှင့် ကြောက်လန့်နောက်ဆုတ်ကြစဉ် နောက်ထပ် အအေးပုလင်းနှစ်လုံးထပ်ကိုင်ရိုက်ခွဲပြီး သူတို့ဆီပစ်ပေါက်ထဲ့ပြန်ရာ ပြေးသူကပြေး၊ အော်သူကအော်နှင့် ရုတ်ရုတ်သဲသဲတွေဖြစ်နေတော့၏။ကျွန်ုပ်က အကပ်မခံတော့။

ရှိသမျှပုလင်းယူလိုက်ရိုက်ခွဲလိုက် သူတို့အုပ်စုထဲလှမ်းပစ်လိုက်နှင့်ထိမှန်းမထိမှန်းလည်းမသိ။

သူတို့ ကြောက်အားလန့်အား နောက်ဆုတ်ပြေးသည်နှင့် ပုလင်းများထပ်ယူရိုက်ခွဲပြီး ကျွန်ုပ်၏ရှေ့ ငါးပေ၊ ခြောက်ပေ၊ ခုနစ်ပေခန့် ပတ်ချာလည်သို့ ပစ်ပေါက်ခွဲထားလိုက်၏။ ထိုပုလင်းကွဲများကိုကျော်၍ ကျွန်ုပ်ထံမလာနိုင်စေရန်ဖြစ်၏။ ကတ္တရာလမ်းမပေါ်တွင် မွစာကြနေသော ပုလင်းကွဲများကို အတော်လေးကျော်ခွပြေးကြရင်း ဒေါ့ဂျစ်ကားပေါ် သို့ ပြေးတက်သွားကြတော့၏။ ကားမှာ ဝူးခနဲမောင်းပြေးသွား၏။

နားထဲတွင် အသံတစ်သံကျယ်ကျယ်လောင်လောင်ကြားနေရ၍ ထိုအသံကိုသတိထားလိုက်ရာ -

"ဟေ့ကောင်တွေ မတရားမလုပ်နဲ့၊ အုပ်စုနဲ့အနိုင်မကျင့်နဲ့၊ ဝိုင်းချကွာ"

ဟူသောအသံဖြစ်နေပြီး ဆက်တိုက်ထွက်နေ၏။ ထိုအသံကြောင့်လား၊ ကျွန်ုပ်၏ တရစပ်ပစ်ပေါက်နေသော ပုလင်းကွဲများကြောင့်လားမသိ ကားကတော့ပြေးချေပြီ။

အသံမှာ မပြတ်အော်နေ၍ လှည့်ကြည့်လိုက်ရာ အတော်ဒေါင်ကောင်းသော အစ်ကိုကြီးနှစ်ယောက်ဖြစ်၏။ ကားစောင့်နေကြရာမှ သူတို့ရှေ့တွင် မတရားခြင်းကို ရပ်ကြည့်မနေချင်သူများဖြစ်ပါသည်။

ဘေးဘီမှလူများ ကျွန်ုပ်၏အနားသို့ တဖြည်းဖြည်းကပ်လာကြ၏။ ကျွန်ုပ်မှာ ပူထူနေ၍ မည်သူ့ကိုမျှ အကပ်မခံသေး၊ အသင့်အနေအထားပင်ရပ်နေ၏။

"ညီလေး စိတ်လျှော့တော့။ ဟိုကောင်တွေပြေးပြီ၊ မင်းတို့ရန်စရှိလား"

"ဘယ်သူတွေမှန်းတောင် မသိပါဘူး၊ တစ်ခါမှလည်းမမြင်ဖူးဘူး"

"ဒါဆိုလူမှားပြီးချတာဖြစ်မယ်"

"ဟုတ်လောက်တယ်၊ လူမှားပြီးဝင်ရိုက်တာ"

တစ်ယောက်တစ်ပေါက်နှင့်ပြောနေကြပြီး ကျွန်ုပ်ကို ဘယ်နာသွားလဲ ဘာညာမေးရင်း ဝိုင်းကြည့်နေကြ၏။

"ငါ့ညီအတော်သတ္တိကောင်းတာပဲကွ၊ နောက်မဆုတ်ဘဲနဲ့ကိုပြန်ချတာ"

"အေးကွာ၊ ဉာဏ်ကူတာလည်းပါတယ်။ ပုလင်းကွဲတွေနဲ့ပြန်ချတော့ ဘာသံတုတ်ခံနိုင်တော့မလဲ"

"ကြောက်များကြောက်တတ်ရင် သူတို့လက်သီးတစ်ယောက်တစ်ချက်ထိုးတာနဲ့တင် မှောက်လောက်တယ်"

"ကြိုက်တယ်ကွာ၊ သတ္တိတော်တော်ရဲတာပဲ"

တစ်ယောက်တစ်ပေါက်နှင့်ပြောနေကြပြန်၏။ ကျွန်ုပ်လည်း ပုလင်းကွဲများကို ရှောင်ကွင်းနင်းရင်း တောင်ကြ



www.burmeseclassic.com

www.burmeseclassic.com

လာဘက်သွားမည့်ကားဆီသို့ လျှောက်သွားလိုက်၏။ ဘေးနားမှ ဝိုင်းအားပေးနေကြသူများကို ပြုံးပြနှုတ်ဆက်လိုက်ပြီး ကားပေါ် တက်ထိုင်နေလိုက်၏။

စိတ်ပူနေသည်မှာ အဖေးဆိုင်ပိုင်ရှင် ပုလင်းဖိုးများလာတောင်းမှာကိုဖြစ်၏။ သို့သော် လာမတောင်း။ ဟိုအစ်ကိုကြီးနှစ်ယောက်ကများ စိုက်ပေးလိုက်သလား။ ကျွန်ုပ်၏ မကြောက်မရွံ့ ပြန်ရင်ဆိုင်သည်ကိုများ သဘောကျလေသလားမပြောတတ်။ အဖေးဖိုးလုံးဝ လာမတောင်းတော့။

ကားပေါ်တွင် စဉ်းစားနေ၏။

ည(၈)နာရီ အင်္ဂါခါမှာ ရောက်ချိ သီးစားဖြစ်သည်။ ပြီးတော့ ကြာဆံကြော်စားဖြစ်သည်။ အခါတိုင်းတစ်တိုင်း၏ အမြစ်၊ အညွန့်ဖောက်ကိုးများဖြစ်သွား၍လားမသိ။ အခြောက်တိုက် ရန်ဖြစ်လိုက်ရသည်ဟု စဉ်းစားနေလိုက်၏။

"ငါမင်းကိုပြောစရာရှိတယ်"

"ဟုတ်ကဲ့ ဆရာ"

"အေး - မင်းပညာရပ်တချို့သင်ရလိမ့်မယ်"

"ဟုတ်ကဲ့ - သင်ပါ့မယ် ဆရာ"

"အေး - လူတောထဲမှာ စကားပြောတဲ့အခါ စကားပြောတတ်အောင်လို့ပေါ့ကွာ"

"ဗျာ"

"မင်း နည်းနည်းတော့ အတွေးအခေါ်ပါမှဖြစ်မယ် ဟေ့ကောင်။ ဒီလိုကြီး နှိုးသက်ခံစိုနေလို့မဖြစ်ဘူး။ ငါပြောနေတာတွေကိုပဲ ယီးလေးခိုပြီးလိုက်နေလို့မဖြစ်ဘူး။ ကြက်တူရွေးစာအံသင်ကြီးလုပ်နေလို့မရဘူး"

"ဟုတ်ကဲ့"

"အနည်းဆုံးကွာ၊ တ, တန်, က, နောက် ဆိုလိုက်တာနဲ့ တပေါင်း၊ တန်ခူး၊ ကဆုန်လတွေမှာဆိုရင် နဂါးခေါင်းအနောက်ဘက်လှည့်တယ်ဆိုတာ သိကိုသိနေရမယ်။ န, ဝါ, ဝါ, မြောက်ဆိုရင်"

"အဲ - နယုန်၊ ဝါဆို၊ ဝါခေါင်လတွေမှာ နဂါးခေါင်းမြောက်ပါ"

"ဘာမြောက်လဲ၊ သေချာပြော"

"ဟို - မြောက်ဘက်လှည့်တာကိုပြောတာပါ"

"ဒါ အလကားမဟုတ်ဘူး။ တစ်စုံတစ်ယောက်နဲ့ ပညာယှဉ်ရပြီဆိုရင် နဂါးခေါင်းအလှည့်တွေသိပ်သတိထားရတယ်။ ဒီလိုသိထားမှ အမြီးဘယ်မှာရှိမယ်၊ နဂါးခံတွင်းဘယ်မှာဆိုတာတွေ သိရမယ်။ မင်းကြားဖူးလား၊ မကြားဘူးရင်မှတ်ထားလိုက်။ မင်းမသိပြီး လှည့်တဲ့ ခြေလှမ်းတွေ။ နဂါးအမြီးမှာရပ်ပြီး ရန်သူကိုတော့ ခံတွင်းထဲမှာထားရတယ်"

တချို့လူတွေ ပညာပြိုင်ကြရင်း မူးလဲသွားတာတွေ၊ ဇောချွေးပြန်လာတာတွေ၊ မျက်စိတွေပြာလာတာတွေ၊ အသံမထွက်တော့တာတွေ၊ လက်တွေခြေတွေလှုပ်မရတော့တာတွေရှိတယ်ကွ"

"ဟုတ်ကဲ့"

"အဲဒါ နဂါးလှည့်ကိုသတိမထားမိလို့ပဲ"

ဆရာသည် ကြယ်မင်းဆေးပေါ့လိပ်ကိုမီးညှိ၍ ဖွာရှိုက်လိုက်ပြီး လမ်းမဘက်ဆီသို့ ခေတ္တကြည့်နေ၏။ ဘာမှဆက်မပြောသေး။

ကျွန်ုပ်လည်း ငြိမ်နေရ၏။ ဆရာ့ဘေးနားရှိ ခြေတံရှည်ကုလားထိုင်ကြီးကိုကြည့်ရင်း ငြိမ်နေလိုက်၏။ ဆရာမပြောမချင်း စကားမပြောရဲ။

(ထိုကုလားထိုင်ခြေတံရှည်ကြီးမှာ တစ်ခါတစ်ခါ ညဉ့်နက်သန်းခေါင်ကျော်လျှင် ဆရာ၏ဆရာ ဆာဒူးဘာဘာကြီး ကြွလာတတ်သည်ဟု ဆရာကတော်က ပြောပြ၏။ ဆာဒူးဘာဘာကြီးမှာ ခြေတံလက်တံများရှည်လျားလှသည်ဟုဆို၏။ ထိုကုလားထိုင်တွင်ထိုင်ပြီး ဆရာ့အား ပညာပေးသည်ဟု ဆို၏။ ဆရာသည် ဆာဒူးဘာဘာကြီးအား အလွန်ရိုသေသူဖြစ်ပြီး ဘာဘာကြီးမပြန်မချင်း ခေါင်းငုံ့၍ ပုဆစ်တုပ်ထိုင်ကာ ဘာဘာကြီးအနားခြေရင်းတွင်ထိုင်နေတတ်သည်ဟု ဆို၏။ ဆရာကတော်နှင့်ကလေးများက တံခါးကြားမှ ချောင်းချောင်းကြည့်ကြရ၏။ စကားပြောသံမှာ အလွန်မှတိုးညင်းညင်သာလှသည်ဆို၏။ လာလျှင် ခဏသာလာပြီး ချက်ချင်းပြန်ပျောက်သွားတတ်သည်ဟု ဆိုပါသည်။ ထိုကုလားထိုင်နှင့် ဆရာသခင် တရားကျင့်လျှင်ထိုင်သော သံချွန်များစိုက်ထားသည့်ခုံကြီးမှာ ယခု ဆရာ၏မိသားစုများထံတွင် ထိန်းသိမ်းထားကြပါသည်။)

"အနည်းဆုံး အဲသလောက်တော့ သိရလိမ့်မယ်"

"ဟုတ်ကဲ့"

"ဇက်ပူး၊ နှစ်ဆင်၊ သုံးတွင်ကျားထား၊ လေးရက်ကား ကြွက်၊ ငါးရက်နာဂ၊ သတ္တအင်္ဂါ၊ ရှစ်မှာဂဠုန်၊ ဆန်းဆုတ်ကြုံ၊ မှတ်ကုန် အမြိတ္တ ဆိုတာလည်း သိကိုနေရမယ်။ ဘာလို့လဲဆိုတော့ သူဟာသူ ပြဿဒါးကြုံကြုံ၊ ရက်ရာဇာကြုံကြုံ၊ မကောင်းတာမှန်သမျှ အကုန်ပျောက်စေနိုင်တဲ့ အကျိုးထူးပေးတယ်။ ဘာမှမသိရင် အဲဒီရက်တွေမှာရွေးပြီး အစီအရင်လုပ်၊ အောင်တယ်။ အကြံအစည်လုပ်၊ ကောင်းတယ်"

ဆရာပြောသည်ကို စိတ်ဝင်စားသော်လည်း လက်ာနှင့်ဖြစ်နေ၍ ဘာမှန်းမသိပါ။

"အေး - မင်းကြည့်ရတာ ဝေါင်တောင်တောင်နဲ့ တက်ကြွနေတယ်ဟလား"

"ဗျာ"

"တဗျာထဲဗျာမနေနဲ့၊ ငါအခုပြောနေတာတွေကို ခေါင်းထဲမဝင်ဘူးလား"

"ကျွန်တော်ဉာဏ်မမီလို့ပါဆရာ ဘာမှန်းမသိလို့ပါ"

"အဲဒါ ရှေးဆရာတော်ကြီးတွေ ထားရစ်ခဲ့တဲ့ အမြိတ္တစုတ်ရက်ရွေးနည်း ခေါ်တယ်ကွ။ ရက်ထူးရက်မြတ်ခေါ်တယ်။ မင်းကိုငါခုနပြောတယ်လေ၊ လူတောထဲမှာ စကားပြောတတ်အောင်လို့ပါဆို၊ ငါအကြောင်းရှိလို့ပြောတာ"

"ဟုတ်ကဲ့ပါ ဆရာ"

"မင်းဟာ လူတစ်ယောက်ကို ကောင်းစားစေမယ့်အစီအရင်၊ အောင်မြင်စေမယ့်အစီအရင်၊ အန္တရာယ်ကင်းစေမယ့်အစီအရင်၊ ကျန်းမာစေမယ့်အစီအရင်တစ်ခုခုပေးတော့မယ်ဆိုပါတော့၊ ရက်တို့၊ အချိန်တို့ မရွေးချင်လို့ အမြိတ္တစုတ်ရက်မှာ ရွေးပြီးလုပ်ခိုင်းရင်လည်း အောင်မြင်တာပဲကွ မှတ်ထား"

"ဟုတ်ကဲ့"

ပါးစပ်ကသာ ဟုတ်ကဲ့ပြောနေသော်လည်း ထိုစကားလုံးမှာ ကျွန်ုပ်၏နားနှင့်စိမ်းနေ၏။ ဆရာခေါ်သောရက်မှာ မြန်သလိုဖြစ်နေ၍ မခေါ်တတ်၊

"အေး - အကြမ်းဖျင်းသိသင့်တာတွေ မင်းသင်ရမယ်"

"ဟုတ်ကဲ့"

ထိုနေ့မှစ၍ ကျွန်ုပ်မသင်ရသော ပညာများကို စတင်သင်ကြားရ ဖြစ်၏။ အသက်ကြီးမှ 'က'၊ 'ခ' ပြန်အော်နေရ၏။ ပါးစပ်ဟာပုံ၊ လျှာသွားပုံ၊ 'တ'၊ 'ထ'၊ 'စ'၊ 'မ' လျှာသွားပုံ၊ လေလေသိမ်းယူပုံများကို စတင်သင်ကြားပြီဖြစ်၏။ ဆရာက အော်ဆိုခိုင်း၍ ကျွန်ုပ်လည်း သူငယ်တန်းကလေးများ အော်သကဲ့သို့အော်ဆို၏။ ဆရာကတော်နှင့် ဆရာ၏သားသမီးများက ကျွန်ုပ်ကို ကြည့်ပြီး အူတက်နေကြ၏။ ကျွန်ုပ်လည်း ရယ်ချင်ပါသည်။ သို့သော် ဆရာ့ လက်ကိုကြောက်၍ မရယ်ရဲ။

တစ်ရက်က နှစ်ရက်၊ နှစ်ရက်က သုံးရက်ဖြစ်လာသည်နှင့် သင်ပုံများ လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်လည်း အားတိုက်ခွင်တိုက် အင်ယူသည်ဖြစ်၍ ဘာမှန်းမသိသော်လည်း ပျော်နေ၏။ ဒုက္ခကို တောက်လျှောက်ခံနိုင်ရည်ရှိခဲ့သူဖြစ်၍ ဆရာအနားသွားလေသလားမသိ စိတ်ရှည်လက်ရှည်ကိုသင်၏။

ဦးခေါင်းနှင့်မှတ်ရသည်ကများ၏။ (၁၀)ခွန်းသင်မှ (၁)ခွန်းသာ ရေးမှတ်ခွင့်ရ၏၊ ဆန်းကျမ်းပညာရပ်တွင် အလွန်အရေးကြီးသော 'ကာရက'ပညာခန်းများကို လက်တွေ့များပြပြ၍သင်၏။

ယခင်ကြားဖူးရုံကြားဖူးပြီး ဆရာ့မိတ်ဆွေများနှင့် ဆရာနှင့် နန္ဒဝန်ဈေးဗိလဲ့တီးလက်ဖက်ရည်ဆိုင်တွင်ထိုင်ပြောနေကြသောပညာခန်းများ၊ ဝေါဟာရများ ယခုသင်နေရပေပြီ၊ ကြားနေရပေပြီ။

ဘာမှန်းညာမှန်းမသိခဲ့ရုံမက ထိုင်နားထောင်နေလျှင်ပင် ဆရာကမကြိုက်ဘတ်၍ ခပ်လှမ်းလှမ်းတွင်နေခဲ့ရသော်လည်း အဝေးမှမရမကနားစွင့်နိုင်လွန်းခဲ့သော ပညာရပ်များ၊ ကြားဖူးခဲ့သောပညာခန်းများ ယခုသင်နေရပါပြီ။

'ကာရက' ပညာများကို သင်လာရာမှ ဩော် - ဆန်းကျမ်းပညာကြီးဟာ ဒီလောက်တောင်မြင့်မားလှချည်လား။ ကိုမသိနိုင်သေးတာ မလိုက်နိုင်သေးတာ ဒီပညာကြီးမှာ ဒုနဲ့ဒေးပါလားဟု အံ့ဘနန်းဖြစ်ခဲ့ရပါသည်။

ဂြိုဟ်မြင်ပုံ၊ ဂြိုဟ်ပူးပုံများမှာ ကြားဝင်မကြားဘူးလေရာ 'အင်း-ဒါလောက်နက်နက်ရှိုင်းရှိုင်းတွေသင်နေတာ ငါ့ဆရာတစ်ခုခုတော့ တစ်ခုခုပဲ' ဟု တွေးရင်းတိုတ်၍ကြိုးစားလိုက်၏။

'က'၊ 'ခ'ကို အော်ကောင်းကောင်းနှင့်လိုက်အော်နေစဉ်က ဘာမှန်းမသိခဲ့။ ယခုမှ နာမည်ပညာခန်းများစတင်သင်ကြားလာမှ သူငယ်တန်းအော်သလိုအော်ခဲ့ခြင်းများ၏ အကြောင်းရင်းကို သိလာရတော့၏။ နေ့စဉ်ရက်ဆက်လိုလို မနားတမ်းသင်ပေးနေ၍ ကျွန်ုပ်ပင်လျှင်အံ့သြနေပါသည်။

"မင်း ဒီနေ့ ခါတိုင်းနေ့ထက်ပိုစောနေပါလား"

"ဟုတ်ကဲ့ ဆရာ"

ဆရာ့ရှေ့တွင် ထိုင်နေသော အသက်လေးဆယ်အရွယ် လူတစ်ဦးကို လှမ်းကြည့်အကဲခတ်လိုက်၏။ ဆရာသင်ကြားပေးချက်များကို အချိန်ရှိသရွေ့တွေးတောစဉ်းစားနေခဲ့၍ ထိုသူလာချိန်သည် စနေ္ဒြာချိန်မှန်း ချက်ချင်းသိနေ



လိုက်၏။ လမ်းတွင်တွေ့ခဲ့သောနိမိတ်ကိုလည်း မှတ်သားထားရသေး၏။

"ဟော့ကောင်"

"ဗျာ"

"သူ့နာမည်က အေးသက်တဲ့"

"ဩော်"

"ဘာကြုံနေလဲကွ"

"ကျွန်တော် ဒီလာတော့ ကျိုက္ကဆံဘုရားကြီးမုခ်ဦးရှေ့မရောက်တရောက်မှာ လူတစ်ယောက်က -

'အေးပေါ့ကွာ၊ သွားနှင့်ဦးပေါ့'

ဆိုပြီး တောက်တစ်ချက်ခေါက်လိုက်ပြီး (၁၄)၊ (၁၅) လမ်းဆုံဘက်ကို လှမ်းကြည့်နေတာကြုံခဲ့ရပါတယ် ဆရာ"

"အဲဒီတော့"

"အဲဒီ နိမိတ်စကားသံကလည်း ကျွန်တော့်ဘေးနားမှာ ထူးထူးခြားခြား ကျယ်ကျယ်လောင်လောင်ပြောလိုက်တာရယ်၊ အခု စနေ္ဒြာအခါရယ်ဆိုတော့ လူထွက်တဲ့ကိစ္စကြုံနေမယ် ဆရာ"

"ဘယ်လိုလူထွက်တာလဲ။ မိန်းမလား၊ ယောကျ်ားလား"

"ယာယီ တြိရန်းမှာ ဗုဒ္ဓဟူးရှိတာ ညနေဆိုတော့ ရာဟုဖြစ်ပြီ။ အခါကလည်း တနင်္လာအခါဆိုတော့ 'ခြေ၊ သွား၊ ထိန်း၊ ရ' ဆိုတော့ မိန်းမ ဆရာ။ မိန်းမထွက်တာ"

ဆရာ့အကြည့်တို့သည် ရှေ့တွင်ထိုင်နေသော ဧည့်သည်ဆီသို့ ရောက်ရှိသွားပြီဖြစ်၏။ ထိုသူကိုသာကြည့်နေသော်လည်း ညာဘက်လက်က ကြယ်မင်းဆေးပေါ့လိပ်နှင့် မီးခြစ်ကို လှမ်းနှိုက်နေ၏။ ဆရာ့ဆေးလိပ်ခွက်လှလှလေးပေါ်တွင်တင်ထားသော ဆေးပေါ့လိပ်တိုနှင့် မီးခြစ်ကိုယူ၍ ဆေးလိပ်ညှိလိုက်ပြီး -

"ကဲ - သူပြောတာနော်၊ သူအခုမှ ရောက်တာ"

"အင်းလေ၊ သိလိုက်တာနော်"

ထိုသူသည် ကျွန်ုပ်ကို အထင်အနည်းငယ်ကြီးသွားသယောင်ယောင်ဟန်နှင့်လှမ်းကြည့်ပြီး ခေါင်းတစ်ချက်၊ နှစ်ချက်ညိတ်နေ၏။ လက်အောက်ငယ်သားတစ်ယောက်ကို လူကြီးတစ်ယောက်က အေးအေး ဟူသောသဘောနှင့် တဖြည်းဖြည်းချင်းညိတ်နေသလိုမျိုးလုပ်နေသောကြောင့် 'အင်း-ငါ့ဆရာဒီတစ်ခါမေးရင်ကောင်းမှာပဲ' ဟု တွေးနေလိုက်၏။

"သူက အေးသက်ကွ။ သူ့မိန်းမက ပြောစမ်း မင်း"

"နာမည်ကဂြိုဟ်ချင်းသဘောမတူတဲ့ ပါပနဲ့ သောမဖြစ်နေတယ် ဆရာ။ တစ်နယ်တစ်ကျေးက အမျိုးသမီးနဲ့အိမ်ထောင်ကျသူဖြစ်မယ်။ တနင်္ဂနွေဂြိုဟ်သက်ထက် သောကြာဂြိုဟ်သက်က ပိုကြီးနေလို့ သူ့မိန်းမဟာ သူ့ထက်အသက်ကြီးရင်ကြီး၊ မကြီးရင် အရွယ်ပိုကြီးသလိုမျိုး၊ ဝတာတို့၊ ဒေါင်ကောင်းတာတို့ဖြစ်မယ်"

ထိုသူသည် အားရပါးရပြုံးလိုက်ပြီး ကျွန်ုပ်ကို သေချာကြည့်နေ၏။ ပြီးမှ ဆရာ့ဘက်သို့လှည့်ကြည့်ပြီး ခေါင်းနှစ်ခါ၊ သုံးခါ အားရပါးရညိတ်ပြ၏။

"ဟုတ်တယ်ဆရာ။ ကျွန်တော်က ရန်ကုန်သား၊ အမျိုးသမီးကမြေလတ်သူ၊ အသက်တော့မကြီးဘူး။ ညီလေးပြောသလို ဒေါင်ကောင်းတယ်၊ လုံးကြီးပေါက်လှ၊ တော်တော်သိတာပဲနော်"

"သူက သူများတွေလိုမဟုတ်ဘူး၊ ကြိုးစားတယ်"

ထိုသူက ကျွန်ုပ်ကို သဘောကျသွားပုံရ၏။

"အခု ညီလေးပြောတဲ့ ကိုယ့်မိန်းမ ပါပဲ ညီလေးရာ၊ ဆင်းသွားလို့ အဲဒါ ဆရာ့ဆီလာတာပါ"

"ဟုတ်ကဲ့ အစ်ကို"

"မင်းပြန်ခေါ်ပေးလိုက်"

"သူ့နာမည်ဘယ်သူလဲ အစ်ကို"

"မပြုံးမြင့်ပါ"

"ဒါဆို ပျဉ်းမကိုင်းမှာ သူ့မျက်နှာသုတ်ပဝါလေးချည်ပြီး အဲဒီပျဉ်းမကိုင်းကို အစ်ကို့အိမ်ရဲ့ လျောက်တန်းမှာ ချည်ထားလိုက်ပါ"

(ဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

သားသမီးတို့အပေါ် မိဘမေတ္တာ ကြီးမားကြသည်ကို လူသားတိုင်း ယုံကြည်လက်ခံထားကြသည်ကို အများ အသိပင်ဖြစ်ကြပါသည်။

မိဘများတို့သည် သားသမီးတို့ အပေါ်ငုံထားမတတ်ချစ်ကြပါ၏။ နို့စို့ အရွယ် ငယ်ငယ်လေးကတည်းက မှက်၊ ခြင်၊ ယင် မသန်းရလေအောင် ပိုးမွေးမြူ သလို မွေးမြူခဲ့ကြပါ၏။ ပညာတတ်ကြီး ဖြစ်စေလိုကြ၏။ ရာထူးဂုဏ်သိက္ခာကြီး ကြီးပိုင်ဆိုင်စေချင်ကြ၏။ထိပ်တန်းစီးပွား ရေးလုပ်ငန်းရှင်ကြီးဖြစ်စေလိုကြပါ၏။

သားသမီးတို့ကို အကြီးကြီးမှန်း ထားကြလေသည်။

မိဘများ၏သားသမီးအပေါ် ထား သော စေတနာ၊ မေတ္တာ၊ လိုအင်ဆန္ဒ၊ လောဘကြီးမားလာကာ ရည်ရွယ်ချက် သည်လည်း ကြီးမားလာလေ၏။ သား သမီးတို့ကို အချိန်တန်အရွယ်ရောက် လာပါက မိမိ၏သားသမီးနှင့် ပေးစား ထိမ်းမြားပေးရမည့်သူကို ဥစ္စာပေါရုပ် ချောသူကိုသာလျှင် ရွေးချယ်ပါလေ၏။ မိမိ၏သားသမီးဆန္ဒ ဘယ်သို့ရှိစေကာမူ လျစ်လျူရှုထားလိုက်ကြ၏။ အသက်ကြီး လျှင်ကြီးပါစေ ဥစ္စာပါလျှင်ပြီး၏။


စည်းကမ်းကောင်းသလား၊အကျင့် စာရိတ္တကောင်းသလား မတွေးတော မစဉ်းစားပါ။ ဥစ္စာပါလျှင်ပြီး၏။ အရေး ကြီးဆုံးသော ကျန်းမာရေးကိုလည်း ခေါက်ထားလိုက်သည်။ သားသမီး ကောင်းစားရေးအတွက် ဥစ္စာပေါ်ငွေသူ ကိုသာ နှစ်သက် စုံမက် နှစ်ခြိုက်စွာ ရွေးချယ်လေ၏။ သားသမီးနှင့်မိဘ ညှိ နှိုင်းတိုင်ပင်သည်မရှိချေ။ မိဘအနေဖြင့် သားသမီးရေးရေးကို ငါသာလျှင်ဆုံးဖြတ် မည့်မိဘကများလေသည်။

သားသမီးဇောနှင့် မိဘတို့သည် ဆင်ကန်းတောတိုး စိတ်ပူပန်ကြသည်။ သားသမီးရေးရေးကို အလွန်အကျွံ တောကြသည်။ ဥစ္စာပစ္စည်းပြည့်စုံလျှင် ဘဝအတွက်လုံခြုံစိတ်ချရပြီး ဘာမှပူ စရာမလို အားလုံးပြီးပြည့်စုံပြီဟု သ ထားကာ ဥစ္စာပစ္စည်းနောက်သို့ တကောက်ကောက် တောက်လျှော လိုက်ပါနေကြပါသည်။ ဥစ္စာပစ္စည်း

# အောင်မြင့်ထွန်း

(မဘိုးကျို)

## ချစ်ရာမရောက် နှစ်ရာရောက်ရှာလေပြီထင့်



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာရေးသည်အဓိက၊ စိတ်ချမ်းသာရေးသည် သာမညအဖြစ် တလွဲဆံပင်ကောင်းကြတော့သည်။

ဘဝဆိုသည်မှာ ရှေးလူကြီးများပြောဆိုလာခဲ့သည့် ငှက်ခါးပျံသလိုပဲဆိုသည့်အဓိပ္ပာယ်ကို မိဘများတွေးတောခေဖန်သုံးသပ်မှုမရှိ မျက်ကွယ်ပြုထားကြသည်။ ယခုခေတ် အချို့လူငယ်များငှက်ခါးပျံသည့်အဓိပ္ပာယ်ကို နားမလည်နိုင်ရှိကြ၏။ ငှက်ခါးသည် လေထဲတွင်ပျံသန်းနေစဉ် တည့်တည့်မတ်မတ် ပျံသန်းလေ့မရှိပါ။ နိမ့်လိုက်၊ မြင့်လိုက် ပျံသန်းလေ့ရှိပါသည်။ ထို့နှယ်အတူပင် လူ့ဘဝလူသားများသည်လည်း ဘဝအဆင့်အတန်းတစ်ခုတွင် အမြဲတမ်းတည်တံ့မနေအပြောင်းအလဲရှိနေပါသည်။ တစ်သက်လုံးဆင်းရဲမနေပါ။ တစ်သက်မှာ တစ်ခါတော့ ဥစ္စာပေးလေ့ရှိပါသည်။ ယူတတ်ဖို့သာလိုပါသည်။

ဇွဲ၊ လုံ့လ၊ ဝီရိယ လိုအပ်ပါသည်။ ချမ်းသာနေကြသူများလည်း တည်မြဲမနေပါ။ အကြွေးများဝိုင်းရံနေသူ၊ ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေသွားသူများလည်း အနတ္တဂ္ဂမ။

ကမ္ဘာကျော် ရုပ်ရှင်မင်းသားကြီး CLINT EAST WOOD သည် အီတလီတွင် FIST FULL OF DOLLAR ကောင်းဘွိုင်ဇာတ်ကားတစ်ကားတည်းဖြင့် ကမ္ဘာကျော်သွားသည်။ သူ၏ငယ်စဉ်ကဘဝကို ပြန်လည်ကြည့်ရှုလိုက်ပါက သူသည်သာမန်မြေတူးသမား လူငယ်လေးတစ်ဦးမျှသာဖြစ်ပါ၏။ သူသည် . သူတစ်ပါးတို့ငုံ့ကြည့်ခံရသောဘဝကို မလိုလား။ ဦးခေါင်းမော့ရင်ကော့နိုင်ရန် သူကြိုးစား၏။ သူသည် မလျှော့သောဇွဲ၊ လုံ့လဖြင့် အီတလီသို့တက်ကာ ရုပ်ရှင်မင်းသားဖြစ်ရန်ကြိုးစားတော့၏။ သူ၏ လုံ့လအားထုတ်မှုစွမ်းအားပြင်းထန်မှုကြောင့် စတင်ရိုက်ကူးသည့်ဇာတ်ကားဖြင့်ပင် ကမ္ဘာကျော် ရုပ်ရှင်မင်းသားဘဝကို ပိုင်ဆိုင်လိုက်ပါ၏။

ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ဦးသည်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယအားထုတ်မှုကြီးမားသူဖြစ်သည်။ သူသည် ငယ်စဉ်ကပင် စာကြိုးစားခဲ့သူဖြစ်သည်။ သူတို့မိသားစုချို့တဲ့မှုကြောင့် ညဘက် စာကျက်ရန် ဖယောင်းတိုင်မဝယ်နိုင်ပါ။ ညဘက်စာကျက်မှတ်ရန် နည်းလမ်းရှာကြံတော့၏။ လုံ့လရှိသူတို့၏





www.burmeseclassic.com

www.burmeseclassic.com

အကြံသည် လင်းလက်စမြဲ။ လမ်းမီးတိုင်အောက်တွင် စာကျက်ခဲ့ရ၏။ စာကိုလည်း ကြိုးစားကျက်မှတ်သည်။ ဗဟုသုတမျိုးစုံကိုလည်း ရှာဖွေခဲ့ပါသည်။ ထိုသို့ ကြိုးစားရုန်းကန်မှု၏ ရလဒ်ကား အောင်မြင်မှုဆုလာဘ် ရယူနိုင်ခဲ့ပါ၏။ ဤသို့ဖြင့် ကမ္ဘာကျော် သိပ္ပံပညာရှင်ကြီးတစ်ဦး ထွန်းပေါက်ခဲ့သည် မဟုတ်ပါလော။

မြန်မာ့ရာဇဝင်ထဲမှာ ကုဋေရှစ်ဆယ်သူဌေးသားသည် မိဘမျိုးရိုးလက်ထက်မှစ၍ ချမ်းသာခဲ့ကြပြီး မိဘတို့ပိုင်ဆိုင်ခဲ့ကြသည့် ကုဋေရှစ်ဆယ်အမွေ ရရှိလိုက်ပါ၏။ မိဘများကွယ်လွန်သော် အထိန်းအကွပ်ကင်းမဲ့ရသည်။ သူဌေးသားသည် ဆယ်သက်စားမကုန်သော ဥစ္စာပစ္စည်းများကို အပေါင်းအသင်းဖွဲ့၍ သုံးဖြုန်းလိုက်သဖြင့် အရွယ်ငယ်ငယ်ဖြင့် ခွက်လက်ဆွဲကာ တောင်းရမ်းစားသောက်ခဲ့ရပါသည်။ အဆင့်အနိမ့်ဆုံးသို့ ဇောက်ထိုးကျခဲ့ရရှာသည်။

မြစ်ဝကျွန်းပေါ် မြို့လေးတစ်မြို့တွင် သူဌေး (×××) နှင့် (×××) ဟူသော ညီအစ်ကိုနှစ်ယောက်ရှိခဲ့ဖူး၏။ သူတို့မွေးမြူထားသောနွားကောင်ရေများပြားပုံမှာ ထိုမြို့တွင် လက်ညှိုးထိုးမလွဲ သူတို့နွားချည်းသာဖြစ်ပါ၏။ အခြားလုပ်ငန်းကြီးများဖြင့်လည်း စီးပွားရေးကောင်းမွန်ကြ၏။ မြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းအားလုံးလိုလိုကို ပိုင်ဆိုင်ထားသောသူဌေးကြီးများဖြစ်ကြလေ၏။

ကုသိုလ်ကံနိမ့်ကျလာသည့်တစ်နေ့တွင် ညီသူဌေးသည် ဥစ္စာပစ္စည်းများ နည်းမျိုးစုံဖြင့်ဆုံးရှုံးခဲ့ရပြီး သေဆုံးသောအခါ သူတစ်ပါးအိမ်နောက်ဖေး၌ ခြေဆေးရေအိုးလေးမှီ၍ နိမ့်ပါးစွာ ကွယ်လွန်ခဲ့ရရှာသည်။

ဘဝတွင် အကောက်အကွေ့၊ အတက်အဆင်း၊ အနိမ့်အမြင့်ရှိကြောင်း သိစေလိုရင်းဖြစ်ပါသည်။ ဘဝဆိုသည်မှာ ငှက်ခါးပျံသလိုပဲမဟုတ်ပါလား။ မိဘတို့၏တစ်ဖက်သတ်ဆန္ဒသဘောထားဖြင့် မိမိတို့၏သမီးကောင်းစားရေးအတင်းအကျပ်စီမံမှုကြောင့် သမီးငယ်လေးရေတိမ်နစ်ရရှာသည့် ဖြစ်ရပ်မှန်အဖြစ်အပျက်လေးတစ်ခုသည် ၁၉၉၀ပြည့်နှစ်က ဒီရေတောများပေါက်ရောက်ရာ တစ်ခုသောကျေးရွာလေးတစ်ရွာမှာ အမှန်ပင်ဖြစ်ပွားခဲ့ပါသည်။ ညှိနှိုင်းခြင်းမရှိသော တစ်ဖက်သတ်ဆန္ဒဖြင့် ဆုံးဖြတ်ချက်ကြောင့် ရင်နင့်ဖွယ်ရာ၊ သံဝေဂပွားစရာ၊ တရားကျနောင်တရစရာတို့ကို ဆင်ခြင်နိုင်စေရန်အတွက် တင်ပြလိုက်ပါသည်။

❑

ရွှေကျင်ခတ်ရွာလေး၏ ရွာအစွန်၌ တည်ရှိသော အိမ်ဝင်းကျယ်တစ်လုံးတွင် ရွာသားအချို့ စုရုံးစုရုံးဖြင့်စည်ကားနေသည်။ မိန်းကလေးတစ်ဦးကို ပရလောကသား ဝင်ရောက်ပူးကပ် နှောင့်ယှက်နေကြောင်း ရွာအတွင်း သတင်းပြန့်ကားသွားသဖြင့် သတင်းကြားရသူတို့ သူ့ထက်ငါ အလုအယက် တိုးဝှေ့ဝင်ရောက် ကြည့်ရှုနေကြခြင်း ဖြစ်ပါ၏။ ဤလိုဖြစ်ရပ်မျိုးကလည်း သူတို့အဖို့ ကြုံတောင့်ကြုံခဲ ဖြစ်တွေ့ခဲလှသည်။

ဤသို့ကြုံဆုံတုန်းခိုက်ဝယ် ထမင်းမေ့ဟင်းမေ့ကာ သူတို့အကြည့်များက ပူးကပ်ခံနေရသူ မိန်းကလေးထံမှလွဲ၍ ဘယ်ကိုမှရွေ့လျားခြင်းမပြုကြတော့။

အစိမ်းရောင်ပုလင်းလေးတစ်လုံးသည် မည်သူတစ်စုံတစ်ယောက်၏မျက်မြင်ထိတွေ့ခြင်းမရှိပါဘဲလျက် အိမ်၏ကြမ်းပြင်တွင် လူးလာခေါက်တုံ့လိမ့်နေသည်ကို အံ့သြဘနန်းမြင်နေကြရသည်။ အစိမ်းရောင်ပုလင်းလေးသည် ယမ်းခါဖဲကြဉ်ခြင်းမရှိ တလိမ့်လိမ့်နှင့် မရွဲ့မစောင်း ညင်သာစွာ လိမ့်ကာလိမ့်ကာဖြင့် မြင်ရသူများက ထူးထူးခြားခြားကြည့်ကောင်းကောင်းနှင့် မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ အံ့သြမှင်တက်စွာ ကိုယ့်တံတွေးကိုယ်မျိုမချမိလောက်အောင် ပါးစပ်အဟောင်းသားဟောက်ရှပ်သဏ္ဌာန်အလား တိတ်ဆိတ်ငြိမ်သက်လျက်ရှိကြတော့သည်။

မိမိတို့ရွေးချယ်ခိုင်းသည့်ပုလင်းကို အမှန်အကန် ရွေးချယ် ပြသနိုင်သဖြင့် မိဘများခမျာ ဝမ်းသာရမလို၊ ဝမ်းနည်းရမလိုလို မျက်ရည်မိုးပေါက်သွန်းဖြိုးရလေ၏။ သမီးလေးရယ်ဟုသာ ဆိုနိုင်ရှာပြီး မိခင်ခမျာ ရပ်တည်နိုင်စွမ်းလျော့ရဲလျက် အရုပ်ကြိုးပြတ်ကွေးညွတ်လဲကျရရှာလေသည်။ ခံနိုင်ရည်အင်အားသည် သမီး၏ ဖြစ်ရပ်ဆိုးကြောင့် သူမထံမှ ကင်းကွာသွားရသည်။ ဤဖြစ်ရပ်သည် လူ့ဘဝထဲမှာ အပူအပင်ကင်းမဲ့စွာ ရပ်တည်ခဲ့ရာမှ အပူလွန်ကဲသော အချစ်မီး၏ပူလောင်ပြင်းပြစူးရှရှလောင်ကျွမ်းမှုကို ခံစားရသည်မှ စတင်သည်။

သနားစဖွယ် သင်းလဲ့ရီ၏ ရင်နင့်ဖွယ်ရာအဖြစ်ဆိုးဖြင့် ကြုံကြိုက်ရပုံကို ရွှေကျင်ခတ်တစ်ရွာလုံး လွမ်းမောဖွယ်တသသမေ့မရနိုင်ရှိကြသည်။

သင်းလဲ့ရီသည် ချစ်သူနှင့်ဆုံ... ခွင့် လက်လွတ်ဆုံးရှုံးလိုက်ရပြီး အတ... အကျပ်ထဲ၌ ခက်ခဲပင်ပန်းစွာ အမှော... တွင်း ချောင်သွင်းပိတ်ဆို့ခံလိုက်ရသည်။ သင်းလဲ့ရီအဖို့ ထွက်ပေါက်ကို စူးစမ်း... ဖွေခဲ့ရာတွင် သူမ၏ချစ်သူနှင့်မခွဲခွာ... ပါ။ သင်းလဲ့ရီသည် အပူလုံးကြွ... မလုပ်သင့်မလုပ်ထိုက်သည်ကို မ... ကောင်းမစည်ရာ တစ်ဇွတ်ထိုးပြုမူလ... ဆောင်လိုက်ခြင်းသာ ဖြစ်တော့သည်။ သူမသည် ချစ်သူ၏လက်ကို ခိုင်ခိုင်... လျက် မြစ်ရေနက်ထဲသို့ စုံးစုံးမြုပ်သည်... အထိ ခုန်ချသေပွဲဝင်ခဲ့ရှာသည်။

ဤသို့ ဖြစ်ရပ်ဆိုးကြီး တစ်ရွာလုံး... နားပေါက်ကြားပြီး (၁၀) ရက်ခန့်ကြာ... သော် သင်းလဲ့ရီ၏သူငယ်ချင်း မမြနှင်း... ကို သင်းလဲ့ရီ၏ဝိညာဉ်ပူးကပ်ကာ -

"အဖေနဲ့အမေကိုခေါ်ပေးပါ"

ဟု တစာစာငိုကြွေးကာ သနား... စဖွယ် ပူဆာလေ၍ တစ်ယောက်သော... သူက -

"နင့်အဖေ၊ အမေက ဘယ်သူတွေ... တုံး"

ဟု မေးလိုက်ရသည်။

"ဦးရွှေမောင်နဲ့ဒေါ်ငွေခင်ပါရှင်"

ဟု ပူးကပ်နေသူက တုန်ယင်လှို... မောစွာပြောလာသည်။ အပြေးအလွှား... သွားရောက် ခေါ်ငင်ကြလေရာ ဦးရွှေ... မောင်၊ ဒေါ်ငွေခင်တို့ ရောက်လာခဲ့ကြ... ခြင်းဖြစ်ပါတော့သည်။ ဦးရွှေမောင်တို့... သည် သူတို့၏သမီးကတွေ့ချင်သည်... စတင်ကြားရစဉ်က မိမိ၏နားကိုပင် ... မယုံကြည်နိုင်ခဲ့။ ဟုတ်မှဟုတ်ပါလေ... ဘယ်လိုမှမဖြစ်နိုင်၊ လုပ်ကြံဖန်တီးခြင်း... ဖြစ်လိမ့်မည်ဟု သူတို့ယူဆခဲ့ကြသည်။ ပူးကပ်ခံရသူ မမြနှင်းအဖေ ဦးသော်... ကိုယ်တိုင် လိုက်လာ အကျိုးအကြောင်း... ပြောပြမှသာ မယုံရဲယုံရဲနှင့် လိုက်လာ... ကြခြင်းဖြစ်ပါသည်။

ထိုအချိန်မှစ၍ ပရလောကသား... သတင်းသည် တစ်ရွာလုံးပျံ့နှံ့သွားတော့... ရာ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်... ဖြင့် ဦးသော်ဇင်၏နေအိမ်တွင် စုရုံးမိကြ... ခြင်း ဖြစ်သည်။

ဦးရွှေမောင်၊ ဒေါ်ငွေခင်တို့... ရောက်လာသည်နှင့် မမြနှင်းကိုဝင်ပူး... သော ပရလောကသားက -

"အဖေနဲ့ အမေ၊ သမီးလေ ... ကမ်းစပ်နားက ကညင်ပင်ကြီးမှာ ... ကြီးတစ်ဦးက ခွင့်ပြုပေးထား... ခ...

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အနီးအနားက ပြိတ္တာကြီး
တာ သမီးကိုနှိပ်စက်ကြတယ် အမေ။
အခုဘဝမှာနေရတာ ပင်ပန်းလွန်း
ယ် အမေ။ အစာရေစာလည်း မစားရ
တစ်နေ့တစ်နေ့ နှိပ်စက်ခံလိုက်ရ
အငတ်ငတ်အပြတ်ပြတ်နဲ့၊ သူတို့
ထဲက ပြေးလို့မလွတ်ဘူး။ မြစ်ရေ
ကိုမြင်ရပေမယ့် သမီးသောက်လို့မရ
ပျောက်ပျောက်သွားတယ်။. အမေ
တိကယ်ပါ။ သူတို့နှိပ်စက်တဲ့ဒဏ်
သည်း မခံနိုင်တော့ဘူး။ ရင်ထဲက
တာ အမေရယ်။ သမီးအတွက်
ကြီးဆွမ်းကပ်အမျှဝေပေးပါ။ သူတို့
င် အခုလို အမေတို့ကိုပြောနိုင်တာ
သူတို့ပြန်လာကြတော့မယ်၊ နော်
နော်"

ဟု မမြနှင်းသည် မောဟိုက်နွမ်း
ဖြင့်ငိုရှိုက်လျက် တောင်းပန်နေရှာ
သည်။

ဦးရွှေအောင်နှင့် ဒေါ်ငွေခင်တို့
မမြနှင်း ငိုယို၍ပြောနေသည်ကို
ရင်း တွေဝေသွားကြသည်။ ပရ
တမှာလည်း အရှုပ်အထွေးရှိကြ
သည်။ ဟန်ဆောင်ပူးကပ်လျက် သူတို့
ရာတောင်းတတ်ကြသည်ကိုလည်း
နားဝရှိထားကြသည်။ မိမိတို့
ဝင်ရောက် ပူးကပ်ပြောနေတာ
မဟုတ် ဒွိဟဖြစ်လျက်ရှိသည်။
ကောင်းဆိုးဝါးတစ်စုံတစ်ရာတစ်ကောင်
င်က လုပ်ကြံလီဆယ်နေခြင်းလား၊
လောကသားပေါင်းစုံတို့သည် ပုံစံ
မျိုး၊ နည်းပရိယာယ်အမျိုးမျိုးဖြင့်
ရောက်ပူးကပ်နှောင့်ယှက်နေသလော။

မိမိတို့သမီးဟုတ်၊မဟုတ်သေချာ
ရန် ပရလောကသားကို ဖြစ်နိုင်ခြေ
သာမေးခွန်းများဖြင့် တုံ့ပြန်ရတော့
သည်။

ဒေါ်ငွေခင်က -

"ငါ့သမီးသင်းလဲ့ရီလား"

"ဟုတ်ပါတယ် အမေ"

"နင်သေချာရဲ့လား၊ မှန်မှန်ပြော"

"အမှန်ပါ အမေရယ်။ သမီး
သင်းလဲ့ရီပါ။ သမီးကို မမှတ်မိတော့ဘူး
လား အမေရယ်"

ဒေါ်ငွေခင်သည် သမီး သင်းလဲ့ရီ
ဟုတ်၊ မဟုတ်စမ်းသပ်ရန် သေချာသည့်
သပ်နည်းရှိနေပါသည်။ သင်းလဲ့ရီ
ခဲ့က ပုလင်းလိုမ့်တမ်းကစားနည်း
ခံ့မင်နှစ်သက်သည်။ သင်းလဲ့ရီအနှစ်
သက်ဆုံးက သူကစားနေကျ အစိမ်း
ရောင်ပုလင်းလေးဖြစ်ပါသည်။ ဒေါ်ငွေ



ခင်သည် သင်းလဲ့ရီ အပျိုပေါက်ဖြစ်လာ
ချိန်ဝယ် ထိုအစိမ်းရောင်ပုလင်းလေးကို
မှတ်မှတ်ရရသိမ်းထားမိခဲ့သည်။ သင်းလဲ့
ရီ ကလေးဘဝကကစားခဲ့သော အိုးပုတ်၊
ချိုးရုပ်လေးများကအစ စနစ်တကျသိမ်း
ထားမိခဲ့သည်က ယခုအခါအသုံးဝင်သွား
ပါသည်။

ကစားစရာမျိုးစုံထဲမှ အစိမ်းရောင်
ပုလင်းလေးကိုရွေးချယ်၍ ဒေါ်ငွေခင်
သည် သူမသိမ်းထားရာနေရာတွင်သွား
ရောက်ယူငင်ခဲ့ပါသည်။

"ငါ့သမီးမှန်ရင် နင်ငယ်ငယ်က
ပုလင်းကိုလိမ့်တမ်းကစားလေ့ရှိတယ်။
ဟောဒီမှာပုလင်းသုံးလုံးချထားပေးမယ်။
အဖြူရောင်ပုလင်းရယ်၊ အစိမ်းရောင်
ပုလင်းရယ်၊ အညိုရောင်ပုလင်းရယ်။
အဲဒီ ပုလင်းသုံးလုံးထဲမှာ ညည်းကစား
နေကျပုလင်းတစ်လုံးပါတယ်။ အဲဒါကို
ရွေးပြီး လိမ့်ပြစမ်း"

ဒေါ်ငွေခင်က မမြနှင်းကို ပူးကပ်
နေသူအား ပြတ်ပြတ်သားသား အမိန့်
ပေးလိုက်ပါ၏။

အိမ်ခေါင်းရင်းတွင် ပုလင်းသုံးလုံး
ကို ညီညာစွာထောင်ထားပေးလိုက်၏။
ထိုသို့ ပုလင်းသုံးလုံးထောင့်ထားပေးရာ
က မည်သူမျှထိတွေ့ကိုင်တွယ်ခြင်းမရှိဘဲ
အလယ်ကောင်တွင် ထောင်ထားသော
အစိမ်းရောင်ပုလင်းကလေးသည် အိမ်
ကြမ်းပြင်တွင် ခေါင်းရင်းမှခြေရင်းအပြန်
ပြန်အလှန်လှန် လူးလာခေါက်တုံ့လိမ့်
နေပါတော့သည်။

❑

မိဘများတို့သည် မိမိတို့၏အရွယ်
ရောက်လာသော သားသမီးများကို တင့်
တင့်တယ်တယ်ဖြင့် ဆင်စီးမြင်းရံမြင်လို
ကြသည်သာ ဖြစ်ကြပါသည်။ ရွှေပေါ်မြ
တင်ထားလိုကြသည်က မိဘရဲ့မေတ္တာ
အစစ်အမှန်ဖြစ်ပါသည်။ သားတို့သမီး
တို့ အိမ်ထောင်ဖက်လျှင် စိန်ကိုစိန်ချင်း
ထပ်လိုကြသည်။ မြကိုမြချင်းထပ်ပေးလို
ကြသည်။ ဂုဏ်ဓနချင်းထပ် မြင့်မြတ်လို
ကြသည်။ အထူးသဖြင့် ပစ္စည်းရှင်ဂုဏ်
ကြီးရှင်လူတန်းစားအလွှာတွေမှာဖြစ်ပေါ်
လေ့ရှိကြသည်မှာ ကြီးမြတ်သော မဟာ
စိတ်ဓာတ်ကြီးများ ခိုအောင်းမှီတွယ်နေ
ကြခြင်း ဖြစ်သည်။

မိမိ၏သမီးကို ချမ်းသာသူနှင့်သာ
ပေးစားလိုစိတ် တစ်ပြားသားမျှ လျော့
မသွား။ မိမိတို့၏သားသမီးကို လောက
အလယ်မှာ ဂုဏ်မငယ်စေချင်သည်က
သားသမီးအပေါ် ထားရှိသော မိဘတို့၏
စစ်မှန်သည့် မေတ္တာသာတည်း။ မိမိတို့
အနေဖြင့် ဥစ္စာပစ္စည်းဂုဏ်ဓနပြည့်စုံ
ကုံလုံကြွယ်ဝနေသလို မိုးမမြင်လေမမြင်
တိမ်လွှာပေါ် ဝယ် ပြေးလွှားဆော့ကစား
လိုကြသည်။ လူလူချင်းအလွှာမတူ၊
အဆင့်မတူ၊ ဂုဏ်ရည်ချင်းမမျှ ခွဲခြား
ခွဲခြားဆက်ဆံလိုကြသည်။ ငါလိုလူ ဤ
ဇမ္ဗူမှာမရှိတော့ပါတကား။

မိဘမေတ္တာကား ကြီးမားမြင့်မြတ်
လှပါဘိ။ မှန်ပါသည်၊ သားသမီးအပေါ်
ထားတဲ့မေတ္တာပေပဲကိုး။ ကိုယ့်သားသမီး
ရင်သွေးငယ်လေးတို့ကို ပိုးမွေးမြူသလို
မွေးခဲ့ကြရရှာပါသည်။ အနာရောဂါကင်း
စင်ပျောက်လျက် ရွှေလိုဥကာ ဝင်းဝင်း
ဝါဝါဖြင့် လှလှပပဖြစ်စေလိုကြပါသည်။
ဆင်းရဲသည့်ကမ္ဘာသို့ လျှောက်လှမ်းစေ
လိုရင်း အလျှင်းမရှိပါ။ ရွှံ့ထဲဗွက်ထဲမှာ
စားရမဲ့မဲ့သောက်ရမဲ့မဲ့ဖြင့် ညံ့ဖျင်းသော
အစားအစာတို့နှင့် ကင်းဝေးစေချင်သည်
က မိဘမေတ္တာရယ်ပါ။

မိမိတို့ရဲ့ ရင်သွေးရတနာများကို
သူတစ်ပါးသားသမီးတွေရဲ့ ထိပ်ဆုံးမှာ
အောင်တံခွန်လွှင့်မော်ကြွားစေချင်ရှာပါ
သည်။ သားသမီးအောက်တန်းကျမည်
ကို မလိုလားပါ။ မိဘတို့သည် မိမိတို့၏
သားသမီးများကို ထိပ်တကာထိပ်ဆုံးသို့
ရည်မှန်းရင်းဖြင့် မိဘမေတ္တာမှာ အတ္တ
စိတ်များ မသိမသာ ကိန်းအောင်းလာ
တော့သည်။ မိဘရဲ့မေတ္တာမှာ အတင်း
အကျပ်ဆန္ဒများက ဝင်နှောင့်လျက်ရှိ
လာသည်။ မိဘမေတ္တာသည် အလေး
ချိန်ခွင်လွှာမညီမမျှဖြစ်လာသည်။ တစ်
ဖက်စောင်းနင်းရောက်မှန်းမသိရောက်
သွားတော့သည်။

သားသမီးတို့၏ ဆန္ဒကို လုံးဝ
လျစ်လျူရှုမျက်ကွယ်ပြုလိုက်ကြပါတော့
သည်။ သားသမီးတို့ရဲ့ ချစ်ခြင်းမေတ္တာ



www.burmeseclassic.com

www.burmeseclassic.com

တွေကိုလည်း နားလည်နိုင်စွမ်းကင်းဝေး သွားတော့သည်။ အတ္တလွန်ကဲစွာဖြင့် ငါ ရဲ့ဆန္ဒအတိုင်းသာဖြစ်စေရမည်ဟုတင်းခံ နေတော့သည်တကား။

❑

သနားစဖွယ် အချစ်ကြီးသူတို့ရဲ့ ကြေကွဲဆွေးမြေ့ဖွယ်ရာ ချစ်ရည်လူးသူ တို့ဝယ် ဖြစ်လေ့ဖြစ်ထရှိသော ကွေကွင်း နောက်ဆုံးဖြင့်သာ ရင်ဆိုင်ခဲ့ရသည့် ဖြစ် ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ရှိခဲ့လေ သည်။ ထိုဖြစ်ရပ်မှန်ရင်နင့်စဖွယ်ကြေကွဲ စရာဖြစ်ပျက်ပုံအလုံးစုံကို တင်ပြပါမည်။ အမှန်တကယ်ဆိုလျှင် ဝမ်းနည်းဖွယ်ကိစ္စ တင်ပြရခြင်းကို ရှောင်ကြဉ်လိုပါသည်။ သို့သော် ထိုအဖြစ်သနစ်သည် သင်ခန်း စာယူတတ်မည်ဆိုပါက သည်အဖြစ်မျိုး တွေ နောင်တချိန်ချိန်မှာ မဖြစ်ပေါ်စေ လိုသော ဆန္ဒမွန်ရှေးရှုလျက် တစ်ဒေါင့် တစ်နေရာမှအကျိုးပြုနိုင်ပါစေရန် တင်ပြ လိုက်ရပေသည်။

ဧရာဝတီမြစ်ဝကျွန်းပေါ်မြို့နယ် လေးတစ်ခုမှာ စိမ်းလန်းစိုပြည်၍ နေချင့် စဖွယ် ရွာငယ်လေးတစ်ရွာရှိလေသည်။ သာယာစိုပြည်သော ထိုရွာကလေးကို ရွှေကျင်ခတ်ရွာဟု အများက အသိ အမှတ်ပြုကြပါသည်။ ထိုရွာလေးမှာ သင်ခန်းစာယူနိုင်လောက်သည့် နှောင်း လူများလွဲမှားသော လမ်းမလျှောက်မိစေ ဖို့ ကြေ ကွဲဖွယ်အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်တည်ပေါ်ပေါက်ခဲ့ပါသည်။ တော တောင်ရှုခင်း၊ ဥယျာဉ်ခြံများ၊ ကျေးငှက် သာရကာတို့ဖြင့် သာမောဖွယ် ကျေးရွာ လေးဖြစ်ခဲ့လေသည်။

ရွာလေးကိုမြင်ရုံဖြင့် ရှုမောတင့် တယ်လှပါသည်။ စီးပွားဖွံ့ဖြိုးပြီး အေး ချမ်းပါသည်။ ရေမိုးပြည့်စုံကြွယ်ဝမှုရှိ သည်။ စိုက်ပျိုးလိုသူများအတွက်လည်း မြေဆီဩဇာ ကောင်းမွန် ပြည့်ဝသည်။ ထင်းဝါးများလည်း ပေါလျှံသည်။

၁၉၉၀ ပြည့်နှစ်လောက်တုန်းက ထိုရွာကလေးသည် အုပ်ဆိုင်းညို့မှိုင်းနေ သော တောတန်းကြီးတစ်ခုက လွှမ်းမိုး ထားသည်။ လံထင်းများစီးပွားဖြစ်ထုတ် လုပ်နိုင်သည့်သယံဇာတ ပေါကြွယ်ဝ သည်။ ထင်းများလွန်စွာဖြုန်းတီးသော အုတ်ဖုတ်လုပ်ငန်းကြီးအတွက် လိုအပ် ချက်ပြည့်စုံစွာ ဖြည့်ဆည်းပေးမည့် လံ ထင်းများကို ထိုတောတန်းကြီးက အနိုင် ယူနိုင်စွမ်းရှိပါသည်။ ထူထပ်ညို့မှိုင်းနေ သည့် တောအုပ်ကြီးကြောင့် တောင်

ဘက်ခြမ်းမှ လံထင်းများထုတ်လုပ်ပြီး ခေတ္တအနားပေးထားနိုင်သည်။ လံထင်း လိုအပ်ချက်ကို မြောက်ဘက်ခြမ်းမှ ကောင်းစွာထုတ်ယူနိုင်သည်။

မြောက်ဘက်ခြမ်းမှ ထုတ်လုပ်မှု ရပ်ဆိုင်းပြီး အနားပေးထားချိန်တွင် တောင်ဘက်ခြမ်း၌ လံထင်းထုတ်လုပ် ရန် ငုတ်တက်ကိုင်းသစ်များသည် အပင် ကြီးများသဖွယ် ကြီးထွားလျက်ရှိလေ သည်။သစ်တောဦးစီးဌာနအခေါ် အဝေါ် အားဖြင့် မျိုးဆက်ခြင်းဖြစ်သည်။ လူသားတို့၏ လိုအပ်ချက်ကို လိုအပ် သလောက်သုံးစွဲ၍ ပုံမှန်နေထိုင်သွားကြ မည်ဆိုပါက သဘာဝကပေးသော သစ် တောသယံဇာတသည် လူသားတို့ကို ပြည့်စုံစွာ ဆောင်ကြဉ်းပေးသွားမည်မှာ ဧကန်ဖြစ်သည်။

ရွှေကျင်ခတ်ရွာလေးတွင် အုတ်လံ သူကြီးဦးရွှေမောင်၊ ဒေါ်ငွေခင်မိသားစု တို့သည် အေးချမ်းပျော်ရွှင်စွာနေထိုင်ကြ သည်။ သူတို့သည် ကြေးရတတ်များ ဖြစ် ကြပါ၏။ ဉစ္စာပစ္စည်းကြွယ်ဝကြသူများ ဖြစ်၍ ကျေးရွာမျက်နှာဖုံးစာရင်းဝင်များ ဖြစ်ကြပါ၏။ သူတို့နေအိမ်ခြံဝင်းကျယ် ကြီးသည် သပ်သပ်ရပ်ရပ် သန့်ရှင်းလှပ ၏။ နေထိုင်သော မဒရပ်အိမ်ကြီးကား ကျွန်း၊ ပျဉ်းကတိုးသစ်ကောင်းများဖြင့် တောင့်တင်း၏။ ခြံဝင်းကြီးအတွင်း၌ ပိန္နဲ မာလကာ၊ ဩဇာ၊ ဆင်စွယ်ငှက်ပျော၊ နံ့သာပုငှက်ပျောစားသုံးသီးနှံပင်များက ဝေဆာစွာသီးပွင့်နေကြ၏။ အိမ်ရှေ့မြေ ကွက်လပ်တွင် နှင်းဆီ၊ စပယ်၊ ဇီဇဝါ၊ ပျိုမနိုင်ပန်းမျိုးစုံ စိုက်ပျိုးထား၏။

ရွာသူရွာသားအများစုမှာ အောက် ခြေလူတန်းစားများသာ ဖြစ်ကြပါသည်။ လယ်ယာစိုက်ပျိုးခြင်း၊ ဟင်းသီးဟင်း ရွက်စိုက်ပျိုးခြင်းလုပ်ငန်းဖြင့် တစ်ဝမ်း တစ်ခါးရှာဖွေကာ အေးချမ်းစွာနေထိုင် ကြသည်။ ကြေးရတတ်လူတန်းစား အလွှာဦးရေကို လက်ချိုးရေတွက်နိုင် သည်။ အုတ်လံသူကြီးဦးရွှေမောင်၏ စီးပွားရေးသည် ဒီရေအလား တစ်ဟုန် ထိုးတိုးတက်ခဲ့၏။ ဉစ္စာပစ္စည်းသည် လူ တို့၏ မာန်မာနကို နှိုးဆွထောင်လွှားစေ သည်။

ဦးရွှေမောင်၊ ဒေါ်ငွေခင်တို့တွင် လှသွေးကြွယ်ဖူးပွင့်စ သမီးရတနာလေး တစ်ယောက်ရှိလေသည်။အပျိုဖြန်းလေး ဖြစ်၍ ရွှေစင်ရုပ်သွင်အလား အချိုး အဆစ်ကျနသည်။ သဘောမနောဖြူစင် သော သမီးကညာလေး 'သင်းလဲ့ရီ' ဟု

နာမည်ထင်ရှားလေ၏။ မိဘတို့မေတ္တာ ရိပ်အောက်ဝယ်ခိုလှုံလျက် လိုလေသေး မရှိ ကြီးပြင်းလာရသူလေး ဖြစ်ပါ၏။ သမီးလေး၏ လိုအင်ဆန္ဒအားလုံး မိဘ များက ဖြည့်ဆည်းပေးကြ၏။ သင်းလဲ့ရီ ၏ဘဝ လိုတရပြည့်စုံ၏။

မိသားစုသုံးဦးတို့ ပျော်ရွှင်မဆုံး[illegible] ပါ။

သူတို့၏ခြံဝင်းတွင် မြစိမ်းရောင် မြက်ခင်းပြင်၊ ပန်းအလှပင်များ၊ ရောင်[illegible] လိပ်ပြာ၊ ပုစဉ်းများပျံဝဲလျက် လှ[illegible] ခြယ်ထားသည်။ သဘာဝအလှအပ[illegible] ရဲ့အကြား သင်းလဲ့ရီ၏အလှဂုဏ်[illegible] တောက်ကြွားလျက်ရှိသည်။သူမ၏အ[illegible] အယဉ်က တင့်တယ်လွန်းသည်။

ကျေးရွာလေးသည်ကား ရေ[illegible] တောဂနိုင်ရှုခင်းများဖြင့် သာယာစိုပြ[illegible] လျက်ရှိနေတော့သည်။တောပန်းတော[illegible] ယန်းတို့သည်လည်း ဆယ့်နှစ်ရာသီ[illegible] လန်းနေကြသည်မှာ ကျေးရွာလေး[illegible] အလှကို ဝင့်ထည်စေခဲ့သည်။ မြင်[illegible] ကြည်နူးစဖွယ် ရင်တွင်းဝယ် နှစ်လို[illegible] ကောင်းလှပါဘိ။

❑

ဦးရွှေမောင်၏ အဓိကစီးပွား[illegible] လုပ်ငန်းသည် အုတ်လံရောင်းဝယ်[illegible] လုပ်ငန်းဖြစ်သည်။ အုတ်ဖိုများသို့ [illegible] ထင်းပို့ရန်အတွက် အလုပ်သမား[illegible] တရစပ်ရှာဖွေနေရသည်။လံထင်း[illegible] ယူပို့ဆောင်ရေးအလုပ်သမား အ[illegible] အပ်လျက်ရှိနေသည်။ အလုပ်သ[illegible] ထောင့်စေ့အောင် ငှားရမ်းနေရသ[illegible]

အလုပ်သမားများ စုဆော[illegible] တွင် တစ်နေ့သ၌ ဦးရွှေမောင်တို့[illegible] သုံးနှင့်လေးပမာ ဆန့်ကျင်ဘက်ဖြ[illegible] မည့်လုပ်သားတစ်ဦး ပါဝင်လာခဲ့သ[illegible] မောင်သန့်ဆွေသည် အလုပ်သ[illegible] သော်လည်း လူရည်သန့်တစ်ယော[illegible] ဖြစ်လေသည်။ ရိုးသား၍ အကျင့်[illegible] ကောင်းသူဖြစ်ပါသည်။

မောင်သန့်ဆွေသည် တ[illegible] သားအပေါ် ညာတာထောက်ထာ[illegible] သူ၊ ဝိုင်းဝန်းကူညီတတ်သူ လူ[illegible] သည်။ ဦးရွှေမောင်တို့ဘက်က[illegible] လျှင် လူငယ်လေးသည် ဒုက္ခပေးသူ[illegible] ဖြစ်တော့သည်။ မှန်ပါသည်။ သူတို့[illegible] ကကြည့်လျှင် လက်ဖဝါး၊ ကိုယ့်ဘ[illegible] ကြည့်လျှင်တော့ လက်ဖမိုးကိုသာ[illegible] ပေလိမ့်မည်။ ကိုယ့်အယူအဆန[illegible] မှန်နေကြသူများဖြစ်နေကြသ[illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်သန့်ဆွေမှာ ရိုးသားသည်။ အကျင့်စာရိတ္တကောင်းသူ ဖြစ်ကြောင်း တစ်ရွာလုံး အသိအမှတ်ပြုခံရသူဖြစ်သည်။ မောင်သန့်ဆွေသည် တစ်ကောင်ကြွက်ဖြစ်လေသည်။ သူငယ်စဉ်ကတည်း က မိဘများကွယ်လွန်ခဲ့ကြရှာသည်။ ဆွေမျိုးမဲ့ကူညီသူမရှိ၊ ဘဝကိုရုန်းကန်ဖြတ်သန်းခဲ့ရသည်။ ဤရွာချက်မြှုပ်ဇာတိဖြစ်သောကြောင့် သူ့အကြောင်း ကောင်းစွာသိရှိကြသည်။ သို့ကြောင့်ပင် မောင်သန့်ဆွေ ရိုးသားကြောင်း တစ်ရွာလုံးက ပြောဆိုနိုင်ခြင်း ဖြစ်လေသည်။

လံထင်းသမားများသည် နံနက်မိုးမိုး ဒရယ်ပေါက်ထင်းစခန်းသို့ သွားတိုးကြရသည်။ လံထင်းများခုတ်ထွင်းကြပြီး စုပုံလိုက်ကြသည်။ ညနေစောင်းသောအခါ အားလုံး လှေပေါ်တင်လိုက်ကြသည်။ လှေပေါင်းမိုးပြည့်တင်ဆောင်ကြပြီး ရွှေကျင်ခတ်ရွာဆီသို့ ညီချင်းတကြော်ကြော်အော်ဆိုရင်း လှော်ခတ်ခဲ့ကြသည်။ ထင်းလှေများဦးရွှေမောင်၏ရေဆိပ်တွင်ဆိုက်ကပ်ပြီး နောက်လှေပေါ်မှ လံထင်းများ စုပေါင်းထမ်းယူကြပါသည်။ လံထင်းပုံရန် ဦးရွှေမောင်၏အိမ်နောက်ဘက်ခြံထောင့်တွင် နေရာပြုလုပ်ထားသည်။ လှေပေါ်ပါ လံထင်းအားလုံး ခြံထောင့်တွင် စနစ်တကျပုံပြီးမှသာလျှင် ယနေ့လုပ်ခရှင်းပေးသည်။

အလုပ်သမားများသည် နေ့တွက်ခရှင်းရန် အိမ်ရှေ့မြေကွက်လပ်အလုပ်စားပွဲသို့သွားကြရသည်။ ထိုနေရာတွင် ဦးရွှေမောင်မှ ငွေကြေးရှင်းပေးမည်ဖြစ်သည်။ အလုပ်သမားများထဲတွင် မောင်သန့်ဆွေသည် နောက်ဆုံးမှသာလာလေ့ရှိသည်။ အိမ်ကြီးဘေးမှဖြတ်၍သွားစဉ် လေသာဆောင်ပြတင်းပေါက်မှ တင်းထိမ်ကန့်လန့်ကာတစ်လွှာလှစ်ဟလျက် လပြည့်ဝန်းလေး ထွက်ပေါ်လို့နေပါသည်။ မောင်သန့်ဆွေသည် အမှတ်တမဲ့ ခေါင်းမော့လိုက်ရာ ရွှေသမင်မျက်လုံးပိုင်ရှင်လေး၏အကြည့်တစ်ချက်က သူ၏ရင်ကို ရှိုငြိသွားသည်။

လုံးဝမျှော်မှန်းတမ်းတရန် ခက်ခဲလွန်းသည်။ တိမ်ယံကြားက လမင်းလေးကို စိတ်ကူးထဲပင်မထည့်ဝံ့ မစဉ်းစားရဲပါ။

မောင်သန့်ဆွေသည် နောက်နေ့များတွင် လေသာပြတင်းပေါက်သို့သွားရောက်လိုသည့်သူ၏အကြည့်ကို ရိုက်ချိုးပစ်လိုက်သည်။ မိမိကိုယ်ကို မိမိဆုံးမရတော့သည်။ ကိုယ့်အဆင့်ကိုယ်သိပါ။ မိမိကိုယ်ကို မိမိဆုံးမနေရသော်လည်း မိမိမျက်လုံးများလေသာဆောင်မရောက်စေရန် ထိန်းသိမ်းနိုင်ပါမည်လား။ သူ၏ဆုံးမမှုက ရက်ပိုင်းသာခံနိုင်သည်။ ကြာရှည်မှာတော့ ခံနိုင်ရည်မရှိပါ။ သူများစွာခံစားရပါသည်။သူ၏မျက်လုံးများကို ဇက်ကြိုးလွှတ်ပေးရမည့်နေ့ရက်ရောက်ရှိလာသည်။

တစ်နေ့သောအခါဝယ် မောင်သန့်ဆွေသည် အိမ်ကြီးဘေးသို့ဖြတ်လျှောက်ရတော့မည်။ သူခေါင်းငုံ့ထားရမည်ကို သူသိပါသည်။ လေသာဆောင်ကိုမြင်ရမည့်နေရာရောက်တော့ ငုံ့ထားသောခေါင်းမော့သွားလေသည်။ ပြတင်းဝမှာထွက်ပြူနေသော ငပုပ်ဖမ်းထားသည့် ညိုပုပ်ပုပ်လမင်းကို စိတ်မကောင်းစွာ တွေ့ရှိလိုက်ရသည်။ နောက်နေ့တွင်လည်း သူ၏အကြည့်က ပြတင်းဝသို့ ရောက်ရပြန်တော့သည်။ လမင်းလေးကို ငပုပ်ဖမ်းသည့်အရိပ်အယောင် ကင်းမဲ့သွားပြီ။

တတိယမြောက်အကြည့်တစ်ချက်တွင် ဝင်းပသော လပြည့်ဝန်းလေးမှ အကြင်နာရောင်စဉ်လှိုင်းတောက်ပလာသည်။ နောက်နေ့တွင်ကား လပြည့်ဝန်းမှ အကြင်နာပြုံးပန်းတစ်ပွင့်ကြွေကျလာပါသည်။ အပြုံးပန်းပွင့်မြေသို့မသက်မီ မောင်သန့်ဆွေနှလုံးသားက အမိအရဖမ်းယူဆုပ်ကိုင်လိုက်သည်။ မောင်သန့်ဆွေနှင့် သင်းလဲ့ရီ နေ့စဉ်အကြည့်ခြင်းဆုံကာ နားလည်မှုချစ်မျက်လုံးများနှင့် စကားပြောနေကြလေပြီ။ သူတို့နှစ်ဦး ခိုင်မာသောချစ်ကြိုးသွယ်မိသည်။ နူးညံ့သော အသည်းနှလုံးရှိသူ လူသားချင်း မေတ္တာမျှခဲ့ကြလေသည်။

သူတို့နှစ်ဦးမေတ္တာမျှနေကြသည်ကို ဦးရွှေမောင်၊ ဒေါ်ငွေခင်တို့ မရိပ်မိ



မသိရှိကြသေး။ ခရီးတာအစမှာ အနီးလာနေနိုင်ကြသည့် အခြေအနေ ဖန်တီးနိုင်ကြပါသေးသည်။ မိဘများ ချက်ချင်းမသိရှိနိုင်ကြသည်ကို အပြစ်ဟုမဆိုသာပါ။ မိဘအများစုမှာ နောက်ပိုင်းမှ သိရှိသွားကြသည်သာများပါသည်။ သမီးရှင်များ အထူးသတိပြုဖွယ်ရာတစ်ရပ်ဖြစ်သည်။ ရွှေကျင်ခတ်ချောင်းနံဘေးက ကချွင်ပင်ကြီးအောက်မှာ ချစ်သူနှစ်ဦး ချစ်တို့လှယ်ချစ်စကားပြောရင်း ရှေ့ရေးတိုင်ပင်လေ့ရှိကြပါသည်။ သူတို့၏ရှေ့ရေးသည် ရတက်မအေးစရာ။

ဂုဏ်ရှိသူနှင့် ဂုဏ်မဲ့သူ ယှဉ်ပြိုင်လျှင် ဂုဏ်မဲ့သူသာလျှင် ခံစားရမြဲဖြစ်သည်။ မညီမျှသောဘဝမှာ အဖုအထစ်လေးများ တစ်လုံးပြီးတစ်လုံးဖြစ်ပေါ်လာသည်။ ချစ်သူနှစ်ဦး၏ မေတ္တာရနံ့သည် ဦးရွှေမောင်၊ ဒေါ်ငွေခင်တို့၏နှာဝကို ကလူကျီစယ်လိုက်သည်။ မေတ္တာရနံ့သည် စူးရှသောညှော်နံ့အဖြစ်ပြောင်းလဲသွားလေပြီကော။ ဂုဏ်ကြီးရှင်တို့အဖို့ ယမ်းပုံကြီးပေါ် သို့ ဒေါသမီးပွားများကျကာ တဟုန်းဟုန်းဝေ့ယမ်းလောင်ကျွမ်းလေသည်။

မောင်သန့်ဆွေနှင့်သင်းလဲ့ရီတို့၏ ဂုဏ်ရည်မတူဇာတ်လမ်းသည် အလွမ်းဇာတ်ခင်းကြရရှာလေသည်။

မိဘတို့၏ဒေါသမုန်တိုင်းပြင်းထန်နေချိန်တွင် ချစ်သူနှစ်ဦးတို့သည် မုန်တိုင်းအစွန်အဖျားသို့ ခေတ္တတိမ်းရှောင်ခဲ့ကြသည်။ လေပြေလေညင်းတို့သည် ဆော့မြူးရာအရပ်(သို့မဟုတ်)ရွှေကျင်ခတ်ချောင်းနံဘေး ချစ်ကွန်းခိုရာ ကညင်ပင်ကြီးအောက်မှာ မောင်သန့်ဆွေနှင့် သင်းလဲ့ရီတို့ နှလုံးခုန်နှုန်းပြင်းထန်လျက် အရေးပေါ် ဆွေးနွေးကြရလေသည်။ အ ချစ်မီးလောင်ကျွမ်းထားသော ခန္ဓာကိုယ်လေးဖြင့် သင်းလဲ့ရီက -

"အစ်ကို၊ အစ်ကို"

"ပြောလေ သင်း"

"သင်းမိဘတွေ သိကုန်ကြပြီ။ ဖေဖေဒေါသအရမ်းထွက်နေတယ်။သင်းကို မြို့ကအုတ်ဖိုသူကြီးရဲ့သားနဲ့ပေးစားကြတော့မယ်။ အစ်ကိုနဲ့မခွဲချင်ဘူး၊ ဘယ်လိုလုပ်ရမလဲ"

"အင်း . . အစ်ကို့ဘဝက နိမ့်ပါးလွန်းလှတယ်သင်းရယ်။ သင်းကို တင့်တင့်တယ်တယ်ထားချင်ပေမယ့် အစ်ကို့အခြေအနေက ရုန်းကန်ရတာ ခက်ခဲလှတယ်။ သင်းမိဘတွေ ဒေါသထွက်တာ အစ်ကိုဗွေမယူပါဘူး။ မိဘဆိုတာ ကိုယ့်

www.burmeseclassic.com

သားသမီးကို ကောင်းစားစေချင်ကြတာ ခမ္မတာပါ။ သင်းမိဘတွေဘက်ကမှန်ပါတယ်။ ဒါကလည်း မိဘတိုင်းရဲ့ဆန္ဒပါ သင်းရယ်"

မောင်သန့်ဆွေနှုတ်မှ ဖွင့်ဟနေရသော်လည်း ရင်တွင်းမှာတော့ မချိပါ။ အလွန်ပင် ခံစားနေရရှာပါသည်။ သင်းလဲ့ရီကိုပြောပြနေသည့်အသံမှာလည်း ပြောရင်းအသံတိမ်ဝင်သွားခဲ့သည်။ ချစ်သူနှစ်ဦးပေါင်းရန်အရေး သုံးနှင့်လေးပမာ ကျောခိုင်းလျက်သာတည်း။ သင်းလဲ့ရီ၏ မိဘများ သူတို့နှစ်ဦးအကြောင်းသိရှိသွားပြီဖြစ်၍ အပူတပြင်း တွေ့ဆုံကြရခြင်းဖြစ်သည်။ လူနှစ်ဖက်စာခန့်ပင်လုံးကြီးမားသော ကညင်ပင်ကြီးအောက်ဖြစ်သောကြောင့် သူတို့နှစ်ယောက်ကို အဝေးမှ အလွယ်တကူ မမြင်နိုင်ချေ။

"ဟင့်အင်း ဟင့်အင်း၊ အစ်ကိုနဲ့ မခွဲနိုင်ဘူး"

"သင်းကို ကိုယ့်ရဲ့နိမ့်ကျတဲ့ဘဝထဲ ဆွဲမခေါ်ချင်ဘူး။ မခေါ်ရက်ဘူးကွာ"

"အစ်ကိုသတ္တိမရှိဘူးလား၊ စွန့်စားကြမယ်လေ"

"အချစ်ရယ်၊ မိဘစကားနားထောင်ပါနော်။ အစ်ကိုလည်း သင်းကို မခွဲနိုင်ပါဘူး"

သူတို့နှစ်ဦးရဲ့ဘဝ မိုးနှင့်မြေပမာ ကွာခြားသည်။ မောင်သန့်ဆွေအတွက် ဂုဏ်တံတိုင်း၊ ငွေတံတိုင်း၊ မဟာတံတိုင်းကြီးကို မကျော်လွှားနိုင်ရှာခဲ့။ နှမလက်လျှော့နေလေဦးတော့ သင်းလဲ့ရီလေးရယ်။

ဘဝတွင် အကွေ့အကောက်၊ အဆင်း၊ အတက်၊ အနိမ့်၊ အမြင့်ရှိနေပါသည်။ ဦးရွှေမောင်၊ ဒေါ်ငွေခင်တို့၏ တစ်ဖက်သတ်ဆန္ဒသဘောထားဖြင့် သမီးကို ကောင်းစားစေလို၍ အတင်းအကျပ်စီမံကြသည်။ သမီး သင်းလဲ့ရီအနေဖြင့် မိမိချစ်သူ မောင်သန့်ဆွေရင်ခွင်၌သာ ခိုနားလိုပါသည်။ သင်းလဲ့ရီ အိမ်မပြန်ရဲတော့ပါ။ မိဘကိုအလွန်ကြောက်သော သမီးကလေးဖြစ်ပါသည်။ ငိုရှိုက်လျက် တုန်ယင်လှိုက်မောစွာ ပင်ပန်းနွမ်းနယ်နေရှာသောရင်ခွင်ထဲမှ သင်းလဲ့ရီကို မောင်သန့်ဆွေမကြည့်ရက်နိုင်ရှာပါ။

ဘဝကို အန်တုဘက်ပြိုင်နိုင်စွမ်းကင်းမဲ့ရှာသည့် မောင်သန့်ဆွေသည် ဘဝကို အရှုံးပေးလိုစိတ်ဝင်လာချေပြီ။ သူ၏ ချစ်သူကိုလည်း သနားလှပါပြီ။ ဂုဏ်ကြီးရှင်တို့၏ အာဏာစက်ကွင်းမှ မည်သို့မျှပြေးမလွတ်သာပါ။ ချစ်သူ၏ အချစ်မီးက သူ့ကိုလောင်ကျွမ်းခဲ့ချေပြီ။ နောက်ဆုံးခရီးနှင့်ရန် စိုင်းပြင်းလိုက်ပါတော့သည်။

"အစ်ကိုတို့နှစ်ယောက် သင်းမိဘတွေကို အန်တုဖို့နေနေသာသာ ပြေးလို့တောင်လွတ်မှာမဟုတ်ဘူး။ ဒီမယ်သင်း၊ အစ်ကိုတို့နှစ်ယောက် အတူတူသေရင် နောင်ဘဝမှာပေါင်းကြရမှာပါနော်"

"ဟုတ်တယ်၊ ရှင်လျက်နဲ့ အတူတူမနေရရင် အတူတူသေကြတာပဲကောင်းတာယ်ကွယ် ဟင့် ဟင့်"

သူတို့နှစ်ယောက် ထိုင်နေသောနီးမှာ ကပ်စေးနှဲပင်ချုံတောရှိလေသည်။ မောင်သန့်ဆွေသည် ကပ်စေးနှဲပင်၏ အခွံကိုခွာလိုက်သည်။ ကပ်စေးနှဲပင် စည်ခွံသည် လျှော်ကြိုးကဲ့သို့ ခိုင်မာလေသည်။ သင်းလဲ့ရီ၏ ညာဘက်လက်ကောက်ဝတ်နှင့်သူ၏ဘယ်လက်ကောက်ဝတ် ပူးကပ်လျက် အခွံခွာထားသော လျှော်ကြိုးဖြင့် မြဲမြံစွာ တုပ်နှောင်ချည်လိုက်သည်။

ရွာဘက်သို့ တစ်ချက်ငေ့ကြည့်လိုက်ကြသည်။

"ဟော- ဖေဖေတို့လိုက်လာကြပြီ၊ ဘယ်လိုလုပ်ကြမလဲဟင်"

"အချစ်ရယ် မထူးတော့ဘူး၊ ရေထဲခုန်ချကြမယ် ကဲ"

"သမီးမလုပ်နဲ့"

"ဗွမ်း"

"အို - သမီးလေးရယ်"

"သမီး"

မောင်သန့်ဆွေနှင့် သင်းလဲ့ရီတို့ နှစ်ဦးသား လက်နှစ်ချောင်းပူးကပ်လျက်ကြိုးဖြင့်တုပ်နှောင်ချည်ထားသည်ဖြစ်၍ ရေတွင်ကူးခပ်နိုင်ခြင်းမရှိကြတော့ဘဲ ရွှေကျင်ခတ်ချောင်းနက်ထဲမှာ စုံးစုံးနစ်မြုပ်သွားကြလေတော့သည်။ မိဘတို့၏ရန်ကိုကြောက်၍ ထွက်ပေါက်ရှာကြသည့် သူတို့ခမျာ ရင်နာဖွယ်ရာအဖြစ်ဆိုးဖြင့် ကြုံဆုံကြရရှာပါသည်။

မိဘတို့၏တစ်ဖက်သတ်သဘောထား သံမဏိဆုံးဖြတ်ချက်သည် သားသမီးတို့ကို ချစ်ရမရောက် နှစ်ရာရောက်ရှာလေပြီထင့်။

❑

ဩကာသလောကကြီးတွင် (၃၁) ဘုံ၌ လူ့ဘုံတစ်ခုအပါအဝင်ဖြစ်သည်။ လူသားတို့သည် ကမ္ဘာဦးအစကတည်းက ရှင်သန်ပေါက်ဖွားလာကြလေသည်။ သတ္တဝါတိုင်း သတ္တဝါတိုင်း ဖိုနှင့်မ ဒွိယံ တွဲလျက်ရှိနေကြသည်။ ဖိုနှင့်... မေတ္တာဓာတ် ရောယှက်လျက်ရှိ... ထိုထိုသောမေတ္တာဓာတ်ခံလျက် ... ရေလှိုင်းအရှိန်အဟုန်ဖြင့် မျိုးဆက်... လေးများ ပြန့်ပွားလာကြလေ... ဆင့်ကဲဆင့်ကဲ ကမ္ဘာဦးကာလမှ... ယနေ့အချိန်အထိ ဆက်လက်ပေါ်... ရှင်သန်နေကြဆဲပါ။

ဗုဒ္ဓမြတ်စွာဘုရားရှင်ကိုယ်... မြတ်ကြီးသည် (၃၁) ဘုံသား... ဟော ကြားခဲ့သည်မှာ ကံ-ကံ၏အ... ကို ထည့်သွင်းဟောကြားထားပါ... ကောင်းမှုလုပ်လျှင် ကောင်းကျိုးမ... ခံစားရပါသည်။ မကောင်းမှုလုပ်... မကောင်းမှုကံကြောင့် ဆိုးကျိုးမ... ခံစားရပါမည်။ ထိုကံများအ... သတ္တဝါတိုင်းမှာ ကုသိုလ်ကံနှင့်အက... ကံပူးတွဲလျက် သံသရာတစ်လျှော... ကျင်လည်ကြရင်းဖြင့် ချမ်းသာ... ဆင်းရဲသူများအဖြစ် ကွဲပြားခြား... လျက်ရှိနေပါသည်။

လူအများ ပြောဆိုနေကြ... အတိုင်း ဘဝဆိုတာ ငှက်ခါးပျံသ... ထိုထိုသော ဆူကြုံနိမ့်မြင့်လူတန်း... ရပ်သည် ဒွန်တွဲလျက်တည်ရှိနေမည်... မလွဲဧကန် အမှန်သေချာနေပါ... သည်။

ဟိုးရှေးရှေးတုန်းကစ၍ ... တံတိုင်း၊ ငွေတံတိုင်းတွေကြားမှာ... ရှိနေသူများက အောက်ခြေအ... လူတန်းစားများကို ကြည်ဖြူနိုင်ခြင်း... ဝေးလျက်သာ။ ယနေ့ခေတ် ယခုလ... ကာလမှာလည်း ဒီစိတ်ထားတွေ... ပယိမ်းမယိုင် ကျောက်စာတိုင်သ... တည်တည်မြဲမြဲ ရပ်တည်နေကြ... ယခုဆိုလျှင် မပြောင်းမလဲ တည်... သော မိဘများ၏မေတ္တာသည် မိ... အချစ် နှစ်သည့်အလား မဖြစ်စေလို...

သို့ကြောင့်ပင် မိဘတို့သည် ... သမီးတို့အပေါ် ချစ်ရာမရောက် န... ရောက်ရှာပြီထင့်။ ရွှေကျင်ခတ်ရွာ... က မိဘများ၏ တစ်ဖက်စောင်း... ဆုံးဖြတ်ခြင်းကို မောင်သန့်ဆွေ... သင်းလဲ့ရီတို့က သင်ခန်းစာပေးခဲ့... သလား။

သုခိအတ္တာနံပရိ...

အောင်မြင့်ထွန်း (မ...



www.burmeseclassic.com

www.burmeseclassic.com

# အထက်လှန်အောက်လျှောဝေဒနာနှင့်
# အပူလောင်နာအနာရောဂါအမျိုးမျိုးပျောက်ကင်းသောဆေးနည်းကောင်းများ

**၁။ အထက်လှန်အောက်လျှောရောဂါ ပျောက်ဆေးနည်း**

လူတို့သည် အစားအသောက် တစ်ခုခုမှားယွင်းမိလျှင် ဝမ်းသွားခြင်း၊ အန်ခြင်း စသော အထက်လှန်အောက် လျှောရောဂါများဖြစ်တတ်ပါသည်။ ထို ရောဂါသည် အလွန်အခံရခက်သော ရောဂါဝေဒနာဆိုးတစ်ခုဟု ခေါ်ဆိုချင် ပါသည်။ အနာရှိလျှင် ဆေးရှိရမည် ဟူသော မြန်မာတို့၏ ရှေးသမားတော် တို့၏ ဆေးနည်းများထဲမှ ဆေးနည်း ကောင်းတစ်လက်ကို ဖော်ပြရမည်ဆိုပါ လျှင် -

ကွမ်းစားထုံး ကွမ်းသီးလုံးခန့်ကို ပန်းကန်လုံးထဲတွင်ထည့်ပြီး ရေကျက် အေးအနေတော်ထည့်ပြီးမွှေပါ။ ထုံး ကြက်တက်ရည်ဖြစ်အောင် ခေတ္တစောင့် ပါ။ ၎င်းထုံးကြက်တက်ရည်ကို အခြား ပန်းကန်တစ်ခုထဲသို့ ပြောင်းထည့်ပါ။ ပြောင်းထည့်ရာတွင် ထုံးအနည်အနှစ် များမပါရပါ။ ထုံးကြက်တက်ရည်ထဲသို့ သံပရာရည်သင့်ရုံညှစ်ထည့်ပါ။ ပြီးလျှင် သကြားအနည်းငယ်ထည့်၍ ဇွန်းဖြင့် ခလောက်ပေးပါ။ ၎င်းဆေးသုံးမျိုးစပ် ထားသောအရည်သည် အရသာမှာ ချို ချဉ်ဖန်ဖြစ်ရပါမည်။ ဆေးသင့်တင့်မျှတ ပြီဆိုပါက ရောဂါဖြစ်သောသူကို ချင့်ချိန် ပြီးတိုက်ပါ။ ၎င်းဆေးတစ်ခွက်တည်းနှင့် အထက်လှန်အောက်လျှောရောဂါပျောက် ကင်းပါသည်။ ဆေးဖော်စပ်ရာတွင် သံပရာသီးလွယ်လွယ်ကူကူမရနိုင်ပါက မန်ကျည်းမှည့်ကို ရေကျက်အေးဖြင့်ဖျော် ပြီး စစ်ထည့်၍ပြုလုပ်နိုင်ပါသည်။ သကြား လွယ်ကူစွာ မရနိုင်ပါကလည်း ထန်းလျက်ခဲကို အသုံးပြုလျှင် ရနိုင်ပါ သည်။

**၂။ ပင်လယ်အူနာရောဂါသက်သာပျောက် ကင်းသောဆေးနည်း**

ဝမ်းမကြာခဏသွားပြီး ဗိုက်ထဲမှ ရစ်ရစ်ပြီး နာကျင်သောဝေဒနာသည် တလိပ်လိပ်ဖြင့်ခံစားနေရပါက ပင်လယ် အူနာရောဂါဖြစ်နိုင်ပါသည်။ ၎င်းရောဂါ အတွက် ကုသရန်ဆေးနည်းကောင်း တစ်လက်မှာ ကြေးဇွန်းထဲသို့ အုန်းဆီ အပြည့်ထည့်ပြီး ဖယောင်းတိုင်မီးဖြင့် ချက်ပါ။ ဆူဝေလာသောအခါ ပူနွေးနွေး လေးဖြစ်ပါက သောက်နိုင်ရုံအနေအ ထားရှိလျှင် ဝေဒနာရှင်ကိုတိုက်ပါ။ ၎င်း ဝေဒနာရောဂါစက္ကန့်ပိုင်းအတွင်းပျောက် ကင်းပါလိမ့်မည်။

**၃။ ထိခိုက်ရှနာသွေးထွက်နာအတွက်ဆေး နည်း**

ထိခိုက်ရှနာသွေးထွက်နာဖြစ်ခဲ့ပါ လျှင် ရှမ်းပြေးရွက်ကို ရေဆင်အောင် ဆေးပြီး အရည်ညှစ်ပါ။ ပြီးလျှင် အရည် ညှစ်ထားသော ရှမ်းပြေးရွက်ကို ၎င်း၏ အရည်ဖြင့်တို့ပြီး အနာပေါ်သို့အုံ့ပေးပါ။ ပတ်တီးစည်းပေးလျှင်လည်းရပါသည်။ သုံးရက်အတွင်း အနာကျက်ပြီး ပျောက် ကင်းပါသည်။ ဆီးချို၊ သွေးချိုရောဂါ သမားတို့တွင်ဖြစ်ပါက အနာကျက်စေပါ သည်။

**၄။ ခြေဖဝါးတွင်သံစူး၍ထိခိုက်ရှနာဖြစ်ခဲ့ ပါလျှင်ဆေးနည်း**

သံစူးနေသောနေရာကို ရေဖြင့် ဆေးကြောပြီး ဓာတ်ဆီစစ်စစ်ဖြင့် (၁၀) မိနစ်တိတိစိမ်ထားပါ။ မေးခိုင်ရောဂါပိုး မဝင်နိုင်ပါ။ နာကျင်နေသေးလျှင် ထပ် ကာစိမ်ပေးပါ။ (၃)ကြိမ်မျှစိမ်ပေးခြင်းဖြင့် သံစူးဝေဒနာပျောက်ကင်းပါလိမ့်မည်။

**၅။ ခြေဖဝါးအက်ကွဲနာပျောက်ဆေးနည်း**

အပူလွန်ကဲ၍ဖြစ်လေ့ရှိသော ခြေ ဖဝါးအက်ကွဲနာကိုကုသရန်ဆေးနည်းမှာ ကျွဲ၊ နွားများအနာလိမ်းသော ဆေးကတ္တ ရာခေါ် coata လိမ်းပေးလျှင်လည်း ပျောက်ကင်းပါသည်။ သို့မဟုတ် ခေါင်း လိမ်းဆီအဆီခဲကို ထည့်ပေးခြင်းဖြင့် လည်း ပျောက်ကင်းပါသည်။

**၆။ အနာစိမ်း၊ သွေးစုနာအနာပေါက်ဆေး နည်း**

တောင်မရှိးအခေါက်ကို သွေး၍ လိမ်းပေးခြင်းဖြင့် အနာနုလျှင် ပိန်၏။ အနာရင့်လျှင်ပေါက်၏။ လုံးဝပိန်ပြီး ပျောက်ကင်းသွားသောဆေးနည်း ဖြစ် ပါသည်။

**၇။ သွေးစုနာခေါ် အနာစိမ်းအတွက်ဆေး တစ်နည်း**

သွေးစုနာမှာ ခန္ဓာကိုယ်အောက် ပိုင်းတွင် အပေါက်များပါသည်။ အပူနာ တစ်မျိုးဟု ခေါ်ဆိုကြပါသည်။ ကုသရန် ဆေးနည်းမှာ မြွေပွေးအရေခွံအခြောက် ကို (၁) လက်မခန့် ကတ်ကြေးနှင့်ညှပ်ပြီး တံတွေးအနည်းငယ်ဆွတ်၍ သွေးစုနာ ပေါ်သို့ကပ်ပေးထားပါက ပြည်စုလာပြီး နုလျှင်ပိန်သွားသလို ရင့်လျှင် ပြည်ကွဲ ထွက်ပြီး သက်သာ ပျောက်ကင်းစေပါ သည်။

**၈။ ညှော်မိ၍ အနာဝင်၊ အနာငုပ်လျှင် ပျောက်ဆေးနည်း**

အနာများညှော်မိ၍ အနာဝင် အနာငုပ်လျှင် နွားအံသွားနှင့် ရှိန်းခိုကို သွေးပြီးလိမ်းပေးပါက (၁) နာရီအတွင်း အနာပြန်ပေါ်လာ၏။ နေ့စဉ်မှန်မှန်တစ် ပတ်ခန့်လိမ်းပေးပါက အနာ၏ဒဏ်ရာ လုံးဝပျောက်ကင်းသွားပါလိမ့်မည်။

**၉။ ဆီပူ၊ ရေနွေးပူ၊ မီးပူလောင်ခဲ့လျှင် ပျောက်ရန်ဆေးနည်း**

ဂျုံကို ရေနှင့် ခပ်ပျစ်ပျစ်ဖျော်ပြီး ကျိုထားပါ။ အေးလျှင် ခဲ၍ စက္ကူကပ် ကော်ဖြစ်သွားပါမည်။ ၎င်းကော်ကို လေ လုံအောင် ဘူးထဲတွင်ထည့်ထားပြီး အပူ လောင်သောနေရာပေါ်သို့ ၎င်းကော်ကို ခပ်ပျစ်ပျစ်လိမ်းပေးခြင်းဖြင့် အဖုမထွက် ဘဲ ပျောက်ကင်းပါမည်။

**၁၀။ ဆီပူလောင်လျှင် ပျောက်သောဆေး နည်း**

ဆူဝေသောဆီ ပူလောင်ခဲ့လျှင် လောင်သောနေရာသို့လိမ်းရန်ဆေးနည်း မှာ ကွမ်းရွက်ကိုညှစ်၍ ပန်းကန်လုံးထဲ တွင်ထည့်ထားပါ။ ပြီးလျှင် အုန်းဆီအ နည်းငယ်ထည့်ပြီး ဆီပူလောင်သော နေရာပေါ်သို့ လိမ်းပေးပါ။ အဖုအပိမ့် မပေါက်ဘဲ ပျောက်ကင်းစေပါသည်။

**၁၁။ အပူလောင်ပျောက်ဆေးနည်းတစ် နည်း**

ရေနွေးပူ သို့မဟုတ် မီးပူ၊ ဆီပူ လောင်ခဲ့လျှင် အုန်းသီးကင်းနုနုလေး တစ်လုံးကို ကျောက်ပျဉ်တွင် ရေနှင့်သွေး ပြီး အပူလောင်သောနေရာသို့လိမ်းပေး ပါက အဖုမပေါက်ဘဲနှင့် အေး၍ပျောက် ကင်းပါသည်။

**၁၂။ မျက်နှာနေပူလောင်ကွက်ပျောက် ဆေး**

မျက်နှာတွင် နေပူလောင်ကွက် ဖြစ်ပေါ်လာပါက မြင်းခွာရွက်သတ္တုရည် ကို အကြမ်းပန်းကန်တစ်လုံးရအောင် ထောင်းပါ။ သတ္တုရည်ရပါက သနပ်ခါး စစ်စစ်ကိုသွေးပြီး ၎င်းသတ္တုရည်နှင့်ရော ပြီး ညစဉ်အိပ်ရာဝင်တိုင်းလိမ်းပေးပါက နေပူလောင်သော အမည်းကွက်အစက် အပြောက်များ ပျောက်ကင်းပါသည်။

ရောမြေကျော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com

အသက်ကလေးရယ်တဲ့ရှည်စေလို
××× မြနန္ဒာနေညိုသန်းတယ်ကွယ်×××
မန်းတောင်ရိပ်ခို××××

လေဘာတီမမြရင်ရဲ့ ဒီသီချင်းကို ကြားရတိုင်း မန္တလေးတောင်ကြီးကို မျက်စိထဲ ပြေးလို့မြင်ယောင်မိပါတယ်။ ဟောတစ်ခါ မန္တလေးတောင်ဆိုတာနဲ့ ရသေ့ကြီးဦးခန္တီကို ဖူးယောင်၊ မြင်ယောင်မိပြန်ပါရော။ တကယ်တော့ ဟောဒီ မန္တလေးတောင်ကြီးနဲ့ ရသေ့ကြီးဦးခန္တီ အကြောင်းက ခွဲခြားပြောလို့မှမရတဲ့ဟာပဲ။

ကိုမြင့်ဝေရဲ့ ဖခင် လက်သမားဆရာကြီးဦးစိုး မကွယ်လွန်မီက ပြောပြခဲ့ဖူးတဲ့ မန္တလေးတောင်ရဲ့ ရာဇဝင်ကို အခု နန်းတွင်းပန်းချီကျော် ဆရာခရဲ့ ပန်းချီကားနှစ်ချပ်နဲ့ ဆက်စပ်ပြီးတော့မှ ကိုမြင့်ဝေက သတိရနေပြန်ပါရောလား။

အဖေပြောပြတာက မန္တလေးတောင်ပေါ် ဘုရားဖူးတက်ကြဖို့က ဟိုးအရင်က ခုလိုမျိုး စောင်းတန်းတွေ၊ အုတ်လှေကားတွေမပေါ်သေး။ ဒီတော့ လူတွေဆိုတာ ဘုရားဖူးတက်ကြမည်ဆိုရင်း နံဘေးက မြေနီနီလမ်းကလေးအတိုင်း တက်ကြရတယ်ဆိုပဲ။ ဘုရားဖူးတွေဆိုတာ နေကပူ၊ လမ်းကကြမ်းတော့ ပန်းကြတာပေါ့။ စောင်းတန်းမဆောက်ခင်က မန္တလေးတောင်ရဲ့ မြေနီနီလမ်းလေးနဲ့ပုံကို ကိုမြင့်ဝေရခဲ့ဖူးတဲ့ ဆရာခရဲ့ ပန်းချီကားတစ်ချပ်ထဲမှာတောင် တွေ့ခဲ့ကြဖူးတာရော။

ဒီတော့ ရသေ့ကြီးဦးခန္တီဆိုတာက မန္တလေးတောင်ပေါ် တက်တဲ့စောင်းတန်းနဲ့ အုတ်လှေကားတွေကို တောင်ခြေကနေ တောင်ပေါ်အရောက်အထိ ငွေကြေးအကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ရတာပေါ့။ အချိန်က ကိုလိုနီခေတ်တဲ့။ ရသေ့ကြီးဦးခန္တီက သူတစ်ဦးတည်း ငွေကြေးတွေအမြောက်အမြားအကုန်အကျခံ၊ ဒီလို မန္တလေးတောင်ပေါ် တက်တဲ့ စောင်းတန်းကြီး ဆောက်လုပ်နေတာကို အင်္ဂလိပ်အစိုးရကလည်း ကြားသတဲ့။ မြင်လည်းမြင်ကြသတဲ့။ မလိုတမာရှိတဲ့ သူတွေကလည်း ဧကန္တ-တို့ကြရှို့ကြပုံရထင်ပါရဲ့။ ဒါ ဒါလောက် ငွေကြေးရှားပါးတဲ့ခေတ်ကာလကြီးထဲမှာ တစ်ဦးတစ်ယောက်ထဲက လှူနိုင်တန်းနိုင်တယ်ဆိုတာ ငွေအတုလုပ်တဲ့စက် ဦးခန္တီကြီးမှာ ရှိလို့သာ လှူနိုင်တာပေါ့လို့ အင်္ဂလိပ်အစိုးရကို တိုင်ကြတော့ကြပုံရပါတယ်။

ဦးခန္တီကိုတော့ ငွေအတုလုပ်တဲ့စက်ဘယ်မှာလဲ ပြောဆိုစစ်ဆေးမေးမြန်းကြတယ်။ ဒီလုပ်ရပ်က ရာဇဝတ်မှုမြောက်တယ်၊ အမှုကကြီးတော့ ရာဇသတ်ကြီးပုဒ်မတပ်ပြီး အရေးယူ ထောင်ချလို့ရတယ် ဘာမှတ်သလဲဆိုပြီး ဒီလူတွေက ခြိမ်းခြောက်ကြတာပေါ့။

"ဟုတ်ပါတယ်၊ ကျုပ်မှာ ငွေစက္ကူလုပ်တဲ့စက်ရှိပါတယ်။ မန္တလေးတောင်ပေါ်မှာထားပါတယ်။ မယုံရင်လိုက်ကြည့်ပါ"

ဒီတော့ ဦးခန္တီက အဲဒီလိုပြောတော့ အင်္ဂလိပ်အစိုးရတွေဆိုတာ လှုပ်လှုပ်ရှားရှား ဟာခနဲ ဟင်ခနဲဖြစ်ကုန်ကြတာပေါ့။ နောက်တော့ ဦးခန္တီကို ဖမ်းဆီးထားတဲ့အချုပ်ကနေထုတ်၊ လုံခြုံရေးစစ်ပုလိပ်တွေခြံရံပြီးမှ မန္တလေးတောင်ပေါ်ခေါ် ဆောင်လာကြတာပေါ့။တောင်ပေါ်ရောက်တော့ ငွေစက္ကူအတုလုပ်တဲ့စက်က ဘယ်မှာလဲ၊ ပြပါလို့ အဆောတလျင် မေးတာပေါ့။

"ကျုပ်ပြပေါ့မယ်။ ဒါပေမယ့် ကျုပ်နဲ့ ခပ်လှမ်းလှမ်းကနေသာကြည့်ကြပါ။ ကျုပ်ခေါ်မှလာပါ။ မခေါ်ဘဲ မလာပါနဲ့။ ခင်ဗျားတို့ တွေ့ချင်နေတဲ့ ငွေစက္ကူထုတ်လုပ်တဲ့စက် မြင်ရပါစေ့မယ်။ သေချာအောင်က ကြည့်ထားပါ"

ဒီတော့လား၊ အင်္ဂလိပ်တွေက ကောင်းပြီဆိုပြီး ဦးခန္တီကြီးထွက်ပြေးလွတ်မြောက်သွားမှာကလည်း စိုးကြတော့ လုံခြုံရေးတွေအထပ်ထပ်ချ။ ခပ်လှမ်းလှမ်းကသာ စောင့်ကြည့်နေကြတာပေါ့။ ရသေ့ကြီးဦးခန္တီကတော့ သူ့ရဲ့ရှေ့မှာ ငွေဖလားတစ်လုံးက၊ သူကတော့ တင်ပလ္လင်ခွေထိုင်နေရင်းက မျက်စိကို စုံမှိတ်လို့၊ ပုတီးသာတွင်တွင်စိပ်လို့နေတာပေါ့။

အဲဒီအချိန်မှာ မန္တလေးတောင်ပေါ်ကို ဘုရားဖူးတက်လာကြတဲ့ ဧည့်သည်ပရိသတ်တွေဆိုတာက များမှများပါပဲ။ တစ်ဦးချင်း၊ တစ်ယောက်စနှစ်ယောက်စလို့၊ အဖွဲ့လိုက်တွေရော ဘုရားဖူးတက်လာကြတာမနည်းပါဘူး။ အဲဒီလိုဘုရားဖူးပရိသတ်တွေကများများ

(ကျော်ကပ်ပဲ)

## မောင်သင်းထုံ

## ရသေ့ကြီးဦးခန္တီရဲ့ငွေလုပ်တဲ့စက်





www.burmeseclassic.com

www.burmeseclassic.com

တိုးတိုးလာလေ အင်္ဂလိပ်တွေကတော့ လုံခြုံရေးအတွက် ဦးခန္တီကို စိုးရိမ်ကြလေပေါ့။ ဒီတော့ အင်္ဂလိပ်စုံထောက်တွေ၊ ပုလိပ်တွေဆိုတာ မျက်လုံးဒေါက်ထောက်ကို ကြည့်ကြရတာကလား။

ဘုရားဖူးပရိသတ်တွေကတော့ ဦးခန္တီကြီးရှေ့ရောက်တဲ့အခါ ဖလားထဲကို အလှူငွေတွေထည့်လိုက်ကြတာမှ မရေမတွက်နိုင်အောင်ပါပဲတဲ့။ အဲဒီတုန်းက အင်္ဂလိပ်ခေတ်သုံး Paper Money Rupee ငွေစက္ကူတွေ၊ အင်္ဂလိပ်ခေတ်သုံး Coin ကျော့ဘုရင် ခေါင်းပြတ်ပုံပါ ငွေဒင်္ဂါးတွေ၊ ရတနာပုံခေတ်သုံးဒေါင်းဒင်္ဂါးငွေတွေ၊ ကြေးနီပြားအကြွေစေ့တွေရောမှ အစုံပါပဲတဲ့။ တချို့ ဘုရားဖူးတွေများတော့ တစ်ခါတည်း သဒ္ဓါပေါက်ပြီးတော့မှ ဘုရားဖူးလာရင်းက ဝတ်ဆင်လာကြတဲ့ ကိုယ်ပေါ်က ရွှေလက်စွပ်တွေ၊ ရွှေဘီး၊ ရွှေဆံကုပ်တွေ၊ ရွှေလက်ကောက်၊ ရွှေခြေကျင်းတွေပါကို ဖလားထဲထည့်လှူသွားခဲ့ကြတာဆိုပဲ။

ဒီလိုနဲ့ ညနေစောင်းတော့ ဘုရားဖူးတွေလည်း အတန်ငယ်စဲသွားတဲ့အခါမှာ ရသေ့ကြီးဟာ ပုတီးစိပ်နေရာက မတ်ရပ်ထလိုက်ပြီးမှ ခပ်လှမ်းလှမ်းက စောင့်ကြည့်နေကြတဲ့ အင်္ဂလိပ်စုံထောက် SPY တွေနဲ့ စစ်ပုလိပ်တွေကို အသာ လက်ယပ်ခေါ်လိုက်သတဲ့။ ပြီးတော့လည်း -

"ကဲ - တွေ့ကြပြီမဟုတ်လား။ ဟောဒီမှာ ငါ့ရဲ့ငွေဟုလုပ်တဲ့စက်ပါပေမယ့် ဒီငွေတွေကတော့ အတုတစ်ခုမှ မပါဘူးနော်"

လို့ ပြောသတဲ့။

တကယ်တော့ ဦးခန္တီရဲ့စက်က ငွေတွေတင်မဟုတ်ဘဲ ရွှေတွေပါထုတ်လုပ်နိုင်တဲ့စက်ဆိုတာတွေ့ကြရပါတယ်။ ပြီးတော့ ဦးခန္တီက -

"ကဲ - ဘယ်လိုလဲ၊ မင်းတို့ငါ့ကို





www.burmeseclassic.com

www.burmeseclassic.com

ဖမ်းချင်ရင်ဖမ်းကြတော့ဆိုပြီး သူ့ရဲ့ လက်နှစ်ဖက်ကို ရှေ့ထုတ်ဆန့်တန်းပေးသတဲ့။ အဲဒီအခါမှာ အင်္ဂလိပ်စစ်ပုလိပ်တွေဆိုတာ ပျာပျာသလဲလဲနဲ့ ဦးခန္တီကို အရိုအသေပေးတောင်းပန်းကြတာပေါ့။ မဖမ်းတဲ့အပြင် ရသေ့ကြီးရဲ့ ကုသိုလ်ဖြစ်အလှူခံလုပ်တဲ့ဖလားထဲမှာ သူတို့ပါလာတဲ့ငွေတွေကို အလှူငွေအဖြစ် ဝမ်းသာအားရထည့်ဝင်ကြတယ်။ အဲဒီအထဲက စစ်ပုလိပ်အကြီးအကဲတစ်ယောက်က ဖြင့် -

"နောက်နောင်မည်သည့်အခက်အခဲပဲရှိသည်ဖြစ်စေ၊ အချိန်မရွေး ကျွန်တော်တို့ကိုသာ အကူအညီတောင်းပါ။ တတ်စွမ်းသရွေ့ ကူညီစောင့်ရှောက်ကြပါမယ် ဆရာကြီးခင်ဗျာ၊ ရသေ့ကြီးခင်ဗျား"

လို့ အရိုအသေအထပ်ထပ်ပေးပြီးမှ မန္တလေးတောင်ပေါ်ကနေ ဆင်းသွားခဲ့ကြတော့တာပေါ့။

ကဲ - အဲဒါတွေကတော့ လက်သမားဆရာကြီးဦးစိုးရဲ့ မျက်မြင်ကိုယ်တွေ့ဖြစ်ရပ်မှန်တွေကို သူ့သားကိုမြင့်ဝေကိုပြန်ပြောပြခဲ့တဲ့ အကြောင်းအရာတွေပဲ ဖြစ်ပါတယ် ခင်ဗျား။

နောက်ထပ်ဖြစ်ရပ်တစ်ခုကတော့ ရသေ့ကြီးဦးခန္တီရဲ့ မန္တလေးတောင်က ဘုရားတန်စောင်းတွေနဲ့ ပတ်သက်ပေမယ့် ဒီတစ်ခါတော့ဖြင့် ခေတ်ကပြောင်းသွားခဲ့ပါပြီ။ အချိန်က ဂျပန်တွေမြန်မာပြည်ကို ဝင်ရောက်လာတဲ့အချိန်တစ်ဖက်က အင်္ဂလိပ်တပ်နဲ့ဂျပန်စစ်တပ်တွေ တိုက်ပွဲဖြစ်နေကြတဲ့အချိန်ပါ။ ဂျပန်တွေဝင်လာတာကို မကျေနပ်တော့ အင်္ဂလိပ်တွေက ဝေဟင်ကနေလေယာဉ်ပျံတွေနဲ့ ဗုံးကြဲတိုက်ခိုက်လိုက်ကြတာ။ မန္တလေး ရတနာပုံ နေပြည်တော်ကြီးတောင်မှ ရွှေမှန်ကင်းအစစ်ကနေ ထင်းဖြစ်ရ၊ ပြာပုံနဲ့ဘဝရောက်ခဲ့ရပါပကော။

အင်္ဂလိပ်တွေကအပြေး၊ ဂျပန်တွေကဝင်လာကြ။ မန္တလေးမြို့ကိုလည်း ဂျပန်တွေကဝင်လာကြပြီး စိုးမိုးအုပ်ချုပ်နေကြတဲ့အချိန်မှာပေါ့။ မြန်မာပြည်နေရာအနှံ့ ဗုံးဒဏ်တွေခံခဲ့ကြရတော့ မန္တလေးတောင်ရသေ့ကြီးဦးခန္တီရဲ့တောင်ပေါ်တက်တဲ့ ဘုရားစောင်းတန်းတွေပါ ပြိုပျက်တော့ တချို့လူတွေရဲ့စောင်းတန်းက သွပ်ပြားတွေခွာယူကြ၊ ခိုးဝှက်ကြတာတွေလည်းခံခဲ့ရတာပေါ့။

ဂျပန်ကင်ပေတိုင်ရုံးက အဲဒီစောင်းတန်းက သွပ်ပြားတွေ ခိုးယူခံရတဲ့အမှုအတွက် လိုက်လံစုံစမ်းဖော်ထုတ်တော့ သွပ်ပြားသူခိုးတွေ ဖမ်းဆီးလို့မိကုန်ကြရော။ ဒီတော့ ဂျပန်စစ်ဗိုလ်က ဂျပန်စကားပြန်ကနေတစ်ဆင့် တရားခံတွေကို စစ်ဆေးမေးမြန်းတာတဲ့။

"မင်းတို့ကဘာလူမျိုးတွေလဲကွ"

"မြန်မာလူမျိုးတွေပါ"

"ကိုးကွယ်တော့ကော ဘာဘာသာကိုးကွယ်ကြသတုံး"

"ဗုဒ္ဓဘာသာကိုးကွယ်ပါတယ်"

"ကဲ - ဒါဖြင့် မန္တလေးတောင်က စောင်းတန်းတွေကကောဘာအဆောက်အအုံတွေတဲ့လဲ"

"ဗုဒ္ဓဘာသာအဆောက်အအုံတွေပါ"

"မင်းတို့က ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဖြစ်ပါရက်နဲ့ ကိုယ့်ဘာသာရဲ့ အဆောက်အအုံတွေ ဖျက်ဆီးရက်ကြတယ်။ တခြားဘာသာခြားတွေကလာဖျက်ရင်တောင် မင်းတို့က ဝိုင်းဝန်းကာကွယ်ကြရဦးမှာ။ ခုတော့"

အဲဒီတုန်းက ဂျပန်စစ်ဗိုလ်ဟာ စောင်းတန်းက သွပ်ပြားသူခိုးတွေကို အပြစ်ပေးဖို့ လူစည်ကားရာတစ်နေရာကိုရွေးတယ်။ နောက်ပြီး တစ်အိမ်တစ်ယောက် အဲဒီနေရာကိုမလာမနေရလာကြရမည်ဆိုပြီး အမိန့်ထုတ် လူစုတယ်။ လူစုံတော့ သူခိုးရဲ့လက်ကို စဉ်းတီတုံးပေါ် ရှေ့ဆန့်တင်ပေးပြီးမှ လက်ချောင်းတွေရဲ့အရင်းကနေ ဂျပန်ဓားရှည်နဲ့ခုတ်ဖြတ်အပြစ်ပေးခဲ့တယ်လို့ သိရပါတယ်။

"အားလုံး နောင်ကိုမှတ်ထားကြပါ။ နောင်ကို ဒီလိုခိုးရင် ဒီလိုပဲဘယ်သူမဆို အပြစ်ပေးခံကြရမှာပါ"

လို့လည်း ဂျပန်စစ်ဗိုလ်က စကားပြန်ကနေမှတစ်ဆင့် ပရိသတ်ကိုကြားအောင် အော်ပြောပါသေးတယ်။

နောက်ထပ်တစ်ခု ကိုမြင့်ဝေကြားဖူးတာ။ အဲဒီဖြစ်ရပ်နဲ့ ခံမ်ဆင်ဆင်တူတဲ့ အဖြစ်အပျက်တစ်ခုပါ။ ဒါကလည်း ဂျပန်ခေတ်အခါတုန်းက တွေ့ကြုံဖြစ်ပျက်ခဲ့တာပါပဲ။ အဖြစ်က ဒီလိုပါ။ ဂျပန် မာစတာတစ်ယောက်ဟာ ဂျပန်ပြည် တိုကျိုမြို့ကို ခေတ္တခဏပြန်ရမှာမို့ သူနဲ့အတူ အလုပ်တွဲလုပ်ခဲ့တဲ့ ဂျပန်စကားပြန်တစ်ယောက်ကို သူ့အိမ်ခေတ္တခဏအပ်နှံခဲ့ပါတယ်။

ဂျပန်စကားပြန်တွေးတာက ဂျပန်စစ်ဗိုလ်ကြီး တိုကျိုကို ပြန်တယ်ဆိုတာက ခေတ္တခဏတော့မဖြစ်နိုင်ဘူး။ ကြည့်လေ ခေတ်ကာလကလည်းမကောင်း၊ အင်္ဂလိပ်နဲ့တိုက်နေရတဲ့အထဲ ဖက်ဆစ်ဂျပန်တွေ တစ်နေ့တခြားဆိုးညစ်ကြတာတွေများများလာတော့ ဖက်ဆစ်တော်လှန်ရေးတွေကလည်းပေါ်လာတော့မှာ။ မယုံရင် စောင့်သာကြည့်နေ။ ဂျပန်ကြီး တိုကျိုပြန်တာမဟုတ်ဘူး။ စစ်အကြီးအကျယ်မဖြစ်ခင်စုမိဆောင်းမိလို့ ဒီဂျပန်ကြီး အပြီးအပိုင်ပြန်တာ၊ ပြေးတာနေမှာပါလို့ ဂျပန်စကားပြန်က အိမ်စောင့်ရင်းတွေးတာပေါ့။

အိမ်စောင့်ရတဲ့ ဂျပန်စကားပြန်ဟာအသုံးအဖြုန်းကလည်းကြီး၊ လောင်းကစားကလည်း ဝါသနာပါ၊ ဒီကြားထဲ ငွေကလိုတော့ ဘာလုပ်တယ်မှတ်လို့တုံး။ 'သူများဟာ ကိုယ့်ဟာမှတ်ပါလို့' ဆိုတဲ့ ဇာတ်လမ်းစတော့တာပါပဲ။ ဟိုဂျပန်ပြန်မလာမယ့်အတူတူ စောစောရောင်းတော့ စောစောဈေးကောင်းရ၊ စောစောသုံးရတာပေါ့လို့တွက်ပြီး သူစောင့်ရတဲ့ ဂျပန်အိမ်ကြီးကို သွပ်အမိုးတွေခွာရောင်းတယ်။ နောက် ထုပ်၊ တန်းတွေ၊ လျှောက်တွေ၊ ဒိုင်းတွေ၊ မြားတန်းတွေ၊ ဆင့်တွေ၊ ရက်မတွေပါ တစ်ခုချင်းဖြုတ်ဖြုတ်ပြီးမှရောင်းတာ။ နောက်ဆုံးကုန်ပါလေရောလား။

ဒီလိုနဲ့ နောက်ထပ်သုံးလလောက်ကြာသွားတဲ့အခါ တိုကျိုပြန်တဲ့ ဂျပန်မာစတာကြီးက ပြန်ရောက်လာပါတယ်။ သူ့အိမ်ရောက်တော့ မြင်တဲ့အတိုင်းပါပဲ။ သူ့အိမ်ဆိုတာ လုံးဝအစအနတောင်မှမတွေ့ရတော့ဘဲ မြေကွက်ချည်းသာကျန်တာတွေ့ရတော့ ဂျပန်ကြီးက ဒေါသတွေထွက် စိတ်တွေဆိုး ဒေါသအိုးက အကြီးအကျယ်ကို ပေါက်ကွဲကုန်ပါတော့တယ်။ အိမ်ရောင်းစားတဲ့ ဂျပန်စကားပြန်ကို ဖမ်းမိလာတော့ လက်ပြန်ကြိုးတုပ်၊ မော်တော်တစ်စီးပေါ်တင်၊ ကျုံးအတိုင်း အရှေ့၊ အနောက်၊ တောင်၊ မြောက်မောင်းပြီး လူတွေကိုပြ ဟောဒါကတော့ သူခိုးပါပဲ။ သူခိုးကို ဟောဒီလိုအပြစ်ပေးရပါမည်ဆိုပြီး မော်တော်ရောသူခိုးပါ ဖောက်ခွဲဖျက်ဆီးလိုက်ပြီး ကျုံးထဲမှာ နစ်မြုပ်ပစ်လိုက်တဲ့ ဖြစ်ရပ်တစ်ခုဂျပန်ခေတ်တုန်းကဖြစ်ခဲ့ဖူးပါသတဲ့။

ကိုမြင့်ဝေကတော့ ဒီအကြောင်းတွေ ဂျပန်ခေတ်က အမှန်တကယ်ဖြစ်ခဲ့ပါတယ်ဆိုတာ မန္တလေးက မြို့မိမြို့ဖ ရှေ့မီနောက်မီအဘိုးအဘွားတွေ ပြန်ပြောရင်း သတိရကြစေဖို့ ပြောရခြင်းဖြစ်ပါတယ်လို့ ဆိုပါတယ်ခင်ဗျား၊ ဟုတ်ကဲ့ပါ။

(ကိုမြင့်ဝေရဲ့ ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ)

မောင်သင်းထုံ (ကျောက်မဲ)



www.burmeseclassic.com

www.burmeseclassic.com



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်-0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်"

"မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကို**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင်ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဘူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေးတော့** ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**


---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညတွင် ပုဂံမြို့၏ သာယာလှပသော ညရှုခင်းအလှကို ခံစားရင်း ပုဂံသား မောင်မြစိန်နှင့် ကျွန်ုပ်သည် ရှေးဟောင်းအိမ်ကြီးရှေ့၌ ပုဂံမြို့ ဘုရား၊ ပုထိုးများတွင် ရေးထိုးထားသော မင်စာ၊ ကျောက်စာတို့တွင်ပါရှိသော ကျိန်စာများအကြောင်းသို့ ရောက်ရှိသွားလေတော့သည်။

"ကိုမြစိန်ရေ၊ ရှေးကလူတွေဟာ အတော်အတန်မှ အစွဲအလမ်းကြီးပုံရတယ်"

"ဟုတ်တယ် ကိုရန်နောင်ရေ။ ကျောက်စာ၊ မင်စာတွေထဲမှာ ပုဂံခေတ်ကောင်းမှုရှင်တွေဟာ သူတို့အလှူဒါနကို ဖျက်ဆီးမှာစိုးလို့ ဘုရားပုထိုးတွေဖျက်ဆီးသူ၊ လှူခဲ့တဲ့ ကျေးကျွန်အမှုထမ်းများကို နှိပ်စက်ညှဉ်းပန်းတဲ့သူ၊ လယ်ပယ်များကို မတရားယူတဲ့သူ၊ ဘုရားဌာပနာကျောက်မျက်ရတနာပစ္စည်းတွေကို ခိုးယူတဲ့သူ၊ လိမ်လည်လှည့်ဖြားသူတွေကို ဘေးအမျိုးမျိုးသင့်ပါစေလို့ ကျိန်စာအမျိုးမျိုး ရေးထိုးထားခဲ့ကြတယ်ဗျ။ အပြစ်အနာရာယ်ဖြစ်စေဖို့ ကျိန်စာတိုက်ခဲ့တယ်ပေါ့"

"အဲဒီကျိန်စာတွေက ခုချိန်အထိ ထိရောက်သေးလား"

ကျိန်စာအပေါ်တွင် ခပ်ပေါ့ပေါ့ ဝိရောဓိဖြစ်နေသည်ကို ကိုမြစိန်မှ သိပ်ပြီး ဘဝင်မကျချင်။ ထို့ကြောင့်-

"ကိုရန်နောင်ရေ။ တစ်ခါတုန်းက ခိုက်တယ်ဆိုတဲ့ ကမ္ဘာကျော် 'ဟုတ်စိန်' အကြောင်းကို ကြုံတုန်းပြောပြရင် ကျိန်စာဆိုတဲ့ အဓိပ္ပာယ်သက်ရောက်မှု အကျိုးအပြစ်ကို သဘောပေါက်ပါလိမ့်မယ်"

"ဒါဆိုရင် ကျိန်စာသင့်စိန်ပြာကြီး အကြောင်းကို ရှင်းစမ်းပါဦး ကိုမြစိန်"

အညာနွေကလေးက ညင်းညင်းမြမြရိုက်ဆော်သွေးလာသလို ရွက်ကျင်လေးများက ဝေ့ဝဲသွားနေ၏။ ပုဂံသား ကိုမြစိန်က ရေနွေးအဖန်ကြမ်းတစ်ခွက်ကို သောက်လိုက်ပြီးနောက် -

"မြန်မာနှစ် ၁၆၈၈ ခုနှစ် မြန်မာဘုရင်လက်ထက်က သံတမန်ရေးရာကိစ္စတွေ အကြောင်းပြချက်နဲ့ ကုန်သွယ်မှုကိစ္စတွေနဲ့ဆက်စပ်ပြီး ပုဂံမင်းနေပြည်တော်ကို နိုင်ငံခြားသားတွေ အဝင်အထွက်ရှိလာကြတယ်။ အဲဒီအထဲမှာ ပြင်သစ်လူမျိုး ဂျိုးဇက်တဗားနီးယားမြန်မာပြည်ကိုရောက်လာပြီး ပုဂံမြို့က ဘုရားတွေကို ကြည့်ရှုလေ့လာရင်း တစ်နေရာမှာတော့ သူ့ရဲ့စိတ်ကို ခွဲခွာလို့မရအောင် ဆွဲဆောင်နေတာက ဗုဒ်အာနန္ဒာဘုရားမုခ်ဝမှာ ပူဇော်ထား[...] ရုပ်ပွားမြတ်တစ်ဆူရဲ့ နဖူးသင်းကျ[...] တော် စိန်ကြီးတစ်ပွင့်ပဲပေါ့။

ကျောက်မျက်အကြောင်းနားလည်တဲ့ ဂျိုးဇက်ဟာ အကြံကရှိထားတော[...] တစ်ည လူခြေတိတ်ချိန်မှာ ရုပ်ပွားတော်ရဲ့ နဖူးသင်းကျစ်တော်က စိန်ကြီး[...] ကလော်ထုတ်ပြီး ခိုးယူထွက်ပြေးသွား[...] တော့တယ်။

ရှေးကဘုရင်တွေနဲ့ လူတွေ[...] ကျိန်စာအကြောင်းနားမလည်တဲ့ဂျိုး[...] ဟာ ခိုပြာရောင်အသွေး ရတီတစ်[...] ကျော်ရှိ စိန်ပြာကြီးကိုရတော့ ဝမ်းသာ[...] ကြည်နူးနေပေမယ့် အဲဒီအပျော်[...] နောက်ကွယ်က ဖြစ်ပေါ်လာတဲ့ အကျိုး[...] ဆက်က မကောင်းလှဘူး"

"ဘယ်လိုအကျိုးဆက်များလဲ[...] စိန်"

"ဂျိုးဇက်ဟာ စိန်ကြီးကိုရပြီးတော့[...] ဘဝင်လေဟပ်ပြီး ဝမ်းသာလုံးဆို[...] ရူးသွပ်မတတ် ပေါ့သွမ်းသွမ်းဖြစ်ရာ[...] အိန္ဒိယကို တစ်ခေါက်ပြန်အလ[...]



www.burmeseclassic.com

www.burmeseclassic.com



# မင်းနန္ဒရှိန်

## စိန်ပြာကြီးနှင့် ၉-ကုဋေရတနာသိုက်

တောလမ်းခရီးမှာ အဖော်တွေနဲ့ကွဲပြီး ဘူးကိုက်လို့သေပါလေရော"

"ဒါဆိုရင် စိန်ပြာကြီးဇာတ်လမ်း အဆုံးပြီပေါ့"

"ပြောပါ့မယ် ကိုရန်နောင်။ ပျောက်ခိုးသွားတဲ့ စိန်ပြာကြီးကို ခွဲစိတ်ဖြတ်တောက်ဖို့ အန်တဝပ်မြို့က ပန်းထိမ်ဆရာကြီးတစ်ဦးဆီမှာ အပ်နှံခဲ့တယ်။ အင်္ဂလိပ်သားတွေ ပြင်သစ်ကျောက်ကုန်သည် ဂျုံးအက်ဟာ မြန်မာပြည် ပုဂံဘုရားက ယူလာတဲ့စိန်ကြီးကို မြန်မာဘုရင်က ပျောက်မှန်းသိရင် ခြေရာကောက် နောက်လွှန်စလိုက်လာမှာစိုးပြီး စိန်ကြီးကို ခွဲစိတ်ဖြတ်တောက် အစဖျောက်ဖို့ စိတ်ကူးရှိပုံရတယ်။ ဒါပေမယ့် တိုက်ဆိုင်တာလား၊ ခိုက်တာလား ပြောရအောင်



www.burmeseclassic.com

www.burmeseclassic.com

ဂျိုးဇက်အပ်ခဲ့တဲ့ စိန်ကြီးကို လက်ခံမိတဲ့ ပန်းထိမ်ဆရာကြီးကို စိန်ကြီးအကြောင်း သိနေတဲ့ သူ့တပည့်က သတ်ပြီး စိန်ကြီးကို ယူပြေးပြန်တယ်"

"လောကဓံတရားများတော်တော်ကြောက်စရာကောင်းလိုက်တာ။ ပစ္စည်းလောဘတက်တာနဲ့ ဆရာအရင်းကို တောင်ပြန်သတ်တဲ့တပည့်မိုက်ပဲ။ ကံကြီးထိုက်ပြီပေါ့"

"ဟုတ်တယ်ဗျ။ လူ့စိတ်ဟာတော်တော်နားလည်ရခက်တယ်။ လောဘ၊ ဒေါသ၊ မောဟတွေဖုံးလာရင် အတ္တသလ္လာဖုံးပြီး ကျေးဇူးရှင်လည်း ကျေးဇူးရှင်မှန်းမသိတော့ဘူး။ ပန်းထိမ်ဆရာကြီးကိုသတ်တဲ့ တပည့်မိုက်ဟာ လမ်းခရီးတစ်နေရာမှာ ဓားပြလူဆိုးတွေရဲ့ ဖမ်းဆီးသတ်ဖြတ်တာခံလိုက်ရတယ်။အဲဒီအချိန်ကစပြီး စိန်ပြာကြီးဟာ လက်ဝယ်ရှိတဲ့သူလူတစ်ယောက်ပြီးတစ်ယောက်ပြောင်းတိုင်း အကုသိုလ်ကြမ္မာဆိုးတွေနဲ့တိုးပြီး အသေဆိုးနဲ့သေကြရတာချည်းပဲဗျာ။

အဲဒီထဲမှာ စိန်ပြာကိုဝတ်ဆင်ဖူးတဲ့ ပြင်သစ်ပြည်ဘုရင်လူဝီ-၁၄နဲ့ မိဖုရားဟာ ပြင်သစ်တော်လှန်ရေးကာလမှာ နာမည်ကြီးတဲ့ ခေါင်းဖြတ်စက်ကြီးနဲ့ ကွပ်မျက်ခံခဲ့ရတယ်။ ပြင်သစ်မင်းသမီးတစ်ပါးနဲ့ အမတ်ကြီးတောင် အဆစ်ပါလိုက်သေးတယ်ခင်ဗျ"

ဟု ပြောရင်း မောသွားဟန်နှင့် ရေနွေးကြမ်း ဖန်ခါးတစ်ခွက်ကို မော့သောက်လိုက်၏။

အညာနွေနှင့် ပုဂံည၏ ရိုက်ခတ်သွေးနေသော လေပြည်နွေးနွေးထဲတွင် မန်ကျည်း၊ တမာ၊ ထနောင်းရနံ့က ခပ်သင်းသင်း။ ကောင်းကင်ယံမှာ ကြယ်ကလေးများက တဝင်းဝင်းလင်းလက်နေပါသည်။

"ဒါနဲ့ ကိုမြစိန် စိန်ပြာကြီးဋ္ဌိကာက အဲဒီမှာတင်ပြီးရော့လား ဟင်း. . . ဟင်း. . . ဟင်း"

ဟု ပုဂံသား ကိုမြစိန်က သဘောကျစွာရယ်လိုက်ပါသည်။ ထို့နောက် -

"စိန်ပြာကြီးရဲ့ကျိန်စာကဒီလောက်နဲ့ဘယ်ပြီးမလဲ။ ဒါပေမယ့် စိန်ပြာကြီးရဲ့ ကျိန်စာကိုယုံတဲ့သူရှိသလို မယုံတဲ့သူကဒုနဲ့ဒေးပေါ့။ ၁၈၃၀ပြည့်နှစ်ရောက်တော့ အင်္ဂလန်နိုင်ငံ မှူးမတ်မျိုးရိုးထဲကလည်းဖြစ်တဲ့ သူကြွယ်ဟင်နရီဟုတ်လက်ထဲကို ရောက်သွားတော့ 'ဟုတ်စိန်ကြီး' ဆိုပြီး ကမ္ဘာကျော်သွားတော့တာပဲ။ မသိရင် မြန်မာပြည် အာနန္ဒာဘုရား နဖူးသင်းကျစ်တော်စိန်ကြီးဟာ အင်္ဂလန်သားဟင်နရီဟုတ်ရဲ့မျိုးရိုးစဉ်ဆက်က ပိုင်ဆိုင်သလိုလိုပေါ့ဗျာ။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးက ဘုရားလှူထားတဲ့ပစ္စည်းကို ရယူထားပြီး ခပ်တည်တည်နဲ့ ဟုတ်စိန်ကြီးတဲ့။ အဲဒီလိုသတင်းမှားလွှင့်ထားတဲ့ ဟင်နရီဟုတ်မိသားစုဟာလည်း မြန်မာလူမျိုးတွေရဲ့ မေတ္တာစူးပြီးကျိန်စာမိလို့ ဒုက္ခအန္တရာယ်ဘေးဆိုးအမျိုးမျိုးနဲ့ တွေ့ခဲ့ကြရတယ်။ ထိုမျှသာမက စိန်ပြာကြီးရဲ့ ကျိန်စာဟာ ပြင်သစ်၊ တူရကီ၊ အင်္ဂလန်၊ ဂရိ စတဲ့ နိုင်ငံက လူပုဂ္ဂိုလ်အသီးသီးလက်ထဲကို အဆင့်ဆင့် လက်လွှဲပြီးရောက်တယ်။ နောက်ဆုံး အမေရိကန်နိုင်ငံ နယူးယောက်မြို့က ကျောက်ကုန်သည် ဟင်နရီဝင်စတန်လက်ထဲကိုရောက်သွားတယ်။ ဒါပေမယ့် ပုဂံပြည်က နိုင်ငံခြားသားခိုးယူသွားတဲ့ စိန်ပြာကြီးဟာလည်း တန်ဖိုးကြီး ထင်ပေါ်ကြားခဲ့ရုံသာမက လက်ဝယ်ထားရှိသူတိုင်း ခိုက်တယ်၊ ဘေးဒုက္ခတွေ့ရတတ်တယ်ဆိုတဲ့သတင်းဆိုးကလည်း ရောက်ရာဒေသ နိုင်ငံအတိုင်းတိုင်းအပြည်ပြည်မှာ ကျော်ကြားပြန်တယ်။

ဒီလိုနဲ့ ၁၉၅၈ ခုနှစ် နှစ်ပေါင်း (၂၇၀) သက်တမ်းအရောက်မှာ စိန်ပြာကြီးရဲ့ သတင်းအစအနကို သိထားတဲ့ ကျောက်ကုန်သည်တစ်ဦးဟာ စမစ်ဆိုနီယံ ဝါရှင်တန်မြို့ ကျောက်မျက်ရတနာပြတိုက်ကို လှူလိုက်တယ်။ ပုဂံပြည် အာနန္ဒာဘုရားက စိန်ပြာကြီးရဲ့ကျိန်စာလည်း တစ်ခန်းရပ်သွားတော့တယ်ဗျာ"

ဟု အဆုံးသတ်လိုက်ပါတော့သည်။

"ဘုရားရတနာပစ္စည်း ဆိုတာ မသင့်တဲ့နှလုံးသွင်းမိတာတောင် အပြစ်ဖြစ်စေတယ်၊ အနန္တရိယကံနဲ့မခြားဘူးလို့ ကျမ်းဂန်များမှာ အတိအကျဆိုထားတယ်။ ကာယကံမြောက် ကျူးလွန်သူရဲ့ နိဂုံးကမ္ပတ်ဟာ ဘယ်လှနိုင်ပါမလဲ ကိုမြစိန်ရယ်"

ဟုဆိုလျက် အိပ်စက်အနားယူရန် စကားဝိုင်းကို အဆုံးသတ်လိုက်ပါတော့သည်။

ညသည် တိတ်ဆိတ်မှုက ကြီးစိုးလာသည်။ ပုဂံခေတ်၏ ကျိန်စာများသည် ကျွန်ုပ်၏ အိပ်ရာဝင်အတွေးထဲ ဝင်ရောက်လာ၍ မေးခနဲအိပ်ပျော်သွားပါတော့သည်။ ညလေညင်းနှင့် ပုဂံအလှက လရောင်အောက်တွင် ရွှေရောင်တောက်ပလျက်ရှိစဉ် ရနံ့လေးတစ်ခုသင်းသင်းမွှေး ပျံ့လွင့်လာ၏။ အိပ်မက်လိုလိုအဖြစ်နှင့် ကျွန်ုပ်၏အိပ်ခန်းတံခါးသည် အသာအယာပွင့်လာပြီး မီးခိုးငွေ့တန်းများထဲတွင် မပီဝိုးတဝါး အရိပ်သဏ္ဌာန်က ဦးထုပ်ဆောင်းထားသည့် နိုင်ငံခြားသားတစ်ယောက်အသွင်မြင်နေရ၏။ ထိုသူသည် ဘုရားတစ်ခုမှ ဖောက်ထွင်းခိုးယူလာသော ပစ္စည်းများကို ရွက်သင်္ဘောကြီးတစ်စင်းပေါ်သို့ တင်ယူသွားပြီး သင်္ဘောကြီး ကမ်းကထွက်ခွာသွား၏။ ဘုန်းတော်ကြီးတစ်ပါးက တောင်ဝှေးနှင့်သင်္ဘောကိုရွယ်လျက် နှုတ်မှ တစ်စုံတစ်ရာကို ရေရွတ်နေ၏။ မြင်ကွင်းထဲတွင် သင်္ဘောကြီးက MARIDA အင်္ဂလိပ်စာလုံး ရေးထိုးထားသည်။ သင်္ဘောပေါ်တွင် သင်္ဘောသားများ ပျော်မြူးနေစဉ် အခြားသင်္ဘောတစ်စင်းက ခါးလယ်မှဝင်တိုက်ပြီး 'ဝုန်း. . . ဒုန်း' အော်ဟစ်သံများနှင့် နစ်မြုပ်သွားသည်ကို တွေ့လိုက်ရပြီး နောက်ရုတ်တရက် ကျွန်ုပ်မှာ လန့်နိုးလာပါသည်။

ကျွန်ုပ် အိပ်မက်မက်နေခြင်း ဖြစ်၏။ ညဉ့်ဦးယံက ပုဂံသား မောင်မြစိန် ပြောပြသော ကမ္ဘာကျော် စိန်ပြာကြီးကို စွဲလမ်းမိ၍မက်သည့် အိပ်မက်လေလား ဟုမဝေခွဲတတ်ပါ။ တောင်တောင်ဪဪ တွေးလျက် မိုးလင်းခဲ့လေပြီ။ နံနက်မိုးလင်းသော် ကျွန်ုပ်တို့ ဆရာတပည့်နှစ်ယောက် မောင်မြစိန်အား နှုတ်ဆက်လျက် ညောင်ဦးကားဂိတ်မှ ရန်ကုန်မြို့သို့ ကားစီး၍ပြန်ခဲ့ပါတော့သည်။ ကားလက်မှတ်ကဖြတ်ပြီးဖြစ်နေ၍ အချိန်မီထွက်လာကြသဖြင့် ညက အိပ်မက်အကြောင်း မောင်မြစိန်အား ပြောမပြရခဲ့ချေ။

အိပ်မက်နှင့် ဆက်စပ်နေသော မာရီးဒါးသင်္ဘောအကြောင်းမေးမြန်းပါက တစ်စုံတစ်ခုသောထူးခြားမှုဖြစ်စဉ်ကို သိရမည်ဟု ထင်မိသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်ပေါ့ဟု တေးထားမိလိုက်သည်။

ကျွန်ုပ်တို့ ရန်ကုန်သို့ ပြန်ရောက်ပြီးနောက် တစ်ခုသော အလုပ်ပါးသည့် ရက်တစ်ရက်တွင် ရွှေတိဂုံဘုရားပေါ်သို့ ပုတီးတက်စိပ်ရန် အရှေ့ဘက်မုခ်မှ တက်လာခဲ့ရာ တောင်ဝှေးတစ်ချောင်းနှင့်ရဟန်းတော်တစ်ပါး ဘုရားပေါ်သို့ တက်နေသည်ကိုတွေ့၍ ရဟန်းတော်ကြီးကို ဘေးမှတွဲ၍ ဖေးမကူညီခေါ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"အရှင်ဘုရား၊ တပည့်တော်တို့ကို ထွဲပြီး ဘုရားပေါ် တက်ပါ ဘုရား"

"အိမ်း - သာဓု၊ သာဓု၊ သာဓု"

သို့ဖြင့် ဘုရားရင်ပြင်တော်ပေါ်သို့တွဲတက်ပြီး ဘုန်းတော်ကြီးကို ခေတ္တနားနေစဉ် ဝတ်ဖြည့်ရာ ရဟန်းတော်ကြီးမှ ဆုများပေးသနားပြီးနောက် -

"ရတနာ (၃) ပါး ဆည်းကပ်သူဟာ ဘယ်တော့မှ မတိမ်ကောဘူး။ ဘာပဲလုပ်လုပ် ကိုယ်လုပ်တဲ့အလုပ်ပေါ်မှာ စေတနာထားရင် သူလည်းကြီးပွား၊ ကိုယ်လည်းချမ်းသာတယ်ကွယ့်။

ဘုန်းကြီးဆိုရင် သာမဏေစာသင်သားဘဝတည်းက ရွှေတိဂုံစေတီတော်ကြီးထံ မနက်တိုင်းထပြီးဆွမ်းကပ်တယ်။ ခတ်လှေကားခေတ်ရောက်လည်း ကုန်းကြောင်းပဲတက်တယ်။ သက်တော်ကြီးရင့်လို့ ဆွမ်းခံမကြွနိုင်ပေမယ့် တစ်နေ့တစ်ခေါက် ဘုရားဖူးတက်တဲ့ဝတ်က မပျက်ခဲ့ဘူး"

ရဟန်းတော်ကြီး၏ ဝါဝင်းသောအသားအရေနှင့်နုပျိုသောမျက်နှာတော်မှာ အသက်အရွယ်နှင့်မမျှ ကြည်လင်နေ၏။

"ဒကာတို့၊ ဟောဒီရွှေတိဂုံစေတီတော်ကြီးဟာ အဝေးကမြင်ရုံနဲ့တင် ကြည်ညိုလို့မဆုံးအောင်နိုင်ပါဘဲ။ မြန်မာပြည်ရဲ့ ရွှေစေတီကြီးပေါ့။ ရှေးမင်းကောင်းမင်းမြတ်တွေနဲ့ မြန်မာပြည်သူပြည်သားတွေ အစဉ်အဆက် ကိုးကွယ်ဆည်းကပ်ခဲ့ကြလို့ အဖိုးမဖြတ်နိုင်တဲ့ ဗုဒ္ဓအမြုတေရတနာသိုက်ကြီးပဲကွယ့်"

"မှန်ပါ့ဘုရား"

"အိမ်း - ဒါပေမယ့်တချို့ကဘုရားလှူထားတဲ့ပစ္စည်းကို ကျိန်စာတိုက်သည်ဖြစ်စေ၊ မတိုက်သည်ဖြစ်စေ မတော်လောဘတက်မိလို့ မေတ္တာစူးတယ်ဆိုလေမလား၊ နိုင်ငံခြားသားတစ်ယောက် တံမှောက်တာကို ဘုန်းကြီး ကြုံတုန်း ပြောပြမယ် ဒကာတို့ရေ

တစ်ခါတုန်းက မြန်မာပြည်ကို အလည်လာတဲ့ နိုင်ငံခြားသားတစ်ယောက်ဟာ မြန်မာပြည်ရဲ့ စေတီတစ်ဆူမှ ရွှေငွေရတနာများကို ခိုးယူထွက်ပြေးပြီး သူတို့တိုင်းပြည်ကိုပြန်သွားလေတယ်။ အဲဒီလူဟာ ဘုရားကရတနာများကို ခိုးယူထွက်ပြေးပြီးကတည်းက တဖြည်းဖြည်းစိတ်ဖောက်ပြန်ပြီး အကျဉ်းထောင်ထဲမှာတင် အစာမစားနိုင်ဘဲ တမှိုင်မှိုင်တထွေထွေစိတ်နဲ့ ထောင်ထဲမှာ သေဆုံးသွားခဲ့တယ်။

အဲဒီအဖြစ်အပျက်တွေဟာ တော်တော်လေးမှ ဟိုးလေးတကျော်ကျော်ဖြစ်သွားတဲ့အထိ မြန်မာနိုင်ငံမှာ ထင်ရှားခဲ့လေတယ်။ ဘုရားရတနာခိုးသူ၊ ဘုရားဘဏ္ဍာငွေများကိုအလွဲသုံးစားလုပ်ကြသူတွေအတွက်တော့ လောကမှာ သူတို့တကယ်ရမယ့် ဆုလာဘ်ကကပ်ဘေးဆိုးအမျိုးမျိုးပဲ ဖြစ်တယ်။

ကဲ-ဒကာကြီးတို့၊ ဘုန်းကြီးလည်း စနေထောင့်မှ အာရုံယူစရာရှိသေးလို့ ကြွလိုက်ဦးမယ်"

"မှန်ပါ့ ဘုရား။ ဒါနဲ့ အရှင့်ဘွဲ့တော်ကို အမိန့်ရှိခဲ့ပါဦး"

"အညတြ"

ဟု မိန့်ပြီး ထွက်ခွာသွားလေတော့သည်။

ကျွန်ုပ်လည်း ရဟန်းတော်ကြီးကို လက်အုပ်ချီ ကြည်ညိုနေစဉ်မှာပင် ဝေါင်ဝေးတဒေါက်ဒေါက်နှင့် မြင်ကွင်းမှ တရွေ့ရွေ့ထွက်ခွာသွားပါတော့သည်။

ထို့နောက် ကျွန်ုပ်လည်း မွေးနံထောင့်တွင် ပုတီးစိပ်ပြီးနောက် ဘုရားရင်ပြင်တော်မှ ပြန်လည်ထွက်ခွာလာပါတော့သည်။

အိမ်သို့ရောက်သော် မာလီလေးဘဲလ်လူးမှ ကျွန်ုပ်နာမည်နှင့် ပါဆယ်တစ်ထုပ် လာရောက်အပ်နှံပါသည်။

ကျွန်ုပ်၏ နာမည်နှင့် လိပ်မူတပ်ထား၍ စာတစ်စောင်ကိုတွေ့သဖြင့် ဖွင့်ဖောက်ကြည့်ရာ-

*သို့/*

*မိတ်ဆွေကြီး ကိုရန်နောင်*

*ခင်မင် သတိရစွာ စာရေးလိုက်ပါသည်။ ကျွန်တော်လည်း သမိုင်းဆိုင်ရာစာတမ်းပြုစုဖို့အတွက် ပုဂံအနီးအနားတစ်ဝိုက်က ဘုရားတွေကို လေ့လာနေတာနှင့် ယခုမှပဲ စာရေးဖြစ်တာကို ခွင့်လွှတ်စေချင်သည်။*

*ယခု ကျွန်တော် ပေးပို့လိုက်သည့် Tit-bit, Journal ပါ မြန်မာရတနာ (၉) ကုဋေဆောင်းပါးကို လက်ဆောင်ပို့ပေးလိုက်ပါသည်။ မိတ်ဆွေကြီး ယခုစာဖတ်နေသည့်အချိန်တွင် ကျွန်ုပ်သည် ရတနာဂီရိစံအိမ်တော်သမိုင်းပြုစုရန် အိန္ဒိယနိုင်ငံသို့ရောက်ရှိနေပါသည်။နှုတ်မဆက်နိုင်တာကို အနူးအညွတ်ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။*

*ခင်မင်လေးစားရပါသော*

*ပုဂံသားသမိုင်းသုတေသီ*

*မောင်မြစိန်*

*ခေတ္တ-အိန္ဒိယနိုင်ငံ၊ ဂိုအားမြို့။*

ကျွန်ုပ်လည်း မိတ်ဆွေဖြစ်သူ ပုဂံသားမောင်မြစိန် ပေးပို့လိုက်သော Tit-bit's ဂျာနယ်ကို ဖတ်လိုက်သောအခါတွင် ကျွန်ုပ်သိလိုသော ပဟေဠိအဖြေကို သိရှိလိုက်၍ များစွာဝမ်းသာကြည်နူးပီတိဖြစ်ရလေသည်။

မြန်မာပြည်ဘုရားပုထိုးများတွင် ဌာပနာထားသော ရတနာများနှင့်ဘုရားဆင်းတုတော်များကို ခိုးယူဖျက်ဆီးလျှင် မေတ္တာစူး၍ ကျိန်စာသင့်တတ်သည်ဆိုသောအချက်ကိုလက်မခံသောနိုင်ငံခြားသားတစ်ဦး၏ ကိုယ်တွေ့အဖြစ်အပျက်အား ရည်ညွှန်းတန်ဆာဆင်ထားခြင်းဖြစ်သည်။

၁၆ ရာစုအတွင်းက မြန်မာပြည်သို့ ဩစတြေးလျလူမျိုး ဟတ်စဘတ်နွယ်ဝင် ကောင့်ဟာမင် ရောက်ရှိလာပါသည်။ ကောင့်ဟာမင်သည် အရပ်ပုပု၊ ခြေသလုံးသေးသွယ်၊ မျက်စိစွေစောင်း၊ ဘယ်လိုပဲကြည့်ကြည့် လူယုတ်လက္ခဏာအပြည့်နှင့်ဖြစ်သည်။

ကောင့်ဟာမင်သည် မြန်မာပြည်တန်ခိုးကြီးဘုရားမှ ရွှေငွေရတနာများကို လှည့်လည်လေ့လာသူ(သုတေသီ)လိုလို ခိုးယူထွက်ပြေးသည်။ လူလိမ်ကောင့်ဟာမင်သည် ဩစတြေးလျနိုင်ငံသို့ရောက်သော် သူခိုးလက်က သူဝှက်လုဆိုသလို နန်းတွင်းမှူးမတ်များကသိမ်းဆည်းလိုက်၏။ နောက်ဆုံးတွင် မှူးမတ်များက ကောင့်ဟာမင်သည် စိတ်ရောဂါဖြစ်နေသည်ဟုဆိုပြီး ဗီယင်နာထောင် (စိတ်ကျန်းမာရေးဆေးရုံ) တွင်ထည့်ရန် ချုပ်နှောင်ထားလိုက်၏။ နောက်ဆုံးတွင် ဗီယင်နာထောင်တွင်း၌ ကောင့်ဟာမင်သည် မထင်မရှား ဇာတ်သိမ်းသွားလေတော့သည်။ ဤသည်မှာ ဘုရားရတနာတွေကို ခိုးယူလာတဲ့ နိုင်ငံခြားသားတိုးရစ်ကြီး ဘေးသင့်သေဆုံးရတဲ့အကြောင်းရင်းပင်ဖြစ်လေတော့သည်။

သို့ပေမယ့် ကျန်ရစ်ခဲ့တဲ့ မြန်မာရတနာတွေကို ဩစတေးလျဘုရင်ဂျိုးဇက်က သိမ်းပိုက်ပြီး သ္မီးဖုရားအယ်လီဇဘတ်ကို ဆင်မြန်းပေးလိုက်တယ်။ သိပ်မကြာခင်မှာ မိဖုရားကို ဖိနပ်ချုပ်သမားက ဓားနှင့်ထိုးသဖြင့် ကံတော်ကုန်၏။ ကံကြမ္မာငင်တယ်ဆိုလေမလား။ မြန်မာလူမျိုးတွေရဲ့ သွေး၊ ချွေးနှင့်ရင်းပြီး ရလာတဲ့ငွေတွေနှင့် လှူဒါန်းထားတဲ့ ဘုရားရတနာ ဗုဒ္ဓအမြုတေတွေကို ခိုးတဲ့သူ နိုင်ငံခြားသားပဲဖြစ်ဖြစ်၊ မြန်မာလူမျိုးပဲဖြစ်ဖြစ် ဘုရားစူးတတ်တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တာ မယုံမရှိကြနှင့်။ ဘာကြောင့်လဲဆို တော့ အဲဒီဘုရင်ရဲ့သားတော် ရှူးဒေါ် ဟာ သူ့ချစ်သူကို သေနတ်နဲ့ပစ်ပြီး သူ့ ကိုယ်သူသတ်သေသွားတယ်။နှစ်လောင်း ပြိုင်သေပွဲပေါ့။

အဲဒီသတင်းကိုကြားသည့် ဘုရင် ဂျိုးဇက်ဟာ နှလုံးရောဂါစွဲပြီး ကံကုန် သွားသည်။ ဂျိုးဇက်ဘုရင်ကံတော်မကုန် မီ ရတနာတွေကို သူ့ညီတော် မက်ဇီမီလီ ဟန်မင်းသားကို လွှဲလိုက်ရလို့ရသည်။ ဘုရင်ကြီးဂျိုးဇက် ကံကုန်ပြီးနောက် အမေရိကန်တောင်ပိုင်းနှင့် မြောက်ပိုင်း ပြည်တွင်းစစ်ဖြစ်ကြသည်။မက္ကဆီကိုတွင် ဘုရင်မဲ့နေသည့်အတွက် ဂျိုးဇက်၏ညီ ကို ဘုရင်ခန့်အပ်ကြသည်။ မိဖုရား ချားလော့နှင့် မက္ကဆီကိုနိုင်ငံတွင် ဘုရင် အဖြစ် စံမြန်းနေစဉ် ပုန်ကန်မှုတွေဖြစ် ပေါ်လာပြီး ဘုရင်အား ပုန်ကန်သူတွေ က ကွက်မျက်လိုက်၏။ မိဖုရားလည်း စစ်ကူသွားတောင်းရာမှသတင်းဆိုးကြား လိုက်ရပြီး သည်းခြေပျက် ရူးသွားရင်း ကံတော်ကုန်ခဲ့ရလေသည်။

ကောင့်ဟာမင်ဆိုသည့်လူယုတ်မာ မျက်စိစွေစောင်းတဲ့သူခိုးယူသွားသည့် ရတနာတွေကို ရတဲ့သူတွေထဲမှာ ဘုရင် နှင့်မိဖုရားဟာ ကံကြမ္မာ၏ တတိယသား ကောင်များ ဖြစ်လေသည်။

တစ်ဖန် နောက်ထပ် သားကောင် က မက္ကဆီကိုသမ္မတဟောင်း ပေါ်ဒိုင်ရီ ယိုဒိုက် အာဏာကိုသုံး၍သိမ်းပိုက်ပြန် လေသည်။ ၁၉၁၁ ခုနှစ်မှာ ဖရန်စစ္စကို မာဒီကို သမ္မတဖြစ်လာသောအခါတွင် သမ္မတဟောင်း ပေါ်ဒိုင်ရီယိုဒိုက်သည် ရထားသည့်ရတနာတွေကို မာရီးဒါးရွက် သင်္ဘောပေါ်တင်ပြီး ပင်လယ်ရေကြောင်း ခရီးဖြင့် ပြင်သစ်ပြည်သို့ ထွက်ပြေးလေ ၏။ မာရီးဒါးရွက်သင်္ဘောသည် ပင်လယ် ကွေ့သို့ ကျော်ဖြတ်ပြီးနောက် ဟတ်တီး ယား အငူကို လွန်လာချိန်၌ အက်(စ်) မိုင်ရယ်မာရာဂတ်ဆိုသည့် မီးသင်္ဘော၏ ခါးလယ်မှဖြတ်တိုက်တာခံရပြီး သင်္ဘော မြုပ်သွားခဲ့လေသည်။

ကြမ္မာငင်ခြင်းတစ်မျိုးပင်ဖြစ်၏။ မြန်မာပြည်၏ စေတီတော်မှာ ဌာပနာ ထားသော ရတနာပစ္စည်းများ ပင်လယ် ပြင်ရေအောက်တွင်ငုပ်လျှိုးပျောက်ကွယ် ၍သွားပါတော့သည်။ မာရီးဒါးသင်္ဘော နစ်မြုပ်ပြီး ရက်သတ္တပတ် (၆) ပတ်မတိုင် မီ ကပ္ပတိန်ချားဝီလျံဟန်ဆိုသူက ရှာဖွေ ရာတွင် မတွေ့ကြရ။ ၁၉၂၄ ခုနှစ်တွင် ရတနာသိုက်ရှာသူအချို့သည် ချီဆာ ပီ(ခ်) ပင်လယ်အော်တွင် တစ်နှေ့လုံး ရှာကြလည်းမတွေ့ကြရ။ ၁၉၃၀ပြည့်နှစ် တွင် ကပ္ပတိန် ဟာရီအယ်ဘိုဒူဝင်နှင့် အဖွဲ့ ရေငုပ်ရှာကြသော်လည်း မြန်မာ့ ရတနာသိုက်ကို မတွေ့ဘဲ ရေအောက် တွင် ချောက်ချောက်ချားချားဖြစ်ခဲ့ရလေ သည်။

ထို့နောက် ဆောင်းပါးရှင် လက် ဖနင်တင်ရိုက်ဘတ်(စ်)သည် မာရီးဒါး သင်္ဘောပေါ်တွင်ပါသွားသည့် ရတနာ မှတ်တမ်းများကိုရရှိပြီးလျှင် ကိုယ်တိုင် တစ်ဦးတည်းဆင်းငုပ်ရာ သဲထဲတွင် (၁၂) ပေခန့် နစ်မြုပ်နေသည့် သင်္ဘော ပျက်ကြီးကို ကြောက်စရာအသွင် တွေ့ မြင်ခဲ့ရလေတော့သည်။ ဘုရားပစ္စည်း အဆိပ်သီးကဲ့သို့ ကြောက်စရာ ကံကြမ္မာ များက တစ်ခုပြီးတစ်ခုတွေ့နေရသဖြင့် သင်္ဘောပျက်ကြီးကို ကုန်းပေါ်ရောက် အောင် မစွမ်းဆောင်နိုင်ခဲ့ချေ။ မြန်မာ ပြည်မှ ဗုဒ္ဓရတနာ (၉) ကုဋေတန်ဖိုးရှိ ဌာပနာပစ္စည်းများကိုသာမက ဗုဒ္ဓဆင်း တုတော်အမြုတေများသည် အတ္တလန္တိတ် သမုဒ္ဒရာရှိ ဗာဂျီးနီးယားအပူနှင့် (၄၅) မိုင်အကွာ ရေအောက်တွင် မည်သူမျှ အရောက်မခံဘဲ ဗုဒ္ဓအမြုတေရတနာ သိုက်အဖြစ် ကိန်းအောင်းလျက်ရှိလေ သည်။

အမှန်ကတော့ မြန်မာပြည်အား ဗုဒ္ဓအမြုတေရတနာတွေကို နိုင်ငံခြား သား ခိုးယူသွားသည့်အတွက် ထိုစေတီ တော်မှ ဘုန်းတော်ကြီးသည် ရက်သတ္တ တစ်ပတ်လုံး ဝစီပိတ်ကျင့်လျက် မေတ္တာ ပွားများလျက်နေခဲ့ရာ (၈) ရက်မြောက် သည့်နေ့အထိ ဘုရားဌာပနာတိုက်ကို ဖောက်ယူသွားသော နိုင်ငံခြားသား ဩစတြေးလျလူမျိုး ကောင့်ဟာမင်ကို မေတ္တာပွားများခဲ့သည့်အတွက် ကောင့် ဟာမင်ဆိုသော မျက်စိစွေစောင်းနေ သည့် လူယုတ်မာအပါအဝင် ပတ်သက် သူအားလုံးမှာ မေတ္တာစူးရော့လေ သလား (သို့) ဘုရားစူးခြင်းပေတည်းဟု နိဂုံးချုပ်ထားလေတော့သည်။

ကျွန်ုပ်သည် မြန်မာရတနာ (၉) ကုဋေဆောင်းပါးကို ဖတ်လိုက်သည့် အခါတွင် ပုဂံမြို့တွင် ကျွန်ုပ်မက်ခဲ့သည့် အိပ်မက်ကို ပြန်ပြောင်းသတိရပြီး အိပ်မက်ထဲမှ မာရီးဒါးရွက်သင်္ဘောကြီး သည် လွန်ခဲ့သော နှစ် (၈၀) ခန့်ကရှိ သလို လက်တွေ့အပြင်ဘက်၌ အမှန်ပင် တကယ်ရှိခဲ့လေတော့သည်။

ရွှေတိဂုံရင်ပြင်ပေါ်တွင် ကျွန်ုပ် အား မြန်မာဗုဒ္ဓရတနာအမြုတေများကို ဖျက်ဆီးပါက ကြီးမားသော အနန္တရိယ ကံထိုက်တတ်သည်ဆိုသောရဟန်းတော် ကြီး၏ မိန့်မှာချက်ကို ကြားယောင်မိ သည့်အခါ မသုံးသင့်မသုံးထိုက်သော ဘုရားကျောင်းကန်ပစ္စည်းများကိုမရှောင် နိုင်သူတွေ၊ အလွဲသုံးစားပြုသူတွေ၊ ဘုရားလှူထားသော ငွေကြေးနှင့် မိမိ အရှိန်အဝါရာထူးသုံးအာဏာသုံးလျက် အတိုးပေးခြင်း၊ အလွဲသုံးစားပြုခြင်းတို့ သည် တစ်ဘဝစံလူများတို့အတွက် ကျွန်ုပ်သည် လွန်စွာမှထိတ်လန့်တုန်လှုပ် မိပါတော့လေသတည်း။

(နိုင်ငံခြားသားဆိုလျှင် အထင်ကြီး ကြသူ အနီးပုဂ္ဂိုလ်တို့သည် သူ့နိုင်ငံ၌ သူလိုငါလိုပုဂ္ဂိုလ်မျိုးပင် ဖြစ်သည်။ ဤ သည်ကို အထင်ကြီးမိလျှင် မျက်စိစွေ စောင်း လူစဉ်မမီ လူယုတ်လက္ခဏာများ နှင့်ရှိသူများကို တွေ့ရလိမ့်မည်။)

*ပလ္လင်တော်အောက် အစောက် ငါးထူတွင်းကြီးတူး၍ ဖျက်လေပြီ။ ပေါင် တော်နှစ်ဖက် ချက်တော်မကြွင်း ထိပ် တော်တွင်း၍ အချင်းအောက်သို့ တူး လေပြီ။ ပခုံးတော်နှစ်ဖက်၊ ဒိဋ္ဌိဖျက်၍ ဖျက်ပြီးသည်ကို ဖုန်းလိုသူတော် စော် သတည်း။*

*လူပြိတ္တာတို့ စားရာမသိ၊ မိမိ မယား၊ သားနှင့်တကွ ရှာစားကြလည်း စားမလောက်၊ အစောက်နက်စွာ၊ တူး တာရှာ၏။ ဥစ္စာမရ၊ (ယ)င် ေ(တ) သျှိ . . . သျှိဝ် . . . သျှိက် . . . သျှိ၊ လူဒိဋ္ဌိ တို့ ဖျက်မိသောအား၊ ပါယ်လေးပါးသို့ လားလေအမြဲ၊ အဝီစိထဲ၊ ငရဲခံ၏၊ မီးလျှံ ကိုယ်လုံးလတောက် ပြုပြင်သူကောင်း နိဗ္ဗာန်ကောင်း၏။ သျှောင်း . . . သျှောင်း နတ်ရွာ၊ ဆကာ့မာသို့လရောက် . . .။*

*(ပုဂံရွှေဆံတော်ဘုရားအနောက်*
*လောကဦးသျှောင်*
*နှစ်ထပ်ဂူဘုရားရှေ့*
*အာရုံခံမြောက်နံရံရှိမင်စာ)*

မင်းနန္ဒိ
[illegible]

စာကိုး -

- ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရောက်မှတ်တမ်း
- Grahan- Payne Myatery of The Jewel of Dom.
- Reader's Digest Tit bet's Journal.



www.burmeseclassic.com

www.burmeseclassic.com

# မန်ဒိန်းဇာတာဟောကိန်း

## (၁၅-၆-၂၀၁၅) နေ့မှ (၁၆-၇-၂၀၁၅) နေ့အထိကာလအတွက်

၁၅ - ၆ - ၂၀၁၅ ခုနှေ့ ညနေ (၅း၅၅း၀၅) နာရီတွင် မေထုန်ရာသီသို့ တနင်္ဂနွေဂြိုဟ်ကူးပြောင်းဝင်ရောက်ချိန် ၌ ဥဒယလက်သည် သာယနဇာတာခွင် တွင် တူရာသီ (၁၂) ဒီဂရီ (၅၀) မိနစ်၌၊ နိယာနဇာတာခွင်တွင် ဥဒယလက်သည် မြဿရာသီတွင် (၁၈) ဒီဂရီ (၅၂) မိနစ်၌ ရှိတော်ပေါ်သည်။ တစ်နည်းဆိုရသော် ၎င်းဇာတာခွင်များသည် ၂၀၁၅ ခုနှစ် မေထုန်ရာသီ စူဠသင်္ကြန်ဇာတာခွင်ပင် ဖြစ်သည်။

ထူးခြားချက်မှာ တနင်္ဂနွေဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့မှာ ဝိသမထပ်ပူးနေကြပြီး ဗုဒ္ဓဟူးဂြိုဟ်နှင့် တနင်္လာဂြိုဟ်တို့ နံ အတွင်းပူးနေကြသည်။ ယူရေးနပ်ဂြိုဟ် နှင့် နက်ပကျွန်းဂြိုဟ်တို့သည် ဂြိုဟ်ပြိုင် ဖြစ်နေကြသည်။ တနင်္လာဂြိုဟ်နှင့် ပလူ တိုဂြိုဟ်တို့သည်လည်း ဂြိုဟ်ပြိုင်ဖြစ်နေ ကြသည်။ ဗုဒ္ဓဟူးဂြိုဟ်နှင့် စနေဂြိုဟ်တို့ သည်လည်း (၁၈၀) ဒီဂရီအမြင်၊ ယူရေး နပ်ဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် (၁၂၀)ဒီဂရီအမြင်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့်ရာဟု ဂြိုဟ်တို့သည် (၁၂၀)ဒီဂရီအမြင်၊ စနေ ဂြိုဟ်နှင့်ပလူတိုဂြိုဟ်တို့သည် (၄၅) ဒီဂရီ အမြင်၊ ရာဟုဂြိုဟ်နှင့် ပလူတိုဂြိုဟ်တို့ (၉၀) ဒီဂရီအမြင်၊ နက်ပကျွန်းဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့ (၉၀)ဒီဂရီအမြင်၊ ပလူတို ဂြိုဟ်နှင့် ယူရေးနပ်ဂြိုဟ်တို့ (၉၀) ဒီဂရီ အမြင်များရှိနေကြသည်။


အားလုံးကိုခြုံ၍ သုံးသပ်ရလျှင် မင်းနိုးနားချင်းနိုင်ငံနှင့် နီးနွယ်နေသော၊ အပြည်ပြည်ဆိုင်ရာနှင့် နီးနွယ်နေသော၊ ငွေကြေးစပ်ရေးရာနှင့် နီးနွယ်နေသော၊ သံခြုံရေးကိစ္စ၊ အချုပ်အခြာအာဏာ ကိစ္စ၊ ပြည်တွင်းပြည်ပပြောင်းရွှေ့နေ ထိုင်သူများကိစ္စ၊ တိုင်းရင်းသားရေးရာ ကိစ္စ၊ ဒုက္ခသည်များကိစ္စ၊ နိုင်ငံသားရေး ဖြစ်ရေးကိစ္စနှင့်ပတ်သက်၍ အငြင်းပွား မှု၊ တင်းမာမှု၊ စိန်ခေါ်မှု၊ ပဋိပက္ခဖြစ်ရ မှုများ ပေါ်ထွက်နေဦးမည်။ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့ အစည်းများ၊ NGO အဖွဲ့အစည်းများ နှင့်ပတ်သက်နေသော ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေး၊ ဒုက္ခ သည်အရေး၊ မီဒီယာအရေး၊ တိုင်းရေး ပြည်ရေး အရှုပ်အထွေးများဖြစ်ပေါ် တတ်သဖြင့် အကျယ်ကျယ်မငြိမ်းဖွယ် ဖြစ်တတ်မည်။ ထိုသို့သော အရေးကိစ္စ များနှင့်ဆက်နွယ်နေသော တက်ကြွလှုပ် ရှားမှုများ၊ စိန်ခေါ်မှုများ၊ နိုင်ငံတကာ ဖိအားပေးမှု၊ သံတမန်ရေးရှုပ်ထွေးမှုများ ကို အစိုးရအဖွဲ့အစည်းမှ ရင်ဆိုင်ရနိုင် သည်။ ဤသည်တို့နှင့်စပ်လျဉ်း၍ နိုင်ငံ ရေးလောကမှ ထင်ရှားသော ပုဂ္ဂိုလ်ကြီး တစ်ဦးအတွက် စိတ်မကောင်းစရာဖြစ်ရ တတ် သည်။

အလုပ်သမား၊ လယ်သမားတို့၏ (ဝါ) အခြေခံလူတန်းစားတို့၏ လုပ်ကိုင် စားသောက်ရေး၊ နေထိုင်ရေးအတွက် ပြင်းထန်သော တောင်းဆိုမှုများ၊ ဆန္ဒ ထုတ်ဖော်မှုများ၊ ထုနှင့်ထည်နှင့်တွေ့ရ တတ်မည်။တိုင်းသူပြည်သားများအတွက် (ဝါ) ကောင်းဆိုသူများအတွက် မကြိမ်း သေသော အောင်ပွဲများရတတ်မည်။ ဘာသာရေး၊ ပညာရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးတို့နှင့် နီး နွယ်နေသော အငြင်းပွားရမှု၊ ဝိရောဓိ ဖြစ်မှု၊ သဟဇာတမကျမှုရှိနေဦးမည်။ မီဒီယာလောက၊ စာနယ်ဇင်းလောကနှင့် ပတ်သက်၍ အငြင်းအခုံဖြစ်မှု၊ ကန့်သတ် ခံရမှုများကို ပုံစံတစ်မျိုးနှင့်တွေ့ရတတ် မည်။တယ်လီဖုန်း၊ အင်တာနက်၊ အီးမေး (လ်)နှင့်ဆက်နွယ်နေသော အရေးကိစ္စ များသည် ကောင်းသလိုလိုနှင့် တင်းမာမှု တချို့ကို စောဒကတက်မှုတချို့ကိုခံရ တတ်မည်။


ပျော်ပွဲရွှင်ပွဲနေရာ၊ ဖြေဖျော်ရေး နေရာ၊ ပညာရေးဆိုင်ရာနေရာတို့၌ မတော်တဆဖြစ်ပွားမှု၊ အမှုအခင်းဖြစ် ပွားမှုများရှိမည်။ အနုပညာလောက၌ မကောင်းသတင်းများ ထွက်ပေါ်လာ သလို ၎င်းလောကမှ ထင်ရှားသူတစ်ဦး အတွက် ဝမ်းနည်းရတတ်သည်။ မိန်းမ၊ ကလေးသူငယ်၊ လူငယ်တို့နှင့်ပတ်သက် နေသော မူးယစ်ဆေးဝါးနှင့် နီးနွယ်နေ သော မှုခင်းများ မငြိမ်နိုင်သေး။ ဘဏ် ချေးငွေ၊ အခွန်ငွေ၊ အာမခံငွေတို့နှင့် ဆက်နွယ်နေသော မပွင့်လင်းမှု၊ မရိုး ဖြောင့်မှုများကို တွေ့လာရမည်။ ရေ ကြောင်း၊ ကုန်းကြောင်းဆိုင်ရာယာဉ်များ မတော်တဆတွေ့တတ်သည်။ မီးဘေး၊ လက်နက်ဘေးရှိနေဦးမည်။

ရာသီဥတုပုံမှန်မဟုတ်၊ မိုးနည်းမှု၊ မိုးခေါင်မှု၊ လေပြင်းနှင့်လေမုန်တိုင်းတို့ ၏ ခြိမ်းခြောက်မှုကိုခံရတတ်မည်။

မင်းရှိန်အောင်




သာယနစနစ် မန်ဒိန်းဇာတာခွင်




နိယာနစနစ်မန်ဒိန်းဇာတာခွင်

www.burmeseclassic.com



(စစ်/ခေါ်)

# ဝင်းထွန်းအောင်

## အောက်လမ်းဆရာဦးဘချမ်းနဲ့ ဓားဝမ်းတွဲသူ

ထိုဖြစ်ရပ်ကို တစ်ဦးတစ်ယောက် ကသာပြောလာခဲ့လျှင်ဖြင့် သာမန် နားထောင်ကောင်းရုံ ဂမ္ဘီရဇာတ်လမ်း တစ်ပုဒ်ဟုသာ ကျွန်တော် မှတ်ချက်ချ မိပေမည်။ သိပ္ပံပညာရပ်များအံ့ဩစဖွယ် ထွန်းကားလှသည့် ယနေ့ခေတ်ကာလ ဝယ် လက်ဆုပ်လက်ကိုင်သက်သေပြနိုင် ရန် ခက်ခဲလှသည့် ဂမ္ဘီရပညာဆိုသည့် စိတ်ကူးယဉ်ဆန်ဆန် ပညာရပ်ဖြင့် လူ တစ်ဦးတစ်ယောက်အား ဥပဒေလက်တံ မမီသည့်နည်းသုံး၍ တုံ့ပြန်ကလဲ့စားချေ ခဲ့ပါသည်ဟုဆိုလျှင် လူတိုင်းယုံနိုင်လိမ့် မည်မထင်။

ကျွန်တော်ကိုယ်တိုင်လည်း ကိုယ် တွေ့မို့သာ နှုတ်ဆိတ်နေခဲ့ရသော်လည်း ယခုချိန်အထိ ယုံရမည်လား၊ မယုံရမည် လားဆိုသည်ကို ဝေခွဲမရသေး။ သို့သော် 'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်' ဆိုသကဲ့



www.burmeseclassic.com

www.burmeseclassic.com



သို့ တိုက်ပဲတိုက်ဆိုင်လွန်းလှသည့်ထိုဖြစ်ရပ်ကတော့ လွန်ခဲ့သည် တစ်နှစ်ကျော်က ကျွန်တော်ရောက်ရှိခဲ့သည့် ကျေးရွာလေးတစ်ရွာတွင် အမှန်တကယ်ဖြစ်ပွားခဲ့ပေသည်။

ထိုဖြစ်ရပ်ကတော့ . . .

❑

"အင်း - ခင်ဗျားတို့လူနာက ဆေးရုံကပြန်လာပြီးတာတောင် မသက်သာသေးဘူးဆိုတော့ ကျွန်တော်လည်း လုပ်ပေးဖို့အဆင်မပြေနိုင်လောက်ဘူးနဲ့တူတယ်။အဲဒီတော့ အကောင်းဆုံးအကြံပေးရရင် မြို့ကြီးပြကြီးက ဆေးရုံကြီး၊ ဆေးခန်းကြီးမှာသွားပြကြည့်ပေါ့"

ကျွန်တော့်ရဲ့စကားအဆုံးမှာတော့ လူနာရှင်နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေကြ၏။ အမှန်တော့ ထို

www.burmeseclassic.com

www.burmeseclassic.com

မိသားစုက ကျွန်တော်နှင့်မစိမ်း။ တစ်ခါတစ်ရံ ကျန်းမာရေးချို့ယွင်းတိုင်းလည်း ကျွန်တော်ဆေးကုသပေးဖူးသူချည်းသာ ဖြစ်၏။ ယခု လူနာမခင်သီတာလည်းပါ၏။

ယခုတော့ ကျွန်တော်လည်း မတတ်နိုင်။ သူခံစားနေရသည့်ဝေဒနာကို ကျွန်တော်လည်း အဖြေရှာရခက်နေ၏။ ခေါင်းတွေလည်းကိုက်သည်၊ ဗိုက်တွေလည်းတောင့်သည်၊ အစာစားသမျှ အကုန်ပြန်အန်ထုတ်သည်။ တစ်ခါတစ်ရံ သတိလက်လွတ်စွာဖြင့်ပြောချင်ရာပြောသည်။ငိုဟယ်ရယ်ဟယ်လုပ်သည်။ ဆေးရုံပြတော့လည်း အဖြေရှာမရဟုဆို၏။ ထို့ကြောင့် ရောဂါကို တိကျစွာအဖြေရှာနိုင်ရန် ညွှန်သင့်သည့်နေရာကို ညွှန်ရခြင်း ဖြစ်၏။

"ကဲ - ဆရာကစကားကုန်ပြောပြီးပြီဆိုတော့ ညည်းတို့လုပ်စရာရှိတာ ခပ်မြန်မြန်လုပ်ကြပေါ့"

လူနာ မခင်သီတာ၏ ညီမကို အဖော်ပါလာသည့် ဒေါ်ခင်တုတ်မှ တိုက်တွန်းသည်။

"သွားပြဆိုတော့လည်းပြရမှာပေါ့လေ။ ဒါပေမယ့် ချက်ချင်းကြီးတော့ မသွားနိုင်သေးဘူး၊ ရှာရဖွေရဦးမှာ။ နောက် (၄)၊ (၅)ရက်လောက်နေမှသွားဖြစ်မှာပဲ"

သူတို့အချင်းချင်းပြောနေသည်ကို ကျွန်တော်ဘာမှဝင်မပြောတော့ဘဲ အသာနားထောင်နေလိုက်သည်။

ထိုစဉ် ကျွန်တော်တည်းခိုနေသည့် အိမ်ရှင် ကိုဖိုးသာ၏ဇနီးမနှင်းက -

"ညည်းတို့ဆေးရုံသွားတာလည်း သွားတာပေါ့။ မသွားခင်ကြားထဲ သပြေကုန်းက အကြမ်းဆရာ ဦးဘဂျမ်းနဲ့ပြကြည့်လိုက်ပါဦးလား"

ကျွန်တော် ဘဝင်မကျစွာဖြင့် မနှင်းကိုလှမ်းကြည့်လိုက်မိသည်။ မနှင်းကလည်း ကျွန်တော့်အကြည့်ကို သဘောပေါက်စွာဖြင့် ရယ်ကျဲကျဲမျက်နှာပေးနှင့် ပြန်ကြည့်သည်။ ထိုနယ်က သုံးသည့် 'အကြမ်းဆရာ' ဆိုသည့် ဝေါဟာရမှာ ပယောဂကုဆရာကိုခေါ်သည့် အခေါ်အဝေါ်ဖြစ်ကြောင်းသိသဖြင့်လည်း ဘဝင်မကျမိခြင်း ဖြစ်၏။

ကျွန်တော်ကတော့ သိပ္ပံဆေးပညာဖြင့်သာရင်းနှီးကျွမ်းဝင်သူမို့ သက်သေအထောက်အထား ထင်ရှားစွာမရှိသော ပယောဂကြောင့်ဖြစ်သည့် ရောဂါ ဆိုသည်ကို လက်မခံချင်သလို ပယောဂကုဆရာဆိုသည်ကိုလည်း အယုံအကြည်မရှိ။

"အင်း - လောလောဆယ်တော့ မနှင်းပြောတဲ့အတိုင်းပဲပြကြည့်ရမှာပဲ။ ကဲ - ဆရာရော မနှင်းရော ကျွန်မတို့ပြန်ပါဦးမယ်"

လူနာမခင်သီတာ၏ညီမ သန္တာထွေးမှ ကျွန်တော်တို့ကို နှုတ်ဆက်ပြီး ပြန်သွားသည်။ သူတို့ခပ်လှမ်းလှမ်းရောက်မှ -

"မနှင်းကလည်း၊ မဟုတ်မဟတ် အကြံတွေဝင်ပေးနေသေးတယ်။ တော်ကြာ ခုတ်ရာတခြားရှရာတလွဲဖြစ်ကုန်ရင် ကြားထဲက သက်သက်မဲ့လူနာဒုက္ခရောက်လိမ့်မယ်"

ဟု မနှင်းကို ဆူပြောပြောလိုက်မိ၏။

"ဆရာမကြိုက်မှန်း သိပါတယ်ဆရာရယ်။ ဒါပေမယ့် မခင်သီတာဖြစ်နေတဲ့ပုံက ကျွန်မစိတ်ထဲ ဘဝင်မကျလို့ ပြောမိလိုက်တာပါ။ ဆရာတို့လို မြို့သူမြို့သားပညာတတ်တွေကတော့ ဘယ်ယုံပါ့မလဲ။ ဒါပေမယ့် ဒီဘက်မှာတော့ အဲဒါတွေကတကယ်ရှိတယ်ဆရာရဲ့"

တစ်ဦးတစ်ယောက်ရဲ့ယုံကြည်မှုကို ဇွတ်မချေဖျက်လို၍ ကျွန်တော် ဆက်မပြောတော့။ ကျွန်တော်ပြောသလို ကမောက်ကမတွေဖြစ်လာမှသာ ပက်ပက်စက်စက်ပြောပစ်လိုက်မည်ဟု စိတ်ထဲမှာတေးထားလိုက်တော့၏။

နောက် (၃)၊ (၄)ရက်ခန့်နေတော့ လူနာအတော်သက်သာကြောင်း၊ အစားအသောက်လည်းကောင်းကောင်းဝင်နေပြီ၊ စိတ်လည်းအတော်ငြိမ်သွားပြီဖြစ်ကြောင်းကြားရ၏။ သည်လောက်နှင့်တော့စိတ်မချရသေးဟူသောအတွေးဖြင့် သတင်းကို ဆက်လက် နားစွင့်နေမိ၏။ နောက်တစ်ပတ်ခန့်အကြာ သန္တာထွေး ရောက်လာ၍ မခင်သီတာအကြောင်း မေးမိ၏။

"လုံးလုံးပျောက်သွားပြီ ဆရာရေ။ ဘာရောဂါမှမဟုတ်ဘူး။ သူတို့စီးပွားဖြစ်တာကိုမလိုလို့၊ နောက်ပြီး အဲဒီဟာတွေက အစ်မဆီကစပါးပေးယူထားတယ်တဲ့လေ။ အချိန်အကျေမသွင်းလို့ အစ်မကဆဲမိတာလေးကိုဗွေယူပြီး အပင်းသွင်းနှောင့်ယှက်တာတဲ့၊ လုပ်တုန်းကတော့ အသေလုပ်တာတဲ့၊ ဆရာဦးဘဂျမ်းနဲ့ပြတာဦးသွားလို့တဲ့"

ပြောလို့သာနားထောင်နေရသော်လည်း ကျွန်တော့်စိတ်ထဲတွင်တော့ ယုံရခက်နေ၏။

"နေပါဦး၊ အဲဒီစကားတွေက ပယောဂဆရာကပြောတာလား။ အပင်းသွင်းထားတယ်ဆိုတာ အဲဒီအပင်းကို ညည်းတို့မြင်ကောမြင်ရရဲ့လားဟယ်"

"မြင်ရတာပေါ့ ဆရာရဲ့။ ဆရာဦးဘဂျမ်းက အဲဒီစုန်းမကိုခေါ်သွင်းပြီး နင့်အပင်းတွေနင်ပြန်ထုတ်စမ်းဆိုတော့ အန်ချတာ လက်ဖက်အပုပ်တွေရော ဝက်သားအတုံးနှစ်တုံးရောပဲ"

သူတို့ဘက်က ခိုင်လုံသလိုရှိနေသဖြင့် ကျွန်တော် ဘာမှပြန်မပြောနိုင်၊ သိချင်တာလေးတစ်ခုကိုတော့ ဆက်မေးလိုက်မိ၏။

"ဒါဆို အဲဒီဆရာဦးဘဂျမ်းဆိုတာက အထက်လမ်းဂိုဏ်းဝင်ဆရာတစ်ယောက်ပေါ့"

"အဲဒီလိုလည်းမဟုတ်ဘူး ဆရာရဲ့၊ မှော်ဆရာတဲ့။ သူများတွေရဲ့အနှောင့်အယှက်တွေကို ကုသပေးသလို သူ့ကို မြိုးမြိုးမြက်မြက်ပေးပြီးလုပ်ခိုင်းရင်လည်း ကိုယ်မလိုတဲ့သူတွေ ဒုက္ခရောက်အောင်လည်း လုပ်ပေးတယ်"

"ဒါဆိုရင် အောက်လမ်းဆရာပေါ့"

"ဒီလိုပဲပြောရတော့မှာပေါ့။ အဲ ဆရာရဲ့အကြောင်းကလည်း သူများ... ပြောပုံအရဆိုရင်တော့ စိတ်ဝင်စား... ကောင်းသလို သနားဖို့လည်းကောင်း... တယ်"

ကျွန်တော့်အမေးကို သန္တာထွေး... က -

"ဒီလိုတဲ့ ဆရာရဲ့"

ဟု အစချီကာ အောက်လ... ဆရာဦးဘဂျမ်းအကြောင်းအား သူ... ဖူးသမျှ စီကာပတ်ကုံးပြောပြပါတော့...

❑

မောင်ဘဂျမ်း။

သူတို့ရွာမှာတော့ တချို့သူ... လူပျိုကြီးဟု နောက်ပြောင်ခေါ်... ဟုတ်သည်လေ၊ သူတို့ရွာမှ အပျို... အတော်များများက အသက် (၁၆)... (၁၇) နှစ်ဆိုလျှင်ပင် အိမ်ထောင်... မွေးပြုလေ့ရှိကြသဖြင့် ယခု အသ... (၂၈)နှစ်ရှိပြီဖြစ်သော်လည်း အိမ်ထော... မရှိသေးသည့်သူ့ကို လူပျိုကြီးဟုတ... တပ်ခြင်းမှာ မမှားပါ။

တကယ်တော့ မောင်ဘ... လည်း နှလုံးသားရှိသည့်လူသား... ရင်ခုန်လှုပ်ရှားခဲ့ရသည့်မိန်းက...



www.burmeseclassic.com

www.burmeseclassic.com

ပျော်ရွှင်ပါသည်။ သို့သော် (၅၂၈) မေတ္တာထားချစ်ရသည့် မိခင်ကြီးနှင့် ညီမလေး အေးမာတို့ကို ငဲ့ကွက်၍ သူ့ရင်ထဲက အချစ်တို့ကို မျိုသိပ်သိမ်းဆည်းထားခဲ့ရသည်။ ရေလာမြောင်းပေးပြုလာသည့် မိန်းကလေးအချို့ကို အလိမ္မာဖြင့်ရှောင်တိမ်းခဲ့သည်။

သူ့အိမ်ထောင်ပြု၍မဖြစ်။ မိခင်ကြီးနှင့်ညီမလေးတို့က သူ့ကိုသာမှီခိုအားထားနေရသည်။ သူ့ဖခင်ဖြစ်သူက လွန်ခဲ့သည့် (၈)နှစ်ကျော်ကပင် ဆုံးပါးသွားခဲ့ခြင်းဖြစ်၏။ဖခင်မဆုံးပါးစဉ်ကတော့ လယ်ယာအနည်းငယ်ရှိ၍ ရွာထဲတွင် လူလတ်တန်းစားအဖြစ် ရပ်တည်နေနိုင်ခဲ့သေးသည်။

ဖခင်ကြီးမကျန်းမာတော့မှ လယ်ယာကိုရောင်းတန်ရောင်း၊ပေါင်တန်ပေါင်ပြီး ဆေးကုခဲ့ရ၏။ သို့သော် နာတာရှည် ဖခင်ကြီးကတော့ ပြန်ကောင်းမလာခဲ့။ ဖခင်ကြီးဆုံးသွားတော့ သူတို့လည်း အခြေပျက်ခဲ့ရတော့သလို မိသားစုတာဝန်လည်း သူ့အပေါ်သို့ ပုံကျလာတော့သည်။

သို့သော် မောင်ဘဂျမ်းစိတ်ဓာတ်မကျခဲ့။ ကျန်ရစ်ခဲ့သည့်လယ်လေးတစ်ကွက်ကို အားကြိုးမာန်တက်လုပ်သလို အားလပ်လျှင် တောင်ပေါ်တက်၍ သစ်ခုတ်၊ ဝါးခုတ်ကာ ရောင်း၏။ အမေကလည်း အဖေ့စိတ်ကြောင့် ကျန်းမာရေး ချို့တဲ့လာသလို ညီမလေး အေးမာကလည်း သူ့ထက် (၁၀) နှစ်ခန့်ငယ်သူဖြစ်၍ အဖေဆုံးခါစက လူမမည်သာသာမို့ အားကိုးမရ။

ကျန်းမာရေးမကောင်းတော့သည့် အမေ့ကို အိမ်တွင်ပင် ညီမလေးနှင့်ထား၍ စားဝတ်နေရေးအတွက် မောင်ဘဂျမ်းပင် ဦးဆောင်ရတော့၏။ သူအိမ်ထောင်ပြုလိုက်လျှင် သားမယားအတွက်အဓိက စီးစားပေးရတော့မည် ဖြစ်၏။ ထိုအခါ သူ့မိခင်ကြီးနှင့် ညီမလေးတို့ ဒုက္ခရောက်ရပေတော့မည်။ ထိုအချက်ကို စဉ်းစားမိသဖြင့် သူ့နှလုံးသားကို အလိုမလိုက်ဘဲ ထိန်းချုပ်လာခဲ့ခြင်းပင်။

လွန်ခဲ့သည့် (၃)၊ (၄)နှစ်ကတော့ ညီမလေး အေးမာလည်း အသင့်အတင့် လုပ်ကိုင်နိုင်သည့်အရွယ်ရောက်လာ၍ လယ်ထဲတွင် သူနှင့်လိုက်ကူဖော်ရလာသလို အားလျှင်လည်း အခြားသူများထံသို့ ကောက်စိုက်ပျိုးနုတ်အငှားလိုက်လေသည်။ ညီမလေးက တစ်ဖက်တစ်လမ်းမှ ငွေရှာလာနိုင်သော်လည်း သူ့လုပ်အားကိုတော့မလျှော့။ သူတို့မိသားစုပြေလည်သည်ထက် ပိုမိုပြေလည်လာအောင်သာ အားထုတ်ရှာရင်း သူ့ဘဝကို သူ့မိသားစုအတွက် မြှုပ်နှံထားလိုက်၏။

ယခုဆိုလျှင် ညီမလေးအေးမာပင် အသက် (၁၈) နှစ်အရွယ် အပျိုကြီးဖားဖားပင်ဖြစ်လာခဲ့ပေပြီ။ အမှန်ဆို အပျိုအရွယ်မို့ မိဘမောင်ဖွားတစ်ယောက်အနေဖြင့် သွန်သင်ထိန်းသိမ်းရန်တာဝန်ရှိသည်မှန်သော်လည်း အနေအထိုင်ရိုးသားတည်ကြည်လွန်းသည့် ညီမလေးကိုယုံကြည်စိတ်ချစွာဖြင့် ဘာသိဘာသာပင်နေခဲ့သည်။

တစ်နေ့ သူ့သူငယ်ချင်း လှထွန်းက -

"ဘဂျမ်း၊ မင်းညီမအေးမာကို ဦးမောင်သိန်းတို့လယ်ထဲ အငှားမလိုက်ပါစေနဲ့ကွာ"

"ဘာဖြစ်လို့လဲ လှထွန်းရ"

"ဦးမောင်သိန်းသား မျိုးခိုင်က မင်းညီမကိုဆက်ဆံတာ မှုမမှန်ဘူး။ ငါ့အထင်တော့ မျိုးခိုင်က မင်းညီမကို ကြိုက်နေပုံရတယ်"

လှထွန်းဘာကိုဆိုလိုချင်ပုံရသည်ကို ဘဂျမ်း သဘောပေါက်ပါသည်။ ဦးမောင်သိန်းဆိုသည်က သူတို့ရွာမှ ငွေရှင်ကြေးရှင် ရွာမျက်နှာဖုံးတစ်ဦးဖြစ်၏။ လယ်ဧကမြောက်မြားစွာနှင့်ခိုင်းနွားဆယ့်လေးငါးရှဉ်းခန့်ပိုင်ဆိုင်သဖြင့် သူတို့ရွာအနေနှင့်တော့ အချမ်းသာဆုံးဟုဆိုနိုင်၏။

ဦးမောင်သိန်းတွင် သမီးနှစ်ဦးနှင့် သားတစ်ဦးရှိပြီး သားဖြစ်သူ မျိုးခိုင်က အငယ်ဆုံးဖြစ်၏။ မျိုးခိုင်က ငွေကြေးအပြင် ရုပ်ကလေးပါရှိသဖြင့် သူတို့ရွာမှသာမက အခြားရွာမှမိန်းကလေးအတော်များများ၏ စိတ်ဝင်စားအရေးပေးခြင်းခံရသူဖြစ်၏။ မျိုးခိုင်ကလည်း ထိုအခွင့်အရေးမျိုးကို လက်လွှတ်မခံတတ်သည့် လူငယ်တစ်ဦးမို့ မြာပွေသူတစ်ဦးအဖြစ် နာမည်ဆိုးထွက်နေသူဖြစ်သည်။ အချို့မိန်းကလေးများမှာ ခြေတော်တင်ဖျက်ဆီးခံခဲ့ရသည်ဟုလည်း လူပြောသူပြောများအရ ကြားရသဖြင့် မိန်းကလေးရှင်တို့ မျက်ခုံးလှုပ်ကြောက်ရွံ့နေရသူလည်း ဖြစ်၏။

"ငါ့ညီမအကြောင်းလည်း မင်းသိသားနဲ့။ ဒီလိုကောင်မျိုးကို စိတ်ကူးထဲထည့်မှာမဟုတ်လောက်ပါဘူးကွာ"

"အင်း - အေးမာတည်ကြည်တာကိုတော့ ငါလည်းသိပါတယ်ကွာ။ ဒါပေမယ့် မျိုးခိုင်က မိန်းကလေးတွေကျလောက်အောင်ပြုတတ်ပြောတတ်တဲ့သူဆိုတော့ အေးမာသူမြူဆွယ်ရာနောက်ပါသွားမှာစိုးလို့ပါ သူငယ်ချင်းရာ"

လှထွန်းထင်သလိုဖြစ်မလာနိုင်ဟု သူယူဆမိသော်လည်း ကြိုတင်ကာကွယ်တားဆီးရမည်က သူ့တာဝန်မို့ တစ်ရက် အိမ်တွင် မိသားစုထမင်းစားကြရင်း မျိုးခိုင်နှင့်အရောတဝင်မနေဖို့၊ မျိုးခိုင်ကို စိတ်မဝင်စားဖို့ အေးမာကို ပြောမိ၏။ အေးမာကလည်း သူ့စကားကိုနားထောင်ပါမည်ဟု ကတိပေးသဖြင့် သူကျေနပ်ခဲ့ရသည်။

သို့သော် သူထင်သလိုဖြစ်မလာဘဲ သူ့သူငယ်ချင်းလှထွန်းထင်သလိုဖြစ်လာခဲ့သည့်နေ့သို့ ရောက်ရှိလာခဲ့တော့၏။

❑

"သားရယ်၊ အမေပြောတာကို စိတ်အေးအေးထားနားထောင်ပါကွယ်။ မင်းညီမအမိုက်မက မင်းတို့၊ အမေတို့စကားကို နားမထောင်ခဲ့ဘူးကွယ့်"

တစ်ခုသော ညနေစောင်းတွင် တစ်ဖက်ရွာရှိသစ်ပွဲစားထံသို့ သူတောထဲမှခုတ်လာသည့် သစ်တုံးသွားပို့ပြီးပြန်အလာ အိမ်ပေါ်သို့လှမ်းအတက် ငိုနေသည့် ညီမလေးနှင့် တစ်စုံတစ်ခုကိုဆူပူပြောဆိုနေသည့် အမေတို့၏အဖြစ်ကို တွေ့မိသဖြင့် မေးလိုက်မိရာမှ အမေက အထက်ပါအတိုင်းပြောလာသည်။

ထို့နောက် ဇာတ်စုံခင်းပြလာသည်က သူ့အရင်တစ်ခါသတိမပေးမီကပင် မျိုးခိုင်နှင့် အေးမာတို့ ချစ်သူဖြစ်နေကြကြောင်း၊ မျိုးခိုင်၏လက်ထပ်ပေါင်းသင်းပါမည်ဟု ကတိစကားကို ယုံမှတ်မိသဖြင့် အေးမာက ခန္ဓာကိုယ်ကို ပုံအပ်မိခဲ့ကြောင်း၊ ယခုတော့ အေးမာတွင် ကိုယ်ဝန်ရှိနေပြီး မျိုးခိုင်ကလည်း တစ်ဖက်ရွာမှ ဂုဏ်ရည်တူမိန်းကလေးတစ်ဦးနှင့် လက်ထပ်ရန် ပြင်ဆင်ထားပြီးဖြစ်သည်ဟု ကြားသိရကြောင်း ငိုကြီးချက်မနှင့်ပြောလာသည်။

ဘဂျမ်း ငယ်ထိပ်မြွေပေါက်ခံရသလို ဘာလုပ်ရမှန်းမသိ ခံပြင်းဒေါသလည်းဖြစ်မိသည်။ သို့သော် မိန်းကလေးရှင်မို့ ထပ်ပြီးလူသိရှင်ကြားအရှက်ကွဲမခံနိုင်သဖြင့် ဦးမောင်သိန်းတို့ထံသို့ မျက်နှာအောက်ကျို့ခံကာသွားပြောမိ၏။ ထိုသို့သွားပြောမိကာမှ ပိုဆိုးတော့၏။ မောက်မာရိုင်းစိုင်းလွန်းသည့် ဦးမောင်သိန်းတို့



www.burmeseclassic.com

www.burmeseclassic.com

မိသားစုက သူတို့မိသားစုကို ရစရာမရှိအောင် စော်ကားမော်ကားပြောဆိုရုံသာမက မည်သို့မျှ မဆောင်ရွက်မပေးနိုင်ကြောင်း ပြောလွှတ်လိုက်သည်။

နောက်(၂)ရက်ခန့်အကြာတွင်တော့ ညီမလေးအေးမာက သူတို့အလစ်တွင် ပိုးသတ်ဆေးသောက်သေသွားသလို နဂိုကပင် ကျန်းမာရေးမကောင်းသည့် မိခင်ကလည်း ညီမလေးစိတ်ဖြင့်ရင်ကွဲနာကျ သေဆုံးသွားခဲ့ရ၏။

ဘဂျမ်းတစ်ယောက် ရှူးမတတ်ခံစားခဲ့ရသလို ဦးမောင်သိန်းတို့မိသားစုကို ကိုယ်ထိလက်ရောက် လက်တုံ့ပြန်ဖို့စိတ်ကူးခဲ့သေး၏။ သို့သော် ဥပဒေကိုရင်မဆိုင်ရဲသည့်ဘဂျမ်း စိတ်နောက်ကိုလက်မပါဝံ့ချေ။ ထို့နောက်တွင်တော့ ဘဂျမ်းရွာမှပျောက်သွားတော့၏။

နောက် (၃) နှစ်ခန့်အကြာတွင်တော့ ဘဂျမ်းရွာပြန်ရောက်လာသည်။ သူ့အလုပ်ကို သူအေးအေးဆေးဆေးလုပ်ကိုင်နေသဖြင့် တစ်ရွာလုံးက ဘဂျမ်းတစ်ယောက် ယခင်ပြဿနာကိုမေ့ပျောက်ထားလိုက်ပြီဟုယူဆနေကြ၏။

ဘဂျမ်းပြန်ရောက်ပြီး (၃) လကျော်ခန့်အကြာ တစ်ညနေတွင်တော့ တစ်ရွာလုံး အုတ်အော်သောင်းနင်းဖြစ်သွားရသည့် ဖြစ်ရပ်ဆိုးတစ်ခုပေါ်ပေါက်လာခဲ့သည်။ ထိုဖြစ်ရပ်ကတော့ မျိုးခိုင်တစ်ယောက် လယ်ထဲမှအပြန် ပိုးထိ၍ဆုံးသွားခြင်းပင်။ အငယ်ဆုံး၊ အချစ်ဆုံးသားဖြစ်၍ ဦးမောင်သိန်းတို့တစ်မိသားစုလုံး ရှူးမတတ်ခံစားကြရ၏။

ဘဂျမ်းက လူမှုရေးတော့ရှိ၏။ မျိုးခိုင်၏နာရေးအတွက် ကူညီလုပ်ကိုင်ပေး၏။ အသုဘချသည့်နေ့က ဦးမောင်သိန်းတို့မိသားစု ရင်ကွဲပက်လက်ခံစားနေရပုံကို ဘဂျမ်းကြည့်ပြီး မဲ့ပြုံးပြုံးနေသည်ဟု တချို့ရွာသားတွေက ပြောကြသည်။

တစ်သက်လုံးငွေဂုဏ်မောက်ကာ လက်မထောင်လာကြသည့် ဦးမောင်သိန်းတို့မိသားစု အခုမှအကုသိုလ်ဂြိုဟ်ဆိုးတို့ အလုံးအရင်းနှင့်ဝင်လာကြပြီထင်သည်။ မျိုးခိုင် သေပြီးနောက် မျိုးခိုင်အမေဒေါ်သီးမှာ သားစိတ်ဖြင့် အိပ်ရာထဲလဲတော့သည်။ ဘာကျွေးကျွေးမဝင်၊ ပြန်အန်ထုတ်သည်။ ကယောင်ချောက်ချားများပြောလာသည်။ ဦးမောင်သိန်းတို့ ဟိုဆရာခေါ် ကုဒီဆရာခေါ် ကုဖြင့်ကုသေး၏။ မထူးခြား။

နောက်တစ်လခန့်အကြာ ည



တစ်ညတွင်တော့ တစ်ရွာလုံးတုန်လှုပ်ချောက်ချားစရာဖြစ်ရပ်တစ်ခုထပ်မံဖြစ်ပွားခဲ့တော့သည်။ ထိုဖြစ်ရပ်ကတော့ ဦးမောင်သိန်းတို့ အိမ်မီးလောင်ခြင်းပင်။ လူတိုင်းအိပ်ပျော်နေချိန် ညနက်သန်းခေါင်ဖြစ်၍ အစောပိုင်း မည်သူမျှ သတိမထားမိကြ။ အော်သံကြား၍ လူအများရောက်သွားချိန်တွင်တော့ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးကုန်လုနီးပါးဖြစ်နေပြီ။

နောက်မှသိရသည်က စိတ်မနှံ့သလိုဖြစ်နေသည့်ဒေါ်သီးက အားလုံးအိပ်မောကျနေချိန်တွင် အိမ်ကိုမီးထရှို့ခြင်းပင်။ ဦးမောင်သိန်း အရင်နိုးပြီးအော်ဟစ်မှ အိမ်သားများလည်းကယောင်ကတမ်းထပြေးကြသဖြင့် အသက်ချမ်းသာရာရကုန်ကြခြင်းပင်။ ထိုဖြစ်ရပ်တွင် ဒေါ်သီးရော ဦးမောင်သိန်းပါ မီးလောင်ဒဏ်ရာများရသွားသလို ကမန်းကတန်းပြေးကြရသဖြင့် အိမ်တွင်းပစ္စည်းများနှင့် စုဆောင်းထားသည့် ရွှေတိုရွှေစများ မီးထဲပါသွားသည်။

ထိုပြဿနာဖြေရှင်းရသည်ရော၊ ဆေးကုသရသည်ရောအပြင် အိမ်ခြံအသစ်ပြန်တည်ဆောက်ရ၍ ဦးမောင်သိန်းတို့ လယ်ကွက်အချို့နှင့် ကျွဲ၊ နွားအချို့တို့ ပြုတ်ကုန်ကြသည်။

နောက်မှ တဖြည်းဖြည်းသတင်းပြန့်လာသည်က မျိုးခိုင်မြွေကိုက်ခံသေရခြင်းနှင့် ဒေါ်သီးရူး၍အိမ်မီးရှို့သည့်ဖြစ်ရပ်တို့၏ အဓိကတရားခံမှာ ဘဂျမ်းဖြစ်ကြောင်း၊ မိခင်နှင့် ညီမတို့ သေသွားပြီးနောက် ဘဂျမ်းစိတ်လေလေနှင့်ထွက်သွားသည်မှာ ယခင်နွားမောင်ခိုပို့စဉ်က တည်းခိုခဲ့ဖူးသည့် ရှမ်းအဘိုးကြီးတစ်ဦး၏အိမ်ဖြစ်ကြောင်း၊ သူတည်းခိုဖူးစဉ်က

ပင် ထိုအဘိုးကြီး၏ ထူးခြားသည့်ပညာရပ်အချို့ကိုမြင်တွေ့ခဲ့ဖူးကြောင်း၊ မျိုးခိုင်တို့မိသားစုကြောင့် သူ့မိခင်နှင့်ညီမလေးတို့သေဆုံးခဲ့ရခြင်းကို သူအခဲမကျေသော်လည်း ကိုယ်ထိလက်ရောက်မတုံ့ပြန်ဝံ့၍ အသာငြိမ်နေစဉ် အကြံရလာသဖြင့် ယခင်သိကျွမ်းခဲ့ဖူးသည့် ရှမ်းအဘိုးကြီးထံသွားရောက်ကာ အကျိုးအကြောင်းပြောပြ၍ အကူအညီတောင်းခဲ့ကြောင်း၊ ရှမ်းအဘိုးကြီးကလည်း ဘဂျမ်းကို ယခင်ကပင် သားသမီးကဲ့သို့ ချစ်ခင်နေသူဖြစ်၍ ဘဂျမ်းကိုယ်စား မခံမရပ်နိုင်ဖြစ်ကာ ပညာကုန်သင်ပေးလိုက်သည်ဟု ကြားသိလာကြ၏။

ထိုပြဿနာများဖြစ်ပွားပြီးနောက်တော့ ဘဂျမ်းသူ့ရွာတွင်မနေတော့ ... ယခုနေထိုင်သည့် သပြေကုန်းရွာ... ပြောင်းရွှေ့နေထိုင်ရင်း ဆေးဆ... ပယောဂဆရာအဖြစ် အသက်မွေး... ကျောင်းပြုလျက်ရှိနေတော့၏။

❑

တကယ်ဟုတ်သည်၊ မဟုတ်သည်... တော့မသိ။ ဆရာဘဂျမ်း၏ ... ကြောင်းဆိုသည်ကတော့ စိတ်ဝင်စား... ဖွယ်ရာဂမ္ဘီရဇာတ်လမ်းတစ်ပုဒ်ပင်၊ ... အန္တဲ့ကောင်းလွန်းသည့် ဂမ္ဘီရ... ဆရာကြီးတစ်ဦးဦးမှသာ ရေးသား... ပါက ပရိသတ်အကြိုက်များသည့် ... ဝတ္ထုကြီးတစ်ပုဒ်ဖြစ်လာနိုင်သည်... ကျွန်တော်ခနဲ့တွေးတွေးရင်း မဲ့ပြုံး... ပြန်ပါသည်။

ထို့နောက်တော့ ကျွန်... လည်း ကိုယ့်အရပ်ကိုယ်ပြန်လာခဲ့ပြီး ... အကြောင်းအရာများကို မေ့ပျောက်... မိခဲ့ပြန်သည်။ နောက်တစ်ကြိမ် ... ကလေးကိုပြန်ရောက်ပြီး တစ်ပတ်... အကြာမှာပင် ပြဿနာတစ်ခုကိုကြား... လာရပြန်သည်။

"ဘယ်လိုဖြစ်ကြတာလဲသန္တာ... ရယ်။ ကျော်မကောင်းကြားမကော... ကိုယ့်အိမ်မှာလာကုပေးနေတဲ့ ဆရာ... ဓားနဲ့ခုတ်ရတယ်လို့"

တစ်နေ့ညနေခင်း သန္တာထွေး... ရောက်လာစဉ် မနှင်း၏အမေး... မလှမ်းမကမ်းတွင်ထိုင်နေ၍ ကြား... ရသည့်ကျွန်တော့်မှာ လန့်ဖျပ်သွား... သူတို့စကားတွေကိုလည်း စိတ်ဝင်စ... နားစွင့်နားထောင်နေမိလိုက်သည်။

"ဟုတ်တယ်အစ်မရေ။ ဟို... လေ ကျော်ခိုင်ပေါ့။ မူးမူးနဲ့ အ...



www.burmeseclassic.com

www.burmeseclassic.com

ပေးပြီး ရေနွေးထိုင်သောက်နေတဲ့ ဆရာဘဂျမ်းကို ဓားနဲ့ခုတ်လိုက်တာ"

ကျော်ခိုင်ဆိုသည်က သန္တာထွေး၏ ခဲအို၊ မခင်သီတာ၏ခင်ပွန်းဖြစ်၏။ မခင်သီတာတို့က မိခင်ကြီးဒေါ်အိုနှင့် အတူနေသည်။ မုဆိုးမဒေါ်အိုက သမီးနှစ်ဦးမွေးထားသော်လည်း အငယ်မ သန္တာထွေးက အိမ်ထောင်မရှိသဖြင့် ထယ်ယာလုပ်ငန်းကိုဦးစီးမည့်ယောကျ်ားသားမရှိ၍ မခင်သီတာတို့လင်မယားကို အိမ်ပေါ်ခေါ်တင်ထားပြီး ကျော်ခိုင့်ကို ပင် ဦးစီးလုပ်ကိုင်စေသည်။

ကျော်ခိုင်က အလုပ်ကိုအားကြိုးမာန်တက်လုပ်ကိုင်သော်လည်း (၂၄) နာရီလုံးအရက်မူးနေတတ်သော အရက်သမားတစ်ဦးပင်။ ရေအစား အရက်ကို သောက်တတ်သည့် အလွန်အကျွံ အရက်သမားဖြစ်၏။ စိတ်နုလွန်းသူဟု နာမည်ကြီးသူလည်း ဖြစ်၏။

မခင်သီတာနေမကောင်းဖြစ်စဉ်က ဆရာဘဂျမ်းကို ဆေးခေါ်ကုစဉ် လူနာမခင်သီတာကို ဆရာဘဂျမ်းထိတွေ့ကိုင်တွယ်စမ်းသင်ခြင်းအား ကျော်ခိုင်ရှိလျှင် မျက်စောင်းတခဲခဲနှင့်ကြည့်နေတတ်၏။ မပြောသာ၍မပြောသော်လည်း မကျေနပ်ဖြစ်နေကြောင်းကို အိမ်သားများရော ဆရာဘဂျမ်းပါ ရိပ်မိ၏။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသလို ဆရာဘဂျမ်းကလည်း ကျော်ခိုင့်ကို အဖက်မလုပ်ဘဲ ဆတ်တင်းတင်းပင်ဆက်ဆံခဲ့၏။

မခင်သီတာ နေပြန်ကောင်းသွားတော့ ကျော်ခိုင်နှင့် ဆရာဘဂျမ်းတို့ အနေဝေးသွားခဲ့ပြန်သည်။ လွန်ခဲ့သော (၃) လကျော်ကတော့ ဒေါ်အိုကျန်းမာရေးညံ့လာသည်။ ဆေးခန်း (၃)၊ (၄)ခု သွားကြည့်သော်လည်း သိပ်မသက်သာ။ ထိုအခါ ဒေါ်အိုတို့မိသားစု တောထင်တောင်ထင်ဖြင့် ဆရာဘဂျမ်းကိုပြကြည့်သာပြန်သည်။ အမှန်တော့ ဒေါ်အိုမှာ ရောဂါထွေထွေထူးမရှိ။ လူကြီးနာမို့ အရှောင်ရှောင်ဖြစ်နေခြင်းသာ။

ထိုအချက်သိသော ဆရာဘဂျမ်းက လူနာရှင်များအကြိုက်ပြောရင်း သွေးဆေးလိုလို၊ အစာကြေဆေးလိုလိုကို တိုက်တော့ နဂိုကပင် အားကိုးစွဲရှိရင်းမို့ သက်သာလာသလိုထင်ရသည်။ ဒေါ်အိုမှာ ထူထူထောင်ထောင်ဖြစ်လာသဖြင့် မိသားစုအားလုံးဝမ်းသာကြရသည်။ ထိုအထဲတွင် ကျော်ခိုင်တော့မပါ။

ဒေါ်အိုတို့မိသားစုက သူတို့ကို (၂) ကြိမ်တိုင်တိုင် ကယ်မထားခဲ့သည်မို့ ဆရာဘဂျမ်းကို ခင်မင်သည်။ ဆရာဘဂျမ်းလာတိုင်း ဧည့်ဝတ်ပျူငှာသည်။ လိုလေသေးမရှိ ဧည့်ဝတ်ပြုတတ်၏။ ထိုအထဲတွင် မခင်သီတာကပိုသည်။ သူ့ကို လူကောင်းပကတိပြန်ဖြစ်အောင် ကုသပေးထားသည်မို့ ဆရာဘဂျမ်းလာတိုင်း လိုလေသေးမရှိ ဧည့်ခံပြုစုတတ်၏။

ဒါကို ကျော်ခိုင်အမြင်မှာတော့ မျက်စိစပါးမွေးစူးစရာဖြစ်နေလေသည်။ ထိုနေ့က ထုံးစံအတိုင်း ဆရာဘဂျမ်းရောက်လာသည်။ ဒေါ်အိုကို မေးမြန်းစစ်ဆေးပြီး ဆေးပေးသည်။ ထို့နောက် မခင်သီတာချကျွေးသည့်အမြည်းများစားရင်း မခင်သီတာတို့နှင့် ရယ်ရယ်မောမောစကားပြောနေခဲ့သည်။ထိုစဉ် အနားသို့ ကျော်ခိုင် မယောင်မလည်ရောက်လာပြီး -

"ကဲ - သေစမ်းကွာ အောက်လမ်းဆရာ"

ဟု ဆိုကာ ဓားရှည်ဖြင့် အမှတ်တမဲ့ခုတ်ချလိုက်တော့၏။ ရိပ်ခနဲကျလာသည့်ဓားချက်ကို ဆရာဘဂျမ်းက ထိုင်ရာမှ လှိမ့်ပြီးရှောင်ထွက်သွားနိုင်သဖြင့် ကြီးကြီးမားမားတော့ မထိခိုက်လိုက်။ သို့သော် ခြေသလုံးတစ်ဖက်ကိုတော့ အနည်းငယ်ပြတ်ရှသွား၏။

"တောက်-မိုက်ရိုင်းလိုက်တဲ့ကျော်ခိုင်ရာ။ မင်းထမင်းဝဝစားထား၊ မကြာခင် မင်းအသေဆိုးနဲ့သေအောင်ငါလုပ်ပြမယ်"

ဆရာဘဂျမ်း ရှက်လည်းရှက်၊ ဒေါသထွက်သွားပြီး ထိုသို့ ကြိမ်းဝါးကာ ပြန်သွားတော့၏။ မခင်သီတာတို့ ဝိုင်းတောင်းပန်သော်လည်း ကျေနပ်ပုံမရဟု သိရသည်။

"အဲဒီငမူးကောင်နဲ့တော့ ဒုက္ခပါပဲဟယ်။ နင်တို့ ဆရာဘဂျမ်းဆီလိုက်သွားပြီး ထပ်တောင်းပန်ကြည့်ပါလား"

"နေပါစေတော့ အစ်မရယ်။ အမေကရော အစ်မကပါ ဒီကောင့်ကို စိတ်ပျက်နေပြီ။ တောင်းပန်မနေတော့ဘူး၊ ဒီကောင်မျိုးမြန်မြန်သေသွားလည်း အေးတာပဲတဲ့"

ပွဲကြည့်ပရိသတ်ကျွန်တော်ကတော့ ဘာမှဝင်မပြော။ သို့သော် ဆရာဘဂျမ်း ရှက်ရမ်းရမ်းပြီးပြောသွားတာပေါ့လေ။ ဘာလုပ်နိုင်တာမှတ်လို့ဟုတော စိတ်ထဲမှာကျိတ်၍မှတ်ချက်ချလိုက်မိသေး၏။

❑

"ကျော်ခိုင် သေပြီတဲ့။ သူတို့အိမ်ဝိုင်းထဲက မန်ကျည်းပင်ကြီးမှာ သူ့ကိုယ်သူဆွဲကြိုးချသတ်သေသွားတာတဲ့"

တစ်ည ကျွန်တော်တို့အိပ်ရာဝင်ပြီး မကြာခင် ရွာထဲမှ ရုတ်ရုတ်သဲသဲ အသံများကြောင့် ပြန်လန့်နိုးခဲ့ရပြီး နားစွင့်မိတော့ ထိုသတင်းကြားလာရခြင်းပင်။ အိမ်ရှင်ကိုဖိုးသာလည်း ဒေါ်အိုတို့အိမ်ဘက်သို့ ကမန်းကတမ်းထွက်သွားသည်။ မိုးလင်းမှပြန်ရောက်လာပြီး-

"ကျော်ခိုင်က လွန်ခဲ့တဲ့ လေး၊ ငါးရက်လောက်ကတည်းက ညတိုင်းကယောင်ချောက်ချားဖြစ်နေတာတဲ့။ မိုးချုပ်ပြီဆိုတာနဲ့ သူ့ကိုသတ်ဖို့လူတွေလာနေကြပြီဆိုပြီး တုတ်ဆွဲဓားဆွဲဖြစ်နေတာတဲ့လေ။ ဒေါ်အိုတို့ကလည်း သူ့ကိုအမြင်ကတ်နေတော့ ဆေးကုမပေးဘဲပစ်ထားကြတာ။ မနေ့ညကတော့ သူတို့ထမင်းစားဖို့ပြင်နေတုန်း အိမ်ပေါ်မှာ အရက်ထိုင်သောက်နေတဲ့ကျော်ခိုင်က ဘဂျမ်းနဲ့သူ့လူတွေ ငါ့ကိုသတ်ဖို့လာကုန်ပြီ။ ငါမနေရဲတော့ဘူးကြောက်တယ်၊ ကြောက်တယ်လို့ထအော်ပြီး ဆင်းပြေးသွားတယ်တဲ့။အိမ်ကလူတွေကလည်း သူ့ကိုအရေးစိုက်မနေတော့ဘဲ ထမင်းစားသောက်ပြီး အိပ်ရာဝင်ခဲ့ကြတယ်တဲ့။ ခင်သီတာ တစ်ရေးနိုးအပေါ့သွားတော့ မန်ကျည်းပင်ကြီးဘက်က ကျော်ခိုင့်အသံနဲ့ သူ့ကိုလှမ်းခေါ်သလို ကြားလိုက်မိလို့ သွားကြည့်တော့ ကျော်ခိုင်ဆွဲကြိုးချသေနေတာတွေ့တာတဲ့လေ"

ဟု ပြောပြ၏။

ထိုကိစ္စနှင့်ပတ်သက်၍ တချို့ကတော့ ကျော်ခိုင်အရက်ကြောင်ကြောင်၍ ကယောင်ချောက်ချားဖြင့် ထင်မြင်ရင်း သူ့ကိုယ်သူသတ်သေသွားသည်ဟု ယူဆကြသည်။ တချို့ကတော့ ဆရာဘဂျမ်းက သူကြိမ်းဝါးထားသည့်အတိုင်း သူ့ပညာအစွမ်းဖြင့် ကျော်ခိုင့်ကိုရူးစေကာ သူ့ကိုယ်သူသတ်သေသွားအောင် ဖန်တီးခဲ့ခြင်းဟု ဆိုကြပြန်သည်။

ကျွန်တော်ကတော့ မည်သို့မှတ်ချက်ပေးရမည်ကို ယခုထိဝေခွဲမရသေး။

ဆင်ခြင်သတိမြဲရှိစေရန်
စိတ်ရည်သန်လျက်

ဝင်းထွန်းအောင် (စစ်/ဆေး)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကင်းဘက်ရှိသူငယ်ချင်းတစ်ဦးထံသို့သွားရန် ဆူးလေဘုရားလမ်းရှိ ကားမှတ်တိုင်တွင် ဘတ်(စ်)ကားစောင့်နေချိန် ဖြစ်သည်။ ကားမှတ်တိုင်ရှိ ထိုင်ခုံတန်းတွင်ထိုင်နေစဉ် ကျွန်တော့်နံဘေးလွတ်နေသောထိုင်ခုံသို့ လူကြီးတစ်ဦးဝင်၍ထိုင်သည်။ ထိုင်ခုံချင်းကပ်နေ၍ ထိုလူကြီးမျက်နှာကို အမှတ်မထင်ကြည့်လိုက်မိသည်။ ထိုလူကြီးကလည်း ကျွန်တော့်ကိုပြန်ကြည့်သည်။ အကြည့်ချင်းဆုံသွား၍ ပြုံးမိလျက်သားဖြစ်သွားသည်။ နှစ်ဦးစလုံး ပြုံး၍နှုတ်ဆက်မိသည်။ တစ်ဖက်သို့မျက်နှာလွှဲသွားပြီးမှ ထိုလူကြီးက ကျွန်တော့်မျက်နှာကို သေသေချာချာ စူးစူးစိုက်စိုက်ပြန်၍ကြည့်၏။ ကျွန်တော်မနေတတ်တော့၍ ထိုလူကြီးမျက်နှာကို ကြည့်လိုက်မိသည်။ ထိုလူကြီးက -

“မင်း. . . မင်း. . . ရကွ္ခစိုးလား၊ မော်လမြိုင်ကအပါရဲ့သားရကွ္ခစိုးမဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com


ရက္ခစိုး ဟူသော အမည်မှာ ကျွန်တော့်နာမည်ပြောင်ဖြစ်သည်။ ဤနာမည်ကို ရန်ကုန်တွင်ခေါ်သူမရှိပါ။ ကျွန်တော် အံ့ဩလွန်း၍ ထိုလူကြီးမျက်နှာကို အသေအချာကြည့်လိုက်သည်။ အသက်ရှစ်ဆယ်နီးပါးရှိမည်ဟု ခန့်မှန်းမိသည်။ အဖော်မပါတစ်ဦးတည်း အိမ်သွားလာနိုင်အောင် ကျန်းမာရေးကောင်းနေသည်ကို တွေ့လိုက်ရသည်။

"ဟုတ်ပါတယ်၊ ကျွန်တော့်ငယ်နာမည် ရက္ခစိုးလို့ခေါ်ပါတယ်။ ဒါနဲ့ ဘကြီးက ဘကြီးပန်းတင်ထင်တယ်"

"အေး-သိပ်ဟုတ်တာပေါ့၊ မင်းက မှတ်မိသားပဲ။ မင်းငယ်ငယ်တုန်းက ဘကြီးမင်းကိုချီပိုးထိန်းကျောင်းခဲ့ရတာ၊ မင်းကငယ်ရုပ်မပြောင်းသေးဘူး။ မင်းရဲ့

# မောင်မောင်မိုးအောင်

## သချိုင်းဟောင်းကအလည်လာသူ



www.burmeseclassic.com

www.burmeseclassic.com

မျက်ခုံးတွေက ကကြီးပုံမျက်ခုံးမို့ ဘကြီးကမှတ်မိတာ။ မင်းကကော ဘကြီးကို ပန်းတင်ရယ်လို့ နာမည်ကို ဘယ်လိုကြောင့်မှတ်မိတာလဲ"

"ကျွန်တော့်ကို ရုက္ခစိုးလို့ခေါ်တာရယ်၊ ပြီးတော့ ဘကြီးနှာခေါင်းက မှဲ့ကြီးကိုတွေ့ပြီးမှတ်မိခဲ့တာပါ"

"ဒါနဲ့ မင်းအဖေ အပါကော နေကောင်းရဲ့လား"

"အမေဆုံးပြီး ငါးနှစ်လောက်မှာ အဖေဆုံးသွားခဲ့တာ။ မော်လမြိုင်မှာပဲ ဆုံးခဲ့တာ။ ခုဆို အဖေဆုံးတာ လေးနှစ်လောက်ရှိသွားပြီ"

"ဟာ-ငါ့သူငယ်ချင်းဆုံးရှာပြီကိုး။ လာကွာ တို့တူဝရီးတွေ အမှတ်မထင်ဆုံကြတုန်း အေးအေးဆေးဆေးစကားပြောရအောင်။ ဒီကားမှတ်တိုင်မှာလူရှုပ်တယ်။ အသံတွေလည်း ဆူညံနေတာပဲ။ လက်ဖက်ရည်ဆိုင်ထဲသွားကြရအောင်"

ကျွန်တော်တို့နှစ်ဦး နီးစပ်ရာလက်ဖက်ရည်ဆိုင်ထဲဝင်ခဲ့ကြသည်။

"ရုက္ခစိုး၊ အခုမင်းဘယ်မှာနေလဲ။ ဘယ်သွားမလို့လဲ"

"သာကေတဘက်မှာနေတာ။ ရန်ကင်းသွားမလို့ ကားစောင့်နေတာ။ ဘကြီးကော ဘယ်မှာနေလဲ၊ ဘယ်သွားမလို့လဲ"

"ဘကြီးက မြောက်ဥက္ကလာပမှာနေတာ။ သမီးနဲ့လိုက်နေတာ။ သမက်အိမ်မှာပေါ့။ ခု မြောက်ဥက္ကလာပပြန်ဖို့ ကားစောင့်နေတုန်း မင်းနဲ့ဆုံခဲ့တာ၊ တို့တွေကွဲကွာသွားတာ အနှစ်နှစ်ဆယ်ကျော်လောက်ရှိပြီထင်တယ်"

"ဖြစ်နိုင်ပါတယ်၊ ကျွန်တော်အလုပ်စဝင်ကတည်းက ရန်ကုန်ရောက်နေခဲ့တာ"

"မင်းကို ဘာကြောင့် ရုက္ခစိုးလို့ခေါ်တာ သိရဲ့လား"

"ဟာ - ဘကြီးကလည်း၊ သိတာပေါ့။ ကျွန်တော့်အဖေနဲ့အမေ ကလေးမရသေးလို့ ကလေးလိုချင်လွန်းလို့ လက်ပံပင်ကြီးမှာ သားဆုပန်ကြတယ်။ အဲဒီလက်ပံပင်ကြီးကိုစောင့်နေတဲ့ရုက္ခစိုးက ကျွန်တော့်အမေဆီဝင်စားတယ်လို့ပြောကြတာပဲ"

"အေး-ဟုတ်တယ်၊ မင်းမိဘတွေ အိမ်ထောင်ကျပြီး ငါးနှစ်လောက်အထိ သားသမီးမရလို့ ရွာက လက်ပံပင်ကြီးမှာ သားဆုသွားပန်ကြတယ်။ နောက်တော့ လက်ပံပင်စောင့် ရုက္ခစိုးက သူလာခဲ့မယ်လို့ မင်းအမေ မအုန်းကြူကို အိပ်မက်ပေးခဲ့တယ်။ ယောကျ်ားလေးဆို ဘယ်သူပဲဖြစ်ဖြစ်လာခဲ့လို့ အိပ်မက်ထဲမှာ မင်းအမေက ပြန်ပြောလိုက်တယ်။ နောက်မကြာခင် မင်းကို ကိုယ်ဝန်ရတယ်လို့ပြောတယ်"

"ဒါကြောင့် ကျွန်တော့်ကို ရုက္ခစိုးလို့ နောက်ပြောင်ခေါ်ကြတာပေါ့။ ကျွန်တော်ကတော့ တိုက်ဆိုင်မှုလို့ပဲထင်တယ် ဘကြီးရယ်"

"တိုက်ဆိုင်မှုဆိုပေမယ့် တော်တော်ဆန်းတယ်။ ဒီထက်ဆန်းတာတွေ မင်းမိဘတွေကြုံခဲ့သေးတယ်။ အေးလေ၊ မင်းမိဘတွေလည်းမရှိကြတော့ဘူးဆိုတော့ အဲဒီအဖြစ်ဆန်းတွေ မင်းကိုကြုံတုန်းပြောပြမယ်"

"ဘယ်လိုအဆန်းတွေကြုံခဲ့တာလဲ။ အဖေ၊ အမေတို့နဲ့ပတ်သက်နေလား"

"မင်းရဲ့မိဘတွေ ကြုံခဲ့ကြတာ။ အဲဒီအကြောင်းတွေက ထူးဆန်းပြီး အံ့သြဖို့ကောင်း၊ ကြောက်ဖို့ကောင်းတဲ့ မယုံနိုင်စရာအဖြစ်တွေပေါ့ကွယ်။ ဘကြီးကိုယ်တိုင်ကြုံပြီးသိခဲ့ရတာ။ ဒီအကြောင်းတွေ ဘယ်သူ့မှမပြောဖို့မင်းမိဘတွေမှာထားခဲ့တာ။ အဲဒီအချိန်တုန်းက မင်းကို တောင်မမွေးသေးဘူး။ ခုမင်းမိဘတွေလည်းမရှိကြတော့ဘူး။ မင်းက သားကြီးဆိုတော့ မင်းသိထားသင့်တယ်ထင်တယ်"

"ထူးဆန်းပြီးကြောက်ဖို့ကောင်းတဲ့ အဖြစ်ဆိုတော့ စိတ်ဝင်စားပါတယ်။ ဘကြီးပြောမှသာပြောပါ"

"အဲဒီအဖြစ်တွေက ကြာခဲ့ပါပြီ။ တို့နိုင်ငံလွတ်လပ်ရေးရပြီး လေးနှစ်၊ ငါးနှစ်လောက်ကထင်တယ်။တိုင်းပြည်မငြိမ်မသက်နဲ့ သောင်းကျန်းသူတွေဆူပူနေတဲ့ကာလပေါ့။ သံဖြူဇရပ်မြို့နယ်ထဲက ဝဲကလိကျေးရွာလေးမှာဖြစ်ခဲ့တဲ့အဖြစ်ပါ။ မင်းကိုမွေးခဲ့တဲ့ရွာလေးပေါ့။ မင်းအဖေက ဘကြီးရဲ့သူငယ်ချင်း။ ဘကြီးနဲ့သိပ်ချစ်ကြတာ။ မင်းအဖေက ဘကြီးထက်အသက်ငယ်တယ်။ ဒါပေမယ့် သူက ခြောက်တန်းအထိ ပညာသင်ခဲ့ဖူးတော့ သူက စာအတတ်ဆုံးပေါ့။ တစ်နေ့ တပ်မတော်သားတွေ ဝဲကလိရွာကိုရောက်လာကြတယ်။ သောင်းကျန်းသူတွေကို နှိမ်နင်းဖို့ရောက်လာတာ။ ရွာလမ်းမကြီး အဝင်အထွက်လမ်းတွေပိတ်လိုက်တယ်။ ရွာသားတွေကိုရွာပြင်ထွက်ခွင့်မပြုတော့ဘူး။ ရွာသားတွေထိခိုက်မှာစိုးလို့ထင်ပါတယ်။ တို့လယ်ယာတွေဟာ ရွာပြင်မှာရှိတာ၊ စပါးရိတ်ပြီးစကာလဆိုတော့ စပါးတွေ လယ်ထဲကျန်ရစ်ခဲ့တယ်။ ရွာပြင်မထွက်ရဆိုတော့ စပါးတွေရွာထဲသယ်ဖို့ အခက်တွေ့တော့တာပေါ့။ ဝမ်းစာအတွက် စပါးကလိုလာပြီလေ။ အဲဒီမှာ မင်းအဖေကဦးဆောင်ပြီး လှည်းဆယ့်ငါးစီးလောက်နဲ့ စပါးအသယ်သွားခဲ့ကြတယ်။ သွားနေကျ ရွာလမ်းမကြီးကပိတ်ထားတော့ ဖြတ်လမ်းဖြစ်တဲ့ သချိုင်းဟောင်းကုန်းကိုဖြတ်ပြီးသွားကြတယ်။ ညနေဘက် မှောင်စပြုတဲ့အချိန်မှာသွားကြတာ။ အဲဒီသချိုင်းဟောင်းကအပြန်မှာ ကြောက်လန့်ဖွယ်အဖြစ်နဲ့ ကြုံခဲ့ရတယ်။ မယုံနိုင်စရာပါဘဲ"

"ဆက်ပြောပါ ဘကြီး၊ ကျွန်တော်စိတ်ဝင်စားလာပြီ"

ဘကြီးပန်းတင်က လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်က အဖြစ်အပျက်ကို စီကာပတ်ကုံး စိတ်ဝင်စားဖွယ် ကျွန်တော့်ကို ပြောပြသည်။

❑

လှည်းဆယ်စီးကျော် ရှေ့နောက်တန်း၍ ဝဲကလိရွာမှထွက်ခဲ့ကြသည်။ တောလမ်းအတိုင်း တအိအိမောင်းနှင်လာသည်။ နေမွန်းတိမ်းစအချိန်သာဖြစ်သော်လည်း တောရိပ်တောင်ရိပ်ကြောင့် မှောင်စပြုလာသည်။

"ရဲဘော်တွေက ရွာပြင်မထွက်ရလို့ပြောထားတယ်။ ခုတို့ကဆန့်ကျင်ပြီး ထွက်လာတယ်။ တွေ့သွားရင် ဘယ်လိုလုပ်ကြမလဲ"

"မပူပါနဲ့ အစ်ကိုပန်းတင်။ ရဲဘော်တွေကို ကျွန်တော်ကြည့်ပြောပါမယ်။ ကျွန်တော်တို့က သူပုန်သူကန်တွေမှ မဟုတ်တာ"

"အပါရေ၊ မင်းပြောတော့ ဟုတ်နေတာပဲ။ ဒါပေမယ့် ကြောက်နေသေးပဲ"

"အစ်ကိုက လူကြီးဖြစ်ပြီး ဘာ ကြောက်နေတာလဲ"

"ဒီကိုသောင်းကျန်းသူတွေထင်ပြီး ပစ်လားခတ်လားလုပ်မှာစိုးတာရယ်၊ ပြီးတော့ သချိုင်းဟောင်းကိုဖြတ်သွားရမှာ ဒီသချိုင်းဟောင်းက သရဲခြောက်တဲ့ သချိုင်းဆိုတာ မင်းတို့အသိပဲ။ ညနေစောင်းတာနဲ့ ဘယ်သူမှဖြတ်သွားဖြတ်လာမလုပ်ဝံ့ကြတော့ဘူး"

"ကျွန်တော်တို့က လူစုနဲ့သွားကြတာပါ။ အစ်ကို့လိုလူက ကြောက်တယ် ပြောနေတော့ ကျန်တဲ့သူတွေကို

www.burmeseclassic.com

ကို ပြောရမလဲ။ အပြန်ကျတော့ ကျွန်တော့်လှည်းနောက်ဆုံးကလိုက်ခဲ့မယ်။ ကျွန်တော်ဒါတွေမယုံပါဘူး"

"မင်းကအခြောက်မှမခံရဘူးသေးတာ။ အေးပါ ကဲကဲ - သွားကြ။ ဟောပြောရင်းဆိုရင်း သချိုင်းဟောင်းတက်မယ့်ကုန်းထိပ်တောင်ရောက်လာပြီ"

သချိုင်းဟောင်းကုန်းကို တအိအိတက်ခဲ့ကြသည်။ မကြာမီ သချိုင်းဟောင်းထဲရောက်လာသည်။ အားလုံးမှာ တထိတ်ထိတ်ဖြစ်နေကြသည်။ မည်သည့်ခြောက်လှန့်မှုမျှမတွေ့ရဘဲ လယ်ကွင်းများရှိရာရောက်ခဲ့ကြသည်။ စပါးများကို လှည်းပေါ် အမြန်တင်ကြသည်။ ဝင်းကျင်မှာ မှောင်မည်းတိတ်ဆိတ်နေသည်။ ကျွန်တော်တို့အုပ်စု စကားပြောသည့်အသံသာ ခပ်တိုးတိုးကြားနေရသည်။ အမှောင်ထုကရောက်ရှိလာပြီဖြစ်သည်။ လှည်းများစုစည်းပြီး ပြန်ထွက်မည့်အချိန်တွင် လက်နှိပ်ဓာတ်မီးရောင်များ ဟိုမှသည်မှပေါ် လာပြီး ရဲဘော်များရောက်လာသည်။

"ခင်ဗျားတို့ဘာလာလုပ်ကြတာလဲ။ ရွာပြင်မထွက်ရဘူးဆိုတာ မသိကြဘူးလား။ ဒီက အစ်ကိုကြီးနာမည် ဘယ်လိုခေါ်လဲ။ ခေါင်းဆောင်ဘယ်သူလဲ"

ရောက်ရှိလာသောရဲဘော်များက အနီးဆုံးတွေ့ရသည့် အစ်ကိုပန်းတင်ကို မေးလိုက်သည်။ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ မေးမြန်းလာသူကိုကြည့်လိုက်သည်။ သူ့လက်မောင်းတွင် အရစ်သုံးရစ်တွေ့ရသည်။

"ကျွန်တော့်နာမည် ပန်းတင်ပါ။ ဝက်လိရွာသားတွေပါ။ စပါးပြတ်ပြီးစားစရာမရှိတော့လို့ အရဲစွန့်ပြီးလာသယ်တာပါ။ အပါ၊ ပြောပြလိုက်လေ"

ကိုပန်းတင်က အပါဘက်သို့လှည့်ပြောလိုက်သည်။

"ကျွန်တော်ဦးဆောင်ပြီးခေါ် လာတာပါ၊ ကျွန်တော့်နာမည် အပါလို့ခေါ်ပါတယ်။ ဝဲကလိရွာသားစစ်စစ်တွေပါ။ သူစိမ်းမပါပါဘူး။ စပါးလာသယ်ရုံသက်သက်ပါ။ ဆန်ပြတ်နေလို့ပါ။ ရဲဘော်တို့ရဲ့ အကြောင်းမကြားမီတာ တောင်းပန်ပါတယ်"

"ခက်တယ်ဗျာ၊ သောင်းကျန်းသူတွေလို့ထင်ပြီးပစ်ခတ်မိရင် မခက်ဘူးလား။ အခု စပါးတွေတင်ပြီးပြီလား"

"ပြီးသလောက်တော့ဖြစ်နေပါပြီ။ သောင်းကျန်းသူတွေ မီးရှို့လိုက်မှာစိုးလို့ ဒီလို အသက်စွန့်ပြီး စပါးလာသယ်ကြတာပါ"

"ကျွန်တော်တို့ရဲဘော်တွေ ရှိနေသရွေ့ ဒီကောင်တွေမလာရဲပါဘူး။ နောက်ဆို ကြိုတင်အသိပေးပြီးမှ ညဘက်ရွာပြင်ထွက်ကြပါ။ ကဲကဲ - မှောင်နေပြီ၊ သွားကြတော့"

အပြန်ခရီးတွင် အပါ့လှည်းက နောက်ဆုံးမှထွက်ရသည်။ အခြားလှည်းများ သရဲကြောက်၍နောက်နားမှမလိုက်ဝံ့ကြပါ။ အပါ့လှည်းရှေ့တွင် အစ်ကိုပန်းတင်လှည်းရှိသည်။ ညမှောင်မှောင်တွင် သွားနေကျလမ်းမဟုတ်သဖြင့် ခရီးမတွင်လှပါ။ ဝန်ပါသဖြင့် သချိုင်းဟောင်းကုန်းအတက်တွင် နွားများရုန်းနေရသည်။ မကြာမီ သချိုင်းဟောင်းသို့ရောက်လာကြသည်။ နွားလှည်းမောင်းသံမှအပ အားလုံး နှုတ်ဆိတ်နေကြသည်။ ရှေ့မှ လှည်းများပင် သချိုင်းဟောင်းကိုကျော်လွန်စပြုနေပြီဖြစ်သည်။ နောက်ဆုံးမှ အပါ့လှည်းနှင့် အစ်ကိုပန်းတင်တို့လှည်းပင် သချိုင်းဟောင်းကို ကျော်လွန်စပြုလာသည်။

"အစ်ကိုပန်းတင်ကသာကြောက်နေတာ၊ အသွား၊ အပြန် ဘာမှခြောက်လှန့်တာမခံခဲ့ရဘူးလေ"

"အေး-မင်းပြောတာလည်းဟုတ်နေတာပဲ။ ဒါပေမယ့် ဒီသချိုင်းဟောင်းဖြတ်သွားဖူးသူတိုင်း အခြောက်ခံရတာများတယ်ကွ"

"ခုဘာမှခြောက်တာမကြုံရဘူးလေ"

အပါနှင့် ကိုပန်းတင်တို့ လှည်းသချိုင်းဟောင်းအလွန်တွင် လှည်းလမ်းဘေးမှ ကလေးငိုသံသဲ့သဲ့ကြားလိုက်ရသည်။ ကလေးငိုသံကြားရလို့ အပါက သေသေချာချာကြည့်လိုက်သည်။ လမ်းဘေးတွင် အနီးဖြင့်ထုပ်ထားသောလသားအရွယ်ကလေးတစ်ဦးငိုနေသည်ကို လှည်းပေါ်မှ လှမ်းတွေ့လိုက်ရသည်။ ကလေးက တအားငိုနေဆဲဖြစ်သည်။ ကိုပန်းတင်က ရှေ့မှလှည်းများခေတ္တရပ်ရန် အဆင့်ဆင့်အချက်ပေးလိုက်သည်။

"ရှေ့ကလှည်းတွေခဏရပ်ကြပါဦး၊ ဒီမှာကလေးငိုသံကြားနေရလို့"

ကိုပန်းတင်အသံကြောင့် ရှေ့မှလှည်းများ ရပ်တန့်သွားသည်။ ကိုပန်းတင်က သူ့နောက်လှည်းပေါ် မှ အပါကို လှမ်းပြောလိုက်သည်။

"အပါရေ - သချိုင်းလွန်ရုံရှိသေးတယ်၊ ခု ငိုသံကြားတဲ့ကလေးကို နင်ဘယ်လိုသဘောရသလဲ။ ငါတော့ သိပ်ပြီးမသင်္ကာဘူး"

"ဒါတွေကျွန်တော်မယုံဘူး။ ကျွန်တော် ဆင်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို အပါက လှည်းပေါ် မှခုန်ဆင်းလိုက်သည်။ ငိုနေသောကလေးအား အနီးပါမကျန် ကောက်ယူထွေးပွေ့လိုက်သည်။ ကလေးမှာ အပါ လက်ပေါ် တွင် ချက်ချင်းအငိုတိတ်သွားသည်။

"တစ်ယောက်ယောက်က အကြောင်းတစ်ခုခုကြောင့် မမွေးချင်လို့ လာစွန့်ပစ်သွားတာဖြစ်မယ်"

"ငါကတော့မထင်ဘူး၊ မင်းက ဒီသချိုင်း သရဲခြောက်တာမယုံတော့ အခက်သားပဲ။ ကဲ-ဒီကလေးမင်းဘယ်လိုလုပ်မှာလဲ"

"နောက်မှကြည့်ရှင်းမယ်၊ လောလောဆယ် ဒီကလေးကျွန်တော်ခေါ်သွားမယ်။ ပိုင်ရှင်တွေ့တော့ ပြန်ပေးလိုက်မှာပေါ့။ ပိုင်ရှင်မပေါ် တော့ ကျွန်တော်တို့လင်မယားမွေးစားမယ်"

"မင်းတို့လင်မယားကည ကလေးမှမရသေးတာ၊ မင်းမိန်းမ မအုန်းကြူ ကလေးရှူးရှူးနေတာနဲ့ အတော်ပဲပေါ့။ ဒါပေမယ့် အပါ. . ."

"ကဲပါ - အစ်ကိုပန်းတင်ရယ်၊ ဒါပေမယ့်တွေဘာတွေ လုပ်မနေပါနဲ့တော့။ အစ်ကိုဘာပြောမယ်ဆိုတာ ကျွန်တော်သိနေတယ်။ ကျွန်တော် ဒါတွေမယုံဘူး၊ သရဲခြောက်ရင် ဒီလိုဘယ်ဟုတ်ပါ့မလဲ။ ကြောက်စရာအကောင်ပလောင်တွေ တွေ့ရမှာပေါ့။ သွားကြစို့ အစ်ကို"

မည်သို့မျှပြော၍မရသည့်အဆုံး အစ်ကိုပန်းတင်က လှည်းများဆက်လက်ထွက်ခွာရန်အော်ပြောလိုက်သည်။ အပါက ကလေးကိုထွေးပွေ့ထားရင်း လှည်းမောင်းလာသည်။

အပါတို့ လှည်းတန်းကြီး ရွာပြန်ရောက်ချိန်သည် သန်းခေါင်ချိန်နီးနေပြီဖြစ်သည်။ စပါးများချသူချ၊ သယ်သူသယ်နှင့် အလုပ်ရှုပ်နေကြသည်။ အားလုံးကိစ္စပြီးစီး၍ အပါအိမ်သို့ရောက်ရှိလာကြသည်။ ကလေးနှင့်ပတ်သက်၍ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာ ပြောဆိုနေကြသည်။ သချိုင်းဟောင်းအနီးမှ အချိန်မတော်ကောက်ယူခဲ့သော ကလေးမို့ အချို့က မွေးသင့်၊ မသင့် ဝေဖန်ပြောဆိုနေကြသည်။

"ကဲကဲ - တော်ကြပါတော့။ ဒီကလေး မနက်ဖြန်ပိုင်ရှင်မပေါ် ရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်တို့လင်မယား တရားဝင်မွေးစားမယ်။ ကလေးက ချစ်စရာဖြူဖြူဖွေးဖွေး ယောကျ်ားလေးပါ"

ထိုညက အပါတို့လင်မယား အလုပ်ရှုပ်နေတော့သည်။ အိမ်ထောင်သည် ကလေးငယ်ရှိသော မိန်းမများ နို့လာတိုက်ကြသည်။ အပါတို့အိမ်မှာ ကလေး ကြောင့် လူစည်နေတော့သည်။

"အပါတို့အိမ်က ခုမှ အိမ်နဲ့တူသွားတော့တယ်"

"အပါတို့လင်မယားက ခုမှမွေးစားဖို့ ကလေးရတာ"

"ငါးနှစ်လောက်တောင်ရှိနေပြီ၊ ကလေးမရတော့ဘူးထင်ပါရဲ့"

"ဘယ်သူမြှုံနေတာလဲမှမသိတာ"

"မအုန်းကြူ မြှုံနေတာလားမှမသိတာ"

မိန်းမများအမျိုးမျိုးပြောနေကြပြီး ကလေးကို နို့တိုက်နေကြသည်။ ကလေးမှာ နို့စို့နေစဉ်အချိန်သာ အငိုတိတ်သည်။ ကျန်သည့်အချိန်တွင် တစ်ချိန်လုံး ငိုနေတော့သည်။ တစ်ဦးစီချော့သိပ်သော်လည်း အငိုမတိတ်ပါ။ ပုခက်ဆင်၍သိပ်လည်းမအိပ်ဘဲ ရုန်းကန်နေသည်။ လင်မယားနှစ်ဦးကြားတွင်ထား၍သိပ်သော်လည်း မအိပ်ဘဲ ငိုနေပြန်သည်။ နောက်ဆုံး အိမ်နောက်ဖေးဘက်အခန်းတွင် တစ်ဦးတည်းသိပ်ထားလိုက်တော့မှ အငိုတိတ်သွားတော့သည်။ အပါတို့လင်မယားလည်း အပျော်ကြီးပျော်နေကြသည်။ မနက်ဖြန်မှ ပိုင်ရှင်မပေါ်လျှင် သူတို့လင်မယားတရားဝင်မွေးစားမည်ဟုတွေးကာ ပျော်နေကြသည်။

သို့သော် သူတို့လင်မယားအပျော်များက နောက်တစ်နေ့မကူးခဲ့ပါ။ သန်းခေါင်ကျော်တွင် ပြဿနာစလာပါတော့သည်။ ကလေးမှာ နို့ဝအောင်စို့ထားပြီးနောက် နောက်ဖေးခန်းတွင် အိပ်ပျော်နေပြီဖြစ်သည်။ အပါတို့လင်မယားလည်း ပင်ပန်းထားသဖြင့် အိပ်ခန်းထဲတွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြသည်။ သန်းခေါင်ကျော်အချိန်ခန့်တွင် အပါတို့မွေးထားသောအိမ်အောက်မှ ခွေးသုံးကောင်၏ စူးစူးဝါးဝါးဟောင်သံကြောင့် အပါတို့လင်မယား အိပ်ရာမှ နိုးခဲ့ရသည်။ ခွေးများဆက်လက်ဟောင်နေဆဲဖြစ်သည်။

"အစ်ကို ထပါဦး၊ ခွေးတွေဘာတွေ့လို့ ဒီလောက်ဟောင်နေတာလဲ"

"အေး - ဟုတ်တယ်၊ ခွေးတွေဟောင်ပုံက တော်တော်ထူးနေတယ်။ တို့အိမ်ကခွေးတွေပဲဟောင်နေကြတာ၊ ခေါင်းရင်းခြေရင်းအိမ်ကခွေးတွေတော့ မဟောင်ဘဲ ငြိမ်နေပါလား။ ငါဆင်းကြည့်လိုက်ဦးမယ်။ လက်နှိပ်ဓာတ်မီးပေးပါဦး"

ကိုပါက လက်နှိပ်ဓာတ်မီးကိုင်ပြီး အိမ်အောက်ဆင်းလိုက်သည်။ ခွေးများက အိမ်နောက်ဖေးအခန်းကိုကြည့်ပြီး ထိုးထိုးဟောင်နေသည်။ အသေအချာကြည့်လိုက်မှ ကလေးကိုသိပ်ထားရာ နောက်ဖေးခန်းကိုဦးတည်ကာ ဟောင်နေသည်ကို တွေ့ရသည်။ ထိုစဉ် ခေါင်းရင်းခြံမှ အစ်ကိုပန်းတင်လည်း ဓားရှည်တစ်ချောင်းကိုင်ကာ အိမ်ပေါ်မှဆင်းလာသည်။

"မင်းရဲ့ခွေးတွေက ဘာတွေ့လို့ ဒီလောက်တောင်ဟောင်နေတာလဲ။ ငါ့ခြံကခွေးတွေတော့ ငြိမ်နေတယ်။ ထူးဆန်းတယ်ထင်ပြီး ငါဆင်းလာခဲ့တာ"

"ဟုတ်တယ် အစ်ကိုပန်းတင်။ ခွေးတွေက ကျွန်တော့်အိမ်နောက်ဖေးအခန်းဘက်မော့မော့ပြီးဟောင်နေတာ"

ထိုအခိုက်မှာပင် အနီးအနားအိမ်များမှလူများလည်း အပါတို့အိမ်ခြံတွင်းသို့ ရောက်လာကြသည်။

"ဘာတွေတွေ့လို့ အပါ့အိမ်က ခွေးတွေ မရပ်မနားဒီလောက်ဟောင်နေတာလဲ"

အစ်ကိုပန်းတင်ကို မေးလိုက်ခြင်းဖြစ်သည်။

အစ်ကိုပန်းတင်က -

"အေး - ငါလည်းသိချင်လို့ဆင်းလာတာပဲ။ အပါအိမ်ပေါ်ကြည့်ပြီး ဟောင်နေကြတာ တော်တော်ထူးနေတယ်"

"ဟုတ်တယ်၊ ဒီခြံကခွေးတွေပဲဟောင်နေတာ၊ ကျွန်တော်တို့အိမ်ကခွေးတွေတော့ ငြိမ်နေတာပဲ။ ခါတိုင်းတစ်ခုခုတွေ့ရင်အုပ်စုလိုက်ဟောင်ကြတာ။ အခုတော့ အပါ့အိမ်ကခွေးတွေပဲ ယောက်ယက်ခတ်ပြီးဟောင်နေတာ တော်တော်ထူးနေတယ်"

ထိုစဉ် အစ်ကိုပန်းတင်က တစ်ခုခုသတိရဟန်ဖြင့် အပါ့ကိုမေးလိုက်သည်။

"ဒါနဲ့ အပါ ညနေက မင်းကောက်ရခဲ့တဲ့ကလေးကော ဘယ်မှာလဲ"

"ရှိပါတယ် အစ်ကို အိပ်နေပြီ။ ဘာဖြစ်လို့ ကလေးကိုမေးရတာလဲ"

"ငါ့စိတ်ထဲတစ်မျိုးဖြစ်နေလို့ပါ။ ကလေးကိုဘယ်မှာသိပ်ထားလဲ။မင်းတို့ အိပ်ခန်းထဲမှာပဲလား"

"ရှေ့ခန်းမှာသိပ်လို့မရလို့ နောက်ဖေးခန်းမှာ တစ်ယောက်တည်းသိပ်ထားတာ။ကလေးအိပ်ပျော်သွားမှ ကျွန်တော်တို့အိပ်ခဲ့တာ။ အိပ်ပျော်နေတုန်း ခွေးတွေဟောင်လို့နိုးလာရတာ"

"မင်းက အယုံအကြည်မရှိတော့ ငါမပြောချင်ဘူး။ ခု ခွေးတွေဟောင်နေတာ မင်းကလေးသိပ်ထားတဲ့နောက်ဖေးခန်းကိုမဟုတ်လား"

"ဟာ - ဟုတ်တယ် အစ်ကိုပန်းတင်"

"ဒါဆိုကလေးခုအခြေအနေဘယ်လိုရှိနေလဲ၊ မင်းမိန်းမ မအုန်းကြူကိုမေးလိုက်စမ်း။ ကလေးကိုသွားကြည့်ပါဦးလို့"

အစ်ကိုပန်းတင်စကားအဆုံးတွင် အပါက အိမ်ပေါ်ရှိ သူ့မိန်းမ မအုန်းကြူကို လှမ်းအော်ပြောလိုက်သည်။

"အုန်းကြူရေ၊ ခွေးတွေဒီလောက်ယောက်ယက်ခတ်ပြီး ဟိုပြေးဒီပြေးနဲ့ ဒီလောက်ဟောင်နေတာ ကလေးမနိုးဘူးလား။ ငိုသံလည်းမကြားဘူး။ ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ - အစ်ကို၊ ကျွန်မသွားကြည့်လိုက်မယ်"

ထိုသို့ပြောပြီး မအုန်းကြူတို့ ကလေးသိပ်ထားရာ နောက်ဖေးခန်းသို့ ဝင်သွားသည်။ ခဏအကြာ မအုန်းကြူ အလန့်တကြားအော်သံကြားလိုက်ရပြီး အိမ်ပေါ်မှ ထိတ်လန့်စွာ ပြေးဆင်းလာသည်ကို တွေ့လိုက်ရသည်။

"လာကြပါဦး ကလေးမရှိတော့ဘူး၊ ပျောက်သွားပြီ ကလေးဟာ. . .

မအုန်းကြူ စကားမဆက်နိုင်တော့ပါ။

"ဘာတွေ့ခဲ့လို့လဲ ပြောပါဦး"

အတန်ကြာမှ မအုန်းကြူစကားပြောနိုင်တော့သည်။

"ကျွန်မရောက်သွားတော့ ဖျာပေါ်မှာသိပ်ထားတဲ့ကလေးမရှိတော့ဘူး၊ နောက်ဖေးဘက် လှမ်းကြည့်လိုက်တော့ ဝိညာဉ်လိုလို၊ လူရိပ်လိုလို ဖြူဖြူအရိပ်ကြီးတစ်ခု တံခါးဘက်ရွေ့လျားသွားတာ ရိပ်ခနဲတွေ့လိုက်ရတယ်"

"ဒါဆို ကလေးကဘယ်ရောက်သွားတာလဲ"

"ကျွန်မတွေ့လိုက်ရတဲ့ဖြူဖြူအရိပ်ကြီးဟာ ကလေးသိပ်ထားတဲ့ဖျာပေါ်က ထသွားတာများလား။ အို - မပြောတတ်တော့ပါဘူး"

"ဟာ - ကလေးက ဘာဖြစ်မရှိရ



www.burmeseclassic.com

www.burmeseclassic.com

…တာလဲ၊ ကဲ - အိမ်ပေါ်သွားကြည့်ကြမယ်"

အစ်ကိုပန်းတင်ဦးဆောင်ပြီး ကျွန်…တော်တို့လေး၊ ငါးဦး အိမ်ပေါ်တက်ခဲ့ကြသည်။

"ကျန်တဲ့သူတွေ နောက်ဖေးခြံစပ်…သွားကြည့်စမ်းပါ။ ခွေးတွေထိုးထိုး…ောင်နေတာ တော်တော်ကူးနေတယ်။ …ချိုင်းဟောင်းက အယောင်ဆောင်ပြီး …လာတဲ့အကောင်ဖြစ်မယ်ထင်တယ်"

ကျွန်တော်တို့အိမ်ပေါ်တက်လာ… နောက်ဖေးခြံစပ်ဘက်သွားသူများ …နေကြသည်။ မီးဖိုချောင်အခန်းအ…တွင် ကလေးသိပ်ထားသည့်ဖျာ…သို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်…သည်။ ကလေးကိုမတွေ့ရတော့ပါ။ …လေးမတွေ့ရတော့သလို မည်သည့်…မျှလည်းမတွေ့ပါ။ ထိုအခိုက် အိမ်…သို့ ထိုးထိုးပြီးဟောင်နေသည့်ခွေး…အိမ်နောက်ဖေးခြံစပ်ဘက်သို့ ပြေး…ထွက်သွားကြသည်ကို တွေ့လိုက်ရ…။ ထို့နောက် ခြံစည်းရိုးအစပ်ကို ထိုး…ဟောင်နေကြသည်။ ထိုစဉ်မှာပင် …အနားအိမ်များမှ ခွေးများပါရောက်…ပြီး နောက်ဖေးခြံစည်းကို ထိုးထိုး…ောင်နေတော့သည်။ ခွေးများပြူမှုပုံက …ဆန်းနေသည်။ ဟောင်သည့်ခွေးက …ောင်၊ အူသည့်ခွေးကအူဖြင့် ဆူညံနေ…တော့သည်။ အရုဏ်မတိုင်မီအချိန်က …အူသံများဖြင့် ချောက်ချားဖွယ်ရာ…နေတော့သည်။ သချိုင်းဟောင်းမှအ… အပါတို့ကောက်ယူခဲ့သော ကလေး… မတွေ့ရတော့သည်။ နည်းတူ မအုန်း…တွေ့လိုက်ရသည်ဆိုသော ဖြူဖြူ…ပ်ကြီးကိုလည်း မတွေ့ရတော့ပေ။

ထူးဆန်းလွန်းသောအဖြစ်ကြောင့် …အားလုံး မှင်တက်မိနေကြသည်။ ရုတ်…ချက် မည်သူမျှစကားမပြောနိုင်ကြဘဲ …တစ်ယောက်မျက်နှာတစ်ယောက်ကြည့်…ယောက်သားဖြစ်နေကြသည်။

❑

"ဘကြီးပြောပြခဲ့တာတွေက အဖြစ်…န်တွေနော်၊ ကြောက်စရာကြီးနော်"

"ဘကြီးကိုယ်တိုင်ကြုံခဲ့တဲ့အဖြစ်…ကွယ်။ ဒီနေ့အထိ မမေ့သေးပါဘူး။ …အကြောင်းတွေကို ပြန်မပြောပါနဲ့လို့ …တိတောင်းထားတဲ့ မင်းရဲ့မိဘနှစ်ပါး…သာကကြီးမှာမရှိတော့လို့ပြောပြရတာ… အဲဒီတုန်းက မင်းရဲ့အဖေက မယုံ…ကြည်ဘူးဆိုတော့ သူ့ကိုမှန်ရှေးပြီးခြောက်



ပြခဲ့တာထင်ပါရဲ့။ ပြီးတော့ မင်းနဲ့ပတ်သက်တာတွေရှိသေးတယ်"

"ကျွန်တော်နဲ့ပတ်သက်တာ ဟုတ်လား ဘကြီး၊ ဘယ်လိုပတ်သက်တဲ့အကြောင်းလဲ"

"အေး-မင်းနဲ့ပတ်သက်တာ ဒီလိုကွယ့်။ ကလေးအယောင်ဆောင်ပြီး လိုက်လာတဲ့သရဲအခြောက်ခံခဲ့ရပေမယ့် မင်းအမေ မအုန်းကြူက မကြောက်တဲ့အပြင် ဖြူဖြူဖွေးဖွေးကလေးကိုပဲအမှတ်တရဖြစ်နေခဲ့တယ်။ အချိန်ပိုင်းလေးပဲ ထွေးပွေ့ချီပိုးခဲ့တဲ့ကလေးကို သတိရနေခဲ့တယ်။ ကလေးလိုချင်တဲ့ဆန္ဒတွေ ပိုပြီး ပြင်းပြလာခဲ့တယ်။ နောက်ဆုံး မျှော်လင့်ချက်အနေနဲ့ လူကြီးသူမတွေပြောတဲ့ အတိုင်းလုပ်တော့တာပဲ"

"ကျွန်တော့်အဖေ၊ အမေတို့က ကလေးရဖို့ဘာတွေလုပ်ခဲ့ကြတာလဲ"

"သစ်ပင်ကြီးမှာ သားဆုသွားပန်တာလေ။ လူခြေတိတ်ချိန်မှာ ရွာထိပ်က လက်ပံပင်ကြီးဆီသွားပြီး သားဆုပန်ကြတယ်လေ"

"သားဆုဘယ်လိုသွားပန်တာလဲ"

"လက်ပံပင်ကြီးအရင်းမှာ ဖယောင်းတိုင်ငါးတိုင်ထွန်းပြီးလင်မယားနှစ်ယောက်စလုံးဆုတောင်းကြတာ။ ဖယောင်းတိုင်မီးငြိမ်းတဲ့အထိထိုင်နေကြရတာ။ မင်းပြောခဲ့သလို တိုက်ဆိုင်မှုပဲထားပါတော့၊ သားဆုသွားပန်ပြီးလေး၊ငါးလအကြာမှာ မင်းအမေက မင်းကို ကိုယ်ဝန်ရခဲ့တာ။ လက်ပံပင်ရုက္ခစိုးက မင်းအမေဗိုက်ထဲ ဝင်စားမယ်လို့ မင်းအမေကိုအိပ်မက်ပေးခဲ့တာ။ မင်းအမေကလည်း ယောကျ်ားလေးလိုချင်နေတော့ လာခဲ့လို့ပြန်ပြောလိုက်တယ်တဲ့။ ဒါကြောင့် မင်းကိုမွေးတော့ ရုက္ခစိုးလို့ ခေါ်ကြတာပေါ့"

"လူတွေက ကျွန်တော့်ကိုရုက္ခစိုးဝင်စားတယ်လို့ ဘယ်လိုသိသွားကြတာလဲ"

"ကလေးရှူးရှူးနေတဲ့မင်းအမေက မင်းကိုကိုယ်ဝန်ရတော့ ရုက္ခစိုးဝင်စားတဲ့ကိုယ်ဝန်၊ ကျွန်မအမြုံမ မဟုတ်ဘူးဆိုပြီး တစ်ရွာလုံးကိုလိုက်ပြီးကြေညာတော့တာပဲ။ အဲဒါကြောင့် မင်းကိုမွေးတော့ ရုက္ခစိုးလို့ နောက်ပြောင်ခေါ်ကြရင်း ရုက္ခစိုးနာမည်တွင်ခဲ့တာပေါ့။ မင်းရဲ့မျက်ခုံးကလည်း ထူထဲမည်းနက်နေပြီး ကကြီးပုံမျက်ခုံးဖြစ်နေတယ်လေ"

"အဖြစ်တွေကကြာခဲ့ပြီဖြစ်ပေမယ့် ဘကြီးက အားလုံးကို မှတ်မိနေတာပဲနော်"

"ဘကြီးကိုယ်တိုင်ကြုံခဲ့ရတဲ့အဖြစ်တွေမို့ပါ။ မင်းကိုမွေးပြီးတော့ ဘကြီးတို့ကပဲ ချီပိုးစောင့်ရှောက်ခဲ့ကြတာ"

"ဘကြီးပြောပြလို့ခုမှသိခဲ့ရတယ်။ အဖြစ်တွေက တော်တော်ကြောက်စရာကောင်းတယ်။ အဖေတို့ အမေတို့တစ်ခါမှမပြောပြခဲ့ဘူး။ ဘကြီးလိုရှေ့မီနောက်မီလူကြီးတွေနဲ့ကြုံလို့ ဒီအကြောင်းတွေသိရတာ ဘကြီးကို ကျေးဇူးတင်ပါတယ်။ ဘကြီးကို ရုတ်တရက်မမှတ်မိတာကိုလည်း တောင်းပန်ပါတယ်"

"မင်းနဲ့မမျှော်လင့်ဘဲပြန်ဆုံရတာ ဘကြီးလည်း ဝမ်းသာပါတယ်။ မင်းကိုတွေ့တော့ မင်းအဖေနဲ့ အမေကိုပြန်ပြီးသတိရမိတယ်။ မင်းကလူငယ်ပဲ။ ဘကြီးဆီလာလည်ပေါ့။ ဘကြီးလိပ်စာရေးပေးခဲ့မယ်။ အချိန်ရရင်လာခဲ့ပါ ရုက္ခစိုးရယ်။ မင်းနဲ့စကားတွေပြောချင်သေးတယ်"

ကျွန်တော်ပေးသောစာရွက်ပေါ်တွင် ဘကြီးက သူနေသည့်လိပ်စာရေးပေးသည်။

"ကျွန်တော်လည်း ဘကြီးနဲ့တွေ့ချင်ပါသေးတယ်။ ကျွန်တော် ဘကြီးဆီလာခဲ့ပါ့မယ်"

ထိုစဉ် မြောက်ဥက္ကလာပဘက်သို့သွားသည့် ဘတ်(စ်)ကားတစ်စီး မှတ်တိုင်သို့ဝင်လာသည်။

"ဟိုမှာ ဘကြီးစီးမယ့် ဘတ်(စ်)ကားလာပြီ သွားကြစို့"

ဘကြီးပန်းတင် ဘတ်(စ်)ကားပေါ်တက်ပြီးသည်နှင့် ဘတ်(စ်)ကားထွက်သွားသည်။ ဘကြီးပေးခဲ့သော လိပ်စာပါစာရွက်ကလေးကိုကိုင်ရင်းက အတွေးများဖြင့် ကျန်ရစ်ခဲ့ပါသည်။ အဖေတို့ အမေတို့ သားဆုပန်ခဲ့ကြသည့် လက်ပံပင်ကြီးရှိရာ မွေးရပ်မြေသို့ တစ်ခေါက်ပြန်သွားလိုစိတ်များဖြစ်လာခဲ့မိသည်။

မောင်မောင်မိုးအောင်




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် လွန်ခဲ့သော (၁) နှစ်ခန့်က 'ဟစ်တလာဖန်တီးခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများ'အမည်ဖြင့် စာအုပ်တစ်အုပ် ရေးသား ပြုစုခဲ့ပါသည်။ ထိုစာအုပ်ကို ပညာရွှေတောင်စာအုပ်တိုက်ကြီးမှ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းစာအုပ်တွင် ဂျာမနီနိုင်ငံတွင် နိုင်ငံရေးအာဏာရလာသော ခေါင်းဆောင်ကြီး ဟစ်တလာ ဦးဆောင်သည့် နာဇီပါတီသည် နှစ်ပေါင်း (၁၀၀၀) တည်တံ့ရမည့် တတိယဂျာမနီနိုင်ငံတော်ဟု ကြွေးကြော်၍ တတိယဂျာမနီနိုင်ငံတော်ကြီးကို အဘက်ဘက်မှ တိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည့် အကြောင်းကို တိတိပပ ရေးသား ဖော်ပြခဲ့ပါသည်။

နာဇီပါတီ၏ ခေါင်းဆောင်များဖြစ်ကြသော ဟင်းမလားနှင့် ရုဒေါ့ဟက်(စ်) တို့သည် 'ဂမ္ဘီရဗြူရို' ကို တည်ထောင်၍ တိမ်မြုပ်ပျောက်ကွယ်စပြုနေသော မဟာဂန္ဓာရီပညာရပ်များကို ထုတ်ဖော်ရန် ကြိုးစားခဲ့ကြသည့် အကြောင်းများကိုလည်း ထိုစာအုပ်တွင် အသေးစိတ် အထေ့အထား သာဓကများနှင့် ရေးသား ဖော်ပြခဲ့ပါသည်။




ဤစာအုပ်နှင့် ပတ်သက်၍ ကျွန်တော့်ကျောင်းနေဖက်မိတ်ဆွေများ၊ ကျောင်းသားဟောင်းများနှင့် စာဖတ်ပရိသတ်အချို့က ဝေဖန်ဆွေးနွေးခဲ့ကြပါသည်။ အမှန်အားဖြင့် ကျွန်တော်သည် သမိုင်းသုတေသီတစ်ယောက်မဟုတ်ပါ။ ထို့အတူပင် လျှို့ဝှက်နက်နဲသော ဂမ္ဘီရပညာကိုလည်း အောင်မြင်ပေါက်ရောက်စွာ လေ့လာထားသူမဟုတ်ပါ။ မည်သည့်အခါကမျှ မိမိကိုယ်မိမိ စာရေးတတ်သူတစ်ယောက်ဟူ၍လည်း ယူဆထားသူမဟုတ်ပါ။ စာဖတ်သူ၊ စာမှတ်သူ၊ စာအုပ်စုဆောင်းသူတစ်ဦးသာ ဖြစ်ပါသည်။

ကံအားလျော်စွာ စာရေးဆရာလောကသို့ရောက်လာခဲ့သဖြင့် ကျွန်တော်ဖတ်ရှုမှတ်သားထားခဲ့သော အချက်အလက်များကို ယနေ့ မျိုးဆက်သစ်လူငယ်များ တစ်စုံတစ်ရာရရှိစေလိုသော ဆန္ဒဖြင့် အထက်ဖော်ပြပါ စာအုပ်ကို ရေးသားပြုစုခဲ့ခြင်း ဖြစ်ပါသည်။ ယင်းစာအုပ်တွင် သမိုင်းအမြင်၊သမိုင်းအတွေး တို့ ပါဝင်ကောင်းမှ ပါဝင်ပါလိမ့်မည်။ ကျွန်တော်၏ အမြင်တွင် သမားရိုးကျ သမိုင်း၌ ယုံတမ်းပုံပြင်များ၊ သူပြောကိုယ်ပြော ပါးစပ်ပြောသမိုင်းများ ဒဏ္ဍာရီများ ပါတတ်စမြဲ ဖြစ်ပါသည်။ ဤဖြစ်ရပ်များသည် သမိုင်းဆရာများအတွက် သမိုင်းတန်ဖိုးကင်းမဲ့တော့ကင်းမဲ့နေမည် ဖြစ်ပါသည်။ သို့သော်

လှမိုး(ပညာရေး)

# ပျောက်ဆုံးနေသောပုရောဟိတ်





www.burmeseclassic.com

www.burmeseclassic.com

ယင်းတို့၏ ယဉ်ကျေးမှုတန်ဖိုးသည် အဖိုးမဖြတ်နိုင်ဟု ထင်ပါသည်။

သမိုင်းအကဲဖြတ်ချက်တို့သည် ပုဂ္ဂိုလ်စွဲများနှင့် ရှုထောင့်အမျိုးမျိုး ပါဝင်ပါသည်။ သို့ဖြစ်၍ အချက်အလက်အားလုံးတို့သည်လည်း သူ့နည်းနှင့်သူ မှန်ကန်ကောင်း မှန်ကန်မည်ဟု ယူဆသဖြင့် လည်းကောင်း မျိုးဆက်သစ်လူငယ်များအဖို့ လေ့လာ မှတ်သားသင့်သည်ဟု ယူဆသဖြင့် အထက်ဖော်ပြပါ စာအုပ်ကို ရေးသား ပြုစုခဲ့ခြင်း ဖြစ်ပါသည်။

ယခု ရေးသားဖော်ပြမည့် ပုဂ္ဂိုလ်မှာ အနောက်တိုင်း အဂ္ဂိရတ်သမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သူ ပြင်သစ်နိုင်ငံသား အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီ၏ ထူးခြားဖြစ်စဉ်ဟု ဆိုရမည် ဖြစ်ပါသည်။ ဥရောပတိုက်နိုင်ငံအသီးသီးမှ ဂမ္ဘီရပညာရှင်များ၊ သုတေသီများ၊ အဂ္ဂိရတ်ပညာရှင်များအဖို့ ဖူကယ်နယ်လီသည် ဒဏ္ဍာရီတစ်ပုဒ်သဖွယ်ဖြစ်ခဲ့လေသည်။သူသည် ပျောက်ဆုံးသွားခြင်း၊ လူသားတို့လောကတွင် ကိစ္စပြီးမြောက်သွားသဖြင့် တစ်နေရာသို့ ထွက်သွားခြင်းသာဖြစ်သည်ဟု အချို့က ယူဆကြပါသည်။ သူ့အား လေးစားကြည်ညိုကြသူအများကမူ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပရောဟိတ် ဖူကယ်နယ်လီသည် ဤလူ့ဘောင်လောကသို့ ပြန်လာပေလိမ့်မည်ဟု မျှော်တလင့်လင့်နှင့် မျှော်လင့်ဆဲဖြစ်ပါသည်။

အမှန်အားဖြင့် ကမ္ဘာ့နိယာမသဘောတရားအရ မည်သည့်သတ္တဝါမျှ သေခြင်းတရားကို မလွန်ဆန်နိုင်ပါ။ မည်သည့်အရာဝတ္ထုမျှ သင်္ခါရတရားကို မကျော်လွန်နိုင်ပေ။ မွေးဖွားလာသူ တစ်ဦးသည် တစ်နေ့၌ ပျက်စီးသေဆုံးရပေလိမ့်မည်။ သို့သော် တစ်ခါတစ်ရံ လူတို့သည် သင်္ခါရတရားကို မသိကျိုးကျွန်ပြုကြ၏။ မိမိတို့လိုလားသော တစ်စုံတစ်ခုသောအကျိုးအတွက် မျှော်မှန်းထားသူ ကွယ်လွန်သွားသည်ကြားလျှင် အထောက်အထား အခိုင်အလုံမရှိပါက အယုံအကြည်မရှိကြပေ။တစ်နည်းမဟုတ်တစ်နည်း ထိုပုဂ္ဂိုလ်အား အသက်သွင်းထားလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးစကသည်း နာဇီခေါင်းဆောင်ကြီးဟစ်တလာမှာကိုယ်မိမိ အဆုံးစီရင်သွားခြင်းမဟုတ်။ ရေငုတ်သင်္ဘောဖြင့် ထွက်ပြေးလွတ်မြောက်၍ စပိန်နိုင်ငံ ကျေးရွာတစ်ရွာရှိ



ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းတွင် ပုန်းအောင်းနေပြီး ထိုမှတစ်ဆင့် တောင်အမေရိကတိုက် အာဂျင်တီးနားနိုင်ငံသို့ထွက်သွားသည်။ တောင်အမေရိကတိုက်တွင် လူသူစုဆောင်း၍ စတုတ္ထဂျာမနီနိုင်ငံတော်တည်ထောင်၍ ဒုတိယကမ္ဘာစစ်ကြီးကို ဆက်လက်ဆင်နွှဲမည်ဟု ယုံကြည်ကြသူများရှိခဲ့၏။ ထို့အတူ အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီသည်လည်း တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဤကမ္ဘာလောကသို့ ပြန်လာပေလိမ့်မည်ဟု ဆိုသည်။ မယုံကြည်သူအချို့ကမူ အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီဟူသော ပုဂ္ဂိုလ်သည် အမှန်တကယ်မရှိ။ အဂ္ဂိရတ်ပညာကို လေးစားယုံကြည်သောပုဂ္ဂိုလ်များက တကယ်ရှိသောပုဂ္ဂိုလ်အဖြစ် အသက်သွင်းထားခြင်းဖြစ်သည်ဟု ဆိုကြ၏။

ဤကဲ့သို့ ရှည်လျားစွာ စကားပလ္လင်ခံနေရခြင်းမှာ အကြောင်းရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဂျာမနီနိုင်ငံအား တတိယဂျာမနီနိုင်ငံတော်ကြီးအဖြစ် တည်ထောင်ခဲ့ကြသော နာဇီထိပ်သီးခေါင်းဆောင်များသည် အဂ္ဂိရတ်ပညာကို စိတ်ဝင်စားကြသည်။ ထိုပညာရပ်သည် ရွှေဖြစ်၊ ငွေဖြစ်သည့် ပညာရပ်တစ်ခုဖြစ်သည်သာမက လူသားတို့ နားမလည်နိုင်သော စွမ်းအင်တစ်ခုကို အဂ္ဂိရတ်နည်းပညာဖြင့် ရရှိနိုင်ပေလိမ့်မည်ဟု ယူဆခဲ့ကြသည်။

သို့ဖြစ်၍ ယခုရေးသားဖော်ပြမည့် ထူးခြားဖြစ်စဉ်သည် ကျွန်တော်ရေးသား ထုတ်ဝေခဲ့သည့် 'ဟစ်တလာဖန်တီးခဲ့သော ဂမ္ဘီရဖြစ်ရပ်ဆန်းများ' ဟူသော စာအုပ်၏ နောက်ဆက်တွဲမှတ်တမ်းအဖြစ် မှတ်ယူနိုင်ပါသည်။

၁၉၂၆ ခုနှစ် ဆောင်းဦးပေါက်ရာသီ၌ ပြင်သစ်နိုင်ငံ ပါရီမြို့တော်တွင် ဖူကယ်နယ်လီ ဟူသော အဂ္ဂိရတ်ပညာရှင်တစ်ဦး ရေးသားသည့် 'ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၏ လျှို့ဝှက်ချက်များ' ဟူသော စာအုပ်တစ်အုပ် လျှို့ဝှက်စွာ ထုတ်ဝေခဲ့လေသည်။ ထိုစာအုပ်မှာ ပြင်သစ်ဘာသာဖြင့် ရေးသားထုတ်ဝေခြင်းဖြစ်ပြီး အဂ္ဂိရတ်ပညာရှင်များအတွက်သာ သီးသန့်ပုံနှိပ်ထုတ်ဝေခြင်းဖြစ်၍ အုပ်ရေ(၃၀၀)သာ ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ထိုစာအုပ်မှာ ချက်ချင်းကြက်ပျောက်ငှက်ပျောက် ပျောက်သွား၏။ အဂ္ဂိရတ်ပညာရှင်တစ်စု၏ လက်ဝယ်သာလျှင် ထိုစာအုပ်ရောက်ရှိသွားခဲ့ပြီး အခြားပညာရှင်များ၊ လေ့လာလိုသူများ ထိုစာအုပ်ကို မတွေ့ခဲ့ကြရ။

ထိုစာအုပ်နိဒါန်းကို ရေးသားသူမှာ မွန်စီယာကင်ဆယ်လီယက်ဆိုသူ ပြင်သစ် အဂ္ဂိရတ်ပညာရှင်ကမူ ယင်းစာအုပ်ရေးသားသူ ဖူကယ်နယ်လီမှာ သူ့ဆရာတစ်ဦး၏ ကလောင်အမည်ဖြစ်ပြီး ဤစာအုပ်ရေးသားပြီးစီးသည်နှင့် ဖူကယ်နယ်လီမှာ သူ့တာဝန်ပြီးဆုံးပြီဖြစ်သဖြင့် လူ့ဘောင်လောကကို ကျောခိုင်း၍ လိုရာခရီးသို့ ထွက်သွားပြီဖြစ်သည်ဟု ဆိုသဖြင့် အထက်ဖော်ပြပါ စာအုပ်သည် လူထုအတွင်း အထူးဂယက်ရိုက်ခတ်ခဲ့သောစာအုပ်ဖြစ်သည်။ ထိုစာအုပ်တွင် ပါရီမြို့ရှိ နော်တာဒိန်ဘုရားရှိခိုးကျောင်းမှာ ဘုရားရှိခိုးကျောင်းသက်သက်သာမဟုတ်၊ အဂ္ဂိရတ်ပညာဖြင့် တန်ဖိုးမဖြတ်နိုင်သော လမ်းညွှန်



www.burmeseclassic.com

www.burmeseclassic.com

အဆောက်အအုံကြီးသာ ဖြစ်သည်။ ထို့အတူ အခြားဘုရားရှိခိုးကျောင်းများသည်လည်း ဤနည်းနှင်နှင်သာဖြစ်သည်ဟု၊ တကယ့်အင်္ဂရတ်ပညာတတ်မြောက်သူများသာ ထိုလျှို့ဝှက်ချက်များကို သိနိုင်သည်ဟု ဆိုသည်။ ထိုအချက်ကိုရေးသားရာတွင် အထောက်အထား တိတိကျကျ ခိုင်ခိုင်မာမာဖြင့် ဖော်ပြထားသည်။

ဤတွင် ထိုစာအုပ်ကို လေ့လာသူများအဖို့ ထိုစာအုပ်ရေးသူ အင်္ဂရတ်ပညာရှင် ဖူကယ်နယ်လီဆိုသူမှာ မည်သူနည်း။ ထိုစာအုပ်နိဒါန်းရေးသူ မွန်စီယာကင်ဆယ်လီယက်လော။ လူထုအများကမူ ဖူကယ်နယ်လီဆိုသူမှာ ပြဒါးရှင်လုံးရရှိထားသူဖြစ်ရာ အစစအရာရာ အလိုရှိတိုင်း ရအောင်စွမ်းဆောင်နိုင်သူ ဖြစ်သည်ဟုလည်းယူဆထားကြ၏။ ပြင်သစ်နိုင်ငံနှင့် ဥရောပတိုက်နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်အများကမူ အင်္ဂရတ်ပညာသည် တိမ်မြုပ်ပျောက်ကွယ်နေသော သိပ္ပံပညာသာ ဖြစ်သည်။ ဉာဏ်ပညာအဆင့်မြင့်လူမျိုးနွယ်တစ်ခုမှ လက်ဆင့်ကမ်းပေးအပ်ခဲ့သည့်လျှို့ဝှက်နက်နဲသောပညာတစ်ရပ်ဖြစ်သည်။ ခေတ်အဆက်ဆက် ယင်းပညာနှင့်ပတ်သက်၍ ထိပ်တန်းပညာရှင်များ ရေးသားကြသည့် စာအုပ်စာတမ်းများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားထုတ်ဝေခဲ့ပြီးဟု ဆိုကြ၏။

သို့သော် ဖူကယ်နယ်လီရေးသားထုတ်ဝေသည့် စာအုပ်ကဲ့သို့ စာအုပ်မျိုး မည်သူမျှ ရေးသား ထုတ်ဝေခဲ့ခြင်းမရှိသဖြင့် အင်္ဂရတ်ပညာရှင်များ လောကတွင် အထူးဂယက်ရိုက်ခတ်ခဲ့သည်။ ထိုစဉ်ကာလတုန်းက အင်္ဂရတ်ပညာကို တစ်စိုက်မတ်မတ် လေ့လာခဲ့သူများတွင် နေလိုလလိုထင်ရှားသူမှာ ပြင်သစ်နိုင်ငံ ပါရီတက္ကသိုလ်ကျောင်းတိုက်ကြီးမှ ဓာတုဗေဒပါမောက္ခ ဂျူးအမျိုးသား အင်ဒရူးဟာ(လ်)ဘရွန်နာဆိုသူ ဖြစ်၏။ ပါမောက္ခကြီးကမူ ဖူကယ်နယ်လီဆိုသူမှာ အများထင်သလို အင်္ဂရတ်ပညာရှင်တစ်ယောက်၏ ကလောင်အမည်မဟုတ်။ အမှန်တကယ်ရှိသော အင်္ဂရတ်ပညာရှင်တစ်ယောက်၏ နာမည်သာ ဖြစ်သည်။

အသက်အရွယ်အားဖြင့် (၈၀) ကျော်ခဲ့သော်လည်း ရုပ်ပျိုကိုယ်နုသည့် ပညာရပ်ရရှိလာသူတစ်ဦးဖြစ်သဖြင့် သူ့အသက်အရွယ်ကို ခန့်မှန်းရန် အထူးခက်ခဲလှ၏။ ပါမောက္ခကြီးကိုယ်တိုင်တွေ့ရှိခဲ့ရပြီး အဏုမြူစွမ်းအင်၏ အံ့ဖွယ်ကောင်းပုံ၊ ထိုစွမ်းအင်ကို လမ်းမှန်အတိုင်း အသုံးပြုပါက လူသားတို့အတွက် အံ့ဩဖွယ်ကောင်းအောင် အကျိုးပြုမည်ဖြစ်ပြီး ထိုစွမ်းအင်ကို အခြားနည်းလမ်းဖြင့် အသုံးပြုပါက လူသားတို့အတွက် မျိုးတုံးပျောက်စေနိုင်သည့် စွမ်းအင်ဖြစ်ကြောင်း ထိုစွမ်းအင်ထုတ်ယူရမည့် နည်းလမ်းကို အင်္ဂရတ်ပညာရှင် ဖူကယ်နယ်လီက တွေ့ရှိထားပြီးဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသဖြင့် နိုင်ငံတကာမှ သိပ္ပံပညာရှင်အများမှာ တအံ့တဩဖြစ်သွားကြရ တော့၏။

ပါမောက္ခ ဟာ(လ်)ဘရွန်နာမှာ နှယ်နှယ်ရရပုဂ္ဂိုလ်တစ်ယောက်မဟုတ်ပါ။ ပြင်သစ်နိုင်ငံတွင်သာမက နိုင်ငံတကာမှ ပညာရှင်အများ အထူးလေးစားရသော ပညာရှင်တစ်ဦး ဖြစ်ပါသည်။ သူစမ်းသပ်တွေ့ရှိခဲ့သောဓာတုဗေဒဘာသာရပ်နှင့်ပတ်သက်သည့်တွေ့ရှိထားချက်များအကြောင်း ရေးသားဖော်ပြသည့်စာတမ်းများအတွက် အမေရိကန်ပြည်ထောင်စု ဖရင်ကလင်တက္ကသိုလ်ကျောင်းတိုက်ကြီးမှ ရွှေတံဆိပ်ချီးမြှင့်ခြင်းခံရသူ ဖြစ်၏။ အင်္ဂလန်နိုင်ငံ အောက်(စ်)ဖို့(ဒ်)နှင့် ကင်းဘရစ်(ချ်) တက္ကသိုလ်ကျောင်းတိုက်များမှ ပညာရှင်များကလည်း ပါမောက္ခ ဟာ(လ်)ဘရွန်နာ၏ လေ့လာ တွေ့ရှိချက်များကို အထူးလေးစားခဲ့သည်။ ဂျာမနီနိုင်ငံ ဘာလင်တက္ကသိုလ်ကျောင်းတိုက်ကြီးနှင့် မြူးနစ်တက္ကသိုလ်ကျောင်းတိုက်ကြီးများမှ သိပ္ပံပညာရှင်များ၊ ပါမောက္ခကြီးများကိုယ်တိုင် ပါမောက္ခ ဟာ(လ်)ဘရွန်နာ၏ လေ့လာတွေ့ရှိချက်များကို တညီတညွတ်တည်း ချီးမွမ်းခဲ့ကြ၏။ ပါမောက္ခ ဟာ(လ်)ဘရွန်နာမှာ ဓာတုဗေဒဘာသာရပ်နှင့်နွယ်နေသော အင်္ဂရတ်ပညာရပ်ကို တစိုက်မတ်မတ် ယုံကြည်ထားသူဖြစ်၏။ သံ၊ ကြေး စသော သတ္တုတိုင်း၌ ကူသော အခြေခံဒြပ်ရှိကြသည်။ ထိုဒြပ်နှင့် မြေဓာတ်၊ မီးဒြပ်၊ လေဒြပ် တွဲဖက်မပေးသောအခါ သတ္တုတို့၏ မူလသတ္တိပေါ်လာသည်ဆိုသော သတ္တုသဘာဝပြောင်းမှု သဘောတရားကို ယုံကြည်ထားသူတစ်ဦး ဖြစ်၏။

မှတ်တမ်းများအရ ပြင်သစ်နိုင်ငံနှင့် ဂျာမနီနိုင်ငံအပါအဝင် ဥရောပတိုက်နိုင်ငံအသီးသီးတွင် ရှေးပဝေသဏီကစ၍ ယနေ့အထိ အင်္ဂရတ်ပညာနှင့်ပတ်သက်သော သူပြောကိုယ်ပြောသမိုင်းပုံပြင်များရှိခဲ့သည်။ ထိုသမိုင်းပုံပြင်များတွင် အီဂျစ်လူမျိုးတို့၏ ပုံပြင်တစ်ခုပါဝင်ခဲ့သည်။ အီဂျစ်လူမျိုးတို့ ကိုးကွယ်သော နတ်ဘုရား ဟာမိ(စ်)သည် အင်္ဂရတ်ပညာကို တစ်ဖက်ကမ်းခပ် တတ်မြောက်သည်ဟု ဆိုသည်။ သို့ဖြစ်၍ ယင်းနတ်ဘုရားဘွဲ့အမည်ကိုပင် စွဲ၍ အင်္ဂရတ်ပညာကို ဟာမိ(စ်)အတတ်ပညာဟု ခေါ်ဆိုခဲ့ကြ၏။ ထိုစဉ်ကာလက နတ်ဘုရားတို့သည် လူအမျိုးသမီးများနှင့် အိမ်ထောင်ပြုခဲ့ရာမှ ရွှေဖြစ်၊ ငွေဖြစ်သည့်အတတ်ပညာကို လူသားတို့ ရရှိခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

အီဂျစ်ပိရမစ်ကြီးများအတွင်းမှ လည်းကောင်း၊ ဖေရိုဘုရင်တို့၏ ဥသချိုင်းများအတွင်းမှ လည်းကောင်း၊ အီဂျစ်နတ်ဘုရားကျောင်းများအတွင်းမှ လည်းကောင်း တွေ့ရှိရသော အင်္ဂရတ်ကျူရိုးပုရပိုက်မှတ်တမ်းများ၌ သတ္တုအညံ့မှ ရွှေအဖြစ် ပြောင်းလဲပေးသော နည်းပညာများပါဝင်သည်ဟု အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုသုတေသီများက ဆိုကြသည်။ ခရစ်တော်ဝင်ကျမ်းတွင် မိုဇက်နှင့် အေရွန်တို့နှစ်ယောက်အား အဖဘုရားသခင်က အင်္ဂရတ်အတတ်ပညာကို သင်ကြားပေးသည်ဟု ပါရှိခဲ့သဖြင့် အင်္ဂရတ်ပညာသည် ဥရောပတိုက်သားများ စိတ်ဝင်စားသော ပညာတစ်ရပ်ဖြစ်လာသည်။ အထူးသဖြင့် ဥရောပတိုက်အရှေ့ပိုင်းနိုင်ငံအများမှ တက္ကသိုလ်ပညာရှင်အများသည် အင်္ဂရတ်ပညာကို စိတ်ဝင်စားခဲ့ကြ၏။

အီဂျစ်လူမျိုးတို့၏ အင်္ဂရတ်ပညာအကြောင်းကျယ်ကျယ်ပြန့်ပြန့်ရေးသားထားသည့် အီဂျစ် ရှေးဟောင်း ကျူရိုးပုရပိုက်များကို ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ အမျိုးသားပြတိုက်နှင့် ဟမ်းဘတ်မြို့ အမျိုးသားပြတိုက်ကြီးများတွင်စုဆောင်းထားခဲ့သည်ဟု သိရ၏။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်ဖြစ်၏။ ပြင်သစ်နိုင်ငံတွင် ဖူကယ်နယ်လီ၏ အင်္ဂရတ်ကျမ်းစာအုပ်ထုတ်ဝေသည့်အချိန်တွင် ဂျာမနီနိုင်ငံတွင်း နာဇီပါတီသည် နိုင်ငံတော်အာဏာကို ရရှိလာခဲ့သည်။ နာဇီပါတီမှာ တစ်နေ့တခြား အင်အားတိုးတက်လာခဲ့ပြီး လောကီလွန်၊ သဘာဝလွန် ထူးခြားဖြစ်ရပ်များနှင့် သိပ္ပံပညာလက်လှမ်းမမီသောဘာသာရပ်များလေ့လာရန် ဂမ္ဘီရဗျူရိုကို ဘာလင်မြို့တွင် နာဇီအစိုးရသစ်က စနစ်တကျ တည်ထောင်ခဲ့ပြီး တိမ်မြုပ်နေသော ရှေးဟောင်းမှ



www.burmeseclassic.com

www.burmeseclassic.com

ပညာရပ်များကိုလေ့လာရန် စီစဉ်ခဲ့ကြသည်။

ထိုကာလက နာဇီပါတီထိပ်သီးခေါင်းဆောင်များဖြစ်ကြသော ဟစ်တလာ၊ ဟင်းမလားနှင့် ရူဒေါ့ဟက်(စ်)တို့သည် အဂ္ဂိရတ်ပညာရပ်ကို စိတ်ဝင်စားကြသည်။ ထိုပညာရပ်သည် ရွှေဖြစ်၊ ငွေဖြစ်ပညာရပ်သာမက လူသားတို့ နားမလည်နိုင်သည့် စွမ်းအင်တစ်ခုအား အဂ္ဂိရတ်ပညာရပ်ဖြင့် ရနိုင်ပေလိမ့်မည်ဟု ယုံကြည်ထားသည်။ သို့ဖြစ်၍ ၎င်းတို့တည်ထောင်ထားသော ဂမ္ဘီရဗျူရိုမှ ပညာရှင်အများသည် အဂ္ဂိရတ်ပညာရပ်အပါအဝင် အခြားတိမ်မြုပ်နေသော ဂမ္ဘီရပညာရပ်များကို လေ့လာကြသည်။ နိုင်ငံတကာသို့လည်း ထိုပညာရပ်များ လေ့လာရန် ဗျူရိုအဖွဲ့ဝင်များကိုစေလွှတ်ခဲ့သည်။

နာဇီပါတီဝင် ဗိုလ်ချုပ်ဟောင်း အီရစ်လူဒင်ဒေါ့နှင့် ဂမ္ဘီရဗျူရိုမှ အဂ္ဂိရတ်ပညာရှင် ဖရန့်တောဆင့်တို့သည် အဂ္ဂိရတ်နည်းဖြင့် ရွှေဖြစ်၊ ငွေဖြစ်သည့်နည်းဖြင့် နာဇီပါတီ၏ ရန်ပုံငွေရရှိရန် စီစဉ်ဆောင်ရွက်ကြသည်။ ထိုနည်းအောင်မြင်လာပါက တတိယဂျာမနီနိုင်ငံတော်ကြီး တည်ထောင်ရန်အတွက် အခြေအနေပေးမည်ဖြစ်သည်ဟု နာဇီပါတီထိပ်သီးခေါင်းဆောင်များက ယုံကြည်ထား၏။ တတိယဂျာမနီနိုင်ငံတော်အား ဘက်စုံပြုပြင်နိုင်ရန်နှင့် ဂျာမနီနိုင်ငံ၏ တပ်မတော်ကြီးအား အင်အားတိုးချဲ့၍ ခေတ်မီလက်နက်များ တပ်ဆင်နိုင်ရေးအတွက် ငွေကြေးအမြောက်အမြားလိုအပ်လာသည်။ သို့ဖြစ်၍ အဂ္ဂိရတ်နည်းဖြင့် အဂ္ဂိရတ်ရွှေဖြစ်အောင် လျှို့ဝှက်စွာစီစဉ်ကြလေသည်။ မှတ်တမ်းများအရ အတော်အသင့် အောင်မြင်ခဲ့သဖြင့် ရွှေရောင်းချရေးကုမ္ပဏီ အမှတ် (၁၆၄) ကို တည်ထောင်ခဲ့သည်။ အမှတ် (၁၆၄) အမှတ်အသားမှာ ဓာတုဗေဒနည်းဖြင့် ခေါ်ယူသည့်ဂဏန်းကို နှစ်ဆကိုးထားခြင်း ဖြစ်သည်။

ဤကဲ့သို့ အဂ္ဂိရတ်ရွှေအဆင့်ထုတ်နိုင်လာခဲ့ပြီဖြစ်ရကား မကြာမြင့်မီအချိန်ကာလတွင် လောကီပညာရပ်တွင် လိုတိုင်းရနိုင်သည့် စေတလုံးပိုင်ပြဒါးရှင်ကို ရနိုင်ရမည်ဟု နာဇီဂမ္ဘီရဗျူရိုမှ တာဝန်ရှိသူများက ယူဆထားလေ၏။ ထိုပြဒါးရှင်လုံးပိုင်ဆိုင်လာပါက တတိယဂျာမနီနိုင်ငံတော်၏ စီးပွားရေးသာမက စစ်ရေးတွင် ထိပ်တန်းအောင်မြင်နိုင်မည်ဟု မှတ်ယူထားရာ အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီအား တွေ့နိုင်ရန်လည်း စီစဉ်ခဲ့ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ် ေ... များယိမ်းမိုးလာသည်နှင့် နာဇီ ...နီဦးဆောင်သော ဝင်ရိုးတန်းမဟာမိတ်အဖွဲ့သည် ဗြိတိသျှတို့အပြိုင်အဆိုင်တည်ထောင်ထားသော မဟာမိတ်အဖွဲ့နှင့် အပြိုင်အဆိုင် စစ်လက်နက်တိုးချဲ့လာခဲ့ကြသည်။ နာဇီဂမ္ဘီရဗျူရိုအဖွဲ့ကလည်း ဗြိတိသျှနှင့် မဟာမိတ်တို့ထက် အသာရစေရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့လေသည်။ စစ်ဆင်ရေးတွင် သာမန်လက်နက်များ အသုံးပြုရေးထက် နှစ်လောကစစ်ဆင်ရေးလောကီပညာဖြင့် ထူးခြားသောစစ်ဆင်ရေးကို အသုံးပြုရန် စီမံခဲ့ကြသည်။

နာဇီခေါင်းဆောင်ကြီးဟစ်တလာသည် လူသားတို့ နားမလည်နိုင်သော အဏုမြူစွမ်းအင်ကို လောကီပညာရပ်ဖြင့် ထုတ်လုပ်နိုင်အောင် ဂမ္ဘီရဗျူရိုအား တာဝန်ပေးခဲ့သည်ဟု သတင်းများလည်း ထွက်လာသည်။ ထိုအချိန်ကာလက ဂျာမနီနိုင်ငံမှ ထွက်ပြေး၍ အမေရိကန်ပြည်ထောင်စုတွင် ခိုလှုံနေထိုင်သော ဂျူးအမျိုးသား ရူပဗေဒပညာရှင် ဖြစ်သည့် ဒေါက်တာ အိုင်းစတိုင်း ခေါင်းဆောင်သော သိပ္ပံပညာရှင်အများသည် ရူပသင်္ချာသဘောတရားကို အခြေခံ၍ အဏုမြူလက်နက်များ တီထွင်ရန်စီစဉ်နေသည်ဟူသော သတင်းများလည်း ထွက်လာသည်။

နာဇီဂမ္ဘီရဗျူရိုမှ တာဝန်ရှိသူများသည် အဂ္ဂိရတ်ပညာရပ်ကို အခြေခံ၍ လူသားတို့ နားမလည်နိုင်သေးသော စွမ်းအင်တစ်ခုကိုထုတ်ယူရန် စဉ်းစားခဲ့ကြသည်။ ထိုစဉ်ကာလက သတင်းများအရ ပြင်သစ်နိုင်ငံတွင်နေထိုင်လျက်ရှိသော နာမည်ကျော် ရူပဗေဒပညာရှင် အင်ဒရူးဟာ(လ်)ဘရွန်နာက အဏုမြူစွမ်းအင် ဆိုသည်မှာ ရှေးပဝေသဏီကာလကပင် အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီက တွေ့ရှိထားကြောင်း၊ ထိုထူးခြားသောစွမ်းအင်မှာ ယခုမှပေါ်လာသည့်ရွှေကြာပင်စွမ်းအင်မဟုတ်ကြောင်း၊ ခရစ်တော်မပေါ်မီနှစ်ပေါင်းများစွာက အိန္ဒိယနိုင်ငံတွင် ဖြစ်ပွားခဲ့သော စစ်အရေးအခင်းများတွင် ထိုစွမ်းအင်ကို လက်နက်အဖြစ် အသုံးချခဲ့ကြောင်း ထိုဖြစ်စဉ်များကို မဟာဘာရတဇာတ်တော်ကြီးနှင့် ရာမဇာတ်တော်ကြီးများတွင် တွေ့ရသည်ဟု ဆိုခဲ့သည်သာမက အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီမှာ တကယ်သက်ရှိထင်ရှားသူဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသဖြင့် နာဇီဂျာမန်ဂမ္ဘီရဗျူရိုမှတာဝန်ရှိသူများက ဖူကယ်နယ်လီအား ထူးထူးခြားခြား စိတ်ဝင်စားလာခဲ့ကြသည်။

၁၉၃၉၊ စက်တင်ဘာလတွင် ဒုတိယကမ္ဘာစစ်ပွဲကြီး ဖြစ်ပွားလာခဲ့သည်နှင့် စစ်ရေးဒီရေသည် နာဇီဟို့ဘက်မှ အုံ့မခန်းတိုးတက်လာခဲ့သည်။ ဗြိတိသျှနှင့် မဟာမိတ်တို့သည် ဥရောပတိုက်မှ ဆုတ်ခွာသွားခဲ့ကြရသည်။ ဥရောပတိုက်ရှိ နိုင်ငံအားလုံး နာဇီဂျာမနီတို့၏ သံဖနောင့်အောက်ရောက်ခဲ့ကြရ၏။ အစဉ်အလာကြီးမားခဲ့သော ပြင်သစ်နိုင်ငံမှာ ရက်သတ္တပတ် (၆) ပတ်အတွင်း နာဇီဂျာမန်တို့ထံ ခြွင်းချက်မရှိ လက်နက်ချ အရှုံးပေးခဲ့ရ၏။

ဤတွင် နာဇီဂက်စတာပိုအဖွဲ့ဝင်များနှင့် စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များသည် ပြင်သစ်နိုင်ငံ တစ်နံတစ်လျားပိုက်စိပ်တိုက်၍ အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီရှာပုံတော်ဖွင့်ခဲ့ကြသည်။ ပြင်သစ်နိုင်ငံမှ ရူပဗေဒပညာရှင် ပါမောက္ခ အင်ဒရူးဟာ(လ်)ဘရွန်နာကို ဖမ်းဆီးရမိခဲ့သည်နှင့် ပါမောက္ခကြီးအား နည်းလမ်းအမျိုးမျိုးနှင့် ဖူကယ်နယ်လီအကြောင်း စစ်ဆေးခဲ့ကြသည်။ ပါမောက္ခကြီးအား ထိုစဉ်က ပိုလန်နိုင်ငံရှိ နာမည်ဆိုးဖြင့် ကျော်ကြားသော ဘူကင်ဝေါအကျဉ်းစခန်းသို့ ပို့ဆောင်ခဲ့ကြသည်။ နောက်ဆုံးတွင် နာဇီဂက်စတာပိုတို့ နှိပ်စက်ညှဉ်းပန်းသဖြင့် ပါမောက္ခကြီး အင်ဒရူးဟာ(လ်)ဘရွန်နာ ကွယ်လွန်ခဲ့ရ၏။

ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်ခဲ့သော အဂ္ဂိရတ်ပညာရှင် ဖူကယ်နယ်လီအား တွေ့ခဲ့ကြသလော ဆိုသည့် အချက်မှာ မည်သူမျှမသိခဲ့ရဟု ဆိုကြပါကြောင်း။

လှမိုး (ပညာရေး)

Ref: -

1. Fulcanelli and Mystery of Alicemheny
By - Colin Wilson.
2. In Search of Missing Person.



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့သ၌ ကျွန်ုပ်သည် ဂမ္ဘီရ ဝတ္ထုတစ်ပုဒ် အချောသတ်ရေးပြီးသွားပြီ ဖြစ်၍ ကျေနပ်ပီတိနှင့်အတူ ကိုယ်တိုင် ဖော်စပ်ထားသော လက်ဖက်ရည်ချိုပေါ့ ကျမတ်ခွက်ကြီးတစ်ခွက်ကို တစ်ကျိုက် ကျိုက်လိုက်၊ စီးကရက်ဖွာလိုက်နှင့် လောကစည်းစိမ်တစ်မျိုးအဖြစ် ခံစား နေမိရပါသည်။

စာရေးဆရာတစ်ဦးအဖို့ သူ့ အတွေ့အသိခံစားမှုရသကို မျှဝေသိစေ လိုသောသဘောမနောဖြင့် ဝတ္ထုတစ်ပုဒ်၊ စာတစ်ပုဒ်ရေးသားလိုက်နိုင်ရခြင်းသည် ကြီးစွာသော ဆုလာဘ်ကြီးတစ်ခု ရရှိ လိုက်သကဲ့သို့ ပီတိသောမနဿဖြစ်ရ သည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ် ကဲ့သို့ မဂ္ဂဇင်းစာရေးဆရာတိုင်း ထိုသို့ ပင် ခံစားရလိမ့်မည်ထင်ပါသည်။

ကျွန်ုပ်၏ ပီတိစည်းစိမ်လေးခံစား

# နတ်မောက်မင်းသန့်နိုင်

## ရောင်းဝယ်ပွဲစား စီရင်သောင်းထား



၍မဝမီမှာပင် ကျွန်ုပ်ထံသို့ ရှေ့ဆင့် နောက်ဆင့် ရောက်လာကြသူနှစ်ဦးမှာ ကုန်စုံဈေးသည် ဒေါ်ချမ်းနှင့် ဆိုင်ကယ် ရောင်းဝယ်ပွဲစား မောင်မွေးတို့နှစ်ဦး ဖြစ် လေတော့သည်။

ရောက်ရောက်ချင်းပင် ကုန်စုံဆိုင် ဈေးသည် ဒေါ်ချမ်းမှ ဟောဟောဒိုင်း ဒိုင်းနှင့်ပြောချလိုက်သည်မှာ-

"ကဲ - ဆရာနိုင်၊ ဆရာမနိုင်ဘဲ နှစ်ဆောင်ပြိုင်ဖြစ်ချင်ဖြစ်၊ အရင်တစ်ခါ လို ဈေးရောင်းကောင်းတဲ့ဆီ စီရင်ပေး ဦး။ အချိန်မရဘူးတော့် မြန်မြန်လေး"

ဟု အားမနာလျှာမကျိုး ကျွန်ုပ် အား ၎င်း၏ အလုပ်သမားလို အစေ အပါးလိုပြောချလိုက်လေသည်။သို့သော် ဒေါ်ချမ်း၏ ဝသီစရိုက်ကို သိနားလည် နေသကျေပြီးဖြစ်၍ ကျွန်ုပ်မှာ စိတ်မဆိုး နိုင်ဘဲ ပြုံးမဲ့မဲ့သာလုပ်နေမိပါသည်။

"ရော့ - ဒါက ဆရာနိုင်ကြိုက်တဲ့ ပန်းသီးနဲ့ စပျစ်သီး။ ဒါက ဆရာနိုင် ကြိုက်တဲ့ စီးကရက်ဘူး"

ဟု ဆိုကာ ကျွန်ုပ်၏ စာရေး စားပွဲဝိုင်းအပုလေးပေါ်သို့ ဘုတ်ခနဲချ လိုက်လေသည်။ ကျွန်ုပ်ထပ်မံပြုံးမိလိုက် ပြန်သည်။

ဒေါ်ချမ်းနှင့် ရှေ့ဆင့်နောက်ဆင့် ရောက်လာသော ဆိုင်ကယ်ပွဲစား မောင်



www.burmeseclassic.com

www.burmeseclassic.com

မွှေးမှလည်း -

"ဟုတ်တယ် ဆရာနိုင်ရေ။ ကျွန်တော်လည်း အရောင်းအဝယ်သိပ်မဖြစ်တာ (၂) လကျော် (၃) လလောက်ရှိနေပြီ။ အိမ်ကထမင်းအိုး အမြောက်နဲ့ပစ်ချရမယ့်ကိန်းဆိုက်နေပြီ။ အရင်လိုပဲ အရောင်းအဝယ်တွင်ကျယ်တဲ့အဆောင်ဆီလုပ်ပေးဦး"

ဟု ဆိုကာ (၄၀) သားဝင် ခေါင်းသိမ်းအုန်းဆီတစ်ပုလင်းနှင့် လက်ဝါးခန့်ရေမွှေးပုလင်းဘူးကြီးတို့ကို ကျွန်ုပ်စာရေးစားပွဲပေါ် သို့ ဒေါက်၊ ခွပ်နှင့် တင်လိုက်လေသည်။

သူတို့နှစ်ဦးကိုကြည့်ပြီး ကျွန်ုပ်ပြုံးလည်းပြုံးမိပြီး သက်ပြင်းလည်းမသိသောချမိရသည်။ မောင်မွှေးက ဆက်ဆက်ဆိုလိုက်သေးသည်။

"မြန်မြန်စီရင်ပေးပါ ဆရာနိုင်ရယ်။ ကျွန်တော့်မှာ အချိန်ဆင်းရဲလွန်းလို့ပါ။ ဒီညနေရောင်းမယ့်သူတစ်ဦး၊ ဝယ်မယ့်သူတစ်ဦး ရှားရှားပါးပါးချိန်းထားတာရှိနေလို့ပါ။ အဲလို ချိန်းဆိုသူမရှိတာ (၂) လလောက်ရှိနေပြီ။ အချိန်သိပ်မပေးနိုင်လို့ပါ" တဲ့။

ကျွန်ုပ်မှာတော့ အချိန်တွေများစွာပြီးအလဟဿထိုင်နေသူကြီးဟု ထင်နေကြလေသလားဟုတွေး၍ ထပ်ဆင့်ထပ်ဆင့်၍ ပြုံးမိရပြန်သည်။

"ဒီမယ် ဒေါ်ချမ်းနဲ့ မောင်မွှေးရဲ့။ လောကကြီးထဲက လူတိုင်းဟာ ကိုယ့်အလုပ်နဲ့ကိုယ် မအားသူတွေ၊ အချိန်ပေးနိုင်သူတွေချည်းပဲ။ ဘယ်သူမှ အားအားယားယားမရှိကြပါဘူး။ ကိုယ့်ကိစ္စနဲ့ကိုယ်အရေးကြီးနေတဲ့သူတွေချည်းပါပဲ၊ ဒါကို မယုံမရှိနဲ့"

ဟု ကျွန်ုပ်ကပြောမိရာ -

"အဲဒါတော့မယုံဘူး ဆရာနိုင်။ ဆရာနိုင်ဆိုရင် ကျွန်မလာတိုင်း လက်ဖက်ရည်အချိုမတ်ခွက်ကြီးတစ်ခွက်ဖျော်ပြီး တစ်ငုံပြီးတစ်ငုံသောက်ရင်း စီးကရက်ဖွာနေတာချည်းပဲ။ ဘာအလုပ်မှဘာကိစ္စမှမရှုပ်ပါဘူး ဟင်းဟင်းဟင်းဟင်း"

ထိုသို့ ဒေါ်ချမ်းမှ ပြောချလိုက်ရာ ကျွန်ုပ်မှာ အသံထွက်၍ပင် ရယ်မိပါတော့သည်။

"ဒေါ်ချမ်းပြောမယ်ဆိုလည်းပြောရောပဲဗျာ။ ကျွန်တော်ကလည်း ဒေါ်ချမ်းအတိုင်း အနားယူတုန်း၊ အမောဖြေတုန်းချည်းတွေ့နေရတာကိုးဗျ။ တကယ်တမ်းတော့ ကျွန်တော့်မှာလည်း စိတ်နားရင် လူမနား၊ လူနားရင် စိတ်မနားဘဲ တွေးနေရေးနေလုပ်နေရတာပါပဲဗျာ။ ဒီဘက်ရက်က နာရီမလောက်လို့ ဟိုဘက်ရက်ကနာရီပါကူးပြီး အလုပ်လုပ်နေရတာ ဒေါ်ချမ်းမှမသိဘဲကိုး"

"ဟုတ်ပါပြီ ဆရာနိုင်ရယ်။ ထားလိုက်ပါတော့။ အခုကျွန်မတို့လိုတဲ့ အဆောင်ဆီ ဘယ်တော့လုပ်ပေးနိုင်မလဲ။ အချိန်မလောက်တဲ့ ဆရာနိုင်ကို အနှောင့်အယှက်မပေးတော့ပါဘူး။ ပြန်မှာပါ။ အဲဒါလေးသာ စီရင်ပေးပါတော့"

"ခက်တယ် ဒေါ်ချမ်းရယ်။ အဲဒီအဆောင်တို့၊ အစီအရင်တို့ဆိုတာ လွယ်လွယ်လုပ်လို့ရတာမျိုး မဟုတ်ဘူးဗျ။ အချိန်ပေး သမာဓိ၊ သီလဆောက်တည်ပြီးမှ စီရင်လို့ရတာ။ စီရင်ချင်တိုင်းစီရင်လို့ရတာမျိုး မဟုတ်ဘူးဗျ။ အခု ရေတွင်းတူး၊ အခုရေကြည်သောက်မရဘူးလေဗျာ"

"အဲလောက်တော့ သိပါတယ် ဆရာရယ်"

"ဟုတ်ပါတယ် ဆရာနိုင်ရယ်။ ကျွန်တော်လည်း နားလည်ပါတယ်။ ခုဟာက ဆရာ့မှာစီရင်ပြီးသားရှိရင် ကျွန်တော်တို့ကို ပွားပေးလိုက်ဖို့ပါ"

"ကျွန်တော့်မှာ အဲဒီအစီအရင် အဆောင်ဆီ အပိုရှိတယ်ကိုမရှိဘူးဗျ။ ရှိလည်းခဏပဲ။ ခင်ဗျားတို့လိုပဲ လာတောင်းသူတွေ နေ့စဉ် တစ်ဦးကနေဆယ်ဦးလောက်ထိရှိနေတော့ သမင်မွေးရင်း ကျားစားရင်းဆိုသလို ဖြစ်နေတယ်ဗျ"

"ဒါဖြင့် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ"

"ဒီလိုလုပ်ဗျာ၊ ဒေါ်ချမ်းရော ကိုမွှေးရောပဲ"

"ဟုတ်ကဲ့ ဆရာနိုင်"

"အမိန့်ရှိပါ ဆရာ"

"ဒီလိုဗျာ ဒီလို ဒီလိုလုပ်"

ဟု ဆိုကာ ၎င်းတို့အား အရောင်းအဝယ်ကောင်းစေသည့် အစီအရင်ပြုလုပ်နည်းကို ဟင်းစားမပေးတော့ဘဲ ကွန်ချက်ကို အသေးစိတ် ပြောပြပေးလိုက်မိပါတော့သည်။

❑

ထိုအစီအရင်ပြုလုပ်ရန်မှာ အစီအရင်ပစ္စည်းရရန်ခဲယဉ်းခြင်းပင် ဖြစ်ပါသည်။

'ပုံ့သကူပန်းပွင့်' သို့မဟုတ် 'ပန်းကုံး' ရရှိဖို့ လိုပါသည်။

❑ ဘုရားတင်ပြီး စွန့်ထားသောပန်း မဖြစ်စေရပါ။

❑ နာရေးပန်းခွေမှ စွန့်ထားသောပန်း မဖြစ်စေရပါ။

❑ မိမိကိုယ်တိုင် ပန်းပင်မှခူးယူထားသောပန်း မဖြစ်စေရပါ။

❑ တခုတ်တရဝယ်ယူသောပန်း မဖြစ်စေရ။

❑ အများပြည်သူ သွားလာရာနေရာ လမ်းပေါ်တွင် လည်းကောင်း၊ ဈေးအနီးတွင်လည်းကောင်း အမျိုးသမီးတစ်ဦးဦးခေါင်းတွင်ပန်ဆင်ထိုးစိုက်ထားသော ပန်းပွင့်၊ ပန်းကုံး ပြုတ်ကျခဲ့ခြင်း သို့မဟုတ် ပန်းရောင်းသူ၊ ပန်းဝယ်ယူလာသူလက်ထဲမှ အမှတ်တမဲ့ကျကျန်ခဲ့သော ပန်းကုံး၊ ပန်းပွင့်၊ ပန်းကိုင်းဖြစ်ရပါမည်။ ထိုပန်းကို ပုံ့သကူပန်းဟု ခေါ်ပါသည်။

❑ ထိုသို့ ခဲယဉ်းစွာရရှိသော ပုံ့သကူပန်းကို -

❑ မိမိအရပ်ဒေသရှိ အထင်ကရတန်ခိုးကြီးဘုရားရှေ့တွင် တစ်ကြိမ်၊

❑ လူအများ ရေခပ်ရာ၊ ရေချိုးရာ ရေဆိပ်တွင်တစ်ကြိမ်၊

❑ အရှေ့၊ အနောက်၊ တောင်၊ မြောက် လမ်းဆုံရာ အပေါင်းလက္ခဏာဖြစ်နေသည့် လမ်းဆုံလမ်းမလမ်းလေးခွတွင်တစ်ကြိမ် အောက်ပါဂါထာမန္တန်ဖြင့် (၇) အုပ် မန်းရပါမည်။

❑ ဉုံ နမောပရံ ယုတ္တော၊ ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ် သွားဟ။

အထက်ပါအတိုင်း စီရင်ပြီးသောပန်းကို ခေါင်းလိမ်းအုန်းဆီ၊ ရေမွှေး၊ နံ့သာဆီတွင်စိမ်ထားပြီး ရောင်းဝယ်သွားတိုင်း နဖူးဆံစ၊ နားသယ်စပ်တို့တွင် သုတ်လိမ်းသွားပြီးပြုပါ။ ဆောင်ပါ။ ဈေးခေါ်ကောင်း၍ အထူးရောင်းကောင်းစေပါသည်။ ပစ္စည်းအတုအလိမ်မဖြစ်စေဖို့ လိုပါသည်။ တန်ပြန်ဆိုးကျိုးခံစားရစေပါသည်။

အထူးမှာ စီရင်သူသည် (၉) ရက် သက်သတ်လွတ်စားပြီး နဝင်္ဂသီလစောင့်ထိန်းပြီးမှ စီရင်ရပါသည်။

လိုသူတိုင်း စီရင်ဆောင်နိုင်ရန် မျှဝေ တင်ပြ ရေးသားလိုက်ပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ၊ ဆရာ၊ ဆရာရှိလား"

အိမ်ရှေ့ခြံတံခါးမှလာသောအသံ။

အသံကြားရာကိုထွက်ကြည့်လိုက်တော့ အန်တီတစ်ယောက်။ ဒီအန်တီကို မှတ်မိပါတယ်။ မှတ်မိမှာပေါ့၊ ကိုယ်တိုင်ကူညီပေးခဲ့ရတဲ့ အန်တီလေ။

"ဪ-အန်တီ၊ အဖေက အပြင်သွားတယ်။ အဖေနဲ့တွေ့ချင်တယ်ဆိုရင် မနက်ဖြန်လာမှရမယ်အန်တီရဲ့။ ဒီလိုအချိန်ဆိုရင်တော့ အဖေက စာအုပ်ကိစ္စတွေ၊ စာမူကိစ္စတွေနဲ့ အပြင်သွားတတ်တယ်"

"ရပါတယ် သားရဲ့။ ဟိုတစ်ခါအန်တီလာတုန်းကလည်း ဆရာကြီးအပြင်သွားလို့ သားပဲပြောပေးလိုက်တာလေ။ သားနဲ့တွေ့လည်း အဆင်ပြေပါတယ်"

"ဟုတ်ကဲ့ - ဒါဆိုလည်း လာလေ အန်တီ"

ပြောပြောဆိုဆိုနဲ့ ခြံတံခါးကိုဖွင့်ပေးလိုက်တယ်။

"ထိုင်ပါ အန်တီ၊ အန်တီ့ကိုမှတ်မိပါတယ်။ ဟိုတစ်ခါလာတုန်းက အန်တီ့ဘေးမှာ ကောင်မလေးတစ်ယောက်တွဲလာရတယ်လေ။ အန်တီရဲ့ တူမလေးနဲ့လာတာ"

"ဟုတ်တယ် သား၊ ဟုတ်တယ်"

"အခုလာတာတစ်ယောက်တည်းပါလား။ ဘေးကတစ်ယောက်တွဲစရာတောင်မလိုတော့ဘူးပေါ့"

"ဟုတ်တယ် သားလေးရေ၊ တော်တော်ကောင်းသွားပြီ။ ဟိုတစ်ခါလာတုန်းက အန်တီလမ်းမလျှောက်နိုင်လို့လေ။ ဒူနာတာခြေထောက်ကထောက်လို့တောင်မရဘူး။ အဲဒါသားပြောလိုက်တဲ့အတိုင်းပဲ အန်တီဆေးတွေလှူတယ်လေ။ အန်တီဖြစ်နေတဲ့ဝေဒနာတွေနဲ့ပတ်သက်တဲ့ဆေးတွေကို လှူရမယ်ဆိုပြီး သားပြောလို့ အန်တီဆေးတွေလှူတယ်။ နောက်ပြီး သားပြောလိုက်တဲ့အတိုင်း ရွတ်ရမယ့်ဘုရားစာတွေကို ရွတ်ဖတ်ပြီးတဲ့နောက်ပိုင်း ဆေးတဖြည်းဖြည်းတိုးလာပြီးသက်သာလာတယ်။ အခုဆိုအန်တီ့ခြေထောက်တော်တော်ကောင်းနေပြီ သားလေးရေ"

"ဟုတ်တယ်၊ ဟုတ်တယ် - အဲဒီတုန်းက ကျွန်တော်တောင်ပြောလိုက်သေးတယ်။ အန်တီကောင်းသွားလိမ့်မယ် ဘာမှမပူနဲ့။ နောက်တစ်ခါလာရင် လူတွဲနဲ့တောင် လာစရာမလိုတော့ဘူး၊ တစ်ယောက်တည်းလာခဲ့လို့တောင်ပြောလိုက်သေးတယ်နော်"

"ဟုတ်ပါ့တော် ဟုတ်ပါ့၊ အဲဒါအခု ဆရာကြီးတို့၊ သားလေးတို့ဆီလာဖို့ တူမလေးကသူလိုက်ရမလားလို့မေးသေးတယ်။ အန်တီက မလိုက်နဲ့၊ ဒေါ်ကြီးကိုယ့်ဟာကိုယ်သွားမယ်လို့ပြောပြီး တစ်ယောက်တည်းပဲထွက်လာတာ။ သားတို့ဆီလာမှတင်မဟုတ်ဘူး၊ အခုနောက်ပိုင်းဈေးသွားတာတို့၊ ဟိုနားဒီနားကိစ္စရှိလို့သွားရင်တောင်မှ တူမလေးကိုမခေါ်ဘူး၊ အန်တီတစ်ယောက်တည်းပဲ သွားတာ။ အန်တီ့ခြေထောက်တွေ၊ ဒူနာတာတွေ တော်တော်လေးကို ကောင်းသွားပြီ။ သားလေးကို ကျေးဇူးတင်ပါတယ်လို့။ နောက်ပြီး အန်တီကောင်းသွားပြီ ဆိုတဲ့အကြောင်းကို သတင်းကောင်းလာပြောတာ"

"ဟုတ်ကဲ့ပါ အန်တီ၊ အခုလို အန်တီကောင်းသွားတာကို မြင်ရတာ အရမ်းဝမ်းသာပါတယ်။ အခုကောဘာလိုသေးလဲ။ ဘယ်လိုကူညီပေးရဦးမလဲ အန်တီ"

"ဘာမှထွေထွေထူးထူးတော့မရှိပါဘူး သားရယ်။ ကောင်းသွားပြီဆိုတာလေးလည်း လာပြောရင်းနဲ့ သားပြောသလို အန်တီဆေးတွေလှူတယ်လေ။ အခု အန်တီ့ခြေထောက်ကတော်တော်လေးကောင်းနေပြီဆိုတော့ ဆက်ပြီးလှူ[illegible] ရဦးမလား၊ ဘာဆက်လုပ်ရဦးမလဲ [illegible] နောက်ပြီးအန်တီဘာတွေဆောင်ရ[illegible] ရဦးမလဲဆိုတာလေးတွေပါ သား[illegible]"

"ဪ - ဟုတ်ကဲ့"

ပြောပြောဆိုဆိုနဲ့ အန်တီ[illegible] ဆောင်ရန်၊ ရှောင်ရန်လေးတွေ[illegible] လုပ်ရဦးမယ်ဆိုတာလေးတွေ[illegible] ပြောပေးလိုက်ပါတယ်။

အန်တီပြန်သွား[illegible]

[illegible]

ကိုထွန်းဆိုတဲ့အစ်ကိုတစ်ယော[illegible] သူဖြစ်တာက ဗိုက်အောင့်အောင့်နေ[illegible] တဲ့။ တစ်ခါတစ်ခါအောင့်ရင်လည်း [illegible] တွေပြန်ပြီး မခံနိုင်လောက်အောင်[illegible] တာတဲ့။

[illegible]

ကိုထွန်း[illegible] လိုက်ပြီး [illegible] ရှောင်ရန်လေ[illegible] ကို ရွေးပေးလိုက်ပါတယ်။ နော[illegible] ဘာရွတ်ရမယ်ဆိုတာကိုလည်းပြော[illegible] လိုက်တယ်။

သူ့အမိကလုပ်ရမှာက [illegible] တဲ့ ဝေဒနာနဲ့ပတ်သက်တဲ့ဆေး[illegible] မှာ။ ဆေးလှူခိုင်းလိုက်တယ်။

"ကိုထွန်း၊ ဆေးတွေလှူရမယ်"

"ဟုတ်ကဲ့ - ဘာဆေးတွေလှူ[illegible] မလဲ"

"အခု ကိုထွန်းဖြစ်နေတဲ့ ဝေ[illegible] က ဗိုက်အောင့်နေတာလေ။ ဒါနဲ့ [illegible] မစပ် ကိုထွန်းကြည့်ရတာအလုပ်[illegible] တွေ အရမ်းများပြီး အစာစားချိန်[illegible]

# မင်းပြည့်

## လျှံရန်သင့်လျှင်



www.burmeseclassic.com

www.burmeseclassic.com

မှန်ဘူး[illegible] [illegible] ဆရာ၊ ကုမ္ပဏီက [illegible] စားချိန်သောက် [illegible] တယ်။ တစ်ခါ [illegible] တောင် ပေါင်း [illegible] တာနဲ့ [illegible] တ်ရင် [illegible] သွား။

တစ်ခါတလေ အလုပ်ကိုရောက်တာနဲ့ ထိုင်တောင် မထိုင်ရသေးဘူး၊ ကိစ္စရှိရင် ရှိသလို အပြင်ကို တစ်နေကုန်ထွက်ရတာ။ သွားရင်းလာရင်းနဲ့ လမ်းမှာတွေ့တဲ့ မုန့်လေးနည်းနည်းပါးပါး ဟိုစားဒီစား [illegible]ဘယ်အခါပြေမလဲဆရာရယ်။ ကျွန်တော်ကလည်း ထမင်းချိုင့်မယူဘူးလေ။ အဆင်ပြေသလိုပဲစားတာ"

"အင်းပေါ့။ အဲဒီလိုတွေများလာတော့လည်း ကိုထွန်း အခုလိုဖြစ်ပြီလေ။ တစ်ခုတော့ရှိတာပေါ့ ကိုထွန်းရာ။ အလုပ်ဘယ်လောက်ပဲများများ ကိုယ့်ရဲ့စားချိန်သောက်ချိန်လေးကိုတော့ ဂရုစိုက်သင့်တယ်။ ဒီလိုလုပ်ပါလား၊ အကြံတစ်ခုတော့ပေးချင်တယ်"

"ဟုတ်ကဲ့"

"ထမင်းချိုင့်လေးထည့်ယူသွားပါလား။ ရုံးမှာစားဖြစ်တဲ့အခါကျတော့လည်း ရုံးမှာပဲစားပေါ့။ စောစောက ကိုထွန်းပြောသလို တစ်နေကုန်အပြင်သွားနေရတဲ့နေ့မျိုးတွေဆိုရင်လည်း ကားထဲမှာ ထမင်းချိုင့်လေးထည့်ထားလေ။



www.burmeseclassic.com

www.burmeseclassic.com

ကားခဏနားတဲ့အချိန် ချိုင့်လေးဖွင့်ပြီး စားလို့ရတာပေါ့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

"စကားကောင်းနေလိုက်တာ၊ ရေးထားတာဘယ်ရောက်သွားပြီလဲ"

"ဆေးလှူရမယ်ဆိုတဲ့အထိရောက်သွားပြီဆရာ"

"အင်း - ဟုတ်ပြီ၊ ဟုတ်ပြီ၊ အခုကိုထွန်းဖြစ်နေတာက ဗိုက်အောင့်အောင့်နေတာဆိုတော့ အဲဒီဗိုက်တို့ရင်ထဲဝမ်းထဲတို့နဲ့ဆိုင်တဲ့ဆေးတွက်ကိုလှူရမှာ။

ဥပမာ အစာအိမ်လေနာပျောက်ဆေးတို့၊ အစာကြေဆေးတို့၊ နောက်ပြီး လေထိုးလေအောင့်ပျောက်တဲ့ဆေးတို့ကို လှူရမှာ"

"ဟုတ်ကဲ့ - လှူမယ်လေ ဆရာ။ အဲဒါ ဘယ်နှရက်လောက်လှူရမလဲ"

"တစ်လလောက်တော့လှူရမယ်"

"ကျွန်တော်က အလုပ်သွားနေရတာဆိုတော့ ဘယ်လိုလှူရင်အဆင်ပြေမလဲဆရာ"

"အလုပ်အားလပ်တဲ့ရက်မျိုးပေါ့၊ အဆင်ပြေရင်ပြေသလိုသာလှူ၊ အဓိကက ကိုထွန်းဆေးလှူဖြစ်ဖို့ပဲ၊ကောင်းသွားလိမ့်မယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဆရာ"

ဒူးနာတဲ့အန်တီတို့ ဗိုက်အောင့်တဲ့ ကိုထွန်းတို့လိုပဲ ကျန်းမာရေးညံ့လို့ရောက်လာတဲ့ နောက်ထပ်တစ်ယောက်ကိုမှတ်မိပါသေးတယ်။

သူကတော့ မသွယ်သွယ် (နာမည်လွှဲ)။

သူက အိမ်ဆောက်ပစ္စည်းတွေ ရောင်းတဲ့ဆိုင်ကြီးတစ်ခုက မန်နေဂျာ။ သူဖြစ်နေတာကဘာလဲဆိုတော့ ခေါင်းခဏခဏကိုက်နေတယ်။ တစ်ခါတလေမှာခေါင်းမူးပြီး တစ်ခုခုကိုကြည့်လိုက်ရင် ဝါးတားတားနဲ့ဖြစ်ဖြစ်နေတယ်တဲ့။ ညဘက်ဆိုရင်လည်း တော်တော်နဲ့အိပ်မပျော်ဘူး။ စောစောအိပ်လည်း အိပ်လို့မပျော်ဘူး။ အလုပ်ထဲမှာ ပင်ပန်းလည်း ပင်ပန်းတာပဲရှိတယ်။ အိပ်ရာထဲရောက်ရင် ဘယ်လိုမှကိုအိပ်လို့မပျော်ဘူး။ ဘာတွေဖြစ်နေမှန်းမသိဖြစ်နေလို့တဲ့။

သူကစာဖတ်ပြီးရောက်လာတာ။ သူရဒ္ဓရဲ့ပင်တိုင်စာဖတ်ပရိသတ်။

အဲဒါ သူ့အတွက် ဆောင်ရန်၊ ရှောင်ရန်တွေပြောပြဖို့ ပြင်ဆင်လိုက်ရပြန်ပါတယ်။

သူက အလုပ်ထဲမှာ လူပင်ပန်းရုံတင်မကဘူး။ ဒီအိမ်ဆောက်ပစ္စည်းဆိုင်ကြီးတစ်ဆိုင်လုံးရဲ့မန်နေဂျာလည်းဖြစ်၊ အားလုံးရဲ့တာဝန်ကိုယူထားရတာလည်း ဖြစ်ပြန်ဆိုတော့ စိတ်ပါပင်ပန်းနေတာပေါ့။ နောက်ပြီး သူထိုင်တဲ့စားပွဲပေါ်မှာလည်း ကွန်ပျူတာတစ်လုံးနဲ့ တောက်လျှောက်အလုပ်လုပ်နေရတာ။ ဒီတော့လည်း အာရုံကြောတွေထိလာတယ်နဲ့တူပါတယ်။ သူ့ရဲ့ကံကို တွက်ကြည့်လိုက်တယ်။

သူ့ရဲ့ကံမှာလည်း ဦးခေါင်းပိုင်းတို့၊ အာရုံကြောတို့နဲ့ဆိုင်တဲ့ကံတွေညံ့နေတာကို တွေ့ရတယ်။

ဆောင်ရန်၊ ရှောင်ရန်လေးတွေကို အရင်ပြောပေးလိုက်ပြီး စားချိန်သောက်ချိန်မှန်ဖို့၊ အာရုံကြောတွေအနားပေးဖို့လည်း သူ့မှာလိုအပ်နေတာမို့ -

ထုံးစံအတိုင်းပေါ့။

"အစ်မဆေးလှူရမယ်"

"ဟုတ်ကဲ့ - လှူမယ်လေ ဆရာ။ ဘယ်လိုဆေးမျိုးလှူရမလဲ"

"အခု အစ်မဖြစ်နေတာတွေက အာရုံကြောတွေဖြစ်နေတာပါ။ အလုပ်ထဲမှာ လူပန်းစိတ်ပန်းနဲ့၊ ပြီးတော့ ညဘက်ဆိုလည်း တော်တော်နဲ့အိပ်မပျော်ဘူးဆိုတော့ အာရုံကြောတွေတစ်မျိုးဖြစ်လာတာနဲ့တူပါတယ်။ ပင်ပန်းတယ်ဆိုပေမယ့် အိပ်ပျော်တယ်ဆိုရင်လည်း ဒီလောက်အထိမဖြစ်ပါဘူး။ အဓိကကတော့ အစ်မအိပ်ရေးဝဖို့တော့လိုတယ်နော်။ အဲဒီတော့ အာရုံကြောနဲ့ဆိုင်တဲ့ဆေးတွေသာများများလှူပေတော့"

"ဩော်-ဟုတ်၊ ဘယ်လောက်လှူရမလဲ။ ဟိုဘယ်လိုမျိုးလှူရမလဲ။ လှူတဲ့ရက်ကကော ဘယ်နှရက်လောက်လှူရမလဲဆရာ"

"ရပါတယ် အစ်မ၊ အဆင်ပြေသလိုသာလှူ။ တစ်လလောက်တော့လှူရမယ်။ အစ်မက အလုပ်များလို့မအားရင်လည်း အားတဲ့အခါ အဆင်ပြေသလိုလှူပေါ့။ အဓိကက အစ်မဆေးလှူဖြစ်ဖို့ အရေးကြီးတယ်။ ကောင်းသွားမှာပါ။ ဒါလေးတွေပဲလုပ်လိုက်။ ဘာမှမပူနဲ့၊ အစ်မကောင်းသွားလိမ့်မယ်။ အစ်မရွတ်ရမယ့်ဘုရားစာကတော့. . ."

ဆေးလှူတဲ့ကုသိုလ်ပြုလိုက်တာနဲ့ ရောဂါတွေ ထူးထူးဆန်းဆန်းသက်သာသွားကြတာတွေ၊ ပျောက်ကင်းသွားကြတာတွေ အများကြီး တွေ့လာမြင်လာကြုံလာရတော့ ဆေးလှူပြီး ရောဂါပျောက်ကြတာတွေနဲ့ ပတ်သက်ပြီး တင်ပြချင်စိတ်တွေ ဖြစ်ပေါ်လာခဲ့ရပါတယ်။

တကယ်လှူရင် တကယ်ဖြစ်ပါတယ်။ တကယ်ပျောက်ပါတယ်။ လက်တွေ့တွေ့ပါ။

မပျောက်သေးပါဘူးဆိုရင် အဲဒါ မအားလို့၊ မလှူဖြစ်သေးတာတို့၊ မကြုံလို့မလှူဖြစ်သေးတာတို့ဆိုတဲ့စကားလေးတွေ ကြားရလေ့ရှိပါတယ်။

ကိုယ့်ရောဂါ ပျောက်ဖို့ပဲလေ။ ရောဂါတစ်ခုရယ်လို့ဖြစ်လာပြီဆိုရင် အဲဒီရောဂါနဲ့ပတ်သက်တဲ့ဆေးကိုလှူတာဟာ အင်မတန်မှထိရောက်လှပါတယ်။

တစ်ပတ်ကို တစ်ကြိမ်ပဲလှူလှူ၊ (၁၅)ရက်ကို (၁) ကြိမ်ပဲလှူလှူ၊ ဝေဒနာသိပ်ခံစားနေရရင် (၃) ရက်တစ်ခါ၊ (၅) ရက်တစ်ခါပဲလှူလှူ၊ တစ်လလောက်လှူလိုက်တာနဲ့ ရောဂါတွေသိသိသာသာ ပျောက်ကင်းသွားကြပါတယ်။

လတ်တလောဖြစ်တဲ့ ရောဂါမျိုး ဥပမာ သွားကိုက်တာမျိုး ဆိုပါတော့။ သွားကိုက်ပျောက်ဆေးလှူလိုက်တာနဲ့ သိသာလာပါကယ်။ တစ်ကြိမ်တည်းနဲ့ ကိုရပ်တယ်။ တစ်ခါတစ်ခါ သွားတိုက်ဆေးနဲ့ သွားပွတ်တံလှူရတာမျိုးလည်း ရှိပါတယ်။ သက်သာသွားတာပါပဲ။

ဩော် - ငါ့မှာသွားနဲ့ပတ်သက်တဲ့ ဝေဒနာဖြစ်နေတယ်။ သူ့မှာသွားနဲ့ပတ်သက်တဲ့ဝေဒနာမျိုး ငါ့လိုမဖြစ်ပါစေနဲ့၊ မခံစားရပါစေနဲ့။ သူ့ရဲ့သွားလေးတွေ ရောဂါကင်းရှင်းပါစေဆိုတဲ့ မေတ္တာနဲ့ သွားတိုက်ဆေးတို့၊ သွားပွတ်တံတို့လှူလိုက်တယ်ဆိုရင်ပဲ သိသိသာသာစပြီး သက်သာပါပြီ။

ကိုယ်ဖြစ်သလို ဝေဒနာမျိုးကို တစ်ဖက်သား မခံစားရပါစေနဲ့ဆိုတဲ့ မေတ္တာနဲ့လှူတဲ့ ဆေးအလှူမို့ ထိရောက်လွန်းပါတယ်။

အဖေဆို သူ့မိတ်ဆွေတွေကို ဆေးလှူခိုင်းရင် ဇလုံကြီးတွေထဲ ဆေးပုလင်းမျိုးစုံ၊ ဆေးထုပ်မျိုးစုံထည့်ပြီး လှူခိုင်းတာတွေ မကြာမကြာတွေ့နေရတယ်။

ဒါကြောင့်မို့လည်း -

အဆင်မသင့်လို့နေထိုင်မကောင်းဖြစ်တာမျိုး၊ ဝေဒနာတစ်ခုခုရှိနေတာမျိုးဆိုရင် အဲဒီလိုဝေဒနာမျိုးနဲ့ဆက်နွယ်တဲ့ ဆေးမျိုးကိုလှူရင်း ကုသိုလ်ပြုပါ။ ဗိုက်ခဏခဏအောင့်တတ်ရင် အစာကြေဆေး၊ လေဆေးခဏခဏလှူပေးတာမျိုးပေါ့။ အဲဒီလိုဆက်နွယ်တဲ့ဆေးအလှူ လှူရင်း ကျန်းမာကြစေဖို့ ဒီလအတွက် တင်ဆက်လိုက်ရတာ ဖြစ်ပါတယ်။


ကျန်းမာရေးအတွက် တစ်ထောင့်တစ်နေရာကနေ အထောက်အကူဖြစ်ပြီဆိုရင် ဝမ်းသာရပါပြီလို့ တင်ပြ . . .



www.burmeseclassic.com

www.burmeseclassic.com

△ဗြိတိသျှအာရှအောင်ဘုရားအဆွေ ...



△ဗြိဳရာဇာနာ-ဆရာဇပေယျာခေင်း
(ကထ္တိပါဠိနှင့်ဒိး ဇွှဿီးဒေဘာင်)
ဂန္ဓာရိဝိဇ္ဇာမယလောကီပညာနယ်အတွင်းမှ

# စမ္မာနဝင်းအင်းများ

**စမ္မာနဝင်း ဆဝီသံဝင် အမှတ်(၇) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၈ | ၁၅ | ၁၀ | ၁၅ | ၈ |
| ၁၃ | ၁၁ | ၉ | ၁၁ | ၁၃ |
| ၁၂ | ၇ | ၁၄ | ၇ | ၁၂ |
| ၁၃ | ၁၁ | ၉ | ၁၁ | ၁၃ |
| ၈ | ၁၅ | ၁၀ | ၁၅ | ၈ |

ရိုးရိုးအင်းပုံစံ

| | | | | |
|---|---|---|---|---|
| ∧ | >7 | >O | >7 | ∧ |
| >ʓ | >> | ʓ | >> | >ʓ |
| >/ | ∧ | >ʕ | ∧ | >/ |
| >ʓ | >> | ʓ | >> | >ʓ |
| ∧ | >7 | >O | >7 | ∧ |

အင်းသင်္ချာဂဏန်းအင်းပုံစံ

ဤစမ္မာနဝင်းဆဝီသံဝင်ဖြစ်သော အမှတ် (၇) အင်းကွက်၏ အင်းဆန်ဂဏန်းဖြစ်သော (၈) ကို ဤအင်း၏ ထောင့်လေးထောင့်သို့ထုတ်၍စီရင်ထားကြောင်း တွေ့ရပါမည်။ ဤစမ္မာနဝင်းဆဝီသံဝင်အင်းအုပ်စု၏ အမှတ် (၇) အင်းဖြစ်သော ဤအင်း၏အကျိုးကား ဇမ္ဗူဒီပါကျွန်းအလုံးတွင် ခပ်သိမ်းသောနေအပေါင်းတို့ကို အောင်စေနိုင်၏။ ဤအင်းကို ကြေးနီပြားတွင် ရေးသွင်းစီရင်လျက် မြို့၊ ရွာတို့၏ အရပ်လေးမျက်နှာတို့၌ မြှုပ်ထားသော် မြို့နယ်ပြည်ရွာ အေးချမ်းသာယာစေ၏။ အရပ်ရှစ်မျက်နှာမှလာသော ရန်သူခပင်းတို့ကို အောင်စေနိုင်၏။ ထို့အပြင် ဤအင်းကို နှစ်ကျိပ်ရှစ်ဆူဂါထာဖြင့်ရံ၍ စီရင်လေပါက သူတစ်ထူးတို့၏ မြုသမျှ အတတ်ပညာတို့ကို ပျက်ပြားစေရပါသည်။ ထို့ကြောင့် ဇမ္ဗူဒိပ်ရန်အောင်မြင်အင်းဟု ဆိုရပါမည်။

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၈) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၉ | ၁၆ | ၁၁ | ၁၆ | ၉ |
| ၁၄ | ၁၂ | ၁၀ | ၁၂ | ၁၄ |
| ၁၃ | ၈ | ၁၅ | ၈ | ၁၃ |
| ၁၄ | ၁၂ | ၁၀ | ၁၂ | ၁၄ |
| ၉ | ၁၆ | ၁၁ | ၁၆ | ၉ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| ʓ | >6 | >> | >6 | ʓ |
| >ʕ | >/ | >O | >/ | >ʕ |
| >ʓ | ∧ | >7 | ∧ | >ʓ |
| >ʕ | >/ | >O | >/ | >ʕ |
| ʓ | >6 | >> | >6 | ʓ |

အင်းသင်္ချာဂဏန်းအင်းနမူနာ

ဓမ္မစေတီအင်းသိုက်ဝင် ဆဝီသံ စမ္မာနဝင်းအင်းတစ်ခုဖြစ်သော ဤအမှတ်(၈)အင်းကွက်၌ အင်းဆန်ဂဏန်းဖြစ်သော (၉) ဂဏန်းကို ထောင့်လေးထောင့်၌ထုတ်၍ ရေးစီရင်ထားကြောင်း တွေ့ရပေလိမ့်မည်။ ဤအင်း၏အကျိုးကား ဆိတ်ငြိမ်အေးချမ်းစေခြင်းအလို့ငှာ အသုံးချရခြင်းပင် ဖြစ်ပေသည်။ ဤအင်းလေးအင်း စီရင်လျက် မြို့၊ ရွာတို့၌ မြှုပ်နှံသည်ရှိသော် မြို့ကား ရွာ၊ ရွာကား တောအသီးသီးဖြစ်စေ၏။ အထက်အမှတ်(၇)အင်း၏အကျိုးသွားနှင့်ပြောင်းပြန်ဖြစ်ပေသည်။

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၉) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၀ | ၁၇ | ၁၂ | ၁၇ | ၁၀ |
| ၁၅ | ၁၃ | ၁၁ | ၁၃ | ၁၅ |
| ၁၄ | ၉ | ၁၆ | ၉ | ၁၄ |
| ၁၅ | ၁၃ | ၁၁ | ၁၃ | ၁၅ |
| ၁၀ | ၁၇ | ၁၂ | ၁၇ | ၁၀ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >O | >∧ | >/ | >∧ | >O |
| >7 | >ʓ | >> | >ʓ | >7 |
| >ʕ | ʓ | >6 | ʓ | >ʕ |
| >7 | >ʓ | >> | >ʓ | >7 |
| >O | >∧ | >/ | >∧ | >O |

အင်းသင်္ချာဂဏန်းအင်းနမူနာ

ဤဓမ္မစေတီအင်းသိုက်ဝင် စမ္မာနဝင်း ထောင့်ထုတ်အင်းဖြစ်သော ဤအမှတ် (၉) အင်းရှိ အင်းဆန်ဂဏန်းဖြစ်သော (၁၀) ကို ထောင့်လေးထောင့်၌ ထုတ်၍ ရေးစီရင်ထားကြောင်း တွေ့ရပါလိမ့်မည်။ ဤဆဝီသံဝင်နဝမအင်း၏ အကျိုးကား အင်း၏ပတ်လည်(ဝါ)အင်းကိုပတ်၍ စပါးကြီးရုပ်ကိုရေးပြီး ဦးခေါင်း၌ 'ဥတိနသပွော' ကို ရေးသွင်း၊ 'စတုဂ်



www.burmeseclassic.com

www.burmeseclassic.com

ပတိ' ဂါထာကိုရံလျက် မိမိဥစ္စာပစ္စည်းနှင့်အတူ မြှုပ်လေက အစောင့်ဖြစ်လျက် ခုနစ်နှစ်လည်လျှင် စပါးကြီးမြွေကြီးဖြစ်၏။ နာနာရှုပ်ရုပ်ဥစ္စာစောင့်ထားသော အတတ်ပညာတစ်မျိုးဖြစ်ပေသည်။

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၁၀) အင်းကွက်**

ဓမ္မစေတီအင်းသိုက်ဝင်ဤအမှတ် (၁၀) အင်း၏ အင်းဆန်ဂဏန်းမှာ (၁၁) ဖြစ်ပြီး ဤအင်း၌ ထိုအင်းဆန်ဂဏန်း (၁၁) ကို ထောင့်လေးထောင့်၌ ထုတ်၍ ရေးစီရင်ထားကြောင်း အောက်ပါအတိုင်း တွေ့ရပေမည်။

| | | | | |
|---|---|---|---|---|
| ၁၁ | ၁၈ | ၁၃ | ၁၈ | ၁၁ |
| ၁၆ | ၁၄ | ၁၂ | ၁၄ | ၁၆ |
| ၁၅ | ၁၀ | ၁၇ | ၁၀ | ၁၅ |
| ၁၆ | ၁၄ | ၁၂ | ၁၄ | ၁၆ |
| ၁၁ | ၁၈ | ၁၃ | ၁၈ | ၁၁ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >> | >Λ | >ㄹ | >Λ | >> |
| >ɕ | >ς | >ㄹ | >ς | >ɕ |
| >ๆ | >O | >Λ | >O | >ๆ |
| >ɕ | >ς | >/ | >ς | >ɕ |
| >> | >Λ | >ㄹ | >Λ | >> |

အင်းသင်္ချာဂဏန်းအင်းနမူနာ

အင်းဆန်ဂဏန်း (၁၁) ထောင့်ထုတ်ဖြစ်သော ဤအမှတ် (၁၀) အင်း၏ အကျိုးကား ဤအင်းကို ကျောက်တုံး ကျောက်ပြားတို့တွင်ချကာ ဆင်ရုပ်ရေး၍ ရံပြီး ယင်းကို 'တြိသီဟောဂါထာ'ဖြင့်ရံ၍ စီရင်ပါက အထက် အမှတ် (၉) အင်းအတိုင်း ဥစ္စာပစ္စည်းနှင့်အတူထားပါက ဥစ္စာပစ္စည်းကို ဆင်စောင့်ပြီး ဥစ္စာပစ္စည်းကို ထိပါးလာပါက ဆင်လိုက်၍ထိုး၏၊ နင်း၏။ ဤသည်မှာလည်း နာနာရုပ် ဥစ္စာစောင့်ထားသည့်အတတ်တစ်မျိုးဖြစ်ပေသည်။

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၁၁) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၂ | ၁၉ | ၁၄ | ၁၉ | ၁၂ |
| ၁၇ | ၁၅ | ၁၃ | ၁၅ | ၁၇ |
| ၁၆ | ၁၁ | ၁၈ | ၁၁ | ၁၆ |
| ၁၇ | ၁၅ | ၁၃ | ၁၅ | ၁၇ |
| ၁၂ | ၁၉ | ၁၄ | ၁၉ | ၁၂ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >/ | >ㄹ | >ς | >ㄹ | >/ |
| >Λ | >ๆ | >ㄹ | >ๆ | >Λ |
| >ɕ | >> | >Λ | >> | >ɕ |
| >Λ | >ๆ | >ㄹ | >ๆ | >Λ |
| >/ | >ㄹ | >ς | >ㄹ | >/ |

အင်းသင်္ချာဂဏန်းအင်းနမူနာ

ဓမ္မစေတီအင်းသိုက်ဝင်စမ္မာနဝင်း ဆဝီသံအုပ်စုမှ အမှတ် (၁၁) အင်းဖြစ်သော ဤအင်း၏အင်းဆန် (၁၂) ကို အင်း၏ထောင့်လေးထောင့်၌ထုတ်၍ စီရင်ထားသည်ကို တွေ့ရပေသည်။

ဤဆဝီသံဝင်အမှတ် (၁၁) အင်း၏အကျိုးကား ဤအင်းကိုလည်း ကျောက်တုံး၊ ကျောက်ပြား၊ ကျောက်နံရံတို့တွင် ရေးစီရင်ပြီး ကုမ္ဘဏ်၊ ယက္ခရုပ်များရေးလျက် ၎င်းအရုပ်၏ ဝမ်းဗိုက်ဆက်ပိုင်းထဲတွင် 'ဥုံ မဟာကုမ္ဘဏ္ဍောဝါ သွားဟုံ' ဟူသော မန္တန်ကို ရေးသွင်းရပါမည်။ ထို့နောက် ဤအင်းနှင့်အတူ ဥစ္စာပစ္စည်းတို့ကိုထားပါ။ ဥစ္စာတို့ကို ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခရုပ်တို့ စောင့်ရှောက်လေသော ဟူ၏။

**စမ္မာနဝင်းဆဝီသံဝင်းအမှတ် (၁၂) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၃ | ၂၀ | ၁၅ | ၂၀ | ၁၃ |
| ၁၈ | ၁၆ | ၁၄ | ၁၆ | ၁၈ |
| ၁၇ | ၁၂ | ၁၉ | ၁၂ | ၁၇ |
| ၁၈ | ၁၆ | ၁၄ | ၁၆ | ၁၈ |
| ၁၃ | ၂၀ | ၁၅ | ၂၀ | ၁၃ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >ㄹ | /O | >ๆ | /O | > |
| >Λ | >ɕ | >ς | > | >Λ |
| >Λ | >/ | >ㄹ | >/ | >Λ |
| >Λ | >ɕ | >ς | >ɕ | >Λ |
| >ㄹ | /O | >ๆ | /O | >ㄹ |

အင်းသင်္ချာဂဏန်းအင်းနမူနာ

ဓမ္မစေတီအင်းသိုက်ဖြစ်သောစမ္မာနဝင်းဆဝီသံဝင် အမှတ် (၁၂) အင်း ဖြစ်သော ဤအင်းကိုကြည့်ပါက အင်းဆန်ဂဏန်းဖြစ်သော (၁၃) ကို ထောင့်လေးထောင့်ထုတ်၍ စီရင်ထားသည်ကို တွေ့ရပါမည်။ ဤဆဝီသံဝင်အမှတ် (၁၂) အင်း၏အသုံးနှင့် စီရင်ပုံမှာလည်း အထက်ကအင်းများကဲ့သို့ ကျောက်ပြား၊ ကျောက်တုံး၊ ကျောက်နံရံများ၌ ရေးစီရင်ပြီး ဘီလူးရုပ်ခံလျက် ဘီလူး၏ ဝမ်းတွင် 'ဥုံ မဟာရက္ခော' ဟု ရေးသွင်းပါက ဥစ္စာကို ဘီလူးစောင့်ပေလိမ့်မည်။ ထို့အပြင် ဤအင်းကို 'မဌ္ဌောရဏ'ဂါထာ ရံလျက် စီရင်ဆောင်ထားလေမူ ဘုန်းအလွန်ကြီး၏။ ရှေးက ယာဉ်၊ ရထားတို့ပင် ဆက်သွင်းခံရ ဟူ၏။

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၁၃) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၄ | ၂၁ | ၁၆ | ၂၁ | ၁၄ |
| ၁၉ | ၁၇ | ၁၅ | ၁၇ | ၁၉ |
| ၁၈ | ၁၃ | ၂၀ | ၁၃ | ၁၈ |
| ၁၉ | ၁၇ | ၁၅ | ၁၇ | ၁၉ |
| ၁၄ | ၂၁ | ၁၆ | ၂၁ | ၁၄ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >ς | /> | >ɕ | /> | >ς |
| >ㄹ | >Λ | >ๆ | >Λ | >ㄹ |
| >Λ | >ㄹ | /O | >ㄹ | >Λ |
| >ㄹ | >Λ | >ๆ | >Λ | >ㄹ |
| >ς | /> | >ɕ | /> | >ς |

အင်းသင်္ချာဂဏန်းအင်းနမူနာ



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီအင်းသိုက်ဖြစ်သောစမှာနဝင်း ဆဝီသံဝင် ဤအင်းအမှတ်(၁၃)၌ အင်းဆန်ဂဏန်း (၁၄) ကို ထောင့်လေးထောင့်ထုတ်၍ ရေးဆွဲသွင်းစီရင်ထားလေသည်။ ဤအင်း၏အသုံးနှင့် အကျိုးမှာလည်း အထက်အင်းများမှာကဲ့သို့ ကျောက်တုံး၊ ကျောက်ပြား၊ ကျောက်နံရံများ၌ချ၍ နဂါးရုပ်လေးရုပ်ရေးဆွဲပြီး ဉ၊ သ၊ န၊ သော ဟူသော အက္ခရာလေးလုံးကို နဂါးရုပ်ဝမ်းများအတွင်းရေးသွင်းရပါမည်။ ပြီးလျှင် 'ပထမံဂါထာ' နှင့် 'ဥဏ္ဏလောမာမုနိဂါထာ' တို့ကိုရံ၍ ရေးစီရင်ပါက (၃) နှစ်ကြာသော် နဂါးဥစ္စာစောင့်လေ၏။ တစ်ဖန် ဤအင်းကို စက္ကူတွင်ရေး၊ 'ဇေယျပရိတ်'ကို ရံကာ ထောင့်လေးထောင့်တွင်လည်း မဟာဝိနာယကရံ၊ သုခါဝဟာကိုလည်းရံ၍ရေးစီရင်သော် ရန်သူခပ်သိမ်းတို့ မချဉ်းကပ်ပုံ၊ ခပ်သိမ်းသောသူတို့၏ ပူဇော်အထူးတိုလည်းခံရ၏။

**စမှာနဝင်း ဆဝီသံဝင် အမှတ် (၁၄) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၅ | ၂၂ | ၁၇ | ၂၂ | ၁၅ |
| ၂၀ | ၁၈ | ၁၆ | ၁၈ | ၂၀ |
| ၁၉ | ၁၄ | ၂၁ | ၁၄ | ၁၉ |
| ၂၀ | ၁၈ | ၁၆ | ၁၈ | ၂၀ |
| ၁၅ | ၂၂ | ၁၇ | ၂၂ | ၁၅ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >7 | // | >Λ | // | >7 |
| /0 | >Λ | >6 | >Λ | /0 |
| >2 | >S | /> | >S | >2 |
| /0 | >Λ | >6 | >Λ | /0 |
| >7 | // | >Λ | // | >7 |

အင်းသင်္ချာဂဏန်းအင်းနမူနာ

ဓမ္မစေတီအင်းသိုက်ဝင် စမှာနဝင်းဆဝီသံအင်းအမှတ်(၁၄)ကို ကြည့်လျှင် အင်းဆန်ဂဏန်း (၁၅) ကို ထောင့်လေးထောင့်၌ထုတ်၍ ရေးစီရင်ထားကြောင်းတွေ့ရပါမည်။ ဤအမှတ် (၁၄) အင်းကို ကျောက်ပြားတွင်ချ၍ 'ပထမံဂါထာ' ကို ရံပေးပြီးလျှင် ထောင့်လေးထောင့်၌ မိကျောင်းရုပ်များကို ကိုက်နေဟန်ရေးဆွဲ၍သွင်း၊ ထိုအင်းကိုရေထဲပစ်ထားသော် တစ်နှစ်ကြာလျှင် မိကျောင်းပေါ်သည်ဟု ဆိုပေသည်။

**အထူးမှတ်ချက်**

ဤနေရာ၌ အထူးရွေးထုတ်ကောက်နုတ် ဖော်ပြချင်သည်ကား ဤဓမ္မစေတီအင်းသိုက်ဝင်ဆဝီသံအင်းများအနက် ယခု ရေးသား တင်ပြထားသည်အထိ ပြန်ထည့်သုံးသပ်ကြည့်ပါက ဆဝီသံဝင် အင်းအမှတ် (၉) မှ အမှတ် (၁၄) အထိ အင်း (၆) ကွက်သည် ဥစ္စာပစ္စည်းသိုက်၊ ပညာသိုက်၊ ဘုရားသိုက်၊ ဂဝံပတိသိုက် စသော ဥစ္စာပစ္စည်း၊ ပညာတို့ကိုရှေးမဟိဒ္ဓိ၊ သိဒ္ဓိရှင်ကြီးများ အစောင့်ချကာကွယ်တားဆီးရာတွင် အသုံးပြုသော ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနာနာရုပ်အတတ်ပညာမျိုးများ ဖြစ်ကြောင်းတွေ့ရပေသည်။ ဤဝိဇ္ဇာမယနာနာရုပ်အတတ်တို့ဖြင့် အစောင့်ချထားခြင်းကြောင့် ဂမ္ဘီရနယ်မြေများတွင် ဥစ္စာသိုက်၊ ဘုရားသိုက်၊ ပညာသိုက်၊ ဂဝံပတိသိုက် စသည်တို့၌ တန်ခိုးကြီးသော ဂန္ဓဗ္ဗနတ်များ၊ ဘီလူး၊ ကုမ္ဘဏ်၊ ယက္ခများ၊ နဂါးများ၊ ဆင်၊ ကျား၊ ကျောက်မိကျောင်းများစသည့်အစောင့်အရှောက်ပုဂ္ဂိုလ်များ၊ နတ်တိရစ္ဆာန်များရှိနေကြခြင်း ဖြစ်ပေသည်။ ထို့ကြောင့်လည်း သာမန်ပညာမျှလောက်နှင့် ထိုသိုက်များကို သွားစမ်း၍ မရနိုင်ချေ။ အကြောင်းမူကား ထိုနာနာရုပ်အတတ်ပညာသာမက စတုလောကပါလနတ်မင်းကြီးများ၊ သာသနာစောင့်အထက်နတ်များ၊ နတ်ဝိဇ္ဇာများကပါ အထက်ပုဂ္ဂိုလ်တို့၏အလိုအတိုင်း ဝိုင်းဝန်းစောင့်ရှောက်နေကြခြင်းကြောင့် ဖြစ်ပေသည်။ သို့သော် အချို့ယုံသိုက်များကိုမူကား ပညာမှီမှု ယူကြလေ ဆိုသော သဘောဖြင့် သီလ၊ သမာဓိ၊ ပညာပြည့်စုံသော ပညာရှင်တို့ကိုကား ယူဆောင်နှင်းရရန် အမိန့်ဒဏ်ပြုထားခဲ့ကြသည်လည်းရှိပါသည်။)

**စမှာနဝင်း ဆဝီသံဝင် အင်းအမှတ် (၁၅) အင်းကွက်**

ဓမ္မစေတီအင်းသိုက် ဖြစ်သော ဆဝီသံဝင် စမှာနဝင်းအင်းအမှတ် (၁၅) ကိုကား ယင်းအင်း၏အင်းဆန်ဖြစ်သော အင်းဆန်ဂဏန်း (၁၆) ကို ထောင့်လေးထောင့်၌ထုတ်၍ ရေးစီရင်ရကြောင်းတွေ့ရလေသည်။ ဤအင်းကို ငွေပြားတွင်ချ၍ 'မိစ္ဆာရောဂဂါထာ' ကိုရံပြီး ဆောင်သော် သဗ္ဗကုဏ္ဍိရာဇာသျှိသုံးပါး အပြီးတိုင်၏။ ဆီတွင်စိမ်၍လိမ်းလေ။

| | | | | |
|---|---|---|---|---|
| ၁၆ | ၂၃ | ၁၈ | ၂၃ | ၁၆ |
| ၂၁ | ၁၉ | ၁၇ | ၁၉ | ၂၁ |
| ၂၀ | ၁၅ | ၂၂ | ၁၅ | ၂၀ |
| ၂၁ | ၁၉ | ၁၇ | ၁၉ | ၂၁ |
| ၁၆ | ၂၃ | ၁၈ | ၂၃ | ၁၆ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >6 | /2 | >Λ | /2 | >6 |
| /> | >2 | >Λ | >2 | /> |
| /0 | >7 | // | >7 | /0 |
| /> | >2 | >Λ | >2 | / |
| >6 | /2 | >Λ | /2 | >6 |

အင်းသင်္ချာဂဏန်းအင်းနမူနာ

**စမှာနဝင်း ဆဝီသံဝင် အမှတ် (၁၆) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၇ | ၂၄ | ၁၉ | ၂၄ | ၁၇ |
| ၂၂ | ၂၀ | ၁၈ | ၂၀ | ၂၂ |
| ၂၁ | ၁၆ | ၂၃ | ၁၆ | ၂၁ |
| ၂၂ | ၂၀ | ၁၈ | ၂၀ | ၂၂ |
| ၁၇ | ၂၄ | ၁၉ | ၂၄ | ၁၇ |

ရိုးရိုးဂဏန်းအင်းပုံစံ

| | | | | |
|---|---|---|---|---|
| >Λ | /S | >2 | /S | >Λ |
| // | /0 | >Λ | /0 | // |
| /> | >6 | /2 | >6 | /> |
| // | /0 | >Λ | /0 | // |
| >Λ | /S | >2 | /S | >Λ |

အင်းသင်္ချာဂဏန်းအင်းနမူနာ



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီအင်းသိုက်ဝင် ဤဆဝီသံအုပ်စုမှ အင်းအမှတ် (၁၆) တွင် အင်းဆန်ဂဏန်းဖြစ်သော (၁၇) ကို ထောင့်လေးထောင့်ထုတ်၍ စီရင်ထားသည်ကို တွေ့ရပေမည်။ ဤအင်း၏ အကျိုးအသုံးပြုပုံကို ကျမ်းဂန်များ၌ မတွေ့ရချေ။

**စမ္မာနဝင်း ဆဝီသံဝင် အင်းအမှတ် (၁၇) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၈ | ၂၅ | ၂၀ | ၂၅ | ၁၈ |
| ၂၃ | ၂၀ | ၁၉ | ၂၀ | ၂၃ |
| ၂၂ | ၁၇ | ၂၄ | ၁၇ | ၂၂ |
| ၂၃ | ၂၀ | ၁၉ | ၂၀ | ၂၃ |
| ၁၈ | ၂၅ | ၂၀ | ၂၅ | ၁၈ |

ရိုးရိုးဂဏန်းအင်းနမူနာ

| | | | | |
|---|---|---|---|---|
| >Λ | /7 | /O | /7 | >Λ |
| /2 | /> | >2 | /2 | /2 |
| // | >Λ | /S | >Λ | // |
| /2 | /> | >2 | /> | /2 |
| >Λ | /7 | /O | /7 | >Λ |

အင်းသချ်ာဂဏန်းဖြင့်အင်းနမူနာ

အထက်ပါ ဓမ္မစေတီအင်းသိုက်ဖြစ်သော ဆဝီသံအုပ်စု အမှတ် (၁၇) အင်းတွင် အင်းဆန်ဂဏန်းဖြစ်သော (၁၈) ကို အင်း၏ထောင့်လေးထောင့်၌ ထုတ်၍စီရင်ထားကြောင်းတွေ့မည်ဖြစ်သည်။ ဤအင်းကို လိပ်ရုပ်ထောင့်ကိုက်နေဟန်ရေးပြီး 'တြိသီဟော်ဂါထာ' ဖြင့်ရံရမည်။ လိပ်ရုပ်၏ခြေလေးဖက်၌လည်း 'သိဒ္ဓိနာမ'ဟုရေး၊ ခေါင်းမှာ 'ဥဇ္ဇနာသော' ရေးပြီး ရေတွင်ချထားပါက သုံးနှစ်စေ့လျှင် လိပ်ပေါ်လျက် ရေးကူးရေငုပ်လေတော့၏။

**စမ္မာနဝင်း ဆဝီသံဝင် အင်းအမှတ် (၁၈) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၁၉ | ၂၆ | ၂၁ | ၂၆ | ၁၉ |
| ၂၄ | ၂၂ | ၂၀ | ၂၂ | ၂၄ |
| ၂၃ | ၁၈ | ၂၅ | ၁၈ | ၂၃ |
| ၂၄ | ၂၂ | ၂၀ | ၂၂ | ၂၄ |
| ၁၉ | ၂၆ | ၂၁ | ၂၆ | ၁၉ |

ရိုးရိုးဂဏန်းနမူနာအင်း

| | | | | |
|---|---|---|---|---|
| >2 | /6 | /> | /6 | >2 |
| /S | // | /O | // | /S |
| /2 | >Λ | /7 | >Λ | /2 |
| /S | // | /O | // | /S |
| >2 | /6 | /> | /6 | >2 |

အင်းသချ်ာဂဏန်းဖြင့်နမူနာအင်း

ဤဓမ္မစေတီအင်းသိုက်ဖြစ်သော ဆဝီသံအုပ်စု အင်းအမှတ် (၁၈) တွင် အင်းဆံဂဏန်း (၁၉) ကို ထောင့်လေးထောင့်ထုတ်၍ စီရင်ထားကြောင်း တွေ့ရသည်။ ဤအင်း၏အကျိုးအသုံးပြုပုံကို ကျမ်းဂန်များ၌ မတွေ့ရချေ။

**စမ္မာနဝင်း ဆဝီသံဝင်အမှတ် (၁၉) အင်းကွက်**

ဤဓမ္မစေတီအင်းသိုက်ဖြစ်သော ဆဝီသံဝင်အင်းအမှတ် (၁၉) တွင် အင်းဆန်ဂဏန်း (၂၀) ကို ထောင့်လေးထောင့်ထုတ်၍ စီရင်ထားကြောင်း တွေ့ရသည်။ ဤအင်း၏အသုံးနှင့်အကျိုးကိုလည်း မတွေ့ရချေ။

| | | | | |
|---|---|---|---|---|
| ၂၀ | ၂၇ | ၂၂ | ၂၇ | ၂၀ |
| ၂၅ | ၂၃ | ၂၁ | ၂၃ | ၂၅ |
| ၂၄ | ၁၉ | ၂၆ | ၁၉ | ၂၄ |
| ၂၅ | ၂၃ | ၂၁ | ၂၃ | ၂၅ |
| ၂၀ | ၂၇ | ၂၂ | ၂၇ | ၂၀ |

ရိုးရိုးဂဏန်းနမူနာအင်း

| | | | | |
|---|---|---|---|---|
| /O | /Λ | // | /Λ | /O |
| /7 | /2 | /> | /2 | /7 |
| /S | >2 | /6 | >2 | /S |
| /7 | /2 | /> | /2 | /7 |
| /O | /Λ | // | /Λ | /O |

အင်းသချ်ာဂဏန်းဖြင့်နမူနာအင်း

**စမ္မာနဝင်း ဆဝီသံဝင် အမှတ် (၂၀) အင်းကွက်**

| | | | | |
|---|---|---|---|---|
| ၂၁ | ၂၈ | ၂၃ | ၂၈ | ၂၁ |
| ၂၆ | ၂၄ | ၂၂ | ၂၄ | ၂၆ |
| ၂၅ | ၂၀ | ၂၇ | ၂၀ | ၂၅ |
| ၂၆ | ၂၄ | ၂၂ | ၂၄ | ၂၆ |
| ၂၁ | ၂၈ | ၂၃ | ၂၈ | ၂၁ |

ရိုးရိုးဂဏန်းနမူနာအင်း

| | | | | |
|---|---|---|---|---|
| /> | /Λ | /2 | /Λ | /> |
| /6 | /S | // | /S | /6 |
| /7 | /O | /Λ | /O | /7 |
| /6 | /S | // | /S | /6 |
| /> | /Λ | /2 | /Λ | /> |

အင်းသချ်ာဂဏန်းအင်းနမူနာအင်း

ဓမ္မစေတီအင်းသိုက် ဖြစ်သော ဆဝီသံဝင်အင်းများမှ အမှတ်(၂၀)အင်း ဖြစ်သော ဤအင်းတွင်လည်း အင်းဆန် ဂဏန်း (၂၁) ကို ထောင့်လေးထောင့် ထုတ်၍ စီရင်ထားကြောင်း တွေ့ရပါ သည်။ ဤအင်း၏အသုံးနှင့်အကျိုးကို လည်း သီးခြားမတွေ့ရှိရပါသေးချေ။

တိဗ္ဗိရတနာ-ဆရာဇေယျလင်း
(ကာတ္တိပါပိနပ်စီး၊ ရွှေထီးဆောင်)



www.burmeseclassic.com

www.burmeseclassic.com

ကြောက်ဆို ကျွန်တော့်မှာ တိုက်နဲ့ ကားနဲ့၊ ဆိုင်ကယ်၊ တီဗွီ၊ ကွန်ပျူတာ၊ အနှစ်နှစ်အလလက စုဆောင်းထားတဲ့စာအုပ်တွေ၊ ပြီးတော့ ချစ်ရတဲ့ဇနီးမယားဒါတွေအားလုံးကိုစွန့်ခွာပြီး ဘယ်ဆီမှန်း မသိတဲ့ တစ်နေရာကို တစ်ယောက်တည်းထွက်သွားရမှာဆိုတော့ မကြောက်ဘယ်ရှိပါ့မလဲ။

ကျွန်တော့်ထက်အကြောက်ပိုကြီးတဲ့လူတချို့ဆိုရင် သေဆိုတဲ့စကားကို နိမိတ်မရှိနမာမရှိဆိုပြီး မကြားရဲရုံမက အသက်မေးရင်တောင် အမှန်အတိုင်း မပြောချင်ကြဘူး။ သေမင်းကြားသွားမှာ ဒိုးလို့တဲ့။ မသိရင် သေမင်းကပဲ အသက်ရွှေ့ပြီးခေါ် သလိုလို။ ကျွန်တော်ကတော့ ဘယ်သူမေးမေး ချက်ချင်းပဲ ဖြေတတ်ပါ

ခရစ်ယာန်တွေက 'ခရစ်တော်၌အိပ်ပျော်သည်' (Asleep in Jesus) လို့ဆိုပါတယ်။ ခရစ်ယာန်သင်္ချိုင်းက မှတ်တိုင်တွေမှာ R.I.P (Rest in peace) လို့ ရေးထိုးထားတတ်ကြပါတယ်။ အစ္စလာ(မ်)ဘာသာဝင်တွေကတော့ 'အလ္လာအသျှင်မြတ်ခေါ်တော်မူတယ်'လို့ဆိုပါတယ်။ ဘုရားခေါ်တော့မှ ဘယ်နေလို့ရပါ့မလဲ၊ လိုက်ရတာပေါ့။ ဒီဘာသာတွေမှာ အမြဲတည်

လည်း အစဉ်အတိုင်းဖြစ်ချင်မှဖြစ်တတ်ပေမယ့် သေခြင်းကတော့ အမြဲတမ်းနောက်ဆုံးမှာနေပါတယ်။ သက်တမ်းစေ့နေရတယ်ဆိုတဲ့သူတွေမှသာ အိုပြီးနာ၊ နာပြီးမှသေကြတာပါ။ တချို့က အိုတဲ့အဆင့်တောင်မရောက်ဘဲ သေသွားတတ်ကြပါတယ်။ ဥပမာပြရရင်တော့ ရန်ကုန် - မန္တလေး အမြန်လမ်းမှာ ဘဝပြောင်းသွားကြသူတွေပေါ့။ တချို့ကျတော့ မအိုဆေးကိုသောက်ပြီး အိုတဲ့အဆင့်ကိုကျော်လို့ ရောဂါရှာ၊ နာပြီးသေသွားတတ်တာလည်းရှိပါတယ်။ သူတို့ ပိုက်ဆံအကုန်ခံပြီးရှာထားလို့ ရတဲ့ရောဂါကို အရက်နာကျရောဂါလို့ခေါ်ပါတယ်။



# (မေဓာ) မောင်ပွင့်ဘုကျော်

## ကျွန်တော်သေရမှာကြောက်ပါတယ်

တယ်။ (၃၀)၊ (၃၅)လောက်ပဲရှိပါသေးတယ်လို့ပ။ ကိုယ့်ဘာသာကိုယ်ပေါင်းယူကြပေါ့ဗျာ။

ဒဿနဆရာတစ်ဦးကတော့ -

"လူဆိုတဲ့သတ္တဝါဟာ အတော်ထူးဆန်းတယ်။ တစ်နေ့သေကြရမှာကို သိလျက်နဲ့ မသေတော့တဲ့ပုံစံမျိုးနဲ့သွားလာလှုပ်ရှားနေနိုင်ကြတယ်"

လို့ ဆိုခဲ့ပါတယ်။

ဒါကလည်း အရွယ်သုံးပါးစလုံး အချိန်မရွေးသေနိုင်ကြတယ်၊ သေနေကြတယ်ဆိုတာ သိထားပေမယ့် ကိုယ်ကတော့ တော်ရုံနဲ့ မသေနိုင်သေးဘူးလို့ ယူဆထားလို့ပဲဖြစ်ပါလိမ့်မယ်။

လူတွေမသိနိုင်တဲ့အကြောင်းတွေထဲမှာ ဘယ်နေ့၊ဘယ်အချိန်မှာသေမယ်၊ ဘာရောဂါ၊ ဘယ်လိုအကြောင်းနဲ့သေမယ်၊ ဘယ်နေရာမှာသေမယ်၊ သေပြီးရင် ကိုယ့်အလောင်းကောင်မြှုပ်မယ့်နေရာ စတာတွေကို မသိနိုင်ပါ။ မသိတာလည်း ခပ်ကောင်းကောင်း။ ဘယ်နေ့မှာ သေမယ်ဆိုတာကို သိတာတစ်ခုတည်းနဲ့တင် လူဟာ အတော်ဆောက်တည်ရာမရဖြစ်သွားနိုင်ပါတယ်။

လူတွေ ကိုးကွယ်ရာရှာကြတဲ့ အကြောင်းတွေထဲမှာ အခုပြောနေတဲ့ သေရမှာကြောက်တယ် ဆိုတာလည်း တစ်ကြောင်းဖြစ်ပါတယ်။ သေတာကို

နေတဲ့ အနန္တတန်ခိုးတော်ရှင်ကို ယုံယုံကြည်ကြည်နဲ့ ဆုတောင်းရင် ဘယ်တော့မှမသေတဲ့ ထာဝရအသက်ကိုရနိုင်တယ်လို့ ယုံကြည်ကြတယ်။

တစ်ကမ္ဘာလုံးက ဗုဒ္ဓလို့သိနေကြတဲ့ မဟာလူသားကတော့ ကိုယ်တိုင်က အသက် (၈၀) အရွယ်မှာ သေဆုံးသွားခဲ့တာကြောင့် ဘယ်သူ့ကိုမှမသေအောင် ကယ်တင်မယ်လို့ တစ်ခွန်းမှမပြောသွားခဲ့ပါဘူး။ ဘဝရှိရင် သေရမှာအမှန်ဖြစ်ပါတယ်။ 'သေပြီးနောက်မှာ မအို၊ မနာ၊ မသေနိုင်တဲ့နည်း'ကို ကိုယ်တိုင်ကျင့်ကြံအားထုတ်လို့ သိသွားတဲ့အတိုင်း လမ်းညွှန်ပြသသွားခဲ့ပါတယ်။ 'ငါကတော့ လမ်းကိုပြရုံပဲပြနိုင်တယ်။ ရောက်အောင်သွားရမှာက မင်းတို့အလုပ်ပဲ' လို့ ကိုယ့်အားကိုယ်ကိုးဖို့ အတိအလင်းပြောကြားသွားခဲ့ပါတယ်။

'အို၊ နာ၊ သေ'ဆိုတဲ့ ဒီသုံးခုက

မဟာလူသားကတော့ ဒီဘေးကြီးသုံးခုကို သတ္တဝါတွေ သေချာပေါက်ခံစားကြရလို့ သံသရာဘေးလို့တောင် အမည်ပေးထားပါတယ်။ခွင်းချက်အနေနဲ့ အိုခြင်း၊ နာခြင်းကင်းတဲ့ဘုံတွေရှိပါသေးတယ်။ အဲဒါကတော့ နတ်ပြည်နဲ့ ဗြဟ္မာ့ပြည်တွေပဲဖြစ်ပါတယ်။ ဒီဘဝမှာ နတ်ပြည်ရောက်နိုင်လောက်တဲ့ ကောင်းမှုတွေပြုရင် သေတဲ့အခါ ဒါရိုက်ကစ်နဲ့ နတ်ပြည်မှာ (၁၆) နှစ်အရွယ်တန်းဖြစ်တယ်လို့ဆိုပါတယ်။ သေတဲ့အထိ ဒီအရွယ်ကနေမတက်ဘူးလို့ ဆရာတော်တွေကဟောတော့ ဒကာမတွေအများစုဟာ ဒါနတွေပြု၊ ဥပုသ်တွေစောင့်ပြီး နတ်ပြည်ဝင်ခွင့်ဗီဇာ အလုအယက်လျှောက်ကြလို့ဖြစ်မယ်ထင်ပါတယ်၊ နတ်ပြည်မှာ နတ်သားတွေထက် နတ်သမီးတွေက ပိုများပါတယ်။ နတ်သားတစ်ယောက်မှာ နတ်သမီးတစ်ဖက်ငါးရှ



www.burmeseclassic.com

www.burmeseclassic.com

တဲ့အတွက် မိုးရွာအသေယောက် (၅၀) လောက်ယူထားတတ်တဲ့ လူပြည်က ဘုရင်တွေကို နတ်သားတွေက သနား တယ်လို့ဆိုပါတယ်။

နေရင်းထိုင်ရင်း နတ်သားတွေကို 'ဂျက်လက်ဆီ'ဖြစ်ရတာ တယ်မကောင်း လှပါဘူး။ ကိုယ့်ဒုက္ခပဲကိုယ်ပြောပါတော့ မယ်။ ကောလိပ်မှာတုန်းက ကိုယ်လုံး လေးလှမလားလို့ ဝိတ်ပြားမ,ခဲ့တဲ့ ကျွန်တော်ဟာ အသက်(၅၀)ကျော်လာ တော့ အလေးအပင်တွေသိပ်မ,မနိုင် တော့ပါ။ ခုံတွေခုပြီးအမြင့်တက်တဲ့အခါ မှာလည်း ကိုယ်ကိုမနည်းထိန်းပြီး အား စိုက်တက်ရပါတယ်။ အိုလာရင် မင်း မစွမ်းတော့ဘူးဆိုတဲ့ အိုမင်းမစွမ်းရဲ့ အဓိပ္ပာယ်ကို စာတွေ့မဟုတ်ဘဲ ကိုယ်တွေ့ သိလာရထာပါ။

မျက်စိကမှဲလာလိုက်တာ မျက်မှန် က ထူသထက်ထူလာပြီး နောက်ဆုံး မျက်စိနှစ်ဖက်စလုံး အတွင်းတိမ်စွဲလာတဲ့ အခါ ခွဲစိတ်ရပါတော့တယ်။ သွားတွေက လည်း တစ်ချောင်းပြီးတစ်ချောင်းကျိုး လာလိုက်တာ ဖာရင်း၊ စိုက်ရင်း မတတ် နိုင်မှတော့တဲ့အဆုံး ခံတွင်းလေဝင်လေ ထွက်ကောင်းအောင် အပေါက်အတိုင်း ပဲထားလိုက်ပါတော့တယ်။

ကုသိုလ်ကံကောင်းလေးထောက်မ လို့ သက်တူရွယ်တူသူငယ်ချင်းမိတ်ဆွေ လို ကိုယ်မှာဆေးအမြဲဆောင်ထားပြီး အချိန်မှန်သောက်နေရတဲ့ကိန်းမဆိုက် သေးပေမယ့် ကိုက်ခဲညောင်းညာတာ တွေရှိလာပါတယ်။ အသက်ကြီးလာရင် စမ်းထလာတတ်တယ်ဆိုရလောက်အောင် ထိုင်တာကြာလို့ ထတဲ့အခါ တစ်ခုခုကို စမ်းပြီးတော့ထရပါတယ်။ ဒီတော့ မသေ ခင်မှာ အိုခြင်း၊ နာခြင်း၊ သေခြင်းတွေကို မကြောက်အောင်ဘယ်လိုရင်ဆိုင်မလဲလို့ တွေးစပြုလာပါတယ်။

စိတ်ပညာသဘောအရ လူအများ စုကြောက်တယ်ဆိုတာ ကိုယ်ကြောက် နေတဲ့အရာအကြောင်းကို သေသေချာ ချာမသိဘဲနဲ့တွေးဆပြီး ကြောက်နေတာ သာဖြစ်တယ်လို့ ဆိုပါတယ်။ ကျွန်တော် တို့ခပ်ငယ်ငယ်က တစ္ဆေကြောက်တာ၊ အမှောင်ကြောက်တာမျိုး ဖြစ်ပါတယ်။ ကိုယ်ကြောက်တဲ့အရာကို စေ့စေ့ရင်ဆိုင် ကြည့်ပြီး သူ့သဘောသဘာဝကိုသိ အောင် လေ့လာလိုက်ရင် ကြောက်စိတ် ပျောက်သွားမယ်လို့ လမ်းညွှန်ထားပါ တယ်။ ကြောက်ရင်ရှေ့တိုး ဆိုတဲ့စကား ဟာလည်း သတ္တိကိုမွေးလိုက်တာပဲဖြစ် ပါတယ်။

ဒီလိုနဲ့ မနက်၊ ည ဘုရားရှိခိုးပြီး တိုင်း ဘုရားကျောင်းဆောင်ရှေ့မှာ တင်ပျဉ်ခွေထိုင်ရင်း အိုခြင်း၊ နာခြင်း၊ သေခြင်းသဘာဝတရားတွေကို အခုလို ဆင်ခြင်ကြည့်ပါတယ်။

၁။ ဒီခန္ဓာကိုယ်ကြီးဟာ အိုတတ် တဲ့သဘောရှိတယ်။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ဘူး။ ငယ်ငယ်တုန်းကဆို ရင် ရုပ်ကလာပ်စည်းတွေရဲ့ဖြစ်မှုက ပျက်မှုထက် ပိုအားကောင်းလို့ ရုပ်ခန္ဓာ ဟာ ကြီးထွားလာရတယ်။ အသက်ကြီး လာတဲ့အခါကျတော့ အဖြစ်ထက်အပျက် က ပိုလာလို့ အိုမင်းယိုယွင်းလာရတယ်။ ဒါကြောင့် အိုတယ်ဆိုတာ ငါမဟုတ်တဲ့၊ ငါမပိုင်တဲ့၊ ငါဖြစ်ချင်သလိုမဖြစ်တဲ့ ရုပ် တရားတွေဟာ သူ့သဘောသူဆောင် ကာ သူ့သဘာဝဓမ္မအတိုင်း ဖြစ်ပြီးပျက် နေတဲ့ ဖြစ်ပျက်အစဉ်သာဖြစ်တယ်။

(မိခင်ရဲ့ သားအိမ်မှာ သန္ဓေတည် စက ကလလရေကြည်ဆိုတာ သာမန် မျက်စိနဲ့ မမြင်နိုင်လောက်အောင် အင်မ တန်သေးငယ်တဲ့ ရုပ်ကလာပ်စည်းလေး ဖြစ်တယ်။ ကံကြောင့်ဖြစ်တဲ့ အဲဒီရုပ်ကို မိခင်စားသောက်လိုက်တဲ့ အာဟာရက ပူခြင်း၊ သေခြင်း ဥတုရဲ့ပြုပြင်မှုနဲ့ ထောက်ပံ့ပေးလိုက်တဲ့အခါ တဖြည်း ဖြည်းကြီးထွားလာတယ်။ မိခင်ဝမ်းက ကျွတ်တဲ့အခါ ကိုယ်တိုင်စားမျိုရှူသွင်း တဲ့ အစားအစာ၊ ရေ၊ လေတို့ကဆက်ပြီး ထောက်ပံ့ပေးတယ်။ နောက်ဆုံး ရုပ် သက်ရော၊ နာမ်သက်ပါချုပ်သွားတဲ့အခါ သေတာပါပဲ။ အဲဒီအခါ ကျန်ခဲ့တဲ့ ဥတု ကြောင့်ဖြစ်တဲ့ရုပ် (ဥတုဇရုပ်ကလာပ်) ကို မီးသဂြိုဟ်လိုက်တဲ့အခါ နောက်ဆုံးမှာ လက်တစ်ဆုပ်စာပြာပဲကျန်ပါတယ်။ အဲဒီ ပြာဘာများအသုံးကျသလဲ၊လွှင့်ပစ်လိုက် ရုံသာရှိပါတော့တယ်။)

၂။ ဒီခန္ဓာကိုယ်ကြီးဟာ နာတတ် တဲ့သဘောရှိတယ်။ နာခြင်းသဘောကို မလွန်ဆန်နိုင်ဘူး။ အရင်ကလည်း ဝေဒနာမျိုးစုံနဲ့နာခဲ့တယ်။ အခုလည်းနာ နေတယ်။ နောက်ကိုလည်း နာဦးမယ်။ နာခြင်းဆိုတာ ငါမဟုတ်တဲ့၊ ငါမပိုင်တဲ့၊ ငါဖြစ်ချင်သလိုမဖြစ်တဲ့ ရုပ်တရား တွေဟာ သူ့သဘောသူဆောင်ကာ သူ့သဘာဝဓမ္မအတိုင်း ဓာတ်ကြီးလေး ပါးတို့ 'ဖောက်ပြန်ခြင်းအစဉ်' သာ ဖြစ် တယ်။ ဘုရားရှင်က 'ရုပ်ရှိရင် ရောဂါရှိ တယ်၊ ရုပ်ဆိုတာ ရောဂါရဲ့အမည်ပဲ' လို့ ဆိုထားတာမို့ ဒီခန္ဓာကိုယ်ကြီးဟာ ရောဂါတုံးကြီးပဲဖြစ်တယ်။"

၃။ ဒီခန္ဓာကိုယ်ကြီးဟာ သေ တတ်တဲ့သဘောရှိတယ်။ သေခြင်း သဘောကို မလွန်ဆန်နိုင်ဘူး။ ငါဟာ မွေးလာကတည်းက သေဖို့မွေးလာတာ ဖြစ်တယ်။ အရင်ဘဝကသေပြီး အခု ဘဝမှာမွေးတယ်။ အခုဘဝသေရင် နောက်ဘဝမှာမွေးမယ်။ 'ထာဝရအငြိမ်း ဓာတ်' မရမချင်း တစ်ဘဝပြီးတစ်ဘဝ မွေး၊ သေတွေဆက်နေတာဟာ ဘဝ သံသရာဖြစ်တယ်။ အမှန်က တစ်ဘဝ ဆိုတာ သတ္တဝါတစ်ခုရဲ့ အကန့်တစ်ကန့် သာဖြစ်ပြီး စက္ကန့်တိုင်းမှာ ရုပ်အစု၊ နာမ် အစုတွေ အခါမလပ် မွေးလိုက်၊ သေ လိုက်ဖြစ်နေတာကို မဟာလူသားက ခန္ဓာသံသရာလို့ညွှန်ပြခဲ့တယ်။ (ခန္ဓာ - အစု)

အတိုင်းအဆမရှိ ရှည်လျားလှတဲ့ ခန္ဓာသံသရာကြီးနဲ့ နှိုင်းစာလိုက်ရင် သတ္တဝါတစ်ခုရဲ့ ဘဝတစ်ခုဆိုတာ အင်မတန်မှ တိုတောင်းလှတဲ့ ကာလ တိုကလေးပဲ ဖြစ်တယ်။ တစ်သံသရာလုံး စိတ်ရဲ့အစဉ်ဟာ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ ရှိနေတဲ့ဆီမှာ သေတဲ့အချိန်မှာ နောက် ဆုံးဖြစ်တဲ့စိတ်ကို စုတိစိတ်လို့ နာမည် ပေးပြီး ဘဝသစ်မှာ ပထမဆုံးဖြစ်တဲ့စိတ် ကိုတော့ ပဋိသန္ဓေစိတ်လို့ အမည်ပေး လိုက်တာဖြစ်တယ်။

အိုတယ်၊ နာတယ်၊ သေတယ်ဆို တာ ငါမဟုတ်၊ ငါမပိုင်၊ ငါဖြစ်ချင်သလို မဖြစ်တဲ့ ရုပ်အစု၊ နာမ်အစုတွေဟာ သူ့ သဘောသူဆောင်ကာ သူ့သဘာဝဓမ္မ အတိုင်း ဖြစ်ပျက်နေခြင်းအစဉ် (အိုခြင်း)၊ ဖောက်ပြန်နေခြင်းအစဉ် (နာခြင်း)၊ ပြောင်းလဲနေခြင်းအစဉ်(သေခြင်း)ပဲဖြစ် တယ်။ ဒါကြောင့် ကိုယ်မှာ (ရုပ်မှာ)နာ ပေမယ့် စိတ်မှာမနာအောင် ငါနေမယ်။

၄။ ငါဟာ အသက်ရှင်နေစဉ်မှာ လည်း ငါချစ်တဲ့ ဆွေမျိုးမိတ်ဆွေတွေ၊ ငါပိုင်တယ်လို့ထင်ထားတဲ့ ပစ္စည်းဥစ္စာ တွေနဲ့ ခွဲခွာနေရတတ်တယ်။ သေတဲ့ အခါကျတော့ အပြီးတိုင်ခွဲခွာကြရမှာ ဖြစ်တယ်။

၅။ ငါသေတဲ့အခါ ငါပိုင်တဲ့ပစ္စည်း ဆိုလို့ အဝတ်စုတ်တစ်စတောင် မယူ သွားနိုင်ဘဲ လက်ဗလာနဲ့သေရမှာ ဖြစ် တယ်။ ငါလုပ်ခဲ့တဲ့ကောင်းမှု၊ မကောင်း မှုတွေကသာ ငါ့နောက်ကိုလိုက်ပါကြမှာ ဖြစ်တယ်။ ဘဝပြောင်းတယ်ဆိုတာဟာ လည်း ဝိညာဉ် ဒါမှမဟုတ် လိပ်ပြာက တစ်ဘဝပြီးတစ်ဘဝ ပြောင်းရွှေ့သွား တာမျိုးမဟုတ်ဘဲ ဖြစ်လိုက်၊ ပျက်လိုက်နဲ့ စိတ်အစဉ်တန်းနေတဲ့ဆီမှာ စိတ်တစ်ခု ပျက်ပြီး နောက်စိတ်တစ်ခုဖြစ်တိုင်း

www.burmeseclassic.com

## နေပြည်တော်ကျော်ကျော်စိုး

# ပေနှင့်ဖျဉ်း

ဖျဉ်းစွဲနေတဲ့ လူမမာတွေကို အများအားဖြင့် မြင်ဖူးကြပါတယ်။ ဖျဉ်းဆိုတဲ့ ဝေါဟာရဟာ ဖျဉ်းအိုးကို ဆိုလိုတာပါ။ ဖျဉ်းအိုးဆိုတာ ရေထည့် ချိုးတဲ့အိုးကြီးမျိုးပါ။ လုံးလုံးဝိုင်းဝိုင်းတွေ များတယ်။ တောရွာတွေမှာတော့ ခုထိ တိုင် ဖျဉ်းအိုးကြီးတွေထဲရေထည့်ကာ ချိုးလေ့ရှိကြတယ်။ အဲဒီဖျဉ်းအိုးနဲ့တင် စားပြီး လူမမာဗိုက်ကြီးပူနေတာကို ဖျဉ်း

တုသိုလ်ကံ၊ အကုသိုလ်ကံတွေရဲ့ ကံစွမ်းအားတွေကို လက်ဆင့်ကမ်းသွားတာဖြစ်တယ်လို့ တရားအလုံးစုံကို ကိုယ်တိုင်သိတဲ့ မဟာလူသားက ဟောကြားသွားခဲ့တယ်။"

ဘာသာရေးစာပေတွေနဲ့ ရင်းနှီးသူတွေဆိုရင် ကျွန်တော် အခုလိုဆင်ခြင်သုံးသပ်နေတာဟာ 'အဘိဓမ္မာသုတ်တော်' မှာပါတဲ့ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ အမြဲမပြတ် ဆင်ခြင်အပ်တဲ့ တရားငါးမျိုးဆိုတာ သိကြမှာပါ။ ကျွန်တော်အခုလိုထိုင်ပြီး ရုပ်တရား၊ နာမ်တရားတွေရဲ့သဘာဝအမှန်ကို သိအောင် ကြိုးစားနေတာကို တရားမှတ်တယ်လို့ ဆိုနိုင်ပါတယ်။

မလှုပ်မယှက်နဲ့ တင်ပျဉ်ခွေထိုင်တာကြာလာတော့ တစ်ကိုယ်လုံးညောင်းညာကိုက်ခဲလာတယ်။ ဟိုနေရာတယား၊ ဒီနေရာကယားနဲ့ အခံရခက်တဲ့ခံစားမှုတွေပေါ်လာပါတယ်။ ဒီလိုအခါမျိုးမှာ အနာဆုံးနေရာကိုစူးစိုက်ကြည့်ပြီး ရုပ်ကဖောက်ပြန်တာကို စိတ်ကသိရှိသိနေတာ။ သိနေတဲ့စိတ်ဟာလည်း ဖြစ်ပြီးပျက်နေတာ။ တခြားကိုစိတ်ရောက်သွားတဲ့အခါ နာတာကပျောက်သွားပြန်ရော။ ဒါကြောင့် 'ငါနာတာမဟုတ်' ဆိုပြီး ဝေဒနာကိုသိရှုံသိလိုက်တဲ့အခါ နာတာက တဖြည်းဖြည်းလျော့သွားပြီး နောက်ဆုံး ပျောက်သွားပါတယ်။ အမြဲတမ်းတော့ မဟုတ်ပါ။

'ငါနာတာမဟုတ်'ဆိုတာက ခဏတစ်ဖြုတ်ပါ။ 'ငါနာလိုက်တာ မခံနိုင်တော့ဘူး' ဆိုတဲ့အတွေးဝင်လာတဲ့အခါကျတော့ ထိုင်ရာကထလိုက်တာပါပဲ။ ဒါကြောင့်လည်း တစ်လောကလုံးဟာ 'ငါမဟုတ်တဲ့ ငါရုပ်တွေနဲ့ ငါလုပ်နေကြတာ' ဖြစ်ပါတယ်။

ဒီဆောင်းပါးကို ရေးနေရင်း စက်ရှင်မဂ္ဂဇင်းတစ်စောင်မှာ ပညာမြတ်နိုးသူတစ်ဦးရေးထားတဲ့ 'သင်မသိသေးသော သင့်ခန္ဓာကိုယ်အကြောင်း' ဆိုတဲ့ ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ ဆောင်းပါးမှာ ရေးထားတာက လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ကလာပ်စည်း (cell) လို့ ခေါ်တဲ့ အသေးငယ်ဆုံး အစိတ်အပိုင်းပေါင်းကုဋေတစ်ရာလောက်နဲ့ဖွဲ့စည်းထားတာဖြစ်တယ်။ စက္ကန့် (၂၀) တိုင်းမှာ အဲဒီထဲက ကလာပ်စည်းအရေအတွက် သန်းတစ်ထောင်လောက်ဟာ သက်တမ်းကုန်ပြီး သေဆုံးနေရတယ်။ အရေပြားကလာပ်စည်းတွေဆိုရင် သက်တမ်းကုန်လို့ တစ်မိနစ်မှာ ကျွတ်ကျတဲ့ ကလာပ်စည်းအရေအတွက်ဟာ လေးသောင်းရှိပြီး ဦးနှောက်ကလာပ်စည်းတွေကျတော့ နေ့တိုင်း အရေအတွက် တစ်သိန်းလောက် သက်တမ်းကုန်ပြီး သေဆုံးနေတယ်လို့ဆိုပါတယ်။

ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၆၀၀) လောက်က မဟာလူသား ထုတ်ဖော်ပြောကြားခဲ့တဲ့ ရုပ်ကလာပ်စည်းတွေရဲ့ ခဏတိုင်းမှာ သေဆုံးမှု (ခဏိကမရဏ)ကို သိပ္ပံပညာကလက်တွေ့ပြသလိုက်တာပဲ ဖြစ်တယ်။

သီလရှိသူဟာ သေရမှာကို မကြောက်ဘူးလို့ဆိုပါတယ်။ ငါမဟုတ်တာ ဘာမှမလုပ်ခဲ့ဘူးလို့ လိပ်ပြာသန့်တဲ့သူဟာ သေခြင်းတရားကို ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ပါတယ်။ လိပ်ပြာသန့်တာကို အင်္ဂလိပ်လို clear conscious လို့ခေါ်တဲ့ အခေါ်ဟာ လေးနက်လှပါ၏။

၁၉၃၁ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့မနက်က သာယာဝတီထောင်မှာ တောင်သူလယ်သမားတော်လှန်ရေး ခေါင်းဆောင်ကြီး ဆရာစံဟာ -

"အမျိုးဘာသာသာသနာပညာကြီးပွားရာ ကြီးပွားကြောင်း ဆောင်ရွက်လို့ အခုလိုကြုံတွေ့ရတာကို သုခလို့ပဲ မှတ်ပါတယ်"

လို့ အောက်မှာရှိနေသူတွေကို နှုတ်ဆက်ပြီး ကြိုးစင်ပေါ်ကို 'လူတွဲမခံဘဲ' တည်တည်ငြိမ်ငြိမ်ပဲတက်သွားခဲ့ပါတယ်။

"But already it is time to depart, for me to die, for you to go on living; which of us takes the better course, is concealed from anyone except God."

"ခွဲရမယ့်အချိန်တော့ရောက်လာပြီ။ ကျုပ်ကသေရမယ်၊ ခင်ဗျားတို့က ဆက်ရှင်ကြရမယ်။ ဘယ်လမ်းကပိုကောင်းတယ်ဆိုတာကိုတော့ ဘုရားကလွဲလို့ ဘယ်သူသိမှာလဲ"

ဒါကတော့ ခရစ်တော်မပေါ်ခင် နှစ်ပေါင်း (၆၀၀) လောက်က သေဒဏ်စီရင်ချက်ချထားခံရတဲ့ ဂရိတွေးခေါ်ရှင်ကြီး ဆော့ခရတ္တိဟာ သူသောက်ရမယ့် အဆိပ်ခွက်ကို ကိုင်မြှောက်ရင်း တည်တည်ငြိမ်ငြိမ်နဲ့ ပြောသွားတဲ့စကားပါ။

သေခြင်းကို မတုန်မလှုပ် လက်ခံနိုင်ကြတဲ့ ပညာရှိသူတော်ကောင်းကြီးများဟာ လောကကို အစဉ်းသိပုဂ္ဂိုလ်များလို့ဆိုရမယ်ထင်ပါတယ်။ 'အစဉ်းသိ' ဆိုတာကို အဘိဓာန်က အကြောင်းတစ်စုံတစ်ရာကိုပိုင်းပိုင်းခြားခြားသိသည်လို့ ဖွင့်ဆိုထားပါတယ်။

ကျွန်တော်ကတော့ သေရမှာကို ကြောက်နေတုန်းပါပဲ။

**စဉ်းစားကြည့်စေချင်ပါသည်။**

ရုပ်နဲ့နာမ်ဟာ ငါမဟုတ်၊ ငါမပိုင်၊ ဖြစ်ပြီးပျက်နေလို့ အမြဲတည်နေတဲ့ရုပ်နဲ့နာမ်ဆိုတာမရှိ။ ဒါဆိုရင် ဘာရှိသလဲ။ အစစ်အမှန်သဘော (ပရမတ္ထတရား) အရ ပုဂ္ဂိုလ်သတ္တဝါဆိုတာမရှိရင် တရားကို ဘယ်သူအားထုတ်လို့ နိဗ္ဗာန်ကို ဘယ်သူမျက်မှောက်ပြုသလဲ။

*အသိမှန်ရ၍ချမ်းသာကြပါစေ*

မောင်ပွင့်ဉာဏ် (မောရ)

**ဝန်ခံချက် -**

၂၀၀၄၊ဒီဇင်ဘာလထုတ် အတွေးအမြင်မဂ္ဂဇင်း၊ အမှတ်(၂၇၂)ပါဆောင်းပါးကို အနည်းငယ် မြင်ဆင် ရေးသားထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အိုးနဲ့တူလို့ ဖျဉ်းစွဲတယ်လို့ ခေါ်ကြခြင်းပါ။

ဖျဉ်းစွဲဝေဒနာကို အများဆုံးခံစားကြရတာက ယောကျ်ားတွေပါပဲ။ ယောကျ်ားဆိုတာ အများအားဖြင့် အရက်သောက်ကြပါတယ်။ အရက်သောက်ဖန်များရင် အသည်းခြောက်လာတတ်ပါတယ်။ အသည်းပျက်စီးပြီဆိုရင်တော့ "အသည်းအလုပ်မလုပ်နိုင်တော့တဲ့အခါ သွေးလမ်း၊ ရေလမ်း၊ လေလမ်းတွေ ပျက်စီးကုန်ပြီး သွေးတွေ၊ ရေတွေ လမ်းကြောင်းချော်ကာ ဗိုက်ထဲရောက်ကုန်ကြတော့တာပါပဲ။ ဒါဆိုရင် ဗိုက်ကြီးသည်လို အဲဒီရေတွေကိုသယ်ပိုးထားရတော့တာပါ။ မပေါ့မပါးကြီးဆိုပါတော့။

"လူက ပိန်ညှော်ညှော်ဖြစ်နေမယ်။ အသားရောင်က စိမ်းဖန့်ဖန့်ဖြစ်နေမယ်။ ဗိုက်ကြီးက ဖျဉ်းအိုးကြီးလိုဖောင်းကားနေမယ်။ သွားရလာရမှာ သွက်လက်မှုမရှိတော့ပါဘူး။ ဆေးရုံတွေမှာကျတော့ ရေကိုဖောက်ထုတ်တယ်။ ထုတ်ပြီးစတော့ ချပ်သွားတောပါပဲ။ မကြာဘူး၊ ဖောင်းမြဲပြန်ဖောင်းလာတတ်တာပါ။ အသည်းပျက်စီးပြီဆိုမှတော့ မကြာမီဘဝတစ်ခုလုံးပြီးဆုံးသွားရတော့မှာပါ။

ယောကျ်ားတွေချည်း ဖျဉ်းရောဂါဖြစ်တာလားဆိုတော့ မဟုတ်ပါဘူး။ ရှားရှားပါးပါးမိန်းမများမှလည်း ဖြစ်တတ်ကြပါတယ်။ အရက်ကြောင့် အသည်းပျက်စီးရသလို အသည်းရောင်အသားဝါဘီပိုး၊ စီပိုးတွေကြောင့်လည်း အသည်းပျက်စီးရတတ်ပါတယ်။ မိန်းကလေးတွေကျတော့ အသည်းရောင်အသားဝါဘီပိုး၊ စီပိုးတွေကြောင့် အသည်းပျက်စီးပြီး ဖျဉ်းရောဂါဖြစ်ကြရတာပါ။ ဒါမျိုးတွေလည်း ကြုံဖူးကြပါလိမ့်မယ်။

ကျွန်တော် ၂၀၁၁ နေပြည်တော်ရောက်စမှာ ညီဖြစ်သူ မောင်မြတ်ထွန်းက -

"အစ်ကိုလေးတို့၊ ကျွန်တော်တို့ရဲ့ကျောင်းနေဖက် ကုလားဘုန်းကြီးစိုးတင့် ဖျဉ်းဖြစ်ပြီး မညွန့်တို့အိမ်မှာလဲနေတယ်ဗျ။ ကိုစိုးတင့်နေမကောင်းလို့ သူ့အစ်မမညွန့်က ရွာမှာခေါ်ထားတာ။ သူ့အိမ်က ပျဉ်းမနားမှာ။ အဲဒါ သွားခဲ့သွားကြည့်ပြီး အားပေးကြစို့လား"

လို့ ပြောပါတယ်။

ကျွန်တော်နဲ့ရွယ်တူ မင်းစိုးခေါ် ဘိုတုတ်ဟာ အသက်(၅၀)ကျော်စမှာ အရက်ကြောင့် စောစီးစွာပဲ သံသရာခရီးကို ထွက်သွားခဲ့ပါပြီ။ ကုလားဘုန်းကြီးက မင်းစိုးရဲ့အစ်ကိုပါ။ ဒါနဲ့ မညွန့်တို့အိမ်သွားကြည့်တဲ့အခါ ကုလားဘုန်းကြီးကို တွေ့ရပါတယ်။ ကုလားဘုန်းကြီးဆိုတာက စိုးတင့်ဟာ ကိုရင်ဘဝက သင်္ကန်းကို ဖိုသီဖတ်သီဝတ်လေ့ရှိတာကြောင့် ဟိန္ဒူကုလားဘုန်းကြီးနဲ့တူလို့ မှန်ကျောင်းဆရာတော်က နာမည်ပြောင် ကုလားဘုန်းကြီးအမည်ရောက်ရခြင်းပါ။ မညွန့်က သူတို့ရဲ့ အစ်မကြီးပါ။ ခုထိတိုင် ကျန်းမာနေဆဲပါပဲ။

ကျွန်တော်နဲ့မောင်မြတ်ထွန်းရောက်သွားတော့ စိုးတင့်ဟာ ခုတင်ပေါ်မှာ ပက်လက်ပါ။ ဗိုက်က ဖျဉ်းဖြစ်နေပါပြီ။ ပက်လက်အနေအထားပေမယ့် ဗိုက်က ဖောင်းနေပါတယ်။ ခွဲခွာခဲ့တာ နှစ်ပေါင်း (၅၀) ကျော်မို့ စိုးတင့်က မမှတ်မိပါဘူး။ ပြောပြမှ မှတ်မိပါတယ်။

"ကိုစိုးတင့်က အရက်သောက်သလား"

"မသောက်ပါဘူးဗျာ။ ကျုပ်က ဘီပိုးဝင်သွားတာပါ"

လို့ တိုးညင်းစွာပြောပြပါတယ်။

'ဩော် - ကုလားဘုန်းကြီးကို ဘီပိုးကသတ်လိုက်ပြီကိုး'

လို့ သိလိုက်ရပါတယ်။

အရက်မသောက်ပေမယ့်လည်း ကံမကောင်းအကြောင်း မလှတော့ကာ ဘီပိုးကြောင့် အသည်းပျက်စီးပြီး ဖျဉ်းရောဂါဖြစ်ရခြင်းပါ။ နောက် လေး၊ ငါးရက်အရမှာ ကုလားဘုန်းကြီး ဆုံးပါးသွားခဲ့ပါတယ်။

မေမာလာတို့ရဲ့အစ်မကြီး ကနီမြို့ ပြည်သူ့ဆေးရုံမှာ တာဝန်ထမ်းရွက်နေပါတယ်။ ထဘီပြာဆရာမကြီးပါ။ ဆရာဝန်ကြီး ခရီးထွက်နေရင် အရေးပေါ်လူမမာတွေကို ခွဲစိတ်ပေးနိုင်တဲ့အထိ လုပ်ငန်းကျွမ်းကျင်နေပါပြီ။ သူ့အမည်က ဒေါ်မြင့်မြင့်ရွှေပါ။ ကနီမှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းရွက်ရင်း ဘီပိုးဝင်ကာ အသည်းပျက်စီးပြီး ဖျဉ်းဖြစ်ကာ မိုးကုတ်မှာ လာသေပါတယ်။ ကနီတစ်မြို့လုံး နှမြောမဆုံးရှိခဲ့ကြပါတယ်။ ဖျဉ်းဆိုတာ အရက်သောက်မှ မဟုတ်ပါဘူး။ ဒီလိုပဲဖြစ်တတ်ပါတယ်။

မိုင်းရှူးရတနာမြေ (၇၉) မှာ မန်နေဂျာလုပ်နေခိုက်မှာ မိုးကုတ်မြို့ ပိတ်စွယ်ရပ်သူ မကြည်အေးက သူ့ယောကျ်ားအရက်အလွန်အကျွံသောက်တာကြောင့် အသည်းပျက်စီးပြီး ဖျဉ်းဖြစ်နေကြောင်း အဲဒါကို ကုဖေးဖို့ ပြောပါတယ်။ မကြည်အေးက ဖက်စပ်ပိုင်ရှင်ဦးကိုတာ၊ ဒေါ်နန်းဆိုင်လောင်တို့နဲ့ ရင်းနှီးနေတော့ အဝင်၊ အထွက်ရှိပါတယ်။

ဒါနဲ့ ကျွန်တော်က ဆေးမပေးတဲ့ ဖျဉ်းကုတဲ့နည်းကိုပေးပါတယ်။ ဖျဉ်းကိုကုတယ်ဆိုတာ ဖောင်းနေတဲ့ဗိုက်ကြီးကိုကုတာ မဟုတ်ပါဘူး။ တစ်ကိုယ်လုံးအတွက် အလုပ်တွေ မနားတမ်း ပင်ပန်းစွာလုပ်ပေးနေရတဲ့ အသည်းကို ကုရခြင်းပါ။ အသည်းနေကောင်းရင် ဖျဉ်းက အလိုလိုပျောက်ပြီးသွားပါ။

"မကြည်အေး၊ လူရိုးလက်တစ်ညှိုးစာလောက် လိုတယ်ဗျ။ အဲဒီလူရိုးကို တစ်နေ့သုံးကြိမ် လူနို့နဲ့ လက်ဖက်စားဇွန်းတစ်ဇွန်းစာသွေးပြီး တိုက်ရမယ်။ လူနို့မရလည်း နွားနို့ပေါ့ဗျာ။ ခင်ဗျားယောကျ်ားကိုတော့ လူရိုးလို့မပြောနဲ့။ ကျားရိုးလို့ ပြောပေါ့။ လူရိုးတွေ မဟာဗောဓိကျောင်းနားက သချိုင်းမှာပုံနေတာပါပဲဗျာ။ ခုသွားကောက်၊ ခုရတယ်"

"ဟုတ်ကဲ့၊ သွားကောက်ပါ့မယ်"

"ပြီးတော့ အဲဒီမှာ အလွန်ပေါပါတယ်။ မိုးကုတ်တောတွေထဲမှာလည်း ပေါတယ်။ အဲဒါက ဖျဉ်းတော်သိမ်ပါ။ ဖျဉ်းတော်သိမ် ဆိုတာ ကုလားဗယာကြော်တွေ၊ အကြော်စုံတွေမှာပါတယ်။ ကုလားပဲနဲ့လည်း ထည့်ချက်စားတယ်။ အဲဒီ ဖျဉ်းတော်သိမ်ကို လူတွေ 'ပျဉ်းတော်သိမ်' ဆိုပြီး ခေါ်ကြတယ်။ အမှန်တော့ ဖျဉ်းတော်သိမ်ပါ။ ရှေးမြန်မာဘုရင်တွေလက်ထက်က မင်းညီမင်းသားတွေ အရက်သောက်ပြီး အသည်းကျွမ်းရင် ဖျဉ်းဖြစ်ကြတယ်။ အဲဒီ မင်းညီမင်းသားတွေကို သမားတော်တွေက ဖျဉ်းတော်သိမ်နဲ့ကုတယ်။ ကုရင် ဖျဉ်းတော်သိမ်သွားလို့ ပျဉ်းတော်သိမ်လို့ နာမည်တွင်ရစ်တယ်လို့ ဆိုပါတယ်။ အဲဒီ ပျဉ်းတော်သိမ်ရွက်အကြမ်းကို ရေနဲ့ပြုတ်ပြီး သောက်လည်းသောက်ပါ၊ ချိုးလည်းချိုးပါ။ အရွက်နုကို အတို့အမြုပ်လုပ်စားပါ။ ဟင်းခါးချက်သောက်ပါ။ နေ့နေ့ညည ထမင်းစားတိုင်း ပျဉ်းတော်သိမ်ပါအောင် ကျွေးပါ။ အဲဒါဆို ခင်ဗျားရဲ့ယောကျ်ား ဖျဉ်းရောဂါ သက်သာ ပျောက်ကင်းနိုင်ပါတယ်"

လို့ ညွှန်လိုက်ပါတယ်။

မကြည်အေးတစ်ယောက် ပေါ် မလာပါဘူး။ တစ်လကျော်မှ ပေါ်လာပါတယ်။ ကျွန်တော်တောင် မေးစရာမလိုပါဘူး။ သူ့ဟာသူ ဝမ်းသာအားရ ပြောပြရှာပါတယ်။

"ဆရာ၊ ကျွန်မယောကျ်ားကျွတ်



www.burmeseclassic.com

www.burmeseclassic.com

သွားပါပြီ။ ဝမ်းသာလိုက်တာဆရာရယ်"

ဆိုပြီး ပိုက်ဆံတစ်ထောင်ထုတ်ပြီး အတင်းကန်တော့ပါတယ်။ နေပါစေလို့ ဘယ်လိုပြောပေမယ့် မရပါဘူး။ အတင်းကန်တော့တာပါ။

"ဆရာ၊ ကျွန်မက သူများလို အဆင်မပြေတော့ များများမကန်တော့နိုင်တာ ခွင့်လွှတ်ပါ"

လို့ တောင်းပန်ပါသေးတယ်။

တစ်အိမ်လုံး သူ့လုပ်စာသာရှိတာကို ကျွန်တော်သိပြီးဖြစ်ပါတယ်။ ဒါနဲ့ ကျွန်တော်က -

"မကြည်အေး၊ ထပ်မသောက်စေနဲ့နော်။ ဒီတစ်ခါထပ်ဖြစ်ရင် လွယ်မှာမဟုတ်တော့ဘူး"

လို့ အမှာပါးရပါသေးတယ်။

ဒီလိုနဲ့ ကျွန်တော် ခဲတောင်(၃၈၃)ကို မန်နေဂျာတာဝန်ယူရတဲ့အခါ မကြည်အေးတို့နဲ့ဝေးပြီး မတွေ့ရတော့ပါဘူး။ တစ်နှစ်ကျော်ကျော်ကြာမှ လမ်းမှာတွေ့တယ်။ ဒီတော့ သူ့ယောက်ျားရဲ့ ကျန်းမာရေးကို မေးကြည့်မိပါတယ်။

"ဆရာရယ်၊ အကောင်းဖြစ်ပြီးတော့ သိပ်ကြာကြာမနေဘူး ဆရာရဲ့၊ ပြန်သောက်တာပါပဲ။ သောက်ပြီး သိပ်မကြာလိုက်ပါဘူး။ ဖျဉ်းပြန်ဖြစ်လာပါတယ်။ အဲဒီ ဖျဉ်းရောဂါနဲ့ပဲ သေသွားခဲ့ပါတယ်။ ဒုတိယအကြိမ်ပြန်ဖြစ်တော့ တုလည်း ထူးမှာမဟုတ်ဘူးဆိုပြီး ထားလိုက်တော့တာပါ"

"ဖြစ်မှဖြစ်ရလေမကြည်အေးရယ်"

ကရုဏာစကား ဆိုမိပါတယ်။

အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးရှိသူတွေကိုလည်း သဘာဝပေါက်ပင်တွေနဲ့ ကုသပေးနေတာပါ။ မိုင်းရှူးရဲ့ကျောက်တောင်တွေမှာ သဘာဝဆေးပင်တွေ အစုံရှိနေတော့ကာ ဘာရောဂါမဆို ကုပေးနိုင်ခဲ့ပါတယ်။ အနာသိတော့ ဘာရောဂါမဆို ဆေးရှိပြီးသားပါ။ အများဆုံးကုပေးရတာက တရုတ်လောပန်တွေပါပဲ။ ပြီးတော့ လုပ်သားတွေပါ။ ရောဂါတွေက စုံလှပါတယ်။

ကျွန်တော်နဲ့ တင်မောင်လတ်တို့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာအနီးက မုံတောကြီးကျေးရွာကို တင်မောင်လတ်ရဲ့သားမောင်မျိုးနဲ့ မုံတောကြီးသူ မခင်သီတာထွန်းတို့ရဲ့ စေ့စပ်ကြောင်းလမ်းကိစ္စအတွက် ရောက်ခဲ့ကြပါတယ်။

အဲဒီမှာ မခင်သီတာထွန်းရဲ့ဖခင် ဦးသန်းအေးနဲ့စကားလက်ဆုံကျတဲ့အခါ ကိုယ်တွေ့ မောင်ကြည်လွင် ဆိုတဲ့ လူငယ်အကြောင်းကို ပြောပြပါတယ်။

မောင်ကြည်လွင် ဆိုတာက ကျွန်တော်တို့နဲ့ ဆွေမကင်းမျိုးမကင်း တူတော်တယ်ပေါ့ဗျာ။ အရက်ကို နေ့နေ့ညည သောက်နေတဲ့အကောင်ပါ။ ကြာတော့လည်း အသည်းခြောက်ပြီး ဖျဉ်းဖြစ်လာတာပေါ့ဗျာ။ ဖျဉ်းဖြစ်လာပြီဆိုတော့ ဆေးခန်းပြေးတော့တာပေါ့။ ဆေးခန်းသွားလည်း ထူးမခြားပါဘဲ။ အဲဒီမှာ နားလည်တဲ့လူတွေကပြောတယ်။ ကြည်လွင်၊ မင်းခံလှရင် ခြောက်လပဲကွ ဆိုတော့ ကြည်လွင်ဟာ ငါသေရတော့မှာပါလားလို့ သိလာခဲ့ပါတယ်။ အဲဒီမှာ ငိုပေါ့ဗျာ။ သူ့အစ်မကလည်း သူ့မောင်ကိုချစ်တော့ကာ ငိုမဆုံးရှိနေတော့တာပေါ့။

အဲဒီအချိန်မှာ ရွာကဦးဘိုးကြည်ဟာ သချိုင်းမှာတရားသွားပြီးထိုင်လေ့ရှိတယ်ဗျ။ အဲဒီလိုထိုင်နေချိန်မှာ သချိုင်းထဲ တချောက်ချောက်လျှောက်သံကြားလို့ကြည့်လိုက်တော့ ဗိုက်ကြီးပူနေတဲ့ ကြည်လွင်ဖြစ်နေပါတယ်။

ဒါနဲ့ ဦးဘိုးကြည်က -

"မောင်ကြည်လွင်၊ ဘာကိစ္စနဲ့ သချိုင်းထဲလာရသလဲ' လို့ မေးတော့ 'ကျွန်တော် မကြာခင်သေရတော့မှာပါ။ အဲဒါကျွန်တော့်အလောင်းဘယ်နားမြှုပ်ရကောင်းမလဲလို့နေရာလာကြည့်တာပါ' လို့ ပြောသတဲ့ဗျ။ ဒီသတင်း သူ့အစ်မကြားတော့ ငိုလိုက်တာ ဝက်ဝက်ကွဲပါပဲဗျာ။

အဲဒီသတင်းတွေကြားတော့ ဒီကလေးကို ရှေးတုန်းက ဘိုးဘွားတွေကုတဲ့နည်းနဲ့ ကုကြည့်မှပဲလို့ အတွေးပေါက်ပါတယ်။ ကျွန်တော်တို့ဘိုးဘွားတွေပြောပြလို့ မှတ်ထားမိတာက ဖျဉ်းဖြစ်ရင် ပေနဲ့ကုရတယ်ဆိုတာပါပဲ။ ဖျဉ်းနဲ့ပေဆိုတာက ဓာတ်တူနံ့တူပါ။ နံ့တူသတ်တဲ့ သဘောပါပဲ။

ပေဆိုတာက ပေပင်ရဲ့အရွက်ပါ။ ပေရွက်အစိုကို ထုထောင်းပြီး အရည်တစ်ဇွန်းစာတစ်နေ့သုံးခါတိုက်ရတာပါ။ ထောင်းထုပြီး အရည်ညှစ်ရတာခက်တော့ ပေရွက်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ခိုင်းဖို့ စိတ်ကူးရပါတယ်။ ပေပင်ဆိုတာ မြန်မာနိုင်ငံတစ်နံတစ်လျားရှိတဲ့အပင်ပါ။

ဒါနဲ့ ကျွန်တော်ဟာ ကြည်လွင်ကိုခေါ်ပြီး ပေရွက်သုံးခွက်တစ်ခွက်တင်ပြုတ်သောက်ခိုင်းပါတယ်။ ရေဆာတိုင်းသောက်ကွာလို့ညွှန်လိုက်ပါတော့သည်။ ထူးခြားသလားမမေးနဲ့၊ ပထမတစ်ရက်သောက်လိုက်တာနဲ့ ဝမ်းပုပ်တွေလျှောတယ်လို့ ဆိုပါတယ်။ ဗိုက်လည်း သိသိသာသာ လျှော့ကျသွားတယ်။ (၃)ရက်လောက်သောက်တော့တာ မောင်းကားနေတဲ့ဖျဉ်းဗိုက်ကြီးမရှိတော့ပါဘူး။ အဲဒီပေရွက်ပြုတ်ကို ရက်အတော်ကြာဆက်သောက်လိုက်တာ အရင်လို စားနိုင်သောက်နိုင်သွားနိုင်လာနိုင်ဘဝကို ပြန်ရောက်ခဲ့ပါတယ်။ မောင်ကြည်လွင် အခုရွာမှာရှိပါတယ်။ အရက်လည်း လုံးဝပြတ်သွားပြီး လူကောင်းဖြစ်နေပါပြီ။ ဒါက ကျွန်တော်ကိုယ်တိုင်ကုလို့အောင်မြင်တာပါ။ ဒီတော့ ဖျဉ်းကို ပေရွက်နဲ့ကုရင်ရတယ်ဆိုတာ မျက်စိနဲ့တပ်အပ်မြင်ရပါပြီ။

နောက်တစ်ခါက ရန်ကုန်မှာဗျ။ ရန်ကုန် (xxx) အထူးကုဆေးရုံကြီးမှာ ကျွန်တော့်မိတ်ဆွေတစ်ဦး ရောဂါဖြစ်တော့ ကျွန်တော်က လူနာစောင့်ပါသွားတာ။ အဲဒီမှာ မိန်းမကြီးတစ်ဦးက သူ့သား ဖျဉ်းဖြစ်လို့ လာတက်နေတာကို စောင့်နေရတာပေါ့။

ဒါနဲ့ ကျွန်တော်လည်း မနေသာတာနဲ့ ပေရွက်ကို ထောင်းထုပြီး နံနက်၊ နေ့၊ ညထမင်းစားတစ်ဇွန်းစာတိုက်ပါလို့ ပြောတော့ အဲဒီမိန်းမကြီးဟာ ယုံယုံကြည်ကြည်ပဲဗျို့။ ပေရွက်ရအောင်ရှာပြီး ထောင်းထုတိုက်ပါတယ်။ သုံး၊လေးရက်နေတော့ ဖျဉ်းကပိန်သွားပါတယ်။ လူလည်း ကျန်းမာလာတယ်။ ဆရာဝန်ကြီးက ဆင်းခွင့်ပေးလိုက်တော့ ဆင်းသွားပါတယ်။ အဲဒီမိန်းမကြီးက ရွာမှာ ပေပင်တွေပေါပါတယ်။ ရောဂါကင်းသည်အထိ ဆက်တိုက်ပါ့မယ်လို့ ပြောသွားတယ်ဗျ။ ဒါက ဒုတိယမျက်စိနဲ့တပ်အပ်မြင်ရတာ။ နောက်ထပ်တော့ မတွေ့သေးဘူး။

မယုံမရှိနဲ့။ ဒါဟာ ရှေးမြန်မာကြီးတွေရဲ့အစဉ်အဆက်ကုခဲ့တဲ့ ဆေးနည်းပါ။ ကျွန်တော်တို့က ဆရာတို့လို စာပေတွေမဖတ်ရတော့ ဗဟုသုတကတော့ သိပ်မရှိဘူးပေါ့ဗျာ။ သိတာလေးနဲ့ပဲ လူတွေကို အကျိုးပြုရတာပေါ့"

လို့ ပြောပြပါတယ်။

ဗဟုသုတရှာဖွေစုဆောင်းရေးနေတဲ့ ကျွန်တော့်အတွက်ကတော့ ပြည်သူတွေကိုတင်ပြဖို့ ဦးခေါင်းထဲမှာ သိုလှောင်ခဲ့ပါတယ်။

*ချမ်းမြေ့ကြပါစေ*

နေပြည်တော်ကျော်ကျော်စိုး



www.burmeseclassic.com

www.burmeseclassic.com



# ကိုအောင်နိုင်ဦး

## (အလိမ်လည်ကျောရှာ)

## နတ်ပြည်၊ မြောက်ကျွန်း၊ ဧကြာဝဏ္ဏာနှင့်အိပ်မက်ဆန်းများ

စာရေးသူတို့ ငယ်ငယ်တုန်းက လူကြီးသူမများပြောသံကြားဖူးပါသည်။ 'လူမရောက်မြင်းမိုရ်တောင်၊ခွေးမရောက်အိမ်ခေါင်' လို အရပ်စကားပြောသံကို ကြားခဲ့ရသည်။ နောက်ထပ်အရပ်စကားတစ်ခုရှိသေးသည်။ အလောင်းစည်သူမင်းကြီးသည် လက်ညှိုးညွှန်ရာ ရေဖြစ်သဖြင့် သူ၏ဖောင်တော်ဖြင့်သွားရာ မြင်းမိုရ်တောင်ခြေရင်းကိုတောင်ရောက်သတဲ့။ ရှေးလူကြီးတွေကစကားတို့ကြွယ်ကြသည်။

ယနေ့ သိပ္ပံခေတ်ရောက်နေပြီဖြစ်သည်။ ဝေဟင်တွင် လေယာဉ်ပျံများ၊ ဒုံးပျံများနေရာအနှံ့မှ လွှတ်တင်၍ ဂြိုဟ်တုများပင် အာကာသထဲတွင် အများအပြားရောက်ရှိနေပြီ ဖြစ်သည်။ ကမ္ဘာမြေပေါ်တွင် မည်သည့်နေရာမျှ မြင်းမိုရ်တောင်ကိုရှာမတွေ့ပါ။ မြင်းမိုရ်တောင်တွင် နတ်ပြည်နတ်ရွာများရှိသည်ဟု ပြောကြပါသည်။ တကယ်လို့များ ကမ္ဘာပေါ်တွင် မြင်းမိုရ်တောင်ရှိလျှင် လူ့ပြည်နှင့် နတ်ပြည်လမ်းပေါက်သွားနိုင်သည်။ လူ့ပြည်လူ့ရွာတွင် တွေ့မြင်ကြားသိနေရသော အကြောင်းများကပေတခေါ် သရဲ၊ တစ္ဆေများအကြောင်းနှင့် စတုမဟာရာဇ်နတ်နွယ်ဝင် ရုက္ခစိုး၊ ဘုမ္မစိုးများနှင့် တိရိစ္ဆာန်ဘုံသားများအကြောင်းကိုကြားရသိရမြင်နေရသည်။ ကျန်သည့် နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာနှစ်ဆယ်ကိုတော့ဖြင့် မိုးကောင်းကင်ကိုသာကြည့်၍ ပြောဆိုကြသည်။ စာရေးသူလည်း အသက်ရလာတော့ စာပေတွေဖတ်ပြီး အဆီအငေါ်မတည့်သော အရပ်စကားများကို မယုံတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ငယ်စဉ်တုန်းကတော့ တောင်တွေမြင်တိုင်း မြင်းမိုရ်တောင်လားလို့ကြည့်လိုက်ရတာအမောပင်ဖြစ်သည်။

စာရေးသူ၏မိတ်ဆွေကြီး ကိုစိန်သောင်း ကြုံတွေ့ခဲ့သော အဖြစ်အပျက်များနှင့် ထူးဆန်းသော အိပ်မက်များကို ပြောပြသဖြင့် နတ်ပြည်(၆)ထပ်ပြဿနာများလည်း ရင်ထဲတွင်ရှင်းသွားတော့သည်။

"ဒီလို ကိုဆောင်းဦးရဲ့။ ကျွန်တော် ထူးဆန်းတဲ့အိပ်မက်ကို ၁၉၉၀ပြည့်နှစ်လောက်ကမက်ခဲ့တယ်"

ကိုစိန်သောင်းတစ်ယောက် နယ်မြို့တစ်မြို့မှပြန်လာပြီး ညကတော့ ပင်ပန်းသဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုစိန်သောင်း အာကာသဟင်းလင်းပြင်ကြီးထဲတွင် ခြေစုံရပ်နေပြီး အရပ်ရှစ်မျက်နှာလုံးတွင် မြေကမ္ဘာဟူ၍ တစ်ခုပင် မတွေ့ရပါ။ ကိုစိန်သောင်းရပ်နေသောရှေ့တွင် တိမ်တိုက်ဖြူဖြူလေးတစ်ခုရှိပြီး ထိုတိမ်တိုက်လေးပေါ်တွင် စောင်းတန်းလေးတစ်ခုရှိကာ စောင်းတန်းလေး၏ဘေးနှစ်ဖက်ထိုင်ခုံများတွင် အဝါရောင်ဝမ်းဆက်ဝတ်အမျိုးသမီးတွေထိုင်နေသည်။ ထိုစောင်းတန်းလေး၏ရှေ့ ကွက်လပ်ကလေးတွင် ပန်းနီတိုက်ပုံနှင့် မျက်နှာလေးကောင့်ကျပြီး အသက်(၆၀) ကျော်လောက်ရှိသော ကတုံးဆံတောက်နှင့်အဘတစ်ယောက် နံပါတ်(၁)အိုးကြီးကို နီရဲနေသော ကျောက်တုံးတွေပေါ်တင်ပြီး ချက်ပြုတ်နေသည်။ အိုးထဲကိုလည်း ဟင်းသီးဟင်းရွက်တွေထည့်နေသည်။ အိုးကြီးကပွက်ပွက်။ သို့ပေမယ့် အိုးအောက်တွင် မီးတောက်လည်းမရှိပါ။ ကျောက်တုံးကြီးသုံးတုံးသာရှိသည်။

ထိုအချိန်တွင် ကိုစိန်သောင်းရပ်နေသော အာကာသဟင်းလင်းပြင်ကြီး၏အောက်ဘက်မှ တစ်ကိုယ်လုံး ဝါထိန်နေသောလူတစ်ယောက်သည် ဘာမှမရှိသော အာကာသဟင်းလင်းပြင်ကြီးထဲတွင် လေှကားထစ်တက်သလိုမျိုး တစ်ထစ်ချင်း တဖြည်းဖြည်းတက်လာကာ ကိုစိန်သောင်းအနားသို့ ရောက်လာသည်။

"ဒီမှာ ညီလေး၊ မင်းဘာလုပ်နေတာလဲ။ အစ်ကိုနဲ့တစ်ခါတည်းလိုက်ခဲ့လေ။

ညီလေးက အစ်ကိုနဲ့ လှူပြည်ကို အတူတူဆင်းသွားကြတာလေ၊ မမှတ်မိတော့ဘူးလား။ အေးလေ၊ ကြာလှရောပေါ့။ ဘဝတွေလေးပါးသာပြောင်းသွားတော့ မေ့သွားပြီပေါ့"

အရပ်ပုပု၊ မျက်နှာလေးထောင့်ရှိပြီး တစ်ကိုယ်လုံးဝါထိန်နေကာ ကရင်အမျိုးသားတစ်ယောက်နှင့် တူသည်။ ကိုစိန်သောင်း၏အသိမိတ်ဆွေထဲတွင် ဒီလိုပုံစံမျိုးအသိမိတ်ဆွေမရှိပါ။

"စိတ်တော့မရှိပါနဲ့၊ အစ်ကို့ကို ကျွန်တော်မမှတ်မိတော့တာ။ အစ်ကို့ကို တစ်ခုလောက်တော့မေးချင်တယ်။ ဒီအဘကြီးကဘာတွေလုပ်နေတာလဲ"

"ဒီအဘကြီးရဲ့အမည်က ဦးမာဃလို့ခေါ်တယ်။ ခြောက်ရွာမှာနေတယ်။ ခြောက်ရွာရဲ့သူကြီးပေါ့။ သူက ညီလေးစားဖို့ ဟင်းသီးဟင်းရွက်တွေချက်ပြုတ်နေတာ။ လူ့ပြည်က အသီးအရွက်တွေမဟုတ်ဘူး။ ဒီခြောက်ရွာက အသီးအရွက်တွေသိပ်အရသာရှိတာ။ ညီလေးလည်း မကြာခင် ခြောက်ရွာကို ရောက်လာမှာပါ။ ကဲ - အစ်ကိုသွားတော့မယ်၊ ညီလေးတစ်ခါတည်းလိုက်မလား"

"ဟင့်အင်း - မလိုက်သေးပါဘူး အစ်ကို။ ကျွန်တော့်မှာ အဖေအို၊ အမေအိုကြီးတွေကို စောင့်ရှောက်ရမယ့်တာဝန်တွေရှိသေးတယ်"

"ဒါဆိုရင်တော့ အစ်ကိုသွားပြီ။ အစ်ကို နတ်ပြည်ကနေ ညီလေးကိုစောင့်နေမယ်။ အချိန်ကျရင် မင်းလိုက်ခဲ့တော့"

တစ်ကိုယ်လုံးဝါထိန်နေသောလူလည်း ကိုစိန်သောင်းဘေးမှအပေါ်သို့ လေှကားထစ်တက်သလိုမျိုး တစ်လှမ်းချင်းတက်သွားတာ တဖြည်းဖြည်းဝေးဝေးသွားပြီး ပျောက်ကွယ်သွားတော့သည်။ကိုစိန်သောင်းလည်းနိုးသွားတော့သည်။

ကိုစိန်သောင်း အိပ်ရာမှထပြီး ထူးဆန်းသော အိပ်မက်အကြောင်းကို စဉ်းစားနေမိသည်။ စိတ်လည်းမရှိပါဘဲ အဆက်အစပ်မရှိသောအိပ်မက်ကို ဘာကြောင့်မက်တာလဲဟုစဉ်းစားနေမိသည်။

ထိုအိပ်မက်ပြီး နောက်တစ်ပတ်လောက်ကြာတွင် အလွန်ထူးဆန်းသော အိပ်မက်ကိုမြင်မက်ပြန်သည်။ အိပ်မက်ထဲတွင် ကိုစိန်သောင်း၏ခန္ဓာကိုယ်ကြီးသည် အလွန်ကြီးမားပြီး တောင်တန်းကြီးတစ်ခုလောက်ရှိနေသည်။ ထိုကြီးမားသောခန္ဓာကိုယ်ကြီးသည် တိမ်တိုက်ကြီးတစ်ခုပေါ်တွင် လဲလျောင်းနေသည်။ ကိုစိန်သောင်း၏ ခြေထောက်ကြီးသည် တိမ်တိုက်ကြီးကို လွန်ထွက်နေသည်။ ကိုစိန်သောင်း မိမိခြေထောက်ကိုကြည့်လိုက်ရာ အဝေးကြီးဖြစ်နေသည်။ ကိုစိန်သောင်းအိပ်စက်နေသော တိမ်တိုက်ကြီးဘေးတွင် တိမ်တိုက်လေးတစ်ခုရှိပြီး ထိုတိမ်တိုက်ပေါ်တွင် ပင်နီတိုက်ပုံဝတ်ပြီး ပုဆိုးကွက်တုံးကြီးနှင့် အသက် (၆၀) ကျော်လောက်ရှိသော ကတုံးဆံတောက်နှင့်အဘတစ်ယောက်က ကိုစိန်သောင်း၏ဝမ်းဗိုက်ထဲမှာရှိသော ပူဖောင်းအရှည်လေးများသဏ္ဍာန် တစ်ဖက်ပိန်ပြီးတစ်ဖက်ကဖောင်းနေသော အူလိုအရာများကို ဆွဲထုတ်ပြီး အဝါရောင်ဝမ်းဆက်ဝတ်ထားကာ မျက်နှာအဝါရောင်ရှိသော အမျိုးသမီးများကို ပေးလိုက်သည်။ အဝါရောင်ဝတ်ထားသော အမျိုးသမီးများက ထုတ်ပေးသောအူများကို ကျောက်ပျဉ်ပေါ်တွင်တင်၍ သနပ်ခါးတုံးများဖြင့် ကြိတ်ခြေပစ်လိုက်သည်။

"အဘ၊ အဘတို့ဘာလုပ်နေကြတာလဲဟင်"

"ဘာလုပ်ရမှာလဲ လူလေးရဲ့။ လူလေးရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့အဆိပ်အတောက်တွေကို ထုတ်ယူပြီး ခြေပစ်လိုက်တာပေါ့ကွယ်။ လူကလေးက အန္တရာယ်ရှိတဲ့ အစားအသောက်တွေစားလို့ အခုလိုယူပြီးထုတ်ခြေနေရတာပေါ့"

"ဒါနဲ့ အဘက ဘယ်သူလဲဟင်၊ ဘယ်မှာနေတာလဲ"

"အဘအမည်က ဦးမာဃလို့ခေါ်တယ်ကွယ့်။ နေတာက တောင်ရွာမှာနေတာပေါ့ကွယ်။ ခြောက်ရွာမှာတော့ အဘက လူကြီးပေါ့ကွယ်"

ကိုစိန်သောင်း လည်း အိပ်ရာမှနိုးလာပြီး အိပ်မက်အကြောင်းကို စဉ်းစားနေမိသည်။

ခြောက်ရွာမှ ဦးမာဃကို စိတ်မစွဲဘဲမက်တာ ဒါပါနှင့်ဆိုလျှင်နှစ်ခါတောင်ရှိပြီဖြစ်သည်။

ကိုစိန်သောင်း အလိန်လည်ကျေးရွာသို့ သွားရောက် လည်ပတ်ပြီး ပြန်လာသောညတွင် ထူးဆန်းသောအိပ်မက်တစ်ခုကို ထပ်မံမြင်မက်ခဲ့ပြန်သည်။ ကိုစိန်သောင်းသည် မိမိဇာတိရွာမှပြန်လာပြီး ခရီးပန်းလာသဖြင့် ည (၉) နာရီတွင် စောစောအိပ်ရာဝင်ခဲ့သည်။

အိပ်မက်ထဲတွင် ကိုစိန်သောင်း ခြံရှေ့တွင်ရပ်ပြီး မိမိကိုယ်ကိုကြည့်ပြီး အံ့ဩနေမိသည်။ ကိုစိန်သောင်းသည် ဇော်ဂျီတစ်ပါးကဲ့သို့ ဝတ်ဆင်ထားပြီး ခုန်လိုက်တာနှင့် တိမ်တိုက်ထဲရောက်သွားသည်။ ခန္ဓာကိုယ်နှင့်စိတ်တွေလည်း ပေါ့ပါးနေသည်။ ခြံရှေ့တွင်ရပ်ပြီး မိမိအိပ်မက်မက်နေတာလားဟု မိမိအသားကိုဆိတ်ကြည့်လိုက်တော့ အသားနာသွားသဖြင့် အိပ်မက်မက်နေတာမဟုတ်ဟု ယုံကြည်သွားသည်။ ကိုစိန်သောင်းလည်း ရည်ရွယ်ချက်မရှိဘဲ မိုးကောင်းကင်ပေါ်သို့ခုန်တက်လိုက်ရာ မိုးကောင်းကင်ထဲသို့ထိုးတက်သွားသည်။မိုးကောင်းကင်ထဲတွင် တိမ်တိုက်ဖြူဖြူကြီးတွေကို တစ်တိုက်ပြီးတစ်တိုက် ဖြတ်ကျော်လာပြီး ခဏကြာသောအခါ အာကာသဟင်းလင်းပြင်ထဲသို့ ရောက်သွားတော့သည်။ အာကာသဟင်းလင်းပြင်ကြီးထဲတွင် မည်းမှောင်နေပြီး မှိတ်တုတ်မှိတ်တုတ်ကြယ်လေးများကို စကြဉ်ဘာကြီး

www.burmeseclassic.com

ထဲတွင် အနန့်အပြားတွေ့မြင်နေရသည်။

ကိုစိန်သောင်းလည်း ကြောက်ရွံ့စိတ်မရှိဘဲ အာကာသဟင်းလင်းပြင်ကြီးထဲတွင် တရွေ့ရွေ့သွားနေသည်။ မိမိကိုယ်ကိုကြည့်လိုက်တော့လည်း မီးလုံးထဲက တန်စတင်မီးကြိုးလေးတစ်ခုလင်းနေသလိုမျိုးဖြစ်နေသည်။ လူ့ခန္ဓာကိုယ်ကြီးကို မတွေ့ရတော့ဘဲ လျှပ်စစ်လိုင်းလေးတစ်ခုအဖြစ်သာ တွေ့မြင်နေရသည်။ စကြဝဠာကြီးထဲတွင်သွားနေသည်မှာ မိမိတစ်ယောက်တည်းဟုထင်မိပေမယ့် လားရာမတူဘဲ ဟိုမှဒီသွားလာနေသော လျှပ်စစ်လိုင်းပုံစံလေးများကိုလည်း တွေ့မြင်နေရသည်။ မှောင်မည်းနေသော စကြဝဠာထဲတွင် ပိုးစုန်းကြူးကလေးများကဲ့သို့တလက်လက်ဖြင့်သွားလာနေကြသည်။ ကိုစိန်သောင်းစိတ်ထဲတွင် ကြောက်ရွံ့မှုမရှိဘဲ ပျော်ရွှင်နေမိသည်။ အလင်း၏လျင်မြန်သောအဟုန်ဖြင့်သွားနေရာ အတော်ကြာသောအခါ စကြဝဠာများကို တစ်ခုပြီးတစ်ခုဖြတ်ကျော်လာခဲ့ပြီး နဂါးငွေ့တန်းကြီး၏အစွန်နားတွင်ရှိသော စကြဝဠာထဲမှ ကြည်ပြာရောင်ဂြိုဟ်ကြီးတစ်ခုဆီသို့ လျင်မြန်လှသောအဟုန်ဖြင့် ဝင်ရောက်သွား သည်။

ကြည်ပြာရောင်ဂြိုဟ်ကြီးတွင်ရှိသော အတိမ်အတိုက်တွေထဲသို့ရောက်လာတော့ ကိုစိန်သောင်းခန္ဓာကိုယ်သည် အလင်းတန်းလေးမဟုတ်တော့ဘဲ နတ်ဝတ်နတ်စားတွေ ဝတ်ဆင်ထားတာကို တွေ့ရပြီး ကိုစိန်သောင်း၏ခန္ဓာကိုယ်ကြီးသည်လည်း တိမ်တိုက်ကြီးတစ်ခုစာလောက်ရှိနေသည်။ကြည်ပြာရောင်ဂြိုဟ်ကြီးပေါ်တွင်တွေ့ရသောတိမ်တိုက်များ၏ဖွဲ့စည်းမှုက ကိုစိန်သောင်းတို့နေထိုင်ရာကမ္ဘာဂြိုဟ်မှ တိမ်တိုက်တွေထက် ပိုမို လှပသေသပ်လှသည်။ အချို့တိမ်တိုက်ကြီးတွေက တစ်တိုက်နှင့်တစ်တိုက် တံတားကြီးပုံစံတွေ ဖြစ်ပေါ်နေပြီး ဆက်စပ်နေကြသည်။ အချို့တိမ်တိုက်ကြီးတွေက ပန်းပွင့်ပုံစံကြီးတွေဖြစ်နေကြသည်။ အလွန်လှပသောပုံသဏ္ဍာန်ပင်ဖြစ်သည်။ နေရောင်ခြည်ကလည်း ထိန်လင်းစွာ တောက်ပနေသော်လည်း ပူလောင်ခြင်းမရှိဘဲ လှပသောတိမ်တိုက်ကြီးကို ဖြတ်သန်းလာရင်း တိမ်တိုက်များအောက်တွင် တုသိတာနတ်ပြည်ဟူသော ဆိုင်းဘုတ်ကြီးကိုတွေ့ရသော်လည်း မြူမှုန်တွေထဲတွင် နတ်ဘုံနတ်နန်းများကို ရေးရေးသာ တွေ့မြင်နေရသည်။ နတ်သား၊ နတ်သမီးများကိုမူ မတွေ့ရပါ။ တော်တော်ကလေး သွားမိသောအခါ အရှေ့တည့်တည့်တွင် တောင်ကြီးတစ်တောင်ကိုလှမ်းတွေ့နေရသည်။ တောင်ကြီး၏ ကမ်းပါးယံတွင်စာလုံးကြီးကြီးဖြင့် ပယ်ဝန်းတောင်ဟု ရေးထားတာကို တွေ့မြင် နေရသည်။

ထိုတောင်ထိပ်တွင် ဘောလုံးကွင်းငါးကွင်းစာလောက်ရှိသည့်ရွှေရောင်ခါတ်လုံးကြီးသည် တောင်ထိပ်တွင် တည်နေသည်။ ကိုစိန်သောင်းလည်း ထိုပယ်ဝန်းတောင်ထိပ်ပေါ်တွင်ရှိနေသော ခါတ်လုံးကြီး၏လုံးဝန်းသောထိပ်တည့်တည့်ပေါ်သို့ရောက်သွားပြီး မတ်တတ်ရပ်၍ ဘေးပတ်ဝန်းကျင်သို့ကြည့်နေမိသည်။ ခါတ်လုံးကြီးပေါ်တွင် ရွှေရောင်မြူမှုန်တွေက ကိုစိန်သောင်း၏ခါးဝတ်လောက်အထိ ပျံ့နှံ့ရောက်ရှိနေသည်။

ကိုစိန်သောင်း မြူမှုန်များထဲတွင် မတ်တတ်ရပ်၍နေစဉ် ကိုစိန်သောင်း၏ ဝဲဘက်မှ အပြာနုရောင်ဝတ်ဆင်ထားသော တိဗက်ဘုန်းကြီးတစ်ပါး လေထဲမှ ဝဲပျံ၍ရောက်ရှိလာပြီး ကိုစိန်သောင်း၏ ဘေးတွင်မတ်တတ်ရပ်၍နေလိုက်သည်။ ပြီးတော့ မြူထနေသောရွှေရောင်မြူမှုန်များထဲသို့ထိုင်ချလိုက်သည်။ ထိုအချိန်တွင် ကိုစိန်သောင်း၏ ညာဘက်တွင် တိမ်တိုက်ရံတံတားကြီးတစ်ခုဖြစ်ပေါ်နေပြီး လှပလွန်းသဖြင့် ကိုစိန်သောင်းငေးမောကြည့်နေစဉ် ရွှေရောင်ခါတ်လုံးပေါ်မှ ခါတ်ငွေ့လှုံပြီးသော တိဗက်ဘုန်းတော်ကြီးက လေထုထဲသို့ဝဲပျံတက်သွားပြီး တိမ်တိုက်တံခါးပေါက်မှထွက်ခွာသွားတော့သည်။

ကိုစိန်သောင်းလည်းသတိရလာပြီး ရွှေရောင်မြူထနေသောရွှေမှုန်များထဲသို့ ထိုင်ချပြီး ခါတ်ငွေ့လှုံလိုက်သည်။ ခါတ်ငွေ့လည်းလှုံပြီးရော ခါတ်လုံးကြီး၏ အောက်တည့်တည့်ရှိသော စကြဝဠာထဲသို့ ပျံသန်းသွားပါသည်။ ပျံသန်းနေရင်း တိမ်တိုက်ကြီးတစ်ခုပေါ်မှ ပြာသာဒ်အဆောက်အအုံတစ်ခုရှေ့တွင်ဆင်းပြီး ပြာသာဒ်၏ရှေ့တွင်ခြေစုံရပ်လိုက်သည်။ အဆောက်အအုံထဲမှ အသက် (၇၀) အရွယ် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ မျက်နှာသွယ်သွယ်ရှိသော အဘိုးကြီးက -

"သား လူလေး၊ မင်းအမေကိုဆေးကုဖို့ ပညာတွေသွားသင်တာ ပြည့်စုံတတ်မြောက်လာပြီးလား။ အခုမင်းပြန်လာတာ ဒီမှာအပြီးနေတော့မှာလား"

"ပညာတွေသွားသင်တာ တတ်မြောက်လာပါပြီ အဖေ။ အမေ့ကို အခုဆေးကုပေးခဲ့ပါမယ်။ ဒီမှာတော့ မနေသေးပါဘူး၊ သား လူ့ပြည်မှာ အဖေနဲ့ အမေကျန်ခဲ့သေးတယ်။ ဒါကြောင့် လူ့ပြည်ပြန်ရဦးမယ် အဖေ"

အသားဖြူဖြူ ပိန်ပိန်နှင့် အသက် (၇၀) လောက်ရှိပြီဖြစ်သော အဘွားကြီးတစ်ယောက် ခေါင်းတလားအနက်ကြီးကို လည်ကုပ်ပေါ်တွင် ကန့်လန့်ဖြတ်ကြီး ထပ်ထားသည်။ ခေါင်းတလားအနက်ကြီးကြောင့် အမေ့ကျောပြင်တစ်ခုလုံး မည်းညစ်နေသည်။ အဆောက်အအုံထဲတွင် သပြေရောင်ထိုင်ခုံနှင့် စားပွဲကြီးရှိပြီး သပြေညိုရောင်ထိုင်ခုံတွင်ထိုင်နေသော အမေ့ကျောပေါ်မှ ခေါင်းတလားအနက်ကြီးကို လက်ဖြင့်ရိုက်ချလိုက်ရာ ပြတင်းပေါက်မှ ခေါင်းတလားအနက်ကြီး စကြဝဠာထဲသို့လွင့်စဉ်သွားတော့သည်။ အမေ့ကျောတွင်ဖြစ်နေသော မည်းညစ်နေသည့်အရာများကိုလက်ဖြင့်ဆွဲယူပြီး ပြတင်းပေါက်မှ စကြဝဠာထဲသို့ လွှင့်ပစ်လိုက်သဖြင့် အနက်ရောင်သတ္တဝါကောင်ကြီးတစ်ကောင်အလား အော်ဟစ်ညည်းတွားလွင့်စဉ်သွားတော့သည်။

"အဖေနဲ့ အမေ၊ သားဆေးကုပြီးပြီ။ သားလူ့ပြည်ပြန်တော့မယ်။ အဖေနဲ့အမေရဲ့အမည်ကို သားမသိရသေးဘူး"

"သားလေးက မေ့သွားပြီပဲ။ အဖေ့အမည်က သူရိယနေမင်းဖြစ်ပြီးတော့ အမေ့အမည်က စန္ဒာနတ်သမီးလေကွယ်။ အဖေနဲ့ အမေကို မမေ့ကောင်းဘူးကွယ့်သားလေးရဲ့"

"ဟုတ်ကဲ့ အမေ။ သားညစဉ်ဘုရားရှိခိုးရင် အဖေနဲ့ အမေကို ရှိခိုးပါမယ်"

ကိုစိန်သောင်းလည်း အဖေနှင့်အမေကို ရှိခိုးဦးချပြီး အောက်ဘက်ရှိ စကြဝဠာတွေကို တစ်တိုက်ပြီးတစ်တိုက် ဖြတ်သန်းရင်း နဂါးငွေ့တန်းဂြိုဟ်စုကြီးမှ ထွက်ခွာလာပြီး မိမိတို့နေထိုင်ရာ ကမ္ဘာဂြိုဟ်ရှိ မိမိနေထိုင်ရာအိမ်ရှေ့သို့ပြန်ဆင်းလာတော့သည်။

ကိုစိန်သောင်းလည်း အိပ်ရာမှနိုးသော် ထူးဆန်းသောအိပ်မက်အကြောင်းကို တွေးတောစဉ်းစားနေမိသည်။

နောက်(၆)လလောက်ကြာတော့ ကိုစိန်သောင်း ဒေးဒရဲဘက်မှအလုပ်လုပ်ပြီးပြန်ပြီး ကိုစိန်သောင်း အလုပ်လုပ်ရာ ဂိုဒေါင်ကြီးထဲတွင် တစ်ယောက်တည်း အလုပ်အကြောင်းစဉ်းစားနေတုန်း ခဲ



www.burmeseclassic.com

www.burmeseclassic.com

ညောင်းလာသဖြင့် ခေတ္တတုံးလုံးလဲနေသည်။ အိပ်ချင်စိတ်လည်း လုံးဝမရှိပါ။ ဂိုဒေါင်ထဲတွင် တစ်ယောက်တည်းရှိနေတုန်းအချိန် ဖြစ်သည်။ ထိုအချိန်တွင် အိပ်မက်ထဲတွင် ကောင်းကင်ယံအခြားစကြဝဠာတွင်တွေ့ခဲ့သော အသက်(၇၀) အရွယ် ကိုစိန်သောင်း၏ အဖေဆိုသော သူရိယနတ်မင်းကို မျက်ဝါးထင်ထင်တွေ့ရသဖြင့် ကြောင်ကြည့်နေတုန်းမှာပင် တဖြည်းဖြည်း မှုန်ဝါးပြီးပျောက်ကွယ်သွားသည်။ အချိန်က နေ့လယ် (၁၂) နာရီအချိန်တွင် ဖြစ်သည်။

နောက်နေ့ နေ့ခင်း(၁)နာရီတွင် ကိုစိန်သောင်း၏ ညီငယ် နိုင်လင်းဦးမှ ကိုစိန်သောင်းအားနှင်းပေးနေစဉ်တွင်-

"ဟာ - အစ်ကိုကြီး အစ်ကိုကြီး၊ ဟိုမှာ အဘိုးကြီးတစ်ယောက် တောင်ဝှေးလေးနဲ့ ဒီကိုလာနေပြီး အစ်ကိုကြီးကို ကြည့်နေတယ်။ သူ့ပုံစံကအကြည်ရောင်အရိပ်လေးလိုပဲ။ ဟော-ပြောရင်းဆိုရင်း မှုန်ဝါးပြီးပျောက်သွားပြီ"

ကိုစိန်သောင်းလည်း ထူးဆန်းသောအဖြစ်အပျက်ကြောင့် အံ့ဩသွားသည်။ အိပ်မက်ထဲတွင်တွေ့ခဲ့သော ကိုစိန်သောင်း၏ အဖေ ဆိုသော အဘိုးကြီးကို အပြင်တွင် ကိုစိန်သောင်းတင်မဟုတ်ဘဲ ကိုစိန်သောင်း၏ညီငယ်လေးပါတွေ့သွားသဖြင့် အိပ်မက်ထဲတွင်သူတို့နေသောနတ်ပြည်သို့ တကယ်ရောက်ခဲ့သည်ဟု ထင်မိတော့သည်။

နောက်တစ်လလောက်ကြာတော့ ကိုစိန်သောင်း ပဲခူးမြို့ရှိ ဈေးကြီးတွေကို လေလံပစ်သဖြင့် သွားရောက်လေလံဆွဲပြီး မိတ်ဆွေများဖြစ်သော ပုစွန်တောင်ကြက်တန်းမှ ကိုသိန်းလွင်၊ ကိုပေါ၊ ကိုနာဂနှင့်အတူ ပဲခူးမြစ်ကမ်းနားတွင်ရှိသော ဈေးကြီးနှစ်ဈေးကို ဖျက်သိမ်းခြင်းလုပ်ငန်းများလုပ်ကြသည်။ ဖျက်သိမ်းပြီးသောသံထည်များ၊ ဟင်ဂလန်များကို ရန်ကုန်မြို့သို့သယ်ယူပြီးပြန်လည်ရောင်းချကြသည်။ လုပ်ငန်းများပြီးစီးသွားတော့ ရှယ်ယာများခွဲယူပြီး ကိုစိန်သောင်းလည်း ဂိုဒေါင်ထဲရှိ ကွပ်ပျစ်ပေါ်တွင် ခေတ္တလှဲလျောင်းနေမိသည်။ နေ့ခင်း (၁၂) နာရီလောက်တွင်ဖြစ်ပြီး ဂိုဒေါင်ထဲတွင်လည်း ကိုစိန်သောင်းမှလွဲပြီး အခြားသူများရှိမနေပါ။ ပဲခူးမြို့မှဖျက်သိမ်းလာသော သံစကာပုံကြီးသာရှိသည်။ကိုစိန်သောင်းလည်း လုပ်ငန်းကိစ္စများအကြောင်းတွေးတောနေတုန်း ကိုစိန်သောင်းဘေးတွင် အဝါရောင်ဝတ်စုံနှင့် နတ်ကြီးတစ်ပါးကို တွေ့လိုက်ရသည်။ တံလျှပ်ကဲ့သို့တရိပ်ရိပ်ဖြစ်နေသည်။ ကိုစိန်သောင်း၏ခြေရင်းတွင် ဂဠုန်ပုံစံနှင့်နတ်ကြီးတစ်ပါးရပ်နေပြီး မျက်လုံးကြီးမှာ နီရဲနေသည်။ လက်ထဲတွင်လည်း အက်စ်ပုံစံလေးကိုင်းကြီးကိုင်ထားပြီး လေးကိုင်းကြီးကလည်း ရွှေလေးကိုင်းကြီးဟုထင်ရသည်။ နောက်မှ ထိုလေးကိုင်းကြီးမှာ ကျိုင်းဟုခေါ်သောလက်နက်တစ်လက်ဖြစ်သည်ဟုသိရပြီး ထိုနတ်ကြီးနှစ်ပါးသည် သိကြားမင်းနှင့်ဝိရူပက္ခနတ်မင်းကြီးတို့နှစ်ပါးဖြစ်သည်ဟု သိရသည်။

ကိုစိန်သောင်းလည်း ထူးဆန်းသောနတ်ကြီးနှစ်ပါးကို ကြောင်ပြီးကြည့်နေပါသည်။ ဘာအကြောင်းနှင့်များ ရောက်လာသည်မသိပါ။ သိကြားမင်း၏ လက်ထဲတွင် ခရုသင်းကြီးပါလာသည်ကို တွေ့ရသည်။ ကြည့်နေတုန်းမှာပင် နတ်ကြီးနှစ်ပါးလည်းပျောက်ကွယ်သွားတော့သည်။ အလွန်ထူးသောအဖြစ်အပျက်ကြောင့် နတ်ဆိုတာ တကယ်ရှိသည်ဟု ယုံကြည်သွားတော့သည်။

နောက်တစ်လလောက်ကြာတော့ ကိုစိန်သောင်းတစ်ယောက် ကုန်းလမ်းပို့ဆောင်ရေးမှ BM မော်တော်ယာဉ်တစ်စီး လေလံဆွဲပြီး ဂိုဒေါင်ရှေ့တွင် မော်တော်ယာဉ်ကို ပြင်ဆင်နေသည်။ ကားကိုပြုပြင်ရင်း ကိုစိန်သောင်းတွင်ရှိသောငွေကုန်သွားသည်။ ဆက်လက်ပြုလုပ်ရန်နှင့် ကားတွင်တပ်ဆင်ရန် ဟီးနိုးအင်ဂျင် EH 700 ကို ဝယ်ယူရန် ငွေမရှိဖြစ်နေသဖြင့် ကိုစိန်သောင်းတစ်ယောက် အလိုအလျောက်စိတ်တိုနေတော့သည်။ နေ့ခင်း(၂)နာရီလောက်တွင် ဂိုဒေါင်ထဲတစ်ယောက်တည်းရှိနေတုန်း ကိုစိန်သောင်းတစ်ကိုယ်လုံး ကြက်သီးတွေထပြီး ခန္ဓာကိုယ်အတွင်းမှ အလွန်လင်းလက်သောအလင်းတန်းကြီးတစ်ခုထွက်



လာပြီး ကောင်းကင်ထဲသို့တက်သွားသည်ကို မြင်တွေ့ရသည်။ကိုစိန်သောင်းလည်း ထိတ်လန့်သွားပြီး ဘာကြောင့်ခန္ဓာကိုယ်ထဲက အလင်းတန်းကြီးထွက်လာတာလဲဟု တွေးနေမိသည်။

ညကျတော့ အိပ်မက်ထဲတွင် ကိုစိန်သောင်းနှင့် အသက် (၅၀) ခန့်ရှိသော မြန်မာအမျိုးသားကြီး(၃)ယောက်နှင့် အမေရိကန်လူမျိုး သိပ္ပံပညာရှင်အသက်(၅၀)ကျော် ခန္ဓာကိုယ်ထွားထွားခေါင်းတုံးဆံတောက်တွင် ဆံပင်များဖြူဆွတ်နေသော လူကြီးတစ်ယောက်တို့ ချဲလင်ဂျာလွန်းပျံယာဉ်ဖြင့် ကမ္ဘာမြေမှထွက်ခွာရန်ပြင်ဆင်နေကြသည်။ ခဏကြာတော့ လွန်းပျံယာဉ်ပေါ်တက်ပြီး ကမ္ဘာမြေပြင်မှစတင်ထွက်ခွာလာသည်။ လွန်းပျံယာဉ်ဆိုပေမင့် စကြဝဠာထဲလည်းရောက်ရော လျှပ်စစ်လိုင်းကြီးတစ်ခုလိုဖြစ်သွားပြီး လျင်မြန်သောအလင်း၏အဟုန်ဖြင့် သွားနေတော့၏။ စကြဝဠာတွေတစ်တိုက်ပြီးတစ်တိုက်ဖြတ်ကျော်လာပြီး အလွန်တောက်ပသောဂြိုဟ်ကြီးကိုလည်း တွေ့ခဲ့ရသည်။ စကြဝဠာကြီးထဲတွင်ပေါက်ကွဲနေသောကြယ်တာရာကြီးတွေကိုလည်း အဝေးမှမြင်တွေ့ခဲ့ရသည်။ အချို့အရာများသည် လျင်မြန်သောအဟုန်ဖြင့် ဖြတ်သန်းသွားသဖြင့် အလင်းလိုင်းများအဖြစ်သာတွေ့ရသည်။ အလင်းမှုန်အစုအဝေးကြီးတစ်ခုကိုလည်း ဂြိုဟ်တစ်ခုအလား အဝေးမှ မြင်တွေ့ရသည်။ ရေတွေချည်းစုဝေးနေသော ရေကမ္ဘာဂြိုဟ်ကြီးတွေကိုလည်း မြင်တွေ့ခဲ့ရသည်။ လျင်မြန်သောအဟုန်ဖြင့်သွားနေသော ကိုစိန်သောင်းတို့၏ ချဲလင်ဂျာလွန်းပျံယာဉ်ကြီးလည်း အလွန်တောက်ပ၍လှပနေသော နဂါးငွေ့တန်းကြယ်စင်စုကြီးထဲသို့ဝင်ရောက်သွားပြီး စကြဝဠာတစ်ခုထဲမှ လနှစ်လုံးရှိသော အပြာရောင်ဂြိုဟ်ကြီးပေါ်သို့ ဆင်းသက်သွားသည်။ ကိုစိန်သောင်းတို့လည်း ယာဉ်ကြီးပေါ်မှဆင်းလိုက်သည်။

"ဒါဘယ်နေရာလို့ခေါ်လဲ၊ ဒါဘာဂြိုဟ်လဲ"

"ဒါ ကုန်းရိုးတန်းဂြိုဟ်စုလို့ခေါ်တယ်"

"ကုန်းရိုးတန်းဂြိုဟ်စုတွေက လူတယ်လို့ ကမ္ဘာ့အာကာသဆိုင်ရာသိပ္ပံနီးနှောဖလှယ်ပွဲမှာပြောကြတယ်။ အခုတော့လည်း ဘယ်မှာလူလို့လဲ။ ရွှံ့မီးတောင်လေးတွေနဲ့ပြည့်နေတာပဲ"

ကိုစိန်သောင်းတို့လမ်းလျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com

သောပတ်ဝန်းကျင်တွင် ရွှံ့မီးတောင်လေးများမှ မီးခိုးတွေ၊ ရွှံ့ရည်ပူတွေတပွက်ပွက်ထွက်နေကြသည်။ ထိုရွှံ့မီးတောင်လေးတွေကြောင့် ပတ်ဝန်းကျင်လည်း မီးခိုးငွေ့တွေနှင့် မှုန်မှိုင်းနေပြီး ရွှံ့ရည်ပူများကလည်းစီးနေသဖြင့် ကိုစိန်သောင်းတို့လူစုလည်း လွတ်ရာမှကွေ့ပတ်သွားနေကြသည်။

ကိုစိန်သောင်းတို့လည်း ကွေ့ပတ်သွားရင်းနှင့် မြို့အဝင်မုခ်ဦးကြီးဆီသို့ ရောက်လာတော့သည်။ မြို့အဝင်မုခ်ဦးအနီးတွင် မိသားစုတစ်စုလာကြိုနေကြသည်။ လာကြိုနေသောမိသားစုများ၏ အသားအရောင်များသည် အလွန်လှပသော ရွှေဝါရောင်များဖြစ်ကြသည်။ အဘိုးကြီးတစ်ယောက်၊ ကောင်လေးတစ်ယောက်၊ ကောင်မလေးနှစ်ယောက်တို့လာကြိုကြသည်။ သူတို့အသက်ဘယ်လောက်ရှိသည်မသိပါ။ သူတို့ကို လူငယ်၊ လူကြီးသာ ခွဲခြားနိုင်သည်။ ရုပ်ရည်များမှာ အိုစာခြင်းမရှိပါ။ အားလုံးချောမောလှပကြသည်။ သူတို့တွင် မွေးဖွားခြင်းနှင့် သက်တမ်းကုန်ဆုံး၍ သေဆုံးခြင်းသာရှိပါသည်။ အိုခြင်း၊ နာခြင်း မရှိပါ။ သူတို့က အသားမစားကြပါ။ အသီးအရွက်များသာစားသုံးကြသည်။

ကိုစိန်သောင်းတို့ရောက်လာရင်း မြို့အဝင်ဝတွင် ဘုရားကျောင်းဆောင်ကြီးရှိပါသည်။ ဘုရားကျောင်းဆောင်ကြီးတစ်ခုလုံးကို အကြည်ရောင်ဖန်များဖြင့် တည်ဆောက်ထားသည်မှာ ကြည့်၍ကောင်းလှသည်။ တိုင်လုံးကြီးများမှာလည်း ဖန်များဖြင့်ပြုလုပ်ထားပြီး ကနုတ်နှင့် ပန်းများကိုလည်း ဖန်များဖြင့် ပြုလုပ်ထားသဖြင့် စိတ်ထဲတွင် ထူးဆန်းပြီး ကြည်နူးချမ်းမြေ့လှသည်။

ဘုရားဆင်းတုတော်ကို စိန်ဖြင့်ထုလုပ်ကိုးကွယ်သဖြင့် တကယ့်သက်တော်ထင်ရှားရှိနေသည်ဟု ထင်ရလောက်အောင်ပင်ဖူးတွေ့ရသည်။ ဆင်းတုတော်ကြီးတွင် ပန်းရောင်သွေးများပြေးနေသဖြင့် ရုတ်တရက်ဆိုလျှင် ဘုရားရှင်သက်တော်ထင်ရှားတွေ့နေရသလိုဖြစ်သည်။ ရင်ပြင်တော်မှ ကျောင်းဆောင်အထိ နိမ့်လျှောဖြစ်ပြီး လှေကားထစ်များရှိပြီး ထိုအထစ်များတွင် ထိုင်ခုံများချထားသည်။ ထိုင်ခုံကလည်း အရောင်အသွေးစုံလှသည်။ ကိုစိန်သောင်းနှင့်ပါလာသောအဖွဲ့များကို ဘုရားကျောင်းတွင်ထားခဲ့သည်။ ကိုစိန်သောင်းလည်း ဘုရားဝတ်ပြုပြီး လာခေါ်သူတွေနှင့် လိုက်သွားသည်။ လာခေါ်တဲ့ မိသားစုထဲမှ ခေါင်းဆောင် ဦးကြီးက -

"လူလေး၊ မင်းကို ဘာကြောင့် ငါတို့နေထိုင်ရာမြောက်ကျွန်းကိုခေါ်ရသလဲဆိုရင် လူလေးကို ကျေးဇူးဆပ်ချင်လို့ပါ။ ဦးတို့က လူလေးတို့နေထိုင်ရာ ကမ္ဘာဂြိုဟ်ကိုလာပြီးမိသားစုလိုက်လေ့လာကြတာ။ လေ့လာပြီးလို့ ဦးတို့ယာဉ်ပျံလည်း ပျံတက်ရော ကမ္ဘာ့သံလိုက်စက်ကွင်းကြီးကိုဖြတ်လို့မရဘူးဖြစ်နေတယ်။ ယာဉ်ပျံထဲမှာလည်း ဦးတို့မိသားစုတစ်စုလုံးပါနေတယ်။ အကြိမ်ကြိမ်ထိုးဖောက်ပျံသန်းပေမယ့်လည်း သံလိုက်စက်ကွင်းကြီးရဲ့ဆွဲငင်အားကို ရုန်းမထွက်နိုင်ဘူးဖြစ်နေတယ်။ ဦးတို့ယာဉ်ပျံကို ကမ္ဘာမြေထဲကိုပဲ သံလိုက်စက်ကွင်းကြီးက ဆွဲဆွဲယူနေတယ်။ ပျံထွက်သွားလို့မရတော့ဘူး။ ဦးတို့ယာဉ်ပျံကလည်း တွန်းကန်အားစက်ချို့ယွင်းသွားတယ်။ ဒါကြောင့် ပျံထွက်မရဖြစ်နေတာ။ ကမ္ဘာရဲ့နေရောင်ခြည်နဲ့လေထုကလည်း ဦးတို့နဲ့က သဘာဝချင်းမတူတော့ ကြာရင်ဦးတို့မိသားစုအသက်ဆုံးရှုံးနိုင်တယ်။ ဒီအချိန်မှာပဲ ကမ္ဘာမြေပြင်ကနေ ဂါမာရောင်ခြည်အလင်းတန်းကြီးထွက်လာတယ်။ ရောင်ခြည်တန်းကြီးက သံလိုက်စက်ကွင်းကြီးကိုဖောက်ထွက်သွားတယ်။ ဦးတို့ယာဉ်ပျံလည်း ရောင်ခြည်တန်းကြီးနဲ့အတူ ကမ္ဘာ့သံလိုက်စက်ကွင်းကို ဖောက်ထွက်သွားပြီး စကြဝဠာကြီးထဲကိုပျံသန်းသွားတယ်။ ဦးတို့မိသားစုလည်း အသက်မသေဘဲ မြောက်ကျွန်းကို ပြန်ရောက်လာတယ်။ ဒီရောင်ခြည်တန်းကြီးဘယ်ကထွက်တာလဲလို့ကြည့်လိုက်တော့ လူလေးခန္ဓာကိုယ်ထဲကထွက်လာတာကို မြင်နေရတယ်။ ဒါကြောင့် လူလေးကို ကျေးဇူးဆပ်ရအောင် ဖိတ်ခေါ်လိုက်တာ"

ဦးကြီးလည်း စကားပြောရင်း ကိုစိန်သောင်းကို စလစ်မွမ်းချွန်တွေနှင့် ဆောက်ထားသောအဆောက်အအုံကြီးတစ်ခုထဲသို့ခေါ်သွားသည်။ အဆောက်အအုံလေးထဲတွင် ရွှေနှင့်ပြုလုပ်ထားသော လက်ဝတ်တန်ဆာများ၊ ခေါင်းဆောင်းများ၊ မကိုဋ်များ၊ ရွှေစလွယ်များမှာ အဆောက်အအုံထဲတွင် တောင်ပုံရာပုံဖြစ်နေသည်။ ရတနာတွေကို ရွှေတိုင်တွင်ရွှေကြိုးတပ်ပြီးစည်းသားထားသည်။

"ကဲ-လူလေး၊ ဒီရတနာတွေထဲက ကြိုက်ရာတစ်ခုယူခွင့်ရှိတယ်။ လူလေးကြိုက်ရာသာယူပေတော့"

ကိုစိန်သောင်းစိတ်ထဲတွင် ရတနာများကိုတွေ့နေသော်လည်း လိုချင်တပ်မက်ခြင်းမရှိပေ။ ဒါပေမယ့် တစ်ခုယူခွင့်ရှိသောကြောင့် ကိုစိန်သောင်း အနားတွင်ရှိသော သရဖူလေးကိုယူလိုက်မိသည်။ သရဖူလေးသည် ရွှေသားအစစ်နှင့်ပြုလုပ်ထားပြီး ထိပ်တည့်တည့်တွင် အလင်းရောင်တန်းများထွက်ရှိနေသော ကျောက်တစ်လုံးပါသည်။ ထိုကျောက်လေးသည် အရောင်အမျိုးမျိုးပြောင်း၍ ထွက်နေသည်။ မည်သည့်ကျောက်အမျိုးစားမှန်းမသိပါ။

"ဦးကြီးတို့တိုင်းပြည်ကလည်း ဒီအဆောက်အအုံနဲ့ပါဆိုရင် လေး၊ ငါးလုံးလောက်ပဲရှိမယ်နော်"

"ဘယ်ဟုတ်ရမှာလဲ။ လာ-ဦးကြီးပြမယ်"

ဦးကြီးခေါ်ရာနောက်သို့လိုက်သွားရာ ချောက်ကမ်းပါးတစ်နေရာကိုရောက်သွားသည်။ ကိုစိန်သောင်းတို့ရပ်နေရာသည် ချောက်ကမ်းပါးထိပ်ဖြစ်ပြီး အောက်တွင် အလွန်နက်သော ချောက်ကြီးရှိသည်။ လတစ်စင်း၏အလင်းရောင်ကြောင့် ချောက်ထဲရှိသောအရာများကို ရေးရေးသာမြင်တွေ့နေရ၏။ အောက်တွင် ချိုင့်ဝှမ်းလွင်ပြင်ကြီးနှင့်တောင်ထွတ်တောင်ဆွယ်များကို မြင်တွေ့နေရသည်။ အရှေ့ဘက်ကောင်းကင်၌ လတစ်စင်းနောက်ထပ်ထွက်ပေါ်လာနေပြီဖြစ်သည်။

ခဏကြာသောအခါ ကိုစိန်သောင်းတို့ရပ်နေသော ချောက်ကမ်းပါးစွန်းတွင် ချောက်ထဲသို့ထိုးထွက်နေသော ကျောက်စွန်းကြီးတစ်ခုရှိသည်။ ကြည့်နေရင်း ထိုကျောက်စွန်းကြီးမှ အလင်းရောင်များတိုးထွက်လာပြီး အလွန်လင်းထိန်လာပြီးနောက် ချောက်ထဲတွင်ရေးရေးလေးမြင်နေရသော ကျောက်တိုင်ကြီး၏ထိပ်ဆုံးပိုင်းကို အလင်းလှိုင်းထိပြီး ခဏကြာသောအခါ ကျောက်တိုင်ကြီးတစ်ခုလုံးလင်းလာပြီး တစ်မြို့လုံးလင်းထိန်သွားတော့သည်။ ထိုအချိန်မှပဲ မြို့ထဲတွင်ယာဉ်များ ဟိုမှသည်သွားလာနေတာတွေကို အလင်းရောင်လေးများကြောင့်သိနေရသည်။ မြောက်ကျွန်းတွင် ညအချိန်ဖြစ်နေသည်။ နေ့ခင်းဆိုလျှင် အေးမြသောအပြာရောင်ကြယ်ကြီးထွန်းလင်းနေသည်ဟု ဦးကြီးက ပြောပြပါသည်။ နေ့ခင်းတွင် လင်းနေပေမယ့် ပူလောင်ခြင်းမရှိဟု ပြောပြပါသည်။ ကိုစိန်သောင်းမှ မြို့ထဲသို့သွားလို့ရလားဟုမေးသောအခါ -

"လူလေးရယ်၊ သားတို့လူသား



www.burmeseclassic.com

www.burmeseclassic.com

တွေနဲ့ တို့မြောက်ကျွန်းက လူသားတွေက သဘာဝချင်းမတူညီတော့ မသွားချင်ပါနဲ့။ သားတို့တောင်ကျွန်းသားတွေနဲ့ မတည့်တဲ့ဓာတ်တွေရှိတယ်ကွယ်။ အန္တရာယ်ကြီးပါတယ်။ ဒီဘုရားကုန်းတော်မြေတစ်ခုတည်းကိုသာ တောင်ကျွန်းသားတွေနေလို့ရအောင်လုပ်ထားတာ"

ထို့နောက် ကိုစိန်သောင်းတို့လည်း ဘုရားကျောင်းတော်တွင်ထားခဲ့သော လူကြီးများဆီသို့ပြန်သွားကြသည်။ ဘုရားရပ်ပွားတော်ကြီးကိုဝတ်ပြုဦးချပြီး ချဲလင်ဂျာလွန်းပျံယာဉ်ကြီးဖြင့် စကြဝဠာထဲသို့ ပျံသန်းလာခဲ့သည်။ တောက်ပသော နဂါးငွေ့တန်းကြယ်စင်စုကြီးထဲမှထွက်ခွာကာ လျင်မြန်သောအဟုန်ဖြင့် စကြဝဠာတွေတစ်တိုက်ပြီးတစ်တိုက်ဖြတ်ကျော်လာပြီး ဂြိုဟ်ပြာကြီးခေါ် ကမ္ဘာဂြိုဟ်တောင်ကျွန်းသို့ ယာဉ်ပျံကြီးလည်း ဝင်ရောက်လာတော့သည်။

ကိုစိန်သောင်းလည်း အိပ်ရာမှ လန့်နိုးသွားသည်။ အိပ်ရာမှနိုးနိုးချင်း ခြင်ထောင်အပြင်ဘက်တွင် မိန်းကလေးတစ်ယောက်နှင့် အိပ်မက်ထဲတွင်တွေ့ခဲ့သော အမေရိကန်ကြီးတစ်ယောက် မတ်တတ်ရပ်နေတာကို တွေ့ရသည်။ ထိုမိန်းကလေးက မြောက်ကျွန်းအကြောင်းကို ကိုစိန်သောင်းအား ပြောပြသည်။

"အစ်ကိုရောက်ခဲ့တဲ့ နေရာဟာ မြောက်ကျွန်းလို့ခေါ်တယ်။ မြောက်ကျွန်းဟာ ဒီကမ္ဘာဂြိုဟ်ကနေ တိုင်းတာရင် အလင်းနှစ်(၄)သန်းလောက်ဝေးတယ်။ မြောက်ကျွန်းသူမြောက်ကျွန်းသားတွေမှာ မွေးဖွားခြင်းနဲ့ သေဆုံးခြင်းသာရှိတယ်။ နာခြင်း၊ အိုခြင်းမရှိကြဘူး။ မြောက်ကျွန်းသူမြောက်ကျွန်းသားတွေဟာ အသားမစားကြဘူး။ သူတို့ဟာ ဗုဒ္ဓဘာသာတစ်မျိုးပဲ ကိုးကွယ်ကြတယ်။ အခြားဘာသာတွေ မြောက်ကျွန်းမှာမရှိဘူး။ အစားအစာချက်ပြုတ်ရာ၊ အလင်းရောင်ရဖို့ရာအတွက်ဆိုရင် ကျောက်တွေရဲ့အလင်းရောင်သာ အသုံးပြုကြတယ်။ သူတို့ဆီမှာ ပူလောင်တဲ့မီး (တေဇော) ဓာတ် မရှိဘူး။ ဒါကြောင့် သူတို့ အသားအရေဟာ လှပကြတယ် အစ်ကို"

ထိုအချိန်တွင် အမေရိကန်သိပ္ပံပညာရှင်ကြီးကလည်း သင်ဟာ အလွန်ထုံထိုင်းအနသူတစ်ယောက်လို့ပြောပြီး ပျောက်ကွယ်သွားကြတော့သည်။

ကိုစိန်သောင်းလည်း နံနက် (၅) နာရီတွင်ပင်ထ၍ အိပ်မက်အကြောင်း တွေးနေမိသည်။

ကိုစိန်သောင်းလည်း ထူးဆန်းသောအိပ်မက်များကို မြင်မက်သဖြင့် ရွှေတိဂုံဘုရားကြီးကိုသွားပြီး ပုတီးစိပ်တရားထိုင်ခြင်း ပြုလုပ်နေတော့သည်။ ကိုစိန်သောင်းစိတ်ထဲတွင်လည်း ဒီထူးဆန်းသောအိပ်မက်တွေဘာကြောင့်မက်မှန်းမသိပါ။

နောက်တစ်လလောက်ကြာတော့ အိပ်မက်တစ်ခုထပ်မက်ပြန်သည်။ ထိုအိပ်မက်ကြောင့် ဘုရားတရားကိုပိုမိုလုပ်နေရပါသည်။ အိပ်မက်ထဲတွင် ကိုစိန်သောင်းနှင့်သူငယ်ချင်းတစ်ခု လင့်ရိုဗာဂျစ်ကားလေးစီးပြီး တွံတေးဘက်သို့သွားနေသည်။ ထိုအချိန်တွင် ကောင်းကင်မှ အသံနှင့် စာတန်းကြီးများကျလာသည်။ စာတန်းကြီးများသည် ကိုစိန်သောင်းရှေ့တည့်တည့်သို့ကျလာသည်။ အသံကိုလည်းကြားနေရသည်။

"လူလေး၊ မင်းပြန်လာခဲ့တော့။ မင်းနေရာမှာစောင့်တဲ့သူကလည်း အခုပဲ လူပြည်ကိုဆင်းသွားပြီ။ မင်းအစား အဘစောင့်နေရတယ်"

"ဟင် - ဒါဦးမာယကြီးရဲ့အသံပဲ။ ကျွန်တော်ပြန်မလာနိုင်သေးဘူး အဘ။ ကျွန်တော့်အဖေနဲ့အမေကိုလုပ်ကျွေးရဦးမယ်"

"ဒါဆိုရင် အသက် (၄၀)ပြည့်ရင် ပြန်လာခဲ့"

"ကျွန်တော်ပြန်မလာနိုင်သေးဘူး။ (၄၀)ခရီးတော့ဝေးသေးတယ်"

"ဒါဆိုရင် လူလေး အသက်(၅၀) အထိပဲနေပေါ့"

"ကျွန်တော့် အသက်(၅၀)လည်း ပြန်မလာသေးဘူး"

"ဒါဆိုရင် ဘယ်လောက်တောင် နေချင်သေးလို့လဲ"

"ကျွန်တော် လူသက်တမ်းကုန်တဲ့ အထိ နေချင်ပါသေးတယ်"

"အေး- အဲဒါဆိုရင်တော့ လူလေး သာသနာပြုမှရမယ်နော်"

ထိုအချိန်တုန်းက ကိုစိန်သောင်း အသက်က (၃၅) နှစ်လောက်ပဲရှိသေးသည်။ ထိုသို့ပြောပြီး တိမ်တိုက်ပေါ်တွင် တွေ့ရသော အဘဦးမာယသည်လည်း ပျောက်ကွယ်သွားတော့သည်။

ကိုစိန်သောင်းလည်း အိပ်မက်ပြီးကတည်းက ဘုရားတရားကိုပိုလုပ်တော့သည်။ ကိုစိန်သောင်းတို့နေသောလမ်းထဲတွင်လည်း ပဋ္ဌာန်းပွဲများကိုလည်း ဦးဆောင်ပြီး ကျင်းပခဲ့သည်။

စာရေးသူ၏မိတ်ဆွေကြီး ကိုစိန်သောင်းမက်ခဲ့သောအိပ်မက်များနှင့် မြင်တွေ့ခဲ့သော ဆန်းကြယ်သည့်ဖြစ်ရပ်များကြောင့် နတ်ပြည်နတ်ရွာများရှိသော မြင်းမိုရ်တောင်သည် စာရေးသူတို့နေထိုင်သောကမ္ဘာကဲ့သို့ အခြားသော စကြဝဠာတွင်ရှိသော ဂြိုဟ်ကမ္ဘာတွင် ရှိနေမည်ဟု ယူဆမိပါသည်။ အခြားစကြဝဠာတွင်လည်း သက်ရှိများရှိသော ဂြိုဟ်ကမ္ဘာများရှိနေပေလိမ့်မည်။ ဤအနန္တစကြဝဠာကြီးထဲတွင် ကြယ်တာရာအစုအဝေးကြီးတွေ၊ နဂါးငွေ့တန်း၊ ကြယ်တာရာအစုအဝေးကြီးတွေ၊ စကြဝဠာပေါင်း မရေမတွက်နိုင်အောင်ပင် များပြားလှသည်။ သိန်းသန်းကုဋေမက တည်ရှိနေကြသည်။ စာရေးသူတို့ မသိနိုင်သောအကြောင်းအရာများသည် ဤအနန္တစကြဝဠာကြီးထဲတွင် သိန်းသန်းကုဋေမကရှိနေနိုင်သည်။ ဒီအကြောင်းအရာများကို မြတ်စွာဘုရားရှင်မှသာ ထင်းလင်း သေချာစွာ သိရှိနိုင်ပေမည်။ သာမန်လူသားတွေမသိနိုင်သောအရာများသည် လောကကြီးတွင် ဒုနှင့်ဒေးပင် ဖြစ်တော့သည်။ စာရေးသူတို့ မသိနိုင်သော စကြဝဠာတစ်ခုတွင် သက်ရှိများ ပေါက်ပွားနေနိုင်ပါသည်။ သူတို့သည် စာရေးသူတို့လို အောက်ဆီဂျင်ကိုရှူပြီး ဒ္ဒရကိုသောက်သောသူများ ဖြစ်ချင်မှလည်း ဖြစ်ပေလိမ့်မည်။

သို့ကြောင့် မြတ်စွာဘုရားရှင် ဟောပြောညွှန်ပြခဲ့သလို သံသရာကြီးထဲတွင် သတ္တဝါတွေသည် အနမတဂ္ဂ ဖြစ်လိုက်၊ ပျက်လိုက်နှင့် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ဗြဟ္မာဖြစ်လိုက်၊ ငရဲ၊ ပြိတ္တာ တိရိစ္ဆာန်၊ အသူရကာယ်ဖြစ်လိုက်နှင့် သံသရာဝဲသြဂယထဲတွင် လှည့်လည်သွားလာနေပါတော့သည်။

စာရေးသူလည်း အနက်ရောင်ကန့်လန့်ကာကြီးထဲတွင် စိန်ပွင့်လေးတွေလို မရေမတွက်အောင်များပြားလှသော ကြယ်တာရာအစုအဝေးကြီးကိုကြည့်ပြီး အခြားစကြဝဠာများအကြောင်းကို တွေးတောစဉ်းစားနေမိပါတော့သည်။

*သတ္တဝါများ*
*ကျန်းမာချမ်းသာကြပါစေ*

ကိုအောင်ဦး
(အဝိုင်းလည်းကျေးရွာ)


www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၅ ခုနှစ်၊ ဇွန်လအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




(၁-၆-၂၀၁၅) နေ့
သာယနဇာတာခွင်




(၁၁-၆-၂၀၁၅)နေ့
သာယနဇာတာခွင်




(၂၁-၆-၂၀၁၅)နေ့
သာယနဇာတာခွင်

၂၀၁၅ ခုနှစ်၊ ဇွန်လ ပထမ (၁၀) ရက်ကာလမှာ ရွှေဈေးအကျဘက် ဦးလှည့်ရမည်။ ငွေကြေးဈေးကွက် တက်ရိပ်မြင်မည်။ ဓာတ်မြေသြဇာ၊ ဓာတုဆေးဝါးများလည်း ကျဈေးမိမည်။ ဆောက်လုပ်ရေးလုပ်ငန်းများ ဈေးကွက်မကောင်း။ ဆောက်လုပ်ရေးပစ္စည်းများ လေးလံထိုင်းမှိုင်းနေမည်။ တယ်လီဖုန်း၊ အင်တာနက် စသော ဆက်သွယ်ရေးပစ္စည်းများ ဈေးနှုန်းကျရိပ်ဘက်အားသန်နေမည်။ စာနယ်ဇင်းဈေးကွက်အခြေအနေ ချည့်နဲ့နေမည်။ သယ်ယူပို့ဆောင်ရေး အထူးသဖြင့် လေကြောင်းပို့ဆောင်ရေးဈေးကွက် မတည်ငြိမ်ဖြစ်လာမည်။ ခရီးသွားလုပ်ငန်းများအေးစက်လာမည်။ အီလက်ထရွန်နစ်၊ ရေဒီယို၊ လျှပ်စစ်ဆိုင်ရာပစ္စည်းများ ဈေးနှုန်းတက်ရိပ်၊ ကျရိပ် ရှုပ်ထွေးလာမည်။ စက်နှင့်စက်ပစ္စည်းများ ဈေးကွက်အားနည်းနေမည်။ အနုပညာဆိုင်ရာဈေးကွက်မငြိမ်ဖြစ်နေမည်။ သစ်ဈေးကွက်မကောင်း။

၂၀၁၅ ခုနှစ်၊ ဇွန်လ ဒုတိယပတ်တွင် ရွှေဈေးတက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ ငွေကြေးဈေးကွက်အတက်ဘက်ရှိသော်လည်း အကျဘက်ပိုယိုင်တတ်မည်။ လောင်စာဆီများ၊ လောင်စာဓာတ်ငွေ့များ ကျဈေးဘက်ပိုညွတ်လာတတ်မည်။ စာနယ်ဇင်းဈေးကွက်အားနည်းနေဦးမည်။ ဖက်ရှင်၊ အလှအပ၊ အဝတ်အထည်ဆိုင်ရာဈေးကွက်များ အေးတိအေးစက်ရှိမည်။ ပညာရေးလုပ်ငန်းဈေးကွက် အကောင်းဘက်သို့ သိပ်မလှမ်းနိုင်သေး။ အိမ်၊ ခြံ၊ မြေဈေးကွက် သိပ်ဦးမော့နိုင်ဦးမည်မဟုတ်။ ဓာတုပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ ဈေးမကောင်းနိုင်သေး။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ ရေဒီယိုပစ္စည်းများ တက်ဈေးမတွေ့နိုင်သေး။ စားကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သီးနှံပစ္စည်းများ တက်ဈေး၊ ကျဈေး မငြိမ်မသက်ရှိနေမည်။ သစ်ဈေးမကောင်းသေး။

၂၀၁၅ခုနှစ်၊ ဇွန်လ တတိယ (၁၀) ရက်ကာလတွင် ရွှေဈေးတက်ရိပ်ကြီးနေမည်။ ငွေကြေးဈေးကွက် တက်ရိပ်၊ ကျရိပ်များ ရှုပ်ထွေးပျက် အကျဘက် အလေးသာနေမည်။ ရေလုပ်ငန်းနှင့် ရေထွက်ပစ္စည်းကျဈေးဘက်ရောက်နေမည်။ လျှပ်စစ်၊ ရေဒီယို၊ အီလက်ထရွန်နစ်ဆိုင်ရာပစ္စည်းများအတက်ဘက်သို့မလှမ်းနိုင်သေး။ ဓာတုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများလည်း ကျဈေးမှမရုန်းတက်နိုင်သေး။ ဆောက်လုပ်ရေးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ တက်ဈေးဦးမော့လာမည်။ လောင်စာဆီများ၊စားသုံးဆီများတက်ရိပ်ရှိသော်လည်းဈေးငြိမ်နေမည်။တွင်းထွက်သတ္တုပစ္စည်းများ တက်ဈေးရှိသယောင်နှင့် အေးခဲနေမည်။ ကောက်ပဲသီးနှံဈေးငြိမ်နေမည်။ သစ်ဈေးကောင်းမည်။

မင်းရှိန်အောင်




www.burmeseclassic.com

ဗြိတိသျှမြန်မာနိုင်ငံ


# ဆိပ်ကမ်းသာဟိုတယ်၏ နောက်ဆုံးညစာစားပွဲ

ချော့မ်းခေက်



၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်။

ဗြိတိသျှအမျိုးသားဝတ်လုံတော်ရကြီး အီစီဖူးကားအဖို့ ထိုနေ့ညသည် မေ့မရသောညတစ်ညဖြစ်သည်။ အီစီဖူးကားမှာ ဗြိတိသျှကိုလိုနီခေတ်နှောင်းပိုင်းတွင် ရန်ကုန်မြို့ ဥပဒေလောကနှင့် အနောက်တိုင်းသားများ၊ ပတ်ဝန်းကျင်တွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်လူသိများသော ဝတ်လုံတော်ရကြီးဖြစ်သည်။ ထိုစဉ်က ဗြိတိသျှတရားလွှတ်တော်ရုံးချုပ်မှ ဗြိတိသျှအမျိုးသား တရားသူကြီးများ၊ မြန်မာအမျိုးသား တရားသူကြီးများ၊ ရန်ကုန်မြို့မှ အထင်ကရပုဂ္ဂိုလ်ကြီးများအသိုင်းအဝန်းတွင် လူတော်လူကောင်းဥပဒေပညာရှင်အဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုခြင်းကို ခံထားရသူဖြစ်၏။



ဆိပ်ကမ်းသာဟိုတယ်



ဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် ဗိုလ်ချုပ်ကြီးအလက်ဇန္ဒား

သူနှင့် သူ့မိတ်ဆွေ အိန္ဒိယအမျိုးသား ဝတ်လုံတော်ရ မစ္စတာဆူးမားတို့ ပူးတွဲတည်ထောင်ထားသော 'ဖူးကားနှင့် ဆူးမား ဥပဒေအကျိုးဆောင်အဖွဲ့'သည် ထူးထူးခြားခြား လူသိများသောဥပဒေအကျိုးဆောင်အဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ထိုစဉ်ကာလက ရန်ကုန်မြို့တွင်သာမက အရှေ့တောင်အာရှရှိ ဗြိတိသျှကိုလိုနီနိုင်ငံများတွင် ငွေလုံးငွေရင်းအများဖြင့် တည်ထောင်ထားသော ဗြိတိသျှအမျိုးသားနှင့် အနောက်တိုင်းသားများပိုင်ဆိုင်သော ကုမ္ပဏီအများ၏ ဥပဒေအကျိုးဆောင်အဖြစ် တာဝန်ယူ ဆောင်ရွက်ရသဖြင့်လည်း နာမည်ကျော်ကြားလူသိများခဲ့၏။ ယင်းဖူးကားနှင့်ဆူးမားဥပဒေအကျိုးဆောင်အဖွဲ့မှာ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ မြန်မာတို့လွတ်လပ်ရေးအမိအရယူနိုင်သောအချိန်အထိ မြန်မာနိုင်ငံတရားရေးလောကတွင် လူသိများခဲ့သော ဥပဒေအကျိုးဆောင်အဖွဲ့ဖြစ်သည်။ ဝတ်လုံတော်ရကြီး ဖူးကားအားကျွန်တော်တို့ စာဖတ်ပရိသတ်နှင့်အတူ မိတ်ဆက်ပေးစရာမလိုဟုလည်း ထင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် သူ့ဖခင် မစ္စတာဖူးကားမှာ ဒုတိယကမ္ဘာစစ်ကြိုကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဟိုးဟိုးကျော်ခဲ့သော ဖူးကားသစ်ထုတ်လုပ်ရေးကုမ္ပဏီကြီးကိုတည်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

ထောင်ခဲ့သူဖြစ်သည်သာမက မော်လမြိုင်မြို့တွင် သစ်စက်ကြီးများ၊ သစ်ဆိပ်များအမြောက်အများပိုင်ဆိုင်သူဖြစ်၏။

ဝတ်လုံတော်ရ ဖူးကားမှာ မော်လမြိုင်တွင် ဖွားမြင်ခဲ့သူဖြစ်ရပြီး မြန်မာစာနှင့် မြန်မာစကားကို အတော်အသင့်ကျွမ်းကျင်ခဲ့သူဖြစ်ရကား သူ့အား ဥရောပတိုက်သားအများက မြန်မာအလိုတော်ရိတစ်ယောက်အဖြစ်မြင်ထားသည်။ နောင်အခါ သူရေးသားထုတ်ဝေခဲ့သော The Reigned Mandalay စာအုပ်မှာ သောက်သောက်လဲရောင်းချရပြီး ယနေ့အထိတိုင် အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ် ဖြစ်သည်။ (ထိုစာအုပ်အား ကွယ်လွန်သူ စာရေးဆရာကြီး မောင်ကျောက်တိုင်က 'ကျွန်နိဒါန်း'အမည်ဖြင့် မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ရာ အရောင်းရအသွက်ဆုံးစာအုပ်တစ်အုပ်ဖြစ်ခဲ့ပြီး ယနေ့အထိ အကြိမ်ကြိမ်ပုံနှိပ်ထုတ်ဝေခဲ့ရသောစာအုပ်တစ်အုပ်ဖြစ်ပါသည်။)

ဝတ်လုံတော်ရဖူးကား လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်နေသောအချိန်က ဗြိတိသျှအစိုးရရုံးစိုက်ရာ ရန်ကုန်မြို့မှာ မြန်မာနိုင်ငံ၏မြို့တော်ဖြစ်လင့်ကစား ရန်ကုန်မြို့နေ လူထုအများမှာ အိန္ဒိယတိုင်းရင်းသားများ၊ တရုတ်အမျိုးသားများ၊ ဗြိတိသျှနှင့်ဥရောပတိုက်သားများ အများဆုံးနေထိုင်ရာမြို့ဖြစ်သည်။မြန်မာလူမျိုးအများမှာ ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များတွင်သာ နေထိုင်ကြသည်။ မြို့လယ်ရပ်ကွက်ကြီးတွင် တရုတ်အမျိုးသားများနှင့် အိန္ဒိယတိုင်းရင်းသားများသာနေထိုင်ကြပြီး စီးပွားရေးလောကတွင်လည်း တရုတ်၊ အိန္ဒိယတိုင်းရင်းသားများနှင့် ဥရောပတိုက်သားများက လက်ဝါးကြီးအုပ်ထား၏။ မြန်မာတိုင်းရင်းသားအရင်းရှင်အနည်းစုသာ တရုတ်၊ ကုလားနှင့် ဥရောပတိုက်သားများကို ပခုံးချင်းယှဉ်နိုင်ခဲ့သည်။ ထိုစဉ်ကမှတ်တမ်းများအရ ရန်ကုန်မြို့တော်တွင် အိန္ဒိယအလုပ်သမားနှစ်သိန်းနီးပါးရှိသည်ဟုသိရ၏။

စာရင်းဇယားများအရ ရန်ကုန်တွင် မှက်နှာဖြူဥရောပတိုက်သား (၈၀၀၀) ကျော်ရှိသည်ဟု သိရ၏။ ဥရောပတိုက်သားအများမှာ ဗြိတိသျှအမျိုးသားများသာဖြစ်ကြပြီး ထိုသူတို့သည် ဂျင်မခါနာ ကလပ်၊ ပဲခူးကလပ်၊ တတ်(ဖ်)ကလပ် ခေါ် သီးသန့်အဖွဲ့အစည်းများကို ဖွဲ့စည်းထားကြပြီး ထိုသီးသန့်အဖွဲ့အစည်းများတွင် ထိုစဉ်ကာလက ထိပ်တန်းမြန်မာအရာရှိကြီးများပင် ထိုသီးသန့်အဖွဲ့အစည်းအသင်းသားအဖြစ် ဝင်ခွင့်မပြုခဲ့ကြပေ။

ထိုအချိန်က ဒုတိယကမ္ဘာစစ်ကြီးမှာ ဥရောပတိုက်တွင် တောက်လောင်လာခဲ့ပြီး နာဇီဂျာမနီနိုင်ငံနှင့် ဝင်ရိုးတန်းမဟာမိတ်တို့သည် ဗြိတိသျှနှင့်မဟာမိတ်တို့အား ဥရောပတိုက်မှ မောင်းနှင်ထုတ်ခဲ့ရာ ဗြိတိသျှတို့မှာ တစ်ကောင်ကြွက်နိုင်ငံဖြစ်နေသည်။ နာဇီဂျာမနီနိုင်ငံအဖို့ ဒုတိယကမ္ဘာစစ်ကြီး အောင်မြင်နိုင်တော့မည့်အခြေအနေသို့ ရောက်ရှိလာသည်။ အမေရိကန်ပြည်ထောင်စုမှာမူ တစ်ကိုယ်တော်ဝါဒကျင့်သုံးသည်ဟုဆိုသော်လည်း နောက်ကွယ်မှ ဗြိတိသျှတို့နှင့်တရုတ်တို့အား စစ်လက်နက်ပစ္စည်းများ၊ရိက္ခာများ၊ ငွေကြေးနှင့်လောင်စာဆီများတောက်ပနေသည်။ သို့ဖြစ်၍ ဝင်ရိုးတန်းမဟာမိတ်ဖြစ်သော နာဇီဂျာမနီနှင့် ဖက်ဆစ်ဂျပန်နိုင်ငံတို့သည် အမေရိကန်ပြည်ထောင်စုအား စစ်ကြီးအတွင်း ပါဝင်လာအောင် လျှို့ဝှက်စွာ ကြံစည်နေကြ၏။

ဗြိတိသျှတို့၏ကိုလိုနီနိုင်ငံများဖြစ်သော အိန္ဒိယ၊ မြန်မာနှင့် မလေးရှားနိုင်ငံများတွင် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ အတောမသတ်နိုင်အောင်ဖြစ်ပွားနေသည့်အချိန် ဖြစ်လေသည်။ တစ်ချိန်က အိန္ဒိယတိုက်ငယ်၏ပြည်နယ်တစ်ခုအဖြစ် မြန်မာနိုင်ငံအား သတ်မှတ်ထားခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီး၏ အရိပ်အငွေ့များ ပေါ်ပေါက်လာသောအချိန်တွင် မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံမှ ခွဲထွက်လာပြီး (ဂ၁)ဌာနအုပ်ချုပ်ရေးဖြင့် အုပ်ချုပ်နေသောအချိန်ဖြစ်၏။ ထိုစဉ်က မြန်မာနိုင်ငံ၏ ကာကွယ်ရေးတာဝန်မှာ အလွန် အရေးကြီးနေသောအချိန် ဖြစ်သည်။ ပထဝီအနေအထားအရ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့၏ လမ်းပန်းဆက်သွယ်ရေးမှာ ကုန်းလမ်းခရီးဖြင့် လုံခြုံချောမွေ့စွာ သွားလာနိုင်သောအခြေအနေမရှိ။

ဤသို့အတွင်း တရုတ် - မြန်မာလမ်းမကြီးအား တိတ်တဆိတ် ဖောက်လုပ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စုသည် ဖက်ဆစ်ဂျပန်နှင့် စစ်ကြေညာခြင်းမရှိဘဲ ကျူးကျော်စစ်ဖြစ်နေသည့် တရုတ်နိုင်ငံအား အထက်ဖော်ပြပါ လမ်းမကြီးမှ စစ်အသုံးအဆောင်ပစ္စည်းများ၊ ရိက္ခာများ၊ လက်နက်ခဲယမ်းမီးကျောက်များ၊ လောင်စာဆီများအား မြန်မာနိုင်ငံအား ဖြတ်၍ပေးပို့ခဲ့သည်။ သို့ဖြစ်၍ ဖက်ဆစ်ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအား ကျူးကျော်ရန် ပြင်ဆင်လာခဲ့သည်။ ဤသို့သော အခြေအနေအရပ်ရပ်တွင် ဗြိတိသျှအာဏာပိုင်များ ရုတ်တရက်ဖွဲ့စည်းလိုက်ရသော အမှတ်(၁၇)အိန္ဒိယတပ်မမှာ အဘက်ဘက်မှ အားနည်းလျက်ရှိ၏။ တိုက်ခိုက်ရေးတွင်လည်း အတွေ့အကြုံ နည်းပါးသည်သာမက လက်နက်ကြီးများ၊ အမြောက်များမှာ ခေတ်မီခြင်းမရှိ။

ဤသို့သောအခြေအနေ၌ မြန်မာနိုင်ငံနိုင်ငံရေးဇာတ်ခုံတွင် အသစ်စက်စက်ဘုရင်ခံအဖြစ် တာဝန်ယူရသူမှာ ဆာဒေါ်မန်စမစ် ဖြစ်၏။ သူသည် ဆွေကြီးမျိုးကြီးဘိုးကြီးဘွားကြီးများမှ ဆင်းသက်လာခဲ့သူဖြစ်၏။ ၁၉၄၁ ခု၊ မေလမှပင် အားသစ်မာန်သစ်ဖြင့် မြန်မာနိုင်ငံကို ဘက်စုံပြုပြင်မည်ဟူသောဆုံးဖြတ်ချက်နှင့်ရောက်လာသည်။ သူသည် မြန်မာနိုင်ငံအခြေအနေ၊ ထိုစဉ်က လူထုအားဦးဆောင်နေသည့် သခင်လူငယ်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် တိုင်းရင်းသားလူထု၏အခြေအနေအရပ်ရပ်အား နားလည်ခြင်းမရှိခဲ့။ အရေးကြုံလျှင် မြန်မာလူထုသည် ဗြိတိသျှတို့ဘက်မှ အင်တိုက်အားတိုက် အကူအညီပေးမည်ဟု မှတ်ယူထား၏။ သူ့အနီးတွင်ရှိသော အိုင်စီအက်ခေါ် မိုးကျရွှေကိုယ် အရာရှိများ မြန်မာအမျိုးသား ဗြိတိသျှအလိုတော်ရိများ၏အကြံကို အမှန်ယူဆထားသူဖြစ်၏။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏နိုင်ငံရေး၊ ကာကွယ်ရေးမှာ ရင်လေးဖွယ်ဖြစ်လာသည်။ ထိုသို့အတွင်း မြန်မာမျိုးချစ် လူငယ်အများကလည်း ဥရောပတွင် အရှုံးနှင့်ရင်ဆိုင်နေရသော ဗြိတိသျှတို့၏အခက်သည် မြန်မာတို့အတွက် အခွင့်ကောင်းဟုယူဆကာ ဖက်ဆစ်ဂျပန်တို့၏အကူအညီနှင့် လွတ်လပ်ရေးအရယူရန် လျှို့ဝှက်စွာစီစဉ်နေသောအချိန်လည်းဖြစ်၏။

ဘုရင်ခံအသစ်ဖြစ်သော ဆာဒေါ်မန်စမစ်သည် ဗြိတိသျှမြန်မာနိုင်ငံစစ်ဘက်နယ်ဘက်မှအထင်ကရပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံရေးသမားများနှင့် ပြည်သူလူထု၏ ခင်မင်ရင်းနှီးမှုရအောင် နည်းလမ်းအမျိုးမျိုးနှင့် ကြိုးပမ်းခဲ့သည်။ မြန်မာနိုင်ငံတစ်နံတစ်လျား တိုင်းခန်းလှည့်လည်၍လည်း မြန်မာပြည်သူလူထုအား တတ်နိုင်သလောက် စည်းရုံးခဲ့၏။

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ၁၉၄၁၊ ဒီဇင်ဘာလ ၆ ရက်နေ့

www.burmeseclassic.com

သည် ဗြိတိသျှမြန်မာနိုင်ငံမြင်းပွဲလောကတွင် ထိပ်တန်းပွဲကြီးပွဲကောင်းတစ်ခုအဖြစ်ထင်ရှားသော ဘုရင်ခံဖလားမြင်းပွဲကို ကျင်းပရန် စီစဉ်ထားသည်။ ထိုပွဲကား ဗြိတိသျှမြန်မာနိုင်ငံတွင် ထူးထူးခြားခြား ခမ်းခမ်းနားနား ကျင်းပသောပွဲဖြစ်သည်။ သို့ဖြစ်၍ ဤဆောင်းပါးအစတွင် ရေးသား ဖော်ပြခဲ့သည့်အတိုင်း ဝတ်လုံတော်ရကြီးဖူးကားသည် သူ့မိတ်ဆွေများဖြစ်ကြသော ဘီအိုစီရေနံထုတ်လုပ်ရေးကုမ္ပဏီလက်ထောက်မန်နေဂျာ၊ ဖူးကားသစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ ရန်ကုန်ဌာနေကိုယ်စားလှယ်နှင့်ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီများမှ အရာရှိများနှင့် ဘုရင်ခံဖလားမြင်းပွဲအား တက်ရောက်ကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်နေ့တွင် ဘုရင်ခံဆာဒေါ်မန်စမစ်နှင့်ဇနီးတို့က ဂုဏ်ပြုကျင်းပမည့် အထူးညစာစားပွဲသို့ တက်ရောက်ရမည်ဖြစ်သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် အထက်တွင်ဖော်ပြခဲ့သော မြန်မာနိုင်ငံမြင်းပွဲလောကမှ ပွဲကြီးပွဲကောင်းဟု ထင်ရှားသော ဘုရင်ခံဖလားမြင်းပွဲအကြောင်း အနည်းငယ်ရေးသားဖော်ပြရမည်ဖြစ်၏။ ကျွန်တော်တို့မြန်မာနိုင်ငံကိုလိုနီခေတ်တွင် လူသိအများဆုံးနှင့် စိတ်ဝင်စားစရာအကောင်းဆုံး ဗြိတိသျှအမျိုးသားဘုရင်ခံတစ်ယောက်အကြောင်းပြောပါဟုဆိုလျှင် ဘုရင်ခံဆာဟာကုတ်ဘတ္တလာဖြစ်သည်ဟု တညီတညွတ်တည်းဖြေဆိုကြမည် ဖြစ်ပါသည်။

ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာသည် မြန်မာနိုင်ငံဘုရင်ခံတာဝန်ကို နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်သည်သာမက မြန်မာလူမျိုးများအပေါ် သံယောဇဉ်ရှိခဲ့သော ရှားရှားပါးပါး ဗြိတိသျှအမျိုးသားဘုရင်ခံတစ်ဦးဖြစ်၏။ မြန်မာနိုင်ငံအား ဘက်စုံဖွံ့ဖြိုးရန်ကြိုးစားခဲ့သူ ဖြစ်သည်။ အထူးခြားဆုံးလုပ်ဆောင်ချက်မှာ ရန်ကုန်တက္ကသိုလ်ကြီးအား တက္ကသိုလ်အင်္ဂါရပ်နှင့်ညီညွတ်အောင် ပြုပြင်မွမ်းမံ တည်ဆောက်နိုင်ရေးအတွက် ရန်ပုံငွေရရှိအောင် (၃၆) ကောင်၊ (၄) ကောင်ဂျင် စသောကစားပွဲမျိုးစုံကိုခွင့်ပြုသောဘုရင်ခံတစ်ဦးဖြစ်၏။

ဆာဟာကုတ်ဘတ္တလာမှာ မြင်းပွဲဝါသနာပါသူတစ်ဦးလည်း ဖြစ်သည်။ သူကိုယ်တိုင် ပြိုင်မြင်းများမွေးခဲ့သူဖြစ်သည်။ သူမြန်မာနိုင်ငံတွင်ဘုရင်ခံအဖြစ်တာဝန်ယူခဲ့စဉ်က ဘုရင်ခံချီးမြှင့်သည့်ဖလားအထိမ်းအမှတ်အတူ မြင်းပြိုင်ပွဲကျင်းပခဲ့သည်။ ထိုဖလားပွဲသည် ဗြိတိသျှမြန်မာနိုင်ငံမြင်းလောကတွင် ဟိုးဟိုးကျော်ခဲ့သောပွဲ ဖြစ်၏။

ထိုဘုရင်ခံဖလားမြင်းပွဲနေ့တွင် မြင်းပွဲတာဝန်ရှိသူများက ရန်ကုန်မြို့ပေါ်ရှိ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ မင်းတိုင်ပင်အမတ် (လွှတ်တော်ကိုယ်စားလှယ်) များ၊ စစ်ဘက်နယ်ဘက်မှ အထင်ကရပုဂ္ဂိုလ်များ၊ ကုမ္ပဏီကြီးများမှမန်နေဂျာများ၊ ဒါရိုက်တာများ၊ ဟိုက်ကုတ်မှ တရားသူကြီးအား ဖိတ်ကြားလေ့ရှိသည်။ အစဉ်အလာအတိုင်း ဘုရင်ခံဆာဒေါ်မန်စမစ်ကလည်း သူ့ခေတ်တွင် အထင်ကရညှေ့သည်များအား ဘုရင်ခံဖလားမြင်းပြိုင်ပွဲသို့ ဖိတ်ကြားခဲ့သည်။ ထိုစဉ်က မှတ်တမ်းအရ ဆာဒေါ်မန်စမစ်သည် ဘာဂီဟုခေါ်သော အမိုးဖွင့်ရထားအား မြင်းဖြူလေးကောင်ကစေ၍ အခြွေအရံအပါးတော်မြနှင့် အထူးကြွရောက်သည်ဟုဆိုသည်။

စစ်ရိပ်စစ်ငွေ့ ယှက်သန်းနေသော်လည်း ဗြိတိသျှတို့၏ အရှိန်အဝါမှာကြီးမားသည်အလျောက် ဆာဒေါ်မန်စမစ်အား မြင်းပွဲတက်ရောက်သူများက ဩဘာပေး၍ လက်ကိုင်ပဝါများဝှေ့ယမ်း၍ နှုတ်ဆက်ကြ၏။ သူမြင်းရထားပေါ်မှ ဆင်းသည်နှင့် ဘင်ခရာအဖွဲ့က 'God Save The King' ဘုရားသခင် ဘုရင်အား ကြည့်ရှုစောင်မတော်မူပါ' သီချင်းကို တီးမှုတ်ခဲ့၏။ မြင်းပွဲတက်ရောက်သူညှေ့သည်အားလုံးကလည်း မတ်တတ်ရပ်ကြရသည်။ ဤသီချင်းတီးမှုတ်ပြီးသည်နှင့် ကျောင်းသူက ပန်းစည်းများဆက်ကြရ၏။ ဘုရင်ခံကြွရောက်ပြီးမှ မြင်းပြိုင်ပွဲစကြရသည်ဟု သိရသည်။ ထိုဘုရင်ခံဖလားပွဲပြီးသည်နှင့် ဒီဇင်ဘာ ၇ ရက်နေ့တွင် ဂုဏ်ပြုညစာစားပွဲကို ရန်ကုန်မြို့ ကမ်းနားလမ်းရှိ (Strand Hotal) ဆိပ်ကမ်းသာဟိုတယ်တွင် တခမ်းတနား ကျင်းပခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့တော်အား စစ်ရေးကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ညအချိန်အခါတွင် မှောင်ချသည့်လေ့ကျင့်ခန်းများကိုလည်း ပြုလုပ်လျက်ရှိသည်။ သို့သော် ဗြိတိသျှအမျိုးသားအားလုံးကမူ ဒုတိယကမ္ဘာစစ်ကြီးအောင်ရမည်ဟု မှတ်ယူထားပြီး ဖက်ဆစ်ဂျပန်နိုင်ငံသည် မည်သည့်အခါမျှ မြန်မာနိုင်ငံအား ဝင်ရောက် တိုက်ခိုက်လိမ့်မည်မဟုတ်ဟု မှတ်ယူထားကြသည်။ ဂျပန်နိုင်ငံသည် မကြေညာသော တရုတ် - ဂျပန်စစ်ပွဲတွင် လူအား၊ ငွေအား၊ စစ်အင်အား လျော့ပါးသွားပြီဖြစ်ရကား မည်သည့်နည်းနှင့်မျှ ဗြိတိသျှကိုလိုနီနိုင်ငံများဖြစ်သော မြန်မာနိုင်ငံ၊ မလေးရှားနှင့် စင်ကာပူတို့အား စတင်တိုက်ခိုက်လိမ့်မည်မဟုတ်ဟု ယူဆထားကြသည်။ သို့သော် ဗြိတိသျှစစ်အာဏာပိုင်များသည် ရန်ကုန်မြို့အား ရန်သူလေကြောင်းရန်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို တတ်နိုင်သလောက် ပြုလုပ်ထားသည်။ ထိုစဉ်က မှတ်တမ်းများအရ ကမ်းနားလမ်းဟိုတယ်မှာ အဆင့်မီဟိုတယ်ကြီးဖြစ်သည်။ ထိုဟိုတယ်ပိုင်ရှင်မှာ အမေရိကန်လူမျိုး ညီအစ်ကိုလေးဦးဖြစ်သည်။ သူတို့သည် ဆိပ်ကမ်းသာဟိုတယ် အပါအဝင် အရှေ့တောင်အာရှရှိ ဗြိတိသျှကိုလိုနီနိုင်ငံများတွင် ကမ္ဘာ့အဆင့်မီဟိုတယ်များတည်ဆောက်ခဲ့ကြသည်။

ထိုစဉ်က ကမ်းနားလမ်းဆိပ်ကမ်းသာဟိုတယ်သည် အထူးထင်ရှား၏။ ဗြိတိသျှမြန်မာနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက် လည်ပတ်ကြသည့် နာမည်ကျော် အထင်ကရပုဂ္ဂိုလ်ကြီးများသည် ယင်းဟိုတယ်၌ တည်းခိုခဲ့ကြ၏။ သာဓကအားဖြင့် မြန်မာနိုင်ငံသို့ အထူးဧည့်သည်တော်အဖြစ်လာရောက်ခဲ့ကြသော ဝေလမင်းသား (နောင်အခါ အင်္ဂလန်မြောက် အက်ဒွက်ဘုရင်ဖြစ်လာသူ)နှင့် ညီဝမ်းကွဲတော်သူဒစ်ကီ (နောင်အခါ အရှေ့တောင်အာရှစစ်သေနာပတိချုပ်ဖြစ်လာသူ မောင့်ဘက်တန်) နှင့် ကမ္ဘာကျော် စာရေးဆရာကြီး ဆန်းမာဆက်မော်ဂင် စသောပုဂ္ဂိုလ်များ တည်းခိုခဲ့ကြသည်။ ရန်ကုန်တွင် ကျင်းပသည့် အထင်ကရဧည့်ခံပွဲများ ယင်းဟိုတယ်၌ ကျင်းပလေ့ရှိသည်ဟုသိရသည်။ သို့ဖြစ်၍ ဘုရင်ခံဆာဒေါ်မန်စမစ်၏ ဖလားမြင်းပြိုင်ပွဲအထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲကို အထက်ဖော်ပြပါ ကမ်းနားလမ်းဆိပ်ကမ်းသာဟိုတယ်၌ ကျင်းပခဲ့သည်။ ထိုဂုဏ်ပြုညစာစားပွဲသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားကောင်စစ်ဝန်ရုံးမှ ကောင်စစ်ဝန်များ၊ စစ်ဘက်နယ်ဘက်မှ ထိပ်တန်းအရာရှိများ ဟိုက်ကုတ်မှ တရားသူကြီးများ၊ ရန်ကုန်မြို့မပုလိပ်(ရဲ)အဖွဲ့၊ မြန်မာနိုင်ငံမြို့ပြပုလိပ်အဖွဲ့မှ ထိပ်တန်းအရာရှိကြီးများ၊ ဗြိတိသျှအမျိုးသားပိုင်ကုမ္ပဏီကြီးများမှ မန်နေဂျာများ၊ ဒါရိုက်တာများ ဆိပ်ကမ်းအကောက်ခွန်ဌာနမှအရာရှိများ (၉၁)ဌာနအုပ်ချုပ်ရေးအဖွဲ့မှ ထိပ်တန်း



www.burmeseclassic.com

www.burmeseclassic.com

အရာရှိများ၊ မြန်မာ၊ တရုတ်နှင့် အိန္ဒိယ ကုန်သည်ကြီးများ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်ဟုသိရ၏။ ထိုဂုဏ်ပြုညစာစားပွဲသို့ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဝတ်လုံတော်ရကြီးဖူးကားလည်း တက်ရောက်ခဲ့၏။

အခြေအနေအရပ်ရပ်အရ နေဝင်မိုးငြိမ်းအမိန့်ထုတ်ထားခဲ့ပြီဖြစ်လေရာ ဆိပ်ကမ်းသာဟိုတယ်ပတ်ဝန်းကျင်နှင့် ကမ်းနားလမ်းတစ်လျှောက် မှောင်နှင့်မည်းမည်းဖြစ်နေသည်။ ဟိုတယ်အတွင်းမှာမူ ထူထဲသော ကန့်လန့်ကာများကာထား၍ မီးထိန်ထိန်လင်းလျက်ရှိ၏။ ဖိတ်ကြားထားသောအချိန်တွင်မူ ဘုရင်ခံဆာဒေါ်မန်မမစ်နှင့် ဇနီးသည် ခင်မင်ရင်းနှီးသော မိတ်ဆွေများ ခြံရံလျက် ကော်ဇောနီခင်းထားသော စင်္ကြံလမ်းအတိုင်း ဂုဏ်ပြုညစာစားပွဲကျင်းပမည့်ခန်းမထဲသို့ဝင်လာသည်နှင့် 'God Save The King' ဘုရားသခင် ဘုရင်အားကြည့်ရှုစောင့်တော်မူပါ ဟူသောသီချင်းကို ဆိပ်ကမ်းသာဟိုတယ်တီးဝိုင်းအဖွဲ့က တီးမှုတ်သည်နှင့် ညစာစားပွဲသို့ဖိတ်ကြားထားသူ ဧည့်သည်တော်များအားလုံး မတ်တတ်ရပ်ကြရသည်။ မှတ်မှတ်ရရ ရန်ကုန်မြို့မပုလိပ်(ရဲ)မင်းကြီး ပရက်စကောနှင့် ဘုရင်ခံအိမ်တော်ဝန်ဖြစ်သူက ဂုဏ်ပြုညစာစားပွဲတက်ရောက်သူများနှင့် ဘုရင်ခံအား မိတ်ဆက်ပေးသည်။

ဘုရင်ခံနှင့်အဖွဲ့ သတ်မှတ်ထားသောနေရာများတွင် နေရာယူခဲ့သည်နှင့် ဧည့်သည်များအားလုံးက မိမိတို့အား သတ်မှတ်ထားသည့်နေရာများတွင် ထိုင်ကြရသည်။ ဘုရင်ခံဆာဒေါ်မန်စမစ်က ဂုဏ်ပြုညစာစားပွဲနှုတ်ဆက်မိန့်ခွန်းပြောကြားပြီး ဆိပ်ကမ်းသာဟိုတယ်တေးဂီတအဖွဲ့မှ ခေတ်ပေါ်တေးဂီတများနှင့်သီဆိုတီးမှုတ်ခဲ့ကြသည်။ ဝတ်လုံတော်ရကြီးဖူးကား၏မှတ်တမ်းအရ ထိုဧည့်ခံပွဲသို့ ချန်ကေရှိတ်၏ ကွန်မင်တန်အစိုးရကိုယ်စားလှယ်များ၊ အမေရိကန်ပြည်ထောင်စုအစိုးရကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြ၏။ ဖိတ်ကြားထားသောနိုင်ငံခြားသတင်းစာကြီးများမှ သတင်းထောက်များ တက်ရောက်ကြ၏။

ထိုညစာစားပွဲသို့ တက်ရောက်သူအားလုံးမှာ ဥရောပတိုက်တွင်ဖြစ်ပွားနေသည့် ဒုတိယကမ္ဘာစစ်ကြီးနှင့် စစ်ရိပ်စစ်ငွေ့များယှက်သန်းနေသော မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ၏ စစ်ရေးအခြေအနေကို မေ့လျော့နေကြဟန်ရှိသည်။ ဘုရင်ခံ အပါအဝင် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သူအားလုံးသည် ဆိပ်ကမ်းသာဟိုတယ်တေးဂီတအဖွဲ့၏ မြူးကြွသော တေးသံသာများတွင် နစ်မွန်းနေကြ၏။ ထိုစဉ်က ဆိပ်ကမ်းသာဟိုတယ်၏စားဖိုမှူးကြီးများမှာ ကမ္ဘာ့ထိပ်တန်းဟိုတယ်ကြီးများမှ အတွေ့အကြုံရှိထားသော စားဖိုမှူးများဖြစ်သည်။ သို့ဖြစ်၍ ညစာစားပွဲအစားအသောက်များမှာလည်း ကမ္ဘာ့အဆင့်မီဟင်းလျာများ ဖြစ်ကြသည်။



ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်သူအများကလည်း စိတ်ပျော်ရွှင်စရာ ရွှင်မြူးဖွယ်ရာများကိုသာ မိမိတို့အချင်းချင်းပြောဆိုခဲ့ကြသည်။ စစ်ရေးအခြေအနေ၊ နိုင်ငံရေးအခြေအနေအား မည်သူမျှ ပြောဆိုခဲ့ခြင်းမရှိခဲ့ကြ။ ဘုရင်ခံဆာဒေါ်မန်စမစ်နှင့် ထိပ်တန်းဧည့်သည်တော်ကြီးများသည် တေးဂီတအဖွဲ့၏ မြူးကြွ၍ ရွှင်မြူးဖွယ်တေးသံသာများကို နားထောင်ခဲ့ကြပြီး ည (၁၁) နာရီတိတိတွင် အထူးညစာစားပွဲကြီး ပြီးဆုံးခဲ့ရသည်ဟု ဆိုသည်။

ဂုဏ်ပြုညစာစားပွဲကြီးပြီးဆုံးခဲ့ပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်နေ့ နံနက်စောစောတွင် ဝတ်လုံတော်ရကြီး ဖူးကားသည် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေရာမှ မိသားစုများ၏ ဆူဆူညံညံအသံများကြောင့် ရုတ်တရက်လန့်နိုးလာခဲ့တော့၏။ သူ့မိသားစုအားလုံး ဒီဇင်ဘာလ ၈ ရက်နေ့ နံနက်စောစော အင်္ဂလန်နိုင်ငံ ဘီဘီစီအသံလွှင့်ဌာနမှ ထုတ်လွှင့်သောသတင်းကိုနားထောင်နေကြသည်။ ထိုသတင်းအရ ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၇ ရက်နေ့ ဝါရှင်တန်စံတော်ချိန် ညနေ (၁)နာရီ၊ (၂၅)မိနစ်အချိန်တွင် ဖက်ဆစ်ဂျပန်လေတပ်မတော်သည် စစ်ကြေညာခြင်းမပြုဘဲ အမေရိကန်ပြည်ထောင်စု၏ရေတပ်စခန်းဖြစ်သောပါ(လ်)ဟာဘာ(ပုလဲဆိပ်ကမ်း)အား အလစ်ပုံးကြတိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ဘီဘီစီသတင်းကြေညာချက်အရ ထိုပါ(လ်)ဟာဘာအား အလစ်ဝင်ရောက်ပုံးကြတိုက်ခိုက်သဖြင့် အမေရိကန်ပြည်ထောင်စု ရေတပ်မတော်ဘက်မှ အရာရှိအရာခံ၊ အကြပ်တပ်သား(၂၃၃၀)ကျဆုံးခဲ့ရပြီး (၁၃၄၇) ယောက် ထိခိုက်ဒဏ်ရာရခဲ့၏။ တိုက်သင်္ဘောကြီး(၈)စင်းနစ်မြုပ်ဖျက်ဆီးခြင်းခံရ၏။ အခြားစစ်သင်္ဘော(၁၀)စင်းလည်း မီးလောင်းနစ်မြုပ်ခံရ၍ လေယာဉ်(၁၈၈)စင်း တိုက်ခိုက်ဖျက်ဆီးခြင်းခံရသည်ဟုလည်း ထုတ်လွှင့်ခဲ့၏။ ထိုသတင်း၏ နောက်ဆက်တွဲအဖြစ် ဖက်ဆစ်ဂျပန်နိုင်ငံအစိုးရက ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုတို့အား စစ်ကြေညာခဲ့သည်ဟူ၍လည်း ဆက်လက် ကြေညာသွားခဲ့သည်။

ဝတ်လုံတော်ရကြီး ဖူးကားအဖို့ အံ့အားသင့်သွားခဲ့သည်။ သူအကြားအာရုံလွဲမှားခြင်းလောဟု ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် ယမန်နေ့ည ဆိပ်ကမ်းသာဟိုတယ် ညစာစားပွဲတွင် ဗြိတိသျှစစ်ဘက်မှထိပ်တန်းအရာရှိကြီးတစ်ယောက်ကမူ ဂျပန်နိုင်ငံသည် မည်သည့်နည်းနှင့်မျှ မြန်မာနိုင်ငံအား တိုက်ခိုက်မည်မဟုတ်ပါဟု ပြောဆိုခဲ့သောကြောင့် ဖြစ်သည်။

လှျမ်းထက်



www.burmeseclassic.com

www.burmeseclassic.com



ရုက္ခစိုးဆိုသည်မှာ သစ်ပင်များကို မှီတွယ်၍ အစွဲပြုပြီး ရှေးဘုန်းရှေးကံကြောင့်ဖြစ်ပေါ်လာသောဘုံဗိမာန်များ၌ နေထိုင်ကြသော စတုမဟာရာဇ်အနွယ်ဝင်အောက်နတ်များဖြစ်သည်။ ရုက္ခဒေဝ ဟုလည်း ခေါ်ကြသည်။ တောတောင်မြို့ရွာများရှိ သစ်ပင်များအား မှီတွယ်ပြီး နေထိုင်ကြသူနတ်များဖြစ်၍ လူသားများက မမြင်မတွေ့နိုင်စေကာမူ လူတို့နှင့် အထိုက်အလျောက်အားဖြင့် ရင်းနှီးမှုရှိကြသည်။ ထိုအခါ ရုက္ခစိုးနတ်များနှင့် ပတ်သက်သောပုံပြင်၊ဒဏ္ဍာရီ၊ကိုယ်တွေ့အဖြစ်အပျက်များပေါ် ပေါက်လာခဲ့ကြပါတော့သည်။ တီဗွီကြော်ငြာများတွင်ပင် ရုက္ခစိုးက သွားတိုက်ဆေးကြော်ငြာသည်အထိ လူသားတို့ဘဝတွင်၌ ထဲထဲဝင်ဝင်ပတ်သက်နေကြသည်။

ဂြိုဟ်စီးဂြိုဟ်နင်းမကောင်းလျှင် ရုက္ခစိုးရှိရာညောင်ပင်၌ အုန်းသီးတစ်လုံးအား မျက်နှာဝဖော်ပြီး ကပ်လှူပူဇော်ခြင်းဖြင့် ယာယီယတြာပြုကြ၏။ သားသမီးမရသူများ ရုက္ခစိုးရှိရာ ညောင်ပင်၌ သားဆုပန်ကြသည်။ နိုင်ငံကျော်မင်းသမီးပင်လျှင် သားဆုမဟုတ်ဘဲ သွားဆုပန်၍ကြော်ငြာနေပြီဖြစ်ပါသည်။ အချို့က မုန့်ဖြူ မုန့်နီ၊ ကွမ်း၊ ဆေး၊ လက်ဖက်၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများ ပူဇော်ပြီး လိုရာဆုတောင်းကြသည်။

သစ်ပင်များ၌မှီတွယ်ပြီးဘုံဗိမာန်ဖြင့်နေထိုင်သည်ဆိုသော်လည်း သစ်ပင်တိုင်း၌နေထိုင်သည်မဟုတ်ပါ။ ညောင်ပင်များသည် ရုက္ခစိုးတို့၏အဓိကနေထိုင်ရာ ကွန်ဒို၊ အပတ်မန့်များ ဖြစ်သည်။ တစ်ခါတစ်ရံ ထိမ်ပင်၊ အင်ကြင်းပင်၊ ကျွန်း၊ ပျဉ်းကတိုး အစရှိသော သစ်ပင်ကြီးများ၌လည်းနေထိုင်ကြသည်။ ကုက္ကို၊ ဖျောက်ဆိပ်၊ ပျဉ်းမ၊ သခွတ်၊ လက်ပံပင်တို့၌ ရုက္ခစိုးတို့မနေကြ။ ထိုအပင်များ၌ မကောင်းဆိုးဝါးတစ္ဆေသရဲများမှီတွယ်ကပ်ရပ်နေထိုင်ကြ၏။တချို့တောတောင်များ၌ အလွန်ကြီးမားသောသစ်ပင်ကြီးများအား တောစိုးသစ်ပင်ဟု ခေါ်ကြသည်။ ထိုသစ်ပင်ကြီးများ၌ မကောင်းဆိုးဝါးအကောင်ကြီးကြီးသော် လည်းကောင်း၊ ရုက္ခစိုးနတ်များသော် လည်းကောင်း နေထိုင်တတ်ကြသည်။ ပုဂံရာဇဝင်တွင် ထိမ်ပင်စောင့်နတ်သည် တန်ခိုးကြီးသောရုက္ခစိုးနတ်ပင် ဖြစ်၏။

များသောအားဖြင့် ရုက္ခစိုးနတ်တို့သည် လူတို့နှင့်နီးသောအရပ်ဒေသ၌သာ နေထိုင်လေ့ရှိကြသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာတရားအားကြည်ညိုသောကြောင့် လည်းကောင်း၊ လူတို့၏ ကောင်းမှုကုသိုလ်အဖို့ဘာဂအား အမျှဝေလျှင် သာဓုခေါ် ချင်ကြ၍ လည်းကောင်း ဖြစ်ပါသည်။ စေတီပုထိုးများ၏ ပရဝဏ်တွင် ညောင်ပင်ကြီးရှိလျှင် ထိုညောင်ပင်၌ ရုက္ခစိုးမှီတွယ်လေ့ရှိသည်။ ရပ်ရွာများအတွင်း လမ်းများဘေးတွင် ညောင်ပင်ကြီးရှိလျှင် ရုက္ခစိုးရှိ၏။ လူတို့ကလည်း ရုက္ခစိုးနတ်နန်းဆောက်လုပ်ပြီး လှူဒါန်းလေ့ရှိပါသည်။

❑

ရုက္ခစိုးနတ်နှင့် ပတ်သက်လာလျှင် ဒဏ္ဍာရီပုံပြင်အမျိုးမျိုးရှိခဲ့ကြသည်။ တချို့က ကိုယ်တွေ့ဖြစ်သည်။ ကျွန်ုပ်ကိုယ်တွေ့ ရုက္ခစိုးနှင့်ပတ်သက်ပြီး ရယ်စရာအဖြစ်အပျက်တစ်ခုအား တင်ပြပါမည်။ ရုက္ခစိုးအား ရိက္ခာဖြတ်ခြင်းအမှုဖြစ်၏။

ကျွန်ုပ်နေခဲ့သော မြို့နယ်ရပ်ကွက်လမ်းအတွင်းတွင် နှစ်ချို့ညောင်ပင်ကြီးတစ်ပင်ရှိသည်။ ထိုညောင်ပင်ကြီးနှင့် ကပ်လျက်အိမ်၌ ဒေါ်ကြည်တို့မိသားစု နေထိုင်ပါသည်။ ထိုအဒေါ်ကြီးအိမ်နှင့် ကတ္တရာလမ်းမြေကွက်လပ်တွင်ပေါက်နေခြင်းဖြစ်သည်။ ဒေါ်ကြည်သည် သူ၏ အိမ်ခြေရင်းခန်းအား အိမ်ငှားတင်ထားပါသည်။ ညောင်ပင်ကြီးသည် အင်္ဂလိပ်အစိုးရခေတ်ကတည်းကပေါက်ရောက်ခဲ့သည်ဖြစ်သောကြောင့် နှစ်ချို့ညောင်ပင်ကြီး ဖြစ်နေပါသည်။ ဒေါ်ကြည်က နံနက်ဆိုလျှင် ဆွမ်း၊ ညဆိုလျှင် ပန်းရေချမ်း၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ ကပ်လှူပူဇော်ပါသည်။ ဒေါ်ကြည်တို့ လင်မယား ထိုအိမ်သို့ပြောင်းလာပြီး အသက်(၅၀)ကျော်သည်အထိ ထိုရုက္ခစိုးကြီးအား နေ့စဉ်အလှူဒါနပြုသည်မှာ မပျက်ကွက်ခဲ့။

တစ်ခါသော် ဒေါ်ကြည်တို့အိမ်ခြေရင်းခန်းအိမ်ငှားမိသားစုမှ ထီငါးသောင်းဆုပေါက်ပါတော့သည်။ စိတ်ကောင်းရှိသော ဒေါ်ကြည် သူများထီပေါက်သည်ကို မုဒိတာပွားနိုင်သော်လည်း ညောင်ပင်ကြီးရှိ ရုက္ခစိုးကြီးအား မကျေနပ်။ မဆလခေတ်ဦးက ထီဆုငွေငါးသောင်းသည် အိမ်ခြံမြေတစ်ကွက်ကောင်းကောင်းဝယ်လို့ရသည် မဟုတ်ပါလား။ သူကတော့ နေ့စဉ် စားဦးစားဖူးဆွမ်း



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

## ရက္ခစိုးပုံပြင်

ကပ်လိုက်၊ ညဘက်ဆိုလျှင် ဆီမီး၊ ဖယောင်းတိုင်ပူဇော်လိုက် နတ်ကွန်းလေးဖြင့်ရှိသေသမှုပြုခဲ့ရသည်။ သူ့ကျတော့ ထီပေါက်အောင် မစမှုမရှိသော ရက္ခစိုး သိကြရောဟဲ့ဆိုပြီး ထိုနေ့မှစ၍ ဆွမ်းလည်းမကပ်တော့၊ ဆီမီးလည်း မပူဇော်တော့။ ယခင်က ညရောက်လျှင် ဖယောင်းတိုင်အလင်းရောင်ဖြင့် ကြည်ညိုချင်စရာကောင်းသော ညောင်ပင်နတ်ကွန်းသည် မှောင်နှင့်မည်းမည်း ချောက်ချားစရာကောင်းနေ၏။ နတ်ကွန်းအား အမှီပြု၍ ကပ်ရပ်စားသောက်နေသော ကျီးများပင် ဆွမ်းကပ်ချိန်၌ တအားအားအော်နေကြသည်။

ရပ်ကွက်ထဲမှလူတွေက ဒေါ်ကြည် ညောင်ပင်ရက္ခစိုးအား ဆွမ်းကပ်တာမတွေ့သောအခါ မေးကြ၏။ ဒေါ်ကြည်က အမေကျော် ဒွေးတော်လွှမ်းသော ရက္ခစိုး၊ ကျေးဇူးမသိသော ရက္ခစိုးဟု ဆွဲချက်တင်သည်။ ညဘက် ဘုရားရှိခိုးလျှင် ရက္ခစိုးကြီးအား အမျှမဝေတော့ပါ။

ဤသို့ဖြင့် ရက်ပေါင်းများစွာကြာလာသောအခါ ရက္ခစိုးကြီးနေရထိုင်ရခက်လာသည်ထင်၏။ရပ်ကွက်အတွင်းရှိ ရွာဦးကျောင်းဆရာတော်အား အိပ်မက်ပေးပါတော့သည်။ ရက္ခိစိုးကြီးက ဆရာတော်အား တင်လျှောက်သည်မှာ -

တပည့်တော်မစလို့မရပါဘုရား။ အိမ်ငှားတွေထီပေါက်သည်မှာ ရှေးကံကြောင့်ပေါက်ခြင်းဖြစ်ပါသည်။ ဒကာမကြီးဒေါ်ကြည် ထီပေါက်ကံပါ၊ မပါ ဗေဒင်ဆရာအား မေးကြည့်ပါ။ တပည့်တော်သည် ထီပေါက်သည်အထိ မ,လို့မရသော တန်ခိုးမရှိသည့်နတ်ဖြစ်ပါသည်။ ဒကာမကြီးတို့အိမ်မှာ အန္တရာယ်အသွယ်သွယ် မကျရောက်အောင်သာ ကာကွယ်ပေးနိုင်ပါသည်ဘုရား ဟူ၍ အိပ်မက်ပေး၍ လျှောက်ခဲ့ရသည်။

www.burmeseclassic.com

ထိုအခါကျမှ ဆရာတော်သည် လမ်းထဲဆွမ်းခံကြွလာရင်း ဒကာမကြီး ဒေါ်ကြည်အားမိန့်ကြားမှ ဒေါ်ကြည် စိတ်ပြေသွားခဲ့သည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြီး တိုက်ခတ်စဉ် ဒေါ်ကြည်၏ သားနှင့် ချွေးမ၊ မြေးဖြစ်သူအား အသက်ကယ် သွားခဲ့သူမှာ ထိုညောင်ပင်စောင့်ရုက္ခစိုးကြီး ဖြစ်ပါသည်။ ရုက္ခစိုးနတ်သည် လေနတ်မင်း၏ဒေါသအား မလွန်ဆန်နိုင်ဘဲ သွက်သွက်ခါ၍ ကယ်ရာမဲ့ဖြစ်နေရှာပါသည်။ ထိုမုန်တိုင်းကြီးတိုက်ခတ်သောညက ဒေါ်ကြည်၏သားနှင့် ချွေးမဖြစ်သူမှာ အိပ်မရဘဲ လွန်စွာကြောက်ရွံ့နေခဲ့ကြသည်။ သူတို့လိုပင် ရန်ကုန်မြို့နေပြည်သူလူထုအများစုကြီးသည်လည်း ကြောက်ရွံ့စိတ်ဖြင့် အိပ်မရခဲ့ကြပါ။ ညဉ့်နက်ပိုင်းရောက်သော် လေတိုက်နှုန်းသည် အမြင့်ဆုံးအထိဖြစ်လာပြီး သစ်ပင်များ ကျိုးပြတ်ထွက်ကုန်၏။

ထိုညောင်ပင်ကြီးမှ တဟီးဟီး မြည်သံကြီးနှင့် 'ကယ်တော်မူကြပါ' ဟု စူးစူးဝါးဝါးအော်ဟစ်လိုက်သောအသံကို ဒေါ်ကြည်တို့သားအမိတွေ ထင်ထင်ရှားရှားကြားလိုက်ရသည်။

ထို့နောက် 'မင်းတို့မိသားစု အိမ်ရှေ့ကိုပြေး' ဟု အော်လိုက်သံကိုလည်း ထပ်ကာထပ်ကာ ကြားရပြန်ပါသည်။ ဒေါ်ကြည်၏သားနှင့်ချွေးမ၊ ကလေးငယ်လေးပါမကျန် ထိုအသံကြောင့် ကြောက်လန့်တကြား အိမ်ရှေ့ခန်းသို့ ထွက်ပြေးခဲ့ကြသည်။ ဘာမှမကြာလိုက်ပါ၊ ညောင်ကိုင်းကြီးတစ်ကိုင်းမှာ အိမ်နောက်ဘက် အိပ်ခန်းရှိရာသို့ ကျိုးကျလာပါတော့သည်။ ထိုသစ်ကိုင်းကျိုးကြီးကြောင့် ဒေါ်ကြည်တို့အိမ်နောက်ဘက်အခြမ်း ပြိုကျသွားခဲ့သည်။

နံနက်လင်း၍ ပြင်းထန်စွာတိုက်ခိုက်နေသော မုန်တိုင်းကြားထဲ၌ ညောင်ပင်ကြီးသည် လမ်းမဘက်သို့လဲနေသည်ကို တွေ့လိုက်ရ၏။ နှစ်ပေါင်းများစွာ ပေါက်ရောက်လာခဲ့သောညောင်ပင်ကြီးမှာ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့ရသလို ထိုအချိန်၌ ရုက္ခစိုးကြီးသည်လည်း ဘယ်ဘုံနန်းသို့ ရွှေ့ပြောင်းသွားသည် မသိတော့ပါ။

သို့သော် သူမပြောင်းခင်ကလေးမှာ ဒေါ်ကြည်တို့မိသားစုအား ဒုက္ခမဖြစ်အောင် ကယ်မခဲ့ပါသေး၏။

❑

ရုက္ခစိုးနတ်ကြီးများနှင့်စပ်လျဉ်း၍ ဓမ္မာစရိယဆရာကြီးဦးဌေးလှိုင်ရေးသားသော 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ'စာအုပ်တွင် ဤသို့ ဖော်ပြထားသည်ကို ဖတ်ရဖူးပါသည်။

ကန္နီရွှေသိမ်တော်တောရဆရာတော်သည် အင်္ဂလိပ်အစိုးရခေတ် ကန္နီမြို့၌ သီတင်းသုံးစဉ်က ယောဂီတပည့်ရဟန်းအပါးနှစ်ဆယ်ခန့်ရှိ၍ မြို့မှဒကာများ ဆွမ်းပို့လှူသည်ကိုသာ ဘုဉ်းပေး၏။ ဆွမ်းခံကြွတော်မမူ။ ဆွမ်းစားချိန်တွင် သပိတ်၌ဆွမ်းတစ်ခွက်သာထည့်ယူ၍ ဘို့မယ်ချောင်ဘက်သို့ကြွကာ တစ်ပါးတည်းကိန်းအောင်းတော်မူလေ့ရှိ၏။

ထိုအခိုက် ဒကာကြီးတစ်ဦးက ဝတ်ကြီးဝတ်ငယ်ပြုရန် လျှောက်လာသည်။ ဆရာတော်က လက်မခံပါ။ ထိုဒကာကား လူယောင်ဆောင်လာသော ရုက္ခစိုးကြီးဟုပင်ဆိုကြလေသည်။

ရွှေသိမ်တော်တောရ၌ ဓမ္မာစရိယဦးဌေးလှိုင်၏ နောင်တော်ကြီးဖြစ်သူ မောင်းထောင်ယွန်းဆက်တိုက်ဆရာတော် ဦးသောဘိတ တရားအားထုတ်စဉ် စာချဆရာတော်တစ်ပါးဖြစ်သူ ဦးသုဘောဂသည် ရန်ကုန်မှကြွလာပြီး တရားအားထုတ်၏။

တစ်ရက် ဆရာတော်ဦးသုဘောဂ ဆွမ်းခံကြွရာမှ ကျောင်းသို့ ပြန်ရောက်မလာသဖြင့် လိုက်လံရှာဖွေကြရသည်ဟု ဆိုသည်။

သုံးရက်ကြာမှ ကျောင်းသို့ပြန်ရောက်လာသော်လည်း ဆရာတော်၏ စိတ်ထဲမှာ သုံးရက်ဟုထင်ပုံမရပါ။ ခေတ္တခဏသာကြာသည်ဟုထင်ရသည်။

"ဒကာမကြီးတစ်ဦးက ဆွမ်းစားပင့်လို့ သူ့အိမ်မှာပဲ ဆွမ်းစားပင့်နေရတယ်"

ဟု မိန့်ကြား၏။

ထိုရက်များအတွင်းမှာပင် ဦးသုဘောဂ ဆွမ်းခံကြွရာ လမ်းခရီးအကြား သစ်ပင်တစ်ပင်မှ ဝတ်ဖြူစင်ကြယ်နှင့် ဒကာကြီးတစ်ဦးဆင်းလာသည်ကို တွေ့ရသည်။

"အရှင်ဘုရား၊ ခဏရပ်တော်မူပါဦး"

ဟု ဆိုကာ သင်္ကန်းတစ်စုံလှူသည်။ ထို့နောက် ထိုဒကာကြီးက -

"အရှင်ဘုရား၊ တပည့်တော်ကို မမှတ်မိဘူးထင်တယ်"

ဟု မေးရာ ဦးသုဘောဂမှာ ရုတ်တရက်မမှတ်မိဘဲရှိနေသဖြင့် -

"အရှင်ဘုရား ရန်ကုန်မှာ ဦးပဥ္စင်းဘဝက တပည့်တော်အိမ်ကို နေ့တိုင်းဆွမ်းခံကြွနေတဲ့ဟာ မမှတ်မိဘဲကိုး"

ဟု ဆိုပြန်သည်။ ဦးသုဘောဂမှာ စဉ်းစား၍မရပါ။

"တပည့်တော် အဂ္ဂမဟာပဏ္ဍိတ မောင်ဖြေပါ ဘုရား"

ဟုဆိုမှ ဦးသုဘောဂမှာ အံ့အားသင့်သွားရသည်။ သူသည် လွန်ခဲ့သော အနှစ်လေးဆယ်ခန့်က ပါဠိဆရာကြီး ဦးဖြေအိမ်တွင် ဆွမ်းခံကိုယ်တော်ဖြစ်ခဲ့သည်ကို သတိပြုမိလေ၏။

"အရှင်ဘုရား၊ဒကာမကြီးနဲ့မတွေ့ဘူးလား။ အရှင်ဘုရားဒကာမကြီးလည်း ဒီမှာပဲရှိနေပါတယ်"

ဟု လျှောက်ပြန်ပါသည်။

ထိုအခါမှ ဦးသုဘောဂအား ဆွမ်းပင့်ကပ်သော ဒကာမကြီးများဖြစ်နေမလားစဉ်းစားနေခိုက် ရုက္ခစိုးဒကာကြီး ဦးဖြေကွယ်ပျောက်သွားပါသည်။

ပါဠိဆရာကြီး ဆရာဖြေသည် အင်္ဂလိပ်အစိုးရခေတ်တွင် လူပုဂ္ဂိုလ်ထဲ၌ ပထမဆုံး 'အဂ္ဂမဟာပဏ္ဍိတဘွဲ့'ရ နာမည်ကျော်ဆရာကြီးပင်တည်း။

ဓမ္မာစရိယ ဆရာကြီး ဦးဌေးလှိုင် ရေးသားချက်အား တင်ပြခြင်းဖြစ်ပါသည်။

ရုက္ခစိုးနတ်ကြီးများနှင့်စပ်လျဉ်း၍ ကျမ်းဂန်အထောက်အထားများခိုင်မာစွာ ရှိသကဲ့သို့ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဆရာတော်ကြီးများ၏ မိန့်ကြားချက်များသည်လည်း မှတ်သားဖွယ်ရာကောင်းလှသည်။ အဆိုကဲ့သို့သော ဆရာတော်ကြီးများသည် လိမ်ပြောဖို့နေနေသာသာ အကျင့်သိက္ခာဝိနည်းအား ကျိုးပျက်မည်ကို လွန်စွာစိုးရိမ်တော်မူကြပါသည်။

အချို့သော ဆရာတော်ကြီးများသည် ပွင့်တော်မူခဲ့သော ဘုရားရှင်တို့အားကြည်ညိုလွန်းသောကြောင့် ဖူးတွေ့ချင်လှ၍ ဤဘဝမှပျံလွန်တော်မူပြီးသော် သက်တော်ရှည်သောရုက္ခစိုးကြီးဘဝဖြစ်ရပါလို၏ဟု ဆုတောင်းပြီး ဤဘဒ္ဒကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူမည့် အရိမေတ္တေယျဘုရားရှင်အား စောင့်မျှော်လိုကြ၏။

မင်းတုန်းမင်းခေတ် ဝိနည်းအရာတွင် လွန်စွာကျော်ကြားခဲ့သော ဆရာတော်ကြီးတစ်ပါး ပျံလွန်တော်မူပြီးသော အခါ ရုက္ခစိုးနတ်ကြီးဖြစ်ခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအား တင်ပြလိုပါသည်။

ယခု မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် မိုးနံကုန်းရွာ တည်ရှိသည်။ ထိုရွာ၌ ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းကြီးခေတ်တွင် ဝိနည်းအကျော် မိုးနံကုန်းဆရာတော်ဟုထင်ရှားကျော်ကြားသောဆရာတော်ကြီးတစ်ပါး ပေါ်ထွက်ခဲ့ပါသည်။

ဆရာတော်ကြီးသည် ရမည်းသင်းမြို့နယ် ရွှေဒါးဘူတာအနီး ပေကုန်းရွာကြီးအရှေ့ဘက်ရှိ ညောင်ပင်သာရွာခေါ် ရွာပိုးကလေးဇာတိ ဖြစ်သည်။ ဦးအင်း၊ ဒေါ်ဘုံကြီးတို့မှ ၁၂၀၉ခုနှစ်တွင် ဖွားမြင်သည်။ ပေကုန်းရွာဝန်းကျောင်းတိုက် ဦးဉာဏထံ ပညာသင်ယူသည်။ ရှင်သာမဏေဘွဲ့မှာ ရှင်ဇယန္တဖြစ်ပြီး ရှင်သာမဏေဘဝဖြင့် ရတနာပုံနေပြည်တော်သို့ကြွကာ ဒက္ခိဏာရာမဘုရားကြီးတိုက် ပုဂံညောင်ဦးဆရာတော်. ဦးသုတထံ ဝိနည်းကသင်သည်။ ရဟန်းဆယ်ဝါကျော်လျှင် အရှေ့ပြင်စလင်းတိုက်၌ ပထမစာချဆရာတော်အဖြစ် ပြောင်းရွှေ့သီတင်းသုံးသည်။ မင်းတုန်းမင်းကြီး၏ တောင်နန်းစံ စကြာဒေဝီမိဖုရားကြီးက ကိုးကွယ်၍ နေ့စဉ် ပွဲတော်ဆွမ်းအုပ်နှင့် ပစ္စည်းလေးပါးဒကာခံယူသည်။

သီပေါမင်းလက်ထက်တွင် ငယ်ဆရာရင်းဦးဉာဏထံပြန်၍ တစ်ဝါဆိုပြီးနောက် မယ်တော်နှင့်ဆွေမျိုးများရှိရာ ပျော်ရွာ၊ ပိတောက်ကုန်းရွာသို့ကြွရောက်သီတင်းသုံးသည်။ ထိုရွာမှ ကျောင်းဆောက်လှူကြသည်။ ထိုကျောင်းတွင် ခေတ္တခဏသာ သီတင်းသုံး၍ မိုးနံကုန်းရွာသို့ပြောင်းရွှေ့သီတင်းသုံးရင်း စာသင်တိုက်တည်ထောင်သည်။

မိုးနံကုန်းဆရာတော်ဘုရားကြီးအား မိုးနံကုန်းဂိုဏ်းအုပ်ဆရာတော်ဟုထင်ရှား၍ ဝိနည်းပိဋကအရာ၌ ထင်ရှားကျော်ကြားခဲ့ပါသည်။ ဆရာတော်ကြီးထံသို့ တစ်ခေတ်တစ်ခါက ရဟန္တာဟုကျော်ကြားခဲ့သော ညောင်လွန့်ဆရာတော်အလောင်းအလျာ ဦးမေဓာဝီသည် ဝိနည်းပိဋကသင်ရန် ရောက်ရှိလာပါသည်။

ဦးမေဓာဝီသည် မိုးနံကုန်းဆရာတော်ကြီးထံတွင် ပရိယတ္တိစာပေများသင်ကြားရင်း ပဋိပတ္တိ ဟူသောကျင့်ကြံအားထုတ်မှုကို ကြိုးစားအားထုတ်လို၍ သင့်စင်ကုန်းဆရာတော်ကြီးနှင့် နှစ်ကိုယ်တူတောထွက်ဖို့ ကြိုးစားခဲ့ကြပါသည်။ အကြိမ်ကြိမ်ကြိုးစားခဲ့ရာတွင် မအောင်မြင်၍ နောက်ဆုံး ကျေးဇူးရှင်ဖြစ်သော မိုးနံကုန်းဆရာတော်ကြီးကို တောထဲသို့ ပင့်ဆောင်၍ အတူတူတောထွက်ကြရန် ကြိုးစားပါတော့သည်။

ဤသို့ဖြင့် ဆရာတော်ကြီးနှင့် ဦးမေဓာဝီအရှင်နှစ်ပါးတို့သည် သပိတ်ကိုယ်စီလွယ်၊ သားရေနယ်ပခုံးတင်၊ လက်တွင် တောင်ဝှေးကိုယ်စီကိုင်၍ ရွှေဒါးဘူတာမှ ညောင်လွန့်ဘူတာသို့ ကြွခဲ့ကြသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်တစ်မိုင်နှင့်ငါးဖာလုံခန့်ဝေးသော ရသေ့ကြီးဦးခန္တီဇာတိ ရွာသာရွာနှင့်ပျော်ရွာ၊ ထိုကမှ အရှေ့ဘက် တစ်မိုင်ခန့်ဝေးသော ဆရာတော် ဦးဇောတ၏ နွားစားကျက်တောရကျောင်းလေးသို့ကြွတော်မူကြ၏။

မူလက လယ်ဝေးတွင်တောထွက်ရန်စီစဉ်ခဲ့သော်လည်း ထိုမြို့၌ ဝမ်းရောဂါများဖြစ်ပွားနေသည်ကို လယ်ဝေးဆရာတော်မှ လာရောက် လျှောက်တင်သဖြင့် ထိုနွားစားကျက်တောရမှာပင် တောထွက်ခဲ့ကြ၏။ ဆရာတော်ကြီးနှစ်ပါးသည် တောရကျောင်း၌ တရားအားထုတ်ကြရင်းနှင့် နွားစားကျက်တောရမှ ညောင်လွန့်တောရစာသင်တိုက်ကြီးဖြစ်လာခဲ့ရ၏။

မိုးနံကုန်းဆရာတော်ဘုရားကြီးနှင့် ညောင်လွန့်ဆရာတော်ဘုရားနှစ်ပါးသည် စာသင်စာချအလုပ်အား ပြန်လုပ်ရပြန်ပါ၏။ ဆရာတော်ကြီးသည် နေ့စဉ်နှင့်အမျှ ဝိနည်းပါဠိတော်စာဝါကြီးနှင့် တပည့်ဒကာ၊ ဒကာမတို့၏အဖူးအမြော်ခံရခြင်းကို ငြီးငွေ့လာသဖြင့် -

"တို့များဒီအလုပ်တွေကိုကြောက်လို့ တောထဲလာပါတယ်၊ ဒီရောက်တော့လည်း ဒါ့ပဲလုပ်နေရပြန်တယ်"

ဟု ညည်းညူတော်မူ၏။

မိုးနံကုန်းဆရာတော်ကြီးသည် ဆရာတော် ဦးမေဓာဝီ၏ ပါရမီဖြည့်မှုကြောင့် ချမ်းသာစွာစာချရခြင်း၊ တရားနှလုံးသွင်းခြင်းဖြင့် ထိုတောရ၌ သီတင်းသုံးရင်း (၅) ဝါမြောက် ၁၂၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ သက်တော် (၆၅) နှစ်တွင် ဝမ်းရောဂါဖြင့် ပျံလွန်တော်မူပါသည်။ ဆရာတော်ကြီးအား ရည်စူး၍ အရိုးအိုးစေတီ တည်ထားကိုးကွယ်ခဲ့ကြသည်။

ညောင်လွန့်တောရ၌ ပရိယတ်နှင့် ပဋိပတ် ဟူ၍ အရှေ့ဘက်နှင့်အနောက်ဘက်၌ ခွဲခြားထား၏။ ပဋိပတ်ရှိရာ ကမ္မဋ္ဌာန်းချောင်၌ ရံခါ ညကာလတွင် ပဋ္ဌာန်းပါဠိတော် ပဋ္ဌာဝါရကို အသံတစာစာနှင့်ရွတ်အံသံများ ကြားရ၏။ လပြည့်ညများတွင် ပို၍ကြားရသည်။ အသံကြားရာသို့လိုက်ကြည့်ကြရာ အသံမှာ တဖြည်းဖြည်းဝေး၍ဝေး၍သွားသည်။ ရံဖန်ရံခါ အသံရှင်ကို သင်္ကန်းဝတ်ဖြင့် တွေ့ရသည်။ မိုးနံကုန်းဆရာတော်ကြီး ရုက္ခစိုးနတ်ကြီးဖြစ်နေသည်ကိုတွေ့ကြရသည်။ တရားအားထုတ်သူတို့အား တစ်စုံတစ်ရာအန္တရာယ်ရှိလျှင် ကြိုတင်၍ သိလောက်အောင် သတိပေးခြင်း၊ အန္တရာယ်များကာကွယ်ပေးခြင်းစသဖြင့် အမြဲစောင့်ရှောက်ကာ အရိုးအိုးစေတီအနီး သစ်ပင်တစ်ပင်၌အမြဲနေ၍ ထိုကမ္မဋ္ဌာန်းချောင်တောစပ်၌သာ လှည့်လည်လျက်ရှိသည်ဆို၏။

ရှေးက အချို့သော စာတတ်အကျော်ဆရာတော်ကြီးအတော်များများသည် 'ဓာတုပရိနိဗ္ဗာန်ပွဲကိုဝင်နွှဲရန်'ဆိုကာ ရုက္ခစိုးနတ်ဖြစ်ရန် အားသန်တောင့်တကြကုန်သည်။ ရုက္ခစိုးနတ်ကြီးတို့သည် သက်တမ်းအလွန်ရှည်လျားကြ၏။ မိုးနံကုန်းဆရာတော်ကြီးနှင့် ရဟန္တာအရှင်ညောင်လွန့်ဆရာတော်ဦးမေဓာဝီနှစ်ပါး၏ အတ္ထုပ္ပတ္တိအား ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်က 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်တွင် အကျယ်အဝင့် ရေးသားဖော်ပြခဲ့ပါသည်။

❑

ရုက္ခစိုးနတ်နှင့် ပတ်သက်၍ စာရေးသူကိုယ်တွေ့ဖြစ်ရပ်တစ်ခုလည်း ကြုံတွေ့ခဲ့ရဖူးပါသည်။ တချို့သော ရုက္ခစိုးနတ်တို့သည် သောတာပန်အဆင့် မရောက်သေးပါ။ ပုထုဇဉ်အဆင့်သာရှိကြ၏။ ဘုန်းကံပါရမီကြောင့် တန်ခိုးဣဒ္ဓိပါဒ်အတော်အသင့်ရှိကြ၏။ ပုထုဇဉ်ဖြစ်၍ ဒေါသ၊မောဟရှိကြသေးသည်။ ပမာမခန့်မလေးမစားပြုလုပ်လာလျှင် လက်တုံ့ပြန်တတ်ကြ၏။ ထိုအကြောင်းနှင့် ပတ်သက်၍ တင်ပြပါဦးမည်။

စာရေးသူ အိမ်ထောင်ကျခါစမှာ ဇနီးအိမ်သို့လိုက်နေရ၏။ ဇနီးဖြစ်သူက မိခင်ဖြစ်သူနှင့်မခွဲနိုင်ပါဆိုသဖြင့်လိုက်နေရခြင်းဖြစ်သည်။ ယောက္ခမကြီးက အစိုးရဝန်ထမ်းဖြစ်သောကြောင့် ဌာနမှပေးထားသော လုံးချင်းအိမ်လေးများတွင်နေရသည်။ ခြံဝင်းနှင့်သစ်ပင်ရိပ်ကောင်းသော အိမ်ယာလေးများဖြစ်သည်။ ယောက္ခမနေသောအိမ်ခြံဝင်း

www.burmeseclassic.com

အတွင်း ခြံစည်းရိုးနှင့်ကပ်လျက် ညောင်ပင်ကြီးတစ်ပင်ရှိပါသည်။

ကျွန်ုပ်ယောက္ခမအိမ်သို့ပြောင်းပြီး မကြာမီ ရပ်ကွက်အတွင်းမှ အဒေါ်ကြီးတစ်ဦးက ကျွန်ုပ်အား သတိပေးပါသည်။ ထိုခြံဝင်း၏အိမ်နောက်တွင် တမာပင်ကြီးတစ်ပင်နှင့် မန်ကျည်းပင်ကြီးတစ်ပင်ရှိသည်။ တစ်ခါတစ်ရံ ညဘက်များ၌ ညောင်ပင်ကြီးနှင့် မန်ကျည်းပင်ကြီးအကြား ဝတ်ဖြူစင်ကြယ်နှင့် လူရိပ်သဏ္ဌာန်သည် ဟိုဘက်သည်ဘက်ကူးသန်းနေသည်ကိုခဏခဏတွေ့ရကြောင်း ထိုအဒေါ်ကြီးကပြောပြပါသည်။ ကျွန်ုပ်က စိတ်ဝင်စားလာ၍မေးကြည့်သောအခါမှ ကျွန်ုပ်ယောက္ခမကြီးမိသားစု ထိုအိမ်သို့မပြောင်းမီ အရင်နေထိုင်သွားကြသော ဝန်ထမ်းမိသားစု၏ အဖြစ်အပျက်အားသိရပါတော့သည်။

ခြံဝင်းအတွင်း ခြံစည်းရိုးနှင့်ကပ်လျက်ပေါက်နေသော ညောင်ပင်ကြီး၏ သက်တမ်းသည် နှစ်ပေါင်း (၆၀) ခန့်ရှိပြီဟုသိရသည်။ ထိုညောင်ပင်ကြီးနှင့် အိမ်ခန်းပြတင်းပေါက်သည် ငါးပေခန့်ကွာဝေးသည်။ အိမ်နှင့်ခြံအပြင်ဘက်သို့ ကျရောက်နေသော ညောင်ပင်ရိပ်သည် လွန်စွာအေးမြလှပါသည်။ညောင်သီးသီးချိန်၌ ရောင်စုံငှက်ကလေးများကလည်း လာရောက် စားသောက်ကြသည်မှာ ကြည့်လို့ကောင်းလှသည်။ ထို့ပြင် ကျိုးကန်း၊ ငှက်များကလည်း ထိုညောင်ပင်ကြီးတွင် အသိုက်ဖွဲ့၍နေထိုင်ကြသည်။ ညောင်ပင်ကြီးအပေါ် အခေါင်းပေါက်များ၌ လင်းမြွေများနေထိုင်ကြသလို အိမ်ခြံဝင်းရှေ့ အစိုးရဝင်းကြီးထဲရှိ ချုံပင်၊ ဆူးချုံပုတ်များအတွင်း မြွေပါနှင့်မြွေပွေး၊ မြွေဟောက်တို့ရှိနေပါသည်။ ဆိပ်ကမ်းနှင့်နီးပြီး မြို့တွင်းနှင့်လည်း မဝေးလှသော အစိုးရအရာရှိများသာ နေထိုင်သော လုံးချင်းအိမ်လေးများဖြစ်သည်။

ကျွန်ုပ်တို့မပြောင်းမီ အရင်နေထိုင်သွားသော မိသားစုအကြောင်းပြန်ပြောရသော် သူတို့သည် ဗုဒ္ဓဘာသာဝင်များမဟုတ်ကြပါ။ ဘာသာခြားများဖြစ်ကြသည်။ အသက် (၁၂) နှစ်အရွယ် ယောကျ်ားလေးဖြစ်သူ အိမ်သားတစ်ယောက်နှင့် ခေါင်းရင်းခြံမှ ကလေးတစ်ဦးသည် ထိုအိမ်အတွင်း ကစားကြရင်း အမြဲလိုလို ပြတင်းပေါက်မှ ညောင်ပင်ကြီးရှိရာသို့ မဖွယ်မရာအပေါ့စွန့်ကြသည်။

ဤသို့ဖြင့် အချိန်ကာလအနည်းငယ်ခန့်ကြာလာသောအခါ ညောင်ပင်ကြီးရှိ ရုက္ခစိုးကြီးသည် သူ့အား ပမာမခန့်အညစ်အကြေးစွန့်နေသော ထိုလူငယ်နှစ်ဦးအား ဒေါသဖြစ်လာသည်လားမသိပါ။ တစ်နေ့သော် ညနေဘက်၌ ထိုလူငယ်နှစ်ဦးသည် ဗိုလ်တစ်ထောင်ကမ်းနား သမ္မတကမ်းခြေသို့ကူးသန်းရာ သမ္ဗန်ဆိပ်တံတားမှ ရေထဲသို့ဆင်းသွားကြပါသည်။ ပထမသော် သမ္ဗန်ခတ်သူများက ကလေးတွေ ရေဆင်းကူးကြသည်ထင်ကြရာ ရေထဲသို့လမ်းလျှောက်ဆင်းသွားကြပြီး စုံးစုံးမြုပ်တော့မှ အလန့်တကြားဖြင့် ဝိုင်းဆယ်ကြသည်။ ထိုနေ့ညနေက ကလေးနှစ်ဦးအား ဆယ်၍မရဘဲ နောက်တစ်နေ့ ရေကျချိန်ရောက်မှ ဘောတံတားနောက်တွင် ညှပ်နေသော ကလေးအလောင်း (၂) လောင်းအားတွေ့လိုက်ရပါတော့သည်။ ဝန်ထမ်းအိမ်ရာခြေရင်း၊ ခေါင်းရင်း နှစ်ခုတွဲ အသုဘအိမ်ဖြစ်သွားပြီး ရက်မလည်ခင်မှာပင် မိခင်ဖြစ်သူအား ဝင်ပူးကပ်ပြီးပြောကြသည်မှာ ညောင်ပင်ကြီးအား မဖွယ်မရာ ပမာမခန့်လုပ်လွန်းသောကြောင့် သူတို့ကို ရုက္ခစိုးကြီးက သတ်လိုက်ခြင်း ဖြစ်ကြောင်း ပြောကြားသဖြင့် မိဘများ ရင်ထုမနာဖြစ်ကြရသည်။ ထိုအချိန်မှစ၍ ထိုညောင်ပင်ကြီးအား မည်သူမျှ ပမာမခန့်မလုပ်ရဲကြတော့ပါ။ ညောင်ပင်ကြီးရှိသောထိုအိမ်မှဝန်ထမ်းသည်လည်း အလုပ်ထဲ၌ပြဿနာဖြစ်ခြင်း၊ ရာထူးကျခြင်းများနှင့် ရင်ဆိုင်ခဲ့ရပြီး ထိုအိမ်မှ ပြောင်းရွှေ့ခဲ့ရပါတော့သည်။

သူတို့မိသားစု ပြောင်းသွားပြီးမှ ကျွန်ုပ်ယောက္ခမကြီးတို့မိသားစုပြောင်းရွှေ့လာရခြင်းဖြစ်ပါသည်။ယောက္ခမကြီးနှင့်မိသားစုများသည် ဘာသာရေးအားလေးစားမှုသိပ်မရှိကြသော်လည်း ကျွန်ုပ်က ဘုရားရှင်အား ဆွမ်းတော်ကပ်၊ ပုတီးစိပ်ပြီးသည်နှင့် ညောင်ပင်ကြီးရှိ ရုက္ခစိုးကြီးအား အမြဲတမ်း အမျှဝေ၏။

တစ်ခါသောည၌ ကျွန်ုပ်အိပ်ပျော်နေစဉ် အိပ်မက်ထဲ၌ ညောင်ပင်ကြီးပေါ်မှ ဝတ်ဖြူစင်ကြယ်နှင့် အဘိုးကြီးတစ်ဦး ဆင်းလာပြီး -

"ငါ့ညောင်ပင်အောက်မှာ လူတွေအတွဲတွေ မဟုတ်ကဟုတ်ကလာလုပ်နေကြတယ်၊ မင်းရှင်းပေး။ မင်းက ဘာသာရေးကိုလေးစားပြီး ငါ့ကိုလည်း အမျှဝေနေတော့ မင်းကိုငါစောင့်ရှောက်မှာပါ"

ဟု ပြောပြီး ပျောက်ကွယ်သွားသည်။

မနက်မိုးလင်းသောအခါ ဇနီးဖြစ်သူကိုပြောပြပြီး ခြံစည်းရိုးအပြင်ဘက် ညောင်ပင်ကြီးအောက်မှာပေါက်နေသော ကပ်စေးနဲ့ပင်များ၊ ချုံပုတ်များအား ရှင်းလင်းရပါတော့သည်။ ချုံထူထပ်သဖြင့် တချို့ကိုယ်ပိုင်ကားလေးများ ညောင်ပင်ရိပ်မှာလာထိုးထားပြီး ကားထဲမှာ စုံတွဲများမဖွယ်မရာလုပ်နေသည်ကို ရုက္ခစိုးကြီးမကြိုက်ဟုထင်ပါသည်။

ချုံများရှင်းပြီးသည်နှင့် ညောင်ပင်ကြီးအောက်၌ တံမြက်စည်းလှည်းပြီးသော် ဈေးမှ နတ်ကွန်းလေးတစ်ခုဝယ်ပြီး ရုက္ခစိုးရုပ်တုလေးနှင့်အတူ ညဘက်ရောက်သော် ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ပူဇော်ခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်ယောက္ခမကြီးမှာ စီးပွားတက်လာပြီး ကျွန်ုပ်သည်လည်း အလုပ်အကိုင်အဆင်ပြေခဲ့ပါသည်။ တစ်ခါက ကျွန်ုပ် နိုင်ငံခြားသို့ မထွက်ခွာမီ ညောင်ပင်ကြီး၏နတ်ကွန်းရှေ့၌ခြေစုံရပ်ပြီး -

"ရုက္ခစိုးကြီး၊ ဒီတစ်ခေါက် နိုင်ငံခြားသွားရင် ကျွန်တော့်ကို ရာထူးတက်အောင်မ,စပါ။ ပြန်လာရင် ဒီထက်ကောင်းတဲ့နတ်ကွန်းလှူပါ့မယ်။ မ,စပါနော်"

ဟု ဆိုခဲ့ပါသည်။

ကျွန်ုပ် နိုင်ငံခြားရောက်တော့ သိပ်မကြာမီမှာပင် ရာထူးတက်ခဲ့ပြီး မြန်မာပြည်သို့ ပြန်ရောက်သောအခါ ကတိအတိုင်း နတ်ကွန်းကြီးကြီးလှူခဲ့ပါသည်။

နာဂစ်မုန်တိုင်းကြီးတိုက်ခတ်သောကာလက ရန်ကုန်မြို့တွင် ညောင်ပင်အတော်များများ ပြိုလဲကျသော်လည်း ထိုညောင်ပင်ကြီးမှာ ဘာမှမဖြစ်ခဲ့ပါ။

အနီးရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ကြီးတစ်ပါးက ထိုညောင်ပင်ရှိရုက္ခစိုးကြီးမှာ တန်ခိုးကြီးသလို ဒေါသလည်းကြီးသည်ဟု မိန့်ကြားခဲ့ပါသည်။

ထိုအိမ်မှာ ကျွန်ုပ်နေစဉ်အတွင်း ထူးဆန်းပြီး ရယ်စရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပျက်ခဲ့ပါသည်။ ရပ်ကွက်အတွင်း ဆွမ်းသိမ်းပွဲလုပ်သောအခါ ဓမ္မာရုံမှလူများက မုန့်ဟင်းခါးချက်ရာတွင် အရိပ်ကောင်းသော ညောင်ပင်ရိပ်၌ မီးဖိုကြီးတည်၏။ မုန့်ဟင်းခါး အချိန်တစ်ရာဝင်အိုးကြီးနှင့် ချက်ကြသည်။ ကျွန်ုပ်က ညောင်ပင်အောက် မီးဖိုလျှင် ရုက္ခစိုးကြီးမကြိုက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ယောက္ခမကြီး ညောင်ပင်အောက်မှာ တံမြက်စည်းလှည်း၍ သစ်ရွက်ခြောက်တွေအား စုပုံမီးရှို့ပြီးနောက် ညဘက်အိပ်သောအခါ အိပ်မက်ထဲ၌ ရုက္ခစိုးကြီးက 'ငါ့အပင်အောက်မှာ မီးရှို့ရသလား' ဟု ကြိမ်းမောင်းပြီး တံမြက်စည်းရိုးနှင့်လိုက်ရိုက်သဖြင့် ယောက္ခမကြီးမှာ ညောင်ပင်အားပတ်ပြီးပြေးနေရသည်ဟု ပြောပြသော်လည်း ထိုစဉ်က ရဝတဥက္ကဋ္ဌလုပ်သူမှာ အယုံအကြည်မရှိပါဘူးဆိုပြီး ဖွတ်လုပ်ကြ၏။

ကျွန်ုပ်က -

"ပြဿနာတစ်ခုခုတက်လာလိမ့်မယ်။ အဲဒီအခါကျမှ ခင်ဗျားဟာခင်ဗျားရှင်း"

ဟု ပြောလိုက်ပါသည်။

ဆွမ်းသိမ်းပွဲ၌ မုန့်ဟင်းခါးကျွေးပြီးသောအခါတွင်မူ အချိန်တစ်ရာဝင်မုန့်ဟင်းခါးဟင်းရည်အိုးကြီးနှင့် မကျောပ်၌မိုးထားသော မိုးရေကာဖျင်စအလိပ်ကြီးနှစ်လိပ်မှာ လူတွေကြားထဲမှ မည်သူခိုးယူသွားသည်မသိ ပျောက်သွားပါတော့သည်။ ထိုအခါကျမှ ရဝတဥက္ကဋ္ဌမှာ ခေါင်းမီးတောက်ပြီး ကျွန်ုပ်ထံပြေးလာပြီး အကူအညီတောင်း၏။

"ကိုသန့်ဇင်ရယ် အကူအညီပေးပါဦး။ ကျွန်တော်တို့လျော်ရတော့မယ်။ တန်ဖိုးကမသေးဘူး၊ လုပ်ပါဗျာ"

"ကျွန်တော်ဘာလုပ်ပေးရမှာလဲ၊ အစက ခင်ဗျားတို့အယုံအကြည်မရှိဘူးဆို"

"ယုံပါပြီဗျာ၊ ရုက္ခစိုးကြီးက တော်တော်စိတ်ကြီးတာပဲ၊ ကျွန်တော်တော့ ကြောက်သွားပြီ။ ဒီလောက်လူတွေအများကြီးထဲမှာ ဘယ်သူမှမမြင်လိုက်ရဘူး ဆိုတော့"

ရဝတဥက္ကဋ္ဌနှင့်ဓမ္မာရုံလူကြီးများမှာ မျက်စိမျက်နှာပျက်နေကြ၏။ စိုက်လျော်ကြရတော့မည်မဟုတ်ပါလား။

"ဒီလိုလုပ်။ ရုက္ခစိုးကြီးကို ကျွန်တော် တောင်းပန်ကြည့်ပါဦးမယ်၊ ရလိုရငြားပေါ့။ အတပ်တော့မပြောနိုင်ဘူးနော်"

လက်ဖက်တစ်ပန်းကန်၊ဖယောင်းတိုင်၊ အမွှေးတိုင်များဖြင့် ညောင်ပင်ကြီးရှိ ရုက္ခစိုးနတ်နန်းသို့သွားပြီး တင်မြှောက်ပသပါသည်။

"ရုက္ခစိုးကြီးခင်ဗျား - ဘာမှမသိတဲ့၊ နားမလည်တဲ့ အမိုက်အမဲတွေမို့ ကျွန်တော့် မျက်နှာကိုထောက်ထားပြီး သူတို့ကိုခွင့်လွှတ်ပေးပါ။ ပျောက်သွားတဲ့ ပစ္စည်းတွေပြန်တွေ့အောင် ကူညီဆောင်ရွက်ပေးပါ။ သူတို့ကိုယ်စား ကျွန်တော်ကပဲ တောင်းပန်ပါတယ်"

ရပ်ကွက်ဥက္ကဋ္ဌသည် ရှောယောင်ပြီး ကျွန်တော်နှင့်အတူ ဝင်၍တောင်းပန်နေပါသည်။ ညောင်ပင်အောက်မှာ ဖင်ပူးတောင်းထောင်၍ ကန်တော့နေသည်ကို ရပ်ကွက်ထဲမှာလူတွေဝိုင်းကြည့်ပြီး ငိုအားထက်ရယ်အားသန်နေကြသည်။

ကွမ်းတစ်ယာညက်ခန့်ပင်မကြာလိုက်ပါ။ ရပ်ကွက်ထဲက အရန်မီးသတ်တစ်ယောက် အူယားဖားယားပြေးလာသည်။

"ဥက္ကဋ္ဌ ဥက္ကဋ္ဌ သူခိုးမိပြီဗျို့။ ဒန်အိုးသူခိုး ကမ်းနားမှာ ငုတ်တုတ်ထိုင်နေတယ်။ သမ္ဗန်သမားတွေဝိုင်းဖမ်းထားတာ"

အရန်မီးသတ်၏ ပြောစကားကြောင့် ဥက္ကဋ္ဌနှင့် ဓမ္မာရုံလူကြီးများ ကမ်းနားဘက်သို့ အပြေးထွက်သွားကြသည်။ ကျွန်ုပ်လည်း သူတို့နောက်အသာလိုက်သွား၏။ ကမ်းနားသမ္ဗန်ဆိပ်အနီးတွင် စုတ်စုတ်ပြတ်ပြတ်လူတစ်ယောက်သည် ဒန်အိုးကြီးအနီး မိုးရေကာဖျင်တာလပတ်ထုပ်ပေါ်တွင်ထိုင်နေသည်။ သမ္ဗန်သမားများကသူ့ကိုဝိုင်းထားသည်။

"သူ့ကိုဘယ်မှာတွေ့တာလဲ"

ဥက္ကဋ္ဌက အဖြစ်အမှန်ကို သိချင်နေ၍ သမ္ဗာန်သမားများကိုမေးသည်။

"သမ္ဗန်ဆိပ်နားမှာလာပြီးထိုင်နေတာ။ ကြောင်တောင်တောင်နဲ့ဘယ်သွားရမှန်းမသိဘူးဖြစ်နေတယ်။ မြစ်ထဲကို လက်ညှိုးထိုးပြပြီး မြို့ထဲကိုသွားမယ်လို့လည်းပြောနေတယ်။ကျွန်တော်တို့လည်း မသင်္ကာတာနဲ့ဖမ်းထားလိုက်တယ်။ ဒီကောင် မျက်စိလည်နေတယ်ထင်တယ်"

သူခိုးအား ရဝတရုံးသို့ ဖမ်းခေါ်လာကြ၏။ မီးသတ်များက တစ်ယောက်တစ်ချက် ဆွမ်းကြီးဝိုင်းလောင်းကြသောကြောင့် မျက်နှာလည်းဖူးရောင်၍နေချေပြီ။ မည်သို့မည်ပုံခိုးသွားသလဲဟုမေးသောအခါ မုန့်ဟင်းခါးအချိန်တစ်ရာအိုးကြီးက ကျွေးမွေးပြီး၍ ဆေးကြောပြီးမှောက်ထားသည်။ တာလပတ်နှစ်ချပ်က ခေါက်ပြီးအနီးမှာပုံထား၏။ သူခိုးမှာ ကလေကချေတစ်ယောက် ဖြစ်သည်။ ဗိုက်ဆာ၍ မုန့်ဟင်းခါးကျွေးသည်ကို ဝင်စားပြီး ညောင်ပင်အောက်တွင်ထိုင်ပြီး ဆေးလိပ်သောက်နေစဉ် ဒန်အိုးကြီးအား ခိုးချင်စိတ်ပေါက်လာသည်ဟု ဆိုသည်။ ထို့ကြောင့် လူတစ်ရပ်ခန့်ရှိဒန်အိုးကြီးအား လူကြားထဲမှလွတ်အောင်လှိမ့်ပြီးယူသွားပါသည်။

သူခိုး ဒန်အိုးကြီးအား လှိမ့်ပြီးယူနေစဉ် လူတွေက သူ့ကို ယောင်လို့ပင်လှည့်မကြည့်ကြ။ ကမ်းနားဘက်သို့ ဒန်အိုးကြီးလှိမ့်သွားသော်လည်း သူ့မျက်စိထဲတွင် ပုစွန်တောင် ကြက်တန်းဟုသာ မြင်နေသည်ဟုဆိုသည်။ ဒန်အိုးကြီးအားချပြီး နောက်တစ်ဖန် တာလပတ်ထုပ်အား ဝင်ထမ်းပြန်သည်။ လူတွေက သူ့ကိုမမြင်ဟုဆိုသည်။

ပြီးတော့ သမ္ဗန်ဆိပ်မှာ ကားငှားဖို့ သူလုပ်နေသည်။ သမ္ဗန်သမားများက သမ္ဗန်တွေကို လက်ညှိုးထိုးပြီး ကားငှားနေသောသူ့အား မယုံသင်္ကာဖြစ်လာ၍ ဝိုင်းမေးကြရင်း ရပ်ကွက်ထဲက အရန်မီးသတ်လူငယ်တစ်ယောက်အားလှမ်းတွေ့ပြီးပြောပြရာမှ မိသွားခြင်းဖြစ်ပါသည်။

ဤအဖြစ်အပျက် ဖြစ်ပွားပြီးနောက်ပိုင်း ညောင်ပင်ကြီးအောက်မှာ မည်သူမျှအော်ဟစ်ဆဲဆိုခြင်း၊ အပေါ့စွန့်ခြင်းမပြုရဲကြတော့ပါ။ ညောင်ပင်ရိပ်အေးသည်ဆိုပြီး အရက်ဝိုင်းဖွဲ့မည့်သူတွေလည်း မရှိကြတော့။ ညောင်ပင်နတ်ကွန်းတွင်လည်း မုန့်ဖြူ မုန့်နီများ ကုလားအချိုမုန့်များ၊ ညဘက်ဆိုလျှင် ဆီမီး၊ အလင်းတိုင်များဖြင့် ရုက္ခစိုးကြီးဟန်ကျနေပါတော့၏။

ကျွန်ုပ်ကား ညောင်ပင်ကြီးမှ နတ်စင်ကိုကြည့်ပြီး သဘောကျနေပါတော့သည်။ ကျွန်ုပ်ကိုးကွယ်သော မန္တလေးမှ မြင်းဝန်ဆရာတော်ကြီး၊ ရန်ကုန်တွင် ရွှေရင်မျှော်ဆရာတော်ကြီးဟု ခေါ်ကြသော နိုင်ငံတော်သံဃနာယကဆရာတော်ကြီး (၁၉၉၄ ခုနှစ်တွင်ပျံလွန်တော်မူခဲ့၏။) ဦးဇာဂရ မိန့်ကြားခဲ့သည်ကို ပြန်လည် ကြားယောင်နေမိပါတော့သည်။

"ညောင်ပင်ဆိုတာ မစိုက်ချင်လည်းမစိုက်နဲ့၊ စိုက်ပြီးပြီဆိုရင်ယည်း အပင်သေးသေးလေးကအစ မခုတ်မိစေနဲ့။ ညောင်ပင် မြေပေါ်ပေါက်လာတာနဲ့ ရုက္ခစိုးနတ်ဆိုတာ မှီတွယ်လာတာပဲ။ သွားခုတ်မိရင်၊ မလေးမစားလုပ်ရင် အန္တရာယ်သိပ်များတယ်"

စာဖတ်ပရိသတ် ရုက္ခစိုးနတ်နှင့်ပတ်သက်ပြီး ဗဟုသုတအလို့ငှာ တင်ပြလိုက်ရပါသည်။

သန့်ဇင်

www.burmeseclassic.com





# သရောဒယခရီးသည်

## ၄။ ဝင်ခွင့်စာမေးပွဲအောင်မလား

တစ်ရက် မိတ်ဆွေတစ်ယောက် အိမ်ကိုရောက်လာပါတယ်။ လာရင်းကိစ္စကတော့ သူမဟာဘွဲ့တက်ဖို့ ဝင်ခွင့်ဖြေရမှာ အောင်၊ မအောင်သိချင်လို့ပါတဲ့။

စာရေးသူလည်း သူ့ကိုစချင်တာနဲ့-

"ခင်ဗျားဖြေနိုင်ရင် အောင်မှာပေါ့ဗျ"

လို့ ပြောလိုက်မိတော့ -

"မဟုတ်ဘူး ဆရာရဲ့၊ ခေါ်မှာက အယောက် (၃၀) ကနေ (၅၀) ကြား လောက်ပဲခေါ်မှာလို့ပြောတယ်။ဖြေမယ့်လူက (၃၀၀) ကျော်တယ်ဗျ။ နိုဝင်ဘာ ၈ ရက်ဖြေရမှာ"

ဆိုပြီး ပြောရုံမက သူက သချ်ာလည်း ညှံ့သတဲ့လေ။

ဒါနဲ့ စာရေးသူလည်း စက္ကန့်ပိုင်းလောက် ငြိမ်သွားပြီးနောက် ဆက်မစဖို့တော့ပါဘူး။ သူဝင်ခွင့်မအောင်တဲ့ကံကို စိတ်မကောင်းခြင်းများနဲ့ တွေ့လိုက်ရလို့ပါ။ သူကလည်း လူပါးပဲ။ လူကြီးတစ်ယောက်အနေနဲ့ အတွေ့အကြုံတွေကလည်းများနေတဲ့သူဆိုတော့ -

"ဆရာ့မျက်နှာကြည့်ရတာ အဖြေကို သိသလိုတောင်ဖြစ်သွားပြီ ဟုတ်တယ်မဟုတ်လား" တဲ့။

စာရေးသူလည်း ရောက်လာကာစက နောက်ပြောင်လိုက်မိတာကို အားနာသွားပြီး မပွင့်တပွင့်ပြုံးရင်းနဲ့ပဲ -

"အင်း - သိပ်မလွယ်ဘူးဗျာ"

လို့ ပြောလိုက်တော့ သူက ခပ်လျော့လျော့ပြုံးပါတယ်။ ပြီးတော့-

"ယတြာချေရင်ကောဗျာ" တဲ့။

စာရေးသူလည်း ဘာမှဆက်မပြောဖြစ်တော့ပါဘူး။ ဒါနဲ့ တခြားစကားတွေ၊သာကြောင်းမာကြောင်းတွေ၊ နိုင်ငံတကာအကြောင်းတွေပြောဆိုပြီး စာရေးသူကို ရန်ကုန်မှာပဲ ရှိဦးမှာလား မေးမြန်းကာ နာရီဝက်လောက်ကြာတော့ ပြန်ဖို့နှုတ်ဆက်ရင်း စားပွဲပေါ် ငွေစက္ကူနှစ်ရွက်တင်ပါတယ်။

"ဟေ့လူ-ခင်ဗျားလုပ်မနေနဲ့၊ ကျုပ်မယူချင်ဘူး။ အောင်မှလာကန်တော့"

လို့ ပြောလိုက်တော့- .

"ဘာဆိုင်လို့တုံးဗျ။ အောင်တာ၊ မအောင်တာနဲ့။ ပညာရှင်က ပွဲစားမှ မဟုတ်ဘဲ ကျွန်တော်သိတာပေါ့ဗျာ။ ကိုယ်သာမတတ်တာ ကျွန်တော့်မျိုးရိုးက ဆရာတွေဆိုတော့ သူတို့ဘယ်လောက် အာ့ပင်ပန်းခံခဲ့ရတယ်ဆိုတာ မြင်ခဲ့ဖူးပြီးသာပါ။ ကိုယ်တိုင်သာ ပညာ မရလိုက်တာ"

သူနဲ့ ကိုယ်က ပြောမနာဆိုမနာဆိုတော့ ဒီအတိုင်းပဲပြောပြီး ပြန်သွားပါတယ်။

သူပြောတာလည်း ဟုတ်တော့ ဟုတ်ပါတယ်။ လွတ်ခနဲဟောနိုင်ဖို့ ဖျတ်ခနဲတတ်လာခဲ့တာ မဟုတ်ပါဘူး။ ပညာရပ်စစ်စစ်ကိုလိုက်စားခဲ့ဖူးတဲ့ဆရာတိုင်း၊ ဟောနိုင်တဲ့ဆရာတိုင်း ဘယ်လောက်နှစ်မြှုပ်ခဲ့ရတယ်ဆိုတာ သိကြပါတယ်။ ဆန်းဗေဒင်မှာဆိုလည်း ဆရာတွေလိုက်နာရမယ့်ဥပဒေသမှာ ထိုက်သင့်တဲ့ ဥဏ်ပူဇော်ခယူဖို့၊ အင်္ဂဝိဇ္ဇာကိုးစောင်တွဲမှာလည်း ထိုက်သင့်တဲ့ ဥဏ်ပူဇော်ခယူဖို့ ပါပါတယ်။ အမယ် သရောဒယမှာဆို ဂြိုဟ်တစ်ခုချင်းအလိုက် နွားနို့၊ ထောပတ်၊ နွားနီ၊ နွားဖြူ၊ နွားနက်၊ ရွှေ၊ ငွေ၊ သက်ဆိုင်ရာ ပန်း၊ ခရုသင်း၊ အဝတ်ပုဆိုး၊ ဆီမီးတန်ဆောင်တွေနဲ့ ယတြာချေဖို့၊ ဆရာကို ပူဇော်ဖို့ ထုံးထမ်းအတိအကျရှိပါတယ်။

အခုခေတ်ကတော့ ဆရာတချို့ကလည်း အခြေအမြစ်မရှိ သမိုင်းကြောင်းမှာ မှတ်ကျောက်အတင်မခံခဲ့ရတဲ့ ခပ်လွယ်လွယ်နည်းတွေသုံးပြီး ညာဝါးဟောကြ၊ မေးမြန်းသူပရိသတ်ကလည်း စစ်မှန်တဲ့ပညာရှင်တွေ့ရင်တောင် ငွေစကားမပြောဆိုတတ်တဲ့ဆရာဆိုရင် အားနာရကောင်းမှန်းမသိနဲ့ စိတ်ပျက်စရာကောင်းလွန်းလို့ စာရေးသူတောင် သိပ်ပြီးဟောတာပြောတာမျိုးမလုပ်ဖြစ်ပါဘူး။ မလွဲမရှောင်သာတဲ့သူတွေကိုသာ ဆောင်ရန်၊ ရှောင်ရန်လောက်ပြောဖြစ်တာပါ။

ဟုတ်တော့လည်း ဟုတ်ပါတယ်၊ ကိုယ်နဲ့ရင်းနှီးနေတဲ့ မိတ်ဆွေတစ်ယောက်ကိုဆို သူကိုယ်တိုင်ကလည်း ပညာရပ်တွေကို အယုံအကြည်ရှိပြီး မေးတာမို့ ခင်ဗျားမြောက်အရပ်သွားဘုရားထုလှူ၊ အနောက်တောင်အရပ်မှာ ဘာဝနာတစ်ခုခုပွား၊ မဟုတ်ရင် မလွယ်ဘူးလို့ ဒုက္ခရောက်မှာမြင်လို့ မဟောချင်ပေမယ့် ဟောလိုက်တာ ဗေဒင်သာ အတွင်တွင်မေးတယ်၊ ဟုတ်တိပတ်တိခိုင်းတာ မလုပ်ဘူး။ အမှန်တော့ အလကားဟောလိုက်တဲ့ပညာမို့ အလကားသဘောထားလိုက်တာပါပဲ။ ပိုက်ဆံမပေးရတော့ လေးငလေးနက်နက်မရှိဘူးလေ။

ကိုယ့်ကိုမေးကတည်းက -

"မိတ်ဆွေဗေဒင်ဆရာက တစ်ခါသွားမေးရင် နှစ်သောင်းပေးရတာမို့ မသွားချင်လို့ အညှံ့တွေဘာတွေရှိရင် ပြောပါဦး ဆရာရယ်"

စကားခံပြီးမေးတာ။ တိုက်ပိုင်ကားပိုင် သူ့အနေနဲ့ နှစ်သောင်းဆိုတာ တစ်ရှူးစက္ကူတစ်လိပ်စာလောက်သာ သဘောထားရမယ့်လူပါ။သူ့အပြောအ မိတ်ဆွေဆရာဆိုသူကလည်း ခေသူ မဟုတ်ပါ။

မကြာဘူး၊ ကားတိုက်မှုနှစ်ကြိမ် ဖြစ်တယ်။ ဆေးရုံတက်ပြီး လည်ပင်း လိုက်ရတယ်။ ညီအရင်းဆုံးတယ်။ မိန်း မှုအကြီးအကျယ်ပြဿနာတက်တယ်။ ဒါတွေအားလုံး တစ်လအတွင်းမှာ တစ် ပြီးတစ်ခုဖြစ်သွားတာပါ။ ဒီတော့မှ ခိုင်း ထားတာတွေပြေးလုပ်တယ်။ အဲဒီ လုပ်တဲ့နေ့ကစပြီး အညှံ့တွေမကြုံရတော့



www.burmeseclassic.com

www.burmeseclassic.com

ဘဲ အခြေအနေတွေအကြောင်းဘက်ပြန်ရောက်လာတာ သူကိုယ်တိုင်ဝန်ခံပါတယ်။ တကယ်တော့ အလကားရတဲ့ ပညာကို ဘယ်သူမှ တန်ဖိုးမထားတတ်ကြပါဘူး။ အလကားရရင် အလကားနေရင်းမေးကြပါတယ်။ လူကိုယ်တိုင် တလေးတစား လာမမေးတော့ဘဲ ဖုန်းတဂွီဂွီဆက်ပြီးလည်းလှမ်းမေးကြပါတယ်။ ပြီးတော့ ခပ်ပေါ့ပေါ့ပဲနေပြီး ဒုက္ခဖြစ်မှ ကယ်တော်မူပါဆိုပြီး တစ်ခေါက်ထပ်လာကြတော့တာ။ ဒီစာကိုဖတ်မိရင်တောင် စာရေးသူကို သူစိတ်ဆိုးနေနိုင်ပါသေးတယ်။

ဒါကြောင့် တံတားဦးက ဆရာတစ်ယောက်ကပြောတာ -

"ငါ့ဖုန်းနဲ့ လာမေးလို့ကတော့ ဟောခန်းလာခဲ့လို့ချည်းပဲ အကြောင်းပြန်လိုက်တယ်။ ဖုန်းနဲ့ဟောလိုက်လို့ကတော့ သူအဆင်ပြေသွားလည်း ငါ့ကိုလာကန်တော့ဖို့ အလုပ်တွေမအားလို့ပါ ဆရာရယ်လုပ်တော့တာ" တဲ့။

ဒီအဘိုးကြီးပြောတုန်းက ငွေမျက်နှာကြည့်တဲ့ဆရာများလား တွေးမိသေး။ နောက်တော့ သူပြောတာမလွန်ဘူးခဏခဏခံနေရတာကိုး။ ငွေမျက်နှာမကြည့်တဲ့ဆရာဆို လူတွေက အခွင့်အရေးယူသဗျ။

ကိုယ်ဒါမျိုးတွေတတ်ထားတာမသိတဲ့ မိတ်ဆွေတစ်ယောက်ကို အာချောင်ပြီးပြောလိုက်မိဖူးတယ်၊ ၂၀၀၁ ခုနှစ်က။

"ခင်ဗျား ဗေဒင်တွေဘာတွေ အထိုက်အလျောက် လက်ခံသားပဲ။ ကားအက်စီးဒင့်ဖြစ်တော့မယ်။ သာကေတဘက်သွားပြီး ယတြာချေတယ်ပဲပြောပြော ကောင်းမှုသွားလုပ်ဗျာ"

ဆိုတော့ -

"ကျွန်မတ ခရီးသွားရတော့မှာမအားဘူး" တဲ့။

ငါ့ကိုမယုံလို့နေမှာပဲလေ ဆိုပြီး သမားဂုဏ်ပြအဟောတစ်ခု၊ နှစ်ခုဟောပြလိုက်တော့ သူအထင်ကြီးသွားတယ်။ စေတနာနဲ့ သမားဂုဏ်ပြလိုက်ရတာပါ။ ဒါနဲ့ မေ့မေ့ပျောက်ပျောက်နေလိုက်တာ (၁၀) ရက်လောက်ကြာတော့ ဖုန်းဝင်လာတယ်။ သူ့သူငယ်ချင်းကို ဆက်ခိုင်းတာတဲ့။ သူဦးနှောက်နဲ့အာရုံကြောမှာရောက်နေတယ်။ ခေါင်းထိသွားလို့ လုပ်ပါဦးတဲ့။ အဲဒီတုန်းက ဆရာခိုင်းတာလည်း မလုပ်ခဲ့မိပါဘူးတဲ့။

ဖြစ်ပုံက ငွေဆောင်ကို ပုစွန်မွေးမြူရေးလုပ်ငန်းအတွက် ဝန်ထမ်းအဖြစ်အခန့်ခံရလို့သွားတာ။ လမ်းမှာ သူတို့ကားနဲ့ တခြားကားတိုက်ပြီး ကားပေါ်ပါတဲ့ ယိုးဒယားကပညာရှင်တစ်ယောက်က ပွဲချင်းပြီးရော။ လက်မောင်းထက်ပိုင်းကျိုးတဲ့သူကကျိုး။ တချို့ဝန်ထမ်းတွေ အနည်းအကျဉ်းထိခိုက်နဲ့ဖြစ်သွားတယ်ဆိုပဲ။ အဲဒီကတည်းက ဒီအမျိုးသမီး စာရေးသူပြောရင် တစ်သဝေမတိမ်းလုပ်တာ ခုထိပဲ။ ငွေဆောင်လည်း ပြန်မသွားရဲတော့ဘဲ တခြားဌာနဝင်လုပ်နေတာ အခု ညွှန်ကြားရေးမှူးဖြစ်နေလေရဲ့။

ကဲ-အတင်းပြောတာရပ်ပြီးတော့ ပညာတွေဘက်လှည့်ရအောင်။ ခုနက ဦးမင်းမင်းဘာလို့စာမေးပွဲမအောင်လဲဆိုတာကို ပညာခွင်နဲ့ကြည့်ကြတာပေါ့။ သရောဒယမှာ ဟောလို့ရတဲ့စက်တွေရာချီနေသော်လည်း စာရေးသူက သူ့ကိုဟောလိုက်တဲ့နည်းကိုပဲပြချင်ပါတယ်။

တံတားဦး၊ အင်းဝ၊ အမရပူရ ပလိပ်တွေမှာနေကြတဲ့ စာရေးသူတို့ရဲ့ သရောဒယပညာရှင်ကြီးတွေကတော့ ဇနမနက္ခတ်ခြောက်ပါး သို့မဟုတ် ပဗ္ဗပွန်+ အတိတ်နက္ခတ် (၃၆) ပါး စတာတွေနဲ့ ဟောကြပါတယ်။ ကြောက်စရာကောင်းအောင်လည်း စွမ်းကြပါတယ်။ စာရေးသူကတော့ အပျင်းကြီးတဲ့အတွက် ယခုဖော်ပြမယ့်နည်းနဲ့ လွယ်လွယ်တွေးပြီး လွယ်လွယ်ဟောလိုက်ပါတယ်။ ဒီနည်းနဲ့ အမေရိကားက ညီမတစ်ယောက်ရဲ့ ကိုယ်ဝန်ကိစ္စ တွက်ပြဖူးပါတယ်။ တောက်လျှောက်ဖတ်လာတဲ့ ပရိသတ်ကတော့ မှတ်မိမှာပါ။ လွယ်တယ်ဆိုသော်ငြားလည်း ဒီနည်းကို မသိတဲ့လူတွေကတော့ စာရေးသူ ရှင်းမပြမချင်း ဘယ်လိုမှ မသိနိုင်ဘူးဆိုတောကတော့ ဝန်ခံကြရမှာပဲ။

သတပဒီစက်

| နက္ခတ် | ပထမပါဒ် | ဒုတိယပါဒ် | တတိယပါဒ် | စတုတ္ထပါဒ် |
|---|---|---|---|---|
| ၁ အသဝဏီ | စု | စေ | စော | လ |
| ၂ ဘရဏီ | လိ | လု | လေ | လော |
| ၃ ကြတ္တိကာ | အ | ဣ | ဥ | ဧ |
| ၄ ရောဟဏီ | ဩ | ဝ | ဝိ | ဝု |
| ၅ မိဂသီ | ဝေ | ဝေါ | က | ကိ |
| ၆ အဒြ | ကု | ဃ | င | ဆ |
| ၇ ပုနဗ္ဗုသျှ | ကေ | ကော | ဟ | ဟိ |
| ၈ ဖုသျှ | ဟု | ဟေ | ဟော | ဍ |
| ၉ အသလိဿ | ဍိ | ဍု | ဍေ | ဍော |
| ၁၀ မာဃ | မ | မိ | မု | မေ |
| ၁၁ ပြုဗ္ဗဖလဂုနီ | မော | ဋ | ဋိ | ဋု |
| ၁၂ ဥတ္တရဖလဂုနီ | ဋေ | ဋော | ပ | ပိ |
| ၁၃ ဟဿတ | ပု | သျှ | ဏ | ဌ |
| ၁၄ စိတြ | ပေ | ပေါ | ရ | ရိ |
| ၁၅ သွာတိ | ရု | ရေ | ရော | တ |
| ၁၆ ဝိသာခါ | တိ | တု | တေ | တော |
| ၁၇ အနုရာဓ | န | နိ | နု | နေ |
| ၁၈ ဇေဋ္ဌ | နော | ယ | ယိ | ယု |
| ၁၉ မူလ | ယေ | ယော | ဘ | ဘိ |
| ၂၀ ပြုဗ္ဗာသဠ် | ဘု | ဎ | ဖ | ဓ |
| ၂၁ ဥတ္တရာသဠ် | ဘေ | ဘော | ဇ | ဇိ |
| * အဘိဇိ | ဇု | ဇေ | ဇော | ခ |
| ၂၂ သရဝဏ် | ခိ | ခု | ခေ | ခေါ |
| ၂၃ ဓနသိဒ္ဓ | ဂ | ဂိ | ဂု | ဂေ |
| ၂၄ သတ္တဘိသျှ | ဂေါ | သ | သိ | သု |
| ၂၅ ပြုဗ္ဗဘဒြပိုဒ် | သေ | သော | ဒ | ဒိ |
| ၂၆ ဥတ္တရာဘဒြပိုဒ် | ဒု | ထ | ဈ | ည |
| ၂၇ ရေဝတီ | ဒေ | ဒေါ | စ | စိ |



www.burmeseclassic.com

www.burmeseclassic.com

ကြုံဖူးတယ်။ ရှစ်လေးလုံးအရေးအခင်းပြီးခါစကလို့ထင်တာပဲ။ ကြီးလာတော့ မှတ်ဉာဏ်လည်း တယ်မကောင်းတော့ပါဘူး။ သိဉာဏ်လေးနဲ့ပဲ လုပ်စားနေရတယ်။ အဲဒီကာလက နက္ခတ္တရောင်ခြည်စာအုပ်တွေမှာ ပညာရှင်တစ်ယောက်က သာစည်-ပင်းယတွေ၊ စောလှ-လှေဆန်တွေ၊ မိတ်စာတ်တွေ၊ ရန်စာတ်တွေ အိတ်သွန်ဖာမှောက် အကုန်ဖွင့်ချလိုက်ပြီးတဲ့နောက်ပိုင်း ရေးလိုက်ကြ ပြောလိုက်ကြတဲ့ စောလှ-လှေဆန်သမားတွေ၊ သာစည်-ပင်းယသမားတွေ မဂ္ဂဇင်းတွေ၊ စာစောင်တွေမှာ ဟောတစ်ယောက်ဟောတစ်ယောက် ပေါ်လာကြပါရောလား။ အဲဒီဆရာ မတိုင်ခင်က ဒီဆောင်းပါးရှင်ဘယ်တွေ ရောက်နေကြသလဲ တွေးယူရတယ်။ ကဲပါလေ၊ ဒီတစ်ခေါက် ဆောင်းပါးက ပညာရှင်မဆန်ဘဲ Backbiting ဆန်နေပါတယ်။ ပညာရှင်တွေကို တန်ဖိုးမသိတာ စိတ်ပျက်လို့ရေးမိတာပါ။ နောင်မရေးမိအောင် မှတ်ထားရဦးမယ်။

ဟုတ်ပြီ။ သူ့နာမည်က **မင်း** နဲ့စတော့ နက္ခတ်လုံးရေ တစ်ဆယ် ဆိုတဲ့ မာဃနက္ခတ်ပါ။ သတ္တပဒီစက်ထဲမှာ ကြည့်ပါ။ မ၊ မိ၊ မု၊ မေ ဆိုတဲ့ နာမည်လေးလုံးရဲ့ ပထမပါဒ်ဖြစ်တဲ့ **မ** ဆိုတာဟာ **မင်း** ဆိုတဲ့ နာမည်အတွက်လည်း ကိုယ်စားပြုပါတယ်။ မိမိစိုးဆိုတဲ့ နာမည်မျိုးဆို ဒုတိယပါဒ် **မိ** ထဲမှာပါပါတယ်။ **မျိုး** ဆိုတဲ့ နာမည်ဖြစ်နေရင်တော့ **မု** ဆိုတဲ့ တတိယပါဒ်မှာ ဝင်ပါတယ်။

ဒီတော့ မာဃနက္ခတ်ဟာ အမြဲတမ်း သိဟ်ရာသီမှာ လေးပါဒ်စလုံး ရပ်တည်ပါတယ်။ ဒါကြောင့် သူရပ်တည်တဲ့ သိဟ်ရာသီဟာ ဦးမင်းမင်းရဲ့ တနုဘာဝပါ။ တနုဘာဝကနေစပြီး ဘာဝစက် (၁၂) မျိုးစလုံးကို ချရေးရင် အောက်မှာ ပြထားသလို နာမနက္ခတ်နဲ့ဟောဖို့ စက်တစ်ခုရလာပါတယ်။ အဲဒီမှာရှိတဲ့ အတန့်တွေရဲ့ သဘာဝအပေါ်မှာရှိနေတဲ့ ဂြိုဟ်တွေရဲ့ ကောင်းမှု၊ ဆိုးမှု ပေါ်ကြည့်ပြီး အဟောထုတ်ရတာပါ။ သရောဒယမှာ အတန့်တွေနဲ့ပတ်သက်ပြီး သုံးရတာ တော်တော်နည်းပါတယ်။

'အလုံးစုံသော စက်တကာတို့ထက် မြတ်၏။ ထို့ကြောင့် သဗ္ဗတောဘဒြစက်ဟုခေါ်သည်' ဆိုတဲ့ စက်မှာတော့ ဘယ်နှတန့်မြောက်ဂြိုဟ်တွေဟာ သီဃစာဖြစ်တယ်၊ ဘယ်နှတန့်မြောက်က မန္ဒဖြစ်တယ်၊ ဘယ်နှတန့်ဆိုရင် အတိဝက္က၊ ဘယ်နှတန့်ဆို ဝက္က၊ ဘယ်အတန့်ဆို ကုဋိလ (အကောက်သွား)၊ ဘယ်အတန့်ဟာ ပကတိဆိုပြီး တနင်္ဂနွေဂြိုဟ်ရပ်တဲ့ဆီကနေ အတန့်တွက်ယူပြီး ဝေဓဂြိုဟ်တွေရဲ့စရိုက်ကို ဆုံးဖြတ်တာမျိုးတော့ရှိပါတယ်။ ကိုမင်းမင်းကိုဟောဖို့ စက်ချပြီးပြီဆိုတော့ အဟောပိုင်းကို ဆက်ပါမယ်။


ဘာဝစက်




ပညာရေးကို သုံးသပ်ဖို့ ဗန္ဓုဘာဝကို ကြည့်ရပါတယ်။ အလွယ်ပြောရရင် ၄-တန့်ပေါ့။ နောက် ပညာဉာဏ်ကို ဝေဖန်ချင်ရင် ပုတြဘာဝဆိုတဲ့ ၅-တန့်ကို အကဲခတ်ရပါမယ်။ သူ့စာမေးပွဲဖြေရမယ့်နေ့မှာ အဓိကကျတဲ့ ပညာရေးဘာဝကို ပါပစနေဂြိုဟ်စီးထားပြီး ပညာဉာဏ်ကို ပါပအင်္ဂါစီးထားမှတော့ မအောင်ဘူးလို့ ပြောလိုက်ရတာပေါ့။ သရောဒယသမားတွေက ရာဟုဂြိုဟ်ကို နံပါတ်တစ် ကြောက်ကြပါတယ်။ နံပါတ်နှစ် စနေဂြိုဟ်ကို သတိထားပါတယ်။ လက်ရိုးဗေဒင်ဆရာတွေကတော့ စနေဂြိုဟ်ကို တော်တော်စိုးရိမ်ကြပါတယ်။ သူတို့နှစ်ယောက်မှာ ဘယ်သူကပဲ ဇာတ်လိုက်ဖြစ်ဖြစ် ဆိုးတာကတော့ သူ့နည်းသူ့ဟန်နဲ့ လက်သံပြောင်အောင် ဆိုးကြပါတယ်။

စနေဂြိုဟ်ဟာ တစ်ရာသီမှာ ပျမ်းမျှ (၂) နှစ်ခွဲနေပြီး အင်္ဂါက ပျမ်းမျှ (၁) လခွဲနေလို့ ဒီဂြိုဟ်တွေရပ်နေတဲ့ရာသီကို ခေါင်းထဲအလွတ်ရနေတာနဲ့ သံဒိဋ္ဌပြက္ခဒိန်လှန်ကြည့်မနေတော့ဘဲ သူမေးတဲ့ရက်အဆုံးမှာ အဖြေကို တန်းပြောလိုက်နိုင်တာပါ။ ခုလိုတွက်နည်း၊ ဟောနည်းကို ရေးပြလိုက်တော့ အဖြေထုတ်ရတာ လွယ်လွယ်လေးပေါ့ဗျာ။ ဘယ်နာမည်ဟာ ဘယ်နက္ခတ်လဲဆိုတာရယ် ဘယ်ဘာဝတွေပေါ်မှာ ဘယ်ဂေါဇဂြိုဟ်တွေရောက်နေသလဲဆိုတာရယ်သိရင် ဟောနိုင်ပါပြီ။ ဒီတစ်နည်းတည်းကို သေသေချာချာ သုတေသနပြုပြီး အသက်မွေးဝမ်းကျောင်းလို့ရပါတယ်။ သတ္တပဒီစက်ကို အလွတ်ကျက်နိုင်ရင်ကျက်ထား၊ မထားနိုင်ရင်လည်း ဇယားကွက်လေးကို ကြည့်ဟောပေါ့။ ဒီနည်း

ကောဇာ



သုံးပြီးယတြာပေးဖို့လိုလာရင်တော့ ဂြိုဟ်ကောင်း၊ ဂြိုဟ်ဆိုးအလိုက် ချေပေးလိုက်ပါ။ အင်္ဂလိပ်ဇာပညာရှင်တွေက ပညတ်နဲ့ယတြာချေကြ၊ ဓာတ်ရိုက်ကြတယ်။ နက္ခတ်သမား၊ လက်ရိုးသမားတွေကတော့ ဂြိုဟ်ပရိယာယ်အလိုက်ချေကြတယ်ဆိုတော့ ဂြိုဟ်ရပ်တည်တဲ့အတိုင်း ချေကြပေါ့ဗျား။

ဘာမျှော်လင့်ချက်မှမထားဘဲ လူတိုင်းကို ကူညီတတ်တဲ့ ကိုမင်းမင်းတို့ အောင်စေချင်ပါတယ်။ ဒါပေမယ့် အဝလိပ်စာနဲ့ လောဂျစ်ကို မစိုးရိမ်ပေသော်လည်း သူက သင်္ချာမတော်သလို သူရွေးချယ်ပိုင်ခွင့်မရှိတဲ့ စာမေးပွဲဖြေမယ့်ရက်ကလည်း သူ့ဘက်မှာမရပ်တည်ပါဘူး။ ဒါကြောင့် ခုံအမှတ် ၂၈၅ နဲ့ သူစာမေးပွဲကျခဲ့ရပါတယ်။

နောင် အခွင့်သင့်တဲ့အခါ အောင်ပါစေလို့ သူကန်တော့သွားတဲ့ အပြာရောင်ငွေစက္ကူနှစ်ရွက်ကို ငေးမိငေးရာ ငေးကြည့်ရင်း အင်းကိုးအင်းကို မြေဖို့ပြီး သတိုးမင်းဖျားက မြို့တည်ခဲ့လို့ အင်းဝကနေ အင်းဝဖြစ်လာတယ်ပဲပြောပြော၊ ရောဝတီနဲ့ ဒုဋ္ဌဝတီဆုံရာ သန်လျက်ခုံကျွန်းဆွယ်မြစ်အဝမို့ အဝကနေ အင်းဝဖြစ်လာတယ်ပဲဆိုဆို အခုအခါမှာ အင်းဝလို့ပဲတွင်နေပြီဖြစ်တဲ့ မြန်မာ့ယဉ်ကျေးမှုတွေထူထောင်ခဲ့ရာ မြို့နဲ့ သရောဒယတွေထွန်းကားခဲ့တဲ့ မသေရာမြို့လို့အမည်ရတဲ့ အမရပူရနဲ့ ဧယာရွှေမြေကို မကက်ဖြန်ခရီးနှင်မှာမို့ အထုပ်အပိုးတွေရှိရာ အခန်းထောင့်ကို ဦးတည်လိုက်ပါတော့တယ်။

သရောဒယခရီးသည်




www.burmeseclassic.com

www.burmeseclassic.com

ဆရာမော်

# အလွယ်လေ့လာ လက္ခဏာပညာ




လက်ဝါးပြင်ပေါ်ရှိ ဂြိုဟ်ခုံ (၈) ခုံအား ကိုယ်စားပြုဓာတ်အသီးသီးနှင့်အတူ နေရာပိုင်းခြား၍ပြသထားပုံ

**အဓိပ္ပာယ်ရှင်းလင်းချက်များ**

**၁။ ကြာသပတေးဂြိုဟ် ကိုယ်စားပြု လက်ချောင်း (လက်ညှိုး)**

ပညာရှင်အဆင့်ရှိခြင်း၊ ရည်မှန်းချက်၊ အသက်တမျှအရေးပါခြင်း၊ ဩဇာအာဏာရှိခြင်း၊ ဦးဆောင်နိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**၂။ စနေဂြိုဟ် ကိုယ်စားပြု လက်ချောင်း (လက်ခလယ်)**

စိုက်ပျိုးရေး၊ တီထွင်ခြင်း၊ အခမ်းအနား၊ အလေးအနက်ပြုခြင်းတို့ကို ဖော်ပြသည်။

**၃။ တနင်္ဂနွေဂြိုဟ် ကိုယ်စားပြု လက်ချောင်း (လက်သူကြွယ်)**

ဉာဏ်ရည်ထက်မြက်ခြင်း၊ သဘောထားရိုးရှင်းခြင်း၊ အတင့်ရဲခြင်း၊ သွေးအေးခြင်း၊ စာနာထောက်ထားခြင်း၊ ဖန်တီးနိုင်စွမ်းတို့ကို ရည်ညွှန်းသည်။

**၄။ ဗုဒ္ဓဟူးဂြိုဟ် ကိုယ်စားပြု လက်ချောင်း (လက်သန်း)**

ဆက်သွယ်ရေး၊ ပြောဆိုဆက်ဆံရေး၊ ဉာဏ်ရည်ထက်မြက်ခြင်း၊ တိကျခြင်း၊ အရေးအသားအပြောအဆိုညက်ညောခြင်း၊ အနုစိတ်ခြင်း၊ ပညာရှိခြင်းတို့ကို ဖော်ပြသည်။

**၅။ မိဿရာသီခင် (ကျွန်းပ်သည်)**

မီးဓာတ်၊ တက်ကြွသည့်သဘော၊ တားရှေ့ကားချပ်၌ ဧကရာဇ်ကာချပ်၊ အနုပညာ၌ စျာန်ဝင်ခြင်း၊ ဘာသာရေးလိုက်စားခြင်း၊ စီမံခန့်ခွဲမှုကျွမ်းကျင်ခြင်း၊ ဦးဆောင်နိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**၆။ ပြိဿရာသီခွင် (ကျွန်ုပ်၌)**

မြေဓာတ်၊ ပုံသေရှိသည့်သဘော၊ တားရှေ့၌ ရဟန်းမင်းကြီးကားချပ်၊ စိတ်ပိုင်းဖြတ်ခြင်း၊ ကြံ့ကြံ့ခံသည့်သဘော၊ အားကိုးလောက်ခြင်း၊ ရည်မှန်းချက်ကြီးခြင်း၊ တည်ငြိမ်ခြင်း၊ ခေါင်းမာခြင်းတို့ကို ဖော်ပြသည်။

**၇။ မေထုန်ရာသီခွင် (ကျွန်ုပ်×××တယ်လို့ထင်သည်)**

လေဓာတ်၊ ပြောင်းလဲလွယ်သည့်သဘော၊ တားရှေ့၌ ချစ်သူများကားချပ်၊ ခြယ်လှယ်တတ်သူ၊ စွယ်စုံရသူ၊ ငွေကြေးကိစ္စများ၊ မနားမနေလုပ်ကိုင်ခြင်းတို့ကို ရည်ညွှန်းသည်။

**၈။ မကာရရာသီခွင် (ကျွန်ုပ်သုံးသည်)**

မြေဓာတ်၊ တက်ကြွခြင်း၊ တားရှေ့ကားချပ်၌ မိစ္ဆာကားချပ်၊ အမှား၊ အမှန်ခွဲခြားတတ်သူ၊ ကိုယ်ကျင့်တရားကောင်းသူ၊ ရိုးသားခြင်း၊ လှည့်စားခြင်းတို့ကို ရည်ညွှန်းသည်။

**၉။ ကုံရာသီခွင် (ကျွန်ုပ်သိသည်)**

လေဓာတ်၊ ပုံသေဖြစ်ခြင်း၊ တားရှေ့၌ ဓူဝံကြယ်ကားချပ်၊ အမှန်တရားရှာဖွေခြင်း၊ ကိုယ်ကာယအားအင်ရှိခြင်း၊ ပစ္စည်းဥစ္စာမက်မောခြင်းတို့ကို ရည်ညွှန်းသည်။

**၁၀။ မိန်ရာသီခွင် (ကျွန်ုပ်ယုံကြည်သည်)**

ရေဓာတ်၊ ပြောင်းလဲလွယ်သူ၊ တားရှေ့ကားချပ်၌ လမင်းစန္ဒာကားချပ်၊ သက်သောင့်သက်သာဖြစ်ခြင်း၊ သနားကြင်နာခြင်းတို့ကို ရည်ညွှန်းသည်။

**၁၁။ ကရကင့်ရာသီခွင် (ကျွန်ုပ်ခံစားရသည်)**

ရေဓာတ်၊ တက်ကြွခြင်း၊ တားရှေ့၌ စစ်ရထားကားချပ်၊ စိတ်ခံစားမှုအဆုံးစွန်ရောက်ခြင်း၊ ဖန်တီးနိုင်စွမ်းမြင့်ခြင်း၊ စွမ်းအင်ကောင်းများရှိခြင်းတို့ကို ဖော်ပြသည်။


**၁၂။ သိဟ်ရာသီခွင် (ကျွန်ုပ်×××ပါလိမ့်မည်)**

မီးဓာတ်၊ ပုံသေဖြစ်ခြင်း၊ တားရှေ့၌ စွမ်းအားရှင်ကားချပ်၊ အထုံပါရမီကောင်းများရှိခြင်း၊ ဖန်တီးနိုင်စွမ်းရှိခြင်း၊ ချစ်ခြင်းမေတ္တာတရားဖြင့် လွှမ်းမိုးတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။



www.burmeseclassic.com

www.burmeseclassic.com




လက္ခဏာပညာအစဉ်အလာအရရှိနေသော လက်ဖဝါးပြင်ပုံစံ

**၁၃။ ကန်ရာသီခွင် (ကျွန်ုပ်ခွဲခြမ်းစိတ်ဖြာပါသည်)**

မြေဓာတ်၊ ပြောင်းလဲတတ်ခြင်း၊ တားရှော့၌ ရသေ့ကားချပ်၊ စိစစ်ချေတာခြင်း၊ အမြော်အမြင်ရှိခြင်း၊ စီးပွားရေးပညာ၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ ဝေဖန်ခြင်းတို့ကို ကိုယ်စားပြုသည်။

**၁၄။ တူရာသီခွင် (ကျွန်ုပ်မျှတပါသည်)**

လေဓာတ်၊ တက်ကြွခြင်း၊ တားရှော့၌ တရားသူကြီးကားချပ်၊ ဆက်ဆံပြောဆိုခြင်း၊ လွတ်လပ်မှုကို ခုံမင်ခြင်း၊ သံတမန်ဆန်ဆန်ဖြေရှင်းခြင်း၊ သဟဇာတဖြစ်ခြင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကို ကိုယ်စားပြုသည်။

**၁၅။ ဗြိစ္ဆာရာသီခွင် (ကျွန်ုပ်ပိုင်ဆန္ဒရှိသည်)**

ရေဓာတ်၊ပုံသေကားချပ်သဘော၊ တားရှော့၌ မရဏာမင်းကားချပ်၊ ရိုးသားခြင်း၊ တရားမျှတခြင်း၊ အလိုရမ္မက်၊ ကိုယ်ကျင့်တရားတို့ကို ဖော်ပြသည်။

**၁၆။ ဓနုရာသီခွင် (ကျွန်ုပ် မြင်/သိသည်)**

လေဓာတ်၊ ပြောင်းလဲလွယ်ခြင်း၊ တားရှော့၌ ဖြိုးဖြဲသောသီလကားချပ်၊ ရိုးသားခြင်း၊ ဓာတ်တက်ကြွခြင်း၊ ပွင့်လင်းခြင်း၊ သစ္စာရှိခြင်းတို့ကို ရည်ညွှန်းသည်။

၁၇။ ပုဂ္ဂိုလ်ရေးဆိုင်ရာစွမ်းရည်များ၊ ဂုဏ်သိက္ခာ၊ အနုပညာအပေါ် ခင်တွယ်မှု၊ ကျားကျားလျားလျားရှိခြင်းတို့ကို ကိုယ်စားပြုသည်။

၁၈။ ထုံးတမ်းစဉ်လာ၊ အမြော်အမြင်၊ ချမ်းသာကြွယ်ဝခြင်း၊ ဝမ်းနည်းခြင်း၊ သည်းခံခြင်း၊ စိတ်နေစိတ်ထား၊ ယုံကြည်မှုတို့ကို ကိုယ်စားပြုသည်။

၁၉။ ကျွမ်းကျင်ခြင်း၊ လိမ္မာပါးနပ်ခြင်း၊ စီးပွားရေးလုပ်ငန်း၊ ဆက်ဆံရေး၊ သိပ္ပံပညာတို့ကို ရည်ညွှန်းသည်။

၂၀။ ဖိုမကိစ္စများ၊ ကြမ်းတမ်းရက်စက်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဂရုမမူခြင်းတို့ကို ကိုယ်စားပြုသည်။

၂၁။ စိတ်အားထက်သန်ခြင်း၊ စွမ်းအင်များ၊ မိမိကိုယ်မိမိ တို့ကိုဖော်ပြသည်။

၂၂။ ခံစားရသည့်ဘက်၌ရှိနေခြင်း၊ ခံစားရသူဖြစ်ကြောင်း ဖော်ပြသည်။

**၂၃။ သောကြာဂြိုဟ် ကိုယ်စားပြု လက်ချောင်း (ငါ/အတ္တ)**

အလိုဆန္ဒများ၊ စွမ်းအင်၊ ယုံကြည်ခြင်း၊ ဩဇာအာဏာ၊ စိတ်နေစိတ်ထားခေါင်းမာခြင်းတို့ကို ကိုယ်စားပြုသည်။

၂၄။ အကျိုးအကြောင်းကိစ္စ၊ ယုတ္တိဗေဒ၊ တစ်ဦးချင်းတစ်ယောက်ချင်းတို့ကို ကိုယ်စားပြုသည်။

၂၅။ နားလည်မှု၊ ချစ်ခြင်း၊ ဂီတ၊ ချစ်ခြင်း၊ မုန်းခြင်း၊ စိတ်ခံစားမှုများ ဆွဲဆောင်ခြင်း၊ ခံနိုင်ရည်၊ သက်လုံတို့ကို ကိုယ်စားပြုသည်။

၂၆။ သတ္တိရှိခြင်း၊ ကာကွယ်ခြင်း၊ တည်ငြိမ်ခြင်း၊ မိသားစုဘဝ၊ ကြည်နူးခြင်း၊ တိရစ္ဆာန်တို့ကို ကိုယ်စားပြုသည်။

၂၇။ ထိုးထွင်းဉာဏ်၊ ကိုယ့်တိုးတက်မှုကိုယ်ရှာခြင်း၊ နိမိတ်ဖတ်ခြင်း၊ ကဗျာ၊ တစ်ကိုယ်ကောင်းဆန်ခြင်းတို့ကို ကိုယ်စားပြုသည်။

၂၈။ သဟဇာတဖြစ်ခြင်း၊ ဆက်ဆံပြောဆိုခြင်း၊ ဆက်သွယ်ရေးတို့ကို ကိုယ်စားပြုသည်။

၂၉။ သိစိတ်၊ မသိစိတ်၊ ထိုးထွင်းဉာဏ်တို့အကြားရှိနေသည့်စိတ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်ကိုဖော်ပြသည်။

**The Chinese Hand**

တရုတ်ဂမ္ဘီရလက္ခဏာပညာအိုင်ချင်းမှ ဆင်းသက်လာသော ပညာရပ်တစ်ခု ဖြစ်သည်။ အနောက်တိုင်းလက္ခဏာပညာလေ့လာသူများအနေဖြင့် အိုင်ချင်းနည်းပညာကိုပါတွဲဖက်လေ့လာပေးခြင်းဖြင့် တိကျသည့်ဟောကိန်းများထုတ်ပေးနိုင်မည် ဖြစ်သည်။

အိုင်ချင်းနည်းပညာအရ ဂြိုဟ်ခုံ (၈) ခုအား ကိုယ်စားပြုထားသည့် ဂြိုဟ်များအား အောက်ပါအတိုင်း လေ့လာတွေ့ရှိနိုင်သည်။

**ဂြိုဟ်ခုံ - ၁ (ကြာသပတေး/စနေ)**

လေဓာတ်၊သစ်သားဓာတ်၊အရှေ့တောင်အရပ်၊ သမီးအကြီးဆုံး၊ ပေါင်တံ၊ နွေရာသီကနဦးပိုင်း၊ နေ့လယ်၊ ပြောင်းလွယ်ပြင်လွယ်ခြင်း၊ နူးညံ့ခြင်း၊ တဖြည်းဖြည်းထိုးဖောက်ဝင်ရောက်ခြင်း၊ ဩဇာသက်ရောက်ခြင်းတို့ကိုကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၂ (စနေ/အပိုလို)**

မီးဓာတ်၊ (နေ/အလင်းရောင်)



www.burmeseclassic.com

www.burmeseclassic.com

တောင်အရပ်၊ သမီးလတ်၊ မျက်လုံး၊ နေ့ကာလအလယ်၊ မွန်းလွဲ၊ တောက်ပခြင်း၊ တင့်တယ်ခြင်း၊ ထက်မြက်ခြင်တို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၃ (အပိုလို/ဗုဒ္ဓဟူး)**

မြေကြီးဓာတ်၊ အနောက်တောင်၊ မိခင်၊ ဝမ်းဗိုက်၊ ဆောင်းဦးအစောပိုင်းညဖြစ်ထွန်းခြင်း၊ မည်းမှောင်ခြင်၊ တုံ့ပြန်ခြင်း၊ လက်ခံနိုင်ခြင်း၊ ဖွံ့ဖြိုးခြင်း၊ အာဟာရဖြစ်ခြင်း၊ ဝန်ခံခြင်းတို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၄ (အင်္ဂါဂြိုဟ်/အဖို)**

မိုးကြိုး၊ အရှေ့အရပ်၊ သားအကြီးဆုံး၊ ခြေထောက်၊ နွေဦး၊ နံနက်စောစောတက်ကြွခြင်း၊ လှုပ်ရှားခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၅ (အင်္ဂါဂြိုဟ်အမ/တနင်္လာဂြိုဟ်အထက်)**

ရေဓာတ်၊ အနောက်အရပ်၊ အငယ်ဆုံးသမီး၊ ပါးစပ်၊ ဆောင်းဦးအဆုံး၊ ကျေနပ်ခြင်း၊ပြည့်ဝခြင်း၊ ကြည်နူးခြင်းတို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၆ (သောကြာ)**

တောင်၊ အရှေ့မြောက်အရပ်၊ အငယ်ဆုံးသား၊ လက်၊ ဆောင်းကာလအဆုံး၊ အရုဏ်တက်၊ တည်ငြိမ်အေးချမ်းခြင်း၊ အနားယူခြင်း၊ သည်းခံခြင်း၊ စောင့်မျှော်ခြင်း၊ လှုပ်ရှားမှုမရှိခြင်းတို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၇ (နက်ပကျွန်း)**


ရေဓာတ်၊ မိုးသား၊ တိမ်လိပ်၊ မြောက်အရပ်၊ သားအလတ်၊ နားရွက်၊ ဆောင်းလယ်ကာလ၊ သန်းခေါင်၊ အခက်အခဲ၊ အန္တရာယ်၊ စိတ်လှုပ်ရှားခြင်း၊ စိုးရိမ်သောကတို့ကို ကိုယ်စားပြုသည်။

**ဂြိုဟ်ခုံ - ၈ (တနင်္လာ)**

ကောင်းကင်ဘုံ၊ အရှေ့အရပ်၊ ဖခင်၊ ဦးခေါင်း၊ ဆောင်းကာလအစောပိုင်း၊ နေ့အချိန်၊ ဖန်တီးနိုင်ခြင်း၊ ခွန်အားတို့ကို ကိုယ်စားပြုသည်။

**လက္ခဏာပညာအစဉ်အလာအရရှိနေသော လက်ဝါးပြင်ပုံစံ**

အစဉ်အလာအရ ဖော်ပြသော လက်ဝါးပြင်သည် စတင်မွေးဖွားချိန်မှ သေဆုံးချိန်အထိ ကာလအပိုင်းအခြား




**Wic:an Hand**

အလိုက်ရှိနေသော ဖြစ်စဉ်များအား (အသက်အပိုင်းအခြားအလိုက်) ဖော်ပြပေးသည်။

ဘဝသံသရာစက်ဝိုင်းအရ ကျွန်ုပ်တို့သည် မွေးဖွားခြင်း၊ ရှင်သန်ကြီးထွားခြင်း၊ ရင့်ကျက်ခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်းဟူ၍ အဆင့်ဆင့်ဖြတ်ကျော်ရပုံကို လက္ခဏာပါ အရေးအကြောင်းနှင့် အမှတ်သင်္ကေတများက ကိုယ်စားပြုဖော်ပြပေးထားသည်။

ကျွန်ုပ်တို့ မွေးဖွားချိန်မှ ကြီးကောင်ဝင် လူလားမြောက်ချိန်အထိ ရှင်သန်ကြီးထွားခြင်းကာလတွင် အကျုံးဝင်သည်။ ထိုကာလအတွင်း ဘဝအပြောင်းအလဲဖြစ်စေမည့် အပြုအမူလုပ်ရပ်အမျိုးမျိုးကို ကျွန်ုပ်တို့လုပ်ကိုင်ကြသည်။ လူလားမြောက်ချိန်အား အနည်းငယ်ကျော်လွန်သည်နှင့် ဆယ်ကျော်သက်ရွယ်အဖြစ်သို့ ကူးပြောင်းရောက်ရှိပြန်သည်။ ဆယ်ကျော်သက်အရွယ်နောက်ပိုင်းရင့်ကျက်သည့်အရွယ်ရောက်ချိန်ကာလအတွင်း ဘဝနေထိုင်မှုပုံစံအပြောင်းအလဲနှင့် ကျွမ်းကျင်မှုအမျိုးမျိုးလည်း ဖြစ်ပေါ်လာရသည်။

**The Wiccam Hand**

လူတစ်ကိုယ်အား ခန္ဓာ (၂) ခုအဖြစ်ခွဲ၍ ဂြိုဟ်များနှင့် ဆက်စပ်ကိုယ်စားပြုနေသော အလွှာ (၇) ထု (အဆင့် ၇ ခု) အား မည်သည့်ခန္ဓာ၌ မည်သည့်ဂြိုဟ်များပါဝင်ကိုယ်စားပြုနေသည်ကို လေ့လာသည့် ပညာရပ်ဖြစ်သည်။

ခန္ဓာ (၂) ခုအဖြစ် ခွဲခြားရာ၌ ပျက်စီးယိုယွင်းနိုင်သောခန္ဓာနှင့် ပျက်စီးယိုယွင်းမှုမရှိသည့်ခန္ဓာအဖြစ် (ဆန့်ကျင်ဘက်နှစ်ခု) ရရှိမည်။

ပျက်စီးယိုယွင်းနိုင်သော ခန္ဓာ၌ အောက်ပါ ကိုယ်စားပြု အဓိပ္ပာယ်များပါဝင်သည်။

**၁။ အောက်ခြေကျသောနေရာ (Basal)**

လက်တစ်ခုလုံးကို ဆိုလိုသည်။ အထူးသဖြင့် တနင်္လာဂြိုဟ်ခုံ ပါဝင်နေသည့် ကမ္ဘာဂြိုဟ်၏ အမှတ်သင်္ကေတဖြစ်သည်။

**၂။ နက္ခတ်တာရာများ၏ အောက်ဖက် (Lower Astral)**

ခွဲခြားသိမြင်ခြင်း၊ ချစ်ခင်နှစ်သက်ခြင်း၊ အလိုဆန္ဒတို့ ပါဝင်နေသည့် အင်္ဂါဂြိုဟ်၏ အမှတ်သင်္ကေတ ဖြစ်သည်။

**၃။ နက္ခတ်တာရာများ၏အပေါ်ဘက် (Upper Astral)**

စိတ်ခံစားခြင်း၊ တွေးခေါ်ခြင်းတို့ ပါဝင်နေသည့် သောကြာဂြိုဟ်၏ စိုးမိုးခြင်းခံရသည့်နေရာကို ဖော်ပြသည်။

**၄။ စိတ်နှင့်ဆိုင်သောနယ်မြေ၏အောက်ဘက်**

စနေဂြိုဟ်၏ စိုးမိုးခြင်းခံရပြီး ခိုင်မာသော စိတ်ဓာတ်ရှိခြင်းကို ဖော်ပြသည်။ ပျက်စီးယိုယွင်းမှုမရှိသည့် ခန္ဓာ၌ အောက်ပါ ကိုယ်စားပြု အဓိပ္ပာယ်များပါဝင်သည်။

**၅။ စိတ်နှင့်ဆိုင်သောနယ်မြေ၏ အပေါ်ဘက်**

ဗုဒ္ဓဟူးဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

**၆။ ဝိညာဉ်စိတ်ဆိုင်ရာ နယ်မြေ (အပေါ်ပိုင်း)**

ကြာသပတေးဂြိုဟ်က စိုးမိုးအုပ်ချုပ်ထားသည်။

**၇။ ဝိညာဉ်စိတ်ဆိုင်ရာနယ်မြေ (အပေါ်ပိုင်း)**

တနင်္ဂနွေဂြိုဟ် (အပိုလို) က စိုးမိုးအုပ်ချုပ်ထားသည်။

အထက်ပါ မပျက်စီးနိုင်သော (ထာဝရနယ်မြေဇရိယာ) သုံးခုသည် ဖန်တီးနိုင်စွမ်းရှိခြင်း၊ စွမ်းအင်များနှင့် ပြည့်စုံခြင်းတို့ကို ကိုယ်စားပြုထားသည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးဆက်ထွန်းလင်း
(အဘလမ္မစ္ဆ)

## ဝိဇ္ဇာဝေရမြန်မာ့အဂ္ဂရတ်ပညာ

### ▫ ဝိဇ္ဇာဓရလမ်းစဉ်နှင့်သမထယာနိက

ကမ္မဋ္ဌာန်းတရားကျင့်သုံးခြင်းတွင် အပိုင်းနှစ်ပိုင်းရှိ၏။ ၎င်းတို့မှာ သမထယာနိကနှင့် ဝိပဿနာယာနိကတို့ဟူ၍ ဖြစ်၏။ ဝိဇ္ဇာဓရလမ်းသည် အထူးအားဖြင့် သမထယာနိကလမ်းစဉ်ဖြင့် သမာဓိထူထောင်၍ တန်ခိုး၊ သိဒ္ဓိ၊ မဟိဒ္ဓိဈာန်အဘိညာဉ်များရရှိပြီး လူသား၏သက်တမ်းကို မြောက်မြားစွာရှည်လျားစေကာ လိုအပ်သောပါရမီများကို ဖြည့်ဆည်းရင့်ကျက်စေခြင်း ဖြစ်၏။

ဝိပဿနာယာနိကသည် သတိပဋ္ဌာန်(၄)ပါးကို ပွားများကျင့်သုံးပြီး ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရဓမ္မတို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားတို့ကို ရှုဆင်ခြင်ခြင်း ဖြစ်၏။ သတိပဋ္ဌာန်တရားဆိုသည်မှာ သတိတရားပွားများဆောက်တည်ခြင်းပင် ဖြစ်၏။ ဝိဇ္ဇာဓရလမ်းစဉ်၏ သမထယာနိကလုပ်ငန်းဆိုသည်မှာလည်း သတိတရားပွားများဆောက်တည်ခြင်းပင် ဖြစ်၏။ ထိုအထိ သမထနှင့် ဝိပဿနာ တစ်ထပ်တည်းကျ၏။

သတိပဋ္ဌာန်တရား (၄) ပါးမှာ ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်တို့ ဖြစ်၏။

ကာယာနုပဿနာသတိပဋ္ဌာန်ဆိုသည်မှာ ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အကြိမ်ကြိမ်ရှုခြင်း ဖြစ်၏။ ဝေဒနာနုပဿနာသတိပဋ္ဌာန်မှာ တွေ့ထိခံစားရမှုအပေါင်း၌ တွေ့ထိခံစားရမှုများကို အကြိမ်ကြိမ်ရှုခြင်း ဖြစ်၏။ စိတ္တာနုပဿနာသတိပဋ္ဌာန်ဆိုသည်မှာ စိတ်၌ စိတ်ကို အကြိမ်ကြိမ်ရှုခြင်း ဖြစ်၏။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဆိုသည်မှာကား သဘောတရားတို့၌ သဘောတရားတို့ကို အကြိမ်ကြိမ်ရှုခြင်း ဖြစ်၏။ အသေးစိတ်ထပ်ခွဲပါက -

ကာယာနုပဿနာသတိပဋ္ဌာန်တွင် ပဗ္ဗခေါ် အပိုင်းပေါင်း (၆) ပိုင်း ပါဝင်ပါသည်။

၎င်းတို့မှာ -

၁။ ကာယာနုပဿနာအာနာပါနပဗ္ဗ ဟူသည် ဝင်သက်၊ ထွက်သက်တို့ကိုရှုခြင်းအပိုင်း။



၂။ ကာယာနုပဿနာဣရိယာပထပဗ္ဗသည် ကိုယ်နေဟန်ထားဟူသော လျှောင်း၊ ထိုင်၊ ရပ်၊ သွားအပိုင်း။

၃။ ကာယာနုပဿနာသမ္ပဇာနပဗ္ဗ ဟူသည့် အမြဲမပြတ်ကုန်စင်ကျနနားလည်မှုအပိုင်း။

၄။ ကာယာနုပဿနာပဋိကူလမနသိကာရပဗ္ဗ ဟူသည် စက်ဆုပ်ဖွယ်ရာများ၌ နှလုံးသွင်းခြင်းအပိုင်း။

၅။ ကာယာနုပဿနာဓာတုမနသိကာရပဗ္ဗဟူသော ဓာတ်ကြီးလေးပါး၌ နှလုံးသွင်းခြင်းအပိုင်း။

၆။ ကာယာနုပဿနာနဝသီဝထိကပဗ္ဗ ဟူသည့် သုသာန်၌ ရှုခြင်း (၉) မျိုးတို့ ဖြစ်၏။

ဝေဒနာနုပဿနာသတိပဋ္ဌာန်တွင် တွေ့ထိခံစားရမှုများကိုရှုခြင်းအပိုင်းပဲရှိ၏။ စိတ္တာနုပဿနာ ဟူသော စိတ်ကိုရှုခြင်းအပိုင်းသာရှိ၏။ ဓမ္မာနုပဿနာပိုင်းတွင်ကား ပဗ္ဗအပိုင်း (၅) ပိုင်းရှိ၏။

၎င်းတို့မှာ -

၁။ ဓမ္မာနုပဿနာနီဝရဏပဗ္ဗ ဟူသောပိတ်ပင်တားဆီးတတ်သောတရားများအပိုင်း။

၂။ ဓမ္မာနုပဿနာခန္ဓပဗ္ဗ ဟူသော ခန္ဓာငါးပါးအပိုင်း။

၃။ ဓမ္မာနုပဿနာအာယတနပဗ္ဗ ဟူသော အာရုံနှင့်ဆိုင်သည့်အပိုင်း။

၄။ ဓမ္မာနုပဿနာဗောဇ္ဈင်္ဂပဗ္ဗ ဟူသော မျက်မှောက်ပြုစေနိုင်သော ဗောဇ္ဈင် (၇) ပါး အပိုင်း။

၅။ ဓမ္မာနုပဿနာသစ္စပဗ္ဗ ဟူသော အရိယာသစ္စာ(၄)ပါးခေါ်မြင့်မြတ်သောအမှန်တရား (၄) ပါးအပိုင်းတို့ ဖြစ်၏။

ထို့ကြောင့် မဟာသတိပဋ္ဌာန်လေးပါးတွင် သတိပဋ္ဌာန်အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com

(၄) မျိုးနှင့် အပိုင်းပေါင်း (၁၃) မျိုး ရှိပါသည်။ နောက်ဆုံးအပိုင်းဖြစ်သော ဓမ္မာနုပဿနာသစ္စပဗ္ဗ မြင့်မြတ်သောအမှန်တရားကို နိဒ္ဒေသ (၄) ပါးနှင့် ပိုင်းခြားထား၏။

ဎင်းတို့မှာ-

၁။ ဒုက္ခသစ္စာနဒ္ဒေသဟူသည့် ဆင်းရဲခြင်းအမှန်တရားဖော်ပြချက်။

၂။ သမုဒယသစ္စနိဒ္ဒေသ ဟူသည့် ဆင်းရဲခြင်းဖြစ်ရကြောင်းအမှန်တရားဖော်ပြချက်။

၃။ နိရောဓသစ္စနိဒ္ဒေသ ဟူသည့် ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရားဖော်ပြချက်။

၄။ မဂ္ဂသစ္စနိဒ္ဒေသ ,ဆင်းရဲချုပ်ငြိမ်းရာအကျင့်ဖြစ်သော အမှန်တရားဖော်ပြချက်တို့ ဟူ၍ ဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် မဟာသတိပဋ္ဌာန်၏အချုပ်မှာ ဓမ္မာနုပဿနာသစ္စပဗ္ဗ ဖြစ်၏။ ထိုသစ္စသဗ္ဗ (၄) ပါးတွင်လည်း အချုပ်မှာ ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာခေါ် မဂ္ဂင် (၈) ပါးပင်ဖြစ်၏။

ဎင်းတို့မှာ -

၁။ သမ္မာဒိဋ္ဌိ ဟူသည့် မှန်သောသိနားလည်ခြင်း။

၂။ သမ္မာသင်္ကပ္ပခေါ် မှန်သောစိတ်ကူးကြံစည်ခြင်း။

၃။ သမ္မာဝါစာခေါ် မှန်သောပြောဆိုခြင်း။

၄။ သမ္မာကမ္မန္တခေါ် မှန်သောပြုလုပ်ဆောင်ရွက်ခြင်း။

၅။ သမ္မာအာဇီဝခေါ် မှန်သောအသက်မွေးခြင်း။

၆။ သမ္မာဝါယမခေါ် မှန်သောအားထုတ်ခြင်း။

၇။ သမ္မာသတိခေါ် မှန်သောသတိရှိခြင်း။

၈။ သမ္မာသမာဓိခေါ် မှန်သောအာရုံစူးစိုက်ခြင်းတို့ ဖြစ်၏။

အဆိုပါ မဟာသတိပဋ္ဌာနသုတ္တန်လာ ကာယာနုပဿနာအာနာပါနပဗ္ဗမှသည် ဓမ္မနုပဿနာသစ္စပဗ္ဗ၊ ဒုက္ခနိရောဓဂါမိနိပဋိပဒါအရိယသစ္စာတိုင်အောင် ဝိပဿနာယာနိကပုဂ္ဂိုလ်များက ကျင့်သုံးသည့်နည်းတူ ဝိဇ္ဇာဓရလမ်းစဉ်သို့လိုက်ပါသည့် ပုဂ္ဂိုလ်များကလည်း ကျင့်သုံးကြပါသည်။ အားလုံးသည် သတိဦးစီးသောအလုပ်ဖြစ်၍ အတူတူပင် ဖြစ်ပါသည်။ ကွဲပြားခြားနားသည်မှာ အဆုံးသတ်အပိုင်းပင် ဖြစ်၏။ အဆိုပါ အဆုံးသတ်အပိုင်း ကွဲပြားခြားနားရသည့်အကြောင်းမှာလည်း အဓိပ္ပာယ်ဖွင့်ဆိုပုံကွဲပြားသောကြောင့်ပင်ဖြစ်ပါသည်။ ဗုဒ္ဓရှင်တော်ဘုရား ဟောကြားထားတော်မူသည့်မဟာသတိပဋ္ဌာနသုတ်တော်မှာမူ တစ်မျိုးတည်း တစ်မူတည်းပင် ဖြစ်၏။ ခံယူသည့်လမ်းစဉ်ခြားနားသဖြင့် ကျင့်သုံးပုံခြားနားခြင်းသာ ဖြစ်၏။

**□ ဝိဇ္ဇာဓရပုဂ္ဂိုလ်အများစုသည် ဘုရားဆုပန်ကြခြင်း**

ဝိဇ္ဇာဓရလမ်းစဉ်လိုက်သည့်ပုဂ္ဂိုလ်များသည် လိုအပ်သမျှသော ပါရမီအားလုံးကို ဖြည့်ကျင့်ပြီး အန္တိမနောက်ဆုံးဘဝတွင် သမ္မာသမ္ဗောဓိဉာဏ်ကိုရရှိရန် ဆုကြီးပန်ကြ၏။ ထိုဝိဇ္ဇာဓရပုဂ္ဂိုလ်များထဲတွင်လည်း အနည်းငယ်သောပုဂ္ဂိုလ်များသာ နောက်ပွင့်လတ္တံ့သော အရိမေတ္တေယျမြတ်စွာဘုရားလက်ထက်တွင် ကျွတ်တမ်းဝင်လိုသည့်ဆုကိုတောင်းကြ၏။

ဝိပဿနာယာနိကပုဂ္ဂိုလ်များကား ဒီတစ်ဘဝတည်းနှင့် သံသရာခရီးကို အပြတ်ဖြတ်ရန် ရည်ရွယ်ထားကြ၏။ ထို့ကြောင့် ဝိပဿနာယာနိကလမ်းစဉ်သို့လိုက်ရန်ဆုံးဖြတ်သူများသည် အရာရာတိုင်းအပေါ်၌ အာရုံအာလာယဖြတ်ထားရသူများ ဖြစ်၏။ အရာရာတိုင်းပေါ်၌လည်း စွန့်လွှတ်ခြင်းသဘောတရားကို လက်ကိုင်ထားရ၏။ သူတို့၏အရေးကြီးဆုံးသောအရာမှာ ဝိမုတ္တိတစ်ခုတည်းသာ ဖြစ်၏။ ဝိမုတ္တိမှလွဲ၍ အခြားသောအရာအားလုံးကို တန်ဖိုးမဲ့ သတ်မှတ်ထားရသော သဘောတရားရှိ၏။ ထို့ကြောင့် အရာရာတိုင်းအတွက် ဖြစ်ပျက်သဘောတရားသည် လည်းကောင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားတို့သည်လည်းကောင်း လက်ကိုင်ပြုရသည့် ပင်မပဓာနသဘောတရားများ ဖြစ်၏။ အဆိုပါ ပုဂ္ဂိုလ်များအတွက် အနိစ္စ၊ ဒုက္ခ၊ အနတ္တသည် ဦးစီးဦးကိုင်ဖြစ်၏။ အချုပ်ဖြစ်၏။ ယုတ်စွအဆုံး မိမိ၏ အသက်သည်ပင် ပဓာနမဟုတ်သည့်သဘောဆောင်လာတော့၏။ ထိုကိစ္စကို အသေအချာတွက်ဆကြည့်ပါက လွယ်ကူသည်တော့မဟုတ်ပေ။ လွန်စွာပါရမီကြီးရင့်သည့် ပုဂ္ဂိုလ်များမှလည်း ထိုးဖောက်နိုင်မည် ဖြစ်ပါသည်။ ထိုအတွက် လူသားသည် မိမိ၏အခြေအနေကိုလည်း အမှန်အတိုင်း အရှိအတိုင်း လက်ခံပြီး ချိန်ထိုးကြည့်ရမည် ဖြစ်ပါသည်။ အများ၏သမုတိပညတ်အရ အကောင်းဆုံးဆိုသဖြင့် လိုက်ပါခြင်းမျိုး မဖြစ်သင့်ပေ။ လိုချင်မှု၊ တောင့်တမှုအားကြီးနေသေးပုဂ္ဂိုလ်များအတွက်ကား အချိန်မည်မျှကြာသည်ဖြစ်စေ ဝေးကွာလွန်းလှသောပန်းတိုင်နှင့်ပတ်သက်ပြီး ကုသိုလ်အထုံရေစက် အတော်အသင့်ရသည်မှတစ်ပါး အခြားမည်သို့မျှ ထူးခြားမှုဖြစ်ပေါ်လာနိုင်မည် မဟုတ်ချေ။ ထိုအတွက် ဝိဇ္ဇာဓရလမ်းစဉ်လိုက်သည့် ပုဂ္ဂိုလ်များနှင့် ဝိပဿနာယာနိကပုဂ္ဂိုလ်များအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား၏ တစ်မူတည်းသော မဟာသတိပဋ္ဌာနသုတ်တော်အပေါ်တွင် ချဉ်းကပ်မှုအမြင်မတူညီကြပုံကို သုံးသပ်သင့်ပါသည်။

သာဓကအားဖြင့် မဟာသတိပဋ္ဌာနသုတ်၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခုဖြစ်သည့်ကာယာနုပဿနာသမ္ပဇာနပဗ္ဗလာစာပိုဒ်တစ်ခုကို ကောက်နုတ်ဖော်ပြလိုပါသည်။

□ ပုန စပရံ ဘိက္ခဝေ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီဟောတိ၊ သမိဉ္ဇိ တေ ပသာရိတေ သမ္ပဇာနကာရီဟောတိ၊ သင်္ဃာဋိပတ္တစီဝရ ဓာရဏေ သမ္ပဇာနကာရီဟောတိ၊ အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီဟောတိ၊ ဉစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ ဂတေ ဌိတေ နိသိန္နေသုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီဟောတိ။ ဣတိ အဇ္ဈတ္တံဝါ။ ပ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခုကာယေ ကာယာနုပဿီ ဝိဟရတိ’

ဟု ဖော်ပြထားပါသည်။

ထိုပါဠိ၏ အဓိပ္ပာယ်ကို ဖော်ပြပါက -

*□ တစ်ဖန်လည်း ရဟန်းတို့ ရဟန်းသည် ရှေ့သို့တိုးသည်ဖြစ်စေ၊ နောက်သို့ဆုတ်သည်ဖြစ်စေ အမြဲမပြတ် ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက်ပြု၏။*

*□ ရှေ့သို့ဟည့်တည့်ကြည့်သည်ဖြစ်စေ၊ ဘေးစောင်းကြည့်သည်ဖြစ်စေ အမြဲမပြတ် ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက်ပြု၏။*

*□ ကွေးသည်ဖြစ်စေ၊ ဆန့်သည်ဖြစ်စေ အမြဲမပြတ် ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက်ပြု၏။*

*□ သင်္ကန်းကို ဝတ်သည်ဖြစ်စေ၊ သပိတ်ကို ဆောင်သည်ဖြစ်စေ အမြဲမပြတ် ကုန်စင်ကျနစွာ*



www.burmeseclassic.com

www.burmeseclassic.com

သိနားလည်မှုရှိလျက်ပြု၏။

□ စားသည်ဖြစ်စေ၊ သောက်သည်ဖြစ်စေ၊ ဝါးသည်ဖြစ်စေ၊ အရသာခံသည်ဖြစ်စေ အမြဲမပြတ်ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက်ပြု၏။

□ ကျင်ကြီးစွန့်ရာတွင်ဖြစ်စေ၊ ကျင်ငယ်စွန့်ရာတွင်ဖြစ်စေ အမြဲမပြတ်ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက် ပြု၏။

□ လမ်းလျှောက်နေစဉ်ဖြစ်စေ၊ ရပ်နေစဉ်ဖြစ်စေ၊ ထိုင်နေစဉ်ဖြစ်စေ၊ အိပ်နေစဉ်ဖြစ်စေ၊ နိုးနေစဉ်ဖြစ်စေ၊ စကားပြောနေစဉ်ဖြစ်စေ၊ နှုတ်ဆိတ်နေစဉ်ဖြစ်စေ အမြဲမပြတ်ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက်ပြု၏'

ဤသို့လျှင် ခန္ဓာကိုယ်၏အတွင်း၌ ခန္ဓာကိုယ်ကို အကြိမ်ကြိမ်ရှုလျက်နေ၏။ သို့မဟုတ် ခန္ဓာကိုယ်၏ပြင်ပ၌ ခန္ဓာကိုယ်ကို အကြိမ်ကြိမ်ရှုလျက်နေ၏။ သို့မဟုတ် ခန္ဓာကိုယ်၏အတွင်းနှင့် ပြင်ပနှစ်ပါးလုံး၌ ခန္ဓာကိုယ်ကို အကြိမ်ကြိမ်ရှုလျက်နေ၏။။ ဤကား မဟာသတိပဋ္ဌာနသုတ်၏ပါဠိတော်လာစာသားများအတိုင်း အတိအကျ မြန်မာမှုပြုထားခြင်းဖြစ်၏။ ဤသည်ပင် ဗုဒ္ဓ၏ မူရင်းမူလမူဖြစ်၏။ ထိုကိုဝိပဿနာယာနိကလမ်းစဉ်မှ ချဉ်းကပ်ဖွင့်ဆိုရာတွင် -

'သမ္ပဇာနကာရီဟောတိ' ဟူသည့် ပါဠိတော်ကို ဖွင့်ဆိုရာ၌ 'အနိစ္စတရားကို အမြဲမပြတ် စုံလင်တိကျစွာ သိနားလည်မှုဖြင့်ပြုလုပ်ခြင်း'ဟု အနိစ္စသဘောတရားကိုထည့်သွင်းကာ အဓိပ္ပာယ်ဖွင့်ဆို၏။ မူလပါဠိတော်၌ အနိစ္စ ဟူသည့် ဝေါဟာရ မပါဝင်ချေ။ ထိုအချက်သည် အလွန်ပင် အရေးကြီးပါသည်။ အနိစ္စဟူသည်တွင် ဒုက္ခ ဟူသော ဝေါဟာရ၊ အနတ္တ ဟူသော ဝေါဟာရအားလုံး ပါဝင်ပြီးဖြစ်လေ၏။ ထို့ကြောင့် အနိစ္စဟူသော ဝေါဟာရသည် ဒုက္ခရော အနတ္တတို့ကိုပါ ကိုယ်စားပြုလေ၏။ ထို့ကြောင့် အနိစ္စနေရာတွင် ဒုက္ခကို ထည့်သွင်း၍ ဆင်ခြင်နိုင်၏။ အနတ္တကို ထည့်သွင်း၍လည်း ဆင်ခြင်နိုင်၏။

ထို့အတူ နောက်ဆုံးအပိုဒ်၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင်လည်း အောက်ပါအတိုင်း တွေ့ရှိရမည် ဖြစ်၏။

□ ခန္ဓာကိုယ်၌ အကြိမ်ကြိမ်ရှုလျက်နေ၏ -

ဟူသည့် စာပိုဒ်ကိုလည်း ဝိပဿနာယာနိကလမ်းစဉ်မှ ချဉ်းကပ်ဖွင့်ဆိုရာတွင် -

□ ခန္ဓာကိုယ်၌ဖြစ်ခြင်းအကြောင်းတရားကို အဖန်ဖန်ရှုလျက်နေ၏။

□ ခန္ဓာကိုယ်၌ပျက်ခြင်းအကြောင်းတရားကို အဖန်ဖန်ရှုလျက်နေ၏။

□ ခန္ဓာကိုယ်၌ ဖြစ်ခြင်း၊ ပျက်ခြင်းအကြောင်းတရားကို အဖန်ဖန်ရှုလျက်နေ၏ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

မူလပါဠိတော်တွင် အဆိုပါ ဖြစ်ခြင်း၊ ပျက်ခြင်း ဟူသည့် ဝေါဟာရများ ပါဝင်ခြင်းမရှိပေ။ မိမိသွားလိုသည့်လမ်းစဉ်အပေါ်၌ ပိုမိုအထောက်အကူပြုစေရန် ထည့်သွင်း၍ ပြန်ဆိုသည့် သဘောသက်ရောက်စေပါသည်။

ဝိဇ္ဇာမရေလမ်းစဉ်အရ 'သမ္ပဇာနကာရီဟောတိ' ဟူသည့် ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် မူလပါဠိတော်အရှိအတိုင်းပင် အမြဲမပြတ်ကုန်စင်ကျနစွာ သိနားလည်မှုရှိလျက် ဟူသောမူရင်းအဖွင့်အဓိပ္ပာယ်ကိုသာ လက်ခံပါသည်။ ထို့အတူ ခန္ဓာကိုယ်၌အကြိမ်ကြိမ်ရှုလျက်နေ၏ဟူသော မူရင်းအဖွင့်အဓိပ္ပာယ်ကိုသာ လက်ခံပါသည်။

ထပ်ဆင့် ကိုးမြင့် ထည့်သွင်းထားသော အနိစ္စတရား ဟူသော ဝေါဟာရ ဖြစ်ခြင်း၊ ပျက်ခြင်း ဝေါဟာရများသည် ဝိဇ္ဇာမရေလမ်းစဉ်၏ခံယူချက်ကျင့်စဉ်များနှင့် ဖီလာသဘောဆောင်နေပါသဖြင့် မူလအဓိပ္ပာယ်သက်သက်ကိုသာ လက်ခံကျင့်သုံးကြခြင်းဖြစ်ပါသည်။ ထိုအတွက် အနိစ္စသဘောတရား၊ ဖြစ်ပျက်သဘောတရားများကို လက်မခံဟု ဆိုလိုရင်းမဟုတ်ပေ။

ဝိဇ္ဇာမရေလမ်းစဉ်၏ကျင့်စဉ်ဆိုင်ရာအတွက် ထည့်သွင်းမကျင့်ခြင်းဟု ဆိုလိုရင်းသာ ဖြစ်ပါသည်။ ဝိဇ္ဇာမရေလမ်းစဉ်အရ လက်ခံကျင့်သုံးသည်မှာ သဘာဝ ဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကိုသာ လက်ခံခြင်း ဖြစ်၏။ သာဓကအားဖြင့် ဖော်ပြရပါမူ ခန္ဓာကိုယ်၌ အကြိမ်ကြိမ်ရှုလျက်နေ၏ဟူသော မူရင်းအဖွင့်၌ သဘာဝ ဟူသော သဘောတရားကို စာအားဖြင့် ငုပ်ကွယ်ထားသော်လည်း သဘောအားဖြင့်ကား ထည့်သွင်းနားလည် ခံယူကျင့်သုံးခြင်း ဖြစ်၏။ ထို့ကြောင့် အဆိုပါစာကို သဘာဝ ဟူသော ဝေါဟာရပါ ထည့်သွင်း၍ အပြည့်အစုံ ဖော်ပြရပါက -

ခန္ဓာကိုယ်၏သဘာဝကို အကြိမ်ကြိမ်ရှုလျက်နေ၏ဟု ဆိုရမည် ဖြစ်ပါသည်။ ထို့အတူ ဝိပဿနာယာနိက၏ အနိစ္စတရားကို အမြဲမပြတ် စုံလင်တိကျစွာသိနားလည်မှုဖြင့်ပြုလုပ်ခြင်းဟူသည်၌ ဝိဇ္ဇာမရေလမ်းစဉ်အရဆိုရပါမူ သဘာဝတရားကို အမြဲမပြတ် စုံလင် တိကျစွာ သိနားလည်မှုဖြင့်ပြုလုပ်ခြင်းဟုဆိုရမည် ဖြစ်ပါသည်။ ဒွ၏ အာဘောဂမှာလည်း အတင်းလုပ်ယူသော၊ သဘာဝမကျသော၊ ဖန်တီးထားမှုမျိုးတို့သည် ကျယ်ပြန့် နက်ရှိုင်းသော ကိစ္စအဝဝတို့နှင့် အံဝင်ခွင်ကျမဖြစ်နိုင်မှန်း သိတော်မူသဖြင့် အကြောင်းခြင်းရာတစ်ခုတည်းကိုသာ ဦးတည်ဖော်ပြလိုခြင်းမဟုတ်ကြောင်း ထင်ရှားပါသည်။

ဤကား စာပေဆိုင်ရာအဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်ပတ်သက်သည့် ဖြစ်လေ့ဖြစ်ထရှိသည့်ကိစ္စဟု ဆိုရမည်ဖြစ်ပါသည်။ ထိုကို ရှေးပညာရှင်များကလည်း 'ပါဠိတစ်ချက် အနက်ဆယ်ထွေ' ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်ပြီး ဤဆောင်းပါးရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ဒုက္ကရစရိယာအဖွင့်တွင်လည်း ဝိပဿနာယာနိကလမ်းစဉ်မှ ဖွင့်ဆိုရာတွင် မှားယွင်းသောအကျင့် အချည်းနှီးအကျိုးမဲ့သောအကျင့်ဟုဖွင့်ဆိုသကဲ့သို့ ဝိဇ္ဇာမရေလမ်းစဉ်မှဖွင့်ဆိုရာတွင် လူသာမန်တို့ ကျင့်နိုင်ခဲသော အကျင့်မြတ်ဟု ဖွင့်ဆိုထားသည်ကို တွေ့နိုင်မည်ဖြစ်ပါသည်။

ထိုထက်ပို၍ ရှင်းလင်းစွာဖော်ပြရပါမူ ဝိဇ္ဇာမရေလမ်းစဉ်သည် ရုပ်၊ နာမ်၊ ခန္ဓာ၊ သင်္ခါရသဘောတရားများကို လက်ခံပါသည်။ ကောင်းစွာလည်း နားလည်သဘောပေါက်ပါသည်။ ပို၍လည်း နက်နက်ရှိုင်းရှိုင်းပင် သဘောထားပါသည်။ ဝိဇ္ဇာမရေလမ်းစဉ်သည် သင်္ခါရကို လက်မခံခြင်း မဟုတ်ပါ။ ကောက်ရိုးသင်္ခါရကို သံသင်္ခါရအဖြစ် ပြုပြင်ပြောင်းလဲလိုခြင်း ဖြစ်ပါသည်။ အကယ်၍ ကောက်ရိုးသင်္ခါရကို သံသင်္ခါရအဖြစ်သာ ပြောင်းနိုင်မည်ဆိုပါက ထိုဝိဇ္ဇာမေလူသား၏သက်တမ်းသည် မူလသက်တမ်းထက် အဆတစ်ရာတစ်ထောင်တိုးသောင်းပိုရှည်လာမည် ဖြစ်၏။ ထိုအခါ၌ မူလလူသားသက်တမ်းတစ်ခုအတွင်း ပြီးပြည့်စုံရန် မသေချာသေးသော ကိစ္စများကို ပိုမို၍ပြည့်စုံသေချာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သေချာသော ဤ ရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့်ပင် ပိုဝေးသောခရီးတစ်ခုသို့ရောက်အောင် သွားနိုင်မည်ဟုလည်း ယုတ္တိသဘောတရားအရ လက်ခံနိုင်မည် ဖြစ်ပါသည်။

ဤသည်ပင် ဝိဇ္ဇာမရေလမ်းစဉ်ကျင့်သုံးရခြင်း၏ စတုတ္ထအကြောင်းအရင်း



www.burmeseclassic.com

www.burmeseclassic.com

ပင် ဖြစ်ပါသည်။ ယေဘုယျအားဖြင့်ဆိုရပါမူ ဝိဇ္ဇာဓရပညာသည် အဖြစ်သဘောတရားကိုသာ အားပြုသောပညာရပ် ဖြစ်ပါသည်။ ထို့အတူပင် အပျက်သဘောတရားနှင့်ပတ်သက်လာလျှင်ကား တတ်နိုင်သမျှ ဝေးစွာရှောင်ကွင်းရသည့်သဘောကို လက်ကိုင်ထားပါသည်။ ထိုနည်းလည်းကောင်းပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရားများနှင့်ပတ်သက်လျှင်လည်း မည်သည့်နည်းနှင့်မျှပစာနပြု၍ မရပေ။ ဤသို့ဖြစ်ရခြင်းမှာ အဆိုပါသဘောတရားများကို မသိ၍၊ နားမလည်၍၊ လက်မခံ၍မဟုတ်ပေ။ ပုံမှန်ထက်ပင်များစွာပိုမိုသောအသိစိတ်၏လှုံ့ဆော်မှုဖြင့် နားလည်သဘောပေါက်ခြင်းမျိုးပင်ရှိ၏။ လောက၏နိယာမများအရ အပျက်သဘောတရားနှင့်ပတ်သက်ပြီးကျင့်သုံးရန် လွယ်ကူသလောက် အဖြစ်သဘောတရားကိုကျင့်သုံးရန်ကား အခဆများစွာပင် ခက်ခဲလှပါသည်။ ထိုထက် အဆိုပါအဖြစ်သဘောတရားကို အောင်မြင်အောင် တည်ဆောက်နိုင်ရန်ကား ပို၍ နက်ရှိုင်းစွာပင် ခက်ခဲလှပါ သည်။ ထို့ကြောင့် အနိစ္စသဘောကိုနိစ္စသဘောအဖြစ် လည်းကောင်း၊ ဒုက္ခသဘောကို သုခသဘောအဖြစ် လည်းကောင်း၊ အနတ္တသဘောကို အမတသဘောအဖြစ် လည်းကောင်း ပြုပြင်ပြောင်းလဲရန် အားထုတ်ကြခြင်း ဖြစ်၏။ အလွန်ပင် ခက်ခဲလှသည့်ကိစ္စပင် ဖြစ်ပါသည်။

လူသားသည် သဘာဝနိယာမနည်းကျစနစ်များကို ကျင့်သုံးအကောင်အထည်ဖော်ပြီး သခၤါရကိုပြုပြင်စီမံရန် အားထုတ်ခြင်းပင်ဖြစ်၏။

**❑ အနိစ္စ၊ ဒုက္ခ၊ အနတ္တမှသည် နိစ္စ၊ သုခ၊ အမတဆီသို့**

အနိစ္စ၏အဓိပ္ပာယ်မှာ မမြဲခြင်းဖြစ်၏။ ဒုက္ခ၏အဓိပ္ပာယ်မှာ ဆင်းရဲခြင်းဖြစ်၏။ အနတ္တ၏အဓိပ္ပာယ်မှာ အစိုးမရခြင်း ဖြစ်၏။ ထိုကို ဤဘဝ၊ ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့် 'မြဲအောင်' ပြုလုပ်ခြင်းသည် နိစ္စသဘောတရား ဖြစ်၏။ ဤဘဝ၊ ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့် ချမ်းသာအောင် ပြုလုပ်ခြင်းသည် သုခသဘောတရားဖြစ်၏။ ဤဘဝ၊ ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့် 'မအိုအောင်၊ မနာအောင်၊ မသေအောင်' ပြုလုပ်ခြင်းသည် အမတသဘောတရား ဖြစ်ပါသည်။ အဆိုပါ သဘောတရားဆိုင်ရာအချုပ်သည် သဘာဝပင် ဖြစ်၏။

'သဘာဝ' သည် 'သ' နှင့် 'ဘာဝ' ပေါင်းထားခြင်း ဖြစ်၏။ 'သ' ၏အဓိပ္ပာယ်သည် ရှိခြင်းသဘော၊ အရှိတရားဖြစ်၏။ 'ဘာဝ' ၏အဓိပ္ပာယ်မှာ ဖြစ်ခြင်းသဘော၊ အဖြစ်တရားဖြစ်၏။ သို့ဖြစ်ပါသောကြောင့် သဘာဝ ဟူသော ပေါင်းစပ်အဓိပ္ပာယ်မှာ အမှန်တကယ်အရှိတရားပေါ်တွင် ဖြစ်ခြင်းသဘော ဟူ၍ဖြစ်၏။ ရှိ၍ဖြစ်ခြင်းပင် ဖြစ်သည်။ ဤသို့ဖြင့် မြောက်မြားလှစွာသောသဘောတို့သည် ဖြစ်လာကြ၏။ ထိုဖြစ်ခြင်းသဘာဝကြောင့်ပင် ဖြစ်ပေါ်လာသောနောက်ထပ်သဘာဝတစ်ရပ်မှာ ပျက်ခြင်းဟူသည့် သဘာဝပင် ဖြစ်၏။ အဆိုပါ ပျက်ခြင်းသဘောကို ပျက်ချင်တိုင်းပျက်၍မရအောင်၊ အပျက်သဘောများဝေးကွာသည်ထက် ဝေးကွာသွားအောင် ပြုပြင်စီရင်ခြင်း ဖြစ်၏။ ထိုသို့ ပြုပြင်စီရင်ရာတွင်လည်း သဘာဝနည်းကျဝိဇ္ဇာဓရနည်းကို ကျင့်သုံး၍အသုံးပြု ခြင်းဖြစ်၏။ သဘာဝအစဉ်ပေါ်တွင် သဘာဝအစဉ်ကို ထပ်ဆင့်ရ၏။ သဘာဝကိုပင် သဘာဝဖြင့် ရှုဆင်ခြင်ရ၏။ သဘာဝကိုပင် သဘာဝဖြင့် ပေါင်းစပ်ရ၏။ ထိုအခါတွင် သဘာဝအမတသည် ဖြစ်ပေါ်ရ၏။ ထိုအမတသည် ထာဝရဝိမုတ္တိအမတတော့ မဟုတ်သေးပေ။ ဝိဇ္ဇာနည်းကျပြုပြင်စီရင်ထားပြီး မိမိအလိုရှိသောရည်ရွယ်ရင်းတိုင်ချဲ့ထွင်ထားသော မအို၊ မနာ၊ မသေသည့်အမတဖြစ်၏။ သဘာဝအမတဖြစ်ပေါ်ရန် သဘာဝအရှိတရားအပေါ် သဘာဝနှင့် အသိကို ထပ်ဆင့်ခြင်းပင် ဖြစ်၏။ ထိုဖြစ်စဉ်ကို အင်းပညာ၊ ဆေးပညာ၊ မန္တန်ပညာ၊ ဓာတ်ပညာများဖြင့် အကောင်အထည်ဖော်နိုင်၏။ ထိုသဘာဝကို အကောင်အထည်ဖော်နိုင်မည့်လုပ်နည်းစနစ်မှာ မဟာဘူတဓာတ်ကြီးလေးပါးပင် ဖြစ်၏။ ထိုမဟာဘူတသည် သဘာဝကို ကိုယ်စားပြုနိုင်၏။ အမတဖြစ်ခြင်းနှင့်အတူ တန်ခိုး၊ သိဒ္ဓိ၊ မဟိဒ္ဓိတို့နှင့် ချာန်၊ အဘိညာဉ်များပါ တွဲဖက်၍ပါလာမည်သာ ဖြစ်၏။ ဤသည်ပင်လျှင် ဝိဇ္ဇာဓရလမ်းစဉ်ကျင့်သုံးရခြင်း၏ ပဌမအကြောင်းအရင်း ဖြစ်၏။

**❑ ဝိဇ္ဇာဓရလမ်းစဉ်နှင့် တန်ခိုးသိဒ္ဓိ၊ မဟိဒ္ဓိများ**

ဝိဇ္ဇာဓရပုဂ္ဂိုလ်နှင့် တန်ခိုးသိဒ္ဓိတို့သည် အတူတကွဖြစ်ပေါ်ရ၏။ ဝိဇ္ဇာဓိုရ်တို့သည် တန်ခိုးသိဒ္ဓိကိုရရှိအောင်အားထုတ်ရခြင်း၏အကြောင်းမှာ လောကတ္ထစရိယာခေါ် လောက၏အကျိုးကိုဆောင်ရွက်လိုသောကြောင့် လည်းကောင်း၊ ကယ်တင်ထိုက်သောသတ္တဝါအပေါင်းကို ကယ်တင်လိုသောကြောင့် လည်းကောင်း၊ အမျိုးဘာသာသာသနာအကျိုးကို ကာကွယ်စောင့်ရှောက်လိုသောကြောင့် လည်းကောင်း၊ ပါရမီများရင့်သည်ထက်ရင့်အောင်၊မြင့်သည်ထက်မြင့်အောင် ဖြည့်ကျင့်လိုသောကြောင့် လည်းကောင်း၊ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးအတွက် အထောက်အပံ့ဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဖန်ဆင်းနိုင်သောတန်ခိုးဣဒ္ဓိ (၁၀) မျိုးရှိပါသည်။

ၾကင်းတို့မှာ -

၁။ အဓိဋ္ဌာန်တန်ခိုးဖြစ်သော အဓိဋ္ဌာနိဒ္ဓိ။

၂။ ရုပ်ပြောင်းရုပ်လွှဲဖန်ဆင်းခြင်းဆိုင်ရာဝိကုဗ္ဗနိဒ္ဓိ။

၃။ စိတ်ဖြင့်ကိုယ်ပွားဖန်ဆင်းခြင်းဆိုင်ရာမနောမယိဒ္ဓိ။

၄။ ဉာဏ်ပျံ့နှံ့ခြင်းဆိုင်ရာ ဉာဏဝိပ္ဖာရိဒ္ဓိ။

၅။ သမာဓိပျံ့နှံ့ခြင်းဆိုင်ရာ သမာဓိဝိပ္ဖာရိဒ္ဓိ။

၆။ အရိယာတို့၏ ပြီးမြောက်မှုဆိုင်ရာ အရိယိဒ္ဓိ။

၇။ ကံအကျိုးကြောင့်ဖြစ်သော ကမ္မဝိပါကဇိဒ္ဓိ။

၈။ ဘုန်းတန်ခိုးနှင့်ဆိုင်သော ပုညဝတောဣဒ္ဓိ။

၉။ ဝိဇ္ဇာတို့၏ ပြီးမြောက်ခြင်းဆိုင်ရာ ဝိဇ္ဇာမယိဒ္ဓိ။

၁၀။ မှန်သော အားထုတ်မှုဆိုင်ရာ သမ္မာပယောဂပစ္စယိဒ္ဓိတို့ ဖြစ်၏။

အဆိုပါတန်ခိုးဣဒ္ဓိတို့သည် တိုက်ရိုက်ဖန်ဆင်း၍ မရပေ။ အဘိညာဉ်ရရှိပြီးသော ပုဂ္ဂိုလ်များမှသာ ဖန်ဆင်းနိုင်မည် ဖြစ်၏။ အဆိုပါ အဘိညာဉ်ကို ရရှိရန်အတွက် ပရိကံအဆင့်ပေါင်း (၁၄) ဆင့်ကို ကြိုတင်ပြင်ဆင်ရမည် ဖြစ်၏။ ၎င်းတို့မှာ ကသိုဏ်းချာန် စသည်တို့ကို အကြိမ်ပေါင်း ရာထောင်မက ဝင်စားရမည် ဖြစ်၏။

၁။ ကသိုဏ်းအနုလုံအဖြစ် ပထဝီကသိုဏ်းမှသည် ဩဒါတကသိုဏ်းအထိ ဝင်စားရခြင်း။

၂။ ကသိုဏ်းပဋိလုံအဖြစ် ဩဒါတကသိုဏ်းမှ ပထဝီကသိုဏ်းတိုင်အောင် နောက်ပြန်ဝင်စားခြင်း။

၃။ ကသိုဏ်းအနုလုံ၊ ပဋိလုံအဖြစ် ပထဝီကသိုဏ်းမှ ဩဒါတကသိုဏ်းအထိ လည်းကောင်း၊ ဩဒါတကသိုဏ်း



www.burmeseclassic.com

www.burmeseclassic.com

မှ ပထဝီကသိုဏ်းအထိ လည်းကောင်း အပြန်အလှန်ဝင်စားခြင်း။

၄။ ဈာန်အနုလုံအဖြစ် ရူပပထမဈာန်မှ စတုတ္ထအရူပဈာန်တိုင်အောင် အစဉ်အတိုင်း မြင့်တက်ဝင်စားခြင်း။

၅။ ဈာန်ပဋိလုံအဖြစ် စတုတ္ထအရူပဈာန်မှ ရူပပထမဈာန်အထိ နောက်ပြန်အစဉ်အတိုင်းဝင်စားခြင်း။

၆။ ဈာန်အနုလုံ၊ ပဋိလုံအဖြစ် ရူပပထမဈာန်မှ စတုတ္ထအရူပဈာန်သို့လည်းကောင်း၊ စတုတ္ထအရူပဈာန်မှ ရူပပထမဈာန်သို့ အပြန်အလှန်ဝင်စားရခြင်း။

၇။ ဈာန်ကိုခုန်ကျော်ခြင်းအဖြစ် ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီး ဒုတိယဈာန်ကို ခုန်ကျော်၍ တတိယဈာန်ကို ဝင်စား၏။ ထို့နောက် ပထဝီကသိုဏ်းနိမိတ်ကိုခွာ၍ စတုတ္ထဈာန်ကို ခုန်ကျော်ပြီး ပထမအရူပဈာန်ကို ဝင်စား၏။ ထို့နောက် တတိယဈာန်ကို ဝင်စား၏။ ဤနည်းဖြင့် ကသိုဏ်းကို မူသေထား၍ ဈာန်ကိုတစ်ခုခြားခုန်ကျော်ဝင်စားခြင်း၊ ထို့အတူ အာပေါကသိုဏ်းစသည်တို့ကို ဝင်စားခြင်း။

၈။ ကသိုဏ်းကို ခုန်ကျော်ခြင်းအဖြစ် ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စားပြီး တေဇောကသိုဏ်း၌ ပထမဈာန်ကိုဝင်စားကာ ထို့နောက် နီလကသိုဏ်း၌ ပထမဈာန်ကိုဝင်စားရခြင်း၊ ထို့နောက် လောဟိတကသိုဏ်း၌ ပထမဈာန်ကိုဝင်စားရခြင်း။ ဤနည်းဖြင့် ဈာန်ကို မူသေထားပြီး ကသိုဏ်းကို တစ်ခုခြား ခုန်ကျော်၍ဝင်စားခြင်း။

၉။ ဈာန်နှင့် ကသိုဏ်းတို့ကို ခုန်ကျော်ခြင်းအဖြစ် ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စားပြီး တေဇောကသိုဏ်း၌ တတိယဈာန်ဝင်စား၏။ ထို့နောက် နီလကသိုဏ်းကိုခွာ၍ ပထမအရူပဈာန်ကို ဝင်စား၏။ ထို့နောက် လောဟိတကသိုဏ်းမှ တတိယအရူပဈာန်ကို ဝင်စား၏။ ဤနည်းဖြင့် ဈာန်ရော ကသိုဏ်းပါ ခုန်ကျော်၍ ဝင်စားရခြင်း။

၁၀။ ဈာန်အင်္ဂါပြောင်းရွှေ့ခြင်းအဖြစ် ပထဝီကသိုဏ်း၌ ပထမဈာန်ကို ဝင်စားရာ ဈာန်အင်္ဂါ (၅) ပါး ပါရှိ၏။ ယင်းဈာန်အင်္ဂါများကို တစ်ခုချင်းနှစ်ခုတွဲပယ်နုတ်ခြင်း၊ ထပ်ပေါင်းခြင်းဖြင့် ဈာန်အင်္ဂါပြောင်းရွှေ့ဝင်စားခြင်း။

၁၁။ အာရုံပြောင်းရွှေ့ခြင်းအဖြစ် ပထဝီကသိုဏ်းအာရုံ၌ ပထမဈာန်ဝင်စားနေစဉ် အာပေါကသိုဏ်းအာရုံသို့ ပြောင်းရွှေ့ကူးပြောင်း၍ ပထမဈာန်ကို ပင်ဝင်စားရ၏။ ဤနည်းအားဖြင့် တစ်ခုတည်းသောဈာန်ဖြင့် ကသိုဏ်းအာရုံ ပြောင်း၍ ဝင်စားရခြင်း။

၁၂။ ဈာန်အင်္ဂါနှင့် အာရုံတို့ကို ပြောင်းရွှေ့ခြင်းအဖြစ် ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီး အာပေါကသိုဏ်း၌ ဒုတိယဈာန်ကို၊ တေဇောကသိုဏ်း၌ တတိယဈာန်ကို၊ ဝါယောကသိုဏ်း၌ စတုတ္ထဈာန်ကို၊ နီလကသိုဏ်းကိုခွာ၍ ပထမအရူပဈာန်ကိုဝင်စား၏။ ဤနည်းဖြင့် ကသိုဏ်းနှင့် ဈာန်အင်္ဂါကို တစ်ခုကျော်ဝင်စားခြင်းဖြင့် ဈာန်အင်္ဂါနှင့် ကသိုဏ်းအာရုံကို ပြောင်းရွှေ့ဝင်စားရခြင်း။

၁၃။ ဈာန်အင်္ဂါကို မှတ်ခြင်းအဖြစ် ဈာန်ဝင်စားပြီးတိုင်းပြီးတိုင်း ထိုဈာန်များကို အာရုံပြု၍ ပထမဈာန်အင်္ဂါ (၅) ပါး၊ ဒုတိယဈာန်အင်္ဂါ (၃) ပါး၊ တတိယဈာန်အင်္ဂါ (၂) ပါး၊ စတုတ္ထဈာန်နှင့် ပထမအရူပဈာန်တို့၌ အင်္ဂါနှစ်ပါးစီရှိကြ၏။ ဈာန်အင်္ဂါများကို အကြိမ်ရာထောင်မှတ်သားရခြင်း။

၁၄။ အာရုံကို မှတ်ခြင်းအဖြစ် ဤကား ပထဝီကသိုဏ်းတည်း၊ ဤကား အာပေါကသိုဏ်းတည်း စသည်ဖြင့် ကသိုဏ်းအာရုံကို အကြိမ်ရာထောင် တိတိကျကျ ခွဲခြားမှတ်သားရခြင်းတို့ ဖြစ်၏။

ထိုပရိကံတို့ဖြင့်စိတ်ကိုပြုပြင်စီရင်ခြင်းပြုမထားလျှင် တန်ခိုးဖန်ဆင်း၍ မဖြစ်နိုင်ပေ။ ထို့ကြောင့် တန်ခိုးဖန်ဆင်းခြင်းအမှုကိုပြုလိုသည့်ပုဂ္ဂိုလ်သည် ဦးစွာ ပရိကံ(၁၄)မျိုးရရှိပြီးနောက် အဘိညာဉ်ဝီထိကျအောင် အားထုတ်ရ၏။ ထိုကို အဘိညာပါဒက ဈာနဝီထိဟု ခေါ်၏။ ထိုအဘိညာဉ်ဝီထိကျပြီးမှ တန်ခိုးဣဒ္ဓိများဖန်ဆင်း၍ရပြီဖြစ်၏။ ထိုအဘိညာဉ်သည် (၅) ပါးရှိ၏။

၎င်းတို့မှာ -

၁။ မြေလျှိုးမိုးပျံရုပ်သွင်အမျိုးမျိုးဖန်ဆင်းနိုင်သောဣဒ္ဓိဝိဓအဘိညာဉ်။
၂။ အသံဟူသမျှအလုံးစုံကိုကြားနိုင်သော ဒိဗ္ဗသောတအဘိညာဉ်။
၃။ သူတစ်ပါး၏စိတ်ကိုသိနိုင်သော စေတောပရိယအဘိညာဉ်ခေါ် ပရစိတ္တဝိဇာနနအဘိညာဉ်။
၄။ ရှေးရှေးဖြစ်ခဲ့ပြီးသော ဘဝများကို သိနိုင်သောပုဗ္ဗေနိဝါသအဘိညာဉ်။
၅။ အနီး၊ အဝေး၊ အကြီး၊ အသေး အဆင်းအားလုံးကို မြင်နိုင်သော၊ ပဋိသန္ဓေနေဆဲ၊ သေဆုံးဆဲသတ္တဝါတို့ကို သိမြင်နိုင်သော ဒိဗ္ဗစက္ခုအဘိညာဉ်တို့ ဖြစ်၏။

အထက်ပါအဘိညာဉ်များရသောအခါ တန်ခိုးအမျိုးမျိုးဖန်ဆင်းနိုင်တော့၏။ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ဖန်ဆင်းနိုင်သော တန်ခိုးများမှာ -

(က) အနည်းကို အများဖြစ်အောင် ဖန်ဆင်းနိုင်ခြင်း။
(ခ) အများကို အနည်းဖြစ်အောင် ဖန်ဆင်းနိုင်ခြင်း။
(ဂ) ဖုံးကွယ်ဝေးခြားသည်ကို ထင်ရှားနီးနားအောင် ဖန်ဆင်းနိုင်ခြင်း။
(ဃ) ထင်ရှားနီးနားကို ဖုံးကွယ်ဝေးခြားအောင် ဖန်ဆင်းနိုင်ခြင်း။
(င) အကာအကွယ် အတားအဆီးမရှိ သွား၍ရအောင် ဖန်ဆင်းနိုင်ခြင်း
(စ) မြေလျှိုး၍ရအောင် ဖန်ဆင်းနိုင်ခြင်း။
(ဆ) မိုးပျံ၍ရအောင်ဖန်ဆင်းနိုင်ခြင်း။
(ဇ) ရေပေါ် သွား၍ရအောင် ဖန်ဆင်းနိုင်ခြင်း။
(ဈ) လ၊ နေတို့ကို ကိုင်တွယ်သုံးသပ်နိုင်ခြင်းတို့ ဖြစ်၏။

စသည် အဘိညာဉ်အမျိုးမျိုးတို့ဖြင့် တန်ခိုးအမျိုးမျိုးတို့ကို ဖန်ဆင်းနိုင်၏။ တန်ခိုးသည် မရင့်ကျက်သူတို့အဖို့ ကြီးစွာသောအန္တရာယ်ကိုဖြစ်စေနိုင်သကဲ့သို့ ကောင်းစွာ ပြုပြင် စီရင်ပြီးသော ရင့်ကျက်သည့် ပုဂ္ဂိုလ်များအတွက် အားကြီးသော လက်နက်ကောင်း၊ အကာအကွယ်ကောင်း၊ အထောက်အပံ့ကောင်း သဖွယ်ဖြစ်ပါသည်။

တန်ခိုးသိဒ္ဓိကြောင့် အကြင်ပုဂ္ဂိုလ်သည် အနာရောဂါကင်းလိုပါက ကင်းနိုင်၏။ အသက်ရှည်ရှည်နေလိုပါက နေချင်သလောက်နေနိုင်၏။ အသက်မသေလိုပါက မသေဘဲနေနိုင်၏။ နေထိုင်စားသောက်ရေးတို့အတွက်လည်း မပူမပင်ရပေ။ သွားလိုသည့်နေရာသို့ ခဏအတွင်း သွားနိုင်၏။ ပြန်လိုသည့်အခါတွင်လည်း ချက်ချင်းပြန်ရောက်နိုင်၏။ ခရီးအနီးအဝေးအခက်အခဲအတားအဆီးတို့သည် ပြဿနာမရှိပေ။ မိမိအား သူတစ်ပါးက မကောင်းကြံ၍မရပေ။ ရန်သူတို့ကလည်း နှိပ်စက်ညှဉ်းပန်း၍မရပေ။ လောကရှိ အလိုရှိသမျှ အရာအားလုံးကို သူတစ်ပါး အကူအညီမပါဘဲ ကောင်းစွာရပ်တည်နိုင်၏။ ထိုကိစ္စများသည် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မိမိတစ်ဦးတည်းနှင့်သာ သက်ဆိုင်သောကိစ္စများတွင် တန်ခိုးဣဒ္ဓိသိဒ္ဓိတို့သည် အသုံးဝင်ရုံမျှမက အခြားတစ်ပါးသော အများနှင့်ဆိုင်သော ကိစ္စများဖြစ်သည့် ကျွတ်သင့်ကျွတ်ထိုက်

www.burmeseclassic.com

သောပုဂ္ဂိုလ်များအတွက် အယူဝါဒဆိုင်ရာမိစ္ဆာမှ သမ္မာဖြစ်စေခြင်း၊ ချေချွတ်နိုင်ခြင်း၊ သာသနာအပေါ် ယုံကြည်သက်ဝင်မှုတိုးပွားအားကောင်းစေခြင်း၊ သတ္တဝါတို့၏အသက်အိုးအိမ်စည်းစိမ်ချမ်းသာတို့ကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ သတ္တဝါတို့အပေါ် ကျရောက်မည့် ဘေးအန္တရာယ်အမျိုးမျိုးတို့ကိုကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်လျှင် ဘာသာခြားတို့မှ ကျရောက်လာနိုင်သည့် မိစ္ဆာဝါဒဘေး၊ သာသနာအား ဤမြေပေါ်မှအပြုတ်ရှင်းမည့်ဘေး၊ သာသနာတော်၏ ရုပ်ဒြပ်ပိုင်းဆိုင်ရာတည်နေရသော လူပုဂ္ဂိုလ်များအား ပုဂ္ဂိုလ်ရေး၊ လူမျိုးရေးဖြင့် ဝါးမျိုပြီးပထမ လူမျိုးပျောက်၊ နောက် ဘာသာ သာသနာပါပျောက်ရမည့်ဘေးတို့အား တန်ခိုးဣဒ္ဓိသိဒ္ဓိများဖြင့် ကောင်းစွာကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်သည့်အပြင် လက်ရှိ သာသနာတော်၏ အခြေအနေကို ပို၍စည်ပင်ပြန့်ပွားအောင် ရှက်ဆောင်မှုပြုနိုင်မည် ဖြစ်၏။

အထက်ဖော်ပြပါ မိစ္ဆာဝါဒဘေး၊ သာသနာတော့်အမြစ်ပြုတ်မည့်ဘေးတို့နှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြလိုပါသည်။ မြန်မာနိုင်ငံ၏ အနောက်ဘက်တွင် နိုင်ငံနှင့် လူဦးရေမမျှတသဖြင့် လူနေစရာမရှိအောင်ပင် ဖြစ်ပေါ်နေသော လူဦးရေပေါက်ကွဲနေသည့်ဘာသာခြားနိုင်ငံရှိနေပါသည်။ မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်၊ မြောက်ဘက်၊ အရှေ့မြောက်ဘက်တို့တွင်လည်း ကမ္ဘာ့လူဦးရေအများဆုံးသော အချို့ဘာသာခြားသည့်၊ အချို့ လူမျိုးခြားသည့်၊ အချို့ ဘာသာရောလူမျိုးပါခြားသည့်နိုင်ငံများ တည်ရှိနေပါသည်။ ထိုနိုင်ငံများနှင့်တကွ ဘာသာခြား၊ လူမျိုးခြားအားလုံးတို့သည် မြန်မာနိုင်ငံအား ဘာသာရေးအရ လည်းကောင်း၊ လူမျိုးရေးအရ လည်းကောင်း ဝါးမျိုပစ်ရန် အချိန်နာရီစက္ကန့်မလပ် အားထုတ်နေကြပါသည်။ မြန်မာနိုင်ငံအတွက် ပုံမှန်ကာကွယ်ရေး၊ စောင့်ရှောက်ရေးတာဝန်ယူထားကြသည့်လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လက်နက်ကိုင်များရှိကြပါသည်။ သို့သော် ထိုသူများသည် သာမန်လူသားများသာဖြစ်သဖြင့် ပုံမှန်လူသားစွမ်းဆောင်ရည်၏ အမြင့်ဆုံးထိသာ စွမ်းဆောင်နိုင်ပါလိမ့်မည်။ တန်ခိုးဣဒ္ဓိသိဒ္ဓိပြည့်စုံစွာရှိသော လူသားများကား ထိုထက်များစွာ လွန်ကဲသော စွမ်းဆောင်ရည်များကိုပေးနိုင်မည်ကို သံသယရှိမည်မဟုတ်ချေ။ ထိုပုဂ္ဂိုလ်တို့၏စွမ်းဆောင်ရည်ကား လက်ရှိပြဿနာကို လက်ငင်းဖြေရှင်းဆောင်ရွက်မှုပြုနိုင်ရုံမျှမက နောင်နှစ်ပေါင်းများစွာ ကြိုဖြစ်လာနိုင်သည့် ပြဿနာများကိုလည်း ကြိုသိနိုင်သဖြင့် ဖြေရှင်းမှုပေါင်းများစွာကို ပြုလုပ်နိုင်မည်သာ ဖြစ်၏။ ထိုကဲ့သို့တာဝန်မျိုးကို အဆိုပါပုဂ္ဂိုလ်တို့သည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကတည်းကပင် လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်၏။ သူတို့၏လက်ရာကိုကား ထင်ရှားမြင်သာစွာတွေ့မြင်သိရှိနိုင်ရန် လွယ်ကူမည်တော့မဟုတ်ပေ။ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော်တို့ နှစ်ပေါင်းထောင်ချီ၍ ဤပတ်ဝန်းကျင်၊ ဤမြေ၊ ဤရေ၊ ဤဒေသတွင် ခိုင်ခိုင်မာမာ တည်တံ့နိုင်ခဲ့သည်မှာ ထိုပုဂ္ဂိုလ်တို့၏ ကျေးဇူးနှင့် မည်သို့မျှကင်းနိုင်ခဲ့မည်မဟုတ်ကြောင်း သံသယမရှိအပ်ပေ။

ဤကား တန်ခိုးဣဒ္ဓိနှင့်ပတ်သက်သော အကျိုးပြုသည့် အချက်တစ်ရပ်ကိုသာ နမူနာတင်ပြခြင်း ဖြစ်ပါသည်။ တစ်ဖန် သာသနာပြုရာတွင်လည်း သာမန်ပုဂ္ဂိုလ် သာသနာပြုခြင်းထက် တန်ခိုးဣဒ္ဓိသိဒ္ဓိရှင်ပုဂ္ဂိုလ်တို့၏သာသနာပြုမှုက မည်မျှသောအတိုင်းအတာပမာဏထိ ကျယ်ပြန့်သွားနိုင်သည်ကို မှန်းဆကြည့်ရုံဖြင့်သိနိုင်ပါသည်။ ဤသည်တို့ကား ဝိဇ္ဇာဓရလမ်းစဉ်လိုက်စားကျင့်သုံးရခြင်းနှင့်ပတ်သက်၍ အရေးပါသော အချက်အချို့ကို ကောက်နုတ် ဖော်ပြရခြင်း ဖြစ်ပါသည်။ ဤတွင် တန်ခိုးဣဒ္ဓိနှင့်ပတ်သက်၍ ဦးစားပေးဖော်ပြသဖြင့် ဝေဖန်ထောက်ပြမှုများရှိလာနိုင်ပါသည်။ ထိုသူများက တန်ခိုးကိုသုံးပြီး သာသနာပြုပါက တန်ခိုးသိဒ္ဓိမရှိဘဲ လုပ်ဆောင်သည့်ပုဂ္ဂိုလ်များအဖို့ များစွာအခက်အခဲရှိနိုင်ကြောင်း၊ ဗုဒ္ဓသာသနာတော်ကို ဂန္ဓာရီပညာများဖြင့် အရောရောအထွေးထွေး အထင်အမြင် လွဲမှားနိုင်ကြောင်း။ ထို့အပြင် ဗုဒ္ဓမြတ်စွာဘုရားက တန်ခိုးမပြရန်သိက္ခာပုဒ်ပညတ်ထားတော်မူခြင်းတို့ကို ထောက်ပြဝေဖန်ကြပါသည်။

ဤအကြောင်းခြင်းရာအပေါင်းတို့၏ရင်းမြစ်မှာ ဗုဒ္ဓဘုရားရှင်လက်ထက် ရာဇဂြိုဟ်သူဌေးကြီး၏ စန္ဒကူးသပိတ်ကို အတောင် (၆၀) အမြင့်တွင်တင်ပြီး ထိုသပိတ်ကိုယူနိုင်သည့်ပုဂ္ဂိုလ်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သည့် သူဌေးကြီးက သားမယားနှင့်တကွကိုးကွယ်မည်ဟုကြေညာသဖြင့် (၇) ရက်သာကြာသွားသည်။ ပူရာဏကဿပ စသော တိတ္ထိဆရာကြီး (၆) ဦး ဦးဆောင်ကြသည့်အဖွဲ့တို့ကလည်း မယူနိုင်ကြပေ။

ထိုအချိန် အရက်မူးသမားနှစ်ဦးက -

"ဤလောက၌ မိမိကိုယ်ကို ရဟန္တာဟု ဖန်ခံပြောဆိုနေကြသူများရှိသော်လည်း ယခုအခါ ရဟန္တာမရှိကြောင်း ကောင်းကောင်းသိရပြီ။ ရာဇဂြိုဟ်သူဌေး၏စန္ဒကူးသပိတ်ကို (၇) ရက်မြောက်တိုင်အောင်ယူနိုင်သော ရဟန္တာမရှိ"

ဟု ထိပါးပုတ်ခတ်ပြောဆိုနေသံကို အနီးရှိ ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံဝင်ရန်ပြင်ဆင်နေသော အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့ကြားတော်မူကြသဖြင့် ရှင်မဟာမောဂ္ဂလာန်က -

"ငါ့ရှင်ကြားရဲ့လား။ ဤအရက်မူးသမားတို့သည် ဘုရားရှင်၏သာသနာတော်ကိုပါ ထိပါးပုတ်ခတ်ပြောဆိုကြပြီ။ ငါ့ရှင်လည်း တန်ခိုးရှင်ပင်ဖြစ်သည်။ ထိုစန္ဒကူးသပိတ်ကို ကောင်းကင်ခရီးဖြင့်သွား၍ယူဆောင်ပါလေ"

ဟု တိုက်တွန်းတော်မူ၏။

ထို့ကြောင့် အရှင်ပိဏ္ဍောလဘာရဒွါဇလည်း အဘိညာဉ်၏ အခြေခံဖြစ်သောစတုတ္ထဈာန်ကိုဝင်စားပြီး ထိုဈာန်မှထ၍ အဘိညာဉ်တန်ခိုးဖြင့် မိမိတို့သက်န်းဝတ်ရုံသည့်နေရာမှ သုံးဂါဝုတ်ပမာဏရှိကျောက်ဖျာကြီးကို ကောင်းကင်သို့တက်စေပြီး ရာဇဂြိုဟ်မြို့ပေါ်(၇)ကြိမ်၊ (၇) ပတ်လှည့်လည်စေ၏။ ထိုအခါ ရာဇဂြိုဟ်တစ်မြို့လုံး ကြောက်ရွံ့ထိတ်လန့်ကြ၏။

"အရှင်ဘုရား၊ ကျောက်ဖျာကြီးကို မြဲမြဲကိုင်ထားတော်မူပါ။ လူအားလုံးကို မပျက်ပြုန်းပါစေလင့်"

ဟု အော်ဟစ် လျှောက်ထားကြ၏။

ထိုအခါ အရှင်မြတ်သည် ကျောက်ဖျာကြီးကို ခြေစွန်းဖြင့်တွန်းကန်၍မူလနေရာသို့ပစ်ချလိုက်၏။

ထို့နောက် ရာဇဂြိုဟ်သူဌေးကြီးလည်း အရှင်မြတ်အားဦးချ၍ -

"သက်ဆင်းတော်မူပါ အရှင်မြတ်ဘုရား"

ဟု လျှောက်ထားပြီး အရှင်မြတ်လည်း သက်ဆင်းတော်မူသောအခါ အရှင်မြတ်အား အိမ်ထဲသို့ပင့်ဆောင်ကာ ထိုင်နေစေပြီး စန္ဒကူးသပိတ်ကိုချကာ စတုမဓုအပြည့်ထည့်ပြီး အရှင်မြတ်အား ဆက်ကပ်လှူဒါန်းလေ၏။

ထိုကိစ္စသည် ရာဇဂြိုဟ်တစ်မြို့

www.burmeseclassic.com

လုံးရော ရဟန်းလောကတစ်ခုလုံး ပါ အုန်းအုန်းကျွက်ကျွက်ဖြစ်သွားသဖြင့် ဘုရားရှင်သိတော်မူပြီး အရှင်ပိလိန္ဒဝစ္ဆကို ခေါ်ယူမေးမြန်းတော်မူရာ ဟုတ်မှန်ကြောင်း လျှောက်ထားလေ၏။

တိုအခါ ဘုရားရှင်က -

"ရဟန်းတို့တန်ခိုးပြာဋိဟာကိုမပြအပ်။ တန်ခိုးပြသောရဟန်းအား ဒုက္ကဋ်အာပတ်သင့်စေ"

ဟု သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်၏။

ဤနေရာ၌ ဗုဒ္ဓရှင်တော်ဘုရားအနေဖြင့် တန်ခိုးပြခြင်းကို ဤသိက္ခာပုဒ်ပညတ်လိုက်ခြင်းမှာ တန်ခိုးရှင်ရဟန်းတော်များအား တန်ခိုးပြခြင်းနှင့်ပတ်သက်၍ လုံးဝမပြသစေလိုတော်မူ၍ မဟုတ်မူဘဲ အထိန်းအကွပ်ရှိစေလို၍သာ ပညတ်သည့်သဘောကိုဆောင်ကြောင်း ထင်ရှားပါသည်။

အကယ်၍ ရဟန်းတော်များ တန်ခိုးပြ၍ သာသနာတော်အတွက် များစွာထိခိုက်မည်ဆိုလျှင် ဒုက္ကဋ်အာပတ်သိက္ခာပုဒ်မျှလောက်ဖြင့်သာ ပညတ်မည်မဟုတ်ပေ။ ပါရာဇိကတ်ကဲ့သို့သော သာသနာမှရွေ့လျောသည့်အဆင့်သိက္ခာပုဒ်မျိုး ပညတ်တော်မူပါလိမ့်မည် သို့တည်းမဟုတ် ထိုထက်လျော့သည့် သံဃာဒိသိသ်သိက္ခာပုဒ်ထဲသို့ ထည့်သွင်းပညတ်တော်မူပါလိမ့်မည်။ ယခုကား အာပတ်ဖြေလျှင် ပြေပျောက်သည့်အာပတ်မျိုးသာ ပညတ်တော်မူထားသည်ကို သတိပြုရပါမည်။

ဤတွင် အရှင်ပိလိန္ဒဝစ္ဆ၏ တန်ခိုးပြခြင်းကိုလည်း ကြည့်ရှုထောက်ဆနိုင်ပါသည်။ သံးဂါဝုတ်ပမာဏမျှကြီးမားသောကျောက်ဖျာကြီးဖြင့် ရာဇဂြိုဟ်မြို့ပေါ်ဝဲပြခြင်းသည် အများပြည်သူအဖို့ အလွန်ပင် ထိတ်လန့်ဖွယ်၊ ကြောက်ရွံ့တုန်လှုပ်ဖွယ်ပင်ဖြစ်ပါသည်။ ဤအခြင်းအရာကား ပုံမှန်အဆင့်ထက်များစွာ ကျော်လွန်သွားသည့်သဘောဆောင်စေပါသည်။ ထို့ကြောင့်လည်း ဗုဒ္ဓမြတ်စွာဘုရားရှင်က အထိန်းအကွပ်ရှိစေရန် ဒုက္ကဋ်အဆင့်မျှသာရှိသော သိက္ခာပုဒ်ကို မလွဲသာ၍ပြုတော်မူရခြင်းကိုလည်း ထင်ရှားသိသာနိုင်ပါသည်။

တကယ်တမ်းဆိုရပါမူ သာသနာတော်အတွက် တန်ခိုးဣဒ္ဓိသည် မရှိမဖြစ်လိုအပ်၏။ အဘယ်ကြောင့်ဆိုသော် ဘုရားရှင်က 'တန်ခိုးပြာဋိဟာကို မပြအပ်' ဟု သိက္ခာပုဒ်ပညတ်ပြီးနောက် ထိုကို တိတ္ထိတို့က အခွင့်ကောင်းယူလာသဖြင့် ဘုရားရှင်ကိုယ်တော်တိုင်ပင် တန်ခိုးပြာဋိဟာပြရသည့်အကြောင်းခြင်းရာများ ပေါ်ပေါက်ခဲ့ပါသည်။ အချို့သော အခြေအနေတို့တွင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင်ကပင် တန်ခိုးပြခြင်းကို တိုက်တွန်းတော်မူခဲ့သည့်အကြောင်းခြင်းရာများလည်းရှိခဲ့ပါသည်။ သာဓကအားဖြင့် ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် အလုပ်အကျွေးဖြစ်သော ရှင်သာဂတအား -

"ချစ်သားသာဂတ၊ သို့ဖြစ်လျှင် အတိုင်းထက်အလွန် တန်ခိုးပြာဋိဟာကို ပြဦးလော့"

ဟု တိုက်တွန်းတော်မူခဲ့သည်ကိုလည်း ထောက်ရှုသင့်ပါသည်။

ဘုရားရှင်၏ တန်ခိုးဣဒ္ဓိပါဒ်နှင့်ပတ်သက်သည့် ဆန္ဒတော်အမှန်မှာ မိမိ၌ တန်ခိုးရှိသည်ကိုပင် လူသိခံတော်မမူစေလိုပေ။ အကျိုးမများစေနိုင်သော တန်ခိုးပြခြင်းမျိုးကို လည်းကောင်း၊ အံ့သြဖွယ်ဖြစ်အောင် ကြံဆောင်၍ ဣဒ္ဓိပါဋိဟာရိယ၊ အာဒေသနာပါဋိဟာရိယတို့ဖြင့် တန်ခိုးပြခြင်းမျိုးကို လည်းကောင်း၊ တစ်ပါးသူက တောင်းပန်၍ တန်ခိုးပြခြင်းမျိုးကို လည်းကောင်း နှစ်သက်တော်မမူပေ။သို့ရာတွင် ကျွတ်သင့်ကျွတ်ထိုက်သည့် ဝေနေယျဗွာသယတို့၏အလိုဆန္ဒအားလျော်သော တန်ခိုးပြခြင်းမျိုးကိုကား ဘုရားရှင်ကိုယ်တော်တိုင်ပင် လိုလားတော်မူသဖြင့် တိုက်တွန်းတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာတော်တွင် တန်ခိုးနှင့် ပညာသည် ဘယ်လက်ရုံးနှင့် ညာဘက်ရုံးသဖွယ် အမိကပင်မပဓာနဖြစ်ခဲ့ပါသည်။ ထိုကို လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလ္လာန်နှင့် လက်ယာတော်ရံ ရှင်မဟာသာရိပုတ္တရာတို့က ကိုယ်စားပြုတော်မူထားသဖြင့် တန်ခိုးသည်လည်း မည်မျှအရေးပါကြောင်း သိနိုင်မည် ဖြစ်ပါသည်။

သို့ပါသောကြောင့် ဤတန်ခိုးကိစ္စနှင့်ပတ်သက်ပြီး ရဟန်းတော်များသည် တန်ခိုးရှိသော်လည်း ပညတ်သိက္ခာပုဒ်ကြောင့် တန်ခိုးပြ၍မရခြင်းသည် ရဟန်းတော်များနှင့်သာ သက်ဆိုင်ပါသည်။ လူပုဂ္ဂိုလ်များအတွက်ကားကင်းလွတ်ပါသည်။ ထို့အတွက် အမျိုး၊ ဘာသာ၊ သာသနာစိတ်ဓာတ်ရှိသူ လူပုဂ္ဂိုလ်များသည် တန်ခိုးဣဒ္ဓိအတွက် ပို၍ကြိုးစားအားထုတ်သင့်သည်။ ရဟန်းတော်များကဲ့သို့ သိက္ခာပုဒ်ပညတ်ခံထားရခြင်းမရှိသဖြင့် ပို၍လွတ်လွတ်လပ်လပ် လုပ်ဆောင်နိုင်ခွင့်ရှိပါသည်။ ရဟန်းတော်များအဖို့ကား နေရာတကာ ဝိနည်းသိက္ခာပုဒ်များကရှိနေသဖြင့် အတော်ပင် သတိကြီးကြီးထားရသည့်သဘောရှိပါသည်။ လူပုဂ္ဂိုလ်များအဖို့ကား ခက်ခဲကျပ်တည်းသော အမျိုး၊ ဘာသာ၊ သာသနာအခြေအနေများနှင့်ပတ်သက်ပြီး မလွဲသာမရှောင်သာဘဲ လက်လွန်ခြေလွန်အခြေအနေမျိုးရှိသွားခဲ့လျှင်ပင် ဖြေဆေးရှိပါသေး၏။ ရဟန်းတော်များအဖို့ကား ပါရာဇိကတ်(၄)ပါးနှင့် ပတ်သက်ခဲ့လျှင် ဖြေဆေးမရှိပေ။

ထို့အပြင် နောက်ထပ် စဉ်းစားရမည့်အချက်မှာ ဝိပဿနာယာနိကသည် ဤတစ်ဘဝတည်းနှင့်လွတ်မြောက်ခြင်းဆိုင်ရာ ဝိမုတ္တိရသကိုရရှိလျှင်ကား အရတော်လှပါသည်။ ဤဘဝ၊ ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့်မဖြစ်ခဲ့လျှင်ကား ဂတိမြဲရန်အတွက် လည်းကောင်း၊ နောက်ဘဝအရတော်ရေးအတွက် လည်းကောင်း အတော်ပင် ကြိုးစားရပါမည်။ ဤလမ်းစဉ်သည် အပျက်ကိုသော် လည်းကောင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသည့် လက္ခဏာရေးသုံးပါးကိုသော် လည်းကောင်း ပဓာနပြုရသည့်သဘာဝရှိသောကြောင့်ပင်ဖြစ်၏။ ထိုသဘာဝအရပင် လောကရှိ မည်မျှကောင်းမြတ်သည့်အရာဖြစ်ပါစေ တန်ဖိုးမဲ့ခြင်း၊ အနှစ်သာရကင်းခြင်း၊ ယိုယွင်းပျက်စီးရခြင်း စသည့်လောကအမြင်များကသာ ဦးစီးထားသောကြောင့် ဖြစ်၏။ ထို့အပြင် ဒါနလုပ်ငန်း၊ သီလလုပ်ငန်းတို့ထက် ဘာဝနာလုပ်ငန်းကိုသာ ဇောင်းပေးထားသဖြင့် တစ်မင်္ဂတစ်ဖိုလ်မျှမ... ခဲ့လျှင်မူ သံသရာခရီးကို ခက်ခဲကြမ်းတမ်းမှုများဖြင့် ဖြတ်သန်းရကောင်းဖြတ်သန်းရနိုင်ပါသည်။ ဘာဝနာအလုပ်သည် အလွန်ပင်ကြီးကျယ်မြင့်မြတ်သော်လည်း ပါရမီဖြည့်လမ်းစဉ်ဆိုင်ရာ သံသရာခရီး အတွက်မူကား ဒါနလုပ်ငန်းနှင့် သီလ လုပ်ငန်းတို့သည် ပဓာနနေရာမှ ပါဝင်... သည်။ ထိုသည်ကိုလည်း လျှော့တွက်၍ မရပေ။ သို့မဟုတ်ပါက ဝိပဿနာယာနိကလမ်းကြောင်းတစ်လျှောက်သည် ဝိမုတ္တိမရမခြင်း စိုပြည်မှုကင်းသည့် အခြောက်လမ်းသက်သက်ဖြစ်သွား... သည်ကိုလည်း သတိပြုရပါမည်။

သမထယာနိကအပေါ် အခြေ... ထားသော ဝိဇ္ဇာရေလမ်းစဉ်က ... ကတည်းက ဤတစ်ဘဝတည်းနှင့် ... ဖြစ်ရေးမဟုတ်ဘဲ သတ္တဝါအပေါ်... ကယ်တင်ရန် ရည်ရွယ်သည့် ...



www.burmeseclassic.com

www.burmeseclassic.com

အလောင်းလမ်းစဉ်ကိုသာ ဦးတည်ထားသဖြင့် ဒါနကိုရော၊ သီလကိုရော၊ ဘာဝနာကိုပါ ညီမျှစွာကျင့်သုံးထား၏။ ဤနေရာ၌ ဘာဝနာကို ညီမျှစွာကျင့်သုံးသည်ဆိုသော်လည်း ဘာဝနာကိုအားထုတ်၍ တိုးတက်မှုအားကောင်းသော်ငြားလည်း အားကောင်းသလောက်လိုက်ပါ၍မရပေ။ မဂ်၊ ဖိုလ်အဆင့်သို့ကူး၍မရပေ။ ဈာန်၊ အဘိညာဉ်အဆင့်ထိသာပြုရ၏။ အကယ်၍ အနည်းဆုံးသောတာပတ္တိမဂ်ကို ယူလိုက်သည်နှင့် တစ်ပြိုင်နက် နောက်ဘဝဖြစ်တည်မှု အလွန်ဆုံး (၇) ဘဝဖြင့် ကန့်သတ်ခံရမည်ကိုစိုးသောကြောင့် ဖြစ်၏။ အဘယ်ကြောင့် စိုးရိမ်ရသနည်းဟူမူ သံသရာလည်မှုဖြစ်စဉ်ကန့်သတ်ခြင်းနှင့်အတူ သမ္မာသမ္ဗောဓိ ရည်မှန်းချက်ကြီးအား တစ်ပြိုင်နက် စွန့်လွှတ်လိုက်ရသောကြောင့်ပင် ဖြစ်၏။ သို့ဖြစ်ပါသောကြောင့် သမထယာနိကလမ်းစဉ်သည် မူလကတည်းက သံသရာအတွက် ကြိုတင်စီစဉ်ထားသဖြင့် အစိုလမ်းဖြစ်ပါသည်။ ဤသို့အားဖြင့် လမ်းစဉ်နှစ်ရပ်၏ သဘောသဘာဝကို သိမြင်နိုင်ပါသည်။

အချုပ်အားဖြင့် ဆိုရပါမူ အထက်ပါအကြောင်းခြင်းရာများကိုဖော်ပြခဲ့ခြင်းအားဖြင့် သမထယာနိကအပေါ် အသားပေး ဖော်ပြလိုခြင်းကြောင့် မဟုတ်ပေ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တနှင့် ဖြစ်ပျက်သဘောတရားတို့ကို လက်မခံသောကြောင့် ဖော်ပြနေခြင်းမျိုးလည်း မဟုတ်ပေ။ အခြေခံအကြောင်းခြင်းရာပေါ်မူတည်၍လည်းကောင်း၊ ပုဂ္ဂိုလ်အကြောင်းခြင်းရာပေါ်မူတည်၍ လည်းကောင်း၊ အခြေအနေအကြောင်းခြင်းရာပေါ်မူတည်၍လည်းကောင်း လိုအပ်ချက်အရ လိုသလို အသုံးပြုနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မဟာသတိပဋ္ဌာနသုတ္တန်သည် လူသားအားလုံးနှင့်သော် လည်းကောင်း၊ လူတန်းစားအားလုံးနှင့်သော် လည်းကောင်း သင့်လျော်အဆင်ပြေ ဘောင်ဝင်စေချင်ပါသည်။ ဗုဒ္ဓရှင်တော်ဘုရား၏ဆန္ဒတော်ကလည်း ဤအတိုင်းပင် ဖြစ်စေချင်သည့်သဘောသက်ရောက်ပါသည်။ ဖြစ်နိုင်လျှင်တော့ လူသားအားလုံးသည် ဤမဟာသတိပဋ္ဌာနသုတ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတရား၊ ဖြစ်ပျက်သဘောတရားများဖြင့် ချဉ်းကပ်အသုံးချပြီး အားလုံး ကျွတ်တမ်းဝင်သွားနိုင်လျှင်ကား အကောင်းဆုံး၊ အမွန်မြတ်ဆုံးဖြစ်သွားနိုင်ပါသည်။

သို့သော် တကယ်တမ်းအားဖြင့်မူ ဤအချက်သည် မဖြစ်နိုင်သော စိတ်ကူးယဉ်သက်သက် ကောက်ချက်သာ ဖြစ်ပါလိမ့်မည်။ ဤသို့သာဖြစ်ပါက တိုင်းနိုင်ငံများလည်း ပျောက်သွားပါလိမ့်မည်။ လူမျိုးများလည်း ပျောက်ကွယ်သွားနိုင်သည့်အခြေအနေဖြစ်သွားရပါလိမ့်မည်။ ထို့အပြင် မဟာသတိပဋ္ဌာနသုတ်ကို သဘာဝသဘောတရားဖြင့် မဟုတ်မူဘဲ အနိစ္စ၊ဒုက္ခ၊အနတ္တသဘောတရား၊ ဖြစ်ပျက်သဘောတရားများဖြင့်သာ ချဉ်းကပ်ဖွင့်ဆိုကျင့်သုံးပါက သမထယာနိကလမ်းစဉ်၊ ဝိဇ္ဇာရေလမ်းစဉ်၊ ဗောဓိသတ္တခေါ် ဘုရားအလောင်းလမ်းစဉ်လိုက်ပါကျင့်သုံးသည့်ပုဂ္ဂိုလ်များနှင့်သာ အံဝင်ခွင်ကျမဖြစ်နိုင်ရုံမျှမက ပရဟိတလမ်းစဉ်လုပ်ကိုင်သူများအတွက်လည်း အဆင်ပြေနိုင်မည်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ပရဟိတလမ်းစဉ်ဟူသည် ဗောဓိသတ္တလမ်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်နေသောကြောင့်ပင်ဖြစ်၏။ အမှန်ကား ထေရဝါဒဗုဒ္ဓဝါဒသည် ဗောဓိသတ္တလမ်းစဉ်ရော ဤတစ်ဘဝတည်းနှင့် မဂ်၊ ဖိုလ်ရောက်နိုင်သည့် သာဝကလမ်းစဉ်နှစ်ရပ်စလုံးကို လက်ခံသည့်ဝါဒဖြစ်ပါသည်။ အကယ်၍ သာဝကလမ်းစဉ်ဆိုင်ရာ ဝိပဿနာလမ်းစဉ်ကိုသာလုပ်မည်ဆိုပါက ဤရုပ်၊ ဤနာမ်၊ ဤခန္ဓာဖြင့် မဂ်ဖိုလ်ဆိုက်ရန်သာဖြစ်အောင် ဦးစားပေးကျင့်သုံးရန်သာဖြစ်ပါသည်။ ပရဟိတလမ်းစဉ်ကို ပယ်ရမည်ဖြစ်ပါသည်။

ထို့အတူ နုနယ်သော ကလေးသူငယ်များ၊ မရင့်ကျက်သေးသူများသည် ဤလမ်းစဉ်အတိုင်း ကျင့်သုံးပါက စိတ်သဘောထား၊ အယူအဆ၊ အတွေးအခေါ်များ များစွာပြောင်းလဲသွားနိုင်ပါသည်။ အကယ်၍ ဖြစ်ပျက်အတွေးအခေါ်သာ လွှမ်းမိုးသွားပါက တိုးတက်လိုစိတ်၊ ကြီးပွားလိုစိတ်များ လျော့နည်းသွားနိုင်ပါသည်။ ပြိုင်ဆိုင်လိုစိတ်များပါ အားနည်းသွားမည်ဖြစ်။ ဤကဲ့သို့ ဖြစ်ပွားမှုအားကြီးလာပါက နိုင်ငံနှင့်လူမျိုး၏ အနာဂတ်အလားအလာအားနည်းသွားနိုင်၏။ အမျိုး၊ ဘာသာ စိတ်ဓာတ်အားနည်းသွားနိုင်၏။ ပညာအား၊ မနအားလည်းနည်းသွားနိုင်၏။ လူမျိုးတစ်ရပ်လုံးပါ နောက်ကျသွားနိုင်၏။

ထို့အပြင် ထိုကဲ့သို့ ကလေးကိစ္စများတွင်သာမက လူကြီးများတွင်လည်း အမှန်တကယ် သံဝေဂဉာဏ်မျိုးမဟုတ်ဘဲ သံဝေဂဉာဏ်အတုကို အစစ်ကဲ့သို့ ထင်ယောင်ထင်မှားဖြင့် တကယ်ထင်ခြင်းမျိုးလည်းရှိသွားနိုင်သည်။ အမှန်တကယ်ကား မိမိထံတွင် လိုချင်မှု၊ ဖြစ်ချင်မှု အမြောက်အမြားကို မစွန့်နိုင်ဘဲ စွန့်နိုင်သယောင် ထင်မှတ်စေနိုင်၏။ ထိုမှမက စစ်မှန်သော သံဝေဂဉာဏ်ဟူသည့် ထိတ်လန့်ကြောက်ရွံ့မှုကို အသေအချာလက်ခံသည့်စိတ်မှလာရ၏။

သံဝေဂနှင့်ပတ်သက်ပြီး ဖွင့်ဆိုထားချက်မှာ -

'သံဝေဂေါတိ ဩတ္တပ္ပဉာဏံ'

ဟူ၍ ဖြစ်၏။

အဓိပ္ပာယ်မှာ သံဝေဂဟူ သည် ဩတ္တပ္ပ တည်းဟူသော အကြောက်တရားနှင့်ယှဉ်၍ ဖြစ်ပေါ်သည့်ဉာဏ်ဟုဆိုလိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါအကြောက်တရားသည် သံသရာဘေးကို ထိတ်လန့်မှုအမှန်တကယ်ဖြစ်ပေါ်လာမှသာ သံဝေဂဉာဏ်အစစ်ဖြစ်နိုင်မည်ဖြစ်၏။ ထိုသံဝေဂဉာဏ်အစစ်ဖြစ်မှသာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရန် နီးစပ်နိုင်ပါမည်။ သို့မဟုတ်ပါက အချိန်သာကုန်မည် တိုးတက်မှုကို မျှော်လင့်၍ ရနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် လောကုတ္တရာအရေးလည်းမအောင်မြင်၊ လောကီရေးလည်းဆုံးရှုံးရသော မိအေးနှစ်ခါနာရမည့်ကိန်းဆိုက်နိုင်ပါသည်။

သို့ပါ၍ မဟာသတိပဋ္ဌာနသုတ်ကို ဗုဒ္ဓဘုရားရှင်၏ ပါဠိတော်အရှိအတိုင်းသာ ဖွင့်ဆိုစေချင်ပါသည်။ သို့မှသာ ဝိမုတ္တိအလိုရှိသူက 'သမ္ပဇာနကာရီ ဟောတိ' အား 'အနိစ္စတရားကို အမြဲမပြတ် စုံလင်တိကျစွာ သိနားလည်မှုပြုလုပ်ခြင်း' ဟူ၍လည်းကောင်း၊ သံသရာကြီးပွားရေး၊ ပါရမီဖြည့်ကျင့်ရေးအလိုရှိသူတို့က 'သဘောသဘာဝကို အမြဲမပြတ် စုံလင်တိကျစွာသိနားလည်မှုဖြင့်ပြုလုပ်ခြင်း' ဟူသည့် ချဉ်းကပ်မှုဖြင့်သာ အသီးသီးဖွင့်ဆိုသင့်ပါသည်။ မည်သို့ပင်ဖြစ်စေ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဖြစ်ပျက်သဘောတရားတို့သည် ပါရမီတို့မှအစ အရာရာတို့တွင် ရင့်မှ (ဝါ) ရင့်ကျက်သည်တွင်မှ ကျင့်သုံးလျှင် ပို၍အဆင်ပြေမည်ထင်ပါကြောင်း။

ရွှေလဆက်ဖတ်ပါရန်

ဆရာဦးဆက်ထွန်းသင်း

(အာယုဗ္ဗေဒ)



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ ဇွန်လ

# ကောင်းကျိုးပေးဖြာ တစ်နေ့တာလမ်းညွှန်

### ဒေါ်ခင်စံသူ (B.Sc)

**ဇွန်လ ၁ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဓမ္မံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၃ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၄ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ်ကမြောက်။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုသာနံ (၉)ခါ ရွတ်ဆိုပါ။

**ဇွန်လ ၅ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၀)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ပုဗ္ဗေါဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၆ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၀၊ ၄၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာရောင်၊ အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါရွတ်ဆိုပါ။

**ဇွန်လ ၇ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၂၊ ၃၊ ၀)၊ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၈ ရက်၊ တနင်္လာနေ့**-လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၅)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က နို့သာရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၉ ရက်၊ အင်္ဂါနေ့**-လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့**-လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၄၊ ၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အနုတ္တရောပုရိသဒမ္မသာရထိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၁ ရက်၊ ကြာသပတေးနေ့**-လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဖြူရောင်၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၂ ရက်၊ သောကြာနေ့**-လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၃)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၃ ရက်၊ စနေနေ့**-လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၀၊ ၂၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၄ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ခရမ်းရောင်၊ နီညို ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဘဂဝါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၅ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၆ ရက်၊ အင်္ဂါနေ့-**လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့-**လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဝါရောင်၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံအောင်သိဒ္ဓိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၈ ရက်၊ ကြာသပတေးနေ့-**လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၄၊ ၅၊ ၈)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သတ္တာဒေဝမနုဿာနံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၁၉ ရက်၊ သောကြာနေ့-**လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၀)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ အရဟံဇိနော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၀ ရက်၊ စနေနေ့-**လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၁၊ ၂၊ ၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အဝါရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ ဝိဇ္ဇာစရဏသမ္ပန္နော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၁ ရက်၊ တနင်္ဂနွေနေ့-**လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က ပန်းရောင်၊ မရမ်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ ဗုဒ္ဓံပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၂ ရက်၊ တနင်္လာနေ့ -** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က အစိမ်းရောင်၊အနက်ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သံဃာပူဇေမိ (၉) ခါရွတ်ဆိုပါ။

**ဇွန်လ ၂၃ ရက်၊ အင်္ဂါနေ့ -** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ နမောတဿ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့-**လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၆)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ အရဟံ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၅ ရက်၊ ကြာသပတေးနေ့-**လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁၊ ၇၊ ၀)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ သုဂတော (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၆ ရက်၊ သောကြာနေ့ -** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ ဗုဒ္ဓေါဇိနော (၉)ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၇ ရက်၊ စနေနေ့-**လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃၊ ၈၊ ၀)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ် အရောင်က အဖြူရောင်၊ နုံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ လောကဝိဒူ (၉) ခါရွတ်ဆိုပါ။

**ဇွန်လ ၂၈ ရက်၊ တနင်္ဂနွေနေ့ -** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၇၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထအနောက်ဘက်လှည့်၍ ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၂၉ ရက်၊ တနင်္လာနေ့-**လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၆)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင်က မီးခိုးရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ သမ္မာသမ္ဗုဒ္ဓေါ (၉) ခါ ရွတ်ဆိုပါ။

**ဇွန်လ ၃၀ ရက်၊ အင်္ဂါနေ့-**လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၀)။ လာဘ်နေအရပ် အရှေ့တောင်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ ဓမ္မပူဇေမိ (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ (B.Sc)



www.burmeseclassic.com

www.burmeseclassic.com

တဟီ တဟီ ပါရမီ သဥ္စယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပ္ပဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဓိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၁) ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - စနေဇနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၅) ဆူပြည့်အောင်သွား၍ အမိဋ္ဌာန်ပုတီးစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ အရှေ့အရပ်ကအကျိုးဆောင်နှင့် စပ်ရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင်ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးပြု၍မရတော့သည့် စက်ပစ္စည်းအဟောင်း၊ အပျက်များကို ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - အိမ်နှင့်နီးသော ဘုရားစေတီတစ်ဆူဆူသို့ ခြေကျင်လျှောက်သွားပြီး ပန်းပေါင်းစုံ (၉) မျိုးပြည့်အောင် ဘုရားပူဇော်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံဖို့သွားတိုင်း လိမ္မော်ရောင်အင်္ကျီဝတ်မသွားပါနှင့်။

**ကျန်းမာရေး** - ဆေးခဏခဏလှူပါ။

**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံ၊ တနင်္လာနံထီဆိုင်များတွင် (၁၊ ၂၊ ၉) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆန်၊ ဆီ၊ ဆား၊ ဆေး နိုင်သလောက် လှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို သပြေလက်တစ်ဆုပ်ဖြင့် မကြာမကြာစုတ်ရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင် အကျိုးဆောင်နှင့်စပ်ပြီး ရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့ သွား၍ အရဟံဂုဏ်တော်ကို ပုတီး (၃) ပတ်စိပ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမဝင်တော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်း စွန့်ထုတ်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွား၍အနီးဆုံးဖြစ်သော ဘုရားစေတီတစ်ဆူသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ရေသတ္တဝါလေးများကို မကြာမကြာ အစာကျွေးပါ။

**ကျန်းမာရေး** - ငှက်ကလေး၊ ခွေးလေးတွေကို ခဏခဏအစာကျွေးပါ။ ကဏန်းအရှင်လေးတွေကို အဆင်သင့်တိုင်း ရေအရှင်မှာ ဘေးမဲ့လွှတ်ပေးပါ။

**ထီကံကောင်းလိုသူများ** - စနေနံ၊ သောကြာနံ ထီဆိုင်များတွင် (၇၊ ၃၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။



www.burmeseclassic.com

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္ဂနွေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ စနေသားနှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အားအိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နှမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများမှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ငါးအရှင်လေးများကို ဘေးမဲ့လွှတ်ပေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။ မျက်စိဝေဒနာရှင်များကို မျက်စဉ်း၊ မျက်မှန်များ ကြုံသလို လှူပေးပါ။
**ထီကံကောင်းလိုသူများ** - တနင်္ဂနွေနံထီဆိုင်တွင် (၁) ဂဏန်းနှင့်စသော ထီလက်မှတ်လေးများနှင့်ကံစပ်နေပါသည်။

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟိုးတဟိုး အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာခဏရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - သောကြာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဖြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များတွင် သန့်ရှင်းရေးအတွက် အသုံးပြုရန် တံမြက်စည်းများနိုင်သလောက်လှူပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ဒုက္ခိတဖြစ်နေသော ဆင်းရဲနွမ်းပါးသူကို ငွေကြေး၊ ဆေးဝါး၊ အာဟာရများ တတ်နိုင်သမျှကူညီပံ့ပိုးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်းလမ်းမှာ ထီသည်တွေ့ပါက ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၇) မျိုးဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတွင် ရွှေသင်္ကန်းကပ်လှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို တနင်္ဂနွေနာမည်ရှင်အကျိုးဆောင်နှင့် စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီ၏တနင်္ဂနွေထောင့် တွင် မဟာစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အိမ်ထဲရှိ အသုံးမလိုတော့သည့် ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်း၍ စွန့်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ပန်းခြောက်များစွန့်ပေးခြင်း၊ အမှိုက်ကောက်ခြင်း၊ တံမြက်စည်းလှည်းခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ငွေကြေးကိစ္စများမငြင်းခုံပါနှင့်။ ချစ်သူ၏အခက်အခဲများကို ကူညီဆောင်ရွက်ပေးပါ။ စိတ်ဆိုးအောင်မကျီစားပါနှင့်။

www.burmeseclassic.com

**ကျန်းမာရေး** - ဆေး၊ အာဟာရလိုအပ်နေသော နွမ်းပါးသူကို တတ်အားသရွေ့ ကူညီပံ့ပိုးပေးပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသော ထီသည်လေးများ အိမ်ရှေ့နားလာရပ်ပြီးရောင်းပါက ဂဏန်းမရွေးဘဲ ချက်ချင်းပြေးထိုးလိုက်ပါ။ ကံကောင်းတတ်သည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီး (၆) မျိုးဖြင့်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်ဝေလီဝေလင်း အရုဏ်ဆွမ်းခံကြွသော သံဃာတော်အရှင်သူမြတ်များ ကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ယခုလ ဘုရား (၅) ဆူလှည့်၍ ပန်းပေါင်းစုံ (၅) မျိုးစီဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံ့သင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူ များ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျႌအမည်းရောင်မဝတ်ပါနှင့်။
**ကျန်းမာရေး** - စာကလေးလွှတ်ပါ။ စာကလေးများကို နေ့စဉ်အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာတွေ့သော ထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုး လိုက်ပါ။ ထီပေါက်တတ်ပါသည်။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ဗုဒ္ဓဟူးနံ အသီး၊ အညွန့်ပန်း၊ အာဟာရများဖြင့် မပြတ်ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီး တဟီး အစချီသော ဘုရားရှိခိုးဂါထာကို အမိဋ္ဌာန်ဖြင့်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ရွှက်လှလက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ တောင်အရပ်က အကျိုးဆောင်နှင့် စပ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားတစ်ဆူအား ယခုလအတွင်း တစ်ပတ်တစ်ခါသွား၍ ရွှေသက်န်းကပ်လှူပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း၊ တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ ကောက်ခြင်း စသော သန့်ရှင်းရေးကုသိုလ်များပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို မကြာမကြာ တစ်လှည့်စီ အစာကျွေးပါ။
**ကျန်းမာရေး** - ရတနသုတ်တော်ကို အမိဋ္ဌာန်ဖြင့်ရွတ်ပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည် (၂) ဦး၊ (၃) ဦးရောင်းနေသည်ကို ကြုံပါက လှည်းတိုင်းမှာ တစ်စောင်စီထိုးပါ။ (၄၊ ၈၊ ၇၊ ၆) ဂဏန်းများများပါအောင်ရွေးချယ်ပါ။ ထီကံကောင်းနေပါသည်။

---

ယခုလတွင်-

စနေစ-သောကြာပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့် အောင်မြင်မှုများစွာ ရယူပါလေ။

ဥပမာ - ထွန်းဟံ၊ နွဲ့သာ

---

*မိမိကောင်းမှုအကြောင်းမြ*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၅ ခုနှစ်၊ ဇွန်လအတွက်

ဆရာဦးမောင်မောင်သန်း

(ရှင်ကိုဇော်ပြုဗေဒဆရာ)

# ခုနစ်ရက်သားသမီး ဟောစာတမ်း

## တနင်္ဂနွေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် တနင်္ဂနွေနာမည်ရှင်၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကူအညီများပေးပါလိမ့်မည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ပြဿနာပေါင်းစုံဖြစ်နေသော အင်္ဂါနာမည်ရှင်၊ အင်္ဂါသားသမီးများ ညအိပ်လက်မခံသင့်ပါ။ ယခုလတွင် မြေဝယ်လျှင် အရှုပ်အရှင်းဖြစ်တတ်ပါသည်။ စက်ပစ္စည်းဟောင်းများ လုံးဝမဝင်ပါစေနှင့်။ အိမ်ဝယ်မည်ဆိုလျှင် အောင်မြင်သွားမည်။-လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများကြောင့် စိတ်ကသိကအောက်ဖြစ်ရတတ်ပါသည်။ ကျန်းမာရေးအတွက် ဆီးဝေဒနာများ ဂရုစိုက်ပါ။ တတ်ကျွမ်းနားလည်သူများနှင့်ပြပါ။ ဆေးမြီးတိုများ မသုံးပါနှင့်။ ပညာရေးနှင့်ဆိုင်သောကိစ္စများ ပုံမှန်စာကျက်ပါ။ တစ်ရှိန်ထိုးကြိုးစားရင်းက အရှိန်လျှော့သွားတတ်ပါသည်။ လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ လုပ်ငန်းခွင်အတွင်း ကံကောင်းနေပါသည်။ ရာထူးတိုးများတွင်ပါဝင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးသားရေးရာများ၊ မိသားစုကိစ္စနှင့် စကားများရတတ်၍ဆင်ခြင်ပါ။ စာကလေးများ၊ ခိုကလေးများကို အစာကျွေးပါ။ ယခုလအတွင်း စကားခဏခဏမှားတတ်၍ စကားပြောဆင်ခြင်ပါ။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးကိစ္စများတင်းမာမှုရှိလာလျှင် ကိုယ့်ဘက်ကလျှော့ပေးပါ။ ထီထိုးမည်ဆိုပါက တနင်္ဂနွေနံ၊ တနင်္လာနံထီဆိုင်များတွင် (၁၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *စာကလေးများကို ကြံ့သလိုလွှတ်ပါ။ အစာကျွေးပါ။*





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ သောကြာနာမည်ရှင်၊ သောကြာသားသမီးများ ဖြစ်ပါသည်။ (၄) ဂဏန်း၊ (၈) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအဟောင်း၊ ရွှေထည်ပစ္စည်းအဟောင်းများဝင်လာလျှင် အရှုပ်အရှင်းရှိတတ်၍ မဝင်ပါစေနှင့်။ ဆိုင်ကယ် အကြွမ်း၊ အမြန်စီးခြင်းများ လုံးဝမပြုလုပ်ပါနှင့်။ ကျန်းမာရေးအတွက် အကြောနှင့်ဆိုင်သောဝေဒနာများ ဂရုစိုက်ပါ။ ဒူးဆစ်နာခြင်း၊ ဆီးနည်းခြင်းများ ဖြစ်တတ်ပါသည်။ ကြားဖူးနားဝ လူပြောသူပြောတွေနှင့်ဆေးမစားပါနှင့်။ ကျွမ်းကျင်နားလည်သော ဆေးပညာရှင်များနှင့် တိုင်ပင်ကုသပါ။ အိမ်ထောင်ရေးကောင်းနေသော်လည်း လမ်းများတတ်ခြင်းကြောင့် မကျေမလည်မှုလေးများဖြစ်တတ်ပါသည်။ ပညာရေးကံတွေကံကောင်းနေပါသည်။ ပုံမှန်ကြိုးစားလိုက်ပါ။ စာသင်သံဃာတော်အရှင်သူမြတ်များကို လိုအပ်သော စာအုပ်၊ စာရေးကိရိယာများဝယ်ပြီးလှူပါ။ နှလုံးသားရေးရာများတွင် ချစ်တတ်သူတွေကတော့ ရေသတ္တဝါလေးများကို ခဏခဏအစာကျွေးပါ။ ငှက်ကလေးတွေ၊ ခွေးလေးတွေကိုလည်း ခဏခဏအစာကျွေးပါ။ ထီကံကောင်းနေပါသည်။ စနေနံ၊ သောကြာနံထီဆိုင်များတွင် (၇၊ ၁၊ ၆၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ကျန်းမာရေးအတွက် ဆေးလိုအပ်နေသူများကို ဆေး၊ စာတ်စာ၊ ငွေများ လှူပေးပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးအကျိုးပေးမည့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကားဟောင်း ကျောက်ဟောင်းများ မဝင်ပါစေနှင့်။ ပြဿနာဟောင်းရှိသူများနှင့် သွားအတူလာအတူမလုပ်ပါနှင့်။ လူမျိုးကွဲနှင့် စီးပွားစပ်တူမလုပ်သင့်ပါ။ ငွေပြဿနာဟောင်းတွေပေါ်တက်၍ ငွေကြေးကိစ္စအကုန်ရှောင်ထားပါ။ ကျန်းမာရေးကောင်းစေရန် ရတနသုတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ဒူးနာ၊ ခါးနာတတ်၍ သတိထားပါ။ ဆီး၊ ဝမ်း၊ လေအချုပ်မခံပါနှင့်။ ကားမောင်း အထူးဆင်ခြင်ပါ။ လူယုံကို အားကိုးပြီး အလုပ်မလုပ်ပါနှင့်။ ပုံမှန်ကြိုးစားပါ။ အကျိုးပေးလိမ့်မည်။ အတိုက်အခံများနေလျှင် ဘုရားရင်ပြင်တော်မှာ မကြာမကြာတံမြက်စည်းသွားလှည်းပါ။ ပညာရေးကံများကောင်းနေပါသည်။ လွန်စွာအိပ်ရေးပျက် မခံပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ၊ ကိုယ့်ဘက်ကလျှော့ပါ။ မိသားစုနှင့်ဆန့်ကျင်ဘက်မဖြစ်ပါစေနှင့်။ မွေးနေ့တွင် အသားစားရှောင်ပြီး သီလဆောက်တည်နေထိုင်ပါ။ မင်္ဂလာမရှိသောစကားများမပြောပါနှင့်။ ကျင့်ကြံအားထုတ်မှုများဖြင့် အညံ့များလျော့နည်းသွားပြီး ဆန္ဒများပြည့်လာပါလိမ့်မည်။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၆၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

*ယတြာ ။ ။ ခြေ၊ ခါးမကောင်းသူများကို ငွေကြေး၊ အာဟာရလှူပေးပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၇) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အလုပ်လျှောက်ထားသူများ ရွေးချယ်ခံရ မည်။ လုပ်ငန်းခွင်မှ ရာထူးတိုးဖို့ရှိလျှင် သတင်းကောင်းကြားရမည်။ လူမျိုးကွဲနှင့်စပ်တူအလုပ်မလုပ်ပါနှင့်။ စနေနံလုပ်ငန်းများ အကျိုးမပေးသေးပါ။ ကျန်းမာရေးအတွက် ဆေးလှူပေးပါ။ အတက်၊ အဆင်းတွင် ခြေနာတတ်ပါသည်။ သတိထားပါ။ ပညာရေးကံများကောင်းနေပါသည်။ အပေါင်းအသင်းများနှင့် အသွားအလာလျှော့ပါ။ ကြိုးစားနေရင်းက နည်းနည်းပေါ့သွား တတ်ပါသည်။ သတိထားဆင်ခြင်လိုက်ပါ။ ချစ်တတ်သူတွေအတွက် အပေါင်းအသင်းမိတ်ဆွေများတဲ့ကိုယ့်ချစ်သူကို သဝန်မတို ပါနှင့်။ အနက်ရောင်ပြောင်အင်္ကျီ လက်ဆောင်မပေးမိပါစေနှင့်။ စိတ်ချမ်းသာမှုရှိနေပါလိမ့်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး များ သာယာပါမည်။ နှုတ်ဝစီထိန်းပါ။ ကြမ်းကြမ်းတမ်းတမ်းမပြောပါနှင့်။ ရွှေရောင်ပစ္စည်း၊ ရွှေထည်ပစ္စည်းအဟောင်းများ မဝင်ပါစေနှင့်။ မြေမဝယ်ပါနှင့်။ အရှုပ်အရှင်းဖြစ်တတ်ပါသည်။ ထီထိုးမည်ဆိုပါက သောကြာနံထီဆိုင်တွင် (၆၊ ၁၊ ၂၊ ၉) ဂဏန်းများနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ ကလေးငယ်လေးများကို မေးကြည့်ပါ။ သူတို့အလွန်စားချင်နေသောမုန့်ကို ဝအောင်ဝယ်ကျွေးလိုက်ပါ။*

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် အကောင်းဆုံးကူညီနိုင်မယ့်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်ပါသည်။ (၅) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လောင်းကစားလုံးဝရှောင် ရန်လိုတဲ့သူ၊ ဒေါသမထိန်းနိုင်တဲ့လူတွေနှင့်သွားအတူလာအတူမလုပ်ပါနှင့်။ မြေမဝယ်ပါနှင့်။ ဝယ်ရန်ကိစ္စရှိပါက အကျိုးပေး တစ်ယောက်ယောက်နှင့်ကြားခံပြီးဝယ်ပါ။ လူတစ်ဖက်သားကိုယုံပြီး စီးပွားမလုပ်ပါနှင့်။ လောဘတွေမကြီးပါနှင့်။ ခက်ခက် ထန်ကြမ်းကြမ်းတမ်းတမ်းမနေပါနှင့်။ ကိုယ်ချင်းစာစိတ်ထားပါ။ ငွေကြေးအာမခံတာတွေ၊ ကြားကတစ်ဆင့်ယူပြီး ငွေကြေး



www.burmeseclassic.com

www.burmeseclassic.com

လုပ်တာတွေမလုပ်ပါနှင့်။ စိုက်လျှော်ရတတ်ပါသည်။ ကျန်းမာရေးလိုအပ်လျှင် ရတနသုတ်တော်ကို အမိဋ္ဌာန်နှင့်ရွတ်ပါ။ ဆေးလှူပါ။ ခာရဏပရိတ်တော်ကို နေ့ ညရွတ်ပါ။ အိပ်ရာရွှေ့အိပ်ပါ။ တချို့ဝေဒနာတွေဟာ ဝေဒနာမဟုတ်ပါဘဲ စိတ်ဖိစီးမှုများ၏ အတွေးများလို့ဖြစ်တာ ဖြစ်ပါသည်။ အိပ်ရေးဝအောင်အိပ်ပါ။ အာဟာရခဏခဏလှူပေးပါ။ ပညာရေးကံများကောင်းနေအောင် စာသင်သားရဟန်းတော်နှင့် ကိုရင်လေးများကို ပညာနှင့်ပတ်သက်သောစာအုပ်များလှူပေးပါ။ လုပ်ငန်းခွင်မှာရှိသူများ ရာထူးတိုးပါလိမ့်မည်။ အိမ်ခန်းလျှောက်ထားလျှင် အိမ်ခန်းရပါပြီ။ နှလုံးသားရေးရာများ အကျိုးစားမသန်ပါနှင့်။ ထီထိုးရန်အတွက် တနင်္ဂနွေနံထီဆိုင်တွင် (၁၊ ၇၊ ၆၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

***ယတြာ ॥ ॥ ပစ္စည်းအကျိုးအပဲ့လေးများရှိလျှင် စွန့်ပစ်ပါ။ ဥပမာ-ထီးလက်ကိုင်၊ ဘောလ်ပင်၊ လက်ကိုင်အိတ်၊ ဖိနပ်အဟောင်းမှုကြိုးများ။***

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီပံ့ပိုးမည့်သူများမှာ သောကြာနာမည်ရှင်၊ တနင်္လာနာမည်ရှင်များ ဖြစ်ပါသည်။ (၃) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ လူမျိုးကွဲနှင့်စပ်တူလုပ်ငန်းများလုပ်လျှင် အဆင်မပြေတတ်ပါ။ စနေနံလုပ်ငန်းတွင် စပ်တူ၊ ရှယ်ယာကိစ္စ အကျိုးမပေးပါ။ ရပ်ဝေးခရီးဖြိုဟ်တွေကောင်းသည်။ ဘုရားဖူးခရီးများထွက်ဖြစ်မည်။ လုပ်ငန်းနှင့်ပတ်သက်သောခရီးများလည်းထွက်ရတတ်ပါသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများသာယာပါမည်။ လူမှုရေးကိစ္စများ၊ အတိုက်အခံများလွန်းလျှင် သမ္ဗုဒ္ဓေဂါထာတော်ကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။ ကျန်းမာရေးကောင်းနေစေရန် ဆေးလှူပါ။ စာကလေးလွှတ်ပါ။ လမ်းလျှောက်ပါ။ မလိုအပ်ဘဲ ဆေးမထိုးပါနှင့်။ ပညာရေးကံများကောင်းပါသည်။ နှလုံးသားရေးရာကိစ္စများတွင် ခရီးကိစ္စတစ်ခုခုကြောင့် စကားများရတတ်ပါသည်။ ရပ်ဝေးအလှူ မင်္ဂလာဆောင်သွားဖြစ်လျှင် ထိုအရပ်ဒေသမှာ ထီထိုးခဲ့ပါ။ ထီပေါက်တတ်ပါသည်။ စက်ဘီးစီး၊ ဆိုင်ကယ်စီးသူများအကြမ်းမစီးပါနှင့်။ သူများပြဿနာထဲကို ဝင်မပါ,ပါနှင့်။ စကားပြောမခက်ထန်ပါနှင့်။ ကိုယ်ချင်းစာတရားထားပါ။ အညံ့များကင်းဝေးသွားပါလိမ့်မည်။ ထီထိုးရန်အတွက် သောကြာနံ၊ တနင်္ဂနွေနံထီဆိုင်များတွင် (၁၊ ၆၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းနိုင်ပါသည်။

***ယတြာ ॥ ॥ ပဋ္ဌာန်းရွတ်ပါ။***

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူမှာ သောကြာနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များ ဖြစ်သည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ယခုလအတွင်း အမွေကိစ္စ၊ မြေကိစ္စများ ဆောင်ရွက်ရန်ရှိပါက အဆင်မပြေဖြစ်တတ်ပါသည်။ ငွေကြေးကိစ္စများ ထစ်ငေါ့နေတတ်၍ လာဘ်ဝင်စေသောဂါထာများကို အမိဋ္ဌာန်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပါ။ သူတစ်ပါးကိစ္စများကို ကူညီပေးမည်ဆိုပါက ကြားမညပ်သောအနေအထားဖြင့်သာ ကူညီပေးလိုက်ပါ။ ကျန်းမာရေးအတွက် လိုအပ်ပါက ရတနသုတ်တော်ကို အမိဋ္ဌာန်ဖြင့် ရွတ်ပါ။ ချို့တဲ့သောသူများတွင် ဆေးလိုအပ်သူကိုဆေး၊ အာဟာရလိုအပ်သူကို ထိရောက်အောင်လှူပေးပါ။ ငှက်ကလေးများ၊ ငါးကလေးများကို မကြာမကြာဘေးမဲ့ပေးပါ။ လမ်းလျှောက်သွား၍ အနီးဆုံးဖြစ်သော ဘုရားစေတီများ၏ရင်ပြင်တော်တွင် တံမြက်စည်းလှည်းပါ။ အမှိုက်များကောက်ပါ။ ပညာရေးကံတွေကောင်းနေသော်လည်း ကိုယ်တိုင်ပေါ့လျော့နေတတ်ပါသည်။ ပုံမှန်ကြိုးစားပါ။ အောင်မြင်ပါလိမ့်မည်။ ချစ်တတ်သူတွေကတော့ မျက်မမြင်၊ မျက်စိဝေဒနာများကို လိုအပ်သောဆေး၊ အာဟာရ၊ ငွေလှူပေးပါ။ ထီထိုးမည်ဆိုပါက သောကြာနံထီဆိုင်တွင် (၆၊ ၇၊ ၁၊ ၄၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

***ယတြာ ॥ ॥ သံဃာတော်အရှင်သူမြတ်တစ်ပါးကို ထီးဝယ်လှူပါ။ ရိုသေစွာလှူပါ။***

ရ င် ကို း မြ စေ သ ာ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com

ဆင့်ကဲတိုးတက်ခြင်း ဟူသည် - ဘုန်းကံတက်ခြင်းနှင့်ဆိုင်၏။

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ဆင့်ကဲတိုးတက်လိုကြသည်ချည်းဖြစ်၏။

ဈေးဆိုင်လေးဖွင့်၍ အသက်မွေးဝမ်းကျောင်းပြုသူဆိုလျှင်လည်း ထိုဈေးဆိုင်လေး တဖြည်းဖြည်းပြည့်စုံပြီး အရင်းအနှီးပစ္စည်းများပြားချင်ကြမည်ဖြစ်၏။

တစ်ဆိုင်မှ နှစ်ဆိုင်၊ နှစ်ဆိုင်မှ သုံးဆိုင်ဖြစ်ချင်ကြမည်သာ။

ဆိုင်လေးမှ ဆိုင်ကြီးများအဖြစ်အောင်မြင်လာကြသူများ များပြားစွာရှိနေကြပါသည်။

အချို့ခမ်းနားလှသောဆိုင်ကြီးများ စတင်ဖွင့်လှစ်ပြီးနောက်ပိုင်း တစ်ဆိုင်မှ နှစ်ဆိုင်၊ နှစ်ဆိုင်မှသုံးဆိုင် ဆင့်ကဲတိုးတက်ကြီးပွားလာကြသည်လည်းရှိ၏။

ကုမ္ပဏီမှာဖြစ်စေ၊ စက်ရုံ အလုပ်ရုံမှာဖြစ်စေ ဝန်ထမ်းဝင်ရောက်လုပ်ကိုင်လျှင်လည်း အဆင့်ဆင့်တိုးတက်သွားချင်ကြသည်ချည်းဖြစ်၏။

မည်သူမဆို -

တော်ပါပြီ၊ ဒီဆိုင်လေးနဲ့ပဲ အရိုးထုတ်တော့မယ်ဟူ၍မရှိနိုင်ပါ။

ရပါပြီ၊ ဒီကွမ်းယာဆိုင်လေးက မိသားစုစားနေရတာပဲ၊ တော်ပြီပေါ့ဟုမရှိနိုင်ပါ။

ကွမ်းယာဆိုင်မှသည် ကုန်စုံဆိုင်ကြီးဖြစ်ချင်ကြပါလိမ့်မည်။

ဆိုက်ကားနင်းခြင်းမှသည် ဆိုက်ကား (၁၀) စီးလောက်ပိုင်သော အုံနာဖြစ်ချင်ကြပါလိမ့်မည်။

အငှားကားမောင်းရာမှ ကားပိုင်ရှင်ဖြစ်ချင်ကြပါလိမ့်မည်။

အရောင်းစာရေးလေးဘဝမှ မန်နေဂျာဖြစ်ချင်ကြပါလိမ့်မည်။

ဖြစ်အောင်လည်း ကြိုးစားနေကြသူတွေရှိနေပါသည်။

ဖြစ်လည်းဖြစ်သွားကြသူတွေရှိနေကြပါသည်။

သာမန်ဝန်ထမ်းလေးဘဝမှ ကုမ္ပဏီပိုင်လာသည်ထိ စက်ရုံကြီးများ၊ ကြီးမားလှသောလုပ်ငန်းကြီးများပိုင်လာသည့်

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသော)

## အဆင့်ဆင့်မြင့်တက်စေခြင်းအတွက် သူရဋ္ဌလက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com

ထိ အောင်မြင်သွားကြသူများရှိနေကြပါသည်။

ဤသည်မှာ ဘုန်းကံတက်ခြင်းပင်ဖြစ်ပါသည်။

ထိုထိုသော သာမန်ဘဝမှ ပြည့်စုံချမ်းသာသွားကြသူများ၏ ရုပ်ရည်ကို ကြည့်ကြည့်ပါ။ လေ့လာကြည့်ပါ။

ကြွယ်ဝချမ်းသာလာပြီဆိုသည်နှင့် ရုပ်ရည်၊ အသားအရေ၊ ကိုယ်ရောင်ကိုယ်ဝါဝင့်ထည်လာကြသည်ကို သတိထားမိကြပါလိမ့်မည်။

ထို့ကြောင့် -

ဘုန်းကံတက်ခြင်းဟုဆိုရခြင်းဖြစ်ပါသည်။

ထိုသို့ ဘုန်းကံတက်သွားကြသူများတွင် ဘုန်းကံတက်သွားစေနိုင်သော အကြောင်းတရားများရှိနေကြပါသည်။

တစ်ဦးလျှင် တစ်မျိုးစီရှိနေကြပါလိမ့်မည်။

အချို့လုပ်ငန်းအလွန်ကြိုးစား၏။ မဖြစ်မနေမလျှော့သောဇွဲလုံ့လဝီရိယဖြင့် ကြိုးစား၏။

မြင်ဖူးပါသည်။ တောင်ဥက္ကလာပမှသည် မြို့ထဲအထိ စက်ဘီးနင်းသွားပြီး ကုန်ပစ္စည်းများ သွားရောက်ဝယ်သူကို မြင်ဖူးပါသည်။ ဥက္ကလာပတွင် ဆိုင်ဖွင့်ရောင်း၊ ပစ္စည်းလိုအပ်လျှင် မြို့ထဲသို့ ကိုယ်တိုင်စက်ဘီးနင်း၍သွားဝယ်သူဖြစ်ပါသည်။

သူသည် ယခုဆိုလျှင် သူ၏သားများအား ကိုယ်ပိုင်တိုက်ကြီးများ၊ ကိုယ်ပိုင် ဆိုင်ခန်းကြီးများထူထောင်ပေးထားနိုင်ပြီဖြစ်ပါသည်။အလွန်ချမ်းသာကြွယ်ဝကြသော မိသားစုကြီးဖြစ်နေပါပြီ။

လုပ်ငန်းအပေါ်တွင် အာရုံစူးစိုက်၍ အလွန်ကြိုးစားခဲ့ခြင်းကြောင့် ကြီးပွားချမ်းသာခြင်းများ သူ့ဆီရောက်ရှိလာရခြင်း ဖြစ်ပါသည်။

အချို့က အပေါင်းအသင်းကောင်းများနှင့်ချိတ်ဆက်မိ၏။

စလုပ်နေသောလုပ်ငန်းမှာ ထမင်းကြော်ရောင်းခြင်း ဖြစ်၏။ လက်ရာကောင်းလွန်း၍ ကြိုးစားသောကြောင့် အလွန်စီးပွားဖြစ်နေသောသူငယ်ချင်းက လိုလိုလားလားခေါ်၏။

"ငါ့ကားရေဆေးဆီထိုးလုပ်ငန်းမှာ မင်း မန်နေဂျာလာလုပ်၊ ထမင်းကြော်မရောင်းနဲ့တော့။ မင်းလုပ်အားပေါ် မူတည်ပြီး ငါပေးမယ်။ (၂) နှစ်လောက်လုပ်။ ပြီးရင် လုပ်ငန်းအကျိုးအမြတ်ထဲက ရာခိုင်နှုန်းနဲ့ပေးနိုင်အောင် မင်းအတွက် လုပ်ငန်းခွဲလေးတစ်ခုထပ်ခွဲပေးမယ်"

ဟု ပြောပြီး ခေါ်၏။ သူကလည်း သဘောကျပြီး ကြိုးစားပြန်၏။ (၂) နှစ်အကြာ သူ့လိုလုပ်ငန်းမျိုးတစ်ခုတစ်နေရာမှာတည်ထောင်ပေး၏။

ယခုဆိုလျှင် ထိုပုဂ္ဂိုလ်သည် လုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ ပိုင်ဆိုင်သွားပြီး နောက်ဆုံးပေါ် ကားကြီးနှင့် ချမ်းသာကြွယ်ဝနေချေပြီ။ သူ၏ရိုးသားမှုနှင့်ကြိုးစားမှုပင်ဖြစ်ပါသည်။

ထို့ပြင် သူသည် မည်မျှချမ်းသာ ချမ်းသာ လုပ်ငန်းစတင်ပေးခဲ့သော သူငယ်ချင်းကို ယခုထိပြန်မပြော။ ပို၍ပြီးရိုသေလေးစား၏။ ထိုသူငယ်ချင်းကခိုင်းလျှင် သူ၏လုပ်ငန်းကြီးများမအားသည့်ကြားမှ ကားတစ်စီးနှင့် အပြေးအလွှားလုပ်ကိုင်ပေး၏။

ခင်ပွန်းကြီး (၁၀) ပါးကို သိတတ်သော၊ ကျိုးနွံသော ထိုပုဂ္ဂိုလ်သည် စောင့်ရှောက်နိုင်စွမ်းသော မိတ်ဆွေ



www.burmeseclassic.com

ကောင်း၏ ချီးမြှောက်မှုကြောင့် စီးပွားဥစ္စာတိုးတက်လာရသည်။ ဘုန်းကံတက်လာရသည်။ သူကလည်း ကြိုးစားသည်။

သူလိုပင် အောင်မြင်သွားကြသူတွေ မြောက်မြားစွာရှိနေပါသည်။

ဤသည်မှာ စောင့်ရှောက်နိုင်သော အပေါင်းအသင်းကောင်းနှင့်ချိတ်ဆက်မိခြင်း ဖြစ်ပါသည်။ ကိုယ်တိုင်ရိုးသားခြင်း၊ ကြိုးစားခြင်းကိုလည်း ချန်လှပ်၍မရပါ။

မိဘက ချမ်းသာကြီးပွား၍ လုပ်ငန်းတည်ထောင်ပေးနိုင်သောကြောင့် ဆက်လက်ချမ်းသာလာကြသူများသည်လည်း ဘုန်းကံရှိကြသူများဟု ဆိုရပါမည်။

အချို့ မိဘက ကြိုကြိုတက်ချမ်းသာပြီး သားသမီးလက်ထက်ကျမှ လုပ်ငန်းမှာ တက်တက်စင်ပြောင်သွားကြသူတွေရှိနေပါသည်။ မိဘကြိုးစားခဲ့သော လုပ်ငန်းကြီးများကို ဆက်လက်မထိန်းနိုင်ကြသူများရှိကြပါသည်။

ယခု ဆိုချင်သည်မှာ မိဘလက်ထက်က လုပ်ငန်းကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသူများကိုသာ ရည်ညွှန်းပါသည်။

မည်သည့်လုပ်ငန်းကိုပြုလုပ်ပြုလုပ် ကိုယ်တိုင် ရိုးသားစွာ ကြိုးစားခြင်းဖြင့် အဆင့်အဆင့်အောင်မြင်ကြီးပွားလာကြသူများ -

မြှင့်တင်ပေးနိုင်သော၊စောင့်ရှောက်နိုင်သော မိတ်ကောင်းဆွေကောင်းအားအမှီပြုမိ၍ လုပ်ငန်းတစ်မျိုးမျိုးနှင့်ကြီးပွားချမ်းသာလာကြသူများ -

ထိုသူများတို့သည် ကြွယ်ဝချမ်းသာခြင်း တည်းဟူသော ဘုန်းကံတက်လာကြသူများ ဖြစ်ပါသည်။

အချို့ -

အဆောင်အစီအရင်များနှင့် ကံတက်လာကြသူများလည်းရှိနေကြပါသည်။

မှန်ပါသည်။

ဒီလက်စွပ်ဝတ်ပြီးမှ ဒီလိုချမ်းသာလာတာဟုဆိုကြသူများကို တွေ့ဖူးသကဲ့သို့ -

ကျွန်တော့်ကို ချီးမြှင့်တဲ့ ဒီအင်းပေါ်မှာမီးထွန်းပြီးမှ ခုလိုတိုက်တွေ၊ ကားတွေနဲ့ဖြစ်လာတာပါဟူသောပုဂ္ဂိုလ်များလည်း မနည်းလှပါ။

အဆောင်အစီအရင်များမှာ များပြားလှပါသည်။

အကျိုးပေးချိန်နှင့် အကျိုးပေးအဆောင် ဒါရိုက်ဓာတ်ထိသွားပြီး ကြီးပွားချမ်းသာလာကြသူများကို များစွာဆုံဖူးပါသည်။

လူတိုင်းတော့မဟုတ်ပါ။

အချို့လည်း အင်းတွေတစ်ထပ်ကြီး၊ အဆောင်တွေတစ်ပုံကြီးနှင့် ဆောင်ရအခက်၊ စွန့်ပစ်ရအခက်ဖြစ်နေကြသူများကိုလည်း တွေ့နေရပါသည်။

ဆိုချင်သည်မှာ -

အဆောင်ဓာတ်ထိ၍တဖြည်းဖြည်းအကျိုးပေးပြီး ကြွယ်ဝချမ်းသာလာကြသူများကို ဆိုချင်ပါသည်။

သူတို့သည်လည်း ထိုအဆောင်နှင့်ဓာတ်ထိ၍ဘုန်းကံတက်သွားကြခြင်းသာဖြစ်ပါသည်။

ယခုတင်ပြမည့် ဆင့်ကဲတိုးတက်ခြင်းမှာ -

မြှောက်စားပေးနိုင်သူလည်းမရှိ -

အဆောင်လည်းမရှိ -

သို့သော် ကျင့်ကြံအားထုတ်ခြင်းကြောင့် ဆင့်ကဲတိုးတက်ကြီးပွားချမ်းသာလာကြသူများ ဖြစ်ပါသည်။

ထိုသို့ ကြီးပွားချမ်းသာလာကြသူများကိုလည်း များစွာတွေ့ရပါသည်။ အလွန်ပီတိဖြစ်ရပါသည်။

ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသတော်မြတ်ကို တစ်နေ့သုံးကြိမ်ရွတ်ဖတ်ပူဇော်ရင်း အလွန်မှချမ်းသာကြွယ်ဝလာသူကိုလည်း မြင်ဖူးပါသည်။

ပဥ္စာဝါရပဋ္ဌာန်းဒေသနာတော်ကို နေ့စဉ် ရွတ်ဖတ်ပူဇော်ရင်း လုပ်ငန်းကြီးများစွာ ပိုင်ဆိုင်ချမ်းသာလာသူကိုလည်း ပီတိများစွာနှင့်ခင်ခဲ့ရဖူးပါသည်။

ဂုဏ်တော်ကွန်ချာရွတ်၍ချမ်းသာကြွယ်ဝလာသူများလည်း များစွာရှိနေပါသည်။

လူတစ်ယောက်ဆိုလျှင် စက်ဘီးလေးနှင့်သွားလာနေရသူ ဖြစ်ပါသည်။ ဂုဏ်တော် (၉) ပါးကို နေ့စဉ် အခေါက်တစ်ထောင်ရွတ်ရင်း သုံးနှစ်အကြာတွင် ကိုယ်ပိုင်ဇိမ်ခံကားကြီးနှင့်တွေ့ခဲ့ရာ စကားပင်မပြောနိုင်လောက်အောင် အံ့သြခဲ့ရဖူးပါသည်။

ထိုသို့ ပုတီးစိပ်ခြင်း၊ ရွတ်ဖတ်ခြင်းဖြင့် အောင်မြင်ချမ်းသာလာကြသူများရှိသကဲ့သို့ -

သရဏဂုံတော်ကြီးနှင့် ကြီးပွားတိုးတက်အောင်မြင်လာကြသူများ ထင်ရှားစွာရှိနေကြပါသည်။

ယခုလ -

ပေးချင်သည့်လက်ဆောင်မှာ -

လူပေါင်းများစွာ မိတ်ဆွေပေါင်းများစွာကို ဆင့်ကဲတိုးတက်သွားအောင် ဆင့်ကဲကြီးပွားသွားရလေအောင် အကြံပြုခဲ့သော **သရဏဂုံ - ၃၀** လက်ဆောင်ဖြစ်ပါသည်။

မိတ်ဆွေတော်တော်များများကို နှစ်ပေါင်းများစွာ အကြံပြုခဲ့ရာ အလွန်မှပီတိဖြစ်ရလောက်အောင် ဆင့်ကဲတိုးတက် အောင်မြင်နေကြပါပြီ။ ကြီးပွားချမ်းသာနေကြပါပြီ။

သူတို့ကလည်း ရတနာမြတ် (၃) ပါးကို မမိုတ်မသုန် ယုံကြည်စွာဖြင့် ရွတ်ဖတ်သရဏဂုံကျင့်ကြံအားထုတ်ခဲ့ကြ၍လည်း ဖြစ်ပါသည်။

အချို့ မလုပ်ဖြစ်ပါ။

အောင်မြင်မှုနှင့်ဝေးနေကြပါသေးသည်။

ယခု တင်ပြချင်သည်မှာ -

သရဏဂုံ-၃၀ကို မပျက်မကွက် ပုတီးစိပ်ခြင်းဖြင့်အောင်မြင်မှုများစွာရယူပိုင်ဆိုင်ပြီး ဘုန်းကံတက်သွားကြသူများကို ပီတိများစွာဖြင့် မုဒိတာပွားစေလို၍ ဖြစ်ပါသည်။

မှန်ပါသည်။

မဖြစ်နိုင်ဘူးဆိုတာမရှိပါလားဟု ပြောယူရလောက်အောင် စွမ်းလှသော သရဏဂုံ-၃၀ ဖြစ်ပါသည်။

မပျက်မကွက် ပုတီးစိပ်အဓိဋ္ဌာန်ဝင်ပြီဆိုလျှင် ပျက်ကွက်သွားနိုင်သည့် အကြောင်းတရားများပေါ်လာလေ့ရှိပါသည်။

ထိုအကြောင်းတရားတို့ကို အောင်မြင်စွာကျော်ဖြတ်ရပါမည်။

အချို့အိမ်ထောင်ရေးကိစ္စမှာပေါ်ပါသည်။ အကောင်းကနေ မကြာခဏရန်ထဖြစ်ခြင်း၊ အပြစ်ပြောခံရခြင်း၊ မိသားစုတွင်းမကျေလည်မှုများဖြစ်လာခြင်းကြုံကြပါသည်။

ဤနေရာတွင် ရပ်လိုက်ပါက ပြီးသွားပါပြီ။ ဘာမှထူးလာမည်မဟုတ်ပါ။ စိတ်ဓာတ်ကျခြင်း၏အကျိုးဆက်များနှင့်သာ လုံးထွေးနေတတ်ပါသည်။

ကျော်နိုင်မှအောင်မြင်သွားကြပါသည်။ ဆက်လက်ကျင့်ကြံအားထုတ်ကြသူများ၏ ကိုယ်တွေ့အရ ထိုအရာများသည် တဖြည်းဖြည်းပါးပါးပြီး လွင့်ပြယ်သွားကြသည်ချည်းဖြစ်၏။

အချို့က ကျန်းမာရေးကိစ္စပေါ်တတ်၏။

အချို့က လူမှုရေးကိစ္စပေါ်တတ်၏။

ပျက်ကွက်သွားနိုင်သောအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တရားများပေါ်လာလေ့ရှိခြင်းဖြစ်ပါသည်။ ဤသည်ကို အဖျက်ဟု ဆိုတတ်ကြပါသည်။

သရဏဂုံ -၃၀သည် အစွမ်းထက်လွန်းလှ၍ အရှိန်အဟုန်ကြီးမားစွာဖြင့် အစမ်းသပ်ခံရခြင်းများလေလားမဆိုနိုင်ပါ။

ကိုယ်တိုင်အဓိဋ္ဌာန်ဝင်စဉ်ကလည်း များစွာကြုံခဲ့ဖူးပါသည်။

စိတ်ဓာတ်ကျ၍ စိပ်တစ်ချက်၊ မစိပ်တစ်ချက်ဖြစ်ခဲ့ဖူးပါသည်။

သို့သော် -

မမြင်နိုင်စွမ်းသော ပုဂ္ဂိုလ်များ၏ အားပေးမှုကိုများစွာရရှိခဲ့ပြီးသည့်နောက်ပိုင်း ဇွဲကြီးကြီးနှင့် အဓိဋ္ဌာန်ဝင်ခဲ့ရင်း အဓိဋ္ဌာန်များအောင်ခဲ့ရပါသည်။ မေတ္တာပို့ခြင်းကိုများစွာပြုခဲ့ပြီးမှ ထိုအထစ်အငေါ့များကို ကျော်နိုင်ခဲ့ပါသည်။

ထို့ကြောင့် -

သရဏဂုံ - ၃၀ ပုတီးစိပ်ကို ပေးတော့မည်ဆိုလျှင် မိတ်ဆွေများကိုရှင်းပြရ၏။ ပျက်တတ်သောအကြောင်းများကို ပြောပြရ၏။ အောင်မြင်သွားသည့်အခါ ကိုယ်တိုင်ကြုံရမည်ကိုလည်း ပြောပြရ၏။ အလွန်မှကျေးဇူးတင်လွန်း၍လာပြောကြသောမိတ်ဆွေများကို ထပ်ရှင်းပြရ၏။

ကျေးဇူးတင်ရန်မလိုပါ။

ရတနာမြတ်(၃)ပါး ဂုဏ်ကျေးဇူးတော်ကို ကြည်ညိုသဒ္ဓါပွားကာ ရွတ်ဖတ်ပုတီးစိပ်ခြင်းကြောင့် အောင်မြင်လာရခြင်းများကို ရှင်းပြရပါသည်။

ကိုယ်တိုင်ကျင့်ကြ၍လည်း ကိုယ်ပိုင်ရယူပိုင်ဆိုင်နိုင်ကြခြင်း ဖြစ်ပါသည်။

သရဏဂုံ-၃၀၏ တန်ခိုးကြီးမားပုံများကို လက်တွေ့ပြသ၍ နှုတ်တိုက်သင်ကြားပေးခဲ့သောဆရာမှာ ယခင်က ရှမ်းပြည်နယ်တရားသူကြီးအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်အေး ဖြစ်ပါသည်။

ကျွန်ုပ်ကို စတင်သင်ကြားပေးခဲ့စဉ်က အဘသည် လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေချိန်ဖြစ်၏။

ကျွန်ုပ်၏ ဦးလေးတော်သူတစ်ယောက်နှင့် ပတ်သက်ပြီး ဘဘထံသို့ရောက်သွားရခြင်း ဖြစ်ပါသည်။ ဦးလေးမှာ ဘဘ၏မိတ်ဆွေဖြစ်ပါသည်။

ဘဘထံ စရောက်ရောက်ချင်း ကျွန်ုပ်ကိုတစ်ချက်ကြည့်လိုက်ပြီး အလွန်ဝေးလံသောဒေသမှလာခြင်းဖြစ်ကြောင်း၊ အခြားအကြောင်းထူးဘာမှမရှိကြောင်း၊ ပညာရပ်နှင့်ပတ်သက်နေကြောင်း၊ လာသူမှာ ဘယ်နှယောက်ဖြစ်ကြောင်း၊ ပါလာသူမှာ ဘယ်မှာနေခဲ့ကြောင်း ဒေါက်ဒေါက်ဒေါက်ဒေါက်နှင့်ပြောသွားသည်မှာ ကျွန်ုပ်ဘာပြောရမှန်းမသိဖြစ်သွားရုံမက အလိုလိုနေရင်း ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားပြီး ခေါင်းငုံ့၍ လက်အုပ်ချီမိရက်သားဖြစ်သွားခဲ့ရပါသည်။

အဘသည် ရတနာမြတ် (၃) ပါး၏ ဂုဏ်ကျေးဇူးတော်ကြီးမားလှပုံများ၊ အကျိုးထူးပေးပုံများကို စိတ်ရှည်လက်ရှည်ရှင်းပြ၏။ အဆောင်ဆောင်ခြင်းများကို အားမပေး။ ရတနာ (၃) ပါး ဂုဏ်ကျေးဇူးတော်များအား ပုတီးစိပ်ခြင်း၊ နှလုံးသွင်းရွတ်ဖတ်ပူဇော်ခြင်းများကိုသာ အဓိကလမ်းညွှန်၏။ ကျွန်ုပ်ကလည်း ရိုသေစွာနာခံမှတ်သား၏။

ပြောရင်းနှင့် သရဏဂုံ-၃၀အကြောင်းကိုရောက်ရှိသွားပြီး ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲတစိုက်မတ်မတ်အာရုံပြု၍ ရတနာမြတ် (၃) ပါးကို ပူဇော်လာသည့်အကြောင်းများနှင့် အံ့ဩဖွယ်ရာများပြောပြ၏။

ဘဘသည် သရဏဂုံ-၃၀ အကြောင်းပြောနေရင်းမှ -

"မင်းကိုငါပေးလိုက်မယ်"

ဟု ဖျတ်ခနဲပြောလိုက်ပြီး နှုတ်တိုက်ချီးမြှင့်ပါတော့သည်။ အလွန်စိတ်ရှည်စွာ နှုတ်တိုက်သင်ကြားပေးလိုက်သော်လည်း ကျွန်ုပ်မှာ ဉာဏ်နုံနည်းလှသူဖြစ်၍ ဘဘအိမ်မှအထွက် လမ်းရောက်သည်နှင့် အဆင်ပြေလော်ကိသော သစ်ပင်ရိပ်လေးတစ်ခုတွင် ချက်ချင်းရေးမှတ်ရ၏။

ဘဘချီးမြှင့်လိုက်ချိန်တွင် ကျွန်ုပ်မှာ ပညာများသင်နေချိန်သာဖြစ်ပြီး အလွန်မှလကွဲဏာရှားပါးနေချိန်လည်း ဖြစ်၏။

ဘာမှမဟုတ်သည့်လူတစ်ယောက်ကို ဂရုတစိုက်သေသေချာချာသင်ကြားပေးလိုက်သောဘဘကို အမြဲရှိခိုးနေရပါသည်။

ဘဘပေးလိုက်သည့်အချိန်မှ နေ့စဉ် ပုတီး(၁၀)ပတ်တောက်လျှောက်စိပ်ပါတော့သည်။

အလွန် ထူးခြား အံ့ဖွယ်များနှင့် အကြီးအကျယ်ကြုံခဲ့ရပါသည်။

သေတွင်းမှမကြာခဏလွတ်ခဲ့ရပါသည်။

မရှိစကားမကြားရတော့ပါ။လိုအပ်သောအတိုင်းအတာသည် သူ့အလိုလိုပြည့်ပြည့်လာလေ့ရှိပါသည်။

ကိုယ်တိုင်ပုတီးစိပ်၍အရှိန်ရလာသောအခါ သရဏဂုံ - ၃၀၏ တန်ခိုးကို တစ်ဆင့်ပြန်လည်ဖြန့်ခဲ့ပါသည်။ အတွေ့အကြုံများပြောပြ၍ဝေမျှခဲ့ပါသည်။

သရဏဂုံ-၃၀သည် နေ့စဉ်မပျက် ထိထိရောက်ရောက် အာရုံပြု၍ နှုတ်မှရွတ်ဆိုလာပြီဆိုသည်နှင့် ထူးဆန်းအံ့ဖွယ်များ ပြောမယုံကြုံမှသိ ကိုယ်တိုင်စံစားလာကြရပါသည်။ ဘုန်းကံများတက်လာကြလေ့ရှိပါသည်။ လက်တွေ့အောင်မြင်လာကြသူများကိုကြည့်ပြီး များစွာသောပီတိများဖြာဝေနေရပါသည်။

အချို့ဆိုလျှင် မမြင်ရသော ပရလောကမှပုဂ္ဂိုလ်များ၏အသံများကိုကြားရ၏။ ကိုယ်တိုင်လည်းကြားခဲ့ကြုံခဲ့ရပါသည်။

တစ်စုံတစ်ခုကြုံရတော့မည်ဆိုလျှင် အသံတစ်ခုခုနှင့် တားသလိုလို၊ ရိပ်ခနဲမြင်လိုက်ရပြီးတားသလိုလိုနှင့်အန္တရာယ်ပေါင်းများစွာနှင့် ကင်းဝေးခဲ့ရပါသည်။

ထို့ကြောင့် -

ဘုန်းကံတက်ခြင်းကိုပြောရတော့မည်ဆိုလျှင် သရဏဂုံ-၃၀ကို ချန်လှပ်ထား၍မရပါ။

ပြောရမည်ဆိုလျှင် အလွန်မှဘုန်းကံကြီးမားလာစေသော သရဏဂုံ -၃၀ ဖြစ်ပါသည်။

တစ်ဦးချင်း အကျိုးပေးပုံချင်းတူချင်မှတူပါလိမ့်မည်။

သို့သော် သရဏဂုံ-၃၀ကို လက်တွေ့စပုတီးစိပ်ကြပြီဆိုသည်နှင့် ဘုန်းကံတက်ကြပုံချင်းတော့ တူကြပါသည်။ သိသာစွာ ဘုန်းကံတက်လာကြပါသည်။

ဤသို့သော ကောင်းခြင်းများစွာကြောင့် သရဏဂုံ-၃၀ကို ယခုလ လက်ဆောင်ပေးရန် ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်ပါသည်။

သရဏဂုံတန်ခိုးတော်သည် အလွန်မှ အံ့ချီးဖွယ်ရာများနှင့်ပြည့်စုံလေရာ-

ကျင့်ကြံအားထုတ်သွားကြသော ပုဂ္ဂိုလ်ထူးများနှင့်ကြုံခဲ့ရတိုင်း သရဏဂုံ (၃) ပါး ပါဝင်သော ဂါထာမှန်သမျှရွတ်သာရွတ်ဟု နာယူမှတ်သားခဲ့ရပါသည်။

ဖတ်ဖူးမှတ်ဖူးသော သရဏဂုံသုံးပါးပါဝင်သည့် ဂါထာများကိုလည်း ရသလောက်ရွတ်ပါသည်။ မိတ်ဆွေများကိုလည်း မျှဝေပေးပါသည်။

ထိုအထဲတွင် -

အထူးခြားဆုံး ပေးဖြစ်သည်မှာ သရဏဂုံ - ၃၀ ဖြစ်ပြီး တစ်ခါတစ်ရံ

www.burmeseclassic.com

လယ်တီဆရာတော်ဘုရားကြီး၏ **မဟာသရဏဂုံတော်ကြီး**ကိုပါ ပေးဖြစ်ပါသည်။

သရဏဂုံကို ကြည်ညိုလွန်းသောကြောင့်ပေးဖြစ်ခြင်း ဖြစ်ပါသည်။

သရဏဂုံတော်ကိုအမျိုးမျိုးပူဇော်နေခြင်းဖြစ်၍ အလွန်မှ မင်္ဂလာရှိလှပါသည်။

သို့သော် -

မဟာသရဏဂုံတော်ကြီးမှာ အချိန်ယူ၍ ရွတ်ဖတ်ပူဇော်ကြည်ညိုရသောကြောင့် အချိန်ယူ၍ ပူဇော်ကြည်ညိုလိုသူများကိုသာရွေး၍ရွတ်စေခဲ့ပါသည်။

ဘဝအဆင့်ဆင့်မြင့်တက်သွားကြပုံများကို မပြောလိုတော့ပါ။

အချို့က ဘုရားစေတီပုထိုးများတွင် သွားရောက် ကုသိုလ်ယူပြီး မဟာသရဏဂုံတော်ကြီးနှင့် ပူဇော်ကြ၏။

အချို့က အိမ်မှ ရွတ်ဖတ်ပူဇော်ကြ၏။

မည်သည့်နေရာတွင်ပူဇော်ပူဇော်ပူဇော်ကြည်ညိုနေသည့်သဒ္ဓါစိတ်နှင့်ပင်အောင်မြင်နေပါပြီ။

မဟာသရဏဂုံတော်ကြီးကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ထူးခြားလှစွာသောအောင်မြင်မှုကြီးများ ရယူပိုင်ဆိုင်သွားကြသည့် မိတ်ဆွေများအကြောင်းကို သီးသန့်တင်ဆက်ပါဦးမည်။

ထိုသို့ ထူးထူးခြားခြား အောင်မြင်ကြသည့် မိတ်ဆွေများထဲတွင်၊ သူရဇ္ဇချစ်ပရိသတ်ကြီးနှင့် အနီးဆုံး မိတ်ဆွေပညာရှင်ကြီးတစ်ဦးကို ဂုဏ်ယူစွာနှင့်တင်ပြလိုပါသည်။

ထိုပုဂ္ဂိုလ်မှာ ဆရာဦးစိန်လှိုင် (ကျိုက်လတ်) ပင် ဖြစ်ပါသည်။

ဆရာသည် လွန်ခဲ့သောနှစ်ပေါင်း (၃၀) နီးပါးခန့်ကပင် ကျွန်ုပ်အား မဟာသရဏဂုံတော်ကြီး ရွတ်ဖတ်ပူဇော်ရန် တိုက်တွန်းခဲ့သောပုဂ္ဂိုလ် ဖြစ်ပါသည်။

ဆရာပြောပြမှသာ မဟာသရဏဂုံတော်ကြီးအကြောင်းကို ကျွန်ုပ်စတင်သိခဲ့ရပါသည်။ မြင်ဖူးတွေ့ဖူးခဲ့ရပါသည်။

ဆရာပြောမပြခင်ကမသိခဲ့ပါ။

ဆရာသည် လယ်တီဆရာတော်ဘုရားကြီး၏ မဟာသရဏဂုံတော်ကြီးကို နှလုံးသားမှအလွန်ကြည်ညိုလွန်းသူဖြစ်ရာ အစမှအဆုံး အာဂုံရွတ်ဆိုပူဇော်သူဖြစ်၏။

မှတ်မှတ်ရရ -

၁၉၈၉ ခုနှစ်၊ စက်တင်ဘာလက ဖြစ်ပါသည်။

အာစရိယဆရာသခင်ကျေးဇူးရှင်ဖြစ်တော်မူသော ကေလာသဆရာအောင်အရှင်သည် မော်ကျွန်းမြို့မှ အရှေ့မြောက်ဘက်ဆီရှိ ရေလိမ်ချောင်းကျေးရွာ အောင်တော်မူကျွန်းတွင် သာသနာ (၅၀၀၀) စေတီတည်နေစဉ်က ဖြစ်ပါသည်။

ဆရာဦးစိန်လှိုင်သည်လည်း ဆရာနှင့် အလွန်ရင်းနှီးခင်မင်သူဖြစ်လေရာ သာသနာ (၅၀၀၀) စေတီတော်မြတ်ကြီးတည်ရာသို့ ရောက်ရှိလာပါသည်။

ထိုနေ့သည် -

ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္ဂနွေနေ့ဖြစ်ပါသည်။

ဆရာဦးစိန်လှိုင်သည် သာသနာ (၅၀၀၀) ပူဇော်ရာ (၁၀၈)ပွဲများရှေ့၌ မဟာသရဏဂုံတော်ကြီးကို တစ်နာရီနီးပါး ရွတ်ဖတ်ပူဇော်၍ ဆရာအရှင်သာသနာပြုနေခြင်းကို ဝိုင်းဝန်းပါရမီဖြည့်ခဲ့ပါသည်။

ဆရာသည် ရွတ်ဆိုပူဇော်စဉ် စာအုပ်မကိုင်ခဲ့ပါ။ လက်တန်းရွတ်ဖတ်ကြည်ညိုနိုင်စွမ်းသူ ဖြစ်ပါသည်။

ဆရာ လက်တန်း ရွတ်ကြည်ညိုပူဇော်နေသည်ကိုကြည့်ပြီး ကျွန်ုပ်၏တပည့်များကို ကျွန်ုပ်ကပြရ၏။

"တွေ့လား၊ ဟိုမှာကြည့်ကြစမ်း။ ဆရာဦးစိန်လှိုင်ကြည်ညိုပူဇော်နေလိုက်တာ ကြက်သီးတောင်ထတယ်"

ဟုပြောပြပြီး ပီတိဖြစ်ခဲ့ရပါသည်။

ဆရာသည် -

မဟာသရဏဂုံတော်ကြီးကို အာဂုံဆောင်ရွတ်ဖတ်သရဇ္ဈာယ်ကြည်ညိုလွန်းသောကြောင့်လားမသိ -

အလွန်မှလူချစ်လူခင်ပေါများလှပါသည်။

တပည့်များ၊ မိတ်ဆွေများ များပြားလွန်းလှပါသည်။

အတတ်ပညာများစုံလှသလို ပညာရှင်များနှင့်လည်း အလွန်ရင်းနှီးကျွမ်းဝင်လှသောပညာရှင်ဖြစ်ပါသည်။

ကျွန်ုပ်အား ညီအစ်ကိုရင်းလိုချစ်သူဖြစ်ပြီး မဟာသရဏဂုံတော်ကြီးရွတ်ဖတ်ပူဇော်ရန်ကိုသာ တွင်တွင်တိုက်တွန်း၏။

ဆရာ့တွင် ကျွန်ုပ် လုံးဝမကြားဘူးသော ဂါထာမန္တန်များ များစွာရှိ၏။ ဆရာပြောမှသာသိရ၏။ မှတ်သားရ၏။ ရွတ်ဖတ်ရ၏။

တစ်ခါက ဆရာချီးမြှင့်ခဲ့သော ဂုဏ်တော်ရှင်ဂါထာမှာ အမိဌာန်ဝင်၍ ပုတီးစိပ်တိုင်း သူများဘာပြောတော့မည်ကို ကြိုတင်သိသိနေသည့်ဂါထာဖြစ်၏။ ယခုထိရွတ်လျက်ရှိပါသည်။

ဆရာ၏သီလ၊သမာဓိ၊ပညာစုံလှပုံကို ဆရာ့ဆောင်းပါးများဖတ်ရှု၍ ပညာယူကြရသူတိုင်းသိကြပါသည်။

လက်တွေ့ပညာခန်းများသာ ဖြစ်ပါသည်။

အစဉ်ပင်ကျန်းမာပျိုရွှင်နေတတ်သော ဆရာ့အား မြင်လိုက်တိုင်း၊ ကြုံရတိုင်း -

"ဩော်-မဟာသရဏဂုံတော်ကြီးကို အာဂုံဆောင်နေမှတော့ ကျန်းမာနေပြီပေါ့၊ ဘုန်းကြီးနေပြီပေါ့၊ အခြွေအရံ တပည့်မိတ်ဆွေတွေများနေပြီပေါ့"

ဟု မုဒိတာအမြဲပွားရပါသည်။

ကျွန်ုပ် မမြင်နိုင်သော စွမ်းအားများ -

ကျွန်ုပ် ဉာဏ်မမီသော ပညာခန်းများ -

ကျွန်ုပ်မသိနိုင်သောဘုန်းကံများ -

ဆရာဦးစိန်လှိုင်တွင် မြောက်မြားစွာရှိနေပါသည်။

ဤသည်မှာ ဘုန်းကံအရှိန်အဝါအမြဲတမ်း မြင့်တက်နေစေနိုင်သော မဟာသရဏဂုံတော်ကြီးကို ကြည်ညိုပူဇော်လွန်း၍ဟုဆိုရပါက မမှားနိုင်ပါ။

မဟာသရဏဂုံတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များနှင့် ပတ်သက်ပြီး လက်တွေ့ အထင်အရှား အနီးစပ်ဆုံးပြသနိုင်သည့် သူရဇ္ဇမဂ္ဂဇင်းကြီး၏ ပင်တိုင်ပညာရှင် ဆရာ့အား လက်တွေ့တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် -

- ဘုန်းကံတက်ခြင်းနှင့်ဆိုင်လျှင် သရဏဂုံတော်ကို ချန်ထား၍မရနိုင်ကြောင်း သူရဇ္ဇလက်ဆောင်ပါးလိုပါသည်။

မည်သည့်အလုပ်ကိုလုပ်သည်ဖြစ်စေ ဆင့်ကဲတိုးတက်လိုကြသည်ချည်းဖြစ်၏။

ထိုထိုသော ဆင့်ကဲတိုးတက်ခြင်းများစွာအတွက် -

ဤသူရဇ္ဇလက်ဆောင်သည် -

များစွာ အထောက်အပံ့ဖြစ်လာရပါစေသတည်းဟု -

ဆုတောင်းမေတ္တာပို့သရင်း -

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com